စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး

ရွှေစေတီ သာသနဝံ့ရိပ်သာ

နိုင်ငံတော် ဩဝါဒါစရိယ

**အဂ္ဂမဟာပဏ္ဍိတ**

**ရွှေစေတီ ဆရာတော်ဘုရားကြီး**

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ်နိဿယသစ်

( ပထမတွဲ )


ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

၁၄၁၀၄

စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး

ဆွေစေတီ သာသနာ့ရိပ်သာ

နိုင်ငံတော် ဩဝါဒါစရိယ

**အဂ္ဂမဟာပဏ္ဍိတ**

**ဆွေစေတီ ဆရာတော်ဘုရားကြီး**

ရေးသားစီရင်အပ်သော

# ဝိသုဒ္ဓိမဂ်နိဿယသစ်

( ပထမတွဲ )

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၈ ကောဇာ ၁၃၄၆ ၁၉၈၄

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။



အဂ္ဂမဟာပဏ္ဍိတ

**ရွှေစေတီ ဆရာတော်ဘုရားကြီး**

စစ်ကိုင်းတောင်ရိုး

# ပလ္လင်ဖွင့်

## သူတို့အဆို

ကုသမင်းကြီး ရုပ်ဆင်းမလှကြောင်း, အသံမှာမူ ကောင်းမွန်၍ ခန့်ငြားလှကြောင်း ကုသဇာတ်တွင် ဘုရားဟောထားသည်ကို လူတွေက ကြားဖူးနားဝ ရှိနေကြသည်။ ဤဇာတ်တော်လာ ကုသမင်းကြီးကို ထောက်၍လည်းကောင်း, သူတို့မျက်မြင်ကိုယ်တွေ့ကို အများအားဖြင့် ထောက်၍လည်းကောင်း "အရုပ်ဆိုး အဆင်းမလှလျှင် အသံကောင်းသည်။ အသံကောင်းလျှင်လည်း ဧ.ရုပ်ဆိုးနေတတ်သည်" ဟု ဆိုရိုးပြုထားကြသည်။ သူတို့အဆိုအတိုင်း အများအားဖြင့်တော့ ဟုတ်ချင်ဟုတ်ပါလိမ့်မည်၊ အနည်းအကျဉ်းအားဖြင့်မူ ခြွင်းချက်ရှိပေဦးမည်သာ ဖြစ်၏။

## သာဓကကို ဆိုရလျှင်

ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿယသစ် ကျမ်းပြုရှင် ဇေတဝန်ဆရာတော်ဘုရားကြီးတို့လို ရုပ်ဆင်းလည်းလှ, အသံလည်း ကောင်းမွန်ခန့်ငြားသော ပုဂ္ဂိုလ်တို့ ရှိနေကြသေးသည်။ ဤလို စွယ်စုံနှစ်ဘက်ကောင်း ပုဂ္ဂိုလ်တို့ အနည်းအကျဉ်း ရှိသေးသောကြောင့် ဖော်ပြပါ သူတို့အဆိုကို ခြွင်းချက်ရှိဖို့ လိုအပ်ပေသည်။

ဤနိဿယသစ်ရှင် ဆရာတော်ဘုရားကြီးမှာ ရုပ်ဆင်းအင်္ဂါအားဖြင့်လည်း တင့်တယ်သပ္ပာယ်သည်။ အသံအားဖြင့်လည်း ကောင်းမွန်ခန့်ငြားသည်။ ဤသာဓက ဟုတ်, မဟုတ်ကို ဆရာတော်ဘုရားကြီးအား ဖူးမြော်ဖူးသူတိုင်းနှင့် ဆရာတော်ဘုရားကြီး ဟောကြားသော တရားသံကို နာကြားဖူးသူတိုင်း သိကြမည်သာ ဖြစ်သည်။ ဤသည်ကား ဆရာတော်ဘုရားကြီးအား ကိုယ်တိုင်မဖူးမမြော်ဘူးသူတို့အတွက်လည်းကောင်း, အသံကို ကိုယ်တိုင်မကြားမနာဘူးသူတို့အတွက်လည်းကောင်း, အမှန်အတိုင်း သိကြစေရန် ဖော်ပြလိုက်ရခြင်း ဖြစ်ပေသည်။

## တရုတ်ပြည်သို့ အပ်ရောင်းထားခြင်း

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးမှာ ပဋိပတ်နယ်တွင် အင်မတန်ထိရောက်၍ ပညာရှိပုဂ္ဂိုလ်တိုင်း လက်မလွှတ်နိုင်သော ကျမ်းကြီးတကျမ်း ဖြစ်နေသည့်အလျောက် ပညာရှိတို့ အလေ့အလာလည်းများသည်။ နိဿယအစောင်စောင်နှင့် အဖွင့်သံဝဏ္ဏနာ အနည်းနည်း အဖုံဖုံလည်း များသည်။ ပညာရှင်တွေ သူထက်သူ အစွမ်းကောင်း ဖွင့်ဆိုထားကြသော ဤကျမ်း–ထိုကျမ်း အစောင်

စောင်တို့ အလယ်တွင် ရဲရဲတင်းတင်း ထွက်ပေါ်လာသော ဤ "ဝိသုဒ္ဓိမဂ် နိဿယသစ်" ကျမ်းကြီးမှာ တရုတ်ပြည်အလယ်တွင် ဝင်ရောက်၍ အပ်ရောင်း လိုက်ခြင်းနှင့် တူလှသည်။ တရုတ်ပြည်ရှိအပ်တို့ထက် ပိုကောင်းသော အပ်ဖြစ်၍ သာ အပ်နှင့်စပ်၍ နာမည်ကြီးသော တရုတ်ပြည်သို့ ဝင်ရောက်ရောင်းဝံ့ခြင်းဖြစ် သည်ဟု ခန့်မှန်းနိုင်ရာသည် မဟုတ်ပါလော။

## ပလ္လင်ဖွင့် အနေသာ

ဤနိဿယကျမ်းသစ်ကြီးကို ဖတ်ရှုရာ၌ ရှိနှင့်ပြီးကျမ်းကြီးများနှင့် မည်သည့် နေရာတွင် မည်သို့ထူးခြားသည်ကို သတိပြုကြည့်ရှု၍ ဖတ်သင့်ပါသည်၊ ကျမ်း တကျမ်း ထွက်ပေါ်လာသည်ဆိုလျှင် ထိုကျမ်းနှင့်အတူ ကျမ်းပြုပုဂ္ဂိုလ်၏ စွမ်းရည်သည်လည်း တပါတည်း ပါရှိလာသည်ကို တွေ့နိုင်ပါသည်။ "တကျောင်း တဂါထာ တရွာတပုဒ်ဆန်း" ဆိုသလို တကျမ်းနှင့်တကျမ်းမတူ ထူးခြားသော သိမှတ်ဖွယ်များပါရှိလာမည်သာ ဖြစ်သောကြောင့် ဖတ်ရှုသူပုဂ္ဂိုလ်တို့အတွက် ကျမ်းများများ ဖတ်ရှုရလေလေ ဗဟုသုတများလေလေ ဖြစ်ဖို့ ရှိပါသည်။ ထို့ကြောင့် ဤနိဿယသစ်ကြီးကို ဖတ်ရှုသူပုဂ္ဂိုလ်တို့အား ဤနိဿယသစ်ကြီး မှ အဖိုးထိုက်သော သိမှတ်ဖွယ်ဗဟုသုတတွေ ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည် ကြောင်းကို နိဒါန်း၏အစမှနေ၍ ပလ္လင်ဖွင့်အနေနှင့် ဖော်ပြအပ်ပါသတည်း။

ဝက်လက်-မစိုးရိမ်-ဦးတိဿ

၁၃၄၅-ခု၊ပြာသိုလပြည့်ကျော်(၅)ရက်။

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၁)

## ဝိသုဒ္ဓိမဂ်-အဋ္ဌကထာ

ယေဘုယျအားဖြင့် ပါဠိဘာသာ စာပေကို ကျောခိုင်းနေသော်လည်း မည်သည့်ဘာသာဝင်မျိုးဖြစ်စေ "ဝိသုဒ္ဓိမဂ်" ဆိုသော ပါဠိပျက်စကားနှင့် ထိတွေ့ဖူးယဉ်ပါးကြသူ များသည်။

"ဝိသုဒ္ဓိမဂ္ဂ" ပါဠိကို အနီးကပ်ပြန်လျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ် အကျင့်ကောင်းများကို ဖော်ညွှန်းသော........(ကျမ်း)ဟု ဆိုနိုင်သည်။ဝိသုဒ္ဓိ-နှင့် မဂ္ဂ- နှစ်ပုဒ်ကို မဟာဋီကာဆရာက........"ဝိသုဒ္ဓီတိ သဗ္ဗမလဝိရဟိတံ အစ္စန္တ-ပရိသုဒ္ဓံ နိဗ္ဗာနံ ဝေဒိတဗ္ဗံ" ဟူ၍လည်းကောင်း၊ "မဂ္ဂေါတိ အဓိဂမူပါယော ဝုစ္စတိ"ဟူ၍လည်းကောင်း ဖွင့်ဆိုလေသည်။

ဝိသုဒ္ဓိ-အရ- အညစ်အကြေးအားလုံးမှကင်း၍ **သန့်ရှင်းဖြူစင်**သော နိဗ္ဗာန်ကို ယူ၍။ မဂ္ဂ-အရ- အရိယာမဂ်ကို ယူသည်။ ဝိသုဒ္ဓိနှင့်မဂ္ဂ- နှစ်ပုဒ်တွဲ၍လည်း "ဝိသုဒ္ဓိမဂ္ဂေါတိစ နိပ္ပရိယာယေန လောကုတ္တရမဂ္ဂေါ ဝေဒိတဗ္ဗော" ဟူ၍ ဖွင့်ဆိုရာ မှုချအားဖြင့် လောကုတ္တရာမဂ်ကို အရကောက်ရမည်ဖြစ်သည်။ နိဗ္ဗာန်သို့ရောက်ရန်လမ်းစဉ် အကျင့်ကောင်းများပေတည်း။

စင်စစ်အားဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းသည် ပိဋကတ်နိကာယ်၏ အနှစ်ချုပ်များ ဖြစ်ပေရာ "တောင်ထိပ်မီးတင်- ကောင်းကင် နေလ" ကဲ့သို့ ထင်ရှားလေသည်။ ယောဂီပုဂ္ဂိုလ်တို့အား အသိဉာဏ်-ထင်လွယ်၊ မြင်လွယ်အောင် မီးမောင်းထိုး ပြသကဲ့သို့ အကျင့် ပဋိပတ်များကို လမ်းပြထားသည်။

**ပဋိပတ်အရာ၌** ကမ္ဘာနှင့်အဝန်း အားထားလောက်သော ကျမ်းပင်ဖြစ်သည်၊ ထေရဝါဒတူ-သင်္ဂါယနာ သုံးတန်တင်ခဲ့သော ပိဋကတ်တော်**၏**အနက်အဓိပ္ပါယ် များကို သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော သီလ- စသော ၂၃-ပါးသော နိဒ္ဒေသတို့ဖြင့် ဝေဖန်ဖွင့်ပြထားသော ကျမ်းကောင်းတဆူဖြစ်သည်။

ပိဋကတ်သုံးသွယ် နိကာယ်ငါးတန်၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင် ဟူသော "ဗုဒ္ဓပါဝစနတော်များသည် ကောင်းကင်ကကြယ်- ပြောကျယ် သကဲ့သို့၊ ပရိယတ္တိတည်းဟူသော စကြဝဠာနှုတ်ခမ်းရေးအပေါ်၌ လက်စမတုံး အောင် အဆုံးတိုင် အဘယ်ပုဂ္ဂိုလ်သည် လျှောက်သွားနိုင်ပါအံ့နည်း။

မမွက္ခန္ဓာတရားသည် အစုအဝေးတွေမည်မျှ များစေကာ.... အရဟတ္တဖိုလ် နိဗ္ဗာန်သို့ ကူးမြောက်နိုင်သည်မှာတော့ .. 'ဝိမုတ္တိရသ'' တမျိုးတည်းသာ ရှိသည်။

''ကွန်ချာရှုပ်စည်း၊ တအုပ်တည်းသို့၊ ကမ္ပည်းလိပ်ဖုံး၊ စာ-တလုံးက၊ တွက်ကျုံးဓိပ္ပာယ်၊ အနက်ကျယ်သို့၊ ပင်လယ်မြစ်နက်၊ ရေ-တစက်ကို၊ လျှာထက်ခါးငန်၊ သိစဟန်သို့ ...'' (ဘုံခန်း-၇၂)

ကွန်ပိုက်,မည်မျှကြီးစေကာ–ဆုပ်ကိုင်သည့်အခါ လက်တဆုပ်သာရှိသကဲ့သို့ ပိဋကတ်,နိကာယ်တွင်ပါသော အကြောင်းအရာတွေ မည်မျှများစေကာ ကမ္ပည်း လိပ်စာထည်း၌ အကုန်ပါရသကဲ့သို့၊

ပင်လယ်ရေ မည်မျှနက်ကျယ်စေကာ – ပင်လယ်တကွက်က တစက်လောက် ပင်လယ်ရေကို လျှာပေါ်တို့စမ်းက ပင်လယ်တပြင်လုံး ခါးမှန်း, ငန်မှန်း သိသကဲ့သို့၊

ပိဋကတ်သချ်ာနည်းအရ—တခုတည်းသော ဝိမုတ္တိရသကို သိနိုင်ကြသည်မှာ တခုတည်းသော ဝိသုဒ္ဓိမဂ်သာ ဖြစ်သည်။

ဆိုက်ကြီးဖြင့် စာမျက်နှာ ၆၂၀၀-ကျော်ရှိ မဟာဘာရတကျမ်းကြီး၏ အနှစ်သာရသည် ဆိုက်သေးစာမျက်နှာ ၃၀၀-ခန့်ရှိ ''ဘဂဝတ်ဂီတာ''ကျမ်းငယ် လေးအတွင်းသို့ စုဝေးသကဲ့သို့၊ ပိဋကတ်နိကာယ်၏ အဆီအနှစ်တွေ စုဝေးတည် နေသော ဝိသုဒ္ဓိမဂ်သည်ကား သဘောလည်းနက်၏၊ ပဋိပတ်အရာ၌လည်းပြည့်စုံ ကြွယ်ဝ၏၊ ဤ'ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ'ကို အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ် ပြုစု စီရင်တော်မူအပ်ခဲ့လေသည်။

## (၂)

### အရှင်ပဟာဗုဒ္ဓဃောသ

ဗုဒ္ဓ၏အသံတော်ကဲ့သို့ နက်နဲ၍ ဗုဒ္ဓကဲ့သို့ပင် ကျော်စောလတ္တံ့ဖြစ်မည်ကို သိတော်မူကြသော ဆရာဥပဇ္ဈာယ်မထေရ်ကြီးတို့က ''ဗုဒ္ဓဃောသ'ဟု မှည့်ခေါ် အပ်သော ဗုဒ္ဓဃောသမထေရ်သည်... သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)အနုရာဓ မြို့၌နန်းစံသော မဟာနာမမင်းလက်ထက် သာသနာနှစ် ၉၃၀၊ (မှန်နန်း-၉၄၆) မြို့တော်တောင်ဘက် မဟာဝိဟာရကျောင်းတိုက်တွင် သီတင်းသုံးနေစဉ်''အရှင် သံဃပါလ''မထေရ် တောင်းပန်တိုက်တွန်းသောကြောင့်–

''သီလေ ပတိဋ္ဌာယ နရော သပညော''

စသော နှစ်ဂါထာကို အထည်ကိုယ်ပြုကာ အဋ္ဌကထာတို့တွင် ရှေးဦးစွာ ဖွင့်ဆို စီရင်သော 'ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ' ဖြစ်သည်။

ထိုစဉ်က မဟာနာမမင်းသည် မြန်မာနိုင်ငံ ပုဂံပြည် သေဥ်လည်ကြောင်မင်းသားတော် ကြောင်ဒုရစ်မင်းနှင့် ထီးပိုင်နေတ်ဖြစ်သည်။ ဗုဒ္ဓ၏အလိုတော်ကို သိသဖြင့် "ဗုဒ္ဓမတည္ဆူ"ဟုဆိုအပ်သော အရှင်မဟာဗုဒ္ဓဃောသသည် ပါဠိတော်(ဗုဒ္ဓပါဝစန)အဖွင့် အဋ္ဌကထာကျမ်းများကို စီရင်ခဲ့သည်။ ညောင်ကန်ရွာတွင် ဖွားရာဇာတိ ညောင်ကန်ဆရာတော် ဦးဗုမ်သည် ယင်းအဋ္ဌကထာတို့ကို မှီရာနိဿယအဖြစ် အများဆုံးပြန်ဆိုခဲ့သည်။

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်တွင် ကျေးဇူးများသည်ကိုအကြောင်းပြုလျက် "ဗုဒ်္ဓအစ၊ ဗုဒ်္ဓအလယ်၊ ဗုဒ်္ဓအဆုံး"ဟု သာသနာ့ဥဒါန်း အရှည်သဖြင့် တည်ထွန်းလျက် ရှိခဲ့လေသည်။

အရှင်မဟာဗုဒ္ဓဃောသ အတ္ထုပ္ပတ္တိနှင့်ပတ်သက်၍ အဆိုချင်းကွဲပြားခဲ့ကြ၏။ သို့ရာတွင် အများလက်ခံသည့်မဟာဝင်အဆိုအတိုင်း အတန်သင့်ဖော်ပြလိုသည်။

မဂဓတိုင်း ရာဇဂြိုဟ်ပြည် မဟာဗောဓိအနီး ဃောသရွာဇာတိ ကေသိပုဏ္ဏားဇနီး ကေသိနီပုဏ္ဏေးမမှ မီးရှူးသန့်စင် ဖွားမြင်သော အရှင်မဟာဗုဒ္ဓဃောသ လောင်းလျာသည် ငယ်ရွယ်စဉ်ကပင် ဝိဇ္ဇာ-သိပ္ပံအဟတ် ၆၄ ပါးသောကလာ အတတ်နှင့် ဗေဒင်သုံးပုံ၌လည်း အပြီးတိုင် တတ်ကျွမ်းခဲ့သည်။

အခြေအကင်ယှဉ်ပြိုင်လိုသဖြင့် အိန္ဒိယနိုင်ငံအဝန်း လှည့်၍ဝါဒပြိုင်နေသည်။ ကျောင်းတိုက်တခုသို့ ရောက်သည့်အခါ အသံနေ အသံထားဖြင့် "ပတဉ္ဇလီ"ကျမ်း ဂါထာတို့ကို ရွတ်ဖတ်လေသည်။

ကျောင်းတိုက်၏ ဦးစီးနာယကဆရာတော် အရှင်ရေဝတ မထေရ်ကြီးက အရှင်ဗုဒ္ဓဃောသအသံကိုကြားရလျှင် "ဤသူ ပညာကြီး၏၊ဤသို့ရွတ်ဖတ်ခြင်း၌ ဆုံးမအံ့"ဟု ကြံပြီးလျှင် မြည်း၏အသံဖြင့်မြည်နေသူကား အဘယ်သူပေနည်း" ဟုဆိုလေရာ...."မြည်းတို့၏အသံ၌ အနက်ကို သိနားလည်အံ့လော"ဟု ပြန်မေးလေ၏။

မထေရ်မြတ်က "ငါသိ၏"ဟုဆိုလျှင် ဃောသလုလင်က အယူဝါဒကိုတင်ပြသည်။ မထေရ်ကြီးကား သူမေးတိုင်း ဖြေဆိုနိုင်၏၊ ငါတင်ပြသော ဗေဒင်ကိုလည်း သင်ဖြေဦးလော့ဟုဆိုရာ လုလင်မဖြေနိုင်ရှိ၏။ အကျွန်ုပ်အား ထိုဗုဒ္ဓမန္တန်(ဗုဒ္ဓဗေဒင်)ကို သင်ပေးပါဟုပြောလျှင် ရှင်ရဟန်းပြုမှ သင်ပေးနိုင်မည်ဆိုရကား ပိဋကတ်သုံးပုံကို သင်ယူရလေသည်။ ဆုံးခန်းတိုင် တတ်မြောက်ပြီးသော အခါ အရှင်ဗုဒ္ဓဃောသအား ဇမ္ဗူဒိပ်ကျွန်း (အိန္ဒိယနိုင်ငံ) အရပ်တွင် ဘုရားဟောပါဠိတော်မျှကိုသာလျှင် လေ့ကျက်ဆောင်ရွက်ကြရသည်။ ဤအရပ်၌ ပါဠိတော်အနက်အဖွင့် (အဋ္ဌကထာ)မရှိသေး၊ ကွဲပြားနေသောအာစရိယဝါဒလည်း

မရှိ။ သင်္ဂါယနာသုံးတန်တင်ထားပြီး ဗုဒ္ဓဒေသနာတော်နှင့် အရှင်သာရိပုတ္တရာ စသော မထေရ်မြတ်တို့ မြွက်ဆိုထားအပ်သော ဒေသနာအစဉ်တို့ကိုကြည့်ရှုလျက် အရှင်မဟာမဟိန္ဒမထေရ်မြတ်သည် သီဟိုဠ်ဘာသာဖြင့်စီရင်ထားခဲ့သော သီဟိုဠ် အဋ္ဌကထာများ သီဟိုဠ်၌ရှိသည်။

"သင်သည်" သီဟိုဠ်ကျွန်းသို့သွား၍ သီဟိုဠ်အဋ္ဌကထာများကို မာဂဓတိုင်း သားတို့၏ ပါဠိဘာသာဖြင့် ပြန်ဆိုပါလော့၊ မာဂဓပါဠိဘာသာပြန် အဋ္ဌကထာ များသည် သာသနာတော်နှင့်လောက၏အကျိုးကို ဖြစ်ထွန်းစေလိမ့်မည်။

ဤသို့ အရှင်ရေဝတမိန့်ဆိုလျှင် အရှင်မဟာဗုဒ္ဓဃောသသည် ရွှင်လန်း ဝမ်းမြောက်စွာ မိမိနေရာအရပ်မှထွက်ခွါ၍ မဟာနာမမင်းလက်ထက် သီဟိုဠ် ကျွန်းသို့သွားလေ၏။

မဟာဝိဟာရကျောင်းတိုက်သို့ ကြွရောက်၍ အရှင်သံဃပါလမထေရ်ထံ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒကို ကြားနာသင်ယူလေသည်။

မဟာဝိဟာရကျောင်းတိုက်ရှိ သံဃာတော်များကို စည်းဝေးစေပြီးလျှင် "အဋ္ဌကထာများကို ရေးရန် အားလုံးသော ပိဋကတ် ပေစာတို့ကိုပေးပါ"ဟု လျှောက်ထား၏။ အရှင်ဗုဒ္ဓဃောသ၏ ပညာစွမ်းရည်ကို အကဲဖြတ်ရန် "သီလေ ပတိဋ္ဌာယ" စသော ဂါထာနှစ်ပုဒ်ကို ပေးလေ၏။

အဋ္ဌကထာနှင့် ပိဋကတ်ကို သံဃာတော်ကပေးသော ၂-ဂါထာလာ ခြုံငုံ လျက် "ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ"မည်သော ကျမ်းကို ရေးသားစီရင်တော်မူလေသည်။

သံဃာတော်များကို စည်းဝေးစေပြီးလျှင် သဃမိတ္တာထေရီနှင့် အရှင်မဟိန္ဒ တို့(ပထမ) စိုက်ပျိုးခဲ့သော မဟာဗောဓိပင်အနီး၌ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကိုဖတ် ရန် စီမံသည့်အခါ နတ်တို့သည် အရှင်မဟာဗုဒ္ဓဃောသ၏ ထက်မြက်သော စွမ်းရည်ဉာဏ်ကို လူအပေါင်းတို့သိစေခြင်းငှာ ဝိသုဒ္ဓိမဂ်ရေးပြီး ပေစာထုပ်ကို ကွယ်ဝှက်ထားလေကုန်၏။ ထိုအခါ နှစ်ကြိမ်,သုံးကြိမ်တိုင် ထပ်၍ထပ်၍ ရေးသား ပြန်ရ၏။ သုံးကြိမ်မြောက်ရေးပြီးပေစာကို ဖတ်စေရန်ပြုရာ နတ်တို့ယခင်က ကွယ် ဝှက်ထားသော ပေစာ ၂-ထုပ်ကိုလည်း ပြန်ထားလေသည်။

ဝိသုဒ္ဓိမဂ်ကျမ်း ၃-စောင်ကို ပြိုင်တူဖတ်ရာတွင် ကျမ်းပါဠိ,အနက်,ရှေ့နောက် အစီအစဉ်နှင့်တကွ ထေရဝါဒ, ပါဠိတော်ဝါကျတို့ ကွဲပြားခြားနားခြင်း မရှိ သည်ကို တွေ့မြင်ကြရလေသည်။

အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံ ပါဠိတော်ပေစာတို့ကို သံဃာအများတို့က အရှင်မဟာဗုဒ္ဓဃောသအား ပေးအပ်လေသည်။ သီဟိုဠ်ဘာသာမှ မာဂဓ(ပါဠိ) ဘာသာသို့ပြန်ဆိုထားသော အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ အဋ္ဌကထာကျမ်း

များသည် ဘာသာမျိုးစုံတတ်ကျွမ်းကြသော ပုဂ္ဂိုလ်အားလုံးတို့အားလည်း အကျိုးများလှပေသည်။ သို့ဖြစ်ရာ ထေရဝါဒဂိုဏ်းဝင် မထေရ်အဆက်ဆက်တို့သည် ယင်းအဋ္ဌကထာများကို "ဗုဒ္ဓပါဝစန=ဘုရားဟောပါဠိတော်" ကဲ့သို့ပင် အလေးအမြတ်ပြုကြရသည်။

"ဝါစနာမဂ္ဂနိဿိတံ

မဟာဝိဟာရဝါသီနံ"၊

စသည်ကို အဋ္ဌကထာကျမ်း နိဂုံးတိုင်းလိုပင် အရှင်ဗုဒ္ဓဃောသသည် ဖွင့်ဆိုတော်မူလေ့ရှိသည်။

အရှင်မဟာကဿပ စသော မထေရ်တို့၏ အနွယ်အဆက်ကို ပြုတတ်၍ ဆိမ်းတန်ဆောင်အလား အလွန်သိမ်မွေ့သော အဆုံးအဖြတ်တို့ဖြင့် တန်ဆာဆင်အပ်သော မဟာဝိဟာရ ကျောင်းတိုက်နေ မထေရ်မြတ်တို့၏ ဟောနည်း, ပြောနည်း, သင်ကြားနည်းနှင့် ချပ်ရိုးအစဉ်အလာရှိသော နည်းတို့ကို အခြေခံမှီးပြီးလျှင် အရှင်မဟာဗုဒ္ဓဃောသသည် ဤ"ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ"ကို စီရင်တော်မူခဲ့ပေသတည်း။

## (၃)

## ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယများ

ယင်းအဋ္ဌကထာ၏ နိဿယ ငါးစောင်မျှကိုသာ တွေ့ရသည်၊ လက်သုံးမမှီသည့် နိဿယလည်း ရှိကောင်း ရှိပါလိမ့်မည်။

၁-ဆုံထားမှု —

၁၁၃၇-ခုနှစ်တွင် အင်းဝမြို့၊ မိုးထိကျောင်း ဒါယကာငစဉ်ကူးမင်းလက်ထက် ၁၀၀၀-ပြည့်ဖွား၊ နံ-စနေ၊ ပုခန်းကြီး ဗန်ကျိအနောက်တိုက် ဆုံထားချာဇာတိ၊ ငယ်မည်-ဦးစံဘလူး၊ ဘွဲ့-အရှင်နန္ဒမာလာ၊ တံဆိပ်-တိပိဋကာလင်္ကာရသဒ္ဓမ္မသာမိမဟာဓမ္မရာဇာဓိရာဇဂုရု ဆုံထားဆရာတော်သည် ၁၁၃၅- ခုနှစ်က စ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယကို စီရင်ရေးသားတော် မူခဲ့ရာ၊ ပဌမအုပ်အထိ တကျမ်းလုံးပြီးသည်။

ပထမ- ကျော်အောင် စံထားဆရာတော် အထံ၌ ရှင်ပြု၍၊ ဒုတိယ- ကျော်အောင် စံထား ရှင်ဂုဏာစာရ စိန္တကျော်သူ ဦးဩ,ရှင်ကရဝိက, တောင်တွင်းခင်ကြီးပျော် (မှင်ညာဏဝရ) စသည် တို့နှင့် ပညာသင်ဖက် ဖြစ်သည်။

ဘိုးတော်လက်ထက် သာသနာပိုင်- လေးပါးတို့တွင် တပါး ပါဝင်သည့် မောင်းထောင် အရှင်ဉာဏာဘိဝံသ-သာသနာပိုင်အဖြစ် တပါးတည်း ထားရာ၌လည်း သာသနာရေးကိုလည်း ဆောင်ရွက်ရသည်။

ဘိုးတော်၏သားတော် အိမ်ရှေ့မင်းနှင့် မိဖုရားတို့က ကျောင်းဆောက်တင်လှူသည်၊ ဆရာတော်သည် ပစ္စည်းဥစ္စာဝေဖန်ရာ၌ "ငါ့ဖို့သူ့ဖို့ဟု မဝေဖန်၊ သူ့ဖို့ချည်း ရည်မှတ်လေ့ရှိသည်" ပိဋကတ်တော်နှင့် အဋ္ဌကထာ၌ နိုင်နင်းတော်မူ၏။

၂· ပြည်မူ–

ရွှေဘို–ပုဂံ–မင်းတုန်း–သုံးဆက်တိုင် ထင်ရှားတော်မူသည်၊ ၁၁၅၀· ပြည့်ဖွား၊ နံ–ကြာသပတေး၊ ငယ်မည်–ဦးကြီးညို၊ ညောင်ကန်ရွာဇာတိ၊ မိဘနှစ်ပါး ဦးဖြူ–ဒေါ်ညွန့်၊ ဘွဲ့–ရှင်မေဓာဝီ၊ တံဆိပ်–မေဓာလင်္ကာရ ပရမ သဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု၊ ပြည်ဆရာတော်သည်၊ ၁၂၀၆·ခုနှစ်တွင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပဌမအုပ်အထိ၊ အစအဆုံး နိဿယပြန်ဆို စီရင်တော်မူသည်။

သာယာဝတီမင်းသားတော် ပြည်မြို့စား မင်းသားက ၁၂၀၀·ပြည့်နှစ်တွင် ကျောင်းဆောက်တင်လှူ၍ ပြည်ဆရာတော်ဟု ထင်ရှားသည်။ ညောင်ကန် ဦးဗုဓ်နှင့် ကျောင်းနေဖက် ချစ်ကျွမ်းတဝင် ရင်းနှီးကြသည်။

တနေ့သ၌ ဦးကြီးညိုသည် အုတ်ကျောင်းသို့ ကြွရာ ဦးဗုဓ် စာကြည့်မပျက် ဆွမ်းစားချိန်မှ တွေ့ဆုံကြသည်။

ဆရာတော်ဦးဗုဓ် က· "မောင်ကျိး-မင်းကို မင်းသားက ကြည်ညို၍ မင်းဆရာဖြစ်နေပြီ၊ ဘုရားအလိုတော်ကျကျင့်မှ ဘုရားသားတော်ဖြစ်မည် မင်းသားအလိုကျကျင့်လျှင် မင်းသား၏သား ဖြစ်မည်"ဟု ဆုံးမစကား ဆိုသတတ်။

မင်းတုန်းလက်ထက် မြောက်နန်းမိဖုရား (ငယ်တပည့်ရင်း ညောင်ကန်သူ–ခင်သဲ)ကလည်း ခမ်းနားကြီးကျယ်စွာ ကျောင်းဆောက်လှူခဲ့သည်။ စာသင်သား ၉၀၀·ကျော်ရှိသည်။ စာသင်သားတို့မှာ စာပြေငြင်းခုံခြင်း, စာအံနေခြင်းများဖြင့် ဆူညံသောအသံ ပြည့်လျှံနေ၏ဟု ပြောစမှတ်ရှိသည်။

ဆရာတော်မှာ ဆုကြီးပန်ဖြစ်သည်၊ ပိဋကတ်, ကျနလှသော်လည်း "ငါတို့စာသင်တာ–တ,မှန်း၊ ဏ,မှန်း သိရရုံပဲ ရှိသေးသည်"ဟု မိန့်ဆိုလေ့ ရှိကြောင်း အစဉ်အလာ ကြားရ၏။

၃·မိုးထိမူ–

မန္တလေးမြို့ မိုးထိကျောင်းတိုက် ကျောက်စာကြပ် "အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ" ဆရာတော်အရှင်ဇာဂရသည် ၁၂၇၄·ခုနှစ်တွင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို နိဿယပြန်ဆိုရာ စတုတ္ထအုပ်အထိသာပြီးသည်။ အစ, အဆုံး တကျမ်းလုံး မပြီး၊ "ရှေ့ဖျားအဋ္ဌကထာ၊ နောက်မှာနိဿယ" ဆိုသည့်အတိုင်း ပေယျာလမြုပ်နက် မထား၊ မိုးထိချနက် အဖြစ်စီရင်တော်မူခဲ့သည်။

## ၄-ကျိုက်လတ်ပစ္ဆိမာရုံမှူး

သက္ကရာဇ် ၁၂၂၆-ခုနှစ် ဖွား၊ နံ- တနင်းလာ၊ မိဘနှစ်ပါးတို့မှာ စစ်ကိုင်းတိုင်း မြင်းမူမြို့နယ် သမန်းအေးရွာ ဦးရွှေအိနှင့် ဒေါ်ကြီးမောင်တို့ ဖြစ်ပြီး၊ ငယ်မည်-မောင်တော၊ ဘွဲ့ ရှင်ကေလာသ၊ သုံးဂိုဏ်းချုပ် ခင်မွန်ဆရာတော်နှင့် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမိက ဆရာတော်တို့၏ တပည့်ဖြစ်သည်။

၁၂၅၈-ခုနှစ်တွင် ကျိုက်လတ်မြို့ ပစ္ဆိမာရုံကျောင်းတိုက်ကြီးကို တည်ထောင်၍ သာသနာပြုတော်မူသည်။ ရွှေကျင်ဂိုဏ်းတွင် ဆဋ္ဌမြောက် သာသနာပိုင်ဖြစ်၍ ကျောင်းတိုက်နာမည်ကို အစွဲပြုကာ ပစ္ဆိမာရုံ ဆရာတော်ဟု ထင်ရှားသည်။

ပစ္ဆိမာရုံသာသနာပိုင် ဆရာတော်သည် တပည့်တို့အား စာပေပို့ချယင်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယကို စီရင်တော်မူသည်။ သို့သော် သီလနိဒ္ဒေသ စသော နိဒ္ဒေသ ၂၃-မျိုးအနက်၊ ၇-ခုမြောက်၊ အနုဿတိနိဒ္ဒေသ-အထိသာ ပြန်ဆိုပြီးခဲ့၏။

## ၅-မူလ မင်းကွန်း ဇေတဝန်မှူး

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်မြောက်ဘက် ၁၀-မိုင်ခန့်အကွာရှိ ကျောက်ပန်းကန်ကြီးကုန်းကျေးရွာ ခမည်းတော် ဦးညို မယ်တော် ဒေါ်ပိုင်တို့မှ သက္ကရာဇ် ၁၂၃၀-ပြည့်ဖွား၊ နံ-စနေ၊ ငယ်မည် မောင်သာဗျော၊ ဘွဲ့ ရှင်နာရဒ မူလမင်းကွန်းဆရာတော်သည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယကိုလည်း ပြန်ဆို စီရင်တော်မူခဲ့သည်။

အများအားဖြင့်၊ ထောင်-ရာ-ဆယ်-ပြည့်ဖွားတို့မှာ ထူးချွန်တော်မူတတ်ကြကြောင်း၊ ကျွန်ုပ်၏ ဆရာရင်းတဆူဖြစ်သော လယ်တီပဏ္ဍိတ ဦးမောင်ကြီး အမိန့်ရှိခဲ့ဖူး၏။ မှန်၏။ ယင်းနိဿယပြန်ဆိုတော်မူခဲ့သော ဆရာတော်ကြီးများသည် ထောင်-ရာ-ဆယ်-ပြည့်ဖွားများပင် မဟုတ်ပါလား။

မူလမင်းကွန်းဇေတဝန်ဆရာတော်သည် ပရိယတ်ဘက်၌ထူးချွန်တတ်မြောက်၍ကျမ်းပေါင်း ၃၀-ခန့်စီရင်ရေးသားတော်မူခဲ့၍၊ပဋိပတ်အရာ၌လည်း သာသနာ့မီးရှူးတန်ဆောင်ကဲ့သို့ထွန်းပြောင်စေခဲ့၏၊ကိလေသာကုန်ခန်းသည့် ရဟန္တာကြီး တဆူအဖြစ် လေးစားယုံကြည်ကြ၏။

ပေဋကောပဒေသပါဠိတော်အဖွင့် အဋ္ဌကထာကိုလည်းကောင်း မိလိန္ဒပဥှာပါဠိတော်အဖွင့် အဋ္ဌကထာကိုလည်းကောင်း ပြုစုစီရင်တော်မူခဲ့ရာ၊ ဤပါဠိကျမ်းကြီး နှစ်စောင်သည် သာသနာ လောကတွင် နေလကဲ့သို့ ထင်ရှားခဲ့မလသည်။

## (၄)

## ဝိသုဒ္ဓိမဂ် မြန်မာပြန် (စကားပြေ)များ

ဝိသုဒ္ဓိမဂ် မြန်မာပြန်တို့တွင် ကျိုက်ထိုမြို့ ဘုရားသုံးဆူကျောင်းတိုက် ဆရာတော် အရှင်နန္ဒမာလာ၏ မြန်မာပြန်ကျမ်းသည် အဦးဆုံးဖြစ်သည်။

ထို့နောက် ညောင်လေးပင်တောရ အဂ္ဂမဟာပဏ္ဍိတဆရာတော် အရှင်အရိယ ၏ ဝိသုဒ္ဓိမဂ်အရသာနှင့် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ် မြန်မာပြန်ကျမ်း စသည်များ ထွက်ပေါ်ခဲ့သည်။

ကျိုက်ထိုမြို့ ဝိသုဒ္ဓိမဂ်မြန်မာစကားပြေ ကျမ်းသည် ဋီကာအဖွင့်များနှင့်တကွ ပြည်ဆရာတော်မူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယမှ ဖြည့်စွက်ချက်တို့ကိုခြုံငုံ ထည့် သွင်းကာ ရေးထားသဖြင့် လေ့လာကြည့်ရှုကြသူတို့အား သဘောပေါက် နားလည်နိုင်ရန် လွန်စွာအသိခက်စေ၏။ ဝါကျလည်း ရှုပ်ထွေးလေသည်။

မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းတို့မှာ စကားပြေရေး ဟန် ရှင်းလင်း၍ လေ့လာကြည့်ရှုကြသူတို့အဖို့ သိလွယ်မြင်လွယ်စေနိုင်သည်။ ပါဠိ မတတ်ကျွမ်းသူတို့ကိုပင် သဘောပေါက်လွယ်စေနိုင်သည်။

## (၅)

## ရွှေစေတီဆရာတော်၏ နိဿယသစ်

ကျမ်းပြုဆရာတို့ စေတနာအလျောက် အဘိယာစက မရှိပဲ ကျမ်းများကို စီရင်ရေးသားသည်လည်းရှိပါ၏။

ရွှေစေတီဆရာတော်အား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယသစ် တစောင် (တကျမ်းလုံးကုန်ဆုံးသည်တိုင်အောင်) ချောမောပြေပြစ် ကျစ်လျစ်သောအသုံး အနှုန်းများဖြင့် ရေးသားပေးပါရန် မန္တလေးမြို့ ရွှေနေကြီး ဦးခင်မောင်ဒွေးနှင့် သက်သတ်လွတ် ရှောင်ကြဉ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်လှတို့က အဘိယာစက ပြုကြသည်။ သူတို့ကား လောကုတ္တရာ စာပေနယ်တွင် အထိုက်အလျောက် တတ်ကျွမ်းကြပြီး ခေတ်ပညာတတ်ပုဂ္ဂိုလ်ကြီးများဖြစ်သည်။

ရွှေစေတီဆရာတော်သည် ပရိယတ်၌ ကျွမ်းကျင်တတ်မြောက်ပြီးနောက် ပဋိပတ်သို့ဦးတည်ကာ ဝိပဿနာရှုနည်းများကို လေ့လာအားထုတ်လျက် ပဋိ-ပတ်သာသနာဖွံ့ဖြိုးစည်ပင်အောင် မဟာစည်ဆရာတော်နှင့်အတူ ဆောင်ရွက် တော်မူသည်။ ပိဋကတ်ကျနစွာရှိသည်နှင့်အမျှ သက္ကတ,ဟိန္ဒီစာပေနှင့် အင်္ဂလိပ် စာတို့၌လည်း နိုင်နင်းတတ်မြောက်လှသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရကလည်း "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်၍ မင်းဆရာတော်အဖြစ် ဆည်းကပ်ကိုးကွယ်ထားခြင်းဖြစ်သည်။

ဥပါသကာ ပုဂ္ဂိုလ်ကြီးနှစ်ဦးတို့က ရွှေစေတီဆရာတော်အား ချဉ်းကပ်ကြပြီးလျှင်–

"တပည့်တော်များ ဝိသုဒ္ဓိမဂ်မြန်မာပြန်သက်သက်ကိုလည်း ဖတ်ရှုလေ့လာခြင်း မပြုလိုကြပါ။ ပါဠိတချက် အနက်တချက် တွဲဖက်၍ ရှင်းလင်းအောင် လူအများနားလည်ပေါ်လွင်အောင် နိဿယသစ်ဘာစေ့ ချီးမြှင့်ပေးပါရန်–" အတန်တန် လျှောက်ထားကြ၏။

ယင်းသို့အကြိမ်ပေါင်းများစွာ လျှောက်ထားကြခြင်းကို အကြောင်းပြုလျက် ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဿယသစ်ကို ခေတ်နှင့်အညီ ရှေးသုံးပေါဟာရစကားလုံးများ မပါရှိစေပဲ ခေတ်သုံးမြန်မာစကားများဖြင့် တန်ဆာဆင်၍ စီရင်ပြန်ဆိုထားခြင်းဖြစ်ပါသည်။

## (၆)

## ဆရာတော်၏ ပြန်ဆို ရေးနည်းရေးဟန်

နိဿယစကားပြေ ပြန်ဆိုရာ၌ ပါဠိတချက် မြန်မာတချက် ဖြစ်နေ၍ စကားလည်း ထောင့်နေသည်။ သို့သော်· ပါဠိအနက် မြန်မာပြန်စကားစဉ် ဖြောင့်အောင်လည်း ပြန်ဆိုကြ၏။

ကဗျာဗန္ဓသာရ ကျမ်းတွင် နိဿယစကားပြေကို "စကားထောင့်" ဟု အမည်ပေးထားရာ၌ ထောက်ခံသကဲ့သို့ရှိသည်။

နိဿယစကားပြေ အရေးအသားသည် စကားကိုဖြောင့်အောင် ပြေပြစ်အောင် ရေးနိုင်စွမ်းရှိလျှင် စကားပြေ၏ အဓိပ္ပာယ်ကို ထင်ရှားပေါ်လွင်စေသည်။

ဤရွှေစေတီဆရာတော်၏ နိဿယသစ်မှာ နိဿယရေးဟန်အတိုင်း မလိုက်ပဲ ပေါ်လွင်လွယ်ကူသော မြန်မာ့ဟန် ရေးနည်း ရေးဟန်ဖြင့် ဆရာတော်၏ ရေးသား ပြန်ဆိုပုံကို အောက်ဘွင် ဖတ်ရှုကြည့်ကြပါစို့.–

"ထေရော၊ မဟာတိဿမထေရ်သည်။တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ထိုအမျိုးချွေးမ၏သွားရိုးကိုမြင်၍။ ပုဗ္ဗသညံ၊ ရှေး၌ရဖူးသော အရိုးစုသညာကို။ အနုဿရိ၊ အမှတ်ရလေ၏။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ သော၊ ထိုမဟာ-တိဿမထေရ်သည်။ အရဟတ္တံ အပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ (နှာ-၅၆)။

ဝိသုဒ္ဓိမဂ် (ခ) ပ·မ·သ·စ

စသည်များဖြစ်ရာ ဆရာတော်၏ ရေးဟန်မှာ ပေါ့ပါးသွက်လက်၍ ပါဠိတချက် အနက်တချက်ဖြစ်နေသော်လည်း စကားပြေ (ဝတ္ထုတခုခု) ကို ဖတ်ရသလို စာဖတ်သူတို့မငြီးငွေ့။

"အတ္တမနော ဟောတိ·" ပုဒ်ချီး၌လည်း ဝမ်းမြောက်ဝမ်းသာ အားရ လျက်ရှိ၏·စသည်ဖြင့် ပုဒ်ကိုခြုံ၍ အဓိပ္ပာယ်ဖွင့်စကားပြေ ရေးနည်းရေးဟန် အသုံးပြုထား၏။

အညတရော ဒေဝပုတ္တော·ကို အမျိုးအမည်အားဖြင့် မထင်ရှားသောနတ် သားသည်·ဟု ရှေးကပေးရိုးပေးစဉ်ကိုပယ်ဖျက်၍ အညတရော ဒေဝပုတ္တော၊ 'တဦးသောနတ်သားသည်' စသည်ကိုလည်းကောင်း။ ဝိသုဒ္ဓိယာ၊ နိဗ္ဗာန်၏။ မဂ္ဂံ၊ လမ်းကို။ ဝါ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလမ်းစဉ်ကို စသည်ကိုလည်းကောင်း လွယ်ကူစွာ နားလည်ရန် ပြဆိုထားသည်။

"ဒေသနာနယနိဿိတံ"၊ ဟောနည်း ပြောနည်း ရေးသားနည်းကိုမှီ သော။ သခေ်ပဝဏ္ဏနာ၊ အကျဉ်းချုပ်အဖွင့်ပေတည်း....ဟူ၍ ပြန်ဆိုချက် လည်း ရှင်းလင်းလှ၏။

ဆရာတော်၏ နိဿယတွင် အချို့ဝါကျမျိုး၌ ဟိတ်ပါဌ်ကိုအတွင်း၌ သွင်း၍ လည်းကောင်း အပြင်သို့ထုတ်၍လည်းကောင်း အနက်ပေးလေ့ရှိ၏၊ အနက် ပေးရာ၌ အနက်ဆန်မရှုည်၊ ကာရန်မလိုက်၊ မြန်မာစကားပြေကို ဖတ်ရသကဲ့သို့ ညက်ညော၏၊ သုတိသာ၏။

ကျမ်းဦးအဖွင့် ဆရာတော်၏ ဂန္ထာရမ္ဘကထာကိုလည်း ရှုပါဦး—

"ရှေးကထင်ရှားသော နိဿယများတို့ကို ဆရာတော်ကြီးများသည် ပြုစီရင်တော်မူခဲ့ကြပါကုန်၏၊ ထိုကျမ်းများသည် အဆမတန် ကျယ်ဝန်း ရကား ပါဠိ မြန်မာ နှစ်ဘာသာ၌ လေ့လာသမှု နုသော ဉာဏ်ပညာ ရှိကုန်သော ယောဂီတို့အား အလိုရှိအပ်သော အကျိုးမပြီးနိုင်။

ချမ်းသာလွယ်ကူစွာ သိနိုင်သည့် အနက်အဓိပ္ပာယ်ကို ပြည့်နှန်းသော နိဿယသစ် တစောင်တဖွဲ့ကို ရေးပေးပါရန် တောင်းပန် လျှောက်ထား ကြ၏။

ထို့ကြောင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း လမ်းစဉ် မှီရာ အသင်ကို ခေတ်နှင့် လျော်စွာ ပြန်ဆိုရေးသားပါအံ့"

ဟု ဝန်ခံထားလေသည်။ ဝန်ခံသည့်အတိုင်း နိဿယရေးရာ၌ လူများသိသာ အောင် ဖတ်ချင်စဖွယ် ဖြစ်အောင် စီရင်ထားကြောင်း တွေ့ရ၏။

အစဉ်အလာအားဖြင့် ပါဠိဝိဘတျန္တ-ပုဒ်ကို မြန်မာပြန်ဆိုရိုးဖြစ်သော်လည်း ပုဒ်တွဲအနက် ပြန်သည်မှာ အလွန် ရှားပါးလှ၏။

ဥပမာ။ မံ-ငါ့သို့၊ မံ့-ငါ့ထံသို့၊ သင်္ဂမ္မ-ကပ်ရောက်ကြလျက်— ဤကား အစဉ်အလာပေးရိုး။ ရွှေစေတီဆရာတော်က မံ-ပုဒ်နှင့် သင်္ဂမ္မပုဒ်တို့ကို တွဲလျက်၊ မံ သင်္ဂမ္မ၊ ငါ၏ထံမှောက် ကပ်ရောက်ကြလျက် ဟု အဓိပ္ပာယ်ပေါ်လွင်အောင် ပြန်ဆိုထားလေသည်။

ပြည်နိဿယ အချို့နေရာ၌ ပုဒ်တွဲပြန်ထားသည်လည်း ရှိခဲ့၏။

ဥပမာ။ ။"ဌပိတံ တုလပိဏ္ဍံ ဝိယ"၊ ထားသော တင်လဲခဲကဲ့သို့။ ကုမ္ဘိယာ တဏ္ဍုလသဒိသေ ဒန္တေ၊ အိုး၌ထားသော ဆန်နှင့်တူသော သွားတို့ကို-စသည်များ၊ ဝိသေသန,ဝိသေသျ ပုဒ်များကိုလည်း ပုဒ်တွဲပြန်ဆိုလျှင် အဓိပ္ပာယ်ပို၍ ပေါ်လွင်စေပါ၏၊ သဒ္ဒါနည်းစဆင့် ပြုရာပုဒ်၌ အနက်မြင့်သည့် အတိုင်း ဆရာတော်က "အလွန်"ဟု ပြန်တတ်သည်၊ ထို့ပြင် ပါဌသေသလိုက် ပုဒ်များကိုလည်း ပြန်ဆိုရာ၌ အတတ်နိုင်ဆုံး ရှောင်ရှားခဲ့သည်။

ရွှေစေတီဆရာတော်၏ မြန်မာပြန်ပုံမှာ အပိုအလိုမပါပဲ ဟိုကျလွန်းသဖြင့် ပါဠိမြန်မာနိဿယတွင် ပါဠိစာပိုဒ်များကို ဖြုတ်ထားပြီး၊ မြန်မာစကားပြေချည်း သက်သက် ဖော်ပြထားသည်နှင့် တူနေပါတော့သည်။

စကား ပြေပြန်မှာ— ပါဠိဟန်အတိုင်း တိုက်ရိုက် မြန်မာပြန်သော ဟန်ဖြစ်သည်။ဥပမာအားဖြင့်—ကိဌသမ္ဘာဓသမယေ ပုဒ်မျိုးကဲ့သို့"စတုပါရိသုဒ္ဓိသမ္ဘာဒန-ဝိဓိ" စတုပါရိသုဒ္ဓိသီလကို ပြည့်စုံစေပုံ အစီအရင်-စသည်ကို ခေါင်းစီး စကားလုံး အဖြစ် အသုံးပြုထားသည်။

"ဓုတင်္ဂနိဒ္ဒေသသာဓာရဏကထာ" ဓုတင်အားလုံးနှင့် သက်ဆိုင်သော စကား· စသည်တို့ဖြင့် ပြန်ထားပုံကို ကြည့်ရုံနှင့် ပါဠိဆန်သော ဟန်မျိုးမပါကြောင်း သိနိုင်သည်။

ထို့ပြင် နိဿယ စာကိုယ်ထည်းမှာပင် အဓိပ္ပာယ် အသိခက် ရှုပ်ထွေးသော ပုဒ်မျိုးကိုလည်း လက်သည်းကွင်းညှပ်၍ အမှာစကားကိုလည်း ထည့်သွင်း ဖော်ပြတတ်ပါသေး၏။

ပုံစံပြရလျှင်—

လောလုပ္ပဟာဏျာ အဖွင့် (နှာ-၁၆၃)တွင်—

(ဤ၌ လုပ္ပ လုပ္ပ-မှ လောလုပ္ပဖြစ်လာသည်ဟု ဋီကာအဖွင့်နှင့်အညီ "ကုသိုလ် ဘဏ္ဍာကို လွန်စွာ လုယက်တတ်သော တဏှာ"ဟု အနက်ပြန်ထားသည်။ သို့သော် ဤအနက်ဖြင့် တဏှာ၏ မက်မောခြင်း

သဘောကို မပေါ်စေပဲ ရှိ၏။ လုဘာ-လုဘာမှ လောလုဘာ ဖြစ်ပြီးလျှင် ထိုမှ တဖန် လောလုပ္ပဖြစ်လာသည်ဟု ယူလျှင် သာ၍ သင့်ရာ၏။ အလွန်မက်မောသော တဏှာ-ဟု အနက်ပြန်ရာ၏)

ဆရာတော်၏ အနက်ပြန်ဆိုရာ၌လည်း အပေါ်လွှင်ဆုံး အလွယ်ကူဆုံး ဖြစ်အောင် မြန်မာဝေါဟာရများကို အသုံးပြုထားသည်။

ဝိသုဒ္ဓိမဂ်သည် ကမ္ဘာပေါ်တွင် အသင်ရှားဆုံးအဖြစ်ဖြင့် ပဋိပတ်အရာ၌ လမ်းညွှန်ထားသော ကျမ်းကြီးတဆူ ဖြစ်၏။ သို့ရာတွင် မြန်မာနိုင်ငံ၌ အသင် အအံ အပို့အချ အလွန်နည်းပါး၏၊ ပဋိပတ်အရာ၌ ဝိသုဒ္ဓိမဂ် မပါလျှင်မပြီး ပဋိပတ်နယ်သို့ ဝင်လိုသူတိုင်း လက်စွဲပြုကြရမည်သာ ဖြစ်၏။

အဋ္ဌကထာကျမ်းပြု အရှင်မဟာဗုဒ္ဓဃောသမထေရ်သည် "သီလေ ပတိဋ္ဌာယ နရော သပညော" စသော ဝိသုဒ္ဓိမဂ် ကျမ်းဦးစကားအရ သီလ သမာဓိ ပညာနှင့် သက်ဆိုင်ရာများကို ပိဋကတ်နိကာယ်ငါးရပ်မှ ထုတ်ဆောင်၍ ဖွင့်ဆို ထားရကား ဤဝိသုဒ္ဓိမဂ် ကျမ်းကို လေ့လာပြီး သူတို့မှာ "နိကာယ်ငါးဦး ကူးခတ်ပြီး" ဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။

အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်သည် နိကာယ်ငါးဦး ပင်လယ်ကူး ဟော်မူသည့်အားလျော်စွာ—

ပါဠိစာပေနှင့် မြန်မာစာပေတို့ကို မကျွမ်းကျင်ကြသော ရဟန်းရှင်လူများ အတွက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မူရင်းနှင့်တွဲဖက်၍ လေ့လာရာတွင် အလွယ်တကူ သိနားလည်နိုင်ကြစေရန် အဓိကရည်သန်ချက်ဖြင့် ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာနိဿယ သစ်ကို အားသစ်၍ ပြန်ဆိုရေးသားတော်မူခဲ့ခြင်း ဖြစ်ပါသတည်း။

## (၃)

## အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်

အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီဆရာတော်၏ ဇာတိမှာ စစ်ကိုင်းမြို့နယ် ရွာသစ် ကြီး ဖြစ်သည်။ ဧရာဝတီမြစ် ကမ်းနဖူးပေါ်၌ တည်ရှိ၍ ရေကြောင်းခရီး ကုန်း လမ်းခရီး လမ်းဆုံရုံမက စစ်ကိုင်းမြို့နှင့်လည်း နီးကပ်လေသည်။ ငါန်းဇွန်မြို့နယ် သွားလာမှု လမ်းဆုံရာဖြစ်၍ အသွားအလာ စည်ကား၏၊ ရေကြောင်းခရီး၏ အဓိကကျရာ ရွာလည်းဖြစ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ကျောရိုးသဖွယ် စီးပွားရေး အချက်အခြာ ဌာနဟု လည်း ဆိုနိုင်သည်။ ပြည်ထောင်စုလူမျိုးများ 'ဖွံ့ဖြိုးရေးစံပြသိပ္ပံ' ဖွင့်လှစ်၍ ယင်း သိပ္ပံကျောင်းတော်ကြီးမှ လူမျိုးစုများကို ပညာသင်ကြား မွေးထုတ်ပေးရာ ဌာနလည်း ဖြစ်ပေသည်။

ထို့ပြင် ချည်စက်ရုံကြီးကို ခမ်းနားစွာ တည်ဆောက်ထားသဖြင့် ဤရွာသစ်ကြီးမှ ကမ္ဘာအနှံ့အပြား ချည်တည်လုပ်ငန်းများ ဖြန့်ချိရာလည်းဖြစ်သည်။

ရွှေစေတီကျောင်းတိုက်သည် ရွာသစ်ကြီး၏ ကျက်သရေဆောင်ဖြစ်ခဲ့ရာ ဟံသာဝတီရောက် မင်းတရားလက်ထက် (၁၁၀၅)ခုနှစ်၊ ထွတ်ချာမိဖုရားငယ်တဦးက ရွာသစ်ကြီးရွာဇာတိ စာတတ်ပေတတ်ဆရာတော်တပါးကို ဆည်းကပ်ကိုးကွယ်လျက်ရှိရာ အင်းဝနေပြည်တော်တွင် ကျောင်းဆောက်လှူဒါန်းရန် စီရင်လေသည်။

ကျောင်းအတွက် လိုအပ်သော သစ်များကို အထက်မဲဇာ ရွှေလိမှ ဖောင်ဖွဲ့လျက် စုန်ဆင်းခဲ့ကြလေသည်။ သစ်ဖောင်များ တဖြည်းဖြည်း စုန်ဆင်းခဲ့ကြရာ အင်းဝနေပြည်တော်သို့ မရောက်မီ ရောဝတီမြစ်ရေ ဒုဋ္ဌာဝတီမြစ်ရေများ ဆုံရာသို့ ရောက်သည့်အခါ ဖောင်သမားများသည် ဖောင်များကို အရှိန်အဟုန်လျော့ပါးအောင် ဖွဲ့သုတ်ကြသော်လည်း မနိုင်မနင်းဖြစ်၍ အင်းဝနေပြည်တော်ဆိပ်ကမ်းမှာ မဆိုက်နိုင်ကြတော့ပဲ ရေစီးအလွန်သန်နေသဖြင့် သစ်ဖောင်များအောက်သို့ မျှောပါသွားကြပြီးနောက် တဖြည်းဖြည်း သစ်ဖောင်များသည် ရွာသစ်ကြီးဆိပ်ကမ်းသို့ ရောက်သွားကြလေသည်။

သစ်ဖောင်များ အင်းဝနေပြည်တော်မှာ မဆိုက်နိုင်ပဲ မနိုင်မနင်းဖြစ်၍ ရွာသစ်ကြီးဆိပ်ကမ်းသို့ ရောက်သွားကြောင်း မိဖုရားအား အကျိုးအကြောင်း လျှောက်ထားသောအခါ မိဖုရားက "မင်းတို့ဟာက ခပ်ကွင်းပြင်နေရတာနဲ့ ရွာသစ်ကြီးသို့ ရောက်ရတာကိုး" ဟု ပြောဆိုသတတ်၊ ထိုအချိန်မှစ၍ ယင်းမြန်မာ စကားပုံတခု ပေါ်ပေါက်ခဲ့ရလေ၏။

ရွာသစ်ကြီး၏ မြောက်ဘက်မှာ မိဖုရားက ရွှေစေတီဘုရားတဆူ၊ ဝန်ကြီးလေးဦးက တဆူစီ၊ ပေါင်းဘုရား (၅)ဆူနှင့်တကွ ကျောင်းဆောက် ကိုးကွယ်လေသည်။ ယင်းရွှေစေတီဘုရားကို အကြောင်းပြု၍ ရွှေစေတီကျောင်းတိုက်ဟု ကမ္ပည်းထိုးခဲ့လေသည်။

အလောင်းမင်းတရားလက်ထက် ရဲဘက်ခြောက်ကျိပ်ရှစ်ယောက် အပါအဝင်သူရဲကောင်းတဦးမှာ ချီပါရွာသား ဦးကောင်းဖြစ်သည်၊ အလောင်းမင်းတရား အထွတ်အထိပ်သို့ရောက်၍ အရှင်မြင့်သည့်အခါ ဦးကောင်းသည် လောကဓမ္မနှစ်ဌာနတို့၌ လိမ္မာပြွန်းတီးသူဖြစ်၍ မင်းတရား၏ အားကိုးရာလည်းဖြစ်သဖြင့် မြင်းရည်တက်စုဖွဲ့ ခြောက်ကျိပ်ရှစ်ယောက် သွေးသောက်အဝင်အပါ ချီပါရွာ ဗိုလ်ကောင်းမှာ နောင်အခါ "အဂ္ဂမဟာသေနာပတိ မင်းလှမင်းခေါင်ကျော်" ဖြစ်လာပေသည်။ ဗိုလ်ကောင်းသည် အလောင်းမင်းတရား လက်ထက် ဤရွာသစ်ကြီး ရွာစားအဖြစ် သူကောင်းပြုခြင်း ခံရသူဖြစ်သည်။

ကျေးရွာလည်းမဆိုနိုင် မြို့ဟူ၍လည်း အသိအမှတ် မပြုနိုင်စေကာမူ ရှာသစ်ကြီးရွာသည် အိမ်ခြေနှစ်ထောင်ခန့်ရှိပြီး ဈေး ဂိတ် ဆေးရုံ အထက်တန်းကျောင်း စသည်ဖြင့် စည်ကားနေသည်။ ဗြိတိသျှတို့ခေတ်ကလည်း ဝါအဝယ်ဒိုင်များဖြင့် နိုင်ငံရပ်ခြားတိုင်းတပါးသားတို့ စီးပွားရေးအခြေစိုက်ရာ ဒေသဖြစ်ခဲ့သည်။

သမုဒ္ဒရာ၏ တစိတ်တဒေသကိုမြင်လျှင် အလုံးစုံသော သမုဒ္ဒရာသည် ဤသို့ သဘောရှိသည်ဟု သိအပ်လေသကဲ့သို့ ပဒေသရာဇ်ခေတ် နယ်ချဲ့ဗြိတိသျှခေတ်နှင့် လွတ်လပ်ရေးရရှိပြီး ခေတ်အဆက်ဆက်တို့တွင် တည်တံ့ငြိမ်သက်စွာ တည်ရှိနေသော ရွာသစ်ကြီးရွာသည် သာသနာရေးရှုထောင့်ကဖြစ်စေ, လူမှုရေးရှုထောင့်က ဖြစ်စေ ခေတ်နှင့်ယှဉ်တွဲကာ အစဉ်တိုးတက်လျက် ရှိနေလေသည်။

သာသနာရေးရှုထောင့်က ကြည့်လျှင် ဘုရင် မင်းအဆက်ဆက် ကပင် မင်းဆရာများ ပေါ်ခဲ့ပေါက်ခဲ့၏၊ တောင်ခွင် သာသနာပိုင် လက်ထက်တွင် ဤရွှေစေတီတိုက်မှ ဆရာတော် ဦးနာဂသည် ဂိုဏ်းချုပ်အဖြစ် ခန့်အပ်ခြင်းခံရပြီး သာသနာတော် စည်ပင်ထွန်းကားအောင် ဆောင်ရွက်တော်မူခဲ့သည်ကိုလည်း ရွှေစေတီ သာသနာဝင်၏ မှတ်တိုင် တတိုင်ပင် ဖြစ်၏။

## ရွှေစေတီဆရာတော် လျှောက်လှမ်းခဲ့သော ဘဝခရီး

ရွာသစ်ကြီးရွာ ရွှေစေတီသာသနာဝင် အဆက်အနွယ်ဖြစ်သော ဆရာတော်၏ အတ္ထုပ္ပတ္တိကို အကျဉ်းအားဖြင့် ဖော်ပြရန် လိုအပ်နေပါသည်။

ရွှေစေတီဆရာတော် လောင်းလျာသည် စစ်ကိုင်းမြို့နယ်၊ ရွာသစ်ကြီးရွာ မတောင့်တရပ်ကွက်၊ ခမည်းတော် ဦးရန်ငြိမ်း -မယ်တော်ဒေါ်ပုတို့မှ(၁၂၄၁-ခု) ဒုတိယ ဝါဆိုလပြည့်ကျော်(၇)ရက် သောကြာနေ့တွင် ဖွားမြင်သည်။

ဦးရန်ငြိမ်းမှာ မင်းတုန်းမင်းနှင့် သီပေါမင်း နှစ်ဆက်တိုင် နန်းတွင်းမင်းမှုထမ်းခဲ့သည်၊ သီပေါမင်း ပါတော်မူပြီးနောက် ရွာသစ်ကြီးသို့ ပြန်ရောက်၍ ဓာတ်ဗိန္ဒောဆေးပညာဖြင့် အသက်မွေးနေသည်။

ဆရာတော်လောင်းလျာ—

(၇)နှစ်အရွယ်တွင် ဦးကြီးရင်း မူလတန်းကျောင်း၊ ဆရာကြီး ဦးချိုထံနေ၍ လေးတန်းအထိ အောင်မြင်ခဲ့သည်။ (၁၂) နှစ်အရွယ်တွင် ရွှေစေတီတောရ ဂိုဏ်းချုပ်ဆရာတော် ဦးနာဂအထံ၌ အခြေခံပညာများကို သင်ယူသည်၊ မိဘတို့က ရှင်အဖြစ်သို့ မြှောက်၍ ဆရာတော်ကြီးက "ရှင်သုန္ဒရ" ဟူ၍ အမည်ပေးသည်။

ဆရာတော်အထံမှာပင် ရှင်ကျင့်ဝတ်နှင့်တကွ သာသနာရေး ဆိုင်ရာနှင့် ပိဋကတ်ဆိုင်ရာ အခြေခံပညာရပ်များကို သင်ကြားနေသည်။

ထို့နောက်၌ ခုနစ်နှစ်သားအရွယ်တွင် စာသင်ဟိုက်ဖွင့်လျက် စာပေပို့ချသော မန္တလေးမှ စာချဆရာတော် ဦးနန္ဒနထံတွင် ပိဋကတ်ပါဠိတော် အဋ္ဌကထာ ကျမ်းကြီးများ ဆက်သက်သင်ယူပြီး၊ သာမဏေကျော် ရှင်သုန္ဒရ၏ ပညာရည်အလားအလာကို မျှော်တွေးလျက် ချောင်းဦးမြို့ ဓမ္မာရုံတိုက် အဂ္ဂမဟာပဏ္ဍိတ ရှင်ဒီပထံသို့ အပ်နှံလေသည်။ ထိုအချိန်က ရှင်သုန္ဒရမှာ (၁၇)နှစ်အရွယ်မျှသာရှိသော်လည်း ပိဋကတ်ပါဠိ အဋ္ဌကထာ သင်ရိုး ဆုံးခန်းတိုင် ပေါက်ရောက်ပြီး ဖြစ်လေ၏။

အသက် (၂၀)ပြည့်သည့်အခါ မိဘဆွေမျိုးတို့က ရဟန်းဘောင် တက်ရန် (ဆန္ဒ) သဘောမတူကြစေကာ၊ ရှင်သုန္ဒရ၏ ဆန္ဒအတိုင်း ရဟန်းဘောင်သို့ ရောက်ရှိလာရသည်။ ရှင်သုန္ဒရ၏ ရှေးဘုန်းရှေးကံ ဘုန်းသမ္ဘာ ပါရမီအဟုန်တို့ကြောင့် ရဟန်းဒါယကာပြုလိုကြသူ အလွန်များသူ၏ ကံစပ်သော ရွာသစ်ကြီးမှ ဦးသူတော်-ဒေါ်ခွာတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိလေသည်။

ရဟန်းတဝါ ရရှိသောအခါ မန္တလေးမြို့ ဈေးချိုတိုက် ရွှေပြည်အုတ်ကျောင်းဆရာတော် ဦးစန္ဒိမာထံမှာနေပြီးလျှင် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ ခင်မကန်တိုက် မန်းကျည်းပင်ကျောင်း ဆရာတော် ဦးသီလာစာရ သဒ္ဒေးကျောင်းဆရာတော် ဦးရေဝတ၊ စံကျောင်းဆရာတော် ဦးနန္ဒိမာတို့ထံ၌ ပါဠိအဋ္ဌကထာနှင့်စာကွ နေ့ဝါ ညဝါများကို အချောသပ် သင်ယူလေသည်။

ရှင်အဖြစ်(၇)ဝါ၊ရဟန်း(၅)ဝါအထိပိဋကတ်ကျမ်းဂန်များကို သင်ကြားတတ်မြောက်ပြီးနောက် စာသင်သားတို့အား နေ့ဝါ ညဝါ ပါဠိအဋ္ဌကထာတို့ကို ပို့ချပေးလေသည်။ အားလပ်ချိန်များတွင် ဆင်တဲတိုက်သစ် ကျောက်တန်းကျောင်း ဗေဒင်အကျော်ဆရာတော် ဦးသီလဝံသထံ၌ လက်ရိုးသန္ဒိဋ္ဌကုန်တွက်၍ ဗေဒအရာ ဆရာတဆူအဖြစ် သင်ယူခဲ့လေသည်။

ရဟန်းတော် ဦးသုန္ဒရသည် ငယ်ရွယ်စဉ်က သင်လက်စ-အင်္ဂလိပ်ဘာသာစာပေကိုလည်း မန္တလေးအရှေ့ပြင် စီ-ပီ-လိုင်းရှိ ဘီ-ဘီ-အို-အေ ကျောင်း၌ အမျိုးသားပညာရေးစနစ်အရ (၁၀)တန်းပညာကိုလည်း လေ့လာ သင်ကြားခဲ့သည်။

ပါဠိ ပိဋကတ်ဆိုင်ရာ ပုဒ်ပါဌ်တို့ကို ဆုံးဖြတ်ရာ၌ အထောက်အကူ ဖြစ်စေနိုင်သော သက္ကတဘာသာ စာပေကိုလည်း တောင်ပြင် မိုးတားတိုက် ဆရာတော် ဦးပညိန္ဒနှင့် တောင်သာ ဦးကေသရတို့အထံ၌ သင်ယူခဲ့သည်။

ဦးသုန္ဒရသည် ပညာသင်ယူမှု ကျေနပ်ဖွယ်ရှိပြီးဖြစ်၍ မိမိဇာတိရွာ ရွှေစေတီကျောင်းတိုက်သို့ ပြန်လည်နေပြီး စာသင်သားတို့အား ငါ့ဌကတ် အခြေခံစာများကို အစိုးရငယ်-လတ်-ကြီး ဓမ္မာစရိယ ဝင်လိုသူများအတွက် အားတက်သရော အပင်ပန်းခံကာ ပညာများကို ပေးဝေ ပို့ချတော်မူလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ စာပေပို့ချခြင်း အရှိန်ပျက်နေရာ မဟာစည်ဆရာတော်ဘုရား သီတင်းသုံးရာ ရွှေဘိုဆိပ်ခွန်သို့ ကြွရောက်လျက် ဝိပဿနာတရားကိုပွားများအားထုတ်နေလေ၏။

၁၃၁၁-ခုနှစ်တွင် မဟာစည် ဆရာတော်အား ရန်ကုန်သို့ပင့်ဆောင်သည့်အခါ ရွှေစေတီဆရာတော်သည် ယင်းဆိပ်ခွန် မဟာစည်ရိပ်သာကျောင်းတိုက်ကြီးတခုလုံးကို စီမံအုပ်ချုပ်ကာ ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ရွှေစေတီဆရာတော်သည် ၁၃၁၃-ခုနှစ်တွင် မန္တလေး ရတနာပုံ သာသနာ့ရိပ်သာသို့ ကြွရောက်၍ မန္တလေး မြို့သူမြို့သားများနှင့် လာရောက်တရားအားထုတ်ကြသူ ယောဂီတို့အား ကမ္မဋ္ဌာန်း နည်းပေးလမ်းပြ ဦးစီးနာယကအဖြစ် ဆောင့်ရွက်တော်မူခဲ့၏။

ရွှေစေတီဆရာတော် တည်ထောင်ဖွင့်လှစ်ခဲ့သော ရိပ်သာသစ်များမှာ စစ်ကိုင်းမြို့နယ်-ရွာသစ်ကြီး ရွှေစေတီတောရသာသနာ့ရိပ်သာ ဗန်းမော်မြို့နယ် ရွှေကူမြို့ မေမြို့သစ်တောလမ်းနှင့့် မြမာလာရပ် သာသနာ့ရိပ်သာများ”စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာများ ဖြစ်ကြသည်။

စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာကို (၁၃၂၄) ခုနှစ်ကတည်ကောင်ဖွင့်လှစ်ခဲ့ရာ )၁၀-ဧက ကျော်ရှိ သာသနာ့မြေကွက်နှင့် စံကျောင်းဆောင်ကို စစ်ကိုင်းမြို့ ဦးသိန်းတန်-ဒေါ်ပြူ မိသားစုတို့က လှူဒါန်းကြသည်။ ရိပ်သာသစ်ဖွင့် အခမ်းအနားကို ရန်ကုန်မြို့မှ အလယ်တောရ ဆရာတော်ဦးရေဝတနှင့် မဟာစည် ဆရာတော်တို့ ၂-ပါး ကြွရောက်ချီးမြှင့်တော်မူခဲ့ကြ၏။

ရွှေစေတီဆရာတော် တည်ထောင် ဖွင့်လှစ်လိုက်သော သာသနာ့ရိပ်သာသည် ပထမ သီဟိုဠ်ရောက်ကြီး သံဃာ့သီး တီထွင် နေဖူးသည့် ကျောင်းမြေနေရာဟောင်း ဖြစ်မည်ဟု ခန့်မှန်းရလေသည်၊

သီဟိုဠ်ကျွန်းမှ ဓါတ်တော်-၅-ဆူ ပင့်ဆောင်လာသော သီဟဠသဒ္ဓမ္မာလင်္ကာရနှင့် သီဟဠမဟာသာမိ မသေရ်နှစ်ပါးတို့အား အင်းဝနေပြည်မိုးညှင်းမင်းတရားက ယင်းဓာတ်တော် ၅-ဆူကို ဌာပနာသွင်းပြီး ရတနာစေတီတည်၍ စေတီတောင်ဘက်၌ လင်္ကာရမ မဟာဝိဟာရ ဥမင်ရွှေကျောင်းကို ခမ်းနားစွာ တည်ဆောက် တင်လှူခဲ့လေသည်။

ထိုသီဟိုဠ်ရောက် ကြီးသံဃာ့ထီးသည် ယခု ရွှေစေတီရိပ်သာ မြေနေရာ၌ စာသင်ကျောင်းတိုက်သစ်တည်ထောင်ဖွင့်လှစ်၍သာသနာပြုခြင်းဖြစ်ပါလိမ့်မည်။ လမ်းဦးဘုရားဟုလည်း တွင်ခဲ့သော ရှင်ပင်နန်းဦး စေတီတော်သည် ရွှေစေတီကျောင်းတိုက်၏ ကျောင်းဦးဘုရားအဖြစ် တည်ရှိနေသကဲ့သို့ သီဟိုဠ်ရောက်ကြီးသံဃာ့ထီးတို့၏ခေတ်ကလည်း ကျောင်းဦးဘုရားအဖြစ် တည်ရှိနေမည်ဖြစ်၍ ဒုတိယအကြိမ် ကျောင်းတိုက်တည်၍စာပေပို့ချခဲ့သည်ဟု ယူဆဖွယ်ရှိလေသည်။

ရှင်ပင်နန်းဦး စေတီတည်ရှိနေသော ကုန်းအသည် ဗဟန်းဝါ တောင်ပူစာကုန်းမြင့်ကလေးဖြစ်သည်၊ တောင်အနောက်နှင့် မြောက်ဘက်ကို ခပ်ပြေပြေကလေး ဆင်ခြေလျှော နိမ့်ဆင်းသွားသည့်အတွက် အနီးပတ်ဝန်းကျင်၌ ကွင်းယောင်ယောင်၊ လယ်ယောင်ယောင် ဖြစ်နေလေသည်။ သို့သော် မြေပြန့်လွင်ပြင်မျိုးလည်း မကျတတ်ပဲ ရှိနေသည်။ ကျောင်းကိုက်တည်ရှိရုံမျှ မြေပြန့်လွင်ပြင်မျိုး ဖြစ်သည်။

သစ်ပင်ကြီးများမှာလည်း ဟိုဘပင် သည်တပင် ခွဲပြီးပေါက်ကြသည်ဖြစ်၍ စိမ့်စမ်းဂနိုင် မြိုင်ခြေအဖြစ်လည်း မရှိတော့—သာတောင့် သာယာဖွယ်ရှိသော မြေကွက်များဖြစ်လေသည်။ ကျောင်းထိုင် ဆရာတော်များဖြစ်သော သီဟိုဠ်ရောက်ကြီး သံဃာ့သီး ၂-ပါးတို့နောက် ပြည်မြို့ဇာတိ အရှင်မဟာကဿပမထေရ်က ဆက်လက်၍ သီတင်းသုံးတော်မူခဲ့သည်။

ထိုဆရာတော် လက်ထက်မှာပင် ရှင်မဟာရဋ္ဌသာရ၏ နောင်တော် ရှင်ဝရစက္ကပါလ မထေရ် သီဟိုဠ်မှ မြန်မာနိုင်ငံသို့ ပြန်လည် ကြွရောက်လာပြီးလျှင် ညီတော် ရှင်ရဋ္ဌသာရအား စာပေပညာကို သင်ကြားပို့ချ ပေးခဲ့လေသည်။

> "ဝရစက္က ပါလ–ဟူသည်၊ အမည်လိုက်လျော"ဟူ၍လည်းကောင်း၊ နှံ့ဝှန် သိမြော်၊ ငါ့နောင်တော်လည်း၊ တစ်ခေါ်စလောက်၊ ပုဂ္ဂိုလ်မြောက်၍၊ လှိုင်ပေါက်ကြေငြာ၊ အဝှန်ဝါသား၊ ဆရာကောင်းချည်း၊ ပေးသည့်နည်းတည့်" ဟူ၍လည်းကောင်း။

ဇာတ်ပေါင်း နိဂုံးအပိုဒ်(၁၁၁) ၌ စပ်ဆိုခဲ့သည်။

ရှင်ရဋ္ဌသာရသည် နောင်တော် (ဝရစက္ကပါလ) မထေရ်ထံ စာပေသင်ခဲ့ကြောင်း၊ ထို့နောက် သီဟိုဠ်ကပြန်ရောက်လာသော ဆရာတော်တို့ထံ ဆက်လက်သင်၍ တတ်မြောက်ခဲ့ကြောင်း ထင်ရှားပေသည်။

> ထို့ကြောင့်–ရဋ္ဌသာရ၊ လဒ္ဓသရော်၊ နွတ္တခေါ်သား၊ သူတော်သွေးရည်၊ ငါကိုသော်လည်း၊ ဖြောင့်ကြည်သဒ္ဓါ၊ နောင် ဆရာလျှင်၊ သမ္မာရင့်လှည့်၊ ညီတပည့်ဟု၊ မပြည့်ပေါ်ထင်၊ တဝမ်းတွင်က၊ ချစ်ခင်တမူ၊ မဟူစသာ၊ နည်းနာသင်ထွေ၊ အခြေရမြောက်၊ ကြံကြံထောက်၍၊

ပြန်ရောက်သီဟိုဠ်၊ ကျေးဇူးဟိုသား၊ပုဂ္ဂိုလ်မည်သီး၊ ထေရ်ဘုန်းကြီးဝယ်၊ မှီးကာမလွတ် ကြွင်းမဲ့တတ်သား၊ ထေရ်မြတ်တို့ထံ၊ ဝုံးစံရမိ၊ အပြည့် ကျိလျက်+”

ဟူ၍ ဇာတ်ပေါင်းပျို့နိဂုံးပိုဒ်ရေ-(၁၁၂)၌ စပ်ဆိုခဲ့သည်။

ပထမသီဟိုဠ်ရောက်ကြီး သံဃာ့ထီးတို့နှင့်အတူ ရှင်မဟာဝရစက္ကပါလ စာဆိုကျော် ရှင်မဟာရဋ္ဌသာရ စသော စာပေပညာရှင်များ သီတင်းသုံးခဲ့ ဖူးရာ နေရာဟောင်း ကျောင်းတိုက်ဖြစ်၍ ဘူမိနက်သန် အောင်မြေရပ်မှန် ဌာနဖြစ်၏။

ယင်းအောင်မြေရပ်၌ ဆက်လက်၍ ရွှေစေတီဆရာတော်ကျောင်းတိုက်ကြီး၊ ရိပ်သာကြီး တည်ထောင် ဖွင့်လှစ်လိုက်ခြင်းမှာ လွန်စွာ ပန်းသင့်၍ ရှေးပညာ ရှင်တို့ ပျော်မွေ့ရာဌာနဖြစ်၍ ပညာဂုဏ်ရည်များ ထင်ဟပ်လျက်ရှိလေသည်။ ပထမသီဟိုဠ်ရောက် မထေရ်ကြီးများမှ ရွှေစေတီဆရာတော် လက်ထက်တိုင် သာသနာ့ဂုဏ်ရည် ဖွံ့ဖြိုးစည်ခဲ့ရာ ဌာနဲထူးဖြစ်လေသည်။

ဆရာတော်သည် ဤရိပ်သာကျောင်းတိုက်တွင် အမြဲသီတင်းသုံးလျက် အရပ်လေးမျက်နှာမှ ရောက်လာကြသော ယောဂီ ရဟန်း ရှင်လူတို့အား ကမ္မဋ္ဌာန်းပေးခြင်း, နည်းလမ်းပြသညွှန်ကြားခြင်း, ပင့်ရာအရပ်ရပ်သို့ ကြွရောက် တရားဟောခြင်း, စာပေပို့ချခြင်း စသော သာသနာရေးရာများကို စွမ်းစွမ်း တမံ ကျိုးစား အားထုတ်တော်မူသည်။

ဆဋ္ဌသင်္ဂါယနာပွဲကြီး ဆင်နွှဲသည့်(၁၃၁၃)ခုနှစ် မှစ၍ ပိဋကတ်ပါဠိကျမ်းစာ များကို ရှေ့တန်းက ပါဝင်သုတ်သင်ခြင်း, မဇ္ဈိမနိကာယ် ပါဠိတော်ကြီး ၃-ကျမ်း ကို ပဋိဝိသောဓကအဖြစ် ဆောင်ရွက်ခြင်းဖြင့်၊ (၁၃၂၂)ခုနှစ်အထိ ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်၌ ဝါကပ်သီတင်းသုံးတော်မူခဲ့သည်။

ပိဋကတ်ပါဠိအဋ္ဌကထာ ဋီကာကျမ်းများ၌ နှံ့စပ်ကျွမ်းကျင်ရှိမျှမက ဘာသန္တရ စာပေ သက္ကတ-အင်္ဂလိပ် စသော ဘာသာတို့ကိုလည်း တတ်မြောက်ပြီး ဖြစ်ရ ကား ဆဋ္ဌသင်္ဂါယနာပွဲသဘင်နှင့်စပ်၍ ကျရောက်ရာတာဝန်များကို ဆောင်ရွက် နေတော်မူသည်။ ဝိပဿနာတရားတော် ဟောကြားရာ၌ စိုပြေလန်းဆန်း အောင် ဟောကြားတော်မူနိုင်သော နိုင်ငံကျော်မဟာကထိက အဖြစ်ဖြင့်လည်း ထင်ရှားကျော်စောတော်မူလေသည်။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရက ရွှေဇေတီဆရာတော်အား (၁၃၂၃)ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ကို ဆပ်ကပ်လှူဒါန်း ခဲ့လေသည်။

ဆရာတော်သည် တရားဟောရာ၌ ကျွမ်းကျင်တော်မူသကဲ့သို့ ကဗျာလင်္ကာ, ကျမ်းစာရေးသားရာ၌လည်း ဝါသနာကြီးမားတော်မူသည်နှင့်အမျှ ကျွမ်းကျင်တော်မူလှ၏။ ပါဠိဘာသာမတတ်သူများအဖို့ ဉပရိပဏ္ဏာသ ပါဠိတော်လာ ဆဆက္ကသုတ္တန်ကို အနက်မြန်မာစကားပြေ ပြန်လျက် သဆက္ကသုတ်မြန်မာပြန် စသောစာအုပ်များကိုလည်း စီရင်ရေးသားတော်မူခဲ့၏။

ဤအဖွင့် နိဒါန်းမှကျော်လျှင် ဖတ်ရှုကြရမည်ဖြစ်သော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးကိုလည်း အစမှအဆုံးတိုင်အောင် ခေတ်နှင့်လျော်ညီစွာ ချောမောပြေပြစ် ကျစ်လျစ်သိပ်သည်းသော နိဿယသစ်ကျမ်းကြီးကိုလည်း ပြုစီရင်တော်မူခဲ့လေသည်။

ဤ"ဝိသုဒ္ဓိမဂ် နိဿယသစ်ကျမ်းကြီး"သည် ကာလရှည်စွာ ကမ္ဘာချဉ်းအောင် တည်တံ့ထွန်းလင်းပါစေသတည်း။

၁၃၄၅-ခုနှစ်၊
တပို့တွဲလပြည့်ကျော် (၉)ရက်
ကြာသပတေးနေ့

လယ်တီ-ဦးလှပိုင်
(၂၆-၂-၈၄)

## အမှာ-

ဤဝိသုဒ္ဓိမဂ်နိဿယသစ် ပထမတွဲ စာပိုဒ်အစ, စာသားအလယ်တို့၌—

(က) ၁။ စသည်ဖြင့် ဂဏန်းနှင့် ပုဒ် ၂-ချောင်းပြထားခြင်းကား ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ဆဋ္ဌမူ) စာအုပ်ရှိ စာပိုဒ်နံပါတ် ဂဏန်း ဖြစ်ပါသည်၊

(ခ) (၁) စသည်ဖြင့် လက်သည်းကွင်းရှိသော ဂဏန်းများကား ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ (ဆဋ္ဌမူ) စာအုပ်၏ စာမျက်နှာနံပါတ်ဂဏန်း ဖြစ်ပါသည်။

(ဂ) နိဿယစာသားအတွင်း၌ (............) လက်သည်းကွင်းအတွင်းရှိ စာများကား ကျမ်းပြုဆရာတော်ဘုရားကြီးက စာရှုသူတို့အား သိနားလည်စေရန် မှာထားသော အမှာစကား စာသားများ ဖြစ်ပါသည်။

# ဝိသုဒ္ဓိမဂ်နိဿယသစ်

## ပထမတွဲ

# မာတိကာ

---

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဂန္ထာရမ္ဘကထာ .... .... .... | ၁ |
| ၂။ | ကျမ်းရေးသားပုံနှင့် အမှာစကား .... .... | ၂ |
| ၃။ | နိဒါနာဒိကထာ — .. .... | ၅ |
| | ၁–သီလနိဒ္ဒေသ | |
| ၄။ | သီလကို အကျယ်ပြချက် .... | ၁၀ |
| ၅။ | သီလသရူပါဒိကထာ=သီလ၏သရုပ်စသည်ကိုပြချက် | ၁၀ |
| ၆။ | သီလာနိသံသကထာ=(သီလ၏အကျိုးအာနိသင်ကိုပြဆိုချက်) | ၂၄ |
| ၇။ | သီလပ္ပဘေဒကထာ=သီလ၏အပြားကိုပြဆိုချက် .... | ၂၈ |
| ၈။ | ပါတိမောက္ခသံဝရသီလ .... .... .... | ၄၄ |
| ၉။ | ဣန္ဒြိယသံဝရသီလ .... .... .... | ၅၄ |
| ၁၀။ | အာဇီဝပါရိသုဒ္ဓိသီလ .... .... .... | ၆၀ |
| ၁၁။ | ပစ္စယသန္နိဿိတသီလ — .... .... | ၈၁ |
| ၁၂။ | စတုပါရိသုဒ္ဓိသမ္ပာဒနဝိဓိ=စတုပါရိသုဒ္ဓိသီလကိုပြည့်စုံစေပုံ အစီအရင် .... .... — | ၉၄ |
| ၁၃။ | ပထမသီလပဉ္စက .... .... .... | ၁၁၈ |
| ၁၄။ | ဒုတိယသီလပဉ္စက — .... .... | ၁၂၇ |
| ၁၅။ | သီလသံကိလေသ ဝေါဒါန=သီလ၏ညစ်ညူးကြောင်း, ဖြူစင်ကြောင်း .... .... .... | ၁၃၁ |

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၂—ဓုတင်္ဂနိဒ္ဒေသ

၁၆။ ဓုတင်ကို အကျယ်ပြချက် .... ၁၅၆
၁၇။ သာဒာရဏကထာ=ဓုတင်အားလုံးနှင့်သက်ဆိုင်သောစကား ၁၅၆
၁၈။ ၁-ပံသုကူလိကင်္ဂကထာ=ပံ့သကူဓုတင်ကိုပြဆိုချက် .... ၁၆၅
၁၉။ ၂-တေစီဝရိကင်္ဂကထာ=တိစီဝရိတ်ဓုတင်ကိုပြဆိုချက် .... ၁၇၂
၂၀။ ၃-ပိဏ္ဍပါတိကင်္ဂကထာ=ပိဏ္ဍပါတ်ဓုတင်ကိုပြဆိုချက် .... ၁၇၆
၂၁။ ၄-သပဒါနစာရိကင်္ဂကထာ=သပဒါနစာရိကဓုတင်ကိုပြဆိုချက် ၁၈၀
၂၂။ ၅-ဧကာသနိကင်္ဂကထာ=ဧကာသနိက်ဓုတင်ကိုပြဆိုချက် ၁၈၄
၂၃။ ၆-ပတ္တပိဏ္ဍိကင်္ဂကထာ=ပတ္တပိုဏ်ဓုတင်ကိုပြဆိုချက် ၁၈၇
၂၄။ ၇-ခလုပစ္ဆာဘတ္တိကင်္ဂကထာ=ခလုပစ္ဆာဘတ်ဓုတင်ကိုပြဆိုချက် ၁၈၉
၂၅။ ၈-အာရညိကင်္ဂကထာ=အာရညကင်ဓုတင်ကိုပြဆိုချက် ၁၉၂
၂၆။ ၉-ရုက္ခမူလိကင်္ဂကထာ=ရုက္ခမူဓုတင်ကိုပြဆိုချက် .... ၁၉၉
၂၇။ ၁၀-အဗ္ဘောကာသိကင်္ဂကထာ=အဗ္ဘောကာသိကဓုတင်ကို ပြဆိုချက် .... .... .... ၂၀၂
၂၈။ ၁၁-သောသာနိကင်္ဂကထာ=သုသာန်ဓုတင်ကိုပြဆိုချက် ၂၀၅
၂၉။ ၁၂-ယထာသန္ထတိကင်္ဂကထာ=ယထာသန္ထတိဓုတင်ကိုပြဆိုချက် ၂၀၉
၃၀။ ၁၃-နေသဇ္ဇိကင်္ဂကထာ=နေသဇ္ဇိဓုတင်ကိုပြဆိုချက် .... ၂၁၁
၃၁။ ဓုတင်္ဂပကိဏ္ဏကကထာ=ဓုတင်တို့၌ပြိုးပြွမ်းပြဆိုချက် .... ၂၁၄

၃—ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ

၃၂။ ကမ္မဋ္ဌာန်းယူပုံကိုအကျယ်ပြချက် .... ၂၂၅
၃၃။ သမာဓိဧကကဒုကဝဏ္ဏနာ=သမာဓိတပါးနှစ်ပါးတို့ကိုဖွင့်ပြချက် ၂၂၀
၃၄။ သမာဓိတိကဝဏ္ဏနာ=သမာဓိသုံးပါးကို ဖွင့်ပြချက် .... ၂၂၉
၃၅။ သမာဓိစတုက္ကဝဏ္ဏနာ=သမာဓိလေးပါးကို ဖွင့်ပြချက် ၂၃၁
၃၆။ သမာဓိပဉ္စကဝဏ္ဏနာ=သမာဓိငါးပါးကို ဖွင့်ပြချက် ၂၃၀

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၇။ | ဒသပလိဗောဓဝဏ္ဏနာ=ပလိဗောဓဆယ်ပါးကို ဖွင့်ပြချက် | ၂၃၉ |
| ၃၈။ | ကမ္မဋ္ဌာနဒါယကဝဏ္ဏနာ=ကမ္မဋ္ဌာန်းပေးသူကို ဖွင့်ဆိုချက် | ၂၅၉ |
| ၃၉။ | စရိယာဝဏ္ဏနာ=စရိုက်ကိုပြဆိုချက် .... .... | ၂၆၉ |
| ၄၀။ | စတ္တာလီသကမ္မဋ္ဌာနဝဏ္ဏနာ=ကမ္မဋ္ဌာန်းလေးဆယ်ကို ဖွင့်ပြချက် | ၂၉၂ |
| | **၄—ပထဝီကသိဏနိဒ္ဒေသ** | |
| ၄၁။ | ပထဝီကသိုဏ်းကို အကျယ်ပြချက် .... | ၃၁၅ |
| ၄၂။ | အနနုရူပဝိဟာရ=မသင့်လျော်သောကျောင်း .... .... | ၃၁၆ |
| ၄၃။ | အနုရူပဝိဟာရ=သင့်လျော်သောကျောင်း .... | ၃၂၄ |
| ၄၄။ | ခုဒ္ဒကပလိဗောဓ=ပလိဗောဓအငယ် (ဖြတ်ခြင်း) .... | ၃၂၆ |
| ၄၅။ | ဘာဝနာဝိဓာန=ဘာဝနာအစီအရင် — .... | ၃၂၆ |
| ၄၆။ | သတ္တသပ္ပါယ=သပ္ပါယခုနစ်ပါး (ကိုပြဆိုချက်) .... | ၃၃၆ |
| ၄၇။ | ဒသဝိဓအပ္ပနာကောသလ္လ=အပ္ပနာ၌ ကျွမ်းကျင်ကြောင်း အစီအရင်ဆယ်ပါး .... .... .... | ၃၄၀ |
| ၄၈။ | နိမိတ္တာဘိမုခပဋိပါဒန=နိမိတ်သို့ ရှေးရှုဖြစ်စေခြင်း .... | ၃၆၀ |
| ၄၉။ | ပဌမဇ္ဈာနကထာ=ပထမစျာန်ကို ပြဆိုချက် .... | ၃၆၃ |
| ၅၀။ | ပဉ္စင်္ဂဝိပ္ပဟီနာဒိ=ပယ်အပ်သောအင်္ဂါငါးပါးစသည် .... | ၃၇၄ |
| ၅၁။ | တိဝိဓကလျာဏ=ကောင်းခြင်းသုံးပါး .... .... | ၃၈၈ |
| ၅၂။ | စိရဋ္ဌိတိသမ္ပာဒန=ကြာမြင့်စွာတည်ခြင်းကို ပြီးစေခြင်း | ၃၉၅ |
| ၅၃။ | နိမိတ္တဝဍ္ဎနနယ=နိမိတ်ကို ပွားစေခြင်း ... .... | ၄၀၂ |
| ၅၄။ | ပဉ္စဝသီကထာ=ဝသီဘော်ငါးပါးကို ပြဆိုချက် .... | ၄၀၆ |
| ၅၅။ | ဒုတိယဇ္ဈာနကထာ=ဒုတိယစျာန်ကို ဖွင့်ပြချက် .... | ၄၀၉ |
| ၅၆။ | တတိယဇ္ဈာနကထာ=တတိယစျာန်ကို ဖွင့်ပြချက် .... | ၄၁၀ |
| ၅၇။ | စတုတ္ထဇ္ဈာနကထာ=စတုတ္ထစျာန်ကို ဖွင့်ပြချက် .... | ၄၃၂ |
| ၅၈။ | ပဉ္စကဇ္ဈာနကထာ=ပဉ္စမစျာန်ကို ဖွင့်ပြချက် .... | ၄၄၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

၅—သေသကသိဏကထာ


၅၉။ ကြွင်းကသိုဏ်းများကို အကျယ်ပြဆိုချက် ၄၄၆

၆၀။ အာပေါကသိဏကထာ=အာပေါကသိုဏ်းကို ဖွင့်ပြချက် ၄၄၆

၆၁။ တေဇောကသိဏကထာ=တေဇောကသိုဏ်းကို ဖွင့်ပြချက် ၄၄၈

၆၂။ ဝါယောကသိဏကထာ=ဝါယောကသိုဏ်းကို ဖွင့်ပြချက် ၄၅၁

၆၃။ နီလကသိဏကထာ=နီလကသိုဏ်းကို ဖွင့်ပြချက် .... ၄၅၂

၆၄။ ပီတကသိဏကထာ=ပီတကသိုဏ်းကို ဖွင့်ပြချက် .... ၄၅၃

၆၅။ လောဟိတကသိဏကထာ=လောဟိတကသိုဏ်းကိုဖွင့်ပြချက် ၄၅၄

၆၆။ ဩဒါတကသိဏကထာ=ဩဒါတကသိုဏ်းကိုဖွင့်ပြချက် ၄၅၅

၆၇။ အာလောကကသိဏကထာ=အာလောကကသိုဏ်းကို ဖွင့်ပြချက် ၄၅၆

၆၈။ ပရိစ္ဆိန္နာကာသကသိဏကထာ=ပရိစ္ဆိန္နာကာသကသိုဏ်းကို ဖွင့်ပြချက် .... .... .... ၄၅၇

၆၉ ပကိဏ္ဏကကထာ=ပြိုးပြွမ်းပြဆိုချက် .... .... ၄၅၉


၆—အသုဘကမ္မဋ္ဌာနနိဒ္ဒေသ


၇၀။ အသုဘကမ္မဋ္ဌာန်းတို့ကို ညွှန်းပြခြင်း .... ၄၆၆

၇၁။ ဥဒ္ဓုမာတကာဒိပဒတ္ထဝဏ္ဏနာ=ဥဒ္ဓုမာတက-စသော ပုဒ်တို့၏ အနက်ကို ဖွင့်ပြချက်— .... .... ၄၆၆

၇၂။ ဥဒ္ဓုမာတကကမ္မဋ္ဌာန=ဥဒ္ဓုမာတကကမ္မဋ္ဌာန်းရှုပုံ .... ၄၆၉

၇၃။ ဝိနီလကာဒိကမ္မဋ္ဌာန=ဝိနီလကစသောကမ္မဋ္ဌာန်းရှုပုံ .... ၄၉၅

၇၄။ ပကိဏ္ဏကကထာ=ပြိုးပြွမ်းပြဆိုချက် .... .... ၅၀၃


ဝိသုဒ္ဓိမဂ်နိဿယသစ် ပထမတွဲ မာတိကာပြီး၏။

# ဝိသုဒ္ဓိမဂ်နိဿယသစ်

## ပထမတွဲ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဂန္ထာရမ္ဘကထာ

၁။ ဝိသုဒ္ဓိမဂ္ဂဒေသကံ၊ ဗုဒ္ဓံ ဝန္ဒိယ သာဒရံ။
ဓမ္မဉ္စ ဗုဒ္ဓသေဝိတံ၊ သံဃံ ဗုဒ္ဓဿ သာဝကံ။

၂။ ပေါရာဏေဟိ ကတာနေကာ၊ ကိဉ္စာပိ အတ္ထိ ဟေ ပန။
အတိဝိတ္ထာရဘာဝေန၊ န သာဓေန္တိ ယထိစ္ဆိတံ။

၃။ ယေ မံ ယာစန္တိ သင်္ဂမ္မ၊ သုခဗောဓတ္ထဒီပကံ။
ပုဗ္ဗာစရိယသီဟာနံ၊ နယံ နိဿာယ သာဓုကံ။

၄။ ဘာသိဿံ နဝနိဿယံ၊ သုခဗောဓာယ ယောဂိနံ။
တသ္မာ တုမှေ နိသာမေထ၊ သန္တစိတ္တာ ပမောဒကာတိ။

၁။ အဟံ၊ ငါသည်။ ယံ ဝိသုဒ္ဓိမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း အကြင်လမ်းစဉ်ကို။ ဒေသကံ၊ ဟောကြားတော်မူတတ်သော။ တနည်း၊ ဝိသုဒ္ဓိမဂ္ဂဒေသကံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်ကို ဟောကြားတော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ ဗုဒ္ဓသေဝိတံ၊ မြတ်စွာဘုရားသည် ဂေါစရာသေဝန, ဘာဝနာသေဝနအားဖြင့် မှီဝဲတော်မူအပ်သော။ ဓမ္မဉ္စ၊ လေးပါးသော မဂ်, လေးပါးသော ဖိုလ်, နိဗ္ဗာန်, ပရိယတ်အားဖြင့် ဆယ်ပါးသော တရားတော်မြတ်ကိုလည်းကောင်း။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကံ၊ တပည့်သား သာဝကဖြစ်တော်မူသော။ ဝါ၊ တနည်းကား။ ဗုဒ္ဓဿ သာဝကံ၊ မြတ်စွာဘုရား၏ တပည့်သား သာဝကဖြစ်တော်မူသော။ သံဃဉ္စ၊ ရှစ်ဝသံဃာ မြတ်ရတနာကိုလည်းကောင်း။ သာဒရံ၊ ရိုသေလေးမြတ်စွာ။ ဝန္ဒိယ–ဝန္ဒိတွာ၊ ရှိခိုးပါ၍။ ဝန္ဒိယ၊ ရှိခိုးပြီးလျှင်—

၂။ ပေါရာဏောဟိ၊ ရှေးကထင်ပေါ် ဆရာကျော် ဆရာမြတ်တို့သည်။ ကတာ၊ ရေးသားသမှု ပြုစုအပ်ကုန်သော။ အနေကာ၊ များစွာကုန်သော နိဿယကျမ်းတို့သည်။ ကိဉ္စာပိ အတ္ထိ သန္တိ၊ အကယ်၍ကား ရှိပါကုန်၏။ ပန၊ ထိုသို့ပင် ရှိပါကုန်သော်လည်း။ တေ၊ ထိုနိဿယဟောင်းတို့သည်။ အတိဝိတ္ထာရဘာဝေန၊ အဆမတန် ကျယ်ဝန်းသည်၏ အဖြစ်ကြောင့်။ မန္ဒဗုဒ္ဓီနံ၊ ပါဠိမြန်မာ နှစ်ဘာသာ၌ လေ့လာသမှု နုံ့သော ဉာဏ်ပညာရှိကြကုန်သော ယောဂီတို့အား။ ယထိစ္ဆိတံ၊ အကြင်အကြင် အလိုရှိအပ်သော အကျိုးကို။ ယသ္မာ၊ အကြင် ကြောင့်။ န သာဓေန္တိ၊ မှန်ကန်စွာ မပြီးစေနိုင်ကုန်။

၃။ တသ္မာ၊ ထိုသို့ မှန်ကန်စွာမပြီးစေနိုင်သောကြောင့်။ ယေ ယောဂိနော၊ သမထ+ဝိပဿနာ နှစ်ဖြာသော အလုပ်ကို အားထုတ်လိုကြကုန်သော အကြင် ယောဂီတို့သည်။ မံ၊ ငါ့သို့။ သင်္ဂမ္မ၊ ကပ်ရောက်ကြလျက်။ ဝါ၊ တနည်းကား။ မံ သင်္ဂမ္မ၊ ငါ၏ထံမှောက် ကပ်ရောက်ကြလျက်။သုခဗောဓတ္ထဒီပကံ၊ ချမ်းချမ်း သာသာ လွယ်ကူစွာ သိနိုင်သည့် အနက်အဓိပ္ပာယ်ကို ပြစွမ်းနိုင်သော။ နဝ-နိဿယံ၊ နိဿယသစ် တစောင်တဖွဲ့ကို (စတုတ္ထဂါထာမှ ဆောင်ပေးသည်)။ ရစိတုံ၊ ရေးသားစီရင်ပါရန်။ ယသ္မာ၊ အကြင်ကြောင့်။ ယာစန္တိ၊ တောင်းပန် လျှောက်ထားကြကုန်၏။ တသ္မာ၊ ထိုသို့ တောင်းပန် လျှောက်ထားကြသော ကြောင့်။ ပုဗ္ဗာစရိယသီဟာနံ၊ ရှေးကာဘင်ပေါ် ဆရာကျော် ဆရာမြတ်တို့၏။ နယံ၊ နိဿယရေးနည်း နိဿရည်းကို။ သာဓုကံ၊ ကောင်းမွန်စွာ။ နိဿာယ၊ အမှီ အခိုပြု၍။

၄။ တေသံ ယောဂီနံ၊ ထိုယောဂီတို့၏။ သုခဗောဓာယ၊ အလွယ်တကူ ချမ်းချမ်းသာသာ သိပါစေခြင်းအကျိုးငှာ။ တဿ ဝိသုဒ္ဓိမဂ္ဂဿ၊ ထိုနိဗ္ဗာန် ရောက်ကြောင်း လမ်းစဉ်၏။ နဝနိဿယံ၊ နိဿယသစ်ကို။ ခေတ္တာနုကူလံ၊ ခေတ်နှင့်လျော်ညီစွာ။ ဘာသိဿံ-ဘာသိဿာမိ၊ ပြောဆိုရေးသားပေအံ့။ တသ္မာ၊ ထို့ကြောင့်။ တုဒမှ၊ သင်ယောဂီတို့သည်။ သန္တစိတ္တာ၊ ငြိမ်သက်အေး ချမ်းသော စိတ်ရှိကြကုန်လျက်။ ပမောဒကာ၊ ဝမ်းမြောက်ရွှင်လန်းကြကုန် လျက်။ နိသာမေထ၊ နာယူမှတ်သား လေ့သာကြပါကုန်လော့။ ဣတိ၊ ဤတွင် ရတနတ္တယပဏာမစသည် အပြီးသတ်သတည်း။

## ကျမ်းရေးသားပုံနှင့် အမှာစကား

၁–နံပါတ်ဂါထာ ဝိသုဒ္ဓိမဂ္ဂဒေသကံ၌ ဆန်းကိုင့်၍ ဝိသုဒ္ဓိမဂ္ဂံဟု ဒုတိယန္တပုဒ် နိဂ္ဂဟိတ် အကျေပြု၍ ဝိသုဒ္ဓိမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်ကို။ ဒေသကံ၊ ဟောတော်မူတတ်သောဟု အနက်ပြန်သည်၊ တနည်း။ ဝိသုဒ္ဓိမဂ္ဂ-

ဒေသကံ၊ နုပ္ပဝန်ရောက်ကြောင်း အကျင့်လပ်းစဉ်ကို ဟောကြားတော်မူတတ်သောဟု တပုဒ်တည်းပြန်သည်။

၃–နံပါတ်ဂါထာ၌ အစဉ်အလာအားဖြင့် ပါဠိဝိဘတ်ချွတ်ပုဒ်ကို မြန်မာအနက် တပုဒ်ပြန်ရိုးထုံးစံဖြစ်သည်။ ပုဒ်တွဲအနက်ပြန်သည်မှာ အလွန်ရှားပါးသည်။ ဂံ၊ ပါ့သို့ ငါ့ယံသို့။ သင်္ဂမ္မ၊ ကပ်ရောက်ကြလျက်ဟု အစဉ်အလာ ပေးနိုးပေးစဉ်ဖြစ်သည်။ သို့မဟုတ် ပံနှင့် သင်္ဂမ္မကို တွဲလျက် ငါ သင်္ဂမ္မ၊ ငါ၏ထံမှောက် ကပ်ရောက်ကြလျက်ဟု ပြန်သည်က ပို၍အဓိပ္ပာယ် ပေါ်လွင်စေသည်။ ပြည့်နိဿယ အချို့နေရာ၌ ပုဒ်တွဲပြန်ထားသည်မှာ အဓိပ္ပာယ်ပေါ်လွင်လှသည်။ ဥပမာ.........ဥပိတံ တုလပိက္ကံ ဝိယ၊ ထားသော တင်လဲခဲ့ကဲ့သို့ ဟူ၍လည်းကောင်း။ ကုမ္ဘိယာ တက္ကုလသဒိသော ဒန္တော၊ အိုး၌ထားသော ဆန်နှင့်တူသောသွားတို့ကို ဟူ၍လည်းကောင်း။ ဃဋေ ပက္ခိတ္တဃတသဒိသံ၊ အိုး၌သွင်းထားသော ထောပတ်နှင့်တူသော ဟူ၍လည်းကောင်း။ မုခတော နိက္ခန္တံ၊ ခံတွင်းမှထွက်သော ဟူ၍လည်းကောင်း ပုဒ်တွဲပြန်ထားလေသည်၊ ဝိသေသန ဝိသေသျပုဒ်များကို ပုဒ်တွဲပြန်သည်က အဓိပ္ပာယ်ပို၍ ပေါ်လွင်စေသည်။

ပါဠိစာပေနှင့် မြန်မာစာပေများကို မကျွမ်းကျင်ကြသော ရဟန်းရှင်လူများအတွက် ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်တွဲဖက်၍ လေ့လာရာတွင် အလွယ်တကူ သိနားလည်နိုင်ကြစေရန် အဓိကရည်ရွယ်လျက် ဤနိဿယသစ်ကို ရေးပါသည်။ ရေးသားရာတွင် ရှေးရေးနည်း ရေးဟန်များကို အတိအကျ မလိုက်ပဲ အဓိပ္ပာယ်ပေါ်လွင်စေရန်ကို ရည်ရွယ်ပါသည်။ ရေးသားရာ၌ ပါဌသေသများကို ရှောင်နိုင်သမျှ ရှောင်ရှားထားပါသည်၊ အဓိပ္ပာယ် မပေါ်လွင်နိုင်လောက်မည့် နေရာများမှသာ အဓိပ္ပာယ်ပေါ်လွင်စေရန်အလို့ငှာ ထည့်၍ရေးပါသည်။ မြန်မာပြန်ဆိုရာ၌လည်း အပေါ်လွင်ဆုံး အလွယ်ကူဆုံးဖြစ်သော မြန်မာဝေါဟာရများကိုသာ အသုံးပြု၍ ပြန်ဆိုထားပါသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို လေ့လာလိုလျှင် ဤအဋ္ဌကထာ၏အဖွင့် မဟာဋီကာကိုပါ ပူးတွဲ၍ လေ့လာရပါမည်၊ ၎င်းမဟာဋီကာကို လေ့လာရာ၌ မဟာစည်ဆရာတော် ရေးသားသော ဋီကာနိဿယ ရှိနေပြီးဖြစ်၍ လွယ်လင့်တကူ လေ့လာနိုင်ပါပြီ။ ခက်ခဲသော နေရာများကို ဋီကာဆရာက ဖွင့်ပြထားပြီး ဖြစ်သောကြောင့် အလွယ်တကူ သိနိုင်ပါမည်။

ဤနိဿယသစ်ပြန်ဆိုထားသော မြန်မာစကားများနှင့် အဋ္ဌကထာပါဠိပါဌ်များကို ပါဠိဉာဏ်သက်ဝင်အောင် အကပ်ကပ်လေ့လာပါ၊ ဂိုးလျှင် မဟာဋီကာကိုလည်း သူ၏နိဿယနှင့် တိုက်ဆိုင်၍ ဉာဏ်သက်ဝင်အောင် အထပ်ထပ်လေ့လာ

ပါ။ ပို့ချပေးသောဆရာရှိပါက သာ၍ကောင်းပါသည်။ သို့အတွက် ကျွမ်းကျင်သောဆရာသမားထံမှာ သင်ကြားလေ့လာလျှင် အမြန်ထမြောက်နိုင်ပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်းသည် ကမ္ဘာပေါ်တွင် ပဋိပတ်အရာမှာ အလွန်ပေါ်လွင်ထင်ရှားသော ကျမ်းတစောင်တဖွဲ့ဖြစ်သည်။ သို့သော် မြန်မာပြည်တွင် ဤဝိသုဒ္ဓိမဂ်ကျမ်းကို အသင်အအံ, အပို့အချအလွန်နည်းပါးပေသည်။ ပဋိပတ်အရာတွင် ဤဝိသုဒ္ဓိမဂ်မပါလျှင် မပြီးသောကျမ်းဖြစ်ပေသည်။ ပဋိပတ်နယ်သို့ ဝင်လိုသော ပုဂ္ဂိုလ်တိုင်း တကယ်လက်စွဲပြုကြရမည့် ကျမ်းဖြစ်သည်။ ဝိသုဒ္ဓိမဂ်ကို ပြုစုတော်မူသော အရှင်မဟာ ဗုဒ္ဓဃောသမထေရ်သည်–

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ–

ဟူသော ကျမ်းဦးအစ ဒေသနာတော်အရ သီလနှင့်သက်ဆိုင်ရာ, သမာဓိနှင့်သက်ဆိုင်ရာ, ပညာနှင့်သက်ဆိုင်ရာများကို မြတ်စွာဘုရား ဟောကြားတော်မူသော နိကာယ်ငါးရပ်မှ အသီးအသီး ထုတ်ဆောင်၍ ဖွင့်ဆိုထားပေသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကို လေ့လာလျှင် နိကာယ်ငါးရပ်ကိုပါ လေ့လာပြီးဖြစ်ပေမည်။ ပုဂ္ဂိုလ်တဦးတယောက်တည်း နိကာယ်ငါးရပ် ပါဠိအဋ္ဌကထာ ဋီကာတို့ကို ပြည့်ပြည့်စုံစုံ လေ့လာနိုင်ရန်မှာ တယ်မလွယ်ကူသော အရာဖြစ်သည်။

ဤဝိသုဒ္ဓိမဂ်ကျမ်းတွင် သီလဆိုင်ရာ, သမာဓိဆိုင်ရာ, ပညာဆိုင်ရာတို့ကို နိကာယ်ငါးရပ်မှ ထုတ်ဆောင်၍ လမ်းညွှန်ပြသ ထားပေသည်။ သီလဆိုင်ရာကို အပြည့်အစုံ ကျယ်ကျယ်ပြန့်ပြန့် သိလိုပါက ဆိုင်ရာ နိကာယ်များမှ အလွယ်တကူ ထုတ်ယူနိုင်ပေသည်။ သမာဓိနှင့် ပညာ ဆိုင်ရာများလည်း ထို့အတူပင်ဖြစ်လေသည်။ ပဋိပတ္တိ နယ်ပယ်သို့ ရောက်ရှိနေသူများနှင့် ရောက်ရှိရန် ရည်ရွယ်လျက် ရှိနေကြသော ပုဂ္ဂိုလ်တိုင်းသည် ဤဝိသုဒ္ဓိမဂ်ကျမ်းကို ကျေကျေပွန်ပွန် လေ့လာထားကြရန် သတိပေးတိုက်တွန်းရပေသည်။

မိမိက မှန်ကန်သော ပဋိပတ်ဆိုင်ရာ သီလ သမာဓိ ပညာတို့ကို ပိုင်ပိုင်နိုင်နိုင် သိထားပါမှသာလျှင် ဟောပြောညွှန်ပြသောအရာတွင် အမှန်အကန်ဖြစ်မြောက်နိုင်မည်။ သို့မဟုတ်ပါမူ မိမိ၏လမ်းညွှန်မှုကိုလိုက်နာနေကြသော တပည့်ဒကာဒကာမများ အတွက် အလွန်နစ်နာဖွယ်ရာ ဖြစ်ပါသည်။ သို့အတွက် သတိပေး အမှာစကား အထူးရေးသား၍ သိနားလည် စေလိုသည်မှာ—

ဤဝိသုဒ္ဓိမဂ်ကိုလည်းကောင်း၊ မြတ်စွာဘုရားဟောကြားတော်မူသော သတိပဋ္ဌာန်ကိုလည်းကောင်း၊ ၎င်းတို့၏ အဖွင့် အဋ္ဌကထာတို့နှင့်တကွ ဋီကာများကိုပါ မကျန်မကြွင်း အမှန် ရှင်းရှင်းလင်းလင်း သိအောင် လေ့လာ ကျက်စားနိုင်ကြပါစေဟူသော အမှာစကားပင်ဖြစ်ပါသည်။

# နိဒါနဝတ္ထုကထာ

၁။ "သီလေ ပတိဋ္ဌာယ နရော သပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋ"န္တိ။

၁။ သပညော၊ ပညာရှိသော။ နရော၊ လူသည်။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ ဝါ၊ သီလေ ပတိဋ္ဌာယ၊ သီလ၌တည်၍။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိလျက်။ နိပကော၊ ရင့်ကျက်သောပညာရှိသည်ဖြစ်၍။ စိတ္တဉ္စ၊ သမာဓိကို လည်းကောင်း။ ပညဉ္စ၊ ပညာကိုလည်းကောင်း။ ဘာဝယံ-ဘာဝယန္တော၊ ပွားစေသည်ရှိသော်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဣမံ ဇဋံ၊ ဤတဏှာ အရှုပ်အထွေးကို။ ဝိဇဋယေ၊ ဖြေရှင်းနိုင်ပေ၏။ ဣတိ၊ ဤသည်လျှင် သံယုတ္တနိကာယ်ပါဠိတော်ပုဒ်အပြီးတည်း။

ဣတိ၊ ဤသို့လျှင်။ ဣဒံ၊ ဤသုတ်ပုဒ်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောကြားတော်မူအပ်ပေ၏။ ကသ္မာ၊ အဘယ်ကြောင့်။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ဧတံ၊ ဤသုတ်ပုဒ်ကို။ ဝုတ္တံ ပန၊ ဟောကြားတော်မူအပ်ပါသနည်း။ ကိရ၊ တဆင့်စကား ကြားရဖူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ဝိဟရန္တံ၊ သီတင်းသုံးနေတော်မူသော။ ဝါ၊ သီတင်းသုံးနေတော်မူစဉ်။ ဘဂဝန္တံ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို။ ရတ္တိဘာဂေ၊ သန်းခေါင်ယံအချိန်၌။ အညတရော၊ အမျိုးအမည်အားဖြင့် မထင်ရှားသော။ ဒေဝပုတ္တော၊ နတ်သားသည်။ ဝါ၊ အညတရော ဒေဝပုတ္တော၊ တဦးသောနတ်သားသည်။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်ပြီးလျှင်။ အတ္တနော၊ မိမိ၏။ သံသယသမုဂ္ဃါဋနတ္ထံ၊ ယုံမှားကို ပယ်ဖျောက်ရန်အလို့ငှာ။ဝါ၊ အတ္တနော သံသယသမုဂ္ဃါဋနတ္ထံ၊ မိမိ၏ ယုံမှားကို ပယ်ဖျောက်ရန် အလို့ငှာ—

"ဂေါတမ၊ အရှင်ဂေါတမ။ ယာ တဏှာ၊ အကြင်တဏှာသည်။ အန္တော-ဇဋာ၊ အတွင်း၌ ဖွဲ့ယှက်တတ်၏။ ဗဟိဇဋာ၊ အပ၌ ဖွဲ့ယှက်တတ်၏။ တာယ ဇဋာယ၊ ထိုအတွင်းအပ ဖွဲ့ယှက်တတ်သော တဏှာသည်။ ပဇာ၊ သတ္တဝါအပေါင်းကို။ ယသ္မာ၊ အကြင်ကြောင့်။ ဇဋိတာ၊ ဖြေးရစ်အပ်၏။ တံ...တသ္မာ၊ထိုသို့ ဖြေးရစ်တတ်သောကြောင့်။ တံ၊ အရှင်ဂေါတမကို။

အပ၊ အကျွန်ုပ်သည်။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ ဣမံ ဇဋံ၊ ဤ တဏှာ အရှုပ်အထွေးကို။ ကော၊ အဘယ်သူသည်။ ဝိဇဋယေ၊ ဖြေရှင်းနိုင်ပါသနည်း။” ဣတိ၊ ဤသို့—

ဣမံ ပဉှံ။ ဤပြဿနာကို။ ပုဋ္ဌော၊ မေးလျှောက်ခဲ့လေ၏။ တဿ ပဉှဿ၊ ထိုပြဿနာ၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သင်္ခေပတ္ထော၊ အကျဉ်းချုပ်အနက်တည်း။ ဇဋာတိ ဣတိ၊ ဇဋာဟူသော ဤအမည်သည်။ ဇာလိနိယာ၊ ကွန်ရက်များစွာရှိသော။ တဏှာယ၊ တဏှာ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဟိ၊ ထင်ရှားစေအံ့။ သာ၊ ထိုတဏှာသည်။ ရူပါဒီသု အာရမ္မဏေသု၊ အဆင်းအစရှိသော အာရုံခြောက်ပါးတို့၌။ ဟေဋ္ဌုပရိယာဝသေန၊ အောက်၌ဖြစ်ချည် အထက်၌ဖြစ်ချည် အလိုအားဖြင့်။ ပုနပ္ပုနံ ဥပ္ပဇ္ဇနတော၊ အဖန်ဖန် ဖြစ်ပေါ်ခြင်းကြောင့်။ သံသိဗ္ဗနဋ္ဌေန၊ ချုပ်စပ်ခြင်း သဘောအားဖြင့်။ ဝေဠုဂုမ္ဗာဒီနံ၊ ဝါးရုံစသည်တို့၏။ သာခါဇာလသင်္ခါတာ၊ အခက်အလက် ကွန်ရက်ဟုဆိုအပ်သော။ ဇဋာ ဝိယ၊ အရှုပ်အထွေးနှင့် တူ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဇဋာ၊ ဇဋ မည်၏။ ပန၊ ဆက်အံ့။ သာ–သော တဏှာ၊ ထိုတဏှာဟူသော ဤအရှုပ်အထွေးသည်။ သကပရိက္ခာရပရပရိက္ခာရေသု စ၊ မိမိအသုံးအဆောင်, သူတပါးတို့၏ အသုံးအဆောင်တို့၌လည်းကောင်း။ သကအတ္တဘာဝပရအတ္တဘာဝေသု စ၊ မိမိ၏အတ္တဘော, သူတပါးတို့၏ အတ္တဘောတို့၌လည်းကောင်း။ အဇ္ဈတ္တိကာယတန ဗာဟိရာယတနေသု စ၊ အတွင်း အာယတန အပြင်အာယတနတို့၌လည်းကောင်း။ ဥပ္ပဇ္ဇနတော၊ ဖြစ်တတ်သောကြောင့်။ အန္တောဇဋာ ဗဟိဇဋာတိ၊ အန္တောဇဋာ, ဗဟိဇဋာ ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ ဧဝံ ဥပ္ပဇ္ဇမာနာယ၊ ဤဆိုခဲ့သည့်အတိုင်း ဖြစ်နေသော။ တာယ ဇဋာယ၊ ထိုတဏှာ အရှုပ်အထွေးသည်။ ပဇာ၊ သတ္တဝါအပေါင်းကို။ ဇဋိတာ၊ ရှုပ်ထွေးစေအပ်၏။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ဝေဠုဂုမ္ဗဇဋာဒီဟိ၊ ဝါးရုံ၏ အရှုပ်အထွေးစသည်တို့သည်။ ဝေဠုအာဒယော၊ ဝါးပင် စသည်တို့ကို။ ဇဋိတာ ယထာ၊ ရှုပ်ထွေးစေကုန် သကဲ့သို့ပင်။ ဧဝံ၊ ဤအတူ။ တာယ တဏှာဇဋာယ၊ ထိုတဏှာအရှုပ်အထွေးသည်။ သတ္တနိကာယသင်္ခါတာ၊ သတ္တဝါအပေါင်းဟုဆိုအပ်သော။ သဗ္ဗာပိ အယံ ပဇာ၊ ဤသတ္တဝါအပေါင်းကိုလည်း။ ဇဋိတာ၊ ရှုပ်ထွေးစေအပ်၏။ ဝိနဒ္ဓါ၊ မြှေးယှက်အပ်၏။ သံသိဗ္ဗိတာ၊ ချုပ်စပ်အပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ယသ္မာ စ၊ အကြင်ကြောင့်ကား။ ဧဝံ၊ ဤသို့သော နည်းအရာအားဖြင့်။ ဇဋိတာ၊ ရှုပ်ထွေးစေအပ်၏။ တံ တံ ဂေါတမ ပုစ္ဆာမိတိ၊ တံ တံ ဂေါတမ ပုစ္ဆာမိ ဟူသည်ကား။ တသ္မာ၊ ထိုဆိုခဲ့သည့်အတိုင်း ရှုပ်ထွေးစေသောကြောင့်။ တံ၊ အရှင်ဘုရားကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ ဂေါတမာတိ ဣမိနာ၊ ဂေါတမ

ဟူသော ဤပုဒ်ဖြင့်။ ဘဂဝန္တံ၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားကို။ ဂေါ-တ္တေန၊ ဂေါတမအနွယ်ဖြင့်။ အာလပတိ၊ ခေါ်၏။ ကော လ္လမံ ဝိဇင္ဃယေ ဇင္ဃန္တိ၊ ကော လ္လမံ ဝိဇင္ဃယေ ဇင္ဃံဟူသည်ကား။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တေဓာတုကံ၊ ဓာတ်သုံးပါးကို။ ဇင္ဃေတွာ ၌တံ၊ ရှုပ်ထွေးစေလျက် တည်သော။ လ္လမံ ဇင္ဃံ၊ ဤအရှုပ်အထွေးကို။ ကော၊ အဘယ်သူသည်။ ဝိဇင္ဃေတုံ၊ ဖြေရှင်းခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်ပါသနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။

ဧဝံ ပုဋ္ဌော၊ ဤသို့ မေးလျှောက်လတ်သော်။ အဿ၊ ထိုနတ်သားအား။ သဗ္ဗဓမ္မေသု၊ အလုံးစုံသောတရားတို့၌။ အပ္ပဋိဟတဉာဏစာရော၊ အပိတ်အပင် အဆီးအတားမရှိ ဉာဏ်သွားတော်မူသော။ ဒေဝဒေဝေါ၊ နတ်တို့၏ ကိုးကွယ်ရာ နတ်မြတ်ဖြစ်တော်မူသော။ သက္ကာနံ အတိသက္ကော၊ သိကြားတို့ထက် လွန်ကဲသော သိကြားမင်းကြီးဖြစ်တော်မူသော။ ဗြဟ္မာနံ အတိဗြဟ္မာ၊ ဗြဟ္မာတို့ထက် လွန်ကဲသော ဗြဟ္မာမင်းကြီး ဖြစ်တော်မူသော။ စတုဝေသာရဇ္ဇဝိသာရဒေါ၊ လေးပါးသော ဝေသာရဇ္ဇဉာဏ်တော်တို့ဖြင့် ရဲရင့်တော်မူသော။ ဒသဗလဓရော၊ ဉာဏ်တော်အား ဆယ်ပါးကို ဆောင်တော်မူသော။ အနာဝရဏဉာဏော၊ အပိတ်အပင်ကင်းသော ဉာဏ်တော်နှင့် ပြည့်စုံတော်မူသော။ သမန္တစက္ခု၊ ထက်ဝန်းကျင် မြင်နိုင်သည့် သဗ္ဗညုတဉာဏ်မျက်စိ ရှိတော်မူသော။ ဘဂဝါ၊ ဘုန်းတော်ကြီးမား မြတ်စွာဘုရားသည်။ တမတ္ထံ၊ ထိုမေးလျှောက်သည့်အနက်ကို။ ဝိဿဇ္ဇေန္တော၊ ဖြေကြားတော်မူလိုသည်ဖြစ်၍—

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော လ္လမံ ဝိဇင္ဃယေ ဇင္ဃန္တိ— လ္လမံ ဂါထံ၊
သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော လ္လမံ ဝိဇင္ဃယေ ဇင္ဃံ-ဟူသော ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။ (အနက်ပေးပြီး)

၂။ ဒါနိ၊ ယခုအခါ၌။ မဟေသိနာ၊ မြတ်စွာဘုရားသည်။ ကထိတာယ၊ ဟောတော်မူအပ်ခဲ့သော။ လ္လမိဿာ ဂါထာယ၊ ဤဂါထာ၏။ သီလာဒိ-ဘေဒနံ၊ သီလစသည် အပြားရှိသော။ ယထာဘူတံ အတ္ထံ၊ မဖောက် မပြန် မှန်ကန်သော အနက်ကို။ ဝဏ္ဏယန္တော၊ ဖွင့်ပြလျက်။

ဇိနသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ သုဒုလ္လဘံ၊ အလွန်ရခဲသော။ ပဗ္ဗဇ္ဇံ လဘိတွာန၊ ရဟန်းအဖြစ်ကို ရပြီး၍။ သီလာဒိ-သင်္ဂဟံ၊ သီလစသည်တို့ဖြင့် ရေတွက်အပ်သော။ ခေမံ၊ ဘေးကင်းသော။ ဥဇုံ၊ ဖြောင့်မတ်သော။ ဝိသုဒ္ဓိယာ၊ နိဗ္ဗာန်၏။ မဂ္ဂံ၊ လမ်းကို။ ဝါ၊ ရောက်ကြောင်း အကျင့်လမ်းစဉ်ကို။

# ဝိသုဒ္ဓိမဂ် နိဿယသစ်

ယယောဂသူပံ အဇ္ဈာနုမန္တော၊ ပယုတ်ဟိုင်းမှုန်စွာ မသိကြကုန်သော။ ယေ ယောဂိနော၊ အကြင်ယောဂီတို့သည်။ ဣမ၊ ဤသာသနာတော်၌။ သုဒ္ဓိကာမာပိ၊ စင်ကြယ်သောနိဗ္ဗာန်ကို အလိုရှိပါကုန် လျက်လည်း။ ဝါယမန္တာပိ၊ အားထုတ် ပါကုန်သော်လည်း။ ဝိသုဒ္ဓိံ၊ စင်ကြယ်သော နိဗ္ဗာန်ကို။ န အဓိဂစ္ဆန္တိ၊ မရနိုင်ကြကုန်။

တေသံ ယောဂီနံ၊ ထိုသို့သော ယောဂီတို့အား။ ပါမောဇ္ဇ ကရဏံ၊ နှစ်သိမ့် ဝမ်းမြောက်ခြင်းကို ပြုနိုင်သော။ ဝါ၊ နှစ်သိမ့် ဝမ်းမြောက် ခြင်းကို ဖြစ်စေနိုင်သော။ သု ဝိသုဒ္ဓဝိနိစ္ဆယံ၊ ကောင်းစွာစင်ကြယ်သည့် အဆုံးအဖြတ်တို့နှင့် ပြည့်စုံသော။ မဟာဝိဟာရဝါသီနံ၊ မဟာဝိဟာရ-ဝါသီ မထေရ်မြတ်တို့၏။ ဒေသနာနယနိဿိတံ၊ ဟောနည်း ပြောနည်း ရေးသားနည်းကို မှီသော။

ဝိသုဒ္ဓိမဂ္ဂံ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းစဉ်ကို။ ဘာသိဿံ၊ ဆိုပေအံ့။ ဝိသုဒ္ဓိကာမာ၊ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကုန် သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တုမှေ သာဓဝေါ၊ သင်သူတော်ကောင်းတို့သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဘာသတော– ဘာသန္တဿ၊ ဆိုလတ္တံ့သော။ မေ၊ ငါ၏။ တံ ဝိသုဒ္ဓိမဂ္ဂံ၊ ထိုဝိသုဒ္ဓိမဂ် ကို။ နိသာမယထ၊ နာယူမှတ်သားကြပါကုန်လော။

၃။ တတ္ထ၊ ထိုဝန်ခံခဲ့သည့် ဝိသုဒ္ဓိမဂ္ဂ ဘာသိဿံဟူသော စကားရပ်တွင်။ ဝိသုဒ္ဓီတိ ဣမိနာ၊ ဝိသုဒ္ဓိဟူသော ဤအမည်ဖြင့်။ သဗ္ဗမလ ဝိရဟိတံ၊ အလုံး စုံသော အညစ်အကြေးမှကင်းသော။ အစ္စန္တ ပရိသုဒ္ဓံ၊ စင်စစ် ထက်ဝန်းကျင် စင်ကြယ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တဿာ ဝိသုဒ္ဓိယာ၊ ထိုစင်ကြယ်သော နိဗ္ဗာန်၏။ ဝါ၊ ထိုစင်ကြယ်သော နိဗ္ဗာန်ကို။ မဂ္ဂေါ၊ ရခြင်း၏အကြောင်းတည်း။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ဝိသုဒ္ဓိမဂ္ဂမည်၏။ အဓိဂမူပါယော၊ ရခြင်းအကြောင်းကို။ မဂ္ဂေါတိ၊ မဂ္ဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တံ ဝိသုဒ္ဓိမဂ္ဂံ၊ ထိုစင်ကြယ်သောနိဗ္ဗာန်၏ ရခြင်း အကြောင်းကို။ ဘာသိဿာမိ၊ ဆိုပေအံ့။ ဣတိ အတ္ထော၊ ဤကားအနက် ပေတည်း။

ပန၊ ဆက်အံ့။ အယံ ဝိသုဒ္ဓိမဂ္ဂေါ၊ ဤစင်ကြယ်သောနိဗ္ဗာန်၏ ရခြင်း အကြောင်းကို။ ကတ္ထစိ၊ အချို့သောသုတ်၌။ ဝိပဿနာမတ္တဝသေန၊ ဝိပဿနာမျှ၏ အစွမ်းအားဖြင့်သာလျှင်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။

ဒေသိတော၊ ဟောတော်မူခဲ့ပေ၏။ ယထာဟ၊ မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟောတော်မူခဲ့သနည်းဟူမူကား–(ယထာဟ တွေ့တိုင်း ဤအတိုင်း အနက်ပေး)

"သဗ္ဗေ သင်္ခါရာ၊ အလုံးစုံသော သင်္ခါရတို့သည်။ အနိစ္စာ၊ မမြဲကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာပညာဖြင့်။ ပဿတိ၊ မြင်၏။ အထ၊ ထိုအခါ၌။ ဒုက္ခေ၊ ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သေ· သော၊ ဤငြီးငွေ့ခြင်းသည်။ ဝိသုဒ္ဓိယာ၊ စင်ကြယ်သောနိဗ္ဗာန်၏။ မဂ္ဂေါ၊ ရောက်ကြောင်းအကျင့် လမ်းစဉ်ပေတည်း။" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ကတ္ထစိ၊ အချို့သောသုတ်တို့၌။ ဉာဏပညာဝသေန၊ ဉာဏ်နှင့်ပညာတို့၏ အစွမ်းအားဖြင့်။ ဒေသိတော၊ ဟောတော်မူခဲ့ပေ၏။ ယထာဟ၊ မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟောတော်မူခဲ့သနည်းဟူမူကား—

"ယမှိ၊ အကြင်ပုဂ္ဂိုလ်၌။ ဉာဏဉ္စ၊ ရှုမှုဉာဏ်သည်လည်းကောင်း။ ပညာ စ၊ သိမှုပညာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သ-သော၊ ထိုပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်။ နိဗ္ဗာနသန္တိကေ၊ နိဗ္ဗာန်နှင့်နီး၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။"

ကတ္ထစိ၊ အချို့သောသုတ်တို့၌။ ကမ္မာဒိဝသေန၊ ကံစသည်တို့၏ အစွမ်းအားဖြင့်။ ဒေသိတော၊ ဟောတော်မူခဲ့ပေ၏။ ယထာဟ၊ မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟောတော်မူခဲ့သနည်းဟူမူကား–

၃။ "ကမ္မဉ္စ၊ မဂ်စေတနာဟူသောကံလည်းကောင်း။ ဝိဇ္ဇာ စ၊ သမ္မာဒိဋ္ဌိဟူသော ဝိဇ္ဇာလည်းကောင်း။ ဓမ္မော စ၊ သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ ဟူသော အရိယမဂ်တရားလည်းကောင်း။ သီလဉ္စ၊ သမ္မာဝါစာ, သမ္မာကမ္မန္တ ဟူသော သီလလည်းကောင်း။ ဥတ္တမံ၊ မြတ်သော။ ဇီဝိတဉ္စ၊ သမ္မာအာဇီဝ ဟူသောအသက်မွေးခြင်းလည်းကောင်း။ ဧတေန၊ ဤတရားအပေါင်းဖြင့်။ မစ္စာ၊ သတ္တဝါတို့သည်။ သုဇ္ဈန္တိ၊ စင်ကြယ်ကုန်၏။ ဂေါတ္တေန ဝါ၊ အမျိုးအနွယ်ဖြင့်သော်လည်းကောင်း။ ဓနေန ဝါ၊ ဥစ္စာဖြင့်သော်လည်းကောင်း။ န သုဇ္ဈန္တိ၊ မစင်ကြယ်ကုန်။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ကဉ္စိ၊ အချို့သောသုတ်ဘို၌။ သီလာဒိဝသေန၊ သီလစသည်တို့၏ အစွမ်းအားဖြင့်။ ဒေသိတော၊ ဟောတော်မူခဲ့ပေ၏။ ယထာဟ၊ မြတ်စွာဘုရား အဘယ်ကဲ့သို့ ဟောတော်မူခဲ့သနည်း ဟူမူကား–

"သမ္ပန္နာ၊ အခါခပ်သိမ်း။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ ကနည်း၊ သမ္ပန္န သီလသမ္ပန္နော၊ အခါခပ်သိမ်း သီလနှင့် ပြည့်စုံသည် ဖြစ်၍။ ပညဝါ၊ လောကီ လောကုတ္တရာ ပညာနှင့် ပြည့်စုံသော။ သုသမာဟိတော၊ ကောင်းစွာတည်ကြည်သော။ ပဟိတတ္တော၊ စိတ်ကို နိဗ္ဗာန်သို့ စေလွှတ်ထားလျက်။ အာရဒ္ဓဝီရိယော၊ ပြင်းစွာအားထုတ်သည့်လုံ့လရှိသော။ ဘိက္ခု၊ ရဟန်းသည်။ (ထည့်)။ ဒုတ္တရံ၊ ကူးမြောက်နိုင်ခဲသော။ ဩဃံ၊ ရေအလျဉ်ကို။ တရတိ၊ ကူးမြောက်နိုင်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ကတ္ထစိ၊ အချို့သောသုတ်တို့၌။ သတိပဋ္ဌာနာဒိဝသေန၊ သတိပဋ္ဌာန် စသည်တို့၏ အစွမ်းအားဖြင့်။ ဒေသိတော၊ ဟောတော်မူခဲ့ပေ၏။ ယထာဟ၊ မြတ်စွာဘုရားအဘယ်ကဲ့သို့ ဟောတော်မူခဲ့သနည်းဟူမူကား–

"ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ-ယေ ဣမေ စတ္တာရော သတိပဋ္ဌာနာ၊ အကြင်သတိပဋ္ဌာန်လေးပါးတို့သည်။ သန္တိ၊ ရှိကုန်၏။ အယံ မဂ္ဂေါ၊ ဤသတိပဋ္ဌာန်လမ်းသည်။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓိယာ၊ စင်ကြယ်ရန်အလို့ငှာ။ သောကပရိဒေဝါနံ၊ စိုးရိမ်ပူဆွေးရခြင်း ငိုကြွေးရခြင်းတို့ကို။ သမတိက္ကမာယ၊ လွန်မြောက်ခြင်းငှာ။ ဒုက္ခဒေါမနဿာနံ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့၏။ အတ္ထင်္ဂမာယ၊ ချုပ်ငြိမ်းကွယ်ပျောက်ခြင်းငှာ။ ဉာယဿ အဓိဂမာယ၊ အရိယာမဂ်ကိုရခြင်းငှာ။ နိဗ္ဗာနဿ၊ နိဗ္ဗာန်ကို။ သစ္ဆိကိရိယာယ၊ မျက်မှောက်ပြုရန်အလို့ငှာ။ ဧကာယနော၊ တကြောင်းတည်းသောလမ်းပေတည်း"။ ဣတိ။ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ကတ္ထစိ၊ အချို့သောသုတ်တို့၌။ သမ္မပ္ပဓာနာဒိသုပိ၊ သမ္မပ္ပဓာန် စသည်တို့၌လည်း။ ဧသေဝနယော၊ ဤနည်းအတူပင်တည်း။ ဣမသ္မိံ ဗျာကရဏေ၊ ဤပြဿနာ၏ အဖြေ၌ကား။ သီလာဒိဝသေန၊ သီလစသည်တို့၏ အစွမ်းအားဖြင့်။ ဒေသိတော၊ ဟောတော်မူခဲ့ပေ၏။

၄။ တတြ၊ ထိုအဖြေဂါထာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သင်္ခေပ-ဝဏ္ဏနာ၊ အကျဉ်းချုပ် အဖွင့် ပေတည်း။ သီလေ ပတိဋ္ဌာယာတိ၊ သီလေ ပတိဋ္ဌာယဟူသည်ကား။ သီလေ ဌတွာ၊ သီလ၌တည်၍။ စ၊ ဆက်အံ့။ တွေ၊ ဤအရာ၌။ သီလံ၊ သီလကို။ ပရိပူရယမာနောယေဝ၊ ဖြည့်ကျင့်ဆဲပုဂ္ဂိုလ်ကိုသာလျှင်။ သီလေ ဌိတောတိ၊ သီလ၌တည်

သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထိုကြောင့်။ သီလပရိ-ပူရဏေန၊ သီလကိုဖြည့်ကျင့်သောအားဖြင့်။ သီလေ ပတိဋ္ဌဟေ-တွာပိ၊ သီလ၌တည်သည်ဟူသော။ အယံ အတ္တော၊ ဤအနက်ကို။ ဧတ္ထ၊ ဤအရာ၌။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ နရောတိ၊ နရောဟူသည်ကား။ သတ္တော၊ သတ္တဝါတည်း။ သပညောတိ၊ သပညော ဟူသည်ကား။ ကမ္မဇ တိဟေတုက ပဋိသန္ဓိ ပညာယ၊ တိဟိတ်ပဋိ-သန္ဓေနှင့်ယှဉ်သော ကံကြောင့်ဖြစ်သော ပညာဖြင့်။ ပညဝါ၊ ပညာ ရှိသော။ စိတ္တံ ပညဉ္စ ဘာဝယန္တိ၊ စိတ္တံ ပညဉ္စ ဘာဝယံ ဟူသည်ကား။ သမာဓိဉ္စေဝ၊ သမာဓိကိုလည်းကောင်း။ ဝိပဿနဉ္စ၊ ဝိပဿနာကို လည်းကောင်း။ ဘာဝယမာနော၊ ပွားစေသော်။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤဂါထာ၌။ စိတ္တသီသေန၊ စိတ်ကို ပဓာနပြု၍။ သမာဓိ၊ သမာဓိကို။ နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်၏။ ပညာနာမေန စ၊ ပညာဟူသောအမည်ဖြင့်လည်း။ ဝိပဿနာ၊ ဝိပဿနာကို။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ အာတာပီတိ၊ အာတာပီဟူသည်ကား။ ဝီရိယဝါ၊ ဝီရိယရှိလျက်။ ဟိ၊ မှန်၏။ ကိလေသာနံ၊ ကိလေသာတို့ကို။ အာတာပန ပရိတာပနဋ္ဌေန၊ ရှေးရှုပူစေတတ်, ထက်ဝန်းကျင် ပူစေတတ်သောကြောင့်။ ဝီရိယံ၊ ဝီရိယကို။ အာတာပေါတိ၊ အာတာပဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ အဿ နရဿ၊ ထိုပုဂ္ဂိုလ်အား။ တံ၊ ထိုအာတာပမည်သော လုံ့လသည်။ အတ္ထိ၊ ရှိ၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ သော နရော၊ ထိုပုဂ္ဂိုလ်သည်။ အာတာပီ၊ ပူပန်စေမှုရှိသူမည်၏။ နိပကောတိ ဧတ္ထ၊ နိပကောဟူသော ဤစကားရပ်၌။ ပညာ၊ ပညာကို။ နေပက္ကံ၊ နေပက္ကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တာယ၊ ထိုရင့်ကျက်သော ပညာနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဣတိ အယံ၊ ဤသည်ကား။ အတ္တော၊ အနက်တည်း။ ဣမိနာ ပဒေန၊ ဤပုဒ်ဖြင့်။ ပါရိ-ဟာရိကပညံ၊ ပါရိဟာရိက ပညာကို။ ဒဿေတိ၊ ပြ၏။ ဟိ၊ မှန်၏။ ဣမဿ္မိံ ဗျာကရဏေ၊ အမေးပြဿနာ၏ အဖြေဖြစ်သော ဤဂါထာ၌။ ပညာ၊ ပညာ သည်။ တိက္ခတ္တုံ၊ သုံးကြိမ်တိုင်တိုင်။ အာဂတာ၊ လာ၏။ ဝါ၊ ပါဝင်လျက်ရှိ၏။ တတ္ထ၊ ထိုသုံးကြိမ်တွင်၊ ပဌမာ၊ ပထမအကြိမ်ပညာသည်၊ ဇာတိ ပညာ၊ ပဋိသန္ဓေ ပညာတည်း။ ဒုတိယာ၊ ဒုတိယအကြိမ်ပညာသည်။ ဝိပဿနာပညာ၊ ဝိပဿနာ-ပညာတည်း။ တတိယာ၊ တတိယအကြိမ်ပညာသည်။ သဗ္ဗကိစ္စ ပရိဏာယိကာ၊ အလုံးစုံသောကိစ္စတို့ကိုပိုင်းခြားဆုံးဖြတ်၍ ဆောင်ရွက်တတ်သော။ ပါရိဟာရိက-ပညာ၊ ပါရိဟာရိကပညာတည်း။ သံသာရေ၊ သံသရာ၌။ ဘယံ၊ ကြောက်မက်ဖွယ်ဘေးကို။ ဣက္ခတိ၊ ရှုတတ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဘိက္ခု၊ ဘိက္ခု မည်၏။ သော ဣမံ ဝိဇဋယေ ဇဋန္တိ၊ သော ဣမံ ဝိဇဋယေ ဇဋံ ဟူသည်ကား။ ဣမိနာ စ သီလေန၊ ဤပြဆိုခဲ့သော သီလနှင့်လည်းကောင်း။ စိတ္တသီသေန၊ စိတ်ကို ပဓာနပြုသဖြင့်။ ဣမိနာ စ နိဒ္ဒိဋ္ဌ သမာဓိနာ၊ ညွှန်ပြထားသော ဤ

သမာဓိနှင့်လည်းကောင်း။ တနည်း။ စ္စမိနာ စိတ္တသီသေန နိဒ္ဒိဋ္ဌ သမာဓိနာ စ၊ စိတ်ကို ပမာနပြု၍ ညွှန်ပြထားသော သမာဓိနှင့်လည်းကောင်း။ စ္စမာယ တိဝိဓာယ ပညာယ စ၊ သုံးပါးအပြားရှိသော ဤပညာနှင့်လည်းကောင်း။ စ္စမိနာ အာတာပေန စ၊ ဤပူပန်စေမှု လုံ့လဝီရိယနှင့်လည်းကောင်း။ စ္စတိ၊ ဤသို့။ ဆယိ ဓမ္မေဟိ၊ ခြောက်ပါးသောတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သေယျထာပိ နာမ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ ပထဝိယံ၊ မြေပြင်၌။ ပတိဋ္ဌာယ၊ ကြံ့ကြံ့ရပ်တည်၍။ သု နိသိတံ၊ ကောင်းစွာသွေးထားသော။ သတ္ထံ၊ ဓားလက်နက်ကို။ ဥက္ခိပိတွာ၊ ချီမြှောက်၍။ မဟန္တံ ဝေဠုဂုမ္ဗံ၊ ကြီးစွာသော ဝါးရုံကို၊ ဝိဇဋေယျ ယထာ၊ ခုတ်ဖြတ် ဖြေရှင်းရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်။ သီလ ပထဝိယံ၊ သီလ တည်းဟူသော မြေပြင်၌။ (၄) ပတိဋ္ဌာယ၊ ရပ်တည်၍။ သမာဓိသိလာယံ၊ သမာဓိတည်းဟူသော ကျောက်၌။ သုနိသိတံ၊ ကောင်းစွာသွေးထားသော။ ဝိပဿနာပညာသတ္ထံ၊ ဝိပဿနာပညာတည်းဟူသော ဓားလက်နက်ကို။ ဝီရိယ-ဗလပဂ္ဂဟိကေန၊ ဝီရိယတည်းဟူသော ခွန်အားသည် ထောက်ပံ့အားပေးအပ်သော။ ပါရိဟာရိက ဟတ္ထေန၊ ပါရိဟာရိကဟူသော လက်ဖြင့်။ ဥက္ခိပိတွာ၊ ချီမြှောက်၍။ အတ္တနော သန္တာနေ ပတိတံ၊ မိမိရုပ်နာမ် အစဉ်သန္တာန်၌ ကျရောက်လျက်ရှိသော။ တံ သဗ္ဗမ္ပိ တဏှာ ဇဋံ၊ အလုံးစုံသော ထိုတဏှာ အရှုပ်အထွေးကို။ ဝိဇဋေယျ၊ ဖြေရှင်းနိုင်ရာ၏။ သဉ္ဆိန္ဒေယျ၊ အကြွင်းမဲ့ပိုင်းဖြတ်နိုင်ရာ၏။ သမ္ပဒါလေယျ၊ ခွဲစိတ်နိုင်ရာ၏။ ပန၊ ဆက်အံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ တံ ဇဋံ၊ ထိုတဏှာ အရှုပ်အထွေးကို၊ ဝိဇဋေတိ နာမ၊ ဖြေရှင်းသမည်၏။ ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ ဝိဇဋိတဇဋော၊ တဏှာ အရှုပ်အထွေးကို ဖြေရှင်းပြီးသည်ဖြစ်၍။ သဒေဝ-ကဿ လောကဿ၊ နတ်နှင့်တကွသော တလောကလုံး၏။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်သော ရဟန္တာ အရှင်မြတ်ကြီးသည်။ ဟောတိ၊ ဖြစ်သွားပေ၏။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်—

> "သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
> အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋန္တိ။
>
> သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
> အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ ဟူ၍။

အာဟ၊ ဟောတော်မူ၏။ (အနက် ပေးခဲ့ပြီ)

၅။ တတြ၊ ထိုဂါထာ၌။ အယံ၊ ဤယောဂီကို။ ယာယ ပညာယ၊ အကြင်ပညာဖြင့်။ သပညောတိ၊ ပညာရှိဟူ၍။ ဝုတ္တော၊ ဆိုခဲ့ပြီ။ တတြ၊ ထိုပညာ၌။ အဿ၊ ထိုယောဂီအား။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိပေ။

ဟိ၊ အကြောင်းသော်ကား။ အဿ၊ ထိုယောဂီအား။ သာ ပညာ၊ ထိုပညာသည်။ ပုရိမကမ္မာနုဘာဝေန စ၊ ရှေးကံ၏ အစွမ်းဖြင့် ပင်လျှင်။ သဒ္ဒါ၊ ပြီးစီးပြည့်စုံပြီး ဖြစ်လေပြီ။ တသ္မာ၊ ထိုကြောင့်။ ကရဏီယံ၊ ပြုဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ (ပြန်စပ်) ပန၊ အမှန် အား ဖြင့် သော် ကား။ အာတာပီ နိပကောတိ ဧတ္ထ၊ အာတာပီ နိပကောဟူသော ဤပုဒ်၌။ ဝုတ္တဝိရိယဝသေန၊ ဟောထားသော လုံ့လ ဝီရိယ အလိုအားဖြင့်။ ကေန၊ ထိုယောဂီသည်။ သာတစ္စကာရိနာ၊ မပြတ် ပြုလေ့ ရှိလျက်။ ပညာဝသေန၊ ပညာအလိုအားဖြင့်။ သမ္ပဇာနကာရိနာ ဟုတွာ၊ ကောင်းစွာသိလျက် ပြုလေ့ရှိသည်ဖြစ်၍။ သီလေ ပတိဋ္ဌာယ၊ သီလ၌တည်၍။ စိတ္တပညာဝသေန၊ စိတ်နှင့် ပညာတို့အလိုအားဖြင့်။ ဝုတ္တာ၊ ဟောထားအပ်ကုန်သော။ သမထဝိပဿနာ၊ သမထနှင့် ဝိပဿနာတို့ကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တတြ၊ ထိုဂါထာ၌။ သီလ သမာဓိ ပညာ မုခေန၊ သီလသမာဓိပညာတို့ကို ပမာနပြုသော အားဖြင့်။ ဣမံ ဝိသုဒ္ဓိမဂ္ဂံ၊ ဤဝိသုဒ္ဓိမဂ်ကို။ ဒဿေတိ၊ ပြတော်မူ၏။

ဧတ္တာဝတာ၊ ဤမျှသောဒေသနာဖြင့်။ တိဿော သိက္ခာ စ၊ သိက္ခာ သုံးပါးတို့ကိုလည်းကောင်း။ တိဝိဓကလျာဏဋ္ဌ၊ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော သာသနာကိုလည်းကောင်း။ တေဝိဇ္ဇတာဒီနံ၊ တေဝိဇ္ဇရဟန္တာအဖြစ်စသည်တို့၏။ ဥပနိဿယော စ၊ ဥပနိဿယကိုလည်းကောင်း။ အန္တဒွယဝဇ္ဇနမဇ္ဈိမပဋိပတ္တိသေဝနာနိ စ၊ အစွန်းနှစ်ပါးကို ကြဉ်၍ အလယ်အလတ် အကျင့်ကို မှီဝဲခြင်းတို့ကို လည်းကောင်း။ အပါယာဒိ သမတိက္ကမနုပါယော စ၊ အပါယ် စသည်တို့ကို လွန်မြောက်ခြင်း၏ အကြောင်းကိုလည်းကောင်း။ တီဟာ-ကာရေဟိ၊ သုံးပါးသော အခြင်းအရာတို့ဖြင့်။ ကိလေသပ္ပဟာနဥ္စ၊ ကိလေသာကို ပယ်ခြင်းကို လည်းကောင်း။ ဝီတိက္ကမာဒီနံ၊ လွန်ကျူးခြင်း စသည်တို့၏။ ပဋိပက္ခော စ၊ ဆန့်ကျင်ဘက်ကိုလည်းကောင်း။ သံကိလေသတ္တယ ဝိသောဓနံ၊ သံကိလေသသုံးပါးတို့ကို သုတ်သင်ခြင်းကို လည်းကောင်း။ သောတာပန္နာဒိ-ဘာဝဿ၊ သောတာပန်စသည်ဖြစ်ခြင်း၏။ ကာရဏဥ္စ၊ အကြောင်းကို လည်းကောင်း။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

ကထံ ပကာသိတံ၊ အဘယ်သို့ ထင်ရှားပြအပ်သနည်းဟူမူကား။ ဟိ၊ ချဲ့အံ့။ ဧတ္ထ၊ ဤသီလသမာဓိပညာသုံးပါးတို့တွင်။ သီလေန၊ သီလဖြင့်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာကို။ ပကာသိတာ၊

ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ ပညာဖြင့်။ အဓိပညာ-
သိက္ခာ၊ အဓိပညာသိက္ခာကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊
ဖြစ်၏။

စ၊ တိုမှတပါး။ သီလေန၊ သီလဖြင့်။ သာသနဿ၊ သာသနာတော်၏။
အာဒိကလျာဏတာ၊ အစ၌ကောင်းခြင်းရှိသည်၏အဖြစ်ကို။ ပကာသိတာ၊ ထင်
ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊မှန်၏။ ကုသလာနံ မွောနံ၊ ကုသိုလ်
တရားတို့၏။ အာဒိ၊ အစကား။ ကော၊ အဘယ်နည်း။ သုဝိသုဒ္ဓံ၊ ကောင်းစွာ
စင်ကြယ်သော။ သီလဉ္စ၊ သီလသည်လည်း။ အာဒိ၊ အစဖြစ်၏။ ဣတိ ၊ဤသို့။
ဝစနတော စ၊ ဟောတော်မူသောကြောင့်လည်းကောင်း။ "သဗ္ဗပါပဿ၊ အလုံး
စုံသော မကောင်းမှုကို။ အကရဏံ၊ မပြုရခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။
သာသနံ၊ အဆုံးအမတော်တည်း။ ဣတိ အာဒိဝစနတော စ၊ ဤသို့စသည်ကို
ဟောတော်မူသောကြောင့်လည်းကောင်း။ သီလံ၊ သီလသည်။ သာသနဿ၊
သာသနာတော်၏။ အာဒိ၊ အစဖြစ်၏။ တဉ္စ၊ ထိုသီလသည်လည်း။ ကလျာဏံ၊
ကောင်းပေ၏။ ကသ္မာ၊ အဘယ်ကြောင့် ကောင်းပါသနည်း ဟူမူကား။ အဝိပ္ပဋိ-
သာရာဒိဂုဏာဝဟတ္တာ၊ စိတ်နှလုံး၏ ကြည်သာရွှင်လန်းခြင်း အစရှိသော ဂုဏ်
ကျေးဇူးတို့ကို ဆောင်တတ်သောကြောင့်။ ကလျာဏံ၊ ကောင်းပေ၏။(ပြန်စပ်)။
သမာဓိနာ၊ သမာဓိဖြင့်။ မဇ္ဈေကလျာဏတာ၊ အလယ်၌ ကောင်းခြင်းရှိသည်၏
အဖြစ်ကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။
"ကုသလဿ၊ ကုသိုလ်ကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်
တို့၏၊ သာသနံ၊ အဆုံးအမတော်တည်း၊ ဣတိ အာဒိဝစနတော၊ ဤသို့စသည်ကို
ဟောတော်မူသောကြောင့်။ သမာဓိ၊ သမာဓိသည်။ သာသနဿ၊ သာသနာ
တော်၏။ မဇ္ဈေ၊ အလယ်ဖြစ်ပေ၏။ သော စ၊ ထိုသမာဓိသည်လည်း။ ကလျာ-
ဏော၊ ကောင်း၏။ ကသ္မာ၊အဘယ်ကြောင့် ကောင်းပါသနည်းဟူမူကား။ ဣဒ္ဓိ-
ဝိဓာဒိဂုဏာဝဟတ္တာ၊ တန်ခိုးဖန်ဆင်းနိုင်ခြင်း စသောဂုဏ်ကျေးဇူးတို့ကို ဆောင်
တတ်သောကြောင့်။ ကလျာဏော၊ ကောင်း၏။ (ဤဝါကျမျိုး၌ ပါတ်ကို
အတွင်းသွင်း၍လည်း ပေးနိုင်၏။ ဥပမာ-"ကုသလဿ၊ ကုသိုလ်ကို။ ဥပသမ္ပ-
ဒါ၊ ပြည့်စုံစေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်
တည်း"။ ဣတိ အာဒိဝစနတော၊ ဤသို့စသည်ကို ဟောတော်မူသောကြောင့်။
သမာဓိ၊ သမာဓိသည်။ သာသနဿ၊ သာသနာတော်၏။ မဇ္ဈေ၊ အလယ်ဖြစ်
ပေ၏။ သော စ၊ ထိုသမာဓိသည်လည်း။ ဣဒ္ဓိဝိဓာဒိဂုဏာဝဟတ္တာ၊ တန်ခိုး
ဖန်ဆင်းနိုင်ခြင်းစသော ဂုဏ်ကျေးဇူးတို့ကို ဆောင်တတ်သောကြောင့်။ ကလျာ-
ဏော၊ ကောင်း၏။ နောက်၌ နည်းကူပေးလိုက ပေးပါ။) ပညာယ၊ ပညာဖြင့်။
သာသနဿ၊ သာသနာတော်၏။ ပရိယောသာနကလျာဏတာ၊ အဆုံး၌

ကောင်းခြင်းရှိသည်၏အဖြစ်ကို။ ပကာသိတာ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ "သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ဖြူစင်စေခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်တည်း။" ဣတိ၊ ဤသို့။ ဝစနတော၊ ဟောတော်မူသောကြောင့်လည်းကောင်း။

၅။ ပညုတ္တရတော စ၊ ပညာလျှင် အလွန်အကဲဆုံး အမြတ်ဆုံးဖြစ်သောကြောင့်လည်းကောင်း။ ပညာ၊ ပညာသည်။ သာသနဿ၊ သာသနာတော်၏။ ပရိယောသာနံ၊ အဆုံးဖြစ်ပေ၏။ သာ စ၊ ထိုပညာသည်လည်း။ ဣဋ္ဌာနိဋ္ဌေသု၊ အကောင်းအဆိုးတို့၌။ တာဒိဘာဝါဝဟနတော၊ အလားတူ ရှုနိုင်သည်၏အဖြစ် တာဒိဂုဏ်ကို ဆောင်တတ်သောကြောင့်။ ကလျာဏံ၊ ကောင်းပေ၏။

"ကေဿနော၊ တခဲနက်သော။ ဝါ၊ တလုံးတခဲတည်းဖြစ်သော။ သေလော၊ ကျောက်တောင်သည်။ ဝါတေန၊ အရပ်လေးမျက်နှာမှ လာသောလေကြောင့်။ န သမီရတိ ယထာ။ မတုန်လှုပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နိန္ဒာပသံသာသု၊ ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့်။ န သမိဉ္ဇန္တိ၊ မတုန်လှုပ်ကုန်။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

တထာ၊ ထိုမှတပါး၊ သီလေန၊ သီလဖြင့်။ တေဝိဇ္ဇာဘာဝ၊ တေဝိဇ္ဇာရဟန္တာ ဖြစ်ခြင်း၏။ ဥပနိဿယော၊ ဥပနိဿယကို။ ပကာသိတော၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ သီလသမ္ပတ္တိံ နိဿာယ၊ သီလပြည့်စုံခြင်းကို မှီ၍။ တိဿော ဝိဇ္ဇာ၊ သုံးပါးသောဝိဇ္ဇာတို့သို့။ ပါပုဏာတိ၊ ရောက်၏။ တတော ပရံ၊ ထိုထက်အလွန်။ န ပါပုဏာတိ၊ မရောက်နိုင်။ သမာဓိနာ၊ သမာဓိဖြင့်။ ဆဠဘိညတာယ၊ ခြောက်ပါးသော အဘိညာဏ်ဖြစ်ခြင်း၏။ ဥပနိဿယော၊ ဥပနိဿယကို။ ပကာသိတော၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ သမာဓိသမ္ပဒံ နိဿာယ၊ သမာဓိပြည့်စုံခြင်းကို မှီ၍။ ဆအဘိညာ၊ ခြောက်ပါးသော အဘိညာဏ်တို့သို့။ ပါပုဏာတိ၊ ရောက်၏။ တတော ပရံ၊ ထိုထက်အလွန်။ န ပါပုဏာတိ၊ မရောက်နိုင်။ ပညာယ၊ ပညာဖြင့်။ ပဋိသမ္ဘိဒပဘေဒဿ၊ ပဋိသမ္ဘိဒါဉာဏ်အထူး၏။ ဥပနိဿယော၊ ဥပနိဿယကို။ ပကာသိတော၊ ထင်ရှား ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ ပညာသမ္ပတ္တိံ နိဿာယ၊ ပညာ၏ ပြည့်စုံခြင်းကို မှီ၍။ စတဿော ပဋိသမ္ဘိဒါ၊ လေးပါးသော ပဋိသမ္ဘိဒါတို့သို့။ ပါပုဏာတိ၊ ရောက်၏။ အညေန ကာရဏေန။ တပါးသော အကြောင်းကြောင့်။ န ပါပုဏာတိ၊ မရောက်နိုင်။

စ၊ ထိုမှတပါး။ သီလေန၊ သီလဖြင့်။ ကာမသုခလ္လိကာနုယောဂသင်္ခါတဿ၊ ကာမချမ်းသာခံစားမှုကို အားထုတ်ခြင်းဟုဆိုအပ်သော။ အန္တဿ၊ အဖို့အစွန်း အယုတ်တရားကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ အတ္တကိလမထာနုယောဂသင်္ခါတဿ၊ မိမိကိုယ်ကိုပင်ပန်းစေမှုကို အားထုတ်ခြင်းဟုဆိုအပ်သော။ အန္တဿ၊ အဖို့အစွန်း အယုတ်တရားကို။ ဝဇ္ဇနံ၊ ကြဉ်ခြင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပညာယ၊ ပညာဖြင့်။ မဇ္ဈိမာယ ပဋိပတ္တိယာ၊ အလယ်အလတ် အကျင့် မဇ္ဈိမပဋိပတ်ကို။ သေဝနံ၊ မှီဝဲခြင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

တထာ၊ ထိုမှတပါး။ သီလေန၊ သီလဖြင့်။ အပါယသမတိက္ကမနုပါယော၊ အပါယ်ဘဝကို လွန်မြောက်ခြင်း၏ အကြောင်းကို။ ပကာသိတော၊ ထင်ရှား ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ ကာမဓာတုသမတိက္ကမနုပါယော၊ ကာမဓာတ်ကို လွန်မြောက်ခြင်း၏အကြောင်းကို။ ပညာယ၊ ပညာဖြင့်။ သဗ္ဗဘဝသမတိက္ကမနုပါယော၊ အလုံးစုံသောဘဝကို လွန်မြောက်ခြင်း၏ အကြောင်းကို။ ပကာသိတော၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

စ၊ ထိုမှတပါး။ သီလေန၊ သီလဖြင့်။ တဒင်္ဂပ္ပဟာနဝသေန၊ တဒင်္ဂပဟာန် အလိုအားဖြင့်။ ကိလေသပ္ပဟာနံ၊ ကိလေသာကို ပယ်ခြင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ ဝိက္ခမ္ဘနပဟာန-ဝသေန၊ ဝိက္ခမ္ဘနပဟာန် အလိုအားဖြင့်။ ပညာယ၊ ပညာဖြင့်။ သမုစ္ဆေဒပ္ပဟာနဝ-သေန၊ သမုစ္ဆေဒပဟာန်အလိုအားဖြင့်။ ကိလေသပ္ပဟာနံ၊ ကိလေသာကို ပယ်ခြင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။(နောက်လိုက်ပါ)

တထာ၊ ထိုမှတပါး။ သီလေန၊ သီလဖြင့်။ ကိလေသာနံ၊ ကိလေသာတို့၏။ ဝီတိက္ကမပဋိပက္ခော၊ လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက်ကို။ ပကာသိတော၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ ပရိယုဋ္ဌာန ပဋိပက္ခော၊ ပရိယုဋ္ဌာန်ကိလေသာတို့၏ ဆန့်ကျင်ဘက်ကို။ ပညာယ၊ ပညာဖြင့်။ အနုသယ ပဋိပက္ခော၊ အနုသယကိလေသာတို့၏ ဆန့်ကျင်ဘက်ကို။ ပကာ-သိတော၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

စ၊ထိုမှတပါး။ သီလေန၊သီလဖြင့်။ ဒုစ္စရိတသံကိလေသ ဝိသောဓနံ၊ ဒုစရိုက်-သံကိလေသကို သုတ်သင်ခြင်းကို။ ပကာသိတံ ထင်ရှားပြအပ်သည်၊ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ တဏှာသံကိလေသဝိသောဓနံ၊ တဏှာသံ-

ကိလေသကို သုတ်သင်ခြင်းကို။ ပညာယ၊ ပညာဖြင့်။ ဒိဋ္ဌိသံကိလေသဝိသောဓနံ၊ ဒိဋ္ဌိသံကိလေသကို သုတ်သင်ခြင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

တထာ၊ ထို့ပြင်။ သီလေန၊ သီလဖြင့်။ သောတာပန္နသကဒါဂါမိဘာဝဿ-ကာရဏံ၊ သောတာပန် သကဒါဂါမ် ဖြစ်ခြင်း၏ အကြောင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ သမာဓိနာ၊ သမာဓိဖြင့်။ အနာဂါမိ-ဘာဝဿ၊ အနာဂါမ်အဖြစ်၏။ ပညာယ၊ ပညာဖြင့်။ အရဟတ္တဿ၊ ရဟန္တာဖြစ်ခြင်း၏။ ကာရဏံ၊ အကြောင်းကို။ ပကာသိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ သောတာပန္နော၊ သောတာပန်ကိုလည်းကောင်း။ တထာ၊ ထိုအတူ။ သကဒါဂါမီ၊ သကဒါဂါမ်ကိုလည်းကောင်း။ "သီလေသု ပရိပူရကာရီ"-တိ၊ သီလတို့၌ အပြည့်အစုံ ဖြည့်ကျင့်သောသူဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။

ဇ။ အနာဂါမီ ပန၊ အနာဂါမ်ကိုကား။ "သမာဓိသ္မိံ ပရိပူရကာရီ"တိ၊ သမာဓိ၌ အပြည့်အစုံ ဖြည့်ကျင့်သောသူဟူ၍။ ဝုတ္တော၊ ဆိုအပ်၏။ အရဟာ ပန၊ ရဟန္တာကိုကား။ "ပညာယ ပရိပူရကာရီ"တိ၊ ပညာ၌ အပြည့်အစုံ ဖြည့်ကျင့်သောသူဟူ၍။ ဝုတ္တော၊ ဟောတော်မူ၏။

ဧဝံ၊ ဤပြဆိုခဲ့သည့်အတိုင်း။ ဧတ္တာဝတာ၊ ဤမျှသော ဒေသနာဖြင့်။ တိဿော သိက္ခာ၊ သိက္ခာသုံးပါးတို့လည်းကောင်း။ တိဝိဓကလျာဏံ၊ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော။ သာသနံ၊ သာသနာတော်လည်းကောင်း။ တေ-ဝိဇ္ဇတာဒီနံ ဥပနိဿယော စ၊ တေဝိဇ္ဇရဟန္တာအဖြစ် စသည်တို့၏ ဥပနိဿယလည်းကောင်း။ အန္တဒွယဝဇ္ဇနမဇ္ဈိမပဋိပတ္တိသေဝနာနိ စ၊ အစွန်းနှစ်ပါးကိုကြဉ်၍ အလယ်အလတ်အကျင့်ကို မှီဝဲခြင်းတို့လည်းကောင်း။ အပါယာဒိသမတိက္ကမ-နုပါယော၊ အပါယ်စသည်တို့ကို လွန်မြောက်ခြင်း၏အကြောင်းလည်းကောင်း။ တီဟာကာရေဟိ ကိလေသပ္ပဟာနဉ္စ၊ သုံးပါးသောအခြင်းအရာတို့ဖြင့် ကိလေ-သာကိုပယ်ခြင်းလည်းကောင်း။ ဝီတိက္ကမာဒီနံ ပဋိပက္ခော၊ ဝီတိက္ကမစသည်တို့၏ ဆန့်ကျင်ဘက်လည်းကောင်း။ သံကိလေသတ္တယဝိသောဓနဉ္စ၊ သံကိလေသသုံးပါးကို သုတ်သင်ခြင်းလည်းကောင်း။ သောတာပန္နာဒိဘာဝဿ စ၊ သောတာပန် စသည်ဖြစ်ခြင်း၏။ ကာရဏဉ္စ၊ အကြောင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ နဝ ဂုဏတ္တိကာ စ၊ ဤကိုးပါးသော ဂုဏ်ဟိတ်တို့ကိုလည်းကောင်း။ ဧဝံ-ရူပါ၊ ဤသို့သဘော ရှိကုန်သော။ အညေ စ ဂုဏတ္တိကာ၊ တပါးသော ဂုဏ်ဟိတ်တို့ကိုလည်းကောင်း။ တနည်း၊ အညေ စ ဧဝရူပါ ဂုဏတ္တိကာ၊ ထိုမှတပါးသော အလားတူ ဂုဏ်ဟိတ်တို့ကိုလည်းကောင်း။ ပကာသိတာ၊ ထင်ရှား ပြအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသည်လျှင် နိဒါန်းစသည်ကို ပြဆိုချက်ပြီး၏။

ဝိသုဒ္ဓိမဂ် ၂—ပ-မ-သ-စ

# သီလနိဒ္ဒေသ

## သီလကို အကျယ်ပြချက်

### သီလသရူပါဒိကထာ–သီလ၏သရုပ် စသည်ကိုပြချက်

၆။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အနေကဂုဏသင်္ဂါဟကေန၊ များစွာသော ဂုဏ်ကျေးဇူးတို့ကို သိမ်းယူနိုင်သော။ သီလသမာဓိပညာမုခေန၊ သီလ သမာဓိ ပညာတို့ကို အမှူးထားလျက်။ သေ–သော ဝိသုဒ္ဓိမဂ္ဂေ၊ ဤဝိသုဒ္ဓိမဂ်ကို။ အပိ ဒေသိတော။ အကယ်၍ကား ဟောတော်မူအပ်၏။ ပန၊ ထိုသို့ဟောငြား သော်လည်း။ အတိသင်္ခေပဒေသိတောဧဝ၊ အလွန်ကျဉ်းစွာ ဟောအပ်သည် သာလျှင်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သဗ္ဗေသံ၊ အလုံးစုံသောသူတို့အား။ ဥပကာရာယ၊ ကျေးဇူးပြုခြင်းငှာ။ နအလံ၊ မစွမ်းနိုင်သေး။ ဣတိ၊ ထို့ကြောင့်။ အဿ၊ ထိုဝိသုဒ္ဓိမဂ်၏။ ဝိတ္ထာရံ၊ အကျယ် ဝိတ္ထာရကို။ ဒဿေတုံ၊ ပြရန်အလို့ငှာ။ တာဝ၊ သမာဓိပညာတို့မှ ရှေးဦးစွာ။ သီလံ၊ သီလကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဣဒံ ပဉှာကမ္မံ၊ ဤအောက်ပါ ပြဿနာသည်။ ဟောတိ၊ ဖြစ်၏။

သီလံ၊ သီလဟူသည်။ ကိံ၊ အဘယ်နည်း။ ကေနဋ္ဌေန၊ အဘယ်အနက် သဘောကြောင့်။ သီလံ၊ သီလမည်သနည်း။ အဿ၊ ထိုသီလ၏။ လက္ခဏရသ-ပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ၊ လက္ခဏာ ရသပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား။ ကာနိ၊ အဘယ်သည်တို့နည်း။ သီလံ–သီလဿ၊ သီလ၏။ အာနိသံသံ၊ အကျိုးကား။ ကိံ၊ အဘယ်နည်း။ ဧတံ သီလံ၊ ဤသီလသည်။ ကတိဝိဓံ၊ အဘယ်မျှ အပြား ရှိသနည်း။ အဿ၊ ထိုသီလ၏။ သံကိလေသော၊ ညစ်ညူးကြောင်းကား။ ကော၊ အဘယ်နည်း။ အဿ၊ ထိုသီလ၏ (လိုက်) ဝေါဒါနံ၊ ဖြူစင်ကြောင်းကား။ ကိံ၊ အဘယ်နည်း။ ဣတိ–ဣဒံ ပဉှာကမ္မံ၊ ဤဖော်ပြပါ ပြဿနာသည်။ ဟောတိ၊ ဖြစ်၏။ (ပြန်စပ်)

တတြ ပဉှာကမ္မေ၊ ထိုဖော်ပြပါပြဿနာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဝိဿဇ္ဇနံ၊ အဖြေတည်း။ ကိံ သီလန္တိ ဧတ္ထ ပဉှာကမ္မေ၊ ကိံ သီလံ ဟူသော ဤပြဿနာ၌။ အတ္ထော၊ အနက်အဓိပ္ပာယ်ကို။ ဧဝံ၊ ဤဆိုလတ္တံ့အတိုင်း။ ဝေဒိတဗ္ဗော၊ သိထိုက်၏။ ပါဏာတိပါတာဒီဟိ၊ သတ္တဝါကိုသတ်ခြင်း စသည် တို့မှ။ ဝိရမန္တဿ ဝါ၊ ကြဉ်ရှောင်သောသူ၏လည်းကောင်း။ ဝတ္တပဋိပတ္တိံ၊ကျင့် ဝတ်ပဋိပတ်ကို။ ပူရေန္တဿ ဝါ၊ ဖြည့်ကျင့်သောသူ၏လည်းကောင်း။ စေတနာ-ဒယော ဓမ္မာ၊ စေတနာအစရှိသော တရားတို့သည်။ သီလံ နာမ၊ သီလမည်၏။ ဟိ၊ မှန်၏။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌–

"ကိံ သီလန္တိ ဧတ္ထ၊ သီလဟူသည် အဘယ်နည်းဟူရာ၌။ စေတနာ၊ စေတနာသည်။ သီလံ၊ သီလမည်၏။ စေတသိကံ၊ စေတသိက်သည်။ သီလံ၊ သီလမည်၏။ သံဝရော၊ ပိတ်ဆို့စောင့်စည်းခြင်းသည်၊ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။"

ဣတိ၊ ဤသို့။ တော၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တတ္ထ၊ ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ စေတနာ သီလံ နာမ၊ စေတနာ သီလမည်သည်ကား။ ပါဏာတိပါတာဒီဟိ၊ သတ္တဝါကိုသတ်ခြင်း စသည်တို့မှ။ ဝိရမန္တဿ ဝါ၊ ကြဉ်ရှောင်သောသူ၏လည်းကောင်း။ ဝတ္တပဋိပတ္တိံ၊ ဥပဇ္ဈာယ်ဝတ် အစရှိသော ကျင့်ဝတ်ပဋိပတ်ကို။ ပူရေန္တဿ ဝါ၊ ပြည့်ကျင့်သော သူ၏လည်းကောင်း။ စေတနာ၊ ကုသိုလ်စေတနာပေတည်း။ စေတသိကံ သီလံ နာမ၊ စေတသိက် သီလမည်သည်ကား။ ပါဏာတိပါတာဒီဟိ၊ သတ္တဝါကို သတ်ခြင်းစသည်တို့မှ။ ဝိရမန္တဿ၊ ကြဉ်ရှောင်သောသူ၏။ ဝိရတိ၊ ကြဉ်ရှောင်မှု ဝိရတိစေတသိက် ပေတည်း။ အပိ စ၊ တနည်းအားဖြင့်။ စေတနာ သီလံ နာမ၊ စေတနာသီလမည်သည်ကား။ ပါဏာတိပါတာဒီနိ၊ သတ္တဝါကို သတ်ခြင်း စသည့်တို့ကို။ ပဇဟန္တဿ၊ ပယ်စွန့်သောသူ၏။ သတ္တကမ္မပထစေတနာ၊ ခုနစ်ပါးသော ကုသိုလ်ကမ္မပထ စေတနာတို့ပေတည်း။ စေတသိကံ သီလံ နာမ၊ စေတသိက် သီလမည်သည်ကား၊ အဘိဇ္ဈံ၊ သူတပါး၏ စည်းစိမ်ကို ရလိုသမှု ရှေးရှုကြံခြင်း ဟူသော အဘိဇ္ဈာကို။ ပဟာယ၊ ပယ်၍။ ဝိဂတာဘိဇ္ဈေန စေတသာ၊ အဘိဇ္ဈာ ကင်းသောစိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ဣတိ–အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ဝုတ္တာ၊ ဟောထားအပ်ကုန်သော။ အနဘိဇ္ဈာဗျာပါဒ သမ္မာဒိဋ္ဌိဓမ္မာ၊ အနဘိဇ္ဈာ အဗျာပါဒ သမ္မာဒိဋ္ဌိ တရားတို့ပေတည်း။ သံဝရော သီလန္တိ ဧတ္ထ၊ ပိတ်ဆို့စောင့်စည်းခြင်းသည် သီလမည်၏ဟူရာ၌။ ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရလည်းကောင်း။ သတိသံဝရော၊ သတိသံဝရလည်းကောင်း၊ ဉာဏသံဝရော၊ ဉာဏသံဝရလည်းကောင်း။ ခန္တိသံဝရော၊ ခန္တိသံဝရလည်းကောင်း။ ဝီရိယသံဝရော၊ ဝီရိယသံဝရလည်းကောင်း။ ဣတိ၊ ဤသို့ (ထည့်)။ သံဝရော၊ ပိတ်ဆို့စောင့်စည်းခြင်းကို။ ပဉ္စဝိဓေန၊ ငါးပါးအပြားအားဖြင့်။ ဝေဒိတဗ္ဗော၊ သိထိုက်၏။ တတ္ထ၊ ထို....တွင်။ ဣမိနာ ပါတိမောက္ခသံဝရေန၊ ဤပါတိမောက္ခသံဝရနှင့်။ ဥပေတော ဟောတိ၊ ပြည့်စုံ၏။ သမုပေတော ဟောတိ၊ ကောင်းစွာ ပြည့်စုံ၏။ ဣတိ၊ ဤသို့။ အာဂတော၊ လာသော။ အယံ၊ ဤစောင့်စည်းမှုသည်။ ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရမည်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်စည်း၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်စည်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ အာဂတော၊ လာသော။ အယံ၊ ဤစောင့်စည်းမှုသည်။ သတိသံဝရော၊ သတိသံဝရမည်၏။

"အဇ္ဈတ၊ အဇ္ဈတရသေ့။ လောကသ္မိံ၊ လောက၌။ ယာနိ သောတာနိ၊ အကြင်ကိလေသာရေအလျဉ်တို့သည်။ သန္တိ၊ ရှိကုန်၏။ သတိ၊ အမှတ်ရမှုသတိတရားသည်။ တေသံ၊ ထိုကိလေသာရေအလျဉ်တို့ကို။ နိဝါရဏံ၊ တားမြစ်သောတရားပေတည်း။ တနည်း။ တေသံ၊ ထိုကိလေသာ ရေအလျဉ်တို့ကို။ နိဝါရဏံ၊ တားမြစ်တတ်သောတရားကား။ သတိ၊ အမှတ်ရမှုသတိတရားပင်တည်း။ သောတာနံ၊ ကိလေသာရေအလျဉ်တို့ကို။ သံဝရံ၊ ပိတ်ဆို့ရာကို။ ဗြူမိ၊ ငါပြောပြမည်။ ဧတေ၊ ထိုကိလေသာ ရေအလျဉ်တို့ကို။ ပညာယ၊ ပညာဖြင့်။ ပိဓိယျရေ၊ ပိတ်ဆို့ရာ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူ၏။

အယံ၊ ဤစောင့်စည်းမှုသည်၊ ဉာဏသံဝရော၊ ဉာဏသံဝရပေတည်း။ ပစ္စယသေဝနမ္ပိ၊ ပစ္စည်းတို့ကို မှီဝဲရာ၌ ဆင်ခြင်မှုသည်လည်း။ ဧတ္ထေဝ၊ ဤဉာဏသံဝရ၌ပင်။ သမောဓာနံ ဂစ္ဆတိ၊ ပေါင်းခြင်းသို့ရောက်၏။ တနည်း၊ သမောဓာနံ ဂစ္ဆတိ၊ ပေါင်းယူရ၏။ သီတဿ၊ အအေးကို။ ဥဏှဿ၊ အပူကို။ ခမော ဟောတိ၊ သည်းခံတတ်၏။ ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ယော-အယံ သံဝရော၊ အကြင် စောင့်စည်းခြင်းသည်။ အာဂတော၊ လာ၏။ အယံ သံဝရော၊ ဤစောင့်စည်းမှုသည်။ ခန္တိသံဝရော နာမ၊ ခန္တိသံဝရမည်၏။ "ဥပ္ပန္နံ၊ ဖြစ်ပေါ်လာသော။ ကာမဝိတက္ကံ၊ ကာမအကြံအစည်ကို။ နာဓိဝါသေတိ၊ လက်မခံ။ ဣတိအာဒိနာနယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ယော အယံ သံဝရော၊ အကြင်စောင့်စည်းခြင်းသည်။ အာဂတော၊ လာ၏။ အယံ၊ ဤစောင့်စည်းမှုသည်။ ဝီရိယသံဝရော နာမ၊ ဝီရိယသံဝရမည်၏။ အာဇီဝပါရိသုဒ္ဓိပိ၊ အသက်မွေးမှု၏ စင်ကြယ်ခြင်းသည်လည်း။ ဧတ္ထေဝ၊ ဤဝီရိယသံဝရ၌ပင်။ သမောဓာနံ၊ ပေါင်းခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ-ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ ပဉ္စဝိဓော၊ ငါးပါး အပြားရှိသော။ အယံ သံဝရော၊ ဤသံဝရသည်လည်းကောင်း။ ပါပဘီရုကာနံ၊ မကောင်းမှုမှ ကြောက်တတ်ကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့၏။ သမ္ပတ္တာဝတ္ထုတော၊ တွေ့ကြုံရသော ဒုစရိုက်ဝတ္ထုမှ။ ယာ ဝိရတိ စ၊ အကြင်ဝိရတိသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗမ္ပိ၊ ဤအလုံးစုံကိုလည်း။ သံဝရသီလန္တိ၊ သံဝရသီလဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အဝီတိက္ကမော သီလန္တိ၊ အဝီတိက္ကမော သီလံဟူသည်ကား။ သမာဒိန္နသီလဿ၊ သီလဆောက်တည်ထားသောသူ၏။ ကာယိကဝါစသိကော၊ ကိုယ်နှုတ်၌ဖြစ်သော။ အနတိက္ကမော၊ မလွန်ကျူးခြင်းတည်း။ တနည်း၊ ကာယိကဝါစသိကော အနတိက္ကမော၊ ကိုယ်၌ဖြစ်သော မလွန်ကျူးခြင်း နှုတ်၌ဖြစ်သော မလွန်ကျူးခြင်း

ပင်တည်း။ ဣဒံ၊ ဤဆိုခဲ့သော စကားစုသည်။ တာဝ၊ ရှေးဦးစွာ။ ကိံ သီလန္တိ ပဉှာ၊ သီလဟူသည် အဘယ်နည်းဟူသောပြဿနာ၏။ ဝိဿဇ္ဇနံ၊ အဖြေပေတည်း။

၄။ အဝသေသေသု၊ ကြွင်းသောမေးခွန်းခြောက်ခုတို့တွင်။ ကေနဋ္ဌေန သီလန္တိ ဧတ္ထ၊ သီလဟူသည် အဘယ်အနက်သဘောရှိသနည်းဟူသောမေးခွန်း၌။ သီလနဋ္ဌေန၊ သီလနအနက်သဘောကြောင့်။ သီလံ၊ သီလမည်၏။ ဣဒံ သီလနံ နာမ၊ ဤသီလနအနက်မည်သည်။ ကိံ၊ အဘယ်နည်း။ သမာဓာနံ ဝါ၊ ကောင်းစွာထားခြင်းသည်လည်းကောင်း။ ကာယကမ္မာဒီနံ၊ ကိုယ်အမှု နှုတ်အမှုတို့ကို။ သုသီလျဝသေန၊ ကောင်းသောသီလရှိသူဖြစ်ကြောင်း အလိုအားဖြင့်။ အဝိပ္ပကိဏ္ဏတာ၊ ဖရိုဖရဲ မကြဲစေခြင်းတည်း။ ဝါ၊ ပရမ်းပတာ မဖြစ်စေခြင်းတည်း။ ဣတိ၊ ဤကား။ အတ္ထော၊ ဆိုလိုရင်းအနက်တည်း။ ဥပဓာရဏံ ဝါ၊ လွန်စွာဆောင်ခြင်းသည်မူလည်း။ သီလနံ နာမ၊ သီလနမည်၏။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ပတိဋ္ဌာနဘာဝေန၊ အရင်းခံ တည်ရာအလိုအားဖြင့်။ အာဓာရဘာဝေါ၊ တည်ရာ၏အဖြစ်တည်း။ ဧတဒေဝ အတ္ထဒွယံ၊ ဤအနက်နှစ်ပါးကိုသာလျှင်။ ဧတ္ထ၊ ဤအရာ၌။ သဒ္ဒလက္ခဏဝိဒူ၊ သဒ္ဒလက္ခဏာကို တတ်သိသော ပညာရှိတို့သည်။ အနုဇာနန္တိ၊ ခွင့်ပြုကုန်၏။ အညေ ပန၊ အခြားတပါးသောဆရာတို့သည်ကား။ သိရဋ္ဌော၊ ဦးခေါင်းဟူသောအနက်သည်။ သီလတ္ထော၊ သီလ၏အနက်။ သီတလဋ္ဌော၊ အေးမြခြင်းအနက်သည်။ သီလတ္ထော၊ သီလ၏အနက်။ ဣတိ ဧဝမာဒိနာပိ နယေန၊ ဤသို့အစရှိသောနည်းဖြင့်လည်း။ ဧတ္ထ၊ ဤအရာ၌။ အတ္ထံ၊ ဆိုလိုရင်း အနက်ကို။ ဝဏ္ဏယန္တိ၊ ဖွင့်ပြကုန်သေး၏။

၈။ ဣဒါနိ၊ ယခုအခါ၌။ ကာနဿ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနီတိ ဧတ္ထ၊ ထိုသီလ၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကား အဘယ်တို့နည်းဟူရာ၌။ ဝိဿဇ္ဇနံ၊ အဖြေကို။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

သီလံ၊ သီလသည်။ အနေကဓာ၊ များစွာသောအပြားအားဖြင့်၊ ဘိန္နသာပိ၊ ကွဲပြားငြားသော်လည်း။ သီလနံ၊ ကောင်းစွာထားခြင်း လွန်စွာဆောင်ခြင်းသည်။တဿ၊ထိုသီလ၏။ လက္ခဏံ၊ မှတ်အပ်သောသဘော လက္ခဏာမည်၏။ ယထာ၊ ဥပမာသော်ကား။ ရူပံ၊ အဆင်းရုပ်သည်။ အနေကဓာ၊ များစွာသောအပြားအားဖြင့်။ ဘိန္နဿာပိ၊ ကွဲပြားခြား

နားသော်လည်း။ သနိဒဿနတ္တာ၊မျက်စိဖြင့်မြင်အပ်သောသဘောရှိသည်၏အဖြစ်သည်။ တဿ ရူပဿ၊ ထိုအဆင်းရုပ်၏။ လက္ခဏံ ယထာ၊ မှတ်အပ်သော သဘောလက္ခဏာဖြစ်သကဲ့သို့ပေတည်း။

ဟိ၊ ချဲ့အံ့။ နီလပီတာဒိဘေဒေန၊ အညိုအဝါအစရှိသော အပြားအားဖြင့်။ အနေကဓာ၊ များသော အပြားအားဖြင့်။ ဘိန္နဿာပိ၊ ကွဲပြားခြားနားသော်လည်း။ သနိဒဿနတံ၊ မြင်အပ်သောသဘောရှိသည်၏အဖြစ်သည်။ ရူပါယတနဿ၊ အဆင်းရုပ် ရူပါယတန၏။ လက္ခဏံ၊ မှတ်အပ်သောသဘောလက္ခဏာသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ နီလာဒိဘေဒေန၊ အညိုအစရှိသောအပြားအားဖြင့်။ ဘိန္နဿာပိ၊ များပြားစွာကွဲပြားခြားသော်လည်း။ သနိဒဿနဘာဝါနတိက္ကမနတော၊ မြင်အပ်သောသဘောရှိသည်၏အဖြစ်ကို မလွန်နိုင်သောကြောင့်တည်း။ တထာ၊ ထို့အတူ။ သီလဿ၊ သီလ၏။ ဝါ၊ သီလသည်။ စေတနာဒိဘေဒေန၊ စေတနာအစရှိသောအပြားအားဖြင့်။ အနေကဓာ ဘိန္နဿာပိ၊ များပြားစွာကွဲပြားခြားသော်လည်း။ ကာယကမ္မာဒီနံ၊ ကိုယ်အမှု နှုတ်အမှုတို့ကို။ သမာဓာနဝသေန ဝါ၊ ကောင်းစွာထားခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့၏။ ပတိဋ္ဌာနဝသေန ဝါ၊ အရင်းခံတည်ရာ၏ အစွမ်းအားဖြင့်လည်းကောင်း၊ ဝုတ္တံ၊ ပြဆိုခဲ့သော။ ယဒေတံ ယံ ဧတံ သီလနံ၊ အကြင်သီလနသည်။ ဧတ္တိ၊ ၎င်း၏။ တဒေဝ၊ ထိုသီလနသည်ပင်။ လက္ခဏံ၊ ယင်းသီလ၏ လက္ခဏာမည်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ စေတနာဒိဘေဒေန၊ စေတနာအစရှိသောအပြားအားဖြင့်။ ဘိန္နဿာပိ၊ များပြားစွာကွဲပြားခြားသော်လည်း။ သမာဓာန ပတိဋ္ဌာနဘာဝါနတိက္ကမနတော၊ ကောင်းစွာထားခြင်းနှင့်အရင်းခံတည်ရာ အဖြစ်တို့ကို မလွန်နိုင်သောကြောင့်တည်း။ (တနည်း၊ ကသ္မာ၊ အဘယ်ကြောင့်။ တဒေဝ၊ ထိုသီလပင်လျှင်။ လက္ခဏံ၊ ယင်းသီလ၏ လက္ခဏာမည်ပါသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သမာဓာနပတိဋ္ဌာနဘာဝါနတိက္ကမနတော၊ ကောင်းစွာထားခြင်းနှင့် အရင်းခံတည်ရာအဖြစ်တို့ကို မလွန်နိုင်သောကြောင့်။ တဒေဝ၊ ထိုသီလနသည်ပင်လျှင်။ လက္ခဏံ၊ ယင်းသီလ၏ လက္ခဏာမည်၏။ ဣတိ-အယံ၊ ဤသည်ကား။ ဝိဿဇ္ဇနံ၊ အဖြေတည်း။ (ဤကဲ့သို့လည်း ပေးလိုက ပေးနိုင်သည်။ ဟနည်း၊ ဟိတ်ကို ဗ တွင်းသွင်း၍လည်း ပေးကြသည်။) ပေးပုံကား- တဒေဝ၊ ထိုသီလနသည်ပင်လျှင်။ စေတနာဒိဘေဒေန၊ စေတနာအစရှိသောအပြားအားဖြင့်။ ဘိန္နဿာပိ၊ ကွဲပြားခြားသော်လည်း။ သမာဓာနပတိဋ္ဌာနဘာဝါနတိက္ကမနတော၊ ကောင်းစွာထားခြင်းနှင့် အရင်းခံ

တည်ရာအဖြစ်တို့ကို မလွန်နိုင်သောကြောင်း။ လက္ခဏံ၊ ယင်းသီလ၏လက္ခဏာ မည်၏။ ဝေ့ံ လက္ခဏာသ၊ ဤသို့သော လက္ခဏာရှိသော။ အဿ၊ ထို သီလ၏။ (ရသော နာမ ပဝုစ္စတိ-မှာစပ်)

ဒုဿီလျဝိဒ္ဓံသနတာ စ၊ သီလမရှိသူ၏ အဖြစ်ကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကိုလည်းကောင်း။ တထာ၊ ထိုမှတပါး။ အနဝဇ္ဇဂုဏော စ၊ အပြစ် ကင်းသောဂုဏ်ကိုလည်းကောင်း။ ယထာက္ကမံ၊ အစဉ်အတိုင်း။ (ထည့်) ကိစ္စသမ္ပတ္တိအတ္ထေန၊ ကိစ္စအနက် သမ္ပတ္တိအနက်အားဖြင့်။ ရသော နာမ၊ ရသမည်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်ပေ၏။

၉။ တသ္မာ၊ ထို့ကြောင့်။ ဣဒံ သီလံ နာမ၊ ဤသီလမည်သည်ကား။ ကိစ္စဋ္ဌေန၊ ကိစ္စအနက်ရှိသော။ ရသေန၊ ရသအားဖြင့်။ ဒုဿီလျ- ဝိဒ္ဓံသနရသံ၊ သီလမရှိသူအဖြစ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ သမ္ပတ္တိအတ္ထေန၊ ပြည့်စုံခြင်းအနက်ရှိသော။ ရသေန၊ ရသအားဖြင့်။ အနဝဇ္ဇရသံ၊ အပြစ် ကင်းခြင်းကိစ္စရှိ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်၏။ လက္ခဏာဒီသု၊ လက္ခဏာစသည့်တို့ကို သိရာ၌။ ကိစ္စမေဝ ပါ၊ ကိစ္စကိုသာ လျှင်ဖြစ်စေ။ သမ္ပတ္တိ ဝါ၊ ပြည့်စုံခြင်း ဂုဏ်ကိုသာလျှင် ဖြစ်စေ။ ရသောတိ၊ ရသဟူ၍။ ဝုစ္စတိ၊ ပြဆိုအပ်ပေ၏။

တယိဒံ=တံ ဣဒံ သီလံ၊ ထိုသို့သော ရသရှိသော ဤသီလသည်။ သောစေယျပစ္စုပဋ္ဌာနံ၊ စင်ကြယ်သည်၏အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ ဟိရိဩတ္တပ္ပဉ္စ ဟိရိစေဝ၊ မကောင်းမှုမှ ရှက်ခြင်းကိုလည်းကောင်း။ ဩတ္တပ္ပဉ္စ၊ မကောင်းမှုမှ ကြောက်ခြင်းကိုလည်းကောင်း။ တဿ၊ ထိုသီလ၏။ ပဒ- ဋ္ဌာနန္တိ၊ ပဒဋ္ဌာန်ဟူ၍။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဝဏ္ဏိတံ၊ ဖွင့်ဆိုအပ်၏။

(ဤဂါထာ၌ ဩတ္တပ္ပဉ္စ ဟိရိစေဝ-ဟု ဟိရိနှင့် ဩတ္တပ္ပရှေ့နောက် ပြန်နေသည်။ အနက်ပေးသည့်အခါ ဟိရိကို ရှေ့ထား၍ ပေးထားသည်)

တယိဒံ သီလံ၊ ထိုသီလသည်။ ကာယသောစေယျံ၊ ကာယဒွါရ၌ စင်ကြယ် သည်၏ အဖြစ်သည်းကောင်း။ ဝစီသောစေယျံ၊ ဝစီဒွါရ၌ စင်ကြယ်သည်၏ အဖြစ်လည်းကောင်း။ မနောသောစေယျံ၊ မနောဒွါရ၌ စင်ကြယ်သည်၏ အဖြစ်လည်းကောင်း။ ဣတိ-ဧဝံ၊ ဤသို့။ ဝုတ္တသောစေယျပစ္စုပဋ္ဌာနံ၊ ဟော တော်မူအပ်သော စင်ကြယ်သည်၏အဖြစ်လျှင် ပစ္စုပဋ္ဌာန်ရှိ၏။ သောစေယျ- ဘာဝေန၊ စင်ကြယ်သောသူ၏အဖြစ်ဖြင့်။ ပစ္စုပဋ္ဌာတိ၊ ရှုဆင်ခြင်သောသူ၏ ဉာဏ်၌ ရှေ့ရှုထင်၏။ ဝဟဏဘာဝံ ဂစ္ဆတိ၊ ယူဆအပ်သည်၏ အဖြစ်သို့ ရောက် ၏။ ပန၊ အဖို့တပါးကား။ ဟိရိဩတ္တပ္ပဉ္စ၊ မကောင်းမှုမှ ရှက်ခြင်းကြောက်ခြင်း

ကိုလည်း။ အဿ၊ထိုသီလ၏။ ပဒဋ္ဌာနန္တိ၊ပဒဋ္ဌာန်ဟူ၍။ဝိညူဟိ၊ ပညာရှိတို့သည်။ ဝဏ္ဏိတံ၊ ဖွင့်ပြအပ်၏။ အာသန္နကာရဏံ၊ နီးသောအကြောင်းတည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ပဒဋ္ဌာန်ပုဒ်၏ အနက်တည်း။ ဟိ၊ မှန်၏။ ဟိရောတ္တပ္ပေ သတိ၊ ရှက်ခြင်း ကြောက်ခြင်း ရှိလတ်သော်။ သီလံ၊ သီလသည်။ ဥပ္ပဇ္ဇတိစေဝ၊ ဖြစ်လည်းဖြစ်၏။ တိဋ္ဌတိ စ၊ တည်လည်း တည်၏။ အသတိ၊ ရှက်ကြောက်ခြင်း မရှိလတ်သော်။ နေဝ ဥပ္ပဇ္ဇတိ၊ ဖြစ်လည်းမဖြစ်။ န တိဋ္ဌတိ၊ တည်လည်းမတည်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဧဝံ၊ ဤဆိုခဲ့သည့် အတိုင်း။ သီလဿ၊ သီလ၏။ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ၊ လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

## သီလာနိသံသကထာ

၉။ ကိမာနိသံသံ သီလန္တိ ဧတ္ထ၊ သီလ၏အကျိုးကား အဘယ်နည်းဟူသော ဤမေးခွန်း၌။ အတ္ထော၊ ဆိုလိုရင်းအနက်ကို။ ဧဝံ၊ ဤဆိုလတ္တံ့အတိုင်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သီလံ၊ သီလသည်။ (ထည့်) အဝိပ္ပဋိသာရာဒိအနေက- ဂုဏပဋိလာဘာနိသံသံ၊ စိတ်နှလုံး ကြည်သာရွှင်လန်းခြင်းအစရှိသော များစွာ သော ဂုဏ်ကျေးဇူးကို ရခြင်းအကျိုးရှိ၏။ ဟိ၊ မှန်၏။ 'အာနန္ဒ၊ အာနန္ဒာ။ ကုသလာနိ သီလာနိ၊ အပြစ်မရှိ ကောင်းသောအကျင့်သီလတို့သည်။ အဝိပ္ပဋိ- သာရတ္ထာနိ၊ စိတ်နှလုံး၏ ကြည်သာရွှင်လန်းခြင်း အကျိုးရှိကုန်၏။ အဝိပ္ပဋိ- သာရာနိသံသာနိ၊ စိတ်နှလုံး၏ ကြည်သာရွှင်လန်းခြင်း အာနိသင်ရှိကုန်၏။" ဣတိ၊ ဤသို့။ ဧဝံ၊ ဤသီလ၏အကျိုးတရားကို။ ဘဂဝတာ၊ မြတ်စွာဘုရား သည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ အပရမ္ပိ၊ ထိုမှတပါးလည်း—

"ဂဟပတယော၊ သူကြွယ်တို့။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလပြည့်စုံခြင်း၏။ အာနိသံသာ၊ အကျိုးတို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပေတည်း-

ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း ဟူမူ။ တနည်း။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူ။ ဂဟပတယော၊ သူကြွယ်တို့။ ဣဓ၊ ဤလောက၌။သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသောသူသည်။ အပ္ပမာဒါဓိကရဏံ၊ မမေ့လျော့ခြင်း ဟူသော အကြောင်းကြောင့်။ မဟန္တံ ဘောဂက္ခန္ဓံ၊ ကြီးစွာသော စည်းစိမ်အစုကို။ အဓိဂစ္ဆတိ၊ ရတတ်၏။ အယံ၊ ဤသည်ကား။ သီလ- ဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံသောသူ ၏။ ပဌမော အာနိသံသော၊ ပဌမအကျိုးပေတည်း။ ဂဟပတယော၊

သူကြွယ်တို့၊ ပုန စပရံ၊ တဖန် တပါးသော အကျိုးကား။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့် ပြည့်စုံသောသူ၏။ ကလျာဏော ကိတ္တိသဒ္ဒေါ၊ ကောင်းသော ကျော်စောသတင်းသည်။ အဗ္ဘုဂ္ဂစ္ဆတိ၊ အနှံ့အပြား ကျော်ကြားဖြစ်ပေါ်၏။ အယံ၊ ဤသည်ကား။ သီဝလတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့် ပြည့်စုံသောသူ၏။ ဒုတိယော အာနိသံသော၊ ဒုတိယ အကျိုးပေတည်း။ ဂဟပတယော၊ သူကြွယ်တို့။ ပုန စပရံ၊ တဖန် တပါးသောအကျိုးကား။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသောသူသည်။ ယညဒေဝ ပရိသံ၊ အကြင်အကြင် ပရိသတ်သို့။ ဥပသင်္ကမတိ၊ ကပ်ငြားအံ့။ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်ငြားအံ့။ ဂဟပတိပရိသံ၊ သူကြွယ်ပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ ကပ်ငြားအံ့။ သမဏပရိသံ၊ ရဟန်းပရိသတ်သို့။ ယဒိ ဥပသင်္ကမတိ၊ အကယ်၍ကပ်ငြားအံ့။ တတ္ထ တတ္ထ၊ ထိုထိုကပ်ရောက်လေရာ ပရိသတ်၌။ ဝိသာရဒေါ၊ မကြောက်မရွံ့ ရဲရင့်လျက်။ အမင်္ကုဘူတော၊ ကြည်သာရွှင်လန်းသော မျက်နှာရှိလျက်။ ဥပသင်္ကမတိ၊ ချဉ်းကပ်၏။ အယံ၊ ဤသည်ကား။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံသောသူ၏။ တတိယော အာနိသံသော၊ တတိယအကျိုးပေတည်း။ ဂဟပတယော၊ သူကြွယ်တို့။ ပုန စ ပရံ၊ တဖန် တပါးသောအကျိုးကား။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသောသူသည်။ အသမ္မူဠှော၊ မတွေမဝေပဲ။ ကာလံ ကရောတိ၊ သေရ၏။ အသမ္မူဠှော ကာလံ ကရောတိ၊ မတွေမဝေ သေရ၏။ အယံ၊ ဤသည်ကား။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့်ပြည့်စုံသောသူ၏။ စတုတ္ထော အာနိသံသော၊ စတုတ္ထအကျိုးပေတည်း။ ဂဟပတယော၊ သူကြွယ်တို့၊ ပုန စပရံ၊ တဖန် တပါးသောအကျိုးကား။ သီလဝါ၊ သီလရှိသော။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံသောသူသည်။ ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာပျက်စီး၍။ ပရံ မရဏာ၊ (ဝါ)သေပြီးသည်မှ နောက်ကာလ၌။ သုဂတိံ၊ ကောင်းမှုရှိသောသူတို့၏ လားရောက်ရာဖြစ်သော။ သဂ္ဂံ လောကံ၊ နတ်ပြည်လောကသို့။ ဥပပဇ္ဇတိ၊ ကပ်ရောက်၍ ဖြစ်ရလေ၏။ အယံ၊ ဤသည်ကား။ သီလဝတော၊ သီလရှိသောသူ၏။ သီလသမ္ပဒါယ၊ သီလနှင့် ပြည့်စုံသောသူ၏။ ပဉ္စမော အာနိသံသော၊ ပဉ္စမအကျိုးပေတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အပရမ္ပိ၊ ထိုမှတပါးလည်း။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ စေ၊ အကယ်၍။ အာကင်္ခေယျ၊ ဤသို့ လိုလားတောင်းတငြားအံ့။ အဟံ၊ ငါသည်။ သဗြဟ္မစာရီနံ။ သီတင်းသုံးဖော်တို့သည်။ ပိယော စ၊ ချစ်ခင်အပ်သူသည် လည်းကောင်း။ မနာပေါ စ၊ မြတ်နိုးအပ်သူသည် လည်းကောင်း။ ဂရု စ၊ အလေးပြုခံရသူသည် လည်းကောင်း။ ဘာဝနီယော စ၊ အချီးမွမ်းခံရသူသည် လည်းကောင်း။ အဿံ၊ ဖြစ်ရပါစေ။ ဣတိ၊ ဤသို့။ အာကင်္ခေယျ၊ တောင်းတငြားအံ့။ ဧဝံ သတိ၊ ဤသို့တောင်းတသည်ရှိသော်။ သီလေသွေဝ၊ သီလတို့၌သာလျှင်။ ပရိပူရကာရီ၊ အပြည့်အစုံ ဖြည့်ကျင့်သည်။ အဿ၊ ဖြစ်ရာ၏။ ဣတိ အာဒိနာ နယေန၊ ဤသို့သောနည်းအာဖြင့်။ အပရေပိ၊ တပါးလည်းဖြစ်ကုန်သော။ ပိယမနာပတာဒယော၊ ချစ်ခင်အပ်သည်၏အဖြစ် မြတ်နိုးအပ်သည်၏အဖြစ် အစရှိကုန်သော။ အာသဝက္ခယပရိယောသာနာ၊ အာသဝေါကုန်ခြင်း အဆုံးရှိကုန်သော။ အနေကသီလာနိသံသာ၊ များစွာကုန်သော သီလ၏ အကျိုးတို့ကိုလည်း။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဧဝံ၊ ဤပြဆိုခဲ့သည့်အတိုင်း၊ သီလံ၊ သီလသည်။ အဝိပ္ပဋိသာရာဒိအနေကဂုဏာနိသံသံ၊ စိတ်နှလုံး၏ ကြည်သာ ရွှင်လန်းခြင်း အစရှိသော များစွာသော ကျေးဇူးရှိ၏။ အပိ စ၊ တနည်းသော်ကား—

သာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား။ ယံ သီလံ၊ အကြင်သီလကို။ ဝိနာ၊ ကြဉ်ဖယ်ထား၍။ ပတိဋ္ဌာ၊ ထောက်ရာ တည်ရာသည်။ နတ္ထိ၊ မရှိချေ။ တဿ၊ ထိုသီလ၏။ အာနိသံသပရိစ္ဆေဒံ၊ အကျိုးအာနိသင် အပိုင်းအခြားကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ကုန်စင်အောင် ပြောဆိုနိုင်ပါအံ့နည်း။

ဣဓ၊ ဤလောက၌။ ပါဏိနံ သတ္တဝါတို့၏။ ယံ မလံ၊ အကြင်ကိလေသာ အညစ်အကြေးကို။ သီလဇလံ၊ သီလဘည်းဟူသော ရေစင်သည်။ ဝေ၊ စင်စစ်။ ဝိသောဓေတိ၊ သုတ်သင် စင်ကြယ်စေနိုင်ပေ၏။ သတ္တာနံ၊ သတ္တဝါတို့၏။ တံ မလံ၊ ထိုကိလေသာ အညစ်အကြေးကို။ ဂင်္ဂါ၊ ဂင်္ဂါမြစ်ရေသည် လည်းကောင်း။ ယမုနာ စာပိ၊ ယမုနာ မြစ်ရေသည်လည်းကောင်း။ သရဘူ၊ အသံ တသဲသဲ မြည်သော။ သရဘူ ဝါ၊ သရဘူ မြစ်ရေသည် လည်းကောင်း။ အစိရဝတီ၊ အစိရဝတီမည်သော။ နိန္နဂါ ဝါ၊ မြစ်ရေသည်လည်းကောင်း။ မဟီ ဝါပိ မဟာနဒီ၊ မဟီမည်သော မြစ်ကြီး၏ ရေသည်လည်းကောင်း၊ ဝိသောဓေတုံ၊ သုတ်သင် စင်ကြယ်စေရန်။ န သက္ကုဏန္တိ၊ မစွမ်းနိုင်ကုန်။

ဣဓ၊ ဤလောက၌။ သတ္တာနံ၊ သတ္တဝါတို့၏။ ယံ ပရိဠာဟံ၊ အကြင်ရာဂစသော အပူအလောင်ကို၊ သုရက္ခိတံ၊ ကောင်းစွာ စောင့်ထိန်းအပ်သော။ အရိယံ၊ စင်ကြယ်စွာသော။ အစ္စန္တသီတလံ၊ စင်စစ်အေးမြသော။ ဣဒံ သီလံ၊

ဤသီလသည်၊ သမေတိ၊ ငြိမ်းအေးစေနိုင်ပေ၏။ တံ ပရိဠာဟံ၊ ထိုရာဂ စသော အပူအလောင်ကို။ သဇလဒါဝါတာ၊ မိုးရေနှင့် တကွသော လေအေးတို့သည်လည်း။ န သမယန္တိ၊ မငြိမ်းအေးစေနိုင်ကုန်။ ဟရိစန္ဒနံ စာပိ၊ စန္ဒကူးရွှေသည်လည်း။ န သမယတိ၊ မငြိမ်းအေးစေနိုင်။ ဟာရာ၊ ပုလဲတို့သည်။ နေဝ သမယန္တိ၊ မငြိမ်းအေးစေနိုင်ကုန်။ မဏယောပိ၊ ကျောက် ပတ္တမြားတို့သည်လည်း။ န သမယန္တိ၊ မငြိမ်းအေးစေနိုင်ကုန်။ စန္ဒကိရဏင်္ကုရာ၊ လရောင်ညွန့်တို့သည်လည်း။ န သမယန္တိ၊ မငြိမ်းအေးစေနိုင်ကုန်။

ယော သီလဂန္ဓော၊ အကြင်သီလ၏ အနံ့သည်။ အနုဝါတေ စ၊ လေကြော်ဖြစ်လည်းကောင်း။ ပဋိဝါတေ စ၊ လေညာဖြစ်သည်းကောင်း။ သမံ၊ အညီအမျှ၊ ဝါယတိ၊ ပျံ့နှံ့ ကြိုင်လှိုင်ပေ၏။ သီလဂန္ဓသမော၊ သီလ၏ အနံ့နှင့် တူသော။ ဂန္ဓော နာမ၊ မွှေးပျံ့ကြိုင်လှိုင်သောအနံ့ မည်သည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာ ရှိပါအံ့နည်း။

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ အခြားတပါးသော။ သဂ္ဂါရောဟဏသောပါနံ၊ နတ်ပြည်သို့တက်ရန် စောင်းတန်းသည်။ ကုတော အတ္ထိ၊ အဘယ်မှာရှိပါအံ့နည်း။ ဝါ ပန၊ ထို့ပြင်လည်း။ နိဗ္ဗာနနဂရဿ၊ နိဗ္ဗာန်တည်းဟူသော မြို့တော်သို့။ ပဝေသနေ၊ ဝင်ရာ၌။ သီလသမံ၊ သီလနှင့်တူသော။ အညံ၊ အခြားတပါးသော တံခါးပေါက်သည်၊ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါအံ့နည်း။

သီလဘူသနဘူသိတာ၊ သီလတည်းဟူသော အဆင်တန်ဆာဖြင့် ဆင်မြန်းအပ်ကုန်သော။ ယတိနော၊ ရဟန်းတော်တို့သည်။ သောဘန္တိ ယထာ၊ တင့်တယ်ကုန်သကဲ့သို့။ မုတ္တာမဏိဝိဘူသိတာ၊ ပုလဲပတ္တမြား အဆင်တန်ဆာအားဖြင့် ဆင်မြန်းအပ်ကုန်သော။ ရာဇာနော၊ ပြည့်ရှင်မင်းတို့သည်။ ဧဝံ၊ ဤအတူ။ န သောဘန္တိ၊ မတင့်တယ်ကြကုန်။

သီလံ၊ သီလသည်။ သီလဝတံ၊ သီလနှင့်ပြည့်စုံကုန်သောသူတို့အား။ အတ္တာနုဝါဒါဒိဘယံ၊ မိမိကိုယ်ကို မိမိကိုယ်တိုင် စွပ်စွဲခြင်းဟူသော အတ္တာနုဝါဒဘေး အစရှိသော ဘေးအပေါင်းကို။ သဗ္ဗသော၊ အခါခပ်သိမ်း။ အခြင်းခပ်သိမ်း။ ဝိဒ္ဓံသယတိ၊ ဖျက်ဆီးတတ်၏။ သီလဝတံ၊ သီလနှင့်ပြည့်စုံကုန်သော သူတို့၏။ ကိတ္တိဟာသဉ္စ၊ သတင်းကျော်စောခြင်းနှင့် နှင်လန်းဝမ်းမြောက်ခြင်းကိုလည်း။ သဒါ၊ အခါခပ်သိမ်း၊ ဇနေတိ၊ ဖြစ်စေတတ်၏။

၁၀။ ဣတိ၊ ဤဆိုအပ်ခဲ့သော စကားရပ်ကို။ဂုဏာနံ၊ လောကီလောကုတ္တရာ ဂုဏ်ကျေးဇူးဟူသမျှတို့၏။ မူလဘူတဿ၊ အမြစ်အရင်း (မူလဘူတ)ဖြစ်သော။ ဗလဿာတိမ္ဘနော၊ ကိလေသာဟူသော အပြစ်ဒေါသတို့၏ လွန်ကျူးခြင်း

ခွန်အားကိုဖျက်ဆီးဘတ်သော။ သီလဿ၊ သီလ၏။ အာနိသံသကထာ မုခန္တိ၊ အကျိုးအာနိသင်ကို အရိပ်အမြွက်မျှ ပြဆိုသော စကားဟူ။ ဝိညေယျံ၊ သိအပ်၏။

## သီလပ္ပဘေဒကထာ—သီလ၏အပြားကို ပြဆိုချက်

၁၀။ ဣဒါနိ၊ ယခုအခါ၌။ ကတိဝိဓံ စေတံ သီလန္တိ၊ ကတိဝိဓံ စေတံ သီလံ ဟူ၍။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တတြ၊ ထိုစကား၌။ ဣဒံ၊ ဤဆိုလတ္တံ့သော သီလသည်။ အတ္တနော သီလနလက္ခဏေန၊ မိမိ၏ သီလန ဟူသော လက္ခဏာအားဖြင့်။ ကေဝိဓံ၊ တပါးတည်းသာတည်း။

စာရိတ္တဝါရိတ္တဝသေန၊ စာရိတ္တသီလ, ဝါရိတ္တသီလ၏အလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိ၏။ တထာ၊ ထို့အတူ။ အာဘိသမာစာရိကအာဒိဗြဟ္မစရိယကဝသေန စ၊ အာဘိသမာစာရိကသီလ,အာဒိဗြဟ္မစရိယသီလတို့၏ အလိုအားဖြင့် လည်းကောင်း။ ဝိရတိ အဝိရတိဝသေန စ၊ဝိရတိသီလ အဝိရတိသီလအလို အားဖြင့် လည်းကောင်း။ နိဿိတာနိဿိတဝသေန စ၊ နိဿိတသီလ အနိဿိတသီလ၏အလိုအားဖြင့် လည်းကောင်း။ ကာလပရိယန္တ အာပါဏကောဋိကဝသေန စ၊ ကာလပရိယန္တသီလ, အာပါဏကောဋိကသီလ၏ အလိုအားဖြင့်လည်းကောင်း။ သပရိယန္တာပရိယန္တဝသေန စ၊ သပရိယန္တသီလ, အပရိယန္တသီလ၏ အလိုအားဖြင့်လည်းကောင်း။ လောကိယ လောကုတ္တရဝသေန စ၊ လောကိသီလ, လောကုတ္တရာသီလ၏ အလိုအားဖြင့် လည်းကောင်း။ ဒုဝိဓံ၊ နှစ်ပါးစီ အပြားရှိ၏။

ဟီနမဇ္ဈိမပဏီတဝသေန၊ ဟီနသီလ, မဇ္ဈိမသီလ, ပဏီတသီလ၏ အလိုအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ တထာ၊ ထို့အတူ။ အတ္တာဓိပတေယျ လောကာဓိပတေယျ ဓမ္မာဓိပတေယျဝသေန စ၊ အတ္တာဓိပတေယျသီလ, လောကာဓိပတေယျသီလ, ဓမ္မာဓိပတေယျသီလ တို့၏ အလိုအားဖြင့်လည်းကောင်း။ ပရာမဋ္ဌာပရာမဋ္ဌပဋိပ္ပဿဒ္ဓိဝသေန စ၊ ပရာမဋ္ဌသီလ, အပရာမဋ္ဌသီလ, ပဋိပ္ပဿဒ္ဓိသီလ တို့၏ အလိုအားဖြင့်လည်းကောင်း။ ဝိသုဒ္ဓါဝိသုဒ္ဓ ဝေမတိကဝသေန စ၊ ဝိသုဒ္ဓသီလ, အဝိသုဒ္ဓသီလ, ဝေမတိကသီလတို့၏ အလိုအားဖြင့် လည်းကောင်း။ သေက္ခာသေက္ခနေဝသေက္ခနာသေက္ခဝသေန စ၊ သေက္ခသီလ အသေက္ခသီလ နေဝသေက္ခနာသေက္ခသီလတို့၏ အလို အားဖြင့်လည်းကောင်း။ တိဝိဓံ၊ သုံးပါးစီ အပြားရှိ၏။

ဟာနဘာဂိယ ဌိတိဘာဂိယ ဝိသေသဘာဂိယ နိဗ္ဗေဓဘာဂိယဝသေန၊ ဟာနဘာဂိယသီလ, ဌိတိဘာဂိယသီလ, ဝိသေသဘာဂိယသီလ, နိဗ္ဗေဓဘာဂိယသီလတို့၏ အလိုအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။ တထာ၊ ထို့အတူ။

ဘိက္ခု သိက္ခုနီ အနုပသမ္ပန္န ဂဟဋ္ဌသီလ ဝသေန စ၊ ဘိက္ခုသီလ, ဘိက္ခုနီသီလ, အနုပသမ္ပန္နသီလ, ဂဟဋ္ဌသီလတို့၏ အလိုအားဖြင့် လည်းကောင်း။ ပကတိ· အာစာရ ဓမ္မတာ ပုဗ္ဗဟေတုက သီလဝသေန စ၊ ပကတိသီလ, အာစာရသီလ, ဓမ္မတာသီလ, ပုဗ္ဗဟေတုက သီလတို့၏ အလိုအားဖြင့်လည်းကောင်း။ ပါတိမောက္ခ-သံဝရ ဣန္ဒြိယသံဝရ အာဇီဝပါရိသုဒ္ဓိ ပစ္စယသန္နိဿိတသီလဝသေန စ၊ ပါတိ-မောက္ခသံဝရသီလ, ဣန္ဒြိယသံဝရသီလ, အာဇီဝပါရိသုဒ္ဓိသီလ, ပစ္စယသန္နိဿိတ သီလတို့၏ အလိုအားဖြင့်လည်းကောင်း။ စတုဗ္ဗိဓံ၊ လေးပါးစီ အပြားရှိ၏။

ပရိယန္တပါရိသုဒ္ဓိသီလာဒိဝသေန၊ ပရိယန္တပါရိသုဒ္ဓိသီလစသည်အလိုအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏။ ဧ၊ မှန်၏။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ "သီလာနိ၊ သီလတို့သည်။ ပရိယန္တ ပါရိသုဒ္ဓိသီလံ၊ ပရိယန္တ ပါရိသုဒ္ဓိသီလ လည်းကောင်း။ အပရိယန္တပါရိသုဒ္ဓိသီလံ၊ အပရိယန္တပါရိသုဒ္ဓိသီလလည်းကောင်း။ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ၊ ပရိပုဏ္ဏပါရိသုဒ္ဓိသီလ လည်းကောင်း။ အပရာမဋ္ဌပါရိသုဒ္ဓိသီလံ၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလလည်းကောင်း။ ပဋိပ္ပဿဒ္ဓိ-ပါရိသုဒ္ဓိသီလံ၊ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိသီလ လည်းကောင်း။ ဣတိ၊ ဤသို့။ ဧဝံ၊ ဤ စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တတ္ထ၊ ထို အတူ။ ပဟာန ဝေရမဏီ-စေတနာသံဝရ ဝီတိက္ကမဝသေန၊ ပဟာနသီလ, ဝေရမဏီသီလ, စေတနာသီလ, သံဝရသီလ, အဝီတိက္ကမ သီလတို့၏ အလိုအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါး အပြားရှိ၏။

၁၁။ တတ္ထ၊ ထိုတွင်။ ဧကဝိဓကောဋ္ဌာသေ၊ တပါးတည်းသော အဖို့၌။ အတ္ထော၊ အနက်ကို။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဒုဝိဓကောဋ္ဌာသေ၊ နှစ်ပါးအပြားရှိသော အဖို့၌။ "ဣဒံ၊ ဤကျင့်ဝတ်ကို။ ကတ္တဗ္ဗံ၊ ပြုကျင့်အပ်၏။ ဣတိ၊ ဤသို့။ ယံ ပညတ္တသိက္ခာပဒပူရဏံ၊ အကြင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်သီလကို ဖြည့်ကျင့်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုပညတ်တော်မူအပ်သော သိက္ခာပုဒ်သီလကို ဖြည့်ကျင့်ခြင်းသည်။ စာရိတ္တံ၊ စာရိတ္တ သီလမည်၏။ ဣဒံ၊ ဤဒုစရိုက်ကို။ န ကတ္တဗ္ဗံ၊ မပြုအပ်။ ဣတိ၊ ဤသို့။ ပဋိက္ခိတ္တဿ၊ ပယ်မြစ်ထားသော အမှုကို။ ယံ အကရဏံ၊ အကြင်မပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုမပြုခြင်းသည်။ ဝါရိတ္တံ၊ ဝါရိတ္တသီလမည်၏။ တတြ၊ ထိုစာ-ရိတ္တ ဝါရိတ္တ ဟူသောပုဒ်၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝစနတ္ထော၊ ဝိဂ္ဂဟ် ဝစနတ္ထတည်း။ တံသမင်္ဂိနော၊ ထိုစာရိတ္တသီလနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည်။ သီလေသု၊ သီလတို့၌။ ပရိပူရကာရိတာယ၊ အပြည့်အစုံ ပြုကျင့်လေ့ ရှိသည်၏ အဖြစ်ဖြင့်။ တသ္မိံ၊ ထိုစာရိတ္တသီလ၌။ စရန္တိ ပဝတ္တန္တိ၊ ကျင့်တတ်ကုန်၏ မပြတ် ဖြစ်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ကျင့်ရာ မပြတ်ဖြစ်ရာ ဖြစ်သောကြောင့်။ စာရိတ္တံ၊ စာရိတ္တမည်၏။ ဝါရိတံ၊ တားမြစ်ထားသော အမှုကို။ တေန သီလေန၊ ထိုသီလဖြင့်။ တာယန္တိ ရက္ခန္တိ၊ စောင့်ရှောက်တတ်ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့

စောင့်ကြောင်းဖြစ်သောကြောင့်။ ဝါရိတ္တံ၊ ဝါရိတ္တမည်၏။ တတ္ထ၊ ထိုစာရိတ္တ ဝါရိတ္တနှစ်ပါးတို့တွင်။ စာရိတ္တံ၊ စာရိတ္တသီလကို။ သဒ္ဓါဝီရိယသာဓနံ၊ သဒ္ဓါနှင့် ဝီရိယဘို့ဖြင့် ပြီးပြည့်စုံစေအပ်၏။ ဝေ၊ ဤသို့လျှင်။ စာရိတ္တဝါရိတ္တဝသေန၊ စာရိတ္တသီလ ဝါရိတ္တသီလအလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

(၁၂) ဒုတိယဒုကေ၊ ဒုတိယဒုက်၌။ အဘိသမာစာရိကာတိ- အဘိသမာစာရော ဧဝ၊ အဘိသမာစာရသည်ပင်လျှင်။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိက မည်၏။ဝါ၊ တနည်းကား—

ဒုတိယဒုကေ၊ ဒုတိယဒုက်၌။ အဘိသမာစာရောတိ၊ အဘိသမာစရ ဟူသည်ကား။ ဥတ္တမသမာစာရော၊ မြတ်သောအကျင့်တည်း။အဘိသမာစာရော ဧဝ၊ အဘိသမာစာရသည်ပင်လျှင်။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိက မည်၏။ ဝါ၊ တနည်းကား။ အဘိသမာစာရံ အာရဗ္ဘ၊ အဘိသမာစာရမည်သော မြတ်သောအကျင့် မဂ်သီလ ဖိုလ်သီလကို ရည်ရွယ်၍။ ပညတ္တံ၊ ပညတ်ထားသော အကျင့်သီလသည်။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိက မည်၏။ ဧတံ၊ ဤအာဘိသမာစာရိကဟူသော အမည်သည်။ အာဇီဝဋ္ဌမကတော၊အာဇီဝ-လျှင် ရှစ်ခုမြောက်ရှိသော အာဇီဝဋ္ဌမက သီလမှ။ အဝသေသသီလဿ အဓိဝစနံ၊ ကြွင်းသောသီလ၏ အမည်ပေတည်း။ မဂ္ဂဗြဟ္မစရိယဿ၊ အရိယာမဂ်ဟူသော မြတ်သော မဂ္ဂဗြဟ္မစရိယ အကျင့်၏။ အာဒိဘာဝဘူတံ၊ အစဥ်။ ဝါ။ ရှေ့အဖို့၌ ဖြစ်စေအပ် ပြီးစေအပ်၏။ ဣတိ-တသ္မာ၊ ထိုကြောင့်။ အာဒိဗြဟ္မစရိယကံ၊ အာဒိ-ဗြဟ္မစရိယမည်၏။ ဧတံ၊ ဤအာဒိဗြဟ္မစရိယက ဟူသောအမည်သည်။ အာဇီ-ဝဋ္ဌမကသီလဿ အဓိဝစနံ၊ အာဇီဝဋ္ဌမကသီလ၏ အမည်ပေတည်း။ ဟိ၊ မှန်၏။ တံ၊ထို အာဇီဝဋ္ဌမကသီလသည်။ ပုဗ္ဗဘာဂေယေဝ၊ ရှေ့အဖို့ကပင်လျှင်။ပရိသော-ဓေတဗ္ဗတော၊ ထက်ဝန်းကျင် စင်ကြယ်စေအပ်သောကြောင့်။ မဂ္ဂဿ၊ မဂ်၏။ အာဒိဘာဝဘူတံ၊ အစ၌ ဖြစ်စေအပ် ပြီးစေအပ်၏။ (ဤအနက်ကား ဟိတ် အတွင်း၌သွင်း၍ ပေးထားသည်)တနည်း။ ဟိ၊မှန်၏။ တံ၊ ထိုအာဇီဝဋ္ဌမကသီလ သည်။ မဂ္ဂဿ၊ မဂ်၏။ အာဒိဘာဝဘူတံ၊ အစ၌ ဖြစ်စေအပ် ပြီးစေအပ်၏။ ကသ္မာ၊အဘယ်ကြောင့်။ တံ၊ဆိုအာဇီဝဋ္ဌမက သီလသည်။ မဂ္ဂဿ၊ မဂ်၏၊ အာဒိ-ဘာဝဘူတံ။ အစ၌ ဖြစ်စေအပ် ပြီးစေအပ်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပုဗ္ဗဘာဂေယေဝ၊ ရှေ့အဖို့ကပင်လျှင်။ ပရိသောဓေတဗ္ဗ-တော၊ ထက်ဝန်းကျင် စင်ကြယ်စေအပ် သောကြောင့်။ တံ၊ ထိုအာဇီဝဋ္ဌမက သီလသည်။ မဂ္ဂဿ၊ မဂ်၏။ အာဒိဘာဝဘူတံ၊ အစ၌ ဖြစ်စေအပ် ပြီးစေအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေတည်း။ (ဤကဲ့သို့ ပုစ္ဆာဝါကျ, ဝိသဇ္ဇနာဝါကျ ထည့်၍ပေးနိုင်သည်။ နောက် ဤကဲ့သို့ ဟိတ်ပါ၌တွေ့သျှင် နည်းမှီပေးပါ) တေန၊ ထိုကြောင့်—

“အဿ၊ ထိုယောဂီရဟန်းအား။ ကာယကမ္မံ၊ ကာယကံသည်လည်း ကောင်း။ ဝစီကမ္မံ၊ ဝစီကံသည်လည်းကောင်း။ အာဇီဝေါ၊အသက်မွေးမှု အာဇီဝသည်လည်းကောင်း။ ပုဗ္ဗေဝ၊ ရှေးအဖို့၌ပင်လျှင်၊ သုပရိသုဒ္ဓေါ၊ ကောင်းစွာစင်ကြယ်ပြီး ဖြစ်ပေ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူပေ၏။ ဝါ၊ တနည်းသော်ကား။ ယာနိ သိက္ခာပဒါနိ၊ အကြင်သိက္ခာပုဒ်တို့ကို။ ခုဒ္ဒါနုခုဒ္ဒကာနီတိ၊ အသေးအဖွဲ့ သိက္ခာပုဒ်တို့ဟူ၍။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဧတံ၊ ဤခုဒ္ဒါနုခုဒ္ဒကသိက္ခာပဒသီလသည်။ အာဘိသမာစာရိကသီလံ၊ အာဘိသမာစာရိကသီလ မည်၏။ သေသံ၊ ကြွင်းသော သိက္ခာပုဒ်အပေါင်းသည်။ အာဒိဗြဟ္မစရိယကံ၊ အာဒိဗြဟ္မစရိယကသီလ မည်၏။ ဝါ၊ တနည်းကား–

ဥဘတောဝိဘင်္ဂပရိယာပန္နံ၊ ဥဘတောဝိဘင်း၌ ပါဝင်သော သိက္ခာပုဒ်အပေါင်းသည်။ အာဒိဗြဟ္မစရိယကံ၊ အာဒိဗြဟ္မစရိယကသီလ မည်၏။ ခန္ဓကဝတ္တပရိယာပန္နံ၊ ခန္ဓကဝတ်၌ ပါဝင်သော သိက္ခာပုဒ်အပေါင်းသည်။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိကသီလ မည်၏။ တဿ၊ထိုအာဘိသမာစာရိကသီလ၏။ သမ္ပတ္တိယာ၊ ပြည့်စုံသည်၏အဖြစ်ဖြင့်။ အာဒိဗြဟ္မစရိယကံ၊ အာဒိဗြဟ္မစရိယကသီလသည်။သမ္ပဇ္ဇတိ၊ပြည့်စုံနိုင်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်–

“ဘိက္ခဝေ၊ ရဟန်းတို့။ ဘိက္ခု၊ ရဟန်းသည်။ အဘိသမာစရိကံ ဓမ္မံ အပရိပူရေတွာ၊ အာဘိသမာစာရိကကျင့်ဝတ်သီလကို မဖြည့်ကျင့်မူ၍။ အာဒိဗြဟ္မစရိယကံ ဓမ္မံ ပရိပူရေဿတီတိ၊ အာဒိဗြဟ္မစာရိက ကျင့်ဝတ် သီလကို ပြည့်စုံနိုင်လိမ့်မည်ဟူ၍။ ဧတံ ဌာနံ၊ ဤသို့သော အကြောင်းသည်။ န-ဝိဇ္ဇတိ၊ မရှိချေ။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။

ဧဝံ၊ ဤသို့လျှင်။အာဘိသမာစာရိက အာဒိဗြဟ္မစရိယက ဝသေန၊အာဘိသမာစာရိကသီလ, အာဒိဗြဟ္မစရိယကသီလတို့ အလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိ၏။

တတိယ ဒုကေ၊ တတိယဒုက်၌။ ပါဏာတိပါတာဒီဟိ၊ သတ္တဝါကို သတ်ခြင်း စသည်တို့မှ။ ဝေရမဏိမတ္တံ၊ ရှောင်ကြဉ်ခြင်းမျှသည်။ ဝိရတိ သီလံ၊ ဝိရတီသီလမည်၏၊ သေသံ၊ ကြွင်းသော။ စေတနာဒိ၊ စေတနာအစရှိသောသီလသည်။ အဝိရတိသီလံ၊အဝိရတီ သီလမည်။ ဧဝံ၊ ဤသို့လျှင်။ ဝိရတိအဝိရတိဝသေန၊ ဝိရတီသီလ, အဝိရတီသီလတို့အလိုအာ ဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

စတုတ္ထဒုကေ၊ စတုတ္ထဒုက်၌။ နိဿယောတိ၊ နိဿယဟူသည်ကား။ တဏှာနိဿယော စ၊ တဏှာဟူသော မှီရာလည်းကောင်း။ ဒိဋ္ဌိနိဿယော စ၊ ဒိဋ္ဌိဟူသောမှီရာလည်းကောင်း။ ဣတိ၊ ဤသို့။ နိဿယာ၊ မှီရာတို့သည်။ ဒွေ၊ နှစ်ပါးရှိကုန်၏။ တတ္ထ၊ ထိုတွင်။ ယံ သီလံ၊ အကြင်သီလကို။အယံ၊ ငါသည်။ ဣမိနာ သီလေန၊ ဤသီလဖြင့်။ ဒေဝေါ ဝါ၊ ထင်ရှားသောနတ်သော်လည်းကောင်း။ ဒေဝညတရော ဝါ၊မထင်ရှားသော သာမန်နတ်သော်လည်းကောင်း။ ဘဝိဿာမိတိ၊ ဖြစ်ရလိမ့်မည်ဟု။ ဧဝံ၊ ဤသို့။ ဘဝသမ္ပတ္တိံ၊ ပြည့်စုံကောင်းမြတ်သောဘဝကို။ အာကင်္ခမာနေန၊ မျှော်လင့်တောင့်တသဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ဣဒံ၊ဤသီလသည်။တဏှာနိဿိတံ၊ တဏှာကိုမှီသောသီလ မည်၏။ ယံ သီလံ၊ အကြင်သီလကို။ "သီလေန ဝိသုဒ္ဓိတိ၊ သီလမျှဖြင့် သံသရာဆင်းရဲမှ စင်ကြယ်သည်ဟု"။ဧဝံ၊ ဤသို့။ သုဒ္ဓိဒိဋ္ဌိယာ၊ စင်ကြယ်သော အယူဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်၏။ ဣဒံ၊ ဤသီလသည်။ ဒိဋ္ဌိနိဿိတံ၊ ဒိဋ္ဌိကိုမှီသော သီလ မည်၏။ ယံ ပန၊ အကြင် သီလသည်ကား။ လောကုတ္တရဉ္စ၊ လောကုတ္တရာသီလသည်လည်းကောင်း။ တဿေဝ၊ထိုလောကုတ္တရာသီလ၏ပင်လျှင်။ သမ္ဘာရဘူတံ၊ အကြောင်းအထောက်အပံ့ဖြစ်၍ဖြစ်သော။လောကိယဉ္စ၊လောကီသီလသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသီလသည်။ အနိဿိတံ၊ မမှီသော သီလမည်၏။ ဧဝံ၊ ဤသို့လျှင်။ နိဿိတာနိဿိတဝသေန၊ နိဿိတသီလ, အနိဿိတသီလတို့၏ အလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

ပဉ္စမဒုကေ၊ ပဉ္စမဒုက်၌။ ကာလပရိစ္ဆေဒံ ကတွာ၊ ကာလအပိုင်းအခြားပြု၍။ သမာဒိန္နံ သီလံ၊ ဆောက်တည်သော သီလသည်။ ကာလပရိယန္တံ၊ ကာလအပိုင်းအခြားရှိသော သီလမည်၏။ ယာဝဇီဝံ သမာဒိယိတွာ၊ အသက်ထက်ဆုံး ဆောက်တည်၍။ တထေဝ၊ ထိုဆောက်တည်သည့် အတိုင်းသာလျှင်၊ ပဝတ္တံ၊ ဖြစ်စေအပ်သော သီလသည်။ အာပါဏကောဋိကံ၊ အသက်ထက်ဆုံး သီလမည်၏။ ဣတိ-ဧဝံ၊ ဤသို့လျှင်။ ကာလပရိယန္တအာပါဏကောဋိကဝသေန၊ ကာလပရိယန္တသီလ, အာပါဏကောဋိကသီလတို့၏ အလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

ဆဋ္ဌဒုကေ၊ ဆဋ္ဌဒုက်၌။ လာဘယသဉာတိအင်္ဂဇီဝိတဝသေန၊ လာဘ်, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ, အသက်တို့၏ အလိုအားဖြင့်။ ဒိဋ္ဌပရိယန္တံ၊ အဆုံးအပိုင်းအခြားကို မြင်ရသောသီလသည်။သပရိယန္တံ နာမ၊ အဆုံးအပိုင်းအခြားရှိသော သပရိယန္တသီလမည်၏။ ဝိပရီတံ၊ ထိုမှအပြန်ဖြစ်သော သီလသည်။ အပရိယန္တံ၊ အဆုံးအပိုင်းအခြား မရှိသော အပရိယန္တသီလ မည်၏။ စ၊ မှန်၏။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌—

"သပရိယန္တံ၊ သပရိယန္တမည်သော။ တံ သီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ လာဘပရိယန္တံ၊ လာဘ်လျှင် အဆုံး အပိုင်း အခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ ယသပရိယန္တံ၊ အခြံအရံလျှင် အပိုင်းအခြား ရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ (၁၃) ဉာတိပရိယန္တံ၊ ဆွေမျိုးလျှင်အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ အင်္ဂပရိယန္တံ၊ ကိုယ်အင်္ဂါလျှင် အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ ဇီဝိတပရိယန္တံ၊ အသက်လျှင် အဆုံး အပိုင်းအခြားရှိသော။ သီလံ၊ သီလသည်။ အတ္ထိ၊ ရှိ၏။ လာဘပရိယန္တံ၊ လာဘ်လျှင် အဆုံး အပိုင်းအခြားရှိသော။ တံ သီလံ၊ ထိုသီလကား။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ယထာ သမာဒိန္နံ၊ ဆောက်တည်ထားပြီးသော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ လာဘဟေတု လာဘပစ္စယာ လာဘ-ကာရဏာ၊ လာဘ်ဟူသော အကြောင်းကြောင့်။ (ဟေတု, ပစ္စယ, ကာရဏ တို့ကား ပရိယာယ်တူ ဖြစ်၍ ပေါင်းပေးသည်)။ ဝီတိက္ကမတိ၊ ကျူးလွန်၏။ ဣဒံ တံ သီလံ၊ ဤသို့သော ထိုသီလသည်။ လာဘ-ပရိယန္တံ၊ လာဘ်လျှင် အဆုံး အပိုင်းအခြားရှိသော သီလမည်၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

ဧတေနေဝ ဥပါယေန၊ ဤနည်းဖြင့်ပင်လျှင်။ ဣတရာနိပိ၊ ဤမှတပါး အခြားသော သီလတို့ကိုလည်း။ ဝိတ္ထာရေတဗ္ဗာနိ၊ ချဲ၍ သိအပ်ကုန်၏။ အပရိယန္တဝိဿဇ္ဇနေပိ၊ အပရိယန္တသီလ၏ အဖြေ၌လည်း –

"န လာဘပရိယန္တံ၊ လာဘ်လျှင် အဆုံးအပိုင်းအခြားမရှိသော။ တံ သီလံ၊ ထိုသီလသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။ ယထာ သမာဒိန္နံ၊ ဆောက်တည်ထားပြီးသော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ လာဘဟေတု လာဘပစ္စယာ လာဘကာရဏာ၊ လာဘ်ဟူသော အကြောင်းကြောင့်။ ဝီတိက္ကမာယ၊ လွန်ကျူး၍ကျင့်ရန်။ စိတ္တမ္ပိ န ဥပ္ပါဒေတိ၊ စိတ်အကြံကိုသော်လည်း မဖြစ်စေ။ သော၊ ထိုပုဂ္ဂိုလ်သည်။ ကိံ ဝီတိက္ကမိဿတိ၊ အဘယ်မှာ လွန်ကျူးတော့အံ့နည်း။ ဣဒံ တံ သီလံ၊ ဤထိုသီလသည်ကား။ န လာဘပရိယန္တံ၊ လာဘ်လျှင် အဆုံး အပိုင်းအခြားမရှိသော သီလမည်၏။ ဣတိ၊ ဤသို့၊ ဝုတ္တံ၊ ဆိုအပ်၏။ ဧတေနေဝုပါယေန၊ ဤနည်းဖြင့် ပင်လျှင်။ ဣတရာနိပိ၊ ဤမှတပါးသော သီလတို့ကိုလည်း။ ဝိတ္ထာရေ-

တဗ္ဗာနိ၊ ခွဲအပ်ကုန်၏။ ဝေါ၊ ဤသို့လျှင်။ သပရိယန္တာ ပရိယန္တဝသေန၊ သပရိယန္တသီလ, အပရိယန္တသီလတို့၏ အလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

သတ္တမဒုကေ၊ သတ္တမဒုက်၌။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ သာသဝံ သီလံ၊ အာသဝေါ၏ အာရုံဖြစ်သော သီလသည်။ လောကိယံ၊ လောကီသီလမည်၏။ အနာသဝံ၊ အာသဝေါ၏ အာရုံမဟုတ်သောသီလသည်။ လောကုတ္တရံ၊ လောကုတ္တရာသီလမည်၏။ တတ္ထ၊ ထိုတွင်။ လောကိယံ၊ လောကီသီလသည်။ ဘဝဝိသေသာဝဟံ၊ ဘဝအထူးကိုဆောင်တတ်သည်။ ဟောတိ၊ ဖြစ်၏။ ဘဝနိဿရဏဿ၊ ဘဝမှထွက်မြောက်ခြင်း၏။ သမ္ဘာရော စ၊ အကြောင်းအဆောက်အဦလည်းဖြစ်၏။ ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူ—

"ဝိနယော၊ ဝိနည်းသိက္ခာပုဒ်သည်။ သံဝရတ္ထာယ၊ ကိုယ်နှင့်နှုတ်တို့ကို စောင့်စည်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ သံဝရော၊ စောင့်စည်းခြင်းသည်။ အဝိပ္ပဋိသာရတ္ထာယ၊ စိတ်နှလုံး ကြည်သာ ရွှင်လန်းခြင်းငှာ။ ဟောတိ၊ ဖြစ်၏။ အဝိပ္ပဋိသာရော၊ စိတ်နှလုံး ကြည်သာ ရွှင်လန်းခြင်းသည်။ ပါမောဇ္ဇတ္ထာယ၊ နှစ်သိမ့်ခြင်း ပါမောဇ္ဇအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပါမောဇ္ဇံ၊ နှစ်သိမ့်ခြင်းသည်။ ပီတတ္ထာယ၊ ဝမ်းမြောက်ခြင်းပီတိအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပီတိ၊ ဝမ်းမြောက်ခြင်းပီတိသည်။ ပဿဒ္ဓတ္ထာယ၊ ကိုယ်စိတ်၏ ငြိမ်းအေးခြင်း ပဿဒ္ဓိအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ပဿဒ္ဓိ၊ ကိုယ်စိတ်၏ ငြိမ်းအေးခြင်းသည်။ သုခတ္ထာယ၊ ချမ်းသာခြင်း သုခ အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ သုခံ၊ ချမ်းသာခြင်းသည်။ သမာဓတ္ထာယ၊ စိတ်တည်ကြည်ခြင်း သမာဓိအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ သမာဓိ၊ စိတ်တည်ကြည်ခြင်း သမာဓိသည်။ ယထာဘူတဉာဏဒဿနတ္ထာယ၊ မှန်စွာသိမြင်သော ယထာဘူတဉာဏ်အမြင်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ယထာဘူတဉာဏဒဿနံ၊ ယထာဘူတဉာဏ်အမြင်သည်။ နိဗ္ဗိဒတ္ထာယ၊ ငြီးငွေ့ခြင်းနိဗ္ဗိဒါဉာဏ်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗိဒါ၊ ငြီးငွေ့ခြင်းသည်။ ဝိရာဂတ္ထာယ၊ ဝိရာဂခေါ် တပ်မက်ခြင်းကင်းသော မဂ်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိရာဂေါ၊ ဝိရာဂသည်။ ဝိမုတ္တတ္ထာယ၊ ဝိမုတ္တိခေါ် လွတ်မြောက်သော အရဟတ္တဖိုလ်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိ၊ ဝိမုတ္တိသည်။ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ လွတ်မြောက်သည်ကို ပြန်လှည့်၍ ဆင်ခြင်သော ဝိမုတ္တိဉာဏ်အမြင်အကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဝိမုတ္တိဉာဏဒဿနံ၊ ဝိမုတ္တိဉာဏ်အမြင်သည်။ အနုပါဒါပရိနိဗ္ဗာနတ္ထာယ၊ အစွဲအလန်းကင်း၍ ဆင်းရဲခပ်သိမ်း ငြိမ်းခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ အနုပါဒါ၊ အစွဲလန်းကင်းလျက်။ စိတ္တဿ၊ စိတ်၏။ ယဒိဒံ=ယော အယံ

ဝိမောက္ခော၊ အကြွင်းလွတ်မြောက်သော ဝိမောက္ခသည်။ အတ္ထိ၊ ရှိ၏။ ကထာ၊ ဝိနည်းကို ပြောဆိုခြင်းသည်။ တေဒတ္ထံ၊ ဤလွတ်မြောက်ခြင်း ဝိမောက္ခအကျိုး၏။ မန္တနာ၊ ဝိနည်းကို ဆွေးနွေး စီစစ်ခြင်းသည်။ တေဒတ္ထာ၊ ဤလွတ်မြောက်ခြင်း ဥပနိသာ, ဝိနည်းကို စောင့်စည်းခြင်း ရှိသော အကြောင်းအဆက်ဆက်သည်။ တေဒတ္ထာ၊ ဤလွတ်မြောက်ခြင်း အကျိုးရှိ၏။ သောတာဝဓာနံ၊ ဝိနည်းကို နာကြားခြင်းသည်။ တေဒတ္ထံ၊ ဤလွတ်မြောက်ခြင်း အကျိုးရှိ၏။

ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ လောကုတ္တရံ၊ လောကုတ္တရာသီလသည်။ ဘဝနိဿရဏာဝဟံ ဟောတိ၊ ဘဝမှလွတ်မြောက်ခြင်းကို ဆောင်ယူလာတတ်၏။ ပစ္စဝေက္ခဏာဉာဏဿ စ၊ ပြန်လှည့်၍ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၏။ ဘူမိ၊ ဖြစ်ရာဘုံ အာရုံဖြစ်၏။ ဣတိ ဧဝံ၊ ဤသို့လျှင်။ လောကိယ လောကုတ္တရဝသေန၊ လောကီသီလ, လောကုတ္တရာသီလ၏ အလိုအားဖြင့်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။

၁၂။ တိကေသု၊ တိက်တို့တွင်။ ပဌမတ္တိကေ၊ ပဌမတိက်၌။ ဟီနေန ဆန္ဒေန ဝါ၊ ယုတ်ညံ့သော ဆန္ဒဖြင့်သော်လည်းကောင်း။ ဟီနေန စိတ္တေန ဝါ၊ ယုတ်ညံ့သော စိတ်ဖြင့်သော်လည်းကောင်း။ ဟီနေန ဝီရိယေန ဝါ၊ ယုတ်ညံ့သော ဝီရိယ ဖြင့်သော်လည်းကောင်း။ ဟီနာယ ဝီမံသာယ ဝါ၊ ယုတ်ညံ့သောပညာဖြင့် သော်လည်းကောင်း။ ပဝတ္တိတံ၊ ဖြစ်စေအပ်သောသီလသည်။ ဟီနံ၊ ယုတ်ညံ့ သောသီလမည်၏။ မဇ္ဈိမေဟိ ဆန္ဒာဒီဟိ၊ အလယ်အလတ်ဖြစ်သော ဆန္ဒ စသည် တို့ဖြင့်။ ပဝတ္တိတံ၊ဖြစ်စေအပ်သောသီလသည်။ မဇ္ဈိမံ၊ အလယ်အလတ်ဖြစ်သော သီလမည်၏။ ပဏီတေဟိ၊ မြတ်သောဆန္ဒ စသည်တို့ဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ် သော သီလသည်။ ပဏီတံ၊ မြတ်သောသီလမည်၏။ ဝါ၊ တနည်းကား။ ယသ-ကာမတာယ၊ အခြံအရံအကျော်အစောကို အလိုရှိသဖြင့်။ သမာဒိန္နံ၊ ဆောက် တည်အပ်သောသီလသည်။ ဟီနံ၊ ဟီနမည်၏။ ပုညဖလကာမတာယ၊ ကောင်းမှုအ ကျိုးကိုအလိုရှိသဖြင့်။ သမာဒိန္နံ၊ ဆောက်တည်အပ်သော သီလသည်။ (လိုက်)။ မဇ္ဈိမံ၊ မဇ္ဈိမမည်၏။ "ဣဒံ၊ ဤသီလစောင့်သုံးမှုကို။ ကတ္တဗ္ဗမေဝါတိ၊ ပြုသင့် သည်သာတည်း"ဟု။ အရိယဘာဝံ နိဿာယ၊ စင်ကြယ်သည်၏ အဖြစ်ကို မှီ၍။ သမာဒိန္နံ၊ ဆောက်တည်အပ်သော သီလသည်။ ပဏီတံ၊ ပဏီတသီလမည်၏။ ဝါ၊ တနည်းကား။ "အဟံ၊ ငါသည်။ သီလသမ္ပန္နော၊ သီလနှင့်ပြည့်စုံ၏။ ဣမေ ပန အညေ ဘိက္ခူ၊ အခြားသော ဤရဟန်းတို့သည်ကား။ ဒုဿီလာ၊ သီလ မရှိကုန်။ ပါပဓမ္မာတိ၊ ယုတ်မာသောအကျင့် ရှိကုန်၏ဟု။ ဧဝံ၊ ဤသို့။ အတ္တုက္ကံ-သနပရဝမ္ဘနာဒီဟိ၊ မိမိကိုယ်ကို ချီးမြှောက်ခြင်း သူတပါးတို့ကို ရှုံ့ချခြင်း စသည်တို့ဖြင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်ညူးသောသီလသည်။ဟီနံ၊ ဟီနသီလမည်၏။ အနုပက္ကိလိဋ္ဌံ၊ ထိုကဲ့သို့မညစ်ညူးသော။ လောကိယံ သီလံ၊ လောကီသီလသည်။

မဇ္ဈိမံ၊ မဇ္ဈိမသီလမည်၏။ လောကုတ္တရံ၊ လောကုတ္တရာသီလသည်။ ပဏီတံ၊ ပဏီတသီလမည်၏။ ဝါ၊ တနည်းကား။ တဏှာဝသေန၊ တဏှာ၏အစွမ်းအားဖြင့်။ ဘဝဘောဂတ္ထာယ၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိအလို့ငှာ။ ပဝတ္တံ၊ ဖြစ်စေအပ်သောသီလသည်။ ဟီနံ၊ ဟီနမည်၏။ အတ္တနော ဝိမောက္ခတ္ထာယ၊ မိမိ၏သံသရာမှ ထွက်မြောက်ခြင်း အကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော သီလသည်။ မဇ္ဈိမံ၊ မဇ္ဈိမမည်၏။ သဗ္ဗသတ္တာနံ ဝိမောက္ခတ္ထာယ၊ အလုံးစုံသော သတ္တဝါတို့၏ လွတ်မြောက်ခြင်း အကျိုးငှာ။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော။ ပါရမိတာသီလံ၊ ဘုရားအလောင်းတော်တို့၏ သီလသည်။ ပဏီတံ၊ ပဏီတမည်၏။ ဣတိ= ဧဝံ၊ ဤသို့လျှင်၊ ဟီနမဇ္ဈိမပဏီတဝသေန၊ အယုတ် အလတ် အမြတ်တို့အားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

ဒုတိယတ္တိကေ၊ ဒုတိယတိက်၌။ အတ္တနော အနနုရူပံ၊ မိမိနှင့် မလျော်ကန်သော မကောင်းမှုကို။ ပဇဟိတုကာမေန၊ ပယ်လိုသဖြင့်။ အတ္တနိ ဂါရဝေန၊ မိမိကိုယ်ကို အလေးပြု၍ မိမိ၌ ရှိသေလေးစားသောအားဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော သီလသည်။ အတ္တာဓိပတေယျံ၊ အတ္တာဓိပတေယျသီလ မည်၏။ လောကာပဝါဒံ၊ လူအပေါင်း၏ ကဲ့ရဲ့ခြင်းကို။ ပရိဟရိတုကာမေန၊ ရှောင်လိုသဖြင့်။ လောကဂရုနာ၊ လောကကို အလေးပြု၍။ လောကေ ဂါရဝေန၊ လောက၌ ရှိသေလေးစားသောအားဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော သီလသည်။ လောကာဓိပတေယျံ၊ လောကာဓိပတေယျသီလ မည်၏။ ဓမ္မမဟတ္တံ၊ တရားတော်၏ မြတ်သည်၏ အဖြစ်ကို။ ပူဇေတုကာမေန၊ ပူဇော်လိုသဖြင့်။ ဓမ္မဂရုနာ၊ တရားကို အလေးပြု၍။ ဓမ္မေ ဂါရဝေန၊ တရား၌ ရှိသေလေးစားသောအားဖြင့်။ ပဝတ္တိတံ၊ ဖြစ်စေအပ်သော သီလသည်။ ဓမ္မာဓိပတေယျံ၊ ဓမ္မာဓိပတေယျသီလ မည်၏။ ဣတိ= ဧဝံ၊ ဤသို့လျှင်။ အတ္တာဓိပတေယျာဒိဝသေန၊ အတ္တာဓိပတေယျသီလ အစရှိသောအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

တတိယတ္တိကေ၊ တတိယတိက်၌။ ယံ သီလံ၊ အကြင်သီလကို။ နိဿိတန္တိ၊ နိဿိတသီလဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တံ သီလံ၊ ထိုသီလသည်။ တဏှာဒိဋ္ဌိဟိ၊ တဏှာဒိဋ္ဌိတို့ဖြင့်၊ ပရာမဋ္ဌတ္တာ၊ ပြားယွင်းစွာ သုံးသပ်အပ်သောကြောင့်။ ပရာမဋ္ဌံ၊ ပရာမဋ္ဌသီလ မည်၏။ ပုထုဇ္ဇနကလျာဏကဿ၊ ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်၏။ မဂ္ဂသမ္ဘာရဘူတံ၊ မဂ်၏ အကြောင်း အဆောက်အအုံဖြစ်၍ဖြစ်သော သီလသည် လည်းကောင်း။ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ်တို့၏။ မဂ္ဂသမ္ပယုတ္တဉ္စ၊ မဂ်နှင့်ယှဉ်သော သီလသည်လည်းကောင်း၊ အပရာမဋ္ဌံ၊ အပရာမဋ္ဌသီလမည်၏။ သေက္ခာသေက္ခာနံ၊ သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်တို့၏။ ဖလသမ္ပယုတ္တံ၊ ဖိုလ်နှင့်ယှဉ်

သော သီလသည်။ ပရိပုဏ္ဏ္ဏံ၊ ပရိပုဏ္ဏသီလမည်၏။ ဣတိ ဧဝံ၊ ဤသို့လျှင်။ ပရာမဋ္ဌာဒိဝသေန၊ ပရာမဋ္ဌသီလစသည်တို့၏ အလိုအားဖြင့်။ တိဝိဓံ၊ သုံးပါး အပြားရှိ၏။

စတုတ္ထတ္တိကေ၊ စတုတ္ထတိက်၌။ ယံ သီလံ၊ အကြင်သီလကို။ (ပုရိတံနှင့် ကတပဋိကမ္မံတို့မှာစပ်)။ အာပတ္တိ အနာပဇ္ဇန္တေန၊ အာပတ်သို့ မရောက်စေသဖြင့်။ ဝါ၊ အာပတ်မသင့်စေမူ၍။ ပုရိတံ ဝါ၊ ဖြည့်ကျင့်အပ်သော သီလသည် လည်းကောင်း။ အာပတ္တိံ အာပဇ္ဇိတွာ ဝါ၊ အာပတ်သင့်သော်လည်း။ ကတပဋိကမ္မံ ဝါ၊ ဒေသနာပြောကြားခြင်း စသည်ဖြင့် ကုစားအပ်သော သီလသည် လည်းကောင်း။ ဝိသုဒ္ဓိ၊ စင်ကြယ်သော သီလမည်၏။ အာပတ္တိံ အာပန္နဿ၊ အာပတ်သင့်ပြီးသော ရဟန်း၏။ အကတပဋိကမ္မံ၊ မကုစားရသေးသော သီလသည်။ အဝိသုဒ္ဓံ၊ မစင်ကြယ်သော သီလမည်၏။ ဝတ္ထုမှိ ဝါ၊ လွန်ကျူးမိသော ဝတ္ထု၌သော်လည်းကောင်း။ အာပတ္တိယာ ဝါ၊ အာပတ်၌သော်လည်းကောင်း။ အဇ္ဈာစာရိ ဝါ၊ လွန်ကျူးမှု၌သော်လည်းကောင်း။ ဝေမတိကဿ၊ ယုံမှားရှိသော ရဟန်း၏ သီလသည်။ ဝေမတိကသီလံ နာမ၊ ယုံမှားရှိသော သီလမည်၏။ တတ္ထ၊ ထိုတွင်။ ယောဂိနာ၊ ယောဂီရဟန်းသည်။ အဝိသုဒ္ဓသီလံ၊ မစင်ကြယ်သော သီလကို။ ဝိသောဓေတဗ္ဗံ၊ စင်ကြယ်အောင် သုတ်သင်အပ်၏။ ဝေမတိကေ၊ အပ် မအပ်ယုံမှားသံသယဖြစ်လတ်သော်။ ဝတ္ထုဇ္ဈာစာရံ အကတွာ၊ ဝတ္ထု၌လွန်ကျူးခြင်းကို မပြုမူ၍။ ဝိမတိ၊ ယုံမှားသံသယကို။ ပဋိဝိနေတဗ္ဗာ၊ ပယ်ဖျောက်အပ်၏။ ဣတိ၊ ဤသို့လျှင်။ "အဿ၊ ထိုယောဂီရဟန်းအား။ ဖာသု ဘဝိဿတိ၊ ချမ်းမဂ်ဖိုလ်ကိုရရန် ချမ်းသာသောအကျင့် ဖြစ်ပါလတ္တံ့"။ ဣတိ= ဧဝံ၊ ဤသို့လျှင်။ ဝိသုဒ္ဓါဒိဝသေန၊ ဝိသုဒ္ဓသီလစသည်အားဖြင့်။ တိဝိဓံ၊ သုံးပါး အပြားရှိ၏။

ပဉ္စမတ္တိကေ၊ ပဉ္စမတိက်၌။ စတူဟိ အရိယမဂ္ဂေဟိ စ၊ လေးပါးသော အရိယာမဂ်တို့နှင့်လည်းကောင်း။ တီဟိ သာမညဖလေဟိ စ၊ သုံးပါးသော အောက်သာမညဖိုလ်တို့နှင့်လည်းကောင်း။ သမ္ပယုတ္တံ သီလံ၊ ယှဉ်သောသီလသည်။ သေက္ခံ၊ ကျင့်ဆဲပုဂ္ဂိုလ်တို့၏ သီလမည်၏။ အရဟတ္တဖလသမ္ပယုတ္တံ၊ အရဟတ္တဖိုလ်နှင့်ယှဉ်သော သီလသည်။ အသေက္ခံ၊ ကျင့်ဆဲမဟုတ် ကျင့်ပြီးပုဂ္ဂိုလ်တို့၏ သီလမည်၏။ သေသံ၊ ကြွင်းသော လောကီသီလသည်။ နေဝသေက္ခနာ-သေက္ခံ၊ နေဝသေက္ခ နာသေက္ခမည်၏။ ဣတိ-ဧဝံ၊ ဤသို့လျှင်။ သေက္ခသီလာ-ဒိဝသေန၊ သေက္ခသီလစသည်အလိုအားဖြင့်။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။

ပဋိသမ္ဘိဒါယံ ပန၊ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ကား။ ယသ္မာ၊ အကြင်ကြောင့်။ လောကေ၊ လောက၌။ တေသံ တေသံ သတ္တာနံ၊ ထိုထိုသတ္တဝါတို့၏။ ပကတိပိ၊ ပကတိပင်ကိုရင်း ဖြစ်လေ့အကျင့် သဘောကိုလည်း။ သီလန္တိ၊

သီလဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ယံ သန္ဓာယ၊ ယင်းပင်ကိုရင်း သဘောကိုပင် ရည်ရွယ်၍။ "အယံ၊ ဤသူသည်။ သုခသီလော၊ ကောင်းသောသီလရှိ၏။ အယံ၊ ဤသူသည်။ ဒုက္ခသီလော၊ ဆိုးသောသီလရှိ၏။ အယံ၊ ဤသူသည်။ ကလဟသီလော၊ ရန်ဖြစ်ခြင်း အလေ့အကျင့်ရှိ၏။ အယံ၊ ဤသူသည်။ မဏ္ဍန-သီလော၊ တန်ဆာဆင်ခြင်းအလေ့အကျင့်ရှိ၏။ ဣတိ၊ ဤသို့။ ဘဏန္တိ၊ ပြော ဆိုကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေန ပရိယာယေန၊ ထိုလောကဝေါဟာရ ပရိယာယ်အားဖြင့်။ "သီလာနိ၊ သီလတို့သည်။ ကုသလသီလံ၊ ကုသိုလ်သီလ လည်းကောင်း။ အကုသလသီလံ၊ အကုသိုလ်သီလလည်းကောင်း။ အဗျာကတ-သီလံ၊ အဗျာကတသီလလည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ၊ သုံးပါးတို့တည်း" ဧဝံ၊ ဤသို့။ ကုသလာဒိဝသေနပိ၊ ကုသိုလ်စသည်တို့၏ အလိုအားဖြင့်လည်း။ တိဝိဓံ၊ သုံးပါးအပြားရှိ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ အကုသလံ၊ အကုသိုလ်သီလသည်။ ဣမသ္မိံ အတ္ထေ၊ ဤအရာ၌။ အဓိပ္ပေတဿ သီလဿ၊ အလိုရှိအပ်သောသီလ၏။ လက္ခဏာဒီသု၊ လက္ခဏာ စသည်တို့တွင်။ ဧကေနာပိ၊ တခုနှင့်မျှသော်လည်း။ န သမေတိ၊ မညီညွတ်ချေ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣဓ၊ ဤအရာ၌။ ကုသလတ္တိကံ၊ ကုသိုလ်တိက်ကို။ (ထည့်) န ဥပနီတံ၊ ဆောင်၍မပြပဲ ခြွင်းချန်ထားအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ အဿ၊ ဤသီလ၏။ တိဝိဓ-တာ၊ သုံးပါးအပြားရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

၁၃။ စတုက္ကေသု၊ စတုက္ကတို့တွင်။ ပဌမစတုက္ကေ၊ ပဌမစတုက္က၌။ ဣဓ၊ ဤသာသနာတော်၌။ ယော၊ အကြင်ရဟန်းသည်။ ဒုဿီလေ၊ သီလမရှိသော ဒုဿီလပုဂ္ဂိုလ်တို့ကို။ သေဝတိ၊ မှီဝဲ၏။ သီလဝန္တေ၊ သီလဝန္တပုဂ္ဂိုလ်တို့ကို။ န သေဝတိ၊ မမှီဝဲ။ အဝိဒ္ဒသု၊ အမြော်အမြင် ပညာမရှိသည်ဖြစ်၍။ ဝတ္ထုဝီတိက္ကမေ၊ အာပတ်၏ သင့်ကြောင်းဝတ္ထုကို လွန်ကျူးခြင်း၌။ ဒေါသံ န ပဿတိ၊ အပြစ်ကို မမြင်။ မိစ္ဆာသင်္ကပ္ပဗဟုလော၊ မှားယွင်းစွာကြံစည်ခြင်း များသည် ဖြစ်၍။ ဣန္ဒြိယာနိ၊ မျက်စိအစရှိသော ဣန္ဒြေတို့ကို။ န ရက္ခတိ၊ မစောင့်ရှောက်။ ဧဝရူပဿ၊ ဤသို့သော ရဟန်း၏။ သီလံ၊ သီလ သည်။ ဝေ၊ စင်စစ်။ ဟာနဘာဂိယံ၊ ဆုတ်ယုတ်ခြင်း အဖို့ရှိသော သီလမည်သည်။ ဇာယတေ၊ ဖြစ်၏။

ဣဓ၊ ဤသာသနာတော်၌။ ယော၊ အကြင်ရဟန်းသည်။ သီလ-သမ္ပတ္တိယာ၊ သီလနှင့်ပြည့်စုံခြင်းမျှဖြင့်။ အတ္တမနော ဟောတိ၊ ဝမ်း မြောက်ဝမ်းသာ အားရလျက်ရှိ၏။ ကမ္မဋ္ဌာနာနုယောဂမှို၊ ကမ္မဋ္ဌာန်း

တရားကို အားထုတ်ခြင်း၌။ မာနသံ န ဥပ္ပါဒေတိ၊ လိုလားသောစိတ်ကို မဖြစ်စေ။ သီလမတ္တေန၊ သီလချုပ်ဖြင့်။ တုဋ္ဌော၊ ရောင့်ရဲ၍။ ဝါ၊ ရောင့်ရဲသော။ (ဘိက္ခုနော၊ မှာစပ်) ဥတ္တရိ၊ ထို့ထက်အလွန်။ အဓိဂမာယ၊ တရားထူးကိုရဖို့ရန်။ (ထည့်) အဃဋ္ဋန္တဿ၊ အားမထုတ်သော။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ တံ သီလံ၊ ထိုသီလသည်။ ဌိတိဘာဂိယံ၊ ရပ်တန့်နေခြင်းအဖို့ရှိသော သီလမည်သည်။ ဘဝတိ၊ ဖြစ်၏။

ပန၊ အကျူးကား။ သမ္ပန္နသီလော၊ ပြည့်စုံစင်ကြယ်သော သီလရှိသော။ ယော၊ အကြင်ရဟန်းသည်။ တနည်း။ ယော၊ အကြင်ရဟန်းသည်။ သမ္ပန္နသီလော၊ ပြည့်စုံစင်ကြယ်သော သီလရှိသည်ဖြစ်၍။ သမာဓတ္ထာယ၊ ဈာန်သမာဓိအကျိုးငှာ။ ဃဋတိ၊ အားထုတ်၏။ ဧတဿ ဘိက္ခုနော၊ ဤသို့သောရဟန်း၏။ သီလံ၊ သီလသည်။ ဝိသေသ-ဘာဂိယံ၊ထူးသောအဖို့ရှိသောသီလမည်သည်။ ဟောတိ၊ ဖြစ်၏။ယော၊ အကြင်ရဟန်းသည်။ သီလမတ္တေန၊ သီလမျှဖြင့်။ အတုဋ္ဌော၊ မရောင့်ရဲမူ၍။ နိဗ္ဗိဒံ၊ ငြီးငွေ့သော ဝိပဿနာ ဘာဝနာကို။ အနုယုဉ္ဇတိ၊ မပြတ်အားထုတ်၏။ ဧတဿ ဘိက္ခုနော၊ ဤသို့သော ရဟန်း၏။ သီလံ၊ သီလသည်။ နိဗ္ဗေဓဘာဂိယံ၊ ကိလေသာကို ဖောက်ခွဲခြင်းအဖို့ရှိသော သီလမည်သည်။ ဟောတိ၊ ဖြစ်၏။

ဣတိ ဧဝံ၊ ဤသို့လျှင်။ ဟာနဘာဂိယဝသေန၊ ဟာနဘာဂိယသီလစသည်အားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

ဒုတိယစတုက္ကေ၊ ဒုတိယစတုက္က၌။ ဘိက္ခူ အာရဗ္ဘ၊ ရဟန်းတို့ကို အကြောင်းပြု၍။ ပညတ္တသိက္ခာပဒါနိ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့အား။ ပညတ္တိတော၊ ပညတ်ထားအပ်သော သိက္ခာပုဒ်ထဲမှ။ ယေသံ၊ ထိုရဟန်းတို့သည်။ ရက္ခိတဗ္ဗာနိ၊ စောင့်ရှောက်အပ်ကုန်သော။ ယာနိ၊ အကြင် သိက္ခာပုဒ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ ဣဒံ၊ ဤသိက္ခာပုဒ်ဘို့နှင့် စပ်သောသီလသည်။ ဘိက္ခုသီလံ၊ ရဟန်းယောကျ်ားသီလမည်၏။ ဘိက္ခုနိယော အာရဗ္ဘ၊ ရဟန်းမိန်းမတို့ကို အကြောင်းပြု၍။ ပညတ္တိသိက္ခာပဒါနိ စ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ်တို့သည်လည်းကောင်း။ ဘိက္ခူနံ၊ ရဟန်းတော်တို့အား။ ပညတ္တိတော၊ ပညတ်ထားအပ်သော သိက္ခာပုဒ်ထဲမှ။ တာသံ၊ ထိုရဟန်းမိန်းမတို့သည်။ ရက္ခိတဗ္ဗာနိ၊ စောင့်ရှောက်အပ်ကုန်သော။ ယာနိ စ၊ အကြင်သိက္ခာပုဒ်တို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ ဣဒံ၊ ဤသိက္ခာပုဒ် ဘို့နှင့် စပ်သောသီလသည်။ ဘိက္ခုနီသီလံ၊ ရဟန်းမိန်းမတို့ စောင့်ရှောက်အပ်သော သီလမည်၏။ သာမဏေရသာမဏေရီနံ၊ ရှင်သာမဏေ နှင့် ရှင်သာမဏေမတို့၏။ ဒသသီလာနိ၊ ဆယ်ပါးသီလတို့သည်။ အနုပသမ္ပန္န-

သီလံ၊ အနုပသမ္ပန္နသီလ မည်၏။ ဝါ၊ သာမဏေသီလ မည်၏။ ဥပါသက-ဥပါသိကာနံ၊ ဥပါသကာ ဥပါသိကာမတို့သည်။ ရက္ခိတဗ္ဗာနိ၊ စောင့်ရှောက်အပ်ကုန်သော။ (ထည့်) နိစ္စသီလဝသေန၊ အမြဲစောင့်ရှောက်အပ်သော နိစ္စသီလ၏ အစွမ်းအားဖြင့်။ ပဉ္စသိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ဥဿာဟေ ဝါ သတိ၊ စွမ်းနိုင်ပါမူကား။ ဒသ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ဥပေါသထင်္ဂဝသေန၊ ဥပုသ်အင်္ဂါ၏ အစွမ်းအားဖြင့်။ အဋ္ဌ၊ ရှစ်ပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ (ထည့်) ဣဒံ၊ ဤသိက္ခာ ပုဒ်တို့နှင့် စပ်သော သီလသည်။ ဂဟဋ္ဌသီလံ၊ အိမ်နေလူတို့၏ သီလမည်၏။ ဣတိ=ဧဝံ၊ ဤသို့လျှင်။ ဘိက္ခုသီလာဒိဝသေန၊ ဘိက္ခုသီလ စသည် အားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

တတိယစတုက္ကေ၊ တတိယစတုက္ကဌ်၊ ဥတ္တရကုရုကာနံ မနုဿာနံ၊ ဥတ္တရကုရုကျွန်းသားတို့၏။ အဝီတိက္ကမော၊ ငါးပါးသီလတို့ကို မလွန်ကျူးခြင်းသည်။ ပကတိသီလံ၊ ပင်ကိုရင်း သဘော ဖြစ်သော သီသမည်၏။ ကုလဒေသ-ပါသဏ္ဍာနံ၊ လူမျိုးအရပ်ဒေသ ဗုဒ္ဓသာသနာမှ တပါးသောအယူရှိသူတို့၏ လည်းကောင်း။ အတ္တနော အတ္တနော၊ မိမိ မိမိတို့၏။ မရိယာဒါစာရိတ္တံ၊ အသီးအသီးသော စည်းကမ်းကျင့်ဝတ် ဆိုင်ရာ အလေ့အကျင့်သည်။ အာ-စာရသီလံ၊ အလေ့အကျင့် သီလမည်၏။

“အာနန္ဒ၊ အာနန္ဒာ။ ယဒါ၊ အကြင်အခါ၌။ ဗောဓိသတ္တော၊ ဘုရားအလောင်းတော်သည်။ မာတုကုစ္ဆိံ၊ မယ်တော်၏ ဝမ်းတိုက်သို့။ ဩက္ကန္တော ဟောတိ၊ သက်ရောက်လျက်ရှိ၏။ တဒါ၊ ထိုအခါ၌။ ဗောဓိသတ္တမာတု၊ ဘုရားအလောင်း၏ မယ်တော်အား။ ပုရိသေသု၊ ယောကျ်ားတို့၌။ ကာမဂုဏူပသံ-ဟိတံ၊ ကာမဂုဏ်နှင့် စပ်သော။ မာနသံ၊ သာယာတပ်မက်သော စိတ်သည်။ န ဥပ္ပဇ္ဇိ၊ မဖြစ်ပဲရှိလေ၏။ သော၊ ဤသို့မဖြစ်ခြင်းသည်။ ဓမ္မတာတိ၊ ဖြစ်မြဲရိုးရာ ဓမ္မတာပေတည်းဟု။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ဗောဓိသတ္တမာတုသီလံ၊ ဘုရားအလောင်း မယ်တော်၏ သီလသည်။ ဓမ္မတာ-သီလံ၊ ဓမ္မတာ သီလမည်၏။ ပန၊ ထိုမှတပါး။ မဟာကဿပါဒီနံ၊ အရှင်မဟာ-ကဿပအစရှိကုန်သော။ သုဒ္ဓသတ္တာနံ၊ စင်ကြယ်သော သတ္တဝါတို့၏။ သီလံ သီလသည်လည်းကောင်း။ ဝါ၊ သာ တာသု ဇာတိသု၊ သီလဝမင်း၏ ဘဝ အစရှိသော ထိုထိုဘဝတို့၌။ ဗောဓိသတ္တဿ၊ ဘုရားအလောင်းတော်၏။ သီလံ၊ သီလသည် လည်းကောင်း။ ပုဗ္ဗဟေတုကသီလံ၊ ရှေးအကြောင်းရှိသော သီသမည်၏။ ဣတိ=ဧဝံ၊ ဤသို့လျှင်။ ပကတိသီလာဒိဝသေန၊ ပကတိသီလစသည် အားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

စတုတ္ထစတုက္ကေ၊ စတုတ္ထစတုက္ကဉ္။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသီလနှင့် ပြည့်စုံသည် ဖြစ်၍။ အာစာရဂေါစရသမ္ပန္နော၊ အကျင့် ကျက်စားရာတို့နှင့် ပြည့်စုံသည် ဖြစ်၍။ဝိဟရတိ၊ နေ၏၊ အဏုမတ္တေသု ဝဇ္ဇေသု၊ အဏုမြူမျှ သေးငယ်လှသော အပြစ်တို့၌သော်လည်း။ ဘယဒဿာဝီ။ ကြောက်ဖွယ်ဘေးကြီးဟု ရှုမြင်လျက်။ (၁၆) သိက္ခာပဒေသု၊ သိက္ခာပုဒ်တို့၌၊ သမာဒါယ၊ကျင့်ဖွယ်ဟူသမျှကို အကြွင်းမဲ့သိမ်းယူ၍။ သိက္ခတိ၊ ကျင့်၏။ ဣတိ ဧဝံ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ယံ၊ အကြင်သီလကို။ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣဒံ၊ ဤသီလ သည်။ ပါဘိမောက္ခသံဝရသီလံ နာမ၊ ပါတိမောက္ခသံဝရသီလမည်၏။ ပန၊ ထိုမှတပါး။ "သော၊ ထိုရဟန်းသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ ဒိသွာ၊ အဆင်းကိုမြင်လျှင်။ နိမိတ္တဂ္ဂါဟီ၊ မိန်းမ ယောကျ်ားစသော ကိလေသာဖြစ် ကြောင်း ပုံသဏ္ဌာန် နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ခြေလက် ပြုံးဟန် ရယ်ဟန်စသော အသေးစိတ်အင်္ဂါ အခြင်းအရာ အနုဗျဉ္ဇနကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ၊ အကြင် စက္ခုန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နံ၊ ထိုပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနှင့်ဒေါမနဿဟူကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်မပြတ်လိုက်ကုန်၏။တဿ သံဝရာယ၊ ထိုစက္ခုန္ဒြေကို ပိတ်ဆို့စောင့်စည်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ ပိတ်ဆို့စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ သောတေန၊ နားဖြင့်။ သဒ္ဒံ သုတွာ၊ အသံကို ကြားလျှင်။ နိမိတ္တဂ္ဂါဟီ၊ မိန်းမ ယောကျ်ား စသော ကိလေသာဖြစ်ကြောင်း ပုံသဏ္ဌာန် နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ခြေလက်ပြုံးဟန် ရယ်ဟန် စသော အသေးစိတ်အင်္ဂါ အခြင်းအရာ အနုဗျဉ္ဇနကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ၊ အကြင် သောတိန္ဒြေကို မစောင့်ခြင်း ဟူသော အကြောင်းကြောင့်။ သောတိန္ဒြိယံ၊ သောတိန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နံ၊ ထိုပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနှင့် ဒေါမနဿဟူကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ်မပြတ် လိုက်ကုန်၏။ တဿ သံဝရာယ၊ ထိုသောတိန္ဒြေကို ပိတ်ဆို့စောင့်စည်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ သောတိန္ဒြိယံ၊ သောတိန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ သောတိန္ဒြိယေ၊ သောတိန္ဒြေ၌။ သံဝရံ၊ ပိတ်ဆို့စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဃာနေန၊ နှာခေါင်းဖြင့်။ ဂန္ဓံ ဃာယိတွာ၊ အနံ့ကို နံသိလျှင်။

နိမိတ္တဂ္ဂါဟီ၊ မိန်းမ ယောကျ်ား စသော ကိလေသာဖြစ်ကြောင်း ပုံသဏ္ဌာန် နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ခြေလက် ပြုံးဟန် ရယ်ဟန် စသော အသေးစိတ်အင်္ဂါ အခြင်းအရာ အနုဗျဉ္ဇနကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ၊ အကြင် စက္ခုန္ဒြေကို မစောင့်ခြင်း ဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နံ၊ ထိုပုဂ္ဂိုလ်ကို။ အဘိဇ္ဈာ-ဒေါမနဿာ၊ အဘိဇ္ဈာနှင့် ဒေါမနဿ ဟူကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာသဝေယျုံ၊ အစဉ်မပြတ် လိုက်ကုန်၏။ တဿ သံဝရာယ၊ ထို စက္ခုန္ဒြေကို ပိတ်ဆို့စောင့်စည်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ ပိတ်ဆို့စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဇိဝှါယ၊ လျှာဖြင့်။ ရသံ သာယိတွာ၊ အရသာကို လျက်သိလျှင်။ နိမိတ္တဂ္ဂါဟီ၊ မိန်းမ ယောကျ်ား စသော ကိလေသာဖြစ်ကြောင်း ပုံသဏ္ဌာန် နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ခြေလက် ပြုံးဟန် ရယ်ဟန် စသော အသေးစိတ်အင်္ဂါ အခြင်းအရာ အနုဗျဉ္ဇနကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ၊ အကြင် ဇိဝှိန္ဒြေကို မစောင့်ခြင်း ဟူသော အကြောင်းကြောင့်။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နံ၊ ထို ပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနှင့် ဒေါမနဿဟူကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာသဝေယျုံ၊ အစဉ်မပြတ် လိုက်ကုန်၏။ တဿ သံဝရာယ၊ ထို ဇိဝှိန္ဒြေကို စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ ဇိဝှိန္ဒြိယေ၊ ဇိဝှိန္ဒြေ၌။ သံဝရံ၊ ပိတ်ဆို့စောင့်ရှောင့်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ကာယေန၊ ကိုယ်ဖြင့်။ ဖောဋ္ဌဗ္ဗံ ဖုသိတွာ၊ တွေ့ထိဖွယ်ကို ထိသိလျှင်။ နိမိတ္တဂ္ဂါဟီ၊ မိန်းမ ယောကျ်ားစသော ကိလေသာ ဖြစ်ကြောင်း ပုံသဏ္ဌာန် နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ခြေလက် ပြုံးဟန် ရယ်ဟန်စသော အသေးစိတ် အင်္ဂါအခြင်းအရာ အနုဗျဉ္ဇနကိုယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတွာ-ဓိကရဏံ၊ အကြင်ကာယိန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့်။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေကို၊ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နံ၊ ထိုပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနှင့် ဒေါမနဿ ဟူကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ အန္ဝာသဝေယျုံ၊ အစဉ်မပြတ်လိုက်ကုန်၏။ တဿ သံဝရာယ၊ ထို ကာယိန္ဒြေကို စောင့်စည်းခြင်းငှါ။ ပဋိပဇ္ဇတိ၊ ...င့်၏။ ကာယိန္ဒြိယံ၊ ကာယိန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ ကာယိန္ဒြိယေ၊ ကာယိန္ဒြေ၌။ သံဝရံ၊

ပိတ်ဆို့စောင့်ရှောက်ခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ ဝိညာယ၊ သဘောအာရုံကို ကြံသိလျှင်။ နိမိတ္တဂ္ဂါဟီ၊ မိန်းမယောကျ်ားစသော ကိလေသာဖြစ်ကြောင်း ပုံသဏ္ဌာန်နိမိတ်ကိုယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ခြေ လက် ပြုံးဟန် ရယ်ဟန်စသော အသေးစိတ်အင်္ဂါအခြင်းအရာ အနုဗျဉ္ဇနကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတွာဓိကရဏံ၊ အကြင် မနိန္ဒြေကို မစောင့်စည်းခြင်းဟူသော အကြောင်းကြောင့်။ မနိန္ဒြိယံ၊ မနိန္ဒြေကို။ အသံဝုတံ၊ မစောင့်စည်းပဲ။ ဝိဟရန္တံ၊ နေသော။ နံ၊ ထိုပုဂ္ဂိုလ်ကို။ အဘိဇ္ဈာဒေါမနဿာ၊ အဘိဇ္ဈာနှင့် ဒေါမနဿဟူကုန်သော။ ပါပကာ၊ ယုတ်မာကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ အန္ဝာသဝေယျုံ၊ အစဉ်မပြတ်လိုက်ကုန်၏။ တဿ သံဝရာယ၊ ထိုမနိန္ဒြေကို ပိတ်ဆို့စောင့်စည်းခြင်းငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ မနိန္ဒြိယံ၊ မနိန္ဒြေကို။ ရက္ခတိ၊ စောင့်ရှောက်၏။ မနိန္ဒြိယေ၊ မနိန္ဒြေ၌။ သံဝရံ၊ ပိတ်ဆို့စောင့်စည်းခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ ဣတိ၊ ဤသို့။ ယံ သီလံ၊ အကြင်သီလကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣဒံ၊ ဤသီလသည်။ ဣန္ဒြိယသံဝရသီလံ၊ ဣန္ဒြိယသံဝရသီလ မည်၏။ ပန၊ အဖို့တပါးကား။ အာဇီဝဟေတု၊ အသက်မွေးမှုကိုအကြောင်း ပြု၍။ ပညတ္တာနံ၊ ပညတ်တော်မူအပ်ကုန်သော။ ဆန္နံ သိက္ခာပဒါနံ၊ ခြောက်ပါးသော သိက္ခာပုဒ်တို့ကို။ ဝီတိက္ကမဿ၊ လွန်ကျူးခြင်း၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ မိစ္ဆာဇီဝါ၊ မှားသောအသက်မွေးခြင်းမှ။ ယာ ဝိရတိ၊ အကြင် ကြဉ်ရှောင်ခြင်းသည် လည်းကောင်း။ "ကုဟနာ၊ သူတပါးအထင်ကြီးအောင် အံ့ဩဖွယ်ဟန်ဆောင်ခြင်းလည်းကောင်း။ လပနာ၊ ပစ္စည်းလှူရေး လမ်းကြောင်းပေး၍ ပြောဆိုခြင်းလည်းကောင်း။ နေမိတ္တကတာ၊ လှူလိုစိတ်ပေါ်အောင် အရိပ်နိမိတ်ပြခြင်း လည်းကောင်း။ နိပ္ပေသိကတာ၊ မလှူပဲ မနေသာအောင် ဖိနှိပ်ကြိတ်ချေ၍ ပြောဆိုခြင်း လည်းကောင်း။ လာဘေန၊ မိမိရပြီးလာဘ်ဖြင့်။ လာဘံ၊ သူတပါးလာဘ်ကို။ နိဇိဂီသနတာ၊ ရှာမှီးခြင်းလည်းကောင်း ။" ဣတိ=ဧဝမာဒီနံ (ဓမ္မာနဉ္စ)၊ ဤသို့အစရှိကုန်သော။ ပါပဓမ္မာနံ၊ ယုတ်မာသောအကျင့်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ မိစ္ဆာဇီဝါ၊ မှားသော အသက်မွေးခြင်းမှ။ ယာ ဝိရတိ၊ အကြင်ကြဉ်ရှောင်ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤကြဉ်ရှောင်ခြင်းသည်။ အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလ မည်၏။ "ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ပဋိသင်္ခါ-ပဋိသင်္ခါယ၊ ဆင်ခြင်၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ သီတဿ၊ အအေးကို။ယာဝဒေဝ ပဋိဃာတာယ၊ ပယ်ဖျောက်ခြင်းမျှ အကျိုး ငှာသာလျှင်။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ ဣတိ အာဒိနာ နယေန၊ ဤသို့

အစရှိသောနည်းဖြင့်။ ဂုတ္တော၊ ဟောတော်မူအပ်သော။ ပဋိသင်္ခါနုပရိသုဒ္ဓေါ၊ ဆင်ခြင်ခြင်းဖြင့် ထက်ဝန်းကျင် စင်ကြယ်သော။ စတုပစ္စယ ပရိဘောဂေါ၊ ပစ္စည်းလေးပါးကို သုံးဆောင်ခြင်းသည်။ ပစ္စယသန္နိဿိတသီလံ နာမ၊ ပစ္စယသန္နိဿိတ သီလမည်၏။

## ပါတိမောက္ခသံဝရသီလ

၁၄။ တတြ၊ ထိုပါတိမောက္ခသံဝရစသည်တို့၌။ အယံ၊ ဤဆိုမည့်စကားသည်။ အာဒိတော၊ ဋ္ဌမ ဘိက္ခုစသည်ဖြင့် ဟောကြားတော်မူသော ဒေသနာတော်အစမှ။ ပဋ္ဌာယ၊ စ၍။ အနုပုဗ္ဗပဒဝဏ္ဏနာယ သဒ္ဓိံ၊ ပုဒ်စဉ်အတိုင်း အဖွင့်နှင့်တကွ။ ဝိနိစ္ဆယကထာ၊ အဆုံးအဖြတ်စကားပေတည်း။ ဣဓာတိ၊ ဣဓဟူသည်ကား။ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ဘိက္ခုတိ၊ ဘိက္ခုဟူသည်ကား။ သံသာရေ၊ သံသရာ၌။ ဘယံ၊ ကြောက်ဖွယ်ဘေးကို။ ဣက္ခဏတာယ ဝါ၊ မျှော်ရှုတတ်သောကြောင့်လည်းကောင်း။ ဘိန္နပဋ္ဋဓရာဒိတာယ ဝါ၊ အဖိုးအတွေ့ အဆင်းအားဖြင့် ပျက်စီးသော အဝတ် သင်္ကန်းကို ဆောင်တတ်သူစသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဧဝံ လဒ္ဓဝေါဟာရော၊ ဤသို့ ဘိက္ခုဟု ရအပ်သော အမည်ရှိသော။ သဒ္ဓါပဗ္ဗဇိတော၊ ယုံကြည်၍ ရဟန်းပြုသော။ ကုလပုတ္တော၊ အမျိုးသားပေတည်း။ ပါတိမောက္ခသံဝရသံဝုတောတိ ဧတ္ထ၊ ပါတိမောက္ခသံဝရသံဝုတောဟူသော ဤပါဌ်၌။ ပါတိမောက္ခန္တိ၊ ပါတိမောက္ခဟူသည်ကား။ သိက္ခာပဒသီလံ၊ စာရိတ္တ ဝါရိတ္တ သိက္ခာပုဒ်တို့ဖြင့် ပညတ်အပ်သောသီလပေတည်း။ ဟိ၊ မှန်၏။ ယော၊ အကြင်သူသည်။ နံ၊ ထိုသိက္ခာပုဒ်သီလကို။ ပါတိ ရက္ခတိ၊ စောင့်ရှောက်၏။ တံ၊ ထိုစောင့်ရှောက်သောသူကို။ အာပါယိကာဒီဟိ ဒုက္ခေဟိ၊ အပါယ်ဆင်းရဲစသည်တို့မှ။ မောက္ခေတိ မောစယတိ၊ လွတ်မြောက်စေတတ်၏။ (ဤဝါကျ၌ အခဆုံးတ ပုဒ်အနက်မရှိ)။ တသ္မာ၊ ထို့ကြောင့်။ ပါတိမောက္ခန္တိ၊ ပါတိမောက္ခ ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ သံဝရဏံ၊ ပိတ်ဆို့ကြောင်းသည်။ သံဝရော၊ သံဝရမည်၏။ ဧတံ၊ ဤသံဝရဟူသောအမည်သည်။ ကာယိကဝါစသိကဿ၊ ကိုယ်နှုတ်၌ဖြစ်သော။ အဝီတိက္ကမဿ၊ မလွန်ကျူးခြင်း၏။ နာမံ၊ အမည်ပေတည်း။ ပါတိမောက္ခမေဝ၊ ပါတိမောက်သီလသည်ပင်။ သံဝရော၊ ပိတ်ဆို့မှုသံဝရ၊ ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရသည်ပင် ပိတ်ဆို့မှုသံဝရ။ တေန ပါတိမောက္ခသံဝရေန၊ ထိုပိတ်ဆို့မှု ပါတိမောက္ခသံဝရသီလဖြင့်။ သံဝုတော၊ ပိတ်ဆို့အပ်သည်။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသီလဟူသော ပိတ်ဆို့မှုသံဝရဖြင့် ပိတ်ဆို့အပ်သည်။ ဥပေတော၊ ကပ်ရောက်သည်။ သမန္နာဂတော၊ ပြည့်စုံသည်တည်း။ ဣတိ=အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ဝိဟရတီတိ၊ ဝိဟရတိဟူသည်ကား။ ဣရိယတိ၊

ခန္ဓာကိုယ်အတ္တဘောကို မပြတ်ဖြစ်စေ၏။ အာစာရဂေါစရသမ္ပန္နော ဝတိအာဒီနံ၊ အာစာရဂေါစရသမ္ပန္နောအစရှိသောပုဒ်တို့၏။ အတ္ထော၊ အနက်ကို။ ပါဠိယံ၊ အဘိဓမ္မာစျာနဝိဘင်းပါဠိတော်၌။ အာဂတနယေနေဝ၊ လာသောနည်းဖြင့်ပင် လျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ မှန်၏။ (တတ္ထ၊ ထို ဝိဘင်းပါဠိတော်၌။)—

"အာစာရဂေါစရသမ္ပန္နောတိ ဧတ္ထ၊ အာစာရဂေါစရသမ္ပန္နောဟူသော ဤပါဌ်၌။ အာစာရော၊ သင့်သောအကျင့်သည်။ အတ္ထိ၊ ရှိ၏။ အနာစာရော၊ မသင့်သောအကျင့်သည်။ အတ္ထိ၊ ရှိ၏။ (၁၇) တတ္ထ၊ ထိုတွင်။ အနာစာရော၊ မသင့်သောအကျင့်သည်။ ကတမော၊ အဘယ်နည်း။ ကာယိကော၊ ကိုယ်၌ဖြစ်သော။ ဝီတိက္ကမော၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်းသည်။ ဝါစသိကော၊ နှုတ်၌ဖြစ်သော။ ဝီတိက္ကမော၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်းသည်။ ကာယိကဝါစသိကော၊ ကိုယ်၌ နှုတ်၌ဖြစ်သော။ ဝီတိက္ကမော၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ အကျင့်ဆိုးကို။ အနာစာရော၊ မသင့်သောအကျင့်ဟု။ ဝုစ္စတိ၊ ဆိုအပ် ၏။ (ထည့်စပ်)။ သဗ္ဗမ္ပိ ဒုဿီလျံ၊ သီလပျက်သူဖြစ်ကြောင်း အကျင့် အလုံးစုံကိုလည်း။ အနာစာရော၊ မသင့်သောအကျင့်ဟု။ ဝုစ္စတိ၊ ဆိုအပ် ၏။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သောရဟန်းသည်။ ဝေဠုဒါနေန ဝါ၊ ဝါးပေးခြင်းဖြင့်လည်းကောင်း။ ပတ္တဒါနေန ဝါ၊ သစ်ရွက်ပေးခြင်းဖြင့်လည်းကောင်း။ ပုပ္ဖ,ဖလ, သိနာန,ဒန္တကဋ္ဌဒါနေန ဝါ၊ ပန်းပေးခြင်း, သစ်သီးပေးခြင်း, ကသယ်မှုန့် (ဆပ်ပြာပေးခြင်း) ဒန်ပူပေးခြင်းဖြင့်လည်းကောင်း။ စာဋုကမျတာယ ဝါ၊ ပျူပျူငှာငှာ ပြောဆိုခြင်းဖြင့်လည်းကောင်း။ မုဂ္ဂသူပျတာယ ဝါ၊ ပဲနောက်ဟင်း တူစွာအမှန်နည်းသော စကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း။ ပါရိဘဋျတာယ ဝါ၊ ဒါယကာတို့၏ ကလေးသူငယ်ကို ချီပိုးထိန်းကျောင်း ခြင်းဖြင့်လည်းကောင်း။ ဇင်္ဃပေသနိကေန ဝါ၊ ဒါယကာတို့၏ အမှာ စကားကို ပို့ဆောင်သော ခြေသလုံး အစေအပါးခံခြင်းဖြင့် လည်း ကောင်း။ ဗုဒ္ဓပဋိကုဋ္ဌေန၊' မြတ်စွာဘုရားတို့ ကဲ့ရဲ့တားမြစ်အပ်သော။ အညတရညတရေန၊ တမျိုးမျိုးသော။ မိစ္ဆာအာဇီဝေန ဝါ၊ မှားသော အသက်မွေးခြင်းဖြင့်လည်းကောင်း။ ဇီဝိကံ ကပ္ပေတိ၊ အသက်မွေးခြင်း ကို ပြု၏။ အယံ၊ ဤပြုမှုကို။ အနာစာရော၊ မသင့်လျော်သောအကျင့် ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုတွင်။ အာစာရော၊ သင့်လျော်သောအကျင့်သည်။ ကတမော၊ အဘယ်နည်း။ ကာယိကော၊ ကိုယ်၌ဖြစ်သော။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ ဝါစသိကော၊ နှုတ်၌ဖြစ်သော။ အဝီတိက္ကမော၊

မလွန်ကျူးခြင်းသည်။ ကာယိကဝါစသိကော၊ ကိုယ်နှုတ်၌ ဖြစ်သော။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအကျင့်ကောင်းကို။ အာစာရော၊ သင့်လျော်သောအကျင့်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သဗ္ဗောပိ သီလသံဝရော၊ သီလစောင့်စည်းမှု အလုံးစုံကိုလည်း။ အာစာရော၊ သင့်လျော်သောအကျင့်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣဓ၊ ဤသာသနာတော်၌။ ကေစ္စော၊ အချို့သောရဟန်းသည်။ ဝေဠုဒါနေန ဝါ၊ ဝါးပေးခြင်းဖြင့်မူလည်း။ ဇီဝိကံ၊ အသက်မွေးခြင်းကို။ န ကပ္ပေတိ၊ မပြု။ ပတ္တဒါနေန ဝါ၊ သစ်ရွက်ပေးခြင်းဖြင့်မူလည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ ပုပ္ဖဒါနေန ဝါ၊ ပန်းပေးခြင်းဖြင့်မူလည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ ဖလဒါနေန ဝါ၊ သစ်သီးပေးခြင်းဖြင့်မူလည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကို မပြု။ သိနာနဒါနေန ဝါ၊ ကသယ်မှုန့် (ဆပ်ပြာ) ပေးခြင်းဖြင့်မူလည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ ဒန္တကဋ္ဌဒါနေန ဝါ၊ ဒန်ပူပေးခြင်းဖြင့်မူလည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကို မပြု။ စာဋုကမျတာယ ဝါ၊ ပျူပျူငှာငှာ ပြောဆိုခြင်းဖြင့်လည်း။ ဇီဝိကံ န ကပ္ပေတိ၊အသက်မွေးခြင်းကိုမပြု။ မုဂ္ဂသူပျတာယ ဝါ၊ ပဲနောက်ဟင်းတူစွာ ပြောဆိုခြင်းဖြင့်လည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ ပါရိဘဋျတာယ ဝါ၊ ချီပိုးထိန်းကျောင်းခြင်းဖြင့်လည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ ဇင်္ဃပေ-သနိကေန ဝါ၊ ခြေသလုံးအစေအပါး ခံခြင်းဖြင့်လည်း။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ ဗုဒ္ဓပဋိကုဋ္ဌေန၊ မြတ်စွာဘုရားတို့ ကဲ့ရဲ့တားမြစ်အပ်သော။ အညတရညတရေန၊ တမျိုးမျိုးသော။ မိစ္ဆာ-အာဇီဝေန၊ မှားသော အသက်မွေးမှုဖြင့်။ ဇီဝိကံ န ကပ္ပေတိ၊ အသက်မွေးခြင်းကိုမပြု။ အယံ၊ ဤဝါးပေးခြင်းစသည်ဖြင့် အသက်မွေးမှုမပြုခြင်းကို။ အာစာရော၊ သင့်လျော်သောအကျင့်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။

ဂေါစရောတိ ဧတ္ထ၊ ဂေါစရောဟူရာ၌။ ဂေါစရော၊ သင့်လျော်သော ကျက်စားရာသည်။ အတ္ထိ၊ ရှိ၏။ အဂေါစရော၊ မသင့်လျော်သော ကျက်စားရာသည်။ အတ္ထိ၊ ရှိ၏။

တတ္ထ၊ ထိုတွင်။ အဂေါစရော၊ မသင့်လျော်သော ကျက်စားရာဟူသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ကေစ္စော၊ အချို့သော ရဟန်းသည်။ ဝေသိယာ ဂေါစရော ဝါ၊ ပြည့်တန်ဆာမလျှင် ကျက်စားရာရှိသည်လည်းကောင်း။ ဝိဓဝါ ဝိဓဝါဂေါစရော ဝါ၊

မုဆိုးမလျှင် ကျက်စားရာရှိသည်လည်းကောင်း။( ထုလ္လကုမာရိကာ ) ထုလ္လကုမာရိကာဂေါစရော ဝါ၊ အပျိုကြီးလျှင် ကျက်စားရာရှိသည် လည်းကောင်း။ ပဏ္ဍကဂေါစရော ဝါ၊ ပဏ္ဍုက်လျှင် ကျက်စားရာရှိသည် လည်းကောင်း။ ဘိက္ခုနီဂေါစရော ဝါ၊ ဘိက္ခုနီမလျှင် ကျက်စားရာရှိ သည်လည်းကောင်း။ ပါနာဂါရဂေါစရော ဝါ၊ သေရည်ဆိုင်လျှင် ကျက် စားရာရှိသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ရာဇူဟိ ဝါ၊ မင်းတို့နှင့် လည်းကောင်း။ ရာဇမဟာမတ္တေဟိ ဝါ၊ မင်း၏ အမတ်ကြီးတို့နှင့် လည်းကောင်း။ တိတ္ထိယေဟိ ဝါ၊ တိတ္ထိတို့နှင့်လည်းကောင်း။ တိတ္ထိယ- သာဝကေဟိ ဝါ၊ တိတ္ထိတို့၏ တပည့်ဒကာတို့နှင့်လည်းကောင်း။ အနနု- လောမိကေန၊ သိက္ခာသုံးပါးအား မလျော်သော။ သံသဂ္ဂေန၊ ရောနှော ဆက်ဆံခြင်းဖြင့်။ သံသဋ္ဌော၊ ရောနှောဆက်ဆံလျက်။ ဝိဟရတိ၊ နေ၏။ ဝါ ပန၊ တနည်းသော်ကား။ ယာနိ တာနိ ကုလာနိ၊ အကြင်အမျိုးတို့ သည်။ အဿဒ္ဓါနိ၊ ကံ ကံ၏အကျိုးကို ယုံကြည်သော သဒ္ဓါတရားမရှိ ကုန်။ အပ္ပသန္နာနိ၊ ရတနာသုံးပါးကို မကြည်ညိုကုန်။ အနောပါနဘူ- တာနိ၊ စတုဒိသာ ရေကန်ရေတွင်းသဖွယ် မဖြစ်၍ ရဟန်းတို့ ဆည်းကပ် ရန် မလျောက်ပတ်ကုန်။ ဘိက္ခူနံ၊ ရဟန်းတို့ကိုလည်းကောင်း။ ဘိက္ခု- နီနံ၊ ရဟန်းမိန်းမတို့ကိုလည်းကောင်း။ ဥပါသကာနံ၊ ဥပါသကာတို့ကို လည်းကောင်း။ ဥပါသိကာနံ၊ ဥပါသိကာမတို့ကို လည်းကောင်း။ အက္ကောသက ပရိဘာသကာနိ၊ဆဲရေးကြိမ်းမောင်းတတ်ကုန်၏။အနတ္ထ- ကာမာနိ၊ အကျိုးမဲ့ကို အလိုရှိကုန်၏။ အဟိတကာမာနိ၊ စီးပွားမဲ့ကို အလိုရှိကုန်၏။ အဖာသုကာမာနိ၊ ချမ်းသာစွာ နေရခြင်းကို အလိုမရှိ ကုန်။ အယောဂက္ခေမကာမာနိ၊ ဘေးရန်နှင့်ယှဉ်မှု၏ ကုန်ခြင်းကို အလို မရှိကုန်။ တထာရူပါနိ ကုလာနိ၊ ထိုသို့သောအမျိုးတို့ကို။ သေဝတိ၊ မှီဝဲ၏။ ဘဇတိ၊ ဆည်းကပ်၏။ ပယိရုပါသတိ၊ ကပ်ရောက်၏။ အယံ၊ ဤပြည့်တန်ဆာမ-စသော ကျက်စားရာအရပ်ကို။ အဂေါစရော၊ မသင့် လျော်သော ကျက်စားရာ-ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုတွင်။ ဂေါစရော၊ သင့်လျော်သော ကျက်စားရာသည်။ က- တမော၊ အဘယ်နည်း။ဣဓ၊ ဤသာသနာတော်၌။ကေစ္စော၊ အချို့သော ရဟန်းသည်။ ဝေသိယာ ဂေါစရော၊ ပြည့်တန်ဆာမလျှင်မှုလည်း ကျက် စားရာရှိသည်။ န ဟောတိ၊ မဖြစ်။ပ။ ပါနာဂါရဂေါစရော ဝါ၊ သေ ရည်ဆိုင်လျှင်မှုလည်း ကျက်စားရာရှိသည်။န ဟောတိ၊မဖြစ်။ ရာဇူဟိ၊ မင်းတို့နှင့်လည်းကောင်း။ ပ။ တိတ္ထိယသာဝကေဟိ၊ တိတ္ထိတို့၏ တပည့်ဒကာတို့နှင့်လည်းကောင်း။ အနနုလောမိကေန၊ မလျော်သော။

သံသဋ္ဌေန၊ ရောနှော၍ဆက်ဆံခြင်းဖြင့်။ အသံသဋ္ဌော၊ မရောနှောသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ တနည်း။ အသံသဋ္ဌော ဝိဟရတိ။ ဆွေနှော ဆက်ဆံလျက်မနေ။ ဝါ ပန၊ တနည်းသော်ကား။ ယာနိ တာနိ ကုလာနိ၊ အကြင်အမျိုးတို့သည်။ သဒ္ဓါနိ၊ သဒ္ဓါတရားရှိကုန်၏။ ပသန္နာနိ၊ ကြည်ညိုကုန်၏။ ဩပါနဘူတာနိ၊ စတုဒိသာ ရေကန် ရေတွင်းသဖွယ်ဖြစ်ကုန်၏။ ကာသာဝပဇ္ဇောတာနိ၊ သင်္ကန်းရောင်ဖြင့် တောက်ပကုန်၏။ ဣသိဝါတပဋိဝါတာနိ၊ ရဟန်းတို့၏ သွားလာ လှုပ်ရှားမှုကြောင့်ဖြစ်သော လေဖြင့်တိုက်ခတ်သော လေရှိကုန်၏။ ဘိက္ခူနံ၊ ရဟန်းတို့၏လည်းကောင်း။ ပ။ ဥပါသိကာနံ၊ ဥပါသိကာ မတို့၏လည်းကောင်း။ အတ္ထကာမာနိ၊ အကျိုးကိုအလိုရှိကုန်၏။ ပ။ ယောဂက္ခေမကာမာနိ၊ ဘေးရန်နှင့် ယှဉ်မှု၏ကုန်ခြင်းကိုအလိုရှိကုန်၏။ တထာရူပါနိ ကုလာနိ၊ ထိုသို့သော အမျိုးတို့ကို။ သေဝတိ၊ မှီဝဲ၏၊ ဘဇတိ၊ ချဉ်းကပ်၏။ ပယိရုပါသတိ၊ ကပ်ရောက်၏။ အယံ၊ ဤကျက်စားရာအရပ်ကို။ ဂေါစရော၊ သင့်လျော်သော ကျက်စားရာ ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့လျှင်။ ဣမိနာ စ အာစာရေန၊ ဤဆိုခဲ့သော သင့်လျော်သော အကျင့်နှင့်လည်းကောင်း။ ဣမိနာ ဂေါစရေန၊ ဤဆိုခဲ့သော သင့်လျော်သော ကျက်စားရာနှင့်လည်း ကောင်း။ (၁၀) ဥပေတော၊ ပြည့်စုံ၏။ သမုပေတော၊ ကောင်းစွာ ပြည့်စုံ၏။ ဥပဂတော၊ ကပ်၏။ သမုပဂတော၊ ကောင်းစွာကပ်၏။ ဥပပန္နော၊ ကပ်ရောက်၏။ သမ္ပန္နော၊ တပေါင်းတည်းဖြစ်၏။ သမန္နာ-ဂတော၊ တကွမကွာဖြစ်၏။ တေန၊ ထိုကြောင့်။ အာစာရဂေါစရသမ္ပ-န္နောတိ၊ သင့်လျော်သောအကျင့်ကျက်စားရာတို့နှင့် ပြည့်စုံသည်ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

အပိ စ၊ တနည်းသော်ကား။ ဧတ္ထ၊ ဤပါတိမောက္ခသီလ နိဒ္ဒေသ၌။ ဣမိနာပိ နယေန၊ ဤဆိုလတ္တံ့သောနည်းဖြင့်လည်း။ အာစာရ-ဂေါစရာ၊ အကျင့်အာစာရ ကျက်စားရာဂေါစရတို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဟိ၊ ဤအံ့။ အနာစာရော၊ မသင့်လျော်သောအကျင့်သည်။ ကာယိကော စ၊ ကိုယ်၌ဖြစ်သောအကျင့်လည်းကောင်း။ ဝါစသိကော စ၊ နှုတ်၌ဖြစ်သောအကျင့်လည်းကောင်း။ ဣတိ၊ ဤသို့ (ထည့်)။ ဒုဝိ-ဓော၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုတွင်။ ကာယိကော၊ ကိုယ်၌ဖြစ် သော။ အနာစာရော၊ မသင့်လျော်သောအကျင့်သည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ သံဃဂတောပိ၊ သံဃာ့အစည်းအဝေးသို့ ရောက်လတ်

သောဘ်မှုလည်း။ အစိတ္တီကာရကတော၊ ရိုသေမှုကို မပြုမူ၍။ ထေရေ ဘိက္ခူ၊ ထေရ်ကြီးရဟန်းတို့ကို။ ဃဋ္ဋယန္တောပိ၊ တိုးဝှေ့ထိပါးလျက်လည်း။ တိဋ္ဌတိ၊ ရပ်လျက်နေ၏။ ဃဋ္ဋယန္တောပိ နိသီဒတိ၊ တိုးဝှေ့ထိပါးလျက်လည်းထိုင်နေ၏။ ပုရတောပိ တိဋ္ဌတိ၊ ရှေ့၌လည်းရပ်လျက်နေ၏။ ပုရတောပိ နိသီဒတိ၊ ရှေ့၌လည်းထိုင်နေ၏။ ဥစ္စေပိ အာသနေ၊ မြင့်သောနေရာ၌လည်း၊ နိသီဒတိ၊ ထိုင်နေ၏။ သသီသမ္ပိ ပါရုပိတွာ၊ ဦးခေါင်းပါခြုံလျက်လည်း။ နိသီဒတိ၊ ထိုင်နေ၏။ ဌိတကောပိ၊ ရပ်လျက်လည်း။ ဘဏတိ၊ ပြောဆို၏။ ဗာဟာ ဝိက္ခေပကောပိ၊ လက်ရုံးလက်မောင်းဆန့်ဟန်းလျက်လည်း။ ဘဏတိ၊ ပြောဆို၏။ ထေရာနံ ဘိက္ခူနံ၊ ထေရ်ကြီးရဟန်းတို့သည်။ အနုပါဟနာနံ၊ ဖိနပ်မစီးကုန်ပဲ။ စင်္ကမန္တာနံ၊ စင်္ကြံသွားနေကြစဉ်။ သဥပါဟနော၊ ဖိနပ်စီးလျက်။ စင်္ကမတိ၊ စင်္ကြံသွား၏။ နီစေ စင်္ကမေ၊ နိမ့်သောစင်္ကြံ၌။ စင်္ကမန္တာနံ၊ စင်္ကြံသွားကြစဉ်။ ဥစ္စေ စင်္ကမေ၊ မြင့်သောစင်္ကြံ၌ စင်္ကမတိ၊ စင်္ကြံသွား၏။ ဆမာယ၊ မြေပြင်၌။ စင်္ကမန္တာနံ၊ စင်္ကြံသွားနေကြစဉ်။ စင်္ကမေ၊ စင်္ကြံ၌။ စင်္ကမတိ၊ စင်္ကြံသွား၏။ ထေရေ ဘိက္ခူ၊ ထေရ်ကြီးရဟန်းတို့ကို။ အနုပခဇ္ဇာပိ၊ တိုးဝှေ့လျက်လည်း။ တိဋ္ဌတိ၊ ရပ်နေ၏။ အနုပခဇ္ဇာပိ၊ တိုးဝှေ့လျက်လည်း။ နိသီဒတိ၊ ထိုင်နေ၏။ နဝေပိ ဘိက္ခူ၊ သီတင်းငယ်ရဟန်းတို့ကိုလည်း။ အာသနေန၊ နေရာဖြင့်။ ပဋိဗာဟတိ၊ တားမြစ်၏။ ဇန္တာဃရေပိ၊ ချွေးဇရုံးအိမ်၌လည်း။ ထေရေ ဘိက္ခူ၊ ထေရ်ကြီးရဟန်းတို့ကို။ အနာပုစ္ဆာ၊ မပန်ကြားပဲ။ ကဋ္ဌံ ပက္ခိပတိ၊ မီးဖို၌ထင်းထည့်၏။ ဝါ၊ မီးထိုး၏။ ဒွါရံ ပိဒဟတိ၊ တံခါးကိုပိတ်၏။ ဥဒကတိတ္ထေပိ၊ ရေဆိပ်၌လည်း။ ထေရေ ဘိက္ခူ၊ ထေရ်ကြီးရဟန်းတို့ကို။ ဃဋ္ဋယန္တောပိ၊ တိုးဝှေ့ထိပါးလျက်လည်း။ ဩတရတိ၊ သက်ဆင်း၏။ ပုရတောပိ ဩတရတိ၊ ရှေ့မှလည်း သက်ဆင်း၏။ ဃဋ္ဋယန္တောပိ နှာယတိ၊ တိုးဝှေ့ထိပါးလျက်လည်း ရေချိုး၏။ ပုရတောပိ နှာယတိ၊ ရှေ့မှလည်း ရေချိုး၏။ ဃဋ္ဋယန္တောပိ ဥတ္တရတိ၊ တိုးဝှေ့ထိပါးလျက်လည်း တက်၏။ ပုရတောပိ ဩတရတိ၊ ရှေ့မှလည်း တက်၏။ အန္တရဃရံ ပဝိသန္တောပိ၊ ရွာတွင်းသို့ဝင်လတ်သော်လည်း။ ထေရေ ဘိက္ခူ၊ ထေရ်ကြီးရဟန်းတို့ကို။ ဃဋ္ဋယန္တောပိ ဂစ္ဆတိ၊ တိုးဝှေ့ထိပါးလျက်လည်းသွား၏။ ပုရတောပိ ဂစ္ဆတိ၊ ရှေ့မှလည်းသွား၏။ ဝေါက္ကမ္မ စ၊ နံပါးမှဖဲကာ။ (ဘေးဖယ်၍။) ထေရာနံ ဘိက္ခူနံ၊ ထေရ်ကြီးရဟန်းတို့၏။ ပုရတော ပုရတော ဂစ္ဆတိ၊ ရှေ့မှရှေ့မှသွား၏။ ကုလာနံ၊ အမျိုးဒါယကာတို့၏။ ယာနိပိ တာနိ ဩဝရကာနိ၊ အကြင်အိမ်တိုက်ခန်းတို့သည်။ ဂုဠှာနိ စ၊ လျှို

ဝှက်အပ်ကုန်သည်လည်းကောင်း။ ပဋိစ္ဆန္နာနိ စ၊ အခန်းဆီးစသည်တို့ဖြင့် ကာကွယ်အပ်ကုန်သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယတ္ထ၊ အကြင် အိပ်ရာတိုက်ခန်းတို့၌။ ကုလိတ္ထိယော၊ အိမ်ထောင်သည်အမျိုးမိန်းမတို့သည်လည်းကောင်း။ ကုလကုမာရိယော၊ အမျိုးသမီးပျိုတို့သည်လည်းကောင်း။ နိသီဒန္တိ၊ နေကုန်၏။ တတ္ထ၊ ထိုသို့သောဘိုက်ခန်းတို့၌လည်း။ သဟသာ ပဝိသတိ၊ အဆောတလျင်ဝင်၏။ ကုမာရကဿပိ သီသံ၊ သတို့သားငယ်၏ ဦးခေါင်းကိုလည်း။ ပရာမသတိ၊ သုံးသပ်၏။ အယံ၊ ဤဆိုအပ်ခဲ့သော အပြုအမူအလုံးစုံကို။ ကာယိကော အနာစာရော၊ ကိုယ်၌ဖြစ်သော မသင့်လျော်သောအကျင့်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတ္ထ၊ ထိုတွင်။ ဝါစသိကော အနာစာရော၊ နှုတ်၌ဖြစ်သောမသင့်လျော်သောအကျင့်သည်။ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ကေစ္စော၊ အချို့သောပုဂ္ဂိုလ်သည်။သံဃဂတောပိ၊သံဃာ့အစည်းအဝေးသို့ရောက်လတ်သော်မူလည်း။ အစိတ္တီကာရကတော၊ ရိုသေမှုကို မပြုမူ၍။ ထေရေ ဘိက္ခူ၊ ထေရ်ကြီးရဟန်းတို့ကို။ အနာပုစ္ဆာ၊ မပန်ကြားပဲ။ ဓမ္မံ ဘဏတိ၊ တရားကိုဟော၏။ ပဉှံ ဝိဿဇ္ဇေတိ၊ ပြဿနာကိုဖြေ၏။ ပါတိမောက္ခံ ဥဒ္ဒိသတိ၊ ပါတိမောက်ကိုပြ၏။ ဌိတကောပိ ဘဏတိ၊ ရပ်လျက်သည်းပြောဆို၏။ ဗာဟာ ဝိက္ခေပကောပိ ဘဏတိ၊ လက်ရုံးလက်မောင်းဆန့်တန်းလျက်လည်းပြောဆို၏။ အန္တရဃရံ ပဝိဋ္ဌောပိ၊ ရွာတွင်းသို့ဝင်လတ်သော်လည်း။ ဣတ္ထိံ ဝါ၊ အိမ်ထောင်သည်မိန်းမကိုသော်လည်းကောင်း။ ကုမာရိံ ဝါ၊ အမျိုးသမီးပျိုကိုသော်လည်းကောင်း။ဧဝံ၊ ဤသို့သောစကားကို။ အာဟ၊ ဆို၏။ "ဣတ္ထန္နာမေ၊ ဤအမည်ရှိသောဒကာမ။ ဣတ္ထံဂေါတ္တေ၊ ဤအနွယ်ရှိသောဒကာမ။ ကိံ အတ္ထိ၊ အဘယ်စားသောက်ဖွယ်ရှိသနည်း။ ယာဂု အတ္ထိ၊ ယာဂုရှိသလော။ဘတ္တံ အတ္ထိ၊ ထမင်းရှိသလော။ ခါဒနီယံ အတ္ထိ၊ ခဲဖွယ်ရှိသလော။ ကိံ ပိဝိဿာမ၊ အဘယ်ကို ငါတို့သောက်ရကုန်အံ့နည်း။ ကိံ ခါဒိဿာမ၊ အဘယ်ကို ငါတို့ခဲရကုန်အံ့နည်း။ ကိံ ဘုဉ္ဇိဿာမ၊ အဘယ်ကို ငါတို့စားရကုန်အံ့နည်း။ ကိံ ဝါ၊ အဘယ်အရာကိုမူလည်း၊ မေ ဒဿထ၊ ငါ့အားလှူကုန်အံ့နည်း" ဣတိ၊ ဤသို့။ ဝိပ္ပလပတိ၊ အဖွေထွေပြောဆို၏။ အယံ၊ ဤပြောဆိုပုံ အလုံးစုံကို။ ဝါစသိကော အနာစာရော၊ နှုတ်၌ဖြစ်သော မသင့်မလျော်သောအကျင့်ဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ အာစာရော ပန၊ သင့်လျော်သောအကျင့်ကိုမူကား။ အဿ၊ ထိုမသင့်လျော်သောအကျင့်၏။ ပဋိပက္ခဝသေန၊ ဆန့်ကျင်ဘက်၏အစွမ်းအားဖြင့်။ ဝေဒိ-တဗ္ဗော၊ သိအပ်၏။

(၁၉) အပိ စ၊ နိဒ္ဒေသပါဠိနည်းမှတပါး အဋ္ဌကထာနည်းကား။ ဘိက္ခု၊ ရဟန်းသည်။ သဂါရဝေါ၊ ရိုသေလေးစားခြင်းရှိသည်။ သပ္ပဋိဿော၊ တုပ်ဝပ်နှိမ့်ချခြင်းရှိသည်ဖြစ်၍။ ဟိရောတ္တပ္ပသမ္ပန္နော၊ အရှက်အကြောက်နှင့်ပြည့်စုံသည်။ သုနိဝတ္ထော၊ သေခိယနှင့်အညီ ကောင်းစွာဝတ်သည်ဖြစ်၍။ သုပါရုတော၊ ကောင်းစွာရုံသည်ဖြစ်၍။ ပါသာဒိကေန၊ ကြည်ညိုဖွယ် ကိုဆောင်သော။ အဘိက္ကန္တေန၊ ရှေ့သို့ တက်ခြင်းဖြင့်လည်းကောင်း။ ပဋိက္ကန္တေန၊ နောက်သို့ဆုတ်ခြင်းဖြင့် လည်းကောင်း။ အာလောကိတေန၊ တူရူကြည့်ခြင်းဖြင့်လည်းကောင်း။ ဝိလောကိတေန၊ စောင်းငဲ့ကြည့်ခြင်းဖြင့်လည်းကောင်း။ သမိဉ္ဇိတေန၊ ကွေးခြင်းဖြင့်လည်းကောင်း။ပသာရိတေန၊ ဆန့်ခြင်းဖြင့်လည်းကောင်း။ ဩက္ခိတ္တစက္ခု၊ ချအပ်သောမျက်လွှာရှိသည်။ ဣရိယာပထသမ္ပန္နော၊ ကြည်ညိုဖွယ် ဣရိယာပုထ်နှင့် ပြည့်စုံသည်ဖြစ်၍။ ဣန္ဒြိယေသု၊ စက္ခု စသော ဣန္ဒြေခြောက်ပါးတို့၌။ ဂုတ္တဒွါရော၊ လုံခြုံစွာပိတ်ဆို့ အပ်သော တံခါးရှိသည်ဖြစ်၍။ ဘောဇနေမတ္တညူ၊ ဘောဇဉ်၌အတိုင်းအရှည်ကိုသိ သည်။ ဇာဂရိယမနုယုတ္တော၊ နိုးကြားခြင်းကို အမြဲကြောင့်ကြပြုသည် ဖြစ်၍။ သတိသမ္ပဇညေန သမန္နာဂတော၊ အမှတ်သတိသမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံသည်။အပ္ပိစ္ဆော၊ အလိုနည်းသည်။ သန္တုဋ္ဌော၊ ရောင့်ရဲလွယ်သည်။ အာရဒ္ဓဝီရိယော၊ အားထုတ်သောလုံ့လရှိသည်ဖြစ်၍။ အာဘိသမာ- စာရိကေသု၊ အာဘိသမာစာရိက ခေါ်သော ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်တို့၌။ ဝါ၊ ခန္ဓကသိက္ခာပုဒ်တို့၌။ သက္ကစ္စကာရီ၊ ရိုသေစွာ ပြုကျင့်လေ့ရှိသည် ဖြစ်၍။ ဂရုစိတ္တီကာရဗဟုလော၊ အလေးပြုသင့်သော အရာတို့၌ အလေးပြုခြင်း များသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ အယံ၊ ဤရိုသေ လေးစားခြင်း အစရှိသော အလုံးစုံကို။ အာစာရော၊ အကျင့် အာစာရ ဟူ။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့သည့် အတိုင်း။ တာဝ၊ ရှေး ဦးစွာ။ အာစာရော၊ အကျင့်အာစာရကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဂေါစရော ပန၊ ကျက်စားရာ ဂေါစရဟူသည်ကား။ ဥပနိဿယဂေါစရော၊ သီလအစရှိသော ဂုဏ်တို့၏ အားကြီးသော မှီရာအကြောင်းဖြစ်သော ဥပနိဿ- ယ ဂေါစရခေါ် ကျက်စားရာ လည်းကောင်း။ အာရက္ခဂေါစရော၊ စိတ်၏ အစောင့်အရှောက်ဖြစ်သော အာရက္ခဂေါစရခေါ် ကျက်စားရာလည်းကောင်း။ ဥပနိဗန္ဓဂေါစရော၊ စိတ်ကိုဖွဲ့ချည်ရာ ကမ္မဋ္ဌာန်း အာရုံဖြစ်သော ဥပနိဗန္ဓဂေါစရ ခေါ် ကျက်စားရာလည်းကောင်း။ ဣတိ၊ ဤသို့သောအားဖြင့်။ တိဝိဓော၊ သုံး ပါးအပြားရှိ၏။ တတ္ထ၊ ထိုတွင်။ ဥပနိဿယဂေါစရော၊ အားကြီးသော မှီရာ အကြောင်းဖြစ်သောကျက်စားရာသည်။ ကတမော၊ အဘယ်နည်း။ ဒသကထာ-

ဝတ္ထုဂုဏသမန္နာဂတော၊ ဆယ်ပါးသော ကထာဝတ္ထုတို့နှင့် ပြည့်စုံသော။ ကလျာဏမိတ္တော၊ ကလျာဏမိတ္တ ပုဂ္ဂိုလ်ပေတည်း။ယံ နိဿာယ၊ယင်းကလျာဏမိတ္တကိုမှီ၍။ အဿုတံ သုဏာတိ၊ မကြားဖူးသေးသော တရားကို ကြားရ၏။ သုတံ ပရိယောဒါပေတိ၊ ကြားဖူးပြီးသော တရားကို သုတ်သင်ရှင်းလင်းရ၏။ ကင်္ခံ ဝိတရတိ၊ ယုံမှားသံသယကို လွန်မြောက်နိုင်၏။ ဒိဋ္ဌိံ ဥဇုံ ကရောတိ၊ မှန်ကန်သော ဉာဏ်အမြင်ကို ဖြောင့်မတ်စေနိုင်၏။ စိတ္တံ ပသာဒေတိ၊ စိတ်ကို ကြည်လင်စေနိုင်၏။ ဝါ ပန၊ တနည်းအားဖြင့်မူကား။ ယဿ၊ အကြင်ကလျာဏမိတ္တ၏။ ဝါ၊ ယင်းကလျာဏမိတ္တ၏။ အနုသိက္ခမာနော၊ ကျင့်ပုံကို အဘုလိုက်၍ ကျင့်သောသူသည်။ သဒ္ဓါယ ဝဍ္ဎတိ၊ သဒ္ဓါတရားဖြင့် တိုးတက်ကြီးပွား၏။ သီလေန ဝဍ္ဎတိ၊ သီလဖြင့် တိုးတက်ကြီးပွား၏။ သုတေန ဝဍ္ဎတိ၊ သုတဖြင့် တိုးတက်ကြီးပွား၏။ စာဂေန ဝဍ္ဎတိ၊ စာဂဖြင့် တိုးတက်ကြီးပွား၏။ ပညာယ ဝဍ္ဎတိ၊ ပညာဖြင့် တိုးတက်ကြီးပွား၏။ အယံ၊ ဤဆိုခဲ့သော ကလျာဏမိတ္တကို။ ဥပနိဿယသဒ္ဓါရော၊ သီလ အစရှိသော ဂုဏ်တို့၏ အားကြီးသောမှီရာ အကြောင်းဖြစ်သော ကျက်စားရာ-ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

အာရက္ခဂေါစရော၊ စိတ်၏အစောင့်အရှောက်ဖြစ်သော ကျက်စားရာသည်။ ကတမော၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ဘိက္ခု၊ရဟန်းသည်။ အန္တရဃရံ ပဝိဋ္ဌော၊ ရွာဟင်းသို့ဝင်လတ်၍။ ဝီထိံ ပဋိပန္နော၊ ဆွမ်းခံရန် လမ်း၌လှည့်လည်သတ်သော်။ ဩက္ခိတ္တစက္ခု၊ ချအပ်သောမျက်လွှာ ရှိသည်ဖြစ်၍။ ယုဂမတ္တဒဿာဝီ၊ လေးတောင်မျှသာကြည့်လျက်။ သုသံဝုတော၊ ဣန္ဒြေကိုကောင်းစွာ စောင့်စည်းသည်ဖြစ်၍။ ဂစ္ဆတိ၊ သွား၏။ဟတ္ထိံ၊ဆင်ကို။ န ဩလောကေန္တော၊ မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။အဿံ၊မြင်းကို။ န ဩလောကေန္တော၊မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။ ရထံ၊ ရထားကို။ န ဩလောကေန္တော။ မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။ ပတ္တိံ၊ ခြေသည်ကို။န ဩလောကေန္တော၊ မကြည့်မူ၍။ဂစ္ဆတိ၊သွား၏။ ဣတ္ထိံ၊ မိန်းမကို။ န ဩလောကေန္တော၊ မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။ ပုရိသံ၊ ယောကျ်ားကို။ န ဩလောကေန္တော၊ မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။န ဥဒ္ဓံ ဩလောကေန္တော၊ အထက်သို့ မော့မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏၊ န အဓော ဩလောကေန္တော၊ အောက်သို့ ငုံ့မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။ န ဒိသာဝိဒိသံ ပေက္ခမာနော၊ တူရူအရပ် အသောင့်အချပ်ကို မကြည့်မူ၍။ ဂစ္ဆတိ၊ သွား၏။ အယံ၊ ဤစက္ခုစသော ဣန္ဒြေကို စောင့်ထိန်းသော သတိကို။ အာရက္ခဂေါစရော၊ အစောင့်အရှောက်ဖြစ်သော ကျက်စားရာ-ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥပနိဗန္ဓဂေါစရော၊ စိတ်ကို ဖွဲ့ချည်ရာဖြစ်သော ကျက်စားရာသည်။ကတမော၊ အဘယ်နည်း။ ယတ္ထ၊ အကြင်သတိပဋ္ဌာန်အာရုံလေးပါးတို့၌။စိတ္တံ၊ ဘာဝနာစိတ်ကို။ ဥပနိဗန္ဓတိ၊ ကပ်၍ ဖွဲ့ချည်ရ၏။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသော

သတိပဋ္ဌာန်တို့သည်။ ဥပနိဗန္ဓဂေါစရော၊ စိတ်ကိုဖွဲ့ချည်ရာဖြစ်သော ကျက်စား
ရာ မည်၏။ ဟိ၊ မှန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ "ဘိက္ခဝေ၊ ရဟန်း
တို့။ သကေ ပေတ္တိကေ ဝိသယေ၊ ခမည်းတော်ဘုရား၏ အပိုင်စားအမွေ
အနှစ် ကိုယ်ပိုင်နယ်ပယ်ဖြစ်သော။ ဘိက္ခုနော ဂေါစရော၊ ရဟန်း၏ကျက်စား
ရာ နယ်ပယ်သည်။ ကော စ၊ အဘယ်ပါနည်းဟူမူကား။ ယဒိဒံ စတ္တာရော
သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်လေးပါးတို့ပင်တည်း"။ ဣတိ၊ ဤသို့။ ဝေါ၊ ဤ
စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ အယံ၊ ဤသတိပဋ္ဌာန်လေးပါးဟူသော
အာရုံကို။ ဥပနိဗန္ဓဂေါစရော၊ စိတ်ကိုဖွဲ့ချည်ရာဖြစ်သော ကျက်စားရာ-ဟု။
ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့လျှင်။ ဣမိနာ စ အာစာရေန၊ ဤအကျင့်
အာစာရနှင့်လည်းကောင်း။ ဣမိနာ စ ဂေါစရေန၊ ဤကျက်စားရာဂေါစရနှင့်
လည်းကောင်း။ ဥပေတော၊ ပြည့်စုံ၏။ ပ ။ သမန္နာဂတော၊ တက္ကမဂ္ဂ၁ အစဉ်
လာ၏။ တေနပိ၊ ထိုကြောင့်လည်း။ အာစာရဂေါစရသမ္ပန္နောတိ၊ သင့်လျော်
သောအကျင့် ကျက်စားရာတို့နှင့် ပြည့်စုံ၏ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ အဏုမတ္တေသု
ဝဇ္ဇေသု ဘယဒဿာဝီတိ၊ 'အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ' ဟူသည်ကား။
အဏုမတ္တေသု၊ အဏုမြူအတိုင်းအရှည်ရှိကုန်သော။ အသဉ္စိစ္စ၊ လှန်ကျူးလို
သော စေတနာမရှိပဲ။ အာပန္နသေခိယအကုသလစိတ္တုပ္ပါဒါဒိဘေဒေသု၊ ရောက်
မိသော သေခိယဝတ်နှင့် အကုသိုလ်ဖြစ်ခြင်း စသည့်အပြား ရှိကုန်သော။
ဝဇ္ဇေသု၊ အပြစ်အသေးအငယ်တို့၌သော်လည်း။ ဘယဒဿနသီလော၊ ကြောက်
ဖွယ်ဘေးကြီးဟု ရှုလေ့ရှိလျက်။ သမာဒါယ သိက္ခတိ သိက္ခာပဒေသူတိ၊
'သမာဒါယ သိက္ခတိ သိက္ခာပဒေသု'ဟူသည်ကား။ သိက္ခာပဒေသု၊ သိက္ခာပုဒ်
တို့၌။ ယံ ကိဉ္စိ၊ မူလပညတ် အနုပညတ်စသည့် အလုံးစုံသော။ သိက္ခိတဗ္ဗံ၊
ကျင့်အပ်သော သီလကျင့်ဝတ်ဟူသမျှသည်။ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံ
ကို။ သမ္မာ အာဒါယ၊ အကြွင်းမဲ့သိမ်းယူ၍။ သိက္ခတိ၊ ကျင့်၏။ စ၊ ဆက်ဦး
အံ့။ ဧတ္ထ၊ ဤစျာနဝိဘင်းပါဠိတော်၌။ ပါတိမောက္ခသံဝရသံဝုတောတိ၊ 'ပါတိ-
မောက္ခသံဝရသံဝုတော'ဟူသော။ (၂၀) ဧတ္တာဝတာ၊ ဤစကားမျှဖြင့်ပင်လျှင်။
ပုဂ္ဂလာဓိဋ္ဌာနာယ၊ ပုဂ္ဂိုလ်လျှင် တည်ရာရှိသော။ ဒေသနာယ၊ ပုဂ္ဂလဓိဋ္ဌာန်
ဒေသနာဖြင့်။ ပါတိမောက္ခသံဝရသီလံ၊ ပါတိမောက္ခသံဝရသီလကို။ ဒဿိတံ၊
ပြတော်မူအပ်၏။ အာစာရဂေါစရသမ္ပန္နောတိအာဒိ ပန၊ အာစာရဂေါစရ-
သမ္ပန္နော ဤသို့အစရှိသော။ သဗ္ဗံ၊ စကားအလုံးစုံကို။ ယထာ ပဋိပန္နဿ၊
အကြင်သို့သော အခြင်းအရာအားဖြင့် ကျင့်သောပုဂ္ဂိုလ်အား။ တံ သီလံ၊
ထိုသီလသည်။ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ တံ ပဋိပတ္တိံ၊ ထိုပါတိမောက္ခသံဝရသီလ၏
ပြည့်စုံကြောင်းဖြစ်သော အကျင့်ကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ဝုတ္တံ၊ ဟောတော်
မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ဣန္ဒြိယသံဝရသီလ

၁၅။ ပန၊ ထိုမှတပါး။ တဒနန္တရံ၊ ထိုပါတိမောက္ခသံဝရသီလ၏ အခြားမဲ့၌။ သော စက္ခုနာ ရူပံ ဒိသွာတိ အာဒိနာ နယေန၊ 'သော စက္ခုနာ ရူပံ ဒိသွာ' ဤသို့ အစရှိသောနည်းဖြင့်။ ယံ တေံ၊ အကြင် ဣန္ဒြိယသံဝရသီလကို။ ဒဿိတံ၊ ပြတော်မူအပ်၏။ တတ္ထ၊ ထိုဣန္ဒြိယသံဝရ၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဧဝံ၊ ဤသို့ သောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သောတိ၊ သောဟူသည်ကား။ ပါတိမောက္ခသံဝရသီလေ၊ ပါတိမောက္ခသံဝရသီလ၌။ ဌိတော၊ တည်သော။ ဘိက္ခု၊ ရဟန်းသည်။ စက္ခုနာ ရူပံ ဒိသွာတိ၊ စက္ခုနာ ရူပံ ဒိသွာ ဟူသည်ကား။ ကာရဏဝသေန၊ မဆက်ဆံသော အကြောင်း၏ အစွမ်းအားဖြင့်။ စက္ခုတိလဒ္ဓဝေါဟာရေန၊ မျက်စိဟု ရအပ်သော အမည်ရှိသော။ ရူပဒဿန သမတ္ထေန၊ အဆင်းကို ပြခြင်းငှာ စွမ်းနိုင်သော။ စက္ခုဝိညာဏေန၊ စက္ခုဝိညာဉ်ဖြင့်။ ရူပံ ဒိသွာ၊ အဆင်းကိုမြင်ပြီး၍။ ပေါရာဏာ ပန၊ ရှေးအဋ္ဌကထာ ဆရာတို့သည်ကား။ စက္ခု၊ မျက်စိသည်။ ရူပံ၊ အဆင်းကို၊ န ပဿတိ၊ မမြင်တတ်။ ကသ္မာ၊ အဘယ်ကြောင့်။ စက္ခု၊ မျက်စိသည်။ ရူပံ၊ အဆင်းကို။ န ပဿတိ၊ မမြင်တတ်သနည်း။ (ပုစ္ဆာဝါကျ ထုတ်ပါ)။ စက္ခု၊ မျက်စိသည်။ အစိတ္တကတ္တာ၊ စိတ်မရှိသည်၏ အဖြစ်ကြောင့်။ ရူပံ၊ အဆင်းကို။ န ပဿတိ၊ မမြင်တတ်။ ဣတိ အယံ၊ ဤသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေဝါကျတည်း။ (နောက်နောက်နေရာတို့၌ ဤနည်းအတိုင်းပင် ပေးလေ)။ တနည်း (ဟိတ်အတွင်း၌ ပေးလိုလျှင်) စက္ခု၊ မျက်စိသည်။ အစိတ္တကတ္တာ၊ စိတ်မရှိသည်၏ အဖြစ်ကြောင့်။ ရူပံ၊ အဆင်းကို။ န ပဿတိ၊ မမြင်တတ်။ စိတ္တံ၊ စိတ်သည်။ န ပဿတိ၊ မမြင်တတ်။ ကသ္မာ၊ အဘယ့်ကြောင့်။ စိတ္တံ၊ စိတ်သည်။ န ပဿတိ၊ မမြင်တတ်သနည်း။ ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ပုစ္ဆာ၊ အမေးဝါကျတည်း။ စိတ္တံ၊ စိတ်သည်။ အစက္ခုကတ္တာ၊ မျက်စိမရှိသည်၏ အဖြစ်ကြောင့်။ န ပဿတိ၊ မမြင်တတ်။ ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေ ဝါကျတည်း။ စိတ္တံ၊ စိတ်သည်။ အစက္ခုကတ္တာ၊ မျက်စိမရှိသည်၏ အဖြစ်ကြောင့်။ န ပဿတိ၊ မမြင်တတ်။ ပန၊ စင်စစ်သော်ကား။ ဒွါရာရမ္မဏ သံဃဋ္ဋေ၊ စက္ခုဒွါရ၌ ရူပါရုံတို့၏ အချင်းချင်း ထိခိုက်ခြင်း ရှိလတ်သော်။ ဝါ၊ စက္ခုဒွါရ၌ရူပါရုံဆင်လတ်သော်။ စက္ခုပသာဒဝတ္ထုကေန၊ စက္ခုပသာဒနေ၌ မျက်စိလျှင် မှီရာရှိသော၊ စိတ္တေန၊ စက္ခုဝိညာဉ်စိတ်ဖြင့်။ ပဿတိ၊ မြင်၏။ ပန၊ သို့သော်လည်း။ ဤဒိသီ၊ ဤသို့သဘောရှိသော။ ဧသာ ကထာ၊ မျက်စိဖြင့် အဆင်းကို မြင်၏ဟူသော ဤစကားသည်။ ဓနုနာ ဝိဇ္ဈတီတိအာဒိသု ဝိယ၊ လေးဖြင့် ပစ်ဖောက်၏ ဤသို့အစရှိသော စကားတို့၌ကဲ့သို့။ သသမ္ဘာရကထာ နာမ၊ မြင်ခြင်း၏အကြောင်းနှင့် တကွ အဘူဖြစ်သည့်စိတ်ကို ပြသောစကား မည်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတ္ထ၊ မျက်စိဖြင့် အဆင်းကို မြင်ပြီး၍ ဟူသော

ဤစကား၌။ စက္ခုဂိညာဏေန၊ မျက်စိကိုမှီသောစိတ် ဝိညာဏ်ဖြင့်။ ရူပံ ဒိသွာတိ အသံ အတွေ့၊ အဆင်းကိုမြင်ပြီး၍ ဟူသောဤအနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဖွင့်ဆိုကြကုန်၏။ န နိမိတ္တဂ္ဂါဟီတိ၊ 'န နိမိတ္တဂ္ဂါဟီ' ဟူသည်ကား။ ဣတ္ထိပုရိသနိမိတ္တံ ဝါ၊ မိန်းမပုံသဏ္ဌာန်နိမိတ်, ယောကျ်ား ပုံသဏ္ဌာန် နိမိတ်မှုလည်း ဖြစ်သော။ သုဘနိမိတ္တာဒိကံ ဝါ၊ တင့်တယ်ဟန် သုဘနိမိတ် စသည်မှုလည်း ဖြစ်သော။ ကိလေသဝတ္ထုဘူတံ၊ ကိလေသာ ဖြစ်ကြောင်း ဖြစ်သော။ နိမိတ္တံ၊ အာရုံနိမိတ်ကို။ န ဂဏှာတိ၊ မမှတ်ယူ။ ဒိဋ္ဌမတ္တေယေဝ၊ မြင်ရရုံ မျှ၌သာလျှင်။ သဏ္ဌာတိ၊ ကောင်းစွာတည်၏။ နာနုဗျဉ္ဇနဂ္ဂါဟီတိ၊ "နာနုဗျဉ္ဇနဂ္ဂါဟီ" ဟူသည်ကား။ ကိလေသာနံ၊ ကိလေသာတို့ကို။ အနု အနု၊ အဖန်ဖန်အဆင့်ဆင့်။ ဗျဉ္ဇနတော- ပါကဋဘာဝကရဏတော၊ ထင်ရှားဖြစ်ပေါ် ခြင်းကို ပြုတတ်သောကြောင့်။ အနုဗျဉ္ဇနန္တိ လဒ္ဓဝေါဟာရံ၊ အနုဗျဉ္ဇနဟု ရအပ်သောအမည်ရှိသော။ ဟတ္ထပါဒသိတဟသိတကထိတဝိလောကိတာဒိဘေဒံ၊ လက် ခြေ ပြုံးခြင်း ရယ်ခြင်း ပြောဆိုခြင်းတူရူကြည့်ခြင်း စောင်းငဲ့ကြည့်ခြင်း စသည် အပြားရှိသော။ အာကာရံ၊ အခြင်းအရာအဖို့အစုကို။ န ဂဏှာတိ၊ မယူ။ တတ္ထ၊ ထိုဖြင့်ရသောကိုယ်၌" ယံ၊ အကြင်ဆံပင် မွေးညှင်း အစ ရှိသော ရွံရှာဖွယ် သုံးဆယ့်နှစ်ပါးသောအစုသည်။ ဘူတံ၊ ထင်ရှား၏။ တနည်း၊ ယံ၊ အကြင်ဘူတရုပ် ဥပါဒါရုပ်သည်။ ဘူတံ၊ ထင်ရှား၏။ တဒေဝ၊ ပရမတ္ထအားဖြင့် ထင်ရှားရှိ၍စင်စစ်ဟုတ်မှန်သော ထိုဘူတရုပ် ဥပါဒါရုပ်မျှကိုသာလျှင်။ ဂဏှာတိ၊ ယူ၏။ ကော ဝိယ၊ အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်း ဟူမူကား။ စေတိယပဗ္ဗတဝါသီ၊ စေတိယတောင်၌ သီတင်းသုံးနေလေ့ရှိသော။ မဟာတိဿထေရော ဝိယ၊ မဟာတိဿ မထေရ်ကဲ့သို့တည်း။

ကိရ၊ ကြားဖူးသည်ကား။ အညတရာ ကုလဓီတာ၊ တယောက်သော အမျိုးချွေးမသည်။ သာမိကေန သဒ္ဓိံ ဘဏ္ဍိတွာ၊ လင်နှင့်ရန်ဖြစ်၍။ ဒေဝကညာ ဝိယ၊ နတ်သမီးကညာကဲ့သို့။ သုမဏ္ဍိတပသာဓိတာ၊ ကောင်းစွာဖိးလိမ်း ပြင်ဆင်လျက်။ ကာလဿေဝ၊ နံနက်စောစောကပင်လျှင်။ အနုရာဓပုရတော နိက္ခမိတွာ၊ အနုရာဓမြို့မှထွက်ခဲ့၍။ ဉာတိဃရံ၊ မိဘဆွေမျိုးအိမ်သို့။ ဂစ္ဆန္တီ၊ သွားလတ်သော်။ အန္တရာမဂ္ဂေ၊ လမ်းခုလတ်၌။ စေတိယပဗ္ဗတာ၊ စေတိယတောင်မှ။ အနုရာဓပုရံ၊ အနုရာဓမြို့သို့။ ပိဏ္ဍစာရတ္ထာယ အာဂစ္ဆန္တံ၊ ဆွမ်းခံရန်ကြွလာသော။ ထေရံ ဒိသွာ၊ မဟာတိဿထေရ်ကို မြင်၍။ (အစပ် ဝေးနေသည် သတိပြုပါ) ဝိပလ္လတ္ထ- စိတ္တာ၊ ရာဂဖြင့် ဖောက်ပြန်သော စိတ်ရှိသောကြောင့်။ မဟာဟသိတံ ဟသိ၊ ပြင်းစွာရယ်သတတ်။ ထေရော၊ မဟာတိဿမထေရ်သည်။ ကိံ၊ ဤရယ်သော အသံကား။ ကိန္တိ၊ အဘယ်နည်းဟု။ ဩလောကေန္တော၊ ကြည့်ရှုလတ်သော်။ တဿာ ဒန္တဋ္ဌိကေ၊ ထိုအမျိုးချွေးမ၏သွားရိုး၌။ အသုဘသညံ ပဋိလဘိတွာ၊

အသုဘာသညာ၊ကိုရ၍။ အရဟတ္တံ ပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ တေန၊ ထို့ကြောင့်—

"ထေရော၊ မဟာတိဿ မထေရ်သည်။ တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ထိုအမျိုးချွေးမ၏ သွားရိုးကိုမြင်၍။ ပုဗ္ဗသညံ၊ ရှေး၌ရဖူးသော အရိုးစုသညာကို။ အနုဿရိ၊ အမှတ်ရလေ၏။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ သော၊ ထိုမဟာတိဿမထေရ်သည်။ အရဟတ္တံ အပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။"

ဣတိ၊ ဤသို့။ ဝုတ္တံ၊ ရှေးဆရာတို့ မိန့်ဆိုအပ်ပေ၏။

၂၁။ ပန၊ ဆက်ဦးအံ့။ အဿာ၊ ထိုအမျိုးသမီး၏။ သာမိကောပိ၊ လင်ယောကျ်ားသည်လည်း။ တနည်း။ အဿာ သာမိကောပိ၊ ထိုအမျိုးသမီး၏ လင်ယောကျ်ားသည်လည်း။ အနုမဂ္ဂံ ဂစ္ဆန္တော၊ ခရီးစဉ်အတိုင်း လိုက်လာလတ်သော်။ ထေရံ ဒိသွာ၊ မဟာတိဿမထေရ်ကို တွေ့မြင်၍။ "ဘန္တေ၊ အရှင်ဘုရား၊ ကိဉ္စိ ဣတ္ထိံ၊ တစုံတယောက်သော မိန်းမကို။ ပဿထ၊ တွေ့မြင်ခဲ့ပါကုန်သလော" ဟု။ ပုစ္ဆိ၊ မေးလျှောက်လေ၏။ ထေရော၊ မဟာတိဿမထေရ်သည်။ တံ၊ ထိုယောကျ်ားကို—

"ပုရိသ၊ အို သူတော်ကောင်း (အာလုပ်ပုဒ် ထည့်သည်)။ ဣတော ဂတော၊ ဤအရပ်မှ သွားလေသောသူသည်။ ဣတ္ထီ ဝါ၊ မိန်းမဖြစ်သည် ဟူ၍ လည်းကောင်း။ ပုရိသော ဝါ၊ ယောကျ်ား ဖြစ်သည် ဟူ၍ လည်းကောင်း။ န အဘိဇာနာမိ၊ ငါ မသိ။ အပိ စ၊ စင်စစ်မူကား။ အဋ္ဌိသင်္ဃာတော၊ အရိုးစုဖြစ်သော။ သေ- ဧသော၊ ထိုသူသည်။ မဟာ-ပထေ၊ လမ်းမ၌။ ဂစ္ဆတိတိ၊ သွားလေ၏ ဟု။ အာဟ၊ ပြန်ကြားပြောဆိုလေ၏။

ယတ္ထာဓိကရဏမေနန္တိအာဒီသု၊ ယတ္ထာဓိကရဏမေနံ ဤသို့ အစရှိသည်၌။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုလတ္တံ့ဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ထည့်)။ ယံ ကာရဏာ=ယဿ စက္ခုန္ဒြိယာသံဝရဿ ဟေတု၊ အကြင်စက္ခုန္ဒြေကို မစောင့်ခြင်းဟူသော အကြောင်းကြောင့်။ သတိကဝါဋေန၊ သတိဟူသော တံခါးရွက်ဖြင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မပိတ်ဆို့သည်။ အပိဟိတစက္ခုဒွါရံ ဟုတွာ၊ မစောင့်စည်း မပိတ်ဆို့အပ်သော မျက်စိတံခါးရှိသည်ဖြစ်၍။ ဝိဟရန္တံ၊ နေသော။ ဧနံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဧတေ အဘိဇ္ဈာဒယော ဓမ္မာ၊ ဤအဘိဇ္ဈာ အစရှိသော အကုသိုလ်တရားတို့သည်။ အနွဿဝေယျုံ- အနု-ဗန္ဓေယျုံ၊ အစဉ်လိုက်လာကုန်ရာ၏၊ တဿ သံဝရာယ ပဋိပဇ္ဇတိတိ။ "တဿ သံဝရာယ ပဋိပဇ္ဇတိ"ဟူသည်ကား။ တဿ စက္ခုန္ဒြိယဿ၊ ထိုစက္ခုန္ဒြေကို။ သတိ

ကဝါဋ္ဌေန၊ သတိတည်းဟူသော တံခါးရွက်ဖြင့်။ ပိဒဟနတ္ထာယ၊ ပိတ်ဆို့ခြင်း
ငှာ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ ဧဝံ ပဋိပဇ္ဇန္တော ဧဝ၊ ဤသို့ကျင့်သော ရဟန်းကိုပင်
လျှင်။ စက္ခုန္ဒြိယံ ရက္ခတိတိ၊ စက္ခုန္ဒြေကို စောင့်ရှောက်သည်ဟူ၍လည်းကောင်း။
စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတီတိပိ၊ စက္ခုန္ဒြေ၌ စောင့်စည်းခြင်းသို့ ရောက်သည်
ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တတ္ထ၊ ထိုစက္ခုန္ဒြိယံ သံဝရံ အာပဇ္ဇတိ
ဟူသောစကားရပ်၌။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရော ဝါ၊ စောင့်စည်းခြင်း
သံဝရသည်လည်းကောင်း။ အသံဝရော ဝါ၊ မစောင့်စည်းခြင်း အသံဝရသည်
လည်းကောင်း။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိပေ။ ဟိ၊ အကြောင်းမူကား။
စက္ခုပသာဒံ နိဿာယ၊ စက္ခုပသာဒကိုမှီ၍။ သတိ ဝါ၊ အမှတ်ရမှုသတိ
သည်လည်းကောင်း။ မုဋ္ဌဿစ္စံ ဝါ၊ သတိလွတ်ခြင်း အမှတ်မရခြင်း မေ့ခြင်း
သည်လည်းကောင်း။ န ဥပ္ပဇ္ဇတိ၊ မဖြစ်ဖြစ်ပေ။ တသ္မာ နတ္ထိ၊ ထို့ကြောင့်
မရှိပေ။အပိ စ၊ စင်စစ်သော်ကား။ (အပိ စ၊ သို့သော်လည်း)။ ယဒါ၊ အကြင်
အခါ၌။ ရူပါရမ္မဏံ၊ အဆင်းရူပါရုံသည်။ စက္ခုဿ၊ မျက်စိအား။ အာပါတံ
အာဂစ္ဆတိ၊ ထင်ခြင်းသို့ရောက်၏။ တဒါ၊ ထိုအခါ၌။ ဘဝင်္ဂေ၊ ဘဝင်သည်။
ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ နိရုဒ္ဓေ၊ ချုပ်ပြီးသော်။ တနည်း။
ဘာဂေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ၊ ဘဝင်နှစ်ကြိမ်ဖြစ်၍ ချုပ်ပြီးသော်။ ကိရိယမနော-
ဓာတု၊ ပဉ္စဒွါရာဝဇ္ဇန်းခေါ် ကြိယာမနောဓာတ်သည်။ အာဝဇ္ဇနကိစ္စံ သာဓ-
ယမာနာ၊ ဆင်ခြင်ခြင်းကိစ္စကို ပြီးစေလျက်။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ ဖြစ်၍
ချုပ်၏။ တတော၊ ထို့နောက်။ စက္ခုဝိညာဏံ၊ စက္ခုဝိညာဏ်စိတ်သည်။
ဒဿနကိစ္စံ သာဓယမာနာ၊ မြင်ခြင်းကိစ္စကို ပြီးစေလျက်။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊
ဖြစ်၍ချုပ်၏။ (နောက်ကလိုက်)။ တတော၊ ထို့နောက်။ ဝိပါကမနောဓာတု၊
သမ္ပဋိစ္ဆိုင်းခေါ် ဝိပါက်မနောဓာတ်သည်။ သမ္ပဋိစ္ဆနကိစ္စံ သာဓယမာနာ၊
လက်ခံခြင်းကိစ္စကို ပြီးစေလျက်။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ ဖြစ်၍ ချုပ်၏။ တတော၊
ထို့နောက်။ ဝိပါကဟေတုက မနောဝိညာဏဓာတု၊ သန္တီရဏခေါ် ဝိပါက်မနော-
ဝိညာဏဓာတ်သည်။ သန္တီရဏကိစ္စံ သာဓယမာနာ၊ စုံစမ်းခြင်းကိစ္စကို ပြီးစေ
လျက်။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ ဖြစ်၍ ချုပ်၏။ တတော၊ ထို့နောက်။ ကိရိယာ-
ဟေတုက မနောဝိညာဏဓာတု၊ မနောဒွါရာဝဇ္ဇန်းခေါ် ကိရိယာအဟိတ် မနော-
ဝိညာဏဓာတ်သည်။ ဝေါဋ္ဌဗ္ဗနကိစ္စံ သာဓယမာနာ၊ ဆုံးဖြတ်ခြင်း ဝုဋ္ဌော-
ကိစ္စကို ပြီးစေလျက်။ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ၊ ဖြစ်၍ ချုပ်၏။ တဒနန္တရံ၊ ထိုဝုဋ္ဌော
စိတ်၏အခြားမဲ့၌။ ဇဝနံ၊ ဇောစိတ်သည်။ ဇဝတိ၊ အဟုန်ဖြင့် လျင်စွာဖြစ်၏။

တတြာပိ၊ ထိုသို့ဖြစ်ရာ၌လည်း။ ဘဝင်္ဂသမယေ၊ ဘဝင်ဖြစ်ခိုက်၌။ သံဝရော
ဝါ၊ စောင့်စည်းခြင်းသည် လည်းကောင်း။ အသံဝရော ဝါ၊ မစောင့်စည်းခြင်း
သည်လည်းကောင်း။ နေဝ အတ္ထိ၊ မရှိပေ။ အာဝဇ္ဇနာဒီနံ၊ အာဝဇ္ဇန်း အစ

ဝုဋ္ဌောစိတ်အဆုံးရှိသောစိတ်တို့တွင်။ အညတရသမယေ၊ တပါး တပါး၏ ဖြစ်ခိုက်၌လည်း။ သံဝရော ဝါ၊ စောင့်စည်းခြင်းသည် လည်းကောင်း။ အသံဝရော ဝါ၊ မစောင့်စည်းခြင်းသည်လည်းကောင်း။ န အတ္ထိ၊ မရှိသေး သည်သာတည်း။ ပန၊ စင်စစ်သော်ကား။ ဇဝနက္ခဏေ၊ ဇောဖြစ်ခိုက်၌။ ဒုဿီလျံ ဝါ၊ သီလမရှိသူဖြစ်ကြောင်း ကာယ ဝစီဒုစရိုက် ဟူသော ဒုဿီလျသည်လည်းကောင်း။ မုဋ္ဌသစ္စံ ဝါ၊ သတိ၏ဆန့်ကျင်ဘက် အကုသိုလ်ဟူသော သတိလွတ်ခြင်း သတိမေ့ခြင်း မုဋ္ဌသစ္စသည်လည်းကောင်း။ အညာဏံ ဝါ၊ ဉာဏ်၏ဆန့်ကျင်ဘက် မောဟဟူသော အညာဏသည်လည်းကောင်း။ အက္ခန္တိ ဝါ၊ သည်းခံမှု၏ဆန့်ကျင်ဘက် ဒေါသဟူသော အက္ခန္တိသည်လည်းကောင်း။ ကောသဇ္ဇံ ဝါ၊ ပျင်းရိသောသူ၏ အဖြစ်ဟူသော ပျင်းရိခြင်းကောသဇ္ဇသည် လည်းကောင်း။ သစေ ဥပ္ပဇ္ဇတိ။ အကယ်၍ ဖြစ်ငြားအံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်ခဲ့သော်(ထည့်)။ အသံဝရော၊ စောင့်စည်းမှုဆန့်ကျင်ဘက် မပိတ်ဆို့ မစောင့်စည်းခြင်းဟူသော အသံဝရသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုသို့ စက္ခုန္ဒြေ၌ မရှိ ဇောဒွါရကျမှ ရှိငြားသော်လည်း။ ဧဝံ ဟောန္တော၊ ဤသို့ ဇောခဏ၌ဖြစ်သော။ သော၊ ထိုမစောင့်စည်းခြင်း အသံဝရကို။ စက္ခုန္ဒြိယေ အသံဝရောတိ၊ စက္ခုန္ဒြေ၌ မစောင့်စည်းခြင်း အသံဝရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏၊ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ ယသ္မာ၊ အကြင်ကြောင့်။ တသ္မိံ၊ ထိုဇောခဏ၌။ အသံဝရေ သတိ၊ (အသံဝရ-ထည့်)။ မစောင့်စည်းခြင်း အသံဝရရှိလတ်သော်။ ဒွါရမ္ပိ၊ ဒွါရသည်လည်း။ အဂုတ္တံ ဟောတိ၊ မလုံခြုံ။ ဘဝင်္ဂမ္ပိ၊ ဘဝင်သည်လည်း။ အဂုတ္တံ ဟောတိ၊ မလုံခြုံ။ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ၊ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့သည်လည်း။ အဂုတ္တာနိ ဟောန္တိ၊ (ပြင်လိုက်) မလုံခြုံကုန်။ တသ္မာ၊ ထို့ကြောင့်။ စက္ခုန္ဒြိယေ အသံဝရောတိ၊ 'စက္ခုန္ဒြိယေ အသံဝရော' ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ပြန်စပ်)။ ယထာ ကိံ၊ အဘယ်ကဲ့သို့ နည်းဟူမူ။ တနည်း။ ယထာ=ယေန ပကာရေန၊ အကြင်သို့သော အပြားအားဖြင့်။ ဇဝနေ၊ ဇော၌။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သော။ အသံဝရော၊ မစောင့်စည်းခြင်းကို၊ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ အသံဝရောတိ၊ အသံဝရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တန္နိဒဿနံ၊ ထိုပကာရကို ပြကြောင်းဖြစ်သော ဥပမာသည်။ ကိံ၊ အဘယ်နည်း။ နဂရေ၊ မြို့၌။ စတူသု ဒွါရေသု၊ တံခါးလေးပေါက်တို့ကို။ အသံဝုတေသု၊ မပိတ်အပ်ကုန်သည်ရှိသော်။ အန္တော၊ မြို့တွင်း၌။ ဃရဒွါရကောဋ္ဌကဂဗ္ဘာဒယော၊ အိမ်တံခါးမုခ် တိုက်ခန်း အစရှိသည်တို့ကို။ သုသံဝုတာ၊ ကောင်းစွာပိတ်ထားအပ်ကုန်သည်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ တထာပိ၊ ထိုသို့ပိတ်ထားသော်လည်း။ အန္တော နဂရေ၊ မြို့တွင်း၌။ သဗ္ဗံ ဘဏ္ဍံ၊ အလုံးစုံသော ဘဏ္ဍာကို။ အရက္ခိတံ၊ မစောင့်အပ်သည်။ အဂေါပိတမေဝ၊ မလုံခြုံစေအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်ပေ၏။ နဂရဒွါရေန၊ မပိတ်အပ်သော မြို့တံခါးဖြင့်။ ပဝိသိတွာ၊ ဝင်ကုန်၍။ စောရာ၊ ခိုးသူတို့သည်

တိုသည်။ ယံ၊ အကြင်အမှုကို။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တံ၊ ထိုအမှုကို။ ကရေ-ယျုံ ယထာ၊ ပြုကုန်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဇဝနေ၊ ဇောဝ၌။ ဒုဿိလျာဒီသု ဥပ္ပန္နေသု၊ ဒုဿိလျ စသည်တို့ ဖြစ်ကုန်လတ်သော်။ တသ္မိံ၊ ထိုဇော၌။ အသံဝရေ သတိ၊ အသံဝရဖြစ်လတ်သော်။ ဒွါရမ္ပိ၊ ဒွါရသည်လည်း။ အဂုတ္တံ ဟောတိ၊ မလုံခြုံ။ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ၊ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့သည်လည်း။ အဂုတ္တာနိ ဟောန္တိ၊ မလုံခြုံကုန်။ (နောက် ဝိဘတ် ပြင်၍လိုက်သည်)။

၂၂။ ပန၊ အလျော်အားဖြင့်မူကား။ တသ္မိံ၊ ထိုဇော၌။ သီလာဒီသု ဥပ္ပန္နေသု၊ သီလစသည်တို့ဖြစ်ကုန်လတ်သော်။ ဒွါရမ္ပိ၊ တံခါးသည်လည်း။ ဂုတ္တံ ဟောတိ၊ လုံခြုံ၏။ ဘဝင်္ဂမ္ပိ၊ ဘဝင်သည်လည်း။ ဂုတ္တံ ဟောတိ၊ လုံခြုံ၏။ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ၊ အာဝဇ္ဇန်းအစရှိသော ဝီထိစိတ်တို့သည်လည်း။ ဂုတ္တာနိ ဟောန္တိ၊ လုံခြုံကုန်၏။ ယထာ ကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ နဂရဒွါရေသု သံဝုတေသု၊ မြို့တံခါးတို့ကို ကောင်းစွာ ပိတ်ထားအပ်ကုန်သည်ရှိသော်။ အန္တော၊ မြို့တွင်း၌။ ဃရာဒယော၊ အိမ်စသည်တို့ကို။ အသံဝုတာ၊ မပိတ်အပ်ကုန်သည်။ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ တထာပိ၊ ထိုသို့မပိတ်အပ်ကုန်သော်လည်း။ အန္တော နဂရေ၊ မြို့တွင်း၌။ သဗ္ဗံ ဘဏ္ဍံ၊ အလုံးစုံသော ဥစ္စာသည်။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက်အပ်သည်။ သုဂေါပိ-တမေဝ၊ ကောင်းစွာ လုံခြုံစေအပ်သည်သာလျှင်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဟိ၊ မှန်ပေ၏။ နဂရဒွါရေသု၊ မြို့တံခါးတို့ကို။ ပိဟိတေသု၊ ပိတ်ထားအပ်ကုန်သည်ရှိသော်။ စောရာနံ၊ သူခိုးဒမြတို့၏။ ပဝေသော၊ ဝင်နိုင်ခြင်းသည်။ နတ္ထိ ယထာ၊ မရှိသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ဇဝနေ၊ ဇော၌။ သီလာဒီသု ဥပ္ပန္နေသု၊ သီလစသည်တို့ ဖြစ်ကုန်လတ်သော်။ ဒွါရမ္ပိ၊ တံခါးသည်လည်း။ ဂုတ္တံ ဟောတိ၊ လုံခြုံ၏။ ဘဝင်္ဂမ္ပိ၊ ဘဝင်သည်လည်း။ ဂုတ္တံ ဟောတိ၊ လုံခြုံ၏။ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ၊ အာဝဇ္ဇန်းအစရှိသည်လည်း ဖြစ်ကုန်သော ဝီထိစိတ်တို့သည်။ ဂုတ္တာနိ၊ လုံခြုံကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဇဝနက္ခ-ဏေ၊ ဇောခဏ၌။ ဥပ္ပဇ္ဇမာနောပိ၊ ဖြစ်ငြားသော်လည်း။ သံဝရော၊ ပိတ်ဆို့စောင့်စည်းမှု သံဝရကို။ စက္ခုန္ဒြိယေ သံဝရောတိ၊ စက္ခုန္ဒြေ၌ ပိတ်ဆို့စောင့်စည်းမှု သံဝရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သောတေန သဒ္ဒံ သုတွာတိ အာဒီသု၊ နားဖြင့်အသံကိုကြား၍ ဤသို့အစရှိသော စကားတို့၌။ ဧသေဝ နယော၊ ဤဆိုခဲ့သောနည်းပင်လျှင်တည်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ရူပါဒီသု၊ ရူပါရုံ စသည်တို့၌။ ကိလေသာနုဗန္ဓနိမိတ္တာဒိဂ္ဂါဟပရိဝဇ္ဇနလက္ခဏံ၊ ကိလေသာအစဉ်

လိုက်လာကြောင်းဖြစ်သော နိမိတ်စသည်ကို မှတ်ယူခြင်းကို ကြဉ်ခြင်း လက္ခဏာ ရှိသော။ ဣဒံ၊ ဤသီလကို။ ဣန္ဒြိယသံဝရသီလန္တိ၊ ဣန္ဒြိယသံဝရသီလဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## အာဇီဝပါရိသုဒ္ဓိသီလ

၁၄။ ဣဒါနိ၊ ယခုအခါ၌။ ဣန္ဒြိယသံဝရသီလာနန္တရံ၊ ဣန္ဒြိယသံဝရသီလ၏ အခြားမဲ့၌။ ဝုတ္တေ၊ ပြဆိုအပ်ခဲ့ပြီးသော။ အာဇီဝပါရိသုဒ္ဓိသီလေ၊ အာဇီဝပါရိသုဒ္ဓိသီလ၌။ အတ္ထော၊ အနက်အဖွင့်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အာဇီဝဟေတုပညတ္တာနံ ဆန္နံ သိက္ခာပဒါနန္တိ၊ အသက်မွေးမှုဟူသော အကြောင်းကြောင့် ပညတ်အပ်ကုန်သော ခြောက်ပါးသော သိက္ခာပုဒ်တို့၏ ဟူသည်ကား—

(၁) အာဇီဝဟေတု အာဇီဝကာရဏာ၊ အသက်မွေးမှုဟူသော အကြောင်းကြောင့်။ ပါပိစ္ဆော၊ ယုတ်မာသောအလိုရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမ္မက် နှိပ်စက်အပ်သည်ဖြစ်၍။ အသန္တံ၊ ထင်ရှားမရှိသော။ အဘူတံ၊ မိမိသန္တာန်၌ မဖြစ်ဘူး၍ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မံ၊ ဈာန်ရပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်ဟူသော မြတ်သော လူတို့၏ ဥစ္စာဖြစ်သော ဈာန်မဂ်ဖိုလ်တရားကို။ ဥလ္လပတိ၊ ဝါကြွားပြောဆိုငြားအံ့။ ပါရာဇိကဿ၊ ပါရာဇိကအာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(၂) အာဇီဝဟေတု အာဇီဝကာရဏာ၊ အသက်မွေးမှုဟူသော အကြောင်းကြောင့်။ သဉ္စရိတ္တံ၊ အောင်တမန်သည်၏အဖြစ်ဟူသော အောင်သွယ်ပေးခြင်းသို့။ သမာပဇ္ဇတိ၊ ရောက်ငြားအံ့။ သံဃာဒိသေသဿ၊ သံဃာဒိသေသ် အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(၃) အာဇီဝဟေတု အာဇီဝကာရဏာ၊ အသက်မွေးခြင်းဟူသော အကြောင်းကြောင့်။ တေ ဝိဟာရေ၊ သင်ဒကာ၏ ကျောင်း၌။ ယော၊ အကြင်ရဟန်းသည်။ ဝသတိ၊ နေ၏။ သော ဘိက္ခု၊ ထိုသင်ဒကာ၏ကျောင်း၌နေသော ရဟန်းသည်။ အရဟာတိ၊ ရဟန္တာပေတည်းဟု။ ဘဏတိ၊ ပြောဆိုငြားအံ့။ ပဋိဝိဇာနန္တဿ၊ ဝန်ခံသောရဟန်းအား။ ထုလ္လစ္စယဿ၊ ထုလ္လစ္စည်းအာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏၊

(၄) အာဇီဝဟေတု အာဇီဝကာရဏာ၊ အသက်မွေးခြင်းဟူသော အကြောင်းကြောင့်။ ဘိက္ခု၊ ရဟန်းသည်။ အဂိလာနော၊ မကျန်းမမာသူမဟုတ်ပါပဲ။ ဝါ၊ ကျန်းမာပါလျက်။ ပဏီတဘောဇနာနိ၊ အမွန်အမြတ်ဘောဇဉ်တို့ကို။ အတ္တနော

အတ္တာယ၊ မိမိအကျိုးငှာ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇတိ၊ စားခြားအံ့။ ပါစိတ္တိယဿ၊ ပါစိတ်အာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်၊ ဟောတိ၊ ဖြစ်၏။

(၅) အာဇီဝဟေတု အာဇီဝကာရဏာ၊အသက်မွေးခြင်းဟူသောအကြောင်းကြောင့်။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ အဂိလာနာ၊ မကျန်းမမာသူ မဟုတ်ပါပဲ။ ဝါ၊ ကျန်းမာပါလျက်။ ပဏီတဘောဇနာနိ၊ အမွန်အမြတ်ဘောဇဉ်တို့ကို။ အတ္တနော အတ္တာယ၊ မိမိအကျိုးငှာ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇတိ၊ စားခြားအံ့။ ပါဋိဒေသနီယဿ၊ ပါဋိဒေသနီအာပတ်သို့။ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

(၆) အာဇီဝဟေတု အာဇီဝကာရဏာ၊အသက်မွေးခြင်းဟူသောအကြောင်းကြောင့်။ သူပံ ဝါ၊ ဟင်းကိုဖြစ်စေ။ ဩဒနံ ဝါ၊ ထမင်းကိုဖြစ်စေ။ အဂိလာနော၊ မမာမကျန်းသူ မဟုတ်ပါပဲ။ ဝါ၊ ကျန်းမာပါလျက်။ အတ္တနော အတ္တာယ၊ မိမိအကျိုးငှာ။ ဝိညာပေတွာ၊တောင်း၍။ ဘုဉ္ဇတိ၊ စားခြားအံ့။ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သို့၊ အာပတ္တိ-အာပဇ္ဇနံ၊ ရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ-ဧဝံ၊ ဤသို့။ ပညတ္တာနိ၊ ပညတ်တော်မူအပ်ကုန်သော။ ယာနိ တာနိ ဆ သိက္ခာပဒါနိ၊ အကြင်ခြောက်ပါးသော သိက္ခာပုဒ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣမေသံ ဆန္နံ သိက္ခာပဒါနံ၊ ဤခြောက်ပါးသော သိက္ခာပုဒ်တို့၏။

ကုဟနာတိအာဒီသု၊ ကုဟနာအစရှိသော စကားရပ်တို့၌။ အယံ၊ ဤသည်ကား။(ဤဆိုလတ္တံ့သည်ကား) ပါဠိ၊ ခုဒ္ဒကဝတ္ထု ဝိဘင်းပါဠိတော်ပေတည်း။ တတ္ထ၊ ထိုပြဆိုခဲ့သော အကျဉ်းခေါင်းစဉ်စကား၌။ ကုဟနာ၊ ကုဟနဟူသည်။ ကတမာ၊ အဘယ်နည်း။ လာဘသက္ကာရသိလောကသန္နိဿိတဿ၊ ရအပ်သော သက်နီးစသော သာမန်ပစ္စည်းဟူသောလာဘ်, အရိုအသေပြု၍ လှူအပ်သော ထူးခြားသော ပစ္စည်းဟူသော သက္ကာရနှင့် ကျော်စောခြင်းကို တဏှာဖြင့် မှီသော။ ပါပိစ္ဆဿ၊ ယုတ်မာသော အလိုရှိသော။ ဣစ္ဆာပကတဿ၊ အလိုရမ္မက် နှိပ်စက်အပ်သော ရဟန်း၏။ ပစ္စယပဋိသေဝနသင်္ခါတေန၊ ပစ္စည်းကို မှီဝဲခြင်းဟု ဆိုအပ်သော။ ကုဟနဝတ္ထုနာ၊ အံ့ဖွယ်ကို ဖြစ်စေတတ်သော ကုဟနဝတ္ထုဖြင့်လည်းကောင်း။ သာမန္တဇပ္ပိတေန၊ ဈာန်မဂ်ဖိုလ်နှင့်စပ်၍ မိမိကို သူတပါးကဲ့သို့ပြု၍ အနီး၌ ပြောဆိုခြင်းဟူသော။ကုဟနဝတ္ထုနာ၊ အံ့ဖွယ်ကိုဖြစ်စေတတ်သော ကုဟနဝတ္ထုဖြင့် လည်းကောင်း။ ယာ ဘာကုဋိကာ၊ အကြင် မျက်မှောင်ကုတ်ခြင်းသည်။ ယံ ဘာကုဋိကံ၊ အကြင်မျက်မှောင်ကုတ်သော ရှိသည်၏ အဖြစ်သည်။ယာ ကုဟနာ၊အကြင်အံ့ဩစေခြင်း အံ့ဩခြင်းကို ဖြစ်စေခြင်းသည်။

ယံ ကုဟိတတ္တံ၊ အကြင်အံ့သြစေသော သူ၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣရိယာပထဿ ဝါ၊ လေးပါးသော ဣရိယာပုထ်ကိုမူလည်း။ အဋ္ဌပနာ၊ အစစွာထားခြင်း ရှိသေစွာထားခြင်းဟု ဆိုအပ်သော။ ဌပနာ၊ ထားအပ်သော အခြင်းအရာဟု ဆိုအပ်သော။ သဏ္ဌပနာ၊ ကြည်ညိုဖွယ်ရှိအောင် လွန်စွာပြုပြင်၍ ထားခြင်းဟုဆိုအပ်သော။ ယာ ဘာကုဋိကာ၊ အကြင်မျက်မှောင်ကုတ်ခြင်းသည်။ ယံ ဘာကုဋိကံ၊ အကြင်မျက်မှောင်ကုတ်လေ့ရှိသည်၏ အဖြစ်သည်။ ယာ ကုဟနာ၊ အကြင်အံ့သြစေခြင်း အံ့သြခြင်းကို ဖြစ်စေခြင်းသည်။ ယာ ကုဟာယနာ၊ အကြင်အံ့သြခြင်းကို ဖြစ်စေခြင်းသည်။ ယံ ကုဟိတတ္တံ၊ အကြင်အံ့သြသော သူ၏အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသုံးပါးသော ကုဟနဝတ္ထုဖြင့် အံ့သြဖွယ်ပြုခြင်းကို။ ကုဟနာ၊ ကုဟနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၂၃။ တတ္ထ၊ ထိုသုံးပါးသော ကုဟနဝတ္ထုတို့၌။ လပနာ၊ လပနာဟူသည်။ ကတမာ၊ အဘယ်နည်း။ လာဘသက္ကာရသိလောကသန္နိဿိတဿ၊ ရအပ်သော သက်န်းစသော သာမန်ပစ္စည်းဟူသောလာဘ်, အရိုအသေပြု၍ လှူအပ်သော ထူးခြားသော ပစ္စည်းဟူသော သက္ကာရနှင့် ကျော်စောခြင်းကို တဏှာဖြင့် မှီသော။ ပါပိစ္ဆဿ၊ ယုတ်မာသော အလိုရှိသော။ ဣစ္ဆာပကတဿ၊ အလိုရမ္မက် နှိပ်စက်အပ်သော ရဟန်း၏။ ပရေသံ၊ ဒါယကာတို့အား။ ယာ အာလပနာ၊ အကြင်လှူရေးနှင့်စပ်သော စကားကို ရှေးဦးစွာစ၍ ပြောဆိုခြင်းသည်။ ယာ လပနာ၊ အကြင်ဒါယကာတို့ကမေး၍ ပြောခြင်းသည်။ ယာ သလ္လပနာ၊ အကြင်ကောင်းစွာ အဖန်ဖန် ပြောဆိုခြင်းသည်။ ယာ ဥလ္လပနာ၊ အကြင်မြှောက်မြှောက်ပင့်ပင့် ပြောဆိုခြင်းသည်။ ယာ သမုလ္လပနာ၊ အကြင် အချင်းခပ်သိမ်း မြှောက်ပင့်၍ ပြောဆိုခြင်းသည်။ ယာ ဥန္နဟနာ၊ အကြင်မလှူပဲ မနေသာအောင် အဆင့်ဆင့်တက်ကာ ချည်တုပ်၍ ပြောဆိုခြင်းသည်။ ယာ သမုန္နဟနာ၊ အကြင် အချင်းခပ်သိမ်း ချည်တုပ်၍ ပြောဆိုခြင်းသည်။ ယာ ဥက္ကာစနာ၊ အကြင်မြှောက်ပင့်၍ ဖော်ပြခြင်းသည်။ ယာ သမုက္ကာစနာ၊ အကြင်အချင်းခပ်သိမ်းမြှောက်ပင့်၍ ဖော်ပြခြင်းသည်။ ယာ အနုပ္ပိယဘာဏိတာ၊ အကြင် အဖန်တလဲလဲ ချစ်ဖွယ်ကိုသာ ဆိုတတ်သော သူ၏အဖြစ်သည်။ ယာ စာဋုကမျတာ၊ အကြင် ပျူပျူငှာငှာ ပြောဆိုတတ်သောသူ၏ အဖြစ်သည်။ ယာ မုဂ္ဂသူပျတာ၊ အကြင် ပဲနောက်ဟင်းတူစွာပြောဆိုတတ်သောသူ၏အဖြစ်သည်။ ယာ ပါရိဘဋျတာ၊ အကြင်ကလေးထိန်းနှင့်တူစွာ သူငယ်တို့ကို ချီပိုးထိန်းကျောင်းကာ ယုယုယယ ပြောဆိုတတ်သူ၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ပြောဆိုခြင်းကို။ လပနာ၊ လပနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုစကားရပ်၌။ နေမိတ္တိကတာ၊ နေမိတ္တိကတာဟူသည်။ ကတမာ၊ အဘယ်နည်း။ လာဘ သက္ကာရ သိလောက သန္နိဿိတဿ၊ ရအပ်သောသက်န်း

စသောသာမန်ပစ္စည်းဟူသော လာဘ်, အရိုအသေပြု၍လှူအပ်သော ထူးခြားသော ပစ္စည်းဟူသော သက္ကာရနှင့် ကျော်စောခြင်းကို တဏှာဖြင့်မှီသော။ ပါပိစ္ဆဿ၊ ယုတ်မာသောအလိုရှိသော။ ဣစ္ဆာပကတဿ၊ အလိုရမ္မက် နှိပ်စက်အပ်သောရဟန်း၏။ ပရေသံ၊ တပါးသောပုဂ္ဂိုလ်တို့အား။ ဝါ၊ ဒါယကာတို့အား။ ယံ နိမိတ္တံ၊ အကြောင်းပစ္စည်းလှူရန် အမှတ်ရစေတတ်သော ပြုမှုပြောဆိုခြင်းသည်။ ယံ နိမိတ္တကမ္မံ၊ အကြောင်းအမှတ် နိမိတ်ကိုပြုခြင်းသည်။ ယော ဩဘာသော၊ အကြောင်းမိမိအလိုက် အရိပ်ပြသော စကားသည်။ ယံ ဩဘာသကမ္မံ၊ အကြောင်းမိမိလိုချင်သည်ကို အရိပ်ပြသော အမှုသည်။ ယာ သမန္တဇပ္ပါ၊ အကြောင်းလိုချင်သော ပစ္စည်းနှင့်ပတ်သီ၍ ပြောဆိုခြင်းသည်။ ယာ ပရိကထာ၊ အကြောင်းပစ္စည်းရအောင် တရစ်ဝဲဝဲ ထပ်တလဲလဲ ပြောဆိုခြင်းသည်။ အတ္ထိ၊ ရှိ၏။ (ယံ ယော ယာတို့ကို လျော်စွာ ထည့်၍ပေးပါ)။ အယံ၊ ဤဆိုခဲ့သော ကိုယ်အမှု နှုတ်အမှု အလုံးစုံကို။ နေမိတ္တိကတာ၊ နေမိတ္တိကတာဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုစကားရပ်၌။ နိပ္ပေသိကတာ၊ နိပေသိကတာဟူသည်။ ကတမာ၊ အဘယ်နည်း။ လာဘသက္ကာရသိလောကသန္နိဿိတဿ၊ ရအပ်သောသင်္ကန်းစသော သာမန်ပစ္စည်းဟူသော လာဘ်, အရိုအသေပြု၍လှူအပ်သော ထူးခြားသော ပစ္စည်းဟူသော သက္ကာရနှင့် ကျော်စောခြင်းကို တဏှာဖြင့်မှီသော။ ပါပိစ္ဆဿ၊ ယုတ်မာသောအလိုရှိသော။ ဣစ္ဆာပကတဿ၊ အလိုရမ္မက်နှိပ်စက်အပ်သော ရဟန်း၏။ ပရေသံ၊ သူတပါးတို့အား။ ဝါ၊ ဒါယကာ ဒါယိကာမတို့အား။ ဝါ၊ ဒါယကာ ဒါယိကာမတို့ကို။ ယာ အက္ကောသနာ၊ အကြောင်းဆဲရေးခြင်းသည်။ ယာ ဝမ္ဘနာ၊ အကြောင်းရှုတ်ချခြင်းသည်။ ယာ ဂရဟာ၊ အကြောင်းကဲ့ရဲ့ခြင်းသည်။ ယာ ဥက္ခေပနာ၊ အကြောင်း ဒါယကာ စသည်၏အဖြစ်မှ အပပြု၍ ပစ်ပယ်ခြင်းသည်။ ဝါ၊ မလှူသူကိုမြင်လျှင် ဩော်....အလှူရှင်တကားဟု ချီးဆောင့်၍ဆိုခြင်းသည်။ ယာ သမုက္ခေပနာ၊ အကြောင်း အလှူရှင်ကြီးပါတကားဟု အလွန်ချီးဆောင့်၍ ဆိုခြင်းသည်။ ယာ ခိပနာ၊ အကြောင်းငေါ့၍ စကားစောင်းခြင်းသည်။ ဝါ၊အသွမ်းပျက်ယေ်ပြောဆိုခြင်းသည်။ ယံ သံခိပနာ၊ အကြောင်းလွန်စွာ အသွမ်းပျက်ရယ် ပြောဆိုခြင်းသည်။ ယာ ပါပနာ၊ အကြောင်း မလှူသူ၏အဖြစ်သို့ရောက်စေခြင်းသည်။ယာ သမ္ပာပနာ၊အကြောင်းအချင်းခပ်သိမ်းရောက်စေခြင်းသည်။ ယာ အဝဏ္ဏဟာရိကာ ၊ အကြောင်းကျေးဇူးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်သည်။/ ယာ ပရပိဋ္ဌိမံသိကတာ၊ အကြောင်းသူတပါး၏ ကျောက်ကုန်းသားကို ခဲစားတတ်သော သူ၏အဖြစ်သည်။ ဝါ၊ မျက်ကွယ် ကဲ့ရဲ့ရှုတ်ချတတ်သောသူ၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဆိုခဲ့သော ဆဲရေးမှုစသည်အလုံးစုံကို။နိပ္ပေသိကတာ၊နိပ္ပေသိကတာဟူ၍။ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုစကားရပ်၌။ လာဘေန၊ လာဘ်ဖြင့်။ လာဘံ၊ လာဘ်ကို။ နိဇိဂီသနတာ၊ ရှာသောသူ၏အဖြစ်သည်၊ ကာမာ၊ အဘယ်နည်း။ လာဘသက္ကာရသိလောကသန္နိဿိတော၊ လာဘ် သက္ကာရနှင့် အကျော်အစောကိုမှီသော။ ပါပိစ္ဆော၊ ယုတ်မာသောအလိုရှိသော၊ ဣစ္ဆာပကတော၊ အလိုရမ္မက် နှိပ်စက်အပ်သောရဟန်းသည်။ ဣတော လဒ္ဓံ အာမိသံ၊ ဤအိမ်မှရခဲ့သော ဆွမ်းစသော အာမိသကို။ အမုတြ ဟရတိ၊ ထိုအိမ်သို့ဆောင်၍ပေး၏။ အမုတြ ဝါ လဒ္ဓံ အာမိသံ၊ ထိုအိမ်၌မူလည်းရခဲ့သော ဆွမ်းစသော အာမိသကို။ ဣဓ အာဟရတိ၊ ဤအိမ်သို့ ဆောင်၍ပေး၏။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ အာမိသေန၊ ရပြီးသော အာမိသဖြင့်။ အာမိသဿ၊ မရသေးသော အာမိသကို။ ယာ ဧဋ္ဌိ၊ အကြင်ရှာခြင်းသည်။ ယာ ဂဝေဋ္ဌိ၊ အကြင်ရှာမှီးခြင်းသည်။ ယာ ပရိယေဋ္ဌိ ယာ ဧသနာ၊ ယာ ဂဝေသနာ၊ အကြင်အဖန်ဖန် ရှာမှီးခြင်းသည်။(ပရိယာယ်တူပုဒ်များဖြစ်သဖြင့် ပေါင်း၍ ပြန်ထားသည်)အတ္ထိ၊ရှိ၏။အယံ၊ ဤရပြီးသောလာဘ်ဖြင့် မရသေးသောလာဘ်ကိုရှာခြင်းကို။ လာဘေန လာဘံ နိဇိဂီသနတာ။ လာဘ်ဖြင့် လာဘ်ကိုရှာသော သူ၏ အဖြစ် ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

၁၇။ ဣမိဿာ ပန ပါဠိယာ၊ ထုတ်ပြခဲ့သော ဤပါဠိ၏။ အတ္ထော၊ အနက်ကို။ ဧဝံ၊ ဤဆိုလတ္တံ့သောနည်းဖြင့်။ ဝေဒိတဗ္ဗော။ သိအပ်၏။ ကုဟနနိဒ္ဒေသေ၊ ကုဟန–ပုဒ်၏အဖွင့် နိဒ္ဒေသ၌။ တာဝ၊ ရှေးဦးစွာ။ လာဘသက္ကာရသိလောကသန္နိဿိတဿာတိ၊ လာဘသက္ကာရသိလောကသန္နိဿိတဿဟူသည်ကား။ လာဘဉ္စ၊ ရအပ်သော သက်နိုးစသော သာမာန်ပစ္စည်းဟူသော လာဘ်ကိုလည်းကောင်း။ သက္ကာရဉ္စ၊ အရိုအသေ ကောင်းစွာပြုပြင်၍ လှူအပ်သော ထူးခြားသောပစ္စည်းဟူသော သက္ကာရကိုလည်းကောင်း။ ကိတ္တိသဒ္ဒဉ္စ၊ ဂုဏ်သတင်းကျော်စောသံကို လည်းကောင်း။ သန္နိဿိတဿ၊ တဏှာဖြင့်မှီသော။ ပတ္ထယန္တဿ၊ တဏှာဖြင့်လိုချင်တောင့်တသော။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသော အနက်တည်း။ ပါပိစ္ဆဿာတိ၊ ပါပိစ္ဆဿ ဟူသည်ကား။ အသန္တဂုဏဒီပနကာမဿ၊ မိမိ၌ ထင်ရှားမရှိသော သဒ္ဓါ, သီလစသော ဂုဏ်ကို ရှိလေသယောင် ဟန်ဆောင်၍ ပြခြင်းငှာ အလိုရှိသော။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်တည်း။ (ပုဒ်တိုင်းသည့်ယောဇနာပါ) ဣစ္ဆာပကတဿာတိ၊ ဣစ္ဆာပကတဿဟူသည်ကား။ ဣစ္ဆာယ၊ ယုတ်မာသောအလိုသည်။ အပကတဿ၊ သမ္မာအာဇီဝမှ ကင်းမစေအပ်သော။ ဝါ၊ ကျေးငူးမဲ့ပြုအပ်သော။ ဥပဒ္ဒုတဿ၊ နှိပ်စက်အပ်သော။ ဣတိ အယံ၊ ဤသည်ကား။အတ္ထော၊ ဆိုလိုသော အနက်တည်း။

ဣတော ပရံ၊ ဤပုဒ်မှ နောက်၌။ ယသ္မာ၊ အကြင်ကြောင့်။ ပစ္စယပဋိသေဝနသာမန္တဇပ္ပနဣရိယာပထသန္နိဿိတာဝသေန၊ ပစ္စယပဋိသေဝန သာမန္တဇပ္ပန ဣရိယာပထသန္နိဿိတတို့၏ အစွမ်းအားဖြင့်။ မဟာနိဒ္ဒေသေ၊ မဟာနိဒ္ဒေသ၌။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ကုဟနဝတ္ထု၊ အံ့ဩစေခြင်းဟူသော ပစ္စည်းဖြစ်စေခြင်း၏ အကြောင်းသည်။ အာဂတံ၊ လာ၏။ တသ္မာ၊ ထိုကြောင့်။ တိဝိဓမ္ပိ၊ သုံးပါးအပြားရှိသော။ ဧတံ ကုဟနဝတ္ထုံ၊ ဤကုဟနဝတ္ထုကို။ ဒဿေတုံ၊ ပြခြင်းငှာ။ ပစ္စယပဋိသေဝနသင်္ခါတေန ဝါတိ ဧဝမာဒိ၊ ပစ္စယပဋိသေဝနသင်္ခါတေန ဝါ ဤသို့အစရှိသော စကားကို။ မယာ၊ ငါသည်။ အာရဒ္ဓံ၊ အားထုတ်အပ်၏။ တတ္ထ၊ ထိုစကားရပ်၌။ စီဝရာဒီဟိ နိမန္တိတဿ၊ သင်္ကန်းစသည်တို့ အလှူခံရန် ဖိတ်မံ လျှောက်ထားအပ်သော ရဟန်း၏။ ဝါ၊ ဖိတ်မံ လျှောက်ထားအပ်သည်ရှိသော်။ တဒတ္ထိကဿေဝ သတော၊ ထိုသင်္ကန်းစသည်ကို အလိုရှိသည်သာဖြစ်ပါလျက်။ ပါပိစ္ဆတံ နိဿာယ၊ ယုတ်မာသောအလိုရှိသည့်၏အဖြစ်ကို မှီ၍။ ပဋိက္ခိပနေန၊ ပယ်ပယ်ခြင်းဖြင့် လည်းကောင်း။ စ၊ ဆက်ဦးအံ့။ တေ ဂဟပတိကေ၊ ထိုဒါယကာတို့သည်။ "အဟော၊ ဤအရှင်သည်။ အပ္ပိစ္ဆော၊ ဩော်-အလိုနည်းပေစွ။ ကိဉ္စိ၊ တစုံတခုကိုမျှ။ ပဋိဂ္ဂဟိတုံ၊ ခံယူရန်။ န ဣစ္ဆတိ၊ အလိုမရှိပေ။ သစေ၊ အကယ်၍။ အပ္ပမတ္တကမ္ပိ၊အနည်းငယ်မျှသော်လည်း။ ကိဉ္စိ ပဋိဂ္ဂဏှေယျ၊တစုံတခုကိုခံယူငြားအံ့။ နော၊ ငါတို့အား။ (ငါတို့မှာ)။ ဝတ၊ စင်စစ်။ သုလဒ္ဓံ၊ အရဟော်သည် ဖြစ်ရာ၏။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ နာနာဝိဓေဟိ ဥပါယေဟိ၊ အမျိုးမျိုးသော အကြောင်းတို့ဖြင့်။ ဝတ္ထာ၊လျှောက်ထား ကုန်၍-(ထည့်)။ ပဏီတာနိ စီဝရာဒီနိ၊ မွန်မြတ်သော သင်္ကန်း စသည်တို့ကို။ (၂၄) ဥပနေန္တာနံ၊ ကပ်လှူကုန်လတ်သော်။ ဝါ၊ ကပ်လှူကုန်သော။ တေသံ၊ ထိုလှူလိုသော ဒါယကာတို့၏။ အတ္တနိ မိမိအပေါ်၌။သုပ္ပတိဋ္ဌိတသဒ္ဓေ၊ ကောင်းစွာတည်တံ့သော ကြည်ညိုသဒ္ဓါရှိသည်တို့ကို။ ဥတွာ၊ သိ၍။ တဒနုဂ္ဂဟကာမတံယေဝ၊ ထိုဒါယကာတို့အား ချီးမြှောက်လိုသည်၏ အဖြစ်ကိုသာလျှင်။ အာဝိ ကတွာ၊ ထင်ရှားပြု၍။ ပဋိဂ္ဂဟဏေန စ၊ ခံယူခြင်းဖြင့်လည်းကောင်း။ တတော ပဘုတိ၊ ထိုနေ့မှစ၍။ သကဋဘာရေဟိ အပိ၊ လှည်းဖြင့်ဆောင်ယူအပ်သော ပစ္စည်းတို့ဖြင့်လည်း။ ဝါ၊ လှည်းဖြင့် ဆောင်ယူအပ်သော ပစ္စည်းတို့ကိုယော်လည်း။ ဥပနာမနဟေတုဘူတံ၊ ကပ်လှူခြင်း၏ အကြောင်းဖြစ်သော။ ဝိမှာပနံ၊အံ့ဩစေခြင်းကို။ ပစ္စယပဋိသေဝနသင်္ခါတံ၊ပစ္စည်းကိုမှီဝဲခြင်းဟုဆိုအပ်သော။ ကုဟနဝတ္ထုံတိ၊ ကုဟနဝတ္ထုဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊မှန်ပေ၏။ မဟာနိဒ္ဒေသေ၊ မဟာနိဒ္ဒေသပါဠိတော်၌။ ဧတံ၊ ဤဆိုလတ္တံ့သော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

ပစ္စယပဋိသေဝနသံဝါတံ၊ ပစ္စယပဋိသေဝနဟုဆိုအပ်သော။ ကုဟန-
ဝတ္ထုံ၊ ကုဟနဝတ္ထုသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤလောက
၌။ ဂဟပတိကာ၊ ဒါယကာတို့သည်။ ဘိက္ခုံ၊ ရဟန်းကို။ စီဝရ ပိဏ္ဍ-
ပါတ သေနာသန ဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရေဟိ၊ သင်္ကန်းဆွမ်း
ကျောင်း ဆေးတို့ဖြင့်။ နိမန္တေန္တိ၊ ဖိတ်မံလျှောက်ထားကုန်၏။ သော၊
ထိုရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍။ ဣစ္ဆာ-
ပကတော၊ အလိုရမ္မက် နှိပ်စက်အပ်သည်ဖြစ်၍၊ အတ္ထိကော၊ အလို
ရှိပါလျက်။ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာနံ၊
သင်္ကန်း ဆွမ်း ကျောင်း ဆေးတို့၏၊ ဘိယျောကမျတံ၊ လွန်စွာအလို
ရှိသည်၏ အဖြစ်ကို။ ဝါ၊ များများအလိုရှိသည်၏ အဖြစ်ကို။
ဥပါဒါယ၊ အကြောင်းပြု၍။စီဝရံ၊ ဖိတ်မံသောသင်္ကန်းကို။ ပစ္စက္ခာတိ၊
ပစ်ပယ်၏။ ပိဏ္ဍပါတံ ပစ္စက္ခာတိ၊ ဆွမ်းကိုပစ်ပယ်၏။ သေနာသနံ
ပစ္စက္ခာတိ၊ ကျောင်းကို ပစ်ပယ်၏။ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ
ပစ္စက္ခာတိ၊ ဆေးပစ္စည်းကို ပစ်ပယ်၏။ သော၊ ထိုရဟန်းသည်။ ဝါ၊
ထိုရဟန်းက။ ဧဝံ အာဟ၊ ဤသို့ ဟန်ဆောင်၍ ဆို၏။ သမဏဿ၊
ကိလေသာငြိမ်းအောင် ကျင့်သောရဟန်းအား။ ဝါ၊ရဟန်းမှာ။မဟဂ္ဃေ-
န စီဝရေန၊ အဖိုးတန်သော သင်္ကန်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့
နည်း။ သမဏော၊ ရဟန်းသည်။ သုသာနာ ဝါ၊ သုသာန်မှ လည်း
ကောင်း။ ဝါ သုသာန်မှဖြစ်စေ။ သင်္ကာရကူဋာ ဝါ၊ အမှိုက်ပုံမှ
လည်းကောင်း။ ဝါ၊ အမှိုက်ပုံမှ ဖြစ်စေ။ ပါပဏိကာ ဝါ၊ ဈေးအနီးမှ
လည်းကောင်း။ ဝါ၊ ဈေးအနီးမှဖြစ်စေ၊ နန္တကာနိ၊ စုတ်ပြတ်ဟောင်းရိ
အနားမရှိကုန်သော အဝတ်ဟုံကို။ ဥစ္စိနိတ္ဝာ၊ကောက်ယူ၍။ဝါ၊ ကောက်
ယူကာ။ သင်္ဃာဋိံ ကတွာ၊ သင်္ကန်းပြု၍။ ယံ ဓာရေယျ၊ အကြင်ဝတ်ရုံ
ရာ၏။ ဧတံ၊ ဤသို့ဝတ်ရုံခြင်းသည်။ သာရုပ္ပံ၊ သင့်လျော်လျောက်
ပတ်၏။ သမဏဿ၊ ရဟန်းအား။ မဟဂ္ဃေန ပိဏ္ဍပါတေန၊ အဖိုးတန်
သောဆွမ်းဖြင့်။ ကိံ၊အဘယ်ပြုအံ့နည်း။သမဏော၊ရဟန်းသည်။ဥဉ္ဆာ-
စရိယာယ၊ ဆွမ်းခံခြင်းဖြင့်။ လဒ္ဓေန၊ ရသော။ (တည့်)ပိဏ္ဍိယာလော-
ပေန၊ တလုတ်တခဲဆွမ်းဖြင့်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ယံ ကပ္ပေယျ၊
အကြင်မွေးရာ၏။ ဧတံ၊ ဤသို့အသက်မွေးခြင်းသည်။ သာရုပ္ပံ၊ သင့်
လျော်လျောက်ပတ်၏။ သမဏဿ၊ ရဟန်းအား။ မဟဂ္ဃေန သေနာသ-
နေန၊အဖိုးတန်သောကျောင်းဖြင့်။ ကိံ၊အဘယ်ပြုအံ့နည်း။သမဏော၊
ရဟန်းသည်။ ရုက္ခမူလိကော ဝါ၊ သစ်ပင်အောက်၌ နေလေ့ရှိသည်လည်း
ကောင်း။ အဗ္ဘောကာသိကော ဝါ၊ ဟင်းလင်းပြင်အရပ်၌ နေလေ့ရှိ
သည်လည်းကောင်း။ ယံ-အဿ၊ အကြင်ဖြစ်ရာ၏။ ဧတံ၊ ဤသို့ သစ်ပင်

အောက် ဟင်းလင်းပြင်၌ နေလေ့ရှိခြင်းသည်။ သာရုပ္ပံ၊ သင့်လျော်
လျောက်ပတ်၏။ သမဏဿ၊ ရဟန်းအား။ ဝါ၊ ရဟန်းမှာ။ မဟဂ္ဃေန
ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရေန၊အဖိုးတန်သောဆေးပစ္စည်းဖြင့်။ကိံ၊
အဘယ်ပြုအံ့နည်း။ သမဏော၊ရဟန်းသည်။ ပူတိမုတ္တေန ဝါ၊ နွားကျင်
ငယ်ပုပ်ရေဖြင့်လည်းကောင်း။ ဟရိဋ္ဋကီခဏ္ဍေန ဝါ၊ ဖန်ခါးသီးပိုင်းဖြင့်
သော်လည်းကောင်း။ ဩသဓံ၊ ဆေးကို။ ယံ ကရေယျ၊ အကြင်ပြုရာ၏။
တေ၊ ဤသို့ နွားကျင်ငယ်ရေ ဖန်ခါးသီးပိုင်းကို ဆေးပြု၍ သုံးဆောင်
ခြင်းသည်။ သာရုပ္ပံ၊ သင့်လျော်လျောက်ပတ်၏။ ဣတိ၊ ဤသို့။
အာဟ၊ ဟောတော်မူ၏။ ဝါ ဥပါဒါယ၊ ထိုသို့ဆိုသော မိမိစကားကို
အကြောင်းပြု၍။ လူခံ စီဝရံ၊ ခေါင်းပါးယုတ်ညံ့သော သင်္ကန်းကို။
မာရေတိ၊ ဝတ်ချုံ၏။ လူခံ ပိဏ္ဍပါတံ၊ ခေါင်းပါးယုတ်ညံ့သောဆွမ်းကို။
ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ လူခံ သေနာသနံ၊ ခေါင်းပါးယုတ်ညံ့သော
ကျောင်းကို။ ပဋိသေဝတိ၊ မှီဝဲ၏။ လူခံ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ၊
ခေါင်းပါးယုတ်ညံ့သောဆေးကို။ ပဋိသေဝတိ၊ မှီဝဲ၏ (သုံးဆောင်၏။)
တမေနံ၊ ထိုသို့အယုတ်အညံ့ကို သုံးဆောင်သော ဤရဟန်းကို။ ဂဟ-
ပတိကာ၊ လူဒါယကာတို့သည်။ ဧဝံ ဇာနန္တိ၊ဤသို့အသိအမှတ်ပြုကုန်၏။
အယံ သမဏော၊ ဤရဟန်းသည်။ အပ္ပိစ္ဆော၊ အလိုနည်းလှပေ၏။
သန္တုဋ္ဌော၊ ရောင့်ရဲလွယ်၏။ ပဝိဝိတ္တော၊ ဆိတ်ငြိမ်ရာကိုအလိုရှိပေ၏။
အသံသဋ္ဌော၊ လူဒါယကာ ဒါယိကာမတို့နှင့် ရောနှောခြင်းမရှိပေ။
အာရဒ္ဓဝီရိယော၊ အပြင်းအထန်အားထုတ်သောလုံ့လရှိပေ၏။ ဓုတဝါ-
ဒေါတိ၊ ကိလေသာကိုခါထုတ်ခြင်း ပယ်ခြင်းကို ပြောဆိုလေ့ရှိပေ၏ ဟူ။
ဘိယျော ဘိယျော၊တိုး၍တိုး၍။စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယ-
ဘေသဇ္ဇပရိက္ခာရေဟိ၊ သင်္ကန်း ဆွမ်း ကျောင်း ဆေးတို့ဖြင့်။ နိမန္တေန္တိ၊
အလှူခံရန် ဖိတ်မံလျှောက်ထားကုန်၏။ တဒါ၊ ထိုအခါ၌ (ထည့်)။
သော၊ ထိုရဟန်းသည်။ ဧဝံ အာဟ၊ ဤသို့ပြောဆို၏။ တိဏ္ဏံ၊ သုံးပါး
သော အကြောင်းတရားတို့၏။ သမ္မုခီဘာဝါ၊ မျက်မှောက်ပြုခြင်း
ကြောင့်။ သဒ္ဓေါ ကုလပုတ္တော၊ သဒ္ဓါတရားရှိသော အမျိုးသားသည်။
ဗဟုံ ပုညံ၊ များစွာသော ကောင်းမှုကို။ ပသဝတိ၊ ဖြစ်ပွားစေ၏။
သဒ္ဓါယ၊ သဒ္ဓါတရား၏။ သမ္မုခီဘာဝါ၊ မျက်မှောက်ပြုခြင်း ရှိခြင်း
ကြောင့်။ သဒ္ဓေါ ကုလပုတ္တော၊ သဒ္ဓါတရားရှိသော အမျိုးကောင်း
သားသည်။ ဗဟုံ ပုညံ၊ များစွာသောကောင်းမှုကို။ ပသဝတိ၊ ဖြစ်ပွား
စေ၏။ ဒေယျဓမ္မဿ၊ လှူဖွယ်ဝတ္ထု၏။ သမ္မုခီဘာဝါ၊ မျက်မှောက်ပြု
ခြင်းရှိခြင်းကြောင့်။ သဒ္ဓေါ ကုလပုတ္တော၊ သဒ္ဓါတရားရှိသော အမျိုး
သားသည်။ ဗဟုံ ပုညံ၊ များစွာသောကောင်းမှုကို။ ပသဝတိ၊ ဖြစ်ပွား

ဧ၏။ ဒက္ခိဏေယျာနံ၊ မြတ်သောအလှူခံပုဂ္ဂိုလ်တို့၏။ သမ္မုခီဘာဝါ၊ မျက်မှောက်ပြုခြင်းရှိခြင်းကြောင့်၊ သဒ္ဓေါ ကုလပုတ္တော၊ သဒ္ဓါတရားရှိသော အမျိုးသားသည်။ ဗဟုံ ပုညံ၊ များစွာသောကောင်းမှုကို။ ပသဝတိ၊ ဖြစ်ပွားစေ၏။ တုမှာကဉ္စ၊ သင်ဒါယကာတို့အားလည်း။ အယံ သဒ္ဓေါ၊ ဤသဒ္ဓါတရားသည်။ အတ္ထိ၊ ရှိ၏။ ဒေယျဓမ္မော စ၊ လှူဖွယ်ဝတ္ထုသည်လည်း။ သံဝိဇ္ဇတိ၊ ထင်ရှားရှိပေ၏။ အဟဉ္စ ပဋိဂ္ဂါဟကော၊ အလှူခံဖြစ်သော ငါသည်လည်း။ သံဝိဇ္ဇတိ၊ ထင်ရှားရှိပေ၏။ သစေ၊ အကယ်၍။ အဟံ၊ ငါက။ န ပဋိဂ္ဂဟေဿာမိ၊ အလှူမခံငြားအံ့။ ဧဝံ၊ ဤသို့ဖြစ်လျှင်။ တုမှေ၊ သင်တို့သည်။ ပုညေန၊ ကောင်းမှုမှ။ ပရိဗာဟိရာ ဘဝိဿန္တိ၊ အပဖြစ်ကြရချေတော့သည် ဖြစ်ကြရလိမ့်မည်။ မယှံ၊ ငါ့အား။ ဝါ၊ ငါ့မှာမူ။ ဣမိနာ၊ သင်တို့လှူသောဤပစ္စည်းဖြင့်။ န အတ္ထော၊ အလိုမရှိပေ။ အပိ စ၊ စင်စစ်သော်ကား။ တုမှာကံ ယေဝ၊ သင်တို့အားသာလျှင်။ (သင်တို့ကိုသာလျှင်)။ အနုကမ္ပာယ၊ အစဉ်သနားသဖြင့်။ ပဋိဂ္ဂဏှာမိတိ၊ အလှူခံပါ၏ဟူ၍။ အာဟ၊ ဆို၏။ တံ ဥပါဒါယ၊ ထိုသို့သော စကားကို အစွဲပြု၍။ ဗဟုမ္ပိ စီဝရံ၊ များစွာသော သင်္ကန်းကိုလည်း။ ပဋိဂ္ဂဏှာတိ၊ ခံယူ၏။ ဗဟုမ္ပိ ပိဏ္ဍပါတံ၊ များစွာသော ဆွမ်းကိုလည်း။ ပဋိဂ္ဂဏှာတိ၊ ခံယူ၏။ ဗဟုမ္ပိ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ၊ များစွာသော ဆေးကိုလည်း။ ပဋိဂ္ဂဏှာတိ၊ ခံယူ၏။

(၂၅) ဝေဠုပါ၊ ဤသို့သဘောရှိသော။ ယာ ဘာကုဋိကာ၊ အကြင်မျက်မှောင်ကုတ်ခြင်းသည်။ ယံ ဘာကုဋိကံ၊ အကြင်မျက်မှောင်ကုတ်သည်၏ အဖြစ်သည်။ ယာ ကုဟနာ၊ အကြင် အံ့သြစေခြင်းသည်။ ယာ ကုဟာယနာ၊ အကြင်အံ့သြခြင်းကိုဖြစ်စေသော အခြင်းအရာသည်၊ ယံ ကုဟိတတ္တံ၊ အကြင် အံ့သြစေသောသူ၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့အံ့သြစေခြင်းသည်။ ပစ္စယပဋိသေဝန သင်္ခါတံ၊ ပစ္စယပဋိသေဝနဟုဆိုအပ်သော။ ကုဟနဝတ္ထု၊ ကုဟနဝတ္ထုတည်း။ ဣတိ အယံ၊ ဤသည်ကား နိဒ္ဒေသပါဠိတော်တည်း။

ပန၊ ထို့ပြင်။ ပါပိစ္ဆဿ၊ ယုတ်မာသော အလိုဆိုးရှိသည်သာလျှင်။ သတော၊ ဖြစ်သောရဟန်း၏။ ပါပိစ္ဆဿ သတော၊ ယုတ်မာသောအလိုဆိုး ရှိသည်သာဖြစ်သောရဟန်း၏။ ဉတ္တရိမနုဿဓမ္မာဒိဂမ ပရိဒီပနဝါစာယ၊ ဈာန်မဂ်ဖိုလ်တရား ရခြင်းကို ဖော်ပြသောစကားဖြင့်။ တတ္ထ တတ္ထ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ ဝိမှာပနံ၊ အံ့သြစေခြင်းကို။ သာမန္တဇပ္ပနသင်္ခါတံ၊ မိမိ

အနီး၌ပြောဆိုခြင်း ပွတ်သီ၍ ပြောဆိုခြင်းဟုဆိုအပ်သော။ ကုဟနဝတ္ထုုတိ၊ ကုဟနဝတ္ထုဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူသနည်း—

"သာမန္တဇပ္ပနသင်္ခါတံ၊ သာမန္တဇပ္ပနဟုဆိုအပ်သော။ ကုဟနဝတ္ထု၊ ကုဟနဝတ္ထုသည်၊ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ အချို့သော ရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမ္မက် နှိပ်စက်အပ်သည်ဖြစ်၍။ သမ္ဘာဝနာဓိပ္ပါယော၊ သူတပါးက မိမိအား ချီးမွမ်းခြင်းကို အလိုရှိသည်ဖြစ်၍။ ဧဝံ၊ ဤသို့ဆိုသည်ရှိသော်။ မံ၊ ငါ့ကို။ ဇနော၊ လူများသည်။ သမ္ဘာဝေဿတီတိ၊ ချီးမွမ်းလိမ့်မည်ဟု ရည်ရွယ်၍။ အရိယဓမ္မနိဿိတံ၊ အရိယာတို့၏ မဂ်ဖိုလ်တရားကို မှီသော။ ဝါစံ၊ စကားကို။ ဘာသတိ၊ ပြောဆို၏။ ယော၊ အကြင်ရဟန်းသည်။ ဧဝရူပံ စီဝရံ၊ ဤသို့သော သင်္ကန်းကို။ ဓာရေတိ၊ ဝတ်ရုံ၏။ သော သမဏော၊ ထိုရဟန်းသည်။ မဟေသက္ခောတိ၊ တန်ခိုးကြီး၏ဟု။ ဘဏတိ၊ မိမိကိုယ်ကိုပင် ရည်ရွယ်၍ ပြောဆို၏။ ယော သမဏော၊ အကြင်ရဟန်းသည်။ ဧဝရူပံ ပတ္တံ၊ ဤသို့သောသပိတ်ကို။ လောဟထာလကံ၊ ကြေးခွက်ကို။ ဓမ္မကရဏံ၊ ဓမ္မကရိုဏ်ရေစစ်ကို။ ပရိဿာဝနံ၊ အဝတ်ရေစစ်ကို။ ကုဉ္စိကံ၊ သော့ကောက်ကို။ ဝါ၊ သော့ကို။ ကာယဗန္ဓနံ၊ ခါးပန်းကြိုးကို။ ဥပါဟနံ၊ ဖိနပ်ကို။ ဓာရေတိ၊ သုံးဆောင်၏။ သော သမဏော၊ ထိုရဟန်းသည်။ မဟေသက္ခောတိ၊ တန်ခိုးကြီး၏ဟု။ ဘဏတိ၊ မိမိကိုယ်ကိုပင် ရည်ရွယ်၍ ပြောဆို၏။ ယဿ၊ အကြင်ရဟန်း၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ ဧဝရူပေါ၊ ဤသို့သဘောရှိ၏။ အာစရိယော၊ နိဿယ ဆရာသည်။ ဧဝရူပေါ၊ ဤသို့သဘောရှိ၏။ သမာနုပဇ္ဈာယကော၊ ဥပဇ္ဈာယ်တူသော သီတင်းသုံးဖော်သည်။ သမာနာစရိယော၊ ဆရာတူသော သီတင်းသုံးဖော်သည်။ မိတ္တော၊ မိတ်ဆွေသည်။ သန္ဒိဋ္ဌော၊ တွေ့မြင်ဖူးကာမျှ မိတ်ဆွေသည်။ သမ္ဘတ္တော၊ မြဲမြံစွာ ပေါင်းသင်း ချဉ်းကပ်ခြင်းရှိသော မိတ်ဆွေသည်။ သဟာယော၊ ဆင်းရဲချမ်းသာ ခံစားသောမိတ်ဆွေအသည်။ ဧဝရူပေါ၊ ဤသို့သဘောရှိ၏။ သော၊ ထိုရဟန်းသည်။ မဟေသက္ခော၊ တန်ခိုးကြီး၏။ (ပြန်စပ်) ယော၊ အကြင်ရဟန်းသည်။ ဧဝရူပေ ဝိဟာရေ၊ ဤသို့သဘောရှိသော ကျောင်း၌။ ဝသတိ၊ နေ၏။ အဍ္ဎယောဂေ၊ တဘက်စောင်းမိုးကျောင်း၌၊ပါသာဒေ၊ ပြာသာဒ်၌။ ဟမ္မိယေ၊ ဦးပြည်းတိုက်ကတုံး၌။ ဂုဟာယံ၊ ဂူ၌။ လေဏေ၊ လိုဏ်၌။ ကုဋိယာ၊ ကုဋိ၌။ကူဋာဂါရေ၊ အထွတ်တပ်အပ်

သောကျောင်း၌။ အဋ္ဋေ၊ ပစ်စင်၌။ မာဠေ၊ ပြအိုး၌။ ဥဒ္ဒဏ္ဍေ၊ ဘဏ္ဍာ-
တိုက် ဂိုဒေါင်၌။ ဥပဋ္ဌာနသာလာယံ၊ စည်းဝေးဆောင်၌။ မဏ္ဍပေ၊
မဏ္ဍပ်၌။ ဝေရူပေ၊ ဤသို့သဘောရှိသော။ ရုက္ခမူလေ၊ သစ်ပင်ရင်း၌။
ဝသတိ၊ နေ၏။ သော သမဏော၊ ထိုရဟန်းသည်။ မဟောသဏ္ဍောတိ၊
တန်ခိုးကြီး၏ဟူ၍။ ဘဏတိ၊ ပြောဆို၏။ အထ ဝါ၊ တနည်းသော်
ကား။ ဣဓ၊ ဤသာသနာတော်၌။ ကောစ္စော၊ အချို့သောရဟန်းသည်။
(နေ့ကြီကလိုက်ပုဒ်)။ ကောရဇိကကောရဇိကော၊ စက်ဆုပ်ဖွယ်
မြူမျိုး အလိုဆိုးဖြင့် ကိုယ်နှုတ်ကို အကျုံးမဲ့ အလွန်နှိပ်ကွပ် ချုပ်တည်း
သည်ဖြစ်၍။ ဘာကုဋ္ဋိက ဘာကုဋ္ဋိကော၊ အလွန်မျက်မှောင်ကုတ်သည်
ဖြစ်၍။ ကုဟက ကုဟကော၊ အလွန်အံ့ဖွယ်ပြုသည်ဖြစ်၍။ လပကလပ-
ကော၊ အလွန် အပြောကြီးသည်ဖြစ်၍။ (ဤသုံးပုဒ်ကား သဒ္ဒါ
နှစ်ဆင့်ဖြစ်၍ အနက်မြင့်သည့်အတိုင်း အလွန်ဟု ပြန်သည် )။
မုခသမ္ဘာဝိတော၊ မိမိစကားမျှဖြင့် သူတပါးအချီးအမွမ်းခံရသည်ဖြစ်
၍။ "အယံ သမဏော၊ ဤရဟန်းသည်၊ ဝေရူပါနံ၊ ဤသို့သဘော
ရှိကုန်သော။ သန္တာနံ၊ ငြိမ်သက်သိမ်မွေ့ကုန်သော။ ဝေရူပါနံ ဝိဟာရ-
သမာပတ္တီနံ၊ ဤသို့သဘောရှိကုန်သော ဝိဟာရသမာပတ်တို့ကို။
လာဘီတိ၊ ရ၏" ဟု။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဂမ္ဘီရံ၊ နက်နဲသော။
ဂူဠှံ၊ လျှို့ဝှက်သော။ နိပုဏံ၊ သိမ်မွေ့သော။ ပဋိစ္ဆန္နံ၊ ဖုံးကွယ်သော။
လောကုတ္တရံ၊ လောကုတ္တရာဖြစ်သော။ သုညတာပဋိသံယုတ္တံ၊ သညီရဆိတ်
သုဉ်းရာနိဗ္ဗာန်နှင့်စပ်သော။ ကထံ၊ စကားကို။ ကထေသိ၊ ပြောဆို၏။
ဝေရူပါ၊ ဤသို့သဘောရှိသော။ ယာ ဘာကုဋ္ဋိကာ၊ အကြင်မျက်
မှောင်ကုတ်ခြင်းသည်။ ယံ ဘာကုဋ္ဋိကံ၊ အကြင်မျက်မှောင်ကုတ်ခြင်း၏
အဖြစ်သည်။ ယံ ကုဟနာ၊ အကြင်အံ့သြခြင်းကိုဖြစ်သော
အခြင်းအရာသည်။ ယာ ကုဟာယနာ၊ အကြင်အံ့သြခြင်းကိုဖြစ်စေသော
အခြင်းအရာသည်။ ယံ ကုဟိတတ္တံ၊ အကြင်အံ့သြစေသောသူ၏အဖြစ်
သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသို့ မိမိအနီး၌ အံ့သြဖွယ်ကိုဆောင်၍
ပြောဆိုခြင်းသည်။ သာမန္တဇပ္ပနသင်္ခါတံ၊ သာမန္တဇပ္ပနဟုဆိုအပ်သော။
ကုဟနဝတ္ထု၊ ကုဟနဝတ္ထုမည်၏။ ဣတိ၊ ဤသို့ပင်တည်း။

ပန၊ ထိုမှတပါး။ ပါပိစ္ဆဿ သတော၊ ယုတ်မာသောဒုလိုရှိသည်
သာလျှင်ဖြစ်သောရဟန်း၏။ သမ္ဘာဝနာဓိပ္ပာယကတေန၊ မိမိကိုချီးမွမ်းစေချင်
သောအလိုဆိုးဖြင့် ပြုလုပ်အပ်သော။ ဣရိယာပထေန၊ ဣရိယာပုထ်ဖြင့်။ ဝိမှာ
ပန၊ အံ့သြစေခြင်းကို။ ဣရိယာပသသန္နိဿိတံ၊ ဣရိယာပုထ်ကိုမှီသော။

ကုဟနဝတ္ထုတိ၊ ကုဟနဝတ္ထုဟု၊ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ယထာဟ၊ အဘယ် သို့ဟောတော်မူအပ်သနည်းဟူမူကား-

ဣရိယာပထသင်္ခါတံ၊ ဣရိယာပထဟုဆိုအပ်သော၊ ကုဟနဝတ္ထု၊ ကုဟနဝတ္ထုသည်။ ကတမံ၊ အဘယ်နည်း။ ဣဓ၊ ဤသာသနာ တော်၌။ ဧကစ္စော၊ အချို့သောသူသည်။ ပါပိစ္ဆော၊ ယုတ်မာ သောအလိုဆိုးရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုရမ္မက်နှိပ်စက်အပ် သည်ဖြစ်၍။ သမ္ဘာဝနာဓိပ္ပာယော၊ သူတပါးက မိမိအားချီးမွမ်း ခြင်းကိုအလိုရှိသည်ဖြစ်၍။ ဧဝံ၊ ဤသို့ပြုသည်ရှိသော်။ မံ၊ ငါ့ကို။ ဇနော၊ လူများသည်။ သမ္ဘာဝေဿတီတိ၊ ချီးမွမ်းလိမ့်မည်ဟု။ ဂမနံ၊ သွားခြင်းဣရိယာပုထ်ကို။ သဏ္ဌပေတိ၊ ကောင်းစွာပြုပြင်ထား ၏။ (၂၆) ဌာနံ သဏ္ဌပေတိ။ ရပ်ခြင်းဣရိယာပုထ်ကိုကောင်းစွာ ပြုပြင်ထား၏။ နိသဇ္ဇံ သဏ္ဌပေတိ၊ ထိုင်ခြင်းဣရိယာပုထ်ကို ကောင်း စွာ ပြုပြင်ထား၏။ သယနံ သဏ္ဌပေတိ၊ လျောင်းခြင်းဣရိယာပုထ် ကိုကောင်းစွာပြုပြင်ထား၏။ ပဏိဓာယ ဂစ္ဆတိ၊ ရဟန္တာဟုထင်ကြ စေရန် ရည်သန်တောင့်တ၍သွား၏။ ပဏိဓာယ တိဋ္ဌတိ၊ ရည်သန် တောင့်တ၍ ရပ်၏။ ပဏိဓာယ နိသီဒတိ၊ ရည်သန်တောင့်တ၍ ထိုင်၏။ ပဏိဓာယ သေယျံ ကပ္ပေတိ၊ ရည်သန်တောင့်တ၍လျောင်း ခြင်းကိုပြု၏။ သမာဟိတော ဝိယ၊ တည်ကြည်သော သမာဓိရှိ သကဲ့သို့။ ဂစ္ဆတိ၊ သွား၏။ သမာဟိတော ဝိယ၊ တည်ကြည်သော သမာဓိရှိသကဲ့သို့။ တိဋ္ဌတိ၊ ရပ်၏။ နိသီဒတိ၊ ထိုင်၏။ သေယျံ ကပ္ပေတိ၊ လျောင်းခြင်းကိုပြု၏။ အာပါထကဇ္ဈာယေ စ၊ လူများမြင် နိုင်ရာအရပ်၌ ဈာန်ဝင်စားသကဲ့သို့ ရှုလျက်နေသည်။ ဟောတိ၊ ဖြစ်၏။ ဝေရူပါ၊ ဤသို့သဘောရှိသော။ ဣရိယာပထဿ၊ ဣရိယာပုထ်ကို။ အဋ္ဌပနာ၊ ရှေးဦးစွာထားခြင်းဟူသော။ ဌပနာ၊ ထားသောအခြင်း အရာဟူသော။ သဏ္ဌပနာ၊ ကောင်းစွာပြုပြင်ထားခြင်းဟူသော။ ယာ ဘာကုဋိကာ၊ အကြင်မျက်မှောင်ကုတ်ခြင်းသည်၊ ယံ ဘာကုဋိကံ၊ အကြင်မျက်မှောင်ကုတ်သည်၏ အဖြစ်သည်။ ယာ ကုဟနာ၊ အကြင်အံ့ဩစေခြင်းသည်။ ယာ ကုဟာယနာ၊ အကြင်အံ့ဩခြင်း ကိုဖြစ်စေတတ်သောအခြင်းအရာသည်။ ယံ ကုဟိတတ္တံ၊ အကြင်အံ့ ဩစေသောသူ၏အဖြစ်သည်၊ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဣရိယာပုထ်ပြု ပြင်ခြင်းကို။ ဣရိယာပထသင်္ခါတံ ကုဟနဝတ္ထုတိ၊ ဣရိယာပုထ် ဟုဆိုအပ်သော ကုဟနဝတ္ထုဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

တတ္ထ၊ ထိုနိဒ္ဒေသပါဠိ၌။ ပစ္စယသပဋိသေဝနာတိ၊ ပစ္စယပဋိသေဝနဟူသည်ကား။ ပစ္စယပဋိသေဝန၌၊ ပစ္စည်းတို့ကိုသုံးဆောင်ခြင်းဟု။ ဧဝံ သန္ဓိတေန၊ ဤသို့ဆိုအပ်သော။ ဝါ၊တနည်းကား၊ ပစ္စယပဋိသေဝနေန၊ ပစ္စည်းတို့ကိုသုံးဆောင်ခြင်းဖြင့်။ သန္ဓိတေန၊ ပြောဆိုအပ်သော။ သာမန္တဇပ္ပိတေနာတိ၊ သာမန္တဇပ္ပိတေနဟူသည်ကား။ သမီပဘဏိတေန၊ သူတပါးကဲ့သို့ပြု၍မိမိအနီး၌ ပြောဆိုခြင်းဖြင့်။ ဣရိယာပထဿ ဝါတိ၊ ဣရိယာပထဿ ဝါ-ဟူသည်ကား။ စတုဣရိယပထဿ၊ လေးပါးသောဣရိယာပုထ်ကို။ အဋ္ဌပနာတိ၊ အဋ္ဌပနာဟူသည်ကား။ အာဒိဌပနာ၊ အစစ္စာထားခြင်းတည်း။ ဝါ၊ အစစ္စာထားခြင်းကား။ အာဒရေန ဌပနာ၊ ရိုသေစွာထားခြင်းတည်း။ ဌပနာတိ၊ ဌပနာဟူသည်ကား။ ဌပနာကာရော၊ ထားသောအခြင်းအရာတည်း။ သဏ္ဌပနာတိ၊ သဏ္ဌပနာဟူသည်ကား။ အဘိသင်္ခရဏာ၊ ပြုပြင်ခြင်းတည်း။ ပါသာဒိကဘာဝကရဏံ၊ ကြည်ညိုဖွယ်ဆောင်တတ်သည်၏အဖြစ်ကိုပြုခြင်း။ ဝါ၊ ကြည်ညိုဖွယ်ရှိအောင်ပြုပြင်ခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ဆိုလို၏။ ဘာကုဋိကာတိ၊ ဘာကုဋိကာဟူသည်ကား။ ပဓာနပုရိမဋ္ဌိတဘာဝဒဿနေန၊ မိမိပြခန်းသောပမာဏဖြင့် ရှေးဦးစွာဖြစ်၍ တည်သောသူ၏အဖြစ်ကိုပြသဖြင့်။(ဤပါဌ်ကား မူကွဲ များသည် ဆဋ္ဌမူအတိုင်း သင့်အောင်ပြန်သည်) ဘာကုဋိကရဏံ၊ မျက်မှောင်ကုတ်ခြင်းကိုပြုခြင်းတည်း။ မုခသင်္ကောစော၊ မျက်နှာတွန့်ခြင်းတည်း။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ဆိုလို၏။ အဿ၊ ထိုရဟန်း၏။ သီလံ၊ သဘောကား။ ဘာကုဋိကရဏံ၊ မျက်မှောင်ကုတ်ခြင်းကိုပြုခြင်းတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဘာကုဋိကော၊ ဘာကုဋိကမည်၏။ ဘာကုဋိကဿ၊ မျက်မှောင်ကုတ်လေ့ရှိသောသူ၏။ ဘာဝေါ၊ အဖြစ်သည်။ ဘာကုလံ၊ ဘာကုလမည်၏။ ကုဟနာတိ၊ ကုဟနာဟူသည်ကား။ ဝိမှာပနာ၊ အံ့သြစေခြင်းတည်း။ ကုဟာဿ၊ အံ့သြခြင်းကို။ အာယနာ၊ ဖြစ်စေခြင်းတည်း။ ကုဟာယနာ၊ အံ့သြခြင်းကိုဖြစ်စေခြင်း။ တနည်း။ ကုဟနာ၊ အံ့သြဖွယ်ကိုဖြစ်စေသောပုဂ္ဂိုလ်၏။ အာယနာ၊ အလားအပြုအမူသည်။ ကုဟာယနာ၊ ကုဟာယနမည်၏။ ကုဟိတဿ၊ အံ့သြစေသောသူ၏။ ဘာဝေါ၊ အဖြစ်သည်။ ကုဟိတတ္တံ၊ ကုဟိတတ္တမည်၏။

လပနာနိဒ္ဒေသေ၊ လပနာပုဒ်၏အဖွင့်နိဒ္ဒေသ၌။ အာလပနာတိ၊ အာလပနာဟူသည်ကား။ ဝိဟာရံ အာဂတေ မနုဿေ၊ ကျောင်းသို့ ရောက်လာသော လူဒါယကာတို့ကို။ ဒိသွာ၊ မြင်လျှင်။ "ဘောန္တော၊ အမောင်ဒါယကာတို့။ ကိမတ္ထာယ၊ အဘယ်အကျိုးငှာ။ ... ။ ... ။ အာဂတာ၊ လာကြကုန်သနည်း။ ဘိက္ခူ၊ ရဟန်းတို့ကို။ ပင့်ရန်။ အာဂတာ ကိံ၊ လာကြကုန်သလော။ ယဒိ အာဂတာ၊ ... ရှိလာကုန်အံ့။ ဧဝံ ဤသို့

ဖြစ်သော်။ တနည်း။ ယဒိ ဝေံ၊ ဤသို့ဖြစ်လျှင်။ ဂစ္ဆထ ရေ၊ သွားနှင့်ကြကုန်လော။ (သွားနှင့်ကြဟေ့။) အဟံ၊ ငါသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဂဟေတွာ၊ ပင့်ဆောင်၍။ ပစ္ဆတော၊ နောက်မှ။ အာဂစ္ဆာမိတိ၊ လာခဲ့မည်ဟု” ဝေံ အာဒိတော၀၊ ဤသို့အစစွာပင်လျှင်။ (ရှေးဦးစွာပင်လျှင်။) လပနာ၊ လျှုရေး ပင့်ရေးနှင့်စပ်၍ လမ်းကြောင်းပေးကာ ပြောဆိုခြင်းတည်း။ အထဝါ၊ တနည်းကား။ “တိဿ၊ တိဿမထေရ်ဟူသည်မှာ။ အဟံ၊ ငါပင်တည်း။ ရာဇာ၊ ပြည့်ရှင်မင်းသည်။ မယိ ပသန္နော၊ ငါ့ကိုကြည်ညိုပါ၏။ အသုကော စ အသုကော စ ရာဇမဟာမတ္တော၊ မင်း၏ဤမည်သောအမတ်ကြီး ဤမည်သောအမတ်ကြီးသည်လည်း။ မယိ ပသန္နောတိ၊ ငါ့ကိုကြည်ညို၏ဟု” ဝေံ၊ ဤသို့။ (အတ္တနာ ဥပနေတွာ၊ မိမိကိုယ်ကိုဆောင်၍။) အတ္တုပနာယိကာ လပနာ၊ ကိုယ်ရည်သွေးကို ပြခြင်းရှိသော ပြောဆိုခြင်းသည်။ အာလပနာ၊ အာလပနမည်၏၊ လပနာတိ၊ လပနာဟူသည်ကား။ ပုဋ္ဌဿ သတော၊ အရှင် တိဿဟူသည်မှာ အဘယ်မထေရ်ပါနည်း ဤသို့စသည်ဖြင့်မေးလျှောက်အပ်သည်ဖြစ်၍။ ဝုတ္တပ္ပကာရမေဝ၊ ဆိုခဲ့ပြီးသောအပြားရှိသော။ လပနံ၊ ပြောဆိုခြင်းမျိုးပေတည်း။ သလ္လပနာတိ၊ သလ္လပနာဟူသည်ကား။ ဂဟပတိကာနံ၊ လှူဒါယကာတို့၏။ ဥက္ကဏ္ဌနေ၊ ပျင်းရိငြီးငွေ့ခြင်း၌။ ဝါ၊ ပျင်းရိငြီးငွေ့ခြင်းမှ။ ဘီတဿ၊ စိုးရိမ်သည်ဖြစ်၍။ တေသံ၊ ထိုဒါယကာတို့အား (ထည့်)။ ဩကာသံ ဒတွာ ဒတွာ၊ စကားပြောခွင့်ပေး၍ ပေး၍။ သဥ္ဇု လပနာ၊ ကောင်းစွာအဖန်ဖန်ပြောဆိုခြင်းတည်း။ ဥလ္လပနာတိ၊ ဥလ္လပနာဟူသည်ကား။ “မဟာကုဋုမ္ဗိကော၊ သူကြွယ်ကြီး။ မဟာနာဝိကော၊ လှေပိုင်ရှင်ကြီး။ ဝါ၊ သင်္ဘောပိုင်ရှင်ကြီး။ မဟာဒါနပတိတိ၊ အလှူရှင်ကြီးဟု”။ ဝေံ၊ ဤသို့။ ဥဒ္ဓံ ကတွာ၊ အထက်သို့မြှောက်ပင့်၍။ လပနာ၊ ပြောဆိုခြင်းပင်တည်း။ သမုလ္လပနာတိ၊ သမုလ္လပနာဟူသည်ကား။ သဗ္ဗတောဘာဂေန၊ ခပ်သိမ်းသောအဖို့အားဖြင့်။ ဥဒ္ဓံ ကတွာ၊ အထက်၌ပြု၍။ ဝါ၊ မြှောက်ပင့်၍။ လပနာ၊ ပြောဆိုခြင်းပေတည်း။

ဥန္နဟနာတိ၊ ဥန္နဟနာဟူသည်ကား။ “ဥပါသကာ၊ ဥပါသကာတို့။ ပုဗ္ဗေ၊ ရှေးက။ ဤဒိသေ ကာလေ၊ ဤသို့သောကာလ၌။ နဝဒါနံ၊ ကောက်သစ်အလှူကို။ ဒေထ၊ သင်တို့ပေးကြကုန်၏။ ဣဒါနိ၊ ယခုအခါ (ယခုနှစ်) ၌။ ကိံ၊ အဘယ်ကြောင့်။ န ဒေထ၊ မလှူကြကုန်သနည်း။ ဣဒါနိ၊ ယခုအခါ (ယခုနှစ်) ၌။ န ဒေထ ဂါန္တိ၊ မလှူကြတော့ပြီလောဟု” ဝေံ၊ ဤသို့ ဆိုလတ်သော်။ ‘ဘန္တေ၊ အရှင်ဘုရားတို့။ ဩကာသံ၊ လှူပါကုန်အံ့။ ဩကာသံ န လဘာမ၊ အခွင့်ကို မရကြသေးပါ။ ဣတိ-အာဒီနိ၊ ဤသို့ စသော ဝန်ခံစကားတို့ကို။ ယာဝ၊ အကြင်မျှလောက်။ ဝဒန္တိ၊ ပြောဆိုကြကုန်၏။ တာဝ၊ ထိုမျှလောက် လှူပါကုန်အံ့ဟု ဝန်ခံသည့်တိုင်အောင်။ ဥဒ္ဓံ ဥဒ္ဓံ

နဟာနာ၊ ခနောက်နောက်၌ ဤသို့ပြောဆိုခြင်းသည်။ ဝေဌနာ၊ ရစ်ပတ်၍ ပြောဆိုခြင်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ အထ ဝါ၊ တနည်းသော်ကား။ (၂၇) ဥစ္စုဟတ္ထံ ဒိသွာ၊ လက်၌ ကြံရှိသော သူကိုမြင်၍လျှင်။ "ဥပါသက၊ ဥပါသကာ။ ကုတော အာဘတန္တိ၊ သင် ဘယ်ကယူဆောင်ခဲ့သနည်းဟု"။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဥစ္ဆုခေတ္တတော၊ ကြံခင်းမှ။ အာဘတန္တိ၊ ဆောင်ခဲ့ပါသည်ဟု။ ဝုတ္တေ၊ လျှောက်ထားအပ်သော်။ ကိံ၊ အသို့နည်း။ တတ္ထ၊ ထိုကြံခင်း၌။ ဥစ္ဆု၊ ကြံသည်။ မဓုရန္တိ၊ ချိုပါ၏လောဟု။ ပုစ္ဆိ၊ မေးပြန်၏။ ဘန္တေ၊ အရှင်ဘုရား။ ခါဒိတွာ၊ ခဲကြည့်လျှင်။ (စုပ်ကြည့်လျှင်။) ဇာနိတဗ္ဗန္တိ၊ သိနိုင်ပါသည်ဟု။ အဝေါစ၊ လျှောက်ထားပြန်၏။ "ဥပါသက၊ ဥပါသကာ။ ဘိက္ခုဿ၊ ရဟန်းအား။ ဥစ္ဆုံ၊ ကြံကို။ ဒေထာတိ၊ လှူကြပါဟု။ ဝတ္တုံ န ဝဋ္ဋတိ၊ မပြောကောင်းပေ။ ဣတိ အာဟ၊ ဤသို့ပြောဆို၏။ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ နိဗ္ဗေဌေန္တဿာပိ၊ လူဒါယကာက လွတ်အောင်ဖြေပြောသော်လည်း မလွတ်နိုင်အောင် ဖြေသော သူအားလည်း။ ယာ ဝေဌနကထာ၊ ရစ်ပတ်လျက်ဆိုသော အကြောင်းစကားသည်။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုစကားသည်။ ဥန္နဟနာ၊ ဥန္နဟနာမည်၏။ သဗ္ဗတောဘာဂေန၊ ခပ်သိမ်းသော အဖို့အားဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ၊ ဝါ၊ ထပ်ကာထပ်ကာ။ ဥန္နဟနာ၊ ချီတုပ်ပြောဆိုခြင်းသည်။ သမုန္နဟနာ၊ သမုန္နဟနာမည်၏။

ဥက္ကာစနာတိ၊ ဥက္ကာစနာဟူသည်ကား။ ဧတံ ကုလံ၊ ထိုအမျိုး ထိုအိမ်ထောင်စုများသည်။ မံ ယေဝ၊ ငါ့ကိုသာလျှင်။ ဇာနာတိ၊ သိ၏။ ဧတ္ထ၊ ဤအမျိုး ဤအိမ်ထောင်စု၌။ ဒေယျဓမ္မေ၊ လှူဖွယ်ပစ္စည်းသည်။ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ ဖြစ်ပေါ်လာလျှင်။ မယှမေဝ ဒေတိတိ၊ ငါ့အားသာလျှင် လှူ၏ဟု။ ဧဝံ၊ ဤသို့။ ဥက္ခိပိတွာ၊ ဒါယကာ၏ဂုဏ်ကို မြှောက်ပင့်၍။ ကာစနာ၊ ဖော်ပြခြင်းသည်။ ဥက္ကာစနာ၊ ဥက္ကာစနာမည်၏။ ဥဒ္ဒီပနာတိ၊ မြှောက်ပြခြင်းဟု။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ တေလကန္ဒရိက-ဝတ္ထု၊ တေလကန္ဒရိကဝတ္ထုကို။ ဝတ္တဗ္ဗံ၊ ပြောဆိုသင့်၏။ သဗ္ဗတော ဘာဂေန၊ ခပ်သိမ်းသော အဖို့အားဖြင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဥက္ကာစနာ၊ မြှောက်ပင့်၍ ပြောဆိုခြင်းသည်။ သမုက္ကာစနာ၊ သမုက္ကာစနမည်၏။

အနုပ္ပိယဘာဏိတာတိ၊ အနုပ္ပိယဘာဏိဘာ ဟူသည်ကား။ သစ္စာနုရူပံ၊ အမှန်အားလျော်သည်ကိုလည်းကောင်း။ ဓမ္မာနုရူပံ ဝါ၊ တရားအားလျော်သည်ကိုသည်းကောင်း။ အနပလောကေတွာ၊ မငဲ့မူ၍။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ပိယဘဏနမေဝ၊ ချစ်ဖွယ်ကိုသာ ဆိုခြင်းတည်း။ စာဋုကမျတာတိ၊ စာဋုကမျတာ ဟူသည်ကား။ နီစဝုတ္တိတာ၊ နိမ့်သောဖြစ်ခြင်း ရှိသည်၏အဖြစ်တည်း။ အတ္တာနံ၊

မိမိကိုယ်ကို။ ဟေဒ္ဒတော ဟေဌတော ဌပေတွာ၊ အောက်အောက်၌ထား၍။ ဝါ၊ အောက်အကျဆုံးထား၍။ (သဒ္ဒါနုစ်ချက်ဆင့်က အနက်မြင့်သည်နှင့်အညီ ပေးသည်)။ ဝတ္တနံ၊ ပြောဆိုခြင်းတည်း။ မုဂ္ဂသူပျတာတိ၊ မုဂ္ဂသူပျတာဟူသည် ကား။ မုဂ္ဂသူပသဒိသတာ၊ ပဲနောက်ဟင်းနှင့် တူသည်၏ အဖြစ်တည်း။ ဟိ၊ ချဲ့ဦးအံ့။ မုဂ္ဂေသု ပစ္စမာနေသု၊ ပဲနောက်တို့ကိုချက်လျှင်။ ကောစိဒေဝ၊ တလုံး တလေသာလျှင်။ န ပစ္စတိ၊ မကျက်ပဲရှိ၍။ အဝသေသာ၊ ကြွင်းသောပဲနောက် တို့သည်။ ပစ္စန္တိ ယထာ၊ ကျက်ကုန် နူးနပ်ကုန်သကဲ့သို့။ ဝေံ၊ ဤအတူပင်။ ယဿ ပုဂ္ဂလဿ ဝစနေ၊ အကြင်ပုဂ္ဂိုလ်၏ စကား၌။ ကိဉ္စိဒေဝ၊ တလုံးတလေ သာလျှင်။ သစ္စံ ဟောတိ၊ မှန်၏။ သေသံ၊ ကြွင်းသောစကား အလုံးစုံသည်။ အလိကံ၊ မှား၏။ အယံ ပုဂ္ဂလော၊ ဤသို့သော ပုဂ္ဂိုလ်ကို။ မုဂ္ဂသူပျောတိ၊ ပဲနောက်ဟင်းနှင့်တူသော စကားရှိသူဟု။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ တဿ ဘာဝေါ၊ ထိုပဲနောက်ဟင်းနှင့်တူသော စကားရှိသော သူ၏အဖြစ်သည်။ မုဂ္ဂ-သူပျတာ၊ မုဂ္ဂသူပျတာမည်၏။ ပါရိဘဋျတာတိ၊ ပါရိဘဋျတာ ဟူသည်ကား။ ပါရိဘဋျဘာဝေါ၊ ကလေးထိန်းအမှု၏ အဖြစ်တည်း။ ဟိ၊ ချဲ့ဦးအံ့။ ယော၊ အကြင်ရဟန်းသည်။ ကုလဒါရကေ၊ လူဒါယကာတို့၏ သားငယ်တို့ကို။ ဓာတိ ဝိယ၊ ကလေးထိန်းကဲ့သို့။ အင်္ကေန ဝါ၊ ရင်ခွင်ဖြင့်သော်လည်းကောင်း။ ခန္ဓေန ဝါ၊ ပခုံးဖြင့်သော်လည်းကောင်း။ ပရိဘဋတိ၊ ချီပိုးထိန်းကျောင်း၏။ ဓာရေတိ၊ ချီပိုးထမ်းဆောင်၏။ ဣတိ·အယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ ဆိုလို သောအနက်တည်း။ တဿ ပရိဘဋဿ၊ ထိုကလေးသူငယ်တို့ကို ချီပိုးထိန်း ကျောင်းသောသူ၏။ ကမ္မံ၊ အမှုတည်း။ ဝါ၊ တနည်း။ တဿ ပရိဘဋဿ ကမ္မံ၊ ထိုကလေးသူငယ်တို့ကို ချီပိုးထိန်းကျောင်းသော သူ၏ အမှုသည်။ ပါရိဘဋျံ၊ ပါရိဘဋျမည်၏။

နေမိတ္တိကတာနိဒ္ဒေသေ၊ နေမိတ္တိကတာ ပုဒ်၏အဖွင့် နိဒ္ဒေသ၌။ နိမိတ္တန္တိ၊ နိမိတ္တဟူသည်ကား။ ပရေသံ၊ ကပါးသော ဒါယကာတို့အား။ ပစ္စယဒါနသညာ-ဇနကံ၊ ပစ္စည်းကို ပေးလှူခြင်း၌ အမှတ်သညာကို ဖြစ်စေတတ်သော။ ကာယ-ဝစီကမ္မံ၊ ကိုယ်အမှု နှုတ်အမှုဟူသော။ ယံ ကိဉ္စိ၊ တစုံတခုပေတည်း။ နိမိတ္တ-ကမ္မန္တိ၊ နိမိတ္တကမ္မံဟူသည်ကား။ ခါဒနီယံ ဂဟေတွာ၊ ခဲဖွယ်ကိုကိုင်ယူ၍။ ဂစ္ဆန္တေ ဒိသွာ၊ သွားသောသူတို့ကိုမြင်လျှင်။ "ခါဒနီယံ၊ ခဲဖွယ်ကို။ လဘိတ္ထ ကိံ၊ ရခဲ့ ကုန်သလော"။ တနည်း၊ ခါဒနီယံ လဘိတ္ထ၊ ခဲဖွယ်ကို ရခဲ့ကုန်သလော။ ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ နိမိတ္တကရဏံ၊ လှူရန်အမှတ် နိမိတ်ကို ပြုခြင်းပေတည်း။ ဩဘာသောတိ၊ ဩဘာသောဟူသည်ကား။ ပစ္စယ-ပဋိသံယုတ္တကထာ၊ ပစ္စည်းနှင့်စပ်သော စကားပင်တည်း။ ဩဘာသကမ္မန္တိ၊ ဩဘာသကမ္မံဟူသည်ကား။ ဝစ္ဆပါလကေ ဒိသွာ၊ နွားငယ်ကျောင်းသော

သူငယ်တို့ကိုမြင်လျှင်။ "ကိံ၊ အသို့နည်း။ ဣဓ ဝတ္ထ၊ ဤနွားငယ်တို့သည်။ ခီရဂေါဝစ္ဆာ၊ နို့ရည်စို့ရသော နွားငယ်တို့လော။ ဥဒါဟု၊ သို့မဟုတ်။ တက္ကဂေါ-ဝစ္ဆာတိ၊ ရက်တက်ရည်သောက်ရသော နွားငယ်တို့လော"ဟု။ ပုစ္ဆိတွာ၊ မေးပြီးလျှင်။ "ဘန္တေ၊ အရှင်ဘုရား။ ခီရဂေါဝစ္ဆာတိ ဝုတ္တေ၊ နို့ရည်စို့ရသော နွားငယ်တို့ပါဘုရားဟု ဆိုလတ်သော်။" န ခီရဂေါဝစ္ဆာ၊ နို့ရည်စို့ရသော နွားငယ်တို့မဖြစ်နိုင်ကုန်။ ခီရဂေါဝစ္ဆာ၊ နို့ရည်စို့ရသော နွားငယ်တို့သည်။ ယဒိ သိယုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း၊ ခီရံ လဘေယျုန္တိ၊ နွားနို့ကို ရကုန်ရာ၏ဟု။ ဧဝမာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ ဘေသံ ဒါရကာနံ၊ ထိုနွားကျောင်းသားသူငယ်တို့၏။ မာတာပိတူနံ၊ မိဘတို့အား။ နိဝေဒေတွာ၊ ပြောကြား၍။ ခီရဒါပနာဒိကံ၊ နွားနို့ကို လှူစေ-ခြင်းအစရှိသော။ ဩဘာသကရဏံ၊ မိမိအလိုကို အရိပ်ပြမှု ပြုခြင်းတည်း။ သာမန္တဇပ္ပါတိ၊ သာမန္တဇပ္ပါဟူသည်ကား။ သမီပံ ကတွာ ဇပ္ပနံ၊ အလိုရှိသော ပစ္စည်းနှင့် အနီးပြု၍ ပြောဆိုခြင်းတည်း။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤအရာ၌။ ကုလူပကဘိက္ခုဝတ္ထု၊ ကုလူပကရဟန်း၏ ဝတ္ထုကို။ ဝတ္တဗ္ဗံ၊ ပြောကြားသင့်၏။

ကိရ၊ တဆင့်ကြားဖူးသည်ကား။ ကုလူပကော ဘိက္ခု၊ ဆွမ်းခံ ထိုင်အိမ်အဖြစ်ဖြင့် အိမ်သို့ကပ်သော ရဟန်းတပါးသည်။ ဘုဉ္ဇိတုကာမော၊ ဆွမ်းစားလိုသည်ဖြစ်၍။ ဂေဟံ ပဝိသိတွာ၊ အိမ်သို့ဝင်ပြီးလျှင်။ နိသီဒိ၊ ထိုင်နေသတတ်။ ဃရဏီ၊ အိမ်ရှင်မသည်။ တံ ဒိသွာ၊ ထိုရဟန်းကိုမြင်လျှင်။ အဒါတုကာမာ၊ မလှူလိုသောကြောင့်။ တဏ္ဍုလာ နတ္ထိတိ ဘဏန္တီ၊ ဆန်မရှိဟု ပြောဆိုကာ။ တဏ္ဍုလေ အာဟရိတုကာမာ၊ ဆန်တို့ကို ဆောင်ယူလို၍။ ဂတာ ဝိယ၊ သွားသကဲ့သို့။ ပဋိဝိဿကဃရံ၊ အိမ်နီးချင်းအိမ်သို့။ ဂတာ၊ သွားလေ၏။ ဘိက္ခုပိ၊ ရဟန်းသည်လည်း။ အန္တော ဂဗ္ဘံ၊ အိမ်အခန်းတွင်းသို့။ ပဝိသိတွာ ဩလော-ကေန္တော၊ ဝင်၍ကြည့်ရှုလတ်သော်။ ကဝါဋကောဏေ၊ တံခါးရွက်ထောင့်၌။ ဥစ္ဆုံ၊ ကြံကိုလည်းကောင်း။ ဘာဇနေ၊ အိုးထဲ၌။ ဂုဠံ၊ တင်လဲကိုလည်းကောင်း။ ပိဋကေ၊ ချင်းတောင်းထဲ၌။ လောဏမစ္ဆဖာလေ၊ ငါးခြောက်ပြားခြမ်းတို့ကိုလည်းကောင်း။ ကုမ္ဘိယံ၊ ဆန်အိုးထဲ၌။ တဏ္ဍုလေ၊ ဆန်တို့ကိုလည်းကောင်း။ ဃဋေ၊ ထောပတ်အိုးထဲ၌။ ဃတံ၊ ထောပတ်ကိုလည်းကောင်း။ ဒိသွာ၊ တွေ့မြင်ပြီးလျှင်။ နိက္ခမိတွာ၊ အပြင်သို့ထွက်၍။ နိသီဒိ၊ ထိုင်နေလေ၏။ ဃရဏီ၊ အိမ်ရှင်မသည်။ "တဏ္ဍုလေ နာလတ္ထာတိ၊ ဆန်မရခဲ့ဟု။ အာဂတာ၊ ညည်းတွားလျက်ပြန်လာ၏။ ဘိက္ခု၊ ရဟန်းသည်။ "ဥပါသိကေ၊ ဥပါသိကာမရေ။ အဇ္ဇ၊ ယနေ့။ ဘိက္ခာ၊ ဆွမ်းသည်။ န သမ္ပဇ္ဇိဿတီတိ၊ မပြည့်စုံလတ္တံ့ဟု။ ပဋိကစ္စေဝ၊ စောစောကပင်။ နိမိတ္တံ အဒ္ဒသန္တိ၊ နိမိတ်ကို မြင်ခဲ့ပြီဟု။ အာဟ၊ ဆို၏။ ကိံ ဘန္တေ၊ အဘယ်ကဲ့သို့သော နိမိတ်ကို မြင်ခဲ့ပါသနည်း အရှင်ဘုရားဟု။ ပုစ္ဆိတော၊ မေး

လတ်သော်။ ကဝါဠကောဏော၊ တံခါးရွက်ထောင့်၌။ နိက္ခိတ္တံ၊ ထားအပ်သော။ ဥစ္စုံ ဝိယ၊ ကြံချောင်းကဲ့သို့သော။ သပ္ပံ၊ မြွေကို။ အဒ္ဒသံ၊ မြင်ခဲ့၏။ တံ ပဟရိ- ဿာမီတိ၊ ထိုမြွေကိုပုတ်ခတ်အံ့ဟု။ ဩဓလောကေန္တော၊ ကြည့်ရှုလတ်သော်။ ဘာဇနေ ဌပိတံ၊ အိုးထဲ၌ထားသော။ ဂုဠပိဏ္ဍံ ဝိယ၊ တင်လဲခဲနှင့်တူသော။ ပါသာဏံ၊ကျောက်ခဲကို။ အဒ္ဒသံ၊ မြင်ခဲ့၏။ လေဍ္ဍုကေန၊ ကျောက်ခဲဖြင့်။ ပဟာ- ရေန သပ္ပေန၊ ပစ်ခတ်အပ်သော မြွေသည်။ ဝါ၊ မြွေက။ ကတံ၊ ပြုအပ်သော။ ဖဏံ၊ ပါးပျဉ်းကို။ ပိဋ္ဌခော၊ ခြင်းတောင်း၌။ နိက္ခိတ္တလောဏမစ္ဆဖာလသဒိသံ၊ ထားသောငါးခြောက်ပြားမြနှင့်တူစွာ။ အဒ္ဒသံ၊ မြင်ခဲ့၏။ တံ လေဍ္ဍုံ၊ ထိုခဲကို။ ဍံသိတုကာမဿ၊ ကိုက်လိုသော။ တဿ၊ ထိုမြွေ၏။ ဒန္တေ၊ သွားတို့ကို။ ကုမ္ဘိယာ၊ ဆန်အိုးထဲမှ။ ဟဏ္ဍုလသဒိသေ၊ ဆန်တို့နှင့်တူသည်၊ အဒ္ဒသံ၊ မြင်ခဲ့၏။ အထ၊ ထိုအခါ၌။ ကုပိတဿ၊ အမျက်ထွက်သော။ တဿ၊ ထိုမြွေ၏။ မုခတော နိက္ခမန္တံ၊ ပါးစပ်မှထွက်လာသော။ ဝိသမိဿကံ ခေဠံ၊ အဆိပ်နှင့်ရောသော တံတွေးတို့ကို။ ဃရေ၊ ထောပတ်အိုးထဲ၌။ ပက္ခိတ္တဃဋသဒိသံ၊ ထည့်ထားသော ထောပတ်နှင့်တူစွာ။ အဒ္ဒသံ၊ မြင်ခဲ့၏ဟူ။ အာဟ၊ ပြောဆိုသော်၊ ထိုအိမ်ရှင်မ သည်။ န သက္ကာ မုဏ္ဍကံ ဝဉ္စေတုန္တိ၊ ဦးပြည်းကိုလှည့်စားခြင်းငှာ မစွမ်းနိုင်ဟု။ စိန္တေတွာ၊ ကြံဆင်ခြင်၍။ ဥစ္ဆုံ ဒတွာ၊ ကြံကိုကပ်ပြီးလျှင်။ ဩဒနံ ပစိတွာ၊ ထမင်းကိုချက်၍။ ဃဋဂုဠမစ္ဆေဟိ သဒ္ဓိံ၊ ထောပတ် တင်လဲ ငါးခြောက်တို့နှင့် တကွ။ သဗ္ဗံ၊ အလုံးစုံကို။ အဒါသိ၊ ကပ်လှူလေ၏။ ဧဝံ၊ ဤသို့ သမီပံ ကတွာ၊ အလိုရှိအပ်သော ပစ္စည်းနှင့်အမှီပြု၍။ ဇပ္ပနံ၊ ပြောဆိုခြင်းကို။ သာမန္တဇပ္ပါတိ၊ သာမန္တဇပ္ပါဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပရိကထာတိ၊ ပရိကထာဟူသည်ကား။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ကထိယမာနေ၊ ပြောဆိုအပ်သော်။ တံ၊ ထိုအပ်သော ပစ္စည်းကို။ လဘတိ၊ ရ၏။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ပရိဝတ္တေတွာ၊ ပြန်လှည့်၍။ တဿ၊ ထိုပစ္စည်းကို၊ ကထနံ၊ ပြောဆိုခြင်းတည်း။

နိဗ္ဗတ္တိကထာနိဒ္ဒေသ၊ နိပ္ပေသိကတာပုဒ်၏ အဖွင့် နိဒ္ဒေသ၌။ အက္ကော- သနာတိ၊ ဆဲခြင်းဟူသည်ကား။ ဒသဟိ အက္ကောသဝတ္ထူဟိ၊ ဆယ်ပါးသော ဆဲရေးကြောင်းဝတ္ထုတို့ဖြင့်။ အက္ကောသနံ၊ ဆဲရေးခြင်းတည်း။ (ဆယ်ပါးသော ဆဲရေးကြောင်း ဝတ္ထုတို့ကား— ၁။ အမျိုးဇာတ် ၂။ အမည် ၃။ အနွယ် ၄။ အမှုအလုပ်အကိုင် ၅။ အတတ်ပညာ ၆။ အနာရောဂါ ၇။ အရုပ် အနိမ့်အမြင့် အသားအမည်းအဖြူစသော အသွင်သဏ္ဌာန် ၈။ လောဘ ဒေါသ စသော ကိလေသာ ၉။ အာပတ် ၁၀။ နွားပဲ ခွေးပဲ တိရစ္ဆာန်ပဲ စသည် ဖြင့် အထွေထွေ ဆဲရေးခြင်းဟူသော ဤဆယ်ပါးတို့ပင်တည်း။) ဝမ္ဘနာတိ၊ ရှုတ်ချခြင်းဟူသည်ကား။ ပရိဘဝိတွာ ကထနံ၊ နှိပ်စက်၍ ဆိုခြင်းတည်း။ ဂရ- ဟဏာတိ၊ ကဲ့ရဲ့ခြင်းဟူသည်ကား။ အဿဒ္ဓေါ၊ ကံ ကံ၏အကျိုးကို ယုံကြည်

သော သဒ္ဒါတရားမရှိ။ အပ္ပသန္နောတိ အာဒိနာ နယေန၊ ရတနာသုံးပါးကို မကြည်ညို ဤသို့စသောနည်းဖြင့်။ ဒေါသာဒေရပနာ၊ အပြစ်တင်ခြင်းတည်း။ ဥက္ကေ္ခပနာတိ၊ ဥက္ကေ္ခပနာဟူသည်ကား။ တော်၊ ဤဒါယကာကို။ တွေ၊ ဤလှူဒါန်းသောအရာ၌။ မာ ကထေထာတိ၊ ထည့်၍ မပြောကြားလင့်ဟု။ ဝစာယ၊ စကားဖြင့်။ ဥက္ခိပနံ၊ လှူသူအဖြစ် စသည်မှ ထုတ်ပယ်ခြင်းတည်း။ သဗ္ဗတောဘာဂေန၊ ခပ်သိမ်းသော အဖို့အားဖြင့်။ သဝတ္ထုကံ၊ တည်ရာမှီရာနှင့်တကွ။ သဟေတုကံ၊ အကြောင်းနှင့်တကွ။ ကတွာ၊ ပြု၍။ တနည်း။ သဝတ္ထုကံ ကတွာ၊တည်ရာမှီရာပြု၍။သဟေဘုကံ ကတွာ၊ အကြောင်းနှင့် တကွ ပြု၍။ ဥက္ကေ္ခပနာ၊ ထုတ်ပယ်ခြင်းသည်။ သမုက္ကေ္ခပနာ၊ သမုက္ကေ္ခပနာမည်၏။ အယ ဝါ၊ ဟနည်းသော်ကား။ အဒေန္တ ဒိသွာ၊ မပေးလှူ သောသူကိုမြင်လျှင်။ အဟော ဒါနပတီတိ၊ အော်အလှူရှင်ပါတကားဟု။ ဧဝံ၊ ဤသို့။ ဥက္ခိပနံ၊ မြှောက်၍ မပြောဆိုခြင်းသည်။ ဥက္ကေ္ခပနာ၊ ဥက္ကေ္ခပနာမည်၏။ မဟာဒါနပတီတိ၊ အလှူရှင်ကြီးပါတကားဟု။ ဧဝံ၊ ဤသို့။သုဋ္ဌု ဥက္ကေ္ခပနံ၊ လွန်ကဲစွာ မြှောက်ပင့် ပြောဆိုခြင်းသည်။ သမုက္ကေ္ခပနာ၊သမုက္ကေ္ခပနာမည်၏။ ခိပနာတိ၊ခိပနာဟူသည် ကား။ဗိဇဘောဇနော၊ မျိုးစေ့ကို စားသုံးနေသော။ ဣမဿ၊ ဤသူ၏။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ ကိန္တိ၊ အဘယ်အကျိုးရှိအံ့နည်းဟု။ ဧဝံ၊ ဤသို့ စသည် ဖြင့်။ ဥပ္ပဏ္ဍနာ၊ ပြက်ရယ်ဆိုခြင်းတည်း။ သံခိပနာတိ၊ သံခိပနာဟူသည်ကား။ ယော၊ အကြင်သူသည်။ နိစ္စကာလံ၊ အမြဲတမ်း။ သဗ္ဗေသမ္ပိ၊ အလှူခံပုဂ္ဂိုလ် အားလုံးတို့အားလည်း။နတ္ထိတိဝစနံ၊မရှိဟူသောစကားကို။ဒေတိ၊ပေးလှူပေ၏။ ဣမံ၊ ဤသို့သော ဒါယကာကို။ အဒါယကောတိ၊ မပေးတတ်သူဟူ၍။ ကိံ ဘဏထ၊ အဘယ်ကြောင့်ဆိုကြသနည်း။ ဣတိ ဧဝံ၊ ဤသို့။ သုဋ္ဌုတရံ၊ အတိုင်း လက်အလွန်။ ဝါ၊ သာ၍လွန်စွာ။ ဥပ္ပဏ္ဍနံ၊ ပြက်ရယ်ဆိုခြင်းတည်း။ ပါပနာတိ၊ ပါပနာဟူသည်ကား။ အဒါယကဿ ဝါ၊ မပေးလှူသူ အဖြစ်သို့သော်လည်း ကောင်း။ အဝဏ္ဏဿ ဝါ၊ ကျေးဇူးမဲ့သို့သော်လည်းကောင်း။ ပါပနံ၊ ရောက်စေ ခြင်းတည်း။ သဗ္ဗတောဘာဂေန၊ခပ်သိမ်းသော အဖို့အားဖြင့်၊ ပါပနံ၊ ရောက်စေ ခြင်းသည်။ သမ္ပာပနာ၊သမ္ပာပနာမည်၏။ အဝဏ္ဏဟာရိကာတိ၊ အဝဏ္ဏဟာရိကာ ဟူသည်ကား။ ဧဝံ၊ ဤသို့ ကျေးဇူးမဲ့ကို ဆိုသည်ရှိသော်။ အဝဏ္ဏဘယာပိ၊ သူ၏ ကျေးဇူးမဲ့ကိုပြောဆိုသည်မှ ကြောက်သောကြောင့်လည်း။ မေ၊ ငါ့အား။ ဒဿ- တီတိ၊လှူလတ္တံ့ဟု မျှော်လင့်၍။ ဂေဟတော ဂေဟံ၊ တအိမ်မှ တအိမ်သို့။ ဂါမ- တော ဂါမံ၊ တရွာမှ တရွာသို့။ ဇနပဒတော ဇနပဒံ၊ ဇနပုဒ်တခုမှ ဇနပုဒ် တခုသို့။ အဝဏ္ဏဟာရဏံ၊ ကျေးဇူးမဲ့ကို ဆောင်ခြင်း မကောင်းသတင်း လွှင့်ခြင်းတည်း။ ပရပိဋ္ဌိမံသိကတာတိ၊ ပရပိဋ္ဌိမံသိကတာဟူသည်ကား။ ပုရတော၊ မျက်မှောက်၌။ မဓုရံ ဘဏိတွာ၊ ချိုသော စကားကိုဆို၍။ ပရမ္မုခေ၊ မျက်ကွယ်၌။ အဝဏ္ဏ- ဘာသိတာ၊ ကျေးဇူးမဲ့ကို ဆိုတတ်သည်၏ အဖြစ်တည်း။ ဟိ၊မှန်၏။ သော

ဤသို့သော ပြောဆိုခြင်းသည်။ အဘိမုခံ၊ ရှေးရှုမျက်နှာချင်းဆိုင်။ (၂၉) ဩလောကေတုံ အသက္ကောန္တဿ၊ ကြည့်ရန် မဝံ့သောသူတို့၏။ ဝါ၊ ကြည့်ရန်မဝံ့သောသူက။ ပရမ္မုခါနံ၊ တဘက်သို့ မျက်နှာ လှည့်နေသောသူတို့၏။ ပိဋ္ဌိမံသခါဒနမိဝ ဟောတိ၊ ကျောက်ကုန်းသားကို စားသည်နှင့်တူ၏။ တသ္မာ၊ ထို့ကြောင့်။ ပရပိဋ္ဌိမံသိကတာတိ၊ ပရပိဋ္ဌိမံသိကတာဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။ အယံ ဝုစ္စတိ နိပ္ပေသိကတာတိ၊ 'အယံ ဝုစ္စတိ နိပ္ပေသိကတာ' ဟူသည်ကား။ ယသ္မာ၊ အကြင်ကြောင့်။ အဗ္ဘင်္ဂံ၊ ကိုယ်၌လိမ်းလားသော နယ်ဆီကို။ ဝေဠုပေသိကာယ၊ ဝါးခြမ်းစိတ်ဖြင့်။ နိပုဉ္ဆတိ ဝိယ၊ ခြစ်၍သုတ်သကဲ့သို့။ ပရဿ ဂုဏံ၊သူတပါးဂုဏ်ကို။ နိပ္ပေသေတိ။ ခြစ်တတ်၏။ နိပုဉ္ဆတိ၊ သုတ်တတ်၏။ ဝါ၊ တနည်းကား။ ယသ္မာ၊အကြင်ကြောင့်။ဂန္ဓဇာတံ၊ နံ့သာမျိုးကို။ နိပိသိတွာ၊ ကြိတ်ချေ၍။ ဝါ၊ သွေး၍။ဂန္ဓမဂ္ဂနာ ဝိယ၊ နံ့သာကို ရှာခြင်းကဲ့သို့။ ပရဂုဏေ၊ သူတပါးဂုဏ်တို့ကို။ နိပိသိတွာ၊ ကြိတ်ချေ၍။ ဝိစုဏ္ဏေတွာ၊ မှုန့်မှုန့်ညက်ညက် ချေဖျက်၍။သော လာဘမဂ္ဂနာ၊ဤလာဘ်ကိုရှာမှီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ နိပ္ပေသိကတာတိ၊ နိပ္ပေသိကတာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤကား အဆုံးအဖြတ်ပေတည်း။

လာဘေန လာဘံ နိဇိဂီသနတာနိဒ္ဒေသေ၊ လာဘ်ဖြင့် လာဘ်ကိုရှာမှီးခြင်း ဟူသော နိဒ္ဒေသ၌။ နိဇိဂီသနတာတိ၊ နိဇိဂီသနတာဟူသည်ကား။ မဂ္ဂနာ၊ ရှာမှီးခြင်းတည်း။ ဣတော လဒ္ဓန္တိ၊ ဣတော လဒ္ဓံ ဟူသည်ကား။ ဣမမှာ ဂေဟာ၊ ဤအိမ်မှ။ လဒ္ဓံ၊ ရသောလာဘ်ကို။ အမုတြာတိ၊ အမုတြဟူသည် ကား။ အမုကမှိ ဂေဟေ၊ ထိုအိမ်၌။ ဧဋ္ဌိတိ၊ ဧဋ္ဌိဟူသည်ကား။ ဣစ္ဆနာ၊ လိုချင်ခြင်းတည်း။ ဂဝေဋ္ဌိတိ၊ ဂဝေဋ္ဌိဟူသည်ကား။ မဂ္ဂနာ၊ ရှာမှီးခြင်းတည်း။ ပရိယေဋ္ဌိတိ၊ ပရိယေဋ္ဌိဟူသည်ကား။ပုနပ္ပုနံ မဂ္ဂနာ၊ အဖန်ဖန်ရှာခြင်းတည်း။ အာဒိတော ပဋ္ဌာယ၊ အစအိမ်မှစ၍။ လဒ္ဓံ လဒ္ဓံ ဘိက္ခံ၊ ရတိုင်း ရတိုင်းသော ဆွမ်းကို။ တတြ တတြ၊ ထိုထိုအိမ်၌။ ကုလဒါရကာနံ ဒတွာ၊ သတို့သား သူငယ်တို့ကိုပေး၍။ အန္တေ၊ နောက်ဆုံးအိမ်၌။ ခီရယာဂုံ လဘိတွာ၊ နွားနို့ ယာဂုကိုသာရ၍။ ဂတဘိက္ခု ဝတ္ထု၊ သွားသော ရဟန်း၏ ဝတ္ထုကို။ ဧတ္ထ၊ ဤအရာ၌။ ကထေတဗ္ဗံ၊ ပြောဆိုသင့်၏။ ဧသနာတိအာဒီနိ၊ ဧသနာအစ ရှိသော ပုဒ်တို့သည်။ ဧဋ္ဌိအာဒီနမေဝ၊ ဧဋ္ဌိအစရှိသော ပုဒ်တို့၏ သာလျှင်။ ဝေဝစနာနိ၊ ပရိယာယ်စကားတို့ပေတည်း၊ တသ္မာ၊ ထို့ကြောင့်။ ဧဋ္ဌိတိ၊ ဧဋ္ဌိ ဟူသည်ကား။ ဧသနာ၊ လိုချင်ခြင်းတည်း။ ဂဝေဋ္ဌိတိ၊ ဂဝေဋ္ဌိ ဟူသည်ကား။ ဂဝေသနာ၊ ရှာခြင်းတည်း။ ပရိယေဋ္ဌိတိ၊ ပရိယေဋ္ဌိဟူသည်ကား။ ပရိယေ-သနာ၊ အဖန်တလဲလဲရှာခြင်းတည်း။ ဣစ္စေဝံ၊ ဤသို့လျှင်။ ဧတ္ထ၊ ဤစကား

ဝါကျ၌။ ယောဇနာ၊ ယောဇနာခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အယံ၊
ဤဆိုခဲ့သော စကားသည်။ ကုဟနာဒီနံ၊ ကုဟနအစရှိသော ပုဒ်တို့၏။
အတ္ထော၊ အနက်ဘည်း။

ဣဒါနိ၊ ယခုအခါ၌။ ဝေမာဒီနဉ္စ ပါပဓမ္မာနံတိ ဧတ္ထ၊ ဝေမာဒီနဉ္စ ပါပ-
မမ္မာနံ ဟူသော ဤစကားရပ်၌။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ ငါ ပနု၊
ထို့ပြင်လည်း။ ဧကေ ဘောန္တော သမဏဗြာဟ္မဏာ၊ အချို့သော အရှင်သမဏ
ဗြာဟ္မဏတို့သည်။သဒ္ဓါဒေယျာနိ ဘောဇနာနိ၊ ဒါယကာများပြည့်သူတို့က ယုံကြည်၍
လှူကုန်သော သုံးဆောင်ဖွယ် ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ သုံးဆောင်ကြပြီး
လျှင်။ ဝေရူပါယ၊ ဤသို့သောသဘောရှိသော။ တိရစ္ဆာနဝိဇ္ဇာယ၊ တိရစ္ဆာန-
ဝိဇ္ဇာခေါ် ဖိလာအတတ်ဖြင့်။ ပဝတ္တေနု၊ ဖြစ်သော။ တနည်း။ တိရစ္ဆာနဝိဇ္ဇာယ၊
တိရစ္ဆာနဝိဇ္ဇာခေါ် အတတ်ဟူသော။ မိစ္ဆာဇီဝေန၊ မှားသော အသက်မွေး
ခြင်းဖြင့်။ ဇီဝိကံ ကပ္ပေတိ၊ အသက်မွေးကြကုန်၏။ ဣဒံ ဣမာ၊ ဤမင်္ဂဖိုလ်၏
ဖိလာအတတ်တို့သည်။သေယျထာ ကတမာ၊ အဘယ်တို့နည်း။ အင်္ဂံ၊ အင်္ဂကျမ်း
လည်းကောင်း။ နိမိတ္တံ၊ နိမိတ်ကျမ်းလည်းကောင်း။ ဥပ္ပါတံ၊ ဥပ္ပါတကျမ်းလည်း
ကောင်း။ သုပိနံ၊ အိပ်မက်ကျမ်းလည်းကောင်း။ လက္ခဏံ၊ လက္ခဏာကျမ်းလည်း
ကောင်း။မူသိကစ္ဆိန္နံ၊ကြွက်ကိုက်ကျမ်းလည်းကောင်း။အဂ္ဂိဟောမံ၊ မီးပူဇော်ခြင်း
လည်းကောင်း။ ဒဗ္ဗိဟောမံ၊ ယောက်မဖြင့် ပူဇော်ခြင်းလည်းကောင်း။ ဣတိ
အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ဗြဟ္မဇာလေ၊ ဗြဟ္မဇာလသုတ်၌။
ဝုတ္တာနံ၊ ဟောထားအပ်ကုန်သော။ အနေကေသံ ပါပဓမ္မာနံ၊ များစွာ
ကုန်သော ယုတ်မာကုန်သော အကျင့်တို့ကို။ ဂဟဏံ၊ ယူခြင်းကို၊ ဝေဒိတဗ္ဗံ၊
သိအပ်၏။ ဣတိ၊ ဤသို့လျှင်။ အာဇီဝဟေတု၊ အသက်မွေးမှုဟူသော
အကြောင်းကြောင့်။ ပညတ္တာနံ၊ ပညတ်အပ်ကုန်သော။ ဆန္နံ သိက္ခာပဒါနံ၊
ခြောက်ပါးသော သိက္ခာပုဒ်တို့ကို။ ဝီတိက္ကမဝသေန၊ လွန်ကျူးခြင်း၏ အစွမ်း
အားဖြင့်လည်းကောင်း။ ကုဟနာ လပနာ နေမိတ္တိကတာ နိပ္ပေသိကတာ-
လာဘေန လာဘံ နိဇိဂီသနတာ တိ ဧဝမာဒီနံ၊ ကုဟနာ, လပနာ, နေမိတ္တိ-
ကတာ, နိပ္ပေသိကတာ, လာဘေန လာဘံ နိဇိဂီသနတာ, ဤသို့ အစ
ရှိကုန်သော။ ပါပဓမ္မာနံ၊ ယုတ်မာသော အကျင့်တို့၏။ ဝသေန၊ အစွမ်း
အားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ယွာယံ ယော အယံ မိစ္ဆာဇီဝေါ၊ ဆိုခဲ့ပြီး
သော မိစ္ဆာဇီဝခေါ် အကြင် မှားသော အသက်မွေးမှုသည်။ အတ္ထိ၊ ရှိ၏။
သဗ္ဗပ္ပကာရာပိ၊ အလုံးစုံသောအပြားရှိသော။ တဿ မိစ္ဆာဇီဝါ၊ ထိုမိစ္ဆာဇီဝဟူ
သမျှမှ။ယာ ဝိရတိ၊ အကြင်ကြဉ်ရှောင်ခြင်းသည်။အတ္ထိ၊ရှိ၏။ဣဒံ၊ဤသို့လသည်။
အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလ မည်၏။ တတြ၊ ထိုပုဒ်၌။ အယံ၊
ဤဆိုလတ္တံ့သည်ကား။ ဝစနတ္ထော၊ သဒ္ဒါနက်ပေတည်း။ ဧတံ၊ ဤလုံ့လကို။

အာဂမ္မ၊ စွဲမှီ၍။ ဇီဝန္တိ၊ အသက်ရှင်ကုန်၏။ ဣတိ-တသ္မာ၊ ထိုအသက်ရှင်ခြင်း၏ မှီရာအကြောင်းကြောင့်။ အာဇီဝေါ၊ အာဇီဝမည်၏။ သော၊ ထိုလုံ့လကား။ ကော၊ အဘယ်နည်း။ ပစ္စယပရိယေသနဝါယာမော၊ ပစ္စည်းတို့ကို ရှာမှီးကြောင်းဖြစ်သော လုံ့လပေတည်း။ ပါရိသုဒ္ဓီတိ၊ ပါရိသုဒ္ဓိ ဟူသည်ကား။ ပရိသုဒ္ဓတာ၊ စင်ကြယ်သည်၏ အဖြစ်တည်း။ အာဇီဝဿ၊ အသက်မွေးမှု၏။ ဝါ၊ အသက်မွေးကြောင်း ဖြစ်သော ပစ္စည်းရှာမှီးခြင်း လုံ့လ၏။ ပါရိသုဒ္ဓိ၊ ထက်ဝန်းကျင် စင်ကြယ်ခြင်းသည်၊ အာဇီဝပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိ မည်၏။

## ပစ္စယသန္နိဿိတသီလ

၁၈။ ပန၊ ထိုမှတပါး။ တဒနန္တရံ၊ ထိုအာဇီဝပါရိသုဒ္ဓိသီလ၏ အခြားမဲ့၌။ ယံ ဧတံ ပစ္စယသန္နိဿိတသီလံ၊ အကြင်ပစ္စယသန္နိဿိတသီလကို။ ဝုတ္တံ၊ ဆိုအပ်၏။ တတ္ထ၊ ထိုပုဒ်၌။ ပဋိသင်္ခါ ယောနိသောတိ၊ပဋိသင်္ခါ ယောနိသောဟူသည်ကား။ ဥပါယေန ပထေန၊ သင့်သောအကြောင်းဖြင့်။ ပဋိသင်္ခါယ ဉတွာ၊ သိ၍။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍ ။ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသော အနက်တည်း။ (၃၀)ဧတ္ထ၊ ဤအရာ၌။ သီတဿ ပဋိဃာတာယာတိ အာဒိနာ နယေန၊ အအေးကိုပယ်ပျောက်ခြင်းငှာ ဤသို့အစရှိသောနည်းဖြင့်။ ဝုတ္တာပစ္စဝေက္ခဏမေဝ၊ဆိုအပ်သောဆင်ခြင်ခြင်းကိုပင်လျှင်။ 'ယောနိသော ပဋိသင်္ခါ'တိ၊ သင့်သောအကြောင်းအားဖြင့် ဆင်ခြင်ခြင်းဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။တတ္ထ၊ ထိုစကားရပ်၌။ စီဝရန္တိ၊ စီဝရံ ဟူသည်ကား။ ဝါ၊ သင်္ကန်းဟူသည်ကား။ အန္တရ-ဝါသကာဒီသု၊ သင်းပိုင်အစရှိသည်တို့တွင်။ ယံကိဉ္စိ၊ တစုံတခုသောသင်္ကန်းကို။ ပဋိသေဝတီတိ၊ ပဋိသေဝတိဟူသည်ကား။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။နိဝါသေတိ ဝါ၊ ဝတ်မူလည်းဝတ်၏။ ပါရုပတိ ဝါ၊ ရုံမူလည်းရုံ၏။ ယာဝဒေဝါတိ ဣဒံ၊ ယာဝ-ဒေဝဟူသော ဤပုဒ်သည်၊ ပယောဇနာဝဓိပရိစ္ဆေဒ နိယမ ဝစနံ၊ အကျိုး၏ နယ်အပိုင်းအခြားကို သတ်မှတ်ကြောင်းဖြစ်သော စကားတည်း။ ဟိ၊ မှန်၏။ သီတဿ ပဋိဃာတာယာတိအာဒိ၊ အအေးကို ပယ်ပျောက်ခြင်းငှာ ဤသို့ အစရှိသော။ ယဒိဒံ ယံ ဣဒံ ပယောဇနံ၊ အကြင်အကျိုးသည်။ အတ္ထိ၊ ရှိ၏။ ဧတ္တကမေဝ၊ ဤမျှသည်သာလျှင်။ ယောဂိနော၊ ယောဂီရဟန်း၏။ စီဝရပဋိ-သေဝနေ၊ သင်္ကန်းကို မှီဝဲသုံးဆောင်ခြင်း၌။ ပယောဇနံ၊ အလိုရှိအပ်သော အကျိုးပေတည်း။ ဣဒတော၊ ဤအအေးကို ပယ်ဖျောက်ခြင်း စသောအကျိုးထက်။ ဘိယျော၊ အလွန်ဖြစ်သော အကျိုးသည်။ န အတ္ထိ၊ မရှိပေပြီ။ သီတ-ဿာတိ၊ သီတဿ ဟူသည်ကား။ အဇ္ဈတ္တဓါတုက္ခောဘဝသေန၊ ကိုယ်တွင်းသန္တာန်၌ ဓာတ်ခြောက်ချားခြင်း၏ အစွမ်းအားဖြင့် သော်လည်းကောင်း။ ဗဟိဒ္ဓါ ဥတုပရိဏာမနဝသေန ဝါ၊ အပြင်ပ၌ ဥတုဖောက်ပြန်ခြင်း၏ အစွမ်း

အားဖြင့်သော်လည်းကောင်း။ ဥပ္ပန္နဿ၊ ဖြစ်ပေါ်သော။ ယဿကဿစိ၊ အမှတ်
မရှိသော။ သီတဿ၊အအေးကို။ ပဋိဃာတာယာတိ၊ပဋိဃာတာယဟူသည်ကား။
ပဋိဟနနတ္ထံ၊ပယ်ဖျောက်ခြင်းအကျိုးငှာ။ယထာ၊အကြင်အခြင်းအရာ အားဖြင့်။
သရီရေ၊ ကိုယ်၌။ အာဗာဓံ၊ နှိပ်စက်ခြင်းကို။ န ဥပ္ပါဒေတိ၊ မဖြစ်စေနိုင်။ ဧဝံ၊
ဤသို့သော အခြင်းအရာအားဖြင့်။ တဿ၊ ထိုအအေးကို။ ဝိနောဒနတ္ထံ၊
ပယ်ဖျောက်ခြင်းအကျိုးငှာ။ ဟိ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။
သရီရေ၊ ကိုယ်ကို။ သီတဗ္ဘာဟတေ၊ အအေးနှိပ်စက်လတ်သော်။ ဝိက္ခိတ္တစိတ္တော၊
စိတ်ပျံ့လွင့်သည်ဖြစ်၍။ ယောနိသော၊ အသင့်လမ်းမှန်အားဖြင့်။ ပဒဟိတုံ၊
တရားအားထုတ်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ တသ္မာ၊ ထိုကြောင့်။
သီတဿ ပဋိဃာတာယ၊ အအေးကို ပယ်ဖျောက်ခြင်းအကျိုးငှာ။ စီဝရံ ပဋိသေ-
ဝိတဗ္ဗန္တိ၊ သင်္ကန်းကို မှီဝဲအပ်၏ဟု။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနုညာသိ၊
ခွင့်ပြုတော်မူပေ၏။ သဗ္ဗတ္ထ၊ နောက်အပိုဒ်အလုံးစုံတို့၌လည်း။ ဧသ နယော၊
ဤနည်းပင်တည်း။ ဟိ၊ အထူးကား။ ဧတ္ထ၊ ဤနောက်အပိုဒ်တို့၌။ ကေဝလံ၊
သက်သက်ထူးသည်မှု။ ဥဏှဿာတိ၊ ဥဏှဿ ဟူသည်ကား။ အဂ္ဂိသန္တာပဿ၊
မီးအပူကို။ တဿ၊ ထိုမီးအပူ၏။ သမ္ဘဝေါ၊ ဖြစ်သင့်ခြင်းကို။ ဝနဒါဟာ-
ဒီသု၊ တောမီးလောင်ခြင်း စသည်တို့၌။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဍံသ-
မကသဝါတာတပသရီသပသမ္ဖဿာနန္တိ ဧတ္ထ၊ ဍံသ မကသ ဝါတာတပ သရီ-
သပ သမ္ဖဿာနံ ဟူသော ဤပုဒ်၌ကား။ ဍံသာတိ၊ ဍံသာ ဟူသည်ကား။
ဍံသနမက္ခိကာ၊ ကိုက်တတ်သော ယင်ကောင်တို့တည်း။ အန္ဓမက္ခိကာတိပိ၊
ယင်ကန်းတို့ဟူ၍လည်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ မကသာ၊ ခြင်တို့သည်။မကသာ
ဧဝ၊ ကိုက်တတ်သော ခြင်တို့တည်း။ တနည်း။ မကသာ၊ မကသတို့ဟူသည်။
မကသာ ဧဝ၊ ခြင်တို့ပင်လျှင်တည်း။ဝါတာတိ၊ ဝါတဟူသည်ကား။ သရဇအရ-
ဇာဒိဘေဒါ၊ မြူပါသောလေ မြူမပါသောလေ စသည်အပြားရှိကုန်သော လေ
တို့တည်း။ အာတပေါတိ၊ အာတပဟူသည်ကား။ သူရိယာတပေါ၊ နေပူတည်း။
သရီသပါတိ၊ သရီသပဟူသည်ကား။ ဒီဃဇာတိကာ၊ ကိုယ်ရှည်သော အကောင်
မျိုးဖြစ်ကုန်သော။ သပ္ပါဒယော၊ မြွေအစရှိကုန်သော။ ယေကေစိ၊ အလုံးစုံ
သောသတ္တဝါတို့သည်။ သရန္တာ၊ တွား၍သွားကုန်လျက်။ ဂစ္ဆန္တိ၊ သွားကုန်၏။
တေသံ၊ ထိုမြွေအစရှိကုန်သော တွားသွားကောင်တို့၏။သမ္ဖဿော၊အတွေ့သည်။
ဒဋ္ဌသမ္ဖဿော စ၊ ကိုက်ခြင်းဟူသော အတွေ့လည်းကောင်း။ ဖုဋ္ဌသမ္ဖဿော စ၊
ယှပ်ခြင်းဟူသော အတွေ့သည်းကောင်း။ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါး
အပြားရှိ၏။ သောပိ၊ ထိုနှစ်ပါးလုံးသော အတွေ့သည်လည်း။ စီဝရံ ပါရုပိတွာ
နိသိန္နံ၊ သင်္ကန်းကို ရုံခြုံနေသော ရဟန်းကို။ န ဗာဓတိ၊ မနှိပ်စက်နိုင်။ တသ္မာ၊
ထိုကြောင့်။ တာဒိသေသု ဌာနေသု၊ ထိုသို့သဘောရှိသော မြွေစသည်ပေါ်သော
ဌာနတို့၌။ ဟေသံ ပဋိဃာတတ္ထာယ၊ထိုမြွေစသည်တို့၏ အတွေ့တို့ကို ပယ်ဖျောက်

ခြင်းအကျိုးငှာ။ ဘိက္ခု၊ ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို (ထည့်)။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ ယာဝဒေဝါတိ ဧတဿ၊ ယာဝဒေဝဟူသော ဤပုဒ်ကို။ ပုန ဝစနံ၊ တဖန်သပ်၍ပြောခြင်းသည်။ နိယတပယောဇနာဝဓိပရိစ္ဆေဒ ဒဿနတ္ထံ၊ အမြဲတမ်း ရသောအကျိုး၏ နယ်ပယ် အပိုင်းအခြားကို ပြခြင်းအကျိုးငှာ။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ ဟိရိကောပိနပဋိစ္ဆာဒနံ၊ ဟိရိဂုဏ်ကို ပျက်စေတတ်သော ကိုယ်အင်္ဂါကို ဖုံးလွှမ်းခြင်းသည်။ နိယတပယောဇနံ၊ အမြဲတမ်း ရသောအကျိုးပေတည်း။ ဣတရာနိ၊ ဤမှတပါးသော အကျိုးတို့သည်ကား။ ကဒါစိ ကဒါစိ၊ တရံတခါ တရံတခါ၌သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုစကားရပ်၌။ ဟိရိကောပိနန္တိ၊ ဟိရိကောပိန ဟူသည်ကား။ သမ္ဗာဓဋ္ဌာနံ၊ ကျဉ်းမြောင်းသော ကိုယ်အင်္ဂါ၊ ဌာနပေတည်း။ ဟိ၊ မှန်၏။ ယဿ ယဿ အင်္ဂဿ၊ အကြင်အကြင် ကိုယ်အင်္ဂါကို။ ဝိဝရိယမာနေ၊ မဖုံးပဲ ဖွင့်ထားလျှင်။ ဟိရီ၊ ရှက်ခြင်း ဟူသော ဟိရိဂုဏ်သည်။ ကုပ္ပတိ ဝိနဿတိ၊ ပျက်စီး၏။ ဟိရိံ ကောပနတော၊ ဟိရိဂုဏ်ကို ပျက်စေတတ်သောကြောင့်။ တံ တံ၊ ထိုထိုကိုယ်အင်္ဂါကို။ ဟိရိကောပိနန္တိ၊ ဟိရိကောပိနဟူ။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိရိကောပိနဿ၊ ဟိရိဂုဏ်ကိုပျက်စေတတ်သော။တဿ၊ထိုကိုယ်အင်္ဂါကို။ပဋိစ္ဆာဒနတ္ထံ၊ဖုံးကွယ်ခြင်းအကျိုးငှာ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဟိရိကောပိနပဋိစ္ဆာဒနတ္ထံ၊ ဟိရိကောပိနပဋိစ္ဆာဒနမည်၏။ ဟိရိကောပိနံ ပဋိစ္ဆာဒနတ္ထံတိပိ၊ ဟိရိကောပိနံ ပဋိစ္ဆာဒနတ္ထံ ဟူ၍လည်း။ ပါဌော၊ ပါဌ်ရှိ၏။

ပိဏ္ဍပါတန္တိ၊ ပိဏ္ဍပါတံဟူသည်ကား။ ယံကိဉ္စိ အာဟာရံ၊ အမှတ်မရှိ တစုံတခုသော စားအပ်သော အာဟာရတည်း။ ဟိ၊ မှန်၏။ ယောကောစိ အာဟာရော၊ အမှတ်မရှိ တစုံတခုသော အာဟာရသည်။ ဘိက္ခုနော၊ ရဟန်း၏။ ပိဏ္ဍောလျေန၊ ဆွမ်းခံခြင်းဖြင့်။ ပတ္တေ၊ သပိတ်၌။ ပတိတတ္တာ၊ ကျစေအပ်သောကြောင့်။ ပိဏ္ဍပါတောတိ၊ ပိဏ္ဍပါတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ တနည်းကား။ ပိဏ္ဍာနံ၊ များစွာသော အိမ်တို့မှ ရအပ်သောဆွမ်းတို့၏။ ပါတော၊ အပေါင်းတည်း။ ဝါ၊ အပေါင်းသည်။ ပိဏ္ဍပါတော၊ ပိဏ္ဍပါတမည်၏။ တတ္ထ တတ္ထ၊ ထိုထို အိမ်၌။ လဒ္ဓါနံ ဘိက္ခာနံ၊ ရအပ်ကုန်သော ဆွမ်းတို့၏။ သန္နိပါတော သမူဟော၊ အပေါင်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏၊ နေဝ ဒဝါယာတိ၊ နေဝ ဒဝါယဟူသည်ကား။ ဂါမဒါရကာဒယော ဝိယ၊ ရွာသား သူငယ်တို့ကဲ့သို့။ ဒဝတ္ထံ၊ မြူးတူးပျော်ပါး ကစားခြင်းအကျိုးငှာ။ န ပဋိသေဝတိ၊ မှီဝဲသည် မဟုတ်ပေ။ ကီဠာနိမိတ္တံ၊ ကစားခြင်းဟူသော အကြောင်းကြောင့်။ န ပဋိသေဝတိ၊ မှီဝဲသည် မဟုတ်ပေ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ န မဒါယာတိ၊ န မဒါယဟူသည်ကား။ မုဋ္ဌိကမလ္လာဒယော ဝိယ၊ လက်ဝှေ့သမား လက်ပမ်းသမား စသည်တို့ကဲ့သို့။ မဒတ္ထံ၊ ခွန်အားမာန် ယောကျ်ားမာန်ဖြင့်

ယစ်ခြင်းအကျိုးငှာ။ န ပဋိသေဝတိ၊ မှီဝဲသည် မဟုတ်ပေ။ ဗလမဒနိမိတ္တဥ္စ၊ ခွန်အားကို မှီ၍ဖြစ်သော ယစ်ခြင်းဟူသော အကြောင်းကြောင့် လည်းကောင်း။ ပေါရိသမဒနိမိတ္တဥ္စ၊ ယောကျ်ားအဖြစ်ကို မှီ၍ ငါ ယောကျ်ားဟု ဖြစ်သော ယစ်ခြင်းဟူသော အကြောင်းကြောင့် လည်းကောင်း။ န ပဋိသေဝတိ၊ မှီဝဲသည် မဟုတ်ပေ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ န မဏ္ဍနာယာတိ၊ န မဏ္ဍနာယ ဟူသည်ကား။ (၁၁) အန္တေပုရိကဝေသိယာဒယော ဝိယ၊ နန်းတွင်းသူ ပြည့်တန်ဆာမ အစရှိသည်တို့ကဲ့သို့။ မဏ္ဍနတ္ထံ၊ အင်္ဂါကြီးငယ်ကို ပြည့်ဖြိုးစေခြင်းငှာ။ န ပဋိသေဝတိ၊ မှီဝဲသည်မဟုတ်ပေ။ အင်္ဂပစ္စင်္ဂါနံ၊ အင်္ဂါကြီးငယ်တို့၏။ ပီဏဘာဝနိမိတ္တံ၊ ပြည့်ဖြိုးသည်၏ အဖြစ်ဟူသော အကြောင်းကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ န ဝိဘူသနာယာတိ၊ န ဝိဘူသနာယဟူသည်ကား။ နဋနစ္စကာဒယော ဝိယ၊ ကချေသည် ကျွမ်းသမား စသည်တို့ကဲ့သို့။ ဝိဘူသနတ္ထံ၊ အရေအဆင်း ကြည်လင် တောက်ပခြင်း အကျိုးငှာ။ န ပဋိသေဝတိ၊ မှီဝဲသည် မဟုတ်ပေ။ ပသန္နစ္ဆဝိဝဏ္ဏတာနိမိတ္တံ၊ ကြည်လင်တောက်ပသော အရေအဆင်း ရှိသည်၏ အဖြစ်ဟူသော အကြောင်းကြောင့်။ န ပဋိသေဝတိ၊ မှီဝဲသည် မဟုတ်ပေ။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ စ၊ ဆက်အံ့။ ဧတ္ထ၊ ဤလေးပုဒ်တို့တွင်။ နေဝ ဒဝါယာတိ ဧတံ၊ နေဝ ဒဝါယဟူသော ဤပုဒ်ကို။ မောဟူပနိဿယပ္ပဟာနတ္ထံ၊ မောဟ၏ ဥပနိဿယ အကြောင်းဖြစ်သော ပျော်မြူးခြင်းကို ပယ်ခြင်းငှာ။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ န မဒါယာတိ ဧတံ၊ န မဒါယ ဟူသော ဤပုဒ်ကို။ ဒေါသူပနိဿယပ္ပဟာနတ္ထံ၊ ဒေါသ၏ ဥပနိဿယ အကြောင်းဖြစ်သော မာန်ယစ်ခြင်းကို ပယ်ခြင်းငှာ။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ န မဏ္ဍနာယ န ဝိဘူသနာယာတိ ဧတံ၊ န မဏ္ဍနာယ န ဝိဘူသနာယ ဟူသောပုဒ်ကို။ ရာဂူပနိဿယပ္ပဟာနတ္ထံ၊ ရာဂ၏ ဥပနိဿယ အကြောင်းဖြစ်သော အသွေးအသားတိုးပွားခြင်း အရေအဆင်း ကြည်လင်တောက်ပခြင်းတို့ကို ပယ်ခြင်းငှာ။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ စ၊ တနည်းကား။ နေဝ ဒဝါယ န မဒါယာတိ ဧတံ ပဒဒွယံ၊ နေဝ ဒဝါယ န မဒါယဟူသော ဤပုဒ်နှစ်ခုအပေါင်းကို။ အတ္တနော၊ မိမိဟူသော ရဟန်း၏။ သညောဇနုပ္ပတ္တိပဋိသေဓနတ္ထံ၊ သံယောဇဉ် ဖြစ်ခြင်းကို တားမြစ်ခြင်းငှာ။ ဝုတ္တံ၊ ဆိုအပ်၏။ န မဏ္ဍနာယ န ဝိဘူသနာယာတိ ဧတံ ပဒဒွယံ၊ န မဏ္ဍနာယ န ဝိဘူသနာယဟူသော ဤပုဒ်နှစ်ခုအပေါင်းကို။ ပရဿပိ၊ တပါးသော ပုဂ္ဂိုလ်၏လည်း။ သညောဇနုပ္ပတ္တိပဋိသေဓနတ္ထံ၊ သံယောဇဉ်ဖြစ်ခြင်းကိုတားမြစ်ခြင်းအကျိုးငှာ။ ဝုတ္တံ၊ ဆိုအပ်၏။ စ၊ တနည်းကား။ စတူဟိပိ ဧတေဟိ၊ ဤလေးပုဒ်တို့ဖြင့်လည်း။ အယောနိသော၊ မသင့်သော အကြောင်းဖြင့်။ ပဋိပတ္တိယာ၊ ပြုကျင့်ခြင်းကိုလည်းကောင်း။ ကာမသုခလ္လိကာနုယောဂဿ

စ၊ ကာမဂုဏ်ချမ်းသာ၌ ကပ်ငြိသော တဏှာဖြင့် သုံးဆောင် ခံစားခြင်းကို လည်းကောင်း။ ပဟာနံ၊ ပယ်ခြင်းကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ယာဝ ဒေဝါတိ ပဒံ၊ ယာဝဒေဝဟူသော ပုဒ်သည်။ ဝုတ္တာဘူမေဝ၊ ဖွင့်အပ်ပြီးသော အနက်ရှိသည်သာတည်း။ ဣမဿ ကာယဿာတိ၊ ဣမဿ ကာယဿ ဟူသည်ကား။ စတုမဟာဘူတိက.ဿ၊ မဟာဘုတ်လေးပါးကို မှီသော။ ဧတဿ ရူပကာယဿ၊ ဤရုပ်ဒ.ပေါင်းကိုယ်၏။ ဌိတိယာတိ၊ ဌိတိယာ ဟူသည်ကား။ ပဗန္ဓဋ္ဌိတတ္ထံ၊ အဆက်ဆက်ဖြစ်သော ရုပ်အစဉ်အားဖြင့် တည်ခြင်းငှာ။ ယာပနာယာတိ၊ ယာပနာယ ဟူသည်ကား။ ပဝတ္တိယာ၊အသက်ခေါ်သော ဇီဝိတိန္ဒြေ၏။ အဝိစ္ဆေဒနတ္ထံ၊ မပြတ်စဲခြင်းအကျိုးငှာ။ ဝါ၊ တနည်းကား။ စိရကာလဋ္ဌိတတ္ထံ၊ ရှည်မြင့်စွာသောကာလပတ်လုံး တည်ခြင်းငှာ။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ ဇိဏ္ဏဃရသာမိကော၊ အိမ်အို၏ အရှင်သည်။ အ.ပတနတ္ထံ၊ မလဲမပြိုနိုင်ရန်အတွက်(ထည့်)။ ဃရူပတ္ထမ္ဘံ၊ အိမ်ကို ကျားထောက်ကန်ခြင်းကို။ ကရောတိ ဣဝ၊ ပြုသကဲ့သို့လည်းကောင်း။ သာကဋိကော၊ လှည်းရှင်သည်။ ပဝတ္တနတ္ထံ၊ ညင်သ.ာစွာ လည်ရန်အတွက် (ထည့်)။ အက္ခဗ္ဘဉ္ဇနံ၊ လှည်းစာထိုးခြင်းကို။ ကရောတိ ဣဝ၊ ပြုသကဲ့သို့လည်းကောင်း။ ဧဝံ၊ ဤအတူပင်။ ကာယဿ၊ ရုပ်အပေါင်းကိုယ်၏။ ဌိတတ္ထဥ္စ၊ တည်မြဲခြင်းငှာ လည်းကောင်း။ ယာပနတ္ထဉ္စ၊ ရှည်မြင့်စွာသော ကာလပတ်လုံး ဖြစ်မြဲ ဖြစ်ခြင်း သွားမြဲ သွားစေခြင်းငှာ လည်းကောင်း။ သော၊ ဤယောဂီရဟန်းသည်။ ပိဏ္ဍပါတံ ပဋိသေဝတိ၊ ဆွမ်းကို သုံးဆောင်၏။ ဒဝ မဒ မဏ္ဍန ဝိဘူသနတ္ထံ၊ ပျော်ရွှင်မြူးတူးခြင်း မာန်ယစ်ခြင်း အင်္ဂါကြီးငယ် ပြည့်ဖြိုးစေခြင်း အရေအဆင်း တောက်ပစေခြင်းအကျိုးငှာ။ န ပဋိသေဝတိ၊ မှီဝဲခြင်း မဟုတ်ပေ။ အပိ စ၊ တနည်းသော်ကား။ ဌိတီတိ ဧတံ၊ ဌိတိဟူသော ဤအမည်သည်။ ဇီဝိတိန္ဒြိယဿ၊ ဇီဝိန္ဒြေ၏။ အဓိဝစနံ၊ အမည် ပေတည်း။ တသ္မာ၊ ထို့ကြောင့်။ ဣမဿ ကာယဿ ဌိတိယာ ယာပနာယာတိ ဧတ္တာဝတာ၊ ဣမဿ ကာယဿ ဌိတိယာ ယာပနာယ ဟူသော ဤမျှသော စကားဖြင့်။ ဧတဿ ကာယဿ၊ ဤရုပ်အပေါင်းကိုယ်၏။ ဇီဝိတိန္ဒြိယပဝတ္တာ.ပနတ္ထံ၊ တည်ကြောင်းဖြစ်သော ဇီဝိတိန္ဒြေကို မပြတ်ဖြစ်စေခြင်းအကျိုးငှာ။ ဣတိပိ၊ ဤသို့လည်း။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝိဟိံသူပရတိယာတိ၊ ဝိဟိံသူပရတိယာ ဟူသည်ယား။ အာဗာဓနဋ္ဌေန၊ နှိပ်စက်ခြင်းသဘောကြောင့်။ ဇိဃစ္ဆာ၊ ဆာလောင်ခြင်းသည်။ ဝိဟိံသာ နာမ၊ ဝိဟိံသာ မည်၏။ တဿာ၊ ထိုဆာလော.င်ခြင်း ဟူသောနှိပ်စက် ညှဉ်းဆဲတတ်သော အနာ၏။ ဥပရမတ္ထံ၊ ကင်းငြိမ်းခြင်းငှာလည်း။ သော၊ ဤယောဂီရဟန်းသည်။ ပိဏ္ဍပါတံ၊ ဆွမ်းကိုမှီဝဲ၏။ ဝဏိကော၊ အိုင်းအမာရှိသောသူသည်(ထည့်)။ ဝဏာလေပနံ၊ အမာ

လိမ်းဆေးကို။ ပဋိသေဝတိ ဣဝ စ၊ မှီဝဲသကဲ့သို့လည်းကောင်း။ ဉဏှသီတာဒီသု၊ အပူအအေးစသည်တို့သည်။ အဘိဘဝန္တေသု၊ နှိပ်စက်ကုန်သည်ရှိသော် (ထည့်)။ သပ္ပဋိကာရံ၊ ထိုအပူအအေး စသည်ကို ငြိမ်းစေတတ်သော အအေးအပူ စသည်ကို။ပဋိသေဝတိ ဣဝ စ၊ မှီဝဲသကဲ့သို့လည်းကောင်း။သော၊ ဤယောဂီရဟန်းသည်။ ပိဏ္ဍပါတံ ပဋိသေဝတိ၊ ဆွမ်းကို မှီဝဲသုံးဆောင်၏။ ဗြဟ္မစရိယာနုဂ္ဂဟာယာတိ၊ ဗြဟ္မစရိယာ နုဂ္ဂဟာယဟူသည်ကား။ သကလသာသနဗြဟ္မစရိယဿ စ၊ အလုံးစုံသော ဘုရားအဆုံးအမတော် မြတ်သောအကျင့်ကိုလည်းကောင်း။ မဂ္ဂဗြဟ္မစရိယဿ စ၊ အရိယာမဂ်ဟူသော မြတ်သောအကျင့်ကိုလည်းကောင်း။ အနုဂ္ဂဟတ္ထံ၊ ချီးမြှောက်ခြင်းအကျိုးငှာ။ ဟိ၊ မှန်၏။ အယံ၊ ဤယောဂီရဟန်းသည်။ ပိဏ္ဍပါတပဋိသေဝနပစ္စယာ၊ ဆွမ်းကို သုံးဆောင်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ကာယဗလံ နိဿယ၊ ကိုယ်ခွန်အားကိုမှီ၍။ သိက္ခတ္တယာနုယောဂဝသေန၊ သိက္ခာသုံးပါးကို အစဉ်မပြတ်ကြောင့်ကြပြုသောအလိုအားဖြင့်။ ဝါ၊ သိက္ခာသုံးပါးကို အားထုတ်ခြင်း၏ အစွမ်းအားဖြင့်။ ဘဝကန္တာရနိတ္ထရဏတ္ထံ၊ ဘဝဟူသော ခရီးခဲကို ကျော်လွန်ခြင်းငှာ။ ပဋိပဇ္ဇန္တော၊ ကျင့်သည်ဖြစ်၍။ ဗြဟ္မစရိယာနုဂ္ဂဟာယ၊ နှစ်ပါးသော အကျင့်မြတ်ကို ချီးမြှောက်ခြင်းငှာ။ ပဋိသေဝတိ၊ ဆွမ်းကိုမှီဝဲသုံးဆောင်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူ။ ကန္တာရနိတ္ထရဏတ္ထိကာ၊ အစာရေစာမရှိသောခရီးခဲကိုကျော်လွန်လိုသော ဇနီးမောင်နှံတို့သည်။ ပုတ္တမံသံ၊ သား၏အသားကို။ အဂိဒ္ဓါ၊ မက်မောခြင်းမရှိပဲ (ထည့်)။ သေဝန္တိ ဣဝ၊ မှီဝဲသုံးဆောင်ကုန်သကဲ့သို့လည်းကောင်း။ နဒီနိတ္ထရဏတ္ထိကာ၊ သမုဒ္ဒရာကို ကူးမြောက်လိုသောသူတို့သည်။ ကုလ္လံ၊ ဖောင်ကို။ ဝါ၊ သင်္ဘောကို။ အဂိဒ္ဓါ၊ မက်မောခြင်းမရှိပဲ (ထည့်)။ သေဝန္တိ ဣဝ စ၊ မှီဝဲသုံးဆောင်ကြသကဲ့သို့လည်းကောင်း။ ပိဏ္ဍပါတံ ပဋိသေဝတိ၊ ဆွမ်းကို မှီဝဲသုံးဆောင်၏။

ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဉပ္ပါဒေဿာမီတိ၊ 'ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ နဝဉ္စ ဝေဒနံ န ဉပါဒေဿာမိ' ဟူသည်ကား။ ဧဝံ ဣမိနာ ပိဏ္ဍပါတပဋိသေဝနေန၊ ဤသို့ဆွမ်းကို မှီဝဲသုံးဆောင်ခြင်းဖြင့်။ ပုရာဏံ၊ ဆွမ်းမစားမီ ရှေးအဖို့၌ဖြစ်သော။ (ဂ၉) ဇိဃစ္ဆာ ဝေဒနဉ္စ၊ ဆာလောင်ခြင်းနှင့် ဆာလောင်ခြင်းကြောင့်ဖြစ်သော ဝေဒနာကိုလည်း။ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ (ဣတိ ပဋိသေဝတိ၌ စပ်ပါ)။ အပရိမိတဘောဇနပစ္စယံ၊ အတိုင်းအရှည်မရှိ စားခြင်းလျှင်အကြောင်းရှိသော။ နဝဉ္စ ဝေဒနံ၊ အသစ်ဖြစ်သတတ်သောဝေဒနာကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ (ဣတိ ပဋိသေဝတိ၌စပ်)။ အာဟာရဟတ္ထကအလံသာဋကတတ္ထဝဋ္ဋကကာကမာသကဘုတ္တဝမိတကာ ဗြာဟ္မဏာနံ၊ လက်ကိုဆွဲထူပါ ဆိုရလောက်အောင်

စားသောပုဏ္ဏား, ဝမ်းဗိုက်ကား၍ ပုဆိုးမဝတ်နိုင်လောက်အောင် စားသောပုဏ္ဏား, ဝမ်းဝန်လေးသဖြင့် မထနိုင်၍ ထိုစားရာအရပ်၌ပင် လူးလိမ့်နေရအောင် စားသောပုဏ္ဏား, ခံတွင်းဝမှ ကျီးနှိုက်စားနိုင်လောက်အောင် စားသောပုဏ္ဏား, အံထွက်အောင် စားသောပုဏ္ဏားတို့တွင်။ အညတရော ဝိယ၊ တယောက်ယောက်ကဲ့သို့။ န ဥပ္ပါဒေဿာမီတိ၊ မဖြစ်စေအံ့ဟု။ မနသိ ကရိတွာ၊ နှလုံးသွင်း၍။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဂိလာနော၊ လူနာသည်။ ဘေသဇ္ဇံ၊ ဆေးကို။ ပဋိသေဝတိ ဣဝ စ၊ မှီဝဲသကဲ့သို့ပင်တည်း။ အထ ဝါ၊ တနည်းကား။ ယာ၊ အကြင်ဝေဒနာကို။ အသပ္ပါယာပရိမိတဘောဇနံ နိဿာယ၊ မသင့်လျော်သောအစာကို စားခြင်းနှင့် အတိုင်းအရှည်မရှိ စားခြင်းကို စွဲမှီ၍။ အဓုနာ၊ ယခုဘဝ၌။ ပဝတ္တောပိ၊ ဖြစ်ငြားသော်သည်း (ထည့်)။ ပုရာဏပစ္စယဝသေန၊ ရှေးကံအကြောင်း၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇနတော၊ ဖြစ်သောကြောင့်။ (၃၂) ပုရာဏဝေဒနာတိ၊ ဝေဒနာဟောင်းဟု။ ဝုစ္စတိ၊ ကာရဏူပစာအားဖြင့် ဆိုအပ်၏။ သပ္ပါယပရိမိတဘောဇနေန၊ သင့်လျော်သော အစာကိုစားခြင်း တိုင်းထွာချင့်ချိန်၍စားခြင်းဖြင့်။ တဿာ၊ ထိုဝေဒနာဟောင်း၏။ ပစ္စယံ၊ အကြောင်းဖြစ်သောကံဟောင်းကို။ ဝိနာသေန္တော၊ အကျိုးပေးခွင့်မရအောင် ဖျက်ဆီးပယ်ဖျောက်လျက်။ တံ ပုရာဏဉ္စ ဝေဒနံ၊ ထိုဝေဒနာဟောင်းကိုလည်း။ ပဋိဟင်္ခါမိ၊ ပယ်ဖျောက်အံ့။ အဓုနာ၊ ယခုဘဝ၌။ ကတံ၊ ပြုအပ်သော။ အယုတ္တပရိဘောဂကမ္မုပစယံ နိဿာယ၊ ပစ္စဝေက္ခဏာ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းဟူသော ဆည်းပူးအပ်သောကံကို စွဲမှီ၍။ အာယတိံ၊ အနာဂတ်ကာလ၌။ ဥပ္ပဇ္ဇနတော၊ ဖြစ်လတ္တံ့သောကြောင့်။ ယာစာယံ၊ အကြင်ဝေဒနာကိုလည်း။ နဝဝေဒနာတိ၊ ဝေဒနာအသစ်ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ယုတ္တပရိဘောဂဝသေန၊ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းဟူသော သင့်သော သုံးဆောင်ခြင်း၏ အစွမ်းအားဖြင့်။ တဿာ၊ ထိုဝေဒနာသစ်၏။ မူလံ၊ အကြောင်းရင်းဖြစ်သော။ အယုတ္တပရိဘောဂံ၊ မဆင်ခြင်ပဲ သုံးဆောင်ခြင်းတည်းဟူသောကံကို။ အနိဗ္ဗတ္တေန္တော၊ မဖြစ်စေမူ၍။ တံ နဝဉ္စ ဝေဒနံ၊ ထိုဝေဒနာသစ်ကိုလည်း။ န ဥပ္ပါဒေဿာမီတိ၊ မဖြစ်စေအံ့ဟု။ ဧဝံ၊ ဤသို့နှလုံးသွင်း၍။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ ဧဝမ္ပိ၊ ဤသို့သောနည်းဖြင့်လည်း။ ဧတ္ထ၊ ဤပါဌ်၌။ အတ္ထော၊ ဒဋ္ဌဗ္ဗော၊ အနက်ကို မှတ်အပ်၏။ ဧတ္တာဝတာ၊ "ဝေဒနာဟောင်းကိုလည်း ပယ်ဖျောက်အံ့၊ ဝေဒနာသစ်ကိုလည်း မဖြစ်စေအံ့" ဟူသော ဤပုဒ်နှစ်ပုဒ်ဖြင့်။ ယုတ္တပရိဘောဂသင်္ဂဟော စ၊ လျောက်ပတ်သော သုံးဆောင်ခြင်းကို သိမ်းယူခြင်းကိုလည်းကောင်း။ အတ္တကိလမထာနုယောဂပ္ပဟာနံ၊ ကိုယ်ပင်ပန်းစေသောအကျင့်ကို အားထုတ်ခြင်းကို ပယ်

ခြင်း ကိုလည်းကောင်း။ ဓမ္မိကာသုခါပရိစ္စာဂေါ စ၊ တရားနှင့်လျော်သော ချမ်းသာသုခကို မစွန့်ခြင်းကိုလည်းကောင်း။ ဒီပိတော၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဝေဒိတဗ္ဗော၊ ဤသို့သိအပ်၏။

ယာတြာ စ မေ ဘဝိဿတီတိ၊ ယာတြာ စ မေ ဘဝိဿတိ ဟူသည်ကား။ ပရိမိတဘောဇနေ၊ အတိုင်းအရှည်ရှိသော ဘောဇဉ်ကို သုံးဆောင်ခြင်းဖြင့်။ ဇီဝိတိန္ဒြိယုပစ္ဆေဒကဿ၊ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော။ ပရိဿယဿ ဝါ၊ ဘေးရန်၏လည်း။ ဣရိယာပထဘဉ္ဇကဿ၊ ဣရိယာပုထ်ကို ဖျက်ဆီးတတ်သော။ ပရိဿယဿ ဝါ၊ ဘေးရန်၏လည်း။ အဘာဝတော၊ မရှိခြင်းကြောင့်။ ပစ္စယာယ ဝုတ္တိနော၊ အကြောင်းနှင့် စပ်၍ဖြစ်ခြင်းရှိသော။ ဣမဿ ကာယဿ၊ ဤရုပ်ကိုယ်၏။ စိရကာလဂမနသင်္ခါတာ၊ ရှည်စွာသော ကာလပတ်လုံး သွားနိုင်ခြင်းဟုဆိုအပ်သော။ ယာတြာ-ယာပနာ စ၊ သွားမြဲသွားခြင်းမျှ သွားနိုင်ခြင်းသည်လည်း။ မေ၊ ငါ့အား။ ဘဝိဿတိ၊ ဖြစ်ပေလိမ့်မည်။ ဣတိပိ၊ ဤသို့ဆင်ခြင်၍လည်း။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူ။ ယာပျရောဂီ၊ မတ်တတ်နာရောဂါရှိသောသူသည်။ တပ္ပစ္စယံ၊ ထိုအနာ၏ဆန့်ကျင်ဘက်ဖြစ်သောဆေးကို။ ဝါ၊ ထိုအနာပျောက်ငြိမ်းကြောင်းဖြစ်သောဆေးကို။ ပဋိသေဝတိ ဝိယ၊ မှီဝဲသုံးဆောင်သကဲ့သို့ပင်တည်း။ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စာတိ၊ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စဟူသည်ကား။ အယုတ္တပရိယေသနပဋိဂ္ဂဟဏာပရိဘောဂပရိဝဇ္ဇနေန၊ မသင့်သောအားဖြင့်ရှာမှီးခြင်း ခံယူသုံးဆောင်ခြင်းတို့ကိုကြဉ်သဖြင့်။ အနဝဇ္ဇနတာ စ၊ အပြစ်ကင်းသည်၏အဖြစ်သည်လည်းကောင်း။ ပရိမိတပရိဘောဂေန၊ အတိုင်းအရှည်ရှိလျက် သုံးဆောင်ခြင်းဖြင့်။ ဖာသုဝိဟာရော စ၊ ချမ်းသာစွာ နေရခြင်းသည်လည်းကောင်း။ ဝါ၊ တနည်းကား။ အသပ္ပါယပရိမိတပရိဘောဂပစ္စယာ၊ မသင့်လျော်သော အာဟာရကို သုံးဆောင်ခြင်း, အတိုင်းအရှည်မရှိ အလွန်အကျွံ သုံးဆောင်ခြင်းဟူသောအကြောင်းကြောင့်။ အရတိတန္ဒိဝိဇမ္ဘိတာ ဝိညူဂရဟာဒိဒေါသာဘာဝေန၊ ဆိတ်ငြိမ်သောကမ္မဋ္ဌာန်းကျောင်းနှင့် ဘာဝနာကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း, အိပ်ငိုက်ခြင်း, ထိနမိဒ္ဓနှိပ်စက်သဖြင့် ကိုယ်လက်တဆန့်ငင်ငင်ရှိခြင်း, ပညာရှိတို့၏ အကဲ့ရဲ့ခံရခြင်း အစရှိသောအပြစ်များ မရှိသဖြင့်။ အနဝဇ္ဇတာ စ၊ အပြစ်ကင်းသည်၏ အဖြစ်သည်လည်းကောင်း။ သပ္ပါယပရိမိတဘောဇနပစ္စယာ၊ သင့်သောအာဟာရတို့ကို သုံးဆောင်ခြင်း အတိုင်းအရှည်ရှိလျက် သုံးဆောင်ခြင်းဟူသော အကြောင်းကြောင့်။ ကာယဗလသမ္ဘဝေန၊ ကာယဗလဖြစ်သဖြင့်။ ဖာသုဝိဟာရော စ၊ ချမ်းသာစွာနေရခြင်းသည်လည်းကောင်း။ ဝါ၊ တနည်းကား။ ယာဝဒတ္ထဥဒရာဝဒေဟကဘောဇ-

ဇနပရိဝဇ္ဇနေန၊ အလိုရှိတိုင်း ဝမ်းပြည့်အောင်စားခြင်းကိုကြဉ်သဖြင့်။ ဒေယျ သုခပယသုခမိဒ္ဓသုခါနံ၊ အိပ်နေခြင်းဖြင့် ရအပ်သော ချမ်းသာ, ဗယ်ညာ နံတောင်း ပြောင်း၍အိပ်ခြင်းဖြင့် ရအပ်သောချမ်းသာ, တမှိန်းမှိန်း အိပ်ခြင်းဖြင့် ရအပ်သောချမ်းသာတို့ကို။ ပဟာနတော၊ ပယ်ခြင်းကြောင့်။ အနဝဇ္ဇတာ စ၊ အပြစ်ကင်းသည်၏ အဖြစ်သည်လည်းကောင်း။ စတုပဉ္စာ-လောပမတ္တဥ်နဘောဇနေန၊ လေးငါးလုတ်ခန့်မျှ လျော့၍စားခြင်းဖြင့်။ စတု-ဣရိယာပထယောဂျဘာဝပဋိပါဒနတော၊ ဣရိယာပုထ်လေးပါး အားလျော်သည်၏အဖြစ်ကိုပြီးစေခြင်းကြောင့်။ ဖာသုဝိဟာရော စ၊ ချမ်းသာစွာနေရခြင်း သည်လည်းကောင်း။ မေ၊ ငါ့အား။ ဘဝိဿတိတိ၊ ဖြစ်လိမ့်မည်ဟူ၍လည်း။ ပဋိသေဝတိ၊ မှီဝဲ၏။ ဟိ၊ မှန်၏။ —

> "စတ္တာရော ပဉ္စ အာလောပေ၊ လေးငါးလုတ်တို့ကို။ အဘုတွာ၊ မသုံးဆောင်မူ၍။ ဥဒကံ ပိဝေ၊ ရေကိုသောက်ရာ၏။ ဧဝံ၊ ဤသို့ သုံးဆောင်သည်ရှိသော်။ ပဟိတတ္တဿ၊ နိဗ္ဗာန်သို့ စိတ်ကိုစေလွှတ် ထားသော။ ဘိက္ခုနော၊ ရဟန်းအား။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာ နေထိုင်ရခြင်းငှာ။ အလံ၊ လျောက်ပတ်ပေ၏။

ဣတိ ဧတံ ဝစနံ၊ ဤသို့သောစကားကို။ ဂုတ္တမှိ၊ ဟောတော်မူအပ်ပေ၏။

ဧတ္တာဝတာ စ၊ ဤမျှသောစကားရပ်ဖြင့်။ ပယောဇနပရိဂ္ဂဟော စ၊ အကျိုးကိုသိမ်းယူခြင်းကိုလည်းကောင်း။ မဇ္ဈိမာ စ ပဋိပဒါ၊ မဇ္ဈိမပဋိပဒါ အကျင့်ကိုလည်းကောင်း။ ဒီပိတာ၊ပြအပ်သည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

သေနာသနန္တိ၊ သေနာသနဟူသည်ကား။ သေနဉ္စ၊ အိပ်ရာကိုလည်း ကောင်း။ အာသနဉ္စ၊ နေရာကိုလည်းကောင်း။ ဟိ၊ မှန်၏။ ယတ္ထ ယတ္ထ ဝိဟာရေ ဝါ၊ အကြင်အကြင်သို့သော နှစ်ဘက်မိုးသောကျောင်း၌လည်း ကောင်း။ ယတ္ထ ယတ္ထ အဍ္ဎယောဂါဒိမှိ ဝါ၊ အကြင်အကြင် တဘက်စောင်းမိုး သောကျောင်းစသည်၌လည်းကောင်း။ သေတိ၊ အိပ်၏။ တံ၊ ထိုအိပ်ရာဌာန ကျောင်းသည်။ သေနံ၊ သေနမည်၏။ ယတ္ထ ယတ္ထ ဝိဟာရေ ဝါ၊ အကြင် အကြင်သို့သော နှစ်ဘက်မိုးသော ကျောင်း၌လည်းကောင်း။ ယတ္ထ ယတ္ထ အဍ္ဎယောဂါဒိမှိ ဝါ၊ အကြင်အကြင်တဘက်စောင်းမိုးသောကျောင်းစသည် ၌လည်းကောင်း။ အာသတိ နိသီဒတိ၊ နေတတ်၏။ တံ၊ ထိုနေရာ ဌာနသည်။ အာသနံ၊ အာသနမည်၏။ တံ၊ ထိုအိပ်ရာနှင့်နေရာကို။ ဧကတော ကတွာ၊ တပေါင်းတည်း ပြု၍။ သေနာသနန္တိ၊ သေနာသနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥတုပရိဿယဝိနောဒနပဋိသလ္လာနာရာမတ္ထန္တိ၊ ဥတုပရိဿယဝိနောဒနပဋိသလ္လာ-

နာရာမတ္တံဟူသည်ကား။ ပရိသဟနဋ္ဌေန၊ နှိပ်စက်တတ်သော အနက်သဘော ကြောင့်။ ဥတုယေဝ၊ အအေးအပူဥတုတို့သည်ပင်လျှင်။ ဥတုပရိဿယော၊ ဥတု ဘေးရန်မည်၏။ (၃၃) ဥတုပရိဿယဿ၊ ဥတုဘေးရန်ကို။ ဝိနောဒနတ္ထဉ္စ၊ ပယ် ဖျောက်ခြင်းအကျိုးငှာ လည်းကောင်း။ ပဋိသလ္လာနာရာမတ္ထဉ္စ၊ စိတ်လွင့်ပါးရာ အထူးထူးသော အာရုံမှ ဖဲခွါ၍ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်၏ကပ်ငြိခြင်းဟူသော ကိန်းအောင်းခြင်းနှင့် မွေ့လျော်ခြင်းအကျိုးငှာ လည်းကောင်း။ သရီရာဗာဓ- စိတ္တဝိက္ခေပကရော၊ ကိုယ်ကိုနှိပ်စက်တတ် စိတ်ပြန့်လွင့်ခြင်းကိုလည်း ပြုတတ် သော။ အသပ္ပါယော၊ မလျော်ကပတ်သော။ ယော ဥတု၊ အကြင်ဥတုကို။ သေနာသနပဋိသေဝနေန၊ ကျောင်းကို မှီဝဲသုံးဆောင်ခြင်းဖြင့်။ ဝိနောဒေ- တဗ္ဗော ဟောတိ၊ ပယ်ဖျောက်နိုင်၏။ တဿ ဝိနောဒနတ္ထံ၊ ထိုမလျော်ကပတ် သော ဥတုကို ပယ်ဖျောက်ခြင်းအကျိုးငှာလည်းကောင်း။ ဧကီ ဘာဝ သုခတ္ထဉ္စ၊ အခြွေအရံဟူသော အပေါင်း, ကိလေသာဟူသော အဖော်မရှိပဲ တကိုယ်တည်း နေခြင်းကြောင့်ဖြစ်သော ဆိတ်ငြိမ်ခြင်း ချမ်းသာ အကျိုးငှာ လည်းကောင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလိုအပ်၏။ သီတပဋိဃာတာဒိနာဝ၊ အအေးကို ပယ်ဖျောက်ခြင်း စသည်ဖြင့် ပင်လျှင်။ ဥတုပရိဿယဝိနောဒနံ၊ ဥတုဘေးရန်ကို ပယ်ဖျောက်ခြင်းအကျိုးကို။ ကာမဉ္စ ဝုတ္တမေဝ၊ အကယ်၍ ဆိုအပ်ပြီးဖြစ်ပေ၏။ ပန၊ ထိုသို့ ဆိုအပ်ပြီးဖြစ်သော်လည်း။ စီဝရပဋိသေဝနေ၊ သင်္ကန်းကို မှီဝဲ သုံးဆောင်ရာ၌။ ဟိရိကောပိနပဋိစ္ဆာဒနံ၊ ဟိရိဂုဏ်ကို ဖျက်ဆီးတတ်သော ကိုယ်အင်္ဂါကို ဖုံးလွှမ်းခြင်းအကျိုးသည်။ နိယတပယောဇနံ၊ အမြဲတမ်း အကျိုးဖြစ်၏။ ဣတရာနိ၊ ထိုမှတပါးကုန်သော အအေးအပူကို ပယ်ဖျောက် ခြင်းစသော အကျိုးတို့သည်။ ကဒါစိ ကဒါစိ၊ရံခါ ရံခါ၌သာလျှင်။ ဘဝန္တိတိ၊ ဖြစ်ကုန်၏ ဟု။ ဝုတ္တံ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ဣဓာပိ၊ ဤကျောင်းကို မှီဝဲသုံးဆောင်ရာ၌လည်း။ နိယတံ၊ အမြဲတမ်း အကျိုးဖြစ်သော။ ဥတုပရိဿယဝိနောဒနံ၊ ဥတုဘေးရန်ပယ်ဖျောက်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဣဒံ၊ ဥတုပရိဿယဝိနောဒနတ္ထံဟူသော ဤပုဒ်ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အထ ဝါ၊ တနည်းကား။ ဝုတ္တပကာရော၊ အအေး အပူဟူ၍လည်းကောင်း မလျော်ကပတ်သော ဥတုဘေးရန်ဟူ၍လည်း ကောင်း ဆိုအပ်သော။ အယံ ဥတု၊ ဤဥတုသည်။ ဥတုယေဝ၊ ဥတုသာလျှင် မည်ပေ၏၊ (ပရိဿယ မမည်)။ ပရိဿယော ပန၊ ပရိဿယမည်သော ဘေး ရန်သည်ကား။ ပါကဋပရိဿယော စ၊ ထင်ရှားသော ဘေးရန်လည်းကောင်း။ ပဋိစ္ဆန္နပရိဿယော စ၊ မထင်ရှားသော ဘေးရန်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုတွင်။ ပါကဋပရိဿယော၊ ထင်ရှားသော ဘေးရန်တို့သည်။ သီဟဗျဂ္ဃါဒယော၊ ခြင်္သေ့ ကျား စသည်တို့တည်း။ ပဋိ- စ္ဆန္နပရိဿယော၊ မထင်ရှားသော ဘေးရန်တို့သည်။ ရာဂဒေါသာဒယော၊

ရာဂါဒေါသစသည် ဘိုတည်း။ ယေ၊ အကြင် ဘေးရန်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသင့်မျှားသော ဘေးရန်နှင့် မသင်ရှားသော ဘေးရန်တို့သည်။ ယတ္ထ၊ အကြင် လုံခြုံသောကျောင်း၌။ န်သိန္တိ၊ နေသောရဟန်းကို (ထည့်)။ အပရိဂုတ္တိသာ စ၊ လုံခြုံခြင်းကြောင့် လည်းကောင်း။ အသမ္ပါယရူပဒဿနာဒိနာ စ၊ မလျောက်ပက်သော အသင်းကို မြင်ခြင်းအားရှိသည်ကြောင့် လည်းကောင်း။ အာဗာဓံ၊ နှိပ်စက်ခြင်းကို။ န ကရောန္တိ၊ မပြုနိုင်ကုန်။ တံ သေနာသနံ၊ ထိုကျောင်းကို။ ဧဝံ ဇာနိတွာ၊ ဤဆိုခဲ့သည့်အတိုင်း နှစ်ပါးသော ဘေးရန်တို့ မနှိပ်စက်နိုင် ရာ-ဟု အသိအမှတ်ပြုလျက်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပဋိသေဝန္တော၊ မှီဝဲသုံးဆောင်သော၊ ဘိက္ခု၊ ရဟန်းကို။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ၊ ဆင်ခြင်၍။ ဥတုပရိဿယဝိနောဒနတ္ထံ၊ မလျောက်ပတ်သောဥတုနှင့် ထင်ရှားသော မထင်ရှားသော ဘေးရန်တို့ကို ပယ်ဖျောက်ခြင်း အကျိုးငှာ။ သေနာသနံ၊ ကျောင်းကို။ ပဋိသေဝတိ၊ မှီဝဲသုံးဆောင်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရန္တိ ဧတ္ထ၊ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ ဟူသော ဤပုဒ်၌။ ရောဂဿ၊ အနာ၏။ ပဋိအယနဋ္ဌေန၊ ဆန့်ကျင်ဘက်ဖြစ်သော အနက်သဘောကြောင့်။ ပစ္စယော၊ ပစ္စယမည်၏။ ပစ္စနီကဂမနဋ္ဌေန၊ ဆန့်ကျင်ဘက် အဖြစ်ဖြင့်ဖြစ်သောအနက်သဘောကြောင့်။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုရင်း အနက်တည်း။ ဇော၊ ပစ္စယဟူသော ဤအမည်သည်။ သပ္ပါယဿ၊ သင့်လျော်လျောက်ပတ်သော။ ယဿ ကဿစိ၊ တစုံတခုသော ဆေး၏။ အဓိဝစနံ၊ အမည်တည်း။ တေန၊ သမားတော်ကြီးနှင့် တူသော ထိုမြတ်စွာဘုရားသည်။ အနုညာတတ္တာ၊ ခွင့်ပြုအပ်သော ဆေး၏ အဖြစ်ကြောင့်။ ဘိသက္ကဿ၊ သမားတော်ကြီးမည်သော မြတ်စွာဘုရား၏။ ကမ္မံ၊ စီရင်ဖော်စပ် ပြုလုပ်အပ်သော ဆေးတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဘေသဇ္ဇံ၊ ဘေသဇ္ဇ မည်၏။ ဂိလာနပစ္စယောဝ၊ သူနာတို့၏ ရောဂါကို ပျောက်စေတတ်သော ဆေးသည်ပင်။ ဘေသဇ္ဇံ၊ ဆေးသမား၏ အမှုဘည်း။ ဂိလာနပစ္စယဘေသဇ္ဇံ၊ သူနာတို့၏ ရောဂါကို ပျောက်ကင်းစေတတ်သော ဆေးသမား၏အမှု။ ဂိလာနဿ၊ သူနာအား။ သပ္ပါယံ၊ လျောက်ပတ်သော။ ဘိသက္ကကမ္မံ၊ ဆေးသမား၏အမှုဖြစ်သော။ ဝါ၊ ဆေးသမား၏အလုပ်ဖြစ်သော။ တေလမဓုဖာဏိတာဒိ၊ ဆီ ပျား တင်လဲ အစရှိသော။ ယံကိဉ္စိ၊ တစုံတခုသော ဆေးပစ္စည်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ ပန၊ ထိုမှတပါး။ "သတ္တဟိ၊ ခုနစ်ပါးကုန်သော။ နဂရပရိက္ခာရေဟိ၊ မြို့ကိုရံ၍ စောက်ရှောက်ကာကွယ်ကုန်သော ကျုံး မြောင်း မြို့ရိုး စသည်တို့ဖြင့်။ သုပရိက္ခတံ ဟောတိ၊ ကောင်းစွာရံအပ်၏"။ ဣတိ အာဒီသု၊ ဤသို့အစရှိသောပါဠိတို့၌။ ပရိဝါရော၊ အကွယ်အကာ အရံအတားကို၊ ပရိက္ခာ-

ရောတိ၊ ပရိက္ခာရဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ "သီလပရိက္ခာရော၊ သီလ ဟူသော အဆင်တန်ဆာရှိသော။ ဈာနက္ခော၊ ဈာန်ဟူသော ဝင်ရိုးရှိသော။ စက္က- ဝီရိယော၊ ဝီရိယဟူသော ဘီးရှိသော။ ရထော၊ အရိယမဂ် ဟူသော ရထား သည်။" ဣတိ အာဒိသု၊ ဤသို့ အစရှိသည်တို့၌။ အလင်္ကာရော၊ အဆင်တန်ဆာ ကို။ပရိက္ခာရောတိ၊ ပရိက္ခာရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ "ပဗ္ဗဇိတေန၊ ရဟန်း သည်။ ယေ စ ခေါ ဣမေ ဇီဝိတပရိက္ခာရာ၊ အလုံးစုံသော ဤအသက်၏ အကြောင်းအဆောက်အအုံတို့ကို။ သမုဒါနေတဗ္ဗာ၊ ကောင်းစွာ စုဆောင်းအပ် ကုန်၏"။ဣတိအာဒိသု၊ဤသို့အစရှိသည်တို့၌။သမ္ဘာရော၊ အကြောင်းအဆောက် အအုံကို။ ပရိက္ခာရောတိ၊ ပရိက္ခာရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ဣဓ ပန၊ ဂိလာန- ပစ္စယဘေသဇ္ဇပရိက္ခာရံ ဟူသော ဤပုဒ်၌ကား။ သမ္ဘာရောပိ၊အကြောင်း အဆောက်အအုံ ဟူသော အနက်သည်လည်းကောင်း။ ပရိဝါရောပိ၊ အကာ အကွယ်အရံအတား ဟူသောအနက်သည် လည်းကောင်း။ဝဋ္ဋတိ၊သင့်၏။ဟိ၊သင့် ပုံကား။တံ ဂိလာနပစ္စယဘေသဇ္ဇံ၊ လူနာတို့၏ ရောဂါကို ပျောက်စေတတ်သော ထိုဆေးသည်။ ဇီဝိတနာသကာဗာဓုပ္ပတ္တိယာ၊ အသက်ကို ဖျက်ဆီးတတ် သော အနာဖြစ်ခြင်း၏။ အန္တရံ အဒတွာ၊ အခွင့်ကိုမပေးမူ၍။ ရက္ခဏတော၊ စောင့်ရှောက်တတ် ကာကွယ်တတ်သောကြောင့်။ ဇီဝိတဿ၊ အသက်၏။ ပရိဝါရောပိ ဟောတိ၊ အစောင့်အရှောက် အကာအကွယ်လည်းဖြစ်၏။ ယထာ၊ အကြင်အခြင်းအရာ အားဖြင့်။ စိရံ၊ ရှည်စွာသော ကာလ ပတ်လုံး။ ပဝတ္တတိ၊ မပြတ်ဖြစ်လျက် တည်၏။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ အဿ၊ ထိုအသက်၏။ ကာရဏဘာဝတော၊ အကြောင်းဖြစ်သောကြောင့်။ ဇီဝိတဿ၊ အသက်၏။ ပရိဝါရောပိ ဟောတိ၊ အစောင့်အရှောက် အကာအကွယ်လည်းဖြစ်၏။ တသ္မာ၊ ထိုကြောင့်၊ ပရိက္ခာ- ရောတိ၊ ပရိက္ခာရဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ တံ၊ ဆိ ပျားတင်လဲစသော ထိုဆေးသည်။ ဂိလာနပစ္စယဘေသဇ္ဇဥ္စ၊ လူနာတို့၏ ရောဂါ ကို ပျောက်စေတတ်သော ဆေးသမား၏ အမှုသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပရိက္ခာရော စ၊ အသက်၏ အကာအကွယ် ပရိက္ခာရလည်းမည်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရော၊ ဂိလာန- ပစ္စယဘေသဇ္ဇပရိက္ခာရမည်၏။ တံ ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ၊ ဂိလာန- ပစ္စယဘေသဇ္ဇပရိက္ခာရမည်သော ထိုဆေးကို။ ဂိလာနဿ၊ လူနာအား။ သပ္ပါယံ၊ လျောက်ပတ်သော။ ဘိသက္ကာနုညာတံ၊ သမားတော်နှင့်တူသော မြတ်စွာဘုရားသည် ခွင့်ပြုအပ်သော။ တေလမဓုဖာဏိတာဒိဇီဝိတပရိက္ခာရံ၊ ဆီပျားတင်လဲအစရှိသောအသက်၏ အကာအကွယ် အဆောက်အအုံဖြစ်သော။ ယံကိဉ္စိ၊ တစုံတခုသောဆေးကို။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ဆိုလို၏။ (၃၄) ဥပ္ပန္နာနန္တိ၊ဥပ္ပန္နာနံဟူသည်ကား။ ဇာတာနံ၊ ကိုယ်၌ဖြစ်ကုန်ပြီးသော။ ဘူတာနံ၊

ရောက်ကုန်ပြီးသော။ နိဗ္ဗတ္တာနံ၊ ထင်ရှားဖြစ်ကုန်ပြီးသော။ ဝေယျာဗျာဓိကာနန္တိ ဧတ္ထ၊ ဝေယျာဗျာဓိကာနံ ဟူသော ဤပုဒ်၌။ ဓာတုက္ခောဘော စ၊ ဓာတ်ချောက်ချားခြင်းကို လည်းကောင်း။ တံသမုဋ္ဌာနာ၊ ထိုဓာတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ကုဋ္ဌဂဏ္ဍပီဠကာဒယော စ၊ နူနာ, အိုင်းနာ, အဖုလုံးနာအစရှိသော အနာတို့ကို လည်းကောင်း။ ဗျာဗာဓေတိ၊ အနာရှင်ကို နှိပ်စက်ညှင်းဆဲတတ်သောကြောင့် ဗျာဗာဓေဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ဗျာဗာဓတော၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့် နှိပ်စက်ညှင်းဆဲတတ်သော အနာကြောင့်။ ဥပ္ပန္နတ္တာ၊ ဖြစ်ကုန်သောကြောင့်။ ဝေယျာဗာဓိကာ၊ ဝေယျာဗာဓိကမည်ကုန်၏။ ဝေဒနာနန္တိ ဧတ္ထ၊ ဝေဒနာနံဟူသော ဤပုဒ်၌။ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာတို့သည်။ အကုသလဝိပါက ဝေဒနာ၊ အကုသလဝိပါက် ဒုက္ခဝေဒနာတို့တည်း။ တာသံ၊ ထိုသို့သဘောရှိကုန်သော။ ဝေယျာဗာဓိကာနံ၊ အနာရှင်ကို နှိပ်စက်တတ်သော အနာရောဂါကြောင့်ဖြစ်ကုန်သော။ ဝေဒနာနံ၊ ဒုက္ခဝေဒနာတို့ကို။ အဗျာဗဇ္ဈပရမတာယာတိ၊ အဗျာဗဇ္ဈပရမတာယဟူသည်ကား။ နိဒ္ဒုက္ခပရမတာယ၊ ဆင်းရဲကင်းရာ ကာလအတိုင်းအရှည် ရှိသည်၏ အဖြစ်ဟူသော အကျိုးငှာ။ သဗ္ဗံ၊ အလုံးစုံသော။ တံ ဒုက္ခံ၊ ရောဂါလျှင်အကြောင်းရှိသော ထိုဒုက္ခဝေဒနာသည်။ ယာဝ၊ အကြင်မျှလောက်။ ဝါ၊ အကြင်အခါ၌။ ပဟီနံ ဟောတိ၊ ပျောက်ကင်း၏။ တာဝ၊ ထိုပျောက်ကင်းသည့်ကာလတိုင်အောင်။ ပဋိသေဝတိ မှီဝဲသုံးဆောင်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

ဧဝံ၊ ဤဆိုခဲ့သောနည်းဖြင့်။ သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပဋိသင်္ခါ၊ ဆင်ခြင်၍။ ပစ္စယပရိဘောဂလက္ခဏံ၊ ပစ္စည်းကို သုံးဆောင်ခြင်း လက္ခဏာရှိသော။ ဣဒံ၊ ဤသီလကို၊ ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတသီလဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ ဆက်အံ့။ ဧတ်၊ ဤပုဒ်၌။ ဝစနတ္ထော၊ သဒ္ဒါ၏ အနက်ကား။ စီဝရာဒယော၊ သင်္ကန်း စသည်တို့ကို။ (ဝုစ္စန္တိ မှာ စပ်)။ တေ စီဝရာဒယော၊ ထိုသင်္ကန်း စသည်တို့ကို။ ပဋိစ္စ နိဿာယ၊ မှီ၍။ ပရိဘုဥ္ဇမာနာ၊ သုံးဆောင်ကုန်သော။ ပါဏိနော၊ ရဟန်းတို့သည်။ အယန္တိ ဂစ္ဆန္တိ၊ အသက်အပိုင်းအခြားအဆုံးတိုင်အောင် သွားနိုင်ကုန် ရောက်နိုင်ကုန်၏။ ပဝတ္တန္တိ၊ မပြတ်ဖြစ်လျက်တည်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ ပစ္စယာတိ၊ ပစ္စယဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တေ ပစ္စယေ၊ ထိုသင်္ကန်း စသော ပစ္စည်းတို့ကို။ သန္နိဿိတံ၊ ကောင်းစွာမှီ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပစ္စယသန္နိဿိတံ၊ ပစ္စယသန္နိဿိတမည်၏။

## စတုပါရိသုဒ္ဓိသမ္ပာဒနဝိဓိ

### စတုပါရိသုဒ္ဓိသီလကို ပြည့်စုံစေပုံ အစီအရင်။

၁၉။ ဧဝံ၊ ဤဆိုခဲ့သော နည်းဖြင့်။ တေသု ံ စတုဗ္ဗိဓေ သီလေ၊ လေးပါးအပြားရှိသော ဤသီလတွင်။ ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရသီလကို။ သဒ္ဓါယ၊ ဘုရားကို ယုံကြည်သော သဒ္ဓါတရားဖြင့်။ သမ္ပာဒေတဗ္ဗော၊ ပြီးပြည့်စုံစေအပ်၏။ ဟိ၊ မှန်၏။ သော၊ ထိုပါတိမောက္ခသံဝရသီလသည်။ သဒ္ဓါသာဓနော၊ သဒ္ဓါတရားဟူသော ပြီးစီးကြောင်းရှိ၏။ ကသ္မာ၊ အဘယ်ကြောင့်။ သော၊ ထိုပါတိမောက္ခသံဝရသီလသည်။ သဒ္ဓါသာဓနော၊ သဒ္ဓါတရားဟူသော ပြီးစီးကြောင်း ရှိသနည်း။ ဉတိ၊ ဤကား။ ပုစ္ဆာ၊ အမေးတည်း (ပုစ္ဆာဝါကျ ထုတ်) (ရှေ့ဝါကျမှယူ၍ ပုစ္ဆာဝါကျပြု) သိက္ခာပဒပညတ္တိယာ၊ သိက္ခာပုဒ် ပညတ်ခြင်း၏။ ဝါ၊ သိက္ခာပုဒ်ပညတ်ခြင်းသည်။ သာဝကဝိသယာတိတတ္တာ၊ သာဝကတို့၏ အရာကို လွန်ခြင်းကြောင့်။ သော၊ ထိုပါတိမောက္ခသံဝရသီလသည်။ သဒ္ဓါသာဓနော၊ သဒ္ဓါတရားဟူသော ပြီးစီးကြောင်းရှိ၏။ ဉတိ၊ ဤကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ ဧတ္ထ၊ ဤအရာ၌။ သိက္ခာပဒပညတ္တိယာစနပဋိက္ခေပေါ စ၊ သိက္ခာပုဒ်ပညတ်ရန် အရှင်သာရိပုတ္တရာ တောင်းပန်ချက်ကို မြစ်ပယ်ခြင်းသည်လည်း။ နိဒဿနံ၊ ညွှန်ပြသော သာဓကပေတည်း။ တသ္မာ၊ ထိုကြောင့်။ ဝါ၊ ထိုသို့သိက္ခာပုဒ်ကို ပညတ်ခြင်း၏ သာဝကအရာမဟုတ် ဘုရားအရာသာဖြစ်သောကြောင့်။ ယထာပညတ္တံ၊ ပညတ်တော်မူတိုင်းသော။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ သဒ္ဓါယ၊ သဒ္ဓါတရားဖြင့်။ အနဝသေသံ သမာဒိယိတွာ၊ အကြွင်းမဲ့သိမ်းယူ၍။ ဇီဝိတေပိ၊ အသက်၌သော်လည်း။ အပေက္ခံ အကရောန္တေန၊ ငဲ့ကွက်ခြင်းကို မပြုမူ၍။ သာဓုကံ သမ္ပာဒေတဗ္ဗံ၊ ကောင်းစွာ ပြည့်စုံစေအပ်၏။ ဟိ၊ မှန်၏။

"ကိကီ၊ တိတီတူးငှက်မသည်။ အဏ္ဍံ၊ မိမိ ဥကို။ ရက္ခတိ ဣဝ၊ အသက်ကိုမငဲ့ပဲ စောင့်ရှောက်သကဲ့သို့လည်းကောင်း။ စမရီ၊ စမရီမည်သော သားကောင်သည်။ ဝါလဓိံ၊ မိမိအမြီးဆံကို။ ရက္ခတိ ဣဝ၊ အသက်ကို မငဲ့ပဲ စောင့်ရှောက်သကဲ့သို့လည်းကောင်း။ ကေပုတ္တိကာ၊ သားတယောက်သာ ရှိသော မိခင်သည်။ ပိယံ၊ ချစ်အပ်လှစွာသော။ ဧကကံ ပုတ္တံ၊ တဦးတည်းသောသားကို။ ရက္ခတိ ဣဝ၊ အသက်ကို မငဲ့ပဲ စောင့်ရှောက်သကဲ့သို့လည်းကောင်း။ ဧကနယနော၊ မျက်စိတဘက်သာ ရှိသော သူသည်။ ဧကကံ နယနံ၊ တဘက်မျှသာ ကျန်ရှိသော မျက်စိကို။ ရက္ခတိ ဣဝ၊ အသက်ကို မငဲ့ပဲ စောင့်ရှောက်သကဲ့သို့လည်းကောင်း။ တထေဝ၊ ထို့အတူပင်လျှင်။ တုမှေ၊ သင်တို့သည်။ သီလံ၊

> သီလကို။ အနုရက္ခမာနကာ၊ အစဉ်စောင့်ရှောက်ကုန်သည်။ သုပေသလာ၊ အလွန်ချစ်အပ်သော သီလရှိကုန်သည်။ သဒါ၊ အခါခပ်သိမ်း။ သဂါရဝါ၊ ရိုသေလေးမြတ်ခြင်းရှိကုန်သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော။

ဣတိ၊ ဤသို့။ တေ၊ ဤဂါထာစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ အပရမ္ပိ၊ တပါးလည်း။ "ပဟာရာဒ၊ ပဟာရာဒအသူရိန်။ ဌိတဓမ္မော၊ တည်ခြင်းသဘောရှိသော။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒာသည်။ ဝေလံ၊ ကမ်းကို။ နာတိက္ကမတိ ယထာ၊ မလွန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ မယာ၊ ငါသည်။ သာဝကာနံ၊ သာဝကတို့အား။ ယံ သိက္ခာပဒံ၊ အကြင်သိက္ခာပုဒ်ကို။ ပညတ္တံ၊ ပညတ်တော်မူအပ်၏၊ တံ သိက္ခာပဒံ၊ ထိုသိက္ခာပုဒ်ကို။ မမ သာဝကာ၊ ငါ၏ တပည့်ဖြစ်သောအရိယာသာဝကတို့သည်။ ဇီဝိတဟေတုပိ၊ အသက်ဟူသောအကြောင်းကြောင့်သည်း။ နာတိက္ကမန္တိ၊ မလွန်ကျူးကုန်။" ဣတိ၊ ဤသို့။ တေ၊ ဤသို့သော စကားကို။ ဝုတ္တံ၊ ဟောတော်မူ၏။

ပန၊ ဆက်အံ့။ ဣမဿ္မိံ စ အတ္ထေ၊ အသက်ကြောင့်လည်း သိက္ခာပုဒ်ကို မလွန်ကျူးရာ၌။ အဋဝိယံ၊ တောအုပ်၌။ စောရေဟိ၊ ခိုးသူတို့သည်။ ဗဒ္ဓထေရာနံ၊ တုပ်နှောင်ထားသော မထေရ်တို့၏။ ဝတ္ထူနိ၊ ဝတ္ထုတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ကိရ၊ ဟဆင့်စကား ကြားဖူးသည်ကား။ မဟာဝတ္တနိအဋဝိယံ၊ မဟာဝတ္တနီမည်သော တောအုပ်၌။ ထေရံ၊ တပါးသောမထေရ်ကို။ စောရာ၊ ခိုးသူတို့သည်။ ကာဠဝလ္လိဟိ၊ နွယ်ငန်းတို့ဖြင့်။ ဗန္ဓိတွာ၊ တုပ်နှောင်၍။ နိပဇ္ဇာပေသုံ၊ လဲလျောင်းအိပ်နေစေကုန်၏။ ထေရော၊ ထိုမထေရ်သည်။ ယထာနိပန္နောဝ၊ လျောင်းလျက်သာလျှင်။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ပတ်လုံး။ ဝိပဿနံ ဝဍ္ဎေတွာ၊ ဝိပဿနာကို ပွားစေ၍။ ဝါ၊ ဝိပဿနာကို ရှုလျက်။ အနာဂါမိဖလံ ပါပုဏိတွာ၊ အနာဂါမိဖိုလ်သို့ ရောက်၍။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ ကာလံ ကတွာ၊ ကွယ်လွန်၍။ (ပျံတော်မူ၍) ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်လေသတတ်။

(၃၅) အပရမ္ပိ ထေရံ၊ တခြားတပါးသော မထေရ်ကိုလည်း။ တမ္ဗပဏ္ဏိဒီပေ၊ သီဟိုဠ်ကျွန်း၌။ ဝါ၊ သီရိလင်္ကာကျွန်း၌။ စောရာ၊ ခိုးသူတို့သည်။ (လိုက်)။ ပူတိလတာယ၊ ဆင်သခွနွယ်ဖြင့်။ ဗန္ဓိတွာ၊ တုပ်နှောင်၍။ နိပဇ္ဇာပေသုံ၊ လဲလျောင်းအိပ်နေစေကုန်၏။ သော ထေရော၊ ထို မထေရ်သည်လည်း။ ဝနဒါဟေ အာဂစ္ဆန္တေ၊ တောမီးလောင်လာလတ်သော်။ ဝလ္လိံ အစ္ဆိန္ဒိတွာ၊ နွယ်ကို မဖြတ်မူ၍။ ဝိပဿနံ ဝဍ္ဎေတွာ၊ ဝိပဿနာကို ပွားစေ၍။ သမသီသီ ဟုတွာ၊

သမသီသီ မည်သော ရဟန္တာဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်စံတော်မူလေ သတတ်။ ဒီဃဘာဏကအဘယတ္ထေရော၊ ဒီဃနိကာယ်ဆောင် အဘယမထေရ် သည်။ ပဠ္ဆဟိ ဘိက္ခုသတေဟိ သဒ္ဓိံ၊ ငါးရာသော ရဟန်းတို့နှင့်တကွ။ အာဂစ္ဆန္တော၊ လာလတ်သော်။ ထေရဿ သရီရံ ဒိသွာ၊ ထိုမထေရ်၏ အလောင်းကို တွေ့မြင်၍။ ဈာပေတွာ၊ မီးသင်္ဂြိုဟ်စေပြီးလျှင်။ စေတိယံ ကာရာပေသိ၊ စေတီ ပြုလုပ် တည်ထားစေ၏။ တသ္မာ၊ ထို့ကြောင့်။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့် ပြည့်စုံ သော။ အညောပိ ကုလပုတ္တော၊ အခြားတပါးသော အမျိုးသားသည်လည်း—

ပါတိမောက္ခံ၊ ပါတိမောက္ခသံဝရသီလကို။ ဝိသောဓေန္တော၊ ဖြူစင် စေလိုလျှင်။ ဇီဝိတံ၊ မိမိအသက်ကိုသော်လည်း။ အပေ္ပ၀ အပိ ဝေ ဇဟေ၊ စွန့်သော်လည်း စွန့်ရာ၏။ လောကနာထေန၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဘုရားသခင်သည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ သီလ စောင့်စည်းမှုကို။ န ဘိန္ဒေ၊ မဖျက်ဆီးရာ။

၈၊ ထိုမှတပါး။ ပါတိမောက္ခသံဝရော၊ ပါတိမောက္ခသံဝရကို။ သဒ္ဓါယ၊ သဒ္ဓါဖြင့်။ သမ္ပာဒေတဗ္ဗော ယထာ၊ ပြီးစီးပြည့်စုံစေအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရကို။ သတိယာ၊ အမှတ်ရမှုသတိဖြင့်။ သမ္ပာဒေတဗ္ဗော၊ ပြီးစီးပြည့်စုံစေအပ်၏။ ဟိ၊ မှန်၏။ သော၊ ထိုဣန္ဒြိယသံဝရသည်။ သတိသာဓနော၊ အမှတ်ရမှုဟူသော ပြီးစီးကြောင်းဖြစ်၏။ ကသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။ သတိယာ၊ သတိအရးသည်။ ဝါ၊ သတိတရားက။ အဓိဋ္ဌိတာနံ၊ စောင့်ရှောက်အုပ်ချုပ်အပ်ကုန်သော။ ဣန္ဒြိယာနံ၊ စက္ခု စသော ဣန္ဒြေတို့ကို။ အဘိဇ္ဈာဒီဟိ၊ အဘိဇ္ဈာ အစရှိသော အကုသိုလ်တရားတို့သည်။ အနန္ဝာဿဝနီယတော၊ အစဉ်မလိုက်နိုင်သည်၏ အဖြစ်ကြောင့်ပေတည်း။ တသ္မာ၊ ထို့ကြောင့်—

"ဘိက္ခဝေ၊ ရဟန်းတို့။ အာဒိတ္တာယ၊ ရဲရဲပြောင်ပြောင် တောက် လောင်သော။ သမ္ပဇ္ဇလိတာယ၊ ထက်ဝန်းကျင် တောက်ပသော။ သဇောတိဘူတာယ၊ တခဲနက် မီးလျှံသဖွယ်ဖြစ်သော။ တတ္တာယ အယောသလာကာယ၊ လောလော ပူသော သံချောင်းဖြင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေခေါ်သော မျက်စိကို။ သမ္ပလိမဋ္ဌံ၊ ထက်ဝန်းကျင်မှ သုံးသပ် ထိုးဖောက်ခြင်းသည်။ ဝရံ၊ ကောင်းမြတ်သေး၏။ စက္ခုဝိညေယျေသု၊ မျက်စိဖြင့် မြင်သိအပ်ကုန်သော။ ရူပေသု၊ ရူပါရုံတို့၌။ အနုဗျဉ္ဇနသော၊ အနုဗျဉ္ဇန ခေါ်သော အသေးစိတ်အင်္ဂါအားဖြင့်။ နိမိတ္တဂ္ဂါဟော၊ မိန်းမ, ယောကျ်ား ဘင့်တသ်ဘန်အစရှိသော ပုံသဏ္ဌာန်နိမိတ်ကိုယူခြင်းသည်။ န တွေဝ ဝရံ၊ မသင့်မမြတ်သည်သာတည်း။ ဣတိ အာဒိနာ နယေန၊

ဤသို့ အစရှိသော နည်းဖြင့်။ အာဒိတ္တပရိယာယံ၊ အာဒိတ္တဒေသနာ
တော်ကို။ သမနုဿရိတွာ၊ အောက်မေ့ဆင်ခြင်၍။ ရူပါဒီသု ဝိသ-
ယေသု၊ ရူပါရုံ အစဉ်ကုန်သော အာရုံတို့၌။ စက္ခုဒွါရာဒိပဝတ္တဿ၊
စက္ခုဒွါရစသည်တို့၌ဖြစ်သော။ ဝိညာဏဿ၊ ဇောဝိညာဏ်၏။ အဘိ-
ဇ္ဈာဒိဟိ အနွာဿဝနီယံ၊ အဘိဇ္ဈာ အစရှိသည်တို့ အစဉ်လိုက်အပ်သော။
နိမိတ္တဂ္ဂါဟံ၊ နိမိတ်ကို စွဲလမ်းခြင်းကို။ သတိယာ၊ အမှတ်ရမှု သတိဖြင့်။
နိသေဓေန္တေန၊ တားမြစ်သည်ဖြစ်၍။ သေ ဝေသော ဣန္ဒြိယသံဝရော၊
ဤ ဣန္ဒြိယသံဝရကို။ သာဓုကံ သမ္ပာဒေတဗ္ဗော၊ ကောင်းစွာ ပြည့်စုံ
စေအပ်၏။ ဟိ၊ အပြစ်ကို ပြအံ့။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။
တေသို့ ဣန္ဒြိယသံဝရေ၊ ဤဣန္ဒြိယသံဝရကို။ အသမ္ပာဒိတေ၊ မပြည့်စုံ
စေသည်ရှိသော်။ ပါတိမောက္ခသံဝရသီလမ္ပိ၊ ပါတိမောက္ခသံဝရသီလ
သည်လည်း။ အနဒ္ဓနိယံ ဟောတိ၊ အရှည်မခံနိုင်ပေ။ အစိရဋ္ဌိတိကံ၊
အရှည် မတည်တံ့နိုင်ပေ။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။
အသံဝိဟိတသာခါပရိဝါရံ၊ ကောင်းစွာ စီရင်ပြုလုပ်သည့် ဆူးခက် အရံ
အတားမရှိသော။ သဿံ၊ ကောက်ပင် စပါးသည်။ အနဒ္ဓနိယံ၊ အရှည်
မခံနိုင်သည်။ အစိရဋ္ဌိတိကံ၊ အရှည် မတည်တံ့နိုင်သည်။ ဟောတိ ဣဝ၊
ဖြစ်သကဲ့သို့ပင်တည်း။ စ၊ ထိုမှတပါး။ ပရဿ ဟာရီဟိ၊ သူတပါး ဥစ္စာ
ကို လုယက် ခိုးယူတတ်ကုန်သော။ စောရေဟိ၊ ခိုးသူတို့သည်။ (ထည့်)။
ဝိဝဋဒွါရော၊ တံခါး ဟင်းလင်းပွင့်လျက်ရှိသော။ ဂါမော၊ ရွာကို။(ဝိဝဋ-
ဒွါရော ဂါမော၊ တံခါး ဟင်းလင်းပွင့်လျက်ရှိသော ရွာကို။) ဟညတေ
ဝိယ၊ နှိပ်စက်အပ်သကဲ့သို့။ ကိလေသစောရေဟိ၊ ကိလေသာ သူခိုးတို့
သည်။ အယံ၊ စက္ခုန္ဒြေစသော တံခါးကို မပိတ်ပဲ ဟင်းလင်းဖွင့်ထား
သော ဤပုဂ္ဂိုလ်ကို။ ဟညတေ၊ နှိပ်စက်၏။ အဿ၊ ဣန္ဒြေကို မစောင့်
သော ထိုပုဂ္ဂိုလ်၏။ စိတ္တဥ္စ၊ စိတ်ကိုလည်း။ ရာဂေါ၊ ရာဂသည်။ သမတိ-
ဝိဇ္ဈတိ၊ ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်လျက် နှိပ်စက်၏။ ကိမိဝ၊ အဘယ်
ကဲ့သို့နည်းဟူမူကား။ ဒုစ္ဆန္နံ၊ မကောင်းသဖြင့် မိုးအပ်သော။ အဂါရံ၊
အိမ်ကို။ ဝုဋ္ဌိ၊ မိုးပေါက်သည်။ သမတိဝိဇ္ဈတိ ဣဝ၊ ထက်ဝန်းကျင်မှ
ထိုးဖောက်ဝင်သကဲ့သို့ပင်တည်း။ ဟိ၊ မှန်၏—

ရူပေသု၊ ရူပါရုံတို့ကြောင့် လည်းကောင်း။ သဒ္ဒေသု၊ သဒ္ဒါရုံတို့
ကြောင့်လည်းကောင်း။ အထော၊ ထိုမှတပါး။ ဂန္ဓေသု၊ ဂန္ဓာရုံတို့
ကြောင့်လည်းကောင်း။ ရသေသု၊ ရသာရုံတို့ကြောင့်လည်းကောင်း။
ဖဿေသု စ၊ ဖောဋ္ဌဗ္ဗာရုံတို့ကြောင့်လည်းကောင်း။ ဥပ္ပဇ္ဇနကအနတ္ထ-
တော၊ ဖြစ်လတ္တံ့သော အကျိုးမဲ့မှ(ထည့်)။ စက္ခုန္ဒြိယံ၊ စက္ခုစသော

ဂုတ္တြန္ဒြေကို။ ရက္ခ၊ စောင့်ရှောက်လော့။ ဟိ၊ မစောင့်ရှောက်ခြင်း၏ အပြစ်ကား။ ပရဿ ဟာရိနော၊ သူတပါး၏ဥစ္စာကို လုယက်ခိုးယူတတ်သော လူဆိုးတို့သည်။ ဂါမံ၊ တံခါးမပိတ်သောရွာကို။ ဟနန္တိ ဣဝ၊ လုယက်နှိပ်စက်ကုန်သကဲ့သို့။ ဝိဝဋ္ဋာ၊ သတိဟူသောတံခါးရွက်ဖြင့် မပိတ်အပ်သည်ဖြစ်၍ ဟင်းလင်းပွင့်ကုန်သော။ အရက္ခိတာ၊ မစောင့်ရှောက်အပ်ကုန်သော။ တေ ဒွါရာ၊ ဤစက္ခုဒွါရစရှိသော ဒွါရတို့သည်။ တံ သမင်္ဂိနံ၊ သတိ တံခါးရွက်ဖြင့် မပိတ်ဆို့ မစောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို။(ထည့်)။ ဟနန္တိ၊ နှိပ်စက်ကုန်၏။ (တနည်းကား)။ တေ ရူပါဒယော၊ ကိလေသာ၏အာရုံဖြစ်သော အဆင်းစသော ဤအာရုံတို့သည်။ ဝိဝဋ္ဋာ၊ သတိဟူသော တံခါးရွက်ဖြင့် မပိတ်အပ်သည်ဖြစ်၍ ဟင်းလင်းပွင့်နေသော။ အရက္ခိတာ၊ မစောင့်ရှောက်အပ်သော။ ဒွါရာ၊ စက္ခုစသောဒွါရကြောင့်။ တံ သမင်္ဂိနံ၊ သတိတံခါးရွက်ဖြင့် မပိတ်ဆို့ မစောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို။ ဟနန္တိ၊ နှိပ်စက်ကုန်၏။

ဒုစ္ဆန္နံ၊ မကောင်းသဖြင့်မိုးထားအပ်သော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေပေါက်သည်။ သမတိဝိဇ္ဈတိ ယထာ၊ ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ အဘာဝိတံ၊ သမာဓိ,ပညာဖြင့် မထုံစေအပ်, မပွားစေအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိ-ဝိဇ္ဈတိ၊ ထိုးဖောက်ဝင်ရောက်လျက် နှိပ်စက်၏။ ဣတိ၊ ဤသို့။ တံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

ပန၊ ထိုမှတပါး။ တသ္မိံ ဣန္ဒြိယသံဝရေ၊ ထိုဣန္ဒြိယသံဝရကို။ သမ္ပာဒိတေ၊ ပြီးစီးပြည့်စုံစေအပ်သည်ရှိသော်။ ပါတိမောက္ခသံဝရသီလမ္ပိ၊ ပါတိမောက္ခသံဝရသီလသည်လည်း။ အဒ္ဓနိယံ ဟောတိ၊ အရှည်ခံ၏။ စိရဋ္ဌိတိကံ ဟောတိ၊ အရှည်တည်နိုင်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သုသံဝိဟိတသာခါ-ပရိဝါရံ၊ ကောင်းစွာစီရင်ပြုပြင်ထားအပ်သော ဆူးခက်အရံအတားရှိသော။ သဿံ၊ ကောက်ပင် စပါးပင်သည်။ အဒ္ဓနိယံ ဟောတိ၊ အရှည်ခံ၏။ စိရဋ္ဌိတိကံ ဟောတိ၊ အရှည်တည်နိုင်၏။ ပရဿ ဟာရိဟိ၊ သူ့ဥစ္စာကိုလုယက်ခိုးယူတတ်ကုန်သော လူဆိုးတို့သည်။ သုသံဝုတဒွါရော၊ ကောင်းစွာတံခါးပိတ်ထားအပ်သော။ ဂါမော၊ ရွာကို။ န ဟညတေ ဣဝ၊ မနှိပ်စက်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အယံ စ၊ စက္ခုဒြေစသော တံခါးကိုကောင်းစွာပိတ်ဆို့ထားအပ်သော ဤပုဂ္ဂိုလ်ကိုသည်။ ကိလေသစောရေဟိ၊ ကိလေသာသူခိုးတို့သည်။ န ဟည-တေ၊ မနှိပ်စက်နိုင်ပေ။ (၃၆) အဿ၊ ဣန္ဒြေကိုစောင့်စည်းသော ထိုပုဂ္ဂိုလ်၏။ စိတ္တမ္ပိ၊ စိတ်ကိုသည်း။ ရာဂေါ၊ ရာဂသည်။ န သမတိဝိဇ္ဈတိ၊ ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်လျက် မနှိပ်စက်နိုင်။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ သုစ္ဆန္နံ

အဂါရံ၊ ကောင်းစွာမိုးထားအပ်သော အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေမိုးပေါက်သည်။ န သမတိဝိဇ္ဈတိ ဝိယ၊ ထက်ဝန်းကျင်မှ ထိုးဖောက်ဝင်လျက်မနှိပ်စက်နိုင်သကဲ့သို့ တည်း။ စ၊ မှန်၏။ –

“ရူပေသု၊ ရူပါရုံတို့ကြောင့် လည်းကောင်း။ သဒ္ဒေသု၊ သဒ္ဒါရုံ တို့ကြောင့် လည်းကောင်း။ အထော၊ ထိုမှတပါး။ ဂန္ဓေသု၊ ဂန္ဓာရုံတို့ကြောင့်လည်းကောင်း။ရသေသု၊ ရသာရုံတို့ကြောင့် လည်း ကောင်း။ ဖဿေသု စ၊ ဖောဋ္ဌဗ္ဗာရုံတို့ကြောင့်လည်းကောင်း။ဥပ္ပဇ္ဇနက- အနတ္ထတော၊ ဖြစ်လတ္တံ့သောအကျိုးမဲ့မှ။ ဣန္ဒြိယံ၊ စက္ခုစသော ဣန္ဒြေကို။ ရက္ခ၊ စောင့်ရှောက်လော့။ ဟိ၊ အကျိုးကား။ ပရဿ- ဟာရိနော၊ သူတပါး၏ဥစ္စာကို လုယက်ခိုးယူတတ်သောလူဆိုးတို့သည်။ ဂါမံ၊ တံခါးပိတ်ထားသောရွာကို။ န ဟနန္တိ ဣဝ၊ မလုယက်မနှိပ်စက် နိုင်ကုန်သကဲ့သို့။ ပိဟိတာ၊ သတိဟူသောတံခါးရွက်ဖြင့် ပိတ်အပ်ကုန် သော။သုသံဝုတာ၊ကောင်းစွာစောင့်ရှောက်အပ်ကုန်သော။ဧတေ ဒွါရာ၊ ဤစက္ခုအစရှိသောဒွါရတို့သည်။ တံ သမင်္ဂိနံ၊ သတိတံခါးရွက်ဖြင့်ပိတ် ဆို့စောင့်ရှောက်အပ်သောထိုပုဂ္ဂိုလ်ကို။ န ဟနန္တိ၊မနှိပ်စက်နိုင်ကုန်။ (တနည်းကား) ဧတေ ရူပါဒယော၊ ထိုကိလေသာ၏အာရုံဖြစ်သော အဆင်းစသော အာရုံတို့သည်။ ပိဟိတာ ၊ သတိဟူသောတံခါးရွက်ဖြင့် ပိတ်အပ်သည်ဖြစ်၍။သုသံဝုတာ၊ ကောင်းစွာစောင့်ရှောက်အပ်သော။ ဒွါရာ၊စက္ခုစသောဒွါရကြောင့်။ တံ သမင်္ဂိနံ၊ သတိဟူသော တံခါးရွက် ဖြင့်ပိတ်ဆို့စောင့်ရှောက်သောထိုပုဂ္ဂိုလ်ကို။ န ဟနန္တိ၊ မနှိပ်စက်နိုင်ကုန်။

သုစ္ဆန္နံ အဂါရံ၊ ကောင်းစွာမိုးထားသောအိမ်ကို။ ဝုဋ္ဌိ၊ မိုးရေ မိုးပေါက်သည်။ န သမဘိဝိဇ္ဈတိ ယထာ၊ ထက်ဝန်းကျင်မှ ထိုးဖောက် မဝင်နိုင်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ သုဘာဝိတံ၊ သမာဓိ,ပညာဖြင့် ကောင်းစွာထုံစေအပ် ပွားစေအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂ သည်။ န သမတိဝိဇ္ဈတိ၊ ထိုးဖောက်ဝင်ရောက်လျက် မနှိပ်စက်နိုင်ပေ။ ဣတိ၊ ဤသို့။ ဧတံ၊ ဤဂါထာစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ပန၊ ဆက်ပါဦးအံ့။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ဒေသနာသည်။ အတိ- ဥက္ကဋ္ဌဒေသနာ၊ အလွန်အကဲအားဖြင့် ဟောထားသော ဒေသနာပေတည်း။ တေံ စိတ္တံ နာမ၊ ဤစိတ်မည်သည်ကား။ယသ္မာ၊ အကြင်ကြောင့်။ လဟုပရိဝတ္တံ၊ လျင်သောအပြန်ရှိ၏။ တသ္မာ၊ ထိုကြောင့်။ ဥပ္ပန္နံ ရာဂံ၊ ဖြစ်ပေါ်လာသော ရာဂကို။ အသုဘမနသိကာရေန၊ အသုဘဟူ၍ဝါ၊ မတင့်တယ်ဟု နှလုံးသွင်းခြင်း ဖြင့်။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရကို။

သမ္မာဒေတဗ္ဗော၊ ပြီးစီးပြည့်စုံစေအပ်၏။ (ကေန ဝိယ၊ အဘယ်ပုဂ္ဂိုလ်ကဲ့သို့ နည်းဟူမူ) အဓုနာ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်ပြီးခါစဖြစ်သော။ ဝင်္ဂီသတ္ထေရေန၊ ဝင်္ဂီသမထေရ်သည်။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရကို။ သမ္မာဒေတဗ္ဗော ဝိယ၊ ပြီးစီးပြည့်စုံစေအပ်သကဲ့သို့တည်း။ အဓုနာ ပဗ္ဗဇိတဿ၊ ရဟန်းဖြစ်ပြီးခါစဖြစ်သော။ ထေရဿ၊ အရှင်ဝင်္ဂီသမထေရ်အား။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရတော စရန္တဿ၊ ကြွစဉ်။ တနည်း၊ ပိဏ္ဍာယ စရန္တဿ၊ ဆွမ်းခံကြွစဉ်။ ဧကံ ဣတ္ထိံ ဒိသွာ၊ တယောက်သောမိန်းမကိုမြင်၍၊ ရာဂေါ ဥပ္ပဇ္ဇတိ၊ ရာဂဖြစ်လေ၏။ တတော၊ ထိုသို့ရာဂဖြစ်ပေါ်လာသောကြောင့်။ အာနန္ဒတ္ထေရံ၊ အရှင်အာနန္ဒာမထေရ်ကို –

"ကာမရာဂေန၊ ကာမရာဂဟူသောမီးသည်။ ဍယှာမိ၊ လောင်အပ်၏။ မေ စိတ္တံ၊ အကျွန်ုပ်၏စိတ်ကို။ ပရိဍယှတိ၊ လောင်အပ်၏။ သာဓု၊ တောင်းပန်ပါ၏။ မံ၊ အကျွန်ုပ်ကို(လည်း)။အနုကမ္ပာယ၊ သနားသဖြင့်။ နိဗ္ဗာပနံ၊ ရာဂမီးငြိမ်းအေးကြောင်း နည်းလမ်းကောင်းကို။ ဗြူဟိ၊ ဟောတော်မူပါလော့၊ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်လေ၏။

ဂေါတမ၊ ဂေါတမအနွယ်ဖြစ်သော အရှင်အာနန္ဒာ။အဟံ၊အကျွန်ုပ်

ထေရော၊ အရှင်အာနန္ဒာမထေရ်သည်—

အာဝုသော၊ ငါ့ရှင်ဝင်္ဂီသ။ သညာယ၊ အမှတ်သညာ၏။ ဝိပရိယေသာ၊ အသုဘ၌ သုဘဟုဖောက်ပြန်ခြင်းကြောင့်။ တေ၊ သင်၏။ စိတ္တံ၊ စိတ်ကို၊ ပရိဍယှတိ၊ ရာဂမီးပြင်းစွာလောင်အပ်ချေ၏။ ရာဂူပသဉှိတံ၊ ရာဂဖြစ်ခြင်း၏ အကြောင်းဖြစ်သော။ သုဘနိမိတ္တံ၊ တင့်တယ်ဟန်ဆောင်သော သုဘနိမိတ်ကို။ ပရိဝဇ္ဇေဟိ၊ ကြဉ်ရှောင်ဘိလော့။ အသုဘာယ၊ အသုဘဘာဝနာဖြင့်။ ဧကဂ္ဂံ၊ စိတ်ကို။ ဘာဝေဟိ၊ ပွားစေပါလော့။ (တနည်း) ဧကဂ္ဂံ၊ တခုတည်းသော အာရုံရှိသျှက်။ သုသမာဟိတံ၊ ကောင်းစွာတည်ဘိအောင်။ အသုဘာယ၊ အသုဘဘာဝနာဖြင့်။ စိတ္တံ၊ စိတ်ကို။ ဘာဝေဟိ၊ ပွားစေပါလော့။

သင်္ခါရေ၊ သင်္ခါရတရားတို့ကို၊ ပရတော၊ သူစိမ်းပြင်ပဟူ၍။ ပဿ၊ ရှုလော့။ ဒုက္ခတော၊ ဒုက္ခဟူ၍။ ပဿ၊ ရှုလော့။ နော အတ္တတော၊ အတ္တမဟုတ်ဟူ၍လည်း။ ပဿ၊ ရှုလော့။ မဟာရာဂံ၊ ကြီးစွာသောရာဂမီးကို။ နိဗ္ဗာပေဟိ၊ ငြိမ်းစေလော့။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ မာ ဍယှိတ္ထော၊ တိုက်ခိုက်၍မလောင်စေလင့်၊ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။ တေရာဂံ ယထာ၊ ယခုပူလောင်သကဲ့သို့။ ဧဝံ၊ ဤအတူ။

ထေရော၊ အရှင်ဝင်္ဂီသမထေရ်သည်။ ရာဂံ ဝိနောဒေတွာ၊ ရာဂကိုပယ်ဖျောက်ပြီးလျှင်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရိ၊ ကြွသွားမှုလေ၏၊ ပိဏ္ဍာယ စရိ၊

ဆွမ်းခံကြွတော်မူလေ၏။ အပိ စ၊ တနည်းသော်ကား။ ဣန္ဒြိယသံဝရပူရကေန ဘိက္ခုနာ၊ ဣန္ဒြိယသံဝရသီလကို ဖြည့်လိုသောရဟန်းသည်။ ကုရဏ္ဍကမဟာလေဏဝါသိနာ၊ ကုရဏ္ဍကလိုဏ်ကြီး၌ သီတင်းသုံးနေသော။ စိတ္တဂုတ္တတ္ထေရေန ဝိယ စ၊ စိတ္တဂုတ္တမထေရ်ကဲ့သို့လည်းကောင်း။ စောရကမဟာဝိဟာရဝါသိနာ၊ စောရကကျောင်းတိုက်ကြီး၌ သီတင်းသုံးနေသော။ မဟာမိတ္တတ္ထေရေန ဝိယ စ၊ မဟာမိတ္တမထေရ်ကဲ့သို့လည်းကောင်း။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်ပေ၏။ ကိရ၊ တဆင့်ကြားဖူးသည်မှာ၊ ကုရဏ္ဍကမဟာလေဏေ၊ ကုရဏ္ဍကလိုဏ်ကြီး၌။ သတ္တန္နံ ဗုဒ္ဓါနံ၊ ဝိပဿီစသော ခုနစ်ဆူကုန်သော မြတ်စွာဘုရားတို့၏။ အဘိနိက္ခမနစိတ္တကမ္မံ၊ တောထွက်ခန်းပန်းချီကားသည်။ မနောရမံ၊ ကြည့်ရှုသူတို့နှလုံးမွေ့လျော်ဘွယ် ရှိသည်။ အဟောသိ ကိရ၊ ဖြစ်သတတ်။ သမ္ဗဟုလာ ဘိက္ခူ၊ များစွာသော ရဟန်းတို့သည်။ သေနာသနစာရိကံ အာဟိဏ္ဍန္တာ၊ ကျောင်းစဉ်လှည့်၍ ကြည့်ကုန်လတ်သော်။ တတ္ထ၊ ထိုလိုဏ်ကြီး၌ (ထည့်)။စိတ္တကမ္မံ ဒိသွာ၊ပန်းချီဆေးရေးကိုမြင်၍။ (၃၇) ဘန္တေ၊အရှင်ဘုရား။ စိတ္တကမ္မံ၊ ပန်းချီဆေးရေးကားသည်။ မနောရမန္တိ၊နှလုံးမွေ့ လျော်ဖွယ်ရှိပေ၏ဟု။အာဟံသု၊လျှောက်ကုန်၏။ထေရော၊ စိတ္တဂုတ္တမထေရ်သည်။ "အာဝုသော၊ ငါ့ရှင်တို့။ လေဏေ၊ ဤလိုဏ်၌။ မေ၊ ငါသည်။ ဝသန္တဿ၊ နေစဉ်။ တနည်း။ မေ ဝသန္တဿ၊ငါနေစဉ်မှာ။ အတိရေကသဋ္ဌိဝဿာနိ၊ဝါခြောက်ဆယ်ကျော်လွန်လေကုန်ပြီ။ စိတ္တကမ္မံ၊ ပန်းချီဆေးရေးကားသည်။ အတ္ထီတိပိ၊ ရှိ၏ဟူ၍လည်းကောင်း။ နတ္ထီတိပိ၊ မရှိဟူ၍လည်းကောင်း။န ဇာနာမိ၊ ငါမသိပေ။ အဇ္ဇ၊ယနေ့။ ဒါနိ၊ ယခုမူကား။စက္ခုမန္တေ နိဿာယ၊ မျက်စိကောင်းသော ငါ့ရှင်တို့ကို မှီ၍။ ဉာတန္တိ၊ သိရပေသည်"ဟု။ အာဟ၊ မိန့်ဆိုလေပြီ။ ထေရေန၊ စိတ္တဂုတ္တမထေရ်သည်၊ တွေကံ အဒ္ဓါ၊ ဤမျှဝါခြောက်ဆယ်ကျော်ကာလပတ်လုံး။ ဝသန္တေန၊ နေပါလျက်။ စက္ခုံ ဥမ္မီလေတွာ၊ မျက်စိကိုဖွင့်၍။ လေဏံ န ဥလ္လောကိတပုဗ္ဗံ၊ လိုဏ်ကို မော်မကြည့်ဘူးသတတ်။ အဿ ထေရဿ၊ ထိုမထေရ်၏။ လေဏဒွါရေ စ၊ လိုဏ်ဝ၌လည်း။ မဟာနာဂရုက္ခော ပိ၊ ကံ့ကော်ပင်ကြီးသည်လည်း။ အဟောသိ ကိရ၊ ရှိသတတ်။ သောပိ၊ ထိုကံ့ကော်ပင်ကြီးကိုလည်း။ ထေရေန၊ စိတ္တဂုတ္တမထေရ်သည်။ ဥဒ္ဓံ န ဥလ္လောကိတပုဗ္ဗော ကိရ၊ မော်၍ မကြည့်ဘူးသတတ်။ အနုသံဝစ္ဆရံ၊နှစ်စဉ်နှစ်တိုင်း။ ဘူမိယံ၊မြေပြင်၌။ ကေသရနိပါတံ ဒိသွာဝ၊ ကြွေကျသော ပန်းဝတ်ဆံကို မြင်မှသာလျှင်။ အဿ၊ ထိုကံ့ကော်ပင်၏။ ပုပ္ဖိတဘာဝံ၊ ပွင့်သည့်အဖြစ်ကို။ ဇာနာတိ၊ သိသတတ်။

ရာဇာ၊ (ကာကဝဏ္ဏတိဿ) မင်းသည်။ တဿ ထေရဿ၊ ထိုမထေရ်၏။ ဂုဏသမ္ပတ္တိံ သုတွာ၊ဂုဏ်ကျေးဇူးတို့နှင့်ပြည့်စုံပုံကိုကြားသိရ၍။ဝန္ဒိတုကာမော၊ ဖူးမြော်ကန်တော့လိုသောကြောင့်။ ဖူးမြော်ကန်တော့လိုရကား။ တိက္ခတ္တုံ

ပေသေတွာ။ သုံးကြိမ်တိုင်တိုင် ပင့်စေသော်လည်း။ ထေရေ အနာဂစ္ဆန္တေ၊ မထေရ်မကြွလာလတ်သော်။ တသ္မိံ ဂါမေ၊ ထိုရွာ၌။ တရုဏပုတ္တာနံ ဣတ္ထီနံ၊ နို့စို့အရွယ်သားငယ်ရှိကုန်သော မိန်းမတို့၏။ထနေ၊ သားမြတ်တို့ကို။ ဗန္ဓာပေ-တွာ၊ ရင်လွှမ်းဖြင့် ဖွဲ့စည်းစေ၍။ လဍ္ဍာပေသိ၊ မင်း၏တံဆိပ်ခပ်စေ၏။ "ယာဝ၊ အကြင်မျှလောက်ကာလပတ်လုံး။ ထေရော၊ စိတ္တဂုတ္တမထေရ်သည်။ န အာ-ဂစ္ဆတိ၊ နန်းတော်သို့ မကြွလာသေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ ဒါရကာ၊ သူငယ်တို့သည်။ ထညံ မာ လဘိံသု၊ နို့ရည်ကို စို့ခွင့်မရစေကုန်သတည်း။ ဝါ၊ ထညံ မာ လဘိံသု၊ နို့စို့ခွင့်မရစေကုန်သတည်း။ ဣတိ၊ ဤသို့။လဍ္ဍာပေသိ၊ အမိန့်တော်ပြန်၍ မင်းတံဆိပ်ခတ်စေ၏။ ထေရော၊စိတ္တဂုတ္တမထေရ်သည်။ ဒါရကာနံ အနုကမ္ပာယ၊ သူငယ်တို့အား သနားတော်မူသဖြင့်။ မဟာဂါမံ အဂမာသိ၊ မဟာဂါမသို့ ကြွတော်မူလေ၏။ ရာဇာ၊ ကာကဝဏ္ဏ-တိဿမင်းသည်။ သုတွာ၊မထေရ်ကြွလာကြောင်း ကြားရ၍။ "ဘဏေ၊ အချင်း အမတ်တို့။ ဂစ္ဆထ၊ သွားချေကုန်။ ထေရံ၊ မထေရ်ကို။ ပဝေသေထ၊ နန်းတွင်းသို့ ပင့်ခဲ့ကြကုန်လော့။ သီလာနိ ဂဏှိဿာမာတိ၊ သီလတို့ကို ခံယူကုန်အံ့"ဟု။ အန္တေပုရံ အဘိဟရာပေတွာ၊ နန်းတော်တွင်းသို့ပင့်ဆောင်စေပြီးလျှင်။ဝန္ဒိတွာ၊ ရှိခိုးကန်တော့၍။ ဘောဇေတွာ၊ဆွမ်းကျွေးပြီးလျှင်။ "ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ ဩကာသော၊ သီလဆောက်တည်ခွင့်သည်။ နတ္ထိ၊ မရှိသေးပါ။ သွေ၊နက်ဖြန်။ သီလာနိ ဂဏှိဿာမိတိ၊ သီလတို့ကို ဆောက်တည်ပါကုန်အံ့ဟု"။ ဝတွာ၊ လျှောက်ထား၍ (ထည့်)။ ထေရဿ ပတ္တံ ဂဟေတွာ၊မထေရ်၏သပိတ်ကို ယူကာ။ ထောကံ အနုဂန္တွာ၊ အနည်းငယ်လိုက်ပို့ပြီးလျှင်။ ဒေဝိယာ သဒ္ဓိံ၊ မိဖုရားနှင့်တကွ။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိဝတ္တိ၊ပြန်ခဲ့လေ၏။ ထေရော၊ စိတ္တဂုတ္တ မထေရ်သည်။ ရာဇာ ဝါ ဝန္ဒတု၊ မင်းကြီးက ရှိခိုးသည်ဖြစ်စေ။ဒေဝီ ဝါ ဝန္ဒတု၊ မိဖုရားက ရှိခိုးသည်ဖြစ်စေ။ သုခီ ဟောတု မဟာရာဇာတိ၊ မြတ်သောမင်းကြီး ချမ်းသာပါစေဟု။ ဝဒတိ၊ မိန့်ဆိုဆုပေးတော်မူလေ၏။ ဧဝံ၊ဤနည်းဖြင့်။သတ္တ-ဒိဝသာ၊ ခုနစ်ရက်တို့သည်။ ဂတာ၊ လွန်လေကုန်၏။ ဘိက္ခူ၊ ရဟန်းတော်တို့ သည်။ဘန္တေ၊အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ ရညောပိ ဝန္ဒမာနေ၊ မင်းကရှိခိုးသည်ဖြစ်စေ။ ဝါ၊ မင်းကရှိခိုးသော်လည်းကောင်း။ ဒေဝိယာပိ ဝန္ဒမာနာယ၊ မိဖုရားက ရှိခိုးသည်ဖြစ်စေ။ ဝါ၊ မိဖုရားက ရှိခိုးသော်လည်း ကောင်း။ သုခီ ဟောတု မဟာရာဇဣစ္စေဝ၊ မင်းကြီးချမ်းသာပါစေဟူ၍သာ လျှင်။ ကိံ ဝဒထာတိ၊ အဘယ့်ကြောင့်ဆိုတော်မူပါကုန်သနည်း အရှင်ဘုရား ဟု။ အာဟံသု၊ မေးလျှောက်ကြကုန်၏။ ထေရော၊ စိတ္တဂုတ္တမထေရ်သည်။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ရာဇာတိ ဝါ၊ မင်းဟူ၍လည်းကောင်း။ ဒေဝီတိ ဝါ၊ မိဖုရားဟူ၍လည်းကောင်း။ ဝဝတ္ထာနံ၊ ခွဲခြားခြင်းကို။ န ကရော-မီတိ၊မပြုဟု။ ဝတွာ၊ဆို၍။ သတ္တာဟာတိက္ကမေန၊ ခုနစ်ရက်လွန်လတ်သော်။

ထေရဿ၊မထေရ်၏။ ဣဓ၊ ဤမဟာဂါမ်၌။ ဝါသော၊ သီတင်းသုံးရခြင်းသည်။ ဣဓ ဝါသော၊ ဤမဟာဂါမ၌ သီတင်းသုံးရခြင်းသည်၊ ဒုက္ကရောတိ၊ ဆင်းရဲပေသည်ဟု နှလုံးသွင်း၍။ ရညာ ဝိဿဇ္ဇိတော၊ မင်းက လွှတ်အပ်သည်ဖြစ်၍။ ကုရုဏ္ဍကမဟာလေဏံ ဂန္တွာ၊ ကုရုဏ္ဍကလိုဏ်ကြီးသို့ ပြန်ကြွပြီးလျှင်။ ရတ္တိဘာဂေ၊ ညဥ့်အဘို့၌။ စင်္ကမံ အာရုဟိ၊ စင်္ကြံသို့ တက်တော်မူလေ၏။ နာဂရုက္ခေ၊ ကံ့ကော်ပင်၌။ အဓိဝတ္ထာ ဒေဝတာ၊ အုပ်စိုး၍နေသောနတ်သည်။ တနည်း။ နာဂရုက္ခေ အဓိဝတ္ထာ ဒေဝတာ၊ ကံ့ကော်ပင်စောင့်နတ်သည်။ ဒဏ္ဍဒီပိကံ ဂဟေတွာ၊ မီးရှူးကိုကိုင်၍။ အဋ္ဌာသိ၊ ရပ်တည်လာ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုစိတ္တဂုတ္တမထေရ်အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ အတိ ပရိသုဒ္ဓံ၊ အလွန် သန့်ရှင်း စင်ကြယ်သည့်ဖြစ်၍။ ပါကဋံ ဟောတိ၊ ထင်ပေါ်လာလေ၏။ ထေရော၊ စိတ္တဂုတ္တမထေရ်သည်။ ကိံ၊ အဘယ့်ကြောင့်နည်း။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ့အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ အတိဝိယ ပကာသတီတိ၊ အလွန်လျှင် ထင်ပေါ်သည်မဟုတ်ခလောဟု ဆင်ခြင်လျက်။ အတ္တမနော၊ ဝမ်းမြောက်သည့်ဖြစ်၍။ မဇ္ဈိမယာမသမနန္တရံ၊ သန်းခေါင်ယံ၏ အခြားမဲ့၌။ သကလ ပဗ္ဗတံ၊ တတောင်လုံးကို။ ဥန္နာဒယန္တော၊ တခဲနက် မြည်ဟည်းစေလျက်။ အရဟတ္တံ ပါပုဏိ၊ အရဟတ္တဖိုလ်သို့ရောက်တော်မူလေ၏။ တသ္မာ၊ ထို့ကြောင့်။ အညောပိ၊ တပါးသော။ အတ္တတ္ထကာမော၊ မိမိအကျိုးစီးပွားကို အလိုရှိသော။ ကုလပုတ္တောပိ၊ အမျိုးကောင်းသားသည်လည်း–

အရညမ္ပိ၊ တောကြီး၌။မက္ကဋောဝ ဣဓ၊ မျောက်ကဲ့သို့လည်းကောင်း။ ဝနေ၊တော၌။ ဘန္တမိဂေါ ဝိယ စ၊ မရပ်မတည် လှည့်လည် တုန်လှုပ်နေသော သမင်ကဲ့သို့လည်းကောင်း။ ဥတြဿော ဝိယ၊ မိဘဆွေမျိုး အားကိုးရမည့်သူကင်း၍ ကြောက်လန့်နေသော။ ဗာလော ဝိယ စ၊ ကလေးသူငယ်ကဲ့သို့လည်းကောင်း။ လောလလောစနော၊ ထိုထိုဤဤ လှည့်လည်ရှုမျှော် လျှပ်ပေါ်သော မျက်စိရှိသည်။နှ ဘဝေ၊မဖြစ်ရာ။

စက္ခုန္ဒ်ိ၊မျက်စိတို့ကို။ အဓော၊အောက်သို့။ ခိပေယျ၊ ချရာ၏။ ယုဂမတ္တဒဿော၊ ရထားထမ်းပိုး တပြန်မျှသာ ကြည့်လေ့ရှိသည်။သိယာ၊ ဖြစ်ရာ၏။ နေ့မက္ကဋလောလဿ၊ တောမျောက်တူလျော် လျှပ်ပေါ် တုန်လှုပ်သော။ စိတ္တဿ၊ စိတ်၏။ ဝသံ၊ အလိုနိုင်ငံသို့။ နု ဝဇေ၊ မလိုက်ရာ။

(၃၀) မဟာမိတ္တထေရဿာပိ၊မဟာမိတ္တ မထေရ်၏လည်း။ မာတု၊မယ်တော်အား။ ဝိသဂဏ္ဍကရောဂေါ၊ ဝိသဂဏ္ဍခေါ် ဆိပ်အိုင်းနာသည်။ ဝါ၊ နို့အိုင်းနာသည်။ ဥပ္ပဇ္ဇတိ၊ပေါက်လေ၏။ အဿာ၊ ထိုဥပါသိကာမကြီး၏။ ဓီတာပိ၊ သမီး

သည်လည်း။ ဘိက္ခုနီသု၊ ဘိက္ခုနီတို့၌။ ပဗ္ဗဇိတာ ဟောတိ၊ရဟန်းပြုလျက်ရှိ၏။
သာ၊ ထိုမိခင် ဥပါသိကာမကြီးသည်။ တံ၊ ထိုသမီးဘိက္ခုနီမကို။ “အယျေ၊
ရှင်မ။ ဂစ္ဆ၊ သွားပါချေ။ ဘာတု သန္တိကံ ဂန္တွာ၊ သင့်မောင်တော်ထံသွား၍။
မမ အဖာသုကဘာဝံ အာရောစေတွာ၊ ငါ၏ မကျန်းမမာခြင်းကို ပြောကြား၍။
ဘေသဇ္ဇံ အာဟရာတိ၊ ဆေးကို တောင်းယူခဲ့ပါလော”ဟု။အာဟ၊ ပြောဆို၏။
သာ၊ ထိုသမီးဘိက္ခုနီမသည်။ဂန္တွာ၊သွား၍။အာရောစေသိ၊ လျှောက်ကြား၏။
ထေရော၊မဟာမိတ္တမထေရ်သည်။ “အဟံ၊ ငါကား။ မူလဘေသဇ္ဇာဒီနိ သံဟ-
ရိတွာ၊ ဆေးမြစ်စသည်တို့ကို စု၍။ ဘေသဇ္ဇံ ပစိတုံ န ဇာနာမိ၊ ဆေးကို ကျို
ချက်ရန် နားမလည်ပေ။ အပိ စ၊ သို့သော်လည်း။ တေ၊ သင့်အား။ ဘေသဇ္ဇံ
အာစိက္ခိဿံ၊ ဆေးကို ပြောကြားလိုက်ပေအံ့။ “အဟံ၊ ငါသည်။ ယတော၊
အကြင်အခါ၌။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ တတော ပဗ္ဗဇိတတော၊ ထိုရဟန်း
ပြုပြီးသည်မှ။ ပဋ္ဌာယ၊ စ၍။ တနည်း။တတော ပဋ္ဌာယ၊ ထိုရဟန်းပြုပြီးသည်မှ
စ၍။ မယာ၊ ငါသည်။ လောဘသဟဂတေန၊ လောဘနှင့်တကွဖြစ်သော။
စိတ္တေန၊စိတ်ဖြင့်။ ဣန္ဒြိယာနိ ဘိန္ဒိတွာ၊ ဧကြွစသော ဣန္ဒြေတို့ကို ဖျက်၍။
ဝိသဘာဂရူပံ၊ မာတုဂါမ၏ အဆင်းကို။ န ဩလောကိတပုဗ္ဗံ၊မကြည့်စဘူးပေ။
ဣမိနာ သစ္စဝစနေန၊ ဤမှန်ကန်သော သစ္စာစကားကြောင့်။ မေ မာတုယာ၊
ငါ၏ မယ်တော်အား။ ဖာသု ဟောတိ၊ ချမ်းသာခြင်းဖြစ်ပါစေသတည်း။ တံ၊
သင်သည်။ (ထည့်) ဂစ္ဆ၊သွားလော။ ဣဒံ သစ္စဝစနံ၊ ဤသစ္စာစကားကို။
ဝတွာ၊ ဆို၍။ တနည်း။ ဣဒံ ဝတွာ၊ ဤသစ္စာစကားကိုဆို၍။ ဥပါသိကာယ-
သရီရံ၊ ဥပါသိကာမကြီး၏ကိုယ်ကို။ ပရိမဇ္ဇ၊ သုံးသပ်လေလော့။ ဣတိ၊ဤသို့။
အာဟ၊ ပြောလိုက်၏။ သာ၊ထိုနှမတော် ဘိက္ခုနီမသည်။ ဂန္တွာ၊ မိခင်ထံသို့
သွား၍။ ဣမမတ္ထံ အာရောစေတွာ၊ ဤအကြောင်းကို ပြောကြားပြီးလျှင်။
တထာ၊ ထိုမောင်တော်မထေရ် မိန့်မှာလိုက်သည့်အတိုင်း။ အကာသိ၊ သစ္စာပြု
လေ၏။ ဥပါသိကာယ၊ မယ်တော် ဥပါသိကာမကြီး၏။ ဂဏ္ဍော၊ အိုင်းအနာ
သည်။ တံ ခဏံယေဝ၊ ထိုခဏ၌ပင်လျှင်။ ဖေဏပိဏ္ဍော ဝိယ၊ ရေမြှုပ်စိုင်ကဲ့
သို့။ ဝိလီယိတွာ အန္တရဓာယိ၊ ကျေ၍ပျောက်လေ၏။ သာ၊ ထိုမယ်တော်
ဥပါသိကာမကြီးသည်။ ဥဋ္ဌဟိတွာ၊ အိပ်ရာမှထ၍။ “သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာ
ဘုရားသည်။ သစေ ဓရေယျ၊ အကယ်၍ သက်တော်ထင်ရှားရှိငြားအံ့။ မမ
ပုတ္တသဒိသဿ ဘိက္ခုနော၊ ငါ့သားနှင့်တူသော ရဟန်းကောင်း၏။ သီသံ၊
ဦးခေါင်းကို။ ဇာလဝိစိတြေန ဟတ္ထေန၊ ကွန်ရက်ဇာ လက္ခဏာဖြင့်ဆန်းကြယ်
သော ရွှေလက်တော်ဖြင့်၊ ကသ္မာ၊ အဘယ်ကြောင့်။ န ပရာမသေယျ၊ မသုံး
သပ်ပဲရှိအံ့နည်း။ ပရာမသေယျ ဧဝ၊ သုံးသပ်တော်မူရာသည်သာတည်း။
ဣတိ၊ ဤသို့။ အတ္တမနဝါစံ၊ ရွှင်လန်းဝမ်းမြောက်သောစကားကို။ နိစ္ဆာရေသိ၊
ကျူးရင့်မြွက်ဆိုလေ၏၊ တသ္မာ၊ ထို့ကြောင့်—

ဒါနိ၊ ယခုအခါ၌။ အညောပိ၊ မဟာမိတ္တမထေရ်မှတပါးသော၊ ကုလ-ပုတ္တော၊ အမျိုးသားသည်။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီးလျှင်။ မိတ္တထေရောဝ၊ မဟာမိတ္တမထေရ်ကဲ့သို့။ ဝရေ၊ မြတ်သော။ ဣန္ဒြိယသံဝရေ၊ ဣန္ဒြိယသံဝရ၌။ တိဋ္ဌေယျ၊ တည်ရာ၏။

ပန၊ ထိုမှတပါး။ ဣန္ဒြိယသံဝရော၊ ဣန္ဒြိယသံဝရကို၊ သတိယာ၊ အမှတ်ရမှုသတိဖြင့်။ သမ္ပာဒေတဗ္ဗော ယထာ၊ ပြီးစီးပြည့်စုံစေအပ်သကဲ့သို့။ တထာ၊ ထို့အတူ။ အာဇီဝပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိကို။ ဝီရိယေန၊ ဝီရိယဖြင့်။ သမ္မာ-ဒေတဗ္ဗာ၊ ပြီးစီးပြည့်စုံစေအပ်၏။ ဟိ၊ မှန်၏။ သာ၊ ထိုအာဇီဝပါရိသုဒ္ဓိသည်။ ဝီရိယသာဓနာ၊ ဝီရိယဟူသော ပြီးစီးကြောင်းရှိ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ၊ သမ္မာရဒ္ဓဝီရိယဿ၊ ကောင်းစွာအားထုတ်အပ်သော ဝီရိယရှိသောရဟန်းအား။ မိစ္ဆာဇီဝပ္ပဟာနသမ္ဘဝတော ၊ မိစ္ဆာဇီဝကို ပယ်ခြင်း၏ဖြစ်သင့်သောကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ အပ္ပတိရူပံ၊ သာသနာတော်အားမလျော်ကပ်သော။ အနေသနံ ပဟာယ၊ မသင့်သောရှာမှီးခြင်းကိုပယ်၍။ ဝီရိယေန၊ ဝီရိယဖြင့်။ ပိဏ္ဍပါတစရိယာဒီဟိ၊ ဆွမ်းခံအကျင့် အစရှိကုန်သော။ သမ္မာသေနာဟိ၊သင့်လျော်သော ရှာမှီးခြင်းတို့ဖြင့်။ပရိသုဒ္ဓုပ္ပါဒေယော ပစ္စယေ၊ စင်ကြယ်စွာသာလျှင်ဖြစ်ကုန်သော ပစ္စည်းတို့ကို၊ ပဋိသေဝမာနေန၊ မှီဝဲသုံးဆောင်သည်ဖြစ်၍။ အပရိသုဒ္ဓုပ္ပါဒေ ပစ္စယေ၊ မစင်မကြယ်ဖြစ်ကုန်သော ပစ္စည်းတို့ကို။ (ပစ္စယေပုဒ် လိုက်)။ အာသီဝိသေ ဝိယ၊ အဆိပ်ပြင်းသောမြွေဆိုးတို့ကဲ့သို့။ ပရိဝဇ္ဇယတာ·ပရိဝဇ္ဇ သန္တေန၊ ရှောင်ကြဉ်သဖြင့်။ ဝါ၊ ရှောင်ကြဉ်သောရဟန်းသည်။ သော၊ ဤအာဇီဝပါရိသုဒ္ဓိသီလကို။ သမ္မာဒေတဗ္ဗာ၊ ပြီးစီးပြည့်စုံစေအပ်၏။ တတ္ထ၊ထိုစင်ကြယ်စွာဖြစ်သောပစ္စည်း မစင်ကြယ်စွာဖြစ်သောပစ္စည်းတို့တွင်။ အပရိဂ္ဂဟိတဓုတင်္ဂဿ၊ ဓုတင်မဆောင်သော ရဟန်းအား။ သံဃ-တော၊ သံဃာမှလည်းကောင်း။ ဂဏတော၊ ဂိုဏ်းမှလည်းကောင်း၊ (ဥပ္ပန္နာ၌စပ်)။ အဿ၊ ထိုရဟန်း၏။ ဓမ္မဒေသနာဒီဟိ ဂုဏေဟိ၊ တရားဟောခြင်းအစရှိသော ဂုဏ်တို့ကြောင့်။ ပသန္နာနံ ဂိဟီနံ သန္တိကာ၊ ကြည်ညိုကုန်သောလူတို့၏အထံမှလည်းကောင်း။ ဥပ္ပန္နာ ပစ္စယာ၊ ဖြစ်ကုန်သောပစ္စည်းတို့သည်။ ပရိသုဒ္ဓု-ပ္ပါဒါ နာမ၊ စင်ကြယ်စွာဖြစ်သော ပစ္စည်းတို့မည်ကုန်၏။ ပန၊ အထူးကား။ ပိဏ္ဍပါတစရိယာဒီဟိ၊ ဆွမ်းခံခြင်းစသည်တို့ဖြင့်။ ဥပ္ပန္နာ၊ ဖြစ်ပေါ်ကုန်သောပစ္စည်းတို့သည်။ အတိပရိသုဒ္ဓုပ္ပါဒေယဝ၊ အလွန်စင်ကြယ်စွာ ဖြစ်ကုန်သောပစ္စည်းတို့မည်ကုန်သည်သာတည်း၊ ပရိဂ္ဂဟိတဓုတင်္ဂဿ ဓုတင်ဆောင်သောရဟန်းအားမူကား။ ပိဏ္ဍပါတစရိယာဒီဟိ စ၊ ဆွမ်းခံခြင်းစသည်တို့ဖြင့်လည်းကောင်း။ အဿ၊ ထိုဓုတင်ဆောင်သောရဟန်း၏။ ဓုတဂုဏေ၊ ဓုတင်ဂုဏ်ကျေးဇူး၌။ ပသန္နာနံ သန္တိကာ၊ ကြည်ညိုကုန်သော သူတို့၏အထံမှ။ ဓုတင်္ဂနိယ-

မာနုလောမေန၊ သတ်မှတ်အပ်သောအကျင့်အား လျော်သဖြင့်လည်းကောင်း။ ဥပ္ပန္နာ၊ ဖြစ်သော ပစ္စည်းတို့သည်။ ပရိသုဒ္ဓုပ္ပါဒါ နာမ၊ စင်ကြယ်စွာဖြစ်သော ပစ္စည်းတို့မည်ကုန်၏။ စ၊ အထူးကား။ အဿ၊ ထိုဓုတင်ဆောင်ရဟန်းအား။ ကေဗျာဓိတူပသမတ္ထံ၊ တခုသောအနာရောဂါကို ငြိမ်းစေခြင်းအကျိုးငှာ။ ပူတိဟရီတကီ စတုမဓုရေသု၊ နွားကျင်ငယ်ရေဖြင့် ထုံအပ်သော ဖန်ခါးသီးနှင့် စတုမဓုဆေးတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ပေါ်ကုန်လတ်သော်။ စတုမဓုရံ၊ စတုမဓုဆေးကို။ အညေပိ သဗြဟ္မစာရိနော၊ အခြားသီတင်းသုံးဖော်တို့သည်။ ပရိဘုဉ္ဇိဿန္တိတိ၊ သုံးဆောင်ကုန်လတ္တံ့ဟု။ စိန္တေတွာ၊ နှလုံးသွင်းကြံစည်၍။ ဟရီဋကီခဏ္ဍမေဝ၊ ဖန်ခါးသီးအပိုင်းကိုသာလျှင်။ ပရိဘုဉ္ဇမာနဿ၊ သုံးဆောင်လျက်။ ဓုတင်္ဂသမာဒါနံ၊ ဓုတင်ကိုသုံးဆောင်ခြင်းသည်။ ပတိရူပံ ဟောတိ၊ သင့်လျော်လျောက်ပတ်ပေ၏။ ဟိ၊ မှန်၏။ သော ဘိက္ခု၊ ဤသို့သော ဓုတင်ဆောင်ရဟန်းကို။ ဥတ္တမအရိယဝံသိကောတိ၊ အရိယာအနွယ်ရှိသော ပုဂ္ဂိုလ်မြတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ပန၊ ထိုမှတပါးကား။ စီဝရာဒယော၊ သင်္ကန်းအစရှိကုန်သော။ ယေ တေ ပစ္စယာ၊ အကြင်ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုသင်္ကန်းအစရှိကုန်သော ပစ္စည်းတို့တွင်။ ယဿ ကဿစိ၊ ဓုတင်ဆောင်မဆောင် အမှတ်မရှိ တပါးပါးသော။ အာဇီဝံ၊ အသက်မွေးမှုကို။ (၃၉)ပရိသောဓေန္တဿ ဘိက္ခုနော၊ စင်ကြယ်စေလိုသောရဟန်းအား။ စီဝရေ စ၊ သင်္ကန်း၌လည်းကောင်း။ ပိဏ္ဍပါတေ စ၊ ဆွမ်း၌လည်းကောင်း။ နိမိတ္တောဘာသပရိကထာဝိညတ္တိယော၊ နိမိတ် ဩဘာသ ပရိကထာ ဝိညတ်တို့သည်။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။ သေနာသနေ ပန၊ ကျောင်း၌မူကား။ အပရိဂ္ဂဟိတဓုတင်္ဂဿ၊ ဓုတင် မဆောင်သော ရဟန်းအား။ နိမိတ္တောဘာသပရိကထာ၊ နိမိတ် ဩဘာသ ပရိကထာတို့သည်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ တတ္ထ၊ ထိုနိမိတ်စသည်တို့တွင်။ သေနာသနတ္ထံ၊ ကျောင်းအလို့ငှာ။ ဘူမိပရိကမ္မာဒီနိ၊ မြေပြင်ကို သုတ်သင်ခြင်းအစရှိသည်တို့ကို။ ကရောန္တဿ၊ ပြုသောရဟန်းအား။ ဘန္တေ၊ အရှင်ဘုရား။ ကိံ ကရိယတိ၊ အဘယ်အမှုကို ပြုပါသနည်း။ ကော ကာရာပေတီတိ၊ အဘယ်သူက ပြုစေသနည်းဟု၊ ဂိဟီဟိ ဝုတ္တေ၊ လူဘို့ကမေးလတ်သော်။ န ကောစီတိ၊ တစုံတယောက်ကမျှ မပြုစေပါဟု။ ပဋိဝစနံ၊ ပြန်ကြားခြင်းသည်။ နိမိတ္တံ နာမ၊ အလိုကို သိစေသောနိမိတ်မည်၏။ အညံ၊ အခြားတပါးသော။ ယံ ဝါ ပန၊ အကြင်အမှတ်ရှိစေသော။ ဧဝရူပံပိ၊ ဤသို့သဘောရှိသည်လည်းဖြစ်သော။ နိမိတ္တကမ္မံ၊ အလိုကိုသိစေကြောင်း နိမိတ်တခုခုကိုပြုခြင်းသည်။ နိမိတ္တံ နာမ၊ နိမိတ္တမည်၏၊ ဥပါသကာ၊ ဥပါသကာတို့။ တုမှေ၊ သင်တို့သည်။ ကုဟိံ ဝသထာတိ၊ ဘယ်၌နေကုန်သနည်းဟု။ ပုစ္ဆိတွာ၊ မေးပြီးလျှင်။ ဘန္တေ၊ အရှင်ဘုရားတို့။ ပါသာဒေ၊ ပြာသာဒ်၌။ ဝသာမာတိ၊ နေပါကုန်၏ဟု။ ဝုတ္တေ၊ ဆိုလတ်သော်၊ ဥပါသကာ၊ ဥပါသကာတို့။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ပါသာဒေါ၊

ပြုသာဒ်သည်။ န ဝဋ္ဋတီတိ၊ နေရန်မအပ်သလောဟု။ ဝစနံ၊ ပြောဆိုခြင်းသည်။ ဩဘာသော နာမ၊ အရိပ်အရောင်ပြသော ဩဘာသမည်၏။ အညံ၊ အခြားတပါးသော။ ယံ ဝါ ပန၊ အကြင်အမှတ်မရှိသော။ ဝေရူပံပိ၊ ဤသို့သော သဘောရှိသည်လည်းဖြစ်သော။ ဩဘာသကမ္မံ၊ အရိပ်အရောင်ပြုခြင်းအမှုတခုခုကိုပြုခြင်းသည်။ ဩဘာသော နာမ၊ အရိပ်အရောင်ပြသော ဩဘာသမည်၏။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ သေနာသနံ၊ ကျောင်းသည်။ သမ္ဗာမန္တိ၊ ကျဉ်းမြောင်း၏ဟု။ ဝစနံ၊ ဆိုခြင်းသည်။ ပရိကထာ နာမ၊ ပရိယာယ်အားဖြင့်ပြောဆိုသော ပရိကထာမည်၏။ ယာ ဝါ ပန၊ အကြင်အမှတ်မရှိသော။ အညာ၊ အခြားတပါးသော။ ဧဝရူပါပိ၊ ဤသို့ သဘောရှိသည်လည်းဖြစ်သော။ ပရိယာယကထာ၊ ပရိယာယ်အားဖြင့် ဆိုခြင်းသည်၊ ပရိကထာ နာမ၊ ပရိယာယ်အားဖြင့်ပြောဆိုသော ပရိကထာမည်၏။ ဘေသဇ္ဇေ၊ ဆေးပစ္စည်း၌။ သဗ္ဗမ္ပိ၊ နိမိတ်ပြုခြင်းစသော အလုံးစုံသည်လည်း။ ဝဋ္ဋတိ၊ အပ်၏။ တထာ ဥပ္ပန္နံ၊ ထိုနိမိတ်ပြုခြင်းစသည်တို့၏ အစွမ်းအားဖြင့်ဖြစ်သော။ ဘေသဇ္ဇံ ပန၊ ဆေးကိုမူကား။ ရောဂေ ဝူပသန္တေ၊ ရောဂါပျောက်ကင်းလတ်သော်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်သလော။ န ဝဋ္ဋတီတိ၊ မအပ်သလော ဟု။ ပုစ္ဆေယျ၊ မေးငြားအံ့၊ တတ္ထ၊ ထိုအပ် မအပ်ကိုမေးမြန်းရာ၌။ ဝိနယဓရာ၊ ဝိနည်းဆောင်သော ဆရာတို့သည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဒွါရံ၊ သုံးဆောင်ခြင်း၏ အခွင့်ကို။ ဒိန္နံ၊ ပေးတော်မူအပ်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဝဋ္ဋတီတိ၊ အပ်၏ဟု။ ဝဒန္တိ၊ ဆိုကုန်၏။ သုတ္တန္တိကာ ပန၊ သုတ္တန်ဆောင်ဆရာတော်ဘို့သည်ကား။ အာပတ္တိ၊ အာပတ်သည်။ ကိဉ္စာပိ န ဟောတိ၊ အကယ်၍ကား မသင့်ပေ။ ပန တထာပိ၊ ထိုသို့အာပတ်မသင့်ငြားသော်လည်း။ အာဇီဝံ၊ ကိလေသာကို ခေါင်းပါးစေတတ်သော အာဇီဝသီလကို။ ကောပေတိ၊ ပျက်စီးစေတတ်၏။ တသ္မာ၊ ထို့ကြောင့်။ န ဝဋ္ဋတီစွေဝ၊ မအပ်ဟူ၍သာလျှင်။ ဝဒန္တိ၊ ဆိုကုန်၏။

ပန၊ အထူးကား။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတာပိ၊ ခွင့်ပြုတော်မူအပ်ကုန်သော်လည်း။ နိမိတ္တော-ဘာသပရိကထာဝိညတ္တိယော၊ နိမိတ် ဩဘာသ ပရိကထာ ဝိညတ်တို့ကို။ အက-ရောန္တော၊ မပြုမူ၍။ အပ္ပိစ္ဆတာဒိဂုဏေယေဝ၊ အလိုနည်းသည်၏အဖြစ် အစရှိသော ဂုဏ်ကျေးဇူးတို့ကိုသာလျှင်။ နိဿာယ၊ မှီ၍။ ဇီဝိတက္ခယေ၊ သေလောက်ပျောက်လောက်သော အနာသည်။ ပစ္စုပဋ္ဌိတေပိ၊ စွဲကပ်ဖြစ်လာသော်သည်း။ တနည်း။ ဇီဝိတက္ခယေ ပစ္စုပဋ္ဌိတေပိ၊ သေလောက်သော အနာ စွဲကပ်ဖြစ်ပေါ်လာသော်လည်း။ ဩဘာသာဒီဟိ၊ ဩဘာသစသည်တို့ကို အညတြ ဧဝ၊ ကြဉ်၍သာလျှင်။ ဥပ္ပန္နပစ္စယေ၊ စင်ကြယ်စွာဖြစ်သော ပစ္စည်းတို့ကို။ ပဋိသေဝတိ၊ မှီဝဲ

သုံးဆောင်၏။ သော၊ ဤရဟန်းကို။ ပရမသလ္လေခဝုတ္တိတိ၊ အလွန်ခေါင်းပါးသော အကျင့်ရှိသောရဟန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကော ဝိယ၊ အဘယ် ပုဂ္ဂိုလ်ကဲ့သို့နည်းဟူမူ။ ထေရော သာရိပုတ္တော ဣဝ ယထာပိ၊ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့တည်း။

ကိရ၊ တဆင့်စကားကြားဖူးသည်မှာ။ သော အာယသ္မန္တော၊ ထိုအရှင်သာရိပုတ္တရာသည်။ ဧကသ္မိံ သမယေ၊ အခါတပါး၌။ ပဝိဝေကံ၊ အရဟတ္တဖိုလ်သမာဓိဟူသော ပဋိပဿဒ္ဓိဝိဝေကကို။ ဗြူဟယမာနော၊ ပွားစေသည်ဖြစ်၍။ မဟာမောဂ္ဂလ္လာနတ္ထေရေန သဒ္ဓိံ၊ အရှင်မဟာမောဂ္ဂလာန်နှင့် အတူတကွ။ အညတြသ္မိံ အရညေ၊ တခုသောတော၌။ ဝိဟရတိ၊ သီတင်းသုံး နေတော်မူ၏။ အထ၊ ထိုအခါ။ ဧကသ္မိံ ဒိဝသေ၊ တနေ့သ၌။ အဿ၊ ထိုအရှင်သာရိပုတ္တရာအား။ ဥဒရဝါတာဗာဓော ဥပ္ပဇ္ဇိတွာ၊ ဝမ်းဗိုက်၌ လေနာသည်ဖြစ်ပေါ်၍။ အတိဒုက္ခံ ဇနေတိ၊ အလွန်ဆင်းရဲခြင်းကိုဖြစ်စေ၏။ မဟာမောဂ္ဂလ္လာနတ္ထေရော၊ အရှင်မဟာမောဂ္ဂလာန်မထေရ်သည်။ သာယန္ဟသမယေ၊ ညနေချမ်း၌။ တံ အာယသ္မန္တံ၊ ထိုအရှင်သာရိပုတ္တရာအား။ ဥပဋ္ဌာနံ ဂတော၊ ခစားခြင်းငှာ ကြွလတ်သော်။ ထေရံ နိပန္နံ ဒိသွာ၊ အရှင်သာရိပုတ္တရာလျောင်းနေသည်ကို တွေ့မြင်၍။ တံ ပဝတ္တိံ ပုစ္ဆိတွာ၊ ထိုလျောင်းနေခြင်း၏ အကြောင်းကို မေးပြီးလျှင်။ အာဝုသော၊ ငါ့ရှင်။ ပုဗ္ဗေ၊ ရှေးကာလ၌။ တေ၊ သင့်အား။ ကေန၊ အဘယ်ဆေးဖြင့်။ ဖာသု ဟောတိတိ၊ ချမ်းသာဖူးသနည်းဟု။ ပုစ္ဆိ၊ မေး၏။ ထေရော၊ အရှင်သာရိပုတ္တရာမထေရ်က။ အာဝုသော၊ ငါ့ရှင်။ ဂိဟိကာလေ၊ လူဖြစ်စဉ်တုန်းက။ မေ မာတာ၊ ငါ၏မယ်တော်သည်။ သပ္ပိမဓုသက္ကရာဒီဟိ ယောဇေတွာ၊ ထောပတ် ပျားသကာတို့နှင့်ရော နှော၍။ အသမ္ဘိန္နခီရပါယာသံ၊ ရေမပါသော ဃနာနို့ထမင်းကို။ အဒါသိ၊ ပေးဖူး၏။ တေန၊ ထိုနို့ထမင်းဖြင့်။ မေ၊ ငါ့အား။ ဖာသု အဟောသိတိ၊ ချမ်းသာဖူး၏ဟု။ အာဟ၊ ပြောကြား၏။ သောပိ အာယသ္မာ၊ ထိုအရှင်မောဂ္ဂလာန်သည်သည်း။ အာဝုသော၊ ငါ့ရှင်။ ဟောတု၊ ထိုသို့ဖြစ်ပါစေ။ ယဒိ ဝါ၊ ငါ့အားလည်းကောင်း။ တုယှံ ဝါ၊ သင့်အားလည်းကောင်း။ ပုညံ၊ ဘုန်းကံသည်။ သစေ အတ္ထိ၊ အကယ်၍ရှိအံ့။ တနည်း။ သစေ ပုညံ အတ္ထိ၊ ဘုန်းကံရှိငြားအံ့။ သွေ၊ နက်ဖြန်ခါ၊ အပေ့ဝ လဘိဿာမာတိ၊ နို့ဆွမ်းကိုရကောင်းပါလိမ့်မည်ဟု။ အာဟ၊ ပြောကြား၏။

နေသံ၊ ထိုမထေရ်နှစ်ပါးတို့၏။ ဣမံ ကထာသလ္လာပံ၊ အပြန်အလှန်ပြောဆိုသောဤစကားကို။ စင်္ကမနကောဋိယံ၊ စင်္ကြံဦး၌။ ရုက္ခေ၊ သစ်ပင်၌။ အဓိဝတ္ထာ ဒေဝတာ၊ နေသော ရုက္ခစိုးနတ်သည်။ သုတွာ၊ ကြားရ၍။ သွေ၊ နက်ဖြန်။ အယျဿ၊ အရှင်မြတ်အား။ ပါယာသံ ဥပ္ပါဒေဿာမိတိ၊

ဃနာနိ ဆွမ်းကို ဖြစ်စေအံ့ ဟု ကြံပြီးလျှင်။ တာဝဒေဝ၊ ထိုခဏ၌ပင်လျှင်။ ထေရဿ၊ အရှင် သာရိပုတ္တရာမထေရ်၏။ (၄၀) ဥပဋ္ဌာကကုလံ ဂန္တွာ၊ အလုပ်အကျွေးအိမ်သို့သွားရ၍။ ဇေဋ္ဌပုတ္တဿ၊ သားကြီး၏။ သရီရံ အာဝိသိတွာ၊ ကိုယ်၌ ဝင်ပူး၍။ ပီဠံ ဇနေသိ၊ နှိပ်စက်ခြင်းကို ပြု၏။ အထ၊ ထို အခါ၌။ အဿ၊ ထိုသားကြီး၏။ တိကိစ္ဆာနိမိတ္တံ၊ ကုစားလိုသောကြောင့်။ သန္နိပတိတေ ဉာတကေ၊ စည်းဝေးကုန်သော ဆွေမျိုးတို့ကို။ "ဗသ၊ နက်ဖြန်ခါ၌။ ထေရဿ၊ အရှင်သာရိပုတ္တရာမထေရ်အား။ ဧဝရူပံ နာမ ပါယာသံ၊ ဤသို့သော ဃနာနိ ဆွမ်းကို။ သစေ သတိယာ ဒေထ၊ အကယ်၍ လှူကုန်ငြားအံ့။ ဧဝံ သတိ၊ ထိုသို့ လှူလျှင်။ တံ မုဉ္စိဿာမိ ဣတိ၊ ထိုသားကြီးကို လွှတ်ပါအံ့" ဟု။ အာဟ၊ နတ်က ပြောဆိုလေ၏။ တေ၊ ထိုဆွေမျိုးတို့သည်။ "တယာ အဝုတ္တေပိ၊ သင်နတ်က မပြောသော်လည်း။ မယံ၊ ငါတို့သည်။ ထေရာနံ၊ မထေရ်တို့အား။ နိဗဒ္ဓံ၊ အမြဲမပြတ်။ ဘိက္ခံ ဒေမာတိ၊ ဆွမ်းကို လှူနေကုန်၏" ဟု။ ဝတွာ၊ ဆိုပြီးလျှင်။ ဒုတိယဒိဝသေ၊ နောက်တနေ့၌။ တထာရူပံ ပါယာသံ၊ ထိုသို့ သဘောရှိသော ဃနာနိ ဆွမ်းကို။ ပဋိယာဒယိံသု၊ စီမံကြကုန်၏။

မဟာမောဂ္ဂလ္လာနတ္ထေရော၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်။ ပါတောဝ၊ နံနက်စောစောကလျှင်။ အာဂန္တွာ၊ လာပြီးလျှင်။ "အာဝုသော၊ ငါ့ရှင် သာရိပုတ္တရာ။ ယာဝ၊ အကြင်မျှလောက်။ အဟံ၊ ငါသည်။ ဘိက္ခာယ စရိတွာ၊ ဆွမ်းခံသွား၍။ အာဂစ္ဆာမိ၊ လာအံ့။ တာဝ၊ ထိုကာလမျှလောက်။ ဣဓေဝ ဟောဟိတိ ဝတွာ၊ ဤအရပ်၌သာ နေပါလော" ဟု ဆို၍။ ဂါမံ ပါဝိသိ၊ ရွာသို့ ဝင်တော်မူလေ၏။ တေ မနုဿာ၊ ထိုအလုပ်အကျွေးဖြစ်ကြသော လူဒါယကာတို့သည်။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ ထေရဿ၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်၏။ ပတ္တံ ဂဟေတွာ၊ သပိတ်ကိုယူကာ။ ဝုတ္တပကာရဿ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ပါယာသဿ၊ ဃနာနိ ဆွမ်းဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ အဒံသု၊ ကပ်လှူကုန်၏။ ထေရော၊ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်သည်။ ဂမနာကာရံ၊ သွားလိုသောအခြင်းအရာကို။ ဒဿေတိ၊ ပြ၏။ တေ၊ ထိုလူဒါယကာတို့သည်။ "ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်တို့သည်။ ဘုဉ္ဇထ၊ ဘုဉ်းပေးတော်မူပါကုန်။ အပရမ္ပိ၊ တပါးသော ဃနာနိ ဆွမ်းကိုလည်း။ ဒဿာမာတိ၊ လှူပါကုန်အံ့" ဟု။ ဝတွာ၊ ဆို၍။ ထေရံ၊ အရှင်မောဂ္ဂလ္လာန်မထေရ်ကို။ ဘောဇေတွာ၊ ဘုဉ်းပေးစေပြီးလျှင်။ ပုန၊ တဖန်။ ပတ္တပူရံ၊ သပိတ်အပြည့်။ အဒံသု၊ ဃနာနိ ဆွမ်းကို ကပ်လှူကုန်၏။ ထေရော၊ အရှင်မောဂ္ဂလ္လာန်မထေရ်သည်။ ဂန္တွာ၊ အရှင်သာရိပုတ္တရာအထံသို့ သွား၍။ "အာဝုသော၊ ငါ့ရှင်သာရိပုတ္တရာ။ ဟန္ဒ၊ ရော့ယူလော့။ ပရိဘုဉ္ဇာတိ၊ ဘုဉ်းပေးလော့" ဟု။ ဝတွာ၊ ဆို၍။ ဥပနာမေသိ၊ ပေးလေ၏။ ထေရောပိ၊ အရှင်သာရိပုတ္တရာမထေရ်သည်လည်း။ တံ ဒိသွာ၊ ထိုဃနာနိ ဆွမ်း

ကို မြင်လတ်သော်။ "ပါယာသော၊ ဃနာနို့ ဆွမ်းသည်။ အတိ မနာပေါ၊ အလွန်နှစ်သက်ဖွယ်ရှိ၏။ ဝါ၊ ကောင်းလှပါပေ၏။ ကထံ၊ အဘယ်သို့သောအကြောင်းဖြင့်။ ဥပ္ပန္နော နုခေါ၊ ဖြစ်ခဲ့လေသနည်း" ဣတိ စိန္တေန္တော၊ ဤသို့ စဉ်းစားဆင်ခြင်လတ်သော်။ တဿ၊ ထိုဆွမ်း၏။ ဥပ္ပတ္တိမူလံ ဒိသွာ၊ ဖြစ်ခဲ့ခြင်းအကြောင်းရင်းကို မြင်၍။ အာဝုသော မောဂ္ဂလ္လာန၊ ငါ့ရှင်မောဂ္ဂလ္လာန်။ ပိဏ္ဍပါတော၊ ဃနာနို့ ဆွမ်းသည်။ အပရိဘောဂါရဟောတိ၊ သုံးဆောင်ခြင်းငှာ မထိုက်ဟု။ အာဟ၊ ပြောကြားလေ၏။ သောပိ အာယသ္မာ၊ ထိုအရှင်မောဂ္ဂလ္လာန်သည်လည်း။ "မာဒိသေန နာမ၊ ငါသို့သောပုဂ္ဂိုလ်သည်။ အာဘတံ ပိဏ္ဍပါတံ၊ ဆောင်ယူခဲ့သောဆွမ်းကို။ န ပရိဘုဉ္ဇတိ၊ မသုံးဆောင်ပဲရှိချေ၏" ဣတိ စိတ္တမ္ပိ၊ ဤသို့သော စိတ်ကွက်ခြင်းမျှကိုသော်လည်း။ အနုပ္ပါဒေတွာ၊ မဖြစ်စေမူ၍။ ကေဝဇနေ့နေဝ၊ တခွန်းတည်းသော စကားဖြင့်ပင်လျှင်။ ပတ္တံ၊ သပိတ်ကို။ မုခဝဋ္ဋိကံ ဂဟေတွာ၊ နခမ်းရေး၌ကိုင်၍။ ဧကမန္တေ၊ သင့်တော်သောနေရာ၌။ နိကုဇ္ဇေသိ၊ မှောက်သွန်လေ၏။ ပါယာသဿ၊ ဃနာနို့ ဆွမ်း၏။ ဘူမိယံ၊ မြေ၌။ ပတိဋ္ဌာနာ၊ တည်သည်နှင့်။ သဟ၊ တကွ။ တနည်း။ ပါယာသဿ၊ ဃနာနို့ ဆွမ်း၏။ ဘူမိယံ၊ မြေ၌။ သဟ ပတိဋ္ဌာ၊ တည်သည်နှင့်ဧပြိုင်နက်။ ထေရဿ၊ အရှင်သာရိပုတ္တရာမထေရ်၏။ အာဗာဓော၊ လေနာရောဂါသည်။ အန္တရဓာယိ၊ ကွယ်ပျောက်လေ၏။ ဝါ၊ ပျောက်ကင်းလေ၏။ တတော ပဋ္ဌာယ၊ ထိုအခါမှစ၍။ စတ္တာလီသဝဿာနိ၊ အနှစ်လေးဆယ်ပတ်လုံး။ ( ဤအနက်သည် စတ္တာလီသဝဿာနိဟူသော သီဟိုဠ်မူကဲ့အရ ပြန်ထားသည်။ အရှင်သာရိပုတ္တရာ၏ ရဟန်းဝါမှာ လေးဆယ့်လေးဝါသာ ရှိသောကြောင့် ပဉ္စစတ္တာလီသဝဿာနိဟူသောပါဌ်စကား မသင့်)။ ပုန၊ တဖန်။ န ဥပ္ပဇ္ဇိ၊ မဖြစ်ပေတော့ပြီ။ တတော၊ ထို့နောင်။ မဟာမောဂ္ဂလ္လာနံ၊ အရှင်မဟာမောဂ္ဂလ္လာန်ကို။ "အာဝုသော၊ ငါ့ရှင်မောဂ္ဂလ္လာန်။ ဝစီဝိညတ္တိံ နိဿာယ၊ ဝစီဝိညတ်ကိုမှီ၍။ ဥပ္ပန္နော ပါယာသော၊ ဖြစ်ပေါ်လာသော ဃနာနို့ ဆွမ်းသည်။ အန္တေသု၊ အူမခွေတို့သည်။ နိက္ခမိတွာ၊ ထွက်၍။ ဘူမိယံ စရန္တေသုပိ၊ မြေ၌ အစာရှာရန် သွားကုန်သော်လည်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ အယုတ္တရူပေါတိ၊ မသင့်သောသဘောရှိ၏ဟု။ အာဟ၊ ပြောဆို၏။ ဣမဉ္စ ဥဒါနံ၊ ဤဥဒါန်းစကားကိုလည်း။ ဥဒါနေသိ၊ ကျူးရင့် မြွက်ဆိုတော်မူ၏—

"ဝစီဝိညတ္တိဝိပ္ဖါရာ၊ ဝစီဝိညတ်၏ ပြန့်ခြင်းဟူသော အကြောင်းကြောင့်။ ဝါ၊ နှုတ်မြွက်မိခြင်းကြောင့်။ ဥပ္ပန္နံ၊ ဖြစ်ပေါ်သော။ မဓုပါယာသံ၊ ချိုမြိန်သော ဃနာနို့ ဆွမ်းကို။ အဟံ၊ ငါသည်။ ဘုတ္တော၊ စားမိလျှင်။ ဝါ၊ စားမိသည်။ သစေ ဘဝေယျ၊ အကယ်၍ဖြစ်အံ့။ မမ၊

ငါ၏။ အာဇီဝေါ၊ အသက်မွေးခြင်းသည်။ ဂရဟိတော၊ သူတော်ကောင်းတို့ ကဲ့ရဲ့အပ်သည်။ အသ ၊ ဖြစ်ရာ၏။''

"မေ၊ ငါ၏။ အန္တဂုဏ၊ အူမခွေသည်။ နိက္ခမိတွာ၊ ၁ ည်ရာမှ ထွက်၍။ ဗဟိ၊ အပြင်ပ၌။ ယဒိပိ စရေ၊ အစာရှာ ကျက်စားစေကာမူ။ ဇီဝိတမ္ပိ၊ အသက်ကိုသော်လည်း။ ယဒိပိ စဇမာနော၊ စွန့်ရစေကာမူ။ အာဇီဝံ၊ အာဇီဝသီလကို။ အဟံ၊ ငါသည်။ နေဝ ဘိန္ဒေယျံ၊ မဖျက်နိုင်သည်သာတည်း။''

"အဟံ၊ ငါသည်။ သက စိတ္တံ၊ မိမိ၏စိတ်ကို။ အာရာဓေမိ၊ အစမှစ၍ နှစ်သက်အားရစေအံ့။ အနေသနံ၊ မလျော်သောရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ ကြဉ်ရှောင်အံ့။ ဗုဒ္ဓပ္ပဋိကုဋ္ဌံ၊ မြတ်စွာဘုရားသည် ကဲ့ရဲ့ စက်ဆုပ်အပ်သော။ အနေသနံ၊ မသင့်သော ရှာမှီးခြင်းကို။ န ကာဟာမိ၊ မပြုအံ့သည်သာတည်း။''

ဣတိ၊ ဤသို့။ ဥဒါနံ၊ ဥဒါန်းစကားကို။ ဥဒါနေသိ၊ ကျူးရင့် မြွက်ဆိုတော်မူ၏။

စိရဂုမ္ဗဝါသိကအမ္ဗခါဒက မဟာတိဿတ္ထေရဝတ္ထုပြီ၊ စိရဂုမ္ဗအရပ်၌ နေလေ့ရှိသော သရက်သီးတို့ကို ကောက်ယူ၍ မစားသော မဟာတိဿမထေရ်၏ ဝတ္ထုကိုလည်း။ ဧတ္ထ၊ ဤအရာ၌။ ကထေတဗ္ဗံ၊ ဆိုသင့်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သဗ္ဗထာပိ၊ ခပ်သိမ်းသောအပြားအားဖြင့်လည်း–

(၄၁) သဒ္ဓါပဗ္ဗဇိတော၊ သဒ္ဓါ၌ရဟန်းပြုသော။ ဝိစက္ခဏော၊ မြော်မြင်တတ်သော။ ယတိ၊ ရဟန်းသည်။ အနေသနာယ၊ မသင့်လျော်သောနည်းဖြင့် ရှာမှီးခြင်းငှာ။ စိတ္တမ္ပိ၊ စိတ်ကိုမျှသော်လည်း။ အဇနေတွာ၊ မဖြစ်စေမူ၍။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ ပရိသောဓေယျ၊ ထက်ဝန်းကျင် ဖြူစင်စေရာ၏။''

စ၊ ထိုမှတပါး။ အာဇီဝပါရိသုဒ္ဓိ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ ဝီရိယေန၊ ဝီရိယဖြင့်။ သမ္မာဒေတဗ္ဗာ ယထာ၊ ပြီးစီးပြည့်စုံစေအပ်သကဲ့သို့။ တထာ၊ ထို့အတူပင်။ ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတသီလကို။ ပညာယ၊ ပညာဖြင့်။ သမ္မာဒေတဗ္ဗံ၊ ပြီးစီးပြည့်စုံစေအပ်၏။ ဟိ၊ မှန်၏။ တံ၊ ထိုပစ္စယသန္နိဿိတသီလသည်။ ပညာသာခနံ၊ ပညာဟူသော ပြီးစီးကြောင်းရှိ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ၊ ပညဝတော၊ ပညာရှိသောရဟန်းအား။ ပစ္စယေသု၊ ပစ္စည်းလေးပါးတို့၌။ အာဒီနဝါနိသံသဒဿနသမတ္ထဘာဝတော၊ ဣဏပရိဘောဂနှင့် အာပတ်ဟူသော အပြစ်နှင့် ဣဏပရိဘောဂနှင့် အာပတ်ဟူသောအပြစ်မှ လွတ်ခြင်းဟူသော အကျိုးတို့ကို မြင်နိုင်ခြင်းကြောင့်တည်း။ တသ္မာ၊ ထိုသို့ ပညာဖြင့် ပြီးစေအပ်သောကြောင့်။ ပစ္စယဂေဓံ ပဟာယ၊ ပစ္စည်းတို့၌ မက်

မောသောတဏှာကို ပယ်၍။ ဓမ္မေန သမေန၊ တရားနှင့်ညီညွတ်သော ကိုယ်နှုတ်အကျင့်ဖြင့်။ ဥပ္ပန္နေ ပစ္စယေ၊ ရအပ်သောပစ္စည်းတို့ကို။ ယထာဝုတ္တေန ဝိဓိနာ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော အစီအရင်ဖြင့်။ ပညာယ ပစ္စဝေက္ခိတွာ၊ ပညာဖြင့် ဆင်ခြင်၍။ ပရိဘုဥ္ဇတေန၊ သုံးဆောင်သည် ဖြစ်၍။ တံ၊ ထိုပစ္စယသန္နိဿိတသီလကို။ သမ္ပာဒေတဗ္ဗံ၊ ပြီးစီးပြည့်စုံစေအပ်၏။

တတ္ထ၊ ထိုပစ္စဝေက္ခိတွာဟူသောစကား၌။ ပစ္စဝေက္ခဏံ၊ ဆင်ခြင်ခြင်းသည်။ ပစ္စယာနံ ပဋိလာဘကာလေ၊ ပစ္စည်းတို့ကိုရသောကာလ၌။ ပစ္စဝေက္ခဏံ၊ ဆင်ခြင်ခြင်းလည်းကောင်း။ ပရိဘောဂကာလေ၊ သုံးဆောင်သောကာလ၌။ ပစ္စဝေက္ခဏဉ္စ၊ ဆင်ခြင်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့ (ထည့်)။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ ဟိ၊ မှန်ပေ၏။ ပဋိလာဘကာလေပိ၊ ရသောကာလ၌လည်း။ ဓာတုဝသေန ဝါ၊ ဓာတ်၏အစွမ်းအားဖြင့်လည်းကောင်း။ ပဋိကူလဝသေန ဝါ၊ ပဋိကူလ၏ အစွမ်းအားဖြင့်လည်းကောင်း။ပစ္စဝေက္ခိတွာ၊ဆင်ခြင်၍။ ဌပိတာနိ၊ ထားအပ်ကုန်သော။ စီဝရာဒီနိ၊ သင်္ကန်းစသည်တို့ကို။ တတော ဥတ္တရိ၊ ထိုကာလမှ နောက်၌။ ပရိဘုဥ္ဇန္တဿ၊သုံးဆောင်သော ရဟန်း၏။ ပရိဘောဂေ၊ သုံးဆောင်ခြင်းသည်။ အနဝဇ္ဇော၊ အပြစ်မရှိသည်သာတည်း။ ပရိဘောဂကာလေပိ၊ သုံးဆောင်သောကာလ၌လည်း။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပရိဘုဥ္ဇန္တဿ၊ သုံးဆောင်သော ရဟန်း၏။ ပရိဘောဂေ၊ သုံးဆောင်ခြင်းသည်။ အနဝဇ္ဇော၊ အပြစ်မရှိသည်သာလျှင်တည်း။ တတြ၊ ထိုသုံးဆောင်၍ ဆင်ခြင်ခြင်း၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သန္နိဋ္ဌာနကရော၊ ယုံမှားမရှိ ပြီးပြတ်စေနိုင်သော၊ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ပေတည်း။

ဟိ၊ ခဲ့ျဦးအံ့။ ပရိဘောဂါ၊ သုံးဆောင်ခြင်း ပရိဘောဂတို့သည်။ ထေယျပရိဘောဂေါ၊ ထေယျပရိဘောဂသည်းကောင်း။ ဣဏပရိဘောဂေါ၊ ဣဏပရိဘောဂလည်းကောင်း။ဒါယဇ္ဇပရိဘောဂေါ၊ဒါယဇ္ဇပရိဘောဂလည်းကောင်း။ အာမိသပရိဘောဂေါ၊ အာမိသပရိဘောဂလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ လေးပါးတို့တည်း။ တတြ၊ ထိုလေးပါးတို့တွင်။ သံဃမဇ္ဈေပိ၊ သံဃာ့အလယ်၌သော်လည်း။ နိသီဒိတွာ၊ ထိုင်၍။ အနာရဟန္တဿ၊ ပစ္စည်းကို သုံးဆောင်ခြင်းငှာ မထိုက်တန်ပဲလျက် (ထည့်)။ ပရိဘုဥ္ဇတော ဒုဿီလဿ၊ သုံးဆောင်သော ဒုဿီလ၏။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ ထေယျပရိဘောဂေါ နာမ၊ ခိုးသူ၏ အဖြစ်ဖြင့် သုံးဆောင်ခြင်း=ထေယျပရိဘောဂမည်၏။ သီလဝတော၊ သီလရှိသောရဟန်း၏။ အပစ္စဝေက္ခိတွာ ပရိဘောဂေါ၊ မဆင်ခြင်မူ၍ သုံးဆောင်ခြင်းသည်။ ဣဏပရိဘောဂေါ နာမ၊ ကြွေးမြီချေးယူ၍ သုံးဆောင်ခြင်းနှင့်တူသော သုံးဆောင်ခြင်း = ဣဏပရိဘောဂမည်၏။ တသ္မာ၊ ထို့ကြောင့်။ စီဝရံ၊ သင်္ကန်းကို။ ပရိဘောဂေ ပရိဘောဂေ၊ ကိုယ်မှ

လွှတ်ပြီးနောက် တဒနန်ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း။ ပစ္စဝေက္ခိဘာ္ဒ၊ ဆင်ခြင်အပ်၏။ ပိဏ္ဍပါတော၊ ဆွမ်းကို အာလောပေ အာလောပေ၊ အလုတ်တိုင်း အလုပ်တိုင်း။ ပစ္စဝေက္ခိဘဗ္ဗော၊ ဆင်ခြင်အပ်၏။တထာ၊ ထိုသို့ဝတ်ရုံတိုင်းဝတ်ရုံတိုင်း ဆွမ်းလုတ်တိုင်းဆွမ်းလုတ်တိုင်းအားဖြင့်။ အသက္ကောန္တေန၊ မစွမ်းနိုင်သော ရဟန်းသည်။ ပုရေဘတ္တ ပစ္ဆာဘတ္တ ပုရိမယာမ မဇ္ဈိမယာမ ပစ္ဆိမယာမေသု၊ မွန်းမတည့်မီ နံနက်ပိုင်း, မွန်းလွဲ ညနေပိုင်း, ညဦးယံ, သန်းခေါင်ယံ, မိုးသောက်ယံဘို့၌။ (ကေသို ဒိဝသေ၊ တနေ့တရက်၌။ စတုက္ခတ္တုံ၊ လေးကြိမ်လည်းကောင်း။ တိက္ခတ္တုံ၊ သုံးကြိမ်လည်းကောင်း။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်လည်းကောင်း။ သကိံ ယေဝ ဝါ၊ တကြိမ်သာလျှင် လည်းကောင်း)။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ အဿ၊ ထိုရဟန်း၏။ ဝါ၊ ထိုရဟန်းသည်။ အပစ္စဝေက္ခတော၀၊ မဆင်ခြင်မီပင်လျှင်။ အရုဏံ၊ အရုဏ်သည်။ သစေ ဥဂ္ဂစ္ဆတိ၊ အကယ်၍တက်အံ့။ ဣဏပရိဘောဂဋ္ဌာနေ၊ ဣဏပရိဘောဂ အရာ၌။ တိဋ္ဌတိ၊ တည်၏။သေနာသနံပိ၊ ကျောင်းကိုလည်း။ ပရိဘောဂေ ပရိဘောဂေ၊ ဝင်တိုင်းဝင်တိုင်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ဘေသဇ္ဇဿ၊ ဆေးကို။ ပဋိဂ္ဂဟဏေပိ၊ ခံခြင်း၌လည်းကောင်း။ ပရိဘောဂေပိ၊ သုံးဆောင်ခြင်း၌လည်းကောင်း။ သတိပစ္စယတာ၀၊ သတိဟူသော အကြောင်းရှိသည်၏ အဖြစ်သည်။ ဝဋ္ဋတိ၊ သင့်၏။ ဧဝံ သန္တေပိ၊ ဤသို့ ဆင်ခြင်သင့်သော်လည်း။ ပဋိဂ္ဂဟဏေ၊ ခံခြင်း၌။ သတိံ ကတွာ၊ သတိပြု၍။ ပရိဘောဂေ၊ သုံးဆောင်ခြင်း၌။ အကရောန္တဿေဝ၊သတိမပြုသော ရဟန်းအားသာလျှင်။ အာပတ္တိ၊ အာပတ်သင့်၏။ ပဋိဂ္ဂဟဏေ၊ ခံယူခြင်း၌။ သတိံ အကတွာ၊ သတိမပြုမူ၍။ ဝါ၊ သတိမပြုပဲ။ ပရိဘောဂေ၊ သုံးဆောင်ခြင်း၌ကား။ ကရောန္တဿ၊ သတိပြုသော ရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်ပေ။

ဟိ၊ ဆက်ဦးအံ့။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းသုဒ္ဓိသည်။ ဒေသနာသုဒ္ဓိ၊ ဒေသနာဟူသော စင်ကြယ်ကြောင်း ဒေသနာသုဒ္ဓိ လည်းကောင်း။ သံဝရသုဒ္ဓိ၊ သံဝရဟူသော စင်ကြယ်ကြောင်း သံဝရသုဒ္ဓိ လည်းကောင်း။ ပရိယေဋ္ဌိသုဒ္ဓိ၊ ရှာမှီးခြင်းဟူသော စင်ကြယ်ကြောင်း ပရိယေဋ္ဌိသုဒ္ဓိလည်းကောင်း။ပစ္စဝေက္ခဏာသုဒ္ဓိ၊ ဆင်ခြင်ခြင်းဟူသော စင်ကြယ်ကြောင်း ပစ္စဝေက္ခဏာသုဒ္ဓိလည်းကောင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိ၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ပါတိမောက္ခသံဝရသီလံ၊ ပါတိမောက္ခ သံဝရသီလသည်။ ဒေသနာသုဒ္ဓိ နာမ၊ ဒေသနာကြောင့်သာလျှင် စင်ကြယ်ကြောင်းရှိသော ဒေသနာသုဒ္ဓိသီလ မည်၏။ ဟိ၊ မှန်၏။ တံ၊ ထို ပါတိမောက်သီလကို။ ဒေသနာယ၊ ဒေသနာပြောကြားခြင်းဖြင့်။ သုဇ္ဈနတော၊ စင်ကြယ်ခြင်းကြောင့်။ ဒေသနာသုဒ္ဓိတိ၊ ဒေသနာသုဒ္ဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣန္ဒြိယသံဝရသီလံ၊ ဣန္ဒြိယသံဝရ သီလသည်။

သံဝရသုဒ္ဓိ နာမ၊ စောင့်ရှောက်ခြင်းလျှင် စင်ကြယ်ကြောင်း ရှိသောသီလမည်၏။ ဟိ၊ မှန်၏။ တံ၊ ထိုဣန္ဒြိယသံဝရ သီလကို။ ပုန၊တဖန်။ ဧဝံ၊ ဤသို့ ဣန္ဒြိယ သံဝရ သီလကို ဖျက်ခြင်းကို။ န ကရိဿာမိ၊ မပြုတော့အံ့။ ဣတိ၊ ဤသို့။ စိတ္တာဓိဋ္ဌာနာသံဝရေနေဝ၊ စိတ်ကို ဆောက်တည်ခြင်းဖြင့် အထူးပြုအပ်သော ပိတ်ဆို့စောင့်ရှောက်ခြင်းဖြင့်သာလျှင်။ သုဋ္ဌုနတော၊ စင်ကြယ်ခြင်းကြောင့်။ သံဝရသုဒ္ဓီတိ၊ သံဝရသုဒ္ဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အာဇီဝပါရိသုဒ္ဓိသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလသည်။ ပရိယေဋ္ဌိသုဒ္ဓိ နာမ၊ တရားနှင့်အညီ ရှာမှီးခြင်းလျှင် စင်ကြယ်ကြောင်းရှိသော သီလမည်၏။ ဟိ၊ မှန်၏။ တံ၊ ထိုအာဇီဝပါရိသုဒ္ဓိ သီလကို။ အနေသနံ ပဟာယ၊ မသင့်သောရှာမှီးခြင်းကို ပယ်စွန့်ကြဉ်ရှောင်၍။ ဓမ္မေန သမေန၊ တရားနှင့် ညီညွတ်သော ကိုယ်နှုတ်အကျင့်ဖြင့်။ ပစ္စယေ ဥပ္ပါဒေန္တဿ၊ ပစ္စည်းတို့ကို ဖြစ်စေသော ရဟန်းအား။ ဝါ၊ပစ္စည်းတို့ကို ဖြစ်စေသောရဟန်း၏။ ပရိယေသနာယ၊ ရှာမှီးခြင်းဖြင့်။သုဒ္ဓတ္တာ၊ စင်ကြယ်ခြင်း ကြောင့်။(၄၂) ပရိယေဋ္ဌိသုဒ္ဓီတိ၊ ပရိယေဋ္ဌိသုဒ္ဓိဟူ၍၊ဝုစ္စတိ၊ ဆိုအပ်၏။ ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတသီလသည်။ပစ္စဝေက္ခဏသုဒ္ဓိ နာမ၊ဆင်ခြင်ခြင်းလျှင် စင်ကြယ်ကြောင်း သီလမည်၏။ ဟိ၊မှန်၏။ တံ၊ ထို ပစ္စယသန္နိဿိတသီလကို။ ဝုတ္တပ္ပကာရေန၊ အအေးကို ပယ်ဖျောက်ခြင်းငှာအစရှိသည်ဖြင့် ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ပစ္စဝေက္ခဏေန၊ ဆင်ခြင်ခြင်းဖြင့်။ သုဋ္ဌုနတော၊စင်ကြယ်ခြင်း ကြောင့်။ ပစ္စဝေက္ခဏသုဒ္ဓီတိ၊ ပစ္စဝေက္ခဏသုဒ္ဓိဟူ။ ဝုစ္စတိ၊ ဆိုအပ်၏။ တေန၊ ထို့ကြောင့်။ ပဋိဂ္ဂဟဏေ ပန သတိ အကတွာ ပရိဘောဂေ ကရေန္တဿ အနာပတ္တီတိ၊ ပဋိဂ္ဂဟဏေ ပန သတိ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပေ၏။

သတ္တန္နံ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏။ ပစ္စယပရိဘောဂေါ၊ ပစ္စည်းကို သုံးဆောင်ခြင်းသည်။ ဒါယဇ္ဇပရိဘောဂေါ နာမ၊ အမွေခံအဖြစ်ဖြင့် သုံးဆောင်ခြင်းမည်၏။ ဟိ၊ အကြောင်းသော်ကား။ တေ၊ ထို သေက္ခပုဂ္ဂိုလ်တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယသ္မာ၊ အကြင်ကြောင့်။ ပုတ္တာ၊ သားတော်ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပိတုသန္တကာနံ ပစ္စယာနံ၊ အဖဘုရား၏ ဥစ္စာဖြစ်ကုန်သော ပစ္စည်းလေးပါးတို့၏။ ဒါယာဒါ ဟုတွာ၊ အမွေခံ ဖြစ်ကြကုန်၍။ တေ ပစ္စယေ၊ ထိုပစ္စည်းလေးပါးတို့ကို။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကုန်၏။ တေ၊ ထိုသေက္ခပုဂ္ဂိုလ်တို့သည်။ ဘဂဝတော၊မြတ်စွာဘုရား၏။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပရိဘုဉ္ဇန္တိ ကိံ ပန၊ သုံးဆောင်ကုန်သလော။ဥဒါဟု၊ထိုသို့မဟုတ်။ ဂိဟီနံ ပစ္စယေ၊ လှူဒါယကာတို့၏ပစ္စည်းတို့ကို။ပရိဘုဉ္ဇန္တိ၊သုံးဆောင်ကုန်သလော။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ဂိဟီဟိ ဒိန္နာ၊ လှူဒါယကာတို့က ပေးလှူအပ်ကုန်သည်။ သမာနာပိ၊ ဖြစ်ငြားသော်လည်း။ ဘဂဝတာ အနုညာ-

တပ္ပါ၊ မြတ်စွာဘုရားက ခွင့်ပြုထားသောပစ္စည်းများဖြစ်သောကြောင့်။ ဘဂဝ
တောသန္တကာ၊ မြတ်စွာဘုရား၏ဥစ္စာမည်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။
တသ္မာ၊ ထို့ ကြောင့်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပရိ-
ဘုဥ္ဇန္တိ၊ သုံးဆောင်သည် မည်ကုန်၏။ ဧဘိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။
ဧတ္ထ၊ ဤအရာ၌။ ဓမ္မဒါယာဒသုတ္တံ၊ ဓမ္မဒါယာဒသုတ်သည်လည်း။ သာဓကံ၊
ပြီးစေတတ်သော သာဓကပေတည်း။

ခီဏာသဝါနံ၊ ရဟန္တာတို့၏။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ သာမိ-
ပရိဘောဂေါ နာမ၊ အရှင်၏သုံးဆောင်ခြင်းမည်၏။ ဟိ—ယသ္မာ၊ အကြင်
ကြောင့်။ တေ၊ ထိုရဟန္တာတို့သည်။ တဏှာယ ဒါသဗျံ၊ တဏှာ၏ကျွန်အဖြစ်ကို။
အတီတတ္တာ၊ ကျော်လွန်ကြပြီး ဖြစ်ကြသောကြောင့်။ သာမိနော ဟုတွာ၊
ပိုင်ရှင်ဖြစ်ကြလျက်။ ပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို။ ပရိဘုဥ္ဇန္တိ၊ သုံးဆောင်
သည် မည်ကုန်၏။ တသ္မာ၊ ထို့ ကြောင့်။ ခီဏာသဝါနံ၊ ရဟန္တာတို့၏။ ပရိဘော-
ဂေါ၊ သုံးဆောင်ခြင်းသည်။ သာမိပရိဘောဂေါ နာမ၊ အရှင်၏ သုံးဆောင်ခြင်း
မည်၏။

ဣမေသု ပရိဘောဂေသု၊ ဤသုံးဆောင်ခြင်း ပရိဘောဂတို့တွင်။ သာမိ-
ပရိဘောဂေါ စ၊ သာမိပရိဘောဂ သည် လည်းကောင်း။ ဒါယဇ္ဇပရိဘောဂေါ
စ၊ ဒါယဇ္ဇပရိဘောဂသည်လည်းကောင်း။ သဗ္ဗေသံ၊ အလုံးစုံကုန်သော အရိ-
ယာ ပုထုဇဉ်တို့အား။ ဝဋ္ဋတိ၊ သင့်ပေ၏။ ဣဏပရိဘောဂေါ၊ ဣဏပရိဘောဂ
သည်ကား။ န ဝဋ္ဋတိ၊ မသင့်ပေ။ ထေယျပရိဘောဂေ၊ ထေယျပရိဘောဂ၌။
ကထာယေဝ နတ္ထိ၊ ဆိုဖွယ်မရှိသည်သာတည်း။ ပန၊ ဆက်ဦးအံ့။ သီလဝတော၊
သီလ ရှိသောသူ၏။ ယော အယံ ပစ္စဝေက္ခိတပရိဘောဂေါ၊ အကြင်ဆင်ခြင်၍
သုံးဆောင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော ပရိဘောဂေါ၊ ထိုဆင်ခြင်၍သုံးဆောင်
ခြင်းသည်။ ဣဏပရိဘောဂဿ၊ ဣဏပရိဘောဂ၏။ ပစ္စနီကတ္တာ၊ ဆန့်ကျင်
ဘက်၏အဖြစ်ကြောင့်။ အာဏဏျပရိဘောဂေါ ဝါ၊ ကြွေးမြီကင်းသူ၏ အဖြစ်
ဖြင့် သုံးဆောင်ခြင်းမျှလည်းဖြစ်၏။ ဒါယဇ္ဇပရိဘောဂေယေဝ ဝါ၊ ဒါယဇ္ဇပရိ-
ဘောဂ၌သာလျှင်။ သင်္ဂဟံ ဂစ္ဆတိ၊ ရေတွက်သို့ မူလည်းရောက်၏။ ဟိ ယသ္မာ၊
အကြောင်းကြောင့်။ သီလဝါ၊ သီလရှိသော ရဟန်းသည်။ ဣမာယ သိက္ခာယ
သမန္နာဂတတ္တာ၊ ဤသိက္ခာနှင့်ပြည့်စုံသောကြောင့်။ သေက္ခော တွေဝ၊ ကျင့်ဆဲ
သေက္ခဟူ၍သာလျှင်။ သင်္ဂဟံ ဂစ္ဆတိ၊ ရေတွက်ခြင်းသို့ရောက်၏။ တသ္မာ၊
ထို့ ကြောင့်။ သီလဝတော၊ သီလရှိသော ရဟန်း၏။ ပစ္စယပရိဘောဂေါ၊
ပစ္စည်းကို သုံးဆောင်ခြင်းသည်။ ဒါယဇ္ဇပရိဘောဂေ၊ ဒါယဇ္ဇပရိဘောဂ၌
သာလျှင်။ သင်္ဂဟံ ဂစ္ဆတိ၊ ရေတွက်ခြင်းသို့ရောက်၏။ ပန၊ အထူးကိုဆိုအံ့။
ဣမေသု၊ ပရိဘောဂေသု၊ လေးပါးသော ဤပရိဘောဂတို့တွင်။ သာမိပရိ-

ဘောဂေါ၊ သာမိပရိဘောဂသည်။ ယသ္မာ၊ အကြင်ကြောင့်။ အင်္ဂေါ၊ မြတ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုသာမိပရိဘောဂကို။ ပတ္ထယမာနေန ဘိက္ခုနာ၊ တောင့်တလိုလားသော ရဟန်းသည်။ ဝုတ္တပ္ပကာရာယ ပစ္စဝေက္ခဏာယ၊ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ပစ္စဝေက္ခဏာဖြင့်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပရိဘုဉ္ဇန္တေန၊ သုံးဆောင်သည်ဖြစ်၍။ ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတသီလကို။ သမ္ပာဒေတဗ္ဗံ၊ ပြီးစီးပြည့်စုံစေအပ်၏။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ကရောန္တော၊ဆင်ခြင်၍ သုံးဆောင်ခြင်းကို ပြုသော ရဟန်းသည်။ကိစ္စကာရီ ဟောတိ၊ ပြုသင့်သော ကိစ္စကို ပြုလေ့ရှိသောသူမည်၏။ စ၊မှန်ပေ၏။ တေ၊ ဤဆိုလတ္တံ့သော အောက်ပါ ဂါထာစကားကို။ ဝုတ္တမ္ပိ၊ ဟောတော်မူအပ်ပေ၏–(အာကာရကိုအတွင်း သွင်းပေးသည်၊နောက်ကလို အာကာရ အပြင်ထား၍လည်း ပေးနိုင်သည်)။

“သုဂတေန၊ မြတ်စွာဘုရားသည်။ ဒေသိတံ၊ ဟောကြားတော်မူအပ်သော။ ဓမ္မံ၊ ပဋိသင်္ခါယောနိသော စီဝရံ ပဋိသေဝတိ သီတဿ ပဋိဃာတာယ အစရှိသော တရားကို။ သုတွာန၊ ကြားနာရ၍။ ဝရပညသာဝကော၊ မြတ်သော ပညာရှိသော ဘုရား၏ တပည့်သည်။ ပိဏ္ဍဉ္စ၊ ဆွမ်းကိုလည်းကောင်း။ ဝိဟာရဉ္စ၊ ကျောင်းကို လည်းကောင်း။ သယနာသနဉ္စ၊ ညောင်စောင်း အင်းပျဉ်စသော အိပ်ယာနေရာကို လည်းကောင်း။ သင်္ဃာဋိရဇူပဝါဟနံ၊ သင်္ကန်း၌ကပ်သော မြူအညစ်အကြေးကို ဆေးလျှော်ကြောင်း ဖြစ်သော။ အာပဉ္စ၊ ရေကိုလည်းကောင်း။ စီဝရံ စ၊ မြူဖုံကိုတားမြစ် ကာကွယ်တတ်သော သင်္ကန်းကိုလည်းကောင်း။ သင်္ခါယ၊ ဆင်ခြင်၍သာလျှင်။ သေဝေ၊ မှီဝဲသုံးဆောင်ရာ၏။

(၄၃) တသ္မာ၊ ထိုသို့ဆင်ခြင်၍ မှီဝဲသောကြောင့်။ ပေါက္ခရေ၊ ကြာဖက်၌။ ဝါရိဗိန္ဒု၊ ရေပေါက်သည်။ အနုပလိတ္တော ယထာ၊ မကပ်ငြိသကဲ့သို့။ တထာ၊ထို့အတူ။ ဘိက္ခု၊ ရဟန်းသည်။ ပိဏ္ဍေ စ၊ ဆွမ်း၌လည်းကောင်း။ သယနာသနေ စ၊ အိပ်ရာနေရာ၌လည်းကောင်း။အာပေ စ၊ ရေ၌လည်းကောင်း။ သင်္ဃာဋိရဇူပဝါဟနေ စ၊ မြူဖုံကို တားမြစ်ကာကွယ်တတ်သော သင်္ကန်း၌ လည်းကောင်း။ ဧတေသု ဓမ္မေသု၊ ဤပစ္စည်းလေးပါးတို့၌။ အနုပလိတ္တော၊ မကပ်ငြိပဲရှိပေ၏။

ကာလေန၊ အရိယာတို့၏သုံးဆောင်ရာကာလ၌။ ပရတော၊လူဒါယကာ ဟူသော သူတပါးထံမှ။ သ သော၊ ထိုရဟန်းသည်။ အနုဂ္ဂဟာ၊ ချီးမြှောက်သောအားဖြင့်။ ဝါ၊ သနားသဖြင့်။ ခဇ္ဇေသု စ၊ ခဲဖွယ်တို့၌လည်းကောင်း။ ဘောဇ္ဇေသု စ၊ စားဖွယ်ဘို့၌လည်းကောင်း။ သာယနေ-

သု စ၊ လျှော်ဖွယ်တို့၌လည်းကောင်း။ ဝနဿ၊ အမာကို။ အာလေပနရုဟနေ ယထာ၊ ဆေးလိမ်းခြင်းဖြင့် အသားနုတက်စေရာ၌ကဲ့သို့။ ဝါ၊ အသား နုတက်အောင် ဆေးလိမ်းရာ၌ကဲ့သို့၊ သဘာဝံ၊ အခါခပ်သိမ်း။ ဥပဋ္ဌိတော၊ ထင်သည်ဖြစ်၍။ (ဗဟုမ္ပိ၊ များစွာကို။ ဥပနီတေပိ၊ ကပ်လှူသော်လည်း)။ မတ္တံ၊ အတိုင်းအရှည်ကို။ ဇညာ ဇာနေယျ၊ သိကောင်းရာ၏။ ကန္တာရေ၊ ခရီးခဲ၌။ ပုတ္တမံသံ၊ သား၏ အသားကို။ အာဟရန္တာ၊ သုံးဆောင်ကုန်သော။ ဇယမ္ပတိကာ ဣဝ၊ ဇနီးမောင်နှံတို့ ကဲ့သို့ လည်းကောင်း။ အက္ခဿ၊ လှည်းဝင်ရိုးကို။ အဗ္ဘဉ္ဇနံ ယထာ၊ ဆီထိုးသကဲ့သို့လည်းကောင်း ဧဝံ၊ ဤအတူ၊ ယာပနတ္ထံ၊ ကိုယ်ခန္ဓာ မျှတစေခြင်းငှာ။ အာဟာရံ၊ အစာအာဟာရကို။ အမုစ္ဆိတော၊ မမက် မော မတွေဝေသည်ဖြစ်၍။ အာဟာရေ၊ သုံးဆောင်ရာ၏။ ဣတိ၊ ဤကား ဟောကြားတော်မူအပ်သော ဂါထာ အပေါင်းပေတည်း။

စ၊ ဆက်ဦးအံ့။ ဣမဿ ပစ္စယသန္နိဿိတသီလဿ၊ ဤပစ္စယသန္နိဿိတသီလ ၏။ ပရိပူရကာရိကာယ၊ လုံးဝပြည့်စုံအောင် ပြုကျင့်လေ့ရှိသည်၏ အဖြစ်၌။ ဘာဂိနေယျ သံဃရက္ခိတ သာမဏေရဿ၊ မဟာသံဃရက္ခိတ၏ တူတော် သံဃ- ရက္ခိတသာမဏေ၏။ ဝတ္ထု၊ ဝတ္ထုကို။ ကထေတဗ္ဗံ၊ ပြောကြားသင့်ပေ၏။ ဟိ၊ မှန်၏။ သော၊ ထိုတူတော်သံဃရက္ခိတသည်။ သမ္မာ ပစ္စဝေက္ခိတွာ၊ ကောင်းစွာ ဆင်ခြင်၍။ ပရိဘုဉ္ဇိ၊ သုံးဆောင်ပေ၏။ ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူ သနည်း ဟူမူကား—

"သုနိဗ္ဗုတံ၊ ကောင်းစွာ ငြိမ်းအေးပြီးသော၊ သာလိကူရံ၊ သလေး ဆွမ်းကို။ ဘုဉ္ဇမာနံ၊ သုံးဆောင်နေသော။ မံ၊ ငါ့ကို။ ဥပဇ္ဈာယော၊ ဦးရီးတော်ဥပဇ္ဈာယ်သည်။ သာမဏေရ၊ သာမဏေ။ တုံ၊ သင်သည်။ အသညတော၊ ဆင်ခြင်မှုဖြင့် မစောင့်စည်းပဲ။ ဇိဝှံ၊ လျှာကို။ မာဟော ဍဇ္ဈာပေသိ၊ မလောင်စေလင့်။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆိုလေပြီ။

တဒါ၊ ထိုအခါ။ အဟံ၊ ငါသည်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်၏။ ဝစော၊ စကားကို။ သုတွာ၊ ကြားရ၍။ သံဝေဂံ၊ ထိတ်လန့်ခြင်းသံဝေဂကို။ အလဘိံ၊ ရလေပြီ။ ဧကာသနေ၊ တနေရာတည်း၌။ နိသီဒိတွာ၊ ထိုင်လျက်ပင်။ အရဟတ္တံ အပါပုဏိံ၊ အရဟတ္တဖိုလ်သို့ ရောက်ခဲ့ပြီ။

သော အဟံ၊ ထိုသို့ အရဟတ္တဖိုလ်သို့ ရောက်သောငါသည်။ စန္ဒော ပန္နရသော ယထာ၊ လဆန်းတဆယ့်ငါးရက်၌ တက်ထွန်းသော လပြည့် ဝန်းကဲ့သို့။ ပရိပုဏ္ဏသင်္ကပ္ပေါ၊ ပြည့်စုံသော နှလုံးအကြံ ရှိသည် လည်းကောင်း။ သဗ္ဗာသဝပရိက္ခီဏော စ၊ အာသဝေါခပ်သိမ်း ကုန်

ငြိမ်းပြီးသည်လည်းကောင်း။ အမှိ၊ ဖြစ်ပေ၏။ ဒါနိ၊ ယခုအခါ။ ပုနဗ္ဘဝေါ၊ တဖန် အသစ်ဖြစ်လတ္တံ့သော ဘဝသည်။ နတ္ထိ၊ မရှိပေပြီ။

တသ္မာ၊ ထိုကြောင့်။ အညောပိ၊ သံဃရက္ခိတသာမဏေမှ တပါးသော အမျိုးသားသည်လည်း။ ဒုက္ခဿ ပရိက္ခယံ၊ ဆင်းရဲ၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ ပတ္ထယန္တော၊ လိုချင်တောင့်တလတ်သော်။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပဋိသေဝေထ၊ မှီဝဲသုံးဆောင်ရာ၏။

တသ္မာ၊ ထိုကြောင့်။ ဒုက္ခဿ ပရိက္ခယံ၊ ဆင်းရဲ၏ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ ပတ္ထယန္တော၊ လိုချင်တောင့်တလတ်သော်။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပဋိသေဝေထ၊ မှီဝဲသုံးဆောင်ရာ၏။

"တသ္မာ၊ထိုကြောင့်။ဒုက္ခဿ ပရိက္ခယံ၊ဆင်းရဲ၏ကုန်ရာအရဟတ္တဖိုလ်ကို။ ပတ္ထယန္တော၊ လိုချင်တောင့်တသော။ အညောပိ၊ သံဃရက္ခိတသာမဏေမှ တပါးသော အမျိုးသားသည်။ ယောနိသော ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ပဋိသေဝေထ၊ မှီဝဲရာ၏။ ဣတိ၊ ဤကား အနုသာသနီတည်း။

ဝေံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပါတိမောက္ခသံဝရသီလာဒိဝသေန၊ ပါတိမောက္ခသံဝရသီလစသည်တို့၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

## ပ ထ မ သီ လ ပ ဉ္စ က

၂၀။ ပဉ္စဝိဓကောဋ္ဌာသဿ၊ ငါးပါးအပြားရှိသော အဖို့၏။ ပဌမပဉ္စကေ၊ ပထမပဉ္စကဌ်။ အနုပသမ္ပန္နသီလာဒိဝသေန၊ လူသာမဏေတို့၏သီလ စသည်တို့၏ အစွမ်းအားဖြင့်။ အတ္ထော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ မှန်၏။ ပဋိသမ္ဘိဒါယံ၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌—

(၄၄) ပရိယန္တပါရိသုဒ္ဓိသီလံ၊ ပရိယန္တပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ ပရိယန္တသိက္ခာပဒါနံ၊ အရေအတွက်အားဖြင့် အပိုင်းအခြားရှိသည့် သိက္ခာပုဒ်ရှိကုန်သော။ အနုပသမ္ပန္နာနံ၊ လူသာမဏေတို့၏။ ယံ သီလံ၊ အကြင်သီလသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသီလသည်။ ပရိယန္တပါရိသုဒ္ဓိသီလံ၊ ပရိယန္တပါရိသုဒ္ဓိသီလမည်၏။ အပရိယန္တပါရိသုဒ္ဓိသီလံ၊ အပရိယန္တပါရိသုဒ္ဓိ သီလသည်။ ကတမံ၊ အဘယ်နည်း။ အပရိယန္တသိက္ခာပဒါနံ၊ အပိုင်းအခြားမရှိသော သိက္ခာပုဒ်ရှိကုန်သော ဝိပဿနာ ယောဂီဖြစ်သော ကလျာဏပုထုဇဉ်နှင့် အရိယာတို့မှ တပါး

ကုန်သော ရဟန်းတော်တို့၏။ ယံ သီလံ၊ အကြင်သီလသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသီလသည်။ အပရိယန္တပါရိသုဒ္ဓိသီလံ၊ အပရိယန္တပါရိသုဒ္ဓိသီလမည်၏။ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ၊ ပရိပုဏ္ဏပါရိသုဒ္ဓိသီလသည်။ ဝါ၊ အပြည့်အစုံ စင်ကြယ်သော သီလသည်။ ကတမံ၊ အဘယ်နည်း။ ကုသလဓမ္မေ၊ ဝိပဿနာကုသိုလ်အကျင့်၌။ ယုတ္တာနံ၊ မပြတ်လုံ့ လယှဉ်ကုန်သော။ သေက္ခပရိယန္တေ၊ သေက္ခတရားလျှင် အပိုင်းအခြားရှိသော ဂေါတြဘူတိုင်အောင်သော ကုသိုလ်တရား၌။ ပရိပူရကာရီနံ၊ အပြည့်အစုံ ဖြည့်ကျင့်လေ့ရှိကုန်သော (ဤ ဝိသေသနပုဒ်တို့ကို ပုထုဇ္ဇနကလျာဏကာနံ ဟူသော ပုဒ်မှာစပ်ပါ)။ ကာယေ စ၊ ကိုယ်၌လည်းကောင်း။ ဇီဝိတေ စ၊ အသက်၌လည်းကောင်း။ အနပေက္ခာနံ၊ မငဲ့ကုန်သော။ ပရိစ္စတ္တဇီဝိတာနံ၊ စွန့်အပ်သော အသက်ရှိကုန်သော။ ပုထုဇ္ဇန ကလျာဏကာနံ၊ ကလျာဏပုထုဇဉ်တို့၏။ ယံ သီလံ၊ အကြင်သီလသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသီလသည်။ ပရိပုဏ္ဏပါရိသုဒ္ဓိသီလံ၊ ပရိပုဏ္ဏပါရိသုဒ္ဓိသီလမည်၏။ အပရာမဋ္ဌပါရိသုဒ္ဓိသီလံ၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလသည်။ ကတမံ၊ အဘယ်နည်း။ သတ္တန္နံ သေက္ခာနံ၊ ခုနစ်ပါးသော သေက္ခပုဂ္ဂိုလ်တို့၏။ ယံ သီလံ၊ အကြင်သီလသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသီလသည်။ အပရာမဋ္ဌပါရိသုဒ္ဓိသီလံ၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလမည်၏။ ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလံ၊ ပဋိပဿဒ္ဓိပါရိသုဒ္ဓိ သီလသည်။ ကတမံ၊ အဘယ်နည်း။ တထာဂတသာဝကာနံ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်ကုန်သော။ ခီဏာသဝါနံ၊ ရဟန္တာတို့၏ လည်းကောင်း။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့၏ လည်းကောင်း။ တထာဂတာနံ၊ ရှေးဘုရားတို့နှင့် အလားတူ ဖြစ်တော်မူကုန်သော။ အရဟန္တာနံ၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့၏ လည်းကောင်း။ ယံ သီလံ၊ အကြင်သီလသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤသီလသည်။ ပဋိပဿဒ္ဓိပါရိသုဒ္ဓိသီလံ၊ ကိလေသာတို့၏ ငြိမ်းအေးခြင်းဖြင့် စင်ကြယ်ခြင်း ရှိသော သီလမည်၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

တတ္ထ၊ ထိုပါဠိ၌။ ဝါ၊ ထိုငါးပါးသော သီလတို့တွင်။ အနုပသမ္ပန္နာနံ၊ လူ သာမဏေတို့၏။ သီလံ၊ သီလသည်။ ဂဏနဝသေန၊ အရေအတွက်အားဖြင့်။ သပရိယန္တတ္တာ၊ အပိုင်းအခြားရှိသည်၏ အဖြစ်ကြောင့်။ ပရိယန္တပါရိသုဒ္ဓိသီလန္တိ၊ ပရိယန္တပါရိသုဒ္ဓိသီလဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဥပသမ္ပန္နာနံ၊ ရဟန်းတော်တို့၏။ သီလံ၊ သီလကို—

"သမ္ပုဒ္ဒေန၊ မြတ်စွာဘုရားသည်။ ပကာသိတာ၊ ဟောတော်မူအပ်ကုန်သော။ ဧတေ သံဝရဝိနယာ၊ သံဝရဝိနည်းခေါ်သော ထိုသိက္ခာပုဒ်တို့သည်။ နဝကောဋ္ဌိသဟဿာနိ စ၊ ကုဋေ ကိုးထောင်တို့သည်လည်းကောင်း။ အသီတိသတကောဋိယော စ၊ ကုဋေတရာ့ရှစ်ဆယ်တို့သည်သည်းကောင်း။ ပဉ္စသသတသဟဿာနိ စ၊ ငါးသန်းတို့သည်လည်းကောင်း။ ပုန၊ တဖန်။ အပရေ၊ တပါးကုန်သော။ ဆတ္တိံသသဟဿာနိ စ၊ သုံးသောင်း ခြောက်ထောင် တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧတေ သိက္ခာ၊ ဤသိက္ခာပုဒ်တို့ကို။ ဝိနယသံဝရေ၊ ဝိနည်းပိဋကတ်၌။ ပေယျာလမုခေန၊ ပေယျာလအမြွက်ဖြင့်။ သင်္ဂီတိကာရကေဟိ၊ သင်္ဂါယနာတင် အရှင်မြတ်တို့သည်။ နိဒ္ဒိဋ္ဌာ၊ ချုံး၍ ပြအပ်ကုန်၏။

(တနည်း) သိက္ခာ၊ ကျင့်အပ်ကုန်သော။ ယေ ဝိနယသံဝရာ၊ တံခါးနှစ်ပေါက်ကို စောင့်ရှောက်ပိတ်ဆို့ကြောင်း ကိုယ်နှုတ်ကို ဆုံးမကမြစ်ကြောင်းဖြစ်ကုန်သော အကြင်အဓိသီလတို့သည်။ ဂဏနတော၊ အရေအတွက် သင်္ချာ အချုပ်အားဖြင့်။ နဝကောဋိသဟဿာနိ၊ ကုဋေ ကိုးထောင်တို့သည်လည်းကောင်း။ အသီတိ သတ ကောဋိယော၊ ကုဋေ တရာ့ရှစ်ဆယ် တို့သည် လည်းကောင်း။ ပဉ္စသသတသဟဿာနိ၊ ငါးသန်းတို့သည်လည်းကောင်း။ ပုန၊ တဖန်။ အပရေ၊ တပါးကုန်သော။ ဆတ္တိံသသဟဿာနိ၊ သုံးသောင်း ခြောက်ထောင် တို့သည်လည်းကောင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧတေ သံဝရဝိနယာ၊ ဤကုဋေကိုးထောင် တရာ့ရှစ်ဆယ် ငါးသန်း သုံးသောင်း ခြောက်ထောင်ကုန်သော သံဝရဝိနယ အဓိသီလတို့ကို။ သမ္ပုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝိတ္ထာရတော၊ အကျယ်အားဖြင့်။ ပကာသိတာ၊ ဟောတော်မူအပ်ကုန်ပြီ။ သင်္ဂီတိကာရကေဟိ၊ သင်္ဂါယနာတင် အရှင်မြတ်တို့သည်။ ဝိနယသံဝရေ၊ ဝိနည်းပိဋကတ်၌။ ပေယျာလမုခေန၊ ပေယျာလနည်း အမြွက်ဖြင့်။ နိဒ္ဒိဋ္ဌာ၊ ချုံး၍ပြအပ်ကုန်ပြီ။

ဧဝံ၊ ဤသို့။ ဂဏနဝသေန၊ အရေအတွက်အစွမ်းအားဖြင့်။ သပရိယန္တမ္ပိ၊ အပိုင်းအခြား ရှိငြားသော်လည်း။ အနဝသေသဝသေန၊ အကြွင်းမဲ့အားဖြင့်။ သမာဒါနဘာဝဥ္စ၊ ဆောက်တည်မှုဖြစ်ခြင်းကိုလည်းကောင်း။ လာဘယသဉာတိအင်္ဂဇီဝိတဝသေန၊ လာဘ် အခြံအရံ ဆွေမျိုး ကိုယ်အင်္ဂါ အသက်တို့၏ အစွမ်းအားဖြင့်။ အဒိဋ္ဌပရိယန္တဘာဝဥ္စ၊ အပိုင်းအခြားကို မမြင်ရခြင်းကို

လည်းကောင်း။ သန္တာယ၊ ရည်၍။ အပရိယန္တပါရိသုဒ္ဓိသီလန္တိ၊ အပရိယန္တ-ပါရိသုဒ္ဓိသီလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ စိရဂုမ္ဗဝါသိက ဒမ္မဒါဒကမဟာတိဿတ္ထေရဿ၊ စိရဂုမ္ဗအရပ်၌ သီတင်းသုံးသော သရက်သီးတို့ကို ကောက်မစားသော မဟာတိဿ မထေရ်၏။ သီလံ ဝိယ၊ သီလကဲ့သို့ပေတည်း။ ဟိ၊ ချဲ့၍ပြအံ့။ သော အာယသ္မာ၊ ထိုအရှင်သည်....

"အင်္ဂဝရဿ ဟေတု၊ မြတ်သော ကိုယ်အင်္ဂါဟူသောအကြောင်း ကြောင့် (ပါရိပန္ထိကစောရ ဒီဟိ၊ လမ်းခြေသော ခိုးသူ လူဆိုးတို့ သည်။ ဥပဒ္ဒုတော၊ နှိပ်စက်အပ်သော)။ နရော၊ လူသည်။ ဓနံ၊ ဥစ္စာကို။ စဇေ၊ စွန့်ရာ၏။ (သပ္ပဒဋ္ဌာဒိကာလေ၊ မြွေကိုက်ခံရသော ကာလစသည်၌) ဇီဝိတံ၊ အသက်ကို။ ရက္ခမာနော၊ စောင့်လိုသော သူသည်။ အင်္ဂံ၊ ကိုယ်အင်္ဂါကို။ စဇေ၊ စွန့်ရာ၏။ ဓမ္မံ အနုဿရန္တော နရော၊ သူတော်ကောင်းတရားကို ဆင်ခြင် အောက်မေ့သောသူ-သည်။) (သုတသောမမဟာရာဇာဒယော ဝိယ၊ သုတသောမမင်းကြီး စသည်တို့ကဲ့သို့။) အင်္ဂဉ္စ၊ ကိုယ်အင်္ဂါကိုလည်းကောင်း။ ဓနဉ္စ၊ ဥစ္စာ ကိုလည်းကောင်း။ ဇီဝိတဉ္စာပိ၊ အသက်ကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံကို။ စဇေ၊ စွန့်ရာ၏။ ဣတိ ဣမံ သပ္ပုရိသာနုဿတိံ၊ ဤသူ တော်ကောင်းတို့၏ အကျင့်ဆင်ခြင် အောက်မေ့ခြင်းကို။ အဝိဇဟန္တော၊ မစွန့်သည်ဖြစ်၍။ ဇီဝိတသံသယေ၊ ဆာလောင်ခြင်းကြောင့် သေ ရှင်နှစ်ချက် အသက်၌ ယုံမှားခြင်းရှိငြားသော်လည်း။ သိက္ခာပဒံ အဝီတိက္ကမ္မ၊ အကပ် မခံပဲ သုံးဆောင်ရန် တားမြစ်သောသိက္ခာပုဒ်ကို မလွန်ကျူးမူ၍။ တဒေဝ အပရိယန္တပါရိသုဒ္ဓိသီလံ၊ ထိုအပရိယန္တပါရိသုဒ္ဓိသီလကိုပင်။ နိဿာယ၊ မှီ၍။ ဥပါသကဿ ပိဋ္ဌိဂတောဝ၊ ဥပါသကာ၏ ကျောက်ကုန်းထက်၌ စီးလျက် ပင်လျှင်။ အရဟတ္တံ ပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။ ယထာ-ဟ၊ အဘယ်သို့ဟောတော်မူသနည်းဟူမူကား–

"ဘိက္ခု၊ ရဟန်း။ အယံ၊ ဤဥပါသကာကြီးသည်။ တေ၊ သင်၏။ န ပိတာ၊ အဖလည်းမဟုတ်ပေ။ ဟော၊ သင်၏။ န မာတာ၊ အမိလည်းမဟုတ်ပေ။ န ဉာတိ၊ ဆွေမျိုးလည်းမဟုတ်ပေ။ နပိ ဗန္ဓဝေါ၊ မိတ်ဆွေလည်းမဟုတ်ပေ။ အထ၊ ထိုသို့ဖြစ်ပါလျက်။ သီလဝန္တဿ ကာရဏာ၊ သီလရှိသည်၏ အဖြစ်ဟူသောအကြောင်းကြောင့်။ တော-ဒိသံ ကိစ္စံ၊ ဤသို့သဘောရှိသော ပခုံးဖြင့် ထမ်းဆောင်ခြင်းအစရှိ သောကိစ္စကို။ ကရောတိ၊ ပြုပါပေ၏"

(၄၅) သံဝေဂံ ဇနယိတွာ၊ ထိတ်လန့်ခြင်း သံဝေဂကို ဖြစ်စေလျက်။ ယောနိသော၊ အသင့်လမ်းမှန်အားဖြင့်။ ဃမ္မသိတွာန၊ သုံးသပ်၍။ တဿ၊ ထိုဥပါသကာ၏။ ပိဋ္ဌိဂတော၊ ကျောက်ကုန်းထက်၌ တည်လျက်ပင်။ အရဟတ္တံ အပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆိုတော်မူ၏။

ပုထုဇနကလျာဏကာနံ၊ ကလျာဏပုထုဇဉ်ရဟန်းတို့၏။ သီလံ၊ သီလသည်။ ဥပသမ္ပဒတော ပဋ္ဌာယ၊ ပဉ္စင်းဖြစ်သည်မှစ၍။ သုဓောတဇာတိမဏိ ဝိယ စ၊ ကောင်းစွာသွေးအပ်ပြီးသော ပတ္တမြားစစ်ကဲ့သို့ လည်းကောင်း။ သုပရိကမ္မကတသုဝဏ္ဏံ ဝိယ စ၊ ကောင်းစွာကြည်အပ်ပြီးသော ရွှေစင်ကဲ့သို့ လည်းကောင်း။ အတိပရိသုဒ္ဓတ္တာ၊ အလွန်စင်ကြယ်သည်၏ အဖြစ်ကြောင့်။ စိတ္တုပ္ပါဒမတ္တကေနပိ၊ ကိလေသာစိတ် ဖြစ်ကာမျှသော်လည်း။ မလေန၊ ဖြစ်သောကိလေသာအညစ်အကြေးမှ။ ဝိရဟိတံ၊ ကင်းသည်ရှိသော်။ အရဟတ္တဿဝ၊ အရဟတ္တဖိုလ်၏သာလျှင်။ ပဒဋ္ဌာနံ ဟောတိ၊ နီးသောအကြောင်းဖြစ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ပရိပုဏ္ဏပါရိသုဒ္ဓီတိ၊ ပရိပုဏ္ဏပါရိသုဒ္ဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကိမိဝ၊ အဘယ်သို့နည်းဟူမူ။ မဟာသံဃရက္ခိတဘာဂိနေယျသံဃရက္ခိတထေရာနံ၊ မဟာသံဃရက္ခိတမထေရ်နှင့် တူတော် စူဠသံဃရက္ခိတမထေရ်တို့၏။ သီလံ ဝိယ၊ သီလကဲ့သို့ပေတည်း။

အတိက္ကန္တသဋ္ဌိဝဿံ၊ ဝါတော်ခြောက်ဆယ် လွန်ပြီးသော။ မဟာသံဃရက္ခိတထေရံ၊ မဟာသံဃရက္ခိတမထေရ်ကို။ မရဏမဉ္စေ၊ သေအံ့သောညောင်စောင်း၌။ နိပန္နံ၊ လျောင်းနေစဉ်။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ လောကုတ္တရာဓိဂမံ၊ လောကုတ္တရာတရားရခြင်းကို။ ပုစ္ဆိ ကိရ၊ မေးသတတ်။ ထေရော၊ မဟာသံဃရက္ခိတမထေရ်သည်။ "မေ၊ ငါ့အား။ ဝါ၊ ငါ့မှာ။ လောကုတ္တရဓမ္မော၊ လောကုတ္တရာတရားသည်။ နတ္ထိတိ၊ မရှိဟု။ အာဟ၊ ပြောဆို၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမထေရ်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးဖြစ်သော။ ဒဟရဘိက္ခု၊ ရဟန်းငယ်သည်။ "ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ပရိနိဗ္ဗုတာတိ၊ ပရိနိဗ္ဗာန်ပြုတော်မူကုန်အံ့ဟု။ သုတွာ၊ သတင်းကြား၍။ သမန္တာ ဒွါဒသယောဇနာ၊ တဆယ့်နှစ်ယူဇနာတိုင်အောင်သော ပတ်ဝန်းကျင်အရပ်မှ။ မနုဿာ၊ လူတို့သည်။ သန္နိပတိတာ၊ စုရုံးရောက်ရှိကြကုန်လျက် နေပါကုန်၏။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပုထုဇနကာလကိရိယာယ၊ ပုထုဇဉ်အဖြစ်ဖြင့်စုတေခြင်းကြောင့်။ ဝါ၊ စုတေခြင်းဖြစ်ပါလျှင်။ မဟာဇနဿ၊ များစွာသောလူအပေါင်းအား။ ဝိပ္ပဋိသာရော၊ နှလုံးမသာခြင်းသည်။ ဘဝိဿတီတိ၊ ဖြစ်ပါလိမ့်မည် ဟု"။ အာဟ၊ လျှောက်၏။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ မေတ္တေယျံ ဘဂဝန္တံ၊ မေတ္တေ-

ယျ မြတ်စွာဘုရားကို။ ပဿိဿာမိတိ၊ ဖူးအံ့ဟု။ စိန္တေတွာ၊ ကြံ၍။ ဝိပဿနံ၊ ဝိပဿနာကို။ န ပဋ္ဌပေသိ၊ အားမထုတ်ပဲနေခဲ့၏။ တေန ဟိ၊ ထိုသို့သင်ပြောသည့်အတိုင်း ဖြစ်ပါမူ။ မံ နိသီဒါပေတွာ၊ ငါ့ကိုထူ၍။ ဩကာသံ ကရောဟီတိ၊ တရားအားထုတ်ရန်ခွင့်ပြုပါဦးလော”ဟု။ ဝတွာ၊ ဆိုလတ်သော်။ သော၊ ထိုရဟန်းငယ်သည်။ ထေရံ၊ မထေရ်ကြီးကို။ နိသီဒါပေတွာ၊ ထူပေးပြီးလျှင်။ ဗဟိ နိက္ခန္တော၊ အပြင်သို့ထွက်သေ၏။ ထေရော၊ မထေရ်ကြီးသည်။ တဿ၊ ထိုရဟန်းငယ်၏။ သဟ နိက္ခမာနာဝ၊ အခန်းအပြင်သို့ထွက်သည်နှင့်တပြိုင်နက်။ အရဟတ္တံ ပတွာ၊ အရဟတ္တဖိုလ်သို့ရောက်၍။ အစ္ဆရိကာယ၊ လက်ဖြစ်အသံဖြင့်။ သညံ အဒါသိ၊ အမှတ်သညာကို ပေး၏။ သံဃော၊ ရဟန်းသံဃာသည်။ သန္နိပတိတွာ၊စည်းဝေးလာရောက်၍။ “ဘန္တေ၊ အရှင်ဘုရား။ ဧဝရူပေ မရဏကာလေ၊ ဤသို့သဘောရှိသော သေခါနီးကာလ၌။ လောကုတ္တရဓမ္မံ နိဗ္ဗတ္တေန္တော၊ လောကုတ္တရာတရားကို အလျှင်အမြန်ဖြစ်စေနိုင်ကုန်သော။ တုမှေ၊ အရှင်ဘုရားတို့သည်။ (ထည့်)။ ဒုက္ကရံ ကရိတ္ထာတိ၊ ပြုနိုင်ခဲသော အမှုကိုပြုတော်မူပါပေကုန်၏ဟု။” အာဟ၊ လျှောက်၏။ “အာဝုသော၊ ငါ့ရှင်တို့။ ဧတံ၊ ဤသေခါနီးကာလ၌ လောကုတ္တရာတရားကို လျင်စွာဖြစ်စေခြင်းသည်ကား။ န ဒုက္ကရံ၊ ခဲယဉ်းသောအမှုမဟုတ်ပေ။ အပိ စ၊ စင်စစ်သော်ကား။ ဒုက္ကရံ၊ ခဲယဉ်းသောအမှုကို။ ဝေါ၊ သင်တို့အား။ အာစိက္ခိဿာမိ၊ ငါပြောကြားပေအံ့။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ပဗ္ဗဇိတကာလတော ပဋ္ဌာယ၊ ရဟန်းဖြစ်သောကာလမှစ၍။ အသတိယာ၊ အမှတ်သတိကင်းသဖြင့်။ ဝါ၊ အမှတ်သတိမရှိပဲ။ အညာဏပကတံ၊ မသိမှု၍ချွတ်ယွင်းစွာပြုမိသော။ ကမ္မံ နာမ၊ အမှုမည်သည်ကို။ န ပဿာမီတိ၊ မမြင်ပေ”ဟု။ အာဟ၊ မိန့်ဆိုပြောကြားတော်မူပေ၏။ အဿ၊ ထိုမဟာသံဃရက္ခိတမထေရ်၏။ ဘာဂိနေယျောပိ၊ တူတော်သည်လည်း။ပညာသ ဝဿကာလေ၊ ဝါတော်ငါးဆယ်ရှိသောအခါ၌။ ဧဝမေဝ၊ ဤအတူပင်။ အရဟတ္တံ ပါပုဏိ၊ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေ၏။

“အပ္ပဿုတောပိ၊ကြားနာအပ်သောတရားသုတမှ ကင်းသည်လည်း။ စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သီလေသု၊ သီလတို့၌လည်း။ အသမာဟိတော၊ ကောင်းစွာမတည်ကြည်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သီလတော စ၊ သီလအားဖြင့်လည်းကောင်း။ သုတေန စ၊ သုတအားဖြင့်လည်းကောင်း။ ဥဘယေန စ၊ နှစ်ပါးစုံအားဖြင့်လည်းကောင်း။နံ၊ထိုရဟန်းကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။(ထည့်)။ ဂရဟန္တိ၊ ကဲ့ရဲ့ကုန်၏။

အပ္ပဿုတော၊ နည်းသောသုတရှိသည်။ စေပိ ဟောတိ၊ အကယ်၍ဖြစ်စေကာမူ။ သီလေသု၊ သီလတို့၌။ သုသမာဟိတော၊ ကောင်းစွာတည်ကြည်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ ဝေ၊ ဤသို့ဖြစ်လျှင်။ နံ၊ ထိုရဟန်းကို။ သီလတော၊ သီလအားဖြင့်။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ တဿ၊ ထိုရဟန်း၏။ သုတံ၊ သုတသည်။ သမ္ပဇ္ဇတေ၊ ပြည့်စုံပေ၏။

ဗဟုဿုတော၊ ကြားနာမှတ်သားထားသောသုတများစွာရှိသည်။ စေပိ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့၊ သီလေသု၊ သီလတို့၌။ အသမာဟိတော၊ ကောင်းစွာမတည်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သီလတော၊ သီလအားဖြင့်။ နံ၊ ထိုရဟန်းကို။ ဂရဟန္တိ၊ ကဲ့ရဲ့ကုန်၏။ အဿ၊ ထိုသီလကင်းသောရဟန်း၏။ သုတံ၊ သုတသည်။ န သမ္ပဇ္ဇတေ၊ မိမိအကျိုး သူတပါးအကျိုးကို မဆောင်နိုင်သောကြောင့် ပြည့်စုံသည် မမည်ပေ။

ဗဟုဿုတောပိ၊ ကြားနာမှတ်သားထားသော သုတ များစွာရှိသည်လည်းကောင်း။ သီလေသု၊ သီလတို့၌။ သုသမာဟိတောပိ၊ ကောင်းစွာတည်ကြည်သည်။ စေ ဟောတိ၊ အကယ်၍ဖြစ်ငြားအံ့။ သီလေန စ၊ သီလအားဖြင့်လည်းကောင်း။ သုတေန စ၊ သုတအားဖြင့်လည်းကောင်း။ ဥဘယေန၊ နှစ်ပါးစုံအားဖြင့်။ နံ၊ ထိုရဟန်းကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။

(၄၆) ဗဟုဿုတံ၊ ကြားနာမှတ်သား များသောသုတရှိသော။ ဓမ္မဓရံ၊ သီလစသောဂုဏ်ကျေးဇူး၏ တည်ရာဖြစ်သော။ သပ္ပညံ၊ လောကီ လောကုတ္တရာပညာနှင့် ပြည့်စုံသော။ ဗုဒ္ဓသာဝကံ၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော။ တံ ဘိက္ခုံ၊ ထိုသို့သောရဟန်းကို။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှာ။ အရဟတိ၊ ထိုက်အံ့နည်း။ ဇမ္ဗောနဒဿ၊ ဇမ္ဗူရစ်ရွှေစင်၏။ နေက္ခံ ဣဝ၊ ကျပ်ချိန် တနိက္ခရှိသော ရွှေသားကဲ့သို့။ နိန္ဒိတုံ၊ ကဲ့ရဲ့ခြင်းငှာ။ အရဟတိ၊ ထိုက်အံ့နည်း။ ဒေဝါပိ၊ နတ်တို့သည်သော်လည်း။ နံ ဘိက္ခုံ၊ ထိုရဟန်းကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဗြဟ္မုနာပိ၊ ဗြဟ္မာသည်လည်း။ ပသံသိတော၊ ချီးမွမ်းထိုက်သည်သာတည်း” (ဗြဟ္မုနာပိ၌ နာဝိဘတ်ကား တတိယာကတ္တား အနက်မှာသက်၍ ပသံသိတော၌ တပစ္စည်းမှာ စပ်ရသည်) ဣတိ၊ ဤသည်ကား စကားတရပ် အပြီးသတ်တည်း။

ပန၊ အဖွဲ့တပါးကား။ သေက္ခာနံ သီလံ၊ သေက္ခပုဂ္ဂိုလ်တို့၏ သီလကို။ ဒိဋ္ဌိဝသေန၊ ဒိဋ္ဌိ၏အစွမ်းအားဖြင့်။ အပရာမဋ္ဌတ္တာ၊ မှားယွင်းစွာ မသုံးသပ်အပ်သည်၏အဖြစ်ကြောင့်။ အပရာမဋ္ဌပါရိသုဒ္ဓိတိ၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝါ ပန၊ တနည်းကား။ ပုထုဇ္ဇနာနံ၊ ပုထုဇဉ်တို့၏။ ရာဂဝသေန၊ ဘဝရာဂ၏အစွမ်းအားဖြင့်။ အပရာမဋ္ဌသီလံ၊ မသုံးသပ်သောသီလကို။ အပရာမဋ္ဌပါရိသုဒ္ဓိတိ၊ အပရာမဋ္ဌပါရိသုဒ္ဓိသီလဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ကုဋုမ္ဗိယပုတ္တတိဿတ္ထေရဿ၊ သူကြွယ်၏သားဖြစ်သောတိဿမထေရ်၏။ သီလံ ဝိယ၊ သီလကဲ့သို့တည်း။ ဟိ၊ ချဲ့ဦးအံ့။ သော အာယသ္မာ၊ ထိုအရှင်တိဿသည်။ တထာရူပံ သီလံ နိဿာယ၊ ထိုသို့သဘောရှိသောသီလကိုမှီ၍။ အရဟတ္တေ ပတိဋ္ဌာတုကာမော၊ အရဟတ္တဖိုလ်၌တည်လိုသည်ဖြစ်၍။ ဝါ၊ တည်လိုသောကြောင့်။ ဝေရိကေ၊ ရန်သူလုဆိုးတို့ကို–

"ဘောန္တော၊ အို အမောင်တို့။ အဟံ၊ ငါသည်။ ဥဘော ပါဒါနိ၊ ခြေထောက်နှစ်ချောင်းတို့ကို။ ဘိန္ဒိတွာ၊ ရိုက်ချိုးပြီးလျှင်။ ဝေါ၊ သင်တို့ကို။ သညာပေသ္ပံ၊ တခြားသို့ ထွက်မပြေးမည့်အကြောင်း သိစေပါအံ့။ အဟံ၊ ငါသည်။ သရာဂမရဏံ၊ ရာဂနှင့်တကွ သေခြင်းကို။ အဋ္ဋိယာမိ၊ စက်ဆုပ်ပါ၏။ ဟရာယာမိ၊ ရှက်နိုးပါ၏။" ဣတိ၊ ဤသို့။ အာဟ၊ ပြောဆိုတောင်းပန်လေ၏။

ဝေါ၊ ရာဂနှင့် သေရမည်မှာ စက်ဆုပ်ဖွယ်, ရှက်ဖွယ် ဖြစ်သည်ဟု ဤသို့သော အခြင်းအရာအားဖြင့်။ စိန္တယိတွာန၊ စဉ်းစား ကြံစည်ပြီးလျှင်။ ယောနိသော၊ အသင့်လမ်းမှန်အားဖြင့်။ သမ္မသိတွာန၊ သုံးသပ်၍။ အရုဏုဂ္ဂမှိ သမ္ပတ္တေ၊ အရုဏ်တက်ချိန်ရောက်လတ်သော်။ အရဟတ္တံ အပါပုဏိံ၊ အရဟတ္တဖိုလ်သို့ ရောက်ခဲ့လေပြီ။ ဣတိ၊ ဤသို့။ ဥဒါနဥ္စ၊ ဥဒါန်းကိုလည်း။ ဥဒါဟရိ၊ ကျူးရင့်မြွက်ဆိုလေပြီ။

အညတရောပိ မဟာထေရော၊ မထင်းရှားသော မထေရ်တပါးသည်။ ဗာဠ္ဟဂိလာနော၊ အသည်းအထန် မကျန်းမာသည်ဖြစ်၍။ သဟတ္ထာ၊ မိမိလက်ဖြင့်။ အာဟာရမ္ပိ၊အာဟာရကိုသော်လည်း။ ပရိဘုဉ္ဇိတုံ အသက္ကောန္တော၊ သုံးဆောင်ခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍။ သကေ မုတ္တကရိသေ၊မိမိ၏ကျင်ကြီး ကျင်ငယ်၌။ ပလိပန္နော၊ ကျံနစ်လျက်။ သမ္ပရိဝတ္တတိ၊ တပြောင်းပြန်ပြန် လူးလိမ့်နေရ၏။ တံ၊ ထိုသို့ လူးလိမ့်နေရသော မထေရ်ကို။ အညတရော ဒဟရော၊ ရဟန်းငယ်တပါးသည်။ ဒိသွာ၊ မြင်၍။ ဇီဝိတသင်္ခါရာ၊ ဇီဝိတိန္ဒြေနှင့် စပ်သော သင်္ခါရတို့သည်။ အဟော ဒုက္ခာတိ၊ ဩော်–ဆင်းရဲကုန်စွ"ဟု။အာဟ၊ညည်းတွားပြောဆိုမိ၏။

တမေန်-တံ နေ့၊ ထိုရဟန်းငယ်ကို။ မဟာထေရော၊ မထေရ်ကြီးသည်။ ဝါ၊ မထေရ်ကြီးက။ "အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဣဒါနိ၊ ယခုအခါ၌။ မိယျမာနော၊ သေသည်ရှိသော်။ တနည်း၊ ဣဒါနိ မိယျမာနော၊ ယခုသေသည်ရှိသော်။ သဂ္ဂသမ္ပတ္တိံ၊ နတ်စည်းစိမ်ကို။ လဘိဿာမိ၊ ရအံ့။ ဧတ္ထ၊ ဤသို့ရအံ့သည်၌။ (ဤ နတ်စည်းစိမ်ကို ရအံ့သည်၌ ) မေ၊ ငါ့အား။ သံသယော၊ ယုံမှားသည်။ နတ္ထိ၊ မရှိပေ။ ပန၊ ထိုသို့ပင် မရှိသော်လည်း။ ဣမံ သီလံ ဘိန္ဒိတွာ၊ ဤရဟန်း၏ သီလကိုဖျက်၍။ လဒ္ဓသမ္ပတ္တိ နာမ၊ ရအပ်သော နတ်စည်းစိမ်မည်သည်။ သိက္ခံ ပစ္စက္ခာယ၊ သိက္ခာကို စွန့်၍။ ပဋိလဒ္ဓဂိဟိဘာဝသဒိသီ၊ ရသောလူ့အဖြစ်နှင့် တူ၏"။ ဣတိ၊ ဤသို့။ ဝတွာ၊ ပြောဆို၍။ "သီလေနေဝ သဒ္ဓိံ မရိဿာမိ"ဣတိ၊ သီလနှင့်သာ အတူတကွ သေအံ့" ဟု။ ဝတွာ၊ဆိုပြီးလျှင်။ တတ္ထေဝ၊ ထိုအိပ်ရာ၌ပင်လျှင်။ နိပဇ္ဇိတွာ၊ လျောင်းလျက်။ တမေဝ ရောဂံ၊ နာကျင် ခံခက်နှိပ်စက်သော ထိုရောဂါ ဝေဒနာကိုပင်။ သမ္မသန္တော၊သုံးသပ်လျက်။ အရဟတ္တံ ပတွာ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင်။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဣမာဟိ ဂါထာဟိ၊ အောက်ပါ ဤ ဂါထာတို့ဖြင့်။ ဗျာကာသိ၊ ဟောကြားတော်မူလေ၏။ –

"အာဝုသော၊ ငါ့ရှင်တို့။ အညတရေန၊ တပါးသော။ ဗျာဓိနာ၊ နှိပ်စက်တတ်သော။ ရောဂေန၊ ရောဂါသည်။ ဖုဋ္ဌဿ၊ နှိပ်စက်ဖိစီးသည်ဖြစ်၍။ ဗာဠှံ၊အသည်းအထန်။ဒုခိတဿ၊ ဆင်းရဲရောက်လျက်။ ရုပ္ပတော၊ ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်သော ကိုယ်ရှိသော။ မေ၊ ငါ၏။ ဣဒံ ကဠေဝရံ၊ ဤကိုယ်ကောင်သည်။ အာတပေ၊ ပူပြင်းသော၊ ဝါ၊ အလွန်ပူသော။ ပံသုနိ၊ မြေပေါ်၌။ ကတံ၊ ပစ်ထားအပ်သော။ ပုပ္ဖံ ယထာ၊ ပန်းကဲ့သို့။ ခိပ္ပံ၊ လျှင်မြန်စွာ၊ ပရိသုဿတိ၊ အကုန်ခြောက်သွေ့သွားလတ္တံ့။

အာဝုသော၊ ငါ့ရှင်တို့။ အညတရေန ရောဂေန၊ တခုသောအနာရောဂါသည်။ ဝါ၊ တခုသော အနာရောဂါက။ ဖုဋ္ဌဿ၊ တွေ့ထိ နှိပ်စက်အပ်သော (မေမှာ စပ်)။ ဝါ၊ တွေ့ထိ နှိပ်စက်အပ်သည်ဖြစ်၍။ ဗာဠှံ ဒုခိတဿ၊ အသည်းအထန်ဆင်းရဲရောက်သော(မေမှာစပ်)။ဝါ၊ အသည်းအထန် ဆင်းရဲရောက်လျက်။ ရုပ္ပတော၊ ဖောက်ပြန်သော ကိုယ်ရှိသော။ မေ၊ ငါ၏။ ဣဒံ ကဠေဝရံ၊ ဤကိုယ်ကောင်သည်။ အာတပေ၊ ပူပြင်းသော။ ဝါ၊ အပူလွန်သော။ ပံသုနိ၊ မြေပေါ်၌။ ကတံ၊ ပစ်ချထားအပ်သော။ ပုပ္ဖံ ယထာ၊ပန်းကဲ့သို့။ ခိပ္ပံ၊ လျင်စွာ။ ပရိသုဿတိ၊ အကုန်ခြောက်သွေ့ သွားလတ္တံ့။

ယတ္ထ၊ အကြင်အပုပ်ကောင်၌။ ပမတ္တာ၊ ရာဂကြောင့် မေ့လျော့ကုန်သော။ အဓိမုစ္ဆိတာ၊ ရာဂဖြင့် မက်မောတွေဝေကုန်သော။ ပဇာ၊ သတ္တဝါတို့သည်။ သုဂတူပပတ္တိယာ၊ သုဂတိဘဝသို့ ရောက်ခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော သီလကိုသော်လည်း။ ဟာပေန္တိ၊ ဆုတ်ယုတ်ပျက်စီးစေကုန်၏။ ( ဤဝါကျသည် ဝိသုဒ္ဓိမဂ်၌ တတိယ ဂါထာ၏ နောက်ပိုင်းထက်ဝက်ဖြစ်သည်။ သို့သော်လည်း ယင်းသည် အနိယတ် ဝါကျဖြစ်သောကြောင့် ဒုတိယ ဂါထာ၏ ရှေ့၌ ဆောင်၍ အနက် ပြန်ဆိုသည်)။ အဇည်၊ နှစ်သက်ဖွယ် မဟုတ် စက်ဆုပ်ဖွယ်ဖြစ်လျက်။ ဇညသင်္ခါတံ၊ နှစ်သက်ဖွယ်ဟု သူမိုက်တို့သည် ပြောဆိုအပ်သော။ အသုစိ၊ မစင်ကြွယ်သည် ဖြစ်ပါလျက်။ သုစိသမ္မတံ၊ စင်ကြယ်သည်ဟု သမုတ်အပ်သော။ နာနာကုဏပပရိပူရံ၊ ကျင်ကြီး ကျင်ငယ် စသော အပုပ်အမျိုးမျိုးတို့ဖြင့် အတိပြည့်သော။ အပဿတော၊ ပညာမျက်စိဖြင့် မမြင်နိုင်သော လူပြိန်းအား။ ဇညရူပံ၊ နှစ်သက်ဖွယ် ထင်အောင် အယောင်ဆောင်ပြတတ်သော။

(၄၇) အာတုရံ၊ ရောဂါအမျိုးမျိုးတို့ဖြင့် နာကျင်ထသော။ ဒုဂ္ဂန္ဓိယံ၊ ပုပ်ညှီသော အနံ့ရှိသော။ အသုစိံ၊ သန့်ရှင်း စင်ကြယ် တပ်မက်ဖွယ် ကင်းထသော။ ဗျာဓိဓမ္မံ၊ နာကျင်ခြင်း သဘောရှိသော။ ဣမံ ပူတိကာယံ၊ ဤအပုပ်ကောင်၏။ ပါ၊ ဤအပုပ်ကောင် ရုပ်ကိုယ်ကို။ မိ၊ စက်ဆုပ်ရွံရှာခြင်းသည်။ တုမှာကံ၊ သင်တို့အား။ အတ္ထု၊ ဖြစ်ပါစေလော။ ဝါ၊ ဖြစ်ပါစေသတည်း” ဣတိ၊ ဤကား ဟောကြားတော်မူခြင်းတည်း။

ပန၊ အဖို့တပါးကား။ အရဟန္တာဒီနံ၊ ရဟန္တာ, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏။ သီလံ၊ သီလကို။ သဗ္ဗဒရထပဋိပဿဒ္ဓိယာ စ၊ အလုံးစုံသော ကိလေသာ ပူပန်မှု၏ ငြိမ်းအေးခြင်းကြောင့် လည်းကောင်း၊ ပရိသုဒ္ဓတ္တာ စ၊ ထက်ဝန်းကျင် စင်ကြယ်ခြင်းကြောင့် လည်းကောင်း။ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိတိ၊ ပဋိပ္ပဿဒ္ဓိပါရိသုဒ္ဓိဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပရိယန္တပါရိသုဒ္ဓိအာဒိဝသေန၊ ပရိယန္တပါရိသုဒ္ဓိ စသည်တို့၏ အစွမ်းအားဖြင့်။ ပဉ္စဝိဓံ၊ ငါးပါးအပြားရှိ၏ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ဒုတိယသီလပဉ္စက

ဒုတိယသီလပဉ္စကေ၊ ဒုတိယသီလပဉ္စက၌။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတ စသည့်တို့ကို။ ပဟာနာဒိဝသေန၊ ပယ်ခြင်း စသည်တို့၏ အစွမ်းအားဖြင့်။

အတ္တော၊ အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ မှန်၏။ ပဋိသမ္ဘိဒါယံ၊ ပဋိ-သမ္ဘိဒါမဂ်ပါဠိတော်၌။ တေ၊ ဤဆိုလတ္တံ့သော အောက်ပါစကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။—

သီလာနိ၊ သီလတို့သည်။ ပဉ္စ၊ ငါးပါးတို့တည်း။ ပါဏာတိပါတဿ၊ ပါဏာတိပါတကို။ ပဟာနံ၊ ပယ်ခြင်းသည်။ ဝါ၊ ပယ်ကြောင်းဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သည်။ သီလံ၊ သီလမည်၏။ ပါဏာတိပါတာ၊ ပါဏာတိ-ပါတမှ။ (ဝိဘတ် ပြန်လိုက်)။ ဝေရမဏီ၊ ကြဉ်ခြင်းသည်။ ဝါ၊ ကြဉ်ကြောင်း ဖြစ်သော ဝိရတီသည်။ သီလံ၊ သီလမည်၏။ ပါဏာတိပါတဿ၊ ပါဏာတိပါတ၏။ ပဋိပက္ခာ၊ ဆန့်ကျင်ဘက်ဖြစ်သော။ စေတနာ၊ စေတနာသည်။ သီလံ၊ သီလမည်၏။ ပါဏာတိပါတဿ၊ ပါဏာတိပါတ ကို။ သံဝရော၊ ပိတ်ဆို့စောင့်ရှောက်ခြင်း သံဝရသည်။ သီလံ၊ သီလ မည်၏။ ပါဏာတိပါတဿ၊ ပါဏာတိပါတကို။ အဝီတိက္ကမော၊ မလွန် ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးတို့ တည်း။ အဒိန္နာဒါနဿ၊ အဒိန္နဒါန်ကို။ ကာမေသုမိစ္ဆာစာရဿ၊ ကာမေသုမိစ္ဆာစာရကို။ မုသာဝါဒဿ၊ မုသာဝါဒကို။ ပိသုဏာယ ဝါစာယ၊ ပိသုဏဝါစာကို။ ဖရုသာယ ဝါစာယ၊ ဖရုသဝါစာကို၊ သမ္ဖပ္ပ-လာပဿ၊ သမ္ဖပ္ပလာပကို။ အဘိဇ္ဈာယ၊ အဘိဇ္ဈာကို။ ဗျာပါဒဿ၊ ဗျာပါဒကို။ မိစ္ဆာဒိဋ္ဌိယာ၊ မိစ္ဆာဒိဋ္ဌိကို။ နေက္ခမ္မေန၊ လောကမှ ထွက် မြောက်ကြောင်းဖြစ်သော နေက္ခမ္မဖြင့်။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒကို။ (ပဟာနံ သီလံ စသည်၌ ယှဉ်လေ)။ အဗျာပါဒေန၊ မေတ္တာဖြင့်။ ဗျာပါဒဿ၊ ဗျာပါဒကို။ အာလောကသညာယ၊ အလင်း၌ အမှတ် သညာဖြင့်။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓကို။ အဝိက္ခေပေန၊ သမာဓိဖြင့်။ ဥဒ္ဓ-စ္စဿ၊ ဥဒ္ဓစ္စကို။ ဓမ္မဝဝတ္ထာနေန၊ ကုသိုလ် စသောတရားတို့ကို ဆုံးဖြတ် ခြင်းဟူသော ဓမ္မဝဝတ္ထာန်ဖြင့်။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာကို။ ဉာဏေန၊ ဉာဏ်ဖြင့်။ အဝိဇ္ဇာယ၊ အဝိဇ္ဇာကို။ ပါမောဇ္ဇေန၊ ပါမောဇ္ဇဖြင့်။ အရ-တိယာ၊ ဈာန်သမာပတ်တို့၌ မမွေ့လျော်ခြင်းကို။ ပဌမေန ဈာနေန၊ ပထမဈာန်ဖြင့်။ နီဝရဏာနံ၊ နီဝရဏတို့ကို။ ဒုတိယေန ဈာနေန၊ ဒုတိယ ဈာန်ဖြင့်။ ဝိတက္ကဝိစာရာနံ၊ ဝိတက်, ဝိစာရတို့ကို။ တတိယေန ဈာနေန၊ တတိယ ဈာန်ဖြင့်။ ပီတိယာ၊ ပီတိကို။ စတုတ္ထေန ဈာနေန၊ စတုတ္ထ-ဈာန်ဖြင့်။ သုခဒုက္ခာနံ၊ သုခ, ဒုက္ခတို့ကို။ အာကာသာနဉ္စာယတန-သမာပတ္တိယာ၊ အာကာသာနဉ္စာယတနသမာပတ်ဖြင့်။ ရူပသညာယ၊ ရူပသညာကိုလည်းကောင်း။ ပဋိဃသညာယ၊ ပဋိဃသညာကိုလည်း ကောင်း။ နာနတ္တသညာယ၊ နာနတ္တသညာကို လည်းကောင်း။ ဝိညာ-

နဥ္စာယတနသမာပတ္တိယာ၊ ဝိညာနဥ္စာယတန သမာပတ်ဖြင့်။ အာကာ-သာနဥ္စာယတနသညာယ၊ အာကာသာနဥ္စာယတနသညာကို။ အာကိဥ္စ-ညာယတနသမာပတ္တိယာ၊ အာကိဥ္စညာယတန သမာပတ်ဖြင့်။ ဝိညာ-နဥ္စာ ယ တ န သ ညာယ၊ ဝိညာနဥ္စာယတနသညာကို။ နေဝသညာ-နာသညာယတနသမာပတ္တိယာ၊ နေဝသညာနာသညာယတနသမာပတ်ဖြင့်။ အာကိဥ္စညာယတနသညာယ၊ အာကိဥ္စညာယတနသညာကို။ အနိစ္စာ-နုပဿနာယ၊ အနိစ္စာနုပဿနာဖြင့်။ နိစ္စသညာယ၊ နိစ္စသညာကို။ ဒုက္ခာနုပဿနာယ၊ ဒုက္ခာနုပဿနာဖြင့်။ သုခသညာယ၊ သုခသညာကို။ အနတ္တာနုပဿနာယ၊ အနတ္တာနုပဿနာဖြင့်။ အတ္တသညာယ၊ အတ္တသညာကို။ နိဗ္ဗိဒါနုပဿနာယ၊ နိဗ္ဗိဒါနုပဿနာဖြင့်။ နန္ဒိယာ၊ နန္ဒီမည်သော အားရနှစ်သက်ခြင်းကို။ ဝိရာဂါနုပဿနာယ၊ ဝိရာဂါနုပဿနာဖြင့်။ ရာဂဿ၊ တပ်မက်သော ရာဂကို။ နိရောဓာနုပဿနာယ၊ နိရောဓာနုပဿနာဖြင့်။ သမုဒယဿ၊ ဖြစ်ခြင်းကို။ ပဋိနိဿဂ္ဂါနုပဿနာယ၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့်၊ အာဒါနဿ၊ စွဲလန်းခြင်းကို။ ခယာနုပဿနာယ၊ ခယာနုပဿနာဖြင့်။ ဃနသညာယ၊ တလုံးတခဲတည်းဟုထင်သော ဃနသညာကို။ ဝယာနုပဿနာယ၊ ဝယာနုပဿနာဖြင့်။ အာယူဟနဿ၊ ပေါင်းစု အားထုတ်ခြင်းကို။ ဝိပရိဏာမာနုပဿနာယ၊ ဝိပရိဏာမာနုပဿနာဖြင့်။ ဓုဝသညာယ၊ မြဲမြံခိုင်ခံ့သည်ဟု ထင်သော ဓုဝ-သညာကို။ အနိမိတ္တာနုပဿနာယ၊ အနိမိတ္တာနုပဿနာဖြင့်။ နိမိတ္တဿ၊ တည်မြဲဟန်နိမိတ်ကို။ အပ္ပဏိဟိတာနုပဿနာယ၊ အပ္ပဏိဟိတာနုပဿနာဖြင့်။ ပဏိဓိယာ၊ တောင့်တခြင်းကို။ သုညတာနုပဿနာယ၊ သုညတာနုပဿနာဖြင့်။ အဘိနိဝေသဿ၊အတ္တဟုမှားသောနှလုံးသွင်းခြင်းကို။အဓိပညာဓမ္မဝိပဿနာယ၊ အဓိပညာဓမ္မဝိပဿနာဖြင့်။ သာရာဒါဘိနိဝေသဿ၊ အနှစ်ရှိသည်ဟု ယူသော နှလုံးသွင်းခြင်းကို။ ယထာဘူတဉာဏဒဿနေန၊ ယထာဘူတဉာဏ်အမြင်ဖြင့်။ သမ္မောဟာဘိနိဝေသဿ၊ တွေဝေသော နှလုံးသွင်းခြင်းကို။ အာဒီနဝါနုပဿ-နာယ၊ အာဒီနဝါနုပဿနာဖြင့်။ အာလယာဘိနိဝေသဿ၊ တွယ်တာသော အားဖြင့် သခါရတို့၌ အားကိုးရာ-ဟု မှားသောအားဖြင့် နှလုံးသွင်းခြင်းကို။ ပဋိသင်္ခါနုပဿနာယ၊ ပဋိသင်္ခါနုပဿနာဖြင့်။ အပ္ပဋိသင်္ခါယ၊ တဖန်မဖြစ်ခြင်းကို။ ဝိဝဋ္ဋနာနုပဿနာယ၊ ဝိဝဋ္ဋနာနုပဿနာဖြင့်။ သညောဂါဘိနိဝေသဿ၊ ယှဉ်တွဲငြိကပ်သောအားဖြင့် သင်္ခါရတို့၌မှားယွင်းစွာ နှလုံးသွင်းခြင်းကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။(၄၇)ဒိဋ္ဌေကဋ္ဌာနံ၊ ဒိဋ္ဌိနှင့်အတူ တဦးတည်း၏သန္တာန်၌ တည်ကုန်သော။ ကိလေသာနံ၊ ကိလေ-သာတို့ကို။ သကဒါဂါမိမဂ္ဂေန၊ သကဒါဂါမိမဂ်ဖြင့်။ ဩဠာရိကာနံ ကိလေသာ-နံ၊ ရုန့်ရင်းကြမ်းတမ်းသော ကိလေသာတို့ကို။ အနာဂါမိမဂ္ဂေန၊ အနာဂါမိမဂ်ဖြင့်။ အဏုသဟဂတာနံ ကိလေသာနံ၊ သိမ်မွေ့သောကိလေသာတို့ကို။

အရဟတ္တေန၊ အရဟတ္တမဂ်ဖြင့်။ သဗ္ဗကိလေသာနံ၊ အလုံးစုံသောကိလေသာတို့ကို။ ပဟာနံ၊ ပယ်ခြင်းသည်။ သီလံ၊ သီလမည်၏။ ဝေရမဏီ၊ ကြဉ်ခြင်းသည်။ စေတနာ၊ စေတနာသည်။ သံဝရော၊ ပိတ်ဆို့စောင့်ရှောက်ခြင်းသည်။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်၊ သီလံ၊ သီလမည်၏။ ဧဝရူပါနိ သီလာနိ၊ ဤသို့သဘောရှိသော သီလတို့သည်။ စိတ္တဿ၊ စိတ်၏။ အဝိပ္ပဋိသာရာယ၊ သာယာရွှင်လန်းခြင်းငှာ၊ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပါမောဇ္ဇာယ၊ နုသောပီတိအလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပီတိယာ၊ အားကြီးသောပီတိအလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပဿဒ္ဓိယာ၊ ကိုယ်စိတ်ငြိမ်းအေးခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ သောမနဿာယ၊ ရွှင်လန်းဝမ်းသာခြင်းအလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အာသေဝနာယ၊ သမာဓိကို မှီဝဲထုံခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ဘာဝနာယ၊ သမာဓိကို ပွားခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဗဟုလီကမ္မာယ၊ အကြိမ်များစွာပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ အလင်္ကာရာယ၊ သမာဓိ၏အဆင်တန်ဆာဖြစ်သောသဒ္ဓိန္ဒြေစသည်တို့၏ဖြစ်ခြင်းအလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏၊ ပရိက္ခာရာယ။ သမာဓိ၏ အထောက်အပံ့အလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပရိဝါရာယ၊ သမာဓိ၏ အခြံအရံဖြစ်သော သတိ ဝီရိယစသော တရားအပေါင်း၏ ပြည့်စုံခြင်းအလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ပါရိပူရိယာ၊ သမာဓိ ထက်ဝန်းကျင် ပြည့်စုံခြင်းငှာ။သံဝတ္တန္တိ။ ဖြစ်ကုန်၏။ ဧကန္တနိဗ္ဗိဒါယ၊ စင်စစ်ငြီးငွေ့ခြင်းငှာ။ ဝိရာဂါယ၊ တပ်မက်ကင်းခြင်းငှာ။ နိရောဓာယ၊ ချုပ်ခြင်းငှာ။ဥပသမာယ၊ ငြိမ်းခြင်းငှာ။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာလေးပါးကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤကား ပဋိသမ္ဘိဒါမဂ်ပါဠိတည်း။

စ၊ ဆက်ဦးအံ့၊ ဧတ္ထ၊ ဤပဋိသမ္ဘိဒါမဂ်ပါဠိ၌။ ပဟာနန္တိ၊ ပဟာနဟူသည်ကား။ ဝါ၊ ပယ်ခြင်းဟူသည်မှာ။ ဝုတ္တပကာရာနံ၊ ဆိုအပ်ပြီးသော အပြားရှိကုန်သော။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတ စသည်တို့ကို။ အနုပ္ပါဒမတ္တံ၊ မဖြစ်စေခြင်းမျှမှ။ ဝါ၊ မဖြစ်စေခြင်းမျှကို။ အညံ၊ တစ်ပါး၊ ကြဉ်၍။ ကောစိ ဓမ္မော နာမ၊ တစုံတခုသောတရားမည်သည်။ နတ္ထိ၊ မရှိပေ။ ပန၊ သို့သော်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ တံ တံ ပဟာနံ၊ ထိုထိုပါဏာတိပါတစသည်ကို မဖြစ်စေခြင်းဟူသော ပယ်ခြင်းသည်။ တဿ တဿ ကုသလဓမ္မဿ၊ ထိုထို ဆိုင်ရာဆိုင်ရာ နောက်နောက်ကုသိုလ်တရား၏။ ပတိဋ္ဌာနဋ္ဌေန၊ တည်ရာ၏ အဖြစ်ဖြင့်။ ဥပဓာရဏံ၊ လွန်စွာဆောင်တတ်သော တည်ရာဖြစ်ပေ၏။ ဝိကမ္ပာဘာဝကရဏေန၊ တုန်လှုပ်ခြင်းမရှိသည်ကို ပြုသဖြင့်။ သမာဒါနဉ္စ၊ ကောင်းစွာ အညီအညွတ်ထားခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။

ပုဗ္ဗေ၊ ရှေးသီလ၏ အနက်ကိုပြရာ၌။ ဝုတ္တေနေဝ၊ ဆိုခဲ့ပြီးသောလျှင်ဖြစ်သော။ ဥပမာရဏသမာဒါနသခါတေန၊ လွန်စွာဆောင်ခြင်း, ကောင်းစွာထားခြင်းဟုဆိုအပ်သော။ သီလဋ္ဌေန၊ သီလအနက်ဖြင့်။ သီလန္တိ၊ သီလဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတရေ၊ ဤပဟာနမှတပါးကုန်သော။ စတ္တာရော မေ္မာ၊ ဝေရမဏီ, စေတနာ, သံဝရ, အဝီတိက္ကမဟူသော လေးပါးသော တရားတို့ကို။ တတော တတော၊ ထိုထိုပါဏာတိပါတ စသည်မှ။ ဝေရမဏိဝသေန စ၊ ကြဉ်ခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ တဿ တဿ၊ ထိုထိုပါဏာတိပါတစသည်ကို၊ သံဝရဝသေ-န စ၊ ပိတ်ဆို့စောင့်ရှောက်ခြင်း၏အစွမ်းအားဖြင့်လည်းကောင်း။ တဒုဘယ-သမ္ပယုတ္တ စေတနာဝသေန စ၊ ထိုနှစ်ပါးသောကြဉ်ခြင်း ပိတ်ဆို့စောင့်ရှောက်ခြင်းကိုနှင့်ယှဉ်သော စေတနာ၏ အစွမ်းအားဖြင့် လည်းကောင်း။ တံ တံ အဝီတိက္ကမန္တဿ၊ ထိုထို ပါဏာတိပါတ စသည်ကို မလွန်ကျူးသော ပုဂ္ဂိုလ်၏။ အဝီတိက္ကမနဝသေန စ၊ မလွန်ကျူးခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ စေတသော၊ စိတ်၏။ ပဝတ္တိသဗ္ဘာဝံ သန္ဓာယ၊ ငြိတ်ဖြစ်ခြင်း၏ ရှိခြင်းကိုရည်၍။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ ပန၊ ဆက်ဦးအံ့။ ဘေသံ၊ ထိုဝေရမဏီစသော လေးပါးတို့၏။ သီလဋ္ဌော၊ သီလအဖြစ်ကို။ ပုဗ္ဗေ၊ ရှေး၌။ ပကာသိတောယေဝ၊ ပြအပ်ပြီးသည်သာတည်း။ ဣတိ၊ ဤသည်လျှင် စကားတရပ် အပြီးသတ်သတည်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ပဟာနသီလာဒိဝသေန၊ ပဟာနသီလစသည့် အစွမ်းအားဖြင့်။ ပဥ္စဝိဓံ၊ ငါးပါးအပြားရှိ၏။

စ၊ ဆက်ဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသောစကားဖြင့်။ ကိံ သီလံ ကေနဋ္ဌေန သီလံ ကာနဿ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ ကိမာနိသံသံ သီလံ ကတိဝိဓံ စေတံ သီလန္တိ၊ ကိံ သီလံ, ကေနဋ္ဌေန သီလံ, ကာနဿ လက္ခဏရသပစ္စုပဋ္ဌာန-ပဒဋ္ဌာနာနိ, ကိမာနိသံသံ သီလံ, ကတိဝိဓံ စေတံ သီလံ ဟူကုန်သော။ ဣမေသံ ပဥ္ဟာနံ၊ ဤပြဿနာတို့၏။ ဝိဿဇ္ဇနံ၊ အဖြေကား။ နိဋ္ဌိတံ၊ ပြီးဆုံးပေပြီ။

## သီလသံကိလေသ,ဝေါဒါန

### သီလ၏ ညစ်ညူးကြောင်း, ဖြူစင်ကြောင်း

၂၁။ ပန၊ အဖွင့်တပါးကား။ "ကော စဿ သံကိလေသော, ကိံ ဝေါဒါနန္တိ" ကော စဿ သံကိလေသော, ကိံ ဝေါဒါနံ-ဟူ၍။ ယံ ဝစနံ၊ အကြင် ပုစ္ဆာ စကားကို။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ တတြ ဝစနေ၊ ထိုဆိုအပ်ခဲ့ပြီးသော စကားရပ်၌။ ဝိဿဇ္ဇနံ၊ အဖြေကို။ ဝဒါမ၊ ဆိုကုန်အံ့။ ခဏ္ဍာဒိဘာဝေါ၊ ကျိုးခြင်း အစရှိသည်၏ အဖြစ်သည်။ သီလဿ သံကိလေသော၊ သီလ၏ ညစ်ညူးကြောင်းပေတည်း။ အခဏ္ဍာဒိဘာဝေါ၊ မကျိုးခြင်း အစရှိသည်၏ အဖြစ်သည်။ သီလဿ ဝေါဒါနံ၊ သီလ၏ ဖြူစင်ကြောင်းမည်၏။ ပန၊ ချဲ့ဦးအံ့။ သော ခဏ္ဍာဒိဘာဝေါ၊

ထို သီလ၏ ကျိုးခြင်း စသည်ကို။ လာဘယသာဒိဟေတုကေန၊ လာဘ်, အခြံအရံ, ဆွေမျိုး, ကိုယ်အင်္ဂါ, အသက် စသည်လျှင် အကြောင်းရှိသော။ ဘေဒေန စ၊ ပျက်ခြင်းဖြင့်လည်းကောင်း။ သတ္တဝိဓမေထုနသံယောဂေန စ၊ ခုနစ်ပါးသော မေထုန်ငယ်တို့နှင့်စပ်ခြင်းဖြင့်လည်းကောင်း။ သင်္ဂဟိတော။ ရေတွက်အပ်၏။

တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ၊ မှန်၏။ ယဿ၊ အကြင်ရဟန်း၏။ သတ္တသု အာပတ္တိက္ခန္ဓေသု၊ ခုနစ်ပါးသော အာပတ်အစုတို့တွင်။ အာဒိမှိ ဝါ၊ အစ၌သော်လည်းကောင်း။ အန္တေ ဝါ၊ အဆုံး၌သော်လည်းကောင်း။ သိက္ခာပဒံ၊ သိက္ခာပုဒ်သည်။ ဘိန္နံ ဟောတိ၊ ပျက်ပြားအံ့။ တဿ သီလံ၊ ထိုရဟန်း၏ သီလသည်။ ပရိယန္တေ၊ အနားအစွန်၌။ ဆိန္နသာဋကော ဝိယ၊ ပြတ်သောပုဆိုးကဲ့သို့။ ခဏ္ဍာ နာမ ဟောတိ၊ ကျိုးသည် ပြတ်သည် မည်၏။ (၄၉) ပန၊ ထိုမှတပါး။ ယဿ၊ အကြင်ရဟန်း၏။ သိက္ခာပဒံ၊ သိက္ခာပုဒ်သည်။ ဝေမဇ္ဈေ၊ အလယ်၌၊ ဘိန္နံ၊ ပျက်ပြားအံ့။ တဿ၊ ထိုရဟန်း၏။ သီလံ၊ သီလသည်။ မဇ္ဈေ၊ အလယ်၌။ ဆိဒ္ဒသာဋကော ဝိယ၊ ပေါက်သောအဝတ်ကဲ့သို့။ ဆိဒ္ဒံ နာမ ဟောတိ၊ ပေါက်သည် မည်၏။ ယဿ၊ အကြင်ရဟန်းအား။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဒွေ တီဏိ၊ နှစ်ပါး သုံးပါးသော သိက္ခာပုဒ်တို့သည်။ ဘိန္နာနိ၊ ပျက်ကုန်ပြားအံ့။ တဿ၊ ထိုရဟန်း၏။ သီလံ၊ သီလသည်။ ပိဋ္ဌိယာ ဝါ၊ ကျောက်ကုန်း၌သော်လည်းကောင်း။ ကုစ္ဆိယာ ဝါ၊ ဝမ်း၌သော်လည်းကောင်း။ ဥဋ္ဌိတေန၊ ရောက်သော။ ဝါ၊ ဖြစ်ပေါ်သော။ ဝိသဘာဂဝဏ္ဏေန၊ အမျိုးကွဲအဆင်းဖြင့်။ ကာဠရတ္တာဒီနံ၊ အမဲ အနီ စသည်တို့တွင်။ အညတရသရီရဝဏ္ဏာ၊ တပါးပါးသော ကိုယ်အဆင်းရှိသော၊ ဂါဝီ ဝိယ၊ နွားမကဲ့သို့။ သဗလံ နာမ ဟောတိ၊ ကြောင်ကျားသည်မည်၏။ ယဿ၊ အကြင်ရဟန်း၏၊ သီလံ၊ သီလသည်၊ အန္တရန္တရာ၊ အကြားအကြား၌။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့သည်။ ဘိန္နာနိ၊ ပျက်ကုန်ပြားအံ့။ တဿ၊ ထိုရဟန်း၏၊ သီလံ၊ သီလသည်။ အန္တရန္တရာ၊ အကြားအကြား၌။ ဝိသဘာဂဗိန္ဒုဝိစိတြာ၊ အမျိုးကွဲသောအဆင်း အပြောက်အကွက်တို့ဖြင့် ဆန်းကြယ်သော အဆင်းရှိသော။ ဂါဝီ ဝိယ၊ နွားမကဲ့သို့။ ကမ္မာသံ နာမ၊ အပြောက် အကွက် ရှိသည် မည်၏။ ဧဝံ၊ ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်။ လာဘာဒိဟေတုကေန ဘေဒေန၊ လာဘ် စသည် လျှင် အကြောင်းရှိသော ပျက်ခြင်းဖြင့်၊ ခဏ္ဍာဒိဘာဝေါ၊ သီလ၏ ကျိုးခြင်း စသည်သည်။ ဧဝံ၊ ဤဆိုခဲ့သည့် အတိုင်းပင်။ ဟောတိ၊ ဖြစ်၏။

ဧဝံ ဤဆိုပြဆဲ့သော အခြင်းအရာအားဖြင့်။ သတ္တဝိဓမေထုနသံယောဂဝသေန၊ ခုနစ်ပါးသော မေထုန်ငယ်တို့နှင့် ယှဉ်သည်၏ အစွမ်းအားဖြင့်။ ခဏ္ဍာဒိဘာဝေါ၊ ကျိုးခြင်းစသည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်—

၁။ "ဗြာဟ္မဏ၊ ဇာဏုသောဏိပုဏ္ဏား။ ဣဓ၊ ဤလောက၌။ ဧကစ္စော
သမဏော ဝါ၊ အချို့သော သမဏသည် လည်းကောင်း။ ဝါ၊
အချို့သော သမဏဖြစ်စေ။ ဧကစ္စော ဗြာဟ္မဏော ဝါ၊ အချို့သော
ဗြာဟ္မဏသည် လည်းကောင်း။ ဝါ၊ အချို့သော ဗြာဟ္မဏဖြစ်စေ။
(ဧကစ္စော ပုဒ်သည် သမဏော ဝါ ဗြာဟ္မဏော ဝါ ပုဒ်တို့၏ ဝိသေ-
သနဖြစ်သည်။ အဓိပ္ပာယ်လွယ်ကူစေရန် နှစ်ပုဒ်စလုံးတွဲလျက် မြန်မာ
ပြန်ထားသည်)။ သမ္မာ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကောင်းစွာ
ကျင့်သူဟု။ ပဋိဇာနမာနော၊ ဝန်ခံပါလျက်။ မာတုဂါမေန သဒ္ဓိံ၊
မာတုဂါမနှင့် အတူတကွ။ ဒွယံ ဒွယသမာပတ္တိံ၊ နှစ်ယောက်နှစ်ယောက်
တို့ ရောက်အပ် ကျင့်အပ်သော မေထုန်ကြီးသို့။ (မေထုယ်နှင့်
ကွဲပြားစေရန် မေထုန်ကြီးဟု ပြန်ထားသည်)။ နဟေဝ ခေါ သမာ-
ပဇ္ဇတိ၊ ရောက်သည်မူကား မဟုတ်ပေ။ အထ ခေါ၊ စင်စစ်သော်ကား။
မာတုဂါမဿ၊ မိန်းမ၏။ ဥစ္ဆာဒနံ၊ နံ့သာစသည်ဖြင့် လိမ်းကျံပွတ်သပ်
ပေးခြင်းကို လည်းကောင်း။ ပရိမဒ္ဒနံ၊ နှိပ်နယ်ပေးခြင်းကို လည်း
ကောင်း။ နှာပနံ၊ ရေချိုးပေးခြင်းကို လည်းကောင်း။ သမ္ဗာဟနံ၊
ဆုပ်နယ်ပေးခြင်းကို လည်းကောင်း။ သာဒိယတိ၊ သာယာလက်ခံ၏။
သော၊ ထိုသမဏဗြာဟ္မဏသည်။ တံ၊ ထိုမာတုဂါမ၏ လိမ်းကျံပွတ်သပ်
ပေးခြင်းစသည်ကို။ အဿာဒေတိ၊ နှစ်သက်သာယာ၏။ တံ၊ ထိုမာတု-
ဂါမ၏ လိမ်းကျံပွတ်သပ် ပေးခြင်းစသည်ကို။ နိကာမေတိ၊ အလိုရှိ၏။
တေန စ၊ ထိုမာတုဂါမ၏ လိမ်းကျံပွတ်သပ် ပေးခြင်းစသည်ဖြင့်လည်း။
ဝိတ္တိံ၊ နှစ်သက်သာယာခြင်းသို့။ အာပဇ္ဇတိ၊ ရောက်၏။ တနည်း။ ဝိတ္တိံ
အာပဇ္ဇတိ၊ နှစ်သက်အားရ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤသို့မာတု-
ဂါမ၏ ပြုစုမှုကို သာယာခြင်းစသော အမှုသည်လည်း။ ဗြဟ္မစရိယဿ၊
မြတ်သောအကျင့်သီလ၏။ ခဏ္ဍမ္ပိ၊ ကျိုးပျက်သည်လည်းမည်၏။ ဆိဒ္ဒမ္ပိ၊
အပေါက်လည်းမည်၏။ သဗလမ္ပိ၊ အကြောင်အကျားလည်းမည်၏။ ကမ္မာ-
သမ္ပိ၊ အပြောက် အကွက်သည်းမည်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤသို့
သော သမဏဗြာဟ္မဏကို။ မေထုနေန သံယောဂေန၊ မေထုယ်နှင့်စပ်
ယှဉ်လျက်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အပရိသုဒ္ဓံ၊ မစင်မကြယ်။
စရတိ၊ ကျင့်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။
ဇရာယ၊ အိုခြင်းမှ၊ မရဏေန၊ သေခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်နိုင်ချေ။ ပ။
ဒုက္ခသ္မာ၊ ဆင်းရဲဒုက္ခမှ၊ န ပရိမုစ္စတိ၊ မလွတ်နိုင်ချေ။ ဣတိ၊ ဤသို့၊ အဟံ၊
ငါသည်။ ဝဒါမိ၊ ဆို၏။ (နောက်အပိုဒ်များကို ပေယျာလ ဖော်၍
အပြည့်အစုံ အနက်ပြန်သည်။ ညဏ်နုသော ပုဂ္ဂိုလ်များအတွက်သာ)။

၂။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော နဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံ ဒွယသမာပတ္တိံ သမာပဇ္ဇတိ။ နပိ မာတုဂါမဿ ဥစ္ဆာဒနံ ပရိ-မဒ္ဒနံ နှာပနံ သမ္ဗာဟနံ သာဒိယတိ။ အပိ စ ခေါ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီဠတိ သံကေလာယတိ၊ သော တဒဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ။ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန န ပရိမုစ္စတိ ဇာတိယာ၊ ဇရာယ၊ မရဏေန။ ပ။ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၂။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ပုန စ၊ တဖန်လည်း။ အပရံ၊ တပါးကား။ ဣဓ၊ ဤလောက၌။ ဧကစ္စော သမဏော ဝါ၊ အချို့သော သမဏ သည်လည်းကောင်း။ ဝါ၊ အချို့သော သမဏဖြစ်စေ။ ဧကစ္စော ဗြာဟ္မဏော ဝါ၊ အချို့သော ဗြာဟ္မဏဖြစ်စေ။ ဝါ၊ အချို့သော ဗြာဟ္မဏ သည်လည်းကောင်း။ သမ္မာ ဗြဟ္မစာရီ၊ မြတ်သောအကျင့် သီလကို ကောင်းစွာကျင့်သူဟု။ ပဋိဇာနမာနော၊ ဝန်ခံပါလျက်။ မာတုဂါမေန သဒ္ဓိံ၊ မာတုဂါမနှင့် အတူတကွ။ ဒွယံ ဒွယသမာပတ္တိံ၊ နှစ်ယောက် နှစ်ယောက်တို့ ရောက်အပ်ကျင့်အပ်သော မေထုန်ကြီးသို့။ နဟေဝ ခေါ သမာပဇ္ဇတိ၊ ရောက်သည်မူကား မဟုတ်ပေ။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥစ္ဆာဒနံ၊ နံ့သာစသည်ဖြင့် လိမ်းကျံ ပွတ်သပ်ပေးခြင်းကို လည်း ကောင်း။ ပရိမဒ္ဒနံ၊ နှိပ်နယ်ပေးခြင်းကိုလည်းကောင်း။ နှာပနံ၊ ရေချိုး ပေးခြင်းကိုလည်းကောင်း။ သမ္ဗာဟနံ၊ ဆုပ်နယ်ပေးခြင်းကို လည်း ကောင်း။ နပိ သာဒိယတိ၊ သာယာသည်ကားမဟုတ်ပေ။ အပိ စ ခေါ၊ စင်စစ်သော်ကား။ မာတုဂါမေန သဒ္ဓိံ၊ မာတုဂါမနှင့် အတူတကွ။ သဉ္ဇဂ္ဃတိ၊ ပြင်းစွာရယ်၏။ သံကီဠတိ၊ ကိုယ်လက်ထိပါး ကစား၏။ သံကေလာယတိ၊ ယုယုယယ ပြောဆိုပြုမူ၏။ သော၊ ထိုရဟန်းသည်။ တံ၊ ထိုပြင်းစွာ ရယ်ခြင်းစသည်ကို။ အဿာဒေတိ၊ နှစ်သက်သာယာ၏။ တံ၊ ထိုပြင်းစွာရယ်ခြင်းစသည်ကို။ နိကာမေတိ၊ အလိုရှိ၏။ တေန စ၊ ထိုပြင်းစွာရယ်ခြင်း စသည်ဖြင့်လည်း။ ဝိတ္တိံ အာပဇ္ဇတိ၊ နှစ်သက်သာ ယာခြင်းသို့ရောက်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤသို့မာတုဂါမ၏ ပြုစု မှုကို သာယာခြင်းစသော အမှုသည်လည်း။ ဗြဟ္မစရိယဿ၊ မြတ်သော အကျင့်သီလ၏။ ခဏ္ဍမ္ပိ၊ ကျိုးပျက်သည်လည်းမည်၏။ ဆိဒ္ဒမ္ပိ၊ အပေါက် လည်းမည်၏။ သဗလမ္ပိ၊ အကြောင်အကျားလည်းမည်၏။ ကမ္မာသမ္ပိ၊

အပြောက်အကွက်လည်းမည်၏။ ဗြဟ္မစာ၊ပုဏ္ဏား။ အယံ၊ ဤသို့သော သမဏ ဗြာဟ္မဏကို။ မေထုနေန သံယောဂေန၊ မေထုန်ငယ်နှင့်ပေါင်းယှဉ်လျက်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အပရိသုဒ္ဓံ၊ မစင်မကြယ်။ စရတိ၊ကျင့်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ ဇရာယ၊ အိုခြင်းမှ။ မရဏေန၊ သေခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်နိုင်ချေ။ ပ။ ဒုက္ခသ္မာ၊ ဆင်းရဲဒုက္ခမှ။ န ပရိမုစ္စတိ၊ မလွတ်နိုင်ချေ။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ ဝဒါမိ၊ဆို၏။

၃။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ၊ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော နဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံ ဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒနံ ပရိမဒ္ဒနံ နှာပနံ သမ္ဗာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီဠတိ သံကေလာယတိ၊ အပိ စ ခေါ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ ပေက္ခတိ သော တဒဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒံ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ။ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ။ ဇရာယ မရဏေန ။ ပ ။ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၃။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ပုန စပရံ၊ တဖန်တပါးသော်ကား။ ဣဓ၊ ဤလောက၌။ ဧကစ္စော သမဏော ဝါ၊ အချို့သော သမဏသည် လည်းကောင်း။ ဝါ၊ အချို့သောသမဏဖြစ်စေ။ ဧကစ္စော ဗြာဟ္မဏော ဝါ၊ အချို့သော ဗြာဟ္မဏသည် လည်းကောင်း။ ဝါ၊ အချို့သော ဗြာဟ္မဏဖြစ်စေ။ သမ္မာ ဗြဟ္မစာရီ၊ မြတ်သော အကျင့်သီလကို ကောင်းစွာကျင့်သူဟု။ ပဋိဇာနမာနော၊ ဝန်ခံပါလျက်။ မာတုဂါမေန သဒ္ဓိံ၊ မာတုဂါမနှင့် အတူတကွ။ ဒွယံ ဒွယသမာပတ္တိံ၊ နှစ်ယောက် နှစ်ယောက်တို့ ရောက်အပ်ကျင့်အပ်သော မေထုန်ကြီးသို့။ န ဟေဝ ခေါ သမာပဇ္ဇတိ၊ ရောက်သည်မူကား မဟုတ်ပေ။ မာတုဂါမဿ၊ မာတုဂါမ၏။ ဥစ္ဆာဒနံ၊ နံ့သာစသည်ဖြင့် လိမ်းကျံ ပွတ်သပ်ပေးခြင်း ကိုလည်းကောင်း။ ပရိမဒ္ဒနံ၊ နှိပ်နယ်ခြင်းကို လည်းကောင်း။ နှာပနံ၊ ရေချိုးပေးခြင်းကိုလည်းကောင်း။ သမ္ဗာဟနံ၊ ဆုပ်နယ်ပေးခြင်းကို လည်းကောင်း။ နပိ သာဒိယတိ၊ သာယာသည်ကားမဟုတ်ပေ။ မာတုဂါမေန သဒ္ဓိံ၊ မာတုဂါမနှင့် အတူတကွ။ နပိ သဉ္ဇဂ္ဃတိ၊ ပြင်းစွာ မရယ်။ နပိ သံကီဠတိ၊ ကိုယ်လက်ထိပါး မကစား။ နပိ သံကေလာယတိ၊ ယုယုယယ မပြောဆို။ အပိ စ၊ စင်စစ်သော်ကား။ မာတုဂါမဿ

စက္ခုနာ၊ မာတုဂါမ၏ မျက်စိနှင့်။ စက္ခုံ၊ မိမိမျက်စိကို။ ဥပနိဇ္ဈာယတိ၊ စူးစူးစိုက်စိုက်ကြည့်၏။ ပေက္ခတိ၊ တစိတစောင်းငဲ့၍ကြည့်၏။ သော၊ ထိုရဟန်းသည်။ တံ၊ ထိုကြည့်ခြင်းကို။ အဿာဒေတိ၊ သာယာနှစ်သက်၏။ တံ၊ထိုကြည့်ခြင်းကို။ နိကာမေတိ၊ အလိုရှိ၏။ တေန၊ ထိုပြင်းစွာ ရယ်ခြင်းစသည်ဖြင့်လည်း။ ဝိတ္တိံ အာပဇ္ဇတိ၊ နှစ်သက်သာယာခြင်းသို့ရောက်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒမ္ပိ၊ ဤသို့ မာတုဂါမ၏ ပုံစံမှုကို သာယာခြင်းစသော အမှုသည်လည်း။ ဗြဟ္မစရိယဿ၊ မြတ်သောအကျင့်သီလ၏။ ခဏ္ဍမ္ပိ၊ ကျိုးပျက်သည်လည်းမည်၏။ ဆိဒ္ဒမ္ပိ၊ အပေါက်လည်းမည်၏။ သဗလမ္ပိ၊ အကြောင် အကျားလည်း မည်၏။ ကမ္မာသမ္ပိ၊ အပြောက်အကွက်လည်းမည်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤသို့သော သမဏ ဗြာဟ္မဏကို။ မေထုနေန၊ မေထုနယ်နှင့် စပ်ယှဉ်လျက်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အပရိသုဒ္ဓံ၊ မစင်မကြယ်။ စရတိ၊ ကျင့်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်းမှ။ ဇရာယ၊ အိုခြင်းမှ။ မရဏေန၊ သေခြင်းမှ။ န ပရိမုစ္စတိ၊ မလွတ်နိုင်ချေ။ ပ ။ ဒုက္ခသ္မာ၊ ဆင်းရဲခြင်းဒုက္ခမှ။ န ပရိမုစ္စတိ၊ မလွတ်နိုင်ချေ ။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။

၄။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော န ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံ ဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒနပရိမဒ္ဒနန္ဟာပနသမ္ဗာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီဠတိ သံကေလာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ၊ ပေက္ခတိ၊ အပိ စ ခေါ မာတုဂါမဿ သဒ္ဒံ သုဏာတိ၊ တိရောကုဍ္ဍာ ဝါ တိရောပါကာရ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ၊ သော တဒဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစာရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ။ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစာရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ၊ ဇရာယ မရဏေန။ပ။ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၄။ (အထူးကိုသာ မြန်မာပြန်မည်)။ အပိ စ ခေါ၊ စင်စစ်သော်ကား။ တိရောကုဍ္ဍာ ဝါ၊ နံရံတဘက်မှလည်းကောင်း။ ဝါ၊ နံရံတဘက်မှဖြစ်စေ။ တိရောပါကာရ ဝါ၊ တံတိုင်းတဘက်မှလည်းကောင်း။ တံတိုင်းတဘက်မှဖြစ်စေ။ ဟသန္တိယာ ဝါ၊ ရယ်သည်မူလည်းဖြစ်သော။ ဘဏန္တိယာ ဝါ၊ ပြောဆိုသည် မူလည်းဖြစ်သော။ ဂါယန္တိယာ ဝါ။ သီချင်း သီဆိုသည်

မူလည်းဖြစ်သော။ ရောဒန္တိယာ ဝါ၊ငိုသည်မူလည်းဖြစ်သော။ မာတုဂါမ- ဿ၊ မာတုဂါမ၏။ သဒ္ဒံ၊ အသံကို။မာတုဂါမဿ သဒ္ဒံ၊ မိန်းမ၏ရယ်သံ, ပြောဆိုသံ, သီချင်းဆိုသံ, ငိုသံကို။သုဏာတိ၊ နားထောင်၏။ သော၊ ထိုရဟန်းသည်။ တံ၊ ထိုအသံကို။ အဿာဒေတိ၊ သာယာနှစ်သက်၏။ (တူပြီ)။

၅။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော နဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံ ဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒနပရိမဒ္ဒနန္ဟာပန- သမ္ဗာဟနံ သာဒိယတိ။ နပိ မာတုဂါမေန သဒ္ဓိံ သဥ္ဇဂ္ဃတိ သံကီဠတိ၊ သံကေလာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ ပေက္ခတိ။ နပိ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋာ ဝါ တိရောပါ- ကာရာ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ။ အပိ စ ခေါ ယာနိဿ တာနိ ပုဗ္ဗေ မာတုဂါမေန သဒ္ဓိံ ဟသိတ- လပိတကီဠိတာနိ၊ တာနိ အနုဿရတိ။ သော တဒဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မ- စရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ၊ ဇရာယ မရဏေန။ပ။ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၅။ (မတူသည်ကိုသာ ရေးအံ့)။ အပိ စ၊ စင်စစ်သော်ကား။ အဿ၊ ထိုသမဏ ဗြာဟ္မဏ၏။ ပုဗ္ဗေ၊ အကျင့်ကို ဆောက်တည်သည်မှ ရှေး ကာလ၌။ မာတုဂါမေန သဒ္ဓိံ၊ မာတုဂါမနှင့် အတူတကွ။ ယာနိ တာနိ ဟသိတ လပိတ ကီဠိတာနိ၊ အကြင်ရယ်ရွှင်ပြောဆို ကိုယ်လက်ထိပါး ကစားမြူးတူးဘူးသော အမှုအရာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ၊ ထိုသို့ မွေ့လျော်ဘူးသော အမှုအရာတို့ကို။ အနုဿရတိ၊ အဖန်ဖန် အောက်မေ့၏။ သော၊ ထိုသမဏ ဗြာဟ္မဏသည်။ တံ၊ ထိုရယ်ရွှင် ပြောဆိုဘူး ကစားဘူးသော အမှုအရာကို။ အဿာဒေတိ၊ နှစ်သက် သာယာ၏။ (တူပြီ)။

၆။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော န ဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံ ဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒနပရိမဒ္ဒန- န္ဟာပနသမ္ဗာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သဥ္ဇဂ္ဃတိ သံကီဠတိ သံကေလာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိ- ဇ္ဈာယတိ ပေက္ခတိ၊ နပိ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋာ ဝါ

တိရောပါကာရာ ဝါ ဟာသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိယာ ဝါ။ နပိ ယာနိဿာ တာနိ ပုဗ္ဗေ မာတုဂါမေန သဒ္ဓိံ ဟသိတလပိတကီဠိတာနိ၊ တာနိ အနုဿရတိ။ အပိ စ ခေါ ပဿတိ ဂဟပတိံ ဝါ ဂဟပတိပုတ္တံ ဝါ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတံ သမင်္ဂီဘူတံ ပရိစာရယမာနံ၊ သော တဒဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ၊ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ၊ ဇရာယ၊ မရဏေန ။ပ။ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၆။ အပိ စ ခေါ၊ စင်စစ်သော်ကား။ ပဉ္စဟိ ကာမဂုဏေဟိ၊ ငါးပါး အာရုံ ကာမဂုဏ်တို့နှင့်။ သမပ္ပိတံ၊ တကွဖြစ်သည်။ ဝါ၊ တကွဖြစ်လျက်။ သမင်္ဂီဘူတံ၊ ပြည့်စုံသည်ဖြစ်၍။ ပရိစာရယမာနံ၊ စံပယ်ပျော်ပါး ကစားနေသော၊ ဂဟပတိံ ဝါ၊ သူကြွယ်ကိုလည်းကောင်း။ ဂဟပတိပုတ္တံ ဝါ၊ သူကြွယ်သားကို လည်းကောင်း။ ပဿတိ၊ သာယာသော စိတ်ဖြင့် တွေ့မြင်ကြည့်ရှု၏။ သော၊ ထိုရဟန်းသည်။ တံ၊ ထိုတွေ့မြင် ရသော ကာမဂုဏ်ကို။ အဿာဒေတိ၊ နှစ်သက်သာယာ၏။ (အကြွင်း တူပြီ)။

၇။ ပုန စပရံ ဗြာဟ္မဏ ဣဓေကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ သမ္မာ ဗြဟ္မစာရီ ပဋိဇာနမာနော နဟေဝ ခေါ မာတုဂါမေန သဒ္ဓိံ ဒွယံ ဒွယသမာပတ္တိံ သမာပဇ္ဇတိ၊ နပိ မာတုဂါမဿ ဥစ္ဆာဒနပရိမဒ္ဒန-နှာပနသမ္ဗာဟနံ သာဒိယတိ၊ နပိ မာတုဂါမေန သဒ္ဓိံ သဉ္ဇဂ္ဃတိ သံကီ-ဠတိ သံကေဠာယတိ၊ နပိ မာတုဂါမဿ စက္ခုနာ စက္ခုံ ဥပနိဇ္ဈာယတိ ပေက္ခတိ။ နပိ မာတုဂါမဿ သဒ္ဒံ သုဏာတိ တိရောကုဋ္ဋာ ဝါ တိရော-ပါကာရာ ဝါ ဟသန္တိယာ ဝါ ဘဏန္တိယာ ဝါ ဂါယန္တိယာ ဝါ ရောဒန္တိ-ယာ ဝါ၊ နပိ ယာနိဿ တာနိ ပုဗ္ဗေ မာတုဂါမေန သဒ္ဓိံ ဟသိတလပိတ-ကီဠိတာနိ၊ တာနိ အနုဿရတိ၊ နပိ ပဿတိ ဂဟပတိံ ဝါ ဂဟပတိပုတ္တံ ဝါ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတံ သမင်္ဂီဘူတံ ပရိစာရယမာနံ။ အပိ စ ခေါ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ ဒေဝေါ ဝါ ဘဝိဿာမိ ဒေဝညတရော ဝါတိ။ သော တဒဿာဒေတိ၊ တံ နိကာမေတိ၊ တေန စ ဝိတ္တိံ အာပဇ္ဇတိ၊ ဣဒမ္ပိ ခေါ ဗြာဟ္မဏ ဗြဟ္မစရိယဿ ခဏ္ဍမ္ပိ ဆိဒ္ဒမ္ပိ သဗလမ္ပိ ကမ္မာသမ္ပိ။ အယံ ဝုစ္စတိ ဗြာဟ္မဏ အပရိသုဒ္ဓံ ဗြဟ္မစရိ-ယံ စရတိ သံယုတ္တော မေထုနေန သံယောဂေန၊ န ပရိမုစ္စတိ ဇာတိယာ၊

ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒုက္ခဒေါမနဿေဟိ ဥပါယာသေဟိ န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ။

၇။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အဟံ၊ ငါသည်။ ဣမိနာ သီလေန ဝါ၊ ဤသီလဖြင့်သော်လည်းကောင်း။ ဣမိနာ ဝတေန ဝါ၊ ဤကျင့်ဝတ်ဖြင့်သော်လည်းကောင်း။ ဣမိနာ တပေန ဝါ၊ ဤခြိုးခြံသောအကျင့်ဖြင့်သော်လည်းကောင်း။ ဣမိနာ ဗြဟ္မစရိယေန ဝါ၊ ဤမေထုန်မှကြဉ်ခြင်းဟူသော အကျင့်မြတ်ဖြင့်သော်လည်းကောင်း။ ဒေဝေါ ဝါ ဘဝိဿာမိ၊ နတ်မင်းသော်လည်း ဖြစ်အံ့။ ဒေဝညတရော ဝါ ဘဝိဿာမီတိ၊ သာမန်နတ်သော်လည်း ဖြစ်အံ့ဟု။ အညတရံ ဒေဝနိကာယံ၊ တမျိုးမျိုးသော နတ်ပြည်ကို။ ပဏိဓာယ၊ တောင့်တ၍။ ဗြဟ္မစရိယံ စရတိ၊ မြတ်သော အကျင့်ကိုကျင့်၏။ သော၊ ထိုရဟန်းသည်။ တံ၊ ထိုနတ်ပြည်ကို။ အဿာဒေတိ၊ သာယာနှစ်သက်၏။ တံ နိကာမေတိ၊ ထိုနတ်ပြည်ကို အလိုရှိ၏။ တေန စ၊ ထိုနတ်ပြည်ဖြင့်လည်း။ ဝိတ္တိံ အာပဇ္ဇတိ၊ နှစ်သက်အားရ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣဒံ၊ ဤသို့ နတ်ပြည်ကို သာယာခြင်း အစရှိသော အမှုသည်။ ဗြဟ္မစရိယဿ၊ မြတ်သောအကျင့်၏။ ခဏ္ဍမ္ပိ၊ ကျိုးပျက်သည် လည်းမည်၏။ ဆိဒ္ဒမ္ပိ၊ အပေါက်လည်းမည်၏။ သဗလမ္ပိ၊ အကြောင် အကျားလည်းမည်၏။ ကမ္မာသမ္ပိ၊ အပြောက်အကွက်လည်း မည်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အယံ၊ ဤသို့သော သမဏဗြာဟ္မဏကို။ မေထုနေန သံယောဂေန၊ မေထုန်ငယ်နှင့် စပ်ယှဉ်သဖြင့်။ သံယုတ္တော၊ စပ်ယှဉ် လျက်။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ အပရိသုဒ္ဓံ၊ မစင်မကြယ်။ စရတိ၊ ကျင့်သည်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာတိယာ၊ ပဋိသန္ဓေ နေခြင်းမှလည်းကောင်း။ ဇရာယ၊ အိုခြင်းမှလည်းကောင်း။ မရဏေန၊ သေခြင်းမှ လည်းကောင်း။ သောကေဟိ၊ နှလုံး မသာခြင်းတို့မှ လည်းကောင်း။ ပရိဒေဝေဟိ၊ ငိုကြွေးခြင်းတို့မှလည်းကောင်း။ ဒုက္ခေဟိ၊ ဆင်းရဲခြင်းတို့မှ လည်းကောင်း။ ဒေါမနဿေဟိ၊ နှလုံး မသာယာခြင်း တို့မှ လည်းကောင်း။ ဥပါယာသေဟိ၊ ပြင်းစွာ ပူပန်ခြင်းတို့မှ လည်းကောင်း။ န ပရိမုစ္စတိ၊ မလွတ်သေး။ ဒုက္ခသ္မာ၊ ဆင်းရဲဒုက္ခမှ။ န ပရိမုစ္စတိ၊ မလွတ်သေး။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ ဝဒါမိ၊ ဆို၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟော တော်မူအပ်၏။

ဝေ၊ ဤသို့ဆိုခဲ့သည့်အတိုင်း။ လာဘာဒိဟေတုကေန ဘေဒေန စ၊ လာဘ် စသည်လျှင် အကြောင်းရှိသော ပျက်ခြင်းဖြင့် လည်းကောင်း။ သတ္တဝိဓေန မေထုနသံယောဂေန စ၊ ခုနစ်ပါးသော မေထုန်ငယ်တို့နှင့် စပ်ယှဉ်ခြင်းဖြင့်

လည်းကောင်း။ ခဏ္ဍာဒိဘာဝေါ၊သီလကျိုးခြင်း စသည့်အဖြစ်ကို။ သင်္ဂဟိတော၊ ချေတွက်သိမ်းသူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပန၊ အဖွိုတပါးကား။ အခဏ္ဍာဒိဘာဝေါ၊ သီလ၏မကျိုးခြင်းစသည်ကို မူကား။ သိက္ခာပဒါနံ၊ သိက္ခာပုဒ်တို့၏။ သဗ္ဗသော အဘေဒေန စ၊ အချင်းခပ်သိမ်း မပျက်သောအားဖြင့်လည်းကောင်း။ ဘိန္နာနဥ္စ၊ ပျက်စီးကုန်သော။ သပဋိကမ္မာနံ၊ ကုစားကောင်းကုန်သော။ သိက္ခာပဒါနံ၊ သိက္ခာပုဒ်တို့ကို(ထည့်)။ ပဋိကမ္မကရဏေန စ၊ တဖန်ကုစားခြင်းဖြင့်လည်းကောင်း။ သတ္တဝိဓမေထုနသံယောဂါဘာဝေန စ၊ ခုနစ်ပါးသော မေထုန်ငယ်နှင့် မစပ်ယှဉ်ခြင်းဖြင့် လည်းကောင်း။ (၅၁) အပရာယ၊ တပါးသော။ (အနုပ္ပတ္တိယာ၊ ဥပ္ပတ္တိယာ၌ စပ်ပါ)။ "ကောဓော၊ အမျက်ထွက်ခြင်း။ ဥပနာဟော၊ ရန်ငြိုးဖွဲ့ခြင်း။ မက္ခော၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း။ ပဠာသော၊ ဂုဏ်မြင့်သူနှင့်တန်းတူပြု၍ ဖက်ပြိုင်ခြင်း။ ဣဿာ၊ မနာလိုခြင်း။ မစ္ဆရိယံ၊ ဝန်တိုခြင်း။ မာယာ၊ ကိုယ့်အပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း။ သာဌေယျံ၊ ဂုဏ်ရှိဟန်ဆောင်ခြင်း။ ထမ္ဘော၊ အရိုအသေမပြုနိုင်အောင် ခက်ထန်ခြင်း။ သာရမ္ဘော၊ သူ့ထက်သာအောင်ပြု၍ ချုပ်ချယ်ခြင်း။ မာနော၊ အထင်ကြီးခြင်း။ အတိမာနော၊ အလွန်မာန်မူခြင်း။ မဒေါ၊ မာန်ယစ်ခြင်း။ ပမာဒေါ၊ မေ့လျော့ခြင်း"။ ဣတိ အာဒီနံ ပါပဓမ္မာနံ၊ ဤသို့အစရှိသောယုတ်မာသောတရားတို့၏။ အနုပ္ပတ္တိယာ စ၊ မဖြစ်ခြင်းဖြင့်လည်းကောင်း။အပ္ပိစ္ဆတာသန္တုဋ္ဌိတာသလ္လေခတာဒီနဥ္စ၊ အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ကိလေသာကိုခေါင်းပါးစေခြင်း အစရှိကုန်သော။ ဂုဏာနံ၊ ဂုဏ်ကျေးဇူးတို့၏။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းဖြင့်။ သင်္ဂဟိတော၊ ချေတွက်သိမ်းယူအပ်၏။

ဟိ၊ မှန်၏။ ယာနိ သီလာနိ၊ အကြင်သီလတို့သည်။ လာဘာဒိနမ္ပိ အတ္ထာယ၊ လာဘ်စသည်တို့၏ အကျိုးငှာသော်လည်းကောင်း။ အဘိန္နာနိ၊ မပျက်ကုန်။ ပမာဒဒေါသေန ဝါ၊ မေ့လျော့ခြင်းဟူသောအပြစ်ကြောင့်လည်း။ ဘိန္နာနိပိ၊ ပျက်ကုန်ငြားသော်လည်း။ ပဋိကမ္မကတာနိ၊ တဖန်ကုစားအပ်ကုန်ပြီး မူလည်းဖြစ်ကုန်၏။ မေထုနသံယောဂေဟိ ဝါ၊ မေထုန်ငယ်နှင့်စပ်ယှဉ်ခြင်းတို့ သည်လည်းကောင်း။ ကောဓူပနာဟာဒီဟိ ဝါ ပါပဓမ္မေဟိ၊ အမျက်ထွက်ခြင်း ရန်ငြိုးဖွဲ့ခြင်း အစရှိသော ယုတ်မာသောတရားတို့သည်လည်းကောင်း။ အနုပဟတာနိ၊ မနှိပ်စက် မဖျက်ဆီးအပ်ကုန်သည်မူလည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တာနိ သီလာနိ၊ ထိုသို့သောသီလတို့ကို။ သဗ္ဗသော အခဏ္ဍာနီတိ၊ အချင်းခပ်သိမ်းမကျိုးကုန်ဟူ၍။သဗ္ဗသော အစ္ဆိဒ္ဒါနီတိ၊ အချင်းခပ်သိမ်းမပေါက်ကုန်ဟူ၍။ သဗ္ဗသော အသဗလာနီတိ၊ အချင်းခပ်သိမ်းမကြောင်းမကျားကုန်ဟူ၍။ သဗ္ဗသော အကမ္မာသာနီတိ၊ အချင်းခပ်သိမ်း မပြောက်မကွက်ကုန်ဟူ၍။ ဝုစ္စန္တိ၊

ဆိုအပ်ကုန်၏။ တာနိယေဝ သီလာနိ၊ ထိုမကျိုးမပေါက် မပြောက်မကျားသော သီလတို့သည်ပင်လျှင်။ ဘုဇိဿဘာဝကရဏတော၊ (ဝိဝဋ္ဋူပနိဿယဖြစ်၍ တဏှာအရှင်၏ ကျွန်အဖြစ်မှလွတ်စေလျက် ) တော်လှန်သည်၏အဖြစ်ကိုပြုသောကြောင့်။ ဘုဇိဿာနိ စ၊ တော်လှန်သည်လည်း မည်ကုန်၏။ ဝိညူဟိ ပသတ္ထတ္တာ၊ ပညာရှိတို့ချီးမွမ်းအပ်သည်၏အဖြစ်ကြောင့်။ ဝိညူပသတ္ထာနိ စ၊ ဝိညူပသတ္ထလည်းမည်ကုန်၏။ တဏှာဒိဋ္ဌိဟိ၊ တဏှာဒိဋ္ဌိတို့ဖြင့်။ အပရာမဋ္ဌတ္တာ၊ မှားယွင်းစွာမသုံးသပ်အပ်သည်၏အဖြစ်ကြောင့်။ အပရာမဋ္ဌာနိ စ၊ အပရာမဋ္ဌလည်း မည်ကုန်၏။ ဥပစာရသမာဓိံ ဝါ၊ ဥပစာရသမာဓိကိုလည်းကောင်း။ အပ္ပနာသမာဓိံ ဝါ၊ အပ္ပနာသမာဓိကို လည်းကောင်း။ သံဝတ္တယန္တိ၊ ဖြစ်စေအပ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သမာဓိသံဝတ္တနိကာနိ စ၊ သမာဓိသံဝတ္တနိကလည်း မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ နေသံ သီလာနံ၊ ထိုသီလတို့၏။ သေ သေသာ အခဏ္ဍာဒိဘာဝေါ၊ ဤမကျိုးခြင်းအစရှိသည်ကို။ ဝေါဒါနန္တိ၊ ဖြူစင်ကြောင်းဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

တံ ပနေတံ ဝေါဒါနံ၊ ထိုသီလ၏ဖြူစင်ကြောင်း ဂုဏ်အပေါင်းသည်။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၏။ အာဒီနဝဒဿနေန စ၊ အပြစ်ကိုရှုမြင်ခြင်းဖြင့်လည်းကောင်း။ သီလသမ္ပတ္တိယာ၊ သီလပြည့်စုံခြင်း၏။ အာနိသံသဒဿနေန စ၊ အကျိုးကိုမြင်ခြင်းဖြင့်လည်းကောင်း။ တနည်း။ သီလဝိပတ္တိယာ အာဒီနဝဒဿနေန စ၊သီလပျက်စီးခြင်း၏အပြစ်ကို ရှုမြင်ခြင်းဖြင့်လည်းကောင်း။ သီလသမ္ပတ္တိယာ အာနိသံသဒဿနေန စ၊ သီလပြည့်စုံ စင်ကြယ်ခြင်း၏အကျိုးကို ရှုမြင်ခြင်းဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိဟာကာရေဟိ၊ အကြောင်းနှစ်ပါးတို့ဖြင့်။ သမ္ပဇ္ဇတိ၊ ပြီးစီးပြည့်စုံပေတတ်၏။ တတ္ထ၊ ထိုနှစ်ပါးသောအကြောင်းတို့တွင်။ "ဘိက္ခဝေ၊ ရဟန်းတို့။ ဒုဿီလဿ၊ ဒုဿီလပုဂ္ဂိုလ်၏။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၏။ အာဒီနဝါ၊ အပြစ်တို့သည်။ ဣမေ ပဉ္စ၊ ဤငါးပါးတို့ပေတည်း။" ဣတိ ဧဝမာဒိသုတ္တနယေန၊ ဤသို့အစရှိသောသုတ်၌လာသောနည်းဖြင့်။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၏။ အာဒီနဝေါ၊ အပြစ်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

အပိ စ၊တနည်းသော်ကား။ ဒုဿီလော ပုဂ္ဂလော၊ဒုဿီလပုဂ္ဂိုလ်သည်။ ဒုဿီလျဟေတု၊ သီလပျက်ခြင်းဟူသောအကြောင်းကြောင့်။ ဒေဝမနုဿာနံ၊ နတ်လူတို့၏။ အမနာပေါ ဟောတိ၊ နှလုံးကိုမပွားစေတတ် မနှစ်သက် မမြတ်နိုးအပ်သည်လည်းကောင်း။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော်တို့သည်။ ဝါ၊ သီတင်းသုံးဖော်တို့က။ အနနုသာသနီယော၊ မဆုံးမအပ်သည်လည်းကောင်း။ ဒုဿီလျဂရဟာသု၊ သီလပျက်ခြင်းကို ကဲ့ရဲ့ခြင်းတို့ကြောင့်။ ဒုက္ခိတော စ၊ လွန်စွာ

ဖြစ်သောဆင်းရဲခြင်းရှိသည်လည်းကောင်း။ သီလဝတံ၊ သီလရှိသောပုဂ္ဂိုလ်တို့ကို။ ပသံသာသု၊ ချီးမွမ်းခြင်းတို့ကြောင့်။ဝိပ္ပဋိသာရီ၊ (ငါကားအကျင့်ကောင်းကို မကျင့်မိချေဟု ဤသို့စသည်ဖြင့် ဆင်ခြင်မိတိုင်း) နှလုံးမသာခြင်းရှိသည်လည်းကောင်း။ ဟောတိ၊ ဖြစ်ရလေ၏။ ပန၊ ထိုမှတပါး။ တာယဒုဿီလျတာယ၊ ထိုသီလပျက်သည်၏အဖြစ်ဖြင့်။ သာဏသာဋကော ဝိယ၊ ပိုက်ဆံလျှော်ပုဆိုးကဲ့သို့။ ဒုဗ္ဗဏ္ဏော စ၊ ဂုဏ်အဆင်း ကိုယ်အဆင်း ကင်းသည်ဖြစ်၍ အဆင်းမလှသည်လည်း။ ဟောတိ၊ ဖြစ်ရလေ၏။ ခေါ ပန၊ စင်စစ်။ ယေ ဘိက္ခူ၊ အကြင်ရဟန်းတို့သည်။ အဿ ဒုဿီလဿ၊ ထိုဒုဿီလပုဂ္ဂိုလ်၏။ ဒိဋ္ဌာနုဂတိံ၊ ပြုကျင့်ပုံကို တွေ့မြင်သဖြင့် အတုလိုက်ခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။ တေသံ၊ ထိုဒိဋ္ဌာနုဂတိသို့ လိုက်ကုန်သော ရဟန်းတို့၏။ ဝါ၊ ရဟန်းတို့အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသောကာလပတ်လုံး။ အပါယဒုက္ခာဝဟနတော၊ အပါယ်ဆင်းရဲသို့ ဆောင်တတ်, ဖြစ်စေတတ်သောကြောင့်။ ဒုက္ခသမ္ဖဿော၊ ဆင်းရဲကိုဖြစ်စေတတ်သော အတွေ့ဆိုးလည်းရှိ၏။ ယေသံ၊ အကြင်ပစ္စည်းလေးပါးဒါယကာတို့၏။ ဒေယျဓမ္မံ၊ လှူဖွယ်ဝတ္ထုကို။ ပဋိဂ္ဂဏှာတိ၊ အလှူခံ၏။ တေသံ ပစ္စယဒါယကာနံ၊ ထိုပစ္စည်းလေးပါး ဒါယကာတို့အား။ န မဟပ္ဖလကာရဏတော၊ အကျိုးများသည်၏အဖြစ်ကို မပြုခြင်းကြောင့်။ အပ္ပဂ္ဃော၊နည်းသောတန်ဖိုးလည်းရှိ၏။အနေကဝဿဂဏိကဂူထကူပေါ ဝိယ၊ နှစ်ပေါင်းများစွာစုဝေးနေသော မစင်တို့ဖြင့်ပြည့်သော မစင်တွင်းကဲ့သို့။ ဒုဗ္ဗိသောဓနော၊ သုတ်သင်ခြင်းငှာလည်းခဲယဉ်း၏။ ဆာလာတမိဝ၊ သူသေကောင်ဖုတ်သော ထင်းကုလားကဲ့သို့။ (တချို့က တံရှူးဝါးဟု ပြန်၏။မသင့်ပုံကို သံယုတ်အဋ္ဌကထာ ဒုတိယတွဲ နှာ ၂၇၈-၌ အဖွင့်ကိုကြည့်လေ)။ ဥဘတောပရိဗာဟိရော၊ လူ့စည်းစိမ် ရဟန်းစည်းစိမ်ဟူသော နှစ်မျိုးသောစည်းစိမ်မှလည်း အပဖြစ်၏။ ဘိက္ခုဘာဝံ ပဋိဇာနန္တောပိ၊ ရဟန်းအဖြစ်ကို ဝန်ခံသော်လည်း။ အဘိက္ခုယေဝ၊ ရဟန်းအစစ်မဟုတ်သည်သာလျှင်တည်း။ ကော ဝိယ၊ အဘယ်သို့နည်းဟူမူကား။ ဂေါဂဏံ၊ နွားအပေါင်းသို့။ အနုဗန္ဓဂဒြဘော ဝိယ၊ အစဉ်လိုက်သော မြည်းကဲ့သို့ပင်တည်း။ သဗ္ဗဝေရိကပုရိသော ဝိယ၊ ခပ်သိမ်းသောသူတို့၏ ရန်သူဖြစ်သောသူကဲ့သို့၊ သတတုဗ္ဗိဂ္ဂေါ၊ အမြဲမပြတ်ထိတ်လန့်ရ၏။ မတကဠေဝရံ ဝိယ၊ (လူအပေါင်းတို့အလယ်၌) သူသေကောင်ကဲ့သို့။ အသံဝါသာရဟော၊(သံဃာ့အလယ်၌တည်နေသော်လည်းသုံးပါးသောသံဝါသတို့ဖြင့်) ပေါင်းသင်းဆက်ဆံခြင်းကိုလည်း မထိုက်။ (သုံးပါးသော သံဝါသတို့ကား-၁၊ အတူတကွ သံဃာ့ကံကိုပြုခြင်းဟူသော ကေကမ္မ။ ၂၊ အဘူတကွ ပါတိမောက်ပြခြင်းဟူသော ဧကုဒ္ဒေသ။ ၃၊ သီလရှိသော ရဟန်းတိုင်းပင် သိက္ခာပုဒ်ဟူသမျှကို အညီအမျှ ကျင့်အပ်သည်၏အဖြစ်ဟူသော သမသိက္ခတာ၊ ဤသုံးပါးတို့ပင်တည်း။) သုသာနဂ္ဂိ၊ သူသေကောင်ဖုတ်သောမီးသည်။ ဗြာဟ္မ-

ဏာနံ၊ မိးပူဇော်သော ဗြာဟ္မဏတို့၏။ အပူဇာရဟော ဝိယ၊ ပူဇော်ခြင်းကို မထိုက်သကဲ့သို့။ သုတာဒိဂုဏယုတ္တောပိ၊ သုတစသောဂုဏ်ကျေးဇူးတို့နှင့် ပြည့်စုံပါသော်လည်း။ သဗြဟ္မစာရီနံ၊ သီတင်းသုံးဖော်သံဃာတော်တို့၏။ အပူဇာရဟော၊ ပူဇော်ခြင်းကို မထိုက်ချေ။ **အန္ဓော၊** မျက်စိနှစ်ကွင်း အလင်းမရသောသူသည်။ ရူပဒဿနေ၊ အဆင်းကိုမြင်ခြင်း၌။ အဘဗ္ဗော ဝိယ၊ မထိုက်သကဲ့သို့။ ဝိသေသာဓိဂမေ၊ ဈာန်မဂ်ဖိုလ်တရားထူးကိုရခြင်း၌။ အဘဗ္ဗော၊ မထိုက်တော့ချေ။ စဏ္ဍာလကုမာရော၊ ဒွန်းစဏ္ဍားလုလင်ယ်သည်။ ရဇ္ဇေ၊ မင်းအဖြစ်၌။ နိရာသော ဝိယ၊ မျှော်လင့်တောင့်တခြင်းကင်းသကဲ့သို့။ သဒ္ဓမ္မေ၊ သမထ ဝိပဿနာဟူသော ပဋိပတ္တိသဒ္ဓမ္မ, မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ပဋိဝေဓသဒ္ဓမ္မ၌။ နိရာသော၊ မျှော်လင့်တောင့်တခြင်းလည်းကင်း၏။ သုခိတော၊ ချမ်းသာပေသည်။ အသ္မီတိ၊ ဖြစ်ပေ၏ဟု။ မညမာနောပိ၊ ထင်မှတ်ရသော်လည်း။ အဂ္ဂိက္ခန္ဓပရိယာယေ၊ အဂ္ဂိက္ခန္ဓောပမသုတ်၌။ ဝုတ္တဒုက္ခဘာဂိတာယ၊ ဟောတော်မူအပ်သော **ဆင်းရဲအဖို့အစုရှိသည်၏** အဖြစ်ကြောင့်။ ဒုက္ခိတောဝ၊ **ဆင်းရဲနေသည်သာတည်း။**

၅၂။ ဟိ၊ ချဲ့ဦးအံ့။ ပဉ္စကာမဂုဏပရိဘောဂဝန္ဒနမာနနာဒိသုခဿာဒဂဓိတစိတ္တာနံ၊ ငါးပါးသောကာမဂုဏ်ကို သုံးဆောင်ခြင်းကြောင့်ဖြစ်သော ချမ်းသာ, သူတပါးတို့ပြုသော ရှိခိုးခြင်း, မြတ်နိုးခြင်းစသည်တို့ကြောင့်ဖြစ်သောချမ်းသာ အစရှိသော ချမ်းသာတို့ကို သာယာသဖြင့် မက်မောသော စိတ်ရှိကုန်သော။ ဒုဿီလာနံ၊ ဒုဿီလပုဂ္ဂိုလ်တို့၏။ တပ္ပစ္စယံ၊ ထိုဆိုခဲ့ပြီးသောချမ်းသာ၌ သာယာခြင်းလျှင်အကြောင်းရှိသော။ အနုဿရဏမတ္တေနာပိ၊ ဆင်ခြင်ကြည့်ရှုကာမျှဖြင့်သော်လည်း။ ဟဒယသန္တာပံ ဇနယိတွာ၊ နှလုံး၏ ပူပန်ခြင်းကို ဖြစ်စေ၍။ ဉဏှလောဟိတုဂ္ဂါရပ္ပဝတ္တနသမတ္ထံ၊ ပူသော သွေး အံခြင်းကို ဖြစ်စေနိုင်သော။ အတိကဋုကံ ဒုက္ခံ၊ အလွန်ဆိုးရွား အခံခက်လှစွာသော ဆင်းရဲကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ သဗ္ဗာကာရေန၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ပစ္စက္ခကမ္မဝိပါကော၊ ကံ၏အကျိုးကို မျက်မှောက်မြင်တော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ အောက်ပါစကားကို ဟောကြားတော်မူပေ၏—

“ဘိက္ခဝေ ရဟန်းတို့။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်သော။ သမ္ပဇ္ဇလိတံ၊ထက်ဝန်းကျင်မှ တောက်ပသော။ သဇောတိဘူတံ၊တခဲနက် မီးလျှံအပေါင်းသဖွယ်ဖြစ်သော။ အမုံ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ဤမီးပုံကြီးကို။ တုမှေ၊ သင်တို့သည်။ ပဿထ နော၊ မြင်ကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဧဝံ ဘန္တေတိ၊ အရှင်ဘုရား မေးတော်မူသည့်အတိုင်းပင် မြင်ပါကုန်၏ ဘုရား-ဟု။ ဒ.ဝေါစုံ၊ လျှောက်ကုန်၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ တံ၊ ထိုသခုငါဆိုသတ္တံ့သော စကားကို။ တုမှေ၊ သင်တို့သည်။ ကိံ မညထ၊ အဘယ်သို့ ထင်ကုန်သနည်း။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင်တောက်သော။ သမ္ပဇ္ဇလိတံ၊ ထက်ဝန်းကျင်မှ တောက်ပသော။ သဇောတိဘူတံ၊ တခဲနက် မီးလျှံအပေါင်းသဖွယ်ဖြစ်သော။ အမုံ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ ဤမီးပုံကြီးကို။ ကော ဘိက္ခု၊ ရဟန်းတပါးသည်။(ကတ္တားထည့်)။ အာလိင်္ဂေတွာ၊ ပွေ့ဖက်၍။ ယံ ဥပနိသီဒေယျ ဝါ၊ အကြင်ကပ်၍မူလည်း နေရာ၏။ ယံ ဥပနိပဇ္ဇေယျ ဝါ၊ အကြင်ကပ်၍မူလည်း အိပ်ရာ၏။ မုဒုတလုနှတ္ထပါဒံ၊ နူးညံ့နုနယ်သော လက်ခြေရှိသော။ ခတ္တိယကညံ ဝါ၊ မင်းမျိုး သမီးကညာကိုသော်လည်းကောင်း။ ဗြာဟ္မဏကညံ ဝါ၊ ပုဏ္ဏားမျိုး သမီးကညာကိုသော်လည်းကောင်း။ ဂဟပတိကညံ ဝါ၊သူကြွယ်မျိုးသမီးကညာကိုသော်လည်းကောင်း။ အာလိင်္ဂေတွာ၊ ပွေ့ဖက်၍။ ယံ ဥပနိသီဒေယျ ဝါ၊ **အ**ကြင်ကပ်၍မူလည်း နေရာ၏။ ယံ ဥပနိပဇ္ဇေယျ ဝါ၊ အကြင်ကပ်၍မူလည်း အိပ်ရာ၏။ ဧတေသု ဒွီသု၊ ဤမီးပုံကြီးကို ပွေ့ဖက်၍ အိပ်နေခြင်း, သတို့သမီးကို ပွေ့ဖက်၍ အိပ်နေခြင်းဟူသော ဤနှစ်မျိုးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ မုဒုတလုနှတ္ထပါဒံ၊ နူးညံ့နုနယ်သော လက်ခြေရှိသော။ ခတ္တိယကညံ ဝါ၊ မင်းမျိုး သမီးကညာကိုသော်လည်းကောင်း။ ဝါ၊ နူးညံ့နုနယ်သော လက်ခြေရှိသော မင်းမျိုး သမီးကညာကိုဖြစ်စေ။ ဗြာဟ္မဏကညံ ဝါ၊ ပုဏ္ဏားမျိုး သမီးကညာကိုသော် လည်းကောင်း။ ဝါ၊ ပုဏ္ဏားမျိုး သမီးကညာကို ဖြစ်စေ။ ဂဟပတိကညံ ဝါ၊ သူကြွယ်မျိုးသမီးကညာကိုသော်လည်းကောင်း။ ဝါ၊ သူကြွယ်မျိုးသမီး ကညာကိုဖြစ်စေ။ အာလိင်္ဂေတွာ၊ ပွေ့ဖက်၍။ ယံ ဥပနိသီဒေယျ ဝါ၊ အကြင်ကပ်၍မူလည်း နေရာ၏။ ယံ ဥပနိပဇ္ဇေယျ ဝါ၊ အကြင်ကပ်၍မူလည်း အိပ်ရာ၏။ ဧတဒေဝ၊ ထိုသမီးကညာကို ပွေ့ဖက်၍ ထိုင်နေခြင်း, အိပ်ခြင်းသည်သာလျှင်။ ဝရံ၊ ကောင်းမြတ်ပါ၏ အရှင်ဘုရား။ ယံ၊ မှန်ပါ၏။ ဘန္တေ၊ မြတ်စွာဘုရား။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်သော။ သမ္ပဇ္ဇလိတံ၊ ထက်ဝန်းကျင်မှ တောက်ပသော။ သဇောတိဘူတံ၊ တခဲနက်မီးလျှံသဖွယ်ဖြစ်သော။ အမုံ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ ဤမီးပုံကြီးကို။ အာလိင်္ဂေတွာ၊ ပွေ့ဖက်၍။ ယံ ဥပနိသီဒေယျ ဝါ၊ အကြင်ကပ်၍မူလည်း နေရာ၏။ ယံ ဥပနိပဇ္ဇေယျ ဝါ၊ အကြင်ကပ်၍မူလည်း အိပ်ရာ၏။ ဧတံ၊ ဤမီးပုံကြီးကို ပွေ့ဖက်အိပ်နေခြင်းသည်။ ဒုက္ခံ၊ ဆင်းရဲလှပါသည်ဘုရား။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။ "ဘိက္ခဝေ၊ ရဟန်းတို့။ ပါပဓမ္မဿ၊ ယုတ်မာသော အကျင့်ရှိထ

သော။ အသုစိသင်္ကဿရသမာစာရဿ၊ မစင်ကြယ်သည်ဖြစ်၍ ရှံရှားသဖြင့် အောက်မေ့အပ်သော အကျင့်ရှိသသော။ ပဋိစ္ဆန္နကမ္မန္တဿ၊ ဖုံးလွှမ်းအပ်သော အမှုရှိထသော။ အဿမဏဿ၊ ရဟန်းမဟုတ်သည်။ သတော၊ ဖြစ်ပါလျက်။ တနည်း၊ အဿမဏဿ သတော၊ ရဟန်းမဟုတ်ပါပဲလျက်။ သမဏပဋိညဿ၊ရဟန်းဟု ဝန်ခံထားသော။ အဗြဟ္မစရိယဿ၊ မြတ်သော အကျင့်မရှိသည်ဖြစ်ပါလျက်။ဗြဟ္မစာရီပဋိညဿ၊ မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံထားသော။ အန္တော ပုတိကဿ၊ ကိုယ်တွင်း၌ သီလပျက်ခြင်း ဟူသော အပုပ်ရှိထသော။ အဝဿုတဿ၊ ကိလေသာမိုးရေဖြင့် စိုစွတ်သသော။ ကသမ္ဗုဇာတဿ၊ အမှိုက်သဖွယ်ဖြစ်ထသော။ တဿ ဒုဿီလဿ၊ ထိုဒုဿီလရဟန်း၏။ ပး၊ အမုံ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ ဤမီးပုံကြီးကို။ ပ။ ယံ ဥပနိပဇ္ဇေယျ ဝါ၊အကြင်ကပ်၍မှုလည်း အိပ်ရာ၏။ တေဒဝ၊ ထိုမီးပုံကြီးကို ပွေ့ဖက်၍ ထိုင်နေခြင်း အိပ်နေခြင်း သည်သာလျှင်။ ယထာ၊ အကြင်သို့သော အကြောင်းကြောင့်။ ဝရံ၊ မြတ်၏။ တံ ဟေတုံ၊ ထိုအကြောင်းကို။ ဝေါ၊ သင်တို့အား။ အာရောစယာမိ၊ပြောကြားပေအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ ပဋိဝေဒယာမိ၊ သိနားလည်စေအံ့။ တံ၊ ထိုဒုဿီလရဟန်း၏ မီးပုံကြီးကို ပွေ့ဖက်၍ထိုင်နေခြင်း အိပ်နေခြင်း၏ ကောင်းမြတ်သည်၏ အဖြစ်သည်။ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်။ ဝရံ၊ မြတ်သနည်းဟူမူကား။ ဟိ၊ ချဲ့ဦးအံ့။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သော၊ ထိုမီးပုံကြီးကို ပွေ့ဖက်၍ ထိုင်နေသော အိပ်နေသော ဒုဿီလရဟန်းသည်။ တတောနိဒါနံ၊ ထိုမီးပုံကြီးကို ပွေ့ဖက်၍ထိုင်နေခြင်း, အိပ်နေခြင်းဟူသော အကြောင်းကြောင့်။ မရဏံ ဝါ နိဂစ္ဆေယျ၊ သေခြင်းသို့မူလည်း ရောက်ရာ၏။ မရဏမတ္တံ ဒုက္ခံ ဝါ နိဂစ္ဆေယျ၊သေလောက်သော ဆင်းရဲသို့မူလည်း ရောက်ရာ၏။ တပ္ပစ္စယာ၊ ထိုမီးပုံကြီးကို ပွေ့ဖက်၍ ထိုင်နေခြင်း, အိပ်နေခြင်းဟူသော အကြောင်းကြောင့်။ ကာယဿ ဘေဒါ၊ ကိုယ်ခန္ဓာ၏ ပျက်ခြင်းဟုဆိုအပ်သော။ ပရံ မရဏာ၊ သေသည်မှ နောက်၌။ တနည်း၊ ကာယဿ ဘေဒါ ပရံ မရဏာ၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှနောက်၌။ အပါယံ၊ အပါယ်ဘုံ၌။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ ကျရာဖြစ်သော။ နိရယံ၊ ငရဲဘုံ၌မူကား။ နတွေဝ ဥပပဇ္ဇေယျ၊ မဖြစ်ရာသည်သာတည်း။

(ညဏ်နုသူများ အလွယ်တကူသိစေရန် ဝိသုဒ္ဓိမဂ်၌ မပါသောစာပိုဒ်ကို အင်္ဂုတ္တိုရ်ဗြှာ... အဂ္ဂိက္ခန္ဓောပမသုတ်ရင်းမှ ထုတ်ဆောင်၍ အနက်ပေးထားသည်)။

ယဋ္ဌ ခေါ သော ဘိက္ခဝေ ဒုဿီလော ပါပဓမ္မော အသုစိသင်္ကဿရ- သမာစာရော။ ပ။ ကသမ္ဗုဇာတော ခတ္တိယကညံ ဝါ ဗြာဟ္မဏကညံ ဝါ ဂဟပတိကညံ ဝါ မုဒုတလုနဟတ္ထပါဒံ အာလိင်္ဂေတွာ ဥပနိသီဒတိ ဝါ ဥပနိပဇ္ဇတိ ဝါ၊ တံ ဟိ တဿ ဘိက္ခဝေ ဟောတိ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ၊ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။

၈၊ ဗျတိရိက်ကိုဆိုအံ့။ ဝါ၊ ထိုမှအပြန်ကိုဆိုအံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်သော်ကား။ ပါပဓမ္မော၊ ယုတ်မာသော အကျင့်ရှိထသော။ အသုစိသင်္ကဿရသမာစာရော၊ မစင်ကြယ်သည်ဖြစ်၍ ရွံရှားသဖြင့် အောက်မေ့အပ်သော အကျင့်ရှိသသော။ ပ။ ကသမ္ဗုကဇာတော၊ အမှိုက်သဖွယ်ဖြစ်ထသော။ သော ဒုဿီလော၊ ထိုဒုဿီလရဟန်းသည်။ မုဒုတလုနဟတ္ထပါဒံ၊ နူးညံ့နုနယ်သော လက်ခြေရှိသော။ ခတ္တိယကညံ ဝါ၊ မင်းမျိုး သမီးကညာကိုသော်လည်းကောင်း။ ဝါ၊ မင်းမျိုးသမီး ကညာကိုဖြစ်စေ။ ဗြာဟ္မဏကညံ ဝါ၊ ပုဏ္ဏားမျိုး သမီးကညာကိုသော် လည်းကောင်း။ ဝါ၊ ပုဏ္ဏားမျိုး သမီးကညာကို ဖြစ်စေ၊ ဂဟပတိ- ကညံ ဝါ၊ သူကြွယ်မျိုး သမီးကညာကိုသော်လည်းကောင်း။ ဝါ၊သူကြွယ် မျိုး သမီးကညာကိုဖြစ်စေ။ အာလိင်္ဂေတွာ၊ ပွေ့ဖက်၍။ ယံ ဥပနိသီဒတိ ဝါ၊ အကြင်ကပ်၍ မှီလည်းနေ၏။ ယံ ဥပနိပဇ္ဇတိ ဝါ၊ အကြင်ကပ်၍ မှီလည်းအိပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ ဟိ–တံ ဝေ၊ ဒုဿီလ ရဟန်း၏ ထိုသမီးကညာကို ပွေ့ဖက်၍ ထိုင်နေခြင်း အိပ်နေခြင်းသည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ အဟိတာယ၊ စီးပွားမဲ့ရန် အလို့ငှာ။ ဒုက္ခာယ၊ ဆင်းရဲရန်အလို့ငှာ။ ဟောတိ၊ ဖြစ်၏။ ကာယဿ ဘေဒါ ပရံ မရဏာ၊ ကိုယ်ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌။ အပါယံ၊ အပါယ်ဘုံ၌။ ဒုဂ္ဂတိံ၊ မကောင်းသောသူတို့၏ လားရာဖြစ်သော။ ဝိနိပါ- တံ၊ ပျက်စီး၍ကျရာဖြစ်သော။ နိရယံ၊ ငရဲဘုံ၌။ ဥပပဇ္ဇတိ၊ ဖြစ်ရ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်၊ အာဟ၊ ဟောတော်မူ၏။

၉၀၊ ဤဆိုခဲ့သည့်အတိုင်း။ အဂ္ဂိက္ခန္ဓူပမာယ၊ မီးပုံကြီးဥပမာဖြင့်။ ဣတ္ထိ- ပဋိဗဒ္ဓပဉ္စကာမဂုဏပရိဘောဂပစ္စယံ၊ မိန်းမနှင့်စပ်သော ကာမဂုဏ်ငါးပါးကို သုံးဆောင်ခြင်းလျှင် အကြောင်းရှိသော။ ဒုက္ခံ ဒဿေတွာ၊ ဆင်းရဲကိုပြတော်မူ ပြီး၍။ ဧတေနေဝ ဥပါယေန၊ ဤသို့သော နည်းဖြင့်ပင်လျှင်—

"ဘိက္ခဝေ၊ ရဟန်းတို့။ တံ ယခုငါဆိုမည့်စကားကို။ ကိံ မညထ၊ အဘယ်သို့ မှတ်ထင်ကုန်သနည်း။ ဗလဝါ ပုရိသော၊ အားကောင်း သော ယောကျ်ားသည်။ ဒဠှာယ ဝါဠရဇ္ဇုယာ၊ ခိုင်စွာသောသားမြီး

ကြိုးဖြင့်။ ဥဘော ဇယ်ာ ဝေဌေတွာ၊ ခြေသလုံးနှစ်ဘက်တို့ကို ရစ်ပတ်၍။ ယံ ဃံဓသေယျ၊ အကြင် ပွတ်ဆွဲ ဆွဲရာ၏။ သာ ဝါဋ္ဌရဇ္ဇု၊ ထိုဒိုင်စွာသော သား‌မြီးကြိုးသည်။ ဆဝိံ ဆိန္ဒေယျ၊ အပေါ်အရေပါးကို ဖြတ်ရာ၏။ ဆဝိံ ဆေတွာ၊ အပေါ်အရေပါးကို ဖြတ်ပြီး၍။ စမ္မံ ဆိန္ဒေယျ၊ အတွင်းအရေထူကို ဖြတ်ရာ၏။ စမ္မံ ဆေတွာ၊ အတွင်းအရေထူကိုဖြတ်ပြီး၍။ မံသံ ဆိန္ဒေယျ၊ အသားကိုဖြတ်ရာ၏။ မံသံ ဆေတွာ၊ အသားကို ဖြတ်ပြီး၍။ နှာရုံ ဆိန္ဒေယျ၊ အကြောကိုဖြတ်ရာ၏။ နှာရုံ ဆေတွာ၊ အကြောကိုဖြတ်ပြီး၍။ အဋ္ဌိံ ဆိန္ဒေယျ၊ အရိုးကိုဖြတ်ရာ၏။ အဋ္ဌိံ ဆေတွာ၊ အရိုးကိုဖြတ်ပြီး၍။ အဋ္ဌိမိဉ္ဇံ အာဟစ္စ၊ ရိုးတွင်းချဉ်ဆီကို ထိခိုက်၍။ တိဋ္ဌေယျ၊ တည်ရာ၏။ (၅၃) ခတ္တိယမဟာသာလာနံ ဝါ၊ ခတ္တိယမဟာသလာခေါ် မင်းသဌေးတို့၏သော်လည်းကောင်း။ ဗြာဟ္မဏမဟာသာလာနံ ဝါ၊ ဗြာဟ္မဏမဟာသာလခေါ် ပုဏ္ဏားသဌေးတို့၏သော်လည်းကောင်း။ ဂဟပတိမဟာသာလာနံ ဝါ၊ ဂဟပတိမဟာသာလခေါ် သူကြွယ်သဌေးတို့၏ သော်လည်းကောင်း။ အဘိဝါဒနံ၊ ရှိခိုးခြင်းကို။ ဒုဿီလော၊ ဒုဿီလရဟန်းသည် (ထည့်)။ ယံ သာဒိယေယျ၊ အကြင် သာယာမှုလည်း သာယာ၏။ ဧတေသု၊ ထိုနှစ်မျိုးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။

"တံ ကိံ မညထ ဘိက္ခဝေ၊ (အနက်ကိုပေးမြဲအတိုင်း ပေးပါ)။ ဗလဝါ ပုရိသော၊ အားကောင်းသော ယောကျ်ားသည်။ တေလဓော-တာယ၊ ဆီဖြင့်သွေးထားသော။ တိဏှာယ သတ္တိယာ၊ ထက်စွာသော လှံမဖြင့်။ မဇ္ဈေ ဥရသ္မိံ-ပတိဥရသ္မိံ၊ ရင်လယ်ဘည့်တည့်၌။ ယံ ပဟရေယျ၊ အကြင်ထိုးရာ၏။ ခတ္တိယမဟာသာလာနံ ဝါ၊ ခတ္တိယမဟာ-သာလခေါ် မင်းသဌေးတို့၏သော်လည်းကောင်း။ ဗြာဟ္မဏမဟာသာ-လာနံ ဝါ၊ ပုဏ္ဏားသဌေးတို့၏သော်လည်းကောင်း။ ဂဟပတိမဟာသာ-လာနံ ဝါ၊ သူကြွယ်သဌေးတို့၏ သော်လည်းကောင်း။ အဉ္ဇလိကမ္မံ၊ လက်အုပ်ချီခြင်းအမှုကို။ ဒုဿီလော၊ ဒုဿီလရဟန်းသည်။ ယံ သာဒိ-ယေယျ၊ အကြင်သာယာမှုလည်း သာယာ၏။ ဧတေသု၊ ထိုနှစ်မျိုးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။

တံ ကိံ မညထ ဘိက္ခဝေ၊ (ပေးမြဲ)။ ဗလဝါ ပုရိသော၊ အားကောင်းသော ယောကျ်ားသည်။ တတ္တေန၊ လောလော ပူသော။ အာဒိတ္တေန၊ ရဲရဲပြောင်ပြောင် ဘောက်လောင်ထသော။ သမ္ပဇ္ဇလိ-

တေန၊ ထက်ဝန်းကျင်မှ တောက်ပ ထသော။ သဇောတိဘူတေန၊ တခဲနက် မီးလျှံ အပေါင်းသဖွယ် ဖြစ်ထသော။ အယောပတ္တေန၊ သံပြားဖြင့်။ ကာယံ၊ ကိုယ်ကို။ ယံ သမ္ပလိဝေဌေယျ၊ အကြင်ရစ်ပတ်ရာ၏။ (အကြွင်းပုဒ်များ အနက်တူပြီ)။ သဒ္ဒါဒေယျံ၊ ကံကံ၏အကျိုးနှင့် ရဟန်းသီလကို ယုံကြည်၍ လှူအပ်သော။ စီဝရံ၊ သင်္ကန်းကို။ ဒုဿီလော၊ ဒုဿီလရဟန်းသည်။ ယံ ပရိဘုဉ္ဇေယျ၊ အကြင် သုံးဆောင်မှုလည်း သုံးဆောင်ရာ၏။ တေသု၊ ထိုနှစ်မျိုးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။

(ထူးရာကိုသာရေးမည်)။အယောသင်္ကုနာ မုခံ ဝိဝရိတွာ၊ သံချွန်းဖြင့် ခံတွင်းကိုဖွင့်၍။ပ။တတ္တံ၊လောလောပူသော၊' လောဟဂုဠံ၊ သံတွေခဲကို။ မုခေ၊ ခံတွင်း၌၊ ယံ ပက္ခိပေယျ၊ အကြင်ထည့်ရာ၏။ တံ၊ ထိုသံတွေခဲသည်။ တဿ၊ ထိုရဟန်း၏။ ဩဋ္ဌမ္ပိ၊ နှုတ်ခမ်းကိုလည်း။ ယံ ဍဟေယျ၊ အကြင်လောင်ရာ၏၊ မုခမ္ပိ၊ ခံတွင်းကိုလည်း။ ဇိဝှမ္ပိ၊ လျှာကိုလည်း။ ကဏ္ဍမ္ပိ၊ လည်ချောင်းကိုလည်း။ ဥဒရမ္ပိ၊ ဝမ်းကိုလည်း။ ယံ၊ ဍဟေယျ၊ အကြင်လောင်ရာ၏။ အန္တမ္ပိ၊ အူမကိုလည်း။ အန္တဂုဏမ္ပိ၊ အူသိမ်ကိုလည်း။ အာဒါယ၊ ယူ၍။ ယံ အဓောဘာဂံ နိက္ခမေယျ၊ အကြင် အောက်အဖို့မှ ထွက်သွားရာ၏။ ခတ္တိယမဟာသာလာနံ ဝါ၊ မင်းသဌေးတို့၏ သော်လည်းကောင်း။ ဗြာဟ္မဏမဟာသာလာနံ ဝါ၊ ပုဏ္ဏားသဌေးတို့၏ သော်လည်းကောင်း။ ဂဟပတိမဟာသာလာနံ ဝါ၊ သူကြွယ်သဌေးတို့၏ သော်လည်းကောင်း။ သဒ္ဓါဒေယျံ၊ ကံ ကံ၏ အကျိုးနှင့် ရဟန်းသီလကို ယုံကြည်၍ လှူအပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒုဿီလော၊ ဒုဿီလရဟန်းသည်။ ယံ ပရိဘုဉ္ဇေယျ၊ အကြင် သုံးဆောင်မှုလည်း သုံးဆောင်ရာ၏။ တေသု၊ ထိုနှစ်မျိုးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။

ဗလဝါ ပုရိသော၊ အားကောင်းသော ယောကျ်ားသည်။ သီသေ ဝါ ဂဟေတွာ၊ ဦးခေါင်း၌ ကိုင်၍ဖြစ်စေ။ ခန္ဓေ ဝါ ဂဟေတွာ၊ လည်ကုပ်၌ကိုင်၍ ဖြစ်စေ။ အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် တောက်လောင်ထသော။ သမ္ပဇ္ဇလိတံ၊ ထက်ဝန်းကျင်မှ တောက်ပထသော။ သဇောတိဘူတံ၊ တခဲနက်သော မီးလျှံ အပေါင်းသဖွယ် ဖြစ်ထသော။ တတ္တံ၊ လောလောပူသော။ အယောမဉ္စံ ဝါ၊ သံညောင်စောင်းကို လည်းကောင်း။ ဝါ၊ သံညောင်စောင်း၌ လည်းကောင်း။ အယောပီဌံ ဝါ၊

သံအင်းပျဉ်ကိုလည်းကောင်း။ ဝါ၊ သံအင်းပျဉ်၌ လည်းကောင်း။ ယံ အဘိနိသီဒါပေယျ ဝါ၊ အကြင် ဖိ၍ထိုင်မှုလည်း ထိုင်နေစေရာ၏။ ယံ အဘိနိပဇ္ဇာပေယျ ဝါ၊ အကျောင်းအိပ်မှုလည်း အိပ်စေရာ၏။ (အကြွင်း တူပြီ)။ သဒ္ဓါဒေယျံ မဉ္စပီဌံ၊ ကံ ကံ၏အကျိုးနှင့် ရဟန်း၏ သီလကို ယုံကြည်၍ လှူအပ်သော ညောင်စောင်း အင်းပျဉ်ကို။ ဒုဿီလော၊ ဒုဿီလရဟန်းသည်။ ယံ ပရိဘုဉ္ဇေယျ၊ အကြင်သုံးဆောင်မှုလည်း သုံးဆောင်ရာ၏။ ဧတေသု၊ ထိုနှစ်ပါးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝါ၊ ယခုငါဆိုမည့် ထိုစကားကို။ ကိံ မညထ၊ အဘယ်သို့မှတ်ထင်ကုန်သနည်း။ ဗလဝါ ပုရိသော၊ အားကောင်းသော ယောကျ်ားသည်။ ဥဒ္ဓံပါဒံ၊ ဦးခေါင်းစောက်ထိုး။ အဓောသိရံ ဂဟေတွာ၊ ခြေကမိုးခေါင်းဆဲကိုင်၍။ တတ္တာယ၊ လောလောပူသော။ အာဒိတ္တာယ၊ ရဲရဲပြောင်ပြောင် တောက်လောင်ထသော။ သမ္ပဇ္ဇလိတာယ၊ ထက်ဝန်းကျင်မှ တောက်ပယသော။ (၃၄) သဇောတိဘူတာယ၊ တခဲနက် မီးလျှံအပေါင်းသဖွယ်ဖြစ်လသော။ အယောကုမ္ဘိယာ၊ သံရည်အိုးကြီးထဲ၌။ ယံ ပက္ခိပေယျ၊ အကြင် ပစ်ချလိုက်ရာ၏။ တတ္ထ၊ ထိုအိုးကြီးထဲ၌။ သော၊ ထိုပစ်ချခံရသော သူသည်။ ဖေဏုဒ္ဒေဟကံ၊ အမြှုပ် တစီစီထစေလျက်။ ပစ္စမာနော၊ ကျက်သည်ဖြစ်၍။ သကိမ္ပိ ဥဒ္ဓံ ဂစ္ဆေယျ၊ တကြိမ်လည်း အထက်သို့ တက်လာရာ၏။ သကိမ္ပိ အဓော ဂစ္ဆေယျ၊ တကြိမ်လည်း အောက်သို့မြုပ်သွားရာ၏။ သကိမ္ပိ တိရိယံ ဂစ္ဆေယျ၊ တကြိမ်လည်း ဖီလာ သွားရာ၏။ ခတ္တိယမဟာသာလာနံ ဝါ၊ ခတ္တိယမဟာသာလခေါ် မင်းမျိုး သူဌေးတို့၏ သော်လည်းကောင်း။ ဗြာဟ္မဏမဟာသာလာနံ ဝါ၊ ဗြာဟ္မဏမဟာသာလခေါ် ပုဏ္ဏားသူဌေးတို့၏သော်လည်းကောင်း။ ဂဟပတိမဟာသာလာနံ ဝါ၊ ဂဟပတိမဟာသာလခေါ် သူကြွယ်သူဌေးတို့၏ သော်လည်းကောင်း။ သဒ္ဓါဒေယျံ ဝိဟာရံ၊ ကံ ကံ၏အကျိုးနှင့် ရဟန်း၏ သီလကို ယုံကြည်၍ လှူအပ်သောကျောင်းကို။ ယံ ပရိဘုဉ္ဇေယျ၊ အကြင်သုံးဆောင်မှုလည်း သုံးဆောင်ရာ၏။ ဧတေသု၊ ထိုနှစ်ပါးတို့တွင်။ ကတမံ၊ အဘယ်သည်။ ဝရံ နု ခေါ၊ ကောင်းမြတ်ပါသနည်း။ ဣတိ စ၊ ဤသို့လည်းကောင်း။ ဣတိ၊ ဤသို့။

ဣမာဟိ ဝါဠရဇ္ဇုတိက္ခသတ္တိအယောပဋ္ဋအယောဂုဠအယောမဉ္စအယောပီဌအယောကုမ္ဘီဥပမာဟိ၊ ကျွဲသားမြီးကြိုး ဥပမာ, ထက်လှစွာသော လှံမ, ဥပမာ, သံပြားဥပမာ, သံတွေခဲ ဥပမာ, သံညောင်စောင်း, သံအင်းပျဉ် ဥပမာ

သံရည်အိုး ဥပမာတို့ဖြင့်။ အဘိဝါဒန အဉ္ဇလိကမ္မ စီဝရပိဏ္ဍပါတ မဉ္စပီဌဝိဟာရ- ပရိဘောဂပစ္စယံ၊ ရှိခိုးခြင်း လက်အုပ်ချီခြင်းကို သာယာလက်ခံခြင်းနှင့် သက်နုန်း ဆွမ်း ညောင်စောင်းအင်းပျဉ် ကျောင်းကို သုံးဆောင်ခြင်းလျှင် အကြောင်း ရှိသော။ ဒုက္ခံ၊ ဆင်းရဲကို။ ဒဿေသိ၊ ပြတော်မူလေပြီ။ တသ္မာ၊ထို့ ကြောင့်–

၁။ အဂ္ဂိက္ခန္ဓူပမသုတ္တန်၌လာသော အဂ္ဂိက္ခန္ဓာလိင်္ဂနဒုက္ခာဓိကဒုက္ခကဋုကဖလံ၊ မီးပုံကြီးကိုပွေ့ဖက်ခြင်း ကြောင့်ဖြစ်သော ဆင်းရဲထက် လွန်ကဲသော ဆင်းရဲအဖြစ်ဖြင့် အလွန် ဆိုးရွားလှသော ဆင်းရဲဟူသောအကျိုးရှိသော။ ကာမသုခံ၊ ကာမချမ်း သာကို။ အဝိဇဟတော၊ မစွန့်သော။ ဘိန္နသီလဿ၊ သီလပျက်သော ရဟန်းအား။ ကုတော သုခံ၊ အဘယ်မှာ ချမ်းသာရှိအံ့နည်း။ နတ္ထေဝ– နတ္ထိ ဧဝ၊ မရှိသည်သာတည်း။

၂။ ဒဠှဝါဠရဇ္ဇုဃံသန ဒုက္ခာဓိက ဒုက္ခဘာဂိဿ၊ ကြမ်းသော သားမြီး ကြိုးဖြင့် ပွတ်ဆွဲ ဆွဲတိုက်ခြင်းကြောင့် ဖြစ်သော ဆင်းရဲထက် လွန် ကဲသော ဆင်းရဲအဖို့ရှိသော။ ဝိပန္နသီလဿ၊ သီလပျက်သော ရဟန်း အား။ အဘိဝါဒနသာဒိယနေ၊ လူတို့၏ ရှိခိုးခြင်းကို သာယာလက်ခံ ခြင်းကြောင့်။ သုခံ နာမ၊ ချမ်းသာမည်သည်။ ကိံ အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ နတ္ထိ ဧဝ၊ မရှိသည်သာတည်း။

၃။ သတ္တိပ္ပဟာရဒုက္ခာဓိမတ္တဒုက္ခဿ၊ ရင်ဝ၌ လှံမဖြင့် ထိုးဆွခြင်း ကြောင့်ဖြစ်သော ဆင်းရဲထက် လွန်ကဲသော ဆင်းရဲ၏။ ဟေတု၊ အကြောင်းဖြစ်သော။ ယံ အဉ္ဇလိကမ္မသာဒိယနံ၊ အကြင်ဒါယကာတို့၏ လက်အုပ်ချီခြင်းကို သာယာခြင်းသည်။ အတ္ထိ၊ ရှိ၏။ သဒ္ဓါနံ၊ သဒ္ဓါ တရားရှိသောသူတို့၏။ တသ္မိံ အဉ္ဇလိကမ္မသာဒိယနေ၊ ထိုရှိခိုးခြင်းကို သာယာခြင်းကြောင့်။ အသီလဿ၊ သီလမရှိသော ရဟန်းအား။ သုခံ၊ ချမ်းသာသည်။ ကိံ အတ္ထိ၊ အဘယ်မှာရှိအံ့နည်း။

(တနည်း) အသီလဿ၊ သီလမရှိသော ရဟန်းအား။ သဒ္ဓါနံ၊ သဒ္ဓါတရား ရှိသော လူတို့၏။ အဉ္ဇလိကမ္မသာဒိယနေ၊ လက်အုပ်ချီခြင်းကို သာယာ လက်ခံခြင်းကြောင့်။ သုခံ၊ ချမ်းသာမည်သည်။ ကိံ အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း၊ ယံ၊ အကြင်သာယာလက်ခံခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထို သာယာလက်ခံခြင်းသည်။ သတ္တိပဟာရဒုက္ခာ၊ ရင်ဝ၌ လှံမဖြင့် ဆိုးဆွပ် ခြင်းကြောင့် ဖြစ်သော ဆင်းရဲထက်။ အဓိမတ္တဒုက္ခဿ၊ လွန်ကဲသော ဆင်းရဲခြင်း၏။ ဟေတု၊ အကြောင်းသာ ဖြစ်ချေ၏။

၄။ အသံယတဿ၊ ကိုယ် နှုတ် နှလုံးကို မစောင့်သော ရဟန်းသည်။ ယေန၊ အကြင်သက်နုန်းကို သုံးဆောင်ခြင်းကြောင့်။ နိရယေ၊ ငရဲ၌။

ဇလိတအယောပဋ္ဋသမ္မသော၊ အလျှံ တပြောင်ပြောင် တောက်သော သံပြားဖြင့် ရစ်ပတ်ခြင်း အတွေ့ကို။ စိရံ၊ ရှည်မြင့်စွာသော ကာလ ပတ်လုံး။ အနုဘဝိတဗ္ဗော၊ ခံစားအပ်၏။ ဝါ၊ ခံစားရလတ္တံ့။ အသံယ-တဿ၊ ကိုယ်နှုတ်နှလုံးကို မစောင့်သော ဒုဿီလ ရဟန်း၏။ တဿိ စီဝရပရိဘောဂသုခံ၊ ထိုသင်္ကန်းကို သုံးဆောင်ခြင်းကြောင့်ဖြစ်သော ချမ်းသာသည်။ ကိံ နာမ သုခံ၊ အဘယ်မည်သော ချမ်းသာ ပေနည်း။ ဝါ၊ ဆင်းရဲခြင်းကြောင်းဖြစ်၍ ချမ်းသာမဟုတ် ဆင်းရဲသာတည်း။

၅။ အသီလဿ၊ သီလမရှိသော ရဟန်းသည်။ ယေန၊ အကျင်သုံး ဆောင်အပ်သော ဆွမ်းကြောင့်။ ဝါ၊ ဆွမ်းကို သုံးဆောင်ခြင်းကြောင့်။ အာဒိတ္တာ၊ ရဲရဲတောက်ကုန်သော။ အယောဂုဠာ၊ သံတွေခဲတို့ကို။ စိရ-ရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဂိလိတဗ္ဗာ၊ မျိုအပ်ကုန်၏။ ဝါ၊ မျိုအပ်ကုန်လတ္တံ့။ သော ပိဏ္ဍပါတော၊ ထိုဆွမ်းသည်။ မဓုရောပိ၊ ကောင်းသောအရသာရှိသော်လည်း။ တဿ အသီလဿ၊ ထိုသီလမရှိ သော ရဟန်းအား။ ဟလာဟလ ဝိသူပမော၊ လတ်တလော သေစေ တတ်သော အဆိပ်နှင့် တူချေပြီ။

၆။ ယံ၊ အကြင်ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်သော ရဟန်း ကို။ ယံ ယေန မဉ္စပီဌပရိဘောဂေန၊ အကြင်ညောင်စောင်း အင်းပျဉ် ကို သုံးဆောင်ခြင်းဖြင့်။ ဇလိတအယောမဉ္စပီဌာနိ၊ ရဲရဲတောက်သော သံညောင်စောင်းအင်းပျဉ်တို့သည်။ (နိရယေ၊ ငရဲ၌)။ စိရံ၊ ရှည်မြင့်စွာ သော ကာလပတ်လုံး။ ဗာဓိဿန္တိ၊ နှိပ်စက်ကုန်လတ္တံ့။ တဿ အသီ-လိနော၊ ထိုသီလမရှိသောရဟန်း၏။ သော မဉ္စပီဌပရိဘောဂေါ၊ ထို ညောင်စောင်း အင်းပျဉ်ကို သုံးဆောင်ခြင်းသည်။ သုခသမ္မတောပိ၊ ချမ်းသာဟု သမုတ်အပ်သော်လည်း။ ဒုက္ခော၊ ဆင်းရဲ၏အကြောင်း ဖြစ်၍ ဆင်းရဲသာတည်း။

၇။ ယေန၊ အကြင်ဒုဿီလရဟန်းသည်။ ဇလိတေသု၊ ရဲရဲတောက်ကုန် သော။ အယောကုမ္ဘိမဇ္ဈေသု၊ သံရည်အိုးတို့၌။ နိဝသိတဗ္ဗံ၊ နေရရာ၏။ သဒ္ဓါဒေယျမှိ၊ ယုံကြည်၍လှူအပ်သော။ ဝိဟာရေ၊ ကျောင်း၌။ တဿ ဒုဿီလဿ၊ ထိုဒုဿီလရဟန်း၏။ သာ နိဝါသရတိ၊ ထိုကိန်းအောင်း မွေ့လျော်နေပျော်ခြင်းသည်။ ကာ၊ အဘယ်အကျိုးရှိအံ့နည်း။

၈။ ယံ၊ အကြင်ဒုဿီလရဟန်းကို၊ သင်္ကသရသမာစာရောတိ စ၊ ရွံရှား သဖြင့် အောင့်မေ့အပ်သော အကျင့်ရှိသူဟူ၍လည်းကောင်း။ ကသမ္ဗု-ဇာတောတိ စ၊ အမှိုက်သဖွယ် ဖြစ်သူဟူ၍လည်းကောင်း။ အဝဿုတော-

တိ စ၊ ကိလေသာမိုးရည်ဖြင့် စိုစွတ်သူဟူ၍လည်းကောင်း။ ပါပေါ်တိ စ၊ ယုတ်မာသောသူ ဟူ၍လည်းကောင်း။ အန္တောပူတိတိ စ၊ ကိုယ်တွင်း၌ အပုပ်ရှိသူဟူ၍လည်းကောင်း။ နိဒ္ဒိဋ္ဌော၊ ကဲ့ရဲ့တော်မူလျက်။ လောကဂရု၊ တလောကလုံး၏ အလေးပြုအပ်သောဆရာ ဘုရားသည်။ အာဟ၊ မိန့်ကြားတော်မူပြီ။

၉။ အသညတဿ၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းသော။ အသမဏဿ၊ ရဟန်းစစ် ရဟန်းကောင်း မဟုတ်သော။ သမဏဇနဝေသဓာရိဿ၊ ရဟန်းကောင်း ပုဂ္ဂိုလ်အပေါင်း၏ အသွင်ကိုဆောင်ထသော။ (တဿ ဒုဿီလဿ မှာစပ်)။ ခတံ၊ ကုသိုလ်မှုလကို တူးဖြိုသဖြင့် တူးဖြိုအပ်ပြီး ဖြစ်သော။ ဥပဟတံ၊ သီလဘျသနဖြင့် နှိပ်စက်ဖျက်ဆီးပြီး သတ်အပ်ပြီးသော။ (ဤနှစ်ပုဒ် အတ္တာနံ ဝိသေသနအဖြစ်စပ်)။ အတ္တာနံ၊ အတ္တဘောကို။ ဝဟန္တဿ၊ ပြုစုစောင့်ရှောက်သော အားဖြင့် ဆောင်နေသော။ တဿ၊ ထိုဒုဿီလပုဂ္ဂိုလ်၏။ ဇီဝိတံ၊ အသက်ရှင်နေခြင်းသည်။ မိ၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းလေစွ။ တနည်းကား—

၁၀။ ဣဓ၊ ဤလောက၌။ မဏ္ဍနကာမာ၊ တန်ဆာဆင်လိုကုန်သော လုလင်ပျိုတို့သည်။ ဂူထံ၊ မစင်ကို။ ဝိဝဇ္ဇယန္တိ ဝိယ၊ ကြဉ်ရှောင်ကုန် သကဲ့သို့ လည်းကောင်း။ ကုဏပံ၊ အပုပ်ကောင်ကို။ ဝိဝဇ္ဇယန္တိ ဝိယ၊ ကြဉ်ရှောင်ကုန်သကဲ့သို့လည်းကောင်း။ ယံ၊ အကြင်ဒုဿီလရဟန်းကို။ သီလသာဓဝော၊ သီလရှိကုန်သော။ သန္တော၊ သူတော်ကောင်းတို့သည်။ ဝိဝဇ္ဇယန္တိ၊ ကြဉ်ရှောင်ကုန်၏။ တဿ၊ ထိုဒုဿီလရဟန်း၏။ တံ ဇီဝိတံ နာမ၊ ထိုအသက်ရှင်ခြင်းမည်သည်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။

၁၁။ ဒုဿီလော၊ ဒုဿီလရဟန်းသည်။ သဗ္ဗဘယေဟိ၊ အတ္တာနုဝါဒ စသော အလုံးစုံသောဘေးတို့မှ။ အမုတ္တော၊ မလွတ်ရှာပေ။ သဗ္ဗေဟိ အဓိဂမသုခေဟိ၊ ဥပစာရစျာန်မှစ၍ အလုံးစုံသော ရသင့်ရထိုက်သော စျာန်မဂ်ဖိုလ်ချမ်းသာတို့မှ။ မုတ္တော၊ လက်လွတ်ဖြစ်ရချေ၏။ သုပိဟိတသဂ္ဂဒွါရော၊ ပိတ်ထားသော နတ်ရွာတံခါးရှိ၏။ အပါယမဂ္ဂံ၊ အပါယ် လေးပါးသို့ ရောက်ကြောင်းလမ်းသို့။ သမာရုဠှော၊ တက်ရောက်သွား လျက်ရှိ၏။

၁၂။ ကာရုဏိကဇနဿ၊ ကရုဏာကြီးသောသူ၏။ ကရုဏာယ၊ သနားခြင်း ကရုဏာ၏။ ဝတ္ထုဘူတော၊ တည်ရာအာရုံဖြစ်သော။ ဒုဿီလသမော၊ ဒုဿီလနှင့်တူသော။ အညော၊ အခြားတပါးသောသူသည်။ ကော နာမ၊ အဘယ်မည်သောသူသည်။ အတ္ထိ၊ ရှိတော့အံ့နည်း။ နတ္ထိ၊ မရှိပြီ။

ဣတိ ဣမိနာ နယေန၊ ဤဆိုခဲ့ပြီးသောနည်းဖြင့်။ ဒုဿီလတာယ၊ ဒုဿီလအဖြစ်၏။ ဝါ၊ ဒုဿီလအဖြစ်၌။ ဒေါသာ၊ အပြစ်တို့သည်။ ဗဟုဝိဓာ၊ များသောအပြားရှိကုန်၏။ ဣတိ ဧဝမာဒိနာ ပစ္စဝေက္ခဏေန၊ ဤသို့ အစရှိသော ဆင်ခြင်ခြင်းဖြင့်။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၌။ အာဒီနဝဒဿနေန၊ အပြစ်ကို ပြခြင်းကို လည်းကောင်း။ ဝုတ္တပကာရဝိပရီတ-တော၊ ဆိုခဲ့ပြီးသည်မှ ပြန်သောအားဖြင့်။ သီလသမ္ပတ္တိယာ၊ သီလပြည့်စုံခြင်း၌။ အာနိသံသဒဿနေန၊ အကျိုးကို ပြခြင်းကိုလည်းကောင်း။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ အပိ စ၊ တနည်းသော်ကား—

၁။ ယဿ၊ အကြင်ရဟန်း၏။ သီလံ၊ သီလသည်။ သုနိမ္မလံ၊ ကောင်းစွာ အညစ်အကြေးကင်း၏။ တဿ၊ ထိုရဟန်း၏။ ပတ္တစီဝရဓာရဏံ၊ သပိတ်သင်္ကန်းကို ဆောင်ခြင်း သုံးဆောင်ဝတ်ရုံခြင်းသည်။ ပါသာဒိကံ၊ ကြည်ညိုဖွယ် ရှိပါပေသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုရဟန်း၏။ ပဗ္ဗဇ္ဇာ၊ ရဟန်းပြုခြင်းသည်။ သဖလာ၊ အကျိုးရှိပါပေ၏။

၂။ အန္ဓကာရံ၊ အမိုက်တိုက်သည်။ ရဝိံ၊ နေ၏ အလင်းရောင်သို့။ နာဝဂါဟတိ ဝိယ၊ မဝင်ရောက်နိုင်သကဲ့သို့။ သုဒ္ဓသီလဿ၊ စင်ကြယ်သောသီလရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ဟဒယံ၊ နှလုံးသို့။ အတ္တာ-နုဝါဒါဒိဘယံ၊ အတ္တာနုဝါဒစသော ဘေးသည်။ နာဝဂါဟတိ၊ မဝင်ရောက်နိုင်။

၃။ ပဘာသမ္ပတ္တိယာ၊ အလင်းရောင်၏ ပြည့်စုံခြင်းဖြင့်။ စန္ဒော၊ လသည်။ ဂဂနေ၊ ကောင်းကင်၌။ သောဘတိ ဝိယ၊ တင့်တယ်သကဲ့သို့။ သီလသမ္ပတ္တိယာ၊ သီလ၏ ပြည့်စုံခြင်းဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ တပေါဝနေ၊ ခြိုးခြံစွာ ကျင့်ရာဖြစ်သော သာသနာတော်တည်းဟူသော တောအုပ်၌။ သောဘမာနော ဟောတိ၊ တင့်တယ်ပေ၏။

၄။ သီလဝန္တဿ ဘိက္ခုနော၊ သီလရှိသောရဟန်း၏။ ကာယဂန္ဓောပိ၊ ကိုယ်အနံ့သည်သော်လည်း။ ဒေဝါနံ အပိ၊ နတ်တို့အားသော်လည်း။ ပါမောဇ္ဇံ၊ နှစ်သိမ့် ဝမ်းမြောက်ခြင်းကို။ ကရောတိ၊ ပြုတုံသေး၏။ သီလဂန္ဓေ၊ သီလအနံ့၌ကား။ ကာ ကထာဝ၊ အဘယ်ဆိုဖွယ်ရှိအံ့နည်း။

၅။ သီလဂန္ဓော၊ သီလတည်းဟူသော အနံ့သည်။ သဗ္ဗေသံ ဂန္ဓဇာတာနံ၊ အလုံးစုံသော အနံ့မျိုးတို့၏။ သမ္ပတ္တိံ၊ ပြည့်စုံခြင်း ကောင်းခြင်းဂုဏ်ကို။ အဘိဘုယ်ဘိ၊ လွှမ်းမိုးနိုင်၏။ အဝိဃာတိ၊ အဆီးအတား အပိတ်အပင် မရှိမူ၍။ သဗ္ဗာ ဒိသာ၊ အလုံးစုံသော အရပ်မျက်နှာတို့ကို။ ပဝါယတိ၊ ပြန့်လှိုင်ပေ၏။

၆။ သီလာဒ္ဓေ၊ သီလရှိသောရဟန်း၌။ ကဘာကာရာ၊ ပြုအပ်ကုန်သော ကောင်းမှုတို့သည်။ အပ္ပကာပိ၊ အနည်းငယ် ဖြစ်ကုန်သော်လည်း။ မဟပ္ဖလာ၊ ကြီးမားသော အကျိုးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သီလဝါ၊ သီလရှိသောရဟန်းသည်။ ပူဇာသက္ကာရဘာဇနံ၊ ပူဇော်ခြင်း အရိုအသေပြု၍ လှူခြင်းတို့၏ တည်ရာ သည်။ ဟောတိ၊ ဖြစ်၏။

၇။ သီလာဒ္ဓံ၊ သီလရှိသော ရဟန်းကို။ ဒိဋ္ဌဓမ္မိကာ၊ မျက်မှောက်၌ ဖြစ်ကုန်သော။ အာသဝါ၊ သတ်ခြင်း နှောင်ဖွဲ့ခြင်းစသော အာသဝ မည်သော ဘေးရန်တို့သည်။ န ဗာဓန္တိ၊ မနှိပ်စက်နိုင်ကုန်။ သီလဝါ၊ သီလရှိသော ရဟန်းသည်။ သမ္ပရာယိကဒုက္ခာနံ၊ နောင်တမလွန်၌ ဖြစ်သော ဆင်းရဲဘို့၏။ မူလံ၊ အကြောင်းရင်းဖြစ်သော သီလပျက်စီး မှုကို။ ခနတိ၊ တူးဖြိုဖျက်ဆီးနိုင်၏။

၈။ မနုဿေသု၊ လူတို့၌။ ယာ သမ္ပတ္တိ၊ အကြင်စည်းစိမ် ချမ်းသာသည် လည်းကောင်း။ ဒေဝေသု၊ နတ်တို့၌။ ယာ သမ္ပတ္တိ၊ အကြင်စည်းစိမ် ချမ်းသာသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုနှစ်မျိုးသော ချမ်းသာသည်။ ဣစ္ဆတော၊ အလိုရှိပါမူ။ သမ္ပန္နသီလဿ၊ သီလနှင့် ပြည့်စုံသော ရဟန်းအား။ န ဒုလ္လဘာ၊ ရခဲသည်မဟုတ်။ ဝါ၊ရလွယ်သည် သာတည်း။

၉။ ယာ ပန အယံ နိဗ္ဗာနသမ္ပဒါ၊ အကြင်နိဗ္ဗာန်စည်းစိမ်ချမ်းသာသည်။ အစ္စန္တသန္တာ၊ အပိုင်းအခြား အကန့်အသတ်မရှိ စင်စစ် ငြိမ်းအေးပေ၏။ သမ္ပန္နသီလဿ၊ သီလရှိသောပုဂ္ဂိုလ်၏။ မနော၊ စိတ်သည်။ တမေဝ၊ ထိုနိဗ္ဗာန်စည်းစိမ်သို့လျှင်။ အနုဓာဝတိ၊ အစဉ် ပြေးဝင်လျက် ရှိပေ၏။

(၅၆) ၁၀။ ဣတိ ဣမိနာ ဝုတ္တပကာရေန၊ ဤဆိုခဲ့ပြီးသော အပြားအားဖြင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ သဗ္ဗသမ္ပတ္တိမူလမှိ၊ အလုံးစုံသော လောကီ လောကုတ္တရာ စည်းစိမ်တို့၏ မူလဖြစ်သော။ သီလမှိ၊ သီလ၌။ အနေကာကာရဝေါကာရံ၊ များစွာသော အခြင်းအရာ တို့ဖြင့် ပြွမ်းသော။ အာနိသံသံ၊ အကျိုးအာနိသင်ကို။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။ ဣတိ၊ ဤတွင် စကားတရပ်ပြီးပြီ။

ဟိ၊ အကျိုးအာနိသင်ကား။ ဧဝံ၊ ဤဆိုခဲ့ပြီးသော နည်းဖြင့်။ ဝိဘာဝယတော၊ ထင်စွာပြသောရဟန်း၏။ မာနသံ၊ စိတ်သည်။ သီလဝိပတ္တိတော၊ သီလပျက်အံ့သည်မှ။ ဥဗ္ဗိဇ္ဇတွာ၊ ထိတ်လန့်၍။ သီလသမ္ပတ္တိနိန္နံ၊ သီလပြည့်စုံခြင်းသို့ ညွတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ယထာဝုတ္တံ၊ ဆိုအပ်ခဲ့တိုင်းသော။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၏။ ဣမံ အာဒီနဝဉ္စ၊ ဤအပြစ်ကိုလည်းကောင်း။ သီလသမ္ပတ္တိယာ၊ သီလပြည့်စုံခြင်း၏။ ဣမံ အာနိသံသဉ္စ၊ ဤအကျိုးကိုလည်းကောင်း။ ဒိသွာ၊ ကြည့်ရှု မြော်မြင်၍။ သဗ္ဗာဒရေန၊ အလုံးစုံသော ရိုသေခြင်းဖြင့်။ ဝါ၊ အကြွင်းမဲ့ရိုသေခြင်းဖြင့်။ သီလံ၊ သီလကို။ ဝေါဒါပေတဗ္ဗံ၊ ဖြူစင်စေအပ်၏။ ဣတိ၊ ဤသည်ကား အနုသာသနီပေတည်း။

စ၊ ဆက်ပါဦးအံ့။ ဧတ္တာဝတာ၊ ဤမျှလောက်သော စကားအစဉ်ဖြင့်။ "သီလေ ပတိဋ္ဌာယ နရော သပညော" တိ ဣမိဿာ ဂါထာယ၊ သီလေ ပတိဋ္ဌာယ နရော သပညောဟူသော ဤဂါထာ၌။ သီလသမာဓိပညာမုခေန၊ သီလ သမာဓိ ပညာကို ပမာနပြုသဖြင့်။ ဒေသိတော၊ ဟောတော်မူအပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းဖြစ်သော ဝိသုဒ္ဓိမဂ်၌။ တာဝ၊ ရှေးဦးစွာ။ သီလံ၊ သီလကို။ ပရိဒီပိတံ ဟောတိ၊ အပြည့်အစုံ ပြအပ်ပြီး ဖြစ်ပေ၏။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်းတို့၏ နှစ်သိမ့် ဝမ်းမြောက်ခြင်းငှာ။ ကတေ၊ ပြုစီရင်အပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်း၌။ သီလနိဒ္ဒေသော နာမ၊ သီလကို အကျယ်ပြချက် (သီလနိဒ္ဒေသ) မည်သော။ ပဌမော၊ ရှေးဦးစွာသော။ ပရိစ္ဆေဒေါ၊ အပိုင်းအခဏ်းပေတည်း။

သီလနိဒ္ဒေသော နိဋ္ဌိတော၊ သီလကို အကျယ်ပြချက် ပြီး၏။

# ၂-ဓုတင်္ဂနိဒ္ဒေသ

## ဓုတင်ကိုအကျယ်ပြချက်

### သာဓာရဏကထာ=ဓုတင်အားလုံးနှင့် သက်ဆိုင်သောစကား

(၅၇) ၂၂။ ဣဒါနိ၊ ယခုအခါ၌။ အပ္ပိစ္ဆတာသန္တုဋ္ဌိတာဒီဟိ၊ အလိုနည်းခြင်း အပ္ပိစ္ဆတာ, ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိတာ အစရှိကုန်သော။ ယေဟိ ဂုဏေဟိ၊ အကြင်ဂုဏ်ကျေးဇူးတို့ဖြင့်။ ဝါ၊ အကြင်ဂုဏ်ကျေးဇူးတို့ကြောင့်။ ဝုတ္တပ္ပကာရဿ၊ သီလနိဒ္ဒေသ၌ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ သီလဿ၊ သီလ၏။ ဝေါဒါနံ၊ ဖြူစင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တေ ဂုဏေ သမ္ပာဒေတုံ၊ ထိုအလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း အစရှိသော ဂုဏ်တို့ကို ပြည့်စုံစေခြင်းငှာ။ သမာဒိန္နသီလေန ယောဂိနာ၊ ဆောက်တည်အပ်ပြီးသော သီလရှိသော ယောဂီရဟန်းသည်။ ဓုတင်္ဂသမာဒါနံ ကာတဗ္ဗံ၊ ဓုတင်ဆောက်တည်ခြင်းကို ပြုသင့်၏။ ဟိ၊ အကျိုးသော်ကား။ ဧဝံ သန္တေ၊ ဤသို့ဓုတင်ဆောက်တည်လတ်သော်။ အဿ၊ ထိုယောဂီရဟန်း၏။ အပ္ပိစ္ဆတာသန္တုဋ္ဌိတာသလ္လေခပဝိဝေကာ ပစယ ဝီရိယာရမ္ဘ သုဘရတာဒိ ဂုဏသလိလ ဝိက္ခာလိတမလံ၊ အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း, ကိလေသာတို့ကို ခေါင်းပါးစေခြင်း ဆိတ်ငြိမ်ရာ၌နေခြင်း, သီလတို့ကိုဖြည့်ဆည်းသောအကျင့်ကိုကျင့်ခြင်း, အားထုတ်အပ်သောဝီရိယရှိခြင်း, ဒါယကာတို့က ပြုစုမွေးမြူလွယ်ခြင်း အစရှိသော ဂုဏ်ကျေးဇူးတည်းဟူသော ရေစင်ဖြင့် ဆေးကြော်အပ်ပြီးသော အညစ်အကြေးရှိသည်ဖြစ်၍၊ ဝါ၊ အညစ်အကြေးကို ဆေးကြောပယ်ရှင်းပြီးသည်ဖြစ်၍။ သီလ ဉ္စေဝ၊ သီ ပသည်လည်း၊ ပရိသုဒ္ဓံ ဘဝိဿတိ၊ အလွန်စင်ကြယ်သည် ဖြစ်ပေလတ္တံ့။ ဝတာနိ စ၊ ဓုတင်အကျင့်တို့သည်လည်း။ သမ္ပဇ္ဇိဿန္တိ၊ ပြည့်စုံကြပေလတ္တံ့။ ဣတိ၊ ဤသို့သီလစင်ကြယ်ခြင်း ဓုတင်ပြည့်စုံခြင်းဖြစ်လတ်သော်။ အနဝဇ္ဇသီလ ဗ္ဗတဂုဏပရိသုဒ္ဓ သမာစာရော၊ အပြစ်ကင်းသောသီလနှင့် ဓုတင်အကျင့်ဟူသော ဂုဏ်ကျေးဇူးကိုဖြင့် စင်ကြယ်သော အလုံးစုံသော ကိုယ်နှုတ်စိတ်အမူအရာ အကျင့်ရှိသော ယောဂီရဟန်းသည်။ ပေါရာဏေ၊ ဘုရားအစရှိသော ရှေးသူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော။ အရိယဝံသတ္တယေ ပတိဋ္ဌာယ၊ အရိယဝံသအကျင့်သုံးပါးအပေါင်း၌ တည်၍။ ဘာဝနာရာမတာသင်္ခါတဿ၊ ဘာဝနာ၌ မွေ့လျော်ခြင်းရှိသည်၏အဖြစ်ဟုဆိုအပ်သော။ စတုတ္ထဿ

အရိယဝံသဿ စ၊ လေးခုမြောက်ဖြစ်သော အရိယဝံသကိုလည်း။ အဝိဂမာရပဟော၊ ရထိုက်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဘဝိဿတိ၊ ဖြစ်ပေလတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ဓုတင်္ဂကထံ၊ ဓုတင်ဆိုင်ရာစကားကို။ အာရဘိဿာမ၊ အားထုတ်ကုန်အံ့။

ဟိ၊ မှန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပရိစ္စတ္တလောကာမိသာနံ၊ လာဘ်သက္ကာရစသော လောကာမိသကို ပယ်စွန့်ထားကုန်သော။ ကာယေ စ၊ ကိုယ်၌လည်းကောင်း။ ဇီဝိတေ စ၊ အသက်၌လည်းကောင်း။ အနပေက္ခာနံ၊ ငဲ့ကွက်ခြင်းကင်းကုန်သော။ အနုလောမပဋိပဒံယေဝ၊ နိဗ္ဗာန်ကိုရခြင်းအား လျော်သော ဝိပဿနာ ဘာဝနာအကျင့်ကိုသာလျှင်။ အာရာဓေတုကာမာနံ၊ ပြီးစေခြင်းငှာအလိုရှိကုန်သော။ ကုလပုတ္တာနံ၊ အမျိုးကောင်းသားတို့အား၊ တေရသဓုတင်္ဂါနိ၊ တဆယ့်သုံးပါးသောဓုတင်တို့ကို။ အနုညာတာနိ၊ ခွင့်ပြုတော်မူအပ်ကုန်၏ ဣဒံ-ဣမာနိ၊ ဤတဆယ့်သုံးပါးသော ဓုတင်တို့သည်။ သေယျထာ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ ပံသုကူလိကင်္ဂံ၊ ပံ့သကူဓုတင်လည်းကောင်း။ တေစီဝရိကင်္ဂံ၊ တိစီဝရိတ်ဓုတင်လည်းကောင်း။ ပိဏ္ဍပါတိကင်္ဂံ၊ ပိဏ္ဍပါတ်ဓုတင်လည်းကောင်း။ သပဒါနစာရိကင်္ဂံ၊ သပဒါန-စာရိကဓုတင်လည်းကောင်း။ ဧကာသနိကင်္ဂံ၊ ဧကာသနိက်ဓုတင်လည်းကောင်း။ ပတ္တပိဏ္ဍိကင်္ဂံ၊ ပတ္တပိဏ်ဓုတင်လည်းကောင်း။ ခလုပစ္ဆာဘတ္တိကင်္ဂံ၊ ခလုပစ္ဆာဘတ်ဓုတင်လည်းကောင်း ။ အာရညိကင်္ဂံ၊ အရညကင်ဓုတင်လည်းကောင်း၊ ရုက္ခမူလိကင်္ဂံ၊ ရုက္ခမူဓုတင်လည်းကောင်း။ အဗ္ဘောကာသိကင်္ဂံ၊ အဗ္ဘောကာ-သိကဓုတင်လည်းကောင်း။ သောသာနိကင်္ဂံ၊ သုသာန်ဓုတင်လည်းကောင်း။ ယထာသန္ထတိကင်္ဂံ၊ ယထာသန္ထတိဓုတင်လည်းကောင်း။ နေသဇ္ဇိကင်္ဂံ၊ နိသဇ္ဇ-ဓုတင်လည်းကောင်း။ ဣတိ ဣမာနိ၊ ဤတဆယ့်သုံးပါးတို့ပင်တည်း။ တတ္ထ၊ ထိုတဆယ့်သုံးပါးသောဓုတင်တို့၌—

အတ္ထတော စ၊ သဒ္ဒါအနက်အားဖြင့်လည်းကောင်း။ လက္ခဏာဒီဟိ စ၊ လက္ခဏာစသည်တို့ဖြင့်လည်းကောင်း။ သမာဒါနဝိဓာနတော စ၊ ဆောက်တည်ပုံနှင့် ကျင့်ပုံအစီအရင်အားဖြင့်လည်းကောင်း။ ပဘေဒ-တော စ၊ အပြားအားဖြင့်လည်းကောင်း။ ဘေဒတော စ၊ ဓုတင်ပျက်ခြင်းအားဖြင့် လည်းကောင်း။ တဿ တဿာနိသံသတော စ၊ ထိုထိုဓုတင်၏ အကျိုးအာနိသင်အားဖြင့်လည်းကောင်း၊

ကုသလတ္တိကတော စေဝ၊ ကုသလတိက်အားဖြင့် လည်းကောင်း။ ဓုတာဒီနံ ဝိဘာဂတော စ၊ ဓုတင်စသည်တို့ကို ဝေဖန်သောအားဖြင့်

လည်းကောင်း။ သမာသဗျာသတော စာပိ၊ အကျဉ်းအကျယ်အား ဖြင့်လည်းကောင်း။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ်၏။

၂၃။ တတ္ထ၊ ထိုကိုးပါးတို့တွင်။ တာဝ၊ ရှေးဦးစွာ။ အတ္ထောတိ ဧတ္ထ၊ အတ္ထောဟူရာ၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ်၏။ ယံ စီဝရံ၊ အကြင်သင်္ကန်းသည်။ ရထိကသုသာနသင်္ကာရကူဋာဒီနံ၊ ရထား လမ်းမ, သုသာန်, အမှိုက်ပုံစသည်တို့တွင်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော အရပ်၌။ ပံသူနံ ဥပရိ၊ မြေမှုန့်တို့၏အထက်၌။ ဌိတတ္တာ၊ တည်သည်၏အဖြစ် ကြောင့်။ အဗ္ဘုဂ္ဂတဋ္ဌေန၊ လွှမ်း၍မြင့်တက်ခြင်းသဘောအားဖြင့်။ တေသု တေသု၊ ထိုထိုအမှိုက်ပုံစသည်တို့၌။ ပံသုကူလမိဝ၊ မြေမှုန့်တို့၏အထက်၌လွှမ်း ၍မြင့်တက်သကဲ့သို့။ ဝတ္တတိ၊ ဖြစ်တတ်၏။ တိဋ္ဌတိ၊ တည်တတ်၏။ (ထည့်) ဣတိ၊ ထို့ကြောင့်။ တံ စီဝရံ၊ ထိုသင်္ကန်းသည်။ ပံသုကူလံ၊ ပံသုကူလ မည်၏။ အထ ဝါ၊ တနည်းသော်ကား။ ယံ စီဝရံ၊ အကြင်သင်္ကန်းသည်။ ပံသု ဝိယ၊ သုသာန်အစရှိသောတည်ရာမြေမှုန့်ကဲ့သို့။ ကုစ္ဆိတဘာဝံ၊ စက်ဆုပ် ဖွယ်အဖြစ်သို့။ ဥပရိ ဂစ္ဆတိ၊ ရောက်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ပံသုကူလံ၊ ပံသုကူလမည်၏။ ကုစ္ဆိတဘာဝံ ဂစ္ဆတိ၊ စက်ဆုပ်ဖွယ်အဖြစ်သို့ရောက်တတ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ (နောက် ဤ နည်းအတိုင်းပေး)။ ဧဝံ၊ ဤသို့။ လဒ္ဓနိဗ္ဗစနဿ၊ ရအပ်သော သဒ္ဒါအနက်ရှိ သော။ ပံသုကူလဿ၊ ပံ့သကူသင်္ကန်းကို။ ဓာရဏံ၊ ဆောင်ခြင်း, ဝတ်ရုံခြင်း သည်။ ပံသုကူလံ၊ ပံသုကူလမည်၏။ အဿ၊ ထိုရဟန်းအား။ တံ၊ ထိုပံ့သ- ကူသင်္ကန်းကိုဆောင်ခြင်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပံသုကူလိကော၊ ပံသုကူလိကမည်၏။ ပံသုကူလိကဿ၊ ပံ့သကူ သင်္ကန်းကိုဆောင်ခြင်းအလေ့ရှိသောရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါသည်။ ပံသုကူလိကင်္ဂံ၊ ပံသုကူလိကင်္ဂမည်၏။ ကာရဏံ၊ အကြောင်းကို။ အင်္ဂန္တိ၊ အင်္ဂဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ယေန သမာဒါနေန၊ အကြင်ဆောက်တည်ကြောင်းစေတနာဖြင့်။ ဝါ၊ စေတနာကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ ပံသုကူလိကော ဟောတိ၊ ပံသုကူလိကမည်၏။ တေ၊ ထိုပံသုကူလိကဟူသောအမည်သည်။ တဿ၊ ထိုဆောက်တည်ကြောင်းစေတနာ ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဧတေနေဝ နယေန၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ သဃာဋိ ဥတ္တ- ရာသင်္ဂအန္တရဝါသကသင်္ခါတံ၊ နှစ်ထပ်သင်္ကန်းကြီး, ကိုယ်ရုံကေစိ, ခါးဝတ် သင်းပိုင်ဟုဆိုအပ်သော။ တိစီဝရံ၊ သုံးထည်သောသင်္ကန်းကို ဆောင်ခြင်းဟု ဆိုအပ်သော။ သီလံ၊ အလေ့သည်။ အဿ၊ ထိုယောဂီရဟန်းအား။ အတ္ထိ၊

ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ တေစီဝရိကော၊ တေစီဝရိကမည်၏။ တေစီဝရိကဿ၊ သင်္ကန်းသုံးထည်ကို ဆောင်လေ့ရှိသော တေစီဝရိကရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါတနေသည်။ တေစီဝရိကင်္ဂံ၊ တေစီဝရိကင်္ဂမည်၏။

(၅၇) ပန၊ အဖို့တပါးကား။ ဘိက္ခာသင်္ခါတာနံ၊ တောင်းခံအပ်သော ဆွမ်းဟုဆိုအပ်ကုန်သော။ အာမိသပိဏ္ဍာနံ၊ အာမိသဖြစ်သောဆွမ်းတို့၏။ ပါတော၊ ကျခြင်းတည်း။ ဣတိ၊ ထို့ကြောင့်။ ပိဏ္ဍပါတော၊ ပိဏ္ဍပါတမည်၏။ ပရေဟိ၊ အခြားဒါယကာတို့သည်။ ဒိန္နာနံ၊ ပေးလှူအပ်ကုန်သော။ ပိဏ္ဍာနံ၊ ဆွမ်းတို့၏။ ဝါ၊ တနည်းကား။ ဒိန္နာနံ ပိဏ္ဍာနံ၊ ပေးလှူအပ်သောဆွမ်းတို့၏။ ပတ္တေ၊ သပိတ်၌။ နိပတနံ၊ ကျခြင်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ တံ ပိဏ္ဍပါတံ၊ ထိုတောင်းခံအပ်သောဆွမ်းတို့၏ ကျခြင်းကို။ တံ တံ ကုလံ ဥပသင်္ကမန္တော၊ ထိုထိုအိမ်သို့ ကပ်လျက်။ ဥဉ္ဆတိ ဂဝေသတိ၊ ရှာမှီးတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပိဏ္ဍပါတိကော၊ ပိဏ္ဍပါတိကမည်၏။ ဝါ၊ တနည်းကား။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ ပတိတုံ၊ လှည့်လည်ခြင်းငှာ။ (လှည့်လည်ခြင်းဟူသော။) ဝတံ၊ အကျင့်သည်။ ဧတဿ၊ ထိုယောဂီရဟန်းအား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပိဏ္ဍပါတီ၊ ပိဏ္ဍပါတီမည်၏။ ပတိတုန္တိ၊ ပတိတုံဟူသည်ကား။ စရိတုံ၊ လှည့်လည်ခြင်းငှာ။ ပိဏ္ဍပါတီ ဧဝ၊ ပိဏ္ဍပါတီသည်ပင်လျှင်။ ပိဏ္ဍပါတိကော၊ ပိဏ္ဍပါတိကမည်၏။ ပိဏ္ဍပါတိကဿ၊ တလုပ်တခဲဆွမ်းတို့၏ကျခြင်းကိုရှာလေ့ရှိသောရဟန်းဟူသော။ ဝါ၊ ဆွမ်းအလို့ငှာလှည့်လည်ရန်ကျင့်ဝတ်ရှိသောရဟန်းဟူသော ပိဏ္ဍပါတိကပုဂ္ဂိုလ်၏။ အင်္ဂံ၊ အကြောင်းအင်္ဂါစေတနာသည်။ ပိဏ္ဍပါတိကင်္ဂံ၊ ပိဏ္ဍပါတိကင်္ဂမည်၏။ ဝါ၊ ပိဏ္ဍပါတ်ဓုတင်မည်၏။

အဝခဏ္ဍနံ၊ အိမ်စဉ်ဖြတ်ခြင်းကို။ ဒါနံ၊ ဒါနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒါနတော၊ အိမ်စဉ်ဖြတ်ခြင်းမှ။ အပေတံ၊ ကင်းသည်တည်း။ ဣတိ၊ ထို့ကြောင့်။ အပဒါနံ၊ အပဒါနမည်၏။ အနဝခဏ္ဍနံ၊ အိမ်စဉ်မဖြတ်ခြင်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်တည်း။ ယံ စရဏံ၊ အကြင်လှည့်လည်ခြင်းသည်။ အပဒါနေန၊ အိမ်စဉ်မဖြတ်ခြင်းနှင့်။ သဟ၊ တကွ။ ပဝတ္တတိ၊ ဖြစ်တတ်၏။ တံ စရဏံ၊ ထိုလှည့်လည်ခြင်းသည်။ သပဒါနံ၊ သပဒါနမည်၏။ အဝခဏ္ဍနရဟိတံ၊ အစဉ်ပြတ်ခြင်းမှကင်းလျက်။ အနုဃရံ၊ အိမ်စဉ်အတိုင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ သပဒါနံ၊ အိမ်စဉ်ပြတ်ခြင်းကင်းသည်နှင့်တကွ။ စရိတုံ၊ လှည့်လည်ခြင်းငှာ။ ဣဒံ သီလံ၊ ဤအလေ့သည်။ အဿ၊ ထိုယောဂီရဟန်းအား။ အတ္ထိ၊ ရှိ၏၊

ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ သပဒါနစာရီ၊ သပဒါန-စာရိမည်၏။ သပဒါနစာရီ ဝေ၊ သပဒါနစာရီသည်ပင်လျှင်။သပဒါနစာရိကော၊ သပဒါနစာရိကမည်၏။ တဿ၊ ထိုအိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်လေ့ရှိသော သပဒါနစာရီမည်သော ယောဂီရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါ စေတနာသည်။ သပဒါနစာရိကင်္ဂံ၊ သပဒါနစာရိကင်္ဂမည်၏။ ဝါ၊ သပဒါန-စာရိကဓုတင်မည်၏။

ဧကာသနေ၊ တထိုင်တည်း၌။ ဘောဇနံ၊ စားခြင်းသည်။ ဧကာသနံ၊ ဧကာသနမည်၏။ ဧကာသနံ၊ တထိုင်တည်း၌စားခြင်း။ (တထိုင်တည်း၌ စားခြင်းဟူသော စကားကို ယေဘုယျနည်းဟု မှတ်ရာ၏။ အကြောင်းမူကား မထိုင်နိုင်သော ဂိလာနအား တနေရာတည်း၌ လျှောင်းလျက်, ရပ်လျက်, အိပ်လျက် စားခြင်းကိုလည်း ယူသင့်သောကြောင့်ပေတည်း။) အဿ၊ ထိုယောဂီရဟန်း၏။ တံ သီလံ၊ ထိုတထိုင်တည်း၌ စားယူခြင်းဟူသော အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ ဧကာသနိကော၊ ဧကာ-သနိကမည်၏။ တဿ၊ ထိုတထိုင်တည်း၌စားလေ့ရှိသော ဧကာသနိကမည်သော ယောဂီရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါ စေတနာသည်။ ဧကာသနိကင်္ဂံ၊ ဧကာသနိကင်္ဂမည်၏။ ဝါ၊ ဧကာသနိကဓုတင်မည်၏။

ဒုတိယဘာဇနဿ၊ နှစ်ခုမြောက်သောခွက်ကို။ ပဋိက္ခိတ္တတ္တာ၊ ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့်။ ကေဝလံ ကေသွိံ ယေဝ ပတ္တေ၊ သက်သက် တခုတည်းသော ခွက်၌သာလျှင်။ ဝါ၊ ခွက်တခုတည်းသက်သက်၌သာလျှင်။ ပိဏ္ဍော၊ တည်သောဆွမ်းသည်။ ပတ္တပိဏ္ဍော၊ ပတ္တပိဏ္ဍမည်၏။ ဣဒါနိ၊ ယခုအခါ၌။ ပတ္တ-ပိဏ္ဍဂဟဏေ၊ တခုတည်းသောခွက်၌ တည်သောဆွမ်းကို ယူခြင်း၌။ ပတ္တပိဏ္ဍ-သညံ ကတွာ၊ ပတ္တပိဏ္ဍဟူသော အမည်ကိုပြု၍။ အဿ၊ ထိုယောဂီရဟန်းအား။ ပတ္တပိဏ္ဍော၊ တခုတည်းသော ခွက်၌တည်သောဆွမ်းကို ယူခြင်း, စားခြင်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ပတ္တပိဏ္ဍိကော၊ ပတ္တပိဏ္ဍိကမည်၏။ တဿ၊ တခုတည်းသော ခွက်၌ တည်သောဆွမ်းကို ယူခြင်း, စားခြင်း အလေ့ရှိသော ထိုယောဂီရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါစေတနာသည်။ ပတ္တပိဏ္ဍိကင်္ဂံ၊ ပတ္တပိဏ္ဍိကင်္ဂမည်၏။ ဝါ၊ ပတ္တပိုဏ်ဓုတင်မည်၏။

ခလုတိ သော သဒ္ဒေါ၊ ခလုဟူသော ဤသဒ္ဒါသည်။ ပဋိသေဓနတ္ထေ၊ မြစ်ခြင်းအနက်၌။ နိပါတော၊ ဖြစ်သော နိပါတ်တည်း။ ပဝါရိတေန၊ ဆွမ်းစားနေစဉ် 'တန်ပြီ' ဟု ပယ်မြစ်မိသည်။ သတာ–သန္တေန၊ ဖြစ်သော ရဟန်းသည်။ ပစ္ဆာ၊ ပဝါရိတ်သင့်သည်မှ နောက်၌။ လဒ္ဓဘတ္တံ၊ ရသောဆွမ်းသည်။ ပစ္ဆာ-

ဘတ္တံ နာမ၊ ပစ္ဆာဘတ္တမည်၏။ တဿ ပစ္ဆာဘတ္တဿ၊ ထိုပစ္ဆာဘတ်ဆွမ်းကို။ ဘောဇနံ၊ ဝိနည်းကံဖြင့် အကြွင်းအကျန်ပြု၍ စားခြင်းသည်။ ပစ္ဆာဘတ္တဘောဇနံ၊ ပစ္ဆာဘတ္တဘောဇနမည်၏။ တသ္မိံ ပစ္ဆာဘတ္တဘောဇနေ၊ ထိုပစ္ဆာဘတ္တဘောဇန နောက်ရဆွမ်းကို စားခြင်း၌။ ပစ္ဆာဘတ္တသဒ္ဒံ ကတွာ၊ ပစ္ဆာဘတ္တ ဟူသော အမည်ကိုပြု၍။ အဿ၊ ထိုယောဂီရဟန်းအား။ ပစ္ဆာဘတ္တံ၊ ပဝါရိတ် သင့်သည်မှ နောက်၌ ရသောဆွမ်းကို စားခြင်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ပစ္ဆာဘတ္တိကော၊ ပစ္ဆာဘတ္တိကမည်၏။ ပစ္ဆာဘတ္တိကော၊ ပဝါရိတ်သင့်သည်မှ နောက်၌ ရသောဆွမ်းကို စားလေ့ရှိသည်။ န၊ မဟုတ်။ ခလုပစ္ဆာဘတ္တိကော၊ ပဝါရိတ်သင့်သည်မှ နောက်၌ရသောဆွမ်းကို စားလေ့ရှိသော ရဟန်းမဟုတ်။ (ခလု၊ မ, မဟုတ်၊ ပစ္ဆာဘတ္တိက—ပဝါရိက်သင့်ပြီးမှ နောက်ရဆွမ်းကို စားလေ့ရှိသူ—ခလုပစ္ဆာဘတ္တိက— ပဝါရိက်သင့်ပြီးမှ နောက်ရဆွမ်းကို စားလေ့ရှိသူမဟုတ်။ ဝါ၊ နောက်ရဆွမ်းကို စားလေ့မရှိသော သူ။ဝါ၊ နောက်ရဆွမ်းကို မစားသောသူ)။ တေ၊ ခလုပစ္ဆာဘတ္တိကဟူသော ဤအမည်သည်။ သမာဒါနဝသေန၊ ဓုတင်ဆောက်တည်ခြင်း၏ အစွမ်းအားဖြင့်။ ပဋိက္ခိတ္တာတိရိတ္တဘောဇနဿ၊ အတိရိက်ဝိနည်းကံအရ အကြွင်းအကျန်ပြုအပ် သော ဘောဇဉ်ကို ပယ်သောရဟန်း၏။ အဓိဝစနံ၊ အမည်ပေတည်း။ ပန၊ အထူးကို ဆိုအံ့။ အဋ္ဌကထာယံ၊ မဟာအဋ္ဌကထာ၌။ ဓေ ဝုတ္တံ၊ ဤသို့ဆိုအပ်၏။ (ဓေကား သေသ)။ ခလူတိ၊ ခလုဟူသည်ကား။ ဧကော သကုဏော၊ ငှက် တမျိုးတည်း။ သော၊ ထိုခလုငှက်သည်။ မုခေန၊ နှုတ်သီးဖြင့်။ ဖလံ ဂဟေတွာ၊ သစ်သီးကိုချီ၍။ တသ္မိံ ပတိတေ၊ ထိုသစ်သီးပြုတ်ကျသွားလျှင်။ ပုန၊ တဖန်။ အညံ န ခါဒတိ၊ အခြားသစ်သီးကို မစားတော့ချေ။ ဒယံ၊ ဤဓုတင်ဆောင် သော ရဟန်းသည်လည်း။ တာဒိသော၊ ထိုခလုငှက်နှင့်တူ၏။ ဣတိ၊ ဤသို့ သဘောရှိသောကြောင့်။ ခလုပစ္ဆာဘတ္တိကော၊ ခလုပစ္ဆာဘတ္တိကမည်၏။ တဿ၊ ထိုခလုပစ္ဆာဘတ္တိကရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါစေတနာသည်။ ခလုပစ္ဆာဘတ္တိကင်္ဂံ၊ခလုပစ္ဆာဘတ်ဓုတင်မည်၏။အဿ၊ထိုယောဂီရဟန်းအား။ အရညေ၊ တော၌။ နိဝါသော၊ နေခြင်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ အာရညိကော၊ အာရညိကမည်၏။ တဿ၊ ထိုအာရညိကရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါ စေတနာသည်။ အာရညိကင်္ဂံ၊ အာရညိကင်္ဂမည်၏။ ဝါ၊ အာရညကင်ဓုတင် မည်၏။

ရုက္ခမူလေ၊ သစ်ပင်ရင်း, သစ်ပင်အောက်၌။ နိဝါသော၊ နေထိုင်ခြင်း သည်။ ရုက္ခမူလံ၊ ရုက္ခမူလမည်၏။ အဿ၊ ထိုယောဂီရဟန်းအား။ တံ၊ ထိုသစ် ပင်ရင်း, သစ်ပင်အောက်၌ နေခြင်းဟူသော။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။

ဣတိ၊ ထို့ကြောင့်။ ရုက္ခမူလိကော၊ ရုက္ခမူလိကမည်၏။ ရုက္ခမူလိကဿ၊ သစ်ပင်ရင်း၊ သစ်ပင်အောက်၌ နေလေ့ရှိသော ယောဂီရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါစေတနာသည်။ ရုက္ခမူလိကင်္ဂံ၊ ရုက္ခမူလိကဓုတင်မည်၏။ အဗ္ဘောကာသိက သောသာနိကင်္ဂေသုပိ၊ အဗ္ဘောကာသိက, သောသာနိကင်ပုဒ်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းပင်တည်း။

(၁၈) ယဒေဝ၊ အကြင်နေရာကိုသာလျှင်။ သန္ထတံ၊ ခင်းအပ် ညွှန်ကြားအပ် ချထားအပ်သည်တည်း။ ယထာသန္ထတံ၊ အကြင်နေရာကို ခင်းအပ်, ညွှန်ကြားအပ်သောကြောင့်။ တနည်း၊ ယဒေဝ၊ အကြင်နေရာကိုသာလျှင်။ သန္ထတံ၊ ခင်းအပ်, ညွှန်ကြားအပ်, ချထားအပ်၏။ ဣတိ၊ ထို့ကြောင့်။ တံ၊ ထိုနေရာသည်။ ယထာသန္ထတံ၊ ယထာသန္ထတမည်၏။ တေ၊ ဤယထာသန္ထတဟူသော အမည်သည်။ ဣဒံ၊ ဤနေရာသည်။ တုယှံ၊ သင့်အား။ ပါပုဏာတိတိ၊ ရောက်၏ဟု။ ဧဝံ၊ ဤသို့။ ပဌမံ၊ ရှေးဦးစွာ။ ဥဒ္ဒိဋ္ဌသေနာသနဿ၊ ညွှန်ကြား, ချထားအပ်သော အိပ်ရာ,နေရာ,ကျောင်း၏။ အဓိဝစနံ၊ အမည်တည်း။ တသ္မိံ ယထာသန္ထတေ၊ ထို ခင်းမြဲတိုင်း, ညွှန်ကြားမြဲတိုင်းသော အိပ်ရာ, နေရာ, ကျောင်း၌။ အဿ၊ ထိုယောဂီရဟန်းအား။ ဝိဟရိတုံ၊ နေခြင်းငှာ။ သီလံ၊ အလေ့သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ ယထာသန္ထတိကော၊ ယထာသန္ထတိကမည်၏။ တဿ၊ ထိုယထာသန္ထတိကရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါစေတနာသည်။ ယထာသန္ထတိကင်္ဂံ၊ ယထာသန္ထတိကင်မည်၏။ ဝါ၊ ယထာသန္ထတိကဓုတင်မည်၏။

သယနံ ပဋိက္ခိပိတွာ၊ အိပ်ခြင်းကိုပယ်၍။ နိသဇ္ဇာယ၊ ထိုင်ခြင်းဖြင့်။ ဝိဟရိတုံ၊ နေခြင်းငှာ။ သီလံ၊ အလေ့သည်။ အဿ၊ ထိုယောဂီရဟန်းအား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုယောဂီရဟန်းသည်။ နေသဇ္ဇိကော၊ နေသဇ္ဇိကမည်၏။ တဿ၊ ထိုယောဂီရဟန်း၏။ အင်္ဂံ၊ အကြောင်းအင်္ဂါစေတနာသည်၊ နေသဇ္ဇိကင်္ဂံ၊ နေသဇ္ဇိကင်မည်၏။ ဝါ၊ နိသဇ္ဇိဓုတင်မည်၏။

ပန၊ အားလုံးနှင့်သက်ဆိုင်သော ဓုတင်ပုဒ်၏ အနက်ကား။ သဗ္ဗာနေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဧတာနိ၊ ဤဆိုအပ်ခဲ့ပြီးသော ပံသုကူလိကင်စသည်တို့သည်။ တေန တေန သမာဒါနေန၊ ထိုထို ပံသုကူလိကင်စသည်ကို ဆောက်တည်ခြင်းဖြင့်။ ဓုတကိလေသတ္တာ၊ တဒင်္ဂပဟာန်အားဖြင့် ခါထုတ်ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိသည်၏ အဖြစ်ကြောင့်။ ဓုတဿ၊ တဏှာစသော ကိလေသာတို့ကို ခါထုတ်ပြီးသူ ဓုတမည်သော။ တဿ ဘိက္ခုနော၊ ထိုယောဂီ ရဟန်း၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့ပေတည်း။ ဣတိ၊ ထို့ကြောင့်။ ဓုတင်္ဂါနိ၊ ဓုတင်မည်ကုန်၏။ ဝါ၊ တနည်းကား။ ကိလေသဓုနနတော၊ ကိလေသာကို ခါ

ဝုပ်သျက်ဆီးအပ်သည်၏ အဖြစ်ကြောင့်။ ဓုတဏ္ဍ လဒ္ဓ ပါဟာရ ညဏ်၊ ဂုတ ဟုဆိုအပ်သော အမည်ရှိသောဉာဏ်သည်။ ဧတေသံ၊ ဤပံ့သကူဓုတင်ဆောက်တည်ခြင်း စသည်တို့၏။ အင်္ဂံ၊ ရှေ့သွားဖြစ်သော အကြောင်းအင်္ဂါပေတည်း။ ဣတိ၊ ထို့ကြောင့်။ ဓုတင်္ဂါနိ၊ ဓုတင်မည်ကုန်၏။ အထ ဝါ၊ တနည်းသော်ကား။ ဧတာနိ၊ ထိုပံ့သကူဓုတင်ဆောက်တည်ခြင်း စသည်တို့သည်။ ပဋိပက္ခနိဒ္ဓုနနဋ္ဌေန၊ ဆန့်ကျင်ဘက်ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်။ ဓုတာနိ စ၊ ဓုတလည်းမည်ကုန်၏။ ပဋိပတ္တိယာ၊ သီလာသော အကျင့်ပဋိပတ်၏၊ အင်္ဂါနိ စ၊ အကြောင်းတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိပိ၊ ထို့ကြောင့်လည်း။ ဓုတင်္ဂါနိ၊ ဓုတင်မည်ကုန်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့သည့်အတိုင်း။ ဧတ္ထ၊ ဤတဆယ့်သုံးပါးသော ဓုတင်တို့၌။ တာဝ၊ ရှေးဦးစွာ။ အတ္ထတော၊ အနက်အားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ်၏။

ပန၊ တဖို့တပါးကား။ သဗ္ဗာနေဝ ဧတာနိ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော ဤဓုတင်တို့သည်။ သမာဒါန စေတနာလက္ခဏာနိ၊ ဆောက်တည်ကြောင်း ဖြစ်သော စေတနာလျှင် မှတ်ကြောင်းလက္ခဏာရှိကုန်၏။ ဝါ၊ ဤဓုတင်တို့ကို ဆောက်တည်ကြောင်း စေတနာဟု မှတ်အပ်ကုန်၏။

“ယော၊ အကြင်ကတ္တားသည်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ပေတည်း။ ယေန၊ အကြင်တရားအပေါင်းကရိုဏ်းဖြင့်။သမာဒိယတိ၊ဆောက်တည်၏။ဧတေ ဓမ္မာ၊ ဤဆောက်တည်ကြောင်း ကရိုဏ်းဖြစ်သော အမှုသုတ်တရားတို့သည်။စိတ္တစေတသိကာ၊ စိတ်, စေတသိက်တို့ပေတည်း။ ယာ သမာဒါန-စေတနာ၊ အကြင်ဆောက်တည်ကြောင်း အမာဒါန်၏ အစွမ်းအားဖြင့် ဖြစ်သော စေတနာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဆောက်တည်ကြောင်း သမာဒါနစေတနာသည်။ ဓုတင်္ဂံ၊ ဓုတင်မည်၏။ ယံ၊ အကြင်ကံအနက်ကို။ ပဋိက္ခိပတိ၊ ပယ်၏။ တံ၊ ထိုပယ်အပ်သော ကံအနက်သည်၊ ဝတ္ထု၊ ဝတ္ထုပေတည်း။”

ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ အဋ္ဌကထာယံ၊ ရှေး အဋ္ဌကထာ၌။ ဝုတ္တမ္ပိ၊ ဆိုထားအပ်ပေ၏။ သဗ္ဗာနေဝ ဧတာနိ၊ အလုံးစုံ ဖြစ်ကုန်သော ထိုဓုတင်တို့သည်။ လောလုပ္ပဝိဒ္ဓံသနရသာနိ၊ ကုသိုလ်တရားကို လွန်စွာလုယက်တတ်သော လောလုပ္ပတဏှာကို ဖျက်ဆီးခြင်းကိစ္စ ရှိကုန်၏။ (ဤ၌ လုပ္ပ လုပ္ပ-မှ လောလုပ္ပဖြစ်လာသည်ဟု ဋီကာအဖွင့်နှင့်အညီ “ကုသိုလ်တရားကို လွန်စွာလုယက်တတ်သော တဏှာ”ဟု အနက်ပြန်ထားသည်။ သို့သော် ဤအနက်ဖြင့် တဏှာ၏ မက်မောခြင်းသဘောကို မပေါ်စေပဲရှိ၏။ လုဘ လုဘမှ လောလုဘ ဖြစ်ပြီးလျှင် ထိုမှတဖန် လောလုပ္ပ ဖြစ်လာသည်ဟု ယူလျှင် သာ၍သင့်ရာ၏။ အလွန်မက်မောတတ်သောတဏှာဟု အနက်ပြန်ရာ၏)။

နိဗ္ဗေဒါလုပ္ပဘာဝပစ္စုပဋ္ဌာနာနိ၊ လောလုပ္ပတဏှာကင်းသည်၏ အဖြစ်ဖြင့် ညဏ်အား ရှေးရှုထင်ကုန်၏။ အပ္ပိစ္ဆတာဒိအရိယဓမ္မပဒဋ္ဌာနာနိ၊ အလိုနည်းသည်၏ အဖြစ် အစရှိသော စင်ကြယ်သော တရားလျှင် နီးသော အကြောင်းရှိကုန်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဧတ္ထ၊ ဤတဆယ့်သုံးပါးသော ဓုတင်တို့၌။ လက္ခဏာဒိဟိ၊ လက္ခဏာစသည်တို့ဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပန၊ အဖို့တပါးကား။ သမာဒါနဝိဓာနတောတိအာဒီသု၊ ဆောက်တည်ခြင်းနှင့် ကျင့်ပုံ အစီအရင်အားဖြင့် ဤသို့ အစရှိကုန်သော။ ပဉ္စသု၊ ငါးဌာနတို့၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သဗ္ဗာနေဝ ဓုတင်္ဂါနိ၊ ဒ္ဓလုံးစုံသာလျှင် ဖြစ်ကုန်လော ဓုတင်တို့ကို။ ဘဂဝတိ ဓရမာနေ၊ မြတ်စွာဘုရားထင်ရှားရှိတော်မူလျှင်။ ဘဂဝတောဝ သန္တိကေ၊ မြတ်စွာဘုရားအထံတော်၌သာလျှင်။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ ဘဂဝတိ ပရိနိဗ္ဗုတေ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးလတ်သော်။ မဟာသာဝကဿ သန္တိကေ၊ မဟာသာဝက၏အထံ၌။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ တသ္မိံ အသတိ၊ ထိုမဟာသာဝက မရှိလတ်သော်။ ခီဏာသဝဿ သန္တိကေ၊ ရဟန္တာ၏အထံ၌။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ တသ္မိံ အသတိ၊ ထိုရဟန္တာ မရှိလတ်သော် (လိုက်ပေး)။ အနာဂါမိဿ သန္တိကေ၊ အနာဂါမ်၏ အထံ၌။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ သကဒါဂါမိဿ သန္တိကေ၊ သကဒါဂါမ်၏ အထံ၌။ သောတာပန္နဿ သန္တိကေ၊ သောတာပန်၏ အထံ၌။ တိပိဋကဿ သန္တိကေ၊ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်၏ အထံ၌။ ဒွိပိဋကဿ သန္တိကေ၊ ပိဋကတ်နှစ်ပုံဆောင် ပုဂ္ဂိုလ်၏ အထံ၌။ ဧကပိဋကဿ သန္တိကေ၊ ပိဋကတ်တပုံဆောင် ပုဂ္ဂိုလ်၏ အထံ၌။ ဧကသင်္ဂီတိကဿ သန္တိကေ၊ နိကာယ်ငါးရပ်တွင် တပါးပါးသော နိကာယ်ဆောင်ပုဂ္ဂိုလ်၏ အထံ၌။ အဋ္ဌကထာစရိယဿ သန္တိကေ၊ အဋ္ဌကထာ၌ လေ့လာ ကျေပွန်သော ဆရာ၏ အထံ၌။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ တသ္မိံ အသတိ၊ ထိုအဋ္ဌကထာ၌လေ့လာကျေပွန်သော ဆရာမရှိလတ်သော်။ ဓုတင်္ဂဓရဿ သန္တိကေ၊ ဓုတင်ဆောင် ပုဂ္ဂိုလ်၏ အထံ၌။ သမာဒါတဗ္ဗာနိ၊ ဆောက်တည် အပ်ကုန်၏။ တသ္မိံ အသတိ၊ ထိုဓုတင်ဆောင် ဆရာသည်လည်းမရှိလတ်သော်။ စေတိယင်္ဂဏံ သမ္မဇ္ဇိတွာ၊ စေတီယင်ပြင်ကို တံမြက်လှည်းပြီးလျှင်။ ဥက္ကုဋိကံ နိသီဒိတွာ၊ ဆောင့်ကြောင့်ထိုင်၍။ သမ္မာသမ္ဗုဒ္ဓဿ သန္တိကေ၊ မြတ်စွာဘုရားအထံတော်၌။ ဝဒန္တေန ဝိယ၊ လျှောက်ထားသကဲ့သို့။ သမာဒါတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ အပိ စ၊ တနည်းသော်ကား။ သယမ္ပိ၊ ကိုယ်တိုင်လည်း။ သမာဒါတုံ ဝဋ္ဋတိ ဧဝ၊ ဆောက်တည်ခြင်းငှာ အပ်

သည်သာလျှင်တည်း။တွေ၊ ဤကိုယ်တိုင်ဆောက်တည်သည်ဟုဆိုအပ်၌။ စေတိယ-ပဗ္ဗတေ၊ စေတိယတောင်၌။ ဝသန္တာနံ၊ သီတင်းသုံးနေကုန်သော (ထည့်)။ ဒွေဘာတိကတ္ထေရာနံ၊ ညီနောင်မထေရ် နှစ်ပါးတို့တွင်။ ဇေဋ္ဌကဘာတု၊ နောင်တော်မထေရ်၏။ စတင်္ပိဋ္ဋတာယ၊ ဓုတင်ဆောင်ဂုဏ်နှင့်စပ်၍ အလိုနည်းခြင်း၏။ ဝတ္ထု၊ ဝတ္ထုကို။ ကထေတဗ္ဗံ၊ ပြောဆိုသင့်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ တာဝ၊ ရှေးဦးစွာ။ သာဓာရဏကထာ။ အလုံးစုံသော ဓုတင်ကို နှင့် သက်ဆိုင်သော စကားပေတည်း။

## ၁ – ပံသုကူလိကင်္ဂကထာ

### ပံ့သကူဓုတင်ကို ပြဆိုချက်

၂၄။ ဣဒါနိ၊ ယခုအခါ၌။ ဧကေကဿ၊ တပါးပါးသော ဓုတင်၏။သမာဒါန-ဝိဓာနပ္ပဘေဒ ဘေဒါနိသံသေ၊ ဆောက်တည်ပုံ, ကျင့်ပုံအစီအရင်, အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို။ ဝဏ္ဏယိဿာမ၊ ဖွင့်ပြကုန်အံ့။ တာဝ၊ ရှေးဦးစွာ။ ပံသုကူလိကင်္ဂ၊ ပံ့သကူဓုတင်ကို။ "ဂဟပတိ ဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ" တိ ဣမေသု ဒွီသု ဝစနေသု၊ ဂဟပတိ-ဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂ သမာဒိယာမိ ဟူသော ဤစကား နှစ်မျိုးတို့တွင်။ (၆၀)အညတရေန၊ တမျိုးမျိုးသော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည် ဖြစ်၏။ ဣဒံ၊ ဤသည်ကား၊ တွေ၊ ဤပံ့သကူ ဓုတင်၌။ တာဝ၊ ရှေးဦးစွာ။ သမာဒါနံ၊ ဆောက်တည်ပုံပေတည်း။

> "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊အိမ်ရှင်ဟုဆိုအပ်သော ဒါယကာလှူသော သင်္ကန်းကို ပယ်ပါ၏။ ပံသုကူလိကင်္ဂ သမာဒိယာမိ၊ ပံ့သကူသင်္ကန်းကို ဝတ်ရုံလေ့ရှိသော ရဟန်း၏ အကြောင်း အင်္ဂါ စေတနာကို ဆောက်တည်ပါ၏။"

(ဤကားဆောက်တည်ပုံ ပါဠိမြန်မာ နှစ်ဘာသာတည်း၊ ပါဠိသက်သက်ဖြင့်လည်း ဆောက်တည်အပ်၏၊ မြန်မာဘာသာဖြင့်လည်း ဆောက်တည်အပ်၏၊ ပါဠိမြန်မာ နှစ်မျိုးလုံးဖြင့်လည်း ဆောက်တည်အပ်၏၊ ပါဠိဖြင့် ဆောက်တည်လိုလျှင် ပါဠိအတိုင်း ရွတ်ဆို ဆောက်တည်အပ်၏၊ မြန်မာဖြင့် ဆောက်တည်လျှင်လည်း နည်းတူပင်၊ တကြိမ်ရွတ်ဆိုခြင်းဖြင့်လည်း ဆောက်တည်ခြင်းကိစ္စ ပြီးသော်လည်း လေးနက်စေရန် သုံးကြိမ်ဆို၍ ဆောက်တည်အပ်၏)။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သမာဒိန္နဓုတင်္ဂေန၊ ဆောက်တည်အပ်ပြီးသော ဓုတင်ရှိသော။ ဝါ၊ ဓုတင်ဆောက်တည်ပြီးသော။ တေန ဘိက္ခုနာ၊ ထိုယောဂီ ရဟန်းသည်။သောသာနိကံ၊ သုသာန်၌ စွန့်ပစ်အပ်သော အဝတ်လည်းကောင်း။

ပါပဏိကံ၊ ဈေးတံခါး၌ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ ရထိယစောဠံ၊ ရထားလမ်းမ၌ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ သင်္ကာရစောဠံ၊ အမှိုက်ပုံ၌ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ သောတ္ထိယံ၊ ကိုယ်အညစ်အကြေးသုတ်၍ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ နှာနစောဠံ၊ မှော်ဆရာတို့က ရေချိုးစေပြီးလျှင် စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ တိတ္ထစောဠံ၊ ရေချိုးဆိပ်၌ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ ဂတပစ္စာဂတံ၊ သုသာန်သို့ အသွားအပြန် ဝတ်ပြီးလျှင် စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ အဂ္ဂိဍဍ္ဎံ၊ မီးလောင်၍ စွန့်ပစ်ထားသော အဝတ် လည်းကောင်း။ ဂေါခါယိတံ၊ နွားစား၍ စွန့်ပစ်ထားသော အဝတ် လည်းကောင်း။ ဥပစိကာခါယိတံ၊ ခြစား၍ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ ဥန္ဒူရခါယိတံ၊ ကြွက်ကိုက်၍ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ အန္တစ္ဆိန္နံ၊ အနားပြတ်၍ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ ဒသာစ္ဆိန္နံ၊ အမြိတ်အဆာ ပြတ်၍ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ ဓဇာဟဋံ၊ တံခွန်အလံထူသော အဝတ်လည်းကောင်း။ ထူပစီဝရံ၊ တောင်ပို့ကိုရစ်ပတ်၍ နတ်ပူဇော် ထားသော သင်္ကန်းကို လည်းကောင်း။ သမဏစီဝရံ၊ ရဟန်းကလှူသော သင်္ကန်းလည်းကောင်း။ အာဘိသေကိကံ၊ မင်း၏ အဘိသိက်ခံရာ အရပ်၌ စွန့်ပစ်ထားသော အဝတ်လည်းကောင်း။ ဣဒ္ဓိမယံ၊ ဧဟိဘိက္ခု ခေါ်ခြင်းဖြင့် ဖြစ်ပေါ်လာသော သင်္ကန်းလည်းကောင်း။ ပန္ထိကံ၊ လမ်းခရီး၌ကျနေသော အဝတ်လည်းကောင်း။ ဝါတာဟဋံ၊ လေတိုက်ခိုက် ဆောင်လာသော အဝတ်လည်းကောင်း။ ဒေဝဒတ္တိယံ၊ နတ်တို့က လှူသောသင်္ကန်း လည်းကောင်း။ သာမုဒ္ဒိယံ၊ သမုဒ္ဒရာလှိုင်းပုတ်တင်သော အဝတ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေသု၊ ဤနှစ်ဆယ့်သုံးမျိုးတို့တွင်။ အညတရံ စီဝရံ ဂဟေတွာ၊ တမျိုးမျိုးသော သင်္ကန်းလျာအဝတ်ကို ကောက်ယူပြီးလျှင်။ ဖာလေတွာ၊ ဆုတ်ဖြတ်၍။ ဒုဗ္ဗလဋ္ဌာနံ ပဟာယ၊ အားနည်းသောအပိုင်းကို ပယ်ပြီးလျှင်။ ထိရဋ္ဌာနာနိ ဓောဝိတွာ၊ ခိုင်ခံ့သော အပိုင်းတို့ကို ဖွတ်လျှော်၍။ စီဝရံ ကတွာ၊ သင်္ကန်းကို ပြုပြီးလျှင်။ ပေါရာဏံ ဂဟပတိစီဝရံ အပနေတွာ၊ လူဒါယကာတို့လှူသော ရှေးသင်္ကန်းဟောင်းကို ပယ်ရှား၍။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။

တတ္ထ၊ ထို နှစ်ဆယ့်သုံးပါးသော အဝတ်အထည်တို့တွင်။ သောသာနိကန္တိ၊ သောသာနိက ဟူသည်ကား။ သုသာနေ၊ သုသာန်၌။ ပတိတကံ၊ စွန့်ပစ်ထား၍ ကျနေသောအဝတ်တည်း။ ပါပဏိကန္တိ၊ ပါပဏိကံဟူသည်ကား။ အာပဏဒွါရေ၊ ဈေးတံခါး၌။ ပတိတကံ၊ စွန့်ပစ်ထား၍ ကျနေသော အဝတ်တည်း။ ရထိယစောဠန္တိ၊ ရထိယစောဠ ဟူသည်ကား။ ပုညတ္ထိကေဟိ၊ ကောင်းမှုဖြင့် အလိုရှိသောသူတို့သည်။ ဝါတပါနန္တရေန၊ လေသာပြူတင်းပေါက်အကြားဖြင့်

ရထိကာယ၊ ရထားလမ်းမှ၌။ ဆဋ္ဌီတစောဠကံ၊ စွန့်ပစ်ထားသောအဝတ်တည်း။ သင်္ကာရစောဠန္တိ၊ သင်္ကာရစောဠံ ဟူသည်ကား။ သင်္ကာရဋ္ဌာနေ၊ အမှိုက်ပုံအရပ်၌။ ဆဋ္ဌီတစောဠကံ၊ စွန့်ပစ်ထားသော အဝတ်တည်း။ သောတ္ထိယန္တိ၊ သောတ္ထိယံ ဟူသည်ကား။ ဂဗ္ဘမလံ ပုဉ္ဆိတွာ၊ ကိုယ်ဝန်အညစ်အကြေးကို သုတ်ပြီးလျှင်။ ဆဋ္ဌိတဝတ္ထံ၊ စွန့်ပစ်ထားသော အဝတ်တည်း။ တိဿာမစ္စမာတာ၊ တိဿအမတ်၏ မိခင်သည်။ သတဂ္ဃနကေန ဝတ္ထေန၊ တရာတန်သောအဝတ်ဖြင့်။ ဂဗ္ဘမလံ ပုဉ္ဆာပေတွာ၊ ကိုယ်ဝန်အညစ်အကြေးကို သုတ်သင်စေပြီးလျှင်။ ပံသုကူလိကာ၊ ပံသုကူဆောင် ရဟန်းတို့သည်။ ဂဏှိဿန္တိ၊ ကောက်ယူကုန်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ တာလဝေဠိမဂ္ဂေ၊ တာလဝေဠိလမ်း၌။ ဆဋ္ဌာပေသိ ကိရ၊ စွန့်ပစ်စေသတတ်။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဇိဏ္ဏကဋ္ဌာနတ္ထမေဝ၊ မိမိ သင်္ကန်း၏ ဆွေးမြည့်ရာအရပ်၌ ဖာလောက်ရုံအကျိုးငှာသာလျှင်။ ဂဏှန္တိ၊ အနည်းငယ် အနည်းငယ်ယူကုန်၏။ နှာနစောဠန္တိ၊ နှာနစောဠံ ဟူသည်ကား။ ယံ စောဠံ၊ အကြင် အဝတ်ပုဆိုးကို။ ဘူတဝေဇ္ဇေဟိ၊ ဘူတ်မန္တရားအတတ်တတ်သော မှော်ဆရာတို့သည်။ သသီသံ နှာပိတာ၊ ဦးခေါင်းပါ ရေချိုးစေအပ်ပြီးသော သူတို့သည်။ ကာဠကဏ္ဏိစောဠန္တိ ဆဋ္ဌေတွာ၊ အသရေမရှိသော ပုဆိုး ဟုယူဆလျက် စွန့်ပစ်၍။ ဂစ္ဆန္တိ၊ သွားကုန်၏။ တံ စောဠံ၊ ထိုအဝတ်ပုဆိုးသည်။ နှာနစောဠံ၊ နှာနစောဠံ မည်၏။

တိတ္ထစောဠန္တိ၊ တိတ္ထစောဠံ ဟူသည်ကား။ နှာနတိတ္ထေ၊ ရေချိုးဆိပ်၌။ ဆဋ္ဌိတပိလောတိကာ၊ စွန့်ပစ်ထားသော ပုဆိုးနွမ်းတည်း။ ဂတပစ္စာဂတန္တိ၊ ဂတပစ္စာဂတံ ဟူသည်ကား။ ယံ ဝတ္ထံ၊ အကြင်ပုဆိုးကို။ မနုဿာ၊ လူတို့သည်။ သုသာနံ ဂန္တွာ၊ သုသာန်သို့သွား၍။ ပစ္စာဂတာ၊ ပြန်လာကုန်လတ်သော်။ နှတွာ၊ ရေချိုးပြီးလျှင်။ ဆဋ္ဌေန္တိ၊ အင်္ဂလာ အဝတ်ဟု ယူဆ၍ စွန့်ပစ်ကုန်၏။ တံ ဝတ္ထံ၊ ထိုအဝတ်သည်။ ပစ္စာဂတံ၊ ပစ္စာဂတမည်၏။ အဂ္ဂိဍဍ္ဎန္တိ၊ အဂ္ဂိဍဍ္ဎံ ဟူသည်ကား။ အဂ္ဂိနာ ဍဍ္ဎပ္ပဒေသံ၊ မီးလောင်အပ်သော အပေါက်အစွန်းရှိသော အဝတ်တည်း။ ဟိ၊ မှန်၏။ တံ၊ ထိုမီးလောင်ရာရှိသော အဝတ်ကို။ မနုဿာ၊ လူတို့သည်။ ဆဋ္ဌေန္တိ၊ စွန့်ကုန်၏။ ဂေါဝါယိတာဒီနိ၊ နွားစားအပ်သောအဝတ် စသည်တို့သည်။ ပါကဋ္ဌာနေဝ၊ ထင်ရှားကုန်သည်သာတည်း။ ဟိ၊ မှန်၏။ တာဒိသာနိပိ၊ ထိုသို့သောအဝတ်တို့ကိုလည်း။ မနုဿာ၊ လူတို့သည်။ ဆဋ္ဌေန္တိ၊ စွန့်ကုန်၏။ ဓဇာဟဋန္တိ၊ ဓဇာဟဋံ ဟူသည်ကား။ နာဝံ အာရုဟန္တာ၊ သင်္ဘောသို့ တက်ကုန်သည်ရှိသော်။ ဓဇံ ဗန္ဓိတွာ၊ အလံတံခွန်ထူ၍။ အာရုဟန္တိ၊ တက်ကုန်၏။ တံ၊ ထို တံခွန်အလံအဝတ်ကို။ တေသံ ဒဿနာတိက္ကမေ၊ ထိုသင်္ဘောသားတို့၏ မျက်စိအမြင်ကိုလွန်သည်ရှိသော်။ ဂဏှိတုံ ဝဋ္ဋတိ၊ ကောက်ယူ

ခြင်းငှာအပ်၏။ ယုဒ္ဓဘူဒိယံ၊ စစ်မြေပြင်၌။ယံ ဓဇံ၊ အကြင်အောင်လံကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ ၎ပိတံ၊ ထားအပ်၏။ တမ္ပိ ဓဇံ၊ ထိုအောင်လံကိုလည်း။ ဒ္ဒိန္နမ္ပိ သေနာနံ၊ နှစ်ဘက်သော စစ်ဘပ်တို့၏။ ဂတကာလေ၊ ပြန်သွားသောကာလ၌။ ဂဟေတုံ ဝဋ္ဋတိ၊ ကောက်ယူခြင်းငှာအပ်၏။

ထူပစီဝရန္တိ၊ ထူပစီဝရံဟူသည်ကား။ ယေန ဝတ္ထေန၊ အကြင်အဝတ်ဖြင့်။ ဝမ္မိကံ ပရိက္ခိပိတွာ၊ တောင်ပို့ကို ရစ်ပတ်၍။ ဗလိကမ္မံ၊ နတ်ပူဇော်ခြင်းအမှုကို။ ကတံ၊ ပြုအပ်၏။ သမဏစီဝရန္တိ၊ သမဏ.စီဝရံ ဟူသည်ကား။ ဘိက္ခုသန္တကံ၊ ရဟန်း၏ ဥစ္စာဖြစ်သော သင်္ကန်းတည်း။ အာဘိသေကိကန္တိ၊ အာဘိသေကိကံ ဟူသည်ကား။ ရညော၊ မင်း၏။ အဘိသေကဋ္ဌာနေ၊ အဘိသိက်ခံရာအရပ်၌။ ဆဍ္ဍိတစီဝရံ၊ စွန့်ပစ်ထားသော သင်္ကန်းတည်း။ ဣဒ္ဓိမယန္တိ၊ ဣဒ္ဓိမယံဟူသည်ကား။ ဧဟိဘိက္ခုစီဝရံ၊ ဧဟိဘိက္ခုရဟန်းတို့အား တန်ခိုးဖြင့် ပြီးစီးသော သင်္ကန်းတည်း။ ပန္ထိကန္တိ၊ ပန္ထိကံဟူသည်ကား။ အန္တရာမဂ္ဂေ၊ လမ်းခရီးအကြား၌။ ပတိတကံ၊ ကျနေသောအဝတ်တည်း။ ပန၊ ဆက်ဦးအံ့။ ယံ၊အကြင်အဝတ်သည်။သာမိကာနံ သတိသမ္မောသေန၊ ပိုင်ရှင်တို့၏ သတိမေ့လျော့ခြင်းဖြင့်။ပတိ-တံ၊ကျရစ်၏။တံ၊ထိုကျရစ်သော အဝတ်ကို။ထောကံ ရက္ခိတွာ၊အတန်ငယ်ကာလ ကြာအောင် မယူသေးပဲ စောင့်ဆိုင်း၍။ ဂဟေတဗ္ဗံ၊ ကောက်ယူအပ်၏။ ဝါတာဟဋန္တိ၊ဝါတာဟဋံဟူသည်ကား။ဝါတေန ပဟရိတွာ၊ လေသည်ဆောင်၍။ ဒူရေ ပတိတံ၊ အဝေး၌ကျနေသော အဝတ်တည်း။ ပန၊ ဆက်ဦးအံ့။ သာမိကေ၊ ပိုင်ရှင်တို့ကို။ (၆၁) အပဿန္တေန၊ မမြင်သဖြင့်။ ဝါ၊ မမြင်သော ရဟန်းသည်။ တံ၊ ထိုလေဆောင်သောအဝတ်ကို။ ထောကံ ရက္ခိတွာ၊ အတန်ငယ်ကာလမျှ စောင့်ဆိုင်း၍။ ဂဟေတုံ ဝဋ္ဋတိ၊ ကောက်ယူခြင်းငှာအပ်၏။ ဒေဝဒတ္တိယန္တိ၊ ဒေဝဒတ္တိယံဟူသည်ကား။ အနုရုဒ္ဓတ္ထေရဿ၊ အရှင်အနုရုဒ္ဓါ မထေရ်အား။ ဒိန္နကံ ဝိယ၊ ဇာလိနတ်သမီး လှူအပ်သော အဝတ်ကဲ့သို့။ ဒေဝတာဟိ ဒိန္နကံ၊ နတ်တို့လှူအပ်သော အဝတ်တည်း။ သာမုဒ္ဒိယန္တိ၊ သာမုဒ္ဒိယံ ဟူသည်ကား။ သမုဒ္ဒဝီစိဟိ၊ သမုဒ္ဒရာလှိုင်းတို့သည်။ ထလေ၊ ကမ်းစပ်ကုန်းပေါ်သို့။ ဉဿာ-ရိတံ၊ ပုတ်တင်သော အဝတ်တည်း။

ပန၊ ဆက်ဦးအံ့။ ဝါ၊ ပံ့သကူဖြစ်, ဖြစ်မဖြစ် စိစစ်၍ ပြဦးအံ့။ ယံ၊ အကြင် သင်္ကန်းကို။ သံဃဿ ဒေမာတိ၊ သံဃာအားလှူပါကုန်၏ဟု။ ဝတွာ၊ လျှောက်ထားပြီး၍။ ဒိန္နံ၊ လှူအပ်၏။ စောဠကဘိက္ခာယ ဝါ၊ အဝတ် သင်္ကန်းခံရန် အလို့ငှာ။ စရမာနေဟိ၊လှည့်လည်သော ရဟန်းတို့သည်မူလည်း။ လဒ္ဓံ၊ရအပ်၏။ တံ၊ ထိုနှစ်ပါးသောသင်္ကန်းသည်။န ပံသုကူလံ၊ ပံ့သကူမဖြစ်။ ဘိက္ခုဒတ္တိယေပိ၊ ရဟန်းက လှူသောသင်္ကန်း၌လည်း။ ယံ၊အကြင်သင်္ကန်းကို။ ဝဿဂ္ဂေန၊ ပံ့သကူဆောင်ရဟန်းတို့၏ ဝါစဉ်ဖြင့်။ ဂါဟေတွာ၊ ယူစေ၍မူလည်း။ ဒီယတိ၊ လှူအပ်

၏။ သေနာသနစီဝရံ ဝါ၊ ကျောင်း၌နေသော ရဟန်းတို့အားရည်၍ လှူအပ်သော သင်္ကန်းမှုလည်း။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုနှစ်မျိုးသော သင်္ကန်းသည်။ န ပံသုကူလံ၊ ပံ့သကူမဖြစ်။ နော ဂဟပတိကံ၊ ပံ့သကူဆောင် ရဟန်း၏ ဝါစဉ်အားဖြင့် မယူစေမူ၍။ ဒိန္နမေဝ၊ မိမိဝါစဉ်ဖြင့် ယူပြီးလျှင် ထိုရဟန်းက ပေးလှူအပ်သော သင်္ကန်းသည်သာလျှင်။ ပံသုကူလံ၊ ပံ့သကူသင်္ကန်းမည်၏။ တတြာပိ၊ ထိုဝါစဉ်ဖြင့် မယူစေမူ၍ ရဟန်းကပေးလှူသော သင်္ကန်း၌လည်း။ ယံ၊ အကြင်သင်္ကန်းကို။ ဒါယကေဟိ၊ ဒါယကာတို့သည်။ ဝါ၊ ဒါယကာတို့က။ ဘိက္ခုဿ ပါဒမူလေ၊ ရဟန်း၏ ခြေရင်း၌။ နိက္ခိပိတွာ၊ ချထားအပ်၏။ တေန ပန ဘိက္ခုနာ၊ သင်္ကန်းရသော ထိုရဟန်းသည်။ ဝါ၊သင်္ကန်းရသောထိုရဟန်းက။ ပံသုကူလိကဿ ဟတ္ထေ၊ ပံသကူဆောင်ရဟန်း၏ လက်၌။ ဌပေတွာ ဒိန္နံ၊ ထည့်ထား၍ ပေးအပ်၏။ တံ၊ ထိုရဟန်းလှူအပ်သော သင်္ကန်းသည်။ ဧကတော သုဒ္ဓိကံ နာမ၊ တဘက်မှ စင်ကြယ်ခြင်းရှိသော သင်္ကန်းမည်၏။ ယံ၊ အကြင် သင်္ကန်းကို။ ဘိက္ခုနော ဟတ္ထေ ဌပေတွာ၊ ရဟန်း၏လက်၌ ထည့်ထား၍။ ဒိန္နံ၊ ဒါယကာတို့က လှူအပ်၏။ တေန ပန၊ ထိုသင်္ကန်းရသော ရဟန်းသည်ကား။ တံ၊ ထိုသင်္ကန်းကို။ ပါဒမူလေ၊ ပံ့သကူဆောင်ရဟန်း၏ခြေရင်း၌။ ဌပိတံ၊ ထားအပ်၏။ တမ္ပိ၊ ထိုသင်္ကန်းသည်လည်း။ ဧကတော သုဒ္ဓိကံ၊ တဘက်မှစင်ကြယ်ခြင်းရှိသော သင်္ကန်းမည်၏။ ပန၊ ဧကတောသုဒ္ဓိမှတပါး ဥဘတောသုဒ္ဓိကို ဆိုဦးအံ့။ (ပန-ကျေ) ယမ္ပိ၊ အကြင်သင်္ကန်းကိုမူကား။ ဘိက္ခုနော ပါဒမူလေ၊ ရဟန်း၏ခြေရင်း၌။ ဌပိတံ၊ ဒါယကာတို့ကထားအပ်၏။ တေနပိ၊ သင်္ကန်းရသော ထိုရဟန်းသည်လည်း။ တထေဝ ဒိန္နံ၊ နည်းတူပင် ပံ့သကူဆောင် ရဟန်း၏ ခြေရင်း၌ထား၍ လှူအပ်၏။ တံ၊ ထိုသင်္ကန်းသည်။ ဥဘတော သုဒ္ဓိကံ၊ နှစ်ဘက်လုံးမှ စင်ကြယ်ခြင်းရှိသော သင်္ကန်းမည်၏။ ဟတ္ထေ၊ ရဟန်း၏လက်၌။ ဌပေတွာ၊ ထား၍။ ဒိန္နံ၊ ဒါယကာတို့လှူအပ်သော(လိုက်)။ ယံ၊ အကြင်သင်္ကန်းကို။ လဒ္ဓံ၊ ရအပ်၏။ တေနာပိ၊ သင်္ကန်းရသော ထိုရဟန်းသည်လည်း။ ဟတ္ထေယေဝ၊ ပံ့သကူဆောင် ရဟန်း၏လက်၌ပင်လျှင်။ ဌပိတံ၊ ထည့်ထား၍ လှူအပ်၏။ တံ၊ ထိုသင်္ကန်းသည်လည်း။ အနုက္ကဋ္ဌစီဝရံ နာမ၊ ဥက္ကဋ္ဌမဟုတ်သော သင်္ကန်းမည်၏။ ဣတိ၊ ဤသို့ဆိုခဲ့သည့်အတိုင်း။ ဣမံ ပံသုကူလဘေဒံ ဉတွာ၊ ဤပံ့သကူအပြားကိုသိ၍။ ပံသုကူလိကေန၊ ပံ့သကူဆောင်ရဟန်းသည်။ စီဝရံ၊ သင်္ကန်းကို။ ပရိဘုဉ္ဇိတဗ္ဗံ၊ သုံးဆောင်အပ်၏။ ဣတိ၊ ဤတွင်၍ကား စကား တခန်းအပြီးတည်း။ ဣဒံ၊ ဤသည်ကား။ ဧတ္ထ၊ ဤပံ့သကူဓုတင်၌။ ဝိဓာနံ၊ ကျင့်ပုံအစီအရင်ပေတည်း။

ပန၊ အဖို့တပါးကား။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ ပဘေဒေါ၊ ပံ့သကူဓုတင်ဆောင်ပုဂ္ဂိုလ်၏အပြားတည်း။ပံသုကူလိကာ၊ပံသကူဓုတင်ဆောင်ရဟန်းတို့

သည်။ ဥက္ကဋ္ဌော၊ အမြတ်စားဥက္ကဋ္ဌပုဂ္ဂိုလ်လည်းကောင်း။မဇ္ဈိမော၊ အလတ်စား မဇ္ဈိမပုဂ္ဂိုလ်လည်းကောင်း။မုဒု၊နူးညံ့သောမုဒုပုဂ္ဂိုလ်လည်းကောင်း။ဣတိ၊ဤသို့။ တယော၊ သုံးပါးအပြားရှိကုန်၏။ တတ္ထ၊ထိုသုံးပါးတို့တွင်။ သောသာနိကံ ယေဝ၊ သုသာန်၌ ပစ်ချထားသောသင်္ကန်းကိုသာလျှင်။ တနည်းကား၊ သောသာနိကာ-ဒိကံယေဝ၊သုသာန်၌ပစ်ချထားသောသင်္ကန်းစသည်တို့ကိုသာလျှင်။ (ဤ၌ပထမ အနက်သည် သောသာနိကံ ယေဝ ဟူသောပါဠ်ကို ရှိရင်းအတိုင်း အတိအကျ ပြန်အပ်သော အနက်ဖြစ်သည်၊ ထိုအလိုအားဖြင့် ပံ့သကူဌာန နှစ်ဆယ့်သုံးပါး ရှိသည်တွင် သုသာန်တဌာနတည်းက သင်္ကန်းကိုသုံးဆောင်မှသာလျှင် ဥက္ကဋ္ဌ ဖြစ်သည်၊ ကျန်နှစ်ဆယ့်နှစ်ဌာနမှ သင်္ကန်းကို သုံးဆောင်လျှင် ဥက္ကဋ္ဌမဖြစ်ဟု မလိုအပ်သော အနက်ကျရောက်၏။ ထို့ကြောင့် ထိုသောသာနိကံယေဝအရာ၌ သောသာနိကာဒိကံယေဝ ဟု မှုလရင်းပါဠ်၌ ဖြစ်သင့်သည်ဟူ ယူဆပြီးလျှင် (ဝါ–တနည်း) အနက် ထပ်၍ပြန်လိုက်သည်။) ဂဏှန္တော၊ ကောက်ယူသော ရဟန်းသည်။ ဥက္ကဋ္ဌော ဟောတိ၊ ဥက္ကဋ္ဌပုဂ္ဂိုလ်မည်၏။ ပဗ္ဗဇိတာ ဂဏှိဿန္တိ၊ ရဟန်းတို့ကောက်ယူလတ္တံ့ဟူ၍ဌပိတံ ကံ ဂဏှန္တော၊ ပစ်ချထားသော သင်္ကန်းကို ကောက်ယူသောရဟန်းသည်။ မဇ္ဈိမော၊ မဇ္ဈိမပုဂ္ဂိုလ်မည်၏။ ပါဒမူလေ ဌပေ-တွာ၊ ခြေရင်း၌ထား၍၊ ဒိန္နကံ ဂဏှန္တော၊ လှူအပ်သောသင်္ကန်းကို ကောက်ယူ သောရဟန်းသည်။ မုဒု၊ မုဒုပုဂ္ဂိုလ်မည်၏။ ဣတိ အယံ၊ ဤသည်ကား။ ပဘေ-ဒေါ၊ ပံ့သကူဓုတင်ဆောင် ပုဂ္ဂိုလ်အပြားပေတည်း။

တေသုံ၊ ထိုသုံးပါးသော ပုဂ္ဂိုလ်တို့တွင်။ ယဿကဿစိ၊ အမှတ်မရှိသော တပါးပါးသောပုဂ္ဂိုလ်အား။ အတ္တနော ရုစိယာ၊ မိမိအလိုအားဖြင့် လည်း ကောင်း။ ခန္တိယာ၊ ဒါယကာတို့ ဘောင်းပန်၍ သုံးဆောင်ရန် လက်ခံထားခြင်း ဖြင့်လည်းကောင်း။ (ဤအရာဝယ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ယခုလက်ရှိစာကိုယ်၌ ခန္တိယာပုဒ် လိုနေသည်၊ ဋီကာ၌ ခန္တိယာတိ နိဗ္ဗာနက္ခန္တိယာ- ဟုဖွင့်ပြထား သောကြောင့် ထိုပုဒ် မုချပင်ရှိရမည်။ ပြည်မူဝိသုဒ္ဓိမဂ် နိဿယ၌လည်း ယင်း ပုဒ်ကို ထုတ်ဆောင်၍ အနက်ပေးထားသည်၊ မိမိအလိုသက်သက်ဖြင့် လက်ခံ လျှင်ဖြစ်စေ ဒါယကာတို့ကို ငဲ့သဖြင့် သုံးဆောင်ရန် လက်ခံလျှင်ဖြစ်စေ ထို သာယာလက်ခံခြင်း ခဏ၌ ဤပံ့သကူ ဓုတင်ပျက်သည်ဟု ဆိုလို၏။ မိမိသုံး ဆောင်ရန် မရည်ရွယ်ပဲ ဒါယကာတို့ကို ငဲ့သဖြင့် သူ့ဘပါးအားတဆင့် လှူရန် ရည်ရွယ်၍သင်္ကန်းလက်ခံလျှင် ဓုတင်မပျက်ဟု စူဠဋီကာ၌ဆိုကြောင်း။ ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယ၌ ထုတ်ပြထား၏။) ဂိဟိဒိန္နကံ၊ လူတို့လှူအပ်သော အဝတ်ကို။ သာဒိ-ယနက္ခဏေ၊ သာယာသောခဏ၌။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤပံ့သကူ ဓုတင်၌။ဘေဒေါ၊ ပျက်ခြင်းပေတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင် ပေတည်း။ "ပံသုကူလ စီဝရံ နိဿာယ ပဗ္ဗဇ္ဇာတိ၊" ပံသုကူလစီဝရံ နိဿာယ ပဗ္ဗဇ္ဇာ ဟူ၍သာ။ ဝစနတော၊ ဘုရားဟောတော်မူသောကြောင့်။ နိဿယာ-နုရူပပဋိပတ္တိသဗ္ဘာဝေါ၊ ရဟန်းဖြစ်စက ဝန်ခံခဲ့သော ဒုတိယနိဿယနှင့် လျော်သောအကျင့် ပဋိပတ်ရှိသည်၏အဖြစ်လည်းကောင်း။ ပဌမေ အရိယဝံသေ၊ အရိယဝံသလေးပါးတို့တွင် ပဌမအရိယဝံသ၌၊ ပတိဋ္ဌာနံ၊ တည်ခြင်းလည်း ကောင်း။အာရက္ခာ ဒုက္ခာဘာဝေါ၊ သက်န်းကိုစောင့်ရှောက်ရခြင်း ကြောင့်ဖြစ်သော ဆင်းရဲ၏မရှိခြင်း လည်းကောင်း။ အပရာယတ္တဝုတ္တိတာ၊ သူတပါးနှင့် မစပ်သောအသက်မွေးမှုရှိခြင်းလည်းကောင်း။ စောရဘယေန ခိုးသူဘေးဖြင့်။ အဘယတာ၊ ဘေးကင်းသည်အဖြစ် လည်းကောင်း။ ပရိဘောဂတဏှာယ၊ သုံးဆောင်ရာ၌ တပ်မက်သော တဏှာမဖြစ်ခြင်းလည်းကောင်း။ သမဏသာရုပ္ပ-ပရိက္ခာရတာ၊ ရဟန်းတို့အား လျောက်ပတ်သော ပရိက္ခရာရှိသည်၏ အဖြစ်လည်းကောင်း။" ဒွေပ္ပါနိစေဝ၊ အဖိုးလည်းနည်းကုန်၏။ သုလဘာနိ စ၊ ရလည်း ရလွယ်ကုန်၏။ တာနိ၊ ထိုအဖိုးနည်း၍ ရလွယ်သော ပံ့သကူတို့သည်။ အန-ဝဇ္ဇာနိ စ၊အပြစ်လည်းမရှိကုန်။ ဣတိ၊ဤသို့"။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံဝဏ္ဏိတပစ္စယတာ၊ ချီးမွမ်းတော်မူအပ်သော ပစ္စည်း၏အဖြစ်လည်းကောင်း။ ပါသာဒိကတာ၊ ကြည်ညိုဖွယ်ကို ဆောင်တတ်သည်၏ အဖြစ်လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အဖိုးနည်းသည်၏ အဖြစ်စသည်တို့၏။ ဖလနိပ္ဖတ္တိ၊ အကျိုးပြီးခြင်းလည်းကောင်း။ သမ္မာပဋိပတ္တိယာ၊ ကောင်းမြတ်သော အကျင့်ကို။ အနု-ဗြူဟနံ၊ ပွားစေခြင်း လည်းကောင်း။ ပစ္ဆိမာယ ဇနတာယ၊ နောင်လာ နောက်ဖွားတပည့်သားအပေါင်းအား။ ဒိဋ္ဌာနုဂတိအာပါဒနံ၊ မြင်ဖူးသည်ကို အတုလိုက်၍ ကျင့်ခြင်းဟူသော ဒိဋ္ဌာနုဂတိသို့ ရောက်စေခြင်း လည်းကောင်း။ ဣတိ၊ ဤသည်ကား။အာနိသံသော၊ပံ့သကူဆောင်၏အကျိုးအာနိသင်ပေတည်း။

သန္နဒ္ဓကာဝစော၊ ဖွဲ့အပ် ဝတ်ဆင်အပ်ပြီးသော ချုပ်ဝတ်ဘန်ဆာရှိသော။ ခတ္တိယော၊ မင်းသည်။ ယုဒ္ဓေ၊ စစ်မြေပြင်၌။ သောဘတိ ဝိယ၊တင့်တယ်သကဲ့သို့။ မာရသေနဝိဃာတတာယ၊ ကိလေသာမာန်စစ်သည်ကိုဖျက်ဆီးခြင်းငှာ။ ပံသုကူလဓရော၊ ပံ့သကူသင်္ကန်းကို ဆောင်သော။ ယတိ၊ ရဟန်းတော်သည်။ သောဘတိ၊ တင့်တယ်ပါပေ၏။

(၆၂) လောကဂရုနာ၊ တလောကလုံး၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကာသိကာဒီနိ၊ ကာသိတိုင်းအစရှိကုန်သော။ ဝရဝတ္ထာနိ ပဟာယ၊ မြတ်သောအဝတ်အထည်တို့ကိုပယ်၍။ ယံ ပံသုကူလံ၊ အကြင် ပံ့သကူ သင်္ကန်းကို။ ဓာရိတံ၊ ဆောင်တော်မူလေပြီ။(ဘုရားဖြစ်တော်မူ၍ပဌမဝါကျွတ်ပြီးသည့်နောက်ဥရုဝေလတောသို့ကြွ၍ဥရုဝေလကဿပ

အမှူးရှိသော ရသေ့တို့ကို တန်ခိုးအမျိုးမျိုးပြ၍ ချွတ်တော်မူစဉ်အခါ ပုဏ္ဏမည်သောကျွန်မ၏ အလောင်းကို ရစ်ပတ်ခြုံရုံ၍ သုသာန်၌ စွန့်ပစ်ထားသော အဝတ်ကို ပံ့သကူကောက်၍ သုံးဆောင်တော် မူသည်။ ထိုသက်န်းကို ရည်၍ ဆိုသည်ဟုမှတ်)။ တံ ပံသုကူလံ၊ ထိုပံ့သကူသက်န်းကို။ ကော၊ အဘယ်မည်သော ရဟန်းသည်။ န ဓာရယေ၊ မဆောင်နိုင်ပဲ ရှိရာအံ့နည်း။ တနည်း၊ ယံ- ယသ္မာ၊ အကြင်ကြောင့်။ လောကဂရုနာ၊ မြတ်ဗွာဘုရားသည်။ ပံသုကူလံ၊ ပံ့သကူကို။ ဓာရိတံ၊ ဆောင်ပြီ။ တသ္မာ၊ ထို့ကြောင့်။ တံ ပံသုကူလံ၊ ထိုပံသကူသက်န်းကို။ ကော၊ အဘယ်မည်သော ရဟန်းသည်။ န ဓာရယေ၊ မဆောင်နိုင်ပဲ ရှိရာအံ့နည်း။

တသ္မာ ဟိ၊ ထို့ကြောင့်ပင်လျှင်။ ဘိက္ခု၊ ရဟန်းတော်သည်။ အတ္တနော ပဋိညံ၊ ရဟန်းဖြစ်စက ‘အာမ ဘန္တေ’ဟု ဝန်ခံခဲ့သော မိမိ၏ ပဋိညာဉ်ကို။ သမနုဿရံ-သမနုဿရန္တော၊ ကောင်းစွာအောက်မေ့လျက်။ ယောဂါစာရာနုကူလမ္ဟိ၊ ယောဂီ ရဟန်းတော်၏ အကျင့်အားလျော်သော။ ပံသုကူလေ၊ပံ့သကူသက်န်း၌။ ရတော၊နှစ်သိမ့်မွေ့လျော်သည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသည်ကား။ အနုသာသနီ၊ အဆုံးအမ ပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ တာဝ၊ ရှေးဦးစွာ။ ပံသုကူလိကင်္ဂေ၊ ပံ့သကူဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ့ကျင့်ပုံ အစီအရင်, အပြား, ပျက်စီးခြင်း, အာနိသင်တို့ကို ဖွင့်ပြထားသော စကား ပေတည်း။

## ၂- တေ စီ ဝ ရိ က င် က ထာ

### တိစီဝရိတ် ဓုတင်ကိုပြဆိုချက်

၂၅။ ပန၊ အဖွိုတပါးကား။ တဒနန္တရံ၊ ထိုပံ့သကူဓုတင်၏ အခြားမဲ့၌ ဆိုအပ်ခဲ့သော။ တေစီဝရိကင်္ဂ၊ တိစီဝရိတ်ဓုဘင်ကို။ “စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ ဝတ်လောက် ရုံလောက် အဓိဋ္ဌာန်တင်လောက်သော လေးထည်မြောက်သင်္ကန်း ကို ပယ်ပါ၏။ တေစီဝရိကင်္ဂံ သမာဒိယာမိ၊ သုံးထည်သော သက်န်းကို ဆောင်ခြင်း အလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည် ပါ၏”။ ဣတိ ဣမေသံ ဝစနာနံ၊ ဤစကားနှစ်မျိုးတို့တွင်။ အညတရေန၊ တမျိုးမျိုးသောစကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်၏။ ဣတိ၊ ဤသည်ကား ဆောက်တည်ပုံတည်း။ (ဣတိ-ကျေ)

ပန၊ အဖွိုတပါးကား။ တေစီဝရိကေနာ၊ တိစီဝရိတ်ဓုတင်ဆောင်သော။
တေန ယောဂိနာ၊ ထိုယောဂီရဟန်းတော်သည်။ စီဝရဒုဿံ လဘိတွာ၊ သင်္ကန်း
လျှော်ပုဆိုးကိုရ၍။ ဝါ၊ ရပြီးလျှင်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။
အဖာသုကဘာဝေနာ၊ မကျွန်းမမာသည်၏ အဖြစ်ကြောင့်။ ကာတုံ ဝါ၊ သင်္ကန်း
ချုပ်လုပ်ခြင်းငှာသော်လည်း။ န သက္ကောတိ၊ မစွမ်းနိုင်သေး။ ယာဝ၊ အကြင်
မျှလောက် ကာလပတ်လုံး။ ဝိစာရကံ ဝါ၊ သင်္ကန်းချုပ်ရန် စီရင်တတ်သောသူကို
သော်လည်း။ န လဘတိ၊ မရသေး။ သူစိအာဒီသု၊ အပ် စသည်တို့တွင်။ ယံကိဉ္စိ
ဝါ၊ တစုံတခုသော အဆောက်အအုံသည်လည်း။ ယာဝ၊ အကြင်မျှလောက်
ကာလပတ်လုံး။ န သမ္ပဇ္ဇတိ၊ မပြည့်စုံသေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။
နိက္ခိပိတဗ္ဗံ၊ သိုမှီးသိမ်းဆည်း ထားအပ်၏။ တနည်း။ ပန၊ အဖွိုတပါးကား။
တေစီဝရိကေန၊ တိစီဝရိတ်ဓုတင်ဆောင်သော။ တေန ယောဂိနာ၊ ထိုယောဂီ
ရဟန်းတော်သည်။ စီဝရဒုဿံ လဘိတွာ၊ သင်္ကန်းလျှော်ပုဆိုးကိုရ၍။ ဝါ၊ ရပြီး
လျှင်။ အဖာသုကဘာဝေန၊ မကျွန်းမမာသည်၏ အဖြစ်ကြောင့်။ ကာတုံ ဝါ၊
သင်္ကန်းချုပ်လုပ်ခြင်းငှာသော်လည်း။ ယာဝ န သက္ကောတိ၊ မစွမ်းနိုင်သေးသမျှ
ကာလပတ်လုံးဖြစ်စေ။ ဝိစာရကံ ဝါ၊ သင်္ကန်းချုပ်ရန် စီရင်တတ်သောသူကို
သော်လည်း။ ယာဝ န လဘတိ၊ မရသေးသမျှ ကာလပတ်လုံးဖြစ်စေ။
သူစိအာဒီသု၊ အပ် စသည်တို့တွင်။ ယံကိဉ္စိ ဝါ၊ တစုံတခုသော အဆောက်အအုံ
သည်လည်း။ ယာဝ န သမ္ပဇ္ဇတိ၊ မပြည့်စုံသေးသမျှ ကာလပတ်လုံးဖြစ်စေ။
တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ နိက္ခိပိတဗ္ဗံ၊ သိုမှီးသိမ်းဆည်း
ထားအပ်၏။ နိက္ခိတ္တပစ္စယာ၊ ထားခြင်းဟူသော အကြောင်းကြောင့်။ ဒေါသော
နတ္ထိ၊ အပြစ်မရှိပေ။ ပန၊ မသိုမှီးသင့်ပုံကား။ ရဇိတကာလတော ပဋ္ဌာယ၊
ဆိုးပြီးသော ကာလမှစ၍။ နိက္ခိပိတုံ၊ ထားခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဓုတင်-
စောရော နာမ၊ ဓုတင်သူခိုးမည်သည်။ ဟောတိ၊ ဖြစ်၏။

ပန၊ အဖွိုတပါးကား။ ပဘေဒတော၊ အပြားအားဖြင့်။ အယမ္ပိ၊ ဤတိစီ-
ဝရိတ် ဓုတင်ဆောင်ရဟန်းသည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။
တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌေန၊ ဥက္ကဋ္ဌသည်။ ရဇနကာလေ၊ သင်္ကန်းဆိုး
သောအခါ၌။ ပဌမံ၊ ရှေးဦးစွာ။ အန္တရဝါသကံ ဝါ၊ သင်းပိုင်ကိုသော်လည်း။
ရဇိတွာ၊ ဆိုးပြီး၍။ ဝါ၊ ဆိုးပြီးလျှင်။ တံ နိဝါသေတွာ၊ ထိုသင်းပိုင်ကို ဝတ်၍။
ဣတရံ ရဇိတဗ္ဗံ၊ ကိုယ်ရုံကို ဆိုးအပ်၏။ ဥတ္တရာသင်္ဂံ ဝါ၊ ကိုယ်ရုံကိုသော်လည်း။
ပဌမံ၊ ရှေးဦးစွာ။ ရဇိတွာ၊ ဆိုးပြီးလျှင်။ တံ နိဝါသေတွာ၊ ထိုကိုယ်ရုံကိုဝတ်၍။
ဣတရံ ရဇိတဗ္ဗံ၊ သင်းပိုင်ကို ဆိုးအပ်၏။ အန္တရဝါသကံ၊ သင်းပိုင်ကို။ နိဝါ-
သေတွာ၊ ဝတ်၍။ (လိုက်ပေး)။ တံ၊ ထိုကိုယ်ရုံကို။ ပါရုပိတွာ၊ ခြုံ၍။ ဝါ၊
ရုံပြီးလျှင်။ သင်္ဃာဋိံ၊ နှစ်ထပ်သင်္ကန်းကြီးကို။ ရဇိတဗ္ဗာ၊ ဆိုးအပ်၏။ ပန၊

လျှော်သည်ကို ဆိုအံ့။သင်္ဃာဋိ၊ နှစ်ထပ်သင်္ကန်းကြီးကို။ နိဝါသေတုံ၊ဝတ်ခြင်းငှာ။
န ဝဋ္ဋတိ၊ မသင့်ပေ။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုတိစီဝရိတ်ဓုတင်ဆောင်
ရဟန်း၏။ ဂါမန္တသေနာသနေ၊ ရွာနီးကျောင်း၌။ ဝတ္တံ၊ ကျင့်ရန်ဝတ်တည်း။
ပန၊ အထူးကား။ အာရညကေ၊ တောကျောင်း၌။ ဒွေ၊ သင်္ကန်းနှစ်ထည်တို့ကို၊ ဧကတော ခေါဝိတွာ၊ တပြိုင်နက် ဖွပ်လျှော်၍။ ရဇိတုံ ဝဋ္ဋတိ၊
ဆိုးခြင်းငှာ အပ်၏။ ပန၊ ထိုသို့အပ်သော်လည်း။ ယထာ၊ အကြင်အခြင်းအရာ
အားဖြင့်၊ နိသိန္နော၊ နေလတ်သော် (ထည့်)။ ကိဉ္စိ ဒိသွာ၊ တစုံတယောက်ကို
မြင်လတ်သော်။ ကာသာဝံ အာကဍ္ဎိတွာ၊ သင်္ကန်းကို ဆွဲငင်၍။ ဥပရိ ကာတုံ၊
ကိုယ်ပေါ်၌ ဖုံ လွှမ်းနိုင်အောင်။ သက္ကောတိ၊ စွမ်းနိုင်အံ့။ ဧဝံ၊ ဤသို့စွမ်းနိုင်
လျှင်။ အာသန္နေ ဌာနေ သင်္ကန်း၏ အနီးဖြစ်သောအရပ်၌။ နိသီဒိတဗ္ဗံ၊ နေ
သင့်၏။ မဇ္ဈိမဿ ပန၊ မဇ္ဈိမရဟန်းအားမူ (ပန-ကျေ)။ ရဇနသာလာယံ၊
သင်္ကန်းဆိုးရုံ၌။ ရဇနကာသာဝံ နာမ ဆိုးခိုက် သုံးဆောင်သော သင်္ကန်း
မည်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုဆိုးခိုက် သုံးဆောင်ရာ ထားသော
သင်္ကန်းကို။ နိဝါသေတွာ ဝါ၊ ဝတ်၍သော်လည်းကောင်း။ ပါရုပိတွာ ဝါ၊ ရုံ၍
သော်လည်းကောင်း။ ရဇနကမ္မံ၊ ဆိုးခြင်းအမှုကို။ ကာတုံ ဝဋ္ဋတိ၊ ပြုခြင်းငှာ
အပ်၏။ မုဒုကဿ၊ မုဒုရဟန်းအား။ သဘာဂဘိက္ခူနံ၊ သဘောတူရဟန်းတို့၏။
စီဝရာနိ နိဝါသေတွာ၊ သင်္ကန်းတို့ကို ဝတ်၍သော်လည်းကောင်း။ ပါရုပိတွာ ဝါ၊
ရုံ၍သော်လည်းကောင်း။ ရဇနကမ္မံ ကာတုံ ဝဋ္ဋတိ၊ ဆိုးခြင်းအမှုကို ပြုခြင်းငှာ
အပ်၏။ ပစ္စတ္ထရဏမ္ပိ၊ ထိုနေရာကျောင်း၌ အိပ်ရာလွှမ်းအဖြစ်ဖြင့် အမိ
ဋ္ဌာန်တင်ထားသော မိမိဥစ္စာ သူ့ကပါးဥစ္စာဖြစ်သော အိပ်ရာလွှမ်းသည်လည်း။
တဿ ဝဋ္ဋတိ၊ထိုမုဒုရဟန်းအားအပ်၏။ပန၊သို့သော်လည်း ပရိဟရိတုံ၊ သွားလေ
ရာရာဆောင်ခြင်းငှာကား။ န ဝဋ္ဋတိ၊မအပ်။ သဘာဂဘိက္ခူနံ၊ သဘောတူရဟန်း
တို့၏။ စီဝရမ္ပိ၊ သင်္ကန်းကိုလည်း။ အန္တရန္တရာ ပရိဘုဉ္ဇိတုံ၊ ကြိုးကြားကြိုးကြား
သုံးဆောင်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ (ဤ၀ါကျ၌ န အက္ခရာ ကျနေသည်။ န
အက္ခရာပါမှ သင့်မည်)။ ပန၊ ဒုလျှော်ကိုဆိုဦးအံ့။ ဓုတင်တေစီဝရိကဿ၊ ဓုတင်
တိစီဝရိတ်ဆောင်ရဟန်းအား။ စတုတ္ထံ ဝတ္တမာနံ၊ လေးထည်မြောက် သင်္ကန်း
ဖြစ်လတ်သော်။ အံသကာသာဝမေဝ၊အံသကိုက်သည်သာလျှင်။ ဝဋ္ဋတိ၊အပ်၏။
(အံသကိုက်သည် ပရိက္ခာရစောဠပင်တည်း၊သို့ဖြစ်၍ အိပ်ရာလွှမ်းအိပ်ရာခင်းနှင့်
အံသကိုက်ဟူသော ဤနှစ်ထည်မျှသည် သင်္ကန်းသုံးထည်မှ အပိုအလွန်အရာ၌
တည်ကုန် သော်လည်း ဓုတင်ပျက်ခြင်းကို မပြုတတ်ကုန်ဟု အဋ္ဌကထာ၌
ဆိုကြောင်း ဆရာတို့ဆိုကုန်၏)။ တဉ္စ ခေါ၊ ထိုအံသကိုက်သည်လည်း။ ဝိတ္ထာ-
ရတော၊ အနံအားဖြင့်။ ဝိဒတ္ထိ၊ တထွာသည်း ဒီဃတော၊ အလျားဖြင့်။
တိဟတ္ထမေဝ၊ သုံးတောင်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။

ပန၊ ထိုမှတပါး။ ဣမေသံ ကိလေသာနံ၊ ဤညစ်ကြေးတို့၏၊ ပဇ္ဇဟနံ၊ မဒ္ဒ ပုဂ္ဂိုလ်တို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင်သည်။ စတုပစ္စယသန္တောသဘာဝနာရာမတာဘာဝနံ၊ လေးထည့်မြောက် သက်န်းတို့၊ သာဒိတက္ခဏာယေဝ၊ ဝတ်ရုံသုံးဆောင်ရန် သာယာသော ခဏ၌ပင်လျှင်။ ဘိန္ဒတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤတိစီဝရိတ်ဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းပေတည်း။

(၆၃) အယံပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။ တေစီဝရိကဿ ဘိက္ခုနော၊ တိစီဝရိက်ဓုတင်ဆောင်သော ရဟန်းသည်။ ကာယပရိဟာရိကေန၊ ကိုယ်ကို ဆောင်နိုင်ရုံမျှ စောင့်ရှောက်နိုင်ရုံမျှဖြစ်သော။ စီဝရေန၊ သင်္ကန်းဖြင့်။ သန္တုဋ္ဌော ဟောတိ၊ ရောင့်ရဲ၏။ တေန၊ ထို့ကြောင့်။ အဿ၊ တိစီဝရိက်ဓုတင်ဆောင်သော ထိုရဟန်းအား။ ပက္ခီ ဝိယ၊ ငှက်၏။ ဂမနံ ဝိယ၊ ပျံသွားခြင်းကဲ့သို့။ သမာဒါယေဝ၊ ပရိက္ခရာကို ယူ၍သာလျှင်။ ဂမနံ၊ သွားလိုရာရာ သွားနိုင်ခြင်းသည် လည်းကောင်း။ အပ္ပသမာရမ္ဘတာ၊ နည်းသောကိစ္စရှိခြင်းလည်းကောင်း။ ဝတ္ထသန္နိဓိပရိဝဇ္ဇနံ၊ အဝတ်အထည်ကို သိုမှီးထားခြင်းကို ကြဉ်ခြင်းလည်းကောင်း။ သလ္လဟုကဝုတ္တိတာ၊ ပေါ့သော အသက်မွေးခြင်းရှိသည်၏ အဖြစ်လည်းကောင်း။ အတိရေကစီဝရလောလုပ္ပပ္ပဟာနံ၊ သုံးထည်ထက်ပိုသော သက်န်း၌ မက်မောသော လောလုပ္ပတဏှာကို ပယ်ခြင်းလည်းကောင်း။ ကပ္ပိယေ၊ အပ်သည်၌။ မတ္တကာရိတာယ၊ သုံးထည်အတိုင်းအရှည် ပြုလေ့ရှိခြင်းကြောင့်။ သလ္လေခဝုတ္တိတာ၊ ခေါင်းပါးသော အသက်မွေးမှုရှိသည်၏ အဖြစ်လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းသည်၏ အဖြစ် စသည်တို့၏။ ဖလနိပ္ဖတ္တိ၊ အကျိုးပြီးခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဧဝမာဒယော၊ ဤသို့အစရှိကုန်သော။ ဂုဏာ၊ ဂုဏ်ကျေးဇူးတို့သည်။ သမ္ပဇ္ဇန္တိ၊ ပြည့်စုံကုန်၏။ ဣတိ၊ ဤသည်ကား။ အာနိသံသော၊ တိစီဝရိတ်ဓုတင်၏ အကျိုးအာနိသင်ပေတည်း။

တိစီဝရဓရော၊ သက်န်းသုံးထည်ကို ဆောင်သော။ မိရော၊ ပညာရှိသော။ ယောဂီ၊ ယောဂီသည်။ အတိရေကဝတ္ထတဏှံ၊ သုံးထည်ထက်ပိုလွန်သောအဝတ်၌ မက်မောသော တဏှာကို။ ပဟာယ၊ ပယ်ပြီးလျှင်။ သန္နိဓိဝိဝဇ္ဇိတော၊ သိုမှီးသိမ်းဆည်းခြင်းကို ကြဉ်သည်ဖြစ်၍။ သန္တောသသုခရသညူ၊ ရောင့်ရဲခြင်း၌ ချမ်းသာဟူသောအရသာကို သိပေ၏။

တသ္မာ၊ ထိုသို့သိသောကြောင့်။ သပတ္တစရဏော- သပတ္တဟာရော၊ မိမိအတောင်နှင့်တကွ သွားလိုရာသွားနိုင်သော။ ပက္ခီဝ၊ ငှက်ကဲ့သို့။ သစီဝရော၊ ကိုယ်၌ရုံထားသော သက်န်းနှင့်တကွ ဖြစ်လျက်သာလျှင်။ သုခံ၊ ချမ်းသာစွာ။ အနုဝိစရိတုကာမော၊ လိုရာရာသွားခြင်းငှာ အလိုရှိသော။ ယောဂီဝရော၊ ယောဂီသူမြတ်သည်။ စီဝရနိယမေ၊ သက်န်းကို

သုံးထည်မျှကန့်သတ်၍ ဆောင်ရာ၌။ ရတိံ၊ မွေ့လျော်ပျော်ပိုက်ခြင်းကို။ ကယိရာ၊ ပြုရာ၏။ ဣတိ၊ ဤသည်ကား အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ တေစီဝရိကင်္ဂ၊ တိစီဝရိကဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ၊ ကျင့်ပုံ အစီအရင်၊ အပြား၊ ပျက်စီးခြင်း၊ အကျိုးအာနိသင်တို့ကို ဖွင့်ဆိုပြသောစကားပေတည်း။

## ၃-ပိဏ္ဍပါတိကင်္ဂကထာ

### ပိဏ္ဍပါတ်ဓုတင်ကိုပြဆိုချက်

၂၆။ ပိဏ္ဍပါတိကင်္ဂမ္ပိ၊ ပိဏ္ဍပါတ်ဓုတင်ကိုလည်း။ "အတိရေကလာဘံ ပဋိက္ခိပါမိ" ဆွမ်းခံ၍ရသောဆွမ်းထက် အပိုအလွန်ဖြစ်သော သံဃာ့ဘတ်အစရှိသောလာဘ်ကို ပယ်ပါ၏။ "ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ"တိ၊ ဆွမ်းအလို့ငှာ လှည့်လည်ခြင်း ဆွမ်းခံခြင်းအလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏ဟူသော။ ဣမေသံ၊ ဤနှစ်မျိုးသောစကားတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသောစကားဖြင့်။ သမာဒိန္နံ၊ ဆောက်တည်အပ်သည်။ ဟောတိ၊ ဖြစ်၏။

ပန၊ ထိုမှတပါး။ ပိဏ္ဍပါတိကေန၊ ပိဏ္ဍပါတ်ဓုတင်ဆောင်သော။ တေန ယောဂိနာ၊ ထိုယောဂီရဟန်းသည်။ "သံဃဘတ္တံ၊ သံဃာအားလုံးအားလှူသော သံဃာ့ဘတ်လည်းကောင်း။ ဥဒ္ဒေသဘတ္တံ၊သံဃာ့ထံမှညွှန်ကြားစေ၍ လှူသော ဥဒ္ဒေသဘတ်လည်းကောင်း။ နိမန္တနဘတ္တံ၊ ပင့်ဖိတ်၍လှူအပ်သော နိမန္တနဘတ်လည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံမဲချ၍လှူသောသလာကဘတ်လည်းကောင်း။ ပက္ခိကံ၊ လဆန်းလဆုတ်ပက္ခ၌ တကြိမ်လှူသော ပက္ခိကဘတ်လည်းကောင်း။ ဥပေါသထိကံ၊ လပြည့်လကွယ် ဥပုသ်နေ့၌လှူသော ဥပေါသထိကဘတ်လည်းကောင်း။ ပါဋိပဒိကံ၊ လဆန်းတရက် လဆုတ်တရက်နေ့၌လှူသောပါဋိပဒိကဘတ်လည်းကောင်း။အာဂန္တုကဘတ္တံ၊ အာဂန္တုကရဟန်းတို့ကိုရည်၍လှူသောအာဂန္တုကဘတ်လည်းကောင်း။ဂမိကဘတ္တံ၊ ခရီးသွားရဟန်းတို့ကိုရည်၍လှူသောဂမိကဘတ်လည်းကောင်း။ဂိလာနဘတ္တံ၊ သူနာရဟန်းတို့ကိုရည်၍လှူသော ဂိလာနဘတ်လည်းကောင်း။ ဂိလာနုပဋ္ဌာကဘတ္တံ၊ သူနာပြုစုသူကိုရည်၍လှူသော ဂိလာနုပဋ္ဌာကဘတ် လည်းကောင်း။ ဝိဟာရဘတ္တံ၊ ကျောင်းကိုရည်၍လှူသော ဝိဟာရဘတ်လည်းကောင်း။ ဓုရဘတ္တံ၊ ဆွမ်းခံဝင်ရာ အဦးအစအိမ်၌ပင်လျှင် တည်ထား၍လှူသော ဓုရဘတ်လည်းကောင်း။ ဝါရကဘတ္တံ၊ အလှည့်ကျဖြင့်လှူသော ဝါရကဘတ်လည်းကောင်း။ ဣတိ၊ ဤသို့။ တေရသ စုဒ္ဒသဘတ္တာနိ၊ ဤတဆယ့်လေးပါးသောဘတ်တို့ကို။ န သာဒိ-

တဗ္ဗာနိ၊ မသာယာအပ်, လက်မခံအပ်ကုန်။ ပန၊ အလျှော်ကိုဆိုဦးအံ့။ "သံဃဘတ္တံ ဂဏှာထ"တိ အာဒိနာ နယေန အဝတွာ၊ "သံဃာ့ဘတ်ကို ခံယူတော်မူပါကုန်" ဤသို့အစရှိသောနည်းဖြင့် မဆိုမူ၍။ "အမှာကံ ဂေဟေ သံဃော ဘိက္ခံ ဂဏှာတု၊ တုမှေပိ ဘိက္ခံ ဂဏှထ"တိ ဝတွာ၊ အကျွန်ုပ်တို့အိမ်၌ သံဃာသည် ဆွမ်းကို ခံယူ၏။ အရှင်တို့သည်လည်း ဆွမ်းကိုခံယူလှည့်ပါကုန်ဟု ဆွမ်းခံဆွမ်းဟူသော ဝေါဟာရဖြင့် လျှောက်ထား၍။ ဒိန္နာနိ၊ လှူကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ဝေ သတိ၊ ဤသို့ဖြစ်ကုန်သည်ရှိသော် (ထည့်)။ တာနိ၊ ထိုဆွမ်းတို့ကို။ သာဒိတုံ၊ သာယာ လက်ခံခြင်းငှာ။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ သံဃတော၊ သံဃာမှ။ လဒ္ဓါ၊ ရအပ်သော (ထည့်)။ နိရာမိသသလာကာပိ၊ ယာဝကာလိကမှတပါးသော ဆေးစသည်နှင့်ယှဉ်သော စာရေးတံသည်လည်းကောင်း။ ဝိဟာရေ၊ ကျောင်းတိုက်၌။ ပက္ကဘတ္တမ္ပိ၊ ဒါယကာတို့ကချက်၍ လှူသောဆွမ်းသည်လည်းကောင်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။ ဣဒံ၊ ဤသည်ကား။ တဿ၊ ထိုပိဏ္ဍပါတ်ဓုတင်ဆောင်သောယောဂီရဟန်း၏။ ဝိဓာနံ၊ အစီအရင်ပေတည်း။

ပန၊ အဖို့တပါးကား။ ပဘေဒတော၊ အပြားအားဖြင့်။ အယမ္ပိ၊ ဤပိဏ္ဍပါတ်ဓုတင်ဆောင်ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌရဟန်းသည်။ ပုရတောပိ၊ မရောက်သေးသောရှေ့အိမ်မှလည်းကောင်း။ ပစ္ဆတောပိ၊ လွန်ခဲ့ပြီးသောနောက်အိမ်မှလည်းကောင်း။ အာဟဋဘိက္ခံ၊ ဆောင်ယူခဲ့သောဆွမ်းကိုလည်း။ ဂဏှာတိ၊ ခံယူ၏။ ပတ္တဒွါရေ ဌတွာ၊ ရောက်ဆဲအိမ်တံခါး၌ ရပ်တည်၍။ ပတ္တံ ဂဏှန္တာနမ္ပိ၊ သပိတ်ကိုယူကုန်သော ဒါယကာတို့အားလည်း။ ပတ္တံ၊ သပိတ်ကို။ (ထည့်)။ ဒေတိ၊ ပေး၏။ ပဋိက္ကမန ံ အာဟရိတွာ၊ ဆွမ်းစားဇရပ်သို့ အိမ်မှဆောင်ယူခဲ့၍။ ဒိန္နဘိက္ခမ္ပိ ဂဏှာတိ၊ လှူသောဆွမ်းကိုလည်း ခံယူ၏။ (ဆောင်ခဲ့၍လှူသော ဆွမ်းဟူသည်မှာ ဓုတင်ဆောင်ရဟန်းထံမှ သပိတ်ကို မယူပဲ အိမ်မှထည့်စရာခွက်စသည်ဖြင့်ထည့်၍ ယူလာပြီးလျှင် လှူသောဆွမ်းကိုဆိုလိုသည်၊ ဤအရာ၌ ဋီကာတွင် ပတ္တံ ဂဟေတွာဟု ရှိသောပါဌ်မှာ မသင့်၊ ပတ္တံ အဂ္ဂဟေတွာဟု ရှိမှသင့်မည်။ အကြောင်းမူကား ဤဓုတင်ဆောင်ရဟန်းသည် ဆွမ်းခံရောက်ဆဲအိမ်၌သာ သပိတ်ကိုလက်မှလွှတ်၍၊ လွန်ခဲ့သော နောက်အိမ် မရောက်သေးသည့် ရှေ့အိမ်များသို့ပင် သပိတ်ကို မလွှတ်မပေးသော ကြောင့်ပေတည်း။ သပ္ပဒါနစာရိကဓုတင်အရာ၌ သာ၍ထင်ရှားလတ္တံ့။) ပန၊ သို့သော်လည်း။ တံ ဒိဝသံ၊ ထိုနေ့အဖို့၌။ နိသီဒိတွာ၊ ဖိတ်မံထားသော ဆွမ်းလာလိမ့်မည်ဟု စောင့်မျှော်ကာထိုင်နေလျက်။ ဘိက္ခံ န ဂဏှာတိ၊ ဆွမ်းကို မခံယူ။ မဇ္ဈိမော၊ မဇ္ဈိမရဟန်းသည်။ တံ ဒိဝသံ၊ ထိုနေ့အဖို့၌။ နိသီဒိတွာပိ၊

စောင့်မျှော်ကာထိုင်လျက်လည်း။ ဘိက္ခံ ဂဏှာတိ၊ လာ၍လှူသောဆွမ်းကိုခံယူ၏။ ပန၊ သို့သော်လည်း။ သွာတနာယ၊ နက်ဖြန်သုံးဆောင်ရန်အတွက်။ ဘိက္ခုံ၊ ဖိတ်ထားသောဆွမ်းကို။ (လိုက်)။ နာဓိဝါသေတိ၊ လက်မခံ။ မုဒုကော၊ မုဒုရဟန်းသည်။ သွာတနာယပိ၊ နံနက်အကျိုးငှာလည်းကောင်း။ ပုန ဒိဝသာယပိ၊ သန်ဘက်ခါအကျိုးငှာလည်းကောင်း။ ဘိက္ခံ အဓိဝါသေတိ၊ ဆွမ်းကိုလက်ခံ၏။ တေ ဥဘောပိ၊ ထိုနှစ်ပါးသောမဇ္ဈိုမ်နှင့်မုဒုပုဂ္ဂိုလ်တို့သည်။ သေရိဝိဟာရသုခံ၊ မိမိအလိုအတိုင်း နေခြင်းနှင့်စပ်သောချမ်းသာကို။ န လဘန္တိ၊ မရကုန်။ ဥက္ကဋ္ဌောဝ၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်သာလျှင်။ သေရိဝိဟာရသုခံ၊ မိမိအလိုအတိုင်းနေရခြင်းနှင့်စပ်သောချမ်းသာကို။ လဘတိ၊ ရ၏။ (ဇ၄) ကိရ၊ ကြားရဖူးသည်မှာ။ ကေသိံ ဂါမေ၊ တခုသောရွာ၌။ အရိယဝံသော၊ အရိယဝံသသုတ်နှင့်စပ်သောတရားပွဲသည်။ ဟောတိ ကိရ၊ ဖြစ်သတတ်။ (ဖြစ်သတဲ့) ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌရဟန်းသည်။ ဣတရေ၊ မဇ္ဈိုမ်နှင့်မုဒုပုဂ္ဂိုလ်တို့ကို။ အာဝုသော၊ ငါ့ရှင်တို့။ ဓမ္မဿဝနာယ၊ တရားနာရန်။ အာယာမာတိ၊ လာသွားကြစို့ဟု။ အာဟ၊ ဆို၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ ဧကော၊ တပါးသောမဇ္ဈိုမ်ပုဂ္ဂိုလ်သည်။ "ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်ကို (ထည့်)။ ဧကေန မနုဿေန၊ တဦးသောဒါယကာသည်။ဝါ၊ တဦးသောဒါယကာက။ နိသီဒါပိတော၊ ဆွမ်းအလို့ငှာ ဖိတ်မံ၍နေစေအပ်သည်။ အမှိတိ၊ ဖြစ်ပါ၏" ဟု။ အာဟ၊ ဆို၏။ အပရော၊ တခြားမုဒုပုဂ္ဂိုလ်သည်။ "ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော်သည်။ သွာတနာယ၊ နက်ဖြန်အလို့ငှာ။ ဧကဿ ဘိက္ခာ၊ တဦးသောဒါယကာ၏ဆွမ်းကို။ အဓိဝါသိတာတိ၊ လက်ခံထားပါသည်" ဟု။ အာဟ၊ ဆို၏။ ဧဝံ၊ ဤသို့လျှင်။ တေ ဥဘော၊ ထိုနှစ်ဦးသော ရဟန်းတို့သည်။ သေရိဝိဟာရသုခတော၊ မိမိအလိုအတိုင်းနေရခြင်းနှင့်စပ်သောချမ်းသာမှ (လိုက်)။ ဝါ၊ တရားနှင့်စပ်သော ပါမောဇ္ဇစသောအရသာမှ။ ပရိဟီနာ၊ ဆုံးရှုံးကုန်၏။ ဣတရော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်သာလျှင်။ ပါတောဝ၊ နံနက်စောစောကပင်။ ပိဏ္ဍာယ စရိတွာ၊ ဆွမ်းအလို့ငှာ လှည့်လည်၍။ ဓမ္မသဘာံ၊ တရားပွဲရှိရာသို့ (ထည့်)။ ဂန္တွာ၊ သွားပြီးလျှင်။ ဓမ္မရသံ၊ တရားနှင့်စပ်သော ပါမောဇ္ဇစသောအရသာကို။ ပဋိသံဝေဒေသိ၊ ခံစားရလေ၏။

ပန၊ ထိုမှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးသောပုဂ္ဂိုလ်တို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင်သည်။ သံဃဘတ္တာဒိအတိရေကလာဘံ၊ ဆွမ်းခံဆွမ်းမှပိုလွန်သော သံဃဘတ်ဆိုသောလာဘ်ကို။ သာဒိတက္ခဏေဝ၊ သာယာလက်ခံသော ခဏ၌ပင်လျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤပိဏ္ဍပါတိကင်၌။ ဘေဒေါ၊ ပျက်ခြင်းပေတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင် ပေတည်း။ "ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ"တိ ဝစနတော၊ ဆွမ်းခံ၍ရသော တလုတ်တခဲဆွမ်းဘောဇဉ်ကို မှီ၍ ရဟန်းအဖြစ်သည် မျှတ တည်နေရ၏ဟူသော မြတ်စွာဘုရား၏ စကားတော်ကြောင့်။ နိဿယာနုရူပ-ပဋိပတ္တိသဗ္ဘာဝေါ၊ ရဟန်းဖြစ်စက ဝန်ခံခဲ့သော ပဌမနိဿယနှင့် လျော်သော အကျင့်ပဋိပတ်၏ ရှိသည်၏အဖြစ်လည်းကောင်း။ ဒုတိယေ အရိယဝံသေ ပတိ-ဋ္ဌာနံ၊ ဒုတိယအရိယဝံသ၌ တည်ခြင်းလည်းကောင်း။ အပရာယတ္တဝုတ္တိတာ၊ သူတပါးနှင့်မစပ်သော အသက်မွေးမှု ရှိသည်၏အဖြစ်လည်းကောင်း။ "အပ္ပါ-နိစေဝ၊ အဖိုးလည်းနည်းကုန်၏။ သုလဘာနိ စ၊ ရလည်းရလွယ်ကုန်၏။ တာနိ၊ ထိုအဖိုးနည်း၍ ရလွယ်သောပစ္စည်းတို့သည်။ အနဝဇ္ဇာနိ စ၊ အပြစ် လည်းမရှိကုန်။" ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံဝဏ္ဏိ-တပစ္စယတာ၊ ချီးမွမ်းအပ်သော ပစ္စည်းရှိသည်၏အဖြစ်လည်းကောင်း။ ကော-သဇ္ဇနိမ္မဒ္ဒနတာ၊ဆွမ်းခံရန် ပျင်းရိခြင်းကို နှိမ်နင်းနိုင်သည့်အဖြစ်လည်းကောင်း။ ပရိသုဒ္ဓါဇီဝတာ၊ စင်ကြယ်သောအသက်မွေးမှုရှိသည်၏ အဖြစ်လည်းကောင်း။ သေခိယပဋိပတ္တိပူရဏံ၊ သေခိယဝတ်၏ ပြည့်ခြင်းလည်းကောင်း။ အပရပေါ-သိတာ၊ သူတပါးကို မမွေးမြူရသည်၏အဖြစ်လည်းကောင်း။ ပရာနုဂ္ဂဟကိရိ-ယာ၊ ဆွမ်းလောင်းလှူသော သူတပါးတို့အား ချီးမြှောက်ခြင်းကို ပြုခြင်း လည်းကောင်း။ မာနပ္ပဟာနံ၊ အောက်ဆုံးဖြစ်သောအသက်မွေးမှု၌ တည် သဖြင့် မာန်မာနကို ပယ်ရခြင်းလည်းကောင်း။ ရသတဏှာနိဝါရဏံ၊ ရသ-တဏှာကို တားမြစ်ပယ်ရှားနိုင်ခြင်းလည်းကောင်း။ ဂဏဘောဇနပရမ္ပရဘော-ဇနစာရိတ္တသိက္ခာပဒေဟိ၊ ဂဏဘောဇနသိက္ခာပုဒ်, ပရမ္ပရဘောဇနသိက္ခာပုဒ်, စာရိတ္တသိက္ခာပုဒ်တို့ဖြင့်။ အနာပတ္တိတာ၊ အာပတ်မသင့်သည်၏အဖြစ်လည်း ကောင်း။ အပိစ္ဆတာဒီနံ၊ အပိစ္ဆတာစသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သော အသက်မွေးခြင်းရှိသည်၏အဖြစ်လည်းကောင်း။ သမ္မာပဋိပတ္တိ-ဗြူဟနံ၊ကောင်းမြတ်သောအကျင့်ပဋိပတ်ကိုပွားစေခြင်းလည်းကောင်း။ ပစ္ဆိမ-ဇနတာနုကမ္ပနံ၊ နောင်လာနောက်ဖွား အမျိုးသားအပေါင်းကို ဒိဋ္ဌာနုဂတိသို့ ရောက်စေခြင်းဖြင့် ချီးမြှင့်ရခြင်းလည်းကောင်း။ ဣတိ အယံ၊ ဤသည်ကား အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။

"ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ ဆွမ်းခံ၍ရသော တလုတ်တခဲသော ဆွမ်းဖြင့် ရောင့်ရဲသော။ အပရာယတ္တဇီဝိကော၊ သူတပါးနှင့်မစပ်သော အသက်မွေးမှုရှိသော။ ပဟီနာဟာရလောလုပ္ပေါ၊ အစာအာဟာရ၌ မက်မောသော လောလုပ္ပတဏှာကို ပယ်ပြီးသော။ ယတိ၊ ယောဂီ

ရဟန်းသည်။ ယသ္မာ၊ အကြင်ကြောင့်။ စာတုဒ္ဒိသော၊ အရပ်လေး မျက်နှာတို့၌ အပိတ်အပင်ကင်း၍ အလိုရှိရာသို့ သွားနိုင်ပေသည်။ ဟောတိ၊ ဖြစ်၏။

ကောသဇ္ဇံ၊ ပျင်းရိခြင်းကိုလည်း။ ဝိနောဒယတိ၊ ပယ်ဖျောက်နိုင်၏။ အဿ၊ ထိုပိဏ္ဍပါတ်ဓုတင်ဆောင် ယောဂီရဟန်း၏။ အာဇီဝေါ၊ အသက်မွေးမှုသည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်ပေ၏။ တသ္မာ ဟိ၊ ထို့ကြောင့် သာလျှင်။ သုမေဓသော၊ ကောင်းသောပညာနှင့် ပြည့်စုံသော ယောဂီရဟန်းသည်။ ဘိက္ခာစရိယံ၊ ဆွမ်းခံသောအကျင့်ကို။ (လက်ရှိဆင္ဃမူ၌ ဘိက္ခာစရိယာယ ဟုရှိနေသည်။ ပြည်မူ၌ ဘိက္ခာစရိယံ ဟု ရှိသည်) နာတိမညေယျ၊ မထိမဲ့မြင် မအောက်မေ့ရာ။

ဟိ၊ မှန်၏။ ဧဝရူပဿ၊ ဤသို့သဘောရှိသော—

အတ္တဘရဿ၊ ကိုယ့်ကိုယ်ကိုသာမွေးမြူသော။ အနညပေါသိနော၊ သူတပါးကို မမွေးမြူသော။ တာဒိနော၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံကို အတူပြု၍ ရှုနိုင်သဖြင့် တာဒိဂုဏ်နှင့် ပြည့်စုံသော။ ပိဏ္ဍပါတိကဿ၊ ဆွမ်းခံလေ့ရှိသော။ ဘိက္ခုနော၊ ယောဂီရဟန်းအား။ စေ၊ အကယ်၍။ နော လာဘသိလောကနိဿိတော၊ လာဘ် အကျော်အစောကို မမှီပါမူ။ ဒေဝါပိ၊ သိကြားစသော နတ်တို့သော်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်သေး၏။ ဣတိ၊ ဤသည်ကား အနုသာသနီတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ပိဏ္ဍပါတိကင်္ဂေ၊ ပိဏ္ဍပါတ်ဓုတင်၌။ သမာဒါန-ဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်, အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၄—သ ပ ဒါ န စာ ရိ က င်္ဂ က ထာ

### သပဒါနစာရိက ဓုတင်ကို ပြဆိုချက်။

(၆၅) သပဒါနစာရိကင်္ဂမ္ပိ၊ သပဒါန စာရိက ဓုတင်ကိုလည်း။ "လောလုပ္ပစာရံ ပဋိက္ခိပါမိ"၊ မက်မောသော လောလုပ္ပတဏှာဖြင့် အိမ်စဉ်ကျော်သွား၍ ဆွမ်းခံခြင်းကိုပယ်ပါ၏။ "သပဒါနစာရိကင်္ဂံ သမာဒိယာမိ"၊ အိမ်စဉ်အတိုင်း ဆွမ်းခံလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။ ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤနှစ်မျိုးသော စကားတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည် ဖြစ်ပေ၏။

ပန၊ ထိုမှတပါး။ သပဒါနစာရိကေန၊ သပဒါနစာရိကဓူတင်ဆောင်သော။ တေန၊ ထိုယောဂီရဟန်းသည်။ ဂါမဒွါရေ ဌတွာ၊ ရွာတံခါး၌ ရပ်၍။ ပရိဿယာဘာဝေါ၊ ဆင်မြင်း ကျဲ နွားစသော ဘေးရန်မရှိသည်၏အဖြစ်ကို။ သလ္လက္ခိတဗ္ဗော၊ မှတ်အပ်၏။ ယဿ ရစ္ဆာယ ဝါ၊အကြင်လမ်း၌လည်းကောင်း။ ယဿံ ဂါမေ ဝါ၊ အကြင်ရွာ၌လည်းကောင်း။ ပရိဿယော၊ ဆင်မြင်းကျဲနွား စသော ဘေးရန်သည်။ ဟောတိ၊ ရှိငြားအံ့။ တံ ပဟာယ၊ ဘေးရန်ရှိသော ထိုလမ်း, ထိုရွာကို ပယ်၍။ အညတ္ထ၊ တပါးသောလမ်း, တပါးသောရွာသို့။ စရိတုံ ဝဋ္ဋတိ၊ သွားခြင်းငှာအပ်၏။ ယသ္မိံ ဃရဒွါရေ ဝါ၊ အကြင်အိမ်တံခါး၌လည်းကောင်း။ ယဿ ရစ္ဆာယ ဝါ၊အကြင်လမ်း၌လည်းကောင်း။ ယသ္မိံ ဂါမေ ဝါ၊ အကြင်ရွာ၌လည်းကောင်း။ ကိဉ္စိ၊ တစုံတခုကိုမျှ။ န လဘတိ၊ မရငြားအံ့။ အဂါမသညံ ကတွာ၊ ထိုအိမ်တံခါး,ထိုလမ်း ထိုရွာကို ရွာမဟုတ်ဟု အမှတ်ပြု၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ယတ္ထ၊ အကြင်အိမ်တံခါး, အကြင်လမ်း, အကြင်ရွာ၌။ ကိဉ္စိ၊ တစုံတခုကို။ လဘတိ၊ ရငြားအံ့။ တံ ပဟာယ၊ ထိုအိမ်တံခါး, ထိုလမ်း, ထိုရွာကိုပယ်၍။ အညတ္ထ၊ အခြားတပါးသို့ (ထည့်)။ ဂန္တုံ န ဝဋ္ဋတိ၊ သွားခြင်းငှာမအပ်။

စ၊ဆက်၍ဆိုဦးအံ့။ ဣမိနာ ဘိက္ခုနာ၊ ဤသပဒါနစာရိကဓူတင်ဆောင်သော ယောဂီရဟန်းသည်။ ကာလတရံ၊ နံနက်စောစောကပင်လျှင်။ ပဝိသိတဗ္ဗံ၊ ဆွမ်းခံဝင်သင့်၏။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့ ဆွမ်းခံစောစောဝင်သည်ရှိသော်။ အဖာသုကဋ္ဌာနံ ပဟာယ၊ ဘေးရန်ရှိသဖြင့် မချမ်းသာသောအရပ်ကို ပယ်၍။ အညတ္ထ ဂန္တုံ၊အခြားအရပ်သို့ သွားခြင်းငှာ။သက္ခိဿတိ၊စွမ်းနိုင်လတ္တံ့။ ပန၊ ဆက်ဦးအံ့။ အဿ၊ ထိုသပဒါနစာရိကဓူတင်ဆောင်သော ယောဂီရဟန်း အား။ ဝိဟာရေ ဒါနံ ဒေန္တာ၊ ကျောင်း၌ အလှူပေးသော သူတို့သည်လည်း ကောင်း။ အန္တရာမဂ္ဂေ၊ခရီးအကြားလမ်းခုတ်လတ်၌။ အာဂစ္ဆန္တာ မနုဿာ ဝါ၊ လာနေကုန်သော လူတို့သည်လည်းကောင်း။ ပတ္တံ ဂဟေတွာ၊ သပိတ်ကိုယူ၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ သစေ ဒေန္တိ၊ အကယ်၍ လှူကုန်အံ့။ ပဋိဂ္ဂဟေတုံ၊ ခံယူခြင်းငှာ(ထည့်)။ ဝဋ္ဋတိ၊ အပ်၏။ စ၊ ဆက်ဦးအံ့။ ဣမိနာ၊ ဤသပဒါနစာရိကဓူတင်ဆောင် ယောဂီရဟန်းသည်။ မဂ္ဂံ ဂစ္ဆန္တေနာပိ၊ ခရီးသွားစဉ်သော်လည်း။ ဘိက္ခာစာရဝေလာယံ၊ ဆွမ်းခံချိန်၌။ သမ္ပတ္တဂါမံ၊ ဆိုက်ရောက်သောရွာကို။ အနတိက္ကမိတွာ ဧဝ၊ မကျော်လွန်မူ၍သာလျှင်။ စရိတဗ္ဗံ၊ ဆွမ်းခံသွားအပ်၏။ (ဧဝ ရှေ့ထိုင်)။ တတ္ထ၊ ထိုဆိုက်ရောက်သောရွာ၌။ အလဘိတွာ ဝါ၊ မရ၍ လည်းကောင်း။ ဝါ၊ မရလျှင်ဖြစ်စေ။ ထောကံ လဘိတွာ ဝါ၊ အနည်းငယ်ကိုရ ၍လည်းကောင်း။ ဝါ၊ အနည်းငယ်ရပြီးသည်ဖြစ်စေ။ ဂါမပဋိပါဋိယာ၊ ရွာစဉ်

ဖြင့်။ စရိတဗ္ဗံ၊ လှည့်လည်အပ်၏။ ဣတိ၊ ဤတွင် အပြီးတည်း။ ဣဒံ၊ ဤသည် ကား။ အဿ၊ ထိုသပဒါနစာရိကဓုတင်ဆောင် ယောဂီရဟန်း၏။ ဝိဓာနံ၊ ကျင့်ပုံ အစီအရင်ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်မူကား။ အယမ္ပိ၊ ဤသပဒါနစာရိက ဓုတင်ဆောင်ရဟန်းသည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌယောဂီရဟန်းသည်။ ပုရတော အာဟဋ္ဌ ဘိက္ခမ္ပိ၊ မရောက်သေးသော ရှေ့အိမ်မှ ဆောင်လာ၍ လှူနှင့်သော ဆွမ်းကို လည်းကောင်း။ ပစ္ဆတော အာဟဋ္ဌဘိက္ခမ္ပိ၊ လွန်ခဲ့ပြီးသောနောက်အိမ်မှ လိုက်၍ လှူသောဆွမ်းကိုလည်းကောင်း။ ပဋိက္ကမနံ၊ ဆွမ်းစားဇရပ်သို့။ အာဟရိတွာ၊ ဆောင်ယူလာ၍။ ဒိယျမာနမ္ပိ၊ လှူသောဆွမ်းကိုလည်းကောင်း။ န ဂဏှာတိ၊ မခံယူ။ ပန၊ စင်စစ်သော်ကား။ ပတ္တဒွါရေ၊ ရောက်ဆဲအိမ်တံခါး၌။ ပတ္တံ၊ သပိတ်ကို။ ဝိဿဇ္ဇေတိ၊ ဆွမ်းထည့်လှူရန် လက်မှလွှတ်၍ပေး၏။ ဟိ၊ မှန်၏။ ဣမသ္မိံ ဓုတင်္ဂေ၊ ဤဓုတင်၌။ မဟာကဿပတ္ထေရေန၊ အရှင်မဟာကဿပ မထေရ်နှင့်။ သဒိသော နာမ၊ တူသောသူမည်သည်။ နတ္ထိ၊ မရှိပေ။ တဿပိ၊ ထို အရှင်မဟာကဿပမထေရ်အားလည်း။ပတ္တဝိဿဋ္ဌဋ္ဌာနံ၊(ယက်ကန်းသည်ယောင် ဆောင်၍ လှူသော သိကြားမင်းအား) သပိတ်ကို လက်မှလွှတ်သောအရာ သည်။ ပညာယတိ ဧဝ၊ ထင်သည်သာတည်း။ မဇ္ဈိမော၊ မဇ္ဈိမယောဂီရဟန်း သည်။ ပုရတော ဝါ၊ မရောက်သေးသော ရှေ့အိမ်မှလည်းကောင်း။ ပစ္ဆတော ဝါ၊ လွန်ခဲ့ပြီးသော နောက်အိမ်မှလည်းကောင်း။ အာဟဋ္ဌမ္ပိ၊ ဆောင်လာ၍ လှူသည်ကိုလည်း။ ဂဏှာတိ၊ ခံယူ၏။ ပဋိက္ကမနံ အာဟဋ္ဌမ္ပိ၊ ဆွမ်းစားဇရပ်သို့ ဆောင်လာသော ဆွမ်းကိုလည်း။ ဂဏှာတိ၊ ခံယူ၏။ ပတ္တဒွါရေပိ၊ ရောက်ဆဲအိမ် တံခါး၌လည်း။ ပတ္တံ ဝိဿဇ္ဇေတိ၊ သပိတ်ကိုလွှတ်၍ ပေး၏။ ပန၊ မသင့်သည်ကို ဆိုဦးအံ့။ ဘိက္ခံ အာဂမယမာနော၊ ဒါယကာတို့က ထိုနေ့အတွက် ဖိတ်မံထား သော ဆွမ်းကို စောင့်ဆိုင်းငံ့လင့်၍ကား။ န နိသီဒတိ၊ မနေသင့်ပေ။ ဧဝံ၊ ဤသို့ မနေခြင်းဖြင့်။ သော၊ ထိုသပဒါနစာရိကဓုတင်ဆောင် မဇ္ဈိမယောဂီရဟန်းသည်။ ဥက္ကဋ္ဌပိဏ္ဍပါတိကဿ၊ ပိဏ္ဍပါတ်ဓုတင်ဆောင် ဥက္ကဋ္ဌယောဂီရဟန်းအား။ အနု-လောမေတိ၊ လျော်ပေ၏။ မုဒုကော၊ မုဒုပုဂ္ဂိုလ်သည်လည်း။ တံ ဒိဝသံ၊ ထိုနေ့ အတွက် ဖိတ်မံသည်ကို။ နိသီဒိတွာ အာဂမေတိ၊ ထိုင်၍ စောင့်ဆိုင်းငံ့လင့်၏။

ပန၊ ထို့မှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့၏။ ဓုတင်္ဂံ၊ ဓုတင်သည်။ လောလုပ္ပစာရေ ဥပ္ပန္နမတ္တေ၊ ဆွမ်းကောင်း ဟင်းကောင်း၌ မက်မောသော လောလုပ္ပတဏှာဖြင့် အိမ်စဉ်ကို လွန်၍သွားခြင်း ဖြစ်ကာမျှ၌။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤသပဒါနစာရိကဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းပေတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။ ကုလေသု၊ ဒါယကာဘို့၌။ နိစ္စနဝကဘာ၊ အမြဲတမ်းလူသစ်၏ အဖြစ်လည်းကောင်း။ စန္ဒူပမတာ၊ လ–နှင့်တူသည်၏အဖြစ်လည်း ကောင်း။ ကုလ-မစ္ဆေရပ္ပဟာနံ၊ ကုလမစ္ဆေရကို ပယ်ခြင်းသည်းကောင်း။ သမာနုကမ္ပိတာ၊ ဒါယကာတို့၌ အညီအမျှသနားခြင်း ရှိသည်၏အဖြစ်လည်းကောင်း။ ကုလူပကာ-ဒီနဝါဘာဝေါ၊ ဒါယကာတို့၏ အိမ်သို့ကပ်ခြင်း၌ သိမ်းသွင်းခြင်း ရောနှောခြင်း စသော အပြစ်မရှိခြင်းလည်းကောင်း။ အဝှါနာနဘိနန္ဒနာ၊ ဖိတ်မံပင့်ခေါ်ခြင်းကို လက်မခံခြင်းလည်းကောင်း။ အဘိဟာရေန အနတ္ထိကတာ၊ ပို့လာသော ဆွမ်းပဲဖြင့်သာ အလိုရှိသည်၏ အဖြစ်လည်းကောင်း။အပ္ပိစ္ဆတာဒီနံ၊အပ္ပိစ္ဆတာစသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သောအကျင့်ရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ အယံ၊ ဤသည်ကား။ အာနိသံသော၊ သပဒါနစာရိကဓုတင်၌ အကျိုးအာနိသင်ပေတည်း။

(၆၆)　ဣမေ၊ ဤသာသနာတော်၌။ သပဒါနစာရီ၊ အိမ်စဉ်မပြတ် ဆွမ်းရပ်လေ့ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ စန္ဒူပမော၊ ခပ်သိမ်းသော အရပ်၌ မကပ်ငြိသော စိတ်ရှိသည်၏အဖြစ်, ဖြူစင်အေးချမ်းသော စိတ်ရှိသည့်၏ အဖြစ်ဖြင့် လနှင့်လည်း တူပေ၏။ နိစ္စနဝေါ၊ အမြဲတမ်းလူသစ်လည်း ဖြစ်ပေ၏။ ကုလေသု၊ ဒါယကာတို့၌။ အ-မစ္ဆရီ၊ ဝန်တိုခြင်းဟူသော ကုလမစ္ဆရိယလည်း ကင်းပေ၏။ သဗ္ဗ-သမာနုကမ္ပော၊ ခပ်သိမ်းသော ဒါယကာတို့၌ အညီအမျှ သနားခြင်းလည်း ရှိပေ၏။ ကုလူပကာဒီနဝဝိပ္ပမုတ္တော၊ ဒါယကာတို့၏ အိမ်၌ထိုင်၍ ဆွမ်းဘုဉ်းပေးသော ကုလူပကရဟန်းတို့အား ရောက်တတ်သော အပြစ်မှ လွတ်သည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ ဘုဝိ၊ မြေအပြင်၌။ သေရိစာရံ၊ မိမိအလိုအားလျော်စွာ သွားရခြင်းကို။ အာကင်္ခမာနော၊ အလိုရှိသော။ မိရော၊ ပညာရှိသည်။ လောလုပ္ပစာရံ ပဟာယ၊ လောလုပ္ပ-တဏှာဖြင့် အိမ်စဉ်ကျော်သွားခြင်းကိုပယ်၍။ ဩက္ခိတ္တစက္ခု၊ ချအပ်သော မျက်လွှာရှိလျက်။ ယုဂမတ္တဒဿီ၊လေးတောင်ခန့်သာ ကြည့်လေ့ရှိသည်။ ဟုတွာ၊ ဖြစ်၍(ထည့်)။ သပဒါနစာရံ၊ အိမ်စဉ်မပြတ် ဆွမ်းရပ်သော ကျင့်ဝတ်ကို။ စရေယျ၊ ကျင့်ရာ၏။ ဣတိ၊ ဤသည်ကား'အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ သပဒါနစာရိကင်္ဂေ၊ သပဒါနစာရိကဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်, အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကား ပေတည်း။

## ၅–ဧကာသနိကင်္ဂကထာ

### ဧကာသနိက်ဓုတင်ကို ပြဆိုချက်

၂၈။ ဧကာသနိကင်္ဂမ္ပိ၊ ဧကာသနိက်ဓုတင်ကိုလည်း။ "နာနာသနဘောဇနံ ပဋိက္ခိပါမိ"၊ နေရာအများ၌ စားခြင်းကို ပယ်ပါ၏။ "ဧကာသနိကင်္ဂံ သမာဒိယာမိ"၊ တထိုင်တည်း၌သာ စားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။ ဣတိ၊ ဤသို့။ ဧကမေသံ၊ ဤနှစ်မျိုးသောစကား တို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်၏။ ဣတိ၊ ဤသည်ကား ဆောက်တည်ပုံတည်း။ (ဣတိ–ကျေ)။

ပန၊ ကျင့်ပုံကား။ ဧကာသနိကေန၊ ဧကာသနိက် ဓုတင်ဆောင်သော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ အာသနသာလာယံ၊ ဆွမ်းစားဇရပ်၌။ နိသီဒန္တေန၊ ထိုင်သည်ရှိသော်။ ထေရာသနေ၊ မထေရ်ကြီးတို့၏ နေရာ၌။ အနိသီဒိတွာ၊ မထိုင်မူ၍။ ဣဒံ မယှံပါပုဏိဿတီတိ၊ ဤနေရာသည် ငါ့အား လျောက်ပတ်လတ္တံ့"ဟုစဉ်းစား၍။ ပတိရူပံ အာသနံ သလ္လက္ခေတွာ၊သင့်လျော် သော နေရာကို မှတ်၍။ နိသီဒိတဗ္ဗံ၊ ထိုင်သင့်၏။ အဿ၊ ထိုရဟန်း၏။ ဝိပ္ပကတေ ဘောဇနေ၊ ဆွမ်းစားခြင်းကိစ္စ မပြီးသေးမီ။ အာစရိယော ဝါ၊ ဆရာသည် လည်းကောင်း။ဝါ၊ ဆရာသည်ဖြစ်စေ။ ဥပဇ္ဈာယော ဝါ၊ဥပဇ္ဈာယ် သည်လည်းကောင်း။ ဝါ၊ဥပဇ္ဈာယ် ဖြစ်စေ။ သစေ အာဂစ္ဆတိ၊ အကယ်၍ ကြွလာငြားအံ့။ ဥဋ္ဌာယ၊ထ၍။ ဝတ္တံ ကာတုံ ဝဋ္ဋတိ၊ဝတ်ကိုပြုသင့်၏။ ပန၊ ယင်းသို့ ပြုသင့်သော်လည်း။ "ဘုဉ္ဇနဋ္ဌာနံ၊ဆွမ်းစားဆဲဖြစ်သော။ ဧကာသနိကံ၊ ဧကာသနိက် ဓုတင်ဆောင်သော။ ဘိက္ခုံ၊ ရဟန်းကို (အမိပ္ပါယ် ပေါ်အောင် ကထည့်ပါ) အာသနံ ဝါ၊ နေရာသည်မူလည်း။ ဓုတင်္ဂဘေဒေါ (ဆွမ်းစား၍ ပြီးသည်တိုင် အောင် မထမူ၍) ဓုတင်ပျက်ခြင်းမှ။ ရက္ခေယျ၊ စောင့်ရာ၏။ (ဆွမ်းစား၍ ပြီးသည့်တိုင်အောင် မထကောင်းဟူလို၊ ဆွမ်းစားဆဲ ရဟန်းသည် နေရာမှ မထလျှင် ဆက်၍ စားကောင်းသည်၊ ဓုတင်မပျက်။ ထို့ကြောင့် မထသော နေရာက၊ ဝါ-ထိုင်မြဲတိုင်းနေရာက ဓုတင်မပျက်အောင် စောင့်ရှောက်သည်။

ဓူတင်မပျက်စေလိုလျှင် စားပြီးမှထရမည်၊ မပြီးခင်မထရ ဟုဆိုလို၏) အဘုဉ္ဇိယ-မာနံ၊ စားဆဲမဟုတ်ပါမူ (ထည့်)။ (ဤပုဒ်သည် ဋီကာမှ ဆောင်၍ ပြသောပုဒ်ဖြစ်သည်။ စားဆဲမဟုတ်လျှင် ထိုဘောဇဉ်ကို ဓူတင်မပျက်အောင် စောင့်ရှောက်နိုင်၏၊ မစားသေးမီဖြစ်လျှင် ထ၍ဝတ်ပြုသော်လည်း ဓူတင် မပျက်ဟုဆိုလို၏။ သို့ရာတွင် ယခုပြဆဲ ဖြစ်သော ရဟန်းမှာ ထိုအာသနနှင့် ဘောဇနနှစ်ပါးလုံးပင်မရှိ။ ထို့ကြောင့် ဝတ်ပြုခြင်းသည် ဓူတင်ကို မစောင့်တတ်၊ ထိုသို့မစောင့်တတ်သောကြောင့် အယဉ္စ စသော စကားကို ဆက်၍မိန့်တော်မူသည်)။ ဘောဇနံ ဝါ၊ ဘောဇဉ်သည်မူလည်း။ ရက္ခေယျ၊ စောင့်ရာ၏။ အယဉ္စ၊ ဤဓူတင်ဆောင် ယောဂီရဟန်းမှာမူကား။ အဝိပ္ပကတဘောဇနော၊ မပြီးသေးသော ဆွမ်းစားခြင်းကိစ္စရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ဝတ္တံ၊ ဝတ်ကိုကား။ ကရောတု၊ ထ၍ပြုပါစေတော့။ ဘောဇနံ ပန၊ ဆွမ်းကိုမူကား။ မာ ဘုဉ္ဇတု၊ တဖန် မစားပါနှင့်။ (စားလျှင် ဓူတင်စည်းကမ်း ပျက်မည်)။ ဣတိ၊ ဤသို့။ တိပိဋကစူဠာဘယတ္ထေရော၊ တိပိဋကစူဠာဘယ ထေရ်သည်။ အာဟ၊ မိန့်ဆိုတော်မူ၏။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုကောသနိက် ဓူတင်ဆောင်ရဟန်း၏။ ဝိဓာနံ၊ ကျင့်ပုံ အစီအရင်ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့် မူကား။ အယမ္ပိ၊ ဤကောသနိက် ဓူတင်ဆောင်ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ အပ္ပံ ဝါ ဟောတု၊ နည်းသည်လည်းဖြစ်စေ။ ဗဟုံ ဝါ ဟောတု၊ များသည်လည်းဖြစ်စေ။ ယမှိ ဘောဇနေ၊ အကြင်ဘောဇဉ်၌။ ဟတ္ထံ ဩတာရေတိ၊ သုံးဆောင်အံ့ဟု လက်ကိုချ၏။ တတော၊ ထိုလက်ချထားသော ဘောဇဉ်မှ။ အညံ၊ တပါးအခြားသော ဘောဇဉ်ကို။ ဂဏှိတုံ၊ ယူခြင်းငှာ။ န လဘတိ၊ မရတော့ပြီ။ "ထေရေန၊ မထေရ်သည်။ ကိဉ္စိ န ဘုတ္တန္တိ၊ တစုံတခုကိုမျှ မဘုဉ်းပေးရသေး"ဟု။ မနုဿာ၊ လူတို့သည်။ ဝါ၊ လူတို့က။ သပ္ပိအာဒီနိ၊ ထောပတ်စသည်တို့ကို။ သစေပိ အာဟရန္တိ၊ အကယ်၍ မူလည်း ကပ်ကုန်ငြားအံ့။ ဘေသဇ္ဇတ္ထမေဝ၊ ဆေးအကျိုးငှာသာလျှင်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ အာဟာရတ္ထံ၊ အာဟာရအကျိုးငှာ။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။ မဇ္ဈိမော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ ပတ္တေ၊ သပိတ်၌။ ဘတ္တံ၊ ဆွမ်းသည်။ န ခီယတိ၊ မကုန်သေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ အညံ၊ တပါးသော ဘောဇဉ်ကို။ ဂဏှိတုံ၊ ယူခြင်းငှာ။ လဘတိ၊ ရ၏။ ဟိ၊ မှန်၏။ အယံ၊ ဤမဇ္ဈိမပုဂ္ဂိုလ်သည်။ ဘောဇနပရိယန္တိကော နာမ ဟောတိ၊ ဘောဇဉ်ကုန်ခြင်းလျှင် အဆုံးရှိသော ပုဂ္ဂိုလ်မည်၏။ မုဒုကော၊ မုဒုပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အာသနာ န ဝုဋ္ဌာတိ၊ နေရာမှမထသေး။ တာဝ၊ ထိုမျှလောက်

သော ကာလပတ်လုံး။ ဘုဥ္ဇိတုံ လဘတိ၊ စားခြင်းငှာရ၏။ ဟိ၊ မှန်၏။ သော၊ ထိုမုဒုပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ပတ္တစော-ဝနံ၊ သပိတ်ဆေးရေကို။ န ဂဏှာတိ၊ မယူသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘုဥ္ဇနတော၊ စားခြင်းကြောင့်။ ဥဒကပရိယန္တိကော ဝါ၊ သပိတ်ဆေးရေယူခြင်း အဆုံးရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ ယာဝ ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ န ဝုဋ္ဌာတိ၊ နေရာမှမထသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘုဥ္ဇနတော၊ စားခြင်းကြောင့်။ အာသနပရိ-ယန္တိကော ဝါ၊ နေရာမှထခြင်းလျှင်အဆုံးရှိသည်မူလည်း။ ဟောတိ၊ ဖြစ်၏။ (၆၇) ပန၊ ထိုမှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင်သည်။ နာနာဘောဇနံ၊ နေရာအများ၌ဘောဇဉ်ကို။ ဘုတ္တက္ခဏေ-စားသောခဏ၌။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤကော သနိက် ဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊အကျိုးအာနိသင်တည်း။ အပ္ပါဗာဓတာ၊ အနာကင်းသည်၏အဖြစ် လည်းကောင်း။ အပ္ပါတင်္ကတာ၊ ကိုယ်ဆင်းရဲကင်းသည်၏ အဖြစ်လည်းကောင်း။ လဟုဋ္ဌာနံ၊ ပေါ့ပါးလျင်မြန်စွာ ထနိုင်ခြင်း လည်းကောင်း။ ဗလံ၊ ခွန်အားနှင့်ပြည့်စုံခြင်း လည်းကောင်း။ ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရခြင်း လည်းကောင်း။ အနတိရိတ္တပစ္စယာ၊ အတိရိက်ဝိနည်း ကံ မပြုပဲစားခြင်းကြောင့် ဖြစ်နိုင်သော အာပတ်မသင့်ခြင်း လည်းကောင်း။ ရသတဏှာဝိနောဒနံ၊ ရသတဏှာကို ပယ်ဖျောက်နိုင်ခြင်း လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အပ္ပိစ္ဆတာ အစရှိသည်တို့အား။ အနုလောမ-ဝုတ္တိတာ၊ လျော်သောအကျင့် ရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ အယံ၊ ဤသည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။

ကောသနဘောဇနေ၊ တနေရာတည်းစားခြင်း၌။ ရတံ၊ မွေ့လျော်သော။ ယတိံ၊ ရဟန်းကို။ ဘောဇနပစ္စယာ၊ အကြိမ်ကြိမ်စားခြင်းကြောင့် ဖြစ်တတ်ကုန်သော။ ရုဇာ၊ အနာရောဂါတို့သည်။ န ဝိသ-ဟန္တိ၊ မနှိပ်စက်နိုင်ကုန်။ ရသေ၊ အရသာ၌။ အလောလုပေါ၊မမက်မောသည်ဖြစ်၍။ အတ္တနော၊ မိမိ၏။ ကမ္မံ၊ ပြုသင့်ပြုထိုက်သော ရဟန်းကိစ္စကို။ န ပရိဟာပေတိ၊ မယုတ်စေပဲ ပြည့်စုံစေနိုင်၏။

ဣတိ တသ္မာ၊ ထိုကြောင့်။ ဖာသုဝိဟာရကာရဏေ၊ ချမ်းသာစွာနေရခြင်း၏ အကြောင်းဖြစ်သော။ သုစိသလ္လေခရတူပသေဝိတေ၊ တဏှာကို ခေါင်းပါးစေတတ်သော စင်ကြယ်သောအကျင့်၌ မွေ့လျော်သော သူမြတ်တို့ မှီဝဲအပ်သော။ ကောသနဘောဇနေ၊ တထိုင်တည်း

စားခြင်း၌။ ရတိံ၊ မွေ့လျော်ပျော်ပိုက်ခြင်းကို။ ဝိသုဒ္ဓမာနသော၊ အထူးသဖြင့် စင်ကြယ်သော စိတ်နှလုံးရှိသော။ ယတိ၊ ရဟန်းသည်။ ဇနယေထ၊ ဖြစ်စေရာ၏။ ဣတိ၊ ဤသည်ကား အနုသာသနီတည်း။

အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧကာသနိကင်္ဂေ၊ ဧကာသနိက် ဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်,အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၆-ပတ္တပိဏ္ဍိကင်္ဂကထာ

### ပတ္တပိဏ်ဓုတင်ကိုပြဆိုချက်

၂၆။ ပတ္တပိဏ္ဍိကင်္ဂမ္ပိ၊ ပတ္တပိဏ်ဓုတင်ကိုလည်း။ "ဒုတိယကဘာဇနံ ပဋိက္ခိပါမိ၊ နှစ်ခုမြောက်သော စားခွက်ကိုပယ်ပါ၏။" "ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ၊ တခွက်တည်း၌ စားဖွယ်ကိုယူ၍ စားလေ့ရှိသောရဟန်း၏ အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏။" ဣတိ ဣမေသံ ဒွိန္နံ၊ ဤနှစ်မျိုးသော စကားတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသောစကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည်ဖြစ်၏။ ဣတိ၊ ဤသည်ကား ဆောက်တည်ပုံတည်း။

ပန၊ ကျင့်ပုံကား။ ပတ္တပိဏ္ဍိကေန၊ ပတ္တပိဏ်ဓုတင်ဆောင်သော။ တေန၊ ထိုယောဂီရဟန်းသည်။ ယာဂုပါနကာလေ၊ ယာဂုသောက်သောအခါ၌။ ဘာဇနေ ဌပေတွာ၊ ခွက်၌ထည့်၍။ ဗျဉ္ဇနေ လဒ္ဓေ၊ အမဲ သား ငါး စသောဟင်းလျာကို ရလတ်သော်။ ဗျဉ္ဇနံ ဝါ၊ အမဲ သား ငါး စသောဟင်းလျာကိုမူလည်း။ ပဌမံ ခါဒိတဗ္ဗံ၊ ရှေးဦးစွာ စားအပ်၏။ ယာဂု ဝါ၊ ယာဂုကိုမူလည်း။ ပဌမံ ပါတဗ္ဗော၊ ရှေးဦးစွာသောက်အပ်၏။ ပန၊ အကြောင်းမူကား။ ယာဂုယံ၊ ယာဂု၌။ သစေ ပက္ခိပတိ၊ အကယ်၍ထည့်ငြားအံ့။ ပူတိမစ္ဆကာဒိမှိ ဗျဉ္ဇနေ ပက္ခိတ္တေ၊ ငါးပိ ကောင် စသော ဟင်းလျာကိုထည့်မိခဲ့သော်။ ယာဂု၊ ယာဂုသည်။ ပဋိကူလာ ဟောတိ၊ ရွံဖွယ်ဖြစ်ရာ၏။ စ၊ စင်စစ်သော်ကား။ အပ္ပဋိကူလမေဝ ကတွာ၊ ရွံဖွယ်မဖြစ်အောင် ပြု၍သာလျှင်။ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ စားခြင်းငှါသင့်၏။ တသ္မာ၊ ထို့ကြောင့်။ တထာရူပံ ဗျဉ္ဇနံ သန္ဓာယ၊ ထိုသို့ရွံဖွယ်ရှိသော ဟင်းလျာကိုရည်ရွယ်၍။ ဣဒံ၊ ဟင်းကိုမူလည်း ရှေးဦးစွာ စားအပ်၏ဟူသော ဤစကားကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပေ၏။ ပန၊ အလျော်ကိုဆိုအံ့။ ယံ မဓုသက္ကရာဒိကံ၊ အကြင်ပျားသကာစသော အပြားရှိသည်။ အပ္ပဋိကူလံ၊ ရွံဖွယ်မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုယာဂုကို။ ပက္ခိပိတဗ္ဗံ၊ ထည့်ကောင်း၏။ ဂဏှန္တေန၊

ခံယူသောရဟန်းသည်ကား။ ပဏ္ဍာမယုတ္တမေဝ၊ ဝမ်းပမာဏနှင့် ³တန်ရုံကို သာလျှင်။ ဂဏှိတဗ္ဗံ၊ ခံယူအပ်၏။ အာမကသာကံ၊ သရက်ရွက်နုစသောဟင်းရွက်စိမ်းကိုမူ။ ဟတ္ထေန ဂဟေတွာ၊ လက်ဖြင့်ကိုင်၍။ ခါဒိတုံ ဝဋ္ဋတိ၊ စားခြင်းငှာ အပ်၏။ ပန၊ ထိုသို့စားကောင်းသော်လည်း။ တထာ အကတွာ၊ ယုံသို့ သာရှုပ်မရှိအောင် လက်တကိုင်ကိုင် မပြုမူ၍။ ပတ္တေယေဝ၊ သပိတ်၌သာလျှင်။ ပက္ခိပိတဗ္ဗံ၊ ထည့်အပ်၏။ ဒုတိယကဘာဇနေသု၊ နှစ်ခုမြောက်သော ဆွမ်းစားခွက်ကို။ ပဋိက္ခိတ္တတ္တာ၊ ပယ်အပ်ပြီးဖြစ်သောကြောင့်။ အညံ ရုက္ခပဏ္ဏမ္ပိ၊ အခြားတပါးသော သစ်ရွက်သော်လည်း။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသည်ကား အပြီးတည်း။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုပတ္တပိဏ္ဍိကဓုတင်ဆောင် ရဟန်း၏။ ဝိဓာနံ၊ကျင့်ပုံ အစီအရင်ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်သော်ကား။ အယမ္ပိ၊ ဤပတ္တပိဏ္ဍိကဓုတင်ဆောင်ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌဿ၊ ဥက္ကဋ္ဌပုဂ္ဂိုလ်အား။ ဥစ္ဆုခါဒနကာလာ၊ ကြံစုပ်သောကာလမှ။ အညတြ၊ တပါးသောကာလ၌။ ကစဝရမ္ပိ၊ ငါးရိုး, စပါးလုံးစသော စွန့်အပ်သော အမှိုက်ကိုလည်း။ ဆဍ္ဍေတုံ န ဝဋ္ဋတိ၊ နှစ်ခုမြောက်ခွက်၌ ထည့်၍ စွန့်ခြင်းငှာ မအပ်ပေ။ ဩဒနပိဏ္ဍမစ္ဆမံသပူဝေပိ၊ ထမင်း, ခဲဖွယ်, ငါး, အမဲ, မုန့်တို့ကိုလည်း။ (၆၀) ဘိန္ဒိတွာ၊ ခွဲ၍။ ဝါ၊ ခွဲဖဲ့၍။ ခါယိတုံ န ဝဋ္ဋတိ၊ စားခြင်းငှာ မအပ်။ မဇ္ဈိမဿ၊ မဇ္ဈိမပုဂ္ဂိုလ်အားကား။ ဧကေန ဟတ္ထေန ဘိန္ဒိတွာ၊ လက်တဖက်ဖြင့်ခွဲ၍။ ခါဒိတုံ ဝဋ္ဋတိ၊ စားခြင်းငှာအပ်၏။ သော၊ ဤမဇ္ဈိမပုဂ္ဂိုလ်သည်။ ဟတ္ထယောဂီ နာမ၊ ဟတ္ထယောဂီမည်၏။ မုဒုကော ပန၊ မုဒုပုဂ္ဂိုလ်သည်ကား။ ပတ္တယောဂီ နာမ၊ ပတ္တယောဂီမည်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုမုဒုပုဂ္ဂိုလ်အား။ ယံ၊ အကြင်ခဲဖွယ်ဘောဇဉ်ကို။ ပတ္တေ၊ သပိတ်၌။ ပက္ခိတုံ၊ ထည့်ခြင်းငှာ။ သက္ကာ ဟောတိ၊ စွမ်းနိုင်၏။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ဟတ္ထေန ဝါ၊ လက်ဖြင့်သော်လည်းကောင်း။ ဒန္တေဟိ ဝါ၊ သွားတို့ဖြင့်သော်လည်းကောင်း။ ဘိန္ဒိတွာ၊ ခွဲ၍။ ဝါ၊ခွဲဖဲ့၍။ ခါဒိတုံ ဝဋ္ဋတိ၊ စားခြင်းငှာအပ်၏။

ပန၊ ထိုမှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးတို့၏လည်း။ ဓုတင်*၊ ဓုတင်သည်။ ဒုတိယကဘာဇနံ၊ နှစ်ခုမြောက်သောခွက်ကို။ သာဒိတက္ခဏေ၊ သာယာ လက်ခံသောခဏ၌။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ဧတ္ထ၊ ဤပတ္တပိဏ္ဍိကဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းပေတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။ နာနာရသတဏှာဝိနောဒနံ၊ အထူးထူးသောအရသာ၌ တဏှာကိုပယ်နိုင်ခြင်းလည်းကောင်း။ အတြိစ္ဆတာယ၊ ထိုထိုအသီးသီးသော ခွက်၌တည်သော အထူးထူးသောအရသာ၌ တပ်မက်သောသူ၏အဖြစ်ကို။ ပဟာနံ၊ ပယ်

ခြင်းလည်းကောင်း။ အာဟာရေ၊ အစာအာဟာရ၌။ ပယောဇနမတ္တဒဿိတာ၊ ဘုရားခွင့်ပြုတော်မူသော အကျိုးမျှကိုသာ ကြည့်ရှုမျှော်လင့်လေ့ရှိသူ၏ အဖြစ်လည်းကောင်း။ ထာလကာဒိ ပရိဟရဏ ခေဒါဘာဝေါ၊ အပိုအမို ပန်းကန်ခွက်ယောက်စသည်ကို ဆောင်ခြင်းကြောင့်ဖြစ်သော ပင်ပန်းခြင်း၏ မရှိခြင်းလည်းကောင်း။ အဝိက္ခိတ္တဘောဇိတာ၊ အခြားခွက်တို့၌ ပျံ့လွင့်ခြင်းမရှိပဲ စားလေ့ရှိသည်၏ အဖြစ်လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်း အပ္ပိစ္ဆတာ စသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သောအကျင့်ရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။

သုဗ္ဗတော၊ ကောင်းသောကျင့်ဝတ်ရှိသော။ သုမာနသော၊ ကောင်းသောစိတ်နှလုံးရှိသော။ ပတ္တပိဏ္ဍိကော၊ ပတ္တပိုဏ်ဍိကင်ဆောင်ပုဂ္ဂိုလ်သည်။ နာနာဘောဇနေဝိက္ခေပံ ဟိတွာ၊ အထူးထူးသောစားခွက်တို့၌ ကပ်ငြိခြင်းကိုပယ်၍။ ရသတဏှာယ၊ ရသတဏှာ၏။ မူလာနိ၊ အခြေအမြစ်တို့ကို။ ခဏန္တော ဝိယ၊ တူးဖြိုဖျက်ဆီးနေဘိသကဲ့သို့။ သြက္ခိတ္တ-လောစနော၊ သပိတ်တလုံးတည်း၌သာ စူးစိုက်ချထားသော မျက်လွှာရှိသည်ဖြစ်၍။ သရူပံ၊ မိမိအတ္တဘောဟူသောရုပ်ကို။ ဓာရယန္တော ဝိယ၊ ဆောင်သကဲ့သို့။ သန္တုဋ္ဌိံ၊ သပိတ်တလုံးတည်း၌ ရောင့်ရဲခြင်းကို။ ဓာရယန္တော၊ ဆောင်လျက်။ အာဟာရံ၊ အာဟာရကို။ ပရိဘုဉ္ဇေယျ၊ ဘုဉ်းပေးသုံးဆောင်နိုင်ရာ၏။ အညော၊ ပတ္တပိုဏ်ဍိကင်ဆောင်သူမှတပါး အခြားသော။ ကော၊ အဘယ်သူသည်။ ပရိဘုဉ္ဇေယျ၊ ဘုဉ်းပေးသုံးဆောင်နိုင်အံ့နည်း။ ဣတိ၊ ဤသည်ကား အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ပတ္တပိဏ္ဍိကင်္ဂေ၊ ပတ္တပိုဏ်ဍိကင်၌။ သမာဒါန-ဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ၊ ကျင့်ပုံ အစ်အရင့်၊ အပြား၊ ပျက်စီးခြင်း၊ အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၇-ခလုပစ္ဆာဘတ္တိကင်္ဂကထာ

ခလုပစ္ဆာဘတ်ဓုတင်ကို ပြဆိုချက်။

၃၀။ ခလုပစ္ဆာဘတ္တိကင်္ဂမ္ပိ၊ ခလုပစ္ဆာဘတ် ဓုတင်ကိုလည်း—

"အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ ၊ အတိရိက်ဝိနည်းကံပြု၍ စားခြင်းကို ပယ်ပါ၏၊" "ခလုပစ္ဆာဘတ္တိကင်္ဂ' သမာဒိယာမိ၊ မြစ်ပြီးသည်မှ နောက်၌ ရသော ဆွမ်းကို မစားသောရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။"

ဣတိ၊ ဤသို့။ ဣမေသံ၊ ဤစကားနှစ်မျိုးတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသောစကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်၏။ ဣတိ၊ ဤကား ဆောက်တည်ပုံတည်း။

ပန၊ ကျင့်ပုံကား။ ခလုပစ္ဆာဘတ္တိကေန၊ ခလုပစ္ဆာဘတ်ဓုတင်ဆောင်သော။ တေန၊ ထိုယောဂီရဟန်းသည်။ ပဝါရေတွာ၊ တန်ပြီဟုမြစ်ပြီးလျှင်။ ပုန ဘောဇနံ၊ တဖန်ဣရိယာပုထ်တပါး၌ ရသောဘောဇဉ်ကို။ ကပ္ပိယံ ကာရေတွာ၊ စားကောင်းအောင် ဝိနည်းပရိယာယ်ဖြင့် ပြုစေ၍။ န ပရိဘုဉ္ဇိတဗ္ဗံ၊ မစားအပ်။ (ပဝါရိတ်သင့်သော သာမန်ရဟန်းသည် အခြားဣရိယာပုထ်၌ ဘောဇဉ်ကို တဖန် စားလိုလျှင် ထိုဘောဇဉ်ကို ဝိနည်းတတ်သော ရဟန်းထံဆောင်၍ "အတိရိတ္တံ ကရောထ ဘန္တေ"၊ စားကြွင်းပြုပေးပါကုန် အရှင်ဘုရားတို့-ဟု ဆိုရ၏၊ ထို ရဟန်းက အနည်းငယ်ယူ၍ စားပြီးလျှင် "အလမေတံ သဗ္ဗံ"၊ ဤအလုံးစုံကို တန်ပြီ-ဟု ဆို၍ စားကြွင်းပြုပေးရ၏။ ထိုစားကြွင်းပြုပြီးသော ဘောဇဉ်ကို ပဝါရိတ်သင့်သော ထိုရဟန်းစားအပ်၏။ ဤဓုတင်ဆောင် ရဟန်းသည်ကား ထိုကဲ့သို့ စားကြွင်းပြုစေ၍ မစားအပ်ဟုဆိုလို၏။) ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုခလုပစ္ဆာဘတ်ဓုတင်ဆောင် ရဟန်း၏။ ဝိဓာနံ၊ ကျင့်ပုံအစီအရင်ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်မူကား။ အယမ္ပိ၊ ဤခလုပစ္ဆာဘတ်ဓုတင်ဆောင်ရဟန်းသည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ပဌမပိဏ္ဍေ၊ ပထမဆွမ်းလုတ်၌။ ပဝါရဏာ နာမ၊ ပဝါရိတ်သင့်သောမည်သည်။ နတ္ထိ၊ မရှိသေး။ တနည်း။ ပဝါရဏာ နာမ နတ္ထိ၊ ပဝါရိတ်သင့်ခြင်းမရှိသေး။ တသ္မာ၊ ထိုပထမဆွမ်းလုတ်ကို။ အဇ္ဈောဟရိယမာနေ၊ မျိုအပ်ပြီးလတ်သော်ကား။ အညံ၊ တပါးသောဘောဇဉ်ကို။ ပဋိက္ခိပတော၊ ပယ်မြစ်သောရဟန်းအား။ ပဝါရဏာ ဟောတိ၊ ပဝါရိတ်သင့်၏။ (ပဝါရဏာပုဒ် လိုက်၍ပေး)တသ္မာ၊ ထိုကြောင့်။ ဧဝံ ပဝါရိတော၊ ဤသို့ပဝါရိတ်သင့်သောရဟန်းသည်။ ဝါ၊ ဤသို့ပဝါရိတ်သင့်ပြီးလတ်သော်။ ပဌမပိဏ္ဍံ အဇ္ဈောဟရိတွာ၊ ပထမဆွမ်းလုတ်ကို မျိုပြီးလျှင်။ ဒုတိယပိဏ္ဍံ န ဘုဉ္ဇတိ၊ ဒုတိယဆွမ်းလုတ်ကိုမစားတော့ပေ။ မဇ္ဈိမော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ ယသ္မိံ ဘောဇနေ၊ အကြင်ဘောဇဉ်ကို။ ဘုဉ္ဇိယမာနေ၊ စားနေစဉ်။ ဝါ၊ စားနေခိုက်(ထည့်)။ ပဝါရိတော၊ ပဝါရိတ်သင့်ငြားအံ့။ တဒေဝ၊ ထိုစားဆဲကျန်ရှိနေသေးသော ဘောဇဉ်ကိုသာလျှင်။ ဘုဉ္ဇတိ၊ စား၏။ (အညံ၊ အခြားသောစားဖွယ်ကို။ န ဘုဉ္ဇတိ၊ မစား။ လှန်)။ မုဒုကော ပန၊ မုဒုပုဂ္ဂိုလ်သည်ကား။ ယာဝ၊ အကြင်မျှလောက်။ အာသနာ၊ နေရာမှ။ န ဝုဋ္ဌာတိ၊ မထသေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ ဘုဉ္ဇတိ၊ စား၏။ ဣတိ၊ ဤသည်ကား ခလုပစ္ဆာဘတ်ဓုတင်ဆောင်ပုဂ္ဂိုလ် အပြားပေတည်း။

ပန၊ ထိုမှတပါး။ တိက္ခမ္ပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဣမေသံ၊ ဤပုဂ္ဂိုလ်တို့၏။ ဓုတင်္ဂ၊ ဓုတင်သည်။ ပဝါရိတာနံ၊ ပဝါရိတ်သင့်ကြပါကုန်လျက်။ ပုန ဘောဇနံ၊ ဣရိယာပုထ်တပါး၌ တဖန်ရသောဘောဇဉ်ကို။ ကပ္ပိယံ ကာရာပေ-တွာ၊ အပ်အောင်ပြုစေ၍။ (အပ်အောင်ပြုစေ၍ဟူသော ဤဝိသေသနဖြင့် ဓုတင်ဆောင်ပုဂ္ဂိုလ်အားလျော်စွာ ဝိနည်း၌ ရှိသေခြင်းရှိသည်ကိုပြ၏၊ အပ် အောင် အတိရိတ်ဝိနည်းကံမပြုပဲ စားလျှင်မူ ဓုတင်ပျက်ရုံမျှမက အာပတ်လည်း သင့်၏။) ဘုတ္တက္ခဏေ၊ စားကြသောခဏ၌။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤခလုပစ္ဆာဘတ်ဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းပေတည်း။

(၆၉) အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။ အနတိရိတ္တဘောဇနာပတ္တိယာ၊ အတိရိတ်ဝိနည်းကံမပြုပဲ စားခြင်း ကြောင့် သင့်ကောင်းသော အာပတ်မှ။ ဒူရဘာဝေါ၊ ဝေးသည်၏အဖြစ်လည်း ကောင်း။ ဩဒရိကတ္တာဘာဝေါ၊ ဝမ်းအလိုလိုက်လျက် အစားကြူးခြင်းမရှိသည်၏အဖြစ်လည်းကောင်း။ နိရာမိသသန္နိဓိတာ၊ အာမိသ၌ သိုမှီးခြင်းကင်းသည်၏အဖြစ်လည်းကောင်း။ ပုန ပရိယေသနာယ အဘာဝေါ၊ တဖန်ရှာမှီးမှု၏ မရှိခြင်းလည်းကောင်း။အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်းအပ္ပိစ္ဆတာစသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သောအကျင့်ရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ အာနိသံသော၊ ခလုပစ္ဆာဘတ်ဓုတင်၏ အကျိုး အာနိသင်ပေတည်း။

ခလုပစ္ဆာဘတ္တိကော၊ ခလုပစ္ဆာဘတ်ဓုတင်ဆောင်သော။ မိရော၊ ပညာရှိသောယောဂီသည်။ ပရိယေသနာယ၊ တဖန်ရှာမှီးခြင်းကြောင့်။ ခေဒံ၊ ပင်ပန်းခြင်းသို့။ န ယာတိ၊ မရောက်။ သန္နိဓိံ၊ သိုမှီးသိမ်းဆည်း ထားခြင်းကိုလည်း။ န ကရောတိ၊ မပြု။ ဩဒရိကတ္တံ၊ ဝမ်းအလိုလိုက် လျက် အစားကြူးသူအဖြစ်ကိုလည်း။ ယသ္မာ၊ အကြင်ကြောင့်။ ပဇဟတိ၊ ပယ်၏။

တသ္မာ၊ ထို့ကြောင့်။ ဒေါသေ၊ အလိုကြီးခြင်းစသော အပြစ်တို့ကို။ ဝိဓုနိတုကာမော၊ ခါထုတ်လိုသော။ ယောဂီ၊ ယောဂီသည်။ ဝါ၊ ဝိဓုနိ-တုကာမော ယောဂီ၊ ခါထုတ်လိုသောယောဂီသည်။ သုဂတပသတ္ထံ၊ မြတ်စွာဘုရားချီးမွမ်းအပ်သော။ သန္တောသဂုဏာဒိဝုဍ္ဎိသဉ္ဇနနံ၊ ရောင့်ရဲ လွယ်ခြင်းစသည်တို့၏ ပွားခြင်းကိုဖြစ်စေတတ်သော။ ဣဒံ ဓုတင်္ဂ၊ ဤ ခလုပစ္ဆာဘတ်ဓုတင်ကို။ ဘဇေယျ၊ ချဉ်းကပ်မှီဝဲရာ၏။ ဣတိ၊ ဤ သည်ကား အနုသာသနီတည်း။

အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ခလုပစ္ဆာဘတ္တိကင်္ဂေ၊ ခလုပစ္ဆာဘတ်ဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံအစီအရင်,အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသောစကားပေတည်း။

ဂ-အာရညိကင်္ဂကထာ

အာရညကင်ဓုတင်ကိုပြဆိုချက်

၃၁။ အာရညိကင်္ဂမ္ပိ၊ အာရညကင်ဓုတင်ကိုလည်း –

"ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ ရွာကျောင်းကိုပယ်ပါ၏။" "အာရညိကင်္ဂံ သမာဒိယာမိ၊ တော၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏"

ဣတိ၊ ဤသို့။ ဣမေသံ၊ ဤစကားနှစ်မျိုးတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသောစကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်ရ၏။ (ဆောက်တည်အပ်၏။) ဣတိ၊ ဤသည်ကား ဆောက်တည်ပုံပေတည်း။

ပန၊ ထိုမှတပါး။ တေန အာရညိကေန၊ ထိုအာရညကင်ဓုတင်ဆောင်တောနေရဟန်းသည်။ ဂါမန္တသေနာသနံ ပဟာယ၊ ရွာနီးကျောင်း, ရွာကျောင်း၌ အရုဏ်တက်စေခြင်းကို ပယ်၍။ အရညေ၊ တော၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေတဗ္ဗံ၊ တက်စေအပ်၏။ တတ္ထ၊ ထိုဂါမန္တသေနာသနနှင့် အရညဟူသောစကားရပ်၌။ (ဂါမဋ္ဌ၊ ရွာနီးကျောင်းကိုလည်းကောင်း။ အရညဋ္ဌ၊တောအရပ်ကိုလည်းကောင်း။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ထည့်)။ ဥပစာရေန သဒ္ဓိံ၊ ရွာနီးဥပစာနှင့်တကွ။ ဂါမောယေဝ၊ ရွာသည်ပင်လျှင်။ ဂါမန္တသေနာသနံ၊ ရွာနီးကျောင်း, ရွာကျောင်းမည်၏။

ယောကောစိ၊ အမှတ်မရှိသော။ ဧကကုဋိကော ဝါ၊ တအိမ်တည်းသာရှိသောရွာသည်လည်းကောင်း။ ဝါ၊တအိမ်တည်းသာရှိသည်ဖြစ်စေ။ အနေကကုဋိကော ဝါ၊ တအိမ်မက များစွာသော အိမ်ခြေရှိသော ရွာသည်လည်းကောင်း။ ဝါ၊ အိမ်များစွာရှိသည်ဖြစ်စေ။ ပရိက္ခိတ္တော ဝါ၊ အရံအတားရှိသော ရွာသည်လည်းကောင်း။ ဝါ၊ အရံအတားရှိသည်ဖြစ်စေ။ အပရိက္ခိတ္တော ဝါ၊ အရံအတားမရှိသောရွာသည်လည်းကောင်း။ ဝါ၊ အရံအတားမရှိသည်ဖြစ်စေ။ သမနုဿော ဝါ၊ လူရှိသောရွာသည်လည်းကောင်း။ ဝါ၊ လူရှိသည်ဖြစ်စေ။ အမနုဿော ဝါ၊ တစုံတခုသောအကြောင်းကြောင့် လူမရှိသော ရွာသည်လည်းကောင်း။ ဝါ၊ တခြားသို့ ခေတ္တသွားနေသောကြောင့် လူမရှိသည်ဖြစ်စေ။ ဂါမော နာမ၊ ရွာ

မည်၏။ အန္တမသော၊ အယုတ်ဆုံးအပိုင်းအခြားအားဖြင့်။ အတိရေကစာတု-
မာသနိဝိဋ္ဌော၊ လေးလသက်အလွန် စခန်းချ၍နေပြီးသော။ ယော ကောစိ၊
အမှတ်မရှိသော။ သတ္တောပိ၊ ခြေကုန်သည့်, လှည်းကုန်သည့်, လှေကုန်သည်
အပေါင်းသည်လည်း။ ဂါမော နာမ၊ ရွာမည်၏။

ပရိက္ခိတ္တဿ၊ အရံအတားရှိသော။ ဂါမဿ၊ ရွာ၏။ အနုရာဓပုရဿ၊အနုရာဓ
မြို့၏။ ဒွေ ဣန္ဒခီလာ၊ တံခါးခုံနှစ်ခုတို့သည်။ ဟောန္တိ ဝိယ၊ ဖြစ်ကုန်သကဲ့သို့။
ဒွေ ဣန္ဒခီလာ၊ တံခါးခုံနှစ်ခုတို့သည်။ သစေ ဟောန္တိ၊ အကယ်၍ ရှိသည်ဖြစ်ကုန်
အံ့။ အဗ္ဘန္တရိမေ ဣန္ဒခီလေ၊ အတွင်းတံခါးခုံ၌။ ဌိတဿ၊ တည်သော။ ထာမ-
မဇ္ဈိမဿ၊ အားအလတ်ရှိသော။ပုရိသဿ၊ယောကျ်ား၏။ လေဍ္ဍုပါတော၊ခဲကျရာ
အရပ်သည်။ ဂါမူပစာရော နာမ၊ ရွာ၏အနီးဥပစာမည်၏။ တဿ လေဍ္ဍုပါတဿ၊
ထိုခဲကျရာအရပ်၏။ လက္ခဏံ၊ လက္ခဏာကို။ တရုဏမနုဿာ၊ လုလင်ပျိုတို့သည်။
အတ္တနော ဗလံ ဒဿေန္တော၊ မိမိ၏ခွန်အားကို ပြလိုသောကြောင့်။ဗာဟံ ပသာ-
ရေတွာ၊ လက်မောင်းကို ဆန့်တန်း၍။ လေဍ္ဍုံ ခိပန္တိ ယထာ၊ ခဲကိုပစ်ကြကုန်
သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဝါ၊ဤပုံဤနည်းဖြင့်။ ခိတ္တဿ လေဍ္ဍုဿ၊ပစ်အပ်သော
ခဲ၏။ ပတနဋ္ဌာနဗ္ဘန္တရန္တိ၊ ကျရာအရပ်၏ အတွင်းဘက်ဟူ၍။ ဝိနယဓရာ၊
ဝိနည်းဓိုရ်ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုဆုံးဖြတ်ကြကုန်၏။ ပန၊ ဝါဒကွဲကို ဆိုဦး
အံ့။ သုတ္တန္တိကာ၊ သုတ္တန်ဆောင်ဆရာတို့သည်။ ကာကနိဝါရဏနိယမေန၊
ကျီးခြောက်သည့်နည်းဖြင့်။ ခိတ္တဿ လေဍ္ဍုဿ၊ ပစ်လိုက်သောခဲ၏။ ပတနဋ္ဌာ-
နဗ္ဘန္တရန္တိ၊ ကျရာအရပ်အတွင်းဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ အပရိက္ခိတ္တဂါမေ၊ အရံ
အတားမရှိသောရွာ၌။ သဗ္ဗပစ္ဆိမဿ ဃရဿ၊ အလုံးစုံတို့၏ အစွန်ဖြစ်သော
အိမ်၏။ ဒွါရေ၊ တံခါး၌။ ဌိတော မာတုဂါမော၊ ရပ်တည်လျက်ရှိသော မိန်းမ
သည်။ ဘာဇနေန၊ အိုးခွက်ဖြင့်။ ယံ ဥဒကံ၊ အကြင်ရေကို။ ဆဍ္ဍေတိ၊
စွန့်သွန်ပစ်ရာ၏။ တဿ ဥဒကဿ၊ ထိုစွန့်သွန်ပစ်ရာသောရေ၏။ ပတနဋ္ဌာနံ၊
ကျရာအရပ်သည်။ ဃရူပစာရော၊ အိမ်၏ဥပစာမည်၏။ တတော၊ ထိုအိမ်၏
ဥပစာမှ။ ဝုတ္တနယေန၊ ဆိုခဲ့ပြီးသောနည်းဖြင့်။ ဧကော လေဍ္ဍုပါတော၊ ခဲတ
ကျသည်။ ဂါမော၊ ရွာမည်၏။ တတော လေဍ္ဍုပါတတော၊ ထိုခဲတကျအရပ်
မှ (ထည့်)။ ဒုတိယော လေဍ္ဍုပါတော၊ ဒုတိယခဲတကျအရပ်သည်။ ဂါမူပစာ-
ရော၊ ရွာ၏ဥပစာမည်၏။

အရညံ ပန၊ တောကိုမူကား။ တာဝ၊ ရှေးဦးစွာ။ ဝိနယပရိယာယေန၊ ဝိနည်း
ဒေသနာအရအားဖြင့်။ (သီ-မူ) ဝါ၊ တနည်း။ ဝိနယပရိယာယေ၊ ဝိနည်း
ဒေသနာ၌။ ဂါမဉ္စ၊ ရွာကိုလည်းကောင်း။ ဂါမူပစာရဉ္စ၊ ရွာ၏ဥပစာကိုလည်း
ကောင်း။ထပေတွာ၊ချန်ထား၍။ယံ ဌာနံ၊အကြင်အရပ်သည်။အတ္ထိ၊ ရှိ၏။ တော်
သဗ္ဗံ၊ အလုံးစုံသော ဤအရပ်သည်။ အရညံ၊ တောမည်၏။ဣတိ၊ ဤသို့။ ဝုတ္တံ၊

ဆိုအပ်၏။ အဘိဓမ္မပရိယာယေန၊ အဘိဓမ္မာဒေသနာအရ အားဖြင့်။ (သီ၊ သျှာ မူ) ဝါ၊ တနည်း။ အဘိဓမ္မပရိယာယေ၊ အဘိဓမ္မာဒေသနာတော်၌။ ဣန္ဒခီလာ နိက္ခမိတွာ၊ တံခါးခုံမှထွက်၍။ ဗဟိ၊ အပြင်ပဖြစ်သော။ (၇၀) ယံ ဌာနံ၊ အကြင်အရပ်သည်၊ အတ္ထိ၊ ရှိ၏။ တံ သဗ္ဗံ၊ အလုံးစုံသောဤအရပ်သည်။ အရညံ၊ တောမည်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ ဣမသ္မိံ ပန၊ ဤအရညကင် မှတင် ပဋ္ဌာပတ်အရာ၌။ သုတ္တန္တိကပရိယာယေန၊ သုတ္တန်ဒေသနာအရ အားဖြင့် (သီ၊ သျှာ-မူ) ဝါ၊ တနည်း။ သုတ္တန္တိကပရိယာယေ၊ သုတ္တန် ဒေသနာတော်၌။ ပဉ္စဓနုသတိကံ၊ ရွာမှကုလလေးတာ အပြန်ငါးရာရှိသော။ သေနာသနံ၊ ကျောင်းသည်၊ အာရညကံ နာမ၊ ရွာနှင့်အနီးဆုံးတော ကျောင်းမည်၏။ ဣတိ၊ ဤသို့။ အာရညကသိက္ခာပဒေ၊ အာရညကသိက္ခာပုဒ်၌။ အာရညိကံ ဘိက္ခုံ သန္ဓာယ၊ တောကျောင်းနေ ရဟန်းကိုရည်၍။ အာဂတံ၊ လာသော။ ယံ ပမာဏံ၊ အကြင် အတိုင်းအရှည် ပမာဏသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤပမာဏသည်သာလျှင်။ လက္ခဏံ၊ မှတ်သင့်မှတ်ထိုက်သော လက္ခဏာပေတည်း။ (ပါဠိကြွင်းနှင့်တကွ အနက်ပေးထားသည်။) ပစ္ဆိမံ၊ နိမ့်စွာအဆုံးဖြစ်သော။ ပဉ္စဓနုသတိကံ၊ ကုလလေးတာ အပြန်ငါးရာရှိသော ကျောင်းသည်။ အာရညကံ နာမ သေနာသနံ၊ တောကျောင်းမည်၏ တံ၊ ထိုကုလလေးတာ အပြန်ငါးရာရှိသော တောကျောင်းကို။ အာရောပိတေန အာစရိယဓနုနာ၊ တင်ထားသောညှို့ရှိသော အတတ်ဆရာ၏ လေးဖြင့်။ ပရိက္ခိတ္တဿ ဂါမဿ၊ အရံအတားရှိသောရွာ၏။ ဣန္ဒခီလတော ပဋ္ဌာယ၊ တံခါးခုံမှစ၍။ အပရိက္ခိတ္တဿ ဂါမဿ၊ အရံအတားမရှိသောရွာ၏။ ပဌမလေဍ္ဍုပါတတော၊ ပထမခဲတကျအရပ်မှစ၍။ ယာဝ၊ ဝိဟာရပရိက္ခေပါ၊ ကျောင်း၏အရံတိုင်အောင်။ မိနိတွာ ဝဝတ္ထပေတဗ္ဗံ၊ တိုင်းတာ၍ ပိုင်းခြားမှတ်သားအပ်၏။

ပန၊ သို့မဟုတ်၊ ဝိဟာရော၊ ကျောင်းတိုက်သည်။ ဝါ၊ ကျောင်းတိုက်မှ။ သစေ အပရိက္ခိတ္တော ဟောတိ၊ အကယ်၍ အရံအတားမရှိခြားအံ့။ ဝါ၊ အရံအတားမရှိပါမူ။ သဗ္ဗပဌမံ၊ အလုံးစုံတို့၏ ရှေးဦးစွာ။ ယံ သေနာသနံ ဝါ၊ အကြင်ကျောင်းသည်လည်းကောင်း။ ဝါ၊ အကြင်ကျောင်းဖြစ်စေ။ ယာ ဘတ္တသာလာ ဝါ၊ အကြင်ဆွမ်းစားကျောင်းသည်လည်းကောင်း။ ဝါ၊ အကြင်ဆွမ်းစားကျောင်းဖြစ်စေ။ ယံ ဓုဝသန္နိပါတဋ္ဌာနံ ဝါ၊ အကြင်အမြဲစည်းဝေးရာအရပ်သည်လည်းကောင်း။ ဝါ အမြဲစည်းဝေးရာအရပ်ဖြစ်စေ။ ယော ဗောဓိ ဝါ၊ အကြင်ဗောဓိပင်သည်လည်းကောင်း။ ဝါ၊ အကြင်ဗောဓိပင်ဖြစ်စေ။ ယံ စေတိယံ ဝါ၊ အကြင်စေတီသည်လည်းကောင်း။ ဝါ၊ အကြင်စေတီဖြစ်စေ။ အတ္ထိ၊ ရှိ၏။ သေနာသနတော၊ ကျောင်းမှ။ ဒူရေ၊ ဝေးသောအရပ်၌။ စေပိ ဟောတိ၊ အကယ်၍ဖြစ်ခဲ့စေကာမူ။ တံ၊ ကျောင်းဆောင်, ဆွမ်းစားကျောင်း စသော

ထိုအရပ်ကို။ ပရိစ္ဆိန္ဒ ကတွာ၊ အပိုင်းအခြားပြု၍။ မိနိတဗ္ဗန္တိ၊ တိုင်းတာအပ်သည်ဟု။ ဝိနယဋ္ဌကထာသု၊ ဝိနည်းအဋ္ဌကထာတို့၌။ ဝုတ္တံ၊ ဆိုအပ်၏။ မဇ္ဈိမဋ္ဌကထာယံ ပန၊ မဇ္ဈိမနိကာယ် အဋ္ဌကထာ၌မူကား။ ဂါမသာ၊ ရွာ၏။ ဥပစာရံ ဣတ၊ ဥပစာကဲ့သို့။ ဝိဟာရဿပိ၊ အရံမရှိသောကျောင်း၏လည်း။ ဥပစာရံ၊ ဥပစာကို။ ကာကန္ဒဝါရမောနေ၊ ကျိုးခြောက်နည်း ခဲတကျဖြင့်။ နီဟရိတွာ၊ ဆောင်၍။ ဥဘိန္နံ လေဍ္ဍုပါတာနံ အန္တရာ၊ ရွာနယ် ကျောင်းနယ်မှ ပစ်သော ခဲကျရာ အရပ်နှစ်ခုတို့၏ အကြား၌။ မိနိတဗ္ဗန္တိ၊တိုင်းတာအပ်၏ဟု။ ဝုတ္တံ၊ ဆိုအပ်၏။ ဣဒံ၊ ဤမဇ္ဈိမနိကာယ်အဋ္ဌကထာစကားသည်သာလျှင်။ဧတ္ထ၊ ဤတောကျောင်းအကွာအဝေးကို တိုင်းတာရာ၌။ ပမာဏံ၊ ပမာဏပေတည်း။ (ပမာဏဟူသော စကားသည် လောကီကျမ်းဆရာတို့ အလေး အမြတ်ပြုအပ်သော စကာ ဖြစ်သည်၊ မှန်ပေ၏။ ချာသကျမ်း၌ မှန်စွာသိမြင် ဆုံးဖြတ်နိုင်ခြင်း၏ အကြောင်းဖြစ်သောဤပမာဏကို... ၁၊ ပစ္စက္ခ=မျက်မြင်ကိုယ်တွေ့ဖြစ်ခြင်း, ၂။ အနုမိတိ, အနုမာန=မျက်မြင်နှင့် နှိုင်းဆခြင်း, ၃။ ဥပမာဏ=ပုံတူဥပမာ, ၄။ သတ္တ=ခိုင်လုံသောကျမ်းဂန်အဆိုရှိသော စကားဟူ၍ လေးပါးပြဆိုထားလေသည်။ ဤအရာ၌ စဘုဋ္ဌ=သေးနံပါတ်အရ ခိုင်လုံသောကျမ်းဂန်စကားဟု ဆိုနိုင်၏။)

ဂါမော၊ ရွာသည်။ အာသန္နော၊ အနီး၌။ သစေပိ ဟောတိ၊ အကယ်၍ဖြစ်စေကာမူ။ ဝိဟာရေ ဌိတေဟိ၊ ကျောင်း၌ တည်ကုန်သောသူတို့သည်။ ဝါ၊ ကျောင်း၌တည်ကုန်လျက်။ မာနုသကာနံ သဒ္ဒေါ၊ ရွာသူရွာသားတို့၏အသံကို။ သစေပိ သုယျတိ၊ အကယ်၍ ကြားရစေကာမူ။ ပန၊ ထိုသို့ပင် နီးငြားသော်လည်း။ ပဗ္ဗတနဒီအာဒီဟိ၊ တောင်, မြစ် စသည်တို့သည်။ အန္တရိတတ္တာ၊ ပိုင်းခြားနေသောကြောင့်။ ဥဇုံ ဂန္တုံ၊ အဖြောင့်အားဖြင့်သွားရန်။ သစေပိ န သက္ကာ၊ အကယ်၍လည်း မစွမ်းနိုင်ငြားအံ့။ တဿ ဂါမဿ၊ ထိုရွာ၏။ ယော ပကတိမဂ္ဂေါ၊ အကြင်ခရီးသွားရိုးသွားစဉ်လမ်းသည်၊ ဟောတိ၊ ဖြစ်၏။ နာဝါယ၊ လှေဖြင့်။ သဉ္စရိတဗ္ဗော၊ ကူးသွားအပ်သည်။ သစေပိ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ တေန မဂ္ဂေန၊ ထိုသွားရိုး သွားစဉ် လမ်းဖြင့်သာလျှင်။ ပဉ္စဓနုသတိကံ၊ ကုသလေးတာ အပြန့်ငါးရာကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ပန၊ သို့သော်လည်း။ ယော အာသန္နော၊ အကြင်ရာနီးသည်။ အာသန္နဂါမဿ၊ ရွာ၏ နီးသော လမ်းကို။ အင်္ဂသမ္ပာဒနတ္ထံ၊ ဘောဂအင်္ဂါ တာငါးရာ ပြည့်စုံစေခြင်းငှာ။ တတော တတော၊ ထိုထိုအရပ်မှ။ မဂ္ဂံ၊ လမ်းကို။ ပိဒဟတိ၊ ပိတ်ဆို့ငြားအံ့။ အယံ၊ ဤလမ်းပိတ်ဆို့သော ရဟန်းသည်။ ဓုတင်္ဂစောရော ဟောတိ၊ ဓုတင်ခိုးသူမည်၏။

အာရညိကဿ ဘိက္ခုနော၊ တောရဓုတင်ဆောင် ရဟန်း၏။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ်သည်လည်းကောင်း။ ဝါ၊ ဥပဇ္ဈာယ်ဖြစ်စေ၊ အာစရိယော ဝါ၊ ဆရာသည်လည်းကောင်း။ဝါ၊ ဆရာသည်ဖြစ်စေ။သစေ ဂိလာနော ဟောတိ၊ အကယ်၍ မကျန်းမမာဖြစ်ငြားအံ့။ ဝေ သတိ၊ ဤသို့ဖြစ်ခဲ့သော်။ အရညေ၊ တောကျောင်း၌။ သပ္ပါယံ၊ လျောက်ပတ်သော ဆေးပစ္စည်း စသည်ကို။ အလဘန္တေန၊ မရသော။ တေန ဘိက္ခုနာ၊ ထိုတောရ ဓုတင်ဆောင်ရဟန်းသည်။ ဂိလာနော၊ မကျန်းမမာသော ဆရာဥပဇ္ဈာယ်ကို(ထည့်)။ ဂါမန္တသေနာသနံ၊ ရွာကျောင်းသို့။ နေတွာ၊ ပင့်ဆောင်၍။ ဥပဋ္ဌာတဗ္ဗော၊ ပြုစုအပ်၏။ ပန၊ သို့သော်လည်း။ ကာလဿေဝ၊ နံနက်စောစောကပင်လျှင်။ နိက္ခမိတွာ၊ ရွာကျောင်းမှ ထွက်ခဲ့၍၊ အင်္ဂယုတ္တဋ္ဌာနေ၊ တောရ အင်္ဂါ လောက်ရာအရပ်၌။ အရုဏံ ဥဋ္ဌာပေတဗ္ဗံ၊ အရုဏ်တက်စေအပ်၏။ အရုဏုဋ္ဌာနဝေလာယံ၊ အရုဏ်တက်ချိန်အခါ၌။ သေံတ အာဗာဓော၊ ထိုဆရာဥပဇ္ဈာယ်တို့၏ အနာရောဂါသည်။ သစေ ဝဍ္ဍတိ၊ အကယ်၍ တိုးခဲ့သည်ဖြစ်အံ့။ (ပေံ သန္တေ၊ ဤသို့ အရုဏ်တက်ချိန်အခါ အနာတိုးခဲ့သော်)။ တေသံ ယေဝ၊ ထိုဥပဇ္ဈာယ်ဆရာတို့၏သာလျှင်။ ကိစ္စံ၊ ဆေးဝါး၌ ပြုစုလုပ်ကျွေးဖွယ်ကိစ္စကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဓုတင်္ဂဝိသုဒ္ဓိကေန၊ ဓုတင်ကို သုတ်သင်ခြင်း၌ ကြောင့်ကြပြုသည်။ န ဘဝိတဗ္ဗံ၊ မဖြစ်ရာ။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုအာရညကင်ဓုတင်ဆောင် ရဟန်း၏။ ဝိဓာနံ၊ ကျင့်ပုံအစီအရင် ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်မူကား။ အယမ္ပိ၊ ဤအာရညကင် ဓုတင်ဆောင် ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌေန၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ သဗ္ဗကာလံ၊ ခဆောင်း, နွေ,မိုး, ဥတုဟူသော အခါခပ်သိမ်း။ အရညေ၊ တော၌။ အရုဏံ ဥဋ္ဌာပေဗ္ဗံ၊ အရုဏ် တက်စေအပ်၏။ မဇ္ဈိမော၊ မဇ္ဈိုမပုဂ္ဂိုလ်သည်။ စတ္တာရော ဝဿိကေ မာသေ၊ မိုးလေးလပတ်သုံး။ ဂါမန္တေ၊ ရွာကျောင်း၌။ ဝသိတုံ လဘတိ၊ နေခြင်းငှာရ၏။ မုဒုကော၊ မုဒုပုဂ္ဂိုလ်သည်။ ဟေမန္တိကေပိ၊ ဆောင်းလေးလတို့ပတ်လုံးလည်း။ ဂါမန္တေ ဝသိတုံ လဘတိ၊ ရွာကျောင်း၌ နေခြင်းငှာရ၏။ ဣတိ၊ ဤသည်ကား အာရညကင် ဓုတင်ဆောင်ပုဂ္ဂိုလ်၏ အပြားပေတည်း။

ပန၊ ထို့မှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင်သည်။ ယထာ ပရိစ္ဆိန္နေ ကာလေ၊ အကြင်အကြင် ပိုင်းခြားတိုင်းသော ဥက္ကဋ္ဌအား သုံးရတု, မဇ္ဈိုအား နှစ်ရတု,မုဒုအား ဂိမှန္တရတု၌။ (ဤကား မဟာဋီကာအလို) ဝါ၊မုဒုအား ပိုင်းခြားတိုင်းသော ဂိမှရတု၌။ (ဤကား စူဠဋီကာအလို။ အကြောင်းကား ..ဤသို့တည်း။ ပံသုကူလ၌ တံမျက်ချေးစု စသည်တို့၌ ယူသည်၌သော် ဥက္ကဋ္ဌကျ၍ မဇ္ဈိုမဖြစ်၏၊ ဓုတင်မပျက်သေးပါ။

ပါဒမူလိကကို ယူသည်ရှိသော် မဏ္ဍုံကျ၍ မုဒ္ဒဖြစ်၏ ဤသည်လည်း ရှုတင်မပျက်
သေး။ မုဒ္ဒအားလည်း ပျက်ကောင်းသော ဂဟပတိဒါနကို ယူမှုသာလျှင်
သုံးပါးကျကောင်းသကဲ့သို့ ဤ၌ မုဒ္ဒပျက်မှု အလျဉ်းမရေ။ သေသပျက်သော်
လည်း အောက်ထစ်ခံသေး၏ ဟူလို။ သို့သော်လည်း မဟာဋီကာနည်းကိုသာ
ဆရာကြီးတို့ မိန့်သတည်း။ပြည်မူ) အရညတော အာဂန္တွာ၊ တော မှလာ၍။ ဂါမန္တ-
သေနာသနေ၊ ရွာကျောင်း၌။ ဓမ္မဿဝနံ သုဏန္တာနံ၊ တရားနာနေကုန်စဉ်။
အရုဏော ဥဋ္ဌိတေပိ၊ အရုဏ်တက်ငြားသော်လည်း။ န ဘိဇ္ဇတိ၊ မပျက်။ သုတွာ
ဂစ္ဆန္တာနံ၊ တရားနာပြီး၍ သွားကုန်လတ်သော်။ အန္တရာမဂ္ဂေ၊ လမ်းခုလတ်၌။
ဥဋ္ဌိတေပိ၊ အရုဏ်တက်သော်လည်း။ န ဘိဇ္ဇတိ၊ မပျက်။ ပန၊ သို့သော်။ ဓမ္မ-
ကထိကေ ဥဋ္ဌိတေပိ၊ တရားဟောပုဂ္ဂိုလ် ထသွားပြီးသော်လည်း။ မုဟုတ္တံ
နိပဇ္ဇိတွာ၊ တမုဟုတ်တအောင့်လောက်အိပ်ပြီး၍။ ဂမိဿာမ ဣတိ သွားကုန်အံ့
ဟု။ စိန္တေတွာ၊ ကြံလျက် (ထည့်)။ နိဒ္ဒါယန္တာနံ၊ အိပ်ပျော်နေကုန်စဉ်။ သစေ
အရုဏံ ဥဋ္ဌဟတိ၊ အရုဏ်တက်ငြားအံ့။ ဝါ၊ ထိုသို့မဟုတ်လျှင်။ အတ္တနော
ရုစိယာ၊ ရွာကျောင်း၌ နေလိုသော မိမိအလိုအားဖြင့်။ ဂါမန္တသေနာသနေ၊ ရွာ
ကျောင်း၌။သစေ အရုဏံ ဥဋ္ဌာပေန္တိ၊အရုဏ်ကို တက်စေကုန်ငြားအံ့။ ဓုတင်္ဂံ၊
ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသည်ကား အပြီးတည်း။ အယံ၊
ဤသည်ကား။ ဧတ္ထ၊ ဤအာရညကင် ဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းတည်း။

(၇၁) အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိ
သင်ပေတည်း။ အာရညိကော ဘိက္ခု၊ အာရညကင် ဓုတင်ဆောင်ရဟန်းသည်။
အရညသညံ မနသိကရောန္တော၊ တောဟူသောအမှတ်ကို နှလုံးသွင်းလျက်။
အလဒ္ဓံ ပါ သမာဓိံ၊ မရသေးသော သမာဓိကိုလည်း။ ပဋိလဒ္ဓုံ၊ ရခြင်းငှာ။
လဒ္ဓံ ဝါ သမာဓိံ၊ ရပြီးသော သမာဓိကိုလည်း။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်း
ငှာ။ ဘဗ္ဗော ဟောတိ၊ ထိုက်၏။ သတ္ထာပိ၊ မြတ်စွာဘုရားသည်လည်း။ အဿ၊
ထိုတောနေရဟန်းအား။ အတ္တမနော ဟောတိ၊ ဝမ်းမြောက်တော်မူ၏။
ယထာဟ၊ ဘုရားဘယ်သို့ဟောတော်မူသနည်းဟူမူကား—"နာဂိတ၊ ချစ်သား
နာဂိတ။ တဿ ဘိက္ခုနော၊ ထိုတောနေရဟန်း၏။ အရည ဝိဟာရေန၊
ထိုသို့ တောနေခြင်းဖြင့်။ အဟံ၊ ငါဘုရားသည်။ အတ္တမနော ဟောမိ၊
ဝမ်းမြောက်ပေ၏"။ ဣတိ၊ ဤသို့။ အာဟ၊ ဟောကြားတော်မူ၏။ ပန္တသေ-
နာသနဝါသိနော၊ အစွန်ကျ၍ ဝေးကွာလှသော တောကျောင်း၌ နေလေ့ရှိ
သော။ အဿ၊ ထိုရဟန်း၏။ စိတ္တံ၊ စိတ်ကို။ အသပ္ပါယရူပါဒယော၊ မလျောက်
ပတ်သော ရူပါရုံစသည်တို့သည်လည်း။ န ဝိက္ခိပန္တိ၊ မပျံ့လွင့်စေနိုင်ကုန်။ ဝိဂတ-
သန္တာသော ဟောတိ၊ ထိတ်လန့်ခြင်းကင်း၏။ ဇီဝိတနိကန္တိံ ဇဟတိ၊ အသက်

၌ တွယ်တာသော နိကန္တိကိုလည်း ပယ်စွန့်နိုင်၏။ ပဝိဝေကသုခရသံ၊ ဆိတ်ငြိမ်ရာအရပ်၌ နေခြင်းကြောင့်ဖြစ်သော ချမ်းသာဟူသော အရသာကိုလည်း။ အဿာဒေတိ၊ ခံစားရ၏။ ပံသုကူလိကာဒိဘာဝေါပိ၊ ပံ့သကူဓုတင်ဆောင်စသည်တို့ အဖြစ်ဟူသော ကြွင်းသောဓုတင် တဆယ့်နှစ်ရပ်သည် လည်း။ အဿ၊ ထိုတောနေရဟန်းအား။ ပတိရူပေါ ဟောတိ၊ သင့်လျော်လျောက်ပတ်ပေ၏။ ဣတိ၊ ဤသည်ကား အာရညကင် ဓုတင်၏ အကျိုးအာနိသင်ပေတည်း။

ပဝိဝိတ္တော၊ ဆိတ်ငြိမ်သော ကိုယ်စိတ်ရှိသော။ အသံသဋ္ဌော၊ လူသူတို့နှင့် မရောနှောသော။ ပန္တသေနာသနေ၊ အစွန်းကျသော တောကျောင်း၌။ ရတော်၊ မွေ့လျော်သော။ ဝနဝါသေန၊ တောရနေခြင်းဖြင့်။ နာထဿ၊ မြတ်စွာဘုရား၏။ မာနသံ၊ စိတ်နှလုံးတော်ကို။ အာရာဓယန္တော၊ အားရနှစ်သက်စေနိုင်သော—

ယတိ၊ ရဟန်းသည်။ အရညေ၊ တောကျောင်း၌။ ဧကော၊ တပါးတည်း။ နိဝသံ-နိဝသန္တော၊ နေသည်ဖြစ်၍။ ယံ သုခံ၊ အကြင်ဝိဝေကချမ်းသာကို။ လဘတေ၊ ရ၏။ တဿ၊ ထိုတောရနေရဟန်း၏။ တံ ရသံ၊ ထိုသို့သော ဝိဝေကချမ်းသာကို။ သဒေဝကာ၊ သိကြားမင်းနှင့်တကွကုန်သော။ ဒေဝါ အပိ၊ နတ်တို့သော်လည်း။ န ဝိန္ဒန္တိ၊ မရကြ, မခံစားကြရကုန်။

(ကဝစံ၊ ချပ်ဝတ်တန်ဆာကို။ ဓာရယံ-ဓာရယန္တော၊ ဝတ်ဆင်လျက်။ သဝါဟနော၊ ဆင်တပ် မြင်းတပ်နှင့်ဝ-ကွ။ သင်္ဂါမဂတော၊ စစ်မြေပြင်သို့ ရောက်သော။ ခတ္တိယော၊ မင်းသည်။ ဝေရိ၊ တဘက်ရန်ကို။ ဇေတုံ၊ အောင်ခြင်းငှာ။ သမတ္ထော ဝိယ၊ စွမ်းနိုင်သကဲ့သို့)။ ပံသုကူလဥ္စ၊ ပံ့သကူဟူသော ချပ်ဝတ်တန်ဆာကိုလည်း။ ဓာရယံ-ဓာရယန္တော၊ ဝတ်ဆင်လျက်။ အာရညိကဝါဟနော၊ အာရညကင်ဟူသော ဆင်တပ် မြင်းတပ်ရဲမက်နှင့်တကွ။ အဝသေသဓုတာယုဓော၊ ပံ့သကူ အာရညကင်မှကြွင်းသော ဓုတင်ဟူသော အယူးတူးသော လက်နက် စုံကိုင်လျက်။ အရညသင်္ဂါမဂတော၊ တောကျောင်းဟူသော စစ်မြေပြင်သို့ ရောက်နေသော။ ယောဝ၊ ဤအရညကင် ဓုတင်ဆောင် ရဟန်းသည်သာလျှင်—

တနည်း။ ပသုကူလဥ္စ၊ ပံ့သကူသင်္ကန်းကိုလည်း။ ကဝစံ ဝိယ၊ ချပ်ဝတ်တန်ဆာကဲ့သို့။ ဓာရယံ-ဓာရယန္တော၊ ဝတ်ဆင်လျက်။ အဝသေသဓုတာယုဓော၊ ကြွင်းသော ဓုတင်ဟူသော လက်နက်ရှိသည်ဖြစ်၍။ အရညသင်္ဂါမဂတော၊ တောရတည်းဟူသော စစ်မြေပြင်သို့ ဝင်ရောက်သော။ ယောဝ၊ ဤရဟန်းသည်သာလျှင်—

သဝါဟိနိ ံ၊ စစ်တပ်နှင့်တကွသော။ မာရံ၊ ကိလေသာမာန်ကို။ နိရသေ၀၊ မကြာမြင့်မီပင်လျှင်။ ဧတံ၊ အောင်ခြင်းငှာ။ သမတ္ထော၊ စွမ်းနိုင်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ အရညဝါသမှိ၊ တော ကျောင်းနေရခြင်း၌။ ရတိ ံ၊ မွေ့လျော်ပျော်ပိုက်ခြင်းကို။ ကယိရာထ၊ ပြုရာ၏။ ဣတိ၊ ဤကား အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ အာရညိကင်္ဂ၊ အာရညကင် ဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်, အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၄-ရုက္ခမူလိကင်္ဂကထာ

### ရုက္ခမူဓုတင်ကို ပြဆိုချက်

၃၂။ ရုက္ခမူလိကင်္ဂမ္ပိ၊ ရုက္ခမူလိကဓုတင်ကိုလည်း—

“ဆန္နံ ပဋိက္ခိပါမိ”၊ အုတ်ကြွပ် စသော အမိုး ငါးမျိုးဖြင့် မိုးအပ်သော အရိပ် အာဝါသကို ပယ်ပါ၏။ (အမိုးငါးမျိုး ဟူသည်ကား— ၁။ အုတ်ကြွပ် ၂။ ကျောက်ပြား ၃။ အင်္ဂတေ ၄။ သက်ကယ်မြက်။ ၅။ ထန်းရွက်, အင်ဖက် စသော သစ်ရွက်၊ ဤ ငါးမျိုးပင်တည်း) “ရုက္ခမူလိကင်္ဂ ံ သမာဒိယာမိ”၊ သစ်ပင်ရင်း, သစ်ပင်အောက်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည် ပါ၏။

ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤစကားနှစ်မျိုးတွင်။ အညတရဝစနေန၊ တမျိုးမျိုး သော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည်ဖြစ်၏။

ပန၊ ကျင့်ပုံကား။ ရုက္ခမူလိကေန၊ ရုက္ခမူဓုတင်ဆောင်သော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ သီမန္တရိကရုက္ခံ၊ ပြည်ထောင်မင်းနှစ်ပါးတို့၏ တိုင်းပြည် နယ်စပ်၌ ရောက်သော သစ်ပင်ကိုလည်းကောင်း။ စေတိယရုက္ခံ၊ ပူဇော်အပ်သော နတ်စိုးသစ်ပင်ကိုလည်းကောင်း။ နိယျာသရုက္ခံ၊ စေးပင် စသော အစေးအသုံး ဝင်သော သစ်ပင်ကိုလည်းကောင်း။ ဖလရုက္ခံ၊ သရက်, ပိန္နဲ အစရှိသော အသီး သစ်ပင်လည်းကောင်း။ ဝဂ္ဂုလိရုက္ခံ၊ လင်းနို့ရှိသော သစ်ပင်ကိုလည်းကောင်း။ သုသိရရုက္ခံ၊ မြွေ ကင်း စသည် အောင်းနိုင်သည့် အခေါင်းရှိသော သစ်ပင်ကို လည်းကောင်း။ ဝိဟာရမဇ္ဈေ ဌိတရုက္ခံ၊ ကျောင်းတိုက် အလယ်၌ သစ်ပင်ကို လည်းကောင်း။ ဣတိ ဣမေ ရုက္ခေ၊ ဤသစ်ပင်တို့ကို။ ဝိဝဇ္ဇေတွာ၊ ကြဉ်၍။

ဝိဟာရပစ္စန္တေ၊ ကျောင်းတိုက်၏ အစွန်အနား၌။ ဌိတရုက္ခေ၊ တည်သော သစ်ပင်ကို။ ဂဟေတဗ္ဗော၊ ယူအပ်၏။ ဣတိ၊ ဤသည်ကား။ ဝိဓာနံ၊ အစီအရင် ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်မူကား။ အယမ္ပိ၊ ဤရုက္ခမူဓုတင်ဆောင် ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါး တို့တွင်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ယထာစိတရုက္ခံ ဂဟေတွာ၊ အကြင် အကြင် နှစ်သက်အပ်သော သစ်ပင်ကို ယူ၍။ ဝါ၊ သဘောကျ နှစ်သက်ရာသစ်ပင် ကို ယူပြီးလျှင်။ ပဋိဇဂ္ဂါပေတုံ၊ ရှင်းလင်း သုတ်သင်ခြင်းငှာ။ န လဘတိ၊ မရ။ ပဏ္ဏသဋံ၊ ကြွေကျနေသော သစ်ရွက်အပေါင်းကို။ ပါဒေန အပဒနေတွာ၊ ခြေဖြင့် ဖယ်ရှား၍။ ဝသိတဗ္ဗံ၊ နေရာ၏။ မဇ္ဈိမော၊ မဇ္ဈိုမပုဂ္ဂိုလ်သည်။ တံ ဌာနံ၊ ထိုသစ်ပင် အောက်အရပ်သို့။ သမ္ပတ္တေဟိယေဝ၊ ရောက်လာသော သူတို့ကိုသာလျှင်။ ပဋိ- ဇဂ္ဂါပေတုံ၊ သုတ်သင်ရှင်းလင်းစေခြင်းငှာ။ လဘတိ၊ ရ၏။ မုဒုကော ပန၊ မုဒုပုဂ္ဂိုလ် သည်ကား။ အာရာမိကသမဏုဒ္ဒေသေ ပက္ကောသိတွာ၊ အရာမ်စောင့် ဒါယကာ များနှင့် သာမဏေတို့ကို ခေါ်ယူလျက်။ သောဓာပေတွာ၊ သုတ်သင် ရှင်းလင်း စေ၍။ သမံ ကာရာပေတွာ၊ အညီအညွတ်ပြုစေ၍။ ဝါလုကံ ဩကိရာပေတွာ၊ သဲဖြူခင်းစေ၍။ ပါကာရပရိက္ခေပံ ကာရာပေတွာ၊ စောင်းရမ်းအကာအရံကို ပြုစေ၍။ (၇၂) ဒွါရံ ယောဇာပေတွာ၊ တံခါးတပ်စေ၍။ ဝသိတဗ္ဗံ၊ နေအပ်၏၊ နေရာ၏။ မဟာဒိဝသေ၊ ပူဇော်ပွဲနေ့၌။ ရုက္ခမူလိကေန၊ ရုက္ခမူဓုတင်ဆောင်ရဟန်း သည်။ တတ္ထ အနိသီဒိတွာ၊ ထိုသစ်ပင်အောက်၌ မနေမူ၍။ အညတ္ထ၊ တပါး သော။ ပဋိစ္ဆန္နေ ဌာနေ၊ ဖုံးလွှမ်းကွယ်ဝှက်ရာအရပ်၌။ နိသီဒိတဗ္ဗံ၊ နေအပ်၏၊ နေရာ၏၊ နေသင့်၏။

ပန၊ ထိုမှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးတို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင် သည်။ ဆန္နေ၊ အုတ်ကြွပ် စသည်ဖြင့် မိုးအပ်သောအရိပ်၌။ ဝါသံ ကပ္ပိတက္ခဏေ၊ နေလိုသော ဆန္ဒဖြင့်ဝင်၍ နေခြင်းကိုပြုသောခဏ၌။ ဘိဇ္ဇတိ၊ပျက်၏။ဇာနိတွာ၊ သိလျက်။ ဆန္နေ၊ အမိုးအောက်၌။ အရုဏံ ဥဋ္ဌာပိတမတ္တေ၊ အရုဏ်တက်စေ ကာမျှ၌။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာ- ဏကာ၊ အင်္ဂုတ္တရနိကာယ်ဆောင်တို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ အယံ၊ ဤသည် ကား။ ဧတ္ထ၊ ဤရုက္ခမူဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။ ရုက္ခမူလသေနာသနံ နိဿာယ၊ သစ်ပင်ရင်းတည်းဟူသော ကျောင်းကို အမှီပြု ၍။ ပဗ္ဗဇ္ဇာ၊ ရဟန်း၏အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုရဟန်းအဖြစ်၌။ တေ၊ သင်ရဟန်း၏။ ဝါ၊ သင်ရဟန်းအား။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌ တည်နေသမျှကာလပတ်လုံး။ ဥဿာဟော ကာတဗ္ဗော၊ အားထုတ်အပ်၏။ ဣတိ၊

ဤသို့။ ဝစနတော၊ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်။ နိဿယာ-နုရူပပဋိပတ္တိသဗ္ဘာဝေါ၊ တတိယနိဿယ အားလျော်သောအကျင့်ရှိသည်၏အဖြစ် သည်လည်းကောင်း။ အပ္ပါနိစေဝ၊ အဖိုးလည်း နည်းကုန်၏။ သုလဘာနိ စ၊ ရလည်း ရလွယ်ကုန်၏။ တာနိ၊ ထိုအဖိုးနည်း၍ ရလွယ်သော ကျောင်းတို့သည်။ အနဝဇ္ဇာနိ၊ အပြစ်လည်း ကင်းကုန်၏။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သံဝဏ္ဏိတပစ္စယတာ၊ ချီးမွမ်းအပ်သော ပစ္စည်းရှိသည်၏ အဖြစ်သည်လည်း ကောင်း။ အဘိဏှံ၊ မပြတ်။ တရုပဏ္ဏဝိကာရဒဿနေန၊ သစ်ရွက်တို့၏ မပြတ် ပြောင်းလဲ ဖောက်ပြန်ခြင်းကို မြင်ရသဖြင့်။ တနည်း။ အဘိဏှံ တရုပဏ္ဏဝိကာရ-ဒဿနေန၊ သစ်ရွက်တို့၏ မပြတ် ပြောင်းလဲ ဖောက်ပြန်ခြင်းကို မြင်ရသဖြင့်။ အနိစ္စသညာသမုဋ္ဌာပနတာ၊ အနိစ္စသညာကို ဖြစ်စေနိုင်သည်၏အဖြစ်လည်း ကောင်း။ သေနာသနမစ္ဆရိယကမ္မာရာမတာနံ အဘာဝေါ၊ ကျောင်း၌ ဝန်တို သည်၏အဖြစ်, အမှုသစ်တို့၌ မွေ့လျော်သည်၏အဖြစ်တို့၏ မရှိခြင်းလည်း ကောင်း။ ဒေဝတာဟိ၊ ရုက္ခစိုးနတ်တို့နှင့်။ သဟဝါသိတာ၊ အတူနေရသည်၏ အဖြစ်လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်း=အပ္ပိစ္ဆတာ စသည်တို့ အား။ အနုလောမဝုတ္တိတာ၊ လျော်သော အကျင့်ရှိသည်၏ အဖြစ်လည်း ကောင်း။ ဣတိ၊ ဤကား ရုက္ခမူဓုတင်၏ အကျိုးအာနိသင်ပေတည်း။

ဗုဒ္ဓသေဋ္ဌေန၊ ဘုရားမြတ်စွာသည်။ ဝဏ္ဏိတော၊ အဖိုးလည်း နည်း ကုန်၏ စသည်ဖြင့် ချီးမွမ်းအပ်သော။ နိဿယော တိ စ ဘာသိတော၊ ရဟန်းအဖြစ်၏ မှီရာ နိဿယဟူ၍လည်း ဟောတော်မူအပ်သော (ဤ ဂိသေသနပုဒ်တို့ကို နိဝါသောဟူသော ဝိသေသပုဒ်နှင့် စပ်ပါ) ရုက္ခမူလသမော၊ သစ်ပင်ရင်းနှင့် တူသော (ဤ ဝိသေသနပုဒ်ကိုလည်း နိဝါသော ဂိသေသျပုဒ်နှင့်ပင် စပ်ပါ။) ပဝိဝိတ္တသ္သ၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိသော ယောဂီ၏။ နိဝါသော၊ နေရာသည်၊ ကုတော အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ တနည်း။ အဿ၊ ထိုယောဂီ၏။ ပဝိဝိတ္တော၊ ဆိတ်ငြိမ်သော။ နိဝါသော။ နေရာသည်။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိအံ့နည်း။ (ဤအလို ပဝိဝိတ္တဿကို ပဝိဝိတ္တော အဿဟူ၍ ပုဒ်ဖြတ်။)

ဟိ၊ အကြောင်းသော်ကား။ အာဝါသမစ္ဆေရဟရေ၊ အာဝါသ-မစ္ဆရိယကို ပယ်ဖျောက်ရာဖြစ်သော။ ဒေဝတာ ပရိပါလိတေ၊ ရုက္ခစိုးနတ် တို့သည် စောင့်ရှောက်အပ်သော။ ပဝိဝိတ္တေ၊ (ဤပုဒ်ကို ရုက္ခမူလမှိ၌ စပ်ပါ)။ ရုက္ခမူလမှိ၊ လူသူ ကင်းဆိတ်သော သစ်ပင်ရင်း၌။ ဝသန္တော၊ နေသော။ သုဗ္ဗတော၊ ကောင်းသော အကျင့်ရှိသော ယောဂီသည်။ (ပဿန္တော ပနုဒတိ ပုဒ်တို့နှင့် စပ်) အဘိရတ္တာနိ၊ နုသောအခါ စက်စက် နီကုန်သော။ နီလာနိ၊ ရင့်သောအခါ စိမ်းကြကုန်သော။ ပဏ္ဍူနိ၊ မှည့်

သောအခါ၌ရော်ကုန်သော။ ပတိတာနိ စ၊ အညာမှ ကြွေကျကုန်သော။ တချပဏ္ဏာနိ၊ သစ်ရွက်တို့ကို။ ပဿန္တော၊ တွေ့မြင်ရသည်ဖြစ်၍။ နိစ္စသညံ၊ မြဲသည်ဟု ထင်သော သညာကို။ ယသ္မာ၊ အကြင်ကြောင့်။ ပနုဒတိ၊ ပယ်ဖျောက်နိုင်၏။

တသ္မာ ဟိ၊ ထိုကြောင့်ပင်လျှင်။ ဗုဒ္ဓဒါယဇ္ဇံ၊ မြတ်စွာဘုရား၏ အမွေတော် ဖြစ်သော။ ဝါ၊ ဗုဒ္ဓဒါယဇ္ဇံ၊ ဖွားတော်မူရာ ပွင့်တော်မူရာ ဓမ္မစကြာတရားဟောတော်မူရာ ပရိနိဗ္ဗာန်စံတော်မူရာအခါတို့၌ မှီဝဲအပ်သော ပစ္စည်းဖြစ်၍ မြတ်စွာဘုရား၏ အမွေတော်ဖြစ်သော။ ဘာဝနာဘိရတာလယံ၊ ဘာဝနာ၌ မွေ့လျော်သော သူတို့၏ နေရာဖြစ်သော။ ဝိဝိတ္တံ၊ ဆိတ်ငြိမ်သော။ ရုက္ခမူလံ၊ သစ်ပင်ရင်းကို။ ဝိစက္ခဏော၊ အမြော်အမြင် ဉာဏ်ပညာနှင့် ပြည့်စုံသော ရဟန်းသည်။ နာဘိမညေယျ၊ မသိမ့်မြင် မပြုပဲ အလေးအမြတ် ပြုရာ၏။ ဣတိ၊ ဤကား အနုသာသနီ ပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ရုက္ခမူလိကင်္ဂ၊ ရုက္ခမူဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်,အပြား ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၁၀–အဗ္ဘောကာသိကင်္ဂကထာ

### အဗ္ဘောကာသိကဓုတင်ကို ပြဆိုချက်

၃၃။ အဗ္ဘောကာသိကင်္ဂမ္ပိ၊ အဗ္ဘောကာသိကဓုတင်ကိုလည်း—

"ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ"၊ အမိုးကိုသည်းကောင်း, သစ်ပင်ရင်းကိုလည်းကောင်း ပယ်၏။ "အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ၊" အမိုးမရှိသော ဟင်းလင်းပြင်အရပ်၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

ဣတိ ဣမေသံ ဒွိန္နံ၊ ဤစကားနှစ်မျိုးတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည်ဖြစ်၏။ ဣတိ၊ ဤသည်ကား ဆောက်တည်ပုံတည်း။ (ဣတိ–ကျေ)။

ပန၊ ကျင့်ပုံ အစီအရင်ကား။ အဗ္ဘောကာသိကဿ၊ အဗ္ဘောကာသိကဓုတင် ဆောင်သော။ ဟဿ၊ ထိုရဟန်းအား။ ဓမ္မဿဝနာယ ဝါ၊ တရားနာခြင်းငှာ လည်းကောင်း။ ဝါ၊ တရားနာရန်ဖြစ်စေ။ ဥပေါသထတ္ထာယ ဝါ၊ ဥပုသ်ပြုခြင်းငှာလည်းကောင်း။ ဝါ၊ ဥပုသ်ပြုရန်ဖြစ်စေ။ ဥပေါသထာဂါရံ၊ ဥပုသ်အိမ်သို့။

ပဝိသိတုံ၊ ဝင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ပဝိဋ္ဌဿ၊ ဝင်ပြီးသော ရဟန်းအား။ ဒေဝေါ၊ မိုးသည်။သစေ ဝဿတိ၊အကယ်၍ရွာအံ့။ ဒေဝဿမာနေ၊ မိုးရွာနေစဉ်။ အနိက္ခမိတွာ၊ မထွက်သေးမူ၍။ ဝဿူပရမေ၊ မိုးစဲသောအခါ၌။ နိက္ခမိတဗ္ဗံ၊ ထွက်အပ်၏။ ဘောဇနသာလံ ဝါ၊ ဆွမ်းစားကျောင်းသို့ဖြစ်စေ၊ အဂ္ဂိသာလံ ဝါ၊ မီးတင်းကုတ်သို့ဖြစ်စေ။ ပဝိသိတွာ၊ ဝင်၍။ ဝတ္တံ ကာတုံ ဝဋ္ဋတိ၊ ဝတ်ပြုခြင်းငှာ အပ်၏။ ဘောဇနသာလာယ၊ဆွမ်းစားကျောင်း၌။ ထေရေ ဘိက္ခူ၊ မထေရ်ကြီး ရဟန်းတို့ကို။ အာပုစ္ဆိတွာ၊ ပန်ကြားရန်အပ်၏။ ဥဒ္ဒိသန္တေန ဝါ၊ ပါဠိသင်ပေးသောဆရာရဟန်းသည်လည်းကောင်း။ ဥဒ္ဒိသာ-ပေန္တေန ဝါ၊ ပါဠိသင်ယူသော တပည့်ရဟန်း သည်လည်းကောင်း။ ဆန္နံ ပဝိသိတုံ ဝဋ္ဋတိ၊ အမိုးအောက်သို့ ဝင်ခြင်းငှာအပ်၏။ ဗဟိ၊ အပြင်ပ၌။ ဒုန္နိ-က္ခိတ္တာနိ မဉ္စပီဌာဒီနိ၊ မကောင်းသဖြင့် ထားအပ်ကုန်သော ညောင်စောင်း အင်းပျဉ် စသည်တို့ကို။ အန္တော ပဝေသိတုံ စ ဝဋ္ဋတိ၊ အတွင်းသို့ သွင်းခြင်းငှာ လည်းအပ်၏။ ဂစ္ဆန္တေန၊ ခရီးသွားသော ရဟန်းသည်။ (၇၃) ဝုဍ္ဎတရာနံ ပရိက္ခာရော၊ သီတင်းကြီးရဟန်းတို့၏ ပရိက္ခရာကို။ သစေ ဂဟိတော ဟောတိ၊ အကယ်၍ ယူထားသည်ဖြစ်အံ့။ ဒေဝေ ဝဿန္တေ၊ မိုးရွာလတ်သော်။ မဂ္ဂမဇ္ဈေ၊ လမ်းလယ်၌။ ဝါ၊ လမ်းပေါ်၌။ ဌိတံ သာလံ၊ တည်သောဇရပ်သို့။ ပဝိသိတုံ ဝဋ္ဋတိ၊ ဝင်ခြင်းငှာ အပ်၏။ ကိဉ္စိ၊ သီတင်းကြီးရဟန်းတို့၏ ပရိက္ခရာတစ်ခုကို။ ဂဟိတံ၊ ယူထားသည်။ သစေ န ဟောတိ၊ မဟုတ်ငြားအံ့။ သာလာယ၊ ဇရပ်၌။ ဌဿာမီတိ၊ ရပ်တည်၍ မိုးခိုအံ့ဟု။ စိန္တေတွာ၊ ကြံ၍ (ထည့်)။ ဝေဂေန န ဝဋ္ဋတိ၊ လျင်သောအဟုန်ဖြင့် သွားခြင်းငှာ မအပ်။ ပန၊ အလျော်ကို ဆိုဦးအံ့။ ပကတိယာ၊ ပြကတေ့သွားရိုး သွားစဉ်ဖြင့်။ ဂန္တွာ၊ သွား၍။ ပဝိဋ္ဌေန၊ ဇရပ်သို့ဝင်ပြီးသော ရဟန်းသည်။ ဝါ၊ ဇရပ်သို့ ဝင်ပြီးလတ်သော်။ ယာဝဿူ-ပရမာ၊ မိုးစဲသည်တိုင်အောင်။ ဌတွာ၊ ဇရပ်၌တည်နေ၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ဣတိ၊ ဤကား အပြီးတည်း။ ဣဒံ၊ ဤဆိုခဲ့ပြီးသည်ကား။ အဿ၊ ထိုအဗ္ဘော-ကာသိကဓုတင်ဆောင်ရဟန်း၏။ ဝိဓာနံ၊ ကျင့်ပုံအစီအရင်ပေတည်း။ ရုက္ခမူလိ-ကဿပိ၊ ရုက္ခမူဓုတင်ဆောင် ရဟန်း၏။ ဝိဓာနေပိ၊ ကျင့်ပုံ အစီအရင်၌လည်း။ (ထည့်)။ ဧသေဝ နယော၊ တရားနာရန်ဖြစ်စေ စသည်ဖြင့်ဆိုခဲ့သော ဤအဗ္ဘော ကာသိကဓုတင်၏ ကျင့်ပုံနည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပဘေဒတော ပန၊ အပြားအားဖြင့်မူကား။ အယမ္ပိ၊ ဤအဗ္ဘောကာသိက ဓုတင်ဆောင် ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌဿ၊ ဥက္ကဋ္ဌပုဂ္ဂိုလ်အား။ ရုက္ခံ ဝါ၊ သစ်ပင်ကိုလည်း ကောင်း။ပဗ္ဗတံ ဝါ၊တောင်ကိုလည်းကောင်း။ဂေဟံ ဝါ၊ အိမ်ကိုလည်းကောင်း။ ဥပနိဿာယ ဝသိတုံ၊ ကပ်မှီ၍နေခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ အဗ္ဘောကာသေ-

ယေဝ၊ ဟင်းလင်းပြင်အချပ်၌သာလျှင်။ စီဝရကုဋ္ဋိံ ကတွာ၊ သင်္ကန်းဖြင့်မိုးသော ကုဋိကိုပြု၍။ဝသိတဗ္ဗံ၊နေအပ်၏။မဇ္ဈိမဿ၊မဇ္ဈိမပုဂ္ဂိုလ်အား။ ရုက္ခပဗ္ဗတဂေဟာနိ၊ သစ်ပင်, တောင်, အိမ်တို့ကို။ ဥပနိဿာယ၊ မှီ၍။ အန္တော အပ္ပဝိသိတွာ၊ အတွင်းသို့ မဝင်ပဲ။ ဝသိတုံ ဝဋ္ဋတိ၊ နေခြင်းငှာ အပ်၏။(သစ်ပင်၏အတွင်း မည်သည် သစ်ပင်ရင်း သစ်ပင်အောက် အရပ်ဟည်း၊ တောင်၏အတွင်း မည်သည် မှာမူ ဘောင်ဝှမ်း တောင်ချိုင့် တောင်ခေါင်းနှင့် တူသော တောင်စွန်း တောင်စွယ် အောက်အရပ်ပေတည်း။ ဋီကာ) မုဒုကဿ၊ မုဒုပုဂ္ဂိုလ်အား။ အစ္စန္နမရိယာဒံ၊ မိုးမယိုအောင် အမိုးအသွင်ဖြင့် ပြုအပ်သော အပိုင်းအခြား မရှိသော။ ပဗ္ဘာရမ္ပိ၊ တောင်ချိုင့် တောင်ဝှမ်းသည် လည်းကောင်း။ သာခါမဏ္ဍပေပိ၊ သစ်ခက်တို့ဖြင့် ကျဲကျဲမိုးသော မဏ္ဍပ်သည်လည်းကောင်း။ ပီဌပဋ္ဋေပိ၊ ကစီတင်သော ဖယောင်းပုဆိုး အမိုးသည်လည်းကောင်း။ ခေတ္တရက္ခကာဒီဟိ၊ လယ်စောင့်သမား စသည်တို့သည်။ ဆဍ္ဍိတာ၊ စွန့်ထားသော။ တတြဌကကုဋိကာပိ၊ ထိုအရပ်၌တည်သော တဲဖုတ်သည် လည်းကောင်း။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသည်ကား အဗ္ဘောကာသိက ဓုတင်ဆောင် ပုဂ္ဂိုလ် အပြားတည်း။

ပန၊ ထိုမှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဝါသတ္ထာယ၊ နေခြင်းအကျိုးငှာ။ ဆန္န ဝါ၊ အမိုးအောက်သို့လည်းကောင်း။ ရုက္ခမူလံ ဝါ၊ သစ်ပင်ရင်းသို့ လည်းကောင်း။ ပဝိဋ္ဌက္ခဏေ၊ ဝင်သောခဏ၌။ ဘိဇ္ဇတိ၊ ပျက်၏။ ဇာနိတွာ၊ ယခုပင် အရုဏ်တက်အံ့ဟုသိလျက်။ (သိလျက်ဟူသည်မှာ–တရားနာခြင်း စသည်အလို့ငှာ အမိုးအောက် သစ်ပင်ရင်းသို့ ဝင်နေစဉ် ယခုပင် အရုဏ် တက်တော့မည်ဟု သိလျက်ဟု ဆိုလိုသည်။ ဋီကာ)။ ဟတ္ထ၊ ထိုအမိုးအောက် သစ်ပင်ရင်း၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပိ-တမတ္တေ၊ တက်စေကာမျှ၌။ ဓုတင်္ဂံ ဘိဇ္ဇတိ၊ ဓုတင်ပျက်၏။ ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာဏကာ၊ အင်္ဂုတ္တရနိကာယ်ဆောင်တို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ အယံ၊ ဤသည် ကား။ ဧတ္ထ၊ ဤအဗ္ဘောကာသိကဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်း ပေတည်း၊

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။ အာဝါသပလိဗောဓုပစ္ဆေဒေါ၊ အာဝါသပလိဗောဓ၏ ပြတ်ခြင်းလည်းကောင်း။ ထိနမိဒ္ဓာပနုဒနံ၊ ထိနမိဒ္ဓကို ပယ်ဖျောက်နိုင်ခြင်း လည်းကောင်း။ “ဘိက္ခဝေါ၊ ရဟန်းတို့သည်။ မိဂါ ဝိယ၊ သမင်တို့ကဲ့သို့။ အသင်္ဂစာရိနော၊ ငြိတွယ်ခြင်းမရှိပဲ သွားကုန်သည်ဖြစ်၍။ အနိကေတာ၊ နေရာကျောင်းမရှိကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကြကုန်၏။ ဣတိ၊ ဤသို့။ ပသံသာယ၊ ချီးမွမ်းခြင်းအား။ အနုရူပတာ၊ လျော်သည်၏အဖြစ်သည်လည်းကောင်း။ နိဿင်္ဂတာ၊ အရိပ်အာဝါသ၌ ငြိတွယ်ခြင်း မရှိသည်၏ အဖြစ်သည် လည်းကောင်း။ စာတုဒ္ဒိ-

သတာ၊ အရပ်လေးမျက်နှာတို့၌အပိတ်အပင်ကင်းသောသွားလာနိုင်ခြင်းရှိသည်၏အဖြစ် လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်း အပ္ပိစ္ဆတာ စသည်ကို့အား။ အနုလောမဝုတ္တိတာ၊ လျော်သော အကျင့်ရှိသည်၏အဖြစ် လည်းကောင်း။ ဣတိ၊ ဤသည်ကား အဗ္ဘောကာသိကဓုတင်၏ အကျိုးအာနိသင်ပေတည်း။

အနာဂါရိကဘာဝဿ၊ အိမ်နေလူတို့၏ အစီးအပွားဖြစ်သော လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စသော အမှုကင်းသော ရဟန်းအဖြစ်အား။ ဝါ၊ အိမ်နေလူတို့၏ စီးပွားရေး အလုပ်အကိုင်မရှိသည့် ရဟန်းအဖြစ်အား။ အနုရူပေ၊ လျော်သော။ အဒုလ္လဘေ၊ ရလွယ်လှစွာသော။ တာရာမဏိဝိတာနမှိ၊ ကြယ်တာရာတို့ဖြင့် ပြီးသည့် ပတ္တမြား မျက်နှာကြက်ရှိသော။ စန္ဒဒီပပ္ပဘာသိတေ၊ လမင်းတည်းဟူသော ဆီမီးခွက်ကြီးဖြင့် ထွန်းလင်းတောက်ပရာဖြစ်သော။

အဗ္ဘောကာသေ၊ ဟင်းလင်းပြင်၌။ ထိနမိဒ္ဓံ ဝိနောဒေတွာ၊ ထိန, မိဒ္ဓကို ပယ်ဖျောက်လျက်။ မိဂဘူတေန၊ သမင်၏ မျက်စိသဖွယ်ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဝသံ-ဝသန္တော၊ နေသော။ ဘာဝနာရာမတံ၊ ဘာဝနာ၌ မွေ့လျော် ပျော်ပိုက်ခြင်းရှိသည်၏ အဖြစ်ကို။ သိတော၊ မှီသော။ ဘိက္ခု၊ ရဟန်းသည်။

ပဝိဝေကရသဿာဒံ၊ ဆိတ်ငြိမ်ခြင်းကြောင့် ဖြစ်သော သာယာဖွယ် ချာန်မင်္ဂဖိုလ်ကို။ န စိရဿေဝ၊ မကြာမီပင်။ ယသ္မာ၊ အကြင်ကြောင့်။ ဝိန္ဒတိ၊ ရ၏။ တသ္မာ ဟိ၊ ထို့ကြောင့်လျှင်။ သပ္ပညော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ အဗ္ဘောကာသရတော သိယာ၊ ဟင်းလင်းပြင်အရပ်၌ မွေ့လျော် ပျော်ပိုက်သည် ဖြစ်ရာ၏။ ဣတိ၊ ဤသည်ကား အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ အဗ္ဘောကာသိကင်္ဂေ၊ အဗ္ဘောကာသိကဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်,အပြား, ပျက်ခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကား ပေတည်း။

## ၁၁-သောသာနိကင်္ဂကထာ

### သုသာန်မှုတင်ကို ပြဆိုချက်

(၃၄) ၃၄။ သောသာနိကင်္ဂမ္ပိ၊ သုသာန်ဓုတင်ကိုလည်း—

"န သုသာနံ ပဋိက္ခိပါမိ၊" သုသာန်မဟုတ်သော အရပ်ကိုပယ်ပါ၏။ "သောသာနိကင်္ဂံ သမာဒိယာမိ၊" သုသာန်၌ နေလေ့ရှိသောရဟန်း၏အကြောင်းအင်္ဂါစေတနာကိုဆောက်တည်ပါ၏။

ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤစကား နှစ်မျိုးတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသောစကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည် ဖြစ်၏။

ပန၊ ကျင့်ပုံကား။ သောသာနိကေန၊ သုသာန်ဓုတင်ဆောင်သော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ဂါမံ နိဝေသန္တော၊ ရွာကိုတည်ထောင်ကုန်သော။ မနုဿာ၊ လူတို့သည်။ ဣဒံ၊ ဤအရပ်သည်။ သုသာနံ ဟောတု၊ သုသာန်ဖြစ်စေ ဟူ၍။ ယံ၊ အကြင်အရပ်ကို။ ဝဝတ္ထပေန္တိ၊ ပိုင်းခြားမှတ်သားကုန်၏။ တတ္ထ၊ ထိုမှတ်သားထားကာမျှဖြစ်သော အရပ်၌။ န ဝသိတဗ္ဗံ၊ မနေအပ် မနေသင့် သေး။ ဟိ၊ အကြောင်းသော်ကား။ မတသရီရေ၊ သူသေကောင်ကို။ အဇ္ဈာပိတေ၊ မဖုတ်ရသေးသည်ရှိသော်။ ဝါ၊ မမြှုပ်ရသေးသည်ရှိသော်။ တံ ဌာနံ၊ ထိုမှတ်သားကာမျှ ဖြစ်သောအရပ်သည်။ သုသာနံ နာမ၊ သုသာန် မည်သည်။ န ဟောတိ၊ မဖြစ်သေး။ တသ္မာ၊ ထို့ကြောင့်။ န ဝသိတဗ္ဗံ၊ မနေသင့်သေးပေ။ ပန၊ စင်စစ်သော်ကား။ ဈာပိတကာလတော ပဋ္ဌာယ၊ သူသေကောင်ဖုတ်ပြီး, မြှုပ်ပြီးသော ကာလမှစ၍။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တို့ဘိုင်အောင်။ ဆဍ္ဍိတံ၊ စွန့်ပစ်ထားအပ်သည်။ သစေပိ သမာနံ၊ အကယ်၍ ဖြစ်စေကာမူ။ တနည်း၊ သစေပိ ဆဍ္ဍိတံ သမာနံ၊ အကယ်၍ စွန့်ပစ်ထားအပ် သော်လည်း။ တံ၊ ထိုအရပ်သည်။ သုသာနမေဝ၊ သုသာန်မည်သည်သာတည်း။

ပန၊ အထူးကား။ တသ္မိံ၊ ထိုသုသာန်၌။ ဝသန္တေန၊ နေသောရဟန်း သည်။ စင်္ကမမဏ္ဍပါဒီနိ ကာရေတွာ၊ စင်္ကြံမဏ္ဍပ် စသည်တို့ကို ပြုစေလျက်။ မဉ္စပီဌံ ပညပေတွာ၊ ညောင်စောင်း-အင်းပျဉ်ကို ခင်းစေ၍။ ပါနီယပရိဘောဇနီယံ ဥပဋ္ဌာပေတွာ၊ သောက်ရေ သုံးရေ တို့ကို တည်ထားစေ၍။ ဓမ္မံ ဝါစေန္တေန၊ တရားစာပေ သင်ကြားပို့ချလျက်။ န ဝသိတဗ္ဗံ၊ မနေအပ်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဣဒံ ဓုတင်္ဂံ၊ ဤဓုတင်သည်။ ဂရုကံ၊ ဆောင် နိုင်ခဲ၍လေးလှ၏။ တသ္မာ၊ ထို့ကြောင့်။ ဥပ္ပန္နပရိဿယဝိဃာတတ္ထာယ၊ ဖြစ် ပေါ်နိုင်သောဘေးရန်တို့ကို ပယ်ဖျောက်ရန်အလို့ငှာ။ သံဃထေရံ ဝါ၊ သံဃာ့ မထေရ်ကို လည်းကောင်း။ ရာဇယုတ္တံ ဝါ၊ ရှဉ်မင်းနှင့် စပ်သောသူကို လည်းကောင်း။ ဝါ၊ သူကြီးစသော ပုဂ္ဂိုလ်ကို လည်းကောင်း။ (အတ္တနော သောသာနိကဘာဝံ၊ မိမိသုသာန်၌ နေကြောင်းကို)။ (အည့်) ဇာနာပေတွာ၊ သိစေ၍။ အပ္ပမတ္တေန၊ ဘေးရန်မတွေ့ရအောင် မမေ့မလျော့ မပေါ့တန်ပဲ။ ဝသိတဗ္ဗံ၊ နေအပ်နေသင့် နေထိုက်၏။ စင်္ကမန္တေန၊ စင်္ကြံသွားသောရဟန်း သည်။ အဒ္ဓက္ခိကေန၊ထက်ဝက်သော မျက်စိဖြင့်။ အာဠာဟနံ၊ သူကောင်ဖုတ် ရာ မြှုပ်ရာအရပ်ကို။ ဩလောကေန္တေန၊ ကြည့်လျက်။ စင်္ကမိတဗ္ဗံ၊ စင်္ကြံ သွားအပ်၏။

သုသာနံ ဂစ္ဆန္တေနာပိ၊ သုသာန်သို့သွားသော ရဟန်းသည်မူလည်း။ မဟာပထာ ဥက္ကမ္မ၊ သွားရိုးလမ်းမှဖဲ၍။ ဥပ္ပထပဂ္ဂေန၊ သွားရိုးမဟုတ်သော ဖြတ်လမ်းဖြင့်။ ဂန္တဗ္ဗံ၊ မိမိသုသာန်ဓုတင်ဆောင်အဖြစ် မထင်စိမ့်သောငှာ လျှိုလျှို့ဝှက်ဝှက်သွားအပ်၏။ ဒိဝါယေဝ၊ နေ့ခင်းကလင်းလင်း။ (နေ့သာ၊ သွား၍။) (ထည့်)။ အာရမ္မဏံ၊ သစ်ငုတ် သစ်ပင် တောင်ပို့ စသည်ဖြင့် ညဉ့်အခါ၌ မှိုင်းမှိုင်း မဲမဲ မြင်ကောင်းသော အာရုံကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားသတ်မှတ်ထားအပ်၏။ ဟိ၊ အကျိုးသော်ကား။ ဧဝံ၊ ဤသို့ပြဆွ နေ့ကာလကမှတ်သားထားသည် ရှိသော်။ ရတ္တိံ၊ ညဉ့်အခါ၌။ တံ၊ ထိုသစ်ငုတ်စသော ဝတ္ထုသည်။ အဿ၊ ထိုရဟန်းအား။ ဘယာနကံ၊ တစ္ဆေအသွင် ကြောက်ဖွယ် ထင်သည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့။ ရတ္တိံ၊ ညဉ့်၌။ အမနုဿာ၊ ဘီလူးတို့သည်။ ဝိရဝိတွာ၊ ဟစ်အော်ကုန်၍။ အာဟိဏ္ဍန္တာပိ၊ လှည့်လည်ကုန်သော်လည်း။ တေ၊ ထိုဘီလူးတို့ကို (ထည့်)။ ကေနစိ၊ တစုံတခုသော မြေခဲ ကျောက်ခဲ စသည်ဖြင့်။ န ပဟရိတဗ္ဗာ၊ မပစ်ခတ်အပ်။ သုသာနံ၊ သုသာန်သို့။ ဧကဒိဝသမ္ပိ၊ တနေ့မျှ သော်လည်း။ အဂန္တုံ၊ မသွားပဲ နေခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ သုသာနေ၊ သုသာန်၌။ မဇ္ဈိမယာမံ ခေပေတွာ၊ သန်းခေါင်ယံကို ကုန်စေ၍။ ပစ္ဆိမယာမေ၊ မိုးသောက်ယံ၌။ ပဋိက္ကမိတုံ၊ သုသာန်မှ ဖဲခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာဏကာ၊ အင်္ဂုတ္တရနိကာယ်ဆောင် ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ အမနုဿာနံ ပိယံ၊ ဘီလူးတို့ ကြိုက်နှစ်သက်သော။ တိလပိဋ္ဌ မာသဘတ္တမစ္ဆမံသခီရတေလဂုဠာဒိခဇ္ဇဘောဇ္ဇံ၊ ဆီထွေး နှမ်းထောင်း ပဲ ထမင်း ငါး အမဲ နို့ရည် ဆီ တင်လဲ စသည်ရှိသော ခဲဖွယ်စားဖွယ်ကို။ န သေဝိတဗ္ဗံ၊ မမှီဝဲအပ်။ ကုလေ ဂေဟံ၊ ဒါယကာတို့ အိမ်သို့။ န ပဝိသိတဗ္ဗံ၊ သုသာန်မှ အပြန်၌ မဝင်အပ်။ ဣတိ၊ ဤသည်ကား အပြီးတည်း။ ဣဒံ၊ ဤဆိုခဲ့ပြီးသည် ကား။ အဿ၊ ထိုသုသာန် ဓုတင်ဆောင် ရဟန်း၏။ ဝိဓာနံ၊ ကျင့်ပုံအစီရင် ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်ကား။ အယမ္ပိ၊ ဤသုသာန် ဓုတင် ဆောင် ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိသည် ဖြစ်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌေန၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ယတ္ထ၊ အကြင်သုသာန် ၌။ ဓုဝဍာဟ ဓုဝကုဏပ ဓုဝရောဒနာနိ၊ သူသေကောင်ကို နေ့စဉ်မပြတ်ဖုတ်ခြင်း သူသေကောင်၏ အပုပ်နံ့ မပြတ်ခြင်းနှင့် နေ့စဉ်မပြတ် ငိုကြွေးသံတို့သည်။ အတ္ထိ-သန္တိ၊ ရှိကုန်၏။ တတ္ထေဝ၊ ထိုသုသာန်၌သာလျှင်။ ဝသိတဗ္ဗံ၊ နေအပ်၏။ မဇ္ဈိမဿ၊ မဇ္ဈိမပုဂ္ဂိုလ်အား။ တီသု၊ မပြတ်ဖုတ်ခြင်း, အပုပ်နံ့မပြတ်ခြင်း, မပြတ်ငိုကြွေးသံဟူသော သုံးပါးတို့တွင်။ ဧကသ္မိံ ပိ သတိ၊ တပါးပါးရှိသော် လည်း။ ဝသိတုံ ဝဋ္ဋတိ၊ နေဖို့ရန် အပ်၏။ မုဒုကဿ၊ မုဒုပုဂ္ဂိုလ်အား။ ဝုတ္တာ- နယေန၊ ဆိုခဲ့ပြီးသောနည်းဖြင့်။ သုသာနလက္ခဏံ၊ သုသာန်လက္ခဏာသို့။ ပတ္တ-

မတွေ့၊ရောက်ကာမျှဖြစ်သော သုသာန်၌။ ဝသိတုံ ဝဋ္ဋတိ၊ နေခြင်းငှာအပ်၏။ ဣတိ၊ ဤကား သုသာနိကဓုတင်ဆောင် ပုဂ္ဂိုလ်၏ အပြားပေတည်း။ (ဣတိ-ကျေ)။

ပန၊ ထိုမှတပါး။ ဣမဿ တိဏ္ဏမ္ပိ၊ ဤသုံးပါးတို့၏လည်း။ ဓုတင်္ဂ၊ ဓုတင်သည်။ န သုသာနမှိ၊ သုသာန်မဟုတ်သော အရပ်၌။ ဝါသံ ကပ္ပနေန၊ နေခြင်းကို ပြုခြင်းကြောင့်။ ဘိဇ္ဇတိ၊ ပျက်၏။ သုသာနံ၊ သုသာန်သို့။ အဂတဒိဝသေ၊ မသွားသော နေ့၌။ ဓုတင်္ဂ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာဏကာ၊ အင်္ဂုတ္တရနိကာယ်ဆောင် ဓမ္မာန်းတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤသုသာန်ဓုတင်၌။ ဘေဒေါ၊ ပျက်ခြင်းတည်း။

အယံ ပန။ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။ မရဏဿတိပဋိလာဘော၊ သေရချေအံ့ သေရချေအံ့ဟု အမှတ်သတိရခြင်းသည်လည်းကောင်း။ အပ္ပမာဒဝိဟာရိတာ၊ မမေ့မလျော့နေခြင်း အလေ့ရှိသည်၏အဖြစ်လည်းကောင်း။ အသုဘနိမိတ္တာဓိဂမော၊ အသုဘအာရုံနိမိတ်ကို ရခြင်း လည်းကောင်း။ ကာမရာဂဝိနောဒနံ၊ ကာမရာဂကို ပယ်ဖျောက်နိုင်ခြင်းလည်းကောင်း။ အဘိဏှံ ကာယသဘာဝဒဿနံ၊ ကိုယ်ခန္ဓာ၏ အသုဘသဘောကို အဖန်တလဲလဲမြင်နိုင်ခြင်းလည်းကောင်း။ သံဝေဂဗဟုလတာ၊ သံဝေဂအဖြစ်များသည်၏ အဖြစ်လည်းကောင်း၊ အာရောဂျမဒါဒိပဟာနံ၊ ဖျားနာ၍ အိုမင်း၍ သေသူတို့ကို မြင်ရသောကြောင့် ကျန်းမာခြင်း နုပျိုခြင်း အသက်ရှင်ခြင်းတို့၌ မှီ၍ဖြစ်သော မာန်ယစ်မှုကို ပယ်နိုင်ခြင်းလည်းကောင်း။ ဘယဘေရဝသဟနတာ၊ ဘေးကြီးဘေးငယ်ကို သည်းခံနိုင်သည်၏အဖြစ်လည်းကောင်း။ အမနုဿာနံ၊ နတ်တို့၏၊ ဂရုဘာဝနီယတာ၊ အလေးပြုအပ် ချီးမွမ်းအပ်သည်၏အဖြစ်လည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်း=အပ္ပိစ္ဆတာစသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သောအကျင့်ရှိသည်၏ အဖြစ်လည်းကောင်း။ဣတိ၊ ဤကား သုသာန်ဓုတင်၏ အကျိုးအာနိသင်ပေတည်း။

သောသာနိကံ၊ သုသာန်၌နေလေ့ရှိသော ရဟန်းကို။ နိဒ္ဒါဂတမ္ပိ၊ အိပ်ပျော်ခြင်းသို့ရောက်သော်လည်း။ ဝါ၊ အိပ်ပျော်နေစဉ်သော်လည်း။ ပမာဒဒေါသာ၊ မေ့လျော့ခြင်းဟူသော အပြစ်တို့သည်။မရဏာနုဿတိပ္ပဘာဝါ၊ သေခြင်းတရားကို အောင့်မေ့မှုဘာဝနာ အာနုဘော်ကြောင့်။ န ဖုသန္တိ၊ အိပ်မက်အလိုအားဖြင့် မဆိုပါး မနှိပ်စက်နိုင်ကုန်။ ဗဟူနိ ကုဏပါနိ၊ များစွာသော သူသေကောင်တို့ကို။ သမ္ပဿတော စ၊ မျက်ါးထင်ထင် တွေ့မြင်ရသည်ဖြစ်၍။ ဝါ၊ တွေ့မြင်ရသောကြောင့်။ တဿ၊ ထိုသုသာန်၌ နေလေ့ရှိသော ရဟန်း၏။ စိတ္တမ္ပိ၊ စိတ်သည်လည်း။

ကာမာနုဘာဝဘသာမှိ၊ ကာမဂုဏ်အာရုံ၌ အဖန်တလဲလဲ တပ်စွဲသော ရာဂ၏ အလိုသို့ လိုက်သည်လည်း၊ န ဟောတိ၊ မဖြစ်ပေ။

ဝိပုလံ သံဝေဂံ၊ အကြီးအကျယ် ထိတ်သန့်ခြင်းသို့။ ဧတိ၊ ရောက်၏။ မဒံ၊ ယစ်ခြင်းသို့။ န ဥပေတိ၊ မရောက်တော့ပေ။ အထော၊ ထို့ပြင်၊ ထိုမှတပါး။ နိဗ္ဗုတိံ၊ ငြိမ်းအေးရာ နိဗ္ဗာန်ကို။ သေမာနော၊ လိုလား တောင့်တသည်ဖြစ်၍။ သမ္မာ ဃဋတိ၊ ကောင်းစွာအားထုတ်၏။ ဣတိ ဣမိနာ နယေန၊ ဤဆိုခဲ့သောနည်းဖြင့်။ အနေကဂုဏာဝဟတ္တာ၊ များ စွာသော ဂုဏ်ကျေးဇူးတို့ကို ဆောင်တတ် ဖြစ်စေတတ်သောကြောင့်။ နိဗ္ဗာနနိန္နဟဒယေန၊ နိဗ္ဗာန်သို့ ညွတ်သည့်စိတ်နှလုံးရှိသော ယောဂီ သည်။ သောသာနိကင်္ဂံ၊ သုသာန်ဓုတင်ကို။ နိသေဝိတဗ္ဗံ၊ မပြတ်မှီဝဲ သင့်လှပေသည်။ ဣတိ၊ ဤသည်ကား အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ သောသာနိကင်္ဂေ၊ သုသာန်ဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံ အစီအရင်, အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၁၂-ယထာသန္ထတိကင်္ဂကထာ

### ယထာသန္ထတိဓုတင်ကို ပြဆိုချက်

၃၅။ ယထာသန္ထတိကင်္ဂမှိ၊ ယထာသန္ထတိဓုတင်ကိုလည်း—

"သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ကျောင်းအိပ်ရာ နေရာ၌ လျှပ်ပေါ်တပ်မက်သော တဏှာကို ပယ်ပါ၏"။ "ယထာသန္ထတိကင်္ဂံ သမာဒိယာမိ၊ ညွှန်ကြားချထားတိုင်းသော ကျောင်းအိပ်ရာ နေရာ၌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည် ပါ၏။"

ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤစကားနှစ်မျိုးတို့တွင်။ အညတရဝစနေန၊ တမျိုးမျိုးသော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည် ဖြစ်၏။

ပန၊ကျင့်ပုံကား။ ယထာသန္ထတိကေန၊ ယထာသန္ထတိဓုတင်ဆောင်သော။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ "ဣဒံ၊ ဤကျောင်းသည်။ တုယှံ၊ သင့်အား။ ပါပုဏာတိ၊ ရောက်၏"။ ဣတိ၊ ဤသို့။ ယံ သေနာသနံ၊ အကြင်ကျောင်းကို။ အဿ၊ ထိုယထာသန္ထတိ ဓုတင်ဆောင် ရဟန်းအား။ ဂါဟကေန၊ ဝါစဉ် အားဖြင့် ကျောင်းညွှန်သော ရဟန်းသည်။ ဝါ၊ ချထားရေး ရဟန်းသည်။ ဂါဟိတံ၊ ယူစေအပ်၏။ တေနေဝ၊ ထိုချထားသော ကျောင်းဖြင့်သာလျှင်။

တုဋ္ဌမ္ပိ၊ ကျေနပ်ရောင့်ရဲအပ်၏။ အဿ၊ တပါးသော သီတင်းငယ်ရဟန်းကို၊ န ဥဋ္ဌာပေတဗ္ဗော၊ ရပြီးနေရာမှ မထစေအပ်။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုယထာသန္တတိ ဓုတင်ဆောင်ရဟန်း၏။ ဝိဓာနံ၊ အစီအရင်ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့်သော်ကား၊ အယမ္ပိ၊ ဤယထာသန္တတိ ဓုတင်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ အတ္တမနော ပတ္တသေနာသနံ၊ မိမိအားရောက်သောကျောင်းကို။ ဒူရေတိ ဝါ၊ ဝေးသလောဟူ၍လည်းကောင်း။ အစ္စာသန္နေတိ ဝါ၊ နီးလွန်းသလော ဟူ၍လည်းကောင်း။ အမနုဿ ဒီဃဇာတိကာဒီဟိ၊ ဘီလူး မြွေစသည်တို့သည်။ ဥပဒ္ဒုတန္တိ ဝါ၊ နှိပ်စက်အပ် နှောင့်ယှက်အပ်သလောဟူ၍လည်းကောင်း။ ဥဏှန္တိ ဝါ၊ ပူသလောဟူ၍လည်းကောင်း။ သီတလန္တိ ဝါ၊ အေးသလော ဟူ၍လည်းကောင်း။ ပုစ္ဆိတုံ န လဘတိ၊ မေးခြင်းငှာ မရပေ။ မဇ္ဈိမော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ ပုစ္ဆိတုံ လဘတိ၊ မေးခြင်းငှာရ၏။ ပန၊ သို့သော်လည်း။ ဂန္တွာ၊ လောလုပ္ပ တဏှာဖြင့် သွား၍။ ဩလောကေတုံ န လဘတိ၊ ကြည့်ခြင်းငှာ မရပေ။ မုဒုကော၊ မုဒုပုဂ္ဂိုလ်သည်။ ဂန္တွာ၊ လောလုပ္ပ တဏှာဖြင့် သွား၍။ဩလောကေတွာ၊ ကြည့်ပြီးလျှင်။ တံ၊ထိုညွှန်ကြားထားသော ကျောင်းသည်။ အဿ၊ ထိုယထာသန္တတိ ဓုတင်ဆောင်သော ရဟန်းအား။ ဇေဝ္သုကာဘာဝေန၊ မကျန်းမာသည်၏ အဖြစ်ကြောင့်။ ဝါ၊ ကျန်းမာရေး မပြည့်စုံသောကြောင့်။ သစေ န ရုစ္စတိ၊ အကယ်၍ မနှစ်သက်အံ့။ အညံ၊ အခြားသင့်လျော်သောကျောင်းကို။ ဂဟေတုံ လဘတိ၊ ယူခြင်းငှာရ၏။ ဣတိ၊ ဤသည်ကား ယထာသန္တတိ ဓုတင်ဆောင်ပုဂ္ဂိုလ်၏ အပြားတည်း။

ပန၊အဖွဲ့တပါးကား။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးသော ပုဂ္ဂိုလ်တို့၏လည်း။ ဓုတင်ံ၊ ဓုတင်သည်။ သေနာသနလောလုပ္ပေ၊ ကျောင်းအိပ်ရာ နေရာ၌ လျပ်ပေါမက်မောသော လောလုပ္ပတဏှာသည်။ ဥပ္ပန္နမတ္တေ၊ ဖြစ်ကာမျှ၌။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤတွင် အပြီးတည်း။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤယထာသန္တတိ ဓုတင်၌၊ ဘေဒေါ၊ အပြားတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။ ယံ၊ အကြင်ဝတ္ထုပစ္စည်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုရသောပစ္စည်းဖြင့်။ တုဋ္ဌမ္ပိ၊ ကျေနပ်ရောင့်ရဲအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တောဝါဒကရဏံ၊ မြတ်စွာဘုရားဟောတော်မူသော ဩဝါဒကို လိုက်နာခြင်း လည်းကောင်း။ သဗြဟ္မစာရီနံ ဟိတေသိတာ၊ သီတင်းသုံးဖော်တို့၏ အစီးအပွားကို လိုသားသည်၏ အဖြစ်လည်းကောင်း။ ဟီနပ္ပဏီတဝိကပ္ပပရိစ္စာဂေါ၊ အယုတ်, အမြတ်, ကောင်း, မကောင်း ကြံဆခြင်းကို စွန့်ရခြင်း လည်းကောင်း။ အနုရောဓဝိရောဓပ္ပဟာနံ၊ နှစ်သက်ခြင်း, မနှစ်သက်ခြင်းကို ပယ်ခြင်းလည်းကောင်း။

အတြိစ္ဆတာယ၊ မိမိမရသေးသော အခြားကျောင်း၌ လိုချင်မှု၏။ ဒွါရပိဓာနံ၊ ဝင်ပေါက်တံခါးကို ပိတ်ခြင်းလည်းကောင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းခြင်း= အပ္ပိစ္ဆတာစသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်သော အကျင့်ရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ၊ ဤကား ယထာသန္တတိဓုတင်၏ အကျိုးအာနိသင် ပေတည်း။

ယံ၊ အကြင်ကျောင်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုရသော ကျောင်းဖြင့်ပင်။ ယထာသန္တတိကော၊ ယထာသန္တတ် ဓုတင်ဆောင် သော။ ယတိ၊ ရဟန်းသည်။ နိဗ္ဗိကပ္ပေါ၊ကျောင်း ကောင်း မကောင်းကို ကြံဆခြင်းမရှိပဲ။ သန္တုဋ္ဌော၊ ရသည့်ကျောင်းဖြင့် ရောင့်ရဲသည်ဖြစ်၍။ တိဏသန္ထရကေ သုပိ၊ မြက်အခင်းတို့၌ သော်လည်း။ သုခံ သေတိ၊ ချမ်းသာစွာ နေထိုင်ရပေ၏။

သော၊ ထိုယထာသန္တတိ ဓုတင်ဆောင် ရဟန်းသည်။ သေဋ္ဌမ္ပိ၊ ကောင်းမြတ်သော ကျောင်းအိပ်ရာနေရာ၌။ န ရဇ္ဇတိ၊ မတပ်မက်ပေ။ ဟိနံ လဒ္ဓါ၊ အယုတ်အညံ့ကို ရသော်လည်း။ န ကုပ္ပတိ၊ စိတ်မပျက်ပေ။ သဗြဟ္မစာရိနဝကေ၊ သီတင်းသုံးဖော်ငယ်တို့ကို။ ဟိတေန၊ အကျိုးစီးပွားဖြင့်။ အနုကမ္ပတိ၊ သနားစောင့်ရှောက် ချီးမြှောက်ရာ ရောက်ပေ၏။

တသ္မာ၊ ထို့ကြောင့်။ အရိယသတာစိဏ္ဏံ၊ အရိယာသူမြတ်တို့ မပြတ် လေ့ကျက်အပ်သော။ မုနိပုင်္ဂဝဏ္ဏိတံ၊ မုနိတကာတို့၏ ရှေ့သွား မြတ်စွာဘုရားသည် ချီးမွမ်းတော် မူအပ်သော။ ယထာသန္တတရာမတံ၊ ညွှန်ကြားအပ်၊ နေရာချထား အပ်သော ကျောင်း အိပ်ရာ နေရာ၌ မွေ့လျော်သည်၏အဖြစ်ကို။ မေဓာဝီ၊ ပညာရှိရဟန်းသည်။ အနုယုဉ္ဇေထ၊ အားထုတ်ကျင့်သုံးရာ၏။ ဣတိ၊ ဤကား အနုသာသနီပေတည်း။

အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ယထာသန္တတိကင်္ဂေ၊ ယထာသန္တတိဓုတင်၌။ သမာဒါနဝိဓာနပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ ကျင့်ပုံ အစီ အရင်,အပြား, ပျက်စီးခြင်း,အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားပေတည်း။

## ၁၃–နေ သ ဇ္ဇ က င်္ဂ က ထာ

### နေသဇ္ဇိဓုတင်ကို ပြဆိုချက်

၃၆။ **နေသဇ္ဇိကင်္ဂမ္ပိ၊ နေသဇ္ဇိဓုတင်ကိုလည်း—**

"သေယျံ ပဋိက္ခိပါမိ၊" လဲလျောင်းခြင်းကို ပယ်ပါ၏။ "နေသဇ္ဇိကင်္ဂံ သမာဒိယာမိ၊" ထိုင်လျက်နေလေ့ ရှိသောသူ၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။ ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤစကား နှစ်မျိုးတို့တွင်။

အညတရာရာစနေနှ၊ တချို့မျိုးသော စကားဖြင့်။ သမာဒိန္နံ ဟောတိ၊ ဆောက်တည်အပ်သည် ဖြစ်၏။ ဣတိ၊ ဤကား ဆောက်တည်ပုံ ပေတည်း။

ပန၊ ကျင့်ပုံကား။ နေသဇ္ဇိကေန၊ နေသဇ္ဇိဓုတင်ဆောင်သော။ ဓုတနသော ဘိက္ခု-နာ၊ ထိုရဟန်းသည်။ ရတ္တိယာ၊ ညဉ့်၏။ တီသု ယာမေသု၊ ယံ သုံးယံတို့တွင်။ တနည်း။ ရတ္တိယာ တီသု ယာမေသု၊ ညဉ့်သုံးယံတို့တွင်။ ဧကံ ယာမံ၊ တယံ၌။ ဝါ၊ ကေ ယာမံ ဥဋ္ဌာယ၊ တယံပတ်လုံးထ၍။ စင်္ကမိတဗ္ဗံ၊ စင်္ကြံလျှောက်အပ်၏။ ဟိ၊ မှန်၏။ ဣရိယာပထေသု၊ ဣရိယာပုထ် လေးပါးတို့တွင်။ နိပဇ္ဇိတုမေဝ၊ လဲလျောင်း အိပ်ခြင်း ငှာသာလျှင်။ န ဝဋ္ဋတိ၊ မအပ်ပေ။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုနိသဇ္ဇဓုတင်ဆောင် ရဟန်း၏။ ဝိဓာနံ၊ အစီအရင် ပေတည်း။

ပဘေဒတော ပန၊ အပြားအားဖြင့် မူကား။ အယမ္ပိ၊ ဤနိသဇ္ဇဓုတင်ဆောင်ပုဂ္ဂိုလ်သည်လည်း။ တိဝိဓော ဟောတိ၊ သုံးပါးအပြားရှိ၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ ဥက္ကဋ္ဌဿ၊ ဥက္ကဋ္ဌပုဂ္ဂိုလ်အား။ အပဿေနံ၊ နောက်မှီတံကဲပျဉ်သည်။ နေဝ ဝဋ္ဋတိ၊ မအပ်သည်သာတည်း။ ဒုဿပလ္လတ္ထိကာ၊ ပုဆိုးပတ်သည်။ န ဝဋ္ဋတိ၊ မအပ်ပေ။ (ဒုဿပလ္လတ္ထိကာပုဒ်၏ အနက်ဖြစ်သည်။ ဒုဿ၊ ပုဆိုး, အဝတ်။ ပလ္လတ္ထ=ပရိအတ္ထ၊ ဒူးနှစ်ဖက်ကို သိမ်းပိုက်၍ ထိုင်နေခြင်း အကျိုးငှာ။ ဣကာ၊ ဖြစ်သည်။ ဒုဿပလ္လတ္ထိကာ၊ ဒူးနှစ်ဖက်ကို သိမ်းပိုက်၍ ထိုင်ရန် အဝတ်။ တနည်း။ ဒုဿ၊ အဝတ်ပုဆိုးဖြင့်။ ပလ္လတ္ထိကာ၊ သိမ်းပိုက်ရစ်ပတ်၍ ထိုင်ခြင်း။ ဤပလ္လတ္ထိကကို (ဝိ၊ ဋ-၃၊၁၆၇) သေခိယအဖွင့်၌ (၁)အာယောဂပလ္လတ္ထိကာ၊ ရစ်ပတ်ဖွဲ့ချီစရာ ကြိုးပြား, အဝတ်ပြားဖြင့် ဒူးနှစ်ဖက်ကို သိမ်းပိုက်၍ ထိုင်ခြင်း။ (၂) ဟတ္ထပလ္လတ္ထိကာ၊ လက်ဖြင့် ဒူးနှစ်ဖက်ကို သိမ်းပိုက်၍ ထိုင်ခြင်း။ (၃) ဒုဿပလ္လတ္ထိကာ၊ အဝတ်ပုဆိုးဖြင့် ဒူးနှစ်ဖက်ကို သိမ်းပိုက်၍ထိုင်ခြင်းဟူ၍ သုံးမျိုးပြထား၏။ ထိုတွင် ဤအရာ၌ သုံးနံပါတ် ဒုဿပလ္လတ္ထိကာကို ဆိုလိုပေသည်။) အာယောဂပဋ္ဋော၊ အာယောဂပဋ္ဋသည်။ န ဝဋ္ဋတိ၊ မအပ်။ မဇ္ဈိမဿ၊ မဇ္ဈိမပုဂ္ဂိုလ်အား။ ဣမေသု တီသု၊ နောက်မှီတံကဲပျဉ်စသော ဤသုံးပါးတို့တွင်။ ယံကိဉ္စိ၊ တပါးပါးသည်။ ဝဋ္ဋတိ၊ အပ်၏။ မုဒုကဿ၊ မုဒုပုဂ္ဂိုလ်အား။ အပဿေ-နမ္ပိ၊ နောက်မှီတံကဲပျဉ်သည် လည်းကောင်း။ ဒုဿပလ္လတ္ထိကာပိ၊ ပုဆိုးပတ်သည် လည်းကောင်း။ အာယောဂပဋ္ဋောပိ၊ အာယောဂပဋ္ဋသည် လည်းကောင်း။ ဗိမ္ဗောဟနမ္ပိ၊ နောက်မှီအုံးသည် လည်းကောင်း။ ပဉ္စင်္ဂေါပိ၊ အင်္ဂါငါးပါးရှိသော အင်းပျဉ်ထိုင်ခုံသည် လည်းကောင်း။ သတ္တင်္ဂေါပိ၊ အင်္ဂါခုနစ်ပါးရှိသော အင်းပျဉ်ထိုင်ခုံသည် လည်းကောင်း။ ဝဋ္ဋတိ၊ အပ်၏။ ပိဋ္ဌိအပဿယေန သဒ္ဓိံ၊ နောက်မှီတံကဲနှင့်တကွ။ ကတော၊ ပြုလုပ်ထားအပ်သော အင်းပျဉ်ငယ်သည်။ ပဉ္စင်္ဂေါ နာမ၊ အင်္ဂါငါးပါးရှိသော အင်းပျဉ်မည်၏။ (အခြေလေးချောင်းနှင့် နောက်မှီတံကဲ ဟူသော ဤအင်္ဂါငါးပါးတို့ဖြင့် ပြွက်မည်၏။ ပေါင်လေးခုနှင့်

နောက်မှီတံကဲဖြင့် ပလ္လင်္ကမည်သည်ဟု တပါးသော ဆရာတို့က ဆိုကြ၏။ ဠိကာ) ပိဋ္ဌိအပဿယေန သဒ္ဓိံ၊ နောက်မှီတံကဲနှင့် အတူတကွလည်းကောင်း။ ဥဘတော ပဿေသု၊ ဝဲယာနံပါးတို့၌။ အပဿယေဟိ စ သဒ္ဓိံ၊ အမှီသက်ရုံးတန်းတို့နှင့် အတူတကွလည်းကောင်း။ ကတော၊ ပြုလုပ်ထားသော အင်းပျဉ်သည်။ သတ္တင်္ဂေါ နာမ၊ အင်္ဂါခုနစ်ပါးရှိသော သတ္တင်္ဂအင်းပျဉ် မည်၏။ တံ၊ ထိုသတ္တင်္ဂအင်းပျဉ်ကို။ မိဋ္ဌာဘယတ္ထေရဿ၊ မိဋ္ဌာဘယမထေရ်အား။ အကံသု ကိရ၊ ပြု၍ လှူကုန်သတတ်။ ထေရော၊ မိဋ္ဌာဘယမထေရ်သည်။ အနာဂါမိ ဟုတွာ၊ အနာဂါမ်ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံတော်မူလေပြီ။ ဣတိ၊ ဤသည်ကား နိသဇ္ဇ မူတင်ဆောင် ပုဂ္ဂိုလ်အပြားတည်း။

ပန၊ ထိုမှတပါး။ ဣမေသံ တိဏ္ဏမ္ပိ၊ ဤသုံးပါးတို့၏လည်း။ ဓုတင်္ဂံ၊ ဓုတင် သည်။ သေယျံ ကပ္ပိတမတ္တေ၊ ခေါင်းချ၍ လျောင်းအိပ်ခြင်းကို ပြုကာမျှ၌။ ဘိဇ္ဇတိ၊ ပျက်၏။ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤနိသဇ္ဇ မူတင်ဆောင်ရာ၌။ ဘေဒေါ၊ ပျက်စီးခြင်းပေတည်း။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ အာနိသံသော၊ အကျိုးအာနိသင်တည်း။ သေယျသုခံ၊ လျောင်းအိပ်ခြင်းကြောင့် ဖြစ်သော ချမ်းသာကို။ ပဿသုခံ၊ ဝဲ ယာ နံစောင်း ပြောင်း၍ အိပ်ခြင်းကြောင့် ရသောချမ်းသာကို။ မိဒ္ဓသုခံ၊ တမှိန်းမှိန်း အိပ်နေခြင်းကြောင့် ဖြစ်သော ချမ်းသာကို။ အနနုယုတ္တော၊ အဖန်တလဲလဲ ယှဉ်လျက်။ ဝိဟရတီတိ၊ နေ၏ ဟု။ ဝုတ္တဿ၊ ဟောတော်မူအပ်သော။ စေတသော ဝိနိဗန္ဓဿ၊ စိတ်အနှောင်အဖွဲ့ကို။ ဥပစ္ဆေဒနံ၊ ဖြတ်ကြောင်း၏ အဖြစ်သည်လည်းကောင်း။ သဗ္ဗကမ္မဋ္ဌာနာနုယောဂသပ္ပါယတာ၊ ခပ်သိမ်းသော ကမ္မဋ္ဌာန်းကို အားထုတ်သောသူအား လျော်သည့်၏ အဖြစ်လည်းကောင်း။ ပါသာဒိကဣရိယာပထတာ၊ ကြည်ညိုဖွယ် ဣရိယာပုထ်ရှိသည်၏ အဖြစ် လည်းကောင်း။ ဝီရိယာရမ္ဘာနုကူလတာ၊ ပြင်းစွာအားထုတ်ခြင်းအား အစဉ် လျော်သည်၏ အဖြစ်လည်းကောင်း။ သမ္မာပဋိပတ္တိယာ၊ သီလစသော ကောင်း မြတ်သော အကျင့်ပဋိပတ်ကို။ အနုဗြူဟနံ၊ ပွားစေခြင်းလည်းကောင်း။ ဣတိ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။

ပလ္လင်္ကံ အာဘုဇိတွာန၊ တင်ပလ္လင်ဖွဲ့ခွေ၍။ ဥဇုံ တနုံ ပဏိဓာယ၊ အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာထားလျက်။ နိသီဒန္တော ယတိ၊ ထိုင်နေသော ရဟန်းသည်။ မာရဿ ဟာဒယံ၊ မာရ်မင်း၏ စိတ်ကို။ ဝိကမ္ပေတိ၊ တုန်လှုပ်စေ၏။

(၇၇) သေယျသုခံ၊ အိပ်ခြင်းကြောင့်ဖြစ်သော ချမ်းသာကို လည်းကောင်း။ မိဒ္ဓသုခံ၊ တမှိန်းမှိန်း အိပ်နေခြင်းကြောင့်ဖြစ်သော

ချမ်းသာကို လည်းကောင်း။ ဟိတွာ၊ ပယ်စွန့်၍။ အာရဒ္ဓဝီရိယော၊ ပြင်းစွာအားထုတ်အပ်သော လုံ့လ ရှိသည်ဖြစ်သော။ဝါ၊ ပြင်းစွာအား ထုတ်အပ်သော လုံ့လရှိသည်ဖြစ်၍။ နိသဇ္ဇာဘိရတော၊ ထိုင်နေခြင်း၌ မွေ့လျော်သော။ ဘိက္ခု၊ ရဟန်းသည်။ တပေါဝနံ၊ ခြိုးခြံသော အကျင့်ကို ကျင့်ရာဖြစ်သော သာသနာတော်တည်းဟူသော အင်ကြင်း တောကို။ သောဘယန္တော၊ တင့်တယ်စေလျက်။

နိရာမိသံ၊ ကာမဂုဏ်ဟူသော အာမိသကင်းသော။ပ်တိသုခံ၊ ပီတိ နှင့် သုခကို။ ယသ္မာ၊ အကြင်ကြောင့်။ သမဓိဂစ္ဆတိ၊ ရနိုင်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဓိရော၊ ပညာရှိသော ယောဂီသည်။ နေသဇ္ဇိကံ၊ ထိုင်ခြင်း ဣရိယာပုထ်နှင့် စပ်သော။ ဝတံ ဓုတင် ၊ ဓုတင်အကျင့်ကို။ သမနုယုဉ္ဇေယျ၊ ကောင်းစွာကျင့်သုံး အားထုတ်ရာ၏။ ဣတိ၊ ဤသည် ကား အနုသာသနီ ဘည်း။

အယံ၊ ဤသည်ကား။ နေသဇ္ဇိကင်္ဂေ၊ နိသဇ်ဓုတင်၌။ သမာဒါနဝိဓာန-ပ္ပဘေဒဘေဒါနိသံသဝဏ္ဏနာ၊ ဆောက်တည်ပုံ, ကျင့်ပုံအစီအရင်, အပြား, ပျက်စီးခြင်း, အကျိုးအာနိသင်တို့ကို ဖွင့်ပြသော စကားမေတည်း။

ဓုတင်္ဂပကိဏ္ဏကကထာ

ဓုတင်တို့၌ ပြိုးပြွမ်း ပြဆိုချက်

၃၇။ ဣဒါနိ၊ ယခုအခါ—

ကုသလတ္တိကတော စေဝ၊ ကုသလတိတ်အားဖြင့် လည်းကောင်း။ ဓုတာဒီနံ ဝိဘာဂတော စ၊ ဓုတင်စသည့်တို့ကို ဝေဖန်သော အားဖြင့် လည်းကောင်း။ သမာသဗျာသတော စာပိ၊ အကျဉ်းအကျယ်အားဖြင့် လည်းကောင်း။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ် ၏။ ဣတိ၊ ဤသို့—

ဣမိဿာ ဂါထာယ၊ ဤဂါထာ၏။ ဝသေန၊ အလိုအားဖြင့်။ ဝဏ္ဏနာ ဟောတိ၊ ဖွင့်ပြပေအံ့။

တတ္ထ၊ ထိုဂါထာ၌။ကုသလတ္တိကတောတိ၊ ကုသလတ္တိကတော-ဟူသော ပုဒ်၌ (ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝိညာတဗ္ဗော၊ သိအပ်၏)။ သဗ္ဗာနေဝ ဓုတင်္ဂါနိ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော ဓုတင်တို့သည်။ သေက္ခပုထုဇ္ဇန-ခီဏာသဝါနံ ဝသေန၊ သေက္ခ, ပုထုဇဉ်, ရဟန္တာတို့၏, အလိုအားဖြင့်။သိယာ၊

အချို့ကား။ ကုသလာနိ၊ ကုသိုလ်တို့ပေတည်း။ သိယာ၊ အချို့ကား။ အဗျာကတာနိ၊ အဗျာကတတို့ပေတည်း။ အကုသလံ ဓုတင်္ဂံ၊ အကုသိုလ် ဓုတင် မည်သည်။ နတ္ထိ၊ မရှိပေ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပန၊ ဝါဒကွဲကိုဆိုဦးအံ့။ "ပါပိစ္ဆော၊ ယုတ်မာသော အလိုရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ ယုတ်မာသောအလိုက နှိပ်စက်သည်ဖြစ်၍။ အာရညိကော ဟောတိ၊ တော၌နေလေ့ရှိ၏။ ဣတိ အာဒိဝစနတော၊ ဤသို့အစရှိသည်ကို အင်္ဂုတ္တရနိကာယ်၌ ဟောတော်မူခြင်းကြောင့်။ အကုသလမ္ပိ ဓုတင်္ဂံ၊ အကုသိုလ်ဓုတင်သည်လည်း။ အတ္ထိ၊ ရှိ၏။" ဣတိ၊ ဤသို့။ ယော၊ အကြင်တစုံတယောက်သောသူသည်။ ဝဒေယျ၊ ဆိုငြားအံ့။ သော၊ ထိုပုဂ္ဂိုလ်ကို။ ဝတ္တဗ္ဗော၊ ဤသို့ဖြေရှင်းပြောဆိုအပ်၏။ မယံ၊ ငါတို့သည်။ "အကုသလစိတ္တေန၊ အကုသိုလ်စိတ်ဖြင့်။ အရညေ န ဝသတီတိ၊ တော၌မနေပေ" ဟူ၍။ န ဝဒါမ၊ မဆိုပါကုန်။ ဟိ၊ မှန်၏။ ဝါ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အရညေ၊ တော၌။ နိဝါသော၊ နေခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုတောနေရဟန်းသည်။ အာရညိကော၊ အာရညိကမည်ပေ၏။ သော စ၊ ထိုတော၌နေသောပုဂ္ဂိုလ်သည်လည်း။ ပါပိစ္ဆော ဝါ၊ ယုတ်မာသောအလိုရှိသည်မူလည်း။ ဘဝေယျ၊ ဖြစ်ရာ၏။ အပ္ပိစ္ဆော ဝါ၊ နည်းသောအလိုရှိသည်လည်း။ ဘဝေယျ၊ ဖြစ်ရာ၏။ ပန၊ စင်စစ်သော်ကား။ ဣမာနိ၊ ဤပံသုကူလိကင်စသည်တို့သည်။ တေန တေန သမာဒါနေန၊ ထိုထိုဆောက်တည်ခြင်းဖြင့်။ ဓုတကိလေသတ္တာ၊ ခါထုတ်ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိသည်၏ အဖြစ်ကြောင့်။ ဓုတဿ ဘိက္ခုနော၊ ကိလေသာကို ခါထုတ်ပြီးသော ရဟန်း၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓုတင်္ဂါနိ၊ ဓုတင်တို့မည်ကုန်၏။ (ဤစကားဖြင့် ဓုတဿ+အင်္ဂါနိ ဓုတင်္ဂါနိ ဟု တပ္ပုရိသ်သမာသ် ဝစနတ္ထကိုပြသည်။ ဓုတဿ၊ ကိလေသာကို ခါထုတ်တတ်သောပုဂ္ဂိုလ်၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့တည်း။ ဓုတင်္ဂါနိ၊ ကိလေသာကို ခါထုတ်တတ်သောပုဂ္ဂိုလ်၏ အင်္ဂါများပေတည်း။) ဝါ၊ တနည်းကား။ ကိလေသဓုနနတော၊ ကိလေသာကို ခါထုတ်ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့်။ ဓုတန္တိ လဒ္ဓဝေါဟာရံ၊ ဓုတဟုဆိုအပ်သော အမည်ရှိသော။ ဉာဏံ၊ ဉာဏ်သည်။ ဧတေသံ၊ ဤပံသုကူဓုတင်ဆောက်တည်ခြင်း စသည်တို့၏။ အင်္ဂံ၊ အကြောင်း အင်္ဂါပေတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓုတင်္ဂါနိ၊ ဓုတင်တို့မည်ကုန်၏။ (ဤစကားဖြင့် ဓုတံ အင်္ဂံ ဧတေသန္တိ ဓုတင်္ဂါနိ-ဟု ဗဟုဗ္ဗီဟိဝစနတ္ထကိုပြဆိုသည်) အထ ဝါ၊ တနည်းသော်ကား။ တာနိ၊ ထိုပံသုကူဓုတင်ဆောက်တည်ခြင်းစသည်တို့သည်။ ပဋိပက္ခနိဒ္ဓုနနတော၊ ဆန့်ကျင်ဘက် ကိလေသာတို့ကို ခါထုတ်ဖျက်ဆီး တတ်သည်၏အဖြစ်ကြောင့်။ ဓုတာနိ စ၊ ဓုတတို့လည်း မည်ကုန်၏။ ပဋိပတ္တိယာ၊

သီလစသော အကျင့်ပဋိပတ်၏။ အင်္ဂါနှိ စ၊ အစိတ်အပိုင်းအင်္ဂါတို့လည်း ဖြစ်ကုန်၏။ ဣတိပိ၊ ထို့ကြောင့်လည်း။ ဓုတင်္ဂါနိ၊ ဓုတင်တို့ မည်ကုန်၏။ ဣတိ ဣဒံ ဝစနံ၊ ဤစကားကို။ မယာ၊ ငါသည်။ ဝုတ္တံ၊ အောက်ဝစနတ္ထနိဒ္ဒေသ၌ ဆိုအပ်ခဲ့ပြီ။(ဤစကားဖြင့် ဓုတာနိ စ တာနိ အင်္ဂါနိ စာတိ ဓုတင်္ဂါနိ·ဟု ကမ္မဓာရယသမာသ်ဝစနတ္ထကိုပြသည်။) စ၊ ဆက်ဦးအံ့။ အကုသလေန၊ အကုသိုလ်ဖြင့်။ ဓုတော နာမ၊ ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သောကြောင့်ဓုတမည်သော။ ကောစိ၊ တစုံတယောက်သောပုဂ္ဂိုလ်သည်။ န ဟောတိ၊မရှိချေ။ (သစေ ဟောတိ၊ အကယ်၍ရှိပါမူ။) တေနိ သမာဒါနာနိ၊ ဤပုံသကူမှုတင်ကို ဆောက်တည်ခြင်းတို့သည်။ ယဿ၊ အကြင်ဓုတပုဂ္ဂိုလ်၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တေနိ သမာဒါနာနိ၊ ဤဆောက်တည်ကြောင်း စေတနာတို့သည်။ ယဿ၊ အကြင်ဓုတမည်သောသူ၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တနည်း။ တေနိ သမာဒါနာနိ၊ ဤဆောက်တည်ကြောင်း စေတနာတို့သည်။ ယဿ၊ အကြင်ဓုတမည်သောသူ၏။ အင်္ဂါနိ၊ အကြောင်းအင်္ဂါတို့သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ အကုသလေန၊ အကုသိုလ်ဖြင့်။ ကိလေသေ ဓုနနတော၊ ကိလေသာကို ခါထုတ်တတ်သောကြောင့်။ (ထည့်) ဓုတော နာမ၊ ဓုတမည်သောသူဟူ၍။ ကောစိ၊ တစုံတယောက်မျှ။ န ဟောတိ၊ မရှိချေ။ စ၊ ထိုမှတပါး။ အကုသလံ၊ အကုသိုလ်သည်။ ကိဉ္စိ၊ တစုံတခုသော ကိလေသာကိုမျှ။ န ဓုနာတိ၊ မခါထုတ် မဖျက်ဆီးနိုင်ချေ။ သစေ ဓုနာတိ၊ အကယ်၍ ခါထုတ်ဖျက်ဆီးနိုင်ပါမူ။ (ထည့်)။ တံ၊ထိုအကုသိုလ်သည်။ (ဉာဏံ ဝိယ၊ဓုတမည်သော ဉာဏ်ကဲ့သို့။) ယေသံ၊ အကြင်ဆောက်တည်ခြင်းတို့၏။ အင်္ဂါ၊ အကြောင်းအင်္ဂါပေတည်း။ဣတိ ကတွာ၊ ဤသို့သော ဗဟုဗ္ဗီဟိဝစနတ္ထကိုပြု၍။ တာနိ၊ ထိုဆောက်တည်ခြင်းတို့ကို။ ဓုတင်္ဂါနီတိ၊ ဓုတင်တို့ဟူ၍။ ဝုစ္စေယျုံ၊ ဆိုအပ် ဆိုထိုက်ကုန်ရာ၏။ အကုသလံ၊ အကုသိုလ်သည်။စီဝရလောလုပ္ပါဒီနိ စေဝ၊သင်္ကန်း၌ မက်မောသော လောလုပ္ပတဏှာစသည်တို့ကို လည်းကောင်း။ န နိဒ္ဓုနာတိ၊ ခါထုတ်ဖျက်ဆီးတတ်သည်လည်း မဟုတ်။ ပဋိပတ္တိယာ၊ သီလစသော အကျင့်ပဋိပတ်၏။ အင်္ဂ၊ အကြောင်းအစိတ်အပိုင်းအင်္ဂါသည်လည်း။ န ဟောတိ၊ မဖြစ်ချေ။ တသ္မာ၊ ထို့ကြောင့်။ "အကုသလံ ဓုတင်္ဂံ၊ အကုသိုလ်ဓုတင်မည်သည်။ နတ္ထိ၊ မရှိချေ။" ဣတိ၊ ဤသို့၊ ဣဒံ၊ ဤစကားသည်။ သုဝုတ္တံ၊ ကောင်းစွာဆိုအပ်သော စကားပေတည်း။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇေယျ၊ ဖြေရှင်းပြောဆိုရာ၏။

(၇၈) ယေသံ၊ အကြင်အဘယဂိရိဝါသီဆရာတို့၏။ဝါဒေပိ၊အယူ၌ဝါဒ၌လည်း။ ဓုတင်္ဂံ၊ ဓုတင်သည်။ ကုသလတ္တိကဝိနိမုတ္တံ၊ ကုသလတိက်မှလွတ်၏။ တေသံ၊

ထိုဆရာတို့၏။ ဝါဒေ၊ ဝါဒ၌။ အတ္ထကော၊ ပရမတ္ထအားဖြင့်။ ဓုတင်္ဂမေဝ၊ ဓုတင်သည်ပင်လျှင်။ နတ္ထိ၊ မရှိတော့ပေ။ အသန္တံ၊ ပရမတ္ထအားဖြင့်ထင်ရှားမရှိသော ပညတ်သည်။ ကဿ၊ အဘယ်သို့သောကိလေသာကို။ ဓုနနတော၊ ခါထုတ်ဖျက်ဆီးတတ်သောကြောင့်။ ဓုတင်္ဂံ နာမ၊ ဓုတင်မည်သည်။ ဘဝိဿတိ၊ ဖြစ်ပါအံ့နည်း။ စ၊ ထို့ပြင်တပါး။ နေသံ၊ ထိုဆရာတို့၏။ ဝါဒေ၊ အယူဝါဒ၌။ ဓုတဂုဏေ၊ ကိလေသာမှ ခါထုတ်တတ်သော ဂုဏ်ကျေးဇူးတို့ကို။ သမာဒါယ၊ ဆောက်တည်၍။ ဝတ္တဘိ၊ ကျင့်၏။ ဣဘိ၊ ဤသို့။ ဝစနဝိရောဓောပိ၊ ပါဠိတော်စကားနှင့် ဆန့်ကျင်ခြင်း အဖြစ်သည်လည်း။ အာပဇ္ဇတိ၊ ရောက်သေး၏။ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုအဘယဂိရိဆရာတို့၏ စကားကို။ န ဂဟေတဗ္ဗံ၊ မယူအပ်ပေ။ ဣတိ အယံ၊ ဤသည်ကား၊ တာဝ၊ ရှေးဦးစွာ။ ကုသလတ္တိကတော၊ ကုသိုလ်ဘိက်အားဖြင့်။ ဝဏ္ဏနာ၊ ဖွင့်ပြခြင်းပေတည်း။

ဓုတာဒိနံ ဝိဘာဂတောတိ ဧတ္ထ၊ ဓုတာဒီနံ ဝိဘာဂတောဟူသော ဤစကားရပ်၌။ ဓုတော ဝေဒိတဗ္ဗော၊ ဓုတကို သိအပ်၏။ ဓုတဝါဒေါ ဝေဒိတဗ္ဗော၊ ဓုတဝါဒကို သိအပ်၏။ ဓုတဓမ္မာ ဝေဒိတဗ္ဗာ၊ ဓုတဓမ္မတို့ကို သိအပ်ကုန်၏။ ဓုတင်္ဂါနိ ဝေဒိတဗ္ဗာနိ၊ ဓုတင်္ဂတို့ကို သိအပ်ကုန်၏။ ကဿ၊ အဘယ်သူအား။ ဓုတင်္ဂသေဝနာ၊ ဓုတင်ကိုမှီဝဲခြင်းသည်။ သပ္ပါယာ၊ လျောက်ပတ်သနည်း။ ဣတိ ဣမိဿာ ပဉ္စာယ၊ ဤပြဿနာ၏။ ဝိသဇ္ဇနံ၊ အဖြေကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

တတ္ထ၊ ထိုဓုတအစရှိသည်တို့တွင်။ ဓုတောတိ ဓုတကိလေသော ဝါ၊ ကိလေသာကို ခါထုတ်ဖျက်ဆီးပြီးသော ပုဂ္ဂိုလ်သည် လည်းကောင်း။ ကိလေသဓုနနော ဝါ ဓမ္မော၊ ကိလေသာတို့ကို ခါထုတ်ဖျက်ဆီးတတ်သော တရားသည်လည်းကောင်း။ ဓုတောတိ ဓုတော နာမ။ ဓုတမည်၏။

ဓုတဝါဒေါတိ ဧတ္ထ ပန၊ ဓုတဝါဒေါဟူသောဤပုဒ်၌ကား။ ဓုတော၊ ဓုတသာမည်၍။ န ဓုတဝါဒေါ၊ ဓုတဝါဒမမည်သော ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ န ဓုတော၊ ဓုတ မမည်မူ၍။ ဓုတဝါဒေါ၊ ဓုတဝါဒမည်သောပုဂ္ဂိုလ်သည်။အတ္ထိ၊ ရှိ၏။နေဝ ဓုတော၊ ဓုတလည်းမမည်မူ၍။န ဓုတဝါဒေါ၊ဓုတဝါဒလည်းမမည်သော ပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဓုတော စေဝ၊ ဓုတလည်းမည်၍။ ဓုတဝါဒေါ စ၊ ဓုတဝါဒလည်း မည်သောပုဂ္ဂိုလ်သည်။ အတ္ထိ၊ ရှိ၏။

တတ္ထ၊ ထိုလေးပါးတို့တွင်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဓုတင်္ဂေန၊ ဓုတင်ဖြင့်။ အတ္တနော ကိလေသေ၊ မိမိ၏ကိလေသာတို့ကို။ ဓုနိ၊ ခါထုတ်ဖျက်ဆီးခဲ့လေပြီ။ ပရံ ပန၊ သူတပါးကိုမူကား။ ဓုတင်္ဂေန၊ ဓုတင်ဖြင့်။ န ဩဝဒတိ၊ မဆုံးမပေ။ နာနုသာသတိ၊ မညွှန်ကြားပေ။ ကော ဝိယ၊ အဘယ်အရှင်ကဲ့သို့နည်းဟူမူကား။ ဗာကုလတ္ထေရော ဝိယ၊ အရှင်ဗာကုလ

မထေရ်ကဲ့သို့ပင်တည်း။ အယံ၊ ဤပုဂ္ဂိုလ်သည်၊ ဓုတော၊ ဓုတသာမည်၍။ န ဓုတဝါဒေါ၊ ဓုတဝါဒ မမည်ပေ။ ယထာဟ၊ အဘယ်ကဲ့သို့ ဟောတော်မူနည်း။ "အာယသ္မာ၊ တရားနှင့်ကြောက်ဆယ် သက်တော်ကြွယ်သော။ တယိဒံ သော အယံ ဗာကုလော၊ ထိုဗာကုလသည်။ ဓုတော၊ မိမိ၏ကိလေသာတို့ကို ခါထုတ်၍။ န ဓုတဝါဒေါ၊ သူတပါးကိုမူ ဓုတင်ဖြင့်ဆုံးမတော်မူခြင်း မရှိပေ။" ဣတိ၊ ဤသို့။ အာဟ၊ ဟောကြားတော်မူ၏။ ယော ပန၊ အကြင်ပုဂ္ဂိုလ်သည် ကား။ ဓုတင်နှ၊ ဓုတင်ဖြင့်။ အတ္တနော ကိလေသေ၊ မိမိ၏ကိလေသာတို့ကို။ န ဓုနိ၊ မခါထုတ် မဖျက်ဆီးပေ။ ကေဝလံ၊ သက်သက်။ အညေ၊ အခြား သူတို့ကိုသာလျှင်။ ဓုတင်နှ၊ ဓုတင်ဖြင့်။ ဩဝဒတိ၊ ဆုံးမ၏။ အနုသာသတိ၊ ညွှန်ကြား၏။ သော ဝိယ၊ အဘယ်အရှင်ကဲ့သို့နည်းဟူမူကား။ ဥပနန္ဒတ္ထေ-ရော ဝိယ၊ ဥပနန္ဒမထေရ်ကဲ့သို့ပင်တည်း။ အယံ၊ ဤပုဂ္ဂိုလ်သည်။ န ဓုတော၊ ဓုတမမည်၍။ ဓုတဝါဒေါ. ဓုတဝါဒသာမည်၏။ "ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား။ သကျပုတ္တော၊ သာကီဝင်မင်းသားဖြစ်သော။ တယိဒံ-သော အယံ အာယသ္မာ ဥပနန္ဒော၊ ထိုအရှင်ဥပနန္ဒသည်။ န ဓုတော၊ မိမိကိုယ်တိုင် ကိလေသာတို့ကို မခါထုတ်မူ၍။ ဓုတဝါဒေါ၊ သူတပါးတို့ကိုမူ ဓုတင်ဖြင့်ဟောပြောခြင်းရှိပေ၏။" ဣတိ၊ ဤသို့။ အာဟ၊ ဘုရားဟောတော်မူ၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ လာဠုဒါယီ ဝိယ၊ လာဠုဒါယီ မထေရ် ကဲ့သို့။ ဥဘယဝိပန္နော၊ နှစ်ပါးလုံးမပြည့်စုံပဲ ချွတ်ယွင်း၏။ အယံ၊ ဤ ပုဂ္ဂိုလ်သည်။ နေဝ ဓုတော၊ ဓုတလည်းမမည်။ န ဓုတဝါဒေါ၊ ဓုတဝါဒလည်း မမည်။ ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား။ တယိဒံ သော အယံ လာဠုဒါယီ၊ ထိုအရှင်လာဠုဒါယီသည်။ နေဝ ဓုတော၊ မိမိကိုယ် တိုင်လည်း ကိလေသာတို့ကို မခါထုတ်တတ်ပေ။ န ဓုတဝါဒေါ၊ သူတပါးတို့ အားလည်း ဓုတင်ဖြင့် ဆုံးမဟောပြောခြင်း မရှိပေ။ ဣတိ၊ ဤသို့။ အာဟ၊ ဘုရားဟောတော်မူ၏။ ယော ပန၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဓမ္မသေနာပတိ ဝိယ၊ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာကဲ့သို့ပင်။ ဥဘယသမ္ပန္နော၊ နှစ်ပါးလုံးနှင့်ပြည့်စုံ၏။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဓုတော စေဝ၊ ဓုတလည်း မည်၏။ ဓုတဝါဒေါ စ၊ ဓုတဝါဒလည်း မည်၏။ ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်း ဟူမူကား။ "တယိဒံ သော အယံ အာယသ္မာ သာရိ-ပုတ္တော၊ ထိုအရှင်သာရိပုတ္တရာသည်။ ဓုတော စေဝ၊ မိမိကိုယ်တိုင်လည်း ကိလေ-သာတို့ကို ခါထုတ်တတ်၏။ ဓုတဝါဒေါ စ၊ သူတပါးကိုလည်း ဓုတင်ဖြင့်ဆုံးမ ဟောပြောခြင်းရှိပေ၏။" ဣတိ၊ ဤသို့။ အာဟ၊ ဘုရားဟောတော်မူ၏။

ဓုတဓမ္မာ ဝေဒိတဗ္ဗာတိ၊ ဓုတဓမ္မာ ဝေဒိတဗ္ဗာဟူသည်ကား။ အပ္ပိ-စ္ဆတာ၊ အလိုနည်းသည်၏ အဖြစ်။ သန္တုဋ္ဌိတာ၊ ရောင့်ရဲလွယ်သည်၏အဖြစ်။

သလ္လေခတာ၊ ကိလေသာကို ခေါင်းပါးစေတတ်သော အဖြစ်။ ပဝိဝေကတာ၊ ဆိတ်ငြိမ်သည်၏ အဖြစ်။ဣဒမတ္ထိတာ၊ ဤဓူတင်ကုသိုလ် တရားဖြင့် အလိုရှိသည်၏ အဖြစ်။ ဣတိ၊ ဤသို့။ ဓုတင်စေတနာယ ပရိဝါရကာ၊ ဓူတင်စေတနာ၏ အခြံအရံဖြစ်ကုန်သော။ ဣမေ ပဉ္စ ဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ "အပ္ပိစ္ဆတံယေဝ နိဿာယာ"တိ အာဒိဝစနတော၊ အပ္ပိစ္ဆတံယေဝ နိဿာယ ဤသို့ အစရှိသည်ဖြင့် ဟောတော်မူသောကြောင့်။ ဓုတဓမ္မာ နာမ၊ ကိလေသာကို ခါထုတ်တတ်သော တရားမည်ကုန်၏။ တတ္ထ၊ ထိုငါးပါးတို့တွင်။ အပ္ပိစ္ဆတာ စ၊ အလိုနည်းသည်၏ အဖြစ်သည်လည်းကောင်း။ သန္တုဋ္ဌိတာ စ၊ ရောင့်ရဲလွယ်သည်၏ အဖြစ်သည် လည်းကောင်း။ (အတ္ထတော၊ တရားကိုယ် အားဖြင့်။ ထည့်)။ အလောဘော၊ အလောဘပေတည်း။ သလ္လေခတာ စ၊ ကိလေသာကို ခေါင်းပါးစေတတ်သည်၏ အဖြစ်သည် လည်းကောင်း။ ပဝိဝေကတာ စ၊ ဆိတ်ငြိမ်ခြင်းကို လိုလားသည်၏ အဖြစ်သည် လည်းကောင်း။အလောဘေ စ၊အလောဘ၌လည်းကောင်း။ အမောဟေ စ၊ အမောဟ၌လည်းကောင်း။ ဣမေသု ဒွီသု ဓမ္မေသု၊ အလောဘနှင့် အမောဟဟူသော ဤတရားနှစ်ပါးတို့၌။ အနုပတန္တိ၊ ကျရောက် သက်ဝင်ကုန်၏။ ဣဒမတ္ထိတာ၊ဤဓူတင်တရားဖြင့် အလိုရှိသည်၏ အဖြစ်သည်။ ဉာဏမေဝ၊ ဉာဏ်သာလျှင်တည်း။ (၇၉)၊ တတ္ထ၊ ထိုအလောဘနှင့် အမောဟတို့တွင်။ အလောဘေန၊ အလောဘဖြင့်။ ပဋိက္ခေပဝတ္ထူသု၊ ထိုထိုဓူတင်ဖြင့် ပယ်အပ်သော ဒါယကာလှူသည့် သင်္ကန်းအစရှိသော ဝတ္ထုတို့၌။ လောဘံ၊ လောဘကို။ ဓုနာတိ၊ ဖျက်ဆီး ခါထုတ်တတ်၏။ အမောဟေန၊ အမောဟဖြင့်။ တေသွေဝ ပဋိက္ခေပဝတ္ထူသု၊ ထိုထိုဓူတင်ဖြင့် ပယ်အပ်သော ဒါယကာလှူသည့် သင်္ကန်း အစရှိသော ထိုဝတ္ထုတို့၌သာလျှင်။အာဒီနဝပဋိစ္ဆာဒကံ၊ စောင့်ရှောက်ချခြင်းကြောင့် ဖြစ်သော ဆင်းရဲ,သူတပါးနှင့် စပ်သောဖြစ်ခြင်း, ခိုးသူဘေး အစရှိသော အပြစ်ကို ဖုံးလွှမ်းတတ်သော။ မောဟံ၊ မောဟကို။ ဓုနာတိ၊ ခါထုတ်ဖျက်ဆီးတတ်၏။ စ၊ တနည်းကား။ အလောဘေန၊ အလောဘဖြင့်။ အနုညာတာနံ၊ ဆန္ဒရာကင်းသော သုံးဆောင်ခြင်း အလိုအားဖြင့် ဘုရားခွင့်ပြုတော်မူအပ်ကုန်သော နူးညံ့သောအတွေ့ရှိသည့်အခင်း ခြံထည် အစရှိသောဝတ္ထုတို့ကို။ ပဋိသေဝနမုခေန ပဝတ္တံ၊ မှီဝဲသုံးဆောင်ခြင်းကို အကြောင်းပြု၍ ဖြစ်သော။ ကာမသုခါနုယောဂံ၊ ကာမဂုဏ်ခံစားခြင်းကို။ဓုနာတိ၊ ခါထုတ်ဖျက်ဆီးတတ်၏။ အမောဟေန၊ အမောဟဖြင့်။ ဓုတင်္ဂေသု၊ ဓုတင်တို့၌။ အတိသလ္လေခမုခေန ပဝတ္တံ၊ အလွန်ခေါင်းပါးစေသော အကျင့်ကို အကြောင်းပြု၍ ဖြစ်သော။ အတ္တကိလမထာနုယောဂံ၊ ကိုယ်ပင်ပန်းဆင်းရဲ အောင်ပြုကျင့်ခြင်းကို။ ဓုနာတိ၊ ခါထုတ် ဖျက်ဆီးတတ်၏။ တသ္မာ၊ ထို့ကြောင့် ဣမေ ဓမ္မာ၊ ဤဆိုခဲ့သော အလိုနည်းသည်၏ အဖြစ် အစရှိကုန်သော တရားတို့ကို။ ဓုတဓမ္မာတိ၊ ဓုတဓမ္မတို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။

ဓုတင်္ဂါနိ ဝေဒိတဗ္ဗာနီတိ၊ဓုတင်္ဂါနိ ဝေဒိတဗ္ဗာနိဟူသည်ကား။ ပံသုကူလိ-ကင်္ဂံ၊ ပံ့သကူ ဓူတင် လည်း ကောင်း။ ပ။ နေသဇ္ဇိကင်္ဂံ၊ နိသဇ်ဓူတင် လည်းကောင်း။ ဣတိ၊ ဤသို့။ တေရသဓုတင်္ဂါနိ၊ တဆယ့်သုံးပါးသော ဓူတင်တို့ကို။ ဝေဒိတဗ္ဗာနိ၊ သိထိုက်ကုန်၏။ တာနိ၊ ထိုဓူတင်တို့ကို။ အတ္ထတော စ၊အနက်အားဖြင့်လည်းကောင်း။ လက္ခဏာဒိဟိ စ၊ လက္ခဏာစသည်တို့ဖြင့် လည်းကောင်း။ ဝုတ္တာနေဝ၊ ဆိုအပ်ခဲ့ကုန်ပြီးသည်သာလျှင်တည်း။

ကဿ၊ အဘယ်သူအား။ ဓုတင်္ဂသေဝနာ၊ဓူတင်ကိုမှီဝဲခြင်း၏အစွမ်းအားဖြင့်။ သပ္ပါယာ၊ လျော်က်ပတ်သနည်း။ဣတိ စေ၊ ဤပြဿနာ၌။ ရာဂစရိတဿ စ၊ ရာဂစရိုက်ရှိသောသူအား လည်းကောင်း။ မောဟစရိတဿ စ၊ မောဟစရိုက် ရှိသူအားလည်းကောင်း။ သပ္ပါယာ၊လျော်ကပတ်ပေ၏။ ကသ္မာ၊အဘယ့်ကြောင့် နည်းဟူမူကား။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ ဓုတင်္ဂသေဝနာ၊ ဓူတင်ကိုမှီဝဲခြင်း သည်။ဒုက္ခာပဋိပဒါ စေဝ၊ဆင်းရဲသောအကျင့်လည်း ဖြစ်ပေ၏။ သလ္လေခဝိဟာ-ရော စ၊ ကိလေသာကို ခေါင်းပါးစေသော နေခြင်းလည်းဖြစ်ပေ၏။ စ၊ ဆက် ဦးအံ့။ ဒုက္ခပဋိပဒံ နိဿာယ၊ ဆင်းရဲသော အကျင့်ကိုမှီ၍။ ရာဂေါ ဝူပသမ္မတိ၊ ရာဂငြိမ်း၏။ သလ္လေခံ နိဿာယ၊ ခေါင်းပါးသောနေခြင်းကိုမှီ၍။ အပ္ပမတ္တဿ၊ မမေ့မလျော့သော ပုဂ္ဂိုလ်အား။ မောဟော ပဟီယတိ၊ မောဟသည် ကင်း ပျောက်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သပ္ပါယာ၊ လျော်ကပတ်၏။(ပြန်စပ်) ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤတဆယ့်သုံးပါးသော ဓူတင်တို့တွင်။ အာရညိကင်္ဂ-ရုက္ခမူလိကင်္ဂပဋိသေဝနာ၊ အာရညကင် ရုက္ခမူ ဓူတင်တို့ကို မှီဝဲခြင်းသည်။ ဒေါသစရိတဿပိ၊ ဒေါသစရိုက်ရှိသော သူအားလည်း။ သပ္ပါယာ၊ လျော်ကပတ်၏။ ဟိ၊မှန်၏။ တတ္ထ၊ ထိုတောအရပ်, သစ်ပစ်ရင်းတို့၌။ အသံဃဋ္ဋိယမာ-နဿ၊ သူတပါးနှင့် ထိပါးခြင်းမရှိပဲ။ ဝိဟရတော၊ နေသော။ အဿ၊ ထိုပုဂ္ဂိုလ် အား။ ဒေါသောပိ၊ ဒေါသသည်လည်း။ ဝူပသမ္မတိ၊ ငြိမ်း၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သပ္ပါယာ၊ လျော်ကပတ်၏။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဓုတာ-ဒိနံ၊ ဓုတစသည်တို့ကို။ ဝိဘာဂတော၊ ဝေဖန်သော အားဖြင့်။ ဝဏ္ဏနာ၊ ဖွင့်ပြခြင်းပေတည်း။

သမာသဗျာသတောတိ ဧတ္ထ၊ သမာသဗျာသတောဟူသော ဤပုဒ်၌။ ပန၊ ခွဲ၍ဦးအံ့။ ဣမာနိ ဓုတင်္ဂါနိ၊ ဤဓူတင်တို့သည်။ သမာသတော၊ အကျဉ်းအား ဖြင့်။ သီသင်္ဂါနိ၊ ခေါင်းတည် အင်္ဂါတို့သည်။ တီဏိ၊သုံးပါးတို့တည်း။ အသမ္ဘိ-န္နင်္ဂါနိ၊ ရောယှက်ခြင်းမရှိ သီးသန့်အင်္ဂါတို့သည်။ ပဉ္စ၊ ငါးပါးတို့ပေတည်း။ ဣတိ၊ ဤသို့၊ အဋ္ဌေဝ၊ ရှစ်ပါးတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထို သီသင်္ဂ, အသမ္ဘိန္နအင်္ဂါတို့တွင်။ သပဒါနစာရိကင်္ဂံ၊ သပဒါနစရိကဓူတင်လည်း ကောင်း။ဧကာသနိကင်္ဂံ၊ဧကာသနိက်ဓူတင်လည်းကောင်း။ အဗ္ဘောကာသိကင်္ဂံ၊

အဗ္ဘောကာသိကဓုတင် လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့သည်။ သီသင်္ဂါနိ၊ ခေါင်းတည် အင်္ဂါတို့ပေတည်း။ ဟိ၊ မှန်၏။ သပဒါနစာရိကင်္ဂံ ရက္ခန္တော၊ သပဒါနစာရိကဓုတင်ကို စောင့်ရှောက်သည် ရှိသော်။ ပိဏ္ဍပါတိကင်္ဂမ္ပိ၊ ပိဏ္ဍပါတ်ဓုတင်ကိုလည်း။ ရက္ခိဿတိ၊ စောင့်ရှောက်နိုင်လတ္တံ့။ စ၊ ထိုမှတပါး။ ဧကာသနိကင်္ဂံ ရက္ခတော၊ ဧကာသနိက် ဓုတင်ကို စောင့်ရှောက်သော ပုဂ္ဂိုလ်အား။ ပတ္တပိဏ္ဍိကင်္ဂခလုပစ္ဆာဘတ္တိကင်္ဂါနိ၊ ပတ္တပိဏ်ဓုတင်, ခလုပစ္ဆာဘတ် ဓုတင်တို့ကိုလည်း။ သုရက္ခနီယာနိ၊ လွယ်ကူစွာ စောင့်ရှောက်နိုင်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တနည်း။ သုရက္ခနီယာနိ ဘဝိဿန္တိ၊ လွယ်ကူစွာ စောင့်ရှောက်နိုင်ကုန်လတ္တံ့။ အဗ္ဘောကာသိကင်္ဂံ၊ အဗ္ဘောကာသိကဓုတင်ကို။ ရက္ခန္တဿ၊ စောင့်ရှောက်သော သူအား။ ရုက္ခမူ-လိကင်္ဂယထာသန္တတိကင်္ဂေသု၊ ရုက္ခမူဓုတင်, ယထာသန္တတိ ဓုတင်တို့၌။ ရက္ခိ-တဗ္ဗံ နာမ၊ စောင့်ရှောက်ဖွယ် မည်သည်၊ ကိံ အတ္ထိ၊ အဘယ်မှာ ရှိအံ့တော့နည်း။ နတ္ထေဝ၊ မရှိတော့ပေ (ထည့်)။ တသ္မာ၊ ထို့ကြောင့်။ သီသင်္ဂါနိ၊ ခေါင်းတည် အင်္ဂါတို့ မည်ကုန်၏။ ဣတိ၊ ဤသို့။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့သည်။ သီသင်္ဂါနိ၊ ခေါင်းတည် အင်္ဂါတို့ မည်ကုန်၏။ စ၊ ထိုမှတပါး။ အာရညိကင်္ဂံ၊ အာရညကင် ဓုတင် လည်းကောင်း။ ပံသုကူလိကင်္ဂံ၊ ပံသုကူဓုတင် လည်းကောင်း။ တေစီဝရိကင်္ဂံ၊ တိစီဝရိတ်ဓုတင်လည်းကောင်း။ နေသဇ္ဇိကင်္ဂံ၊ နိသဇ်ဓုတင်လည်းကောင်း။ သောသာနိကင်္ဂံ၊ သုသာန်ဓုတင်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ဣမာနိ အသမ္ဘိန္နင်္ဂါနိ စ၊ ရောယှက်ခြင်းမရှိသော သီးသန့်ဓုတင်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဓုတင်္ဂါနိ၊ ဓုတင်တို့သည်(ထည့်)။ အဋ္ဌေဝ ဟောန္တိ၊ ရှစ်ပါးတို့သည်သာလျှင် ဖြစ်ကုန်၏

ပုန၊ တဖန်။ဒွေ စီဝရပဋိသံယုတ္တာနိ၊ သင်္ကန်းနှင့်စပ်သော ဓုတင်နှစ်ပါးတို့လည်းကောင်း။ ပဉ္စ ပိဏ္ဍပါတပဋိသံယုတ္တာနိ၊ ဆွမ်းနှင့်စပ်သော ဓုတင်ငါးပါးတို့လည်းကောင်း။ ပဉ္စ သေနာသနပဋိသံယုတ္တာနိ၊ ကျောင်းနှင့်စပ်သော ဓုတင်ငါးပါးတို့လည်းကောင်း။ ဧကံ ဝီရိယပဋိသံယုတ္တံ၊ ဝီရိယနှင့်စပ်သော ဓုတင်တပါးလည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ဓုတင်္ဂါနိ၊ ဓုတင်တို့သည်။ (လိုက်)။ စတ္တာရေဝ၊ လေးပါးတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုလေးပါးတို့တွင်။ ဝီရိယပဋိသံယုတ္တံ၊ ဝီရိယနှင့်စပ်သော ဓုတင်သည်။ နေသဇ္ဇိကင်္ဂံ၊ နိသဇ်ဓုတင်ပေတည်း။ ဣတရာနိ၊ အခြားဓုတင်သုံးပါးတို့သည်ကား။ ပါကဋာနေဝ၊ ထင်ရှားကုန်သည်သာတည်း။

ပုန၊တဖန်။ သဗ္ဗာနေဝ၊ ဓုတင်အလုံးစုံတို့သည်ပင်လျှင်။ပစ္စယသန္နိဿိတာနိ၊ ပစ္စည်းကို မှီကုန်သော။ ဒွါဒသ၊ တဆယ့်နှစ်ပါးသော ဓုတင်တို့လည်းကောင်း။ ဝီရိယနိဿိတံ၊ ဝီရိယကိုမှီသော။ ဧကံ၊ ဓုတင်တပါး။ ဣတိ၊ ဤသို့။ နိဿယ-

ဝသေန၊ မှီရာ၏အစွမ်းအားဖြင့်။ ဒွေ ဟောန္တိ၊ နှစ်ပါးတို့သာလျှင် ဖြစ်ကုန်၏။ သေဝိတဗ္ဗာသေဝိတဗ္ဗသေနပိ၊ မှီဝဲအပ်သောဓုတင် မမှီဝဲအပ်သောဓုတင်တို့၏ အစွမ်းအားဖြင့်လည်း။ ဒွေယေဝ ဟောန္တိ၊ နှစ်ပါးတို့ပင်ဖြစ်ကုန်၏။ ဟိ၊ မှန်၏။ ဓုတင်္ဂသေဝန္တဿ၊ ဓုတင်ကိုမှီဝဲသော။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကမ္မဋ္ဌာနံ ဝဍ္ဎတိ၊ ကမ္မဋ္ဌာန်းတိုးပွား၏။ တနည်း။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဓုတင်္ဂံ သေဝန္တဿ၊ ဓုတင်ကို မှီဝဲသည်ရှိသော်။ ကမ္မဋ္ဌာနံ ဝဍ္ဎတိ၊ ကမ္မဋ္ဌာန်းတိုးပွား၏။ တေန၊ ထိုပုဂ္ဂိုလ်သည်။ သေဝိတဗ္ဗာနိ၊ မှီဝဲအပ်ကုန်၏။ ယဿ၊ အကြင်ပုဂ္ဂိုလ် အား။ သေဝတော၊ မှီဝဲသည်ရှိသော်။ ကမ္မဋ္ဌာနံ ဟာယတိ၊ ကမ္မဋ္ဌာန်းယုတ် လျော့၏။ တေန၊ ထိုပုဂ္ဂိုလ်သည်။ န သေဝိတဗ္ဗာနိ၊ မမှီဝဲအပ်ကုန်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ သေဝတောပိ၊ မှီဝဲသော်လည်းကောင်း။ ဝါ၊ မှီဝဲသည်ဖြစ်စေ။ အသေဝတောပိ၊ မမှီဝဲသော်လည်းကောင်း။ ဝါ၊ မမှီဝဲသည်ဖြစ်စေ။ ဝဍ္ဎ- တေဝ၊ ကမ္မဋ္ဌာန်းသည် တိုးပွားသည်သာတည်း။ န ဟာယတိ၊ ဆုတ်ယုတ်ခြင်း မရှိ။ တေနပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ပစ္ဆိမံ ဇနတံ၊ နောင်လာနောက်ဖွား လူ အများကို။ အနုကမ္ပန္တေန၊ ချီးမြှင့်သည်ဖြစ်၍။ သေဝိတဗ္ဗာနိ၊ မှီဝဲအပ်ကုန်၏။ (၁၀) ယဿာပိ၊ အကြင်ပုဂ္ဂိုလ်အားလည်း။ သေဝတောပိ၊ မှီဝဲသော်လည်း ကောင်း။ ဝါ၊ မှီဝဲသည်ဖြစ်စေ။ အသေဝတောပိ၊ မမှီဝဲသော်လည်းကောင်း။ ဝါ၊ မမှီဝဲသည် ဖြစ်စေ။ န ဝဍ္ဎတိ၊ ကမ္မဋ္ဌာန်းသည် မတိုးပွား။ တေနပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ အာယတိံ ဝါသနတ္ထာယ၊ နောင်အခါ အလေ့အကျင့် ကောင်း, ဖြသုံ့ဝါသနာ အကျိုးငှာ။ သေဝိတဗ္ဗာနိယေဝ၊ မှီဝဲအပ်ကုန်သည်သာ တည်း။ ဣတိ၊ ဤတွင်ပြီးပြီ။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သေဝိတဗ္ဗာသေဝိတဗ္ဗဝသေန၊ မှီဝဲအပ်သော ဓုတင်, မမှီဝဲအပ်သော ဓုတင်တို့၏ အစွမ်းအားဖြင့်။ ဒုဝိဓာနိပိ၊ နှစ်ပါးအပြား ရှိကုန်သော်လည်း။ သဗ္ဗာနေဝ၊ အလုံးစုံတို့သည်ပင်လျှင်။ စေတနာဝသေန၊ စေတနာ၏အစွမ်းအားဖြင့်။ ဧကဝိဓာနိ ဟောန္တိ၊ တပါးတည်း အဖို့ရှိကုန်၏။ ဟိ၊ မှန်၏။ သမာဒါနစေတနာ၊ ဆောက်တည်ကြောင်း စေတနာဟူသော။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဧကမေဝ၊ တပါးတည်းသာတည်း။ ဣတိ၊ ထို့ကြောင့်။ အဋ္ဌကထာယမ္ပိ၊ ရှေးမဟာအဋ္ဌကထာ၌လည်း။ "ယာ စေတနာ၊ အကြင် ဆောက်တည်ကြောင်း စေတနာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုစေတနာသည်။ ဓုတင်္ဂံ၊ ဓုတင်မည်၏၊" ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလို၏။

ပန၊ အဖို့တပါးကား။ ဗျာသတော၊ အကျယ်အားဖြင့်။ ဘိက္ခူနံ၊ ရဟန်းတို့ အား။ တေရသ၊ တဆယ့်သုံးပါးသော ဓုတင်တို့လည်းကောင်း။ ဘိက္ခုနီနံ၊ ဘိက္ခုနီတို့အား။ အဋ္ဌ၊ ရှစ်ပါးသောဓုတင်တို့သည်းကောင်း။ သာမဏေရာနံ၊

သာမဏေတို့အား။ ဒွါဒသ၊ တဆယ့်နှစ်ပါးသော ဓုတင်တို့လည်းကောင်း။
သိက္ခမာနသာမဏေရီနံ၊ သိက္ခမာန်နှင့်သာမဏေရီတို့အား။ သတ္တ၊ ခုနစ်ပါး
သောဓုတင်တို့လည်းကောင်း။ ဥပါသကဥပါသိကာနံ၊ ဥပါသကာနှင့်ဥပါသိကာ
တို့အား။ ဒွေ၊ နှစ်ပါးသောဓုတင်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွါစတ္တာ-
လီသ ဟောန္တိ၊ လေးဆယ့်နှစ်ပါးဖြစ်ကုန်၏။ ပန၊ ခဲ့အံ့။ အဗ္ဘောကာသေ၊
ဟင်းလင်းပြင်အရပ်၌။ အာရညိကင်္ဂသမ္ပန္နံ၊ တောကျောင်းအင်္ဂနှင့် ပြည့်စုံ
သော။ သုသာနံ၊ သုသာန်သည်။ သစေ ဟောတိ၊ အကယ်၍ရှိပါမူ။ ဧကော-
ပိ ဘိက္ခု၊ ရဟန်းတပါးတည်းသော်လည်း။ ဧကပ္ပဟာရေန၊ တပြိုင်နက်အား
ဖြင့်။ သဗ္ဗဓုတင်္ဂါနိ၊ အလုံးစုံသောဓုတင်တို့ကို။ ပရိဘုဉ္ဇိတုံ သက္ကောတိ၊ သုံး
ဆောင်နိုင်ပေ၏။ ပန၊ ထိုမှတပါး။ ဘိက္ခုနီနံ၊ ရဟန်းမတို့အား။ အာရညိ-
ကင်္ဂံ၊ အာရညကင်ဓုတင်လည်းကောင်း။ ခလုပစ္ဆာဘတ္တိကင်္ဂဉ္စ၊ ခလုပစ္ဆာ-
ဘတ်ဓုတင်လည်းကောင်း။ ဣတိ၊ ဤသို့ (ထည့်)။ ဒွေပိ၊ နှစ်ပါးတို့ကိုလည်း။
သိက္ခာပဒေနေဝ၊ သိက္ခာပုဒ်ပြင့်ပင်လျှင်။ ပဋိက္ခိတ္တာနိ၊ ပယ်မြစ်ထားကုန်၏။
အဗ္ဘောကာသိကင်္ဂံ၊ အဗ္ဘောကာသိကဓုတင် လည်းကောင်း။ ရုက္ခမူလိကင်္ဂံ၊
ရုက္ခမူဓုတင်လည်းကောင်း။ သောသာနိကင်္ဂံ၊ သုသာန်ဓုတင်လည်းကောင်း။
ဣတိ၊ ဤသို့။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့သည်။ ဒုပ္ပရိဟာရာနိ၊ ဆောင်နိုင်
ခဲကုန်၏။ ဟိ၊ မှန်၏။ ဘိက္ခုနိယာ၊ ဘိက္ခုနီသည်။ ဒုတိယိကံ ဝိနာ၊ အဖော်
ဘိက္ခုနီနှင့်ကင်း၍။ ဝသိတုံ န ဝဋ္ဋတိ၊ နေခြင်းငှာမအပ်။ ဝေရူပေ ဌာနေ၊
ဤသို့သဘောရှိသောဌာန၌။ သမာနစ္ဆန္ဒာ ဒုတိယိကာ၊ အလိုဆန္ဒတူသော
အဖော်ဘိက္ခုနီကို။ ဒုလ္လဘာ၊ ရခဲ၏။ သစေ လဘေယျ၊ အကယ်၍ရစေကာမူ။
ဝေမ္ပိ၊ ဤသို့ရသော်လည်း။ သံသဋ္ဌဝိဟာရတော၊ ရောနှောနေထိုင်ခြင်းမှ။ န
မုစ္စေယျ၊ မလွတ်နိုင်။ ဧဝံ သတိ၊ ဤသို့ဖြစ်လတ်သော်။ ယဿတ္ထာယ၊
အကြင်ဆိတ်ငြိမ်ခြင်းအလို့ငှာ။ ဓုတင်္ဂံ သေဝေယျ၊ ဓုတင်ကိုမှီဝဲရာ၏။ သွေဝ
အတ္ထော၊ ထိုဆိတ်ငြိမ်ခြင်းအကျိုးသည်ပင်။ အဿာ ဘိက္ခုနိယာ၊ ထိုဘိက္ခုနီ
အား။ န သမ္ပဇ္ဇေယျ၊ မပြည့်စုံရာ။ ဧဝံ၊ ဤသို့။ ပရိဘုဉ္ဇိတုံ အသက္ကုဏေယျ-
တာယ၊ သုံးဆောင်နိုင်ခဲသောကြောင့်။ ပဉ္စ ဟာပေတွာ၊ ငါးပါးသောဓုတင်
တို့ကိုလျှော့၍။ ဘိက္ခုနီနံ၊ ဘိက္ခုနီတို့အား၊ အဋ္ဌေဝ ဟောန္တီတိ၊ ရှစ်ပါးတို့
သာလျှင်ဖြစ်ကုန်၏ဟု။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ပန၊ အဖို့တပါးကား။
ယထာဝုတ္တေသု၊ ဆိုခဲ့ပြီးသောဓုတင်တို့တွင်။ တေစီဝရိကင်္ဂံ ဌပေတွာ၊ တိစီဝ
ရိက်ဓုတင်ကို ချန်ထား၍။ သေသာနိ ဒွါဒသ၊ ကြွင်းသောတဆယ့်နှစ်ပါးသော
ဓုတင်တို့ကို။ သာမဏေရာနံ၊ သာမဏေတို့အား။ သာဓာရဏာနီတိ၊ သက်ဆိုင်
ကုန်၏ဟု (ထည့်)။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ သတ္တ၊ ခုနစ်ပါးသောဓုတင်
တို့ကို။ သိက္ခမာနသာမဏေရီနံ၊ သိက္ခမာန်နှင့်သာမဏေရီတို့အား။ သာဓာရ-
ဏာနီတိ၊ သက်ဆိုင်ကုန်သည်ဟု (ထည့်)။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဥပါသက-

ဥပါသိကာနံ၊ ဥပါသကာနှင့် ဥပါသိကာတို့အားကား။ ကောသနိကင်္၊ ကောသနိုက် မူတင် လည်းကောင်း။ ပတ္တုင်္လိုကင်္၊ ပတ္တုပိုဏ် မူတင် လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒွေ၊ ဤမူတင်နှစ်ပါးတို့သည်။ ပတိရူပါနိ စေဝ၊ သင့်လည်းသင့်လျော်ကုန်၏။ ပရိဘုဥ္စိတုံ စ သက္ကာ၊ သုံးဆောင်ခြင်းငှာလည်း စွမ်းနိုင်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဒွေ ဓုတင်္ဂါ၊ မူတင်နှစ်ပါးတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဗျာသတော၊ အကျယ်အားဖြင့်။ ဒွေစတ္တာလီသ ဟောန္တိ၊ လေးဆယ့်နှစ်ပါးဖြစ်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ သမာသဗျာသတော၊ အကျဉ်း အကျယ်အားဖြင့်။ ဝဏ္ဏနာ၊ ဖွင့်ပြခြင်းပေတည်း။

တ္တောဝတာ စ၊ ဤမျှသော စကားအစဉ်ဖြင့်လည်း။ "သီလေ ပတိဋ္ဌာယ နရော သပညော"တိ ဣမိဿာ ဂါထာယ၊သီလေ ပတိဋ္ဌာယ နရော သပညော ဟူသော ဤဂါထာ၏။ ဝါ၊ ဤဂါထာ၌။ ဝါ၊ ဤဂါထာဖြင့်။ သီလသမာဓိပညာမုခေန၊ သီလ, သမာဓိ, ပညာကို ပဓာနပြုသဖြင့်။ ဒေသိတော၊ ဟောတော်မူအပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ ယေဟိ အပ္ပိစ္ဆတာသန္တုဋ္ဌိတာဒီဟိ ဂုဏေဟိ၊ အလိုနည်းသည်၏အဖြစ်, ရောင့်ရဲလွယ်သည်၏အဖြစ် အစရှိကုန်သော အကြင်ဂုဏ်တို့ဖြင့်။ ဝုတ္တပကာရဿ သီလဿ၊ ဆိုခဲ့ပြီးသော သီလ၏။ ဝေါဒါနံ၊ ဖြူစင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တေသံ သမ္ပာဒနတ္ထံ၊ ထိုဂုဏ်တို့ကို ပြည့်စုံစေခြင်းငှာ။ သမာဒါတဗ္ဗဓုတင်္ဂကထာ၊ ဆောက်တည်အပ်သော မူတင်တို့ကိုဆိုရာစကားကို။ ဘာသိတာ၊ ပြဆိုအပ်ပြီးသည်။ ဟောတိ၊ ဖြစ်ပေ၏။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်းအပေါင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်း အကျိုးငှာ။ ကတေ၊ ပြုစီရင်အပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ ဓုတင်္ဂနိဒ္ဒေသော နာမ၊ မူတင်တို့ကို အကျယ်ပြဆိုချက် "ဓုတင်္ဂနိဒ္ဒေသ" မည်သော၊ ဒုတိယော ပရိစ္ဆေဒေါ၊ နှစ်ခုမြောက်သော အပိုင်းအခန်းပေတည်း။

၁၃၄၀ ပြည့်၊ ဝါခေါင်လဆန်း (၁၀) ရက်၊

၁၉၇၈-ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်၊ တနင်္ဂနွေနေ့၊

နံနက် (၉) နာရီ (၃၀) မိနစ်အချိန် ပြီးလေသည်။

# ၃-ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ

## ကမ္မဋ္ဌာန်းယူပုံကို အကျယ်ပြချက်

(ဂ၁) ၃ဂ။ ဣဒါနိ၊ ယခုအခါ၌။ ယသ္မာ၊ အကြင်ကြောင့်။ ဧဝံ၊ ဤသို့ပြခဲ့သည့်အတိုင်း။ ဓုတင်္ဂပရိဟရဏသမ္ပာဒိတေဟိ၊ ဓုတင်ကိုဆောင်ခြင်းဖြင့် ပြည့်စုံစေအပ်ပြီးဖြစ်ကုန်သော။ အပ္ပိစ္ဆတာဒီဟိ၊ အလိုနည်းခြင်းအစရှိကုန်သော။ ဂုဏေဟိ၊ ဂုဏ်တို့ဖြင့်။ ပရိယောဒါတေ၊ ထက်ဝန်းကျင် ဖြူစင်သော။ ဣမသ္မိံ သီလေ၊ ဤသီလ၌။ ပတိဋ္ဌိတေန၊ ကောင်းစွာဖြည့်ကျင့်သောအားဖြင့် တည်နေပြီးဖြစ်သော ယောဂီသည်။ "သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယန္တိ ဝစနတော၊ သီလေ ပတိဋ္ဌာယ နရော သပညော စိတ္တံ ပညဉ္စ ဘာဝယံ-ဟူ၍ ဟောတော်မူသောကြောင့်။ စိတ္တသီသေန နိဒ္ဒိဋ္ဌော၊ စိတ်ကိုခေါင်းတပ်၍ ညွှန်ပြထားသော။ သမာဓိ၊ သမာဓိကို။ ဘာဝေတဗ္ဗော၊ ပွားစေအပ်၏။ သော စ၊ ထိုသမာဓိကိုလည်း။ အတိသင်္ခေပဒေသိတတ္တာ၊ အလွန်ကျဉ်းစွာဟောထားသောကြောင့်။ ဝါ၊ ကျဉ်းလွန်းစွာ ဟောထားသောကြောင့်။ ဝိညာတုမ္ပိ၊ သိနားလည်ရန်ပင်။ န တာဝ သုကရော၊ မလွယ်ကူပဲ ရှိချေ၏။ ဘာဝေတုံ၊ ပွားစေခြင်းငှာကား။ ပဂေဝ၊ အဘယ်မှာ လွယ်ကူပါအံ့နည်း။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုသမာဓိ၏။ ဝိတ္ထာရဉ္စ၊ အကျယ်အဖွင့်ကိုလည်းကောင်း။ ဘာဝနာနယဉ္စ၊ ပွားစေပုံ ဘာဝနာနည်းကိုလည်းကောင်း။ ဒဿေတုံ၊ ပြခြင်းငှာ။ ဣဒံ ပဉှာကမ္မံ၊ ဤအောက်ပါမေးခွန်း ပြဿနာအပေါင်းသည်။ ဟောတိ၊ ဖြစ်၏။

သမာဓိ၊ သမာဓိဟူသည်။ ကော၊ အဘယ်နည်း။ ကေနဋ္ဌေန၊ အဘယ် အနက်သဘောကြောင့်။ သမာဓိ၊ သမာဓိမည်သနည်း။ အဿ၊ ထိုသမာဓိ၏။ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ၊ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကား။ ကာနိ၊ အဘယ်သည်တို့နည်း။ သမာဓိ၊ သမာဓိသည်။ ကတိဝိဓော၊ အဘယ်မျှ အပြားရှိသနည်း။ အဿ၊ ထိုသမာဓိ၏။ သံကိလေသော၊ ညစ်ညူးကြောင်းကား။ ကော စ၊ အဘယ်နည်း။ အဿ၊ ထိုသမာဓိ၏။ ဝေါဒါနံ၊ ဖြူစင်ကြောင်းကား။ ကိံ၊ အဘယ်နည်း။ အဿ၊ ထိုသမာဓိကို။ ကထံ ဘာဝေတဗ္ဗော၊ အဘယ်သို့ ပွားစေအပ်သနည်း။ သမာဓိဘာဝနာယ၊ သမာဓိကို ပွားစေခြင်း=သမာဓိဘာဝနာ၏။ အာနိသံသော၊ အကျိုးကား။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပဉှာကမ္မံ၊ မေးခွန်းပြဿနာသည်။ ဟောတိ၊ ဖြစ်၏။

တတြ တသ္မိံ ပဉ္စကေ မေ့၊ ထိုမေးခွန်းအပေါင်း၌။ ဝါ၊ တတြ-တသ္မိံ ပဉ္စကမ္မိသ၊ ထိုမေးခွန်းအပေါင်း၏။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဝိဿဇ္ဇနံ၊ အဖြေတည်း။ ကော သမာဓိတိ၊ ကော သမာဓိဟူသည်ကား။ သမာဓိ၊ သမာဓိသည်။ ဗဟုဝိဓော၊ ကုသိုလ် သမာဓိ စသည်အားဖြင့် များသောအပြားရှိ၏။ နာနပ္ပကာရကော၊ အာရုံကွဲပြားခြင်း စသည်အားဖြင့် အထူးထူးအပြားပြား အသေးစိတ် အကွဲအပြားရှိ၏။ တံ သဗ္ဗံ၊ ထိုအကွဲအပြား အလုံးစုံကို။ ဝိဘာဝယိတုံ၊ ထင်စွာပြခြင်းငှာ။ အာရဗ္ဘမာနံ၊ အားထုတ်အပ်သည်ရှိသော်။ ဝိဿဇ္ဇနံ၊ ဖြေရှင်းချက်သည်။ အဓိပ္ပေတံ၊ အလိုရှိအပ်သော။ အတ္ထဉ္စေဝ၊ အကျိုးကိုလည်း။ န သာဓေယျ၊ မပြီးစေနိုင်ရာ။ ဥတ္တရိ စ၊ အလွန်လည်း။ ဝိက္ခေပါယ၊ ပျံ့လွင့်ခြင်းငှာ။ ယသ္မာ၊ အကြင်ကြောင့်။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုကြောင့်။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတမေဝ၊ အလိုရှိအပ်သောသမာဓိကိုသာလျှင်။ ဝါ၊ လိုရင်းသမာဓိကိုသာလျှင်။ သန္ဓာယ၊ ရည်ရွယ်၍။ ဝဒါမ၊ ဆိုပါကုန်အံ့။ ကုသလစိတ္တေကဂ္ဂတာ၊ ကုသိုလ်ဖြစ်သောစိတ်၏ တအာရုံတည်းရှိခြင်း, တည်ကြည်ခြင်းသည်။ သမာဓိ၊ သမာဓိမည်၏။

ကေနဋ္ဌေန သမာဓီတိ ပဥ္စေ၊ ကေနဋ္ဌေန သမာဓိ- ဟူသော မေးခွန်း၌။ သမာဓာနဋ္ဌေန၊ ကောင်းစွာထားခြင်း အနက် သဘောကြောင့်။ သမာဓိ၊ သမာဓိမည်၏။ ဣဒံ သမာဓာနံ နာမ၊ ဤကောင်းစွာထားခြင်း မည်သည်။ ကိံ၊ အဘယ်နည်း။ ဧကာရမ္မဏေ၊ တခုတည်းသော အာရုံ၌။ စိတ္တစေတသိကာနံ၊ စိတ်စေတသိက် တို့ကို။ သမံ၊ အညီအညွတ်။ (အဝိသရဏဝသေန၊ ဖရိုဖရဲ မကွဲမပြား မရှေ့ရှားသည်၏ အစွမ်းအားဖြင့်) အာဓာနံ၊ ထားခြင်းသည်။ စ၊ တနည်းကား။ သမ္မာ၊ ကောင်းစွာ။ (အဝိက္ခိပနဝသေန၊ အထူးထူးသောအာရုံ၌ မပျံ့ မလွင့်သည်၏ အစွမ်းအားဖြင့်။) အာဓာနံ၊ ထားခြင်းသည်။ သမာဓာနံ နာမ၊ ကောင်းစွာ ထားခြင်းမည်၏။ ဌပနံ၊ ထားခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ စိတ္တစေတသိကာ၊ စိတ်စေတသိက်တို့သည်။ ယဿ ဓမ္မဿ၊ အကြင်သမာဓိတရား၏။ အာနုဘာဝေန၊ အစွမ်းဖြင့်။ ဧကာရမ္မဏေ၊ တခုတည်းသော အာရုံ၌။ သမံ၊ အညီအညွတ်။ အဝိက္ခိပမာနာ စ ဟုတွာ၊ ဖရိုဖရဲ မပြန့်ကျဲကုန်သည် ဖြစ်၍လည်းကောင်း။ သမ္မာ၊ ကောင်းစွာ။ အဝိပ္ပကိဏ္ဏာ စ ဟုတွာ၊ မပျံ့လွင့်ပဲ ငြိမ်သက်ကုန်သည် ဖြစ်၍လည်းကောင်း။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဣဒံ၊ ဤသမာဓိတရားကိုပင်။ သမာဓာနန္တိ၊ သမာဓာနဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ကာနဿ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနီတိ စေတ္ထ၊ ကာနဿ လက္ခဏ-ရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိဟူသော ဤမေးခွန်း၌။ သမာဓိ၊ သမာဓိသည်။ အဝိက္ခေ-ပလက္ခဏော၊ မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ ဝိက္ခေပဝိဒ္ဓံသနရသော၊ ပျံ့လွင့်ခြင်းကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ အဝိကမ္ပနပစ္စုပဋ္ဌာနော၊ မတုန်မလှုပ်သော သဘောဟု ရှုဆင်ခြင်သူ၏ ဉာဏ်၌ ရှေးရှုထင်၏။ "သုခိနော၊ ကိုယ်စိတ် ချမ်းသာခြင်း ရှိသောသူ၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။" ဣတိ ဝစနတော၊ ဤသို့ ဟောတော်မူသောကြောင့်။ သုခံ၊ ချမ်းသာခြင်း သုခသည်။ အဿ၊ ထိုသမာဓိ၏။ ပဒဋ္ဌာနံ၊ နီးသော အကြောင်း ပဒဋ္ဌာန်ပေတည်း။

၃၉။ ကတိဝိဓော သမာဓိတိ ပဉှေ၊ ကတိဝိဓော သမာဓိဟူသော မေးခွန်း၌။ တာဝ၊ ရှေးဦးစွာ။ သမာဓိ၊ သမာဓိသည်။ အဝိက္ခေပလက္ခဏေန၊ မပျံ့လွင့်ခြင်း လက္ခဏာအားဖြင့်။ ဧကဝိဓော၊ တပါးတည်းသာတည်း။ ဥပစာရအပ္ပနာ-ဝသေန၊ ဥပစာရ သမာဓိ, အပ္ပနာ သမာဓိအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ တထာ၊ ထို့အတူ။ လောကိယလောကုတ္တရဝသေန စ၊ လောကီသမာဓိ, လောကုတ္တရာသမာဓိ အားဖြင့်လည်းကောင်း။ သပ္ပီတိကနိပ္ပီတိကဝသေန စ၊ သပ္ပီတိကသမာဓိ, နိပ္ပီတိကသမာဓိအားဖြင့်လည်းကောင်း။ သုခသဟဂတ-ဥပေက္ခာသဟဂတဝသေန စ၊ သုခသဟဂုတ်သမာဓိ, ဥပေက္ခာသဟဂုတ် သမာဓိ အားဖြင့်လည်းကောင်း။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ဟီနမဇ္ဈိမပဏီတဝသေန၊ ဟီနသမာဓိ, မဇ္ဈိမသမာဓိ, ပဏီတသမာဓိအားဖြင့်။ တိဝိဓော၊ သုံးပါးအပြား ရှိ၏။ (၇၂) တထာ၊ ထို့အတူ။ သဝိတက္ကသဝိစာရာဒိဝသေန စ၊ သဝိတက္က သဝိ-စာရ သမာဓိ စသည် အားဖြင့်လည်းကောင်း။ ပီတိသဟဂတာဒိဝသေန စ၊ ပီတိသဟဂုတ် သမာဓိ စသည်အားဖြင့်လည်းကောင်း။ ပရိတ္တမဟဂ္ဂတပ္ပမာဏ-ဝသေန စ၊ ပရိတ္တသမာဓိ, မဟဂ္ဂတသမာဓိ, အပ္ပမာဏသမာဓိအားဖြင့် လည်းကောင်း။ (တိဝိဓော၊ သုံးပါး အပြားရှိ၏)။ ဒုက္ခာပဋိပဒါဒန္ဓာဘိညာဒိ-ဝသေန၊ ဒုက္ခာပဋိပဒါဒန္ဓာဘိညသမာဓိ စသည်အားဖြင့်။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိ၏။ တထာ၊ ထို့အတူ။ ပရိတ္တပရိတ္တာရမ္မဏာဒိဝသေန၊ ပရိတ္တ ပရိတ္တာ-ရမ္မဏသမာဓိ စသည်အားဖြင့်လည်းကောင်း။ စတုဈာနင်္ဂဝသေန စ၊ လေးပါးသော ဈာန်တို့၏ အင်္ဂါအားဖြင့်လည်းကောင်း။ ဟာနဘာဂိယာဒိဝသေန စ၊ ဟာနဘာဂိယသမာဓိ စသည်အားဖြင့်လည်းကောင်း။ ကာမာဝစရာဒိဝသေန စ၊ ကာမာဝစရသမာဓိ စသည်အားဖြင့်လည်းကောင်း။ အဓိပတိဝသေန စ၊ အဓိပတိ လေးပါးတို့၏ အစွမ်းအားဖြင့်လည်းကောင်း။ စတုဗ္ဗိဓော၊ လေးပါးစီအပြား ရှိ၏။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ ပဉ္စဈာနင်္ဂဝသေန၊ ငါးပါးသော ဈာန်တို့၏ အင်္ဂါအားဖြင့်။ ပဉ္စဝိဓော၊ ငါးပါးအပြားရှိ၏။ ဣတိ၊ ဤကားမာတိကာတည်း။

## သမာဓိကေကဒုကဝဏ္ဏနာ

### သမာဓိတပါး နှစ်ပါးတို့ကို ဖွင့်ပြချက်

တတ္ထ၊ ထိုကေဝိခကောဋ္ဌာသစသည်တို့တွင်။ ကေဝိခကောဋ္ဌာသော၊ တပါးတည်းအဖို့သည်၊ ဥတ္တာနတ္ထောယေဝ၊ ပေါ်လွင်သော အနက်ရှိသည်သာလျှင်တည်း။ ဒုဝိဓကောဋ္ဌာသေ၊ နှစ်ပါးသောအပြားအဖို့၌။ ဆန္နံ အနုဿတိဋ္ဌာနာနံ၊ ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ စာဂါနုဿတိ, ဒေဝတာနုဿတိ ဟူသော အနုဿတိကမ္မဋ္ဌာန်း ခြောက်ပါးတို့၏ လည်းကောင်း။ မရဏဿတိယာ၊မရဏဿတိ ကမ္မဋ္ဌာန်း၏ လည်းကောင်း။ ဥပသမာနုဿတိယာ၊ ဥပသမာနုဿတိကမ္မဋ္ဌာန်း၏ လည်းကောင်း။ အာဟာရေပဋိကူလသညာယ၊ အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်း၏လည်းကောင်း။ စတုဓာတုဝဝတ္ထာနဿ၊ စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း၏လည်းကောင်း၊ ဣတိ၊ ဤသို့။ ဣမေသံ ဝသေန၊ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၏ အလိုအားဖြင့်။ လဒ္ဓစိတ္တေကဂ္ဂတာ၊ ရအပ်သော သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ယာ စ ကေဂ္ဂတာ၊ အကြင်ကေဂ္ဂတာသည်လည်း။ အပ္ပနာသမာဓီနံ၊ အပ္ပနာစျာန် သမာဓိတို့၏၊ပုဗ္ဗဘာဂေ၊ ရှေးအဖို့၌။ ပဝတ္တာ၊ ဖြစ်သော။ ဧကဂ္ဂတာ၊ ဧကဂ္ဂဘာတည်း။ အယံ၊ ဤဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၏ အစွမ်းဖြင့် ရအပ်သော ဧကဂ္ဂတာနှင့် အပ္ပနာသမာဓိတို့၏ ရှေ့အဖို့၌ဖြစ်သော ဧကဂ္ဂတာသည်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိမည်၏။ “ပဌမဈာနဿ၊ ပထမဈာန်၏။ ပရိကမ္မံ၊ ပရိကံမည်သော ဂေါတြဘူသည်။ ပဌမဿ ဈာနဿ၊ ပထမဈာန်အား။ အနန္တရပစ္စယေန၊ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏”။ ဣတိ အာဒိဝစနတော၊ ဤသို့ စသည်ဖြင့် ဟောတော်မူသောကြောင့်။ ပရိကမ္မာနန္တရံ၊ ပရိကံမည်သော ဂေါတြဘူ၏ အခြားမဲ့၌ဖြစ်သော။ ယာ ဧကဂ္ဂတာ၊ အကြင်ကေဂ္ဂတာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်သော ဧကဂ္ဂတာသည်။ အပ္ပနာသမာဓိ၊ အပ္ပနာသမာဓိမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဧဝံ၊ ဤသို့လျှင်။ ဥပစာရပ္ပနာဝသေန၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ အလိုအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

ဒုတိယဒုကေ၊ ဒုတိယဒုက်၌။ တီသု ဘူမီသု၊ ကာမ, ရူပ, အရူပ ဟူသော ဘုံသုံးပါးတို့၌။ ကုသလစိတ္တေကဂ္ဂတာ၊ ကုသိုလ်စိတ် ဧကဂ္ဂတာသည်။ လောကိယော သမာဓိ၊ လောကီသမာဓိ မည်၏၊ အရိယမဂ္ဂသမ္ပယုတ္တာ၊ အရိယမဂ်နှင့် ယှဉ်သော။ ဧကဂ္ဂတာ၊ ဧကဂ္ဂဘာသည်။ လောကုတ္တရော သမာဓိ၊ လောကုတ္တရာသမာဓိ မည်၏။ ဣတိ ဧဝံ၊ ဤသို့လျှင်။ လောကိယလောကုတ္တရဝသေန၊ လောကီသမာဓိ, လောကုတ္တရာသမာဓိတို့၏ အလိုအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

တတိယဒုကေ၊ တတိယဒုက်၌။ စတုက္ကနယေ၊ စတုက္ကနည်း၌။ ဒွိသု ဈာနေသု၊ ဈာန်နှစ်ပါးတို့၌။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ တီသု ဈာနေသု၊ ဈာန်သုံးပါးတို့၌။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ သပ္ပီတိကော သမာဓိ၊ ပီတိရှိသော သမာဓိမည်၏။ အဝသေသေသု ဒွီသု ဈာနေသု၊ ကြွင်းသော ဈာန်နှစ်ပါးတို့၌။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ နိပ္ပီတိကော သမာဓိ၊ ပီတိမရှိသော သမာဓိ မည်၏။ ပန၊ အဖို့တပါးကား။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိသည်။ သိယာ၊ အချို့ကား။ သပ္ပီတိကော သမာဓိ၊ သပ္ပီတိကသမာဓိမည်၏။ သိယာ၊ အချို့ကား။ နိပ္ပီတိကော သမာဓိ၊ နိပ္ပီတိကသမာဓိမည်၏။ (သမာဓိ လိုက်ပေး)။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣတိ ဧဝံ၊ ဤသို့လျှင်။ သပ္ပီတိကနိပ္ပီတိကဝသေန၊ သပ္ပီတိကသမာဓိ နိပ္ပီတိကသမာဓိအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

စတုတ္ထဒုကေ၊ စတုတ္ထဒုက်၌။ စတုက္ကနယေ၊ စတုက္ကနည်း၌။ တီသု ဈာနေသု၊ သုံးပါးသော ဈာန်တို့၌။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ စတူသု ဈာနေသု၊ ဈာန်လေးပါးတို့၌။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ သုခသဟဂတော သမာဓိ၊ သုခသဟဂုတ်နှင့် အတူတကွဖြစ်သော သမာဓိမည်၏။ အဝသေသသ္မိံ၊ ကြွင်းသော ဈာန်၌။ (ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်)။ ဥပေက္ခာသဟဂတော သမာဓိ၊ ဥပေက္ခာသဟဂုတ်နှင့် အတူတကွဖြစ်သော သမာဓိမည်၏။ ပန၊ အဖို့တပါးကား။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိသည်။ သိယာ၊ အချို့။ သုခသဟဂတော၊ သုခသဟဂုတ်သမာဓိမည်၏။ သိယာ၊ အချို့။ ဥပေက္ခာသဟဂတော၊ ဥပေက္ခာသဟဂုတ်သမာဓိမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧဝံ၊ ဤသို့လျှင်။ သုခသဟဂတဥပေက္ခာသဟဂတဝသေန၊ သုခသဟဂုတ်သမာဓိ ဥပေက္ခာသဟဂုတ်သမာဓိအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

## သမာဓိတိကဝဏ္ဏနာ

### သမာဓိသုံးပါးကို ဖွင့်ပြချက်

တိကေသု၊ တိက်တို့တွင်။ ပဌမတ္တိကေ၊ ပထမတိက်၌။ ပဋိလဒ္ဓမတ္တော၊ ရကာမျှဖြစ်သော သမာဓိသည်။ ဟီနော၊ ယုတ်ညံ့သော သမာဓိမည်၏။ နာတိသုဘာဝိတော၊ လွန်စွာမပွားစေအပ်သော သမာဓိသည်။ မဇ္ဈိမော၊ အလယ်အလတ် သမာဓိမည်၏။ သုဘာဝိတော၊ ကောင်းစွာ ပွားစေအပ်ပြီးသော။ ဝသိပ္ပတ္တော၊ နိုင်နင်းခြင်းသို့ ရောက်သော သမာဓိသည်။ ပဏီတော၊ မြတ်သော သမာဓိမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧဝံ၊ ဤသို့လျှင်။ ဟီနမဇ္ဈိမပဏီတဝသေန၊ ဟီနသမာဓိ, မဇ္ဈိမသမာဓိ, ပဏီတသမာဓိအားဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။

(၇၃) ဒုတိယတ္တိကေ၊ ဒုတိယတိက်၌။ ဥပစာရသမာဓိနာ သဒ္ဓိံ၊ ဥပစာရသမာဓိနှင့် တကွ။ ပဉ္စမဇ္ဈာနသမာဓိ၊ ပထမဈာန် သမာဓိသည်။ သဝိတက္ကသဝိစာရော၊ ဝိတက်, ဝိစာရရှိသော သမာဓိမည်၏။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ ဒုတိယဇ္ဈာနသမာဓိ၊ ဒုတိယဈာန်သမာဓိသည်။ အဝိတက္ကဝိစာရမတ္တော၊ ဝိတက်ကင်း၍ ဝိစာရမျှသာရှိသော သမာဓိမည်၏။ ဟိ၊ မှန်၏။ ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ ဝိတက္ကမတ္တေယေဝ၊ ဝိတက်မျှ၌သာလျှင်။ အာဒီနဝံ ဒိသွာ၊ အပြစ်ကို မြင်ပြီးလျှင်။ ဝိစာရေ၊ ဝိစာရ၌။ အာဒီနဝံ အဒိသွာ၊ အပြစ်မမြင်မူ၍။ (အာဒီနဝံ-လိုက်ပေး)ကေဝလံ၊ သက်သက်။ ဝိတက္ကပဟာနမတ္တံ၊ ဝိတက်ကို ပယ်ခြင်းမျှကို။ တနည်း။ ကေဝလံ ဝိတက္ကပဟာနမတ္တံ၊ ဝိတက်သက်သက်ကို ပယ်ရုံမျှသာလျှင်။အာကင်္ခမာနော၊လိုလားတောင့်တလျက်။ ပဉ္စမဇ္ဈာနံ၊ ပထမဈာန်ကို။ အတိက္ကမတိ၊ လွန်မြောက်၏။ သော၊ ထိုယောဂီ ပုဂ္ဂိုလ်သည်။ အဝိတက္က ဝိစာရမတ္တံ သမာဓိံ၊ ဝိတက်ကင်း၍ ဝိစာရမျှသာရှိသော သမာဓိကို။ ပဋိလဘတိ၊ ရ၏။ တံ သန္ဓာယ၊ ထိုသို့သော သမာဓိကိုရည်၍။ ဣဒံ၊ ဤအဝိတက္ကဝိစာရမတ္တော ဟူသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ပန၊ အဖွင့်တပါးကား။ စတုက္ကနယေ၊ စတုက္ကနည်း၌။ ဒုတိယာဒီသု တီသု ဈာနေသု၊ ဒုတိယဈာန် အစရှိသော ဈာန်သုံးပါးတို့၌လည်းကောင်း။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ တတိယာဒီသု ပဒီသု ဈာနေသု၊ တတိယဈာန်အစရှိသောဈာန်သုံးပါးတို့၌ လည်းကောင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ အဝိတက္ကာဝိစာရော သမာဓိ၊ ဝိတက် ဝိစာရကင်းသော သမာဓိမည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဧဝံ၊ ဤသို့လျှင်။ သဝိတက္ကသဝိစာရာဒိဝသေန၊ သဝိတက္ကသဝိစာရသမာဓိ စသည်အလိုအားဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။ တတိယတ္တိကေ၊ တတိယတိက်၌။ စတုက္ကနယေ၊ စတုက္ကနည်း၌။ အာဒီတော၊ အစမှ။ ဒွီသု ဈာနေသု၊ ဈာန်နှစ်ပါးတို့၌ လည်းကောင်း။ ပဉ္စကနယေ၊ ပဉ္စကနည်း၌ (အာဒိတော၊ဒ.စမှ)။ တီသု ဈာနေသု စ၊ ဈာန်သုံးပါးတို့၌ လည်းကောင်း။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ ပီတိသဟဂတော သမာဓိ၊ ပီတိနှင့် တကွဖြစ်သော သမာဓိမည်၏။ တေသွေဝ၊ ထိုစတုက္ကနည်း ပဉ္စကနည်းတို့၌ပင်လျှင်။ တတိယေ ဈာနေ စ၊ စတုက္ကနည်းအရ တတိယဈာန်၌လည်းကောင်း။ (ဤ၌ စသဒ္ဒါဖြင့် ပထမ ဒုတိယကို ပေါင်း)။ စတုတ္ထေ ဈာနေ စ၊ ပဉ္စကနည်းအရ စတုတ္ထဈာန်၌ လည်းကောင်း။(ဤစသဒ္ဒါဖြင့် ပထမ, ဒုတိယ,တတိယကိုပေါင်း)။ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ သုခသဟဂတော သမာဓိ၊ သုခနှင့် တကွဖြစ်သော သမာဓိမည်၏။ အဝသာနေ၊ အဆုံးဈာန်၌၊ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ ဥပေက္ခာသဟဂတော၊ ဥပေက္ခာနှင့် တကွဖြစ်သော သမာဓိမည်၏။ ဥပစာရသမာဓိ ပန၊ ဥပစာရသမာဓိသည်ကား။ ပီတိသုခသဟဂတော ဝါ ဟောတိ၊ ပီတိသဟဂုတ် သုခသဟဂုတ်သော်သည်း ဖြစ်၏။ ဥပေက္ခာသဟဂတော ဝါ ဟောတိ၊

ဥပေက္ခာ သဟဂုတ်သော်လည်းဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝေံ၊ ဤသို့သျှင်။ ပီတိသဟဂတာဒိဝသေန၊ ပီတိသဟဂုတ် သမာဓိ စသည် ဒုံ့စွမ်းဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။

စတုတ္ထတ္တိကေ၊ စတုတ္ထတိက်၌။ ဥပစာရဘူမိယံ၊ ဥပစာရဘုံ၌။ ကေဂ္ဂတာ၊ ကေဂ္ဂတာသည်။ ပရိတ္တော သမာဓိ၊ ပရိတ္တသမာဓိမည်၏။ ဝါ၊ ကာမာဝစရသမာဓိ မည်၏။ ရူပါဝစရာရူပါဝစရကုသလေ၊ ရူပါဝစရကုသိုတ်, အရူပါဝစရကုသိုလ်၌။ ကေဂ္ဂတာ၊ ကေဂ္ဂတာသည်။ မဟဂ္ဂတော သမာဓိ၊ မဟဂ္ဂုတ် သမာဓိ မည်၏။ အရိယမဂ္ဂသမ္ပယုတ္တာ၊ အရိယမဂ်နှင့် ယှဉ်သော။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ အပ္ပမာဏော သမာဓိ၊ အပ္ပမာဏ သမာဓိ မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဧဝံ၊ ဤသို့လျှင်။ ပရိတ္တမဟဂ္ဂတာပ္ပမာဏဝသေန၊ ပရိတ္တသမာဓိ, မဟဂ္ဂတသမာဓိ, အပ္ပမာဏသမာဓိ အစွမ်းအားဖြင့်။ တိဝိဓော၊ သုံးပါးအပြားရှိ၏။

**သမာဓိစတုက္ကဝဏ္ဏနာ**

**သမာဓိလေးပါးကို ဖွင့်ပြချက်**

စတုက္ကေသု၊ စတုက္ကတို့တွင်။ ပဌမစတုက္ကေ၊ ပထမစတုက္က၌။ ဒုက္ခာပဋိပဒါ၊ ဆင်းရဲသော အကျင့်ရှိသော။ ဒန္ဓာဘိညော၊ နှေးသောအသိဉာဏ်ထူးရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ဒုက္ခာပဋိပဒေါ၊ ဆင်းရဲသော အကျင့်ရှိသော။ ခိပ္ပါဘိညော၊ လျင်မြန်သော အသိဉာဏ်ထူးရှိသော၊ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ သုခါပဋိပဒေါ၊ ချမ်းသာသောအကျင့်ရှိသော။ ဒန္ဓာဘိညော၊ နှေးသော အသိဉာဏ်ထူးရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ သုခါပဋိပဒေါ၊ ချမ်းသာသော အကျင့်ရှိသော။ ခိပ္ပါဘိညော၊ လျင်မြန်သော အသိဉာဏ်ထူးရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။

တတ္ထ၊ ထိုလေးပါးတို့တွင်။ ပဌမသမန္နာဟာရတော ပဋ္ဌာယ၊ ရှေးဦးစွာနှလုံးသွင်းသည်မှစ၍။ ယာဝ၊ အကြင်မျှလောက်။ တဿ တဿ ဈာနဿ၊ ထိုထိုဈာန်၏။ ဥပစာရံ၊ ဥပစာရဈာန်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တာဝ၊ ထိုမျှလောက်။ ပဝတ္တာ၊ ဖြစ်ခဲ့သော။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာကို။ ပဋိပဒါတိ၊ ဈာန်သို့ရောက်ကြောင်း အကျင့်ဟု။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။ တနည်း။ တတ္ထ၊ ထိုတွင်။ ပဌမသမန္နာဟာရတော ပဋ္ဌာယ၊ ရှေးဦးစွာနှလုံးသွင်းသည်မှစ၍။ တဿ တဿ ဈာနဿ၊ ထိုထိုဈာန်၏။ ယာဝ ဥပစာရံ ဥပ္ပဇ္ဇတိ၊ ဥပစာရသမာဓိဖြစ်ပေါ်သည်တိုင်အောင်။ တာဝ၊ ထိုမျှလောက်။ ပဝတ္တာ၊ ဖြစ်ခဲ့သော။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာကို။ ပဋိပဒါတိ၊ ဈာန်သို့ရောက်

ကြောင်း အကျင့်ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥပစာရတော ပန ပဋ္ဌာယ၊ ဥပစာရသမာဓိမှ စ၍ကား။ ယာဝ၊ အကြင်မျှလောက်။ အပ္ပနာ၊ အပ္ပနာသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ အပ္ပနာတိုင်အောင်သော ပညာကို။ အဘိညာတိ၊ အဘိညာဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ဆက်အံ့။ သာ-သော ပဋိပဒါ၊ ထိုပဋိပဒါသည်။ ကေစဿ၊ အချို့သော ပုဂ္ဂိုလ်အား။ ဒုက္ခာ ဟောတိ၊ ဆင်းရဲ၏။ နီဝရဏာဒိပစ္စနီကဓမ္မသမုဒါစာရဂဟဏတာယ၊ နီဝရဏ အစရှိသော ဆန့်ကျင်ဘက် တရားတို့၏ ရှုပ်ထွေးထူထပ်သည်၏ အဖြစ်ကြောင့်။ (ဂဟဏသဒ္ဒါ တိဏဂဟဏ စသည်တို့ကဲ့သို့ ထူထပ်ခြင်း အနက်ဟော)။ ကိစ္ဆာ၊ ခဲယဉ်း၏။ အသုခါသေဝနာ၊ မှီဝဲရသည်မှာ မချမ်းသာ မလွယ်ကူပေ။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဒုက္ခ(ဆင်းရဲ၏) ဟူသောပုဒ်၏ ဆိုလိုသော အနက်တည်း။ ကေစဿ၊ အချို့သော သူအား။ တဒဘာဝေန၊ ထိုသို့သော အရှုပ်အထွေး မရှိသောကြောင့်။ သုခါ၊ ချမ်းသာလွယ်ကူ၏။ အဘိညာပိ၊ အဘိညာဉ်သည်လည်း။ ကေစဿ၊ အချို့သောသူအား။ ဒန္ဓာ ဟောတိ၊ နှေး၏။ မန္ဒာ၊ နုံ့၏။ အသီဃပ္ပဝတ္တိ၊ နှေးသောဖြစ်ခြင်း ရှိ၏။ ဝါ၊ လျင်စွာဖြစ်ခြင်းမရှိ။ ကေစဿ၊ အချို့သော သူအား။ ခိပ္ပါ၊ လျင်မြန်၏။ အမန္ဒာ၊ မနုံ့နှေး။ သီဃပ္ပဝတ္တိ၊ လျင်စွာဖြစ်ခြင်း ရှိ၏။

တတ္ထ၊ ထိုပဋိပဒါ, အဘိညာတို့တွင်။ ပရတော၊ နောက်၌။ ယာနိ သပ္ပါယာသပ္ပါယာနိ စ၊ အကြင်လျောက်ပတ် မလျောက်ပတ်သော အရာတို့ကိုလည်းကောင်း။ ပလိဗောဓုပစ္ဆေဒါဒီနိ၊ ပလိဗောဓကို ဖြတ်ခြင်း အစရှိကုန်သော။ ယာနိ ပုဗ္ဗကိစ္စာနိ စ၊ အကြင်ပုဗ္ဗကိစ္စတို့ကိုလည်းကောင်း။ ယာနိ အပ္ပနာကောသလ္လာနိ စ၊ အကြင်အပ္ပနာ၌ ကျွမ်းကျင်လိမ္မာမှုဟူသော အပ္ပနာကောသလ္လတို့ကိုလည်းကောင်း။ ဝဏ္ဏယိဿာမ၊ ဖွင့်ဆိုကုန်အံ့။ တေသု၊ ထိုသပ္ပါယ, အသပ္ပါယ စသည်တို့တွင်။ ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ (ဂ၄) အသပ္ပါယသေဝီ၊ မလျောက်ပတ်သည်ကို မှီဝဲလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုယောဂီ၏။ ဒုက္ခာ ပဋိပဒါ၊ ဆင်းရဲသော အကျင့်သည်လည်းကောင်း။ ဒန္ဓာ အဘိညာ၊ နှေးသော အသိဉာဏ်ထူးသည် လည်းကောင်း။ သပ္ပါယသေဝိနော၊ လျောက်ပတ်သည်ကို မှီဝဲသော ယောဂီပုဂ္ဂိုလ်အား။ သုခါ ပဋိပဒါ၊ ချမ်းသာသော အကျင့်သည်လည်းကောင်း။ ခိပ္ပါ စ အဘိညာ၊ လျင်သော အသိဉာဏ်ထူးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ပန၊ သုဒ္ဓမှတပါး မိဿကကို ဆိုအံ့။ ယော၊ အကြင်ယောဂီပုဂ္ဂိုလ်သည်။ ပုဗ္ဗဘာဂေ၊ ဥပစာရစျာန်ကိုမရမီ ရှေးအဖို့၌။ ဝါ၊ တနည်းကား။ ပုဗ္ဗဘာဂေ၊ ဥပစာရစျာန်ကို မရမီ ရှေးအဖို့၌။ သပ္ပါယသေဝိတွာ၊ လျောက်ပတ်သည်ကို မှီဝဲ၍။ အပရဘာဂေ၊ နောက်အဖို့၌၊ အသ-

ပ္ပါယသေဝီ၊ မလျှောက်ပတ်သည်ကို မှီဝဲလေ့ရှိ၏။ တဿ၊ ထိုသူအား။ ဝေါမိဿကတာ၊ ပဋိပဒါ၊ အဘိညာတို့၏ ရောနှောသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တထာ ထိုမှတပါး။ ပလိဗောဓုပစ္ဆေဒါဒိကံ၊ ပလိဗောဓကို ဖြတ်ခြင်းအစရှိသော။ ပုဗ္ဗကိစ္စံ အသမ္ပာဒေတွာ၊ ပုဗ္ဗကိစ္စကို မပြုမူ၍။ ဘာဝနာအနုယုတ္တဿ၊ ဘာဝနာကို အားထုတ်သောသူအား။ ဒုက္ခာ ပဋိပဒါ၊ ဆင်းရဲသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ဝိပရိယာယေန၊ ထိုမှပြန်သောအားဖြင့်။ ပုဗ္ဗကိစ္စံ၊ ပုဗ္ဗကိစ္စကို။ သမ္ပာဒေတွာ၊ ပြီးစေ၍။ ဘာဝနံ၊ ဘာဝနာကို။ အနုယုတ္တဿ၊ အားထုတ်သော သူအား။ သုခါ ပဋိပဒါ၊ ချမ်းသာသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ (သုခါနောင် ပဋိပဒါပုဒ်လိုက်ပေး)။ ပန၊ အဖို့တပါးကား။ အပ္ပနာကောသလ္လာနိ၊ အပ္ပနာကောသလ္လတို့ကို၊ အသမ္ပာဒေန္တဿ၊ မပြည့်စုံစေသော သူအား။ ဒန္ဓာ အဘိညာ၊ နှေးသော အသိဉာဏ်ထူးသည်။ ဟောတိ၊ ဖြစ်၏။ သမ္ပာဒေန္တဿ၊ ပြည့်စုံစေသောသူအား။ ခိပ္ပါ အဘိညာ၊ လျင်မြန်သော အသိဉာဏ်ထူးသည်။ ဟောတိ၊ ဖြစ်၏။

အပိစ၊ တနည်းအားဖြင့်ကား။ တဏှာအဝိဇ္ဇာဝသေန စ၊ တဏှာနှင့် အဝိဇ္ဇာတို့၏ အစွမ်းအားဖြင့် လည်းကောင်း။ သမထဝိပဿနာဓိကာရဝသေန စာပိ၊ သမထနှင့် ဝိပဿနာတို့၌ လွန်စွာအားထုတ်ဖူးခြင်း၏ အစွမ်းအားဖြင့် လည်းကောင်း။ ဧတာသံ ပဘေဒေါ၊ ဤပဋိပဒါ, အဘိညာတို့၏ အထူးအပြားကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ချဲ့ဦးအံ့။ တဏှာဘိဘူတဿ၊ တဏှာလွှမ်းမိုးသော သူအား။ ဒုက္ခာ ပဋိပဒါ၊ ဆင်းရဲသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ အနဘိဘူတဿ၊ မလွှမ်းမိုးသောသူအား။ သုခါ ပဋိပဒါ၊ ချမ်းသာသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ အဝိဇ္ဇာဘိဘူတဿ၊ အဝိဇ္ဇာလွှမ်းမိုးသော သူအား။ ဒန္ဓာ အဘိညာ၊ နှေးသော အသိဉာဏ်ထူးသည်။ ဟောတိ၊ ဖြစ်၏။ အနဘိဘူတဿ၊ တဏှာနှင့်အဝိဇ္ဇာ မလွှမ်းမိုးသော သူအား။ ခိပ္ပါ အဘိညာ၊ လျင်မြန်သော အသိဉာဏ်ထူးသည်။ ဟောတိ၊ ဖြစ်၏။ စ၊ ထိုမှတပါး။ ယော၊ အကြင်သူသည်။ သမထေ၊ သမထ၌။ အကတာဓိကာရော၊ ရှေးဘဝ၌ မပြုဘူးသော လေ့ကျက်ခြင်း ရှိသည်။ ဝါ၊ ပြုဖူးသော လေ့ကျက်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူအား။ ဒုက္ခာ ပဋိပဒါ၊ ဆင်းရဲသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ကတာဓိကာရဿ၊ လွန်စွာအားထုတ်ခြင်းကို ပြုဖူးသော သူအား။ သုခါ ပဋိပဒါ၊ ချမ်းသာသော အကျင့်သည်။ ဟောတိ၊ ဖြစ်၏။ ပန၊ အဖို့တပါးကား။ ယော၊ အကြင်သူသည်၊ ဝိပဿနာယ၊ ဝိပဿနာ၌။ အကတာဓိကာရော၊ ရှေးဘဝ၌ မပြုဘူးသော လေ့ကျက်ခြင်း ရှိသည်။ ဝါ၊ ပြုဖူးသော လေ့ကျက်ခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ အဘိညာ၊ အသိဉာဏ်ထူးသည်။ ဒန္ဓာ ဟောတိ၊ နှေး၏။ ကတာဓိကာရဿ၊ လွန်စွာအားထုတ်

ခြင်းကို ပြုဖူးခဲ့သော သူ၏။ အဘိညာ၊ အသိဉာဏ်ထူးသည်။ ခိပ္ပါ၊ လျင်မြန်သည်။ ဟောတိ၊ ဖြစ်၏။ စ၊ ဆက်ဦးအံ့။ ကိလေသိန္ဒြိယဝသေန စာပိ၊ ကာမစ္ဆန္ဒ စသော ကိလေသာနှင့် သဒ္ဓါစသောဣန္ဒြေတို့၏ အစွမ်းအားဖြင့်လည်း။ တောသံ၊ ထိုပဋိပဒါ့ အဘိညာဉ်တို့၏။ ပဘေဒေါ ဝေဒိတဗ္ဗော၊ အထူးအပြား ကို သိအပ်၏။ ဟိ၊ ချဲဦးအံ့။ တိဗ္ဗကိလေသဿ၊ ထက်သော ကိလေသာရှိသော။ မုဒိန္ဒြိယဿ၊ နုံ့သော ဣန္ဒြေရှိသောသူ၏။ ပဋိပဒါ၊အကျင့်သည်။ ဒုက္ခာ၊ဆင်းရဲ သည်။ ဟောတိ၊ ဖြစ်၏။ အဘိညာ စ၊ အဘိညာဉ်သည်လည်း။ ဒန္ဓာ၊နှေးသည်။ ဟောတိ၊ ဖြစ်၏။ တိက္ခိန္ဒြိယဿ ပန၊ ဣန္ဒြေထက်သောသူအားမူကား။ ခိပ္ပါ အဘိညာ၊ လျင်သော အသိဉာဏ်ထူးသည်။ ဟောတိ၊ ဖြစ်၏။ စ၊ ထိုမှတပါး။ မန္ဒကိလေသဿ၊ နုံ့သောကိလေသာရှိသော။ မုဒိန္ဒြိယဿ၊ နုံ့သောဣန္ဒြေရှိ သော သူအား။ သုခါ ပဋိပဒါ စ၊ ချမ်းသာသော အကျင့်သည်လည်းကောင်း။ ဒန္ဓာ စ အဘိညာ၊ နှေးသောအသိဉာဏ်ထူးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ တိက္ခိန္ဒြိယဿ ပန၊ ထက်သောဣန္ဒြေရှိသော သူအား။ ခိပ္ပါဘိညာ၊ လျင်မြန်သော အသိဉာဏ်ထူးသည်။ ဟောတိ၊ ဖြစ်၏။

ဣတိ၊ ဤသို့။ ဣမာသု ပဋိပဒါအဘိညာသု၊ဤဆိုခဲ့သော ပဋိပဒါနှင့်အဘိ- ညာတို့တွင်။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဒုက္ခာယ ပဋိပဒါယ၊ ဆင်း ရဲသောအကျင့်ဖြင့်လည်းကောင်း။ ဒန္ဓာယ စ အဘိညာယ၊ နှေးသော အသိ ဉာဏ်ထူးဖြင့်လည်းကောင်း။ သမာဓိံ၊ အပ္ပနာသမာဓိသို့။ ပါပုဏာတိ၊ ရောက် ၏။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ သော သမာဓိ၊ ထိုသမာဓိကို။ ဒုက္ခပဋိ- ပဒေါ၊ ဆင်းရဲသောအကျင့်ရှိသော။ဒန္ဓာဘိညောတိ၊ နှေးသောဉာဏ်ထူးရှိသော သမာဓိဟူ၍။ တနည်း။ ဒုက္ခပဋိပဒေါ ဒန္ဓာဘိညောတိ၊ ဒုက္ခပဋိပဒါဒန္ဓာဘိညာ- သမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သေသတ္တယေပိ၊ ကြွင်းသောသမာဓိသုံးပါး ၌လည်း။ ဧသ နယော၊ ဤနည်းပင်တည်း။ (ကြွင်းသောသမာဓိသုံးပါးကား ဒုက္ခပဋိပဒါခိပ္ပါဘိညာသမာဓိ၊ သုခပဋိပဒါဒန္ဓာဘိညာသမာဓိ၊သုခပဋိပဒါခိပ္ပါဘိ- ညာသမာဓိ သုံးပါးပင်) ဣတိ ဧဝံ၊ဤသို့လျှင်။ ဒုက္ခပဋိပဒါဒန္ဓာဘိညာဒိဝသေန၊ ဒုက္ခပဋိပဒါဒန္ဓာဘိညာသမာဓိ စသည်အားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြား ရှိ၏။

ဒုတိယစတုက္ကေ၊ ဒုတိယစတုက္က၌။ ပရိတ္တော၊ သေးငယ်သော။ ပရိတ္တာရမ္မ- ဏော၊ သေးငယ်သော အာရုံရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ပရိတ္တော၊ သေးငယ်သော။ အပ္ပမာဏာရမ္မဏော၊ ကြီးကျယ်သော အာရုံရှိ သော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ အပ္ပမာဏော၊ ကြီးကျယ်သော။ ပရိတ္တာရမ္မဏော၊ သေးငယ်သောအာရုံရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ အပ္ပမာဏော၊ ကြီးကျယ်သော။ အပ္ပမာဏာရမ္မဏော၊ ကြီးကျယ်သော

အာရုံရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ သမာဓိ၊ သမာဓိသည်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။ တတ္ထ၊ ထိုလေးတို့တွင်။ ယော သမာဓိ၊ အကြင်သမာဓိသည်။ အပ္ပဂုဏော၊ မကျေပွန်သေးသည်ဖြစ်၍။ ဥပရိ-ဈာနဿ၊ အထက်ဈာန်၏။ ပစ္စယော၊ အကြောင်းသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ချေ။ အယံ၊ ဤသမာဓိသည်။ ပရိတ္တော၊ သေးငယ်သော သမာဓိမည်၏။ ပန၊ အဖွင့်တပါးကား။ ယော သမာဓိ၊ အကြင်သမာဓိသည်။ အဝဍ္ဎိတေ အာရမ္မဏေ၊ မပွားအပ်သေးသော အာရုံ၌။ ပဝတ္တော၊ ဖြစ်၏။ အယံ၊ ဤသမာဓိသည်။ ပရိတ္တာရမ္မဏော၊ သေးငယ်သော အာရုံရှိသော သမာဓိမည်၏။ ယော သမာဓိ၊ အကြင်သမာဓိသည်။ ပဂုဏော၊ ကျေပွန်သည်ဖြစ်၍။ သုဘာဝိတော၊ ပွားစေအပ်ပြီးသည်ဖြစ်၍။ ဥပရိဈာနဿ၊ အထက်ဈာန်၏။ ပစ္စယော၊ အကြောင်းသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ အယံ၊ ဤသမာဓိသည်။ အပ္ပမာဏော၊ ကြီးကျယ်သော သမာဓိမည်၏။ ယော စ၊ အကြင်သမာဓိသည်ကား။ ဝဍ္ဎိတေ အာရမ္မဏေ၊ ပွားစေအပ်ပြီးသောအာရုံ၌။ ပဝတ္တော၊ ဖြစ်၏။ အယံ၊ ဤသမာဓိသည်။ အပ္ပမာဏာရမ္မဏော၊ ကြီးကျယ်သော အာရုံရှိသော သမာဓိမည်၏။ ဝုတ္တလက္ခဏဝေါမိဿတာယ၊ ဆိုခဲ့ပြီးသော လက္ခဏာတို့နှင့် ရောနှောသည်၏ အဖြစ်ဖြင့်။ ဝေါမိဿကနယော၊ ပရိတ္တအပ္ပ-မာဏာရမ္မဏသမာဓိ, အပ္ပမာဏ ပရိတ္တာ ရမ္မဏ သမာဓိတို့ကို ရောနှောသော နည်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣဒံ၊ ဤသို့လျှင်။ ပရိတ္တပရိတ္တာရမ္မဏာဒိ-ဝသေန။ ပရိတ္တပရိတ္တာရမ္မဏသမာဓိ စသည်အားဖြင့်။ စတုဗ္ဗိဓော၊ လေးပါး အပြားရှိ၏။

(၇၂) တတိယစတုက္ကေ၊ တတိယစတုက္က၌။ ဝိက္ခမ္ဘိတနီဝရဏာနံ၊ နီဝရဏ တို့ကို ပယ်ခွါကုန်ပြီးသော။ ဝိတက္ကဝိစာရပီတိသုခသမာဓီနံ ဝသေန၊ ဝိတက်, ဝိစာရ,ပီတိ,သုခ,သမာဓိတို့၏ အစွမ်းအားဖြင့်။ ပဉ္စင်္ဂိကံ၊ အင်္ဂါငါးပါး ရှိသော။ ပဌမံ ဈာနံ၊ ပထမဈာန်လည်းကောင်း။ တတော၊ ထိုဈာန်မှ။ ဥဒ္ဓံ၊ အထက်၌။ (ထည့်)။ ရူပသန္တဝိတက္ကဝိစာရာရ၊ ဝိတက်ဝိစာရ ကင်းငြိမ်းပြီးသည် ဖြစ်၍။ တိဝင်္ဂိကံ၊ ပီတိ, သုခ, သမာဓိအားဖြင့် အင်္ဂါသုံးပါးရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်လည်းကောင်း။ တတော ဥဒ္ဓံ၊ ထိုဈာန်မှအထက်၌။ ဝိရတ္တပီတိကံ၊ ပီတိကင်းသည်ဖြစ်၍။ ဒုဝင်္ဂိကံ၊ သုခ, သမာဓိအားဖြင့် အင်္ဂါနှစ်ပါးရှိသော။ တတိယံ ဈာနံ၊ တတိယဈာန်လည်းကောင်း။ တတော ဥဒ္ဓံ၊ ထိုမှအထက်၌။ ပဟီနသုခံ၊ သုခကိုပယ်ပြီးသည်ဖြစ်၍။ ဥပေက္ခာဝေဒနာသဟိတဿ၊ ဥပေက္ခာ-ဝေဒနာနှင့်တကွဖြစ်သော။ သမာဓိနော ဝသေန၊ သမာဓိ၏ အစွမ်းအားဖြင့်။ ဒုဝင်္ဂိကံ၊ အင်္ဂါနှစ်ပါးရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ စတုန္နံ ဈာနာနံ၊ ဤဈာန်လေးပါးတို့၏။ အင်္ဂဘူ-

တာ၊ အင်္ဂါဖြစ်ကုန်သော။ သမာဓိ၊ သမာဓိဘို့သည်။ စတ္တာရော ဟောန္တိ၊ လေးပါးအပြားရှိကုန်၏။ ဇဝံ၊ ဤသို့။ စတုဗ္ဗျာနင်္ဂဝသေန၊ လေးပါးသော စျာန်အင်္ဂါဘို့၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။

စတုတ္ထစတုက္ကေ၊ စတုတ္ထစတုက္က၌။ ဟာနဘာဂိယော၊ ဆုတ်ယုတ်ခြင်းအဖို့ရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ဌိတိဘာဂိယော၊ ရပ်တန့်ခြင်းအဖို့ရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ ဝိသေသဘာဂိယော၊ ထူးခြားခြင်းအဖို့ရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ နိဗ္ဗေဓဘာဂိယော၊ သစ္စာတို့ကို ဖောက်ထွင်းသိမြင်ခြင်း အဖို့ရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ၊ ရှိ၏။ (သမာဓိ ပုဒ်တိုင်းလိုက်၍ယှဉ်ပါ)။ တတ္ထ၊ ထိုတွင်။ ပစ္စနီကသမုဒါစာရဝသေန၊ ဆန့်ကျင်ဘက်တို့ ဖြစ်ပေါ်သည်၏ အစွမ်းအားဖြင့်။ ဟာနဘာဂိယတာ၊ ဆုတ်ယုတ်ခြင်း အဖို့ရှိသည်၏အဖြစ်ကိုလည်းကောင်း။ တဒနုဓမ္မတာယ၊ ထိုရဆဲစျာန်အားလျော်သော။ သတိယာ၊ သတိ၏။ သဏ္ဌာနဝသေန၊ တည်နေခြင်း၏ အစွမ်းအားဖြင့်။ ဌိတိဘာဂိယတာ စ၊ ရပ်တန့်ခြင်း အဖို့ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ ဥပရိ ဝိသေသာဓိဂမဝသေန၊ အထက်စျာန်အထူးကို ရခြင်း အကြောင်းအဖြစ်၏ အစွမ်းအားဖြင့်။ ဝိသေသဘာဂိယတာ စ၊ ထူးခြားခြင်း အဖို့ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ နိဗ္ဗိဒါသဟဂတသညာမနသိကာရသမုဒါစာရဝသေန၊ ငြီးငွေ့သော ဝိပဿနာဉာဏ်နှင့် တကွ ဖြစ်ကုန်သော အမှတ်သညာနှင့် နှလုံးသွင်းမှုတို့ဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ နိဗ္ဗေဓဘာဂိယတာ စ၊ သစ္စာတို့ကို ဖောက်ထွင်းသိမြင်ခြင်း အဖို့ရှိသည်၏အဖြစ်ကိုလည်းကောင်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ယထာဟ၊ ဘုရားဘယ်သို့ ဟောတော်မူသနည်း ဟူမူကား။ ပဌမဇ္ဈာနဿ လာဘိ၊ ပထမစျာန်ရသော ပုဂ္ဂိုလ်ကို။ ကာမသဟဂတာ၊ ကာမနှင့်တကွဖြစ်ကုန်သော။ သညာမနသိကာရာ၊ အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့။ (တဿ၊ ထိုပုဂ္ဂိုလ်၏။)ပညာ၊ပညာသည်။ ဟာနဘာဂိနီ၊ ဆုတ်ယုတ်ခြင်းအဖို့ရှိ၏။တဒနုဓမ္မတာ၊ ထိုပထမစျာန်နှင့်လျော်သော။ သတိ၊ သတိရမှုသည်။ သန္တိဋ္ဌတိ၊ တည်နေငြားအံ့။ ပညာ၊ ထိုပုဂ္ဂိုလ်၏ ပညာသည်။ ဌိတိဘာဂိနီ၊ ရပ်တည်ခြင်း အဖို့ရှိ၏၊ အဝိတက္ကသဟဂတာ၊ ဝိတက်ကင်းသော စျာန်နှင့်တကွဖြစ်ကုန်သော။ သညာမနသိကာရာ၊ အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုး၍ဖြစ်ကုန်ငြားအံ့။ ပညာ၊ ထိုပုဂ္ဂိုလ်၏ ပညာသည်။ ဝိသေသဘာဂိနီ၊ ထူးခြားခြင်းအဖို့ရှိ၏။ နိဗ္ဗိဒါသဟဂတာ၊ ငြီးငွေ့သော ဝိပဿနာဉာဏ်နှင့်တကွ ဖြစ်ကုန်သော။ သညာမနသိကာရာ၊ အမှတ်သညာနှင့် နှလုံးသွင်းမှုတို့သည်။ သမုဒါစရန္တိ၊ လွှမ်း၍ဖြစ်ကုန်ငြားအံ့။ ပညာ၊ ထိုပုဂ္ဂိုလ်၏ပညာသည်။ဝိရာဂူပသညိတာ၊ တပ်မက်ကင်းသော မဂ်နှင့်စပ်သည်ဖြစ်၍၊ နိဗ္ဗေဓဘာဂိနီ၊သစ္စာ

တို့ကို ဖောက်ထွင်းသိမြင်ခြင်း အဖို့ရှိ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ တဿ ပညာယ၊ ထိုပညာလေးပါးနှင့်။ သမ္ပယုတ္တာ သမာဓိပိ၊ယှဉ်ကုန်သော သမာဓိတို့သည်လည်း။ စတ္တာရော၊ လေးပါးအပြားရှိကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ဟာနဘာဂိယာဒိဝသေန၊ ဟာနဘာဂိယသမာဓိစသည်၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။

ပဉ္စမစတုက္ကေ၊ ပဉ္စမစတုက္က၌။ ကာမာဝစရော သမာဓိ၊ ကာမာဝစရသမာဓိလည်းကောင်း။ ရူပါဝစရော သမာဓိ၊ ရူပါဝစရသမာဓိလည်းကောင်း။ အရူပါ-ဝစရော သမာဓိ၊ အရူပါဝစရသမာဓိလည်းကောင်း။ အပရိယာပန္နော သမာဓိ၊ လောက၌ အတွင်းမဝင်သော သမာဓိလည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ သမာဓိ၊ သမာဓိတို့သည်။ စတ္တာရော၊ လေးပါးအပြားရှိကုန်၏။ တတ္ထ၊ ထိုလေးပါးတို့တွင်၊ သဗ္ဗာပိ ဥပစာရေကဂ္ဂတာ၊ အလုံးစုံသော ဥပစာရဧကဂ္ဂတာသည်။ ကာမာဝ-စရော သမာဓိ၊ ကာမာဝစရသမာဓိမည်၏။ တထာ၊ ထို့အတူ။ ရူပါဝါစရာဒိ-ကုသလစိတ္တေကဂ္ဂတာ၊ ရူပါဝစရကုသိုလ်စိတ် စသည်တို့နှင့်ယှဉ်သော ဧကဂ္ဂတာတို့သည်။ ဣတရေ၊ ကာမာဝစရသမာဓိမှတပါးကုန်သော။ တယော၊ သုံးပါးကုန်သော ရူပါဝစရသမာဓိ၊ အရူပါဝစရ သမာဓိ၊ အပရိယာပန္နသမာဓိ မည်ကုန်၏၊ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗ၊ သိအပ်၏။ ဧဝံ၊ ဤသို့။ ကာမာဝစရာဒိဝသေန၊ ကာမာဝစရသမာဓိစသည်၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။

ဆဋ္ဌစတုက္ကေ၊ ဆဋ္ဌစတုက္က၌။ "ဘိက္ခု၊ရဟန်းသည်။ ဆန္ဒံ အဓိပတိံ ကရိတွာ၊ ဆန္ဒကို အကြီးအမှူးပြု၍။ သမာဓိံ၊သမာဓိကို။ စေ လဘတိ၊ အကယ်၍ရငြားအံ့။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တအာရုံတည်း၌ တည်ခြင်း ဧကဂ္ဂတာကို။ စေ လဘတိ၊အကယ်၍ရငြားအံ့။ အယံ၊ဤသမာဓိကို။ ဆန္ဒသမာဓိ၊ဆန္ဒသမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ပ)။ ဘိက္ခု၊ရဟန်းသည်။ ဝီရိယံ အဓိပတိံ ကရိတွာ၊ဝီရိယကို အကြီးအမှူးပြု၍။ သမာဓိံ၊သမာဓိကို။ စေ လဘတိ၊ အကယ်၍ရငြားအံ့။(ပ)။ အယံ၊ ဤသမာဓိကို။ ဝီရိယသမာဓိ၊ ဝီရိယသမာဓိဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခု၊ ရဟန်းသည်။ စိတ္တံ အဓိပတိံ ကရိတွာ၊ စိတ်ကို အကြီးအမှူးပြု၍။ သမာဓိ၊ သမာဓိကို။ စေ လဘတိ၊ အကယ်၍ရငြားအံ့။ (ပ)။ အယံ၊ ဤသမာဓိကို။ စိတ္တသမာဓိ၊ စိတ္တသမာဓိဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခု၊ ရဟန်းသည်။ ဝီမံသံ အဓိပတိံ ကရိတွာ၊ ပညာကို အကြီးအမှူးပြု၍။ သမာဓိံ၊သမာဓိကို။ စေ လဘတိ၊အကယ်၍ ရငြားအံ့။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တအာရုံတည်း၌ တည်ခြင်းဧကဂ္ဂတာကို။ စေ လဘတိ၊ အကယ်၍ရငြားအံ့။ အယံ၊ဤသမာဓိကို။ ဝီမံသာသမာဓိ၊ ဝီမံသာသမာဓိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သမာဓိံ၊ သမာဓိကို။ စေ လဘတိ၊ အကယ်၍ ရအံ့။ စိတ္တဿ၊ စိတ်၏။ ဧကဂ္ဂတံ၊ တအာရုံတည်း၌ တည်ခြင်းကို။ စေ လဘတိ၊ အကယ်၍ရအံ့။ အယံ၊ ဤသမာဓိကို။ ဝီမံသာ

သမာဓိ၊ ပီတိမံသာသမာဓိဟု။ ဝုစ္စတိ၊ ဆိုအပ်၏။" ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဧဝံ၊ ဤသို့။ အဓိပတိဝသေန၊ အဓိပတိလေးပါးတို့၏ အစွမ်းအားဖြင့်။ စတုဗ္ဗိဓော၊ လေးပါးအပြားရှိ၏။

## သမာဓိပဉ္စကဝဏ္ဏနာ

### သမာဓိငါးပါးကို ဖွင့်ပြချက်

(ဂ§)ပဉ္စကေ၊ သမာဓိငါးပါး အပေါင်း၌။ စတုက္ကဘေဒေ၊စတုက္ကနည်း အရ သမာဓိအပြားကို ပြရာ၌။ ယံ ဒုတိယံ ဈာနံ၊ အကြင်ဒုတိယဈာန်ကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ၊ ထိုဒုတိယဈာန်ကိုပင်။ ဝိတက္ကမတ္တာတိက္ကမေန၊ ဝိတက်မျှကို ကျော်လွန်သောအားဖြင့်။ ဒုတိယံ၊ ရအပ်သော ဒုတိယဈာန်ကိုလည်းကောင်း။ ဝိတက္ကဝိစာရာတိက္ကမေန၊ ဝိတက်ဝိစာရတို့ကို ကျော်လွန်သောအားဖြင့်။ တတိယံ၊ ရအပ်သော တတိယဈာန်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ဒွိဓာ ဘိန္ဒိတွာ၊ နှစ်ပါးခွဲ၍။ ပဉ္စဈာနာနိ၊ ဈာန်ငါးပါးတို့ကို။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ တေသံ၊ ထိုဈာန်ငါးပါးတို့၏။ အင်္ဂဘူတာ သမာဓီ စ၊ အင်္ဂါဖြစ်သော သမာဓိတို့သည်လည်း။ ပဉ္စ၊ ငါးပါးအပြား ရှိကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ပဉ္စဈာနင်္ဂဝသေန၊ ဈာန်အင်္ဂါငါးပါးတို့၏ အစွမ်းအားဖြင့်။ ပဉ္စဝိဓတာ၊ ငါးပါးအပြားရှိသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏၊

၄၀။ ကော စဿ သံကိလေသော ကိံ ဝေါဒါနန္တိ ဧတ္ထ၊ ကော စဿ သံကိလေသော ကိံ ဝေါဒါနံ-ဟူသော ဤမေးခွန်း၌။ ဝိဘင်္ဂေ၊ ဝိဘင်းပါဠိတော်၌။ ဝုတ္တမေဝ၊ ဟောတော်မူပြီးဖြစ်ပေ၏။ ဟိ၊ မှန်၏။ တတ္ထ၊ ထိုဝိဘင်းပါဠိတော်၌။ "သံကိလေသန္တိ၊ ညစ်ညူးကြောင်းဟူသည်ကား။ ဟာနဘာဂိယော၊ ဆုတ်ယုတ်ခြင်း အဖို့ရှိသော။ ဓမ္မော၊ တရားတည်း။ ဝေါဒါနန္တိ၊ ဖြူစင်ကြောင်းဟူသည်ကား။ ဝိသေသဘာဂိယော ဓမ္မော၊ ထူးခြားခြင်း အဖို့ရှိသော တရားတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တတ္ထ၊ ထိုစကားရပ်၌။ ပဌမဿ ဈာနဿ လာဘိံ၊ ပထမဈာန်ကိုရသော ပုဂ္ဂိုလ်ကို။ ကာမသဟဂတာ၊ ကာမနှင့်တကွ ဖြစ်ကုန်သော။ ဝါ၊ ကာမကို အာရုံပြုကုန်သော။ သညာမနသိကာရာ၊ အမှတ်သညာနှင့် နှလုံးသွင်းတို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့။ (တဿ) ပညာ၊ ထိုပုဂ္ဂိုလ်၏ ပညာသည်။ ဟာနဘာဂိနီ၊ ဆုတ်ယုတ်ခြင်းအဖို့ရှိ၏"။ ဣတိ ဣမိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ ဟာနဘာဂိယဓမ္မော၊ ဆုတ်ယုတ်ခြင်း အဖို့ရှိသော တရားကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ "အဝိတက္ကသဟဂတာ၊ ဝိတက်ကင်းသော ဈာန်နှင့်တကွ ဖြစ်ကုန်သော။ သညာမနသိကာရာ၊ အမှတ်သညာနှင့် နှလုံးသွင်းတို့သည်။ သမုဒါစရန္တိ၊ လွှမ်းမိုး၍ ဖြစ်ကုန်ငြားအံ့။ ပညာ၊ ထိုပုဂ္ဂိုလ်၏ ပညာ

သည်။ ဝိသေသဘာဂိနီ၊ ထူးခြားခြင်း အဖို့ရှိ၏”။ ဣတိ ဣမိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ဝိသေသဘာဂိယဓမ္မော၊ ထူးခြားသော အဖို့ရှိသော တရားကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဒသပလိဗောဓဝဏ္ဏနာ

ပလိဗောဓဆယ်ပါးကို ဖွင့်ပြချက်

၄၁။ ကထံ ဘာဝေတဗ္ဗောတိ ဧတ္ထ ပန၊ ကထံ ဘာဝေတဗ္ဗော ဟူသော ဤစကားရပ်၌ကား။ လောကိယလောကုတ္တရဝသေန၊ လောကီသမာဓိ, လောကုတ္တရာသမာဓိ အစွမ်းအားဖြင့်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ဣတိ အာဒိသု၊ ဤသို့ အစရှိသည်တို့၌။ အရိယမဂ္ဂသမ္ပယုတ္တော၊ အရိယာမဂ်နှင့် ယှဉ်သော။ ယော အယံ သမာဓိ၊ အကြင်သမာဓိကို။ တာဝ၊ ရှေးဦးစွာ။ ဝုတ္တော၊ ဆိုအပ်ပြီ။ တဿ၊ ထိုအရိယာသမာဓိ၏။ ဘာဝနာနယော၊ ပွားရသောနည်းကို။ ပညာဘာဝနာနယေနေဝ၊ ပညာကို ပွားစေသော နည်းဖြင့်သာလျှင်။ သင်္ဂဟိတော၊ သိမ်းယူအပ်ပြီ။ ဟိ၊ မှန်၏။ ဝါ၊ အကြောင်းသော်ကား။ ပညာယ၊ မဂ်ပညာကို။ ဘာဝိတာယ၊ ပွားစေပြီးလတ်သော်။ သော၊ ထိုမဂ်သမာဓိကိုလည်း။ ဘာဝိတော ဟောတိ၊ ပွားစေအပ်ပြီးသာ ဖြစ်တော့၏။ တသ္မာ၊ ထို့ကြောင့်။ တံ သန္ဓာယ၊ ထိုအရိယာမဂ် သမာဓိကို ရည်ရွယ်၍။ ဧဝံ ဘာဝေတဗ္ဗောတိ၊ ဤသို့ ပွားစေရမည်ဟု။ ကိဉ္စိ၊ တစုံတရာမျှ၊ ဝိသုံ ကတွာ၊ အသီးအခြားပြု၍။(ကတွာ—ထည့်)။ န ဝဒါမ၊ မပြောဆိုကုန်အံ့။

ပန၊ အဖို့တပါးကား။ လောကိယော၊ လောကီဖြစ်သော။ ယော အယံ သမာဓိ၊ အကြင်သမာဓိကို။ ဝုတ္တော၊ ဆိုအပ်ခဲ့ပြီ။ သော၊ ထိုသမာဓိကို။ ဝုတ္တနယေန၊ သီလနိဒ္ဒေသ၌ ပြဆိုခဲ့သောနည်းဖြင့်။ သီလာနိ ဝိသောဓေတွာ၊ သီလတို့ကို သုတ်သင်ပြီးလျှင်။ သုပရိသုဒ္ဓေ သီလေ၊ ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်သော သီလ၌။ ပတိဋ္ဌိတေန၊ တည်ပြီးသော ယောဂီသည်။ ဝါ၊ တည်၍။ အဿ၊ ထိုယောဂီအား။ ဒသသု ပလိဗောဓေသု၊ ပလိဗောဓဆယ်ပါးတို့တွင်။ ယော ပလိဗောဓော၊ အကြင်ပလိဗောဓသည်။ အတ္ထိ၊ ရှိ၏။ တံ ဥပစ္ဆိန္ဒိတွာ၊ ထိုပလိဗောဓကို ဖြတ်ပြီးလျှင်။ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ၊ ကမ္မဋ္ဌာန်း ပေးတတ်သော မိတ်ဆွေကောင်း ဆရာမြတ်သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ စတ္တာလီသာယ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ အတ္တနော စရိယာနုကူလံ၊ မိမိ၏ စရိုက်အားလျော်သော။ အညတရံ ကမ္မဋ္ဌာနံ ဂဟေတွာ၊ တပါးပါးသော ကမ္မဋ္ဌာန်းကိုယူ၍။ သမာဓိဘာဝနာယ၊ သမာဓိဘာဝနာနှင့်။ အနနုရူပံ ဝိဟာရံ ပဟာယ၊ မလျော်သော ကျောင်းကိုပယ်ပြီးလျှင်။ အနုရူပေ

ဝိဟာရေ၊ သျှော်သောကျောင်း၌။ ဝိဟရန္တေန၊ နေလျက်။ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတွာ၊ ပလိဗောဓအငယ်ကိုလည်း ဖြတ်၍။ **သဗ္ဗံ** ဘာဝနာဝိဓာနံ၊ ပွားစေပုံ ဘာဝနာအစီအရင် အလုံးစုံကို။ အပရိဟာပေန္တေန၊ မယုတ်လျော့စေမူ၍။ ဝါ၊ မယုတ်လျော့စေပဲ။ ဘာဝေတဗ္ဗော၊ ပွားစေအပ်၏။ ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော နည်းသည်။ ဧတ္ထ၊ ဤဘာဝနာ အစီအရင်၌။ သင်္ခေပေါ၊ အကျဉ်းချုပ်ပေတည်း။

· အယံ ပန၊ ဤဆိုသတ္တံ့ သည်ကား။ ဝိတ္ထာရော၊ အကျယ်တည်း။ "အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ ဒသသု ပလိဗောဓေသု၊ ပလိဗောဓ ဆယ်ပါးတို့တွင်။ ယော ပလိဗောဓော၊ အကြင်တစုံတခုသော ပလိဗောဓသည်။ အတ္ထိ၊ ရှိ၏။ တံ ဥပစ္ဆိန္ဒိတွာ၊ ထိုပလိဗောဓကို ဖြတ်၍" ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ တာဝ၊ ရှေးဦးစွာ။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ ဧတ္ထ၊ ဤစကား၌—

အာဝါသော စ၊ ကျောင်းလည်းကောင်း။ ကုလဉ္စ၊ ဒါယကာလည်းကောင်း။ လာဘော စ၊ လာဘ်သည်းကောင်း။ ဂဏော စ၊ ဂိုဏ်းလည်းကောင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ ကမ္မဉ္စ၊ အမှုကိစ္စလည်းကောင်း။ အဒ္ဓါနံ စ၊ ခရီးလည်းကောင်း။ ဉာတိ စ၊ ဆွေမျိုးလည်းကောင်း။ အာဗာဓော စ၊ အနာရောဂါလည်းကောင်း။ ဂန္ထော စ၊ ကျမ်းဂန်သင်ကြားခြင်းလည်းကောင်း။ ဣဒ္ဓိ စ၊ တန်ခိုးလည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ တေ၊ ထိုအနှောင့်အယှက် ပလိဗောဓတို့သည်။ ဒသ၊ ဆယ်ပါးတို့တည်း။

(၇၇) ဣတိ၊ ဤသို့။ ဝုတ္တာ၊ ဆိုအပ်ကုန်သော။ ဣမေ ဒသ၊ ဤဆယ်ပါးတို့သည်။ ပလိဗောဓာ နာမ၊ အနှောင့်အယှက် ပလိဗောဓတို့မည်ကုန်၏။ တတ္ထ၊ ထိုဆယ်ပါးတို့တွင်။ အာဝါသောယေဝ၊ ကျောင်းသည်ပင်လျှင်။ အာဝါသပလိဗောဓော၊ ကျောင်းအနှောင့်အယှက် အာဝါသပလိဗောဓ မည်၏။ ကုလာဒီသု၊ ဒါယကာစသည်တို့၌လည်း။ ဧသ နယော၊ ဤနည်းပင်တည်း။

တတ္ထ၊ ထိုစကားရပ်၌။ ဧကောပိ ဩဝရကော၊ တိုက်ခန်းတခုကို လည်းကောင်း။ ဝါ၊ တိုက်ခန်းတခုကိုဖြစ်စေ။ ဧကမ္ပိ ပရိဝေဏံ၊ ပရဝုဏ်တခုကိုလည်းကောင်း။ ဝါ၊ ပရဝုဏ်တခုကိုဖြစ်စေ။ သကလောပိ သံဃာရာမော၊ အလုံးစုံသော သံဃာ့အရာမ်ကိုလည်းကောင်း။ ဝါ၊ အလုံးစုံသော သံဃာ့အရာမ်ကိုဖြစ်စေ။ အာဝါသောတိ၊ ကျောင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သွာယံ=သော အယံ အာဝါသော၊ ထိုကျောင်းသည်။ သဗ္ဗဿေဝ၊ အလုံးစုံသော ယောဂီအားပင်။ ပလိဗောဓော၊ အနှောင့်အယှက်သည်။ န ဟောတိ၊ ဖြစ်သည်မဟုတ်။ ပန၊ ဖြစ်သင့်သည်ကား။ ယော၊ အကြင်ယောဂီသည်။ ဧတ္ထ၊ ဤကျောင်း၌။ ဝါ၊

ဤကျောင်းတွင်။ နဝကမ္မာဒိသု၊ အမှုကိစ္စစသည်တို့၌။ ဥဿုက္ကံ ဝါ အာပဇ္ဇတိ၊ ကြောင့်ကြစိုက်၏။ ဗဟုဘဏ္ဍသန္နိစယော ဝါ ဟောတိ၊ သပိတ်သက်န်းစသော များစွာသော ပစ္စည်းတို့ကို သိုမှီးသိမ်းဆည်း၏။ ယေန ကေနစိ ကာရဏေန၊ တစုံတခုသော အကြောင်းကြောင့်။ အပေက္ခဝါ၊ ငဲ့ကွက်ခြင်း ရှိသည်ဖြစ်၍။ ပဋိဗဒ္ဓစိတ္တော၊ တွယ်တာသော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿေဝ၊ ထိုအမှုသစ် စသည်၌ ကြောင့်ကြမကင်းသော ယောဂီအားသာလျှင်။ ပလိဗောဓော ဟောတိ၊ ပလိဗောဓဖြစ်၏။ ဣတရဿ၊ ဤမှတပါးသော သူအား။ ပလိဗောဓော န ဟောတိ၊ ပလိဗောဓ မဖြစ်တော့ပေ။

တတြ၊ ထိုသို့ ပလိဗောဓ မဖြစ်ရာ၌။ ဣဒံ၊ ဤသို့ဆိုသတ္တံ့သည်ကား။ ဝတ္ထု၊ ဝတ္ထုပေတည်း။ ဒွေ ကုလပုတ္တာ၊ အမျိုးကောင်းသား နှစ်ဦးတို့သည်။ အနုရာဓပုရာ နိက္ခမိတွာ၊ အနုရာဓမြို့မှ ထွက်ခဲ့ပြီးလျှင်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်းသွား၍။ ထူပါရာမေ၊ ထူပါရုံကျောင်း၌။ ပဗ္ဗဇိံသု ကိရ၊ ရဟန်းပြုကြကုန်သတတ်။ ဘေသု၊ ထိုရဟန်းနှစ်ပါးတို့တွင်။ ဧကော၊ တပါးသည်။ ဒွေ မာတိကာ ပဂုဏာ ကတွာ၊ ဒွေမာတိကာကို နှုတ်ဘက်ရအောင်ပြု၍။ ပဉ္စဝဿိကော ဟုတွာ၊ ငါးဝါရှိလတ်သောအခါ။ ပဝါရေတွာ၊ ပဝါရဏာပြုပြီးလျှင်။ ပါစိနခဏ္ဍရာဇိံ နာမ၊ ပါစိနခဏ္ဍရာဇီမည်သော အရပ်သို့၊ ဂတော၊ ကြွသွားလေ၏။ ဧကော၊ တပါးမူကား။ တတ္ထေဝ၊ ထိုထူပါရုံကျောင်း၌ပင်။ ဝသတိ၊ သီတင်းသုံးနေ၏။ ပါစိနခဏ္ဍရာဇိဂတော၊ ပါစိနခဏ္ဍရာဇီ အရပ်သို့ ကြွသွားသော ရဟန်းသည်။ တတ္ထ၊ ထိုအရပ်၌။ စိရံ ဝသိတွာ၊ ကြာမြင့်စွာ နေထိုင်ခဲ့ပြီးနောက်။ ထေရော ဟုတွာ၊ ဆယ်ဝါပြည့်မြောက် မထေရ်အဖြစ်သို့ ရောက်သောအခါ။ "ဣဒံ ဌာနံ၊ ဤအရပ်သည်၊ ပဋိသလ္လာနသာရုပ္ပံ၊ တကိုယ်တည်း ကိန်းအောင်းဖို့ရာ သင့်လျော်၏။ ဟန္ဒ၊ ယခု။ သဟာယကဿာပိ၊ မိတ်ဆွေအားလည်း။ နံ၊ ထိုအရပ် အကြောင်းကို။ အာရောစေမိတိ၊ ပြောကြားအံ့"ဟု။ စိန္တေသိ၊ ကြံစည်လေ၏။ တတော၊ ထိုသို့ ကြံစည်ပြီးနောက်။ နိက္ခမိတွာ၊ ထိုအရပ်မှ ထွက်ခဲ့ပြီးလျှင်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်းသွား၍။ ထူပါရာမံ ပါဝိသိ၊ ထူပါရုံကျောင်းသို့ ဝင်လေ၏။ ပဝိသန္တံယေဝ၊ ဝင်လာစဉ်ပင်လျှင်။ နံ ဒိသွာ၊ ထိုမထေရ်ကို မြင်လတ်သော်။ သမာနဝဿိကတ္ထေရော၊ ဝါတူဖြစ်သော မိတ်ဆွေမထေရ်သည်။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ ပတ္တစီဝရံ ပဋိဂ္ဂဟေတွာ၊ သပိတ်သက်န်းကိုယူကာ။ ဝတ္တံ အကာသိ၊ ဝတ်ပြုလေ၏။ အာဂန္တုကတ္ထေရော၊ အာဂန္တုမထေရ်သည်။ သေနာသနံ ပဝိသိတွာ၊ ကျောင်းသို့ဝင်၍။ ဝါ၊ ဝင်ပြီးနောက်။ "မေ သဟာယော၊ ငါ၏အဆွေသည်။ သပ္ပိံ ဝါ၊ ထောပတ်ကိုလည်းကောင်း။ ဝါ၊ထောပတ်ကိုဖြစ်စေ။ ဖာဏိတံ ဝါ၊ တင်လဲကိုလည်းကောင်း။ ဝါ၊ တင်လဲကိုဖြစ်စေ။ ပါနကံ ဝါ၊ အဖျော်ကိုလည်းကောင်း။ ဝါ၊ အဖျော်ကိုဖြစ်စေ။ ဣဒါနိ ပေသေဿ-

တိ၊ ယခုပင် အပ္ပိုလွှတ်လိမ့်မည်။ ဟိ၊ ပိုနိုင်စရာအကြောင်းကား။ အယံ၊ ဤ အဆွသည်။ ဣမသ္မိံ နဂရေ၊ ဤမြို့၌။ စိရနိဝါသီတိ၊ အနေကြာပေပြီ" ဟု။ စိန္တေသိ၊ ကြံစည်တွေးတောမိ၏။ သော၊ ထိုအာဂန္တု ရဟန်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌။ အလဒ္ဓါ၊ မျှော်သည့်အတိုင်း မရလတ်သော်။ ပါတော၊ နံနက်အခါ ၌။ "ဥပဋ္ဌာကေဟိ၊ အလုပ်အကျွေးဒါယကာတို့သည်။ ဂဟိတံ ယာဂုခဇ္ဇကံ၊ ယူလာသောယာဂုခဲဖွယ်ကို။ ဣဒါနိ ပေသေဿတီတိ၊ ယခုအပ္ပိုလွှတ်ပေလိမ့် မည်"ဟု။ စိန္တေသိ၊ ကြံတွေးမျှော်လင့်ပြန်၏။ တမ္ပိ အဒိသွာ၊ ထိုယာဂုခဲဖွယ်ကို လည်း မမြင်လတ်သော်။ ပဟိဏန္တာ၊ ပို့သူဒါယကာများသည်။ နတ္ထိ၊ မရှိကြ ပေ။ ပဝိဋ္ဌဿ၊ ရွာသို့ဆွမ်းခံဝင်သော ငါ့အဆွေအား။ ဒဿတိ မညေ၊ လှူကြ လိမ့်မည်ဟု ငါထင်၏" ဟု။ စိန္တေတွာ၊ ကြံစည်တွေးတောလျက်။ ပါတောဝ၊ နံနက်စောစောကပင်လျှင်။ တေန သဒ္ဓိံ၊ ထိုအာဝါသိကမထေရ်နှင့်တကွအတူ။ ဂါမံ ပါဝိသိ၊ ရွာသို့ဝင်လေ၏။ တေ ဒွေ၊ ထိုရဟန်းနှစ်ပါးတို့သည်။ဧကံ ဝီထိံ၊ တခုသောလမ်းကို လှည့်လည်ဆွမ်းခံသည်ရှိသော်။ ဥဠုင်္ကမတ္တံ ယာဂုံ လဘိတွာ၊ တမှုတ်မျှသော ယာဂုကိုရ၍။ အာသနသာလာယံ၊ ဆွမ်းစားဇရပ်၌။ နိသီဒိ- တွာ၊ ထိုင်ပြီးလျှင်။ ပိဝိံသု၊ သောက်ကြကုန်၏။ တတော၊ ထို့နောက်။ အာ- ဂန္တုကော၊ အာဂန္တုမထေရ်သည်။ "နိဗဒ္ဓယာဂု၊ အမြဲတမ်း ယာဂုဝတ်သည်။ နတ္ထိ မညေ၊ ရှိဟန်မတူပေ။ ဣဒါနိ၊ ယခု။ ဘတ္တကာလေ၊ ဆွမ်းစားချိန်ကာလ ၌။ မနုဿာ၊ လူတို့သည်။ ပဏီတံ ဘတ္တံ၊ မွန်မြတ်သောဆွမ်းကို။ ဒဿန္တီတိ၊ လှူဒါန်းကြလိမ့်မည်" ဟု။ စိန္တေသိ၊ ကြံဖွေးပြန်၏။ တတော၊ ထို့နောက်။ ဘတ္တကာလေပိ၊ ဆွမ်းစားချိန်၌လည်း။ ပိဏ္ဍာယ စရိတွာ၊ ဆွမ်းခံလှည့်လည်၍။ လဒ္ဓမေဝ၊ ရသောဆွမ်းကိုသာလျှင်။ ဘုဉ္ဇိတွာ၊ ဘုဉ်းပေးကြပြီးနောက်။ ဣ- တရော၊ အာဂန္တုကမထေရ်သည်။ "ဘန္တေ၊ အရှင်ဘုရား။ သဗ္ဗကာလံ၊ အခါ ခပ်သိမ်း။ ဧဝံ ယာပေထာတိ၊ ဤသို့ပင် မျှတနေပါသလော" ဟု။ ဣတရံ၊ အာဝါသိကမထေရ်ကို။ အာဟ၊ မေးမြန်းလေ၏။ (ဝိသုဒ္ဓိမဂ်ပါဠိမူ စာအုပ်တို့ ၌ ဣတရော အာဟ ဟု ရှိသောပါဌ်သည် မသင့်။ အကြောင်းမူကား ရှေးဝါကျ ၌။ အာဂန္တုကော စိန္တေသိ၊ အာဂန္တုထေရ်က ကြံတွေးပြန်၏ဟု ဆိုခဲ့၏။ ထိုသို့ဆိုပြီးနောက် ဤဝါကျ၌ ဣတရော၊ ဤမှတပါးသော မထေရ်က-ဟုဆို လျှင် အာဝါသိကမထေရ်က ဟုဆိုရာရောက်၏။ အမှန်မှာ အာဂန္တုကမထေရ် ကပင် အာဝါသိက မထေရ်ကို မေးသောအရာဖြစ်သည်။ သို့ဖြစ်၍ ဣတရမာဟ ဟူသော ပါဌ်ရှိသင့်ပေသည်။ ရှိသင့်သော ပါဌ်အရ ဤ၌ အာဝါသိက မထေရ်ဟု ပြန်သည်။) အာဝုသော၊ ငါ့ရှင်။ အာမာတိ၊ ဟုတ်ပေ၏ဟု။ ဝုတ္တေ၊ ပြန်ကြား ပြောဆိုလေသော်။ "ဘန္တေ၊ အရှင်ဘုရား။ ပါစိနခဏ္ဍရာဇိ၊ ပါစိနခဏ္ဍရာဇိ အရပ်သည်။ ဖာသုကာ၊ ချမ်းသာပါသည်။ တတ္ထ ဂစ္ဆာမာတိ၊ ထိုအရပ်သို့ သွားကြပါကုန်စို့"ဟု။ အာဟ၊ အာဂန္တုကမထေရ်က လျှောက်ထားလေ၏။

ထေရော၊ အာဝါသိကမထေရ်သည်။ နဂရတော၊ မြို့မှ။ ဒက္ခိဏဒွါရေန၊ တောင်တံခါးဖြင့်။ နိက္ခမန္တော၊ ထွက်၍။ ကုမ္ဘကာရဂါမမဂ္ဂံ၊ အိုးထိန်းသည်ရွာလမ်းသို့။ပဋိပဇ္ဇိ၊ သွားလေ၏။ ဣတရော၊ အာဂန္တုကမထေရ်က။ "ဘန္တေ၊ အရှင်ဘုရား။ ဣမံ မဂ္ဂံ၊ ဤလမ်းသို့။ ကိံ ပန၊ အဘယ်ကြောင့်။ ပဋိပန္နတ္ထာတိ၊ ကြွပါသနည်းဟု။ အာဟ၊ မေး၏။ (ပဋိပန္နာ အတ္ထ-ဟုပုဒ်ဖြတ်)။အာဝုသော၊ ငါ့ရှင်။ တုံ၊ သင်သည်။ ပါဠိနခဏ္ဍရာဇိယာ ဝဏ္ဏံ၊ ပါဠိနခဏ္ဍရာဇိအရပ်၏ဂုဏ်ကျေးဇူးကို။ အဘာသိ နနုတိ၊ပြောဆိုသည်မဟုတ်လောဟု။ ဝိဿဇ္ဇိ၊ဖြေဆို၏။ အာဂန္တုကော၊ အာဂန္တုကမထေရ်သည်။ "ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဧတ္တကံ ကာလံ၊ ဤမျှလောက်သောကာလပတ်လုံး။ ဝသိတဋ္ဌာနေ၊ နေရာအရပ်၌။ ကောစိ အတိရေကပရိက္ခာရော၊ တစုံတခုသော အပိုပရိက္ခရာသည်။ န အတ္ထိ ကိံ ပနာတိ၊ မရှိပါသလော" ဟု။ ပုစ္ဆိ၊ မေး၏။ အာဝုသော၊ ငါ့ရှင်။ အာမ၊ ဟုတ်ပါ၏ မရှိပါ။ တနည်း။ အာမာဝုသော၊ မရှိပါ ငါ့ရှင်။ မဉ္စပီဌံ၊ ညောင်စောင်းအင်းပျဉ်သည်။ သံဃိကံ၊ သံဃိကဖြစ်၏။ တံ၊ ထိုညောင်စောင်းနှင့်အင်းပျဉ်ကိုလည်း။ ပဋိသာမိတမေဝ၊သိမ်းဆည်းအပ်ပြီးသည်သာလျှင်ဖြစ်၏။ အညံ ကိဉ္စိ၊ အခြားပစ္စည်းတစုံတရာမျှ။ နတ္ထီတိ၊ မရှိပါ" ဟု။ အာဟ၊ အာဝါသိက မထေရ်ကပြောပြ၏။ "ဘန္တေ၊ အရှင်ဘုရား။ (ဂဂ) မယှံ ပန၊ တပည့်တော်အားကား။ ဝါ၊ တပည့်တော်မှာမူ။ ကတ္တရဒဏ္ဍော၊ တောင်ဝှေးသည်လည်းကောင်း။တေလနာဠိ စ၊ ဆီကျည်တောက်သည်လည်းကောင်း။ ဥပါဟနတ္ထဝိကာ စ၊ ဖိနပ်အိတ်သည်လည်းကောင်း။တတ္ထေဝ၊ ထိုကျောင်း၌ပင်လျှင်။ အတ္ထီတိ၊ ရှိကြပါသေးသည်" ဟု။ အာဟ၊ အာဂန္တုမထေရ်ကလျှောက်၏။ "အာဝုသော၊ ငါ့ရှင်။ တယာ၊ သင်သည်။ ဧကဒိဝသံ ဝသိတွာ၊ တနေ့တာမျှနေ၍။ဧတ္တကံ၊ ဤမျှလောက်များပြားသော ပရိက္ခရာကို။ ဌပိတန္တိ၊ ထားခဲ့ပေသလော" ဟု။ အာဟ၊ အာဝါသိကမထေရ်က ပြောကြား၏။ "ဘန္တေ၊ အရှင်ဘုရား။အာမ ဌပိတံ၊ ထားအပ်ပေ၏။ သော၊ ထိုအာဂန္တုမထေရ်သည်။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍။ထေရံ ဝန္ဒိတွာ၊ အာဝါသိကမထေရ်ကိုရှိခိုးပြီးလျှင်။ "ဘန္တေ၊ အရှင်ဘုရား။ တုမှာဒိသာနံ၊ အရှင်ဘုရားတို့ကဲ့သို့သော ပုဂ္ဂိုလ်တို့အား။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ အရညဝါသောယေဝ၊ တော၌နေသည်သာမည်ပါ၏။ ထူပါရာမော၊ ထူပါရုံစေတီသည်။ စတုန္နံ ဗုဒ္ဓါနံ၊ လေးဆူသောမြတ်စွာဘုရားတို့၏။ ဓာတုနိဓာနဋ္ဌာ-နံ၊ ဓါးပန်း, ဓမ္မကရိုဏ်, ရေသနုပ်တော်ဟူသော ပရိဘောဂဓာတ်တော်များနှင့် လက်ယာညှပ်ရိုးတော်ဟူသော သရီရဓာတ်တော်များကို ဌာပနာရာအရပ်ဖြစ်ပါသည်။ လောဟပါသာဒေ၊ ကြေးပြာသာဒ်၌။ သပ္ပါယံ ဓမ္မဿဝနဥ္စ၊ သင့်လျော်သောတရားတော်များကို နာကြားခြင်းကိုလည်းကောင်း။ မဟာစေတိ-ယဒဿနဥ္စ၊ မဟာစေတီတော်ကို ဖူးမြော် ခြင်းကိုလည်းကောင်း။ ထေရဒဿ-

ဋ္ဌ၊ မသေရ်တို့ကိုဖူးမြော်ခြင်းကိုလည်းကောင်း။ လဗ္ဘတိ၊ ရအပ်ပါပေ၏။ ဗုဒ္ဓ-ကာလော ဝိယ၊ မြတ်စွာဘုရားပွင့်တော်မူသောအခါကဲ့သို့။ ပဝတ္တတိ၊ ဖြစ်ပါပေ၏။ ဣဓေဝ၊ ဤအရပ်၌ပင်။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဝသထာတိ၊ သီတင်းသုံးတော်မူကြပါကုန်" ဟု။ အာဟ၊ လျှောက်ထား၏။ ဒုတိယဒိဝသေ၊ နောက်တနေ့၌။ ပတ္တစီဝရံ ဂဟေတွာ၊ သပိတ်သင်္ကန်းကိုယူပြီးလျှင်။သယမေဝ၊ မိမိချည်းသာလျှင်။ အဂမာသိ၊ ကြွသွားလေ၏။ ဣတိ၊ ဤကားဝတ္ထုတည်း။ ဤဒိသဿ၊ ဤအာဝါသိကမထေရ်ကဲ့သို့သော ပုဂ္ဂိုလ်အား။ အာဝါသော၊ ကျောင်းသည်။ န ပလိဗောဓော ဟောတိ၊ ပလိဗောဓ မဖြစ်ပေ။

ကုလန္တိ၊ ကုလဟူသည်ကား။ ဉာတိကုလံ ဝါ၊ ဆွေမျိုးဒါယကာသည်လည်းကောင်း။ ဥပဋ္ဌာကကုလံ ဝါ၊ အလုပ်အကျွေးဒါယကာသည်လည်းကောင်း။ ကုလံ၊ ကုလမည်၏။တနည်း။ဉာတိကုလံ ဝါ၊ဆွေမျိုးဒါယကာကိုလည်းကောင်း။ ဥပဋ္ဌာ-ကကုလံ ဝါ၊ အလုပ်အကျွေးဒါယကာကိုလည်းကောင်း။ ကုလန္တိ၊ ဒါယကာဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ (ထည့်စပ်)။ ဟိ၊ မှန်၏။ "သုခိတေသု၊ ဒါယကာတို့ချမ်းသာသည်ရှိသော်။ သုခိတော၊ မိမိလည်းချမ်းသာ၏။ ဣတိ အာဒိနာ နယေန၊ ဤသို့စသောနည်းဖြင့်။ သံသဋ္ဌော၊ ချစ်ကျွမ်းနှီးနှောရောနှောလျက်။ ဝိဟရ-တော၊ နေသော။ ကေစိ၊ အချို့သောရဟန်းအား။ ဥပဋ္ဌာကကုလမ္ပိ၊ အလုပ်အကျွေးဒါယကာသော်လည်း။ ပလိဗောဓော ဟောတိ၊ ပလိဗောဓဖြစ်၏။ သော၊ ထိုရဟန်းသည်။ ကုလမာနုသကေဟိ ဝိနာ၊ အလုပ်အကျွေးဒါယ-ကာတို့နှင့်ကင်း၍။သာမန္တဝိဟာရမ္ပိ၊အနီးအပါးကျောင်းသို့သော်လည်း။မဓ္မသ-ဝနာယ၊ တရားနာခြင်းငှာ။ ဝါ၊ တရားနာရန်။ န ဂစ္ဆတိ၊ မသွားနိုင်ပေ။ ကေစဿ၊ အချို့သောရဟန်းအားမူ။ မာတာပိတရောပိ၊ အမိအဖတို့သော်လည်း။ ပလိဗောဓာ န ဟောန္တိ၊ ပလိဗောဓ မဖြစ်ကုန်။ ကောရဏ္ဍကဝိဟာရ-ဝါသိတ္ထေရဿ၊ကောရဏ္ဍကကျောင်း၌ သီတင်းသုံးသောမထေရ်၏။ဘာဂိနေယျ-ဒဟရဘိက္ခုနော၊ တူပဉ္စင်းငယ်အား။ န ဘောတိ ဝိယ၊ မဖြစ်သကဲ့သို့တည်း။

ကိရ၊ ကြားဖူးသည်မှာ။ သော၊ ထိုပဉ္စင်းငယ်သည်။ ဥဒ္ဒေသတ္ထံ၊ ပါဠိသင်ယူခြင်းငှာ။ ရောဟဏံ၊ ရောဟဏဇနပုဒ်သို့။ အဂမာသိ ကိရ၊ ကြွလေသတဲ့။ ထေရဘဂိနီပိ ဥပါသိကာ၊ မထေရ်၏နှမဖြစ်သော ဥပါသိကာမသည်လည်း။ ထေရံ၊ မထေရ်ကို။ တဿ၊ သားဖြစ်သူထိုပဉ္စင်းငယ်၏။ ပဝတ္တိံ၊ အကြောင်းအရာကို။ သဒါ၊ အခါခပ်သိမ်း။ ဝါ၊ အမြဲတစေ။ ပုစ္ဆတိ၊ မေးလျှောက်လေ၏။ ထေရော၊ မထေရ်သည်။ ဒဟရံ၊ ပဉ္စင်းငယ်ကို။ အာနေဿာမိတိ၊ ခေါ်ဆောင်မည်ဟုကြံစည်၍။ ရောဟဏာဘိ-မုခေါ ပါယာသိ၊ ရောဟဏဇနပုဒ်သို့ ရှေ့ရှုကြွသွားလေ၏။ ဒဟရောပိ၊ ပဉ္စင်းငယ်သည်လည်း။ "မေ၊ ငါသည်။ ဣဓ၊ ဤအရပ်၌။ စိရံ ဝုတ္ထံ၊ ကြာမြင့်စွာ

နေခဲ့ပြီ၊ ဝါ၊ အနေကြာခဲ့လေပြီ။ ဒါနိ၊ ယခုအခါ။ ဥပဇ္ဈာယံ ပဿိတွာ၊ ဥပဇ္ဈာယ်ဆရာကိုဖူးမြော်၍။ ဥပါသိကာယ၊ မိခင်ဥပါသိကာမ၏။ ပဝတ္တိံ စ ဉတွာ၊ အကြောင်းကိုလည်းသိရပြီးလျှင်။ အာဂမိဿာမိတိ၊ ပြန်လာအံ့” ဟု ကြံစည်၍။ မရောဟဏတော၊ ရောဟဏဇနပုဒ်မှ။ နိက္ခမိ၊ ထွက်ခွါခဲ့လေ၏။ တေ ဥဘောပိ၊ ထိုတူ, ဦးရီးနှစ်ပါးလုံးတို့သည်လည်း။ ဂင်္ဂါတီရေ၊ ဂင်္ဂါမြစ်ကမ်း၌။ သမာဂစ္ဆိံသု၊ တွေ့ဆုံမိကြလေကုန်၏။ သော၊ ထိုပဉ္စင်းငယ်သည်။ အညတရသ္မိံ ရုက္ခမူလေ၊ တခုသောသစ်ပင်ရင်း၌။ ထေရဿ၊ မထေရ်အား။ ဝတ္တံ ကတွာ၊ ဝတ်ပြု၍။ “ကုဟိံ ယာသီတိ၊ အဘယ်အရပ်သို့သွားမည်နည်း” ဟု။ ပုစ္ဆိတော၊ မထေရ်ကမေးလျှင်။ ဝါ၊ ဦးရီးတော်ကမေးလျှင်။ တမတ္ထံ၊ ထိုမိမိလာခဲ့ရသော အကြောင်းကို။ အာရောစေသိ၊ လျှောက်ထားလေ၏။ ထေရော၊ မထေရ်သည်။ ဝါ၊ မထေရ်က။ ဟော၊ သင်သည်။ သုဋ္ဌုကတံ၊ ကောင်းသောအမှုကိုပြုအပ်ပေသည်။ ဥပါသိကာပိ၊ သင့်မယ်တော်ဥပါသိကာမသည်လည်း။ သဒါ၊ အမြဲတစေ။ ပုစ္ဆတိ၊ မေးလျှောက်နေ၏။ အဟမ္ပိ၊ ငါသည်လည်း။ ဧတဒတ္ထမေဝ၊ သင့်ကိုခေါ်ဆောင်ရန် ဤအကျိုးငှာသာလျှင်။ အာဂတော၊ လာခဲ့ပေ၏။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလေတော့။ အဟံ ပန၊ ငါကား။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ ဣမံ ဝဿံ၊ ဤမိုးလပတ်လုံး။ ဝသိဿာမီတိ၊ နေအံ့ဟု။ ဝါ၊ ဣမံ ဝဿံ ဝသိဿာမီတိ၊ ဤမိုးလပတ်လုံး ဝါကပ်တော့အံ့ဟု မိန့်ကြား၍။ တံ၊ ထိုတူပဉ္စင်းငယ်ကို။ ဥယျောဇေသိ၊ လွှတ်လိုက်လေ၏။ သော၊ ထိုပဉ္စင်းငယ်သည်။ ဝဿူပနာယိကဒိဝသေယေဝ၊ ဝါကပ်သောနေ့၌ ပင်လျှင်။ တံ ဝိဟာရံ၊ ထိုကောရဏ္ဍကကျောင်းသို့။ ပတ္တော၊ ရောက်လေ၏။ သေနာသနမ္ပိ၊ ကျောင်းသည်လည်း။ အဿ၊ ထိုပဉ္စင်းငယ်၏။ ပိတရာ၊ ဖခင်သည်။ ကာရိတမေဝ၊ ဆောက်စေအပ်သောကျောင်းသို့။ ပတ္တံ၊ ကျရောက်လေ၏။

အထ၊ ထိုမှနောက်၌။ အဿ၊ ထိုပဉ္စင်းငယ်၏။ ပိတာ၊ အဖသည်။ ဇနည်း။ အဿ ပိတာ၊ ထိုသူ၏ဖခင်သည်။ ဒုတိယဒိဝသေ၊နောက်တနေ့၌။ အာဂန္တွာ၊ ကျောင်းသို့လာ၍။ “ဘန္တေ၊ အရှင်ဘုရားတို့။ အမှာကံ သေနာသနံ၊ တပည့်တော်ဘို့၏ကျောင်းသည်။ ကဿ၊ အဘယ်ရဟန်းတော်တို့အား။ ပတ္တံ၊ ကျရောက်ပါသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တော၊ မေးလျှောက်သည် ရှိသော်။ အာဂန္တုကဿ ဒဟရဿာတိ၊ အာဂန္တုပဉ္စင်းငယ်အား။ ပတ္တန္တိ၊ ကျရောက်၏ဟု။ သုတွာ၊ ကြားရ၍။ တံ ဥပသင်္ကမိတွာ၊ ထိုပဉ္စင်းငယ်ထံချဉ်းကပ်ပြီးလျှင်။ ဝန္ဒိတွာ၊ ရှိခိုး၍။ “ဘန္တေ၊ အရှင်ဘုရား။ အမှာကံ သေနာသနေ၊ တပည့်တော်တို့၏ ကျောင်းသို့။ ဝဿံ ဥပဂတဿ၊ ဝါကပ်သော ရဟန်းအား။ ဝတ္တံ အတ္ထီတိ၊ ဝတ်ရှိပါသည်” ဟု။ အာဟ၊

လျှောက်၏။ “ဥပါသက၊ ဥပါသကာ။ ကိံ ဝတ္တာ၊ အဘယ်ဝတ်သည်။ အတ္ထီတိ၊ ရှိပါသနည်းဟု မေးလတ်သော်။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ အမှာကံယေဝ ဃရေ၊ တပည့်တော်တို့၏ အိမ်၌သာလျှင်။ ဘိက္ခံ ဂဟေတွာ၊ ဆွမ်းခံ၍။ ပဝါရေတွာ၊ ပဝါရဏာပြုပြီးနောက်။ ဂမနကာလေ၊ ကြွသွားသော အခါ၌။ အာပုစ္ဆိတဗ္ဗန္တိ၊ ပြောကြားရပါမည်”ဟု။ အာဟ၊ လျှောက်လေ၏။ သော၊ ထိုပဉ္စင်းငယ်သည်။ တုဏှီဘာဝေန အဓိဝါသေတိ၊ ဆိတ်ဆိတ်နေခြင်း ဖြင့် လက်ခံလိုက်လေ၏။ ဥပါသကောပိ၊ ဥပါသကာသည်လည်း။ ဃရံ ဂန္တွာ၊ အိမ်သို့ပြန်သွား၍။ “ အမှာကံ အာဝါသေ၊ ငါတို့၏ကျောင်း၌။ (ဂဇ)ကော အာဂန္တုကော အယျော၊ အာဂန္တုအရှင်မြတ်တပါးသည်။ ဥပဂတော၊ ကြွနေ ပေပြီ။ သက္ကစ္စံ ဥပဋ္ဌာတဗ္ဗောတိ၊ ရိုရိုသေသေလုပ်ကျွေးပြုစုအပ်၏”ဟု။ အာဟ၊ ပြောလေ၏။ ဥပါသိကာ၊ ဥပါသိကာမသည်။ “သာဓူတိ၊ ကောင်းပါပြီ”ဟု။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။ ပဏီတံ ခါဒနီယံ၊ မွန်မြတ်သောခဲဖွယ်ကိုလည်းကောင်း။ ပဏီတံ ဘောဇနီယံ၊ မွန်မြတ်သောဘောဉ်ကိုလည်းကောင်း။ (ပဏီတံကို ပုဒ်တိုင်းယှဉ်)။ ပဋိယာဒေသိ၊ စီမံလေ၏။ ဒဟရောပိ၊ ပဉ္စင်းငယ်သည်လည်း။ ဘတ္တကာလေ၊ ဆွမ်းစားချိန်၌။ ဉာတိဃရံ အဂမာသိ၊ မိဘဆွေမျိုးအိမ်သို့ ကြွသွားလေ၏။ နံ၊ ထိုရဟန်းငယ်ကို။ ကောစိ၊ တစုံတယောက်မျှ။ န သဉ္ဇာနိ၊ မမှတ်မိချေ။

သော၊ ထိုရဟန်းငယ်သည်။ တေမာသံ၊ သုံးလပတ်လုံး။ တတ္ထပိ၊ ထိုအိမ်၌ ပင်လျှင်။ ပိဏ္ဍပါတံ ပရိဘုဉ္ဇိတွာ၊ ဆွမ်းဘုဉ်းပေး၍။ ဝဿံ ဝုတ္ထော၊ ဝါကျွတ် လတ်သော်။ “အဟံ ဂစ္ဆာမီတိ၊ ငါသွားတော့မည်”ဟု။ အာပုစ္ဆိ၊ ပန်ကြား လေ၏။ အထ၊ ထိုအခါ၌။ အဿ ထိုရဟန်းငယ်အား။ ဉာတကာ၊ ဆွေမျိုး တို့သည်။ ဝါ၊ ဆွေမျိုးတို့က။ “ သွေ ဘန္တေ ဂစ္ဆထာတိ၊ အရှင်ဘုရား နက်ဖြန်မှ ကြွပါကုန်ဟု” (ဝတွာ၊ လျှောက်ထားကြပြီးလျှင်) ဒုတိယဒိဝသေ၊ နောက် တနေ့၌။ ဃရေယေဝ ဘောဇေတွာ၊ အိမ်မှာပင်ဆွမ်းစားလျက်။ တေဠနာဠိံ ပူရေတွာ၊ ဆီကျည်တောက်ကို ဆီအပြည့်ထည့်ပြီးလျှင်။ ဧကံ ဂုဠပိဏ္ဍံ၊ တင်လဲခဲ တခဲကိုလည်းကောင်း။ နဝဟတ္ထံ သာဋကဉ္စ၊ ကိုးတောင်ရှိသော အထည် ကိုလည်း။ ဒတွာ၊ လှူ၍။ “ဂစ္ဆထ ဘန္တေတိ၊ အရှင်ဘုရားကြွတော်မူလော” ဟု။ အာဟံသု၊ လျှောက်ထားကြလေကုန်၏။ သော၊ ထိုရဟန်းငယ်သည်။ အနုမောဒနံ ကတွာ၊ အနုမောဒနာတရားဟောကြားပြီးလျှင်။ ရောဟဏာဘိမုခေါ ပါယာသိ၊ ရောဟဏဇနပုဒ်သို့ ရှေ့ရှုကြွတော်မူလေ၏။

အဿ၊ ထိုရဟန်းငယ်၏။ ဥပဇ္ဈာယောပိ၊ ဦးရီးတော်ဥပဇ္ဈာယ်ဆရာသည် လည်း။ ပဝါရေတွာ၊ ပဝါရဏာပြုပြီး၍။ ပဋိပထံ အာဂစ္ဆန္တော၊ ခရီးရင်ဆိုင် လာလတ်သော်။ ပုဗ္ဗေ ဒိဋ္ဌဋ္ဌာနေ ယေဝ၊ ရှေးကတွေ့ကြုံခဲ့ရာအရပ်၌ပင်လျှင်။

တံ၊ ထိုပဍ္ဍင်းငယ်ကို။ အဒ္ဒသ၊ တွေ့လေ၏။ သော၊ ထိုပဍ္ဍင်းငယ်သည်။ အညတရသ္မိံ ရုက္ခမူလေ၊ တခုသောသစ်ပင်ရင်း၌။ ထေရဿ၊ မထေရ်အား။ ဝတ္တံ အကာသိ၊ ဝတ်ပြု၏။ အဿ၊ ထို အခါ၌။ နံ၊ ထိုရဟန်းငယ်ကို။ "ဘဒ္ဒမုခ၊ မျက်နှာရွှင်လန်းသောငါ့ရှင်။ တေ တယာ၊ သင်သည်။ ဥပါသိကာ၊ မယ်တော် ဥပါသိကာမကို။ ဒိဋ္ဌာ ကိံ၊ တွေ့ခဲ့ပြီလော"။ ဣတိ၊ ဤသို့။ ထေရော၊ မထေရ်သည်။ ပုစ္ဆိ၊ မေးလေ၏။ သော၊ ထိုပဍ္ဍင်းငယ်သည်။ "အာမ ဘန္တေတိ၊ တွေ့ခဲ့ပါပြီအရှင်ဘုရား"ဟု။ သဗ္ဗံ ပဝတ္တိံ၊ အကြောင်းစုံကို။ အာရောစေတွာ၊ လျှောက်ထားပြီးလျှင်။ တေန တေလေန၊ မိဘအိမ်မှရခဲ့သော ထိုဆီဖြင့်။ ထေရဿ ပါဒေ၊ မထေရ်၏ခြေတို့ကို။ မက္ခေတွာ၊ ပွတ်လိမ်း၍။ ဖာဏိတေန ဂုဠေန၊ ထိုတင်လဲခဲဖြင့်။ ပါနကံ ကတွာ၊ အဖျော် ဖျော်ကာကပ်ပြီးလျှင်။ တမ္ပိ သာဋကံ၊ ထိုအဝတ်စကိုလည်း။ ထေရဿေဝ ဒတွာ၊ မထေရ်အားပင်လှူပြီးနောက်။ ထေရံ ဝန္ဒိတွာ၊ မထေရ်ကိုရှိခိုး၍။ "ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ တပည့်တော်အား။ ရောဟဏာယေဝ၊ ရောဟဏဇနပုဒ်သည်သာလျှင်။ သပ္ပါယန္တိ၊ လျောက်ပတ်ပါသည်"ဟု။ (ဝတွာ၊ လျှောက်ထား၍)။ အဂမာသိ၊ သွားလေ၏။ ထေရောပိ၊ မထေရ်သည်လည်း။ ဝိဟာရံ အာဂန္တွာ၊ ကျောင်းသို့လာရောက်ပြီးလျှင်။ ဒုတိယဒိဝသေ၊ နောက်တနေ့၌။ ကောရဏ္ဍကဂါမံ ပါဝိသိ၊ ကောရဏ္ဍကရွာသို့ဝင်လေ၏။

ဥပါသိကာပိ၊ ဥပါသိကာမသည်လည်း။ "မယှံ ဘာတာ၊ ငါ့မောင်တော်သည်။ မမ ပုတ္တံ ဂဟေတွာ၊ ငါ့သားကိုခေါ်၍။ ဣဒါနိ အာဂစ္ဆတီတိ၊ ယခုပင် လာလိမ့်မည်"ဟု။ သဒါ၊ အမြဲမပြတ်။ မဂ္ဂံ ဩလောကယမာနာဝ၊ လမ်းကို မျှော်ကြည့်လျက်သာလျှင်။ တိဋ္ဌတိ၊ တည်ရှိနေ၏။ သာ၊ ထိုဥပါသိကာမသည်။ ဧကကမေဝ အာဂစ္ဆန္တံ၊ တပါးတည်းသာလျှင် ကြွလာသော။ တံ၊ ထိုမထေရ်ကို။ ဒိသွာ၊ မြင်လတ်သော်။ "မမ ပုတ္တော၊ ငါ၏သားသည်။ မတော မညေ၊ သေလေပြီထင်သည်။ အယံ ထေရော၊ ဤမထေရ်သည်။ ဧကကောဝ၊ တပါး တည်းသာလျှင်။ အာဂစ္ဆတီတိ၊ ကြွတော်မူလာ၏"ဟု။ ထေရဿ ပါဒမူလေ နိပတိတွာ၊ မထေရ်၏ခြေရင်း၌ဝပ်၍။ ပရိဒေဝမာနာ၊ ဖွဲ့နွဲ့မြည်တမ်းလျက်။ ရောဒိ၊ ငိုကြွေးလေ၏။ ထေရော၊ မထေရ်သည်။ "ဒဟရော၊ ပဍ္ဍင်းငယ်သည်။ အပ္ပိစ္ဆတာယ၊ အလိုနည်းပါးခြင်းကြောင့်။ အတ္တာနံ အဇာနာပေတွာဝ၊ မိမိကို မသိစေမူ၍သာလျှင်။ ဂတော နူနတိ၊ သွားဟန်တူပေသည်"ဟု။ တံ သမဿာ-သေတွာ၊ ထိုနှမ ဥပါသိကာမကိုနှစ်သက်စေ၍။ သဗ္ဗံ ပဝတ္တိံ အာရောစေတွာ၊ အလုံးစုံသောအဖြစ်သနစ်ကို ပြောကြားပြီးလျှင်။ ပတ္တတ္ထဝိကတော၊ သပိတ် အိတ်ထဲမှ။ တံ သာဋကံ၊ ထိုပဍ္ဍင်းငယ်လှူလိုက်သောအဝတ်စကို။ နီဟရိတွာ ဒသေတိ၊ ထုတ်၍ပြလေ၏။

ဥပါသိကာ၊ ဥပါသိကာမသည်။ ပသီဒိတွာ၊ ကြည်ညိုသောကြောင့်။ပုတ္တေန၊ သားပဥ္စင်းငယ်သည်။ ဂတဒိသာဘိမုခါ၊ သွားရာအရပ်သို့ ရှေးရှုကာ။ ဥရေန နိပဇ္ဇိတွာ၊ ရင်ဖြင့်ဝပ်လျက်။ နမဿမာနာ၊ ရှိခိုးလျက်။ "မယှံ၊ ငါ၏။ ပုတ္တ-သဒိသံ၊ သားနှင့်တူသော။ ဘိက္ခုံ၊ရဟန်းကို။ တနည်း။ မယှံ ပုတ္တသဒိသံ ဘိက္ခုံ၊ ငါ့သားနှင့်တူသောရဟန်းကို၊ ကာယသက္ခိံ ကတွာ၊ မျက်မှောက်သက်သေ ပြု၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရထဝိနီတပဋိပဒဉ္စ၊ ရထဝိနီတသုတ်၌လာသော အကျင့်ကိုလည်းကောင်း။ နာလကပဋိပဒဉ္စ၊ နာလကရဟန်းအားဟောသော မောနေယျအကျင့်ကိုလည်းကောင်း။ တုဝဋ္ဋကပဋိပဒဉ္စ၊ တုဝဋ္ဋကသုတ်၌လာသော အကျင့်ကိုလည်းကောင်း။ စတုပစ္စယသန္တောသဘာဝနာရာမတာ-ဒီပကံ၊ ပစ္စည်းလေးပါး၌ ရောင့်ရဲခြင်းနှင့် ဘာဝနာ၌မွေ့လျော်ခြင်းကို ပြတတ်သော။ မဟာအရိယဝံသပဋိပဒဉ္စ၊ မဟာအရိယာဝံသအကျင့်ကိုလည်းကောင်း။ ဒေသေသိ ဝတ မညေ၊ ဟောတော်မူခဲ့ဟန်တူပေသည်။ ဝိဇာတမာတုယာ ဂေ-ဟေ၊ မွေးသည့်မိခင်၏အိမ်၌။ တေမာသံ၊ သုံးလပတ်လုံး။ ဘုဉ္ဇမာနော ပိ၊ ဆွမ်းဘုဉ်းပေးနေပါလျက်လည်း။ (၉၀) 'အဟံ ပုတ္တော၊ ငါကား သင့်သား။ တွံ မာတာ၊ သင်ကား ငါ့အမိ။တနည်း။ အဟံ၊ ပုတ္တော၊ ပဥ္စင်းငယ်က ဒါယိကာမ ကြီး၏သား။ တွံ မာတာ၊ ဒါယိကာမကြီးက ဦးပဥ္စင်း၏မယ်တော်'' ဟု။ န ဝက္ခတိ နာမ၊ ဤမျှကိုသော်မှမပြောပဲ နေနိုင်တော်မူပါပေ၏။ အဟော အစ္ဆ-ရိယမနုဿောတိ၊ အံ့ဩဖွယ်ယောကျ်ားပါတကားဟု။ အာဟ၊ လျှောက်ထား ပြောဆိုလေ၏။ ဧဝရူပဿ၊ ဤသို့သဘောရှိသောရဟန်းအား။ မာတာပိတ-ရောပိ၊ အမိအဖတို့သော်မှလည်း။ ပလိဗောဓာ န ဟောန္တိ၊ ပလိဗောဓ မဖြစ်ကုန်။ အညံ ဥပဋ္ဌာကကုလံ၊ အခြားသောအလုပ်အကျွေး ဒါယကာမှာမူကား။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ ဣတိ၊ ဤသည်လျှင် ကုလပလိဗောဓ နှင့်စပ် သော စကားရပ်အပြီးသတ်သတည်း။

စတ္တာရော ပစ္စယာ၊ ပစ္စည်းလေးပါးတို့သည်။ လာဘောတိ-လာဘော နာမ လာဘ်မည်၏။ တေ၊ထိုပစ္စည်းလေးပါးတို့သည်။ကထံ၊အဘယ်သို့လျှင်။ပလိဗော-ဓာ ဟောန္တိ၊ ပလိဗောဓ ဖြစ်ကုန်သနည်း။ ဟိ၊ ချဲ့အံ့။ ပုညဝန္တဿ ဘိက္ခုနော၊ ဘုန်းတန်းကြီးမားသောရဟန်းအား၊ ဂတဂတဋ္ဌာနေ၊ ရောက်လေရာရာအရပ်၌။ မနုဿာ၊ လူတို့သည်။ မဟာပရိဝါရေ ပစ္စယေ၊ များပြားသော အခြံအရံ ရှိသော ပစ္စည်းတို့ကို။ ဒေန္တိ၊ လှူဒါန်းကြကုန်၏။ သော၊ ထိုရဟန်းသည်။ တေသံ မနုဿာနံ၊ ထိုလူတို့အား။ အနုမောဒန္တော၊ အနုမောဒနာပြုရ လျက်။ ဓမ္မံ ဒေသေန္တော၊ တရားဟောရသည်ဖြစ်၍။ သမဏဓမ္မံ ကာတုံ၊ ရဟန်းတရားကို အားထုတ်ခြင်းငှာ။ ဩကာသံ န လဘတိ၊ အခွင့်မရတော့ပေ။ အရုဏုဂ္ဂမနတော၊ နေအရုဏ်တက်သည်မှ။ ယာဝ၊ အကြင်မျှလောက်။ ပဌမ-

ယာမော၊ပထမယံသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ မနုဿသံသဂ္ဂေါ၊ လူတို့နှင့်ယှဉ်ရောက်(ရောနှော)မှုသည်။ န ဥပစ္ဆိဇ္ဇတိ၊ မပြတ်တော့ပေ။ ပုန၊တဖန်။ ဇလဝပစ္စူသေ ယေဝ၊မိုးလင်းလုနီး နံနက်စောစောကြီး၌ပင်။ ဗာဟုလိကပိဏ္ဍပါတိကာ၊ ပစ္စည်းများခြင်းကို လိုလားသော ပိဏ္ဍပါတ် မှုတင်ဆောင်ရဟန်းတို့သည်။ အာဂန္ဒာ၊ လာကြ၍။ "ဘန္တေ၊ အရှင်ဘုရား။ အသုကော ဥပါသကော၊ ဤမည်သော ဥပါသကာသည်လည်းကောင်း။ အသုကာ ဥပါသိကာ၊ ဤမည်သော ဥပါသိကာမသည်လည်းကောင်း။ အသုကော အမစ္စော၊ ဤမည်သော အမတ်သည်လည်းကောင်း။ အသုကာမစ္စဓီတာ၊ ဤမည်သော အမတ်သမီးသည်လည်းကောင်း။ (အသုကောပုဒ် လိင်အားလျော်စွာ ပြင်၍လိုက်)။ တုမှာကံ၊ အရှင်ဘုရားတို့ကို။ ဒဿနကာမာတိ၊ ဖူးမြင်လိုကြပါကုန်သည်"ဟု။ ဝဒန္တိ၊လျှောက်ကြကုန်၏။ သော၊ ထိုဘုန်းတန်းကြီးသောရဟန်းသည်။ အာဝုသော၊ ငါ့ရှင်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ဂဏှ၊ ယူခဲ့လော။ ဣတိ၊ ဤသို့။ ဂမနသဇ္ဇော ဝ ဟောတိ၊ သွားခြင်းငှာစီမံရ၏။ ဣတိ၊ ဤနည်းဖြင့်။ နိစ္စဗျာဝဋ္ဋော၊ ဒါယကာတို့ကိုချီးမြှောက်ခြင်း၌ အမြဲကြောင့်ကြစိုက်ရ၏။တဿေဝ၊ထိုသို့သော ရဟန်းအားသာလျှင်။ တေ ပစ္စယာ၊ ထိုပစ္စည်းလေးပါးတို့သည်။ ပလိဗောဓာ ဟောန္တိ၊ ပလိဗောဓ ဖြစ်ကြကုန်၏။ ဟေနု၊ ထို့ကြောင့်။ ဂဏံ ပဟာယ၊ ဒါယကာအပေါင်းကို စွန့်ခွါ၍၊ ယတ္ထ၊ အကြင်အရပ်၌၊ နံ၊ ထိုရဟန်းကို။ ဝါ၊ မိမိကို။ န ဇာနန္တိ၊ မသိကြကုန်။ တတ္ထ၊ ထို သိကြသူ မရှိရာအရပ်၌။ ကေဝလံ၊ တပါးတည်း။ စရိတဗ္ဗံ၊ ကျင့်အပ်၏။ ဧဝံ၊ ဤသို့ကျင့်သည်ရှိသော်။ သော ပလိဗောဓော၊ ထိုပလိဗောဓသည်။ ဥပစ္ဆိဇ္ဇတိ၊ ပြတ်လေ၏။ ဣတိ၊ ဤသည်လျှင် လာဘပလိဗောဓနှင့်စပ်သော စကားရပ် အပြီးသတ်သတည်း။

ဂဏောတိ၊ ဂဏဟူသည်ကား။ သုတ္တန္တိကဂဏော ဝါ၊ သုတ္တန်ဆောင်ဂိုဏ်းသည်လည်းကောင်း။ အာဘိဓမ္မိကဂဏော ဝါ၊ အဘိဓမ္မာဆောင် ဂိုဏ်းသည်လည်းကောင်း။ ဂဏောတိ-ဂဏော နာမ၊ ဂိုဏ်းမည်၏။ ယော၊ အကြင်ရဟန်းသည်။ တဿ ဂဏဿ၊ ထိုဂိုဏ်းအား။ ဥဒ္ဒေသံ ဝါ၊ ပါဠိကိုလည်းကောင်း။ ဝါ၊ ပါဠိကိုဖြစ်စေ။ ပရိပုစ္ဆံ ဝါ၊ အဋ္ဌကထာကိုလည်းကောင်း။ ဝါ၊ အဋ္ဌကထာကိုဖြစ်စေ။ ဒေန္တော၊ ပို့ချပေးရသည်ဖြစ်၍။ သမဏဓမ္မဿ ဩကာသံ၊ ရဟန်း တရားအားထုတ်ခြင်း၏အခွင့်ကို။ န လဘတိ၊ မရ၊ ဟာဒိသဿ၊ ထိုရဟန်းအားသာလျှင်။ ဂဏော၊ဂိုဏ်းသည်။ ပလိဗောဓော ဟောတိ၊ ပလိဗောဓဖြစ်၏။ ဟေနု၊ ဂိုဏ်း ပလိဗောဓ ရှိနေသော ထိုရဟန်းသည်။ သော ပလိဗောဓော၊ ထိုပလိဗောဓကို။ ဧဝံ၊ ဤဆိုလတ္တံ့အတိုင်း။ ဥပစ္ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်၏။ သစေ၊ အကယ်၍။ တေသံ ဘိက္ခူနံ၊ ထိုသင်ယူသူ ရဟန်းတို့သည်။ ဗဟုဂဟိတံ ဟောတိ၊ များစွာ သင်ယူအပ်ပြီးသည်ဖြစ်၍။ အဝသိဋ္ဌံ၊ မသင်ရသေးသော

အကြွင်းသည်။ အပ္ပံ ဟောတိ၊ နည်းသည်ဖြစ်အံ့။ တံ၊ ထိုအကြွင်းအကျန်ကို။ နိဋ္ဌာပေတွာ၊ ပြီးစေ၍။ အရညံ ပဝိသိတဗ္ဗံ၊ တောသို့ဝင်အပ်၏။ သစေ၊ အကယ်၍။ အပ္ပံ ဂဟိတံ၊ အနည်းငယ်သာ သင်ယူရသေးသည်ဖြစ်၍။ အဝသိဋ္ဌံ၊ မသင်ယူရသေးသော အကြွင်းသည်။ ဗဟု၊ များသည်ဖြစ်အံ့။ ယောဇနတော၊ တယူဇနာထက်။ ပရံ အဂန္တွာ၊ အလွန်မသွားပဲ။ အန္တော ယောဇနပရိစ္ဆေဒေ၊ တယူဇနာအပိုင်းအခြားအတွင်း၌။အညံ ဂဏဝါစကံ ဥပသင်္ကမိတွာ၊ ဂိုဏ်းအား စာပေပို့ချတတ်သော အခြားရဟန်းသို့ ချဉ်းကပ်၍။ "ဣမေ၊ ဤရဟန်းတို့ကို။ အာယသ္မာ၊ အရှင်သည်။ ဥဒ္ဒေသာဒီဟိ၊ ပါဠိသင်ပေးခြင်း စသည်တို့ဖြင့်။ သင်္ဂဏှတု၊ ချီးမြှောက်တော်မူပါ" ဟု။ ဝတ္တဗ္ဗံ၊ ပြောဆို လျှောက်ထားအပ်၏။ ဧဝံ၊ ဤသို့။ အလဘမာနေန၊ လွှဲအပ်ရမည့်ပုဂ္ဂိုလ်ကို မရသော ရဟန်းသည်။ "အာဝုသော၊ ငါ့ရှင်တို့။ မယှံ၊ ငါ့အား။ ဧကံ ကိစ္စံ၊ ကိစ္စတခုသည်။ အတ္ထိ၊ ရှိနေ၏။တုမှေ၊ သင်တို့သည်။ ယထာ ဖာသုကဋ္ဌာနာနိ၊ ချမ်းသာရာ အရပ်တို့သို့။ ဂစ္ဆထာတိ၊သွားကြပါကုန်" ဟု။ဝတွာ၊ဆို၍။ ဂဏံ ပဟာယ၊ ဂိုဏ်းကိုစွန့်ပြီးလျှင်။ အတ္တနော ကမ္မံ ကတ္တဗ္ဗံ၊ မိမိ၏ ရဟန်းကိစ္စကို ပြုသင့်ပေ၏။ ဣတိ၊ ဤသည်လျှင် ဂိုဏ်းပလိဗောဓနှင့် စပ်သောစကားရပ် အပြီးသတ်သတည်း။

နဝကမ္မံ၊ အမှုသစ်သည်။ ကမ္မန္တိ ကမ္မံ နာမ၊ အမှုကိစ္စမည်၏။ တနည်း။ ကမ္မန္တိ၊ ကမ္မံဟူသည်ကား။ နဝကမ္မံ၊ အမှုသစ်တည်း။ တံ ကရောန္တေန၊ ထိုအမှုကိစ္စကို ပြုသောရဟန်းသည်။ဝဍ္ဎကီအာဒီဟိ၊လက်သမားစသည်တို့သည်။ လဒ္ဓါ-လဒ္ဓံ၊ လုပ်ခရသည် မရသည်ကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ကတာကတေ၊ ပြုအပ်ပြီးသောအမှု မပြုရသေးသော အမှု၌။ ဥဿုက္ကံ၊ သိအောင် ကြောင့်ကြစိုက်ခြင်းသို့ ။အာပဇ္ဇိတဗ္ဗံ၊ရောက်အပ်၏။ ဣတိ၊ ထို့ကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပလိဗောဓော ဟောတိ၊ ပလိဗောဓဖြစ်၏။ သောပိ၊ ထိုအမှုကိစ္စဟူသော ပလိဗောဓကိုလည်း။ ဧဝံ၊ဤဆိုလတ္တံ့သောအတိုင်း။ ဥပစ္ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်၏။ သစေ၊ အကယ်၍။ အပ္ပံ၊အမှုကိစ္စအနည်းငယ်သည်။အဝသိဋ္ဌံ၊ကြွင်းကျန်နေသေးအံ့။ တနည်း။ အဝသိဋ္ဌံ၊ ကြွင်းသောအမှုသည်။ အပ္ပံ၊ အနည်းငယ်သည်။ သစေ၊ အကယ်၍ဖြစ်အံ့။နိဋ္ဌပေတဗ္ဗံ၊ ပြုလုပ်စေအပ်၏။ အဝသိဋ္ဌံ၊ ကြွင်းသော အမှုသည်။ ဗဟု၊ များသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ နဝကမ္မံ၊ အမှုသစ်သည်။ သံဃိကံ၊ သံဃာ့အမှုသည်။ စေ ဟောတိ၊အကယ်၍ဖြစ်အံ့။ သံဃဿ ဝါ၊ သံဃာအားလည်းကောင်း။ ဝါ၊ သံဃာအားဖြစ်စေ။ သံဃဘာရဟာ-ရကဘိက္ခူနံ ဝါ၊ သံဃာ့ဝန်ဆောင် ရဟန်းတို့အားလည်းကောင်း။ ဝါ၊သံဃာ့ဝန်ဆောင်ရဟန်းတို့အားဖြစ်စေ။နိယျာဒေတဗ္ဗံ၊လွှဲအပ်သင့်၏။အတ္တနော၊မိမိ၏။ သန္တကံ၊ အမှုကိစ္စသည်။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ အတ္တနော၊ မိမိ၏။ ဘာရဟာရကာနံ၊ ဝန်ဆောင် ပုဂ္ဂိုလ်တို့အား။ နိယျာဒေတဗ္ဗံ၊ လွှဲအပ်သင့်၏။

တာဒိသော၊ ထိုသို့သဘောရှိသော လွဲအပ်ရမည့်သူတို့ကို။ အလဘန္တေန၊ မရသော ရဟန်းသည်။ သံဃဿ ပရိစ္စဇိတွာ၊ သံဃာအားစွန့်၍။ ဂန္တဗ္ဗံ၊ သွားအပ်သွား သင့်ပေ၏။ ဣတိ၊ ဤသည်လျှင် အမှုကိစ္စ ပလိဗောဓနှင့် စပ်သောစကား ရပ် အပြီးသတ်သတည်း။

(၉၁) မဂ္ဂဂမနံ၊ ခရီးသွားခြင်းသည်။ အဒ္ဓါနန္တိ အဒ္ဓါနံ နာမ၊ ခရီးမည်၏။ ဝါ၊တနည်းကား။ အဒ္ဓါနန္တိ၊ အဒ္ဓါနံဟူသည်ကား။ မဂ္ဂဂမနံ၊ ခရီးသွားခြင်းပင် တည်း။ ဟိ၊ ချဲ့အံ့။ ယဿ၊ အကြင်ရဟန်းအား။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ ပဗ္ဗဇ္ဇာပေက္ခော ဝါ၊ ရှင်ပြုပေးရမည့် ရှင်လောင်းသည်မူလည်း။ ဟောတိ၊ ရှိသည် ဖြစ်ငြားအံ့။ လဒ္ဓဗ္ဗံ၊ ရသင့်ရထိုက်သော။ ကိဉ္စိ ပစ္စယဇာတံ ဝါ၊ တစုံတခုသော ပစ္စည်းသည်မူလည်း။ ဟောတိ၊ ရှိသည်ဖြစ်ငြားအံ့။ သစေ၊ အကယ် ၍။ တံ အလဘန္တော၊ ထိုရှင်လောင်းတို့ ပစ္စည်းကို မရလျှင်။ အဓိဝါသေတုံ၊ သည်းခံခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ငြားအံ့။ အရညံ ပဝိသိတွာ၊ တော သို့ဝင်၍။ သမဏဓမ္မံ ကရောန္တဿပိ၊ ရဟန်းတရားကိုအားထုတ်နေသော်လည်း။ ဂမိကစိတ္တံ နာမ၊ ခရီးသွားလိုသော စိတ်မည်သည်။ ဝါ၊ ခရီးသွားလိုသောစိတ် မည်သည်ကို။ ဒုပ္ပဋိဝိနောဒနီယံ၊ ဖျောက်နိုင်ခဲ၏။ တသ္မာ၊ ထို့ကြောင့်။ ဂန္တွာ၊ သွား၍။ တံ ကိစ္စံ၊ ထိုအမှုကို။ တီရေတွာဝ၊ ပြီးဆုံးစေပြီးမှသာလျှင်။ သမဏ-ဓမ္မေ၊ ရဟန်းတရား၌။ ဥဿုက္ကံ ကာတဗ္ဗံ၊ ကြောင့်ကြစိုက်ခြင်း, အားထုတ်ခြင်း ကို ပြုသင့်ပေ၏။ ဣတိ၊ ဤသည်လျှင် ခရီးပလိဗောဓနှင့်စပ်သော စကားရပ် အပြီးသတ်သတည်း။

ဉာတီတိ၊ဉာတိမည်သည်ကား။ဝိဟာရေ၊ ကျောင်း၌။အာစရိယုပဇ္ဈာယသဒ္ဓိ-ဝိဟာရိကအန္တေဝါသိက သမာနုပဇ္ဈာယက သမာနာစရိယကာ၊ ဆရာ,ဥပဇ္ဈာယ် ဆရာ, အတူနေတပည့်, အနီးနေတပည့်, ဥပဇ္ဈာယ်တူသိတင်းသုံးဖော်, ဆရာ တူသီကင်းသုံးဖော်တို့သည်။ ဉာတိ၊ ဆွေမျိုးမည်၏။ (ဝုစ်မတူပဲ ပြန်စပ်)။ဃရေ၊ အိမ်၌။ မာတာ၊ အမိ။ ပိတာ၊ အဖ။ ဘာတာ၊ ညီအကို။ ဣတိ ဧဝမာဒိကာ၊ ဤသို့ အစရှိသော သူတို့သည်။ ဉာတိ၊ ဆွေမျိုးမည်၏။ (ပြန်စပ်) တေ၊ ထိုဆရာ ဥပဇ္ဈာယ်စသည်တို့သည်။ ဂိလာနာ၊ မကျန်းမမာ ကုန်သည်ရှိသော်။ ဣမဿ၊ ဤယောဂီ ရဟန်း၏။ ပလိဗောဓာ ဟောန္တိ၊ ပလိဗောဓဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုဥပဇ္ဈာယ် ဆရာစသော ပုဂ္ဂိုလ်တို့ကို။ ဥပဋ္ဌဟိတွာ၊ လုပ်ကျွေးပြုစု၍။ ပါကတိကကရဏေန၊ ပကတိအတိုင်း ကျန်းမာအောင် ပြုစု ခြင်းဖြင့်။ သော ပလိဗောဓော၊ ထိုပလိဗောဓကို။ဥပစ္ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်ပေ၏။

တတ္ထ၊ ထိုဆရာ စသည်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ် ဆရာသည်။ ဂိလာနော၊ မကျန်းမမာဖြစ်၍။ လဟုံ၊ လျင်မြန်စွာ။ သစေ န ဝုဋ္ဌာတိ၊ အကယ်၍ ရောဂါမှ မထငြားအံ့။ ဝါ၊သစေ လဟုံ န ဝုဋ္ဌာတိ၊ ရောဂါမှ

လျှင်စွာ မထငြားအံ့။ ယာဝဇီဝမ္ပိ၊ တသက်ပတ်လုံးသော်လည်း။ ပဋိဇဂ္ဂိတဗ္ဗော၊ လုပ်ကျွေးပြုစုအပ်၏။ ပဗ္ဗဇ္ဇာစရိယော စ၊ ရှင်ပြုပေးသော သရဏဂုံဆရာကို လည်းကောင်း။ ဥပသမ္ပဒါစရိယော စ၊ ရဟန်းပြုပေးသော ကမ္မဝါဆရာကို လည်းကောင်း။ သဒ္ဓိဝိဟာရိကော စ၊ အတူနေတပည့်ကို လည်းကောင်း။ ဥပသမ္ပာဒိတပဗ္ဗာဇိတအန္တေဝါသိက သမာနုပဇ္ဈာယကာ စ၊ မိမိက ကမ္မဝါဖတ်၍ ရဟန်းပြုပေးထားသော အနိးနေတပည့်, ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်တို့ ကိုလည်း။ တထာ၊ ထို့အတူပင်။ ပဋိဇဂ္ဂိတဗ္ဗာ၊ လုပ်ကျွေး ပြုစုအပ်ကုန်၏။ ပန၊ အထူးကား။နိဿယာစရိယဥဒ္ဒေသာစရိယနိဿယန္တေဝါသိကဥဒ္ဒေသန္တေဝါသိက-သမာနာစရိယကာ၊ နိဿရည်းဆရာ, ကျမ်းဂန် သင်ကြားပေးသောဆရာ, နိဿရည်းယူတပည့်, ကျမ်းဂန်သင်ယူသည့်တပည့်, ဆရာတူသီတင်းသုံးဖော်တို့ကို မူကား။ ယာဝ၊ အကြင်မျှလောက်။ နိဿယဥဒ္ဒေသာ၊ နိဿရည်းယူခြင်း, ကျမ်းဂန်သင်ကြားခြင်းတို့သည်။ အနုပစ္ဆိန္နာ၊ မပြတ်ကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ ပဋိဇဂ္ဂိတဗ္ဗာ၊ လုပ်ကျွေးပြုစုအပ်ကုန်၏။ တနည်း။ နိဿယာစရိယ ဥဒ္ဒေသာစရိယ နိဿယန္တေဝါသိကဥဒ္ဒေသန္တေဝါသိက သမာနာ-စရိယကာ၊ နိဿရည်းဆရာ, ကျမ်းဂန် သင်ကြားပေးသောဆရာ, နိဿရည်းယူတပည့်, ကျမ်းဂန်သင်ယူသည့်တပည့် ဆရာတူ သီတင်းသုံးဖော်တို့ကိုမူကား။ နိဿယဥဒ္ဒေသာ၊ နိဿရည်းယူခြင်း, ကျမ်းဂန်သင်ကြားခြင်းတို့သည်။ ယာဝ အနုပစ္ဆိန္နာ၊ မပြတ်သေးသမျှကာလပတ်လုံး။ တာဝ၊ ထိုမျှလောက်။ ပဋိဇဂ္ဂိ-တဗ္ဗာ၊ လုပ်ကျွေးပြုစုအပ်ကုန်၏။ ပဟောန္တေန၊ စွမ်းနိုင်သောရဟန်းသည်။ ဝါ၊ စွမ်းနိုင်ပါမူ။ တတော ဥဒ္ဓမ္ပိ၊ ထို့ထက်အလွန်လည်း။ ပဋိဇဂ္ဂိတဗ္ဗာ ဝေ၊ လုပ်ကျွေးပြုစုအပ်သည်သာတည်း။

ဥပဇ္ဈာယေ၊ ဥပဇ္ဈာယ်ဆရာ၌။ပဋိဇဂ္ဂိတဗ္ဗံ ဝိယ၊ လုပ်ကျွေးပြုစုအပ်သကဲ့သို့။ မာတာပိတူသု၊ အမိအဖတို့၌။ ပဋိပဇ္ဇိတဗ္ဗံ၊ ပြုစုလုပ်ကျွေးခြင်းကို ကျင့်အပ်၏။ ဟိ၊ မှန်၏။ စေ၊ ထိုအမိအဖတို့သည်။ ရဇ္ဇေ၊ မင်းအဖြစ်၌။ ဌိတာ၊ တည်ကုန်သည်။ သစေပိ ဟောန္တိ၊ အကယ်၍လည်း ဖြစ်ကုန်စေကာမူ။ ဝါ၊ သစေပိ ဌိတာ ဟောန္တိ၊ အကယ်၍တည်စေကာမူ။ ပုတ္တတော၊ သားရဟန်းထံမှ။ ဥပဋ္ဌာနံ၊ လုပ်ကျွေးပြုစုမှုကို။ သစေ ပစ္စာသီသန္တိ၊ အကယ်၍ တောင့်တကုန်ငြားအံ့။ ကာတဗ္ဗမေဝ၊ လုပ်ကျွေးပြုစုရမည်သာတည်း။ စေ၊ ထိုအမိအဖတို့အား။ ဘေသဇ္ဇံ၊ ဆေးသည်။ အသ နတ္ထိ၊ အကယ်၍ မရှိငြားအံ့။ အတ္တနော သန္တကံ၊ မိမိပစ္စည်းကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဝါ၊ ပေးရမည်။ အသတိ၊မိမိ၌လည်း ဆေး မရှိလတ်သော်။ ဘိက္ခာစရိယာယ၊ ဆေးအလှူခံသော အကျင့်ဖြင့်။ ပရိယေ-သိတွာပိ၊ ရှာဖွေ၍သော်လည်း။ ဒါတဗ္ဗမေဝ၊ ပေးရမည်သာတည်း။ ဘာတု-ဘဂိနီနံ၊ ညီအစ်ကို အစ်မ နှမတို့အားမူကား။ တေသံ သန္တကမေဝ၊ ထိုလူတို့၏

ဥစ္စာကိုသာလျှင်။ ယောဇေတွာ ဒါတဗ္ဗံ၊ ဆေးဖော်စပ်၍ ပေးအပ်၏။ ပေးရမည်။ (တေသံ၊ ထိုသူတို့အား)။ သစေ နတ္ထိ၊ အကယ်၍ ဆေးမရှိငြားအံ့။ အတ္တနော သန္တကံ၊ မိမိ၏ ဆေးပစ္စည်းကို။ တာဝကာလိကံ ဒတွာ၊ အခိုက်အတန့်မျှ ချေးသည့်သဘောအားဖြင့် ပေး၍။ ပစ္ဆာ၊ နောက်အခါ၌။ လဘန္တေ-နု၊ အစားပြန်ရသော ရဟန်းသည်။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ အလဘန္တေန၊ မရသော ရဟန်းသည်။ ဝါ၊ မရလျှင်။ တေ၊ ထိုသူတို့ကို။ န စောဒေတဗ္ဗာ၊ မတောင်းအပ်ကုန်။ ဝါ၊ မတောင်းနှင့်တော့။ အညာတကာဿ၊ ဆွေမျိုးမတော်သော။ ဘဂိနိသာမိကဿ၊ အစ်မ နှမ၏လင်အား။ ဝါ၊ အညာတကဿ ဘဂိနိသာ-မိကဿ၊ ဆွေမျိုးမတော်သောယောက်ဖအား။ ဘေသဇ္ဇံ ကာတုံ၊ ဆေးကုခြင်းငှာ။ နေဝ ဝဋ္ဋတိ၊ မအပ်ပေ။ ဘေသဇ္ဇံ ဒါတုံ၊ ဆေးပေးခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်ပေ။ "တုယှံ သာမိကဿ ဒေဟီတိ၊ သင်၏ခင်ပွန်းသည်အား ပေးပေလော့ဟု"။ ဝတွာ၊ ဆို၍။ ဘဂိနိယာ ပန၊ မိမိနှမအားမူ။ ဒါတဗ္ဗံ၊ ပေးအပ်၏။ (ပေးရမည်)။ ဘာတုဇာယာယပိ၊ အစ်ကို၏ဇနီးဖြစ်သော မရီး သို့မဟုတ် ညီ၏ဇနီးဖြစ်သော ခယ်မ၌လည်း။ ဧသေဝ နယော၊ ဤနည်းပင်တည်း။ ပန၊ အထူးကား။ တေသံ ပုတ္တာ၊ ထိုယောက်ဖ, မရီး, ခယ်မတို့၏ သားသမီးတို့သည်ကား။ ဉာတကာ ဧဝ၊ ဆွေမျိုးတို့သာလျှင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုသားသမီးတို့အား။ ကာတုံ ဝဋ္ဋတိ၊ ဆေးဝါးကုသခြင်းငှာ အပ်ပေသတည်း။ ဣတိ၊ ဤသည်လျှင် ဆွေမျိုးပလိဗောဓနှင့် စပ်သောစကားရပ် အပြီးသတ်သတည်း။

အာဗာဓောတိ၊ အာဗာဓောဟူသည်ကား။ ယောကောစိ ရောဂေါ၊ တစုံတခုသော ရောဂါတည်း။ သော၊ ထိုအနာရောဂါသည်။ ဗာဓယမာနော၊ နာကျင်ခံခက် နှိပ်စက်လှသော။ (ဘိက္ခုဿ၊ ရဟန်းအား)။ ပလိဗောဓော ဟောတိ၊ ပလိဗောဓ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဘေသဇ္ဇကရဏေန၊ ထိုပလိဗောဓကို ဆေးကုခြင်းဖြင့်။ ဥပစ္ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်၏။ ပန၊ ဆက်ဦးအံ့။ ကတိပါဟံ၊ နှစ်ရက်သုံးရက်။ ဝါ၊ ရက်အနည်းငယ်မျှဖြင့်။ ဘေသဇ္ဇံ ကရောန္တဿပိ၊ ဆေးကုသော ရဟန်းအားသည်း။ ဝါ၊ ဆေးကုသော်သည်း။ သစေ န ဝူပသမ္မတိ၊ အကယ်၍ မပျောက်ငြိမ်းငြားအံ့။ "အဟံ၊ ငါသည်။ တုယှံ၊ ခန္ဓာကိုယ်တည်းဟူသော သင်၏။ န ဒါသော၊ ကျွန်မဟုတ်။ န ဘဋကော၊ အခစားလည်းမဟုတ်။ (၉၂) ဟိ၊ မှန်၏။ တံ ပေါသေန္တောယေဝ၊ သင့်ကိုသာလျှင်။ ပေါသေန္တော၊ လုပ်ကျွေးလျက်။ အနမတဂ္ဂေ သံသာရဝဋ္ဋေ၊ အစမထင်သော သံသရာဝဋ်၌။ ဒုက္ခံ ပတ္တောတိ၊ ဆင်းရဲခြင်းသို့ ရောက်ခဲ့လေပြီ"ဟု။ အတ္တဘာဝံ ဂရဟိတွာ၊ ခန္ဓာကိုယ်ကို ကဲ့ရဲ့

၍။ သမဏဓမ္မော၊ ရဟန်းတရားကိုသာလျှင်။ ကာတဗ္ဗော၊ အားထုတ်သင့်ပေ၏။ ဣတိ၊ ဤသည်လျှင် အနာဂရောဂါ ပလိဗောဓနှင့် စပ်သော စကားရပ် အပြီး သတ်သတည်း။

ဂန္ထောတိ၊ ဂန္ထောဟူသည်ကား။ ပရိယတ္တိဟရဏံ၊ ပရိယတ်ကို ဆောင်ရွက်ခြင်းတည်း။ တံ၊ ထိုကျမ်းဂန်ကို။ သဇ္ဈာယာဒီဟိ၊ ရွတ်အံသရဇ္ဈာယ်ခြင်း စသည်တို့ဖြင့်။ နိစ္စဗျာဝဋဿ၊ အမြဲကြောင့်ကြစိုက်နေရသော ရဟန်းအား။ ပလိဗောဓော ဟောတိ၊ ပလိဗောဓဖြစ်၏။ ဣတရဿ၊ အမြဲကြောင့်ကြစိုက်မနေရသော ရဟန်းအား။ န ပလိဗောဓော ဟောတိ၊ ပလိဗောဓမဖြစ်ပေ။ တတြ၊ ထိုပလိဗောဓ မဖြစ်ရာ၌။ ဣမာနိ၊ ဤဆိုလတ္တံ့ သည်တို့ကား။ ဝတ္ထူနိ၊ ဝတ္ထုတို့ပေတည်း။

မဇ္ဈိမဘာဏကဒေဝတ္ထေရော၊ မဇ္ဈိမနိကာယ်ဆောင် ဒေဝ မထေရ်သည်။ မလယဝါသိဒေဝတ္ထေရဿ သန္တိကံ၊ မလယအရပ်၌နေသော ဒေဝမထေရ်၏ အထံသို့။ ဂန္တွာ၊ သွား၍။ ကမ္မဋ္ဌာနံ ယာစိ ကိရ၊ ကမ္မဋ္ဌာန်းတောင်းသတတ်။ ထေရော၊ မလယဝါသီ မထေရ်သည်။ "အာဝုသော၊ ငါ့ရှင်။ ပရိယတ္တိယံ၊ ပရိယတ်၌(တွံ၊ သင်သည်)။ ကီဒိသော အသိ၊ အဘယ်သို့ လေ့လာခြင်းသဘော ရှိသနည်း"။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးမြန်းလေ၏။ "ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်သည်။ မဇ္ဈိမော၊ မဇ္ဈိမနိကာယ်ကို။ ပဂုဏော၊ နှုတ်တက်ဆောင် အပ်ပါ၏။ ဝါ၊ လေ့လာအပ်ပါ၏"။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။ "အာဝုသော၊ ငါ့ရှင်။ ခေါ မဇ္ဈိမော နာမ၊ ဤမဇ္ဈိမနိကာယ်မည်သည်။ ဒုပ္ပရိဟာရော၊ ဆောင်ရန်ခက်ခဲ၏။ ဝါ၊ ဆောင်နိုင်ခဲ၏။ မူလပဏ္ဏာသံ၊ မူလပဏ္ဏာသကို။ သဇ္ဈာယန္တဿ၊ ရွတ်အံသရဇ္ဈာယ်သော သူအား။ မဇ္ဈိမပဏ္ဏာသကော၊ မဇ္ဈိမပဏ္ဏာသသည်။ အာဂစ္ဆတိ၊ နှုတ်သို့ရောက်လာတတ်၏။ တံ၊ ထို မဇ္ဈိမပဏ္ဏာသကကို။ သဇ္ဈာယန္တဿ၊ ရွတ်အံသရဇ္ဈာယ်သော သူအား။ ဥပရိပဏ္ဏာသကော၊ ဥပရိပဏ္ဏာသသည်။ အာဂစ္ဆတိ၊ နှုတ်သို့ရောက်လာတတ်၏။ တုယှံ၊ သင့်အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ကုတော ဘဝိဿတိ၊ အဘယ်မှာလျှင် ဖြစ်နိုင်လိမ့်မည်နည်း။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်လေ၏။ "ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ သန္တိကေ၊ အရှင်ဘုရားတို့၏အထံ၌။ ကမ္မဋ္ဌာနံ လဘိတွာ၊ ကမ္မဋ္ဌာန်းကိုရပြီးသည်ရှိသော်။ ပုန၊ တဖန်။ န ဩလောကေဿာမိ၊ ပရိယတ်ကို မကြည့်ပါတော့အံ့" ဟု။ (ဝတွာ၊ လျှောက်ထား၍)။ ကမ္မဋ္ဌာနံ ဂဟေတွာ၊ ကမ္မဋ္ဌာန်းကို ယူပြီးလျှင်။ ဧကူနဝီသတိ ဝဿာနိ၊ တဆယ့်ကိုးနှစ်တို့ပတ်လုံး။ သဇ္ဈာယံ အကတွာ၊ ရွတ်အံသရဇ္ဈာယ်ခြင်းကို မပြုတော့ပဲ။ ဝီသတိမေ ဝဿေ၊ အနှစ်နှစ်ဆယ်မြောက်၌။ အရဟတ္တံ ပတွာ၊ အရဟတ္တဖိုလ်သို့ ရောက်၍။ သဇ္ဈာယတ္ထာယ၊ သရဇ္ဈာယ်ခြင်းငှာ။ အာဂတာနံ ဘိက္ခူနံ၊ လာကြကုန်သော ရဟန်းတို့အား။ "အာဝုသော၊ ငါ့ရှင်တို့။ ပရိယတ္တိံ၊ ပရိယတ်ကို။ အနောလော-

ကေန္တဿ၊ မကြည့်ရှု မဆင်ခြင်သော။ မေ၊ ငါ့အား။ ဝိသတိ ဝဿာနိ၊ အနှစ်နှစ်ဆယ်တို့သည်။(ပရိပုဏ္ဏာနိ၊ ပြည့်ကုန်ပြီ)။ အပိ စ ခေါ၊ ထိုသို့ပင် ပြည့်သော်လည်း။ အဟံ၊ ငါသည်။ ဧတ္တေ၊ ဤမဏ္ဍိမနိကာယ်၌။ ကတပရိစယော၊ လေ့လာကျေပွန်ပြီး ဖြစ်၏။ အာရဘထာတိ၊ အားထုတ်ကြပါကုန်" ဟု။ ဝတွာ၊ ဆိုပြီးလျှင်။ အာဒိတော ပဋ္ဌာယ၊ အစမှစ၍။ ယာဝ ပရိယောသာနာ၊ အဆုံးတိုင်အောင်။ ကေဗျဥ္ဆနေပိ၊ အက္ခရာတလုံးမျှ၌ သော်လည်း။ အဿ၊ ထိုမဏ္ဍိမနိကာယ်ဆောင် ဒေဝဋထေရ်အား။ ကင်္ခါ၊ ယုံမှားမှုသည်။ န အဟောသိ၊ မဖြစ်ပေ။

ကချင်္ဂိယဂိရိဝါသိနာဂတ္ထေရောပိ၊ ကရင်္ဂိယတောင်၌ သီတင်းသုံးနေသောနာဂမထေရ်သည်လည်း။ အဋ္ဌာရသဝဿာနိ၊ တဆယ့်ရှစ်နှစ်တို့ပတ်လုံး။ ပရိယတ္တိံ ဆဍ္ဍေတွာ၊ ပရိယတ်ကို စွန့်လွှတ်ပြီးနောက်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဓာတုကထံ ဥဒ္ဒိသိ၊ ဓာတုကထာကို ပို့ချလေ၏။ ဂါမဝါသိကတ္ထေရေဟိ သဒ္ဓိံ၊ အနုရာဓမြို့နေ မထေရ်တို့နှင့်အတူ။သန္ဒေန္တာနံ၊ နှိုးနှောတိုက်ဆိုင်ကြည့်ကြကုန်သော။ တေသံ၊ နာဂမထေရ်ထံမှ သင်ယူကြကုန်သော ထိုရဟန်းတို့အား။ ဧကပဥှောပိ၊ တခုသော ပဥှာသော်လည်း။ ဥပ္ပဋိပါဋိယာ၊ အစဥ်ချွတ်လျက်။ အာဂတော၊ နှုတ်တက်သည်။ နာဟောသိ၊ မရှိပေ။

မဟာဝိဟာရေပိ၊ မဟာဝိဟာရကျောင်းတိုက်၌လည်း။ တိပိဋကစူဠာဘယ-တ္ထေရော နာမ၊ တိပိဋကစူဠာဘယမည်သော မထေရ်သည်။ အဋ္ဌကထံ အနုဂ္ဂ-ဟေတွာဝ၊ အဋ္ဌကထာကို မသင်ယူပဲလျှင်။ ပဉ္စနိကာယမဏ္ဍလေ၊ နိကာယ်ငါးရပ်ကို သင်ယူပြီးသော ပရိသတ်၌။ တီဏိ ပိဋကာနိ၊ ပိဋကတ်သုံးပုံတို့ကို။ ပရိ-ဝတ္တေဿာမီတိ၊ ဖွင့်ပေအံ့ဟု။ သုဝဏ္ဏဘေရိံ၊ မြတ်သော တရားစည်တော်ကို။ ပဟာရာပေသိ၊ တီးခတ်စေ၏။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ ဝါ၊ ရဟန်းသံဃာက။ "ကတမာစရိယာနံ၊ အဘယ်ဆရာတို့၏။ ဥဂ္ဂဟော၊ သင်ကြားပို့ချစဉ်နည်း။အတ္တနော အာစရိယုဂ္ဂဟဉ္စေဝ၊ မိမိဆရာ၏သင်ကြားပို့ချစဉ်ကိုသာလျှင်။ ဝဒတု၊ ဆိုစေလော။ ဣတရထာ၊ တပါးသော သင်ကြားပို့ချစဉ်ဖြင့်။ ဝတ္တုံ၊ဆိုခြင်းငှာ။ န ဒေမာတိ၊ ခွင့်မပေးကုန်အံ့"ဟု။ အာဟ၊ ပြောဆိုလေ၏။ ဥပဇ္ဈာယောပိ၊ အဘယမထေရ်၏ ဥပဇ္ဈာယ်ဆရာသည်လည်း။ အတ္တနော ဥပဋ္ဌာနံ၊ မိမိထံ ဆည်းကပ်ခတ်ပြုရန်။ အာဂတံ၊ လာသော။ နံ၊ ထိုပိဋကတ် စူဠာဘယ-မထေရ်ကို။ "အာဝုသော၊ ငါ့ရှင်။ တံ၊ သင်သည်။ ဘေရိံ၊ စည်ကို။ ပဟာရာပေသီတိ၊ တီးခတ်စေသလော"ဟု။ပုစ္ဆိ၊ မေးလေ၏။ "ဘန္တေ၊အရှင်ဘုရား။ အာမ ပဟာရာ-ပေမိတိ၊ တီးခတ်စေပါ၏ဟု။ အာဟ၊လျှောက်၏။ ကိံ ကာရဏာတိ၊အဘယ် အကြောင်းကြောင့်နည်းဟု။ ပုစ္ဆိ၊ မေးပြန်၏။ ဘန္တေ၊ အရှင်ဘုရား။ ပရိယတ္တိံ၊ ပရိယတ်ကို။ ပရိဝတ္တေဿာမီတိ၊ ဖွင့်ဆိုမည်ဟု။ ပဟာရာပေမိ၊ တီးခတ်စေပါ၏။

အာဝုသော အဘယ၊ ငါ့ရှင်အဘယ။ အာစရိယာ၊ ဆရာတို့သည်။ ဣဒံ ပဒံ၊ ဤပုဒ်ကို။ ကသံ ဝဒန္တိတိ၊အဘယ်သို့ဖွင့်ဆိုကြကုန်သနည်းဟု။ပုစ္ဆိ၊ မေးပြန်၏။ ဘန္တေ၊အရှင်ဘုရား။ ဧဝံ ဝဒန္တီတိ၊ ဤသို့ ဖွင့်ဆိုကြပါကုန်သည်ဟု။ အာဟ၊ လျှောက်၏။ ထေရော၊ ဥပဇ္ဈာယ်ဆရာသည်။ ဟုန္တိ၊ ဟုန်ဟု။ ပဋိဗာဟိ၊ တားမြစ်လိုက်လေ၏။ ပုန၊ တဖန်။ သော၊ ထိုအဘယ မထေရ်သည်။ အညေန အညေန ပရိယာယေန၊ အခြားအခြားသော ပရိယာယ်အားဖြင့်။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ ဝဒန္တိတ်၊ ဤသို့ဖွင့်ဆိုကြပါသည်ဟု။ တိက္ခတ္တုံ၊ သုံးကြိမ်တိုင်တိုင်။ အာဟ၊ လျှောက်ထားပြန်လေ၏။ ထေရော၊ ဥပဇ္ဈာယ်မထေရ်သည်။ သဗ္ဗံ၊ အလုံးစုံကို။ ဟုန္တိ၊ ဟုန်ဟုပြောဆိုကာ။ ပဋိဗာဟိတွာ၊ တားမြစ်ပြီးလျှင်။ "အာဝုသော၊ ငါ့ရှင်။ (၉၃)တယာ၊ သင်သည်။ ပဌမံ ကထိတော ဧဝ၊ ပထမဆိုသော အဖွင့်သည်သာလျှင်။ အာစရိယမဂ္ဂေါ၊ ဆရာတို့၏ ပို့ချစဉ်ပင်တည်း။ ပန၊ သို့သော်လည်း။(တယာ၊ သင်သည်)။ အာစရိယမုခတော၊ ဆရာတို့၏ နှုတ်မှ။ အနုဂ္ဂဟိ-တတ္တာ၊ သင်ယူထားသည် မဟုတ်သောကြောင့်။ ဧဝံ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိတိ၊ ဖွင့်ဆိုကြပါကုန်၏ဟု။ သဏ္ဌာတုံ၊ ကြံ့ကြံ့တည်ခြင်းငှာ။ နာသက္ခိ၊ မစွမ်းနိုင်ပဲ ရှိချေ၏။ ဂစ္ဆ၊ သွားပါချေ။ အတ္တနော အာစရိ-ယာနံ သန္တိကေ၊ မိမိဆရာတို့၏ အထံ၌။ သုဏာဟီတိ၊ နာယူစေဦးဟု။ အာဟ၊ ပြောကြားလေ၏။ ဘန္တေ၊ အရှင်ဘုရား(အဟံ၊ တပည့်တော်သည်)။ ကုဟိံ ဂစ္ဆာမီတိ၊ အဘယ်အရပ်သို့ သွားရပါမည်နည်းဟု။ ပုစ္ဆိ၊ မေးလျှောက်၏။ (အာဝုသော၊ ငါ့ရှင်)ဂင်္ဂါယ ပရတော၊ဂင်္ဂါမြစ်တဘက်တွင်။ရောဟဏဇနပဒေ၊ ရောဟဏဇနပုဒ်ဝယ်။တုလာဓာရပဗ္ဗတဝိဟာရေ၊တုလာဓာရတောင်ကျောင်း၌။ သဗ္ဗပရိယတ္တိကော၊အလုံးစုံသော ပိဋကတ်သုံးပုံတည်းဟူသော ပရိယတ်ရှိသော။ ဝါ၊ အလုံးစုံသော ပိဋကတ်သုံးပုံ ပရိယတ်၌ ပိုင်နိုင်ကျွမ်းကျင်သော။ မဟာဓမ္မ-ရက္ခိတတ္ထေရော နာမ၊ မဟာဓမ္မရက္ခိတမည်သော မထေရ်သည်။ ဝသတိ၊သီတင်းသုံးလျက်ရှိလေ၏။တဿ သန္တိကံ၊ ထိုမထေရ်၏ အထံသို့။ဂစ္ဆာဟီတိ၊ သွားလေလော့ဟု။ အာဟ၊ညွှန်ကြားလေ၏။(ထေရော၊စူဠာဘယမထေရ်သည်)။ ဘန္တေ၊ အရှင်ဘုရား။ သာဓူတိ၊ ကောင်းပါပြီဟု (ဝတွာ၊ ဆို၍)။ ထေရံ၊ ဥပဇ္ဈာယ် မထေရ်ကို။ ဝန္ဒိတွာ၊ ရှိခိုးပြီးလျှင်။ ပဉ္စဟိ ဘိက္ခုသတေဟိ သဒ္ဓိံ၊ ရဟန်းငါးရာတို့နှင့်အတူ။ ထေရဿ သန္တိကံ၊ မဟာဓမ္မရက္ခိတ မထေရ်၏အထံသို့။ ဂန္တွာ၊ သွား၍။ ဝန္ဒိတွာ၊ ရှိခိုးလျက်။ နိသီဒိ၊ နေလေ၏။ ထေရော၊ မဟာဓမ္မရက္ခိတ မထေရ်သည်။ "တွံ၊ သင်သည်။ ကသ္မာ အာဂတောသီတိ၊ အဘယ်ကြောင့် လာသနည်း" ဟု။ ပုစ္ဆိ၊ မေးလေ၏။ ဘန္တေ၊ အရှင်ဘုရား။ ဓမ္မံ သောတုံ၊ အဋ္ဌကထာဓမ္မကို နာယူခြင်းငှာ။ အာဂတောတိ၊ လာပါသည်ဟု။ အာဟ၊ လျှောက်လေ၏။ အာဝုသော အဘယ၊ ငါ့ရှင်အဘယ။ ဒီဃမဇ္ဈိမေသု၊ ဒီဃ-နိကာယ်, မဇ္ဈိမနိကာယ်တို့၌။ မံ၊ ငါ့ကို။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ပုစ္ဆန္တိ၊

မေးကြကုန်၏။ အဝသေသံ ပန၊ ကြွင်းသောနိကာယ်ကိုမူကား။ မေ၊ ငါသည်။ တိံသမတ္တာနိ ဝဿာနိ၊ အနှစ်သုံးဆယ်တို့ပတ်လုံး။ န ဩလောကိတပုဗ္ဗံ၊ ပြန်၍ မကြည့်ရှုဘူးချေ။ အပိ စ၊ ထိုသို့မကြည့်ရှုဘူးသော်လည်း။ တွံ၊ သင်သည်။ ရတ္တိံ၊ ညဉ့်အခါ၌။ မမ သန္တိကေ၊ ငါ့အထံ၌။ ဝါ၊ ငါ၏အထံ၌။ ပရိဝတ္တေဟိ၊ ပါဠိတော်ကို ပြန်ပြပါ။ အဟံ၊ ငါသည်။ တေ၊ သင့်အား။ ဒိဝါ၊ နေ့အခါ၌။ ကထယိဿာမိတိ၊ အဋ္ဌကထာကို ပို့ချပေးပေမည်ဟု။ အာဟ၊ ပြောကြားလေ၏။ သော၊ ထိုအဘယ မထေရ်သည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓုတိ၊ ကောင်းပါပြီဟု(ဝတွာ၊ ဆို၍)။ တထာ အကာသိ၊ ထိုမထေရ် မိန့်ဆိုတိုင်း ပြုလုပ်လေ၏။ ပရိဝေဏဒွါရေ၊ ပရဝုဏ်တံခါး၌။ မဟာမဏ္ဍပံ ကာရေတွာ၊ မဏ္ဍပ်ကြီးကို ဆောက်လုပ်စေ၍။ ဂါမဝါသိနော၊ ရွာသူရွာသားတို့သည်။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ဓမ္မဿဝနတ္ထာယ၊ တရားနာခြင်းငှာ။ အာဂစ္ဆန္တိ၊ လာကြကုန်၏။ ထေရော၊ အဘယ မထေရ်သည်။ ရတ္တိံ၊ ညဉ့်အခါ၌။ ပရိဝတ္တိ၊ ပါဠိတော်ကို ပြန်၏။ တံ၊ ထိုညဉ့်၌ပြန်သော ပါဠိတော်ကို။ ဒိဝါ၊ နေ့အခါ၌။ ကထယန္တော၊ ဖွင့်ဆိုသည်ဖြစ်၍။ ဝါ၊ ဖွင့်ပြသော မဟာဓမ္မရက္ခိတ မထေရ်သည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ဝါ၊ အစဉ်အတိုင်း။ ဒေသနံ နိဋ္ဌပေတွာ၊ ဒေသနာတော်ကို ပြီးဆုံးစေလျက်။ ဝါ၊ ပြီးဆုံးစေပြီးလျှင်။ အဘယတ္ထေရဿ၊ တပည့်ဖြစ်သူ အဘယထေရ်၏။ သန္တိကေ၊ အထံ၌(ပိဋ္ဌေ၊ အင်းပျဉ်၌။ နိသိန္နော၊ နေသော ဆရာသည်။) တဋော၊ ထိုအင်းပျဉ်မှ။ ဩတရိတွာ၊ ဆင်း၍။ ဘူမိယံ တဋ္ဌိကာယံ နိသီဒိတွာ၊ ဖျာပေါ်၌ ထိုင်၍။ "အာဝုသော၊ ငါ့ရှင်အဘယ။ မယှံ၊ ငါ့အား။ ကမ္မဋ္ဌာနံ ကထေဟိတိ၊ ကမ္မဋ္ဌာန်းကို ဟောကြားပါ"ဟု။ အာဟ၊ တောင်းပန်လေ၏။ "ဘန္တေ၊ အရှင်ဘုရား။ ကိံ ဘဏထ၊ အဘယ်သို့ ဆိုပါကုန်သနည်း။ မယာ၊ တပည့်တော်သည်။ တုမှာကမေဝ သန္တိကေ၊ အရှင်ဘုရားတို့၏ အထံ၌သာလျှင်။ သုတံ နနု၊ နာယူရမည်မဟုတ်ပါလော။ အဟံ၊ တပည့်တော်သည်။ တုမှေဟိ အညာတံ၊ အရှင်ဘုရားတို့သည် မသိအပ်သေးသောတရားကို။ ကိံ ကထေဿာမိတိ၊ အဘယ်သို့ ဟောကြားနိုင်ပါမည်နည်း"ဟု။ အာဟ၊ အဘယ-မထေရ်က လျှောက်ထားလေ၏။ တတော၊ ထိုအခါ၌။ နံ၊ ထိုတပည့်အဘယ-မထေရ်ကို။ ထေရော၊ ဆရာ မဟာဓမ္မရက္ခိတမထေရ်သည်။ အာဝုသော၊ ငါ့ရှင်အဘယ။ ဂတကဿ၊ ပဋိပတ်ကိုယ်တွေ့အကျင့်ဟူသော သွားခြင်းဖြင့် သွားပြီး သိပြီးသောသူ၏။ ဧသ ဧသော မဂ္ဂေါ နာမ၊ ဤအကျင့် လမ်းစဉ်မည်သည်။ အညော၊ တပါးအခြား တပါးသာဖြစ်ပါသည်ဟု။ အာဟ၊ ဆိုလေ၏။ တဒါ၊ ထိုအခါ၌။ အဘယတ္ထေရော၊ အဘယ-မထေရ်သည်။ သောတာပန္နော၊ သောတာပန်သည်။ ဟောတိ ကိရ၊ ဖြစ်နေလေသတတ်။ အထ၊ ထိုအခါ၌။ သော၊ ထိုအဘယ မထေရ်သည်။ အဿ၊ ထိုမဟာဓမ္မရက္ခိတမထေရ်အား။ ကမ္မဋ္ဌာနံ ဒတွာ၊ ကမ္မဋ္ဌာန်းပေးပြီးလျှင်။ အာဂန္တွာ၊ ပြန်လာ၍။

လောဟပါသာဒေ၊ ကြေးပြာသာဒ်၌။ မမ္ဗံ၊ ပိဋကတ်သုံးပုံပါဠိတော်ကို။ ပရိဝတ္တေန္တော၊ ဖွင့်ဆို ပို့ချလျက်ရှိစဉ်။ "ထေရော၊ မဟာဓမ္မရက္ခိတမထေရ်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုလေပြီ"ဟု။ အသောသိ၊ ကြားသိလေ၏။ သုတွာ၊ကြားသိပြီး၍။ "အာဝုသော၊ ငါ့ရှင်တို့။ စီဝရံ အာဟရထာတိ၊ သင်္ကန်းကို ယူခဲ့ကြပါ"ဟု။ (ဝတွာ၊ ပြောဆိုပြီးလျှင်)။စီဝရံ ပါရုပိတွာ၊သင်္ကန်းကို ရုံ၍။ "အာဝုသော၊ ငါ့ရှင်တို့။ အမှာကံ အာစရိယဿ၊ ငါတို့၏ဆရာအား။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ အနုစ္ဆဝိကော၊ လျောက်ပတ်လှပါပေ၏။ အာဝုသော၊ ငါ့ရှင်တို့။ နော အာစရိယော၊ ငါတို့၏ ဆရာသည်။ ဥဇု၊ ဖြောင့်လည်းဖြောင့်မတ်၏။ အာဇာနီယော၊အာဇာနည်မထေရ်လည်းဖြစ်ပေ၏။သော၊ ထို ငါတို့ဆရာသည်။ အတ္တနော ဓမ္မန္တေဝါသိကဿ သန္တိကေ၊ မိမိတပည့် စာသင်သား၏ အထံ၌။ တင်္ခကာယ နိသီဒိတွာ၊ ဖျာပေါ်မှာထိုင်၍။ 'မယှံ၊ ငါ့အား။ ကမ္မဋ္ဌာနံ ကထေဟီတိ၊ ကမ္မဋ္ဌာန်းကို ဟောကြားပါလော့'ဟု။ အာဟ၊ တောင်းပန်လေ၏။ အာဝုသော၊ ငါ့ရှင်တို့။ ထေရဿ၊ငါတို့ဆရာ မထေရ်အား။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ အနုစ္ဆဝိကောတိ၊ လျောက်ပတ်လှပါပေ၏'ဟု။ အာဟ၊ ပြောဆိုလေ၏။ ဝေရူပါနံ၊ ဤ ဒေဝ, နာဂ, မဟာဓမ္မရက္ခိတမထေရ်ကဲ့သို့ သဘောရှိသော ရဟန်းတော်တို့အား။ ဂန္ထော၊ ကျမ်းဂန်သည်။ ပလိဗောဓော န ဟောတိ၊ ပလိဗောဓ မဖြစ်ပေ။ ဣတိ၊ ဤသည်လျှင် ကျမ်းဂန်ပလိဗောဓနှင့် စပ်သောစကားရပ် အပြီးသတ်သတည်း။

ဣဒ္ဓိတိ၊ ဣဒ္ဓိဟူသည်ကား။ ပေါထုဇ္ဇနိကာ ဣဒ္ဓိ၊ ပုထုဇဉ်တို့၌ ဖြစ်သော တန်ခိုးတည်း။ ဟိ၊ မှန်၏။ သာ၊ ထိုပုထုဇဉ်တန်ခိုးသည်။ ဥတ္တာနသေယျကဒါရကော ဝိယ စ၊ ပက်လက်အိပ်တတ်ကာမျှ သူငယ်ကဲ့သို့လည်းကောင်း။တရုဏသဿံ ဝိယ စ၊ ကောက်နုကဲ့သို့လည်းကောင်း။ ဒုပ္ပရိဟာရော ဟောတိ၊ ဆောင်ထားရန် ခက်ပေ၏။ အပ္ပမတ္တကေနေဝ၊အနည်းငယ်မျှ အနှောင့်အယှက် ဖြင့်ပင်။ ဘိဇ္ဇတိ၊ ပျက်စီးကတတ်၏။ သာ၊ ထိုတန်ခိုးသည်ကား။ ဝိပဿနာယ ပန၊ ဝိပဿနာ၏သာ။ ပလိဗောဓော ဟောတိ၊ ပလိဗောဓဖြစ်၏။ သမာဓိဿ၊ သမာဓိ၏။ ပလိဗောဓော၊ ပလိဗောဓသည်။ န ဟောတိ၊ မဖြစ်ပေ။ (ကသ္မာ၊ အဘယ့်ကြောင့်နည်း။)သမာဓိံ ပတွာ၊သမာဓိသို့ရောက်ပြီး၍။ပတ္တဗ္ဗတော၊ တန်ခိုးသို့ ရောက်နိုင်ခြင်းကြောင့်။သမာဓိဿ၊ သမာဓိ၏။ပလိဗောဓော၊ ပလိဗောဓသည်။န ဟောတိ၊မဖြစ်နိုင်ပေ။(နောက်ပြန်စပ်)။တသ္မာ၊ထိုကြောင့်။ဝိပဿနတ္ထိကေန၊ ဝိပဿနာကို အလိုရှိသောသူသည်။ ဣဒ္ဓိပလိဗောဓောပိ၊တန်ခိုးဟူသော ပလိဗောဓကိုလည်း။ ဥပစ္ဆိန္ဒိတဗ္ဗော၊ ဖြတ်အပ်၏။ ဣတရေန၊ သမာဓိကိုအလိုရှိသောသူသည်။ အဝသေသာ၊ ကြွင်းသော ပလိဗောဓကိုးပါးတို့ကိုသာလျှင် (ဧဝ–ကျေ)။ ဥပစ္ဆိန္ဒိတဗ္ဗာ၊ ဖြတ်အပ်ကုန်၏။ ဣတိ၊ ဤသည်လျှင် တန်ခိုး

ပလိဗောဓနှင့် စပ်သောစကားရပ် အပြီးသတ်သတည်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီး သည်ကား။ တာဝ၊ ရှေးဦးစွာ။ ပလိဗောဓကထာယ၊ ပလိဗောဓနှင့် စပ်သော စကား၏။ ဝိတ္ထာရော၊ အကျယ်တည်း။

## ကမ္မဋ္ဌာနဒါယကဝဏ္ဏနာ

### ကမ္မဋ္ဌာန်းပေးသူကို ဖွင့်ဆိုချက်

(၈၄) ၄၂။ ပန၊ အဖွိုတပါးကား။ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပ- သင်္ကမိတွာတိ ဧတ္ထ၊ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ ဟူသော ဤစကားရပ်၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ သဗ္ဗတ္ထကကမ္မဋ္ဌာနံ စ၊ အရာခပ် သိမ်း၌ အလိုရှိအပ်သော သဗ္ဗတ္ထက ကမ္မဋ္ဌာန်းလည်းကောင်း။ ပါရိဟာရိယကမ္မ- ဋ္ဌာနဉ္စ၊ အမြဲဆောင်ထားအပ်သော ပါရိဟာရိယ ကမ္မဋ္ဌာန်းလည်းကောင်း။ (ဣတိ၊ ဤသို့)။ ဒုဝိဓံ၊ နှစ်ပါး နှစ်မျိုးရှိ၏။ တတ္ထ၊ထိုကမ္မဋ္ဌာန်း နှစ်မျိုးတို့တွင်။ ဘိက္ခုသံဃာဒီသု၊ ရဟန်းသံဃာစသည်တို့၌။ မေတ္တာ စ၊မေတ္တာကမ္မဋ္ဌာန်းသည် လည်းကောင်း။ မရဏဿတိ စ၊ မရဏဿတိကမ္မဋ္ဌာန်းသည်လည်းကောင်း။ သဗ္ဗတ္ထကကမ္မဋ္ဌာနံ နာမ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။ အသုဘသညာ၊ အသု- ဘသညာသည်။ သဗ္ဗတ္ထကကမ္မဋ္ဌာနံ နာမ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။ ဣတိပိ၊ ဤသို့လည်း။ ဧကေ၊ အချို့သောဆရာတို့သည်။ (ဝဒန္တိ၊ ဆိုကုန်၏။)

ဟိ၊ ချဲ့အံ့။ ကမ္မဋ္ဌာနိကေန ဘိက္ခုနာ၊ ကမ္မဋ္ဌာန်းတရား အားထုတ်သော ရဟန်းသည်။ ပဌမံ၊ ရှေးဦးစွာ။ တာဝ၊ အစဉ်သင့်။ ပရိစ္ဆိန္ဒိတွာ၊ ဤကျောင်း ၌ရှိသည့် အလုံးစုံသောရဟန်းများဟု ပိုင်းခြားသတ်မှတ်၍။ သီမဋ္ဌကဘိက္ခု- သံဃေ၊ ဥပစာရသိမ်ခေါ် ကျောင်းတိုက်ရှိ ရဟန်းသံဃာ၌။ ဣမသ္မိံ ဝိဟာ- ရေ၊ ဤကျောင်းတိုက်၌။ (သဗ္ဗေ ဘိက္ခူ၊ ရဟန်းအားလုံးတို့သည်။) သုခိ- တာ ဟောန္တု၊ ချမ်းသာကြပါစေကုန်။ အဗျာပဇ္ဇာ ဟောန္တူတိ၊ စိတ်ဆင်းရဲ ကင်းကြပါစေကုန်ဟူ၍။ မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏။ တတော၊ ထို့နောင်မှ။ သီမဋ္ဌကဒေဝတာသု၊ ဥပစာရသိမ်အတွင်းရှိ နတ်တို့၌။ ဣမာယ ဥပစာရသီမာယ၊ ဤဥပစာရသိမ်အတွင်း၌။ အာရက္ခာ ဒေဝတာ၊ စောင့်ရှောက်လျက်ရှိသောနတ်တို့သည်။ သုခိတာ ဟောန္တူတိ၊ ချမ်းသာကြပါ စေကုန်ဟူ၍’။ (မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏)။ တတော၊ ထို့နောင်မှ။ ဂေါစရဂါမမှိ၊ ဆွမ်းခံရွာ၌။ ဣဿရဇနေ၊ အစိုးရသော မင်း၌။ (မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏။) တတော၊ ထို့နောင်မှ။ တတ္ထ၊ ထိုဆွမ်းခံရွာ၌။ မနုဿေ ဥပါဒါယ၊ လူတို့ကို အစပြု၍။ သဗ္ဗသတ္တေသု၊ အလုံးစုံသောသတ္တဝါတို့၌။ (မေတ္တာ ဘာဝေတဗ္ဗာ၊ မေတ္တာကို ပွားစေအပ်၏။) ဟိ၊ အကျိုးသော်ကား။ သော၊ ထိုမေတ္တာကမ္မဋ္ဌာန်း စီးဖြန်းရသော ရဟန်း

သည်။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌။ မေတ္တာယ၊ ပွားစေအပ်သော မေတ္တာဖြင့်။ သဟဝါသီနံ၊ အတူနေ သီတင်းသုံးဖော်တို့၏။ မုဒုစိတ္တတံ၊ မိမိ၌ နူးညံ့သော စိတ်ရှိသည်၏ အဖြစ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ တနည်း။ မုဒုစိတ္တတံ ဇနေတိ၊ စိတ်ကို နူးညံ့ သိမ်မွေ့စေ၏။ (အဓိပ္ပာယ်နက်)။ အထ၊ ထိုအခါ၌။ အဿ၊ ထိုကမ္မဋ္ဌာန်းတရား အားထုတ်နေသော ရဟန်းအား။ တေ၊ ထိုသီတင်းသုံးဖော် ရဟန်းတို့သည်။ သုခသံဝါသာ ဟောန္တိ၊ ချမ်းမြေ့ပြေပြစ်သော ဆက်ဆံခြင်း ရှိကုန်၏။ သီမဋ္ဌကဒေဝတာသု၊ ဥပစာရသိမ်အတွင်းရှိ နတ်အပေါင်းတို့၌။ မေတ္တာယ၊ ပွားစေအပ်သော မေတ္တာဖြင့်။ မုဒုကစိတ္တာဟိ ဒေဝတာဟိ၊ သိမ်မွေ့နူးညံ့စေအပ်သော စိတ်ရှိကြသော နတ်တို့သည်။ ဓမ္မိကာယ ရက္ခာယ၊တရားနှင့် လျော်သော စောင့်ရှောက်ခြင်းဖြင့်။ သုသံဝိဟိတရက္ခော ဟောတိ၊ ကောင်းစွာစီရင်အပ်သော အစောင့်အရှောက်ရှိ၏။ ဂေါစရဂါမမှို၊ ဆွမ်းခံရွာ၌။ ဣဿရဇနေ၊ အစိုးရသောမင်း၌။ မေတ္တာယ၊ မေတ္တာဖြင့်။ မုဒုကစိတ္တသန္တာနေဟိ၊ စိတ်အစဉ်ကို သိမ်မွေ့နူးညံ့စေကုန်သော။ ဣဿရေဟိ၊ အစိုးရမင်းတို့သည်။ ဓမ္မိကာယ ရက္ခာယ၊ တရားနှင့်လျော်သော စောင့်ရှောက်ခြင်းဖြင့်။ သုရက္ခိတပရိက္ခာရော၊ ကောင်းစွာစောင့်ရှောက်အပ်သော ပရိက္ခရာရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုဆွမ်းခံရွာ၌။ (ဝသန္တေသု၊ နေကုန်သော။) မနုဿေသု၊ လူတို့၌။ မေတ္တာယ၊ မေတ္တာဖြင့်။ ပသာဒိတစိတ္တေဟိ၊ မိမိ၌ ကြည်စေအပ်သောစိတ် ရှိကုန်သော။ တေဟိ မနုဿေဟိ၊ ထိုရွာနေလူတို့သည်။ အပရိဘူတော ဟုတ္វာ၊ နှိပ်စက်နှောင့်ယှက်ခြင်းမရှိသည်ဖြစ်၍။ ဝိစရတိ၊ သွားလာနေထိုင်ရ၏။ သဗ္ဗသတ္တေသု၊ အလုံးစုံသော သတ္တဝါတို့၌။ မေတ္တာယ၊ မေတ္တာဖြင့်။ သဗ္ဗတ္ထ၊ အလုံးစုံသောအရပ်တို့၌။ အပ္ပဋိဟတစာရော၊ အထိအခိုက် အနှောင့်အယှက်မရှိသော ကျက်စားခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုမှတပါး။ မရဏဿတိယာ၊ သေခြင်းတရားကို အဖန်ဖန် အထပ်ထပ် အောင့်မေ့ခြင်း မရဏဿတိဖြင့်။ "အဝဿံ မယာ မရိတဗ္ဗံ"တိ၊ငါသည် မုချသေရလတ္တံ့"ဟု စိန္တေန္တော၊ ကြံစည်အောက်မေ့လျက်။ အနေသနံ ပဟာယ၊ မအပ်သောနည်းဖြင့် ပစ္စည်းရှာမှီးခြင်းကို စွန့်၍။ ဥပရူပရိ၊ အဆင့်ဆင့်။ ဝဍ္ဍမာနသံဝေဂေါ၊ ပွားသော သံဝေဂရှိသည်။ အနောလီနဝုတ္တိကော၊ မှန်ကန်သောအကျင့်၌ မတွန့်ဆုတ်သောစိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ အဖို့တပါးကား။ အသုဘသညာပရိစိတစိတ္တဿ၊ အသုဘသညာ၌ လေ့လာပြီးသော စိတ်ရှိသော။ အဿ၊ ထိုသူ၏။ စိတ္တံ၊ စိတ်ကို။ ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ အာရမ္မဏာနိပိ၊ အာရုံတို့သည်သော်လည်း။ လောဘဝသေန၊ လောဘ၏အစွမ်းအားဖြင့်။ န ပရိယာဒိယန္တိ၊ထက်ဝန်းကျင် မဆွဲဆောင်နိုင်ကြကုန်။

ဝေ၊ ဤသို့။ ဗဟူပကာရတ္တာ၊ ကျေးဇူးများလှသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော ရဟန်းကိစ္စ၌။ ဝါ၊ အလုံးစုံသော ကမ္မဋ္ဌာန်းတရား အားထုတ်ရာ၌။ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗံ၊ ရှေ့သွားအဖြစ်ဖြင့် အလိုရှိအပ်၏။ ဣတိ စ ဣတိ တသ္မာ၊ ထို့ကြောင့် လည်းကောင်း။ အဓိပ္ပေတဿ၊ လိုရင်းဖြစ်သော။ ယောဂါနုယောဂကမ္မဿ၊ ဘာဝနာအားထုတ်မှု၏။ ဌာနံ၊ ဖြစ်ကြောင်းတည်း။ ဣတိ စ၊ ထို့ကြောင့်လည်းကောင်း။ သဗ္ဗတ္ထကကမ္မဋ္ဌာနန္တိ၊ သဗ္ဗတ္ထကကမ္မဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ပန၊ အဖို့တပါးကား။ စတ္တာလီသာယ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ ယံ၊ အကြင်ကမ္မဋ္ဌာန်းသည်။ ယဿ၊ အကြင်ရဟန်း၏။ စရိယာနုကူလံ၊ စရိုက်အားလျော်၏။ တံ၊ ထိုစရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို။ တဿ၊ ထိုရဟန်းသည်။ နိစ္စံ ပရိဟရိတဗ္ဗတ္တာ၊ အမြဲအားထုတ်ခြင်းဖြင့်ဆောင်ထားအပ်သောကြောင့်လည်းကောင်း။ ဥပရိမဿဥပရိမဿ၊ အထက်အထက်ဖြစ်သော။ ဘာဝနာကမ္မဿ၊ ဘာဝနာအမှု၏။ ပဒဋ္ဌာနတ္တာ စ၊ နီးသောအကြောင်း ဖြစ်သောကြောင့်လည်းကောင်း။ ပါရိဟာရိယကမ္မဋ္ဌာနန္တိ၊ ပါရိဟာရိယကမ္မဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဣတိ၊ ဤသို့။ ဒုဝိဓမ္ပိ၊ နှစ်ပါးအပြား ရှိသည်လည်းဖြစ်သော။ ဣမံ ကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းကို။ ယော အာစရိယော၊ အကြင်ကမ္မဋ္ဌာန်းဆရာသည်။ ဒေတိ၊ ပေးတတ်၏။ အယံ၊ ဤကမ္မဋ္ဌာန်းဆရာသည်။ ကမ္မဋ္ဌာနဒါယကော နာမ၊ ကမ္မဋ္ဌာန်းပေးသော ဆရာမည်၏။ တံ ကမ္မဋ္ဌာနဒါယကံ၊ ထိုကမ္မဋ္ဌာန်းပေးတတ်သော။

ကလျာဏမိတ္တန္တိ၊ ကလျာဏမိတ္တံ ဟူသည်ကား —

ပိယော စ၊ ချစ်ခင်အပ်သည်လည်းကောင်း။ ဂရု စ၊ အလေးပြုအပ်သည်လည်းကောင်း။ ဘာဝနီယော စ၊ ချီးမွမ်းအပ်သည်လည်းကောင်း။ ဝတ္တာ စ၊ သူတပါးကို ဆိုဆုံးမတတ်သည်လည်းကောင်း။ ဝစနက္ခမော စ၊ ဆိုဆုံးမခံနိုင်သည်လည်းကောင်း။ ဂမ္ဘီရံ ကထံ၊ နက်နဲသော စကားကို။ ကတ္တာ စ၊ ပြောဟောတတ်သည်လည်းကောင်း။ တနည်း၊ ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နက်နဲသော စကားကို ပြောဟောတတ်သည် လည်းကောင်း။ အဋ္ဌာနေ၊ မလျော်သော အရာ၌။ နော စ နိယောဇကော၊ မတိုက်တွန်း တတ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။

ဝေမာဒိဂုဏသမန္နာဂတံ၊ ဤသို့ အစရှိသော ဂုဏ်နှင့် ပြည့်စုံသော။ ဧကန္တေန၊ စင်စစ်အားဖြင့်။ ဟိတေသိံ၊ အစီးအပွားကို ရှာလေ့ရှိသော။ ဝါ၊ ဧကန္တေန ဟိတေသိံ၊ ကေန်မုချ အကျိုးစီးပွားကို ရှာလေ့ရှိသော။ ဝုဒ္ဓိပက္ခေ၊

သီလ သမာဓိ ပညာ ကြီးပွားရေးအဖို့၌။ ဋ္ဌိတံ၊ တည်သော။ ကလျာဏမိတ္တံ၊
မိတ်ဆွေကောင်းသို့။ (ဥပသက်မိတွာ မှာ စပ်ပါ။)

(၉၅) ပန၊ ဆက်ဦးအံ့။ ဟိ၊ အကယ် မလွဲသဖြင့်။ အာနန္ဒ၊ အာနန္ဒာ။
မမံ ကလျာဏမိတ္တံ၊ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို။ အာဂမ္မ၊
အကြောင်းပြု၍။ ဇာတိဓမ္မာ သတ္တာ၊ ပဋိသန္ဓေနေခြင်း သဘောရှိကုန်သော
သတ္တဝါတို့သည်။ ဇာတိယာ၊ ပဋိသန္ဓေနေခြင်း သဘောမှ။ ပရိမုစ္စန္တိ၊ လွတ်
မြောက်ကြကုန်၏။ ဣတိ အာဒိဝစနတော၊ ဤသို့စသည်ကို ဟောတော်မူသော
ကြောင့်။ သမ္မာသမ္ဗုဒ္ဓေါယေဝ၊ မြတ်စွာဘုရားသည်သာလျှင်။ သဗ္ဗာကာရ·
သမ္ပန္နော၊ အလုံးစုံသော အခြင်းအရာနှင့် ပြည့်စုံသော။ ကလျာဏမိတ္တော၊
မိတ်ဆွေကောင်းပေတည်း။ တသ္မာ၊ ထိုကြောင့်။ တသ္မိံ သတိ၊ ထိုမြတ်စွာ
ဘုရားရှိတော်မူသော်။ ဝါ၊ ရှိတော်မူလျှင်။ တဿေဝ ဘဂဝတော သန္တိကေ၊
ထိုမြတ်စွာဘုရား အထံတော်၌သာလျှင်။ ဂဟိတကမ္မဋ္ဌာနံ၊ ယူအပ်သော
ကမ္မဋ္ဌာန်းသည်သာလျှင်။ သုဂဟိတံ ဟောတိ၊ ကောင်းစွာ ယူအပ်သော
ကမ္မဋ္ဌာန်းဖြစ်ပေ၏။ ပန၊ ဆက်ဦးအံ့။ တသ္မိံ ပရိနိဗ္ဗုတေ၊ ထိုမြတ်စွာဘုရား
ပရိနိဗ္ဗာန်ဝင်စံတော်မူပြီးဖြစ်လျှင်။ အသီတိယာ မဟာသာဝကေသု၊ မဟာ-
သာဝကရှစ်ကျိပ်တို့တွင်။ ယော၊အကြင် မဟာသာဝကသည်။ ဓရတိ၊သက်တော်
ထင်ရှား ရှိ၏။ တဿ သန္တိကေ၊ ထိုမဟာသာဝက၏အထံ၌။ ဂဟေတုံ ဝဋ္ဋတိ၊
ယူခြင်းငှာ သင့်လျော်ပေ၏။ တသ္မိံ အသတိ၊ ထို မဟာသာဝကမရှိခဲ့သော်။
ဝါ၊ မရှိလျှင်။ ယံ ကမ္မဋ္ဌာနံ၊ အကြင် ကမ္မဋ္ဌာန်းကို။ ဂဟေတုကာမော ဟောတိ၊
ယူလိုသည်ဖြစ်အံ့။ တဿေဝ ဝသေန၊ ထို ယူသော ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့်
ပင်လျှင်။ စတုက္ကပဉ္စကဇ္ဈာနာနိ၊ စတုက္က,ပဉ္စကစျာန်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်
စေ၍။ ဈာနပဒဋ္ဌာနံ၊ ဈာန်လျှင်နီးစွာသော အခြေပါဒရှိသော။ ဝါ၊ ဈာန်ကို
အခြေခံပြုသော။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေလျက်။ အာသ·
ဝက္ခယပ္ပတ္တဿ၊ အာသဝေါကုန်ခန်းခြင်းသို့ ရောက်သော။ ခီဏာသဝဿ သန္တိ·
ကေ၊ ရဟန္တာ၏အထံ၌။ ဂဟေတဗ္ဗံ၊ ယူသင့်ပေ၏။

ကိံ ပန၊ အသို့နည်း။ ခီဏာသဝေါ၊ ရဟန္တာသည်။ အဟံ ခီဏာသဝေါတိ၊
ငါ ရဟန္တာဟု။ အတ္တာနံ၊ မိမိကိုယ်ကို။ ပကာသေတိ၊ ပြပါသလော။ ဣတိ အယံ၊
ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း၊ ကိံ ဝတ္တဗ္ဗံ၊ အဘယ်မှာ ဤသို့ မေးဖွယ်
ရှိအံ့နည်း။ ဟိ၊ မှန်၏။ ကာရကဘာဝံ ဇာနိတွာ၊ ဘာဝနာအမှုကို ပြုသူ
ကမ္မဋ္ဌာန်းအားထုတ်သောသူ သိလျှင်။ ပကာသေတိ၊ ထင်ရှားပြတတ်ပေ၏။
အဿဂုတ္တတ္ထေရော၊ အဿဂုတ္တမထေရ်သည်။ အာရဒ္ဓကမ္မဋ္ဌာနဿ ဘိက္ခုနော၊
ကမ္မဋ္ဌာန်းအားထုတ်သော ရဟန်းအား။ "အယံ၊ ဤသူသည်။ ကမ္မဋ္ဌာနကာရ·
ကောတိ၊ ကမ္မဋ္ဌာန်းအားထုတ်သူတည်း" ဟု။ ဇာနိတွာ၊ သိ၍။ ဝါ၊ သိသော

ကြောင့်။ အာကာသေ၊ ကောင်းကင်၌။ စမ္ပကပုပ္ဖံ ပသာရေတွာ၊ သားရေပိုင်းကို ခင်း၍။ တတ္ထ၊ ထိုသားရေပိုင်း၌။ ပလ္လင်္ကေန နိသိန္နော၊ ထက်ဝယ်ဖွဲ့ခွေထိုင်နေလျက်။ ကမ္မဋ္ဌာနံ ကထေသိ နနု၊ ကမ္မဋ္ဌာန်းကို ဟောဖူးသည်မဟုတ်ပါလော။ ဣတိ အယံ၊ ဤသည်ကား။ ဝိဿဇ္ဇနံ၊ အဖြေပေတည်း။

တသ္မာ၊ ထိုကြောင့်။ သစေ၊ အကယ်၍။ ခီဏာသဝံ၊ ကမ္မဋ္ဌာန်းပေးတတ်သော ရဟန္တာကို။ လဘတိ၊ ရငြားအံ့။ ဣစ္စေတံ-ဣတိ ဧတံ၊ ဤသို့ရခြင်းသည်။ ကုသလံ၊ ကောင်းလှပါပေ၏။ နော စေ လဘတိ၊ အကယ်၍ ရဟန္တာကို မရငြားအံ့။ အနာဂါမိ, သကဒါဂါမိ သောတာပန္န ဈာနလာဘီ ပုထုဇ္ဇနတိပိဋကဓရ, ဒွိပိဋကဓရ, ဧကပိဋကဓရေသု၊ အနာဂါမ်, သကဒါဂါမ်, သောတာပန် ဈာန်ရပုထုဇဉ်,ပိဋကတ်သုံးပုံဆောင်, ပိဋကတ်နှစ်ပုံဆောင်, ပိဋကတ်တပုံဆောင်ပုထုဇဉ်တို့တွင်။ ပုရိမဿ ပုရိမဿ သန္တိကေ၊ ရှေးရှေးပုဂ္ဂိုလ်၏ အထံ၌။ (ဂဟေတဗ္ဗံ၊ ယူသင့်ပေ၏။) ဧကပိဋကဓရေပိ အသတိ၊ ပိဋကတ်တပုံဆောင်ပုဂ္ဂိုလ်ပင် မရှိသော်လည်း။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဧကသင်္ဂီတိပိ၊ နိကာယ်တခုမျှသော်လည်း။ အဋ္ဌကထာယ သဒ္ဓိံ၊ အဋ္ဌကထာနှင့် တကွ။ ပဂုဏာ၊ လေ့လာကျေပွန်သည်။ ဟောတိ၊ ဖြစ်၏။ အယမ္ပိ၊ ဤပုဂ္ဂိုလ်သည်လည်း။ လဇ္ဇီ၊ သူတော်ကောင်းတည်း။ တဿ သန္တိကေ၊ ထိုသူ့အထံ၌။ ဂဟေတဗ္ဗံ၊ ယူသင့်ပေ၏။ ဟိ၊ မှန်၏။ တန္တိဓရော၊ သုတ်ပါဠိတော်ကို ဆောင်သော။ ဝံသာနုရက္ခကော၊ ဘုရားနှင့် ဘုရားတပည့်သာဝကတို့၏ ဂုဏ်ကျေးဇူးအနွယ်ကို အစဉ် စောင့်ရှောက်တတ်သော။ ပဝေဏီပါလကော၊ ဆရာအစဉ်အဆက်၏ သင်ရိုးကို အစဉ်ထိန်းသိမ်းတတ်သော။ ဧဝရူပေါ အာစရိယော၊ ဤကဲ့သို့သော ဆရာသည်။ အာစရိယမတိကောဝ ဟောတိ၊ မိမိဆရာ၏ အယူအဆကိုသာ ပြတတ်ပေ၏။ အတ္တနောမတိကော၊ မိမိအယူကိုပြတတ်သည်။ န ဟောတိ၊ မဖြစ်ပေ။ (မဟုတ်ပေ။) တေနေဝ၊ ထိုကြောင့်ပင်လျှင်။ ပေါရာဏကတ္ထေရာ၊ ရှေးမထေရ်တို့သည်၊ "လဇ္ဇီ ရက္ခိဿတိ, လဇ္ဇီ ရက္ခိဿတိတိ။ လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်လိမ့်, လဇ္ဇီပုဂ္ဂိုလ်စောင့်ရှောက်လိမ့်မည်"ဟု။ တိက္ခတ္တုံ၊ သုံးကြိမ်တိုင်တိုင်။ အာဟံသု၊ မိန့်ဆိုတော်မူကြလေပြီ။

စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းတို့တွင်၊ ပုဗ္ဗေ ဝုတ္တခီဏာသဝါဒယော၊ ရှေး၌ ဆိုခဲ့သော ရဟန္တာ အစရှိသည်တို့သည်။ အတ္တနာ အဓိဂတမဂ္ဂမေဝ၊ မိမိတို့ ရ-ထားသော အကျင့်လမ်းစဉ်ကိုသာလျှင်။အာစိက္ခန္တိ၊ ပြောဆိုတတ်ကြကုန်၏။ ဝါ၊ ပြောကြားနိုင်ကြကုန်၏။ ပန၊ အထူးကား။ ဗဟုဿုတော၊ အကြားအမြင်များသော ကမ္မဋ္ဌာန်းဆရာသည်ကား။ တံ တံ အာစရိယံ ဥပသင်္ကမိတွာ၊ ထိုထိုဆရာသို့ ချဉ်းကပ်၍။ ဥဂ္ဂဟပရိပုစ္ဆာနံ၊ ပါဠိ, အဋ္ဌကထာတို့ကို။ ဝိသောဓိတတ္တာ၊ သုတ်သင် ရှင်းလင်းထားပြီးဖြစ်သော

ကြောင့်။ ဣမေတာစိတော စ၊ နိကာယ်ငါးရပ်တို့တွင် ထိုထိုနိကာယ်မှ။ သုတ္တာဥ္စ၊ ကမ္မဋ္ဌာန်းအား လျော်သော သုတ်ကိုလည်းကောင်း။ ကာရဏဥ္စ၊ ထိုသုတ်သို့ အစဉ်လိုက်သော ယုတ္တိကိုလည်းကောင်း။ သလ္လက္ခေတွာ၊ ကောင်းစွာ မှတ်သား လျက်။သပ္ပါယာသပ္ပါယံ၊ လျော်သည် မလျော်သည်ကို။ယောဇေတွာ၊ယှဉ်စေ၍။ ဝါ၊ သပ္ပါယာသပ္ပါယံ ယောဇေတွာ၊ လျော်သည် မလျော်သည်ကို ကောင်းစွာ သာလျှင် နှလုံး၌ထား၍ (ဋီ)။ ဝါ၊ လျော်သည် မလျော်သည်ကို မိမိ၏ နှလုံး၌ ထား၍ (ပြည်)။ဂဟနဋ္ဌာနေ၊ ချုံပိတ်ပေါင်း ထူသောအရပ်၌။ ဂစ္ဆန္တော မဟာ-ဟတ္ထိ ဝိယ၊သွားသောဆင်ပြောင်ကြီးကဲ့သို့။ မဟာမဂ္ဂံ ဒေသေန္တော၊ ကမ္မဋ္ဌာန်း အစီအရင်ဟူသော လမ်းမကြီးကို ပြလျက်။ ကမ္မဋ္ဌာနံ ကထေဿတိ၊ ကမ္မဋ္ဌာန်းကို ဟောပေလိမ့်မည်။ တသ္မာ၊ ထို့ကြောင့်။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ၊ ကမ္မဋ္ဌာန်း ပေးတတ်သော မိတ်ဆွေကောင်းသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ တဿ၊ ထိုကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းအား။ ဝတ္တပဋိပတ္တိံ ကတွာ၊ ပြုသင့်သော ဝတ်အကျင့်ကိုပြု၍။ ကမ္မဋ္ဌာနံ ဂဟေတဗ္ဗံ၊ ကမ္မဋ္ဌာန်းကို သင်ယူသင့်ပေ၏။

(၉၆) ပန၊ ဆက်ဦးအံ့။ သစေ၊ အကယ်၍။ တံ၊ ဤကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းကို။ ဧကဝိဟာရေယေဝ၊ မိမိနှင့် တကျောင်းတည်း၌သာလျှင်။ လဘတိ၊ ရပါမူကား။ ဣစ္စေတံ, ဣတိ ဧတံ၊ ဤသို့ရခြင်းသည်။ ကုသလံ၊ ကောင်း၏။ စေ၊ အကယ်၍။ နော လဘတိ၊ မိမိနေသောကျောင်း၌ မရပါမူ ကား။ ယတ္ထ၊ အကြင်ကျောင်း၌။ သော၊ ထိုကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်း သည်။ ဝသတိ၊ နေ၏။ တတ္ထ ဂန္တဗ္ဗံ၊ ထို ကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်း ရှိရာကျောင်းသို့ သွားအပ်၏။ ဂစ္ဆန္တေန စ၊ သွားသော ရဟန်းသည်လည်း။ ဓောတမက္ခိတေဟိ ပါဒေဟိ၊ ရေဆေးပြီး၍ ဆီပြောင်အောင်လိမ်းအပ်ကုန်သော ခြေတို့ဖြင့်။ ဥပါဟနာ၊ဖိနပ်တို့ကို။ အာရုဟိတွာ၊ စီး၍။ ဥပါဟနာ အာရုဟိတွာ၊ ဖိနပ်တို့ကို စီး၍။ ဆတ္တံ ဂဟေတွာ၊ ထီးကို ကိုင်ဆောင်လျက်။ တေလနာဠိမဓု-ဖာဏိတာဒီနိ၊ ဆီကျည်တောက်, ပျားရည်, တင်လဲ စသည်တို့ကို။ ဂါဟာပေတွာ၊ ယူစေ၍။ ဝါ၊ သယ်ယူစေ၍။ အန္တေဝါသိကပရိဝုတေန၊ တပည့်အပေါင်း ခြံရံ လျက်။ န ဂန္တဗ္ဗံ၊ မသွားသင့်, မသွားထိုက်, မသွားကောင်း။ ဂမိကဝတ္တံ ပန၊ ခရီးသွားရဟန်းတို့ ပြုရမည့် ဝတ်ကိုမူကား။ ပူရေတွာ၊ ပြည့်စုံစေပြီးလျှင်။ အတ္တနော ပတ္တစီဝရံ၊ မိမိ၏ သပိတ်သင်္ကန်းကို။ သယမေဝ ဂဟေတွာ၊ ကိုယ် တိုင်ပင် ဆောင်ယူလျက်။ အန္တရာမဂ္ဂေ၊ လမ်းခရီးအကြားတွင်။ ယံ ယံ ဝိဟာရံ၊ အကြင်အကြင် ကျောင်းသို့။ ပဝိသတိ၊ ဝင်အံ့။ သဗ္ဗတ္ထ၊ မိမိဝင်ရာ ကျောင်းဟူသမျှ၌။ ဝတ္တပဋိပတ္တိံ၊ ဝင်စဉ်အခါ အာဂန္တုကဝတ်, ထွက်စဉ်အခါ

ဂမိကဝတ်, ဟူသော ဝတ်အကျင့်ကို။ ကုရုမာနေန၊ ပြုသည်ဖြစ်၍။ သလ္လဟုက- ပရိက္ခာရေန၊ ပေါ့ပါးသော ပရိက္ခရာရှိသည်ဖြစ်၍။ ပရမသလ္လေခဝုတ္တိနာ၊ အလွန် ခေါင်းပါးသော အကျင့်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဂန္တဗ္ဗံ၊ သွားသင့်ပေ၏။

တံ ဝိဟာရံ၊ ထိုကမ္မဋ္ဌာန်းဆရာ မိတ်ဆွေကောင်းရှိရာ ကျောင်းသို့။ ပဝိသ- န္တေန၊ ဝင်မည့်ရဟန်းသည်။ အန္တရာမဂ္ဂေယေဝ၊ လာခဲ့ရာ ခရီးအကြား၌ပင်။ ဒန္တကဋ္ဌံ၊ ဒန်ပူကို။ ကပ္ပိယံ ကာရာပေတွာ၊ ကပ္ပိစေပြီးလျှင်။ ဂဟေတွာ၊ ဆောင် ယူခဲ့၍။ ပဝိသိတဗ္ဗံ၊ ဝင်သင့်၏။ စ၊ ဗုတ်ရိုက်ဘား။ "မုဟုတ္တံ ဝိဿမေတွာ၊ တခဏမျှ အမောအပန်း ဖြေပြီးလျှင်။ ပါဒဓောဝနမက္ခနာဒီနိ၊ ခြေဆောက်ကို ဆေးကြောခြင်း ဆီလိမ်းခြင်း စသည်တို့ကို။ ကတ္ဝာ၊ ပြုပြီး၍။ ဝါ၊ ပြုပြီးမှ။ အာစရိယဿ သန္တိကံ၊ ဆရာ၏ အထံသို့။ ဂမိဿာမိတိ၊ သွားရမည်"ဟု ရည် လျက်။ အညံ ပရိဝေဏံ၊ အခြားသော ပရိဝုဏ် ကျောင်းဝင်းသို့။ န ပဝိသိတဗ္ဗံ၊ မဝင်သင့်။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သစေ၊ အကယ်၍။ တတြ၊ ထိုပရိဝုဏ်၌။ အဿ၊ ထိုကမ္မဋ္ဌာန်းအားထုတ်မည့် ရဟန်း၏။ အာစရိယဿ၊ ကမ္မဋ္ဌာန်းဆရာ၏။ ဝါ၊ ကမ္မဋ္ဌာန်းဆရာနှင့်။ ဝိသဘာဂါ ဘိက္ခူ၊ သဘာဂမဖြစ်သော ရဟန်းတို့သည်။ ဘဝေယျုံ၊ ရှိနေကြပါကုန်မူကား။ တေ၊ ထိုဝိသဘာဂ ရဟန်းတို့သည်။ အာဂမနကာရဏံ ပုစ္ဆိတွာ၊ လာခြင်း၏အကြောင်း ကို မေးပြီးလျှင်။ အာစရိယဿ၊ ထိုကမ္မဋ္ဌာန်းဆရာ၏။ အဝဏ္ဏံ ပကာသေတွာ၊ ကျေးဇူးမဲ့ကိုပြပြီးလျှင်။ "သစေ၊ အကယ်၍သာ။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သန္တိကံ၊ အထံသို့။ အာဂတော၊ လာသည်မှန်လျှင်။ (တုံ၊ သင်သည်)။ နဋ္ဌော အသိတိ၊ ပျက်စီးလေပြီ"ဟု။ ဝိပ္ပဋိသာရံ၊ စိတ်မချမ်းမြေ့မှုကို။ ဥပ္ပါဒေယျုံ၊ ဖြစ်စေကုန် ရာ၏။ ယေန၊ ယင်းသို့သော စိတ်မချမ်းမြေ့မှုဖြင့်။ တတောဝ၊ ထိုပရိဝုဏ်မှပင် လျှင်။ ပဋိနိဝတ္တေယျ၊ ပြန်လှည့်လာခဲ့လေရာ၏။ တသ္မာ၊ ထို့ကြောင့်။ အာစရိ- ယဿ၊ ကမ္မဋ္ဌာန်းဆရာ၏။ ဝသနဋ္ဌာနံ၊ သီတင်းသုံးရာအရပ်ကို။ ပုစ္ဆိတွာ၊ မေး မြန်း၍။ တတ္ထေဝ၊ ထိုကမ္မဋ္ဌာန်းဆရာ သီတင်းသုံးသော ကျောင်းသို့သာလျှင်။ ဥဇုကံ၊ ဖြောင့်ဖြောင့်တန်းတန်း။ ဂန္တဗ္ဗံ၊ သွားသင့်ပေ၏။

သစေ၊ အကယ်၍။ အာစရိယော၊ ကမ္မဋ္ဌာန်းဆရာသည်။ ဒဟရတရော၊ ကမ္မဋ္ဌာန်းယူမည့် တပည့်အောက် ဝါငယ်သည်။ ဟောတိ၊ ဖြစ်ပါမူ။ ပတ္တစီဝရ- ပဋိဂ္ဂဟဏာဒီနိ၊ သပိတ်သင်္ကန်း လှမ်းယူခြင်း စသည်တို့ကို။ န သာဒိတဗ္ဗာနိ၊ မသာယာအပ်ကုန်။ သစေ၊ အကယ်၍။ ဝုဍ္ဍတရော ဟောတိ၊ ဆရာက ဝါကြီး ပါမူ။ ဂန္တွာ၊ သွား၍။ အာစရိယံ ဝန္ဒိတွာ၊ ဆရာကိုရှိခိုးလျက်။ ဌာတဗ္ဗံ၊ ရပ်နေအပ် ၏။ "အာဝုသော၊ ငါ့ရှင်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ နိက္ခိပါတိ၊ ချထားပါ" ဟု။ ဝုတ္တေန၊ ဆရာက ပြောဆိုအပ်သော ရဟန်းသည်။ ဝါ၊ ဆရာကပြောကြား လျှင်။ နိက္ခိပိတဗ္ဗံ၊ ချထားအပ်၏။ "ပါနီယံ ပိဝါတိ၊ ရေသောက်ပါဟု"။ ဝုတ္တေ-

နှ၊ ဆရာကပြောကြားလျှင်။ သစေ ဂစ္ဆတိ၊ အကယ်၍ သောက်လိုပါမူ။ ပါတဗ္ဗံ၊ သောက်အပ်၏။ ဝါ၊ သောက်ရမည်။ "ပါဒေ ဓောဝါဟီတိ၊ ခြေဆေးပါ"ဟူ။ ဝုတ္တေနှ၊ ဆရာကပြောကြားလျှင်။ ပါဒေ၊ ခြေတို့ကို။ န တာဝ ဓောဝိတဗ္ဗာ၊ အဆောတလျှင် မဆေးအပ်သေးကုန်။ ဝါ၊ အလျင်စလို မဆေးအပ်သင့်သေးပေ။ ဟိ-ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ သစေ၊ အကယ်၍။ အာစရိယေန အာဘတံ ဥဒကံ၊ ဆရာခပ်ထားသော ရေသည်။ ဘဝေယျ၊ ဖြစ်နေပါမူ။ သာရုပ္ပံ၊ ဆရာခပ်ထားသောရေကို ခြေဆေးခြင်းငှာ လျောက်ပတ်သည်။ န သိယာ၊ မဖြစ်ရာ။ "အာဝုသော၊ ငါ့ရှင်။ ဓောဝါဟိ၊ ဆေးသာဆေးပါ။ မယာ၊ ငါသည်။ အာဘတံ၊ ခပ်ဘားသောရေသည်။ နှ၊ မဟုတ်ပါ။ တနည်း။ မယာ၊ ငါသည်။ န အာဘတံ၊ ခပ်ထားသော ရေမဟုတ်ပါ။ အညေဟိ၊ အခြားသူတို့သည်။ အာဘတန္တိ၊ ခပ်ထားသောရေဖြစ်ပါသည်" ဟူ။ ဝုတ္တေနှ၊ ဆရာကပြောကြားလျှင်။ ယတ္ထ၊ အကြင်အရပ်၌။ (နိသိန္နံ၊ ထိုင်နေသော မိမိကို။) အာစရိယော၊ ဆရာသည်။ န ပဿတိ၊ မမြင်နိုင်။ ဝေဠူပေ၊ ဤသို့သဘောရှိသော။ ပဋိစ္ဆန္နေ ဩကာသေ ဝါ၊ အကာအကွယ် ရှိရာအရပ်၌သော်လည်းကောင်း။ အဗ္ဘောကာသေ ဝါ၊ လွင်ပြင်၌ သော်လည်းကောင်း။ ဝိဟာရဿာပိ၊ ကျောင်း၏လည်း။ ဧကမန္တေ ဝါ၊ တခုသော အစွန်း၌သော်လည်းကောင်း။ နိသီဒိတွာ၊ ထိုင်၍။ ပါဒါ ဓောဝိတဗ္ဗာ၊ ခြေတို့ကို ဆေးအပ်ကုန်၏။

သစေ၊ အကယ်၍။ အာစရိယော၊ ဆရာသည်။ တေလနာဠိံ၊ ဆီကျည်တောက်ကို။ အာဟရတိ၊ ဆောင်ယူလာပါမူ။ ဥဋ္ဌဟိတွာ၊ ထ၍။ ဥဘောဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ သက္ကစ္စံ၊ ရိုသေစွာ။ ဂဟေတဗ္ဗာ၊ ခံယူအပ်၏။ ဟိ-ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ သစေ န ဂဏှေယျ၊ အကယ်၍ မယူလျှင်။ "အယံ ဘိက္ခု၊ ဤရဟန်းသည်။ ဣတော ဝေ ပဋ္ဌာယ၊ ယခုအချိန်ကပင်လျှင် အစပြု၍။ သမ္ဘောဂံ၊ အတူတကွ သုံးဆောင်ခြင်းကို။ ကောပေတီတိ၊ ပျက်စေ၏" ဟူ။ အာစရိယဿ၊ ဆရာ၏။ အညထတ္တံ ဘဝေယျ၊ စိတ်သည် တမျိုးတမည် ဖြစ်လေရာ၏။ ဂဟေတွာ ပန၊ ယူပြီး၍ကား။ ဝါ၊ ယူပြီးလျှင်။ ပါဒါ၊ ခြေတို့ကို။ အာဒိတောဝ၊ စ၍လျှင်။ န မက္ခေတဗ္ဗာ၊ မလိမ်းအပ်ကုန်။ ဟိ၊ အပြစ်ကား။ တံ၊ ထိုဆီသည်။ အာစရိယဿ၊ ဆရာ၏။ ဂတ္တဗ္ဘဉ္ဇနတေလံ၊ ကိုယ်လိမ်းဆီသည်။ ဘဝေယျ၊ ဖြစ်မူ။ သာရုပ္ပံ၊ သင့်လျော်သည်။ န သိယာ၊ မဖြစ်ရာ။ တသ္မာ၊ ထို့ကြောင့်။ သီသံ မက္ခေတွာ၊ (ဦး)ဦးခေါင်းကို လိမ်းပြီးမှ။ ခန္ဓာဒီနိ၊ ပခုံးစသည်တို့ကို။ မက္ခေတဗ္ဗာနိ၊ လိမ်းအပ်ကုန်၏။ "အာဝုသော၊ ငါ့ရှင်။ ဣဒံ၊ ဤဆီသည်။ သဗ္ဗပရိဟာရိယတေလံ၊ အလုံးစုံ ကိုယ်အင်္ဂါအကျိုးငှာ ဆောင်အပ်သော ဆီပင်တည်း။ ဝါ၊ အလုံးစုံသော ဟောန်းတို့၏ အကျိုးငှာ ဆောင်ထား

အပ်သော ဆိပင်တည်း။ ပါဒေပိ၊ ခြေတို့ကိုလည်း။ "မက္ခေဟီတိ၊ လိမ်းပါ" ဟု။ ဝုတ္တေန၊ ထေရ်ကြီး ဆရာက ပြောဆိုအပ်သော်။ ပါ၊ သီတင်းကြီးဆရာက ပြောဆိုလျှင်။ ထောကံ၊ အနည်းငယ်။ သီသေ၊ ဦးခေါင်း၌။ ကတွာ၊ ထည့်၍။ ပါဒေ မက္ခေတွာ၊ ခြေတို့ကို လိမ်းကျံပြီးလျှင်။ "ဘန္တေ၊ အရှင်ဘုရား။ ဣမံ တေလနာဠိံ၊ ဤဆီကျည်တောက်ကို။ ဌပေမီတိ၊ ထားပါအံ့" ဟု။ ဝတွာ၊ ခွင့်တောင်းလျှင်။ အာစရိယေ ဂဏှန္တေ၊ ဆရာက ခံယူလျှင်။ ဒါတဗ္ဗာ၊ ပေးလိုက်ရမည်။

**အာဂတဒိဝသတော ပဋ္ဌာယ၊ ရောက်လာသော နေ့မှစ၍။** "ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထေထ၊ ဟောပြတော်မူပါ။ ဣစ္စေဝံ၊ ဤသို့။ န ဝတ္တဗ္ဗံ၊ မလျှောက်ထားသင့်သေး။ ဒုတိယဒိဝသတော ပန ပဋ္ဌာယ၊ နောက်တနေ့မှစ၍။ အာစရိယဿ၊ ဆရာအား။ ပကတိဥပဋ္ဌာကော၊ လုပ်ကျွေးနေကျ တပည့်သည်။ သစေ အတ္ထိ၊ အကယ်၍ရှိပါမူ။ တံ၊ ထိုလုပ်ကျွေးနေကျ တပည့်ကို။ ယာစိတွာ၊ တောင်းပန်ပြီးလျှင်။ ဝတ္တံ ကာတဗ္ဗံ၊ အာစရိယဝတ်ကို ပြုအပ်ပေ၏။ ယာစိတောပိ၊ တောင်းပန်အပ်သော်လည်း။ သစေ န ဒေတိ၊ ထိုလုပ်ကျွေးနေကျတပည့်က အကယ်၍ ခွင့်မပေးငြားအံ့။ ဩကာသေ လဒ္ဓေယေဝ၊ အခွင့်ရသော အခါ၌သာလျှင်။ ဝတ္တံ ကာတဗ္ဗံ၊ အာစရိယဝတ်ကို ပြုအပ်၏။ ကရောန္တေန၊ အာစရိယဝတ်ကို ပြုသောရဟန်းသည်။ ခုဒ္ဒကမဇ္ဈိမမဟန္တာနိ၊ အငယ်, အလတ်, အကြီး ဖြစ်ကုန်သော။ တီဏိ ဒန္တကဋ္ဌာနိ၊ ဒန်ပူသုံးချောင်းတို့ကို။ ဥပနာမေတဗ္ဗာနိ၊ ဆက်ကပ်အပ်ကုန်၏။ သီတံ၊ ရေအေးလည်းကောင်း။ ဥဏှံ၊ ရေနွေးလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်မျိုးသော။ မုခဓောဝနဉဒကဉ္စ၊ မျက်နှာသစ်ရေကို လည်းကောင်း။ နှာနောဒကဉ္စ၊ ချိုးရေကို လည်းကောင်း။ ပဋိယာဒေတဗ္ဗံ၊ စီမံထားအပ်၏။ တတော၊ ထိုစီမံထားသော ရေနှစ်မျိုးမှ။ ယံ ဥဒကံ၊ အကြင်ရေကို။ အာစရိယော၊ ဆရာသည်။ တီဏိ ဒိဝသာနိ၊ သုံးရက်ပတ်လုံး။ ပရိဘုဉ္ဇတိ၊ သုံးဆောင်၏။ တာဒိသမေဝ၊ ထိုသုံးဆောင်သော ရေမျိုးကိုသာလျှင်။ နိစ္စံ ဥပနာမေတဗ္ဗံ၊ အမြဲဆက်ကပ်အပ်၏။ နိယမံ အကတွာ၊ သတ်မှတ်ခြင်းကို မပြုပဲ။ ယံ ဝါ တံ ဝါ ပရိဘုဉ္ဇန္တဿ၊ ဟုတ်ဟုတ်ညားညားသော ရေကို။ ဝါ၊ မည်သည့်ရေကိုမဆို သုံးဆောင်သော ဆရာအား။ ယထာလဒ္ဓံ၊ ရရာရေကို။ ဥပနာမေတဗ္ဗံ၊ ဆက်ကပ်အပ်၏။ ဗဟုနာ၊ များစွာ။ ဝုတ္တေန၊ ဆိုအပ်သော စကားဖြင့်။ ဝါ၊ ဗဟုနာ ဝုတ္တေန၊ များစွာ အကျယ်ပြောနေခြင်းဖြင့်။ ကိံ၊ အဘယ်မူအံ့နည်း။ ဝါ၊ အကျိုးမရှိပေ။ "ဘိက္ခဝေ၊ ရဟန်းတို့။ အန္တေဝါသိကေန၊ အနီးနေတပည့်သည်။ အာစရိယမှိ၊ ဆရာ၌။ သမ္မာ ဝတ္တိတဗ္ဗံ၊ ကောင်းစွာကျင့်အပ်၏။ တတြ၊ ထိုအာစရိယဝတ်၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သမ္မာ ဝတ္တနာ၊ ကောင်းစွာ ကျင့်ခြင်းတည်း။ (အန္တေဝါသိကေန၊ အနီးနေတပည့်သည်)။ ကာလဿေဝ ဥဋ္ဌာယ၊ စောစော

ထ၍။ ဥပါဟနာ ဩမုဉ္စိတွာ၊ ဖိနပ်များကိုချွတ်ပြီးလျှင်။ ကေ့သံ-ကေသိမ့် အံသေ၊ လက်ဝဲတဖက် ပခုံးထက်၌။ ဥတ္တရာသင်္ဂံ ကရိတွာ၊ ကေသီကို စံပယ်တင်လျက်။ ဒန္တကဋ္ဌံ ဒါတဗ္ဗံ၊ ဒန်ပူကို ဆက်ကပ်ရမည်။ မုခေါဒကံ ဒါတဗ္ဗံ၊ မျက်နှာသစ်ရေကို ဆက်ကပ်ရမည်၊ အာသနံ ပညပေတဗ္ဗံ၊ နေရာခင်းရမည်။ ယာဂု၊ ယာဂုသည်။ သစေ ဟောတိ၊ အကယ်၍ ရှိပါမူ။ သစေ ယာဂု ဟောတိ၊ အကယ်၍ ယာဂုရှိပါမူ။ ဘာဇနံ ဓောဝိတွာ၊ ခွက်ကိုဆေး၍။ ယာဂု၊ ယာဂုကို။ ဥပနာမေတဗ္ဗာ၊ ဆက်ကပ်ရမည်။ ဣတိ အာဒိကံ၊ ဤသို့အစရှိသော။ ခန္ဓကေ၊ မဟာဝါ၊ စူဠဝါ ခန္ဓက၌။ ယံ တံ သမ္မာ ဝတ္တံ၊ အကြင်ကောင်းစွာ ကျင့်ရာသော ဝတ်ကို (ဘဂဝတာ၊ မြတ်စွာဘုရားသည်)။ ပညတ္တံ၊ ပညတ်တော်မူအပ်ပြီ။ တံ၊ ထိုမြတ်စွာဘုရား ကောင်းစွာ ပညတ်ထားအပ်သော။ သဗ္ဗမ္ပိ၊ အာစရိယဝတ် အလုံးစုံကိုလည်း။ ကာတဗ္ဗံ၊ ပြုအပ်၏။

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝတ္တသမ္ပတ္တိယာ၊ ဝတ်၏ ပြည့်စုံခြင်းဖြင့်။ ဂရုံ၊ ဆရာကို။ အာရာဓယမာနေန၊ နှစ်သက်အားရစေလျက်။ သော ဘိက္ခု၊ ထို ကမ္မဋ္ဌာန်းယူမည့် ရဟန်းသည်။ သာယံ၊ ညချမ်းအခါ၌။ ဝန္ဒိတွာ၊ ဆရာကို ရှိခိုးပြီးလျှင်။ "ယာဟိဘိ၊ သွားလေတော့" ဟု။ ဝိဿဇ္ဇိတေန၊ ဆရာကလွှတ်သော တည့်ရဟန်းသည်၊ ဂန္တဗ္ဗံ၊ သွားရမည်(သွားသင့်သည်။)ယဒါ၊ အကြင်အခါ၌။ သော အာစရိယော၊ ထိုဆရာသည်။ ကိဿ၊ အဘယ်အကြောင်းကြောင့်။ အာဂတောအသိတိ၊ လာသနည်းဟု။ ပုစ္ဆတိ၊ မေး၏။ တဒါ၊ ထိုအခါ၌။ အာဂမနကာရဏံ၊ လာခြင်း၏ အကြောင်းကို။ ကထေတဗ္ဗံ၊ လျှောက်ထားရမည်။ သစေ၊ အကယ်၍။ သော၊ ထိုဆရာသည်။ နေဝ ပုစ္ဆတိ၊ မမေး။ ဝါ၊ မမေးမြန်းဘြားအံ့။ ဝါ၊ မေးမြန်းခြင်း မရှိပဲ။ ဝတ္တံ ပန၊ ဝတ်ပြုခြင်းကိုမူကား။ သာဒိယတိ၊ သာယာသက်ခံနေဘြားအံ့။ ဒသာဟေ ဝါ၊ ဆယ်ရက်သည်လည်း ကောင်း။ပက္ခေ ဝါ၊ လခွဲသည်လည်းကောင်း။ ဝါ၊ တဆယ့်ငါးရက်သည်လည်းကောင်း၊ ဝီတိဝတ္တေ၊ လွန်လတ်သော်၊ ကေဒါသံ၊ တခုသောနေ့၌။ ဝိဿဇ္ဇိတေနာပိ၊ လွှတ်အပ်သော်လည်း။ အဂန္တွာ၊ မသွားမူ၍။ ဝါ၊ မသွားသေးပဲ။ ဩကာသံ ကာရေတွာ၊ ခွင့်တောင်း၍။ အာဂမနကာရဏံ၊ လာခြင်း၏ အကြောင်းကို။ အာရောစေတဗ္ဗံ၊ လျှောက်ထားအပ်၏။ ဝါ၊ တနည်းကား။ အကာလေ၊ အခါမဟုတ်သည်၌။ ဝါ၊ အခါမဲ့၌။ ဂန္တွာ၊ သွား၍။ "ကိမတ္ထံ၊ အဘယ်အကျိုးငှာ။ အာဂတောအသိတိ၊ လာသနည်း" ဟု။ ပုဋ္ဌေန၊ မေးသည်ဖြစ်၍။ ဝါ၊ မေးလျှင်(အာဂမနကာရဏံ၊ လာခြင်းအကြောင်းကို)။ အာရောစေတဗ္ဗံ၊ လျှောက်ထားအပ်၏။ သော အာစရိယော၊ ထိုဆရာသည်။ပါတောဝ၊ နံနက်မှပင်။ အာဂစ္ဆ ဣတိ၊ လာခဲ့ဟု။ သစေ ဝဒတိ၊ အကယ်၍ ပြောဆိုပါမူ။ ပါတောဝ၊ နံနက်ကပင်လျှင်။ ဂန္တဗ္ဗံ၊ သွားသင့်၏-သွားရမည်။

သဇေ၊အာကင်္ခယ်၍။ တာယ ဝေလာယ၊ ထိုအချိန်၌။ အသ၊ ထိုတပည့်ရဟန်း၏။ ပိတ္တာဗာဓေန ဝါ၊ သည်းခြေနာသည့်မှုလည်း။ ကုစ္ဆိ၊ ဝမ်းကို။ ပရိဍယှတိ၊ လောင်ပြောအံ့။ အဂ္ဂိမန္ဒတာယ ဝါ၊ ပါစကဝမ်းမီး ညှံ့ခြင်းကြောင့်။ ဘတ္တံ နဇီရတိ၊ အစာမှုလည်း မကြေပြောအံ့။ အညော၊ အခြားတပါးသော။ ကောစိ ရောဂေါ ဝါ၊ မှာရောဂါ တစုံတရာသည်မှုလည်း။ ဗာဓတိ၊ နှိပ်စက်ပြောအံ့။ တံ၊ ထိုအနာရောဂါကို။ ယထာဘူတံ အာဝိကတွာ၊ အမှန်အတိုင်း ပြောပြလျှောက်ထား၍။ အတ္တနော၊ မိမိအား။ သပ္ပာယဝေလံ၊ လျောက်ပတ်သော အချိန်ကို။ အာရောစေတွာ၊ လျှောက်ထားပြီးလျှင်။ တာယ ဝေလာယ၊ ထိုအချိန်၌။ ဥပသင်္ကမိတဗ္ဗံ၊ ဆရာ့ထံသို့ ချဉ်းကပ်ရမည်။ ဟိ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူ။ အသပ္ပာယ ဝေလာယ၊ မလျောက်ပတ်သော အချိန်၌။ ကမ္မဋ္ဌာနံ ဝုစ္စမာနမ္ပိ၊ ကမ္မဋ္ဌာန်းကို ဟောအပ်သော်လည်း။ မနသိကာတုံ၊ နှလုံးသွင်းခြင်းငှာ။ န သက္ကာ ဟောတိ၊ မစွမ်းနိုင်ပေ။ ဣတိ တသ္မာ၊ ထိုကြောင့်။ တာယ ဝေလာယ၊ ထိုအချိန်၌။ ဥပသင်္ကမိတဗ္ဗံ၊ ဆရာ့ထံသို့ ချဉ်းကပ်ရမည်။(ပြန်စပ်)။ အယံ၊ ဤသည်ကား။ "ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာတိ ဧတ္ထ၊ ကမ္မဋ္ဌာနဒါယကံ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ ဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ပေတည်း။

## စရိယာဝဏ္ဏနာ

### စရိုက်ကို ပြဆိုချက်

(၈၇) ၄၃။ ဣဒါနိ၊ ယခုအခါ၌။ အတ္တနော စရိယာနုကူလန္တိ ဧတ္ထ၊ အတ္တနော စရိယာနုကူလံ ဟူသော ဤစကားရပ်၌။ စရိယာ၊ စရိုက်တို့သည်။ ရာဂစရိယာ၊ ရာဂအဖြစ်များခြင်း လည်းကောင်း။ ဒေါသစရိယာ၊ ဒေါသအဖြစ် များခြင်းလည်းကောင်း။ မောဟစရိယာ၊ မောဟအဖြစ်များခြင်း လည်းကောင်း။ သဒ္ဓါစရိယာ၊ သဒ္ဓါအဖြစ် များခြင်းလည်းကောင်း။ ဗုဒ္ဓိစရိယာ၊ ပညာအဖြစ် များခြင်းလည်းကောင်း။ ဝိတက္ကစရိယာ၊ ဝိတက်အဖြစ် များခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဆ၊ ခြောက်ပါးအပြားရှိကုန်၏။ ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ ရာဂါဒီနံ၊ ရာဂအစရှိသည်တို့၏။ သံသဂ္ဂသန္နိပါတဝသေန၊ အချင်းချင်းယှဉ်သောအားဖြင့် ရောနှောခြင်း, တသန္တာန်တည်း၌ အကျုံးဝင်သောအားဖြင့် ပေါင်းဆုံခြင်းတို့၏ အစွမ်းအားဖြင့်။ အပရာပိ၊ တပါးလည်းဖြစ်ကုန်သော။ စတဿော၊ လေးပါးကုန်သော စရိုက်တို့သည်လည်းကောင်း။ သဒ္ဓါဒီနံ၊ သဒ္ဓါ,ပညာ,ဝိတက်တို့၏။(သံသဂ္ဂသန္နိပါတဝသေန၊ ရောနှောခြင်း ပေါင်းဆုံခြင်းတို့၏ အစွမ်းအားဖြင့်)။ တထာ၊ ထို့အတူ။ စတဿော၊ လေးပါးကုန်သော စရိုက်တို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာဟိ အဋ္ဌဟိ သဒ္ဓိံ၊ ဤရှစ်ပါးတို့နှင့်

တက္က။ စုဒ္ဒသ၊ တဆယ့်လေးပါးတို့ကို။ ဂူဠ္ဆတ္တိ၊ အလိုရှိကြကုန်၏။ ပန၊ သို့သော်လည်း။ ဧဝံ၊ ဤသို့ သံသဂ္ဂသန္နိပါတ၏ အလိုအားဖြင့်။ ဘေဒေ ဝုစ္စမာနေ၊ အကွဲအပြားကို ဆိုသည်ရှိသော်။ ရာဂါဒီနံ၊ ရာဂစသည်တို့၏။ သဒ္ဓါဒီဟိပိ၊ သဒ္ဓါစသည်တို့နှင့်လည်း။ သံသဂ္ဂံ ကတွာ၊ ရောနှောခြင်းကို ပြုလျှင်။ အနေကာ စရိယာ ဟောန္တိ၊ စရိုက်များစွာဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခေပေန၊ အကျဉ်းအားဖြင့်။ ဆဠေဝ စရိယာ၊ ခြောက်ပါးသာဖြစ်သော စရိုက်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ စရိယာ၊ အဖြစ်များခြင်း စရိယသဒ္ဒါလည်းကောင်း။ ပကတိ၊ ပင်ကိုရင်းသဘော ပကတိသဒ္ဒါလည်းကောင်း။ ဥဿန္နတာ၊ ထူပြောလွန်ကဲခြင်း ဥဿန္နတာသဒ္ဒါ လည်းကောင်း။ ဣတိ ဣမေ၊ ဤသဒ္ဒါသုံးပါးတို့သည်။ အတ္ထတော၊ အနက်အားဖြင့်။ ဧကာ၊ တူကုန်၏။ တာသံ ဝသေန၊ ထိုစရိုက်တို့၏ အစွမ်းအားဖြင့်။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ရာဂစရိတော၊ ရာဂထူပြောသော ပုဂ္ဂိုလ်လည်းကောင်း။ ဒေါသစရိတော၊ ဒေါသထူပြောသော ပုဂ္ဂိုလ်သည်းကောင်း။ မောဟစရိတော၊ မောဟထူပြောသော ပုဂ္ဂိုလ်လည်းကောင်း။ သဒ္ဓါစရိတော၊ သဒ္ဓါထူပြောသော ပုဂ္ဂိုလ်လည်းကောင်း။ ဗုဒ္ဓိစရိ-တော၊ ပညာထူပြောသော ပုဂ္ဂိုလ်လည်းကောင်း။ ဝိတက္ကစရိတော၊ ဝိတက်ထူပြောသော ပုဂ္ဂိုလ်လည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဆဠေဝ၊ ခြောက်ပါးသာလျှင် ဖြစ်ကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထိုခြောက်ယောက်သော ပုဂ္ဂိုလ်တို့တွင်။ ရာဂစရိတဿ၊ ရာဂထူပြောသော ပုဂ္ဂိုလ်အား။ ယသ္မာ၊ အကြင်ကြောင့်။ ကုသလပဝတ္တိသမယေ၊ ကုသိုလ်ဖြစ်သော အခါ၌။ သဒ္ဓါ၊ သဒ္ဓါသည်။ ဗလဝတီ ဟောတိ၊ အားကြီး၏။ ကသ္မာ၊ အဘယ်ကြောင့်ဆိုသော်။ ရာဂဿ၊ ရာဂ၏။ ဝါ၊ ရာဂနှင့်။ အာသန္နဂုဏတ္တာ၊ နီးစပ်သော ဂုဏ်ရှိသည်၏ အဖြစ်ကြောင့်တည်း။ ဝါ၊ ဂုဏ်ချင်းနီးစပ်သောကြောင့် ပေတည်း။ (တနည်း။ ပုစ္ဆာဝါကျ, ဝိသဇ္ဇနာဝါကျ ထုတ်၍ အနက်ပေးအံ့)။

ကသ္မာ၊ အဘယ့်ကြောင့်။ ရာဂစရိတဿ၊ ရာဂထူပြောသော ပုဂ္ဂိုလ်အား။ ကုသလပ္ပဝတ္တိသမယေ၊ ကုသိုလ်ဖြစ်သော အခါ၌။ သဒ္ဓါ၊ သဒ္ဓါသည်။ ဗလဝတီ ဟောတိ၊ အားကြီးပါသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ရာဂဿ၊ ရာဂထူပြောသော ပုဂ္ဂိုလ်၏။ ဝါ၊ ရာဂနှင့်။ အာသန္နဂုဏတ္တာ၊ နီးစပ်သော ဂုဏ်ရှိသည်၏ အဖြစ်ကြောင့်။ ဝါ၊ ဂုဏ်ချင်းနီးစပ်သောကြောင့်။ ရာဂ-စရိတဿ၊ ရာဂထူပြောသော ပုဂ္ဂိုလ်အား။ ကုသလပ္ပဝတ္တိသမယေ၊ ကုသိုလ်ဖြစ်သော အခါ၌။ သဒ္ဓါ ဗလဝတီ ဟောတိ၊ သဒ္ဓါအားကြီး၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေတည်း။ (ဤဝါကျမျိုး တွေ့ပါက ဤအတိုင်းပေးပါ)။

ဟိ၊ ထင်ရှားစေဦးအံ့။ အကုသလပဥ္စကေ၊ အကုသိုလ်အဖို့၌။ ရာဂေါ၊ ရာဂသည်။ သိနိဒ္ဒေါ၊ စိုပြေညက်သောသည်။ နာတိလူခေါ၊ အလွန်ခြောက်သွေ့ကြမ်းတမ်းခြင်း မရှိသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ထိုအတူ။ကုသလပဥ္စကေ၊ ကုသိုလ်အဖို့၌။ သဒ္ဓါ၊ သဒ္ဓါသည်။ သိနိဒ္ဓါ၊ စိုပြေညက်သောသည်။ နာတိလူခါ၊ အလွန်ခြောက်သွေ့ကြမ်းတမ်းခြင်း မရှိသည်။ ဟောတိ၊ ဖြစ်၏။ (ပြန်စပ်)။ ရာဂေါ၊ ရာဂသည်။ ဝတ္ထုကာမေ၊ ဝတ္ထုကာမတို့ကို။ ပရိယေသတိ ယထာ၊ ရှာမှီးသကဲ့သို့။ ဧဝံ၊ ဤအတူ။ သဒ္ဓါ၊ သဒ္ဓါသည်။ သီလာဒိဂုဏေ၊ သီလစသော ဂုဏ်တို့ကို။ ပရိယေသတိ၊ ရှာမှီး၏။ (ပြန်စပ်)။ရာဂေါ၊ ရာဂသည်။ အဟိတံ၊ အကျိုးစီးပွားမဲ့ကို။ န ပရိစ္စဇတိ ယထာ၊ မစွန့်သကဲ့သို့။ဧဝံ၊ ဤအတူ။ သဒ္ဓါ၊ သဒ္ဓါသည်။ ဟိတံ၊ အကျိုးစီးပွားကို။ န ပရိစ္စဇတိ၊ မစွန့်ပေ။ တသ္မာ၊ ထို့ကြောင့်။ သဒ္ဓါစရိတော၊ သဒ္ဓါထူပြောသော ပုဂ္ဂိုလ်သည်။ ရာဂစရိတဿ၊ ရာဂထူပြောသော ပုဂ္ဂိုလ်နှင့်။ သဘာဂေါ၊ သဘောတူ၏။

ပုန၊ အဖို့တပါးကား။ ဒေါသစရိတဿ၊ ဒေါသထူပြောသော ပုဂ္ဂိုလ်အား။ ယသ္မာ၊ အကြင်ကြောင့်။ ကုသလပ္ပဝတ္တိသမယေ၊ ကုသိုလ်ဖြစ်သော အခါ၌။ ပညာ ဗလဝတီ ဟောတိ၊ ပညာအားကြီး၏။ ကသ္မာ၊ အဘယ်ကြောင့်ဆိုသော်။ ဒေါသဿ၊ ဒေါသ၏။ ဝါ၊ ဒေါသနှင့်။ အာသန္နဂုဏတ္တာ၊ ဂုဏ်ချင်းနီးသောကြောင့် ပေတည်း။ (ပဋ္ဌာဝါကျ ဝိသဇ္ဇနာဝါကျ ထုတ်လိုက ထုတ်ပေးပါ)။ ဟိ၊ ထင်ရှားစေဦးအံ့။ အကုသလပဥ္စကေ၊ အကုသိုလ်အဖို့၌။ ဒေါသော၊ ဒေါသသည်။ နိဿိနေဟော၊ အဆီအစေး မရှိသည်ဖြစ်၍။ ဝါ၊ အဆီအစေး မရှိသောကြောင့်။ အာရမ္မဏံ၊ အာရုံကို။ န အလ္လီယတိ ယထာ၊ မကပ်ငြိသကဲ့သို့။ ဧဝံ၊ ဤအတူ။ ကုသလပဥ္စကေ၊ ကုသိုလ်အဖို့၌။ ပညာ၊ ပညာသည်။ နိဿိနေဟာ၊ အဆီအစေး မရှိသည်ဖြစ်၍။ ဝါ၊ အဆီအစေး မရှိသောကြောင့်။ အာရမ္မဏံ၊ အာရုံကို။ န အလ္လီယတိ၊ မကပ်ငြိတတ်ပေ။(ပြန်စပ်)။ စ၊ ထို့မှတပါး။ ဒေါသော၊ ဒေါသသည်။ အဘူတမ္ပိ ဒေါသမေဝ၊ မဟုတ်မမှန်သည်သာဖြစ်သော အပြစ်ကို။ ပရိယေသတိ ယထာ၊ ရှာကတ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပညာ၊ ပညာသည်။ ဘူတံ ဒေါသမေဝ၊ ဟုတ်မှန်သော သင်္ခါရတို့၏ အပြစ်ကိုသာလျှင်။ ပရိယေသတိ၊ ရှာတတ်၏။ (ပြန်စပ်)။ ဒေါသော၊ ဒေါသသည်။ သတ္တပရိဝဇ္ဇနာကာရေန၊ သတ္တဝါတို့ရှောင်ကြဉ်သော အခြင်းအရာအားဖြင့်။ ပဝတ္တတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပညာ၊ ပညာသည်။ သင်္ခါရပရိဝဇ္ဇနာကာရေန၊ သင်္ခါရကို ရှောင်ကြဉ်သော အခြင်းအရာအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ (ပြန်စပ်)။ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓိစရိတော၊ ပညာထူပြောသော ပုဂ္ဂိုလ်သည်။ ဒေါသစရိတဿ၊ ဒေါသထူပြောသော ပုဂ္ဂိုလ်နှင့်။ သဘာဂေါ၊ သဘောတူ၏။

ပန၊ အဖွဲ့တပါးကား။ မောဟစရိတဿ၊ မောဟထူပြောသောပုဂ္ဂိုလ်အား။ ယသ္မာ၊ အကြင်ကြောင့်။ အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ ဝါယမမာနဿ၊ အားထုတ်သည်ရှိသော်။ ယေဘုယျေန၊ များသောအားဖြင့်။ အန္တရာယကရာ၊ အန္တရာယ်ပြုတတ်ကုန်သော။ ဝိတက္ကာ၊ မိစ္ဆာဝိတက်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်ဆိုသော်။ ဝိတက္ကော၊ ဝိတက်သည်။ မောဟဿ၊ မောဟနှင့်။ အာသန္နလက္ခဏတ္တာ၊ လက္ခဏာချင်း နီးနှောသောကြောင့်ပင်တည်း။ (ပုစ္ဆာဝါကျ, ဝိသဇ္ဇနာဝါကျ ထုတ်လိုက ထုတ်လေ။) ဟိ၊ ထင်ရှားစေဦးအံ့။ မောဟော၊ မောဟသည်။ ပရိဗ္ဗာကုလတာယ၊ ထက်ဝန်းကျင်ရှုပ်ထွေးလာသောကြောင့်။ အနဝဋ္ဌိတော ယထာ၊ မတည်တံ့သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဝိတက္ကော၊ ဝိတက်သည်။ နာနပ္ပကာရဝိတက္ကနတာယ၊ အာရုံအမျိုးမျိုးကို ကြံစည်တတ်သောကြောင့်။ အနဝဋ္ဌိတော၊ မတည်တံ့ပေ။ (ပြန်စပ်)။ စ၊ ထို့မှတပါး။ မောဟော၊ မောဟသည်။ အပရိယောဂါဟနတာယ၊ အာရုံသို့မသက်ဝင်တတ်သောကြောင့်။ စဉ္စလော ယထာ၊ တုန်လှုပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဝိတက္ကော၊ ဝိတက်သည်။ လဟုပရိကပ္ပနတာယ၊ လျင်မြန်စွာ ကြံစည်တတ်သောကြောင့်။ စဉ္စလော၊ တုန်လှုပ်၏။ (ပြန်စပ်)။ တသ္မာ၊ ထို့ကြောင့်။ ဝိတက္ကစရိတော၊ ဝိတက်ထူပြောသောပုဂ္ဂိုလ်သည်။ မောဟစရိတဿ၊ မောဟထူပြောသောပုဂ္ဂိုလ်နှင့်။ သဘာဂေါ၊ သဘောတူ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

အပရေ၊ တပါးသောဆရာတို့သည်။ တဏှာ မာန ဒိဋ္ဌိဝသေန၊ တဏှာ, မာန, ဒိဋ္ဌိတို့၏အစွမ်းအားဖြင့်။ အပရာပိ တိဿော စရိယာ၊ အခြားသော စရိုက်သုံးပါးတို့ကိုလည်း။ ဝဒန္တိ၊ မိန့်ဆိုကြကုန်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ တဏှာ၊ တဏှာသည်။ ရာဂေါယေဝ၊ ရာဂသာလျှင်တည်း။ မာနော စ၊ မာနသည်လည်း။ တံသမ္ပယုတ္တော၊ ထိုတဏှာနှင့်ယှဉ်ဘက်ဖြစ်၍၊ ဣတိ၊ ထို့ကြောင့်။ တဒုဘယံ၊ ထိုတဏှာ, မာန နှစ်ပါးစုံသည်။ ရာဂစရိယံ၊ ရာဂစရိုက်ကို။ (၉၉) နာတိဝတ္တတိ၊ လွန်၍ မဖြစ်ပေ။ ဒိဋ္ဌိယာ၊ ဒိဋ္ဌိ၏။ မောဟနိဒါနတ္တာ၊ မောဟဟူသောအကြောင်းရင်းရှိသောကြောင့်။ ဒိဋ္ဌိစရိယာ၊ ဒိဋ္ဌိစရိုက်သည်။ မောဟစရိယံ ဧဝ၊ မောဟစရိုက်သို့သာလျှင်။ အနုပတတိ၊ အစဉ်လိုက်၏။ ဝါ၊ သက်ဝင်၏။

၄၄။ ပန၊ ဆက်အံ့။ တာ တော စရိယာ၊ ထိုစရိုက်တို့သည်။ ကိံနိဒါနာ၊ အဘယ်အကြောင်းကြောင့်ဖြစ်ကုန်သနည်း။ "အယဉ္စ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်ကား။ ရာဂစရိတော၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်ဖြစ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ဒေါသာဒီသု၊ ဒေါသစရိုက်စသည်တို့တွင်။ အညတရစရိတော၊

တမျိုးမျိုးသော စရိုက်ရှိသော ပုဂ္ဂိုလ်ဖြစ်၏။ ဣတိ၊ ဤသို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဇာနိတဗ္ဗံ၊ သိအပ်သနည်း။ ကိံ စရိတော၊ အဘယ်စရိုက်ရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ ကိံ၊ အဘယ်သို့သောကျောင်း,ညောင်စောင်းစသည်သည်။ သပ္ပါယံ၊ သင့်လျော်သနည်း။ ဣတိ၊ ဤကား အမေးတည်း။

တတြ၊ ထိုအမေးပြဿနာ၌။ ဝိဘင်္ဂနံ၊ အဖြေကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တာဝ၊ အစဉ်အားဖြင့်။ ပုရိမာ တိဿော စရိယာ၊ ရှေးဖြစ်သော ရာဂ, ဒေါသ, မောဟ စရိုက်သုံးပါးတို့သည်။ ပုဗ္ဗာစိဏ္ဏနိဒါနာ စ၊ ရှေးဘဝ၌ ပြုခဲ့ဖူးသော အလေ့အကျက်ဟူသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ဓာတုဒေါသနိဒါနာ စ၊ ပထဝီစသောဓာတ်နှင့် လေ, သလိပ်စသော ဒေါသဟူသော အကြောင်းကြောင့်ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သော ဥပတိဿမထေရ်တို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ဣဋ္ဌပယောဂသုဘကမ္မဗဟုလော၊ နှစ်သက်ဖွယ်အမူအရာများသောသူ, တင့်တယ်သောအမှုကိုအပြုများသောသူသည်။ ရာဂစရိတော ဟောတိ၊ ရာဂစရိုက်ရှိသူ။ ဝါ၊ ရာဂစရိုက်ထူပြောသောသူဖြစ်၏။ သဂ္ဂါ စဝိတွာ၊ နတ်ပြည်မှစုတေ၍။ ဣဓူပပန္နော ဝါ၊ ဤလူ့ဘုံ၌ ဖြစ်လာသောသူသည်လည်း။ ရာဂစရိတော ဟောတိ၊ ရာဂစရိုက်ရှိသူဖြစ်၏။ (ပြန်စပ်)။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ဆေဒနဝဓဗန္ဓနဝေရကမ္မဗဟုလော၊ ဖြတ်ခြင်း, သတ်ခြင်း, နှောင်ဖွဲ့ခြင်း, ရန်မူခြင်း, အမှု များသောသူသည်။ ဒေါသစရိတော ဟောတိ၊ ဒေါသစရိုက်ရှိသူ။ ဝါ၊ ဒေါသထူပြောသောသူဖြစ်၏။ နိရယနာဂယောနီဟိ စဝိတွာ၊ ငရဲဘုံနှင့် နဂါးမျိုးတို့မှစုတေ၍။ ဣဓူပပန္နော၊ ဤလူ့ပြည်၌လူဖြစ်လာသောသူသည်။ ဒေါသစရိတော ဟောတိ၊ ဒေါသထူပြောသောသူဖြစ်၏။ ပုဗ္ဗေ၊ ရှေးဘဝ၌။ မဇ္ဇပါနဗဟုလော၊ သေရည်အသောက်များသောသူသည်လည်းကောင်း။ သုတပရိပုစ္ဆာဝိဟီနော စ၊ ကြားနာခြင်း, မေးမြန်းခြင်း ကင်းသောသူသည်လည်းကောင်း။ မောဟစရိတော ဟောတိ၊ မောဟစရိုက်ရှိသူ။ ဝါ၊ မောဟထူပြောသောသူဖြစ်၏။ တိရစ္ဆာနယောနိယာ ဝါ စဝိတွာ၊ တိရစ္ဆာန်မျိုးမှစုတေ၍။ ဣဓူပပန္နော၊ ဤလူ့ပြည်၌ လူဖြစ်လာသောသူသည်။ မောဟစရိတော ဟောတိ၊ မောဟစရိုက်ရှိသူ။ ဝါ၊ မောဟထူပြောသူဖြစ်၏။ (ပြန်စပ်)။ ဣတိ ဧဝံ၊ ဤသို့။ ပုဗ္ဗာစိဏ္ဏနိဒါနာ၊ ရှေးဘဝ၌ပြုခဲ့သော အလေ့အကျက်ဟူသော အကြောင်းကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ပန၊ အဖို့တပါးကား။ ပထဝီဓာတုယာ စ၊ ပထဝီဓာတ်၏လည်းကောင်း။ အာပေါဓာတုယာ စ၊ အာပေါဓာတ်၏လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွိန္နံ ဓာတူနံ၊ ဓာတ်နှစ်ပါးတို့၏။ ဥဿန္နတ္တာ၊ လွန်ကဲများပြားသောကြောင့်။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်၊ မောဟစရိတော ဟောတိ၊ မောဟထူပြောသူဖြစ်၏။ ဣတရာသံ ဒွိန္နံ၊ အခြားသောတေဇော

ခေတ်နှင့် ဝါယောဓာတ်ဟူသောဓာတ်နှစ်ပါးတို့၏။ ဥဿန္နတ္တာ၊ လွန်ကဲများပြားသောကြောင့်။ (ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်)။ ဒေါသစရိတော၊ ဒေါသထူပြော၏။ ပန၊ ဒ.ဖွိုတပါးကား။ သဗ္ဗာသံ သမတ္တာ ၊အလုံးစုံသော ဓာတ်လေးပါးညီမျှသောကြောင့်။ ရာဂစရိတော၊ ရာဂစရိုက်ရှိသူဖြစ်လေ၏။ ဒေါသေသု စ၊ လေ, သလိပ်စသော ဒေါသတို့တွင်လည်း။ သေမှာဓိကော၊ သလိပ်လွန်ကဲသောသူသည်။ ရာဂစရိတော ဟောတိ၊ ရာဂစရိုက်ရှိသူဖြစ်လေ၏။ဝါတာဓိကော၊ လေလွန်ကဲသောသူသည်။ မောဟစရိတော၊ မောဟစရိုက်ရှိသူဖြစ်၏။ သေမှာဓိကော၊သလိပ်လွန်ကဲသောသူသည်။ မောဟစရိတော၊ မောဟစရိုက်ရှိသူဖြစ်၏။ ဝါတာဓိကော၊ လေလွန်ကဲသောသူသည်၊ ရာဂစရိတော၊ ရာဂစရိုက်ရှိသူဖြစ်လေ၏။ ဣတိ၊ ဤသို့။ ဓာတုဒေါသနိဒါနာ၊ ပထဝီစသောဓာတ်နှင့် လေ, သလိပ်စသော ဒေါသဟူသော အကြောင်းကြောင့်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဝဒန္တိ၊ ဤသို့ဆိုကြကုန်၏။

တတ္ထ၊ အချို့ဆရာတို့ဆိုကြကုန်သော ထိုစကားရပ်၌။ဝါ၊ ထိုပုဂ္ဂိုလ်တို့တွင်။ ယသ္မာ၊ အကြင်ကြောင့်။ပုဗ္ဗေ၊ ရှေးဘဝ၌။ ဣဋ္ဌပ္ပယောဂသုဘကမ္မဗဟုလာပိ၊ အကောင်းအမွန်နှစ်သက်ဖွယ် အမူအရာများသောသူ, တင့်တယ်သောအမှုကို အပြုများသောသူတို့သည် လည်းကောင်း။ သဂ္ဂါ စဝိတွာ၊ နတ်ပြည်မှ စုတေ၍။ ဣဓူပပန္နာပိ၊ ဤလူ့ပြည်၌ လူဖြစ်လာသောသူတို့သည် လည်းကောင်း။ သဗ္ဗေ၊ အလုံးစုံသောသူတို့သည်။ ရာဂစရိတာ ယေဝ၊ ရာဂစရိုက်ရှိသောသူတို့ ချည်းသာ။န ဟောန္တိ၊ မဖြစ်ကုန်။ ဣတရေ ဝါ၊ ဤမှတပါးသောသူတို့သည်မူလည်း။ (သဗ္ဗေ၊ အလုံးစုံသောသူတို့သည်)။ ဒေါသမောဟစရိတာ၊ ဒေါသစရိုက်ရှိသောသူ, မောဟစရိုက်ရှိသောသူတို့သည်။ (န ဟောန္တိ၊ မဖြစ်ကြကုန်။) ဧဝံ၊ ဤအတူ။ ဓာတုနဉ္စ၊ ဓာတ်တို့၏လည်း။ ယထာ ဝုတ္တေနေဝ နယေန၊ ဆိုခဲ့တိုင်းသောနည်းဖြင့်။ ဥဿဒနိယမော နာမ၊ လွန်ကဲများပြားခြင်း၏ကိန်းသေမြဲခြင်းမည်သည်။ နတ္ထိ၊ မရှိချေ။ ဒေါသနိယမေ စ၊ လေ, သလိပ်စသော ဒေါသကို ကိန်းသေသတ်မှတ်ရာ၌လည်း။ ရာဂမောဟဒွယမေဝ၊ ရာဂ, မောဟ နှစ်ပါးကိုသာလျှင်။ ဝုတ္တံ၊ဆိုထားအပ်၏။ တမ္ပိ စ၊ ထိုနှစ်ပါးသည်လည်း။ ပုဗ္ဗာပရဝိရုဒ္ဓမေဝ၊ ရှေ့နောက်ဆန့်ကျင်သည်သာလျှင်တည်း။ သဒ္ဓါစရိယာဒိသု စ၊ သဒ္ဓါစရိုက် စသည်တို့တွင်လည်း၊ ဧကာပိ၊ တခုသောစရိုက်၏မျှသော်လည်း။ နိဒါနံ၊ အကြောင်းရင်းကို။ န ဝုတ္တမေဝ၊ မဆိုအပ်ခဲ့သည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ ဧတံ သဗ္ဗံ၊ ထိုဆရာတို့၏ အဆိုအလုံးစုံသည်။ အပရိစ္ဆိန္နဝစနံ၊ ပညာဖြင့် ပိုင်းခြား၍ဆိုအပ်သောစကား မဟုတ်ပေ။

ပန၊ အလျှော်ကိုဆိုအံ့၊ ဧတ္ထ၊ ဤစရိုက်တို့၏အကြောင်းရှာခြင်း၌ ဆိုရာ၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ အဋ္ဌကထာဧရိယာနံ၊ အဋ္ဌကထာဆရာတို့၏။ မတာနုသာရေန၊ အလိုသို့ အလျှော်လျှောက်သဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ပေတည်း။ ဟိ၊ မှန်၏။ တော၊ ဤဆိုလတ္တံ့သောစကားကို။ ဥဿဒကိတ္တနေ၊ ဥဿဒကိတ္တနခေါ်သော ထူပြောလွန်ကဲသည်ကို ပြောကြားရာအခန်း၌။ ဝုတ္တံ၊ ဆိုအပ်၏။

"ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ပုဗ္ဗဟေတုနိယာမေန၊ ရှေးအဝ၌ ဖြစ်သော ဟိတ်ဟူသော သတ်မှတ်ကြောင်း နိယာမဖြင့်။ လောဘုဿဒါ စ၊ လောဘလည်း ထူပြောကုန်၏။ ဒေါသုဿဒါ စ၊ ဒေါသလည်း ထူပြောကုန်၏။ မောဟုဿဒါ စ၊ မောဟလည်းထူပြောကုန်၏။ အလောဘုဿဒါ စ၊ အလောဘလည်း ထူပြောကုန်၏။ အဒေါသုဿဒါ စ၊ အဒေါသလည်း ထူပြောကုန်၏။ အမောဟုဿဒါ စ၊ အမောဟလည်း ထူပြောကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(၁၀၀) ဟိ-ဝိတ္ထာရော၊ အကျယ်ကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကို အားထုတ်ဆဲခဏ၌။ လောဘော၊ လောဘသည်။ ဗလဝါ ဟောတိ၊ အားကြီး၏။ အလောဘော၊ အလောဘသည်။ မန္ဒော၊ အားနည်း၏။ အဒေါသာမောဟာ၊ အဒေါသ အမောဟတို့သည်။ ဗလဝန္တော၊ အားကြီး၍။ ဒေါသမောဟာ၊ ဒေါသ မောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ တဿ၊ ထိုသူ၏။ မန္ဒော၊ အားနည်းသော။ အလောဘော၊ အလောဘသည်။ လောဘံ ပရိယာဒါတုံ၊ အားကြီးသော လောဘကို လွှမ်းမိုးခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ အဒေါသာမောဟာ ပန၊ အဒေါသ အမောဟသို့သည်ကား။ ဗလဝန္တော၊ အားကြီး၍။ ပါ၊ အားကြီးကြသောကြောင့်။ ဒေါသမောဟေ၊ အားနည်းသော ဒေါသ မောဟတို့ကို။ ပရိယာဒါတုံ၊ လွှမ်းမိုးခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ တေန ကမ္မေန၊ ထိုကံသည်။ ပါ၊ ထိုကံ။ ဒိန္နပဋိသန္ဓိဝသေန၊ ပေးသော ပဋိသန္ဓေ၏အစွမ်း ဖြင့်။ နိဗ္ဗတ္တော၊ ဖြစ်ပေါ်သော်။ လုဒ္ဓေါ၊ လောဘကြီးသည်။ ဟောတိ၊ ဖြစ်၏။ သုခသီလော၊ ချမ်းသာသော ကိုယ်နှုတ် စိတ်အလေ့ရှိ၏။ ဝါ၊ ပြေပြစ်၏။ အက္ကောဓနော၊ အမျက်ထွက်လေ့ရှိ၊ ဝဇိရူပမညာဏော၊ ဝဇိရ်နှင့်တူသော။ ဝါ၊ စိန်သွားကဲ့သို့။ ပညဝါ၊ ထက်မြက်သော ပညာရှိ၏။ (၁)

ယဿ ပန၊ အကြင်သူအားကား။ ကမ္မာယူဟနက္ခဏေ၊ ကံကိုအားထုတ်သောခဏ၌။ လောဘဒေါသာ၊ လောဘ ဒေါသတို့သည်။ ဗလဝန္တော ဟောန္တိ၊ အားကြီး ကုန်၏။ အလောဘာဒေါသာ၊ အလောဘ အဒေါသတို့သည်။

မန္ဒာ၊ အားနည်းကုန်၏။ အမောဟော၊ အမောဟသည်။ ဗလဝါ၊ အားကြီး၏။ မောဟော၊ မောဟသည်။ မန္ဒော၊ အားနည်း၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ ဘောနကာမှု နာ၊ ထိုက်သည်။ ဝါ၊ ထိုက်က။ ဒိန္နပဋိသန္ဓိဝသေန၊ ပေးသောပဋိသန္ဓေ၏ အစွမ်းဖြင့်။ (နိဗ္ဗတ္တော၊ ဖြစ်သတ်သော်)။ လုဒ္ဓေါ စေဝ၊ လောဘအားကြီးသည်လည်းကောင်း။ ဒုဋ္ဌော စ၊ ဒေါသအားကြီးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဒတ္တာဘယတ္ထေရော ဝိယ၊ ဒတ္တာဘယမထေရ်ကဲ့သို့။ ဝဇိရူပမဉာဏော၊ ဝရဇိန်နှင့်တူသော။ ဝါ၊ စိန်သွားကဲ့သို့။ ပညဝါ၊ ပညာရှိ၏။ (၂)

ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကိုအားထုတ်သောခဏ၌။ လောဘာဒေါသမောဟာ၊ လောဘ, အဒေါသ, မောဟတို့သည်။ ဗလဝန္တော ဟောန္တိ၊ အားကြီးကုန်၏။ ဣတရေ၊ အလောဘ, ဒေါသ, အမောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ လုဒ္ဓေါ စေဝ၊ လောဘအားကြီးသည် လည်းကောင်း။ ဒန္ဓော စ၊ ဉာဏ်လေးသည် လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ပန၊ ချီးမွမ်းဖွယ်ကား။ သီလကော ဟောတိ၊ ကိုယ်နှုတ်စိတ် အမူအရာပြေပြစ်၏။ အက္ကောဓနော၊ အမျက်ထွက်လေ့မရှိ။ ဗာကုလတ္ထေရော ဝိယ၊ ဗာကုလမထေရ်အလားတူ၏။ (၃)

တထာ၊ ထိုမှတပါး။ ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကို အားထုတ်ဆဲခဏ၌။ တယောပိ လောဘဒေါသမောဟာ၊ သုံးပါးသော လောဘ, ဒေါသ, မောဟတို့သည်။ ဗလဝန္တာ ဟောန္တိ၊ အားကြီးကုန်၏။ အလောဘာဒယော၊ အလောဘ အဒေါသ အမောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ လုဒ္ဓေါ စေဝ၊ လောဘအားကြီးသည် လည်းကောင်း။ ဒုဋ္ဌော စ၊ ဒေါသကြီးသည် လည်းကောင်း။ မူဠှော စ၊ တွေဝေသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ (၄)

ပန၊ အဖို့တပါးကား။ ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကိုအားထုတ်ဆဲခဏ၌။ အလောဘ ဒေါသ မောဟာ၊ အလောဘ, ဒေါသ, မောဟတို့သည်။ ဗလဝန္တာ ဟောန္တိ၊ အားကြီးကုန်၏။ ဣတရေ၊ လောဘ, အဒေါသ, အမောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ အလုဒ္ဓေါ၊ လောဘ မကြီးသည် လည်းကောင်း။ အပ္ပကိလေသော၊ ကိလေသာ နည်းသည်လည်းကောင်း။ ဒိဗ္ဗာရမ္မဏမ္ပိ၊ နတ်၌ဖြစ်သော အာရုံကိုသော်လည်း။ ဒိသွာ၊ မြင်ရ၍။ နိစ္စလော ဟောတိ၊ တုန်လှုပ်ခြင်းမရှိပေ။ ပန၊ သို့သော်လည်း။ ဒုဋ္ဌော စ၊ ဒေါသလည်း ကြီး၏။ ဒန္ဓပညော စ၊ ဉာဏ်ပညာသည်းနုံ့ထိုင်း၏။ (၅)

ပန၊ အဖို့တပါးကား။ ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကို အားထုတ်ဆဲ ခဏ၌။ အလောဘာဒေါသာမောဟာ၊ အလောဘ, အဒေါသ မောဟတို့သည်။ ဗလဝန္တော ဟောန္တိ။ အားကြီးကုန်၏။ ဠဘာရော၊ လောဘ ဒေါသ, အမောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ အလုဒ္ဓေါ စေဝ၊ လောဘလည်း မကြီး သည်လည်းကောင်း။ အဒုဋ္ဌော စ၊ ဒေါသလည်း မကြီးသည် လည်းကောင်း။ သီလကော စ၊ ကိုယ်နှုတ်စိတ် အမူအရာလည်း ပြေပြစ်၏။ ပန၊ သို့သော်လည်း။ ဒန္ဓော ဟောတိ၊ ဉာဏ်ပညာကားနုံ့ထိုင်း၏။ (၂)

တထာ၊ ထိုမှတပါး။ ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကို အားထုတ်ဆဲခဏ၌။ အလောဘာဒေါသာမောဟာ၊ အလောဘ, ဒေါသ, အမောဟတို့သည်။ ဗလဝန္တော ဟောန္တိ၊ အားကြီးကုန်၏။ ဠတရော၊ လောဘ, အဒေါသ မောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်ပင်လျှင်။ အလုဒ္ဓေါစေဝ၊ လောဘမကြီးသည် လည်းကောင်း။ ပညဝါ စ၊ ပညာကြီးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ပန၊ သို့သော်လည်း။ ဒုဋ္ဌော စ၊ ဒေါသကြီးသည်လည်းကောင်း။ ကောဓနော စ၊ အမျက်ထွက်လေ့ရှိသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ (၃)

(၁၀၁) ပန၊ အဖို့တပါးကား။ ယဿ၊ အကြင်သူအား။ ကမ္မာယူဟနက္ခဏေ၊ ကံကို အားထုတ်ဆဲ ခဏ၌။ အလောဘာဒေါသာမောဟာ၊ အလောဘ, အဒေါသ,အမောဟတို့သည်။ ဗလဝန္တော ဟောန္တိ၊ အားကြီးကုန်၏။လောဘာဒယော၊ လောဘ, ဒေါသ, မောဟတို့သည်။ မန္ဒာ၊ အားနည်းကုန်၏။ သော၊ ထိုသူသည်။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ မဟာသံဃရက္ခိတတ္ထေရော ဝိယ၊ မဟာသံဃရက္ခိတမထေရ်ကဲ့သို့။ အလုဒ္ဓေါ စ၊ လောဘမကြီးသည် လည်းကောင်း။ အဒုဋ္ဌော စ၊ ဒေါသမကြီးသည်လည်းကောင်း။ ပညဝါ စ၊ ပညာကြီးသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ (၄)

စ၊ဆက်ဦးအံ့။ ဧတ္ထ၊ ဤပုဂ္ဂိုလ်တို့တွင်။ ဝါ၊ဤဆိုအပ်ပြီးသော စကားရပ်၌။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်ကို။ လုဒ္ဓေါတိ၊လောဘကြီးသူဟူ၍။ဝုတ္တော၊ ဆိုအပ်၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ရာဂစရိတော၊ ရာဂစရိုက်ရှိ သူပေတည်း။ ဒုဋ္ဌဒန္ဓာ၊ ဒေါသကြီးသူ, ဉာဏ်ပညာနုံ့ထိုင်းသူတို့သည်။ ဒေါသ-မောဟစရိတာ၊ ဒေါသစရိုက်ရှိသူ, မောဟစရိုက်ရှိသူတို့ပေတည်း။ ပညဝါ၊ ပညာကြီးသူသည်။ ဗုဒ္ဓိစရိတော၊ ဗုဒ္ဓိစရိုက်ရှိသောသူပေတည်း။ အလုဒ္ဓအဒုဋ္ဌာ၊ လောဘမကြီးသူ, ဒေါသမကြီးသူတို့သည်။ ပသန္နပကတိတာယ၊ ကြည်လင်ခြင်းပင်ကိုသဘော ရှိသောကြောင့်။ သဒ္ဓါစရိတာ၊ သဒ္ဓါစရိုက်ရှိသူတို့ပေတည်း။

ဝါ၊ တနည်းကား။ အမောဟပရိဝါရေန ကမ္မုနာ၊ အမောဟခြံရံသော ကံကြောင့်။ နိဗ္ဗတ္တော၊ ဖြစ်သောသူသည်။ ဗုဒ္ဓိစရိတော ယထာ၊ ဗုဒ္ဓိစရိုက်ရှိသူကဲ့သို့။ ဝေ၊ ဤအတူ။ ဗလဝသဒ္ဓါပရိဝါရေန၊ အားကြီးသော သဒ္ဓါ ခြံရံသောကံကြောင့်။ နိဗ္ဗတ္တော၊ ဖြစ်သောသူသည်။ သဒ္ဓါစရိတော၊ သဒ္ဓါစရိုက်ရှိ၏။ ကာမဝိတက္ကာဒိပရိဝါရေန ကမ္မေန၊ ကာမဝိတက်စသည် ခြံရံသောကံကြောင့်။ နိဗ္ဗတ္တော၊ ဖြစ်သောသူသည်။ ဝိတက္ကစရိတော၊ ဝိတက် စရိုက်ရှိ၏။ လောဘာဒိနာ၊ လောဘစသည်နှင့်။ ဝေါမိဿပရိဝါရေန ကမ္မုနာ၊ ရောနှောသော အခြံအရံရှိသောကံကြောင့်။ နိဗ္ဗတ္တော၊ ဖြစ်သောသူသည်။ ဝေါမိဿစရိတော၊ ရောနှောသောစရိုက်ရှိ၏။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်သတည်း။ ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ လောဘာဒီသု၊ လောဘစသည်တို့တွင်။ အညတရပရိဝါရံ၊ တပါးပါးခြံရံသော။ ပဋိသန္ဓိဇနကံ ကမ္မံ၊ ပဋိသန္ဓေကို ဖြစ်စေသောကံသည်။ စရိယာနံ နိဒါနံ၊ စရိုက်တို့၏ အကြောင်းရင်းပေတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

၄၅။ ပန၊ အဖို့တပါးကား။ ကထဉ္စ ဇာနိတဗ္ဗံ အယံ ပုဂ္ဂလော ရာဂစရိတောတိအာဒိ၊ ကထဉ္စ ဇာနိတဗ္ဗံ အယံ ပုဂ္ဂလော ရာဂစရိတော ဤသို့ အစရှိသော။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တတြ၊ ထိုမေးခွန်း၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ နယော၊ သိကြောင်းနည်းပေတည်း—

ဣရိယာပထတော၊ ဣရိယာပုထ်အားဖြင့် လည်းကောင်း။ ကိစ္စာ၊ ကိစ္စအားဖြင့် လည်းကောင်း။ ဘောဇနာ၊ ဘောဇဉ်အားဖြင့် လည်းကောင်း။ ဒဿနာဒိတော၊ ကြည့်ရှုခြင်းစသည်အားဖြင့် လည်းကောင်း။ ဓမ္မပ္ပဝတ္တိတော စေဝ၊ မာယာ သာဌေယျ စသော တရားတို့၏ ဖြစ်ခြင်းအားဖြင့် လည်းကောင်း။ စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။ ဣတိ၊ ဤသည်ကား။ နယော၊ သိကြောင်းနည်း ပေတည်း။

ဟိ၊ ချဲ့ဦးအံ့။ တတ္ထ၊ ထိုငါးမျိုးတို့တွင်။ ဣရိယာပထတော တိ ဧတ္ထ၊ ဣရိယာပထတော ဟူသော ဤပုဒ်၌။ ဝိတ္ထာရော၊ ချဲ့ကျယ်ကား။ ရာဂစရိတော၊ ရာဂစရိုက်ရှိသောသူသည်။ ပကတိဂမနေန၊ ပကတိသွားနေကျဖြင့်။ ဂစ္ဆန္တော၊ သွားလျှင်။ ဝါ၊ သွားသော်။ စာတုရိယေန၊ ယဉ်ကျေးတင့်တယ်သည်၏အဖြစ် ဖြင့်။ ဂစ္ဆတိ၊ သွား၏။ သဏိကံ၊ ဖြည်းညင်းစွာ။ ပါဒံ၊ ခြေကို။ နိက္ခိပတိ၊ ချ၏။ သမံ၊ ညီညီညာညာ။ နိက္ခိပတိ၊ ချ၏။ သမံ၊ ညီညီညာညာ။ ဥဒ္ဓရတိ၊ ကြွ၏။ အဿ၊ ထိုရာဂစရိုက်ရှိသောပုဂ္ဂိုလ်၏။ ပဒဥ္စ၊ ခြေရာသည်လည်း။ ဥက္ကုဋိကံ၊ အလယ်၌ခုံး၏။ ဒေါသစရိတော၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ ပါဒဂ္ဂေဟိ၊ ခြေဖျားတို့ဖြင့်။ ခဏန္တော ဝိယ၊ မြေကိုတူးသကဲ့သို့။ ဂစ္ဆတိ၊ သွား၏။ ပါဒံ၊

ခြေကို။ သဟသာ၊ အဆောတလျင်။ ဝါ၊ ကတိုက်ကရိုက်။ နိက္ခိပတိ၊ ချ၏။ သဟသာ၊ အဆောတလျင်။ ဝါ၊ ကတိုက်ကရိုက်။ ဥဒ္ဓရတိ၊ ကြွ၏။ အသော၊ ထိုပုဂ္ဂိုလ်၏။ ပဒံ၊ ခြေရာသည်ကား။ အနုကဍ္ဍိတံ၊ နောက်ဖနောင့်ဘက်သို့ ဆွဲငင်ထား၏။ မောဟစရိတော၊ မောဟ စရိုက်ရှိသောသူသည်။ ပရိဗျာကုလံယာယ၊ ထက်ဝန်းကျင် ဖယ်ရမ်းဖယ်ရမ်း နှောင့်ယှက်သော။ ဂတိယာ၊ သွားခြင်းဖြင့်။ ဂစ္ဆတိ၊ သွား၏။ ပါဒံ၊ ခြေကို။ ဆမ္ဘိတော ဝိယ၊ ရှုံတီးရှုံတွံ့ ကဲ့သို့။ နိက္ခိပတိ၊ ချ၏။ ဆမ္ဘိတော ဝိယ၊ ရှုံတီးရှုံတွံ့ ကဲ့သို့။ ဥဒ္ဓရတိ၊ ကြွ၏။ အဿ၊ ထိုမောဟစရိုက်ရှိသော ပုဂ္ဂိုလ်၏။ ပဒံ စ၊ ခြေရာသည်လည်း။ သဟသာနုပီဠိတံ၊ အဆောတလျင်။ (ဝါ၊ အလျင်စလို)နင်းထားသောခြေရာသည်။ ဟောတိ၊ ဖြစ်၏။ စ၊ မှန်၏။ မာဂဏ္ဍိယသုတ္တုပ္ပတ္တိယံ၊ မာဂဏ္ဍိယသုတ် အတ္ထုပ္ပတ်၌—

ဟိ၊ သင့်စွ။ ရတ္တဿ၊ ရာဂထူပြောသောသူ၏။ ပဒံ၊ ခြေရာသည်။ ဥက္ကုဋိကံ၊ အလယ်မထိ ဆောင့်ကြွားရှိသည်။ ဝါ၊ အလယ်ခုံးသည်။ ဘဝေ၊ ဖြစ်၏။ ဒုဋ္ဌဿ၊ ဒေါသထူပြောသောသူ၏။ ပဒံ၊ ခြေရာသည်။ အနုကဍ္ဍိတံ၊ နောက်ဘက်သို့ ဆွဲငင်ထား၏။ မူဠှဿ၊ မောဟထူပြောသောသူ၏။ ပဒံ၊ ခြေရာသည်။ သဟသာနုပီဠိတံ၊ အဆောတလျင် (အလျင်စလို) ဖိနင်းထားသော ခြေရာဖြစ်၏။ ဤဒိသံ၊ ဤသို့ ညီညီညာညာ ကောင်းစွာထိခြင်းသဘောရှိသော။ ဣဒံ ပဒံ၊ ဤခြေရာသည်။ ဝိဝဋ္ဋစ္ဆဒဿ၊ ကိလေသာဟူသောအမိုးကို ဖွင့်လှစ်ပြီးသောသူ၏။ ပဒံ၊ ခြေရာပေတည်း။ ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုထားပေ၏။

(၁၀၂) ရာဂစရိတဿ၊ ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်၏။ ဌာနမ္ပိ၊ ရပ်ခြင်းသည်လည်း။ ပါသာဒိကံ၊ ကြည်ညိုဖွယ်ကိုဆောင်သည်။ မဓုရာကာရံ၊ ယဉ်ကျေးတင့်တယ် နှစ်သက်ဖွယ် အခြင်းအရာရှိ၏။ ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်၏။ (ဌာနမ္ပိ၊ ရပ်ခြင်းသည်လည်း) ထဒ္ဓါကာရံ၊ တောင့်တင်းခိုင်မာသော အခြင်းအရာရှိ၏။ မောဟစရိတဿ၊ မောဟစရိုက်ရှိသော ပုဂ္ဂိုလ်၏။ (ဌာနမ္ပိ၊ ရပ်ခြင်းသည်လည်း။) အာကုလာကာရံ၊ မသေမသပ် ရှုပ်ထွေးသော အခြင်းအရာရှိ၏။ နိသဇ္ဇာယပိ၊ ထိုင်ခြင်း၌လည်း။ ဧသေဝ နယော၊ ဤနည်းပင်တည်း။ ရာဂစရိတော စ၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်သည်လည်း။ အတရမာနော၊ ဖြည်းဖြည်း သက်သာ။ သမံ၊ ညီညီညာညာ။ သေယျံ ပညာပေတွာ၊ အိပ်ရာကိုခင်းပြီးလျှင်။ သဏိကံ နိပဇ္ဇိတွာ၊ ဖြည်းညင်းစွာလဲလျောင်း၍။ အင်္ဂပစ္စင်္ဂါနိ၊ ကိုယ်အင်္ဂါတို့ကို။ သမောဓာယ၊ သေသေသပ်သပ်ထားလျက်။ ပါသာဒိကေန အာကာရေန၊ ကြည်ညိုဖွယ်ကိုဆောင်သော အခြင်းအရာဖြင့်။ သယတိ၊ အိပ်၏၊ ဝုဋ္ဌာပိယမာနော စ၊ အိပ်ရာမှထစေလျှင်။ ဝါ၊ နိုးလျှင်လည်း။ သီဃံ အဝုဋ္ဌာယ၊ အလျင်

အမြန်မထပဲ။ သင်္ကိတော ဝိယ၊ ရှံ့ရှားစိုးရိမ်သကဲ့သို့။ သင်္ကိကံ၊ ဖြည်းညင်း
သက်သာစွာ။ ပဋိဝစနံ ဒေတိ၊ စကားတုံ့ပေး၏။ ဒေါသစရိတော၊ ဒေါသစရိုက်
ရှိသော ပုဂ္ဂိုလ်သည်။ တချမာနော၊ အခဲဆာတလျှင်။ ယထာ ဝါ တထာ ဝါ၊
ဟုတ်ဟုတ်ညားညား။ ဝါ၊ ဖြစ်ကဘတ်ဆန်း။ သေယျံ ပညပေတွာ၊ အိပ်ရာကို
ခင်းပြီးလျှင်။ ပက္ခိတ္တကာယော၊ ကိုယ်ကိုပစ်ချလျက်။ ဘာကုဋိကတွာ၊
မျက်မှောင်ကုတ်၍။ သယတိ၊ အိပ်တတ်၏။ ဝုဋ္ဌာပိယမာနော စ၊ အိပ်ရာမှ
ထခစေလျှင်။ဝါ၊နိုးလျှင်လည်း။ သီဃံ ဝုဋ္ဌာယ၊ လျင်မြန်စွာထ၍။ ကုပိတော ဝိယ၊
အမျက်ထွက်သကဲ့သို့။ ပဋိဝစနံ ဒေတိ၊ စကားတုံ့ပေး၏။ မောဟစရိတော၊
မောဟစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ ဒုဿဏ္ဌာနံ၊ မတင့်မတယ်သော။ သေယျံ
ပညပေတွာ၊ အိပ်ရာကို မသပ်မရပ် ခင်းပြီးလျှင်။ ဝိက္ခိတ္တကာယော၊ ဖရိုဖရဲ
ပစ်နှံ့အပ်သော အင်္ဂါကြီးငယ်ရှိသည် ဖြစ်၍။ ဝါ၊ ကိုယ်အင်္ဂါကြီးငယ်ကို
ဖရိုဖရဲ ပစ်လွှဲလျက်။ ဗဟုလံ၊ များသောအားဖြင့်။ အဓောမုခေါ၊ မှောက်ခုံ
ဖြစ်၍။ သယတိ၊ အိပ်၏။ အဓောမုခေါ သယတိ၊ မှောက်ခုံ အိပ်တတ်၏။
ဝုဋ္ဌာပိယမာနော စ၊ အိပ်ရာမှထလျှင်လည်း။ ဝါ၊ နိုးလျှင်လည်း။ ဟုင်္ကာရံ
ကရောန္တော၊ ဟုန်ဟုန် ဟင်းဟင်းဟူသော ညည်းတွားသံကို ပြုလျက်။ ဒန္ဓ-
ဝုဋ္ဌာတိ၊ လေးလံစွာ ထတတ်၏။ ပန၊ အဖွင့်ဟာပါးကား။ သဒ္ဓါစရိတာ-
ဒယော၊ သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့သည်ကား။ ရာဂစရိတာဒီနံ၊
ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့နှင့်။ ယသ္မာ၊ အကြင်ကြောင့်။ သဘာဂါ၊
သဘောတူကြကုန်၏။ တသ္မာ၊ ထိုကြောင့်။ တေသမ္ပိ၊ ထိုသဒ္ဓါစရိုက်ရှိသော
ပုဂ္ဂိုလ်စသည်တို့၏လည်း။ တာဒိသောဝ၊ ထိုရာဂစရိုက်ရှိသော ပုဂ္ဂိုလ်တို့နှင့်
သဘောတူသည်သာလျှင် ဖြစ်သော။ ဣရိယာပထော၊ ဣရိယာပုထ်သည်။
ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်သတည်း။ ဧဝံ၊
ဤသို့ဆိုခဲ့သည့်အတိုင်း။ တာဝ၊ ရှေးဦးစွာ။ ဣရိယာပထတော၊ ဣရိယာပုထ်
အားဖြင့်။ စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

စ၊ ထိုမှတပါး။ ကိစ္စာတိ ဧတ္ထ၊ ကိစ္စာဟူသောပုဒ်၌။ ဝိတ္ထာရော၊အကျယ်ကို။
ဝေဒိတဗ္ဗော၊ သိအပ်၏။ သမ္မဇ္ဇနာဒီသု ကိစ္စေသု၊ တံမြက်လှည်းခြင်းစသောအမှု
ကိစ္စတို့၌။ရာဂစရိတော၊ရာဂစရိုက်ရှိသောပုဂ္ဂိုလ်သည်။သမ္မဇ္ဇနိံ၊တံမြက်စည်းကို။
သာဓုကံ ဂဟေတွာ၊ကောင်းမွန်စွာကိုင်၍။ အတရမာနော၊ဖြည်းဖြည်းသက်သာ။
ဝါလိကံ အဝိပ္ပကိရန္တော၊ သဲကို ဖရိုဖရဲ မကြဲစေမူ၍။ ဝါ၊ မကြဲစေပဲ။ သိန္ဒုဝါရ-
ကုသုမသန္ထရမိဝ၊ ရေအုန်းနှဲ့ပန်းကို ဖြန့်ခင်း သကဲ့သို့၊ သန္ထရန္တော၊ ဖြန့်ခင်း
လျက်။သုဒ္ဓံ၊ စင်ကြယ်စွာ။ သမံ၊အညီအညွတ်။ သမ္မဇ္ဇတိ၊ လှည်းတတ်၏။ ဒေါသ
စရိတော၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ သမ္မဇ္ဇနိံ၊ တံမြက်စည်းကို။ ဂါဠံ
ဂဟေတွာ၊ မြဲမြံစွာကိုင်လျက်။ ဥဘတော၊ ဝဲယာနှစ်ဘက်၌။ ဝါလိကံ ဥဿာ

ရေနွော၊ သဲကိုဖယ်ရှားလျက်။ ခရေန သဒ္ဒေန၊ ပြင်းထန်သောအသံဖြင့်။ အသုဒ္ဓံ၊ မစင်မကြယ်၊ ဝိသမံ၊ မညီမညွတ်။ တချမာနရူပေါ၊ အလျင်စလို။ သမ္မဇ္ဇတိ၊ လှည်းတတ်၏။ မောဟစရိတော၊ မောဟ စရိုက်ရှိသောသူသည်။ သမ္မဇ္ဇနိံ၊ တံမြက်စည်းကို။ သိထိလံ ဂဟေတွာ၊ လျော့လျော့ကိုင်လျက်။ သမ္မရိဝတ္တကံ၊ အပြန်ပြန် အလှန်လှန်။ အာဠောလယမာနော၊ မွှေနှောက်ရှုပ်ထွေးစေလျက်။ အသုဒ္ဓံ၊ မပြောင်မလင်။ ဝိသမံ၊ မညီမညွတ်။ သမ္မဇ္ဇတိ၊ တံမြက်လှည်းတတ်၏။

ရာဂစရိတော၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်သည်။ သမ္မဇ္ဇနေ ယထာ၊ တံမြက်စည်းလှည်းခြင်း၌ကဲ့သို့။ ဧဝံ၊ ဤအတူ၊ စီဝရဓောဝနရဇနာဒီသုပိ၊ သင်္ကန်းလျှော်ခြင်း၊ ဆိုးခြင်း အစရှိကုန်သော။ သဗ္ဗကိစ္စေသုပိ၊ ကိစ္စအားလုံးတို့၌လည်း။ (ပိ–ရွှေထိုင်)။ နိပုဏမဓုရသမသက္ကစ္စ ကာရီ၊ သိမ်သိမ်မွေ့မွေ့ သပ်သပ်ယပ်ယပ် ညီညီညာညာ ရိုရိုသေသေ ပြုလုပ်လေ့ရှိ၏။ ဒေါသစရိတော၊ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်သည်။ ဂါဠ္ဟထဒ္ဓဝိသမကာရီ၊ မြဲမြဲမြံမြံ ကြမ်းကြမ်းတမ်းတမ်း မညီမညာ ပြုလုပ်လေ့ရှိ၏။ မောဟစရိတော၊ မောဟစရိုက်ရှိသောပုဂ္ဂိုလ်သည်။ အနိပုဏဗျာကုလဝိသမာပရိစ္ဆိန္နကာရီ၊ မသိမ်မမွေ့ရှုပ်ရှုပ်ထွေးထွေး မညီမညာ မပြတ်မသား ပြုလုပ်လေ့ရှိ၏။ စ၊ ထိုမှတပါး။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်၏။ စီဝရဓာရဏမ္ပိ၊ သင်္ကန်းကိုင်ခြင်းသည်လည်း။ နာတိဂါဠ္ဟံ နာသိထိလံ၊ မလျော့လွန်း မတင်းလွန်းပဲ။ ပရိမဏ္ဍလံ၊ အဝန်းညီသည်ဖြစ်၍။ ပါသာဒိကံ၊ ကြည်ညိုဖွယ်ကို ဆောင်၏။ ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်၏။ (စီဝရဓာရဏမ္ပိ၊ သင်္ကန်းကိုင်ခြင်းသည်လည်း) (လိုက်)။ အတိဂါဠ္ဟံ၊ အလွန်တင်းလွန်း၏။ အပရိမဏ္ဍလံ၊ အဝန်းမညီပေ။ မောဟစရိတဿ၊ မောဟ စရိုက်ရှိသောပုဂ္ဂိုလ်၏။ စီဝရဓာရဏမ္ပိ၊ သင်္ကန်းကိုင်ခြင်းသည်လည်း (လိုက်)။ သိထိလံ၊ လျော့လျည်း၏။ ပရိဗျာကုလံ၊ ရှုပ်လည်းရှုပ်ထွေး၏။ သဒ္ဓါစရိတာဒယော၊ သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့ကို။ တေသံ၊ ထိုရာဂစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့၏။ အနုသာရေနဧဝ၊ အပြုအမူသို့ အစဉ်လိုက်သဖြင့်သာလျှင်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ တံ သဘာဂတ္တာ၊ ထိုရာဂစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့နှင့် သဘောတူသောကြောင့်ပေတည်း။ ဣတိ၊ ဤတွင် စကားတရပ်အပြီးသတ်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကိစ္စတော၊ ကိစ္စအားဖြင့်။ စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

ဘောဇနာတိ ဧတ္ထ၊ ဘောဇနာဟူသောဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ရာဂစရိတော၊ ရာဂစရိုက်ရှိသောသူသည်။ သိနိဒ္ဓမဓုရဘောဇနပ္ပိယော ဟောတိ၊ နူးညံ့သိမ်မွေ့သော ဘောဇဉ်, ချိုမြိန်ကောင်းမြတ်သော ဘောဇဉ်ကို ကြိုက်တတ်၏။ ဘုဉ္ဇမာနော စ၊ စားသောက်သော အခါ၌လည်း။ နာ မဟန္တံ၊ မကြီးလွန်းသော။ ပရိမဏ္ဍလံ၊ အဝန်းညီသော။ အာလောပံ

ကတွာ၊ ဆွမ်းလုပ်ကိုပြု၍။ ရသ ဂ္ဂသံဝေဒီ၊ အရသာခံလျက်။ အတရမာနော၊ ဖြည်းညင်းသက်သာ။ ဘုဉ္စတိ၊ စားတတ်၏။ စ၊ ထို့မှတပါး။ ကိဉ္စိဒေဝ သာဒုံ လဘိတွာ၊ ချိုမြိန်သော စားဖွယ် တစုံတခုကို ရလျှင်။ သောမနဿံ၊ ရွှင်လန်း ဝမ်းမြောက်ခြင်းသို့။ (၁၀၃) အာပဇ္ဇတိ၊ ရောက်တတ်၏။ ဒေါသစရိတော၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ လူခအမ္ဗိလဘောဇနပ္ပါယော ဟောတိ၊ ကြမ်းဘမ်းသောဘောဇဉ်, ချဉ်သောဘောဇဉ်တို့ကို ကြိုက်နှစ်သက်တတ်၏။ ဘုဉ္ဇမာနော စ၊ စားသောအခါ၌လည်း။ မုခပူရကံ၊ ခံတွင်းပြည့်အောင်။ အာလောပံ ကတွာ၊ ဆွမ်းလုပ်ကိုပြု၍။ အရသပ္ပဋိသံဝေဒီ၊ အရသာ မခံပဲ။ တရမာနော၊ အလျင်စလို။ ဘုဉ္ဇတိ၊ စားတတ်၏။ ကိဉ္စိဒေဝ အသာဒုံ လဘိတွာ၊ အရသာမကောင်းသော စားဖွယ်တစုံတခုကိုရလျှင်။ ဒေါမနဿံ အာပဇ္ဇတိ၊ စိတ်မချမ်းမသာခြင်းသို့ ရောက်တတ်၏။ ဝါ၊ စိတ်မချမ်းမသာ ဖြစ်တတ်၏။ မောဟစရိတော၊ မောဟစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ အနိယတရုစိကော၊ အမှတ်မဲ့သောဘောဇဉ်ကို ကြိုက်တတ်၏။ ဝါ၊ အစားအစာ ကြိုက်နှစ်သက်မှု၌ ကိန်းသေသတ်မှတ်မှု မရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘုဉ္ဇမာနော စ၊ စားသော အခါ၌လည်း။ အပရိမဏ္ဍလံ၊ အဝန်းမညီသော။ ပရိတ္တံ၊ သေးငယ်သော။ အာလောပံ ကတွာ၊ ဆွမ်းလုပ်ကိုပြု၍။ ဘာဇနေ၊ စားခွက်၌။ ဆဍ္ဍေန္တော၊ ဆွမ်းလုံးတို့ကို ပြန့်ကြဲစေလျက်။ မုခံ မက္ခေန္တော၊ နှုတ်ခမ်းကို လူးပေစေလျက်။ ဝိက္ခိတ္တစိတ္တော၊ ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍။ တံ တံ ဝိတက္ကေန္တော၊ ထိုထိုအာရုံကို ကြံတွေးလျက်။ ဘုဉ္ဇတိ၊ စားတတ်၏။ သဒ္ဓါစရိတာဒယော၊ သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့ကိုလည်း။ တေသံ ယေဝါနုသာရေန၊ ထိုရာဂစရိုက်ရှိသောပုဂ္ဂိုလ် စသည်တို့၏သာလျှင် အပြုအမူသို့အစဉ်လိုက်သဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်ဆိုသော်။ တံ သဘာဂတ္တာ၊ ထိုသဒ္ဓါစရိုက်ရှိသောသူ စသည်တို့သည် ထိုရာဂစရိုက်ရှိသောပုဂ္ဂိုလ်စသည်တို့နှင့် သဘောတူသောကြောင့်ပေတည်း။ ဣတိ၊ ဤတွင်စကားတရပ် အပြီးသတ် သတည်း။ ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ ဘောဇနတော၊ ဘောဇဉ်အားဖြင့်။ စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

ဒဿနာဒိတောတိ တွေ၊ ဒဿနာဒိတော-ဟူသော ဤစကားရပ်၌။ ဝိတ္ထာ-ရော၊ အကျယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ရာဂစရိတော၊ ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ ဤသကမ္ပိ၊ အနည်းငယ်မျှသော်လည်း။ မနောရမံ၊ နှလုံးမွေ့လျော် ဖွယ်ရှိထသော။ ရူပံ ဒိသွာ၊အဆင်းကို မြင်သည်ရှိသော်။ တနည်း။ မနောရမံ၊ နှလုံးမွေ့လျော်ဖွယ်သော။ ဤသကံ၊ အနည်းငယ်မျှသာရှိသော။ ရူပံ ဒိသွာပိ၊ အဆင်းကို မြင်လျှင်သော်လည်း။ (မြင်လျှင်တောင်မှ)။ ဝိမှယဇာတော ဝိယ၊ အံ့သြသကဲ့သို့။ စိရံ၊ ကြာမြင့်စွာ။ ဩလောကေတိ၊ ကြည့်တတ်၏။ ပရိတ္တေပိ

ဂုဏော၊ ဂုဏ်အနည်းငယ်မျှ၌ သော်လည်း။ သဇ္ဇတိ၊ ငြိကပ်တတ်၏။ ဘူတမ္ပိ ဒေါသံ၊ ဟုတ်မှန်သောအပြစ်ကိုသော်လည်း။ န ဂဏှာတိ၊ မယူတတ်။ ပဋ္ဋမန္တေ္တာပိ၊ ဖဲ့ခွာသွား၊ သောအခါ၌ သည်း။ အမုဉ္စိတုကာမော ဟုတ္ဝာ၊ မလွှတ်လို မခွာလို ပဲသာလျှင်ဖြစ်၍။ သာပေက္ခော၊ ပြန်လည်၍ကွက်ခြင်းရှိလျက်။ ပဋ္ဋမတိ၊ ဖဲ့ခွာ တတ်၏။ ဒေါသစရိတော၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ ဤသကာ်၊ အနည်းငယ်မျှသော်လည်း။ အမနောရမံ၊ ရွံမုန်းစက်ဆုပ်ဖွယ်ဖြစ်သော။ ရူပံ ဒိသွာ၊ အဆင်းကိုမြင်သည်ရှိသော်။ ကိလန္တရူပေါ ဝိယ၊ ပင်ပန်းသော သဘော ရှိသကဲ့သို့၊ စိရံ၊ ကြာမြင့်စွာ။ န ဩလောကေတိ၊ မကြည့်ဘတ်။ ပရိတ္တေပိ ဒေါသေ၊ အနည်းငယ်မျှသော အပြစ်၌သော်လည်း။ ပဋိဟညတိ၊ အမျက်ထွက် တတ်၏။ ဘူတေပိ ဂုဏေ၊ ဟုတ်မှန်သော ဂုဏ်ကိုသော်လည်း။ န ဂဏှာတိ မယူတတ်။ ပဋ္ဋမန္တော္တပိ၊ ဖဲ့ခွာသောအခါ၌သော်လည်း။ မုဉ္စိတုကာမော ဟုတွာ၊ လွှတ်လို ခွာလိုသည်ဖြစ်၍သာလျှင်။ အနပေက္ခော၊ မငဲ့ကွက်ပဲ။ ပဋ္ဋမတိ၊ ဖဲ့ခွာတတ်၏။ မောဟစရိတော၊ မောဟစရိုက်ရှိသော ပုဂ္ဂိုလ်သည်။ ယံကိဉ္စိ ရူပံ ဒိသွာ၊ တစုံ တခုသောအဆင်းကိုမြင်သည်ရှိသော်။ ပရပစ္စယိကော ဟောတိ၊ သူတပါးကိုပုံ၍ ယုံကြည်တတ်၏။ နိန္ဒန္တံ၊ ကဲ့ရဲ့သော။ ပရံ ပရသ၊ သူတပါး၏။ (ဝစနံ၊ စကားကို) သုတွာ၊ ကြား၍။ နိန္ဒတိ၊ ကဲ့ရဲ့၏။ တနည်း။ ပရံ နိန္ဒန္တံ သုတွာ၊ သူတပါး ကဲ့ရဲ့သံကိုကြားလျှင်။ နိန္ဒတိ၊ ကဲ့ရဲ့၏။ ပသံသန္တံ၊ ချီးမွမ်းသော။ ပရံ ပရသ၊ သူတပါး၏၊ (ဝစနံ၊ စကားကို)။ သုတွာ၊ ကြား၍။ ဝါ၊ ကြားလျှင်။ ပသံသတိ၊ ချီးမွမ်း၏။ တနည်း။ ပသံသန္တံ သုတွာ၊ သူတပါး ချီးမွမ်းသံကိုကြားလျှင်။ ပသံသတိ၊ ချီးမွမ်း၏။ သယံ ပန၊ မိမိကိုယ်တိုင်မှာမူကား၊ အညာဏုပေက္ခာယ၊ မသိခြင်းကြောင့်ဖြစ်သော လျစ်လျူ ရှုခြင်းဖြင့်။ ဥဒပေက္ခကောဝ ဟောတိ၊ လျစ်လျူရှုလျက်သာ နေတတ်၏၊ သဒ္ဒသဝနာဒီသုပိ၊ အသံကြားရာ စသည် တို့၌သည်း။ ဧသ နယော၊ ဤနည်းပင်တည်း။ သဒ္ဓါစရိတာဒယော ပန၊ သဒ္ဓါ စရိုက်ရှိသော ပုဂ္ဂိုလ် စသည်တို့ကိုကား။ တေသံယေဝ၊ ထိုရာဂစရိုက်ရှိသောပုဂ္ဂိုလ် စသည်တို့၏ သာလျှင်။ အနုသာရေန၊ သဘောသို့ အစဉ်လိုက်သဖြင့်။ ဝေဒိ- တဗ္ဗာ၊ သိအပ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဆိုသော်။ (သဒ္ဓါစရိတာဒီနံ၊ သဒ္ဓါစရိုက်ရှိသောသူ စသည်တို့သည်။) တံသဘာဂတ္တာ၊ ထိုရာဂ စရိုက်ရှိသော ပုဂ္ဂိုလ်စသည်တို့နှင့် သဘောတူသောကြောင့်ပေတည်း။ ဣတိ၊ ဤဟူင်စကား တချပ်အပြီးသတ်သည်တည်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဒဿနာဒိတော၊ ကြည့်ရှု ခြင်းစသည်အားဖြင့်။ စရိယာယော၊ စရိုက်တို့ကို၊ ဝိဘာဝယေ၊ ထင်စွာပြရာ၏။

စ၊ အနိဘပါးကား။ ဓမ္မပ္ပဝတ္တိတော စေ ဝါတိ၊ ဓမ္မပ္ပဝတ္တိတော စေဝဟူသောဤ စကားရပ်၌ကား။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်အား။ မာယာ၊ မိမိ အပြစ်ကို ဖုံးကွယ်လှည့်ပတ်ခြင်း မာယာလည်းကောင်း။ သာဌေယျံ၊ မိမိ၌မရှိ

သောဂုဏ်ကို ဖေါ်ပြလျက် စဉ်းလဲခြင်းသာဌေယျလည်းကောင်း။ မာနော၊ မြင့်မောက်တက်ကြွခြင်း မာနလည်းကောင်း။ ပါပိစ္ဆတာ၊ အလိုဆိုးရှိခြင်းပါပိစ္ဆတာလည်းကောင်း။ မဟိစ္ဆတာ၊ အလိုကြီးခြင်း မဟိစ္ဆတာလည်းကောင်း။ အသန္တုဋ္ဌိတာ၊ မရောင့်ရဲခြင်းအသန္တုဋ္ဌိတာလည်းကောင်း။ သိင်္ဂံ၊ ဦးချိုသဖွယ်စံပယ်ကြောင်းကိလေသာ ဟူသော သိင်္ဂလည်းကောင်း။ စာပလျံ၊ လျှပ်ပေါ်ခြင်း စာပလျလည်းကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဗဟုလံ ဝတ္တန္တိ၊ အဖြစ်များကုန်၏။ ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်အား။ ကောဓော၊ အမျက်ထွက်ခြင်းကောဓလည်းကောင်း။ ဥပနာဟော၊ ရန်ငြိုးဖွဲ့ခြင်းဥပနာဟလည်းကောင်း။ မက္ခော၊ သူ့ကျေးဇူးကိုချေဖျက်ခြင်း မက္ခလည်းကောင်း။ ပဠာသော၊ ဂုဏ်ရည်သာသူကို တုပြိုင်ခြင်း ပဠာသလည်းကောင်း။ ဣဿာ၊ မနာလိုခြင်း ဣဿာလည်းကောင်း။ မစ္ဆရိယံ၊ ဝန်တိုခြင်း မစ္ဆရိယလည်းကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ (ဓမ္မာ၊ အကုသိုလ်တရားတို့သည်)။ ဗဟုလံ ပဝတ္တန္တိ၊ အဖြစ်များကုန်၏။ မောဟစရိတဿ၊ မောဟစရိုက်ရှိသော ပုဂ္ဂိုလ်အား။ ထိနံ၊ စိတ်၏ ထိုင်းမှိုင်းခြင်း ထိနလည်းကောင်း။ မိဒ္ဓံ၊ စေတသိက်တို့၏ ထိုင်းမှိုင်းခြင်း မိဒ္ဓလည်းကောင်း။ ဥဒ္ဓစ္စံ၊ စိတ်ပျံ့လွင့်ခြင်း ဥဒ္ဓစ္စလည်းကောင်း။ ကုက္ကုစ္စံ၊ နှောင်တပူပန်ခြင်း ကုက္ကုစ္စလည်းကောင်း။ ဝိစိကိစ္ဆာ၊ ယုံမှားခြင်း ဝိစိကိစ္ဆာလည်းကောင်း။ အာဓာနဂ္ဂါဟိတာ၊ မသင့်သောအားဖြင့် မြဲမြံစွာယူခြင်း အာဓာနဂ္ဂါဟလည်းကောင်း။ ဒုပ္ပဋိနိဿဂ္ဂိတာ၊ မိမိအယူမှားကို စွန့်လွှတ်နိုင်ခဲခြင်း ဒုပဋိနိဿဂ္ဂိတာလည်းကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ (ဗဟုလံ ပဝတ္တန္တိ၊ အဖြစ်များကုန်၏။) သဒ္ဓါစရိတဿ၊ သဒ္ဓါစရိုက်ရှိသော ပုဂ္ဂိုလ်အား။ မုတ္တစာဂတာ၊ လွှတ်လွှတ်စွန့်ကြဲခြင်းရှိသည့် အဖြစ်လည်းကောင်း။ အရိယာနံ ဒဿနကာမတာ၊ အရိယာတို့ကိုဖူးမြင်လိုသည့်၏အဖြစ်လည်းကောင်း။ သဒ္ဓမ္မံ သောတုကာမတာ၊ သူတော်ကောင်းတရားကို နာကြားလိုသည်၏ အဖြစ်လည်းကောင်း။ ပါမောဇ္ဇဗဟုလတာ၊ ရွှင်လန်းဝမ်းမြောက်ခြင်းများသည်၏ အဖြစ်လည်းကောင်း။ အသဌတာ၊ မစဉ်းလဲသည်၏ အဖြစ်လည်းကောင်း။ အမာယာဝိတာ၊ မလှည့်ပတ်တတ်သည်၏ အဖြစ်လည်းကောင်း။ ပသာဒနီယေသု ဌာနေသု၊ ကြည်ညိုဖွယ်ကို ဆောင်ကုန်သောရတနာသုံးပါးတို့၌။ ပသာဒေါ၊ ကြည်ညိုခြင်းလည်းကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ (ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဗဟုလံ ပဝတ္တန္တိ၊ အဖြစ်များကုန်၏။) ဗုဒ္ဓိစရိတဿ၊ ဗုဒ္ဓိစရိုက်ရှိသောသူအား။ သောဝစဿတာ၊ ဆိုဆုံးမလွယ်သည်၏အဖြစ်လည်းကောင်း။ ကလျာဏမိတ္တတာ၊ မိတ်ဆွေကောင်းရှိသည်၏အဖြစ်လည်းကောင်း။ ဘောဇနေ မတ္တညုတာ၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိသည်၏အဖြစ်လည်းကောင်း။ သတိသမ္ပဇညံ၊ သတိသမ္ပဇဉ်လည်း

ကောင်း။ ဇာဂရိယာနုယောဂေါ၊ နိုးကြားခြင်း၌ မပြတ်အားထုတ်ခြင်းလည်း ကောင်း။ သံဝေဇနီယေသု ဌာနေသု၊ ထိတ်လန့်ဖွယ်ဖြစ်သော ဇာတိ ဇရာ မရဏာစသောအရာတို့၌။ သံဝေဂေါ၊ ထိတ်လန့်ခြင်းလည်းကောင်း။ သံဝိဂ္ဂဿ၊ ထိတ်လန့်သောသူ၏။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ ပဓာနံ၊ အား ထုတ်ခြင်းလည်းကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့အစရှိကုန်သော။(ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ဗဟုလံ ပဝတ္တန္တိ၊ အဖြစ်များကုန်၏။)ဝိတက္ကစရိတဿ၊ ဝိတက် စရိုက်ရှိသောပုဂ္ဂိုလ်အား။ ဘဿဗဟုလတာ၊ စကားများသည်၏ အဖြစ်လည်းကောင်း။ ဂဏာရာမတာ၊ အပေါင်းအဖော်၌ မွေ့လျော်သည်၏ အဖြစ်လည်းကောင်း။ ကုသလာနုယောဂေ၊ ကုသိုလ်အားထုတ်မှု၌။ အရတိ၊ မမွေ့လျော်ခြင်းလည်းကောင်း။ အနဝဋ္ဌိတကိစ္စတာ၊ မမြဲမတည်သော ကိစ္စရှိ သူ၏အဖြစ်လည်းကောင်း။ ရတ္တိံ၊ ညဥ့်အခါ၌။ (၁၀၄) ဓူမာယနာ၊ နောက် တနေ့ပြုလုပ်ရမည့် ကိစ္စများကို ကြံစည် စဉ်းစားခြင်းဟူသော အခိုးလွှတ်ခြင်း လည်းကောင်း။ ဒိဝါ ပဇ္ဇလနာ၊ နေ့အခါ၌ ညဥ့်အခါက ကြံစည်စဉ်းစားထားသည့် ကိစ္စများကို အားထုတ် ပြုလုပ်ခြင်းဟူသော အလျှံလွှတ်ခြင်းလည်း ကောင်း။ ဣတိ ဧဝမာဒယော၊ ဤသို့ အစရှိကုန်သော။ (ဓမ္မာ၊ အကုသိုလ် တရားတို့သည်။ ဗဟုလံ ပဝတ္တန္တိ၊ အဖြစ်များကုန်၏။ဣတိ၊ဤတွင်စကားတရပ် အပြီးသတ်သတည်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဓမ္မပ္ပဝတ္တိတော၊ မာဃာ သာဌေယျ စသောတရားတို့၏ ဖြစ်ခြင်းအားဖြင့်။ စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ၊ ယင်စွာပြရာ၏။

ပန၊ ထိုသို့ ဆိုခဲ့သည့်အတိုင်း ဣရိယာပုထ်စသည်အားဖြင့် စရိုက်တို့ကို ပြရာ၏ဟု ဆိုသော်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ဣဒံ စရိယာဝိဘာဝန- ဝိဓာနံ၊ ဤစရိုက်တို့ကို ပြခြင်း အစီအရင်သည်။ ပါဠိယံ၊ ပါဠိတော်၌။ သဗ္ဗာ- ကာရေန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နေဝ အာဂတံ၊ မလာပေ။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌လည်း။ န အာဂတံ၊ မလာပေ၊ ကေဝလံ၊ပါဠိတော် အဋ္ဌကထာစကားမဖက် သက်သက်။ အာစရိယမတာနုသာရေန၊ ဆရာတို့၏ အယူကို အစဉ်လျှောက်သဖြင့်။ ဝုတ္တံ၊ ဆိုထားအပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ သာရတော၊ အနှစ်သာရအားဖြင့်။ န ပစ္စေတဗ္ဗံ၊မယုံကြည့်အပ်ပေ။ဟိ ယသ္မာ၊ အဘယ်ကြောင့်။ န ပစ္စေဘဗ္ဗံ၊ မယုံကြည့်အပ်သနည်းဟူမူကား။ရာဂစရိတဿ၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်အား။ ဝုတ္တာနိ၊ ဆိုင်သည်ဟု ဆိုအပ်ခဲ့ကုန်ပြီးသော။ ဣရိယာပထာဒီနိ၊ ဣရိယာပုထ်စသည်တို့ကို။ ဒေါသစရိတာဒယောပိ၊ ဒေါသ စရိုက်ရှိသော ပုဂ္ဂိုလ်စသည့်တို့သည်လည်း။ အပ္ပမာဒဝိဟာရိနော၊မမေ့မလျော့ သတိပြု၍ နေကြပါကုန်မူကား။ ကာတုံ သက္ကောန္တိ၊ ပြုခြင်းငှာ စွမ်းနိုင်ကုန် ၏။ စ၊ ထိုမှတပါး။ ဝါ၊ ထိုမှတပါးဖြင့်။ သံသဋ္ဌစရိတဿ၊ ရောနှောသော

စရိုက်ရှိသော။ ဧကေဿ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ် တဦးတည်းသည်ပင်လျှင်။ (သတော၊ ဖြစ်လျက်)။ ဘိန္နလက္ခဏာ၊ လက္ခဏာကွဲပြားကုန်သော။ ဉာရိယာပထာဒယော၊ ဣရိယာပုထ်စသည်တို့သည်။ န ဥပ္ပဇ္ဇန္တိ န ယုဇ္ဇန္တိ၊ မရှိသင့်ကုန်။ တသ္မာ၊ ထို့ကြောင့်။ န ပစ္စေတဗ္ဗံ၊ မယုံကြည်သင့်။ (ယောဇနာ)။ ပန၊ အလျှော်ကို ဆိုအံ့။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ယံ ဧတံ စရိယာဝိဘာဝနဝိဓာနံ၊ ဤစရိုက်တို့ကို ပြခြင်းအစီအရင်ကို။ ဝုတ္တံ၊ ဆိုအပ်၏။ တဒေဝ၊ ထို အဋ္ဌကထာတို့၌ ဆိုထားသော အစီအရင်ကိုသာလျှင်။ သာရတော၊ အနှစ်သာရအားဖြင့်။ ပစ္စေတဗ္ဗံ၊ ယုံကြည်အပ်ပေ၏။ ဟိ၊ မှန်၏။ "စေတောပရိယဉာဏဿ လာဘီ၊ စေတောပရိယဉာဏ်ကိုရသော။ အာစရိယော၊ ဆရာသည်။ စရိယံ ဉတွာ၊ စရိုက်ကိုသိ၍။ ကမ္မဋ္ဌာနံ ကထေဿတိ၊ ကမ္မဋ္ဌာန်းကို ဟောလတ္တံ့။ ဣတရေန၊ စေတောပရိယဉာဏ်ကို မရသော ဆရာသည်။ အန္တေဝါသိကော၊ တပည့်ကို။ ပုစ္ဆိတဗ္ဗော၊ မေးအပ်၏။ဣတိ၊ဤသို့။ (အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌)။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ စေတောပရိယဉာဏေန ဝါ၊ စေတောပရိယဉာဏ်ဖြင့်သော်လည်း။ ဇာနိတဗ္ဗံ၊ သိသင့်၏။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ပုစ္ဆိတွာ ဝါ၊ မေး၍သော်လည်းကောင်း။ ဇာနိတဗ္ဗံ၊ သိသင့်၏။ ကိံ ဇာနိတဗ္ဗံ၊ အဘယ်သို့ သိသင့်သနည်း။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ရာဂစရိတော၊ ရာဂစရိုက်ရှိသူတည်း။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်သည်။ ဒေါသာဒီသု၊ ဒေါသစသည်တို့တွင်။ အညတရစရိတော၊ တမျိုးမျိုးသော စရိုက်ရှိသူတည်း။ ဣတိ၊ ဤသို့။ ဇာနိတဗ္ဗော၊ သိသင့်၏။

၄၆။ ပန၊ အဖို့တပါးကား။ ကိံ ရေိတဿ ပုဂ္ဂလဿ ကိံ သပ္ပါယန္တိ စေ၊ ကိံ စရိတဿ ပုဂ္ဂလဿ ကိံ သပ္ပါယံ ဟူသော ဤစကားရင်း၌။ တာဝ၊ ရှေးဦးစွာ။ သေနာသနံ၊ ကျောင်းကို။ ဝုစ္စတေ၊ ဆိုအပ်၏။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသော ပုဂ္ဂိုလ်အား။ (သပ္ပါယံ ဝိဟာရံ၊ သင့်လျော်သောကျောင်းကား)။ အဓောတဝေဒိကံ၊ မဆေးကြောအပ်သောပွတ်တိုင်ရှိသောကျောင်း။ ဝါ၊ ညစ်ပေသော ဝရံတာရှိသောကျောင်း။ ဘူမဋ္ဌကံ၊ မြေပြင်တထပ်တည်းသာ ရှိသော ကျောင်း။ အကတပဗ္ဘာရကံ၊ နံရံကို ပြုပြင်မထားသော တောင်ဝှမ်း။ တိဏကုဋိကံ၊ မြက်မိုးကျောင်း။ ပဏ္ဏသာလာဒီနံ၊ ဖက်မိုးဖက်ကာကျောင်း စသည်တို့တွင်။ အညတရံ၊ တမျိုးမျိုးသော။ ရဇောကိဏ္ဏံ၊ မြူမှုန်တို့ဖြင့် ပြွမ်းသော။ ဇတုကာဘရိတံ၊ လင်းနို့တို့ဖြင့်ပြည့်သော။ ဩလုဂ္ဂဝိလုဂ္ဂံ၊ အကျိုးကျိုး အပြတ်ပြတ် ပျက်စီးသော။ အတိဥစ္စံ ဝါ၊ အလွန်မြင့်သည်မူလည်းဖြစ်သော။ အတိနီစံ၊ အလွန်နိမ့်သည်မူလည်းဖြစ်သော။ ဥဇ္ဇင်္ဂလံ၊ ကြမ်းသော ငန်သော မြေအဖို့ရှိသော။ သာသင်္ကံ၊ ခြင်္သေ့သစ်ကျား စသည်တို့ဖြင့် ရွံရှားဖွယ်ရှိသော။ အသုစိဝိသမမဂ္ဂံ၊ မစင်ကြယ် မညီမညွတ်သော လမ်းရှိသော။ သေနာသနံ၊ ကျောင်းသည်၊

(အတ္ထိ၊ရှိ၏။) ယတ္ထ၊ အကြင်ကျောင်း၌။ မက္ကဋဘာရိတံ၊ ကြမ်းပိုးတို့ဖြင့်ပြည့်သော။ ဝါ၊ပြည့်လျှက်။ဒုရူပံ ဒုဗ္ဗဏ္ဏံ၊ မလှမပ ပုံပန်းလည်းမကျသော။မဉ္စပီဌမ္ပိ၊ ညောင်စောင်းအင်းပျဉ်လည်း။ အတ္ထိ၊ ရှိ၏။ ယံ၊ အကြင်နေရာကို။ (အကြင်ကျောင်းကို။) ဩလောကေန္တဿေဝ၊ ကြည့်သူအား မြင်ရုံမျှဖြင့်ပင်။ ဇိဂုစ္ဆာ၊ စက်ဆုပ်ရွံရှာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တာဒိသံ၊ ထိုသို့သော ကျောင်းသည်။ သပ္ပါယံ၊ သင့်လျော်၏။ အန္တစ္ဆိန္နံ၊ အနားစုတ်ပြတ်သော။ ဩလမ္ဗဝိလမ္ဗသုတ္တကာကိဏ္ဏံ၊ ဖရိုဖရဲ တွဲလဲကျသော ချည်တို့ဖြင့် ရှုပ်ထွေးသော။ ဇာလပူဝသဒိသံ၊ ကွန်ရက်သဏ္ဍာန်ပြုအပ်သော မုန့်နှင့်တူသော။ ဝါ၊ မုန့်ကွန်ရက်နှင့်တူစွာ အပေါက်အပေါက်ရှိသော။ သာဏိ ဝိယ ခရသမ္ဖဿံ၊ သံရိုက်ထားသောအင်းပျဉ်ကဲ့သို့ အတွေ့ကြမ်းသော။ ကိလိဋ္ဌံ၊ ညစ်နွမ်းသော။ ဘာရိကံ၊ လေးလံသော။ ကစ္ဆပရိဟရဏံ၊ လေးလံ၍လည်းကောင်း, မကြာခဏချုပ်ရ၍လည်းကောင်း, ပင်ပန်းဆင်းရဲစွာ ဆောင်ရသော။ နိဝါသနပါရုပနံ၊ခါးဝတ်ကိုယ်ရုံသင်္ကန်းသည်။ သပ္ပါယံ၊ သင့်လျော်၏။ ပတ္တောပိ၊ သပိတ်သည်လည်း။ ဒုဗ္ဗဏ္ဏော၊ အဆင်းပျက်သော။ မတ္တိကာပတ္တော ဝါ၊ မြေသပိတ်သည်လည်းကောင်း။ အာဏိဂဏ္ဌိကာဟတော၊ စို့မယ်နှ, အဖုအထေး အဖုအထစ်တို့ဖြင့် မတင့်တယ်သော။ ဂရုကော၊လေးလံသော။ ဒုဿဏ္ဌာနော၊ ပုံပန်းမကျသော။ သီသကပါလံ ဣဝ၊လူ့ဦးခေါင်းခွံကဲ့သို့။ ဝါ၊လူ့ဦးခေါင်းခွံနှင့်တူစွာ။ဇေဂုစ္ဆော၊ စက်ဆုပ်ဖွယ်ဖြစ်သော။ အယောပတ္တော ဝါ၊ သံသပိတ်သည်လည်းကောင်း။ ဝဋ္ဋတိ၊ သင့်လျော်၏။ ဘိက္ခာစာရမဂ္ဂေါပိ၊ ဆွမ်းခံလမ်းသည်လည်း။ အမနာပေါ၊ နှစ်သက်ဖွယ် မရှိသော။ အနာသန္နဂါမော၊ ရွာနှင့်မနီးသော။ ဝိသမော၊ မညီမညွတ်သောလမ်းသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ဘိက္ခာစာရဂါမောပိ၊ ဆွမ်းခံရွာသည်လည်း။ ယတ္ထ၊ အကြင်ရွာ၌။ မနုဿာ၊ လူတို့သည်။ အပဿန္တာ ဝိယ၊ ဆွမ်းခံရဟန်းကို မမြင်ကုန်သကဲ့သို့။ စရန္တိ၊ သွားလာကုန်၏။ ယတ္ထ၊ အကြင်ရွာ၌။ ဧကကုလေပိ၊ တအိမ်၌သော်လည်း။ ဘိက္ခံ အလဘိတွာ၊ ဆွမ်းမရ၍။ နိက္ခမန္တံ၊ ထွက်လာသော ရဟန်းကို။ "ဧဟိ ဘန္တေတိ၊ အရှင်ဘုရား လာပါ"ဟု။ ပက္ကောသိတွာ၊ခေါ်၍။ အာသနသာလံ ပဝေသေတွာ၊ ဆွမ်းစားဇရပ်သို့ ဝင်စေ၍။ ယာဂုဘတ္တံ ဒတွာ၊ ယာဂုဆွမ်းကို လှူပြီးလျှင်။ ဂစ္ဆန္တာ၊ သွားကြသောအခါ။ ဝါ၊ သွားလိုသည်ရှိသော်။ ဂါဝီ၊ နွားတို့ကို။ ဝဇေ၊ နွားခြံ၌။ ပဝေသေတွာ၊ သွင်း၍။ ဂစ္ဆန္တိ ဝိယ၊ သွားကြကုန်သကဲ့သို့။ အနပလောကေန္တာ၊ စောင့်ရှေ့၍မျှမကြည့်ပဲ။ ဂစ္ဆန္တိ၊ သွားကုန်၏။ တာဒိသော၊ ထိုသို့သဘောရှိသောဆွမ်းခံရွာသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ပရိဝိသကမနုဿာပိ၊ အလုပ်အကျွေးတို့သည်လည်း။ ဒါသာ ဝါ၊ ကျွန်တို့မူလည်း ဖြစ်စေ။ ကမ္မကရာ ဝါ၊ အမှုလုပ်တို့မူလည်းဖြစ်စေ။ ဒုဗ္ဗဏ္ဏာ၊အဆင်းသဏ္ဍာန်မလှကုန်သည်ဖြစ်အံ့။ ဒုဒ္ဒသိကာ၊ အမြင်မကောင်းကုန်သည်ဖြစ်အံ့။ ကိလိဋ္ဌဝသနာ၊ညစ်နွမ်း

သော အဝတ်တို့ကို ဝတ်ကုန်လျက်။ ဒုဂ္ဂန္ဓာ၊ အနံ့ဆိုးကုန်သော။ ဇေဂုစ္ဆာ၊ ရွံဖွယ် စက်ဆုပ်ဖွယ်ရှိကုန်အံ့။ ယေ၊ အကြင်အလုပ်အကျွေးတို့သည်။ အစိတ္တီကာရေ၊ မရိုမသေသောအမှုဖြင့်။ ယာဂုဘတ္တံ၊ ယာဂုဆွမ်းကို။ဆဋ္ဌေန္တာ ဝိယ၊ စွန့်ပစ်ကုန် သကဲ့သို့။ ပရိဝိသန္တိ၊ လုပ်ကျွေးကုန်၏။ တာဒိသာ၊ ထိုသို့သဘောရှိပါကုန်မူ။ သပ္ပါယာ၊ သင့်လျော်ကုန်၏။ ယာဂုဘတ္တခဇ္ဇကမ္ပိ၊ ယာဂုဆွမ်းခဲဖွယ်သည်လည်း။ လူခံ၊ ကြမ်းသည်။ ဒုဗ္ဗဏ္ဏံ၊ အဆင်းမလှသည်။ (၁၀၅) သာမာကကုဒြူသက-ကဏာဒေဟိ ဒိမယံ၊ ကြိတ်,လမန်း, လူး, ဆန်ကွဲ အစရှိသည်တို့ဖြင့် ပြီးသော ဆွမ်းလည်းကောင်း။ ဝါ၊ အစရှိသည်တို့ဖြင့် ချက်ထားသောဆွမ်းလည်းကောင်း။ ပူတိတက္ကံ၊ ရက်တက် ပုပ်ရည်သည်လည်းကောင်း။ ဗိလင်္ဂံ၊ ပအုန်းရည်သည် လည်းကောင်း။ ဇိဏ္ဏသာကသူပေယျံ၊ ဟင်းရွက်ကြမ်းဖြင့် ချက်အပ်သော အရည်သောက်ဟင်းလည်းကောင်း။ ကေဝလံ ဥဒရမတ္တံ၊ ဝမ်းပြည့်ရုံမျှ သက်သာက်ဖြစ်သော။ ယံကိဉ္စိဒေဝ၊ တစုံတခုသော စားဖွယ်သောက်ဖွယ် ခဲဖွယ် သည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ အဿ၊ ထိုရာဂစရိုက်ရှိသောပုဂ္ဂိုလ်အား။ ဤရိယာ-ပထောပိ၊ ဣရိယာပုထ်သည်လည်း။ ဌာနံ ဝါ၊ ရပ်ခြင်းသည်လည်းကောင်း။ စင်္ကမော ဝါ၊ စင်္ကြံလျှောက်ခြင်းသည်လည်းကောင်း။ ဝဋ္ဋတိ၊ သင့်လျော်၏။ အာရမ္မဏံ၊ အာရုံသည်။ နီလာဒီသု၊ အညိုရောင်အစရှိကုန်သော။ ဝဏ္ဏကသိ-ဏေသု၊ အဆင်းကသိုဏ်းတို့တွင်။ ယံကိဉ္စိ၊ တစုံတခုသော။ အပရိသုဒ္ဓဝဏ္ဏံ၊ မစင်ကြယ်သောအဆင်းကသိုဏ်းသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်သတည်း။ ဣဒံ၊ ဤအလုံးစုံသည်။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်အား။ သပ္ပါယံ၊ လျောက်ပတ်၏။

ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား။ နာတိဥစ္စံ၊ မမြင့်လွန်း သော။ နာတိနီစံ၊ မနိမ့်လွန်းသော။ ဆာယူဒကသမ္ပန္နံ၊ အရိပ်, ရေ-နှင့် ပြည့်စုံ သော။ သုဝိဘတ္တဘိတ္တိထမ္ဘသောပါနံ၊ ကောင်းစွာဝေဖန် စီမံထားအပ်သော နံရံ သည်တိုင်,စောင်းတန်းလှေကားရှိသော။သုပရိနိဋ္ဌိတမာလာကမ္မ လတာကမ္မ-နာနာဝိဓစိတ္တကမ္မ သမုဇ္ဇလ သမ သိနိဒ္ဓ မုဒု ဘူမိတလံ၊ ကောင်းစွာပြီးပြီးသော ခြူးပန်းခြူးနွယ် အထူးထူးအထွေထွေသော ပန်းချီကားတို့ဖြင့် ဝင့်တယ် တောက်ပသော ညီညွတ်ပြေပြစ်နူးညံ့သော မြေအပြင်ရှိသော။ ဗြဟ္မဝိမာနမိဝ၊ ဗြဟ္မာမင်း၏ ဗိမာန်ကဲ့သို့။ ကုသုမဒါမဝိစိတြဝဏ္ဏစေလဝိတာနသမလင်္ကတံ၊ ပန်းဆိုင်းဘို့ဖြင့် ဆန်းကြယ်သောအဆင်းရှိသော အဝတ်မျက်နှာကြက်တို့ဖြင့် ကောင်းစွာတန်ဆာဆင်အပ်သော တန်ဆာရှိသော။ သုပညတ္တသုစိမနောရမတ္ထရ-ဏမဉ္စပီဌံ၊ ကောင်းစွာခင်းအပ်သော သန့်ရှင်းစင်ကြယ်မွေလျော်ဖွယ်သော အခင်းရှိသော ညောင်စောင်းအင်းပျဉ်ရှိသော။ တတ္ထ တတ္ထ၊ ထိုထိုအရပ်၌။ ဝါသတ္ထာယ၊ အမွှေးအထုံအလို့ငှာ။ နိက္ခိတ္တကုသုမဝါသဂန္ဓသုဂန္ဓံ၊ ထားသော

ပန်းတို့၏ မွှေးသောရနံ့တို့ဖြင့် အလွန်မွှေးကြိုင်သော။ ယံ သေနာသနံ၊ အကြင် ကျောင်းသည်။ ဒဿနမတ္တေနေဝ၊ မြင်ကာမျှဖြင့်ပင်။ ပီတိပါမောဇ္ဇံ၊ နှစ်သက် ရွှင်လန်းဝမ်းမြောက်ခြင်းကို။ ဇနယတိ၊ ဖြစ်စေနိုင်၏။ ဧဝရူပံ၊ ဤသို့သော ကျောင်းသည်။ သပ္ပါယံ၊ သင့်လျော်၏။ တဿ ပန သေနာသနဿ၊ ထိုကျောင်း ၏။ မဂ္ဂေါပိ၊ လမ်းသည်လည်း။ သဗ္ဗပရိဿယဝိမုတ္တော၊ အလုံးစုံသောဘေးရန် တို့မှ လွတ်ကင်းလျက်။ သုစိသမ ဘလော၊ သန့်ရှင်းစင်ကြယ်စွာ ညီညာသော မြေမျက်နှာပြင်ရှိသော။ အလင်္ကတပဋိယတ္တောဝ၊ တန်ဆာဆင်ခြင်းနှင့်စပ်သော လမ်းသည်သာလျှင်။ ဝဋ္ဋတိ၊ သင့်လျော်၏။ တတ္ထ၊ ဤဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်နှင့် သင့်လျော်သောကျောင်း၌။ ကိဋ္ဌမက္ကုဏဒီဃဇာတိမူသိကာနံ၊ ကင်း, သန်း, ကြမ်းပိုး, မြွေ, ကြွက်ဘို့၏။ နိဿယ ၊ရိစ္ဆိန္ဒနတ္ထံ၊ မှီရာကို ဖြတ်တောက် ပယ်ရှားခြင်းငှာ။ သေနာသနပရိက္ခာရော၊ ကျောင်းအသုံးအဆောင်သည်။ နာတိဗဟုကောပိ၊ မများလွန်းလျှင်လည်း။ဝဋ္ဋတိ၊ သင့်လျော်၏။ ဧကမဉ္စပီဌမတ္တ-မေဝ၊ ညောင်စောင်းတခု အင်းပျဉ်တခုမျှသာလျှင်။ ဝဋ္ဋတိ၊ သင့်လျော်၏။ အဿ၊ ထို ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်၏။ နိဝါသနပါရုပနမ္ပိ၊ ခါးဝတ်နှင့် ကိုယ်ရုံ သည်လည်း။ စီနပဋ္ဋ သောမာရပဋ္ဋ ကောသေယျကပ္ပါသိကသုခုမ ခေါမာဒီနံ၊ တရုတ်ပြည်ဖြစ်အဝတ်, သောမာရတိုင်းဖြစ်အဝတ်, ပိုးချည်အဝတ်, နူးညံ့သော ချည်ဝါအဝတ်, ခေါမပြည်ဖြစ်အဝတ် စသည်တို့တွင်။ ယံ ယံ၊ အကြင်အကြင် အဝတ်သည်။ ပဏီတံ၊ ကောင်းမြတ်၏။ တေန တေန၊ ထိုထိုအဝတ်ဖြင့်။ ကတံ၊ ပြုလုပ်အပ်သော။ ဝါ၊ ချုပ်လုပ်ထားသော။ (ထည့်)။ သလ္လဟုကံ၊ ပေါ့ပါးသော။ သမဏသာရုပ္ပေန သုရတ္တံ၊ ရဟန်းတော်တို့အား သင့်လျော်သဖြင့် ကောင်းစွာ ဆိုးထားသော။ ဝါ၊ ရဟန်းတော်တို့အား သင့်လျော်အောင် ကောင်းစွာဆိုး ထားသော ။ သုဒ္ဓဝဏ္ဏံ၊ စင်ကြယ်သောအဆင်းရှိသော၊ ဧကပဋ္ဋံ ဝါ၊ တလွှာတည်း သော သက်န်းသည်လည်းကောင်း။ဒုပဋ္ဋံ ဝါ၊ နှစ်ထပ်သက်န်းသည်လည်းကောင်း။ ဝဋ္ဋတိ၊ သင့်လျော်၏။ဥဒကပုပ္ဖုလမိဝ၊ ရေပွက်, ရေစီပေါင်းကဲ့သို့။ သုသဏ္ဌာနော၊ ကောင်းသောပုံသဏ္ဌာန်ရှိသော။ မဏိ ဝိယ၊ မြကဲ့သို့။ သုမဋ္ဌော၊ ကောင်းမွန် ချောညက် ပြေပြစ်သော။ နိမ္မလော၊ အညစ်အကြေးကင်းသော။ ဝါ၊ အညစ် အကြေးကင်းလျက်။ သမဏသာရုပ္ပေန၊ ရဟန်းတော်တို့အား လျောက်ပတ်သော အဆင်းဖြင့်။ သုပရိသုဒ္ဓဝဏ္ဏော၊ အလွန် စင်ကြယ်သော အဆင်းရှိသော။ အယောမယော၊ သံဖြင့်ပြုလုပ်သော။ ပတ္တော၊ သပိတ်သည်။ ဝါ၊ အယော-မယော ပတ္တော၊ သံသပိတ်သည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ပရိဿယဝိမုတ္တော၊ ဘေးရန်ကင်းလွတ်သော။ သမော၊ ညီညာသော။ မနာပေါ၊ နှစ်သက်ဖွယ် ရှိသော။ နာတိဒူရနစ္စာသန္နဂါမော၊ ရွာနှင့်မနီးလွန်း မဝေးလွန်းသော။ ဘိက္ခာ-စာရမဂ္ဂေါ၊ ဆွမ်းခံလမ်းသည်လည်း။ ဝဋ္ဋတိ၊ သင့်လျော်၏၊ဘိက္ခာစာရဂါမောပိ၊ ဆွမ်းခံရွာသည်လည်း။ ယတ္ထ၊ အကြင်ရွာ၌။ မနုဿာ၊ လူတို့သည်။ "ဘန္တေ၊

ယခု။ အသျော အာဂမိဿတိတိ၊ အရှင်မြတ် ကြွလာလိမ့်မည်”ဟု။ သိတ္တသမ္မဋ္ဌေ ပဒေသေ၊ ရေဖျန်း၍ တံမြက်လှည်းအပ်သော အရပ်၌။ အာသနံ ပညပေတွာ၊ နေရာခင်း၍။ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ပတ္တံ အာဒါယ၊ သပိတ်ကို လှမ်းယူလျက်။ ဃရံ ပဝေသေတွာ၊ အိမ်သို့ဝင်စေပြီးလျှင်။ ပညတ္တာသနေ နိသီဒါပေတွာ၊ ခင်းထားသောနေရာ၌ထိုင်စေ၍။ သဟတ္ထာ၊ မိမိတို့လက်ဖြင့်။ သက္ကစ္စံ ပရိဝိသန္တိ၊ ရိုသေစွာ လုပ်ကျွေးကြကုန်၏။ တာဒိသေ ၊ထိုသို့ ပ ဆွမ်းခံရွာသည်။ဝန္ဒတိ၊ သင့်လျော်၏။ပန၊ အဖို့တပါးကား။ အသ၊ ထိုဒေါသစရိုက်ရှိသော ပုဂ္ဂိုလ်၏။ ပရိဝေသကာ၊ အလုပ်အကျွေးတို့သည်ကား၊ ယေ၊ အကြင်သူတို့သည်။ အဘိရူပါ၊ အဆင်းလှကုန်၍။ ပါသာဒိကာ၊ ကြည့်ချင်စဖွယ်ရှိကြလျက်။ သုန္ဟာတာ၊ ကောင်းစွာရေချိုးပြီး၍။ သုဝိလိတ္တာ၊ သေသပ်ညီညာ နံ့သာလိမ်းကျံထားကြလျှင်။ ဓူမဝါသကုသုမဂန္ဓသုရဘိနော၊ အခိုးအထုံ ပန်းပေါင်းစုံတို့၏ အမွှေးရနံ့တို့ဖြင့် သင်းပျံ့မွှေးကြိုင်သည့် ရနံ့ရှိကြလျက်။ နာနာဝိရာဂသုစိမနုညဝတ္ထာဘရဏပဋိမဏ္ဍိတာ၊ အရောင်အမျိုးမျိုးတို့ဖြင့် ဆိုးထားသည့် သန့်ရှင်းစင်ကြယ် နှစ်သက်ဖွယ်ရာ အဝတ်တန်ဆာတို့ဖြင့် ဆင်ပြင်ကြလျက်။ (ဝိသေသနပုဒ်များကို ကုန်သော ဟုမပြန်ဆိုပဲ မြန်မာစကား ပြေပြစ်စေရန် ပြန်ထားသည်)။ သက္ကစ္စကာရိနော၊ ရိုသေစွာလုပ်ကျွေးကြကုန်၏၊ တာဒိသာ၊ ထိုသို့သဘောရှိပါမူ။ ဝါ၊ ထိုသို့သော အလုပ်အကျွေးတို့သည်။ သပ္ပါယာ၊ သင့်လျော်ကုန်၏။ ဝဏ္ဏဂန္ဓရသသမ္ပန္နံ၊ အဆင်းအနံ့အရသာနှင့်ပြည့်စုံလျက်။ ဝါ၊ အဆင်းအနံ့အရသာနှင့် ပြည့်စုံသော။ ဩဇဝန္တံ၊ ဩဇာရှိသော။ မနောရမံ၊ စိတ်နှလုံးကို ပျော်မွေ့စေသော။ သဗ္ဗာကာရပဏီတံ၊ အချင်းခပ်သိမ်း မွန်မြတ်သော။ ယာဝဒတ္ထံ၊ အလိုရှိသလောက်ရသော။ ယာဂုဘတ္တခဇ္ဇကမ္ပိ၊ ယာဂု ဆွမ်း ခဲဖွယ်သည်လည်း။ ဝဋ္ဋတိ၊ သင့်လျော်၏။ အဿ၊ ထိုဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား။ ဣရိယာပထောပိ၊ ဣရိယာပုထ်သည်လည်း။ သေယျာ ဝါ၊ အိပ်ခြင်းသည်လည်းကောင်း။ ဝါ၊ အိပ်သော်လည်းကောင်း၊ နိသဇ္ဇာ ဝါ၊ ထိုင်ခြင်းသည်လည်းကောင်း။ ဝါ၊ ထိုင်သော်လည်းကောင်း။ ဝဋ္ဋတိ၊ သင့်လျော်၏။ အာရမ္မဏံ၊ အာရုံသည်။ နီလာဒီသု ဝဏ္ဏကသိဏေသု၊ နီလကသိုဏ်း စသောအဆင်းကသိုဏ်းတို့တွင်။ သုပရိသုဒ္ဓဝဏ္ဏံ၊ ထက်ဝန်းကျင်အလွန်စင်ကြယ်သော။ ယံကိဉ္စိ၊ အမှတ်မရှိ ကသိုဏ်းတခုခုသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ (ပြန်စပ်)။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်သတည်း။ ဣဒံ၊ ဤအလုံးစုံသည်။ ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသောပုဂ္ဂိုလ်အား။ သပ္ပါယံ၊ လျောက်ပတ်၏။

(၁၀၆) မောဟစရိတဿ၊ မောဟစရိုက်ရှိသောပုဂ္ဂိုလ်အား။ ဒိသာမုခံ၊ လွင်ပြင်သို့မျက်နှာမူသော။ အသမ္ဗာဓံ၊ မကျဉ်းမြောင်းသော။ ယတ္ထ၊ အကြင်ကျောင်း၌။ နိသိန္နဿ၊ နေထိုင်သူအား။ ဝိဝဋ္ဋာ၊ ဟင်းလင်းပွင့်ကုန်သော။

ဒိသာ၊ အရပ်မျက်နှာတို့သည်။ ဝါ၊ ဝိဝဋ္ဋာ ဒိသာ၊ အရပ်မျက်နှာသို့ ဟင်းလင်း ပွင့်ကုန်လျက်။ ခါယန္တိ၊ ထင်ကုန်၏။ တာဒိသံ၊ ထိုအရပ်မျက်နှာတို့ကို လင်းလင်း ချင်းချင်းတွေ့မြင်ရသော။ သေနာသနံ၊ ကျောင်းသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ဣရိယာပထေသု၊ ဣရိယာပုထ်တို့တွင်။ စင်္ကမော၊ စင်္ကြံလျှောက်ခြင်းသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ အဿ၊ ထိုမောဟစရိုက်ရှိသောပုဂ္ဂိုလ်အား။ သုပ္ပမတ္တံ၊ စကောဝယ်ပမာဏရှိသော။ သရာဝမတ္တံ၊ စလောင်းဖုံးကြီးပမာဏရှိသော။ ပရိတ္တံ၊ ကျဉ်းသော။ ခုဒ္ဒကံ အာရမ္မဏံ၊ ကသိုဏ်းဝန်းငယ်သည်။ န ဝဋ္ဋတိ၊ မသင့်လျော်ပေ။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ သမ္ဗာဓေသို ဩကာသေ၊ ကျဉ်းမြောင်းသောအရပ်၌။ စိတ္တံ၊ စိတ်သည်။ ဘိယျော၊ အလွန်။ ဝါ၊ ပို၍။ သမ္မောဟံ၊ တွေဝေခြင်းသို့။ အာပဇ္ဇတိ၊ ရောက်တတ်၏။ တသ္မာ၊ ထိုကြောင့်။ ဝိပုလံ၊ ပြန့်ကျယ်သော။ မဟာကသိဏံ၊ ကသိုဏ်းဝန်းကြီးသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ သေသံ၊ ကြွင်းသောဆိုဖွယ်စကားသည်။ ဒေါသစရိတဿ၊ ဒေါသ စရိုက်ရှိသောပုဂ္ဂိုလ်အား။ ဝုတ္တသဒိသမေဝ၊ ဆိုအပ်ပြီးသည်နှင့် တူသည်သာ တည်း။ ဣတိ၊ ဤတွင် စကားတရပ်အပြီးသတ်သတည်း။ ဣဒံ၊ ဤအလုံးစုံသည်။ မောဟစရိတဿ၊ မောဟစရိုက်ရှိသူအား။ သပ္ပါယံ၊ လျောက်ပတ်၏။

သဒ္ဓါစရိတဿ၊ သဒ္ဓါစရိုက်ရှိသောပုဂ္ဂိုလ်အား။ ဒေါသစရိတမှိ၊ ဒေါသစရိုက်ရှိသူ၌။ သဗ္ဗမ္ပိ ဝုတ္တဝိဓာနံ၊ ဆိုခဲ့သောအစီအရင်အလုံးစုံသည်။ သပ္ပါယံ၊ လျောက်ပတ်၏။ အာရမ္မဏေသု၊ အာရုံတို့တွင်ကား။ အဿ၊ ထိုသဒ္ဓါစရိုက်ရှိသူ အား။ အနုဿတိဋ္ဌာနမ္ပိ၊ ဗုဒ္ဓါနုဿတိစသော ခြောက်ပါးသော အနုဿတိ-ကမ္မဋ္ဌာန်းသည်လည်း။ ဝဋ္ဋတိ၊ သင့်လျော်၏။

ဗုဒ္ဓိစရိတဿ၊ ဗုဒ္ဓိစရိုက်ရှိသောပုဂ္ဂိုလ်အား။ သေနာသနာဒီသု၊ ကျောင်း စသည်တို့တွင်။ "ဣဒံ နာမ အသပ္ပါယန္တိ၊ ဤမည်သောအရာသည် မလျောက် ပတ်ဟု"။ (ဝတ္တဗ္ဗာ၊ ဆိုဖွယ်သည်)။ နတ္ထိ၊ မရှိပေ။

ဝိ တ က္က စ ရိ တ ဿ၊ ဝိတက်စရိုက်ရှိသောပုဂ္ဂိုလ်အား။ ဝိဝဋ္ဋံ၊ ဟင်းလင်း ဖြစ်သော။ ဝါ၊ ဟင်းလင်းဖြစ်လျက်။ ဒိသာမုခံ၊ လွင်ပြင်သို့မျက်နှာမူသော။ ယတ္ထ၊ အကြင်ကျောင်း၌။ နိသိန္နဿ၊ နေသောသူအား။ အာရာမဝနပေါက္ခရဏီ-ရာမဏေယျကာနိ၊ စိတ်နှလုံးပျော်မွေ့ဖွယ်ရာဖြစ်သော မြုံ ဉယျာဉ် ရေကန် တို့သည်လည်းကောင်း။ ဂါမနိဂမဇနပဒပဋိပါဋိယော၊ ရွာ, နိဂုံး, ဇနပုဒ်အစဉ် တို့သည်လည်းကောင်း။ နီလောဘာသာ စ ပဗ္ဗတာ၊ စိမ်းညိုညိုရှိသော တောင် တို့သည်လည်းကောင်း။ ပညာယန္တိ၊ ထင်ပေါ်ကုန်၏။ တံ-တာဒိသံ၊ ထိုသို့သော ကျောင်းသည်။ န ဝဋ္ဋတိ၊ မသင့်လျော်ပေ။ ဟိ-ယသ္မာ၊ အကြင်ကြောင့်။ တံ တာဒိသံ၊ ထိုသို့သောကျောင်းသည်။ ဝိတက္ကဝိဓာဝနဿေဝ၊ ကြံစည်တွေး တော၍လျက် စိတ်ပြေးသွားခြင်း၏ သာလျှင်။ (အချို့ ဝိတက္ကသန္ဓာဝနဿေဝ-ဟု

ရှိသည်၊ အနက်တူ၏။) ပစ္စယော ဟောတိ၊ အကြောင်းဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ဂမ္ဘီရေ၊ နက်သော။ ဒရီမုခေ၊ တောင်ချောက်အဝ၌။ ဝနပ္ပဂုမ္ဗစ္ဆန္နေ၊ တောဖြင့်ဖုံးကွယ်သော။ ဟတ္ထိကုမ္ဘိပဗ္ဗာရမဟိန္ဒဂုဟာသဒိသေ၊ဆင်ဝမ်းဗိုက်နှင့် တူသော တောင်ဝှမ်း၌ရှိသောအရှင်မဟိန္ဒထေရ်၏ ဂူနှင့်တူသော။ သေနာသနေ၊ ကျောင်းမျိုး၌။ ဝသိတဗ္ဗံ၊ နေသင့်ပေ၏။ အဿ၊ ထိုဝိတက်စရိုက်ရှိသော ပုဂ္ဂိုလ်အား။ အာရမ္မဏမ္ပိ၊ အာရုံသည်လည်း။ ဝိပုလံ၊ ကျယ်ပြန့်သောကသိုဏ်း ဝန်းသည်။ န ဝဋ္ဋတိ၊ မသင့်လျော်ပေ။ ဟိ၊ မှန်၏။ တာဒိသံ၊ ထိုသို့သဘော ရှိသော ကျယ်ပြန့်သော ကသိုဏ်းဝန်းသည်။ ဝိတက္ကဝသေန၊ ကြံစည်တွေး တောခြင်းအားဖြင့်။ သန္ဓာဝနဿ၊ စိတ်ပြေးသွားခြင်း၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်၏။ ပန၊ အလျော်ကား။ ပရိတ္တံ၊ ကျဉ်းသော ကသိုဏ်းဝန်းသည်။ ဝဋ္ဋတိ၊ သင့်လျော်၏။ သေသံ၊ ကြွင်းသော ဆိုဖွယ်သည်။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသောပုဂ္ဂိုလ်၏။ ဝုတ္တသဒိသမေဝ၊ ဆိုခဲ့ပြီးသောစကားနှင့် တူသည် သာတည်း။ ဣတိ၊ ဤကား အပြီးတည်း။ ဣဒံ၊ ဤအလုံးစုံသည်။ ဝိတက္က- စရိတဿ၊ ဝိတက်စရိုက်ရှိသောပုဂ္ဂိုလ်အား။ သပ္ပါယံ၊ သင့်လျော်၏။ အယံ၊ ဤဆိုခဲ့ပြီးသော အကျယ်စကားသည်။ အတ္တနော စရိယာနုကူလန္တိ ဧတ္ထ၊ အတ္တနော စရိယာနုကူလံဟူသော ဤစကားရပ်၌။ အာဂတစရိယာနံ၊ လာသောစရိုက်တို့ကို။ ပဘေဒနိဒါနပဝိဘာဝနသပ္ပါယပရိစ္ဆေဒတော၊ အကွဲအပြား ကို ပိုင်းခြားဆုံးဖြတ်ခြင်း, အကြောင်းရင်းကို ပိုင်းခြားဆုံးဖြတ်ခြင်း, သိနိုင်ပုံ ကို ပိုင်းခြားဆုံးဖြတ်ခြင်း, လျော်သည်ကို ပိုင်းခြား ဆုံးဖြတ်ခြင်းအားဖြင့်။ ဝိတ္ထာရော၊ အကျယ်ပြဆိုခြင်းပေတည်း။ စ၊ ထိုသို့ အပိုင်းအခြားအားဖြင့် အကျယ်ဖြစ်သော်လည်း။ တာဝ တတ္တကေန၊ ထိုမျှလောက် စကားအစဉ်ဖြင့်။ စရိယာနုကူလံ၊ စရိုက်အားလျော်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကိုမူကား။ သဗ္ဗာကာရေန၊ ခပ်သိမ်းသော အခြင်းအရာဖြင့်။ န အာဝိကတံ၊ မပြဆိုရသေး ပေ။ ဟိ မှန်၏။ တံ၊ ထိုစရိုက်အားလျော်သော ကမ္မဋ္ဌာန်းသည်။ အနန္တရဿ မာတိကာပဒဿ၊ အခြားမဲ့ဖြစ်သော မာတိကာပုဒ်၏။ ဝိတ္ထာရေ၊ အကျယ်၌။ သယမေဝ အာဝိဘဝိဿတိ၊ သူ့အလိုလိုပင် ထင်ရှားပေလတ္တံ့။

## စတ္တာလီသကမ္မဋ္ဌာနဝဏ္ဏနာ

## ကမ္မဋ္ဌာန်းလေးဆယ်ကို ဖွင့်ပြချက်

၄၇။ တသ္မာ၊ ထိုသို့စရိုက်အားလျော်သော ကမ္မဋ္ဌာန်းကို အပြည့်အစုံမပြ ဆိုရသေးသောကြောင့်။ "စတ္တာလီသာယ ကမ္မဋ္ဌာနေသု အညတရံ ကမ္မဋ္ဌာနံ ဂဟေတွာတိ၊ စတ္တာလီသာယ ကမ္မဋ္ဌာနေသု အညတရံ ကမ္မဋ္ဌာနံ ဂဟေတွာ

ဟူသော။ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ တတ္ထ၊ ဤစကား၌။ သင်္ခါတနိဒ္ဒေသတော စ၊ လေးဆယ်ဟူသော သင်္ချာဖြင့် အကျဉ်းပြဆိုအပ်ပြီးသော ကမ္မဋ္ဌာန်းတို့ကို အကျယ်ပြခြင်းအားဖြင့်လည်းကောင်း ။ ဥပစာရပ္ပနာဝဟတော စ၊ ဥပစာရဈာန်နှင့် အပ္ပနာဈာန်ကို ဆောင်သောအားဖြင့်လည်းကောင်း။ ဈာနပ္ပဘေဒတော စ၊ ဈာန်ကို ဝေဖန်ခြင်းအားဖြင့်လည်းကောင်း။ သမတိက္ကမတော စ၊ အင်္ဂါနှင့်အာရုံကို လွန်သောအားဖြင့်လည်းကောင်း။ ဝဍ္ဎနာဝဍ္ဎနတော စ၊ ပွားစေအပ် မပွားစေအပ်သည်ကို ဝေဖန်သောအားဖြင့်လည်းကောင်း။ အာရမ္မဏတော စ၊ အာရုံကို ဝေဖန်သောအားဖြင့်လည်းကောင်း။ ဘူမိတော စ၊ ဘုံကိုဝေဖန်သောအားဖြင့်လည်းကောင်း။ ဂဟဏတော စ၊ ယူအပ်သည် မယူအပ်သည်ကို ဝေဖန်သောအားဖြင့်လည်းကောင်း။ ပစ္စယတော စ၊ အကြောင်းကို ဝေဖန်သောအားဖြင့်လည်းကောင်း။ စရိယာနုကူလတော စ၊ စရိုက်အား လျော်သည်ကို ဝေဖန်သောအားဖြင့်လည်းကောင်း။ (ဆင္ဓမ္မဥ္ဇ မပါ၊ ပြည်မူမှ ဆောင်ပေးသည်) ဣတိ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဣမေဟိ ဒသဟိ အာကာရေဟိ၊ ဤဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ကမ္မဋ္ဌာနဝိနိစ္ဆယော၊ ကမ္မဋ္ဌာန်း အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁၀၇) တတ္ထ၊ ထိုဆယ်ပါးသော အခြင်းအရာတို့တွင်။ သင်္ခါတနိဒ္ဒေသတောတိ ဧတ္ထ၊ သင်္ခါတနိဒ္ဒေသတော ဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ၊ ဤသို့။ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ချဲ့အံ့။ စတ္တာလီသာယ ကမ္မဋ္ဌာနေသူတိ၊ စတ္တာလီသာယ ကမ္မဋ္ဌာနေသုဟူ၍။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်ပြီ။ တတြ၊ ထိုဆိုခဲ့ပြီးသောစကား၌။ ဣမာနိ၊ ဤဆိုလတ္တံ့သည်တို့ကား။ စတ္တာလီသကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းလေးဆယ်တို့ပေတည်း၊ ဒသကသိဏာ၊ ကသိုဏ်းဆယ်ပါးတို့လည်းကောင်း။ ဒသအသုဘာ၊ အသုဘဆယ်ပါးတို့လည်းကောင်း။ ဒသအနုဿတိယော၊ အနုဿတိဆယ်ပါးတို့လည်းကောင်း။ စတ္တာရော ဗြဟ္မဝိဟာရာ၊ ဗြဟ္မဝိဟာရလေးပါးတို့လည်းကောင်း။ စတ္တာရော အာရုပ္ပါ၊ အာရုပ္ပလေးပါးတို့လည်းကောင်း။ ဧကာ သညာ၊ သညာတပါးလည်းကောင်း။ ဧကံ ဝဝတ္ထာနံ၊ ဝဝတ္ထာန်တပါးလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာလီသကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းလေးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထိုလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလည်းကောင်း။ အာပေါကသိဏံ၊ အာပေါကသိုဏ်းလည်းကောင်း။ တေဇောကသိဏံ၊ တေဇောကသိုဏ်းလည်းကောင်း။ ဝါယောကသိဏံ၊ ဝါယောကသိုဏ်းလည်းကောင်း။ နီလကသိဏံ၊ နီလကသိုဏ်းလည်းကောင်း။ ပီတကသိဏံ

ပီတကသိုဏ်းလည်းကောင်း။ လောဟိတကသိဏံ၊ လောဟိတကသိုဏ်းလည်းကောင်း။ ဩဒါတကသိဏံ၊ ဩဒါတကသိုဏ်းလည်းကောင်း။ အာလောကကသိဏံ၊ အာလောကကသိုဏ်းလည်းကောင်း။ ပရိစ္ဆိန္နာကာသကသိဏံ၊ ပရိစ္ဆိန္နာကာသကသိုဏ်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ၊ ဤပထဝီကသိုဏ်းစသည်တို့သည်။ ဒသ၊ ဆယ်ပါးကုန်သော။ ကသိဏာ၊ ကသိုဏ်းတို့ပေတည်း။ ဣမေ၊ ဤကမ္မဋ္ဌာန်းတို့သည်။ ဒသကသိဏာ၊ ကသိုဏ်း ဆယ်ပါး တို့ပေတည်း။

ဥဒ္ဓုမာတကံ၊ ဥဒ္ဓုမာတကအသုဘ လည်းကောင်း။ ဝိနီလကံ၊ ဝိနီလကအသုဘလည်းကောင်း။ ဝိပုဗ္ဗကံ၊ ဝိပုဗ္ဗကအသုဘ လည်းကောင်း။ ဝိစ္ဆိဒ္ဒကံ၊ ဝိစ္ဆိဒ္ဒကအသုဘလည်းကောင်း။ ဝိက္ခာယိတကံ၊ ဝိက္ခာယိတကအသုဘလည်းကောင်း။ ဝိက္ခိတ္တကံ၊ ဝိက္ခိတ္တကအသုဘလည်းကောင်း။ ဟတဝိက္ခိတ္တကံ၊ ဟတဝိက္ခိတ္တကအသုဘလည်းကောင်း။ လောဟိတကံ၊ လောဟိတကအသုဘလည်းကောင်း။ ပုဠုဝကံ၊ ပုဠုဝကအသုဘလည်းကောင်း။ အဋ္ဌိကံ၊ အဋ္ဌိကအသုဘလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ၊ ဤဥဒ္ဓုမာတကအသုဘ စသည်တို့သည်။ ဒသ၊ ဆယ်ပါးကုန်သော။ အသုဘာ၊ အသုဘတို့ပေတည်း။ ဣမေ၊ ဤကမ္မဋ္ဌာန်းတို့သည်။ ဒသ အသုဘာ၊ အသုဘဆယ်ပါးတို့ပေတည်း။

ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိလည်းကောင်း။ ဓမ္မာနုဿတိ၊ ဓမ္မာနုဿတိလည်းကောင်း။ သံဃာနုဿတိ၊ သံဃာနုဿတိလည်းကောင်း။ သီလာနုဿတိ၊ သီလာနုဿတိ လည်းကောင်း။ စာဂါနုဿတိ၊ စာဂါနုဿတိ လည်းကောင်း။ ဒေဝတာနုဿတိ၊ ဒေဝတာနုဿတိ လည်းကောင်း။ မရဏာနုဿတိ၊ မရဏာနုဿတိ လည်းကောင်း။ ကာယဂတာသတိ၊ ကာယဂတာသတိ လည်းကောင်း။ အာနာပါနဿတိ၊ အာနာပါနဿတိလည်းကောင်း။ ဥပသမာနုဿတိ၊ ဥပသမာနုဿကိလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ၊ ဤသည်တို့သည်။ ဒသ အနုဿတိယော၊ အနုဿတိဆယ်ပါးတို့ပေတည်း။

မေတ္တာ၊ မေတ္တာလည်းကောင်း။ ကရုဏာ၊ ကရုဏာလည်းကောင်း။ မုဒိတာ၊ မုဒိတာလည်းကောင်း။ ဥပေက္ခာ၊ ဥပေက္ခာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ၊ ဤသည်တို့သည်။ စတ္တာရော ဗြဟ္မဝိဟာရာ၊ ဗြဟ္မဝိဟာရ လေးပါးတို့ပေတည်း။

အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတန တရားလည်းကောင်း။ ဝိညာနဉ္စာယတနံ၊ ဝိညာနဉ္စာယတနတရားလည်းကောင်း။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနတရားလည်းကောင်း။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနတရားလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ၊ ဤ အာကာသာနဉ္စာယတနစသော တရားတို့သည်။ စတ္တာရော အာရုပ္ပါ၊ အာရုပ္ပ

လေးပါးတို့ပေတည်း။ အာဟာရေ၊ အစာအာဟာရ၌။ ပဋိကူလသညာ၊ စက်ဆုပ်ဖွယ်ဟူသော အမှတ်သညာသည်။ ကော သညာ၊ သညာတပါးပေတည်း။ စတုဓာတုဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန်သည်။ ကော် ဝဝတ္ထာနံ၊ ဝဝတ္ထာန်တပါးပေတည်း၊ ဣတိ ဧဝံ၊ ဤသို့။ သင်္ခါတနိဒ္ဒေသတော၊ လေးဆယ်ဟူသောသချာဖြင့် အကျဉ်းပြအပ်ပြီးသော ကမ္မဋ္ဌာန်းတို့ကို အကျယ်ပြခြင်းအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

ဥပစာရပ္ပနာဝဟတောတိ ဧတ္ထ၊ ဥပစာရပ္ပနာဝဟတောဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကား။ ဟိ၊ ခဲ့အံ့။ ကာယဂတာသတိဉ္စ၊ ကာယဂတာသတိကိုလည်းကောင်း။ အာနာပါနဿတိဉ္စ၊ အာနာပါနသတိကိုလည်းကောင်း။ ထပေတွာ၊ ဖယ်ထား၍ အဝသေသာ၊ ထိုနှစ်ပါးမှကြွင်းကုန်သော။ အဋ္ဌ အနုဿတိယော၊ အနုဿတိရှစ်ပါးတို့လည်းကောင်း။ အာဟာရေ ပဋိကူလသညာ၊ အာဟာရေ ပဋိကူလသညာလည်းကောင်း။ စတုဓာတုဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန်တပါးလည်းကောင်း။ ဣတိ၊ ဤသို့။ ဧတ္ထ၊ ဤလေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ ဣမာနိ ဒသကမ္မဋ္ဌာနာနိ၊ ဤကမ္မဋ္ဌာန်းဆယ်ပါးတို့သည်။ ဥပစာရာဝဟာနိ ဧဝ၊ ဥပစာကိုသာလျှင် ဆောင်ကုန်၏။ သေသာနိ၊ ဆယ်ပါးမှကြွင်းသော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့သည်။ အပ္ပနာဝဟာနိ၊ အပ္ပနာသို့ဆောင်ကုန်၏။ ဧဝံ၊ ဤသို့။ ဥပစာရပ္ပနာဝဟတော၊ ဥပစာရပ္ပနာဝဟအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဈာနပ္ပဘေဒတောတိ ဧတ္ထ၊ ဈာနပ္ပဘေဒတောဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကား။ အပ္ပနာဝဟေသု၊ အပ္ပနာကို ဆောင်ကုန်သော။ ဧတ္ထ၊ ဤသုံးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်။ အာနာပါနဿတိယာ သဒ္ဓိံ၊ အာနာပါနဿတိနှင့်တကွ။ ဒသကသိဏာ၊ ကသိုဏ်းဆယ်ပါးတို့သည်။ စတုက္ကဇ္ဈာနိကာ ဟောန္တိ၊ ရူပါဝစရဈာန်လေးပါးတို့၏ အာရုံဖြစ်ကုန်၏။ ကာယဂတာသတိယာ သဒ္ဓိံ၊ ကာယဂတာသတိနှင့်တကွ။ ဒသအသုဘာ၊ အသုဘဆယ်ပါးတို့သည်။ ပဌမဇ္ဈာနိကာ၊ ရူပါဝစရ ပဌမဈာန်၏ အာရုံဖြစ်ကုန်၏။ ပုရိမာ တယော ဗြဟ္မဝိဟာရာ၊ မေတ္တာ, ကရုဏာ, မုဒိတာဟူသော ရှေ့ဗြဟ္မဝိဟာရ သုံးပါးတို့သည်။ တိကဇ္ဈာနိကာ၊ အောက်ရူပါဝစရဈာန် သုံးပါး၏ အာရုံဖြစ်ကုန်၏။ စတုတ္ထဗြဟ္မဝိဟာရော စ၊ စတုတ္ထဗြဟ္မဝိဟာရသည်လည်းကောင်း။ စတ္တာရော စ အာရုပ္ပါ၊ အာရုပ္ပလေးပါးတို့သည်လည်းကောင်း။ စတုတ္ထဇ္ဈာနိကာ၊ စတုတ္ထဈာန်၏အာရုံဖြစ်ကုန်၏၊ ဣတိ ဧဝံ၊ ဤသို့။ ဈာနပ္ပဘေဒတော၊ ဈာန်ကို ဝေဖန်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

သမတိက္ကမတောတိ ဧတ္ထ၊ သမတိက္ကမတော ဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကား။ သမတိက္ကမာ၊ လွန်မြောက်ခြင်းတို့သည်။ အင်္ဂသမတိက္က-

မော စ၊ အင်္ဂါကို လွန်မြောက်ခြင်းလည်းကောင်း။ အာရမ္မဏသမတိက္ကမော စ၊ အာရုံကို လွန်မြောက်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်)။ ဒွေ၊ နှစ်မျိုးတို့တည်း။ တတ္ထ၊ ထိုနှစ်မျိုးတို့တွင်။ တိကစတုက္ကဇ္ဈာနိကေသု၊ စျာန်သုံးပါး၏အာရုံဖြစ်သော ပြဟ္မဝိဟာရသုံးပါး, စျာန်လေးပါး၏ အာရုံဖြစ်သော အာနာပါနဿတိနှင့် ကသိုဏ်းဆယ်ပါးဟူကုန်သော။ သဗ္ဗေသု ကမ္မဋ္ဌာနေသု၊ အလုံးစုံသော ကမ္မဋ္ဌာန်းတဆယ့်လေးပါးတို့၌။ (၁၀၇) အင်္ဂသမတိက္ကမော၊ အင်္ဂါကို လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်ဆိုသော်။ ဝိတက္ကဝိစာရာဒီနိ စျာနင်္ဂါနိ၊ ဝိတက်ဝိစာရ အစရှိသော စျာန်အင်္ဂါတို့ကို။ သမတိက္ကမိတွာ၊ လွန်မြောက်၍။ တေသွေဝါရမ္မဏေသု၊ ပြဟ္မဝိဟာရ, အာနာပါနဿတိ, ကသိုဏ်းဟူသော ထိုအာရုံတို့၌သာလျှင်။ ဒုတိယဇ္ဈာနာဒီနံ၊ ဒုတိယစျာန် စသည်တို့ကို။ဝါ၊ တို့၏။ ပတ္တဗ္ဗတော၊ ရအပ်ရောက်အပ်သောကြောင့်ပေတည်း။ စတုတ္ထပြဟ္မဝိဟာရေ၊ စတုတ္ထပြဟ္မဝိဟာရ၌။ တထာ၊ ထို့အတူ။ အင်္ဂသမတိက္ကမော၊ အင်္ဂါကို လွန်မြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ်ကြောင့်ဆိုသော်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သောပိ၊ ထို စတုတ္ထပြဟ္မဝိဟာရကိုလည်း။ မေတ္တာဒီနံယေဝ အာရမ္မဏေ၊ မေတ္တာ စသည်တို့၏ အာရုံ၌သာလျှင်။ သောမနဿံ သမတိက္ကမိတွာ၊ သောမနဿကို လွန်မြောက်၍။ ပတ္တဗ္ဗော၊ ရအပ်ရောက်အပ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အင်္ဂသမတိက္ကမော ဟောတိ၊ အင်္ဂါကို လွန်မြောက်ခြင်းဖြစ်၏။ (ပြန်စပ်)။ ပန၊ အဖွင့်တပါးကား။ စတူသု အာရုပ္ပေသု၊ အာရုပ္ပလေးပါးတို့၌။ အာရမ္မဏသမတိက္ကမော ဟောတိ၊ အာရုံကို လွန်မြောက်ခြင်း ဖြစ်၏။ ဟိ၊ မှန်၏။ ပုရိမေသု နဝသု ကသိဏေသု၊ ရှေ့ကသိုဏ်းကိုးပါးတို့တွင်။ အညတရံ သမတိက္ကမိတွာ၊ တပါးပါးကို လွန်မြောက်၍။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနစျာန်ကို။ ပတ္တဗ္ဗံ၊ ရအပ် ရောက်အပ်၏။ အာကာသာဒီနံ စ သမတိက္ကမိတွာ၊ ကောင်းကင်ပညတ် စသည်တို့ကိုလည်း လွန်မြောက်၍။ ဝိညာဏဉ္စာယတနာဒီနိ၊ ဝိညာဏဉ္စာယတနစျာန် စသည်တို့ကို။ ပတ္တဗ္ဗာနိ၊ ရအပ် ရောက်အပ်ကုန်၏။ သေသေသု၊ ဆိုခဲ့ပြီးသော ပြဟ္မဝိဟာရလေးပါး, အာနာပါနဿတိ, ကသိုဏ်းဆယ်ပါး, အာရုပ္ပလေးပါးတို့မှ ကြွင်းကုန်သော ကမ္မဋ္ဌာန်းနှစ်ဆယ့်တပါးတို့၌။ သမတိက္ကမော၊ အင်္ဂါနှင့် အာရုံကို လွန်မြောက်ခြင်းသည်။ နတ္ထိ၊ မရှိပေ။ ဣတိ ဧဝံ၊ ဤသို့။ သမတိက္ကမတော၊ အင်္ဂါနှင့် အာရုံကို လွန်မြောက်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဝဍ္ဎနာဝဍ္ဎနတောတိ ဧတ္ထ၊ ဝဍ္ဎနာဝဍ္ဎနတောဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကား။ ဣမေသု စတ္တာလီသာယ ကမ္မဋ္ဌာနေသု၊ ဤကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ ဒသကသိဏာနေဝ၊ ကသိုဏ်းဆယ်ပါးတို့ကိုသာလျှင်။

ဝဍ္ဎေတဗ္ဗာနိ၊ ပွားစေအပ်ကုန်၏။ ဟိ၊ အကျိုးသော်ကား။ ယတ္တကံ ဩကာသံ၊ အကြင်မျှလောက်သော အရပ်သည်။ ကသိဏေန၊ ကသိုဏ်းဖြင့်။ ဖရတိ၊ ပြန့်၏။ တဒဗ္ဘန္တရေ၊ ထိုကသိုဏ်းပြန့်ရာအရပ်အတွင်း၌။ ဒိဗ္ဗာယ သောတဓာတုယာ၊ ဒိဗ္ဗသောတအဘိညာဉ်ဖြင့်။ သဒ္ဒေ သောတုံ၊ အသံကို ကြားခြင်းငှာ။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ရူပါနိ ပဿိတုံ၊ အဆင်းတို့ကို မြင်ခြင်းငှာ။ စေတသာ၊ စေတောပရိယအဘိညာဉ်စိတ်ဖြင့်။ ပရသတ္တာနဉ္စ စိတ္တံ၊ သူတပါးတို့၏ စိတ်ကို။ အညာတုံ သမတ္ထော ဟောတိ၊ သိခြင်းငှာ စွမ်းနိုင်၏။ ပန၊ အဖို့တပါးကား။ ကာယဂတာသတိ စ၊ ကာယဂတာသတိကိုလည်းကောင်း။ အသုဘာနိ စ၊ အသုဘာတို့ကိုလည်းကောင်း။ န ဝဍ္ဎေတဗ္ဗာနိ၊ မပွားစေအပ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်ဆိုသော်။ ဩကာသေန၊ မိမိတည်ရာအရပ်ဖြင့်။ သာ ပရိစ္ဆိန္နတာ၊ ထိုပိုင်းခြားထားသည်၏အဖြစ်သည်။ ဝါ၊ ပိုင်းခြားထားပုံသည်။ ဘာဝနာနယေ၊ ဘာဝနာနည်း၌။ အာဝိ ဘဝိဿတိ၊ ထင်ရှားပေလိမ့်မည်။ ပန၊ ဆက်အံ့၊ ဝါ၊ အပြစ်ပြအံ့။ တေသု၊ ထိုကာယဂတာသတိနှင့် အသုဘတို့ကို။ ဝဍ္ဎိတေသု၊ ပွားစေ အပ်ကုန်သည်ရှိသော် ဝါ ပွားစေလျှင်။ ကုဏပရာသိယေဝ၊ အကောင်ပုပ် အစုသည်သာလျှင်။ ဝဍ္ဎတိ၊ တိုးပွား၏။ ကောစိ၊ တစုံတခုသော။ အာနိသံသော၊ အကျိုးသည်။ န အတ္ထိ၊ မရှိပေ။ ဝါ၊ ကောစိ အာနိသံသော၊ အကျိုးတစုံတရာသည်။ နတ္ထိ၊ မရှိပေ။ စ၊ မှန်၏။ သောပါကဗျာကရဏေ၊ သောပါကသာမဏေ၏ ပြဿနာအဖြေ၌။ "ဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ရူပသညာ၊ ကသိုဏ်းကို အာရုံပြုသော သညာသည်။ ဝိဘူတာ၊ အလွန်ထင်ရှားပါသည်။ အဋ္ဌိကသညာ၊ အရိုးစုကို အာရုံပြုသောသညာသည်။ အဝိဘူတာ၊ မထင်ရှားပါဘုရား။ ဣတိ၊ ဤသို့။ တံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိ၊ သင့်စွ။ တတြ၊ ထိုသုတ်၌။ ဝါ၊ ထိုသာမဏေစကားရပ်၌။ နိမိတ္တဝဍ္ဎနဝသေန၊ ပဋိဘာဂနိမိတ်၏ ပွားခြင်းအားဖြင့်။ ရူပသညာ၊ ကသိုဏ်းရုပ်ကို အာရုံပြုသောသညာကို။ ဝိဘူတာတိ၊ အလွန်ထင်ရှား၏ဟု။ ဝုတ္တာ၊ ဆိုအပ်၏။ အဝဍ္ဎနဝသေန၊ မပွားခြင်းအားဖြင့်။ အဋ္ဌိကသညာ၊ အရိုးစုကို အာရုံပြုသောသညာကို။ အဝိဘူတာတိ၊ မထင်ရှားဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။

ပန၊ ဆက်အံ့။ "ကေဝလံ၊ အကြွင်းမဲ့ အလုံးစုံသော။ ဣမံ ပထဝိံ၊ ဤမြေကြီးအပြင်ကို။ အဋ္ဌိသညာယ၊ အဋ္ဌိသညာဖြင့်။ အဖရိ၊ ပျံ့နှံ့စေပြီ။" ဣတိ၊ ဤသို့။ ယံ တံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဝစနံ၊ ထိုစကားကို။ လာဘိဿ၊ လွန်ကဲသော ဝသီဘော်သို့ ရောက်သော အဋ္ဌိကသညာရပုဂ္ဂိုလ်ထူးသည်။ သတော၊ ဖြစ်သော်မထေရ်အား။ ဥပဋ္ဌာနာကာရဝသေန၊ ထင်ပုံအခြင်းအရာအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သော စကားပေတည်း။ နိမိတ္တ-ဝဍ္ဎနဝသေန၊ ပဋိဘာဂနိမိတ်ကို ပွားစေခြင်းဖြင့်။ န ဝုတ္တံ၊ ဟောထားသော

စကားမဟုတ်ပေ။ ဟိ၊ ဥပမာသော်ကား။ ဓမ္မာသောကကာလေ၊ သီရိဓမ္မာ-သောကမင်းလက်ထက်၌။ ကရဝိကသကုဏော၊ ကရဝိက်ငှက်သည်။ သမန္တာ၊ ပတ်ဝန်းကျင်မှ။ အာဒါသဘိတ္တိသု၊ မှန်နံရံတို့၌။ အတ္တနော ဆာယံ ဒိသွာ၊ မိမိ အရိပ်ကို မြင်လတ်သော်။ သဗ္ဗဒိသာသု၊ အလုံးစုံသောအရပ်တို့၌။ ကရဝိကသဒ္ဒီ ဟုတွာ၊ ကရဝိက်ငှက် အဖော်ရှိ၏ဟု ထင်မှတ်သည်ဖြစ်၍။ မဓုရံ ဂိရံ၊ သာယာ သောအသံကို။ နိစ္ဆာရေသိ ယထာ၀၊ တွန်ကျူးသကဲ့သို့။ ဧဝံ၊ ထို့အတူ။ ထေရောပိ၊ သိင်္ဂါလပိတု မထေရ်သည်လည်း။ အဋ္ဌိကသညာယ၊ အဋ္ဌိကသညာ ကို။ လာဘိတ္တာ၊ လွန်လွန်ကဲကဲ ရခြင်းကြောင့်။ သဗ္ဗဒိသာသု၊ အလုံးစုံသော အရပ်မျက်နှာတို့၌။ ဥပဋ္ဌိတံ နိမိတ္တံ၊ ထင်သောနိမိတ်ကို။ ပဿန္တော၊ မြင်လတ် သော်။ ကေဝလာပိ ပထဝီ၊ အကြွင်းမဲ့ အလုံးစုံသော မြေကြီးအပြင်သည်။ အဋ္ဌိကဘရိတာဘိ၊ အရိုးစုဖြင့် ပြည့်နေ၏ဟု။ စိန္တေသိ၊ အောက်မေ့လေ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥပဋ္ဌာနာကာရဝသေန၊ ထင်ပုံ အခြင်းအရာအား ဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

အသုဘနိမိတ္တံ၊ အသုဘနိမိတ်ကို။ န ဝဓေတဗ္ဗံ၊ မပွားစေအပ်သည်။ ယဒိ သိယာ၊ အကယ်၍ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ အသုဘဈာနာနံ၊ အသုဘကိုအာရုံပြုသောဈာန်တို့၏။ ယာ အပ္ပမာဏာရမ္မဏတာ၊ အကြင်အတိုင်း မသိ ကြီးကျယ်သော အာရုံရှိသည်၏အဖြစ်ကို။ ဝုတ္တာ၊ ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူအပ်ပြီ။ သာ အပ္ပမာဏာရမ္မဏတာ၊ ထိုအတိုင်းမသိကြီးကျယ်သော အာရုံရှိသည်၏ အဖြစ်သည်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်သည် မဟုတ်ပါလော။ ဣတိ၊ ဤသို့ အကယ်၍ စောဒနာ ပြုအံ့။ သာ စ အပ္ပမာဏာရမ္မဏတာ၊ ထို အတိုင်းမသိ ကြီးကျယ်သော အာရုံရှိသည်၏ အဖြစ်သည်လည်း။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်ပေ။ ဣတိ အယံ၊ ဤသည်ကား အဖြေတည်း။ ဟိ၊ မှန်၏။ ကေ-စွော၊ အချို့သော ယောဂီသည်။ မဟန္တေ ဥဒ္ဓုမာတကေ ဝါ၊ ကြီးသောဖူးဖူး ယောင်သည့် အကောင်ပုပ်၌ လည်းကောင်း။ အဋ္ဌိကေ ဝါ၊ အရိုးစု၌ လည်းကောင်း။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ယူ၏။ ဧကစ္စော၊ အချို့သောယောဂီ သည်။ အပ္ပကေ ဥဒ္ဓုမာတကေ ဝါ၊ ငယ်သော ဖူးဖူးရောင်သည့် အကောင်ပုပ် ၌လည်းကောင်း။ အဋ္ဌိကေ ဝါ၊ အရိုးစု၌လည်းကောင်း။ နိမိတ္တံ ဂဏှာတိ၊ နိမိတ် ယူ၏။ (နောက်ပြန်စပ်)။ ဣမိနာ ပရိယာယေန၊ အကြီး အငယ် ဟူသော ဤအကြောင်းကြောင့်။ ကေစ္စဿ၊ အချို့သော ယောဂီအား။ ပရိတ္တာရမ္မဏံ၊ သေးငယ်သော အာရုံရှိသော။ ဈာနံ၊ ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ ကေစ္စဿ၊ အချို့သော ယောဂီအား။ အပ္ပမာဏာရမ္မဏံ၊ အတိုင်းမသိ ကြီးကျယ်သော အာရုံရှိသော။ ဈာနံ၊ ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်ပေ။ ဝါ၊ တနည်းကား။ ယော၊ အကြင်ယောဂီ

သည်။ တေံ အသုဘနိမိတ္တံ၊ ထိုအသုဘနိမိတ်ကို။ ဝဍ္ဎေနေ၊ ပွားစေခြင်း၌။ အာဒီနဝံ အပဿန္တော၊ အပြစ်ကို မမြင်သောကြောင့်။ ဝဍ္ဎေတိ၊ ပွားစေ၏။ တံ သန္ဓာယ၊ ထိုသို့သော ယောဂီကိုရည်၍။ "အပ္ပမာဏာရမ္မဏန္တိ၊ အတိုင်းမသိ ကြီးကျယ်သော အာရုံရှိ၏" ဟူ။ ဝုတ္တံ၊ ဆိုအပ်၏။ ပန၊ ထိုသို့အပြစ်မမြင်၍ ပွားစေသူကို ရည်ရွယ်၍ ဟောတော်မူသော်လည်း။ အာနိသံသာဘာဝါ၊ အကျိုး မရှိသောကြောင့်။ ကာယဂတာသတိ စ၊ ကာယဂတာ သတိကိုလည်းကောင်း။ အသုဘာနိ စ၊ အသုဘတို့ကိုလည်းကောင်း။ (ပြန်စပ်)။ န ဝဍ္ဎေတဗ္ဗာနိ၊ မပွားစေအပ်ကုန်။ ဣတိ၊ ဤသည်လျှင် တနည်းအဖြေပေတည်း။

(၁၀၉) စ၊ ဆက်ဦးအံ့။ ဧတာနိ၊ ဤအသုဘ၁၀သည်တို့ကို။ န ဝဍ္ဎေတဗ္ဗာနိ ယထာ၊ မပွားစေအပ်ကုန်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ သေသာနိပိ၊ ကြွင်းသော အာနာပါနဿတိ စသော ကမ္မဋ္ဌာန်းအာရုံတို့ကိုလည်း။ န ဝဍ္ဎေတဗ္ဗာနိ၊ မပွားစေအပ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူ။ ဟိ၊ အသင့်အလျော် အားဖြင့် ဖော်ပြဦးအံ့။ ဧတေသု၊ ထိုကမ္မဋ္ဌာန်း တို့တွင်။ တာဝ၊ ရှေးဦးစွာ။ အာနာပါနနိမိတ္တံ ဝဍ္ဎယတော၊ အာနာပါနနိမိတ်ကို ပွားစေသော ယောဂီအား။ ဝါတရာသိယေဝ၊ လေအစုသည်သာလျှင်။ ဝဍ္ဎတိ၊ ပွား၏။ ဩကာသေန၊ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းစသော တည်ရာအရပ်ဖြင့်။ ပရိစ္ဆိန္နဉ္စ၊ ပိုင်းခြား ထားသော ကမ္မဋ္ဌာန်းလည်း ဖြစ်၏။ ဣတိ၊ ဤသို့။ အာဒီနဝတ္တာ၊ လေအစုမျှသာ ပွားခြင်းဟူသော အပြစ်ရှိသောကြောင့် လည်းကောင်း။ ဩကာသေန၊ တည်ရာအရပ်ဖြင့်။ ပရိစ္ဆိန္နတ္တာ စ၊ ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့် လည်းကောင်း။ န ဝဍ္ဎေတဗ္ဗံ၊ မပွားစေအပ်ပေ။ ဗြဟ္မဝိဟာရာ၊ ဗြဟ္မဝိဟာရ တို့သည်။ သတ္တာရမ္မဏာ၊ သတ္တဝါပညတ်ကို အာရုံပြုကုန်၏။ တေသံ၊ ထိုဗြဟ္မဝိဟာရတို့၏။ နိမိတ္တံ ဝဍ္ဎယတော၊ နိမိတ်အာရုံကို ပွားစေသော ယောဂီအား။ သတ္တရာသိယေဝ၊ သတ္တဝါ အစု သည်သာလျှင်။ ဝဍ္ဎေယျ၊ ပွားရာ၏။ တေန သတ္တရာသိဝဍ္ဎနေန၊ ထိုသတ္တဝါအစုကို ပွားခြင်းဖြင့်လည်း။ န စ အတ္ထော ဇတ္ထိ၊ ပထဝီကသိုဏ်း စသည်ကို ပွားစေခြင်း၌ကဲ့သို့ အကျိုး မရှိသည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ တမ္ပိ၊ ထိုဗြဟ္မဝိဟာရတို့၏ အာရုံကိုလည်း။ န ဝဍ္ဎေတဗ္ဗံ၊ မပွားစေအပ်ပေ။ ပန၊ ဆက်ဦးအံ့။ "မေတ္တာသဟဂတေန စေတသာ၊ မေတ္တာနှင့် တကွဖြစ်သော စိတ်ဖြင့်။ ဧကံ ဒိသံ၊ တခုသောအရပ်ကို။ ဖရိတွာ၊ အာရုံပြုသော အားဖြင့် ဖြန့်၍။" ဣတိ အာဒိ၊ ဤသို့အစရှိသော။ ယံ ဝစနံ၊ အကြင်စကား ကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဝစနံ၊ ထိုစကားကို။ ပရိဂ္ဂဟဝသေနေဝ၊ မသိမ်းဆည်း အပ်သော အာရုံကို သိမ်းဆည်းသော အားဖြင့်သာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။ နိမိတ္တဝဍ္ဎနဝသေန၊ သိမ်းဆည်းအပ်ပြီးသော အာရုံကို ပွားစေသောအားဖြင့်။ န ဝုတ္တံ၊ ဟောတော်မူအပ်သည်မဟုတ်ပေ။ ဟိ၊ မှန်၏။ ဧကာဝါသဒ္ဒိအာဝါ-

သာဒိနာ အနုက္ကမေန၊ တကျောင်း၌နေသောပုဂ္ဂိုလ်, နှစ်ကျောင်း၌ နေသော ပုဂ္ဂိုလ် စသောအစဉ်ဖြင့်။ ကေိဿာ ဒိသာယ၊ အရပ်မျက်နှာ တခု၌။ သတ္တေ၊ နေသော သတ္တဝါတို့ကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ ဘာဝေန္တေ၊ ပွားစေ သောသူကို။ "ကေ ဒိသံ ဖရိတွာတိ၊ တခုသော အရပ်မျက်နှာကိုဖြန့်၍" ဟူ၍။ ဝုတ္တေ၊ ဆိုအပ်ပေသည်။ နိမိတ္တံ ဝဍ္ဎေန္တေ၊ အာရုံကိုပွားစေသည်ကို။ ကေ ဒိသံ ဖရိတွာတိ၊ တခုသော အရပ်မျက်နှာကို ဖြန့်၍ ဟူ၍။ န ဝုတ္တော၊ ဆိုအပ် သည်မဟုတ်ပေ။ တ္တေ၊ ဤဖြဟ္မဝိဟာရ ဘာဝနာ၌။ ယံ၊ အကြင် ပဋိဘာဂ နိမိတ်ကို။ အယံ ယောဂီ၊ ဤယောဂီသည်။ ဝဍ္ဎေယျ၊ ပွားရာ၏။ တံ- တာဒိသံ၊ ထိုသို့သဘောရှိသော"၊ ပဋိဘာဂနိမိတ္တမေဝ၊ ပဋိဘာဂနိမိတ်သည်ပင်လျှင်။ နတ္ထိ၊ မရှိပေ။ တ္တေ၊ ဤဖြဟ္မဝိဟာရဘာဝနာ၌။ ပရိတ္တအပ္ပမာဏာရမ္မဏတာပိ၊ သေး ငယ်သော အာရုံရှိခြင်း, ကြီးကျယ်သောအာရုံရှိခြင်းကိုလည်း။ ပရိဂ္ဂဟဝသေ- နေဝ၊ ပုဂ္ဂိုလ်အနည်းအများကို သိမ်းဆည်းသော အားဖြင့်သာလျှင်။ ဝေဒိ- တဗ္ဗာ၊ သိအပ်၏။ အာရုပ္ပါရမ္မဏေသုပိ၊ အာရုပ္ပအာရုံတို့တွင်လည်း။ အာကာသံ၊ ကောင်းကင်ပညတ်ကို။ ကသိဏုဂ္ဃါဋိမတ္တာ၊ ကသိုဏ်းကို ခွာ၍ ရအပ်သည်၏ အဖြစ်ကြောင့်။ န ဝဍ္ဎေယျ၊ မပွားစေအပ်ပေ။ ဟိ၊ မှန်၏။ တံ၊ ထိုကောင်းကင် ပညတ်ကို။ ကသိဏာပဂမဝသေနေဝ၊ ကသိုဏ်း ကင်းကွာခြင်း အလိုအားဖြင့် သာလျှင်။ မနသိကာ ဘဗ္ဗံ၊ နှလုံးသွင်းအပ်၏။ တတော ပရံ၊ ထိုကသိုဏ်း ကင်း ကွာခြင်းထက်လွန်၍။ ဝဍ္ဎယတော၊ ပွားစေသောသူအား။ ဝါ၊ ပွားစေသော် လည်း။ ကိဉ္စိ၊ တစုံတခုသော အကျိုးသည်။ န ဟောတိ၊ မဖြစ်ပေ။ ဝိညာဏံ၊ ပထမာရုပ္ပဝိညာဏ်သည်။ သဘာဝတ္တာ၊ သဘာဝတရား ဖြစ်သောကြောင့်။ န ဝဍ္ဎေတဗ္ဗံ၊ မပွားစေအပ်။ ဟိ၊ မှန်၏။ သဘာဝဓမ္မံ၊ သဘာဝအာရုံကို။ ဝဍ္ဎေ- တုံ၊ ပွားစေခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ ဝိညာဏာပဂမော၊ ပထမာရုပ္ပ- ဝိညာဏ်၏ ကင်းခြင်း နတ္ထိဘောပညတ် အာရုံသည်။ ဝိညာဏဿ၊ ပထမာရုပ္ပ- ဝိညာဏ်၏။ အဘာဝမတ္တတ္တာ၊ မရှိခြင်းမျှဖြစ်သောကြောင့်။ န ဝဍ္ဎေတဗ္ဗံ၊ မပွား စေအပ်ပေ။ နေဝသညာနာသညာယတနာရမ္မဏံ၊ နေဝသညာနာသညာယတန စျာန်၏ အာရုံကိုလည်း။ သဘာဝမတ္တာယေဝ၊ သဘာဝတရားဖြစ်သောကြောင့် ပင်လျှင်။ န ဝဍ္ဎေတဗ္ဗံ၊ မပွားစေအပ်ပေ။ သေသာနိ၊ ဗုဒ္ဓါနုဿတိ စသော ကြွင်းသော ကမ္မဋ္ဌာန်းတို့ကို။ အနိမိတ္တတ္တာ၊ ပဋိဘာဂနိမိတ် မဟုတ်သော ကြောင့်။ န ဝဍ္ဎေတဗ္ဗာနိ၊ မပွားစေအပ်ကုန်။ ဟိ၊ မှန်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ဝဍ္ဎေတဗ္ဗံ နာမ၊ ပွားစေအပ်သည် မည်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဗုဒ္ဓါနုဿတိအာဒီနဉ္စ၊ ဗုဒ္ဓါနုဿတိ စသည်တို့၏လည်း။ အာရမ္မဏံ၊ အာရုံသည်။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ နေဝ ဟောတိ၊ မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုဗုဒ္ဓါနုဿတိ စသည်တို့၏အာရုံကို။ န ဝဍ္ဎေတဗ္ဗံ၊

မပွားစေအပ်ပေ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ဝဍ္ဍနာဝဍ္ဍနတော၊ ပွားစေအပ်, မပွားစေအပ်သည်ကို ဝေဖန်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

အာရမ္မဏတောတိ ပဒဿ၊ အာရမ္မဏတော ဟူသောပုဒ်၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ၊ ချဲ့အံ့။ ဣမေသု စ စတ္တာလီသာယ ကမ္မဋ္ဌာနေသု၊ ဤကမ္မဋ္ဌာန်း လေးဆယ်တို့တွင်။ ဒသကသိဏာ၊ ကသိုဏ်းဆယ်ပါးတို့လည်းကောင်း။ ဒသအသုဘာ၊ အသုဘဆယ်ပါးတို့ လည်းကောင်း။ အာနာပါနဿတိ၊ အာနာပါနဿတိ လည်းကောင်း။ ကာယဂတာသတိ၊ ကာယဂတာသတိ လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒွါဝီသတိ၊ ဤနှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည်။ ပဋိဘာဂနိမိတ္တာရမ္မဏာနိ၊ ပဋိဘာဂနိမိတ်ကို အာရုံပြုကြကုန်၏။ သေသာနိ၊ ကြွင်းသောကမ္မဋ္ဌာန်း တဆယ့်ရှစ်ပါးတို့သည်။ ပဋိဘာဂနိမိတ္တာရမ္မဏာနိ၊ ပဋိဘာဂနိမိတ်ကို အာရုံပြုကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ တထာ၊ ထိုမှတပါး။ (ထို့ပြင်)။ ဒသသု အနုဿတီသု၊ အနုဿတိဆယ်ပါးတို့တွင်။ အာနာပါနဿတိံ စ၊ အာနာပါနဿတိကိုလည်းကောင်း။ ကာယဂတာသတိဉ္စ၊ ကာယဂတာသတိကိုလည်းကောင်း။ ဌပေတွာ၊ ဖယ်ထား၍။ အဝသေသာ၊ ကြွင်းကုန်သော။ အဋ္ဌအနုဿတိယော၊ အနုဿတိရှစ်ပါးတို့လည်းကောင်း။ အာဟာရေ၊ အစာအာဟာရ၌။ ပဋိကူလသညာ စ၊ စက်ဆုပ်ဖွယ် အမှတ်သညာလည်းကောင်း။ စတုဓာတုဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန်လည်းကောင်း။ ဝိညာဏဉ္စာယတနံ၊ ဝိညာဏဉ္စာယတနလည်းကောင်း။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတန လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒွါဒသ၊ ဤကမ္မဋ္ဌာန်းတဆယ့်နှစ်ပါးတို့သည်။ သဘာဝဓမ္မာရမ္မဏာနိ၊ သဘာဝတရားကို အာရုံပြုကုန်၏။ ဒသကသိဏာ၊ ကသိုဏ်းဆယ်ပါးတို့လည်းကောင်း။ ဒသအသုဘာ၊ အသုဘဆယ်ပါးတို့လည်းကောင်း။ အာနာပါနဿတိ၊ အာနာပါနဿတိ လည်းကောင်း။ ကာယဂတာသတိ၊ ကာယဂတာသတိလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒွါဝီသတိ၊ ဤကမ္မဋ္ဌာန်းနှစ်ဆယ့်နှစ်ပါးတို့သည်။ နိမိတ္တာရမ္မဏာနိ၊ ပဋိဘာဂနိမိတ်ကိုအာရုံပြုကုန်၏။ သေသာနိ၊ ကြွင်းကုန်သော။ ဆ၊ ဗြဟ္မဝိဟာရလေးပါး, အာကာသာနဉ္စာယတန, ဝိညာဏဉ္စာယတန ဟူသော ကမ္မဋ္ဌာန်းခြောက်ပါးတို့သည်။ န ဝတ္တဗ္ဗာရမ္မဏာနိ၊ သဘောတရားဟုလည်း မဆိုအပ်, ပဋိဘာဂနိမိတ်ဟုလည်း မဆိုအပ်သော နဝတ္တဗ္ဗအာရုံကို အာရုံပြုကုန်၏။ တထာ၊ ထိုမှတပါး။ ဝိပုဗ္ဗကံ၊ ဝိပုဗ္ဗကကမ္မဋ္ဌာန်းလည်းကောင်း။ လောဟိတကံ၊ လောဟိတကကမ္မဋ္ဌာန်းလည်းကောင်း။ ပုဠုဝကံ၊ ပုဠုဝကကမ္မဋ္ဌာန်းလည်းကောင်း။ အာနာပါနဿတိ၊ အာနာပါနဿတိ လည်းကောင်း။ အာပေါကသိဏံ၊ အာပေါကသိုဏ်းလည်းကောင်း။ တေဇော-

ကသိဏံ၊ တေဇောကသိုဏ်းလည်းကောင်း။ ဝါယောကသိဏံ၊ ဝါယောကသိုဏ်းလည်းကောင်း။ အာလောကကသိဏေ၊ အာလောကကသိုဏ်း၌။ သူရိယာဒီနံ၊ နေစသည်တို့၏။ ယဋ္ဌ သြဘာသမဏ္ဍလာရမ္မဏံ၊ အကြင်လေသာ ပြတင်းစသည် တို့ဖြင့် ဝင်လာသောအရောင်ဝန်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ အဋ္ဌ၊ ဤရှစ်ပါးသောကမ္မဋ္ဌာန်းတို့သည်။ စလိတာရမ္မဏာနိ၊ လှုပ်သောအာရုံတို့ပေ တည်း။ ခေါ၊ စင်စစ်။ တာနိ စ၊ ထိုရှစ်ပါးသော ကမ္မမ္မဋ္ဌာန်းတို့သည်လည်း။ ပုဗ္ဗဘာဂေ၊ ပဋိဘာဂနိမိတ်ဖြစ်သည်မှ ရှေးအဖို့၌သာ။ စလိတာနိ၊ လှုပ်ကုန်၏။ ပဋိဘာဂံ ပန၊ ပနိဘာဂနိမိတ်သည်ကား။ သန္နိသိန္နမေဝ ဟောတိ၊ ငြိမ်သက် သည်သာတည်း။ သေသာနိ၊ ကြွင်းသောသုံးဆယ့်ရှစ်ပါးတို့သည်။ န စလိတာ- ရမ္မဏာနိ၊ မလှုပ်သောအာရုံတို့ပေတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ အာရမ္မဏတော၊ အာရုံကိုဝေဖန်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁၁၀) ဘူမိတောတိ ဧတ္ထ၊ ဘူမိတောဟူသော ဤစကားရပ်၌၊ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဒသအသုဘာ၊ အသုဘဆယ်ပါး လည်းကောင်း။ ကာယဂတာသတိ၊ ကာယဂတာသတိလည်းကောင်း။ အာဟာ- ရေ ပဋိကူလသညာ၊ အာဟာရ၌ စက်ဆုပ်ဖွယ် အမှတ်သညာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဒွါဒသ၊ ဤကမ္မဋ္ဌာန်းတဆယ့်နှစ်ပါးတို့သည်။ ဒေဝေသု၊ ကာမာဝစရနတ်ဘုံတို့၌။ နပ္ပဝတ္တန္တိ၊ မဖြစ်ကုန်။ တာနိ ဒွါဒသ၊ ထိုတဆယ့် နှစ်ပါးတို့လည်းကောင်း။ အာနာပါနဿတိ စ၊ အာနာပါနဿတိလည်းကောင်း။ ဣတိ ဣမာနိ တေရသ၊ ဤတဆယ့်သုံးပါးတို့သည်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ ပြည်၌။ နပ္ပဝတ္တန္တိ၊ မဖြစ်ကုန်။ ပန၊ အထူးကား။ အရူပဘဝေ၊ အရူပဘုံ၌။ ဌပေတွာ အာရုပ္ပေ ဌပေတွာ၊ အာရုပ္ပလေးပါးတို့ကိုဖယ်ထား၍။ အညံ၊ တပါး သောကမ္မဋ္ဌာန်းသည်။ နပ္ပဝတ္တတိ၊ မဖြစ်ပေ။ မနုဿေသု၊ လူ့ဘုံတို့၌။ သဗ္ဗာ- နိပိ၊ ကမ္မဋ္ဌာန်းအလုံးစုံတို့သည်လည်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ဘူမိတော၊ ဘုံကိုဝေဖန်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဂဟဏတောတိ ဧတ္ထ၊ ဂဟဏတောဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧတ္ထ၊ ဤကမ္မဋ္ဌာန်း လေးဆယ်တို့၌။ ဒိဋ္ဌမုတသုတဂ္ဂဟဏတောပိ၊ မြင်ရသောဝတ္ထု, တွေ့ရသော ဝတ္ထု, ကြားရသောဝတ္ထုဖြင့် ယူခြင်း နှလုံးသွင်းခြင်းအားဖြင့်လည်း။ ဝိနိစ္ဆ- ယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တတြ၊ ထိုကမ္မဋ္ဌာန်းလေးဆယ် တို့တွင်။ ဝါယောကသိဏံ ဌပေတွာ၊ ဝါယောကသိုဏ်းကိုဖယ်ထား၍။ သေသာ နဝကသိဏာ၊ ကြွင်းသော ကသိုဏ်း ကိုးပါးတို့လည်းကောင်း။ ဒသအသု-

ဘာ၊ အသုဘဆယ်ပါးတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ ဧကူနဝီသတိ၊ ဤကမ္မဋ္ဌာန်းတဆယ့်ကိုးပါးတို့ကို။ ဒိဋ္ဌေန၊ မြင်ရသောဝတ္ထုဖြင့်။ ဂဟေတဗ္ဗာနိ၊ ယူအပ်, နှလုံးသွင်းအပ်ကုန်၏။ ပုဗ္ဗဘာဂေ၊ ဥဂ္ဂဟနိမိတ်မထင်မီ ရှေ့အဖို့၌။ စက္ခုနာ ဩလောကေတွာ၊ မျက်စိဖြင့်ကြည့်၍။ နေသံ နိမိတ္တံ၊ ထိုကမ္မဋ္ဌာန်း တဆယ့်ကိုးပါးတို့၏ ဥဂ္ဂဟနိမိတ်ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဣတိ ဧဝံ၊ ဤသို့။ တဿာ၊ ထိုကာယဂတာသတိ၏။ အာရုမ္မဏံ၊ အာရုံကို။ ဒိဋ္ဌသုတေန၊ မြင်ရသောဝတ္ထု, ကြားရသောဝတ္ထုဖြင့်။ ဝါ၊ မြင်ဖူးသော အခြင်းအရာ, ကြားဖူးသောအခြင်းအရာဖြင့်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ အာနာပါနဿတိ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ ဖုဋ္ဌေန၊ တွေ့ရသောဝတ္ထုဖြင့်။ ဝါယောကသိဏံ၊ ဝါယောကသိုဏ်းကို။ ဒိဋ္ဌဖုဋ္ဌေန၊ မြင်ရသောဝတ္ထု, တွေ့ရသောဝတ္ထုဖြင့်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ သေသာနိ၊ ဆိုအပ်ပြီးနှစ်ဆယ့်နှစ်ပါးမှကြွင်းကုန်သော။ အဋ္ဌာရသ၊ ကမ္မဋ္ဌာန်းတဆယ့်ရှစ်ပါးတို့ကို။ သုတေန ဂဟေတဗ္ဗာနိ၊ ကြားရသောဝတ္ထုဖြင့် ယူအပ်ကုန်၏။ စ၊ အထူးကိုဆိုဦးအံ့၊ ဧတ္ထ၊ ဤကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ ဥပေက္ခာဗြဟ္မဝိဟာရော၊ ဥပေက္ခာဗြဟ္မဝိဟာရ လည်းကောင်း။ စတ္တာရော အာရုပ္ပါ၊ အာရုပ္ပလေးပါးတို့လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမာနိ၊ ဤကမ္မဋ္ဌာန်းငါးပါးတို့ကို။ အာဒိကမ္မိကေန၊ ကမ္မဋ္ဌာန်းအားထုတ်စပုဂ္ဂိုလ်သည်။ န ဂဟေတဗ္ဗာနိ၊ ဘာဝနာကို အားထုတ်သည်၏ အစွမ်းအားဖြင့် မယူအပ်, နှလုံးမသွင်းအပ်ကုန်။ သေသာနိ ပဉ္စတိံသ၊ ကြွင်းသောကမ္မဋ္ဌာန်းသုံးဆယ့်ငါးပါးတို့ကိုကား။ ဂဟေတဗ္ဗာနိ၊ အားထုတ်စပုဂ္ဂိုလ်သည် အစပြု၍ ယူအပ်, နှလုံးသွင်းအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ဂဟဏတော၊ ယူအပ်သည် မယူအပ်သည်ကို ဝေဖန်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ပန၊ အဖို့တပါးကား။ ပစ္စယတောတိ ဧတ္ထ၊ ပစ္စယတောဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဣမေသု ကမ္မဋ္ဌာနေသု၊ ဤကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ အာကာသကသိဏံ ဌပေတွာ၊ အာကာသကသိုဏ်းကိုဖယ်ထား၍။ သေသာ နဝကသိဏာ၊ ကြွင်းသောကသိုဏ်းကိုးပါးတို့သည်။ အာရုပ္ပါနံ၊ အာရုပ္ပဈာန်တို့၏။ ပစ္စယာ ဟောန္တိ၊ အကြောင်းဖြစ်ကုန်၏။ ဒသကသိဏာ၊ ကသိုဏ်းဆယ်ပါးတို့သည်။ အဘိညာဏံ၊ အဘိညာဉ်တို့၏။ ပစ္စယာ ဟောန္တိ၊ အကြောင်းဖြစ်ကုန်၏။ (ပြန်စပ်)။ တယော ဗြဟ္မဝိဟာရာ၊ ရှေ့ဗြဟ္မဝိဟာရသုံးပါးတို့သည်။ စတုတ္ထဗြဟ္မဝိဟာရဿ၊ စတုတ္ထဗြဟ္မဝိဟာရ၏။ ပစ္စယာ ဟောန္တိ၊ အကြောင်းဖြစ်ကုန်၏။ (ပြန်)။ ဟေဋ္ဌိမံ ဟေဋ္ဌိမံ အာရုပ္ပံ၊ အောက်အောက်ဖြစ်သောအာရုပ္ပ ကမ္မဋ္ဌာန်းသည်။ ဥပရိမဿ ဥပရိမဿ၊ အထက်အထက်ဖြစ်သော အာရုပ္ပကမ္မဋ္ဌာန်း၏။ ပစ္စယော ဟောတိ၊

အကြောင်းဖြစ်၏။ နေဝသညာနာသညာ ယတနံ၊ နေဝသညာနာသညာယတန စျာန်သည်။ နိရောဓသမာပတ္တိယာ၊ နိရောဓသမာပတ်၏။ ပစ္စယော ဟောတိ၊ အကြောင်းဖြစ်၏။ သဗ္ဗာနိပိ၊ ကမ္မဋ္ဌာန်းအားလုံးတို့သည်လည်း။ သုခဝိဟာရဝိပဿနာဘဝသမ္ပတ္တီနံ၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်း, ဝိပဿနာရှုခြင်း, ဘဝသမ္ပတ္တိတို့၏။ ပစ္စယာ ပေ ာန္တိ၊ အကြောင်းဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဇဝံ၊ ဤသို့။ ပစ္စယတော၊ အကြောင်းကိုဝေဖန်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

စရိယာနုကူလတောတိ တွေ၊ စရိယာနုကူလတောဟူသော ဤပကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဇဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တွေ၊ ဤကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ စရိယာနံ အနုကူလတောပိ၊ စရိုက်အားလျော်သောအားဖြင့်လည်း။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သေယျထိဒံ၊ အဘယ်နည်းဟူမူကား။ တာဝ၊ ရှေးဦးစွာ။ တွေ၊ ဤကမ္မဋ္ဌာန်းလေးဆယ်တို့တွင်။ ဒသအသုဘာ၊ အသုဘဆယ်ပါးတို့လည်းကောင်း။ ကာယဂတာသတိ၊ ကာယဂတာသတိလည်းကောင်း။ ဣတိ၊ ဤသို့။ ကောဒသ ကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်းတဆယ့်တပါးတို့သည်။ ရာဂစရိတဿ၊ ရာဂစရိုက်ရှိသောသူအား။ အနုကူလာနိ၊ သင့်လျော်ကုန်၏။ စတ္တာရော ဗြဟ္မဝိဟာရာ၊ ဗြဟ္မဝိဟာရလေးပါးတို့သည်လည်းကောင်း။ စတ္တာရိ ဝဏ္ဏကသိဏာနိ၊ နီလ, ပီတ, လောဟိတ, ဩဒါတဟူသော အဆင်းကသိုဏ်းလေးပါးတို့ လည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ကမ္မဋ္ဌာန်းရှစ်ပါးတို့သည်။ ဒေါသစရိတဿ၊ ဒေါသစရိုက်ရှိသောသူအား။ အနုကူလာနိ၊ သင့်လျော်ကုန်၏။ (ပြန်စပ်)။ မောဟစရိတဿ စ၊ မောဟစရိုက်ရှိသောသူအားလည်းကောင်း။ ဝိတက္ကစရိတဿ စ၊ ဝိတက်စရိုက်ရှိသောသူအားလည်းကောင်း။ ဧကံ အာနာပါနဿတိကမ္မဋ္ဌာနမေဝ၊ အာနာပါနကမ္မဋ္ဌာန်းတခုသာလျှင်။ အနုကူလံ၊ သင့်လျော်၏။ သဒ္ဓါစရိတဿ၊ သဒ္ဓါစရိုက်ရှိသောသူအား။ ပုရိမာ စ အနုဿတိယော၊ ရှေ့အနုဿတိခြောက်ပါးတို့သည်။ အနုကူလာနိ၊ သင့်လျော်ကုန်၏။ ဗုဒ္ဓိစရိတဿ၊ ဗုဒ္ဓိစရိုက်ရှိသောသူအား။ မရဏဿတိ၊ မရဏဿတိလည်းကောင်း။ ဥပသမာနုဿတိ၊ ဥပသမာနုဿတိလည်းကောင်း။ စတုဓာတုဝဝတ္ထာနံ၊ စတုဓာတုဝဝတ္ထာန်လည်းကောင်း။ အာဟာရေ ပဋိကူလသညာ၊ အစာအာဟာရ၌ စက်ဆုပ်ဖွယ်အမှတ်သညာလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ လေးပါးတို့သည်။ အနုကူလာနိ၊ သင့်လျော်ကုန်၏။ သေသကသိဏာနိ၊ အဆင်းကသိုဏ်းလေးပါးမှ ကြွင်းသောကသိုဏ်းခြောက်ပါးတို့သည်လည်းကောင်း။ စတ္တာရော စ အာရုပ္ပါ၊ အာရုပ္ပလေးပါးတို့သည်လည်းကောင်း။သဗ္ဗစရိတာနံ၊ အလုံးစုံသောစရိုက်ရှိသောသူတို့အား။ အနုကူလာနိ၊ သင့်လျော်ကုန်၏။ စ၊ ထိုမှတပါး။ ကသိဏေသု၊

ကသိုဏ်းတို့ဘွင်။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ပရိတ္တံ၊ အိုးဖုံးစလောင်းကြီး အရွယ်, စကောငယ်အရွယ် သေးငယ်သော ကသိုဏ်းသည်လည်းကောင်း။ ဝိတက္ကစရိတဿ၊ ဝိတက်စရိုက်ရှိသောသူအား။ အနုကူလံ၊ သင့်လျော်၏။ အပ္ပမာဏံ၊ ကောက်နယ်တလင်း အရွယ်စသည့် ကြီးကျယ်သောကသိုဏ်းသည်။ မောဟစရိတဿ၊ မောဟစရိုက်ရှိသောသူအား။ အနုကူလံ၊ သင့်လျော်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (၁၁၁) ဧဝံ၊ ဤသို့။ တွေ၊ဤကမ္မဋ္ဌာန်း လေးဆယ်တို့၌။ စရိယာနုကူလတော၊ စရိုက်အားလျော်သောအားဖြင့်။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ၊ ဆက်၍ဆိုဦးအံ့။တေံ သဗ္ဗံ၊ ဤဆိုခဲ့ပြီးသော စရိုက်အားလျော်စွာ ပြဆိုအပ်သော အလုံးစုံကို။ ဥဇုဝိပစ္စနီကဝသေန စ၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်အားဖြင့် လည်းကောင်း။ အတိသပ္ပါယဝသေန စ၊ အလွန်လျောက်ပတ်သော အားဖြင့်လည်းကောင်း။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ ပန၊ သို့သော်လည်း။ ရာဂါဒီနံ၊ရာဂစသည်တို့ကိုမူလည်း။ အဝိက္ခမ္ဘိကာ၊ မခွါတတ်သော။ သဒ္ဓါဒီနံ ဝါ၊ သဒ္ဓါစသည်တို့အားမူလည်း။ အနုပကာရာ၊ ကျေးဇူးမပြုတတ်သော။ ကုသလဘာဝနာ နာမ၊ ကုသိုလ်ဘာဝနာ မည်သည်။ နတ္ထိ၊ မရှိပေ။ စ၊ မှန်၏။ မေဃိယသုတ္တေ၊ မေဃိယသုတ်၌—

စတ္တာရော ဓမ္မာ၊ နှလုံးသွင်းအပ်သော တရားလေးပါးတို့ကို။ ဥတ္တရိ၊ အဆက်၌။ ဘာဝေတဗ္ဗာ၊ တိုးတက်၍ ပွားစေအပ်ကုန်၏။ ရာဂဿ ပဟာနာယ၊ ရာဂကိုပယ်ခြင်းငှာ။ အသုဘာ၊ အသုဘဘာဝနာ တဆယ့်တပါးတို့ကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်ကုန်၏။ ဗျာပါဒဿ ပဟာနာယ၊ ဒေါသကို ပယ်ခြင်းငှာ။ မေတ္တာ၊ မေတ္တာဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်၏။ ဝိတက္ကုပစ္ဆေဒါယ၊ မိစ္ဆာဝိတက်ကို ဖြတ်ခြင်းငှာ။ အာနာပါနဿတိ၊ အာနာပါနဿတိ ဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်၏။ အသ္မိမာနသမုဂ္ဃါတာယ၊ အသ္မိမာနကို ပယ်ခြင်းငှာ။ အနိစ္စသညာ၊ အနိစ္စသညာ ဘာဝနာကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်၏။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားရပ်ကို။ ဝုတ္တမ္ပိ ဝုတ္တံ ဧဝ၊ ဆိုအပ်သည်သာလျှင်တည်း။

ရာဟုလသုတ္တေပိ၊ ရာဟုလောဝါဒသုတ်၌လည်း- "ရာဟုလ၊ ရာဟုလာ။ မေတ္တံ ဘာဝနံ၊ မေတ္တာဘာဝနာကို။ ဘာဝေဟိ၊ ပွားစေလော"။ ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ ဧကဿ၀၊ တပါးတည်းသာလျှင်ဖြစ်သော အရှင်ရာဟုလာအား။ သတ္တကမ္မဋ္ဌာနာနိ၊ ကမ္မဋ္ဌာန်း ခုနစ်ပါးတို့ကို။ ဝုတ္တာနိ၊ ဟောအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝစနမတ္တေ၊ ဆိုခဲ့သမျှသော စကားမျှ၌။ အဘိနိဝေသံ အကတွာ၊ မြဲမြံစွာ စွဲလမ်းခြင်းကို မပြုမူ၍။ သဗ္ဗတ္ထ၊

အညာခပ်သိမ်း၌။ အဓိပ္ပာယော၊ လိုအပ်သော အဓိပ္ပာယ်ကို။ ဝါ၊ ထိုသို့ဆိုခြင်း၏ ရည်ရွယ်ချက်ကို။ ပရိယေသိတဗ္ဗော၊ ရှာဖွေအပ်၏(ရှာဖွေသင့်၏ ရှာဖွေလေ)။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်ဘည်း။ အယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ကမ္မဋ္ဌာနံ ဂဟေတ္ဗာတိ ဧတ္ထ၊ ကမ္မဋ္ဌာန်းကို ရယူ၍ ဟူရာ၌။ ကမ္မဋ္ဌာနကထာ-ဝိနိစ္ဆယော၊ ကမ္မဋ္ဌာန်းနှင့် စပ်သောစကား အဆုံးအဖြတ်ပေတည်း။

၄၇။ အယံ ၊ ဤဆိုလတ္တံ့သည်ကား။ ဂဧဟဘ္ဗာတိ ဣမဿ ပဒဿ၊ ဂဟေတ္ဗာဟူသော ဤပုဒ်၏။ အတ္ထဒီပနာ၊ အနက်ကိုပြသော စကားပေတည်း။ "တေန ယောဂိနာ၊ ထိုယောဂီသည်။ ကမ္မဋ္ဌာနဒါယကံ၊ ကမ္မဋ္ဌာန်းပေးတတ်သော။ ကလျာဏမိတ္တံ၊ မိတ်ဆွေကောင်းသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဣတိ ဧတ္ထ၊ ဤစကား၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသောဂုဏ်ထူး အပြားရှိသော။ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ၊ မိတ်ဆွေကောင်းသို့ချဉ်းကပ်ပြီးလျှင်။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ ဝါ၊ မြတ်စွာဘုရားအားလည်းကောင်း။ အာစရိ-ယဿ ဝါ၊ ဆရာအားလည်းကောင်း။ အတ္တာနံ နိယျာဒေတွာ၊ မိမိကိုယ်ကို အပ်နှင်းကာ။ သမ္ပန္နဇ္ဈာသယေန စ ဟုတွာ၊ ပြည့်စုံကောင်းမြတ်သော နှလုံးသွင်းရှိသည်ဖြစ်၍။ ကမ္မဋ္ဌာနံ ယာစိတဗ္ဗံ၊ ကမ္မဋ္ဌာန်းကို တောင်းအပ်၏။

တတြ၊ ထိုမိမိကိုယ်ကို အပ်နှင်းရာ၌။ "ဘဂဝါ၊ ဘုန်းတော်ကြီးမြတ်သော မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏ဘုရား။" ဣတိ၊ ဤသို့။ ဘဂဝတော၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ အတ္တာ၊ မိမိကိုယ်ကို။ နိယျာတေတဗ္ဗော၊ အပ်နှင်းအပ်၏။(အပ်နှင်းသင့်ပေ၏။) ဟိ၊ အပြစ်ကား။ ဧဝံ၊ ဤသို့။ အနိယျာတေတွာ၊ မအပ်နှင်းမူ၍။ ဝါ၊ မအပ်နှင်းပဲ။ ပန္တေသု သေနာသနေသု၊ အစွန်အဖျားကျသော ကျောင်းတို့၌။ ဝိဟရန္တော၊ နေသော ရဟန်းသည်။ ဘေရဝါရမ္မဏေ၊ ကြောက်ဖွယ်ဖြစ်သော အာရုံသည်။ အာပါထံ အာဂတေ၊ ထင်ခြင်းသို့ ရောက်သည်ရှိသော်။ ဝါ၊ ဘေရဝါရမ္မဏေ၊ ကြောက်ဖွယ် အာရုံသည်။ အာပါထံ အာဂတေ၊ ထင်လာလျှင်။ သန္ထမ္ဘိတုံ၊ ခိုင်ခိုင်ခံ့ခံ့ တည်တံ့ခြင်းငှာ။ ဝါ၊ ကြံ့ကြံ့ခိုင်ခိုင်တည်ခြင်းငှာ။ အသက္ကောန္တော၊ မစွမ်းနိုင်သဖြင့်။ ဂါမန္တံ ဩသရိတွာ၊ ရွာနီးကျောင်းသို့ သွား၍။ ဂိဟီဟိ၊ လူတို့နှင့်။ သံသဋ္ဌော ဟုတွာ၊ ရောယှက်လျက်။ အနေသနံ အာပဇ္ဇိတွာ၊ မအပ်မရာ ပစ္စည်းရှာဖွေခြင်းသို့ ရောက်၍။ အနယဗျသနံ ပါပုဏေယျ၊ ပျက်စီးခြင်းသို့ ရောက်လေရာ၏။ ပန၊ ထိုသို့မဟုတ်။ နိယျာတိတတ္တဘာဝဿ၊ မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းထားသော။ အဿ၊ ထိုယောဂီအား။ ဘေရဝါရမ္မဏေ၊ ကြောက်မက်ဖွယ်အာရုံသည်။ အာပါထမာဂတေပိ၊ ထင်ခြင်းသို့ ရောက်စေကာ

မူ။ ဘယံ၊ ကြောက်ခြင်းသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်တော့ပေ။ "ပဏ္ဍိတ၊ သုခမိန်။ တယာ၊ သင်သည်။ ပုရိမမေဝ၊ ရှေးမဆွကပင်လျှင်။ အတ္တာ၊ မိမိကိုယ်ကို။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ နိယျာတိတော နနု၊ အပ်နှင်းထားသည် မဟုတ်ပါလော"။ ဣတိ၊ ဤသို့။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုရဟန်းအား။ သောမနဿမေဝ၊ ဝမ်းမြောက်ခြင်းသည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဟိ၊ ထင်ရှားအောင် ဥပမာပြအံ့။ ပုရိသဿ၊ လူတယောက်အား။ ဥတ္တမံ၊ မြတ်သော (ကောင်းမွန်သော)။ ကာသိကဝတ္ထံ၊ ကာသိ တိုင်းဖြစ် အဝတ်အထည်သည်။ ဘဝေယျ၊ ရှိသည်ဖြစ်လေရာ၏။ တသ္မိံ၊ ထိုအဝတ်ကို။ မူသိကာယ ဝါ၊ ကြွက်သည် လည်းကောင်း။ ကီဋေဟိ ဝါ၊ ပိုးတို့သည်လည်းကောင်း။ ခါဒိတေ၊ ကိုက်ခဲအပ်သည်ရှိသော်။ တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ (၁၁၂) ဒေါမနဿံ၊ စိတ်မချမ်းမသာခြင်းသည်၊ ဥပ္ပဇ္ဇေယျ၊ ဖြစ်လေရာ၏၊ ပန၊ ထိုသို့မဟုတ်ပဲ။ သစေ၊ အကယ်၍။ တံ၊ ထိုကာသိကတိုင်းဖြစ် အဝတ်ကို။ အစီဝရကဿ ဘိက္ခုနော၊ သင်္ကန်းမရှိသော ရဟန်းအား။ ဒဒေယျ၊ လှူငြားအံ့။ အထ၊ ထိုသို့လှူလိုက်သည်ရှိသော်။ ဝါ၊ လှူလိုက်လျှင်။ တံ၊ ထိုသင်္ကန်းကို။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ခဏ္ဍာခဏ္ဍံ၊ အပိုင်းပိုင်း အပြတ်ပြတ်။ ကရိယမာနံ ဒိသွာပိ၊ ပြုအပ်သည်ကို မြင်ရသော်လည်း။ အဿ၊ ထိုရဟန်းအား။ သောမနဿမေဝ၊ ရှင်လန်းဝမ်းမြောက်ခြင်းသည်သာ၊ ဥပ္ပဇ္ဇေယျ ယထာ၊ ဖြစ်ရာသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣဒံ သမ္ပဒံ၊ ဤဥပမေယျဖြစ်ပုံကို။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။

အာစရိယဿ၊ ကမ္မဋ္ဌာန်းဆရာအား။ နိယျာတေန္တေနာပိ၊ မိမိကိုယ်ကို အပ်နှင်းသော ယောဂီပုဂ္ဂိုလ်သည်။ "ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘောကို။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏ဘုရား။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗံ၊ ပြောဆိုအပ်နှံ၏။ ဟိ၊ ထိုသို့မအပ်နှံခြင်း၌ အပြစ်ကား။ ဧဝံ၊ ဤသို့။ အနိယျာတိတတ္တကာဝေါ၊ မိမိကိုယ်ကို ဆရာအား အပ်နှံမထားသော ယောဂီပုဂ္ဂိုလ်သည်။ အတဇ္ဇနီယော ဝါ၊ အကြိမ်းအမောင်း မခံသူမှုလည်း။ ဝါ၊ ဆရာက ကြိမ်းမောင်းနိုင်ခွင့် မရှိသူသည်။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဗစော ဝါ၊ ဆရာ၏ အဆုံးအမကားကို မနာယူတတ်သူမှုလည်း။ ဟောတိ၊ ဖြစ်၏။ အနောဝါဒကရော ဝါ၊ အဆုံးအမကို မလိုက်နာသည်မှုလည်း။ ဟောတိ၊ ဖြစ်၏။ ယေန ကာမံ ဂမော ဝါ၊ အလိုရှိရာ အရပ်သို့။ သွားသည်မှုလည်း။ ဟောတိ၊ ဖြစ်၏။ အာစရိယံ၊ ဆရာကို။ အနာပုစ္ဆာဝ၊ မပန်ကြားပဲသာလျှင်။ ယတ္ထ၊ အကြင်အရပ်သို့။ ဂန္တုံ၊ သွားခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိ၏။ တတ္ထ၊ ထိုသွားလိုရာ အရပ်သို့။ ဂန္တာ၊ သွားရောက်တတ်သည်။ ဟောတိ၊ ဖြစ်၏။ တမေနံ၊ ထိုသို့သော ယောဂီပုဂ္ဂိုလ်ကို။ အာစရိယော၊ ဆရာသည်။ အာမိသေန ဝါ၊ သင်္ကန်းစသော အာမိသဖြင့် လည်းကောင်း။

ဓမ္မေန ဝါ၊ အဆုံးအမဩဝါဒဟူသော ဓမ္မဖြင့်လည်းကောင်း။ န သင်္ဂဏှာတိ၊ မချီးမြှောက်။ ဂူဠ္ဟဂန္ထံ၊ လျှို့ဝှက်နက်နဲသော ကမ္မဋ္ဌာန်းဆိုင်ရာ ကျမ်းဂန်ကို။ န သိက္ခာပေတိ၊ မသင်စေ။ ဝါ၊ မပို့ချအပ်သော ထိုယောဂီပုဂ္ဂိုလ်သည်။ ဒုဝိဓံ၊ နှစ်ပါးအပြားရှိသော။ ဣမံ သင်္ဂဟံ အလဘန္တော၊ ဤချီးမြှောက်ခြင်းကို မရသည်ရှိသော်။ သာသနေ၊ သာသနာတော်၌။ ပတိဋ္ဌံ၊ ထောက်ရာတည်ရာကို။ န လဘတိ၊ မရ။ န စိရဿေဝ၊ မကြာမီပင်။ ဒုဿီလျံ ဝါ၊ သီလပျက်ခြင်းသို့လည်းကောင်း။ ဂိဟိဘာဝံ ဝါ၊ လူအဖြစ်သို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်တတ်၏။ ပန၊ အကျိုးသော်ကား။ နိယျာတိတတ္တဘာဝေါ၊ မိမိကိုယ်ကို ဆရာအား အပ်နှံထားသော ယောဂီပုဂ္ဂိုလ်သည်။ အတဇ္ဇနီယော၊ အကြိမ်းအမောင်း မခံသူသည်။ နေဝ ဟောတိ၊ မဖြစ်။ တနည်း၊ နေဝ အတ္တဇ္ဇနီယော ဟောတိ၊ ဆရာက ကြိမ်းမောင်းနိုင်ခွင့် ရှိသူမူလည်း ဖြစ်၏။ ယေန ကာမံ ဂမော၊ အလိုရှိရာအရပ်သို့ သွားသည်မူလည်း။ န ဟောတိ၊ မဖြစ်။ တနည်း၊ ယေန ကာမံ ဂမော၊ ဆရာကို မပန်ကြားပဲ သွားလိုရာရာ မသွားတတ်ပေ။ သုဝစော၊ ဆိုဆုံးမလွယ်သည်ဖြစ်၍။ အာစရိယာယတ္တဝုတ္တိယော၊ ဆရာနှင့်စပ်သော အသက်မွေးမှုရှိသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အာစရိယတော၊ ဆရာသံမှ။ ဒုဝိဓံ သင်္ဂဟံ လဘန္တော၊ ချီးမြှောက်မှု နှစ်မျိုးကို ရသည်ဖြစ်၍။ စူဠပိဏ္ဍပါတိကတိဿတ္ထေရဿ၊ စူဠပိဏ္ဍပါတိကတိဿမထေရ်၏။ အန္တေဝါသိကာ ဝိယ၊ အနီးနေတပည့်တို့ကဲ့သို့။ သာသနေ၊ သာသနာတော်၌။ ဝုဍ္ဎိံ၊ ကြီးပွားခြင်းသို့။ ဝိရူဠှိံ၊ စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ ပြန့်ပြောခြင်းသို့။ ပါပုဏာတိ၊ ရောက်တတ်ပေ၏။

ထေရဿ သန္တိကံ၊ ထိုစူဠပိဏ္ဍပါတိကတိဿ မထေရ်၏ အထံသို့။ တယော ဘိက္ခူ၊ ရဟန်းသုံးပါးတို့သည်။ အာဂမံသု ကိရ၊ ရောက်လာကြကုန်သတတ်။ (လာကြကုန်သတဲ့)။ တေသု၊ ထိုသုံးပါးတို့တွင်။ ဧကော၊ တပါးသည်။ ဝါ၊ တပါးက။ "ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တုမှာကံ အတ္ထာယ၊ အရှင်ဘုရားတို့အတွက်။ အတ္ထော၊ တစုံတခုသော အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကေနစိ၊ တစုံတယောက်သော သူသည်။ ဝုတ္တော၊ ဆိုအပ်သော်။ ဝါ၊ ဆိုလျှင်။ အဟံ၊ တပည့်တော်သည်။ သတပေါရိသေ၊ အသူတရာနက်သော။ ပပါတေ၊ ချောက်ကမ်းပါးပြတ်၌။ ပတိတုံ၊ ခုန်ဆင်းခြင်းငှာ။ (ခုန်ချခြင်းငှာ)။ ဥဿဟေယျံ၊ ဝံ့ပါသည်ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။ ဒုတိယော၊ ဒုတိယရဟန်းသည်။ ဝါ၊ ဒုတိယရဟန်းက။ "ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အတွက်။ အတ္ထော၊ တစုံတခုသော အကျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ ဝါ၊ ဆိုလျှင်။ အဟံ၊ တပည့်တော်သည်။ ဣမံ အတ္တဘာဝံ၊ ဤအတ္တဘော

ကို။ ပဏ္ဍိတော ပဋ္ဌာယ၊ ဖန္နောင့်မှစ၍။ ပါသာဏပိဋ္ဌေ၊ ကျောက်ပျဉ်၌။ ဃံသန္တော၊ သွေးလျက်။ နိရဝသေသံ ခေပေတုံ၊ အကြွင်းအကျန်မရှိအောင် ကုန်စေခြင်းငှာ။ ဥဿဟေယျံ၊ ဝံ့ပါသည်ဘုရား။ (ဝံ့ပါ၏)။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ တတိယော၊ တတိယရဟန်းသည်။ဝါ၊ တတိယရဟန်းက။ "ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တုမှာကံ အတ္ထာယ၊ အရှင်ဘုရားတို့ အတွက်။ အတ္တော၊ တစုံတခုသော အကျိုးသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ကေနစိ၊ တစုံတယောက်သည်။ ဝုတ္တော၊ ဆိုလတ်သော်။ ဝါ၊ ဆိုအပ်လျှင်။ အဟံ၊ တပည့်တော်သည်။ အဿာသပဿာသေ၊ ထွက်သက်ဝင်သက်တို့ကို။ ဥပ-ရုန္ဓိတ္ဝာ၊ ပိတ်၍။ ကာလကိရိယံ၊ သေခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ ဥဿဟေယျံ၊ ဝံ့ပါ၏"။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်လေ၏။ ထေရော၊ မထေရ်သည်။ "ဣမေ ဘိက္ခူ၊ ဤရဟန်းတို့သည်။ ဝတ၊ စင်စစ်ကေန်အားဖြင့်။ ဘဗ္ဗာ၊ ထိုက်တန်သော ပုဂ္ဂိုလ်တို့ပါပေတကား"။ ဣတိ၊ ဤသို့နှလုံးသွင်း၍။ ကမ္မဋ္ဌာနံ ကထေသိ၊ ကမ္မဋ္ဌာန်းကို ဟောတော်မူလေ၏၊ တေ၊ ထိုသုံးပါးလည်းဖြစ်ကုန်သော။ တေ ဘိက္ခူ၊ ထိုရဟန်းတို့သည်။ တနည်း၊ တေ တယောပိ၊ ထိုရဟန်း သုံးပါးတို့သည်ပင်။ တဿ ဩဝါဒေ ဌတွာ၊ ထိုစူဠပိဏ္ဍပါတိကတိဿ မထေရ်၏အဆုံးအမ ဩဝါဒ၌ တည်၍။ အရဟတ္တံ ပါပုဏိံသု၊ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အယံ၊ ဤဆိုလတ္တံ့သည်ကား။အတ္တနိယျာတနေ၊မြတ်စွာဘုရားနှင့်ဆရာတို့အား မိမိကိုယ်ကိုအပ်နှံခြင်း၌။ အာနိသံသော၊ ရနိုင်သော အကျိုးပေတည်း။ တေန၊ ထိုကြောင့်။ ဘဂဝတော၊ ဘုန်းတော်ကြီးသော။ ဗုဒ္ဓဿ ဝါ၊ မြတ်စွာဘုရားအားလည်းကောင်း။ အာစရိ-ယဿ ဝါ၊ ဆရာအားလည်းကောင်း။ အတ္တာနံ၊ မိမိကိုယ်ကို။ နိယျာတေတွာတိ၊ အပ်နှံ၍ဟူ။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ (ဆိုအပ်ပေပြီ)။

၄၉။ ပန၊ အဖွိုတပါးကား။ သမ္ပန္နဇ္ဈာသယေန သမ္ပန္နဝိမုတ္တိနာ စ ဟုတွာတိ ဧတ္ထ၊ သမ္ပန္နဇ္ဈာသယေန သမ္ပန္နဝိမုတ္တိနာ စ ဟုတွာ ဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တေန ယောဂိ-နာ၊ ထိုယောဂီသည်။ အလောဘာဒီနံ ဝသေန၊ မလိုချင် မမက်မောခြင်း စသည်တို့၏ အစွမ်းအားဖြင့်။ ဆဟာကာရေဟိ၊ ခြောက်ပါးသော အခြင်း အရာတို့ဖြင့်။ သမ္ပန္နဇ္ဈာသယေန၊ ပြည့်စုံကောင်းမြတ်သော အလိုရှိသူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဟိ၊ အကျိုးကား။ ဧတ္တ၊ ဤသို့သော အခြင်းအရာအား ဖြင့်။ သမ္ပန္နဇ္ဈာသယော၊ ပြည့်စုံကောင်းမြတ်သော အလို အဇ္ဈာသယရှိသော ပုဂ္ဂိုလ်သည်။ တိဿန္နံ ဗောဓီနံ၊ သာဝက ဗောဓိ, ပစ္စေကဗောဓိ, သမ္မာသ-

မ္ဗောဓိ ဟူကုန်သော သုံးပါးသော ဗောဓိဉာဏ်တို့တွင်။ အညတရံ၊ တပါးပါးသော ဗောဓိသို့။ ပါပုဏာတိ၊ ရောက်၏။ ယထာဟ၊ အဘယ်ကဲ့သို့ဟောတော်မူသနည်းဟူမူကား —

"ဆ အဇ္ဈာသယာ၊ ခြောက်ပါးသော အလိုအဇ္ဈာသယတို့သည်။ ဗောဓိသတ္တာနံ၊ သစ္စာလေးပါးကို သိမည့် အလောင်းအလျာ သတ္တဝါတို့အား။ ဗောဓိပရိပါကာယ၊ ဗောဓိဉာဏ်၏ ရင့်ကျက်ရန်အလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဗောဓိသတ္တာ၊ သစ္စာလေးပါးကို သိမည့် အလောင်းအလျာ သတ္တဝါတို့သည်။ အလောဘဇ္ဈာသယာ စ၊ မလိုချင်မမက်မောသော အားဖြင့် ဖြစ်သော အလိုအဇ္ဈာသယ ရှိကြကုန်သည်ဖြစ်၍။ လောဘေ၊ လိုချင်တပ်မက်ခြင်း၌။ ဒေါသဒဿာဝိနော၊ အပြစ်မြင်လေ့ရှိကုန်၏။ (၁:၃) ဗောဓိသတ္တာ၊ သစ္စာလေးပါးကို သိမည့် အလောင်းအလျာတို့သည်။ အဒေါသဇ္ဈာသယာ စ၊ အမျက်မထွက်သောအားဖြင့် ဖြစ်သော အလိုအဇ္ဈာသယရှိကုန်၍။ ဒေါသေ၊ အမျက်ထွက်ခြင်း၌။ ဒေါသဒဿာဝိနော၊ အမျက်ထွက်ခြင်း၌ အပြစ်မြင်လေ့ရှိကြကုန်၏။ ဗောဓိသတ္တာ၊ သစ္စာလေးပါးကို သိမည့် အလောင်းအလျာတို့သည်။ အမောဟဇ္ဈာသယာ စ၊ မတွေဝေသောအားဖြင့် ဖြစ်သော အလိုအဇ္ဈာသယ ရှိကြကုန်သည်ဖြစ်၍။ မောဟေ၊ တွေဝေခြင်း၌။ ဒေါသဒဿာဝိနော၊ အပြစ်မြင်လေ့ရှိကြကုန်၏။ ဗောဓိသတ္တာ၊ သစ္စာလေးပါးကို သိမည့် အလောင်းအလျာ သတ္တဝါတို့သည်။ နေက္ခမ္မဇ္ဈာသယာ စ၊ ရဟန်းအဖြစ်၌ ညွတ်ကိုင်းသော အလို အဇ္ဈာသယရှိကြကုန်သည်ဖြစ်၍။ ဃရာဝါသေ၊ အိမ်ရာ တည်ထောင်ခြင်း၌။ ဒေါသဒဿာဝိနော၊ အပြစ်မြင်လေ့ရှိကြကုန်၏။ ဗောဓိသတ္တာ၊ သစ္စာလေးပါးကို သိမည့်အလောင်းအလျာ သတ္တဝါတို့သည်။ ပဝိဝေကဇ္ဈာသယာ၊ အပေါင်းဆိတ်ခြင်း ပဝိဝေက၌ ညွတ်ကိုင်းသောအလို အဇ္ဈာသယ ရှိကြကုန်သည်ဖြစ်၍။ သင်္ဂဏိကာယ၊ ပုဂ္ဂိုလ်အပေါင်း ကိလေသာအပေါင်းတို့နှင့် ပေါင်းဖက် ဆက်ဆံခြင်း၌။ ဒေါသဒဿာဝိနော၊ အပြစ်မြင်လေ့ရှိကြကုန်၏။ ဗောဓိသတ္တာ၊ သစ္စာလေးပါးကို သိမည့်အလောင်းအလျာ သတ္တဝါတို့သည်။ နိဿရဏဇ္ဈာသယာ စ၊ သံသရာတို့မှ ထွက်မြောက်ခြင်း၌ ညွတ်ကိုင်းသော အလိုအဇ္ဈာသယ ရှိကြကုန်၍။ သဗ္ဗဘဝဂတီသု၊ အလုံးစုံသော ဘဝ ဂတိတို့၌။ ဒေါသဒဿာဝိနော၊ အပြစ်မြင်လေ့ရှိကြကုန်၏" ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ဟိ ယသ္မာ၊ အကြင်ကြောင့်။ ယေကေစိ၊ အမှတ်မရှိကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်ကြသော။ ဝါ၊ ဖြစ်ပေါ်

ခဲ့ပြီး, ဖြစ်ပေါ်လာလတ္တံ့, ဖြစ်ပေါ်ဆဲ ဖြစ်ကုန်သော။ သောတာပန္နသကဒါ·
ဂါမိအနာဂါမိခီဏာသဝ၊ ပစ္စေကဗုဒ္ဓသမ္မာသမ္ဗုဒ္ဓါ၊ သောတာပန်, သကဒါဂါမ်,
အနာဂါမ်, ပစ္စေကဗုဒ္ဓါ, သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့သည်။ ဟောန္တိ၊ ဖြစ်တော်မူ
ကုန်၏။ဘော သဗ္ဗေ၊သို့သောတာပန် စသော အလုံးစုံတို့သည်။ ဣမေဟေဝ ဆ·
ဟာကာရေဟိ၊ ဤအခြင်းအရာ ခြောက်ပါးတို့ဖြင့်သာလျှင်။ ဒေတ္တနာ အတ္တနာ၊
မိမိ မိမိသည်။ ပတ္တဗ္ဗံ ဝိသေသံ၊ ရောက်သင့်ရောက်ထိုက်သော တရားထူးသို့။
ပတ္တာ၊ရောက်တော်မူကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဣမေဟိ ဆဟာကာ·
ရေဟိ၊ ဤအခြင်းအရာ ခြောက်ပါးတို့ဖြင့်။ သမ္ပန္နဇ္ဈာသယေန၊ ပြည့်စုံကောင်း
မြတ်သော အလိုရှိသူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ (ယဒတ္ထံ၊ အကြင်သမာဓိ
နိဗ္ဗာန် အကျိုးငှာ။ ဘာဝနာနုယောဂေါ၊ ဘာဝနာကို အားထုတ်ခြင်းကို။
ကာတဗ္ဗော၊ ပြုအပ်၏။ ပဗ္ဗဇ္ဇာ စ၊ ရဟန်းအဖြစ်သည်လည်း။ ယဒတ္ထံ၊ အကြင်
သမာဓိ နိဗ္ဗာန်ဟူသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ အနိယတ်ပေး)။
တဒဓိမုတ္တတာယ၊ ထိုသမာဓိနှင့် နိဗ္ဗာန်ဟူသောအကျိုးတို့သို့ညွတ်သည်၏အဖြစ်
ဖြင့်။ အဓိမုတ္တိသမ္ပန္နေန၊ ပြည့်စုံ ကောင်းမြတ်သော နှလုံးသွင်းခြင်း စိတ်ညွတ်
ခြင်းရှိသောသူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ သမာဓာဓိမုတ္တေန၊ သမာဓိသို့ ညွတ်
သောသူသည်။ သမာဓိဂရုကေန၊ သမာဓိကို အလေးအမြတ်ပြုသောသူသည်။
**သမာ**ဓိပဗ္ဘာရေန၊ သမာဓိသို့ကိုင်းရှိုင်းသောသူသည်။နိဗ္ဗာနာဓိမုတ္တေန၊ **နိဗ္ဗာန်**
သို့ညွတ်သောသူသည်။ နိဗ္ဗာနဂရုကေန၊ နိဗ္ဗာန်ကို အလေးအမြတ် ပြုသောသူ
**သည်**။ နိဗ္ဗာနပဗ္ဘာရေန၊ နိဗ္ဗာန်သို့ ကိုင်းရှိုင်းသောသူသည်။ ဘဝိတဗ္ဗံ၊
ဖြစ်ရာ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။

၅၀။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သမ္ပန္နဇ္ဈာသယာဓိမုတ္တိနော၊ ပြည့်စုံကောင်း
မြတ်သော အလို, ကောင်းမြတ်ပြည့်စုံသော နှလုံးသွင်းခြင်း စိတ်ညွတ်ခြင်း
ရှိသည်ဖြစ်၍။ **ကမ္မဋ္ဌာနံ** ယာစတော၊ ကမ္မဋ္ဌာန်းတောင်းသော။ ဝါ၊ တောင်း
လျှင်။ စေတောပရိယဉာဏလာဘိနာ၊ စေတောပရိယအဘိညာဉ်ကို ရသော။
**အာ**စရိယေန၊ ကမ္မဋ္ဌာန်းဆရာသည်။ အဿ စိတ္တာစာရံ၊ ထိုယောဂီပုဂ္ဂိုလ်၏
စိတ်ဖြစ်ပုံကို။ ဩလောကေတွာ၊ ကြည့်၍၊ စရိယာ၊ စရိုက်ဘို့ကို။ ဇာနိတဗ္ဗာ၊
**သိ**အပ်ကုန်၏။ ဣတရေန၊ စေတောပရိယအဘိညာဉ်ကို **မ**ရသော ဆရာသည်
**ကား**။ တွံ၊သင်သည်။ ကိံ စရိတော အသိ၊ အဘယ်စရိုက်ရှိသနည်း။ တေ၊
သင့်အား။ ကေ ဝါ ဓမ္မာ၊ အဘယ်တရားတို့သည်။ ဗဟုလံ၊များစွာ။ သမုဒါ·
စရန္တိ၊ ဖြစ်ကုန်သနည်း။ တနည်း၊ တေ၊ သင့်အား။ ကေ ဝါ ဓမ္မာ၊ အဘယ်
တရားတို့သည်။ ဗဟုလံ သမုဒါစရန္တိ၊ အဖြစ်များကုန်သနည်း။ ကိံ ဝါ၊
အဘယ်တရားကိုလျှင်။ မနသိကရောတော၊ နှလုံးသွင်းလျှင်။ ဝါ၊နှလုံးသွင်း
သော။ တေ၊ သင့်အား။ ဖာသု ဟောတိ၊ စိတ်ချမ်းမြေ့သနည်း ။ ကတ·

ရသို့ ဝါ ကမ္မဋ္ဌာနေ၊ အဘယ်ကမ္မဋ္ဌာန်း၌ မူလည်း။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ နမတိ၊ ညွတ်သနည်း။ ဣတိ၊ ဤသို့။ ဝေမာဒီဟိ နယေဟိ၊ ဤသို့အစရှိသော နည်းတို့ဖြင့်။ ပုစ္ဆိတွာ၊ မေးမြန်း၍။ ဇာနိတဗ္ဗာ၊ စရိုက်တို့ကို သိအပ်ကုန်၏၊ ဧဝံ ဥတွာ၊ ဤသို့သိ၍။ စရိယာနုကူလံ၊ စရိုက်အားလျော်သော။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထေတဗ္ဗံ၊ ဟောအပ်ပေ၏။ (ဟောသင့်ပေ၏)။

စ၊ ဆက်အံ့။ ကထေန္တေန၊ ကမ္မဋ္ဌာန်းဟောသောဆရာသည်။ တိဝိဓေန၊ သုံးပါးသောအပြားအားဖြင့်။ ကထေတဗ္ဗံ၊ ဟောအပ်၏။ ပကတိယာ၊သဘော အားဖြင့်၊ ဝါ၊ မူလပင်ကိုသဘောအားဖြင့်။ ဥဂ္ဂဟိတကမ္မဋ္ဌာနဿ၊ သင်ယူဖူး လေ့လာဖူးသော ယောဂီပုဂ္ဂိုလ်အား။ ဧကံ ဒွေ နိသဇ္ဇာနိ၊ တကြိမ် နှစ်ကြိမ် ထိုင်ခြင်း ဣရိယာပုထ်တို့ပတ်လုံး။ သဇ္ဈာယံ ကာရေတွာ၊ ရွတ်ဆိုသရဇ္ဈာယ်ခြင်း ကို မိမိမျက်မှောက်၌ပြုစေ၍။ ဒါတဗ္ဗံ၊ ပေးအပ်၏။ သန္တိကေ ဝသန္တဿ၊ အနီး၌ နေသော ယောဂီပုဂ္ဂိုလ်အား။ အာဂတာဂတက္ခဏေ၊ လာတိုင်းလာတိုင်းသော ခဏ၌။ ကထေတဗ္ဗံ၊ ဟောအပ်၏။ ဥဂ္ဂဟေတွာ၊ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင်။ အညတြ၊ အခြားအရပ်သို့။ ဂန္တုကာမဿ၊ သွားလိုသော ယောဂီပုဂ္ဂိုလ်အား။ နာတိသံခိတ္တံ၊ မကျဉ်းလွန်း။ နာတိဝိတ္ထာရိကံ၊ မကျယ်လွန်းသည်ကို။ ကတွာ၊ ပြု၍။ ကထေတဗ္ဗံ၊ ဟောအပ်၏။ တနည်း၊ နာတိသံခိတ္တံ နာတိဝိတ္ထာရိကံ ကတွာ၊ မကျဉ်းလွန်း မကျယ်လွန်းသည်ကိုပြု၍။ ကထေတဗ္ဗံ၊ ဟောအပ်၏။ (ဟောသင့်၏)။

တတ္ထ၊ ထိုဟောအပ်သော ကမ္မဋ္ဌာန်းတို့တွင်။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်း ကို။ တာဝ၊ ရှေးဦးစွာ။ ကထေန္တေန၊ ဟောသောကမ္မဋ္ဌာန်းဆရာသည်။ စတ္တာရော ကသိဏဒေါသာ၊ ကသိုဏ်း၏ အပြစ်လေးပါးတို့ကိုလည်းကောင်း။ ကသိဏကရဏံ၊ ကသိုဏ်းလုပ်ပုံကိုလည်းကောင်း။ ကတဿ၊ လုပ်ပြီးသော ကသိုဏ်း၏။ ဘာဝနာနယော၊ ပွားပုံပွားနည်းလည်းကောင်း။ ဒုဝိဓံ နိမိတ္တံ၊ဥဂ္ဂဟ နိမိတ်, ပဋိဘာဂနိမိတ် နှစ်မျိုးတို့လည်းကောင်း။ ဒုဝိဓော သမာဓိ၊ ဥပစာရ-သမာဓိ, အပ္ပနာသမာဓိဟူသော သမာဓိနှစ်မျိုးတို့လည်းကောင်း။ သတ္တဝိဓံ သပ္ပါယာသပ္ပါယံ၊ သပ္ပါယခုနစ်မျိုး, အသပ္ပါယခုနစ်မျိုးလည်းကောင်း။ ဒသဝိဓံ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ လိမ္မာကြောင်းဆယ်မျိုးလည်းကောင်း။ ဝီရိယ-သမတာ၊ ဝီရိယနှင့်သမာဓိမျှခြင်းလည်းကောင်း။ အပ္ပနာဝိဓာနံ၊ အပ္ပနာအစီ အရင်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေ နဝ အာကာရာ၊ ဤအခြင်းအရာ ကိုးပါးတို့ကို။ ကထေတဗ္ဗာ၊ ဟောအပ်ကုန်၏။ သေသကမ္မဋ္ဌာနေသုပိ၊ ပထဝီ ကသိုဏ်းမှကြွင်းသော ကမ္မဋ္ဌာန်းတို့၌လည်း။ တဿ တဿ၊ထိုထိုကမ္မဋ္ဌာန်းအား။ အနုရူပံ၊ လျော်သောအခြင်းအရာကို။ ဝါ၊ အနုရူပံ၊ သျော်စွာ။ ကထေတဗ္ဗံ၊

ဟောအပ်၏။ တံ သဗ္ဗံ၊ ထိုကသိဏဒေါသစသော အလုံးစုံသည်။ တေသံ၊ ထိုကမ္မဋ္ဌာန်းတို့ကို။ ဘာဝနာဝိဓာနေ၊ ဘာဝနာအစီအရင်၌။ အာဝိ ဘဝိဿတိ၊ ထင်ရှားစွာဖြစ်လတ္တံ့။

ပန၊ အဖို့တပါးကား။ ဧဝံ ကထိယမာနေ ကမ္မဋ္ဌာနေ၊ ဤသို့ ကမ္မဋ္ဌာန်းကို ဟောအပ်သည်ရှိသော်။ဝါ၊ဟောစဉ်ကာလ၌။တေန ယောဂိနာ၊ ထိုယောဂီသည်။ နိမိတ္တံ ဂဟေတွာ၊ နိမိတ်ကိုယူ၍။သောတဗ္ဗံ၊နားထောင်အပ်၏။နိမိတ္တံ ဂဟေတွာတိ ဧတ္ထ၊ နိမိတ္တံ ဂဟေတွာ ဟူသော ဤစကားရပ်၌။ဣဒံ၊ဤသည်ကား။ဟေဋ္ဌိမပဒံ၊ အောက်ပုဒ်တည်း။ ဣဒံ၊ ဤသည်ကား။ ဥပရိမပဒံ၊ အထက်ပုဒ်တည်း။ အယံ၊ ဤသည်ကား။ အဿ၊ ထိုပုဒ်၏။(၁၁၄) အတ္ထော၊ အနက်တည်း။ အယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ ဆိုလိုသောအဓိပ္ပာယ်တည်း။ ဣဒံ၊ ဤသည်ကား။ ဥပမံ၊ ဥပမာတည်း။ ဣတိ ဧဝံ၊ ဤသို့။ တံတံ အာကာရံ၊ ထိုထိုအခြင်းအရာကို။ ဥပနိဗန္ဓိတွာ၊ စိတ်၌ဖွဲ့ချည်မှတ်သား၍။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ ဟိ၊ အကျိုးကိုဆိုအံ့။ ဧဝံ၊ ဤသို့မြဲစွာထင်သော သတိရှိသည်၏ အဖြစ်ဖြင့်။ နိမိတ္တံ ဂဟေတွာ၊ နိမိတ်ကိုယူ၍။ သက္ကစ္စံ သုဏန္တေန၊ ရိုရိုသေသေ နာယူသော ယောဂီပုဂ္ဂိုလ်သည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဝါ၊ ကမ္မဋ္ဌာန်းသည်။ သုဂ္ဂဟိတံ ဟောတိ၊ ကောင်းစွာ သင်ယူအပ်ပြီးဖြစ်လေ၏။ အထ၊ ထိုသို့ကောင်းစွာယူအပ်ပြီးသော်။ အဿ၊ ထိုယောဂီပုဂ္ဂိုလ်အား။ တံ နိဿာယ၊ ထိုကမ္မဋ္ဌာန်းကို အမှီပြု၍။ ဝိသေသာဓိဂမော၊ တရားထူးကို ရခြင်းသည်။ သမ္ပဇ္ဇတိ၊ ပြီးစီးပြည့်စုံတတ်ပေ၏။ ဣတရဿ၊ ထိုသို့ကောင်းစွာမယူသော ယောဂီပုဂ္ဂိုလ်အား။ ဝိသေသာဓိဂမော၊ တရားထူးကိုရခြင်းသည်။ န သမ္ပဇ္ဇတိ၊ မပြီးစီး မပြည့်စုံတတ်ပေ။ (ပြန်စပ်)။ အယံ၊ ဤသည်ကား။ ဂဟေတွာတိ ဣမဿ ပဒဿ၊ ဂဟေတွာဟူသော ဤပုဒ်၏။ အတ္ထပရိဒီပနာ၊ အနက်ကိုပြကြောင်း စကားပေတည်း။

ဧတ္တာဝတာ၊ ဤမျှသော စကားအစဉ်ဖြင့်။ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ အတ္တနော စရိယာနုကူလံ စတ္တာလီသာယ ကမ္မဋ္ဌာနေသု အညတရံ ကမ္မဋ္ဌာနံ ဂဟေတွာတိ၊ ကလျာဏမိတ္တံ ဥပသင်္ကမိတွာ အတ္တနော စရိယာနုကူလံ စတ္တာလီ-သာယ ကမ္မဋ္ဌာနေသု အညတရံ ကမ္မဋ္ဌာနံ ဂဟေတွာ ဟူကုန်သော။ဣမာနိ ပဒါနိ၊ ဤပုဒ်တို့ကို။ ဝါ၊ ဤပုဒ်တို့သည်။ သဗ္ဗာကာရေန၊ အလုံးစုံသော အခြင်းအရာအားဖြင့်။ ဝိတ္ထာရိတာနိ၊ ချဲ့၍ပြအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤတွင် အပြီးတည်း။

ဣာဘိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်းအပေါင်းတို့၏ နှစ်သိမ့်ဝမ်းမြောက်ခြင်းငှာ။ ကတေ ဝိသုဒ္ဓိမဂ္ဂေ၊ ပြုစီရင်အပ်သော ဝိသုဒ္ဓိမဂ်ကျမ်း၌။ သမာဓိဘာဝနာဓိကာရေ၊ သမာဓိဘာဝနာအရာ၌။ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသော နာမ၊ ကမ္မဋ္ဌာန်းယူခြင်းကို အကျယ်ပြချက် ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ မည်သော။ တတိယော၊ သုံးခုမြောက်ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခန်း ၃ ပတည်း။

(၁၃၄၀-ပြည့် သီတင်းကျွတ်သဆန်း ၃-ရက်နေ့)

# ၄-ပထဝိကာသိက္ခာနိဒ္ဒေသ

## ပထဝိကသိုဏ်းကို အကျယ်ပြချက်

(၁၁၅) ၅၁။ ဣဒါနိ၊ ယခုအခါ၌။ "သမာဓိဘာဝနာယ။ပ။ ဝိဟရန္တေနာတိ၊ သမာဓိဘာဝနာယ ။ပ။ ဝိဟရန္တေန-ဟူသော။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဧတ္ထ၊ ဤစကားရပ်၌။ တာဝ၊ ရှေးဦးစွာ။ အာစရိယေန သဒ္ဓိံ၊ ဆရာနှင့်အတူ။ ဧကဝိဟာရေ ဝသတော၊ တကျောင်းတည်း၌နေသော။ ယဿ၊ အကြင်ယောဂီအား။ ဖာသု၊ ချမ်းသာသင့်လျော်သည်။ ဟောတိ၊ ဖြစ်၏။တေန၊ ထိုယောဂီသည်။ တတ္ထေဝ၊ ထိုဆရာနေသောကျောင်း၌ပင်လျှင်။ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ပရိသောဓေန္တေန၊ အပြည့်အစုံသုတ်သင်လျက်။ ဝသိ-တဗ္ဗံ၊ နေသင့်၏။ တတ္ထ၊ ထိုကျောင်း၌။ ဖာသု၊ ချမ်းသာ သင့်လျော်သည်။ သစေ န ဟောတိ၊ အကယ်၍ မဖြစ်ငြားအံ့။ ဂါဝုတေ ဝါ၊ တဂါဝုတ်ဝေးသော အရပ်၌သော်လည်းကောင်း။ အဍ္ဍယောဇနေ ဝါ၊ ယူဇနာဝက်ဝေးသော အရပ်၌သော်လည်းကောင်း။ ယောဇနမတ္တေပိ ဝါ၊ တယူဇနာလောက် ဝေးသော အရပ်၌လည်းကောင်း။ အညော၊ အခြားသော။ ယော ဝိဟာရော၊ အကြင် ကျောင်းသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုသင့်လျော်သော အခြားကျောင်း၌။ ဝသိတဗ္ဗံ၊ နေသင့်၏။ ဟိ၊ အကျိုးကိုပြအံ့။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း၏။ကိသ္မိဉ္စိ-ဒေဝ ဌာနေ၊ တစုံတခုသာလျှင်ဖြစ်သော အရာဌာန၌။ သန္ဒေဟေ ဝါ ဇာတေ၊ ယုံမှားရှိသော်လည်းကောင်း။ သတိသမ္မောသေ ဝါ ဇာတေ၊ မေ့လျော့သော်လည်းကောင်း။ တနည်း၊ သန္ဒေဟေ ဝါ ဇာတေ၊ ယုံမှားလျှင်ဖြစ်စေ။ သတိ-သမ္မောသေ ဝါ ဇာတေ၊ မေ့လျော့လျှင်ဖြစ်စေ။ ကာလဿေဝ၊ စောစောက ပင်လျှင်။ ဝိဟာရေ ဝတ္တံ ကတွာ၊ ကျောင်း၌ပြုသင့်ပြုထိုက်သော ဝတ်ကိုပြုပြီးလျှင်။ အန္တရာမဂ္ဂေ၊ လမ်းခုလတ်၌။ ပိဏ္ဍာယ စရိတွာ၊ ဆွမ်းခံ၍။ ဘတ္တကိစ္စ-ပရိယောသာနေယေဝ၊ ဆွမ်းကိစ္စ ပြီးဆုံးသောအခါ၌သာလျှင်။ အာစရိယဿ ဝသနဋ္ဌာနံ ဂန္တွာ၊ ဆရာနေရာအရပ်သို့သွား၍။ တံ ဒိဝသံ၊ ထိုနေ့ တနေ့လုံး။ အာစရိယဿ သန္တိကေ၊ ဆရာ၏အထံ၌၊ ကမ္မဋ္ဌာနံ သောဓေတွာ၊ ကမ္မဋ္ဌာန်းကို သုတ်သင်ပြီးလျှင်။ ဒုတိယဒိဝသေ၊ နောက်တနေ့၌။ အာစရိယံ ဝန္ဒိတွာ၊ ဆရာကိုရှိခိုးကန်တော့၍။ နိက္ခမိတွာ၊ ထွက်ခဲ့ပြီးလျှင်။ အန္တရာမဂ္ဂေ၊ လမ်းခုလတ်၌ပင်။ ပိဏ္ဍာယ စရိတွာ၊ ဆွမ်းခံ၍။ အကိလမန္တောယေဝ၊ မပင်မပန်းပဲ သာလျှင်။ အတ္တနော ဝသနဋ္ဌာနံ၊ မိမိနေရာအရပ်သို့။ အာဂန္တုံ သက္ကောတိ၊ ပြန်လာနိုင်ပေလိမ့်မည်။ (အာဂန္တုံ၊ ပြန်လှည့်ခြင်းငှာ။ သက္ကောတိ၊ တတ်နိုင်လတ္တံ့ဟု ပေးရိုးရှိသော်လည်း မြန်မာဝေါဟာရ ပေါ်လွင်အောင်ပြန်ထား

သည်။) ယော၊ အကြင်ယောဂီသည်။ ယောဇနပ္ပမာဏေပိ၊ တယူဇနာအကွာ အဝေး၌သော်လည်း။ ဖာသုကဋ္ဌာနံ၊ချမ်းသာသင့်လျော်ရာအရပ်ကို။န လဘတိ၊ မရနိုင်။ တေန၊ ထိုယောဂီသည်။ ကမ္မဋ္ဌာနေ၊ ကမ္မဋ္ဌာန်း၌။ ဂဏ္ဌိဋ္ဌာနံ ဆိန္ဒိတွာ၊ ခက်ခဲဖုထစ်ရာဌာနကို ဖြတ်တောက်ရှင်းလင်းလျက်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ သုဝိသုဒ္ဓံ၊ အလွန်သန့်ရှင်းစင်ကြယ်အောင်။ အာဝဇ္ဇနပဋိဗဒ္ဓံ ကတွာ၊ ဆင်ခြင်ကာမျှဖြင့် လွယ်ကူစွာ ထင်ပေါ်လာနိုင်အောင် ပြုပြီးလျှင်။ ဒူရမ္ပိ ဂန္တွာ၊ ဝေးသောအရပ်သို့သော်လည်းသွား၍။ သမာဓိဘာဝနာယ အနနုရူပံ ဝိဟာရံ၊ သမာဓိဘာဝနာနှင့် မသင့်လျော်သောကျောင်းကို။ ပဟာယ၊ ပယ်စွန့်လျက်။ အနုရူပေ ဝိဟာရေ၊ သင့်လျော်သောကျောင်း၌။ ဝိဟာတဗ္ဗံ၊ နေထိုင်သင့်၏။

## အနနုရူပဝိဟာရ
## မသင့်လျော်သောကျောင်း

၅၂။ တတ္ထ၊ ထိုသင့်လျော်သောကျောင်း, မသင့်လျော်သော ကျောင်း နှစ်မျိုးတို့တွင်။ အနနုရူပေါ် နာမ၊ မသင့်လျော်သောကျောင်း မည်သည်ကား။ အဋ္ဌာရသန္နံ ဒေါသာနံ၊ အပြစ်တဆယ့်ရှစ်ပါးတို့တွင်။ အညတရေန၊ တမျိုးမျိုး နှင့်သော်လည်း။ သမန္နာဂတော၊ ပြည့်စုံသော ကျောင်းပေတည်း။ တတြ၊ ထို မသင့်လျော်သောကျောင်း၌။ ဣမေ၊ ဤဆိုလတ္တံ့ သည်တို့ကား။ အဋ္ဌာရသ-ဒေါသာ၊ အပြစ်တဆယ့်ရှစ်ပါးတို့ပေတည်း။ မဟတ္တံ၊ ကြီးလွန်းသော ကျောင်း လည်းကောင်း။ နဝတ္တံ၊ ကျောင်းသစ်လည်းကောင်း။ ဇိဏ္ဏတ္တံ၊ အိုမင်းဆွေးမြည့် သော ကျောင်းလည်းကောင်း။ ပန္ထနိဿိတတ္တံ၊လမ်းမကြီးနှင့် နီးသောကျောင်း လည်းကောင်း။ သောဏ္ဍိ၊ ကျောက်ရေကန်ရှိသော ကျောင်းလည်းကောင်း။ ပဏ္ဏံ၊ ဟင်းရွက်ခင်းရှိသော ကျောင်းလည်းကောင်း။ ပုပ္ဖံ၊ ပန်းပင်များရှိ သော ကျောင်းလည်းကောင်း။ ဖလံ၊ သစ်သီးပင်များရှိသော ကျောင်း လည်းကောင်း။ ပတ္ထနီယတာ၊ အလေးအမြတ် ချီးမွမ်းအပ်သော ကျောင်း လည်းကောင်း။ နဂရသန္နိဿိတတာ၊ မြို့ရွာနီးသော ကျောင်းလည်းကောင်း။ ဒါရုသန္နိဿိတတာ၊ သစ်ပင်ဝါးပင်နီးသော ကျောင်းလည်းကောင်း။ ခေတ္တ-သန္နိဿိတတာ၊ လယ်ကွင်းနှင့် စပ်သောကျောင်း လည်းကောင်း။ ဝိသဘာဂါနံ ပုဂ္ဂလာနံ အတ္ထိတာ၊ အချင်းချင်းမသင့်မျှသော ပုဂ္ဂိုလ်တို့ နေသောကျောင်း လည်းကောင်း။ ပဋ္ဋနသန္နိဿိတတာ၊ ရေဆိပ် ကုန်းဆိပ်နီးသော ကျောင်း လည်းကောင်း။ ပစ္စန္တသန္နိဿိတတာ၊ တိုင်းစွန်ပြည်ဖျား၌ ရှိသောကျောင်း လည်းကောင်း။ ရဇ္ဇသီမသန္နိဿိတတာ၊ တိုင်း ပြည်ခြား၌ရှိသော ကျောင်း လည်းကောင်း။ အသပ္ပါယတာ၊ မလျောက်ပတ်သော ကျောင်းလည်းကောင်း။ ကလျာဏမိတ္တာနံ အလာဘော၊ မိတ်ဆွေကောင်းမရနိုင်သော ကျောင်းလည်း

ကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ အဋ္ဌာရသန္နံ ဒေါသာနံ၊ ဤအပြင်တဆယ့်ရှစ်မျိုးတို့တွင်။ အညတရေန ဒေါသေန၊ အပြစ်တမျိုးမျိုးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော ကျောင်းသည်။ အနနုရူပေါ နာမ၊ မသင့်လျော်သော ကျောင်း မည်၏။ တတ္ထ၊ ထိုကျောင်း၌။ န ဝိဟာတဗ္ဗံ၊ မနေသင့် မနေထိုက်ပေ။ (မဟတ္တံ နဝတ္တံ စသောပုဒ်များကို သဒ္ဒတ္ထအားဖြင့် ပြန်သင့်သော်လည်း သိလွယ်စေရန် ပေါ်လွင်သော သဘာဝတ္ထပြန်ထားသည်။)

ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တာဝ၊ ရှေးဦးစွာ။ မဟာဝိဟာရေ၊ ကြီးသောကျောင်း၌၊ နာနာဆန္ဒာ၊ အပိုသန္ဒ အမျိုးမျိုးရှိကြ ကုန်သော။ ဗဟူ၊ များစွာသောရဟန်းတို့သည်။ သန္နိပတန္တိ၊ စုဝေးမိကြကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ အညမညံ ပဋိဝိရုဒ္ဓတာယ၊ အချင်းချင်း ဆန့်ကျင်ကြခြင်းကြောင့်။ ဝတ္တံ န ကရောန္တိ၊ ဗောဓိယင်္ဂဏစသောဝတ်ကို မပြုကြကုန်။ အသမ္မဋ္ဌာနေဝ ဟောန္တိ၊ ဗောဓိယင်ပြင်စသည်တို့ကို တံမြက်မလှည်းကြကုန်။ ပါနီယံ၊ သောက်ရေကိုလည်းကောင်း။ ပရိဘောဇနီယံ၊ သုံးဆောင်ရေကိုလည်းကောင်း။ အနုပဋ္ဌာပိတံ၊ မတည်ထားအပ်။ တတြ၊ ထိုဝတ်ကြီးဝတ်ငယ် မပြုသောကျောင်း၌။ အယံ၊ ဤယောဂီသည်။ "ဂေါစရဂါမေ၊ ဆွမ်းခံရွာ၌။ (၁၁၆) ပိဏ္ဍာယ စရိဿာမိတိ၊ ဆွမ်းခံလှည့်လည်မည်" ဟု။ စိန္တေတွာ၊ ကြံစည်လျက်။(ထည့်)။ ပတ္တစီဝရံ အာဒါယ၊ သပိတ်သင်္ကန်းကိုယူ၍။ နိက္ခန္တော၊ ထွက်လတ်သော်။ (ထွက်သောအခါ)။ ဝတ္တံ ဝါ၊ ဗောဓိယင်္ဂဏစသောဝတ်ကိုသော်လည်း။ အကတံ၊ မပြုရသေးသည်ကို။ သစေ ပဿတိ၊ အကယ်၍ မြင်ငြားအံ့။ ရိတ္တံ၊ ရေမရှိ အချည်းနှီးသော၊ ပါနီယဃဋံ ဝါ၊ သောက်ရေအိုးကိုသော်လည်းကောင်း။ သစေ ပဿတိ၊ အကယ်၍မြင်ငြားအံ့။ အထ၊ ထိုသို့ မြင်သောအခါ၌။ အနေန၊ ဤယောဂီရဟန်းသည်။ ဝတ္တံ၊ ဝတ်ကို။ ကာတဗ္ဗံ ဟောတိ၊ ပြုရ၏။

ပါနီယံ၊ သောက်ရေကို။ ဥပဋ္ဌာပေတဗ္ဗံ၊ တည်ထားအပ်၏။အကရောန္တော၊ ထိုသို့မပြုလျှင်။ ဝါ၊ ထိုသို့ မပြုသောရဟန်းသည်။ ဝတ္တဘေဒေ၊ ဝတ်ပျက်ခြင်းကြောင့်။ ဒုက္ကဋံ အာပဇ္ဇတိ၊ ဒုက္ကဋ်အာပတ်သို့ ရောက်၏။ (ဒုက္ကဋ်အာပတ်သင့်၏)။ ကရောန္တဿ၊ ပြုသော ယောဂီရဟန်းအား။ ကာလော အတိက္ကမတိ၊ အချိန်လွန်၍ သွား၏။ အတိဒိဝါ၊ အလွန်နေမြင့်မှ။ ပဝိဋ္ဌော၊ ဆွမ်းခံဝင်သော ယောဂီရဟန်းသည်၊ ဘိက္ခာယ နိဋ္ဌိတာယ၊ ဆွမ်းကုန်သွားသည်ရှိသော်။ ကိဉ္စိ၊ တစုံတခုမျှ။ န လဘတိ၊ မရလိုက်တော့ပေ။ ပဋိသလ္လာနဂတောပိ၊ တကိုယ်တည်း ကိန်းအောင်းရာသို့ ကပ်ပြန်လျှင်လည်း။ သာမဏေရဒဟရဘိက္ခူနံ၊ ရှင်သာမဏေငယ်များနှင့် ရဟန်းငယ်တို့၏။ ဥစ္စာသဒ္ဒေန စ၊ ကျယ်လောင်စွာ ပြောကြသော အသံကြောင့်လည်းကောင်း။သံဃကမ္မေဟိ စ၊ သံဃာ့အမှုကိစ္စတို့ကြောင့်လည်းကောင်း။ ဝိက္ခိပတိ၊ စိတ်ပျံ့လွင့်၏။ ယတ္ထ၊ အကြင်ကျောင်း၌။

သဗ္ဗဂတ္တံ၊ ဝတ်အားလုံးကို။ ကတမေဝ၊ ပြုလုပ်ပြီးသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အဝသေသာ၊ ဝတ်မကြွင်းသော။ သံဃဋ္ဌနာ၊ ထိခိုက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဝေရူပေ မဟာဝိဟာရေပိ၊ ထိုသို့သော ကျောင်းကြီး၌လည်း။ ဝိဟာတဗ္ဗံ၊ နေသင့် နေထိုက်သေး၏။ နဝဝိဟာရေ၊ ကျောင်းသစ်၌။ ဗဟုနဝကမ္မံ၊ ကိစ္စများသည်။ ဟောတိ၊ ဖြစ်၏။ အကရောန္တံ၊ မပြုလုပ်သော ရဟန်းကို။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့တတ်ကုန်၏။ ယတ္ထ ပန၊ အကြင် ကျောင်းသစ်၌ကား၊ ဘိက္ခူ၊ ရဟန်းတို့သည်။ အာယသ္မာ၊ အရှင်သည်။ ယထာသုခံ၊ ချမ်းသာသလို။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောတု၊ အားထုတ်တော်မူပါ။ နဝကမ္မံ၊ အမှုသစ်ကို။ မယံ ကရိဿာမာတိ၊ တပည့်တော်တို့ ပြုလုပ်ကြပါမည်”ဟု။ဝေံ ဝဒန္တိ၊ ဤသို့ ဆိုကုန်အံ့။ ဝေရူပေ၊ ဤသို့သော ကျောင်းသစ်၌။ ဝိဟာတဗ္ဗံ၊ နေသင့် နေထိုက်၏။

ပန၊ အဖို့တပါးကား။ ဇိဏ္ဏဝိဟာရေ၊ အိုမင်းဆွေးမြည့်သောကျောင်း၌။ ဗဟုပဋိဇဂ္ဂိတဗ္ဗံ၊ သုတ်သင်ပြုပြင်ဖွယ်ရာ များစွာရှိသည်။ ဟောတိ၊ ဖြစ်၏။ အန္တမသော၊ အနည်းဆုံးအားဖြင့်။ အတ္တနော သေနာသနမတ္တမ္ပိ၊ မိမိအိပ်ရာနေရာမျှကိုသော်လည်း။ အပ္ပဋိဇဂ္ဂန္တံ၊ မသုတ်သင် မပြုပြင်သော ရဟန်းကို။ ဥဇ္ဈာယန္တိ၊ ကဲ့ရဲ့တတ်ကုန်၏။ ပဋိဇဂ္ဂန္တဿ၊ သုတ်သင်ပြုပြင်သောရဟန်းအား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ပရိဟာယတိ၊ ဆုတ်ယုတ်၏။ ပန္ထနိဿိတေ မဟာပထဝိဟာရေ၊ လမ်းမကြီးနှင့် နီးသောကျောင်း၌။ ရတ္တိံဒိဝံ၊ နေ့ရော ညဉ့်ပါ။ အာဂန္တုကာ၊ ဧည့်သည်တို့သည်။ သန္နိပတန္တိ၊ စုဝေးကြကုန်၏။ ဝိကာလေ၊ အချိန်မဲ့အခါ၌။ (အချိန်မဟုတ်သော ကာလ၌။) အာဂတာနံ၊ လာသော အာဂန္တုတို့အား။ အတ္တနော သေနာသနံ ဒတွာ၊ မိမိ၏ အိပ်ရာနေရာကိုပေး၍။ ရုက္ခမူလေ ဝါ၊ သစ်ပင်ရင်း၌သော်လည်းကောင်း။ ဝါ၊ သစ်ပင်ရင်း၌ ဖြစ်စေ။ ပါသာဏပိဋ္ဌေ ဝါ၊ ကျောက်ဖျာပေါ်၌သော်လည်းကောင်း။ ဝါ၊ ကျောက်ဖျာပေါ်၌ ဖြစ်စေ။ ဝသိတဗ္ဗံ၊ နေအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပုနဒိဝသေပိ၊ နောက်တနေ့၌လည်း။ ဧဝမေဝ၊ ထိုအတူသာလျှင်။ ဝသိတဗ္ဗံ ဟောတိ၊ နေအပ်၏။ ဣတိ၊ ထို့ကြောင့်။ ကမ္မဋ္ဌာနဿ ဩကာသော၊ ကမ္မဋ္ဌာန်းတရားအားထုတ်ရန် အခွင့်သည်။ န ဟောတိ၊ မဖြစ်ပေ။ ယတ္ထ ပန၊ အကြင်ကျောင်း၌ကား။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ အာဂန္တုကသမ္ဗာဓော၊ အာဂန္တုကကြောင့် နေရာကျဉ်းကျပ်ခြင်းသည်။ န ဟောတိ၊ မဖြစ်ပါမူကား။ တတ္ထ၊ ထိုကျောင်း၌။ ဝိဟာတဗ္ဗံ၊ နေအပ် နေနိုင်၏။ (နေသင့် နေထိုက်ပေ၏)။

ပါသာဏပေါက္ခရဏီ၊ ကျောက်ရေကန် အနီးရှိသော ကျောင်းသည်။ သောဏ္ဍီ နာမ ဟောတိ၊ သောဏ္ဍီမည်၏။ တတ္ထ၊ ထိုကျောက်ရေကန်နီးသော ကျောင်း၌။ ပါနီယတ္ထံ၊ ရေခပ်ဖို့ရန်။ မဟာဇနော၊ လူအများသည်။ သမော-

သရတိ၊ လာရောက်စုဝေး၏။ နဂရဝါသီနံ၊ မြို့၌သီတင်းသုံးကုန်သော။ ရာဇကုလူပကတ္ထေရာနံ၊ မင်းဆရာ မထေရ်တို့၏။ အန္တေဝါသိကာ၊ အနီးနေတပည့်တို့သည်။ ရဇနကမ္မတ္ထာယ၊ သင်္ကန်းဆိုးရန် ကိစ္စအလို့ငှာ။ အာဂစ္ဆန္တိ၊ လာကြကုန်၏။ ဘာဇနဒါရုဒေါဏိကာဒီနိ၊ ဆိုး ရေအိုး, ဆိုးရေကြိုရန် သစ်သား, သစ်သား ဆိုးရေကျင်းစသည်ဘို့ကို။ ပုစ္ဆန္တာနံ၊ မေးမြန်းကုန်သော။ တေသံ၊ ထိုရဟန်းတော်တို့အား။ အသုကေ စ အသုကေ စ ဌာနေတိ၊ ဤမည် ဤမည်သော အရပ်၌ဟု။ ဒဿေတဗ္ဗာနိ၊ ပြအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ သဗ္ဗကာလမ္ပိ၊ အခါခပ်သိမ်းလည်း။ နိစ္စဗျာဝဋော ဟောတိ၊ အမြဲကြောင့်ကြစိုက်နေရ၏။

ယတ္ထ၊ အကြင်ကျောင်း၌။ နာနာဝိဓံ၊ အမျိုးမျိုးသော။ သာကပဏ္ဏံ၊ ဟင်းရွက်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုကျောင်း၌။ အဿ၊ ထိုရဟန်းသည်။ ကမ္မဋ္ဌာနံ ဂဟေတွာ၊ ကမ္မဋ္ဌာန်းအာရုံကို ယူ၍။ ဒိဝါဝိဟာရံ၊ နေ့သန့်စင်ရာ၌။ နိသိန္နဿာပိ၊ နေစဉ်လည်း။ သန္တိကေ၊ အနီးအပါး၌။ သာကဟာရိကာ၊ ဟင်းရွက်ခူးသော အမျိုးသမီးတို့သည်။ ဂါယမာနာ၊ သီချင်းဆိုကြကုန်လျက်။ ပဏ္ဏံ ဥစ္စိနန္တိယော၊ ဟင်းရွက်ခူးကြလျက်။ ဝိသဘာဂသဒ္ဒသံဃဋ္ဋနေန၊ ဝိသဘာဂ အသံ ထိခိုက်ခြင်းကြောင့်။ ကမ္မဋ္ဌာနန္တရာယံ ကရောန္တိ၊ ကမ္မဋ္ဌာန်း၏အန္တရာယ်ကို ပြုကုန်၏။

ယတ္ထ ပန၊ အကြင်ကျောင်း၌ကား။ နာနာဝိဓာ မာလာဂစ္ဆာ၊ ပန်းချုံအမျိုးမျိုးတို့သည်။ သုပုပ္ဖိတာ၊ ဝေဝေ ဆာဆာ ပွင့်လျက်ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတြာပိ၊ ထိုကျောင်းမျိုး၌လည်း။ တာဒိသော ယေဝ၊ ထိုဟင်းရွက်ခင်းရှိသောကျောင်း၌ တွေ့ကြုံရတတ်သော သဘောရှိသော။ ဥပဒ္ဒဝေါ၊ ဘေးရန်အန္တရာယ်ကို။ ဒိဋ္ဌော၊ တွေ့ကြုံရတတ်၏။ (၁၁၇) ယတ္ထ၊ အကြင်ကျောင်း၌။ နာနာဝိဓံ အမ္ဗဇမ္ဗုပနသာဒိဖလံ၊ သရက် သဖြေ ပိန္နဲစသော အသီးအပင် အမျိုးမျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုကျောင်း၌။ ဖလတ္ထိကာ၊ သစ်သီးလိုချင်သောသူတို့သည်။ အာဂန္တွာ၊ လာကုန်၍။ ယာစန္တိ၊ တောင်းကြကုန်၏။ အဒေန္တဿ၊ မပေးသောရဟန်းအား။ ကုဇ္ဈန္တိ၊ စိတ်ဆိုးကြကုန်၏။ ဗလက္ကာရေန ဝါ ဂဏှန္တိ၊ အနိုင်အထက်မူလည်း ယူကြကုန်၏။ သာယန္ဟသမယေ၊ ညနေချမ်းအခါဝယ်။ ဝိဟာရမဇ္ဈေ၊ ကျောင်းအလယ်၌။ စင်္ကမန္တေန၊ စင်္ကြံလျှောက်သော ရဟန်းသည်။ တေ ဒိသွာ၊ ထိုသစ်သီးဆွတ်နေသောသူတို့ကို မြင်၍။ “ဥပါသကာ၊ ဒါယကာတို့။ ကိံ၊ အဘယ်ကြောင့်။ ဧဝံ ကရောထာတိ၊ ဤသို့ ပြုလုပ်ကြကုန်သနည်း”ဟု။ ဝုတ္တာ၊ ပြောဆိုသည်ရှိသော်။ ယထာရုစိ၊ အလိုရှိတိုင်း။ အက္ကောသန္တိ၊ ဆဲရေးတတ်ကြကုန်၏။ အဿ၊ ထိုရဟန်းအား။ အဝါသာယပိ၊ မနေနိုင်အောင်လည်း။ ပရက္ကမန္တိ၊ လုံ့လပြုကြကုန်၏။

ပတ္တနိယေ၊ တောင့်တအပ်သော။ လောကသမ္မတေ၊ လူတို့အလေးအမြတ်သမုတ်အပ်သော။ (ဝိသုဒ္ဓိမဂ် ယခုရှိသောမူ၌ 'လေဏသမ္မတေ' ရှိသည်ကား မသင့်။ 'လောကသမ္မတေ' ဟူသောမူသာ သင့်သည်။) ဒက္ခိဏဂိရိဟတ္ထိကုစ္ဆိစေတိယဂိရိစိတ္တလပဗ္ဗတသဒိသေ၊ ဒက္ခိဏဂိရိကျောင်း, ဟတ္ထိကုစ္ဆိကျောင်း, စေတိယဂိရိကျောင်း, စိတ္တလပဗ္ဗတကျောင်းတို့နှင့် အလားတူသော။ ဝိဟာရေ၊ ကျောင်း၌။ ဝိဟရန္တံ၊ နေသောရဟန်းကို။ အယံ၊ ဤအရှင်သည်။ အရဟာတိ၊ ရဟန္တာပေတည်းဟု။ သမ္ဘာဝေတွာ၊ ချီးမွမ်း၍။ ဝန္ဒိတုကာမာ မနုဿာ၊ ရှိခိုးကန်တော့လိုကြကုန်သော လူတို့သည်။ သမန္တာ ဩသရန္တိ၊ ထက်ဝန်းကျင်မှ စုရုံးရောက်လာကြကုန်၏။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုယောဂီအား။ ဖာသု၊ ချမ်းသာသည်။ န ဟောတိ၊ မဖြစ်ပေ။ ဝါ၊ န ဖာသု ဟောတိ၊ မချမ်းသာပေ။ ယဿ၊ အကြင်ယောဂီအား။ တံ၊ ထိုကျောင်းသည်၊သပ္ပာယံ ဟောတိ၊ လျောက်ပတ်၏။ တေန၊ ထိုယောဂီသည်။ ဒိဝါ၊ နေ့အခါ၌။ အညတြ၊ အခြားနေရာသို့။ ဂန္တွာ၊ သွား၍။ ရတ္တိံ၊ ညဉ့်အခါ။ တတ္ထ၊ ထိုကျောင်း၌ (ထည့်)။ ဝသိတဗ္ဗံ၊ နေအပ်၏။ (နေသင့်၏။ နေထိုက်ပေ၏။)

နဂရသန္နိဿိတေ၊ မြို့ရွာနီးသောကျောင်း၌။ ဝိသဘာဂါရမ္မဏာနိ၊ ဝိသဘာဂအာရုံတို့သည်။ အာပါထံ အာဂစ္ဆန္တိ၊ ထင်ပေါ်လာကုန်၏။ ကုမ္ဘဒါသိယောပိ၊ ရေခပ်ကျွန်မတို့သည်သည်း။ ဃဋေဟိ၊ ရေအိုးတို့ဖြင့်။ နိဃံသန္တိယော၊ ပွတ်တိုက် တိုးဝှေ့ကုန်လျက်။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဩက္ကမိတွာ၊ ဘေးသို့ဖဲ၍။ မဂ္ဂံ န ဒေန္တိ၊ လမ်းမပေးကုန်။ ဣဿရမနုဿာပိ၊ အစိုးရသူတို့သည်သည်း။ ဝိဟာရမဇ္ဈေ၊ ကျောင်းဝိုက်အလယ်၌။ သာဏိံ ပရိက္ခိပိတွာ၊ တင်းထိမ် လိုက်ကာကိုကာရံ၍။ နိသီဒန္တိ၊ နေတတ်ကြကုန်၏။

ဒါရုသန္နိဿယေ၊ သစ်တော ဝါးတောကိုမှီသော၊ ယတ္ထ၊ အကြင်ကျောင်း၌။ ကဋ္ဌာနိ၊ ထင်းတို့သည်လည်းကောင်း။ ဒဗ္ဗုပကရဏရုက္ခာ စ၊ အိမ်စသော အဆောက်အအုံ၏ အစိတ်အပိုင်းပြုလုပ်ရန် လျော်သော သစ်ပင် ဝါးပင်တို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုကျောင်း၌၊ ကဋ္ဌဟာရိကာ၊ ထင်းခွေသော အမျိုးသမီးတို့သည်။ ပုဗ္ဗေ၊ ရှေး၌၊ ဝုတ္တသာကပုပ္ဖဟာရိကာ ဝိယ၊ဆိုခဲ့ပြီးသော ဟင်းရွက်ခူး ပန်းဆွတ်အမျိုးသမီးတို့ကဲ့သို့။ အဖာသုံ၊ ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်းငှာ မချမ်းသာခြင်းကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ ဝိဟာရေ၊ ကျောင်း၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ (ထည့်)။ ရုက္ခာ၊ သစ်ပင်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုသစ်ပင်တို့ကို၊ ဆိန္ဒိတွာ၊ ခုတ်ဖြတ်၍။ ဃရာနိ ကာရိဿာမာတိ၊ အိမ်တို့ကို ဆောက်ကြကုန်အံ့ဟု။ စိန္တေတွာ၊ ကြံ၍။ (ထည့်)။ မနုဿာ၊ လူတို့သည်။ အာဂန္တွာ၊ လာကုန်၍။ ဆိန္ဒန္တိ၊ ခုတ်လှဲကြကုန်၏။ သစေ၊ အကယ်၍။ ဘိက္ခု၊ ယောဂီရဟန်းသည် (ထည့်)။ သာယန္ဟသမယံ၊ ညနေချမ်းအခါ၌။ ပဓာနဃရာ၊

ကမ္မဋ္ဌာန်းအားထုတ်ရာ ကျောင်းဆောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဝိဟာရမဇ္ဈေ၊ ကျောင်း၏အလယ်၌။ စင်္ကမန္တော၊ စင်္ကြံလျှောက်နေစဉ်။ တေ ဒိသွာ၊ ထိုသူတို့ကို မြင်၍။ ဥပါသကာ၊ ဒါယကာတို့။ ကိံ ၊ အဘယ်ကြောင့်။ ဧဝံ ဂရှ ရော-ထာတိ၊ ဤသို့ ပြုလုပ်ကြကုန်သနည်း”ဟု၊ ဝဒတိ၊ ပြောဆိုငြားအံ့။ တေ၊ ထိုလူတို့သည် (ထည့်)။ ယထာရုစိ၊ အလိုရှိတိုင်း။ အက္ကောသန္တိ၊ ဆဲရေးကြကုန်၏။ အဿ၊ ထိုယောဂီရဟန်းအား။ အဝါသာယပိ ပရက္ကမန္တိ၊ မနေနိုင်အောင်လည်း အားထုတ်ကြကုန်၏။

ပန၊ အဖို့တပါးကား။ ယော ဝိဟာရော၊ အကြင်ကျောင်းသည်။ ခေတ္တ-သန္နိဿိတော၊ လယ်နှင့်စပ်သည်။ ဟောတိ၊ ဖြစ်၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ခေတ္တေဟိ ပရိဝါရိတော၊ လယ်များဝန်းရံလျက် တည်ရှိသည်။ ဟောတိ၊ ဖြင်၏။ တတ္ထ၊ ထိုကျောင်း၌။ မနုဿာ၊ လူတို့သည်။ ဝိဟာရမဇ္ဈေယေဝ၊ ကျောင်း၏ အလယ်၌ပင်လျှင်။ ခလံ ကတွာ၊ ကောက်နယ်တလင်းကို ပြုလုပ်၍။ဓညံ မဒ္ဒန္တိ၊ စပါးနယ်ကြကုန်၏။ပမုခေသု၊ ကျောင်းဦးတို့၌လည်း။ သယန္တိ၊ အိပ်ကြကုန်၏၊ အညံ၊ အခြားတပါးသော။ ဗဟုံ- အဖာသုံပိ၊ များစွာသော မချမ်းသာမှုကိုလည်း။(ပိ-ရှေ့ထိုင်)။ ကရောန္တိ၊ ပြုလုပ်ကြကုန်၏။ ယတ္ထာပိ၊ အကြင်ကျောင်း၌လည်း။ မဟာသံဃဘောဂေါ၊ များစွာသော သံဃာ့ အသုံးအဆောင်ဖြစ်သော လယ်ယာသည်။ ဟောတိ၊ ဖြစ်၏။ အာရာမိကာ၊ အရမ်စောင့်တို့သည်။ ကုလာနံ ဂါဝေါ၊ ဒါယကာတို့၏ နွားတို့ကို။ ရုန္ဓန္တိ၊ တားဆီးပိတ်ဆို့ကုန်၏။ ကုလာနံ၊ ဒါယကာတို့၏။ ဥဒကဝါရံ၊ ရေပေးလှည့်းကို။ ပဋိသေဓေန္တိ၊ တားမြစ်ကုန်၏။ မနုဿာ၊ လူတို့သည်။ ဝီဟိသီသံ ဂဟေတွာ၊ ကောက်နှံတို့ကို ယူလာကုန်၍။ “တုမှာကံ၊ အရှင်ဘုရားတို့၏။ အာရာမိကာနံ၊ အရာမ်စောင့်တို့၏။ ကမ္မံ၊ ပြုပုံလုပ်ပုံကို။ ပဿထာတိ၊ ကြည့်ရှုကြပါကုန်”ဟု။ ဝတွာ၊ ဆို၍။ (ထည့်)။ သံဃဿ၊ သံဃာအား။ ဒဿေန္တိ၊ ပြကြကုန်၏။ တေန တေန ကာရဏေန၊ ထိုထိုသို့သောအကြောင်းကြောင့်။ ရာဇရာဇမဟာမတ္တာနံ၊ မင်း, မင်း၏ အမတ်ကြီးတို့၏။ ဃရဒွါရံ၊ အိမ်တံခါးသို့။ ဂန္တဗ္ဗံ၊ သွားအပ်သည်။ ဟောတိ၊ ဖြစ်၏။ အယမ္ပိ၊ဤသို့သောကျောင်းကိုလည်း။ ခေတ္တသန္နိဿိတေနေဝ၊လယ်နှင့်စပ်သော ကျောင်း၌ပင်လျှင်။ သင်္ဂဟိတော၊ ရေတွက်အပ်ပေ၏။

ဝိသဘာဂါနံ ပုဂ္ဂလာနံ အတ္ထိတာတိ၊ ဝိသဘာဂါနံ ပုဂ္ဂလာနံ အတ္ထိတာ ဟူသည်ကား။ ယတ္ထ၊ အကြင်ကျောင်း၌။ အညမညံ၊ အချင်းချင်း။ ဝိသဘာဂ-ဝေရိ ဘိက္ခူ၊ သဘောမသင့်သဖြင့် ရန်သူဖြစ်နေသော ရဟန်းတို့သည်။ ဝိဟရန္တိ၊ နေကုန်၏။ တတ္ထ၊ ထိုကျောင်း၌။ (ထည့်)။ ကလဟံ ကရောန္တာ၊ အချင်းချင်း မသင့်မျှခြင်းကို ပြုကုန်သော၊ ယေ၊ အကြင်ရဟန်းတို့သည်။ “ဘန္တေ၊ အရှင်ဘုရားတို့။ ဧဝံ မာ ကရောထာတိ၊ ဤသို့ မပြုကြပါကုန်လင့်”ဟု။

ဘိက္ခုနော၊ ယောဂီရဟန်းသည်။ (ထည့်)။ ဝါရိယမာနာ၊ ဖြန့်ဖြေတားမြစ်လျှင်။ တေဿ ပံသုကူလိကဿ၊ ထိုပံ့သကူမူတင်ဆောင်ရဟန်း၏။ အာဂတကာလတော ပဋ္ဌာယ၊ ရောက်လာသောအခါမှစ၍။ မယံ၊ ငါတို့သည်။ (ထည့်)။ နဋ္ဌာမှာတိ၊ ပျက်စီးရချေသည်ဟု။ ဝတ္တာရော၊ ပြောဆိုတတ်ကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ (၁၁၇) ယောပိ ဝိဟာရော၊ အကြင်ကျောင်းသည်လည်း။ ဉဒကပဋ္ဋနံ ဝါ၊ ရေဆိပ်ကိုလည်းကောင်း။ ထလပဋ္ဋနံ ဝါ၊ ကုန်းဆိပ်ကိုလည်းကောင်း။ နိဿိတော၊ မှီသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုကျောင်းမျိုး၌။ အဘိဏှံ၊ အမြဲမပြတ်။ နာဝါဟိ စ၊ လှေတို့ဖြင့်လည်းကောင်း။ သတ္ထေဟိ စ၊ လှည်းတို့ဖြင့်လည်းကောင်း။ အာဂတမနုဿာ၊ လာကြသောလူတို့သည်။ သြကာသံ ဒေထ၊ တည်းခိုခွင့်ကို ပေးပါကုန်။ ပါနီယံ ဒေထ၊ သောက်ရေသုံးရေပေးပါကုန်။ လောဏံ ဒေထာတိ၊ ဆားပေးပါကုန်ဟု။ ဝဒန္တာ၊ ပြောဆိုတောင်းရမ်းကြကုန်လျက်။ ဝါ၊ ပြောဆိုတောင်းရမ်းကာ။ (ထည့်)။ ဃဋ္ဋယန္တာ၊ ဆက်စပ်မှီခိုကုန်လျက်။ အဖာသုံ ကရောန္တိ၊မချမ်းသာမှုကို ပြုကုန်၏။

ပနံ၊ အဖို့တပါးကား။ ပစ္စန္တသန္နိဿိတေ၊ တိုင်းစွန်ပြည်ဖျားဝယ်ရှိသော ကျောင်း၌။ မနုဿာ၊ လူတို့သည်။ ဗုဒ္ဓါဒီသု၊ ဘုရားအစရှိကုန်သော ရတနာ သုံးပါးတို့၌။ အပ္ပသန္နာ ဟောန္တိ၊ မကြည်ညိုကြကုန်။

ရဇ္ဇသီမသန္နိဿိတေ၊ တိုင်းပြည်၏ နယ်ခြားအနီး၌ရှိသောကျောင်း၌။ ရာဇ-ဘယံ ဟောတိ၊ မင်းဘေးစိုးဘေးရှိ၏။ ဟိ၊ အပြစ်ကိုပြအံ့။ တံ ပဒေသံ၊ ထိုကျောင်းရှိရာနယ်ခြားအရပ်ကို။ ဧကော ရာဇာ၊ တဦးသောမင်းသည်။ "မယှံ၊ ငါ၏။ ဝသေ၊ အလို၌။ န ဝတ္တတီတိ၊မတည်ဟု။ တနည်း။ န မယှံ ဝသေ ဝတ္တတီတိ၊ ငါ၏အာဏာ၌ မတည်ဟု။ မညန္တော၊ အောက်မေ့လျက်။ ပဟရတိ၊ ရိုက်နှက် ပုတ်ခတ်၏။ ဣတရောပိ၊ အခြားမင်းတပါးကလည်း။ န မယှံ ဝသေ ဝတ္တတီတိ၊ ငါ၏အာဏာ၌ မတည်ဟု။ မညန္တော၊ အောက်မေ့ကာ။ (ထည့်)။ ပဟရတိ၊ ရိုက်နှက်ပုတ်ခတ်၏။ တတြ၊ ထိုမင်းနှစ်ပါးတို့၏နှစ်နိုင်ငံတို့တွင်။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ကဒါစိ၊ တရံဘာခါ။ ဣမဿ ရညော ဝိဇိတေ၊ ဤမင်း၏ နိုင်ငံ၌။ ဝိစရတိ၊ လှည့်လည်သွားလာနေ၏။ ကဒါစိ၊ တရံတခါ၌။ ဧတဿ၊ ထိုမင်း၏။ ဝိဇိတေ၊ နိုင်ငံ၌။ ဝိစရတိ၊ လှည့်လည်သွားလာနေ၏။ အထ၊ ထိုသို့ လှည့်လည် သွားလာနေသည်ရှိသော်။ နံ ဘိက္ခုံ၊ ထိုရဟန်းကို။ "အယံ၊ ဤရဟန်းသည်။ စရပုရိသော တိ၊ သူလျှိုတည်း"ဟု။ မညမာနာ၊ ထင်မှတ်ကြခြင်းကြောင့်။အနယ-ဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့။ ပါပေန္တိ၊ ရောက်စေတတ်ကုန်၏။

အသပ္ပါယတာတိ၊ အသပ္ပါယတာ ဟူသည်ကား။ ဝိသဘာဂရူပါဒိအာရမ္မဏ-သမောသရဏေန ဝါ၊ ဝိသဘာဂရူပါရုံစသည်တို့၏ လှည့်လည်သွားလာခြင်း ကြောင့်လည်းကောင်း။ အမနုဿပရိဂ္ဂဟိတတာယ ဝါ၊ ဘီလူးသိမ်းသည်းထား

အပ်သောကြောင့်လည်းကောင်း။ အသပ္ပါယတာ၊ မလျောက်ပတ်သောကျောင်း၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ ထိုမလျောက်ပတ်သောကျောင်း၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ဝတ္ထု၊ ဝတ္ထုတည်း။ ကိရ၊ တဆင့်စကား ကြားဖူးသည်ကား။ ဧကော ထေရော၊ မထေရ်တပါးသည်။ အရညေ၊ တော၌။ ဝသတိ ကိရ၊ နေသတတ်၊ ဝါ၊ နေပါသတဲ့။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမထေရ်၏။ ပဏ္ဏသာလဒွါရေ၊ သစ်ရွက်မိုးသောကျောင်းတံခါး၌။ ဧကော ယက္ခိနီ၊ ဘီလူးမ တယောက်သည်။ ဌတွာ၊ ရပ်လျက်။ ဂါယိ၊ သီချင်းဆိုလာ၏။ သော၊ ထိုရဟန်းသည်။ နိက္ခမိတွာ၊ ထွက်၍။ ဒွါရေ၊ တံခါး၌။ အဋ္ဌာသိ၊ ရပ်နေ၏။ သာ၊ ထိုဘီလူးမသည်။ ဂန္တွာ၊ သွား၍။ စင်္ကမနသီသေ၊ စင်္ကြံဦး၌။ ဂါယိ၊ သီချင်းဆိုလာ၏။ ထေရော၊ မထေရ်သည်။ စင်္ကမနသီသံ၊ စင်္ကြံဦးသို့။ အဂမာသိ၊ သွားပြန်၏။ သာ၊ ထိုဘီလူးမသည်။ သတပေါရိသေ၊ အသူတရာနက်သော။ ပပါတေ ဌတွာ၊ ချောက်ကမ်းပါးထိပ်၌ရပ်လျက်။ ဂါယိ၊ သီချင်းဆိုလာပြန်၏။ ထေရော၊ မထေရ်သည်။ ပဋိနိဝတ္တိ၊ ပြန်နစ်လာ၏။ အထ၊ ထိုအခါ၌။ သာ၊ ထိုဘီလူးမသည်။ ဝေဂေနာဂန္တွာ၊ လျင်မြန်စွာသွား၍။ နံ ဂဟေတွာ၊ ထိုမထေရ်၏ ပခုံးကိုကိုင်လျက်။ "ဘန္တေ၊ အရှင်ဘုရား။ တုမှာဒိသာ၊ သင်လိုရဟန်းတို့ကို။ မယာ၊ အကျွန်ုပ်သည်။ ခါဒိတာ၊ စားအပ်ခဲ့သည်မှာ။ န ဧကော၊ တယောက်လည်း မက။ န ဒွေ၊ နှစ်ယောက်လည်းမက။ ဗဟူတိ၊ များလှပါပြီ"ဟု။ (ထည့်)။ အာဟ၊ ပြောဆိုလေ၏။

ကလျာဏမိတ္တာနံ အလာဘောတိ၊ ကလျာဏမိတ္တာနံ အလာဘော-ဟူသည်ကား။ ယတ္ထ၊ အကြင်ကျောင်း၌။ ကလျာဏမိတ္တံ၊ မိတ်ဆွေကောင်းဖြစ်သော။ အာစရိယံ ဝါ၊ ဆရာကိုလည်းကောင်း။ အာစရိယသမံ ဝါ၊ ဆရာနှင့်တူသောသူကိုလည်းကောင်း။ ဥပဇ္ဈာယံ ဝါ၊ ဥပဇ္ဈာယ်ကိုလည်းကောင်း။ ဥပဇ္ဈာယသမံ ဝါ၊ ဥပဇ္ဈာယ်နှင့်တူသောသူကိုလည်းကောင်း။လဒ္ဓုံ၊ ရခြင်းငှာ။သက္ကာ၊ တတ်ကောင်းသည်။ န ဟောတိ၊ မဖြစ်ပေ။ တတ္ထ၊ ထိုကျောင်း၌။ ကလျာဏမိတ္တာနံ၊ မိတ်ဆွေကောင်းတို့ကို။ သော အလာဘော၊ ထိုသို့ မရခြင်းသည်။ မဟာဒေါသောယေဝ၊ ကြီးမားသောအပြစ်ပေတည်း။ ဣတိ၊ ဤသို့။ ဣမေသံ အဋ္ဌာရသန္နံ ဒေါသာနံ၊ ဤအပြစ်တဆယ့်ရှစ်မျိုးတို့တွင်။ အညတရေန၊ တမျိုးမျိုးနှင့်။ သမန္နာဂတော၊ ပြည့်စုံသောကျောင်းကို။ အနနုရူပေါတိ၊ မသင့်လျော်သောကျောင်းဟု။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ တေ၊ ဤဆိုလတ္တံ့သော သုံးဂါထာကို။ ဝုတ္တမ္ပိ-ဝုတ္တံ ဝေ၊ ဆိုအပ်သည်သာတည်း။

မဟာဝါသံ၊ ကြီးသောကျောင်းလည်းကောင်း။ နဝါဝါသံ၊ ကျောင်းသစ်လည်းကောင်း။ ဇရာဝါသဉ္စ၊ အိုမင်း ဆွေးမြည့်သောကျောင်းလည်း ကောင်း။ ပန္ထနိံ၊ လမ်းမကြီးနှင့်နီးသောကျောင်း လည်းကောင်း။

သောဏ္ဍိ ၊ ကျောက်ရေကန်ရှိသောကျောင်းလည်းကောင်း။ ပဏ္ဏဥ္စ၊ ဟင်းရွက်ခင်းရှိသောကျောင်းလည်းကောင်း။ ပုပ္ဖဥ္စ၊ ပန်းပင်များရှိသော ကျောင်းလည်းကောင်း။ ဖလဥ္စ၊ သစ်သီးပင်များရှိသောကျောင်းလည်း ကောင်း။ ပတ္ထိတမေဝ၊ အလေးအမြတ် ချီးမွမ်းအပ်သောကျောင်း လည်းကောင်း။

နဂရံ၊ မြို့ရွာနီးသောကျောင်းလည်းကောင်း။ ဒါရုနာ၊ သစ်ပင်ဝါးပင် များသောကျောင်းနှင့်။ သဟ၊ တကွ။ (ထည့်)။ ခေတ္တံ၊ လယ်ကွင်းနှင့် စပ်သောကျောင်းလည်းကောင်း။ ဝိသဘာဂေန၊ အချင်းချင်း မသင့်မျှ သောပုဂ္ဂိုလ်တို့၏ နေရာကျောင်းနှင့်။ သဒ္ဓိံ၊ တကွ။ (ထည့်)။ ပဋ္ဋနံ၊ ရေဆိပ် ကုန်းဆိပ် နီးသောကျောင်းလည်းကောင်း။ ပစ္စန္တသီမာသပ္ပါယံ၊ တိုင်းစွန်ပြည်ဖျားဌ ရှိသောကျောင်း, တိုင်း ပြည် နယ် ခြား ဌ ရှိ သော ကျောင်း, မလျော်ကပ်သောကျောင်းလည်းကောင်း။ ယတ္ထ၊ အကြင် ကျောင်း၌။ မိတ္တော၊ မိတ်ဆွေကောင်းကို။ န လဗ္ဘတိ၊ မရ။ တဥ္စ၊ ထို မိတ်ဆွေကောင်းမရှိသောကျောင်းလည်းကောင်း။

ဧတာနိ အဋ္ဌာရသဋ္ဌာနာနိ၊ဤတဆယ့်ရှစ်မျိုးသောကျောင်းဟူသော ဌာနတို့ကို။ ဉတွာ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝိညာယ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိယောဂီသည်။ သပ္ပဋိဘယံ မဂ္ဂံ၊ ဘေးရန်ရှိသောလမ်းကို။ ပရိ· ဝဇ္ဇေယျ ယထာ၊ ရှောင်ကြဉ်ရာသကဲ့သို့။ အာရကာ ပရိဝဇ္ဇေယျ၊ ဝေးစွာရှောင်ကြဉ်ရာ၏။

## အ နု ရူ ပ ဝိ ဟ ာ ရ

## သင့်လျော်သောကျောင်း

၅၃။ ယော ပန၊ အကြင်ကျောင်းသည်ကား။ ဂေါစရဂါမတော၊ ဆွမ်းခံ ရွာမှ။ နာတိဒူရနစ္စာသန္နတာဒီဟိ၊ မနီးလွန်း မဝေးလွန်း အစရှိကုန်သော။ ပဉ္စ- ဟင်္ဂေဟိ၊ အင်္ဂါငါးပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ အယံ၊ ဤကျောင်း သည်။ အနုရူပေါ နာမ၊ သင့်လျော်သောကျောင်းမည်၏။ ဟိ၊ မှန်၏—

"ဘိက္ခဝေ၊ ရဟန်းတို့။ သေနာသနံ၊ ကျောင်းသည်။ ကထဉ္စ၊ အဘယ် သို့လျှင်။ ပဉ္စင်္ဂသမန္နာဂတံ၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသည်။ ဟောတိ၊ ဖြစ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ သေနာ- သနံ၊ ကျောင်းသည်။ နာတိဒူရံ၊ ဆွမ်းခံရွာနှင့် မဝေးလွန်း ။ နာစ္စာ- သန္နံ၊ မနီးလွန်း။ ဂမနာဂမနသမ္ပန္နံ၊ သွားလာရန် သင့်လျော်လျောက်ပတ် ကောင်းမြတ်၏။ ဒိဝါ အပ္ပါကိဏ္ဏံ၊ နေ့အခါ၌လူတို့နှင့်မရောပြွမ်း။ ရတ္တိံ

အပ္ပသဒ္ဒံ၊ ညဉ့်အခါ၌ လူသံတိတ်ဆိတ်၏။ အပ္ပနိဂ္ဃောသံ၊ အုတ်အော်သောင်၊တင်း ဆူညံခြင်းလည်းကင်း၏။ အပ္ပဋံသမကသဝါတာတပသရီ-သပသမ္ဖဿံ၊ မှတ်, ခြင်, လေ, နေပူ, မြွေ, ကင်းတို့၏ ကိုက်ခဲခြင်း, ထိပါးခြင်းအတွေ့မရှိပေ။ ခေါ ပန၊ စင်စစ်။ တသ္မိံ သေနာသနေ၊ ထိုကျောင်း၌။ ဝိဟရန္တဿ၊ နေသောယောဂီရဟန်းအား။ စီဝရပိဏ္ဍပါတ။ပ။ ပရိက္ခာရာ၊ သင်္ကန်း ဆွမ်း ကျောင်းနှင့် သူနာ၏ အထောက်အပံ့ကာကွယ်ရေးဆေးတို့သည်။ အပ္ပကသိရေနေဝ၊မပင်ပန်းရပဲ လွယ်ကူစွာသာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တသ္မိံ ခေါ ပန သေနာသနေ၊ ထိုကျောင်းမျိုး၌။ ဗဟုဿုတာ၊ ပရိယတ်ကျမ်းဂန်များစွာကို ကြားနာသင်ယူပြီး ဖြစ်ကုန်သော။ အာဂတာဂမာ၊ ပရိယတ္တိဓမ္မကိုနှုတ်တက်ရွရွဆောင်ထားကြကုန်သော။ ဓမ္မဓရာ၊ သုတ်အဘိဓမ္မာ တည်းဟူသောဓမ္မကို ဆောင်ကုန်သော။ ဝိနယဓရာ၊ ဝိနည်းကို ဆောင်ကုန်သော။ ထေရာ၊ ခိုင်မြဲသောသီလ စသော ဂုဏ်ထူးရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ ဝိဟရန္တိ၊ သီတင်းသုံးနေထိုင်ကြကုန်၏။ တေ၊ ထိုရဟန်းတော်တို့သည်။ တံ၊ ထိုအရပ်သို့။ (ထည့်)။ ကာလေန ကာလံ ဥပသင်္ကမိတွာ၊ ရံဖန်ရံခါ ချဉ်းကပ်၍။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ ပဒံ၊ ဤပုဒ်သည်။ ကထံ၊ အဘယ်သို့ပါနည်း။ ဣမဿ ဒုတွော၊ ဤပုဒ်၏ အနက်ကား။ ကော၊ အဘယ်ပါနည်း”။ ဣတိ၊ ဤသို့။ ပရိပုစ္ဆတိ၊ ပါဠိပုဒ်ပါဌ်ကို မေးမြန်း၏။ ပရိပဉှတိ၊ အနက်ကို မေးမြန်းစုံစမ်း၏။ တဿ၊ ထိုယောဂီရဟန်းအား။ တေ အာယသ္မန္တော၊ ထိုအရှင်တို့သည်။ အဝိဝဋ-ဉ္စေဝ၊ မဖွင့်ရသေးသော အနက်ကိုလည်း။ ဝိဝရန္တိ၊ ဖွင့်ကြကုန်၏။ အနုတ္တာနီကတဉ္စ၊ ပေါ်လွင်အောင်မပြုရသေးသည်ကိုလည်း။ ဥတ္တာနီကရောန္တိ၊ ပေါ်လွင်အောင် ပြုပေးကုန်၏။ အနေကဝိဟိတေသု၊ များစွာကုန်သော။ ကင်္ခါဌာနိယေသု ဓမ္မေသု စ၊ သံသယဖြစ်ဖွယ်ရာ ခက်ခဲဖုထစ်သော ပါဠိရပ်တို့၌လည်း။ ကင်္ခံ ပဋိဝိနောဒေန္တိ၊ ယုံမှားသံသယကို ပယ်ဖျောက်ပေးကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ သေနာသနံ၊ ကျောင်းသည်။ ပဉ္စင်္ဂသမန္နာဂတံ ဟောတိ။ အင်္ဂါငါးပါးနှင့် ပြည့်စုံ၏” ဣတိ၊ ဤသို့။ တေ၊ ဤစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူ အပ်ပေ၏။

အယံ၊ ဤဆိုခဲ့ပြီးသောစကားသည်။ သမာဓိဘာဝနာယ အနနုရူပံ ဝိဟာရံ ပဟာယ အနုရူပေ ဝိဟာရေ ဝိဟရန္တေနာတိ ဧတ္ထ၊ သမာဓိဘာဝနာယ အနနုရူပံ ဝိဟာရံ ပဟာယ အနုရူပေ ဝိဟာရေ ဝိဟရန္တေန-ဟူသော စကားရပ်၌။ ဝိတ္ထာရော၊ အကျယ်တည်း။

## ခုဒ္ဒကပလိဗောဓ

## ပလိဗောဓအငယ် (ဖြတ်ခြင်း)

၅၄။ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတွာတိ ဧတ္ထ၊ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတွာဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကား။ (ထည့်)။ ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ ပတိရူပေ ဝိဟာရေ၊ သင့်လျော်သောကျောင်း၌။ ဝိဟရန္တေန၊ နေသော ယောဂီရဟန်းသည်။ အဿ၊ ထိုယောဂီရဟန်းသည်။ ဝါ၊ ထိုယောဂီရဟန်းအား။ ယေ ခုဒ္ဒကပလိဗောဓာ၊ အကြွင်းသေးငယ်သော ပလိဗောဓတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေပိ၊ ထိုပလိဗောဓအငယ်တို့ကိုလည်း။ ဥပစ္ဆိန္ဒိ-တဗ္ဗာ၊ ပယ်ဖြတ်အပ်ကုန်၏။ သေယျထိဒံ၊ ထိုပလိဗောဓအငယ်တို့ဟူသည်အဘယ်နည်း။ ဒီဃာနိ ကေသနခလောမာနိ၊ ရှည်သောဆံပင်, ခြေသည်း, လက်သည်း, မုတ်ဆိတ်ကျင်စွယ်တို့ကို။ ဆိန္ဒိတဗ္ဗာ၊ ဖြတ်အပ်ကုန်၏။ ဇိဏ္ဏစီဝရေသု၊ ဆွေးမြည့်သော သင်္ကန်းတို့၌။ ဒဠှီကမ္မံ ဝါ၊ ခိုင်မြဲအောင် ပြုမှုဟူသော ဖာထေးခြင်းကိုလည်းကောင်း။ တုန္နကမ္မံ ဝါ၊ စုတ်ပြတ်ရာ၌ ချုပ်စပ်ခြင်းကိုလည်းကောင်း။ ကာတဗ္ဗံ၊ ပြုအပ်၏။ ကိလိဋ္ဌာနိ ဝါ၊ ဟောင်းနွမ်းသော သင်္ကန်းတို့ကိုလည်း။ ရဇိတဗ္ဗာနိ၊ ဆိုးအပ်ကုန်၏။ သစေ၊ အကယ်၍။ ပတ္တေ၊ သပိတ်၌။ မလံ၊ အညစ်အကြေးသည်။ ဟောတိ၊ ဖြစ်ငြားအံ့။ ပတ္တော၊ သပိတ်ကို။ ပစိတဗ္ဗော၊ မီးထပ်၍ ဖုတ်အပ်၏။ မဉ္စပီဌာဒီနိ၊ ညောင်စောင်း အင်းပျဉ် စသည်တို့ကို။ သောဓေ-တဗ္ဗာနိ၊ သုတ်သင်အပ်ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ အယံ၊ ဤသည်ကား။ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတွာတိ ဧတ္ထ၊ ခုဒ္ဒကပလိဗောဓုပစ္ဆေဒံ ကတွာ ဟူသောစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်တည်း။

## ဘာဝနာဝိဓာန

## ဘာဝနာအစီအရင်

၅၅။ ဣဒါနိ၊ ယခုအခါ၌။ သဗ္ဗံ။ ပ။ ဘာဝေတဗ္ဗောတိ ဧတ္ထ၊ သဗ္ဗံ။ ပ။ ဘာဝေတဗ္ဗော ဟူသော စကားရပ်၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ပထဝီ-ကသိဏံ အာဒိံ ကတွာ၊ ပထဝီကသိုဏ်းကို အစပြု၍။ သဗ္ဗကမ္မဋ္ဌာနဝသေန၊ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၏အစွမ်းအားဖြင့်။ ဝိတ္ထာရကထာ၊ အကျယ်ပြသော စကားသည်။ ဟောတိ၊ ဖြစ်၏။ (၁၂၀) ဝေ၊ ဤဆိုခဲ့သည့်အတိုင်း။ ဥပစ္ဆိန္န-ခုဒ္ဒကပလိဗောဓေန ဘိက္ခုနာ၊ ပလိဗောဓအငယ်ကိုဖြတ်ပြီးသော ယောဂီရဟန်းသည်။ ပစ္ဆာဘတ္တံ၊ ဆွမ်းဘုဉ်းပေးပြီးနောက်။ ပိဏ္ဍပါတပဋိက္ကန္တေန၊ ဆွမ်းဘုဉ်းပေးရာမှ ပြန်လာခဲ့၍။ ဘတ္တသမ္မဒံ ပဋိဝိနောဒေတွာ၊ ဆွမ်းဆီယစ်ခြင်းကို ပယ်ဖျောက်ပြီးလျှင်။ ပဝိဝိတ္တေ ဩကာသေ၊ လူသူတိတ်ဆိတ်သော အရပ်၌။ သုခ-

သန္နိသိန္နေန၊ ချမ်းသာစွာထိုင်လျက်။ ကတာယ ဝါ ပထဝိယာ၊ ပြုပြင် စီရင်ထားပြီးသော မြေ၌သော်လည်းကောင်း။ ဝါ၊ မြေ၌ဖြစ်စေ။ အကတာယ ဝါ ပထဝိယာ၊ ပြုပြင်စီရင်ခြင်း မရှိသေးသော ပကတိမြေ၌ သော်လည်းကောင်း။ ဝါ၊ ပကတိမြေ၌ဖြစ်စေ။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ (ယူသင့်၏)။ ဟိ၊ မှန်၏—

ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ ဥဂ္ဂဏှန္တော၊ ဥဂ္ဂဟနိမိတ်ယူသော ယောဂီသည်။ ပထဝိယံ၊ မြေအထူး၌။ နိမိတ္တံ၊ နိမိတ်ကို။ ဂဏှာတိ၊ ယူ၏။ ကတေ ဝါ၊ ပြုပြင်စီရင်ထားသည့် မူလည်းဖြစ်သော။ အကတေ ဝါ၊ ပြုပြင်စီရင်ခြင်းမရှိ ပကတိအတိုင်းမူလည်းဖြစ်သော။ သန္တကေ ဝါ၊ အပိုင်းအခြား ရှိသည်မူလည်းဖြစ်သော။ နော အနန္တကေ ဝါ၊ အပိုင်းအခြားမရှိ မဟုတ်သော။ သကောဋိယေ၊ အစွန်းအနားရှိသည်သာ ဖြစ်သော။ နော အကောဋိယေ၊ အစွန်းအနားမရှိ မဟုတ်သော။ ဝဋုမေ၊ အဝန်းရှိသည်သာဖြစ်၍။ နော အဝဋုမေ၊ အဝန်းမရှိမဟုတ်သော။ သပရိယန္တေ၊ အဆုံးရှိသည်သာဖြစ်၍။ နော အပရိယန္တေ၊ အဆုံးမရှိမဟုတ်သော။ သုပ္ပမတ္တေ ဝါ၊ စကောငယ်ပမာရှိသည်မူလည်း ဖြစ်သော။ သရာဝမတ္တေ ဝါ၊ အိုး စရည်းဖုံးစလောင်း ပမာဏရှိသည်မူ လည်းဖြစ်သော။ ပထဝိယံ၊ မြေအထူး၌။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ဂဏှာတိ၊ ယူ၏။ (ပြန်စပ်။) သော၊ ထိုယောဂီရဟန်းသည်။ တံ နိမိတ္တံ၊ ထိုဥဂ္ဂဟနိမိတ်ကို။ သုဂ္ဂဟိတံ ကရောတိ၊ ကောင်းစွာယူ၏။ သူပဓာရိတံ၊ ထပ်တလဲလဲ သတိစွဲအောင်။ ဥပဓာရေတိ၊ မြဲစွာမှတ်သား၏။ သုဝဝတ္ထိတံ၊ ကောင်းစွာဆင်ခြင် စဉ်းစားနှလုံး၌ ထားသည်ကို။ ကတွာ၊ ပြု၍။ (ထည့်)။ ဝဝတ္ထပေတိ၊ ဆင်ခြင်စဉ်းစား နှလုံး၌ထား၏။ သော၊ ထိုယောဂီသည်။ တံ၊ ထိုကသိုဏ်းဝန်းကို။ သုဂ္ဂဟိတံ၊ ကောင်းစွာယူအပ်သော။ နိမိတ္တံ၊ နိမိတ်ကို။ ကတွာ၊ ပြု၍။ သူပဓာရိတံ၊ ကောင်းစွာမှတ်သည်ကို။ ဥပဓာရေတွာ၊ မြဲစွာမှတ်၍။ သုဝဝတ္ထိတံ၊ ကောင်းစွာ ဆင်ခြင်စဉ်းစား နှလုံးထားသည်ကို။ ဝဝတ္ထပေတွာ၊ ဆင်ခြင်စဉ်းစား နှလုံး၌ထား၍။ ဣမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ ဇရာမရဏမှာ၊ အိုခြင်းသေခြင်းမှ။ အဒ္ဓါ မုစ္စိဿာမိတိ၊ မုချလွတ်ရပေလိမ့်မည်ဟု။ အာနိသံသဒဿာဝီ၊ အကျိုးဆက်ကို မြော်မြင်လျက်။ ရတနသညီ ဟုတွာ။ ရတနာမြတ်ဟု အမှတ်ပြုကာ။ စိတ္တီကာရံ ဥပဋ္ဌပေတွာ၊ လေးစားသောစိတ်ကို ဖြစ်စေ၍။ သမ္ပိယာယမာနော။ ကောင်းစွာမြတ်နိုးလျက်။ တသ္မိံ အာရမ္မဏေ၊ ထိုဥဂ္ဂဟနိမိတ်အာရုံ၌သာလျှင်။ စိတ္တံ၊ စိတ်ကို။ ဥပနိဗန္ဓတိ၊ ဖွဲ့ချည်၏။

သော၊ ထိုယောဂီသည်။ ကာမေဟိ၊ ကာမဂုဏ်တို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ပ။ပဥ္စမဇ္ဈာနံ၊ ပထမစျာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

တတ္ထ၊ ထိုအထက်ပါ အဋ္ဌကထာစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကား။ ယေန၊ အကြင်ယောဂီသည်။ အတီတဘဝေပိ၊ အတိတ်ဘဝ၌လည်း။ သာသနေ ဝါ၊ မြတ်စွာဘုရား သာသနာတော်၌ သော်လည်းကောင်း။ ဣသိပဗ္ဗဇ္ဇာယ ဝါ၊ ရသေ့ရဟန်း အဖြစ်၌သော်လည်းကောင်း။ ပဗ္ဗဇိတ္ဝာ၊ ရဟန်းပြု၍။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်း၌။ စတုက္ကပဉ္စကဇ္ဈာနာနိ၊ စတုက္ကစျာန် ပဉ္စကစျာန်တို့ကို။ နိဗ္ဗတ္တိတပုဗ္ဗာနိ၊ ဖြစ်စေဖူးကုန်၏။ ဧဝရူပဿ၊ ဤသို့သဘောရှိသော။ ပုညဝတော၊ ဘာဝနာတည်းဟူသော ကောင်းမှုရှိသော။ ဥပနိဿယသမ္ပန္နဿ၊ အားကြီးသောအကြောင်း အထောက်အပံ့နှင့် ပြည့်စုံသော ယောဂီအား။ အကတာယ၊ ပြုပြင်စီရင်ခြင်း မရှိသော။ ပထဝိယာ၊ ပကတိမြေပြင်ငယ်။ ကသိဏမဏ္ဍလေ ဝါ၊ ထွန်ထားရာ အရပ်၌လည်းကောင်း။ ခလမဏ္ဍလေ ဝါ၊ ကောက်နယ် တလင်းဝန်း၌လည်းကောင်း။ မလ္လကတ္ထေရဿ၊ မလ္လကမထေရ်အား။ဥပ္ပဇ္ဇတိ ဝိယ၊ ဖြစ်ပေါ်လာသကဲ့သို့။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်လာ၏။ တဿ အာယသ္မတော၊ ထိုမလ္လကအရှင်အား။ ကသိဏဋ္ဌာနံ ဩလောကေန္တဿ၊ ထွန် ထားသောအရပ်ကို ကြည့်စဉ်။ တံ ဌာနပ္ပမာဏမေဝ၊ ထိုထွန်ထားရာ အတိုင်းအရှည်ရှိသည်သာလျှင် ဖြစ်သော။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဥဒပါဒိ ကိရ၊ ထင်ရှားဖြစ်ပေါ်လာသတတ်။ သော၊ ထိုမလ္လကမထေရ်သည်။ တံ နိမိတ္တံ ဝဍ္ဎေတွာ၊ ထိုနိမိတ်ကို ပွားစေပြီးလျှင်။ ပဉ္စကဇ္ဈာနာနိ၊ ပဉ္စကစျာန်တို့ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဈာနပဒဋ္ဌာနံ၊ ဈာန်ကို အခြေပြုသော။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်လေ၏။

ပန၊ အဖို့တပါးကား။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ယော၊ အကြင်ယောဂီသည်။ အကတာဘိနိဟာရော၊ ပြုဖူးသော အလေ့အလာ မရှိသည်။ ဝါ၊ လွန်ကဲသော ကောင်းမှုကို မပြုဘူးသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထိုယောဂီရဟန်းသည်။ အာစရိယသန္တိကေ၊ ဆရာ၏အထံ၌။ ဥဂ္ဂဟိတ ကမ္မဋ္ဌာနဝိဓာနံ၊ သင်ယူခဲ့သော ကမ္မဋ္ဌာန်းအစီအရင်ကို။ အဝိရာဓေတွာ၊ မချွတ်ယွင်းစေပဲ၊ စတ္တာရော ကသိဏဒေါသေ၊ ကသိုဏ်း၏ အပြစ်လေးပါးတို့ကို။ ပရိဟရန္တေန၊ ရှောင်သဖြင့်။ ဝါ၊ ရှောင်လျက်။ ကသိဏံ၊ ကသိုဏ်းဝန်းကို။ ကာတဗ္ဗံ၊ ပြုလုပ်အပ်၏။ ပထဝီကသိဏဒေါသာ၊ ပထဝီကသိုဏ်း၏ အပြစ်တို့သည်။ နီလပီတလောဟိတဩဒါတသမ္ဘေဒဝသေန၊ အညို အဝါ အနီ အဖြူအရောင်ရှိသော မြေတို့နှင့်

ရောသော အားဖြင့်။ စတ္တာရော၊ လေးပါးရှိကုန်၏။ တသ္မာ၊ထို့ကြောင့်။ နီလာဒိဝဏ္ဏံ၊ အညိုရောင် စသည်အဆင်းရှိသော။ မတ္တိကံ အဂ္ဂဟေတွာ၊ မြေကို မယူမူ၍။ ဂင်္ဂါဝဟေ၊ ဂင်္ဂါမြစ်ရေ အလျဉ်ဖြင့် တိုက်စား ထားရာ ကမ်းပါးအရပ်၌။ မတ္တိကာသဒိသာယ၊ မြေနှင့် တူသော။ အရုဏဝဏ္ဏာယ၊ အရုဏ် အဆင်းရှိသော။ မတ္တိကာယ၊ မြေညက်ဖြင့်။ ကသိဏံ၊ ကသိုဏ်းဝန်းကို။ ကာတဗ္ဗံ၊ ပြုလုပ်အပ်၏။ တဉ္စ ခေါ၊ ထိုကသိုဏ်းဝန်းကိုလည်း။ ဝိဟာရမဇ္ဈေ၊ ကျောင်းတိုက်အလယ်၌။ သာမဏေရာဒီနံ၊ သာမဏေ စသည်တို့၏။ သဉ္စရဏ-ဋ္ဌာနေ၊ သွားလာရာအရပ်၌။ န ကာတဗ္ဗံ၊ မပြုလုပ်သင့်ပေ။ ဝိဟာရပစ္စန္တေ ပန၊ ကျောင်းတိုက် အစွန်၌ကား။ ပဋိစ္ဆန္နဋ္ဌာနေ၊ ဖုံးကွယ်လျှို့ဝှက်ရာအရပ်ဖြစ်သော။ ပဗ္ဘာရေ ဝါ၊ တောင်ဝှမ်း၌သော်လည်းကောင်း။ ပဏ္ဏသာလာယ ဝါ၊သစ်ရွက်မိုး ကျောင်း၌သော်လည်းကောင်း။ သံဟာရိမံ ဝါ၊ရွေ့ပြောင်း၍ ရစကောင်းသော ကသိုဏ်းဝန်းကိုသော်လည်းကောင်း။ တတြဋ္ဌကံ ဝါ၊ ထိုအရပ်၌ အမြဲတည်သော ကသိုဏ်းဝန်းကိုသော်လည်းကောင်း။ ကာတဗ္ဗံ၊ ပြုလုပ်အပ်၏။ တတြ၊ ထို ကသိုဏ်းဝန်းနှစ်မျိုးတို့တွင်။သံဟာရိမံ၊ ပြောင်းရွှေ့၍ရစကောင်းသော ကသိုဏ်း ဝန်းကို။ စတူသု ဒဏ္ဍကေသု၊တုတ်တံလေးချောင်းတို့၌။(၁၂၁) ပိလောတိကံ ဝါ၊ အဝတ်နွမ်းစကိုလည်းကောင်း။ ဝါ၊ အဝတ်နွမ်းစကို ဖြစ်စေ။ စမ္မံ ဝါ၊ သားရေ ကိုသည်းကောင်း။ ဝါ၊ သားရေကို ဖြစ်စေ။ ကဋသာရကံ ဝါ၊ သပေါ့ဖျာကို လည်းကောင်း။ ဝါ၊ သပေါ့ဖျာကို ဖြစ်စေ။ ဗန္ဓိတွာ၊ ချည်နှောင်ပြီးလျှင်။ တတ္ထ၊ ထိုအဝတ်နွမ်းစစသည်၌။ အပနီတတိဏမူလသက္ခရကထလိကာယ၊မြက်,သစ်မြစ်, ကျောက်စရစ် အိုးခြမ်းတို့ကို ရွေးကောက်ဖယ်ထားပြီးသော်။ သုမဒ္ဒိတာယ၊ ကောင်းစွာ နယ်ထားပြီး သော၊ မတ္တိကာယ၊ မြေညက်ဖြင့်။ ဝုတ္တပမာဏံ၊ ဆိုအပ်ပြီးသော စကောငယ်, စလောင်းဖုံးကြီးပမာဏရှိသော။ ဝဋ္ဋံ၊ အဝန်း အဝိုင်းကို။ လိမ္ပေတွာ၊ လိမ်းကျံ၍။ ကာတဗ္ဗံ၊ ပြုအပ်၏။ တံ၊ ထို ရွှေ့ပြောင်း၍ ရစကောင်းသော ကသိုဏ်းဝန်းကို။ ပရိကမ္မကာလေ၊ ငတင်၍ ရှုသောအခါ၌။ ဘူမိယံ၊ မြေ၌။ အတ္ထရိတွာ၊ဖြန့်၍။ ဩလောကေတဗ္ဗံ၊ ကြည့်ရှုအပ်၏။ တတြဋ္ဌကံ၊ ထိုအရပ်၌ အမြဲတည်သော ကသိုဏ်းဝန်းကိုမူကား။ ဘူမိယံ၊ မြေပြင်၌။ ပဒုမကဏ္ဏိကာကာရေန၊ ပဒုမ္မာကြာချပ်သဏ္ဍာန်ဖြင့်။ ခါဏုကေ၊ သစ်ငုတ်တို့ကို။အာကောဋေတွာ၊ စိုက်ပြီးလျှင်။ ဝလ္လီဟိ၊ နွယ်တို့ဖြင့်။ ဝိနန္ဓိတွာ၊ ဖွဲ့သိုက်ချည်နှောင်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။ ယဒိ၊ အကယ်၍။ သာ မတ္တိကာ၊ ထိုအရုဏ်ရောင်မြေညက်သည်။ နပ္ပဟောတိ၊ မလောက်ငြားအံ့။ အဓော၊ အောက်၌။ အညံ ပက္ခိပိတွာ၊ အခြားမြေကို ထည့်၍။ ဥပရိဘာဂေ၊ အထက် အဖို့၌။ သုပရိသောဓိတာယ၊ ကောင်းစွာသုတ်သင်ထားအပ်သော။ အရုဏ-ဝဏ္ဏာယ မတ္တိကာယ၊ အရုဏ်ရောင်မြေညက်ဖြင့်။ ဝိဒတ္ထိစတုရင်္ဂုလဝိတ္ထာရံ၊ အချင်းတထွာနှင့် လက်လေးသစ်ရှိသော။ ဝဋ္ဋံ၊ မြေအဝန်းအဝိုင်းကို။ ကာတဗ္ဗံ၊

ပြုအပ်၏။ ဟိ၊ မှန်၏။ ဧတဒေဝ ပမာဏံ သန္ဓာယ၊ ထိုအတိုင်းအရှည်ကိုပင် ရည်၍။ သုပ္ပမတ္တံ ဝါ သရာဝမတ္တံ ဝါတိ၊ စကောငယ်ပမာဏရှိသည်မူလည်း ဖြစ်သော အိုးစရည်းဖုံး (စလောင်းကြီး) ပမာဏရှိသည်မူလည်းဖြစ်သောဟု။ ဝုတ္တံ၊ ဆိုအပ်၏။ သာန္တကေ နော အနန္တကေတိအာဒိ၊ အပိုင်းအခြားရှိသည်သာ ဖြစ်၍ အပိုင်းအခြား မရှိမဟုတ်သော ဤသို့ အစရှိသော စကားကို။ အဿ၊ ထိုကသိုဏ်းဝန်း၏။ ပရိစ္ဆေဒတ္ထာယ၊ အပိုင်းအခြားအလို့ငှာ။ ဝုတ္တံ၊ ဆိုအပ်၏။

၅၆။ တသ္မာ၊ ထိုသို့ အပိုင်းအခြားအလို့ငှာ ဆိုအပ်သောကြောင့်။ ဧဝံ၊ ဤသို့။ ဝုတ္တပမာဏပရိစ္ဆေဒံ ကတွာ၊ ဆိုအပ်ခဲ့ပြီးသော အချင်းတထွာနှင့် လက်လေးသစ်ပမာဏကို အပိုင်းအခြားပြု၍။ ရုက္ခပါဏိကာ၊ စန္ဒကူး စသော သစ်လက်ဝါးသည်။ ဝိသဘာဂဝဏ္ဏံ၊ အရောင်အဆင်းနှင့် သဘောမတူသော အဆင်းမျိုးကို။ သမုဋ္ဌာပေတိ၊ ဖြစ်ပေါ်စေ၏။ တသ္မာ၊ ထို့ကြောင့်။ တံ အဂ္ဂဟေတွာ၊ ထိုစန္ဒကူး စသော သစ်သားလက်ကို မယူမူ၍။ ပါသာဏပါဏိ-ကာယ၊ ကျောက်လက်ဖြင့်။ ဃံသေတွာ၊ ပွတ်တိုက်၍။ သမံ၊ ညီညာသော။ ဘေရိတလသဒိသံ ကတွာ၊ စည်အပြင်နှင့် တူအောင်ပြု၍။ တံ ဌာနံ၊ ထိုကသိုဏ်းဝန်းထားရာအရပ်ကို။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ နှာတွာ၊ ရေချိုးပေးကာ။ အာဂန္တွာ၊ ပြန်လာပြီးလျှင်။ ကသိဏမဏ္ဍလတော၊ ကသိုဏ်းဝန်းမှ။ အဍ္ဎတေယျ-ဟတ္ထန္တရေ ပဒေသေ၊ နှစ်တောင်ထွာအတွင်း ဖြစ်သောအရပ်၌။ ပညတ္တေ၊ ခင်းထားအပ်သော။ ဝိဒတ္ထိစတုရင်္ဂုလပါဒကေ၊ တထွာနှင့်လက်လေးသစ် အခြေရှိသော။ သုအတ္ထတေ၊ ညီညီညာညာ ခင်းထားအပ်သော။ ပီဌေ၊ အင်းပျဉ်၌။ နိသီဒိတဗ္ဗံ၊ ထိုင်အပ်၏။ ဧတော ဒူရတရေ၊ ထိုနှစ်တောင်ထွာထက် ဝေးသော အရပ်၌။ နိသိန္နဿ၊ ထိုင်နေသော ယောဂီအား ။ ကသိဏံ၊ ကသိုဏ်းဝန်းသည်။ န ဥပဋ္ဌာတိ၊ မထင်ပေ။ တတော အာသန္နတရေ၊ (ဧတော လိုက်ပါ)။ ထိုနှစ်တောင်ထွာထက်နီးသော အရပ်၌။ နိသန္နဿ၊ ထိုင်နေသော ယောဂီအား။ (နိသိန္နဿလိုက်)။ ကသိဏဒေါသာ၊ ကသိုဏ်း၏ အပြစ်တို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။ ဥစ္စတရေ၊ ထိုတထွာနှင့် လက်လေးသစ်အခြေရှိသော အင်းပျဉ်ထက်မြင့်သော အင်းပျဉ်၌။ နိသိန္နေန၊ ထိုင်နေသော ယောဂီသည်။ ဂီဝံ ဩနမိတွာ၊ လည်ကို အောက်သို့ညွှတ်၍။ ဩလောကေတဗ္ဗံ၊ ကြည့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ နီစတရေ၊ ထိုပမာဏအောက်နိမ့်သော အင်းပျဉ်၌။ နိသိန္နဿ၊ ထိုင်နေသော ယောဂီအား။ (လိုက်)။ ဇဏ္ဏုကာနိ၊ ဒူးဆစ်တို့သည်။ ရုဇန္တိ၊ နာကျင်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်ပင်။ နိသီဒိတွာ၊ ထိုင်၍။ ဝါ၊ ထိုင်ပြီးလျှင်။ "ကာမာ၊ ကာမဂုဏ်တို့သည်။ အပ္ပဿာဒါ၊ သာယာဖွယ် မရှိကုန်" ဣတိ အာဒိနာ နယေန၊ ဤသို့ အစရှိသော နည်းဖြင့်။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝံ ပစ္စဝေက္ခိတွာ၊ အပြစ်ကို

ဆင်ခြင်၍။ ကာမနိဿရဏော၊ ကာမဂုဏ်တို့မှ ထွက်မြောက်ကြောင်း ဖြစ်သော။
သဗ္ဗဒုက္ခသမတိက္ကမုပါယဘူတော၊ ဒုက္ခအလုံးစုံမှ လွန်မြောက်ခြင်း၏ အကြောင်း
လည်းဖြစ်သော။ နေက္ခမ္မေ၊ ချာန်၌။ ဇာတာဘိလာသေန၊ အလိုဆန္ဒကို ဖြစ်
ပေါ်စေလျက်။ဗုဒ္ဓဓမ္မသံဃဂုဏာနုဿရဏေန၊ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်
တို့ကို အဖန်တလဲလဲ အောက်မေ့ခြင်းဖြင့်။ ပီတိပါမောဇ္ဇံ ဇနယိတွာ၊ နှစ်သက်
ဝမ်းမြောက်ခြင်းကို ဖြစ်စေ၍။ "ဣဒါနိ၊ ယခု။ အယံ သာ နေက္ခမ္မပဋိပဒါ၊
ငါကျင့်မည့် ဤအကျင့်သည်။ သဗ္ဗဗုဒ္ဓပစ္စေကဗုဒ္ဓအရိယသာဝကေဟိ၊ အလုံးစုံ
သော ဘုရားပစ္စေကဗုဒ္ဓါနှင့် အရိယာသာဝကတို့သည်။ ပဋိပန္နာ၊ ကျင့်အပ်
သော။ နေက္ခမ္မပဋိပဒါ ဣတိ၊ ဥပစာရနှင့်တကွသော ချာန် ဝိပဿနာ မဂ် နိဗ္ဗာန်
ဟူသော နေက္ခမ္မသို့ ရောက်ကြောင်း အကျင့်တည်းဟု။ ပဋိပတ္တိယာ၊ အကျင့်၌။
သဉ္ဇာတဂါရဝေန၊ ရိုသေလေးစားခြင်းကို ဖြစ်စေလျက်။ ပဝိဝေကသုခရသဿ၊
ဝိဝေကကြောင့်ဖြစ်သော ချမ်းသာသုခဟူသော အရသာ၏။ ဘာဂီ၊ အဖို့သည်။
အဒ္ဓါ၊ မချွတ်ကေန်။ ဣမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ ဘဝိဿာမိ၊ ဖြစ်လတ္တံ့။
ဣတိ၊ ဤသို့။ ဉဿာဟံ ဇနယိတွာ၊ တက်ကြွသော လုံ့လကို ဖြစ်စေပြီးလျှင်။
သမေန အာကာရေန၊ ညီမျှသောအခြင်းအရာဖြင့်။ စက္ခူနိ ဥမ္မီလေတွာ၊ မျက်စိ
တို့ကို ဖွင့်၍။ နိမိတ္တံ၊ နိမိတ်ကို။ ဂဏှန္တေန၊ ယူလျက်။ (နိမိတ္တံ ဂဏှန္တေန၊
နိမိတ်ကို ယူလျက်။) ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။

ဟိ၊ မှန်၏။ အတိဥမ္မီလယတော၊ မျက်စိဖွင့်လွန်းသော ယောဂီအား။ စက္ခု၊
မျက်စိသည်။ ကိလမတိ၊ ပင်ပန်း၏။ မဏ္ဍလဉ္စ၊ ကသိုဏ်းဝန်းသည်လည်း။
အတိဝိဘူတံ၊ အလွန် ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။
အဿ၊ ထိုယောဂီအား။ နိမိတ္တံ၊ နိမိတ်သည်။ န ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်မလာပေ။
အတိမန္ဒံ ဥမ္မီလယတော၊ အလွန် မှေးမှေးဖွင့်သော ယောဂီအား။ မဏ္ဍလံ၊
ကသိုဏ်းဝန်းသည်။ အဝိဘူတံ ဟောတိ၊ မထင်ရှားပေ။ စိတ္တဉ္စ၊ စိတ်သည်လည်း။
လီနံ ဟောတိ၊ တွန့်ဆုတ်၏။ ဧဝမ္ပိ၊ ဤသို့ကြည့်လျှင်လည်း။ နိမိတ္တံ၊ နိမိတ်သည်။
န ဥပ္ပဇ္ဇတိ၊ မဖြစ်ပေါ်တတ်ပေ။ တသ္မာ၊ ထို့ကြောင့်။ အာဒါသတလေ၊
ကြေးမုံပြင်၌။ မုခနိမိတ္တဒဿနာ ဝိယ၊ မျက်နှာရိပ်ကို ကြည့်သော သူကဲ့သို့။
သမေနာကာရေန၊ ညီမျှသောအခြင်းအရာအားဖြင့်။ စက္ခူနိ ဥမ္မီလေတွာ၊ မျက်စိ
တို့ကို ဖွင့်၍။ နိမိတ္တံ ဂဏှန္တေန၊ နိမိတ်ကို ယူလျက်။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။
ဝဏ္ဏော၊ အဆင်းကို။ န ပစ္စဝေက္ခိတဗ္ဗော၊ မဆင်ခြင်အပ်ပေ။ အပိ စ၊ စင်စစ်
သော်ကား။ (၁၂) ဝဏ္ဏံ အမုဉ္စိတွာ၊ အဆင်းကို မလွှတ်မူ၍။ နိဿယံ သဝဏ္ဏံ
ကတွာ၊ မှီရာပထဝီနှင့် တူသော အခြင်းအရာရှိသည်ကိုပြု၍။ ဉဿဒဝသေန၊
ပထဝီဓာတ်၏သတ္တိ လွန်ကဲသောအားဖြင့်။ ပဏ္ဏတ္တိဓမ္မေ၊ ပထဝီဟူသောဝေါဟာရ
ပညတ်၌။ စိတ္တံ ပဋ္ဌပေတွာ၊ စိတ်ကို ထား၍။ မနသိကာတဗ္ဗံ၊ နှလုံးသွင်း

အပ်၏။ ပထဝီ၊ မြေ။ မဟီ၊ မြေ။ မေဒနီ၊ မြေ။ ဝသုဓာ၊ မြေ။ ဝသုန္ဓရာ၊ မြေ။ ဣတိ အာဒီသု၊ ဤသို့အစရှိကုန်သော။ ပထဝီနာမေသု၊ မြေ၏အမည်တို့တွင်။ ယံ၊ အကြင်အမည်ကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ (ထည့်)။ ဣစ္ဆတိ၊ အလိုရှိ၏။ တထာပိ၊ ထိုသို့အလိုရှိ၍ ဆိုသင့်သော်လည်း။ ယံ နာမံ၊ အကြင်အမည်သည်။ အဿ၊ ထို ယောဂီအား။ သညာနုကူလံ၊ ရှေးကမှတ်ယူဖူးသော အမှတ်သညာ၏ အစွမ်း အားဖြင့် လျော်လည်း လျော်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုလျော်သော အမည်ကို။ ဝတ္တဗ္ဗံ၊ ရွတ်ဆိုအပ်၏။ အပိ စ၊ စင်စစ် အသင့်လျော်ဆုံးမှာမူကား။ ပထဝီတိဒေဝ နာမံ၊ ပထဝီဟူသော ဤအမည်သည်သာလျှင်။ ပါကဋံ၊ ထင်ရှား၏။ တသ္မာ၊ ထို့ကြောင့်။ ပါကဋဝသေနေဝ၊ ထင်ရှားသော အမည်၏အစွမ်း အားဖြင့် သာလျှင်။ ပထဝီ ပထဝီတိ၊ မြေ-မြေဟူ၍။ ဘာဝေတဗ္ဗံ၊ ပွားစေ အပ်၏။ ကာလေန၊ ရံခါ။ ဥမ္မီလေတွာ၊ မျက်စိဖွင့်၍။ ကာလေန နိမ္မီလေတွာ၊ ရံခါ မျက်စိကို မှိတ်၍။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်နှလုံးသွင်းအပ်၏။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ယာဝ နုပ္ပဇ္ဇတိ၊ အကြင်မျှလောက် မဖြစ်သေး။ တာဝ၊ ထို မျှလောက်။ ကာလသတမ္ပိ၊ အကြိမ်တရာသော်လည်းကောင်း။ ကာလသဟ-ဿမ္ပိ၊ အကြိမ်တထောင်သော်လည်းကောင်း။ တတော ဘိယျောပိ၊ ထို့ထက် ပိုလွန်၍ သော်လည်းကောင်း။ ဧတေနေဝ နယေန၊ ဤဆိုခဲ့ပြီးသော နည်းဖြင့် သာလျှင်။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။

၅၇။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဘာဝယတော၊ တိုးပွားစေသော။ တဿ၊ ထိုယောဂီရဟန်းအား။ ယဒါ၊ အကြင်အခါ၌။ နိမ္မီလေတွာ၊ မျက်စိမှိတ်၍။ အာဝဇ္ဇန္တဿ၊ ဆင်ခြင်စဉ်။ ဥမ္မီလိတကာလေ ဝိယ၊ မျက်စိဖွင့်၍ ဆင်ခြင်သော အခါ၌ကဲ့သို့ပင်။ အာပါထံ အာဂစ္ဆတိ၊ စိတ်၌ ပထဝီကသိုဏ်းဝန်းထင်ပေါ် လာ၏။ တဒါ၊ ထိုအခါ၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဇာတံ နာမ ဟောတိ၊ ဖြစ်သည်မည်၏။ တဿ၊ ထိုဥဂ္ဂဟနိမိတ်၏။ ဇာတကာလတော ပဘုတိ၊ ဖြစ်ပေါ်လာသောအခါမှစ၍။ တသ္မိံ ဌာနေ၊ ထိုကသိုဏ်းရှိရာ အရပ်၌။ န နိသီဒိတဗ္ဗံ၊ မနေသင့်တော့ပေ။ အတ္တနော ဝသနဋ္ဌာနံ၊ မိမိနေရာ ကျောင်းခန်းသို့။ ပဝိသိတွာ၊ ဝင်၍။ တတ္ထ၊ ထိုကျောင်းခန်း၌။ နိသိန္နေန၊ ထိုင်လျက်။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ပါဒဓောဝနပပဉ္စပရိဟာရတ္ထံ၊ ခြေဆေးခြင်းကိစ္စ အဘွက် အချိန်ဖြုန်းခြင်းကို ရှောင်လွှဲရန် အလို့ငှာ။ အဿ၊ ထိုယောဂီသည်။ ဧကပဋလိကုပါဟနာ စ၊ လွှာခြင်းဖိနပ်ကိုလည်းကောင်း။ ကတ္တရဒဏ္ဍော စ၊ တောင်ဝှေးကိုလည်းကောင်း။ ပရိဿယ ဝိနောဒနတ္ထံ၊ ဘေးရန်ကာကွယ်တားဆီး ရန်အလို့ငှာ၊ (ထည့်)။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။ သစေ၊ အကယ်၍။ တရုဏော သမာဓိ၊ နုသေးသော သမာဓိသည်။ ကေနစိဒေဝ အသပ္ပါယ-ကာရဏေန၊ မလျော်ပတ်သောအကြောင်းတစုံတရာကြောင့်။ နဿတိ၊ ပျက်သွားလျှင်။ အထ၊ ထိုသို့ပျက်ခဲ့သည်ရှိသော်။ အနေန၊ ဤယောဂီသည်။

ဥပါဟနာ အာရုယှ၊ဖိနပ်စီးလျက်။ ကတ္တရဒဏ္ဍံ ဂဟေတွာ၊ တောင်ဝှေးကိုင်ယူကာ။ တံ ဌာနံ၊ ထိုကသိုဏ်းဝန်းပုံရှိရာအရပ်သို့။ ဂန္တွာ၊ သွား၍။ နိမိတ္တံ အာဒါယ၊ နိမိတ်ကို ယူပြီးလျှင်။ အာဂန္တွာ၊ ပြန်လာ၍။ သုခနိသိန္နေန၊ ချမ်းသာစွာထိုင်လျက်။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ပုနပ္ပုနံ၊ အကြိမ်ကြိမ်အဖန်ဖန်။ သမန္နာဟရိတဗ္ဗံ၊ နိမိတ်ကို အကြိမ်ကြိမ် နှလုံးသွင်းအပ်၏။ တက္ကာဟတံ၊ သမ္မာသင်္ကပ္ပဟူသော ကြံစည်မှုဖြင့် ရှေးရှုခေါက်အပ် ထက်ဝန်းကျင်မှ ခေါက်အပ်သည်ကို။ ဝိတက္ကာဟတံ၊ အထူးကြံစည်မှုဖြင့် ရှေးရှုခေါက်အပ် ထက်ဝန်းကျင်မှ ခေါက်အပ်သည်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဧဝံ ကရောန္တဿ၊ ဤအတိုင်း ပြုလုပ်သော။ တဿ၊ ထိုယောဂီအား။ အနုက္ကမေန၊ ဘာဝနာအစဉ်အားဖြင့်။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘန္တိ၊ ကွာကုန်၏။ ကိလေသာ၊ ကိလေသာတို့သည်။ သန္နိသီဒန္တိ၊ ငြိမ်ဝပ်ကုန်၏။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိသည်။ စိတ္တံ၊ စိတ်ကို။ သမာဓိယတိ၊ ကောင်းစွာ ထားအပ်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

တတြ၊ ထိုဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ်နှစ်ပါးတို့တွင်။ ဒ ယံ၊ ဤဆိုလတ္တံ့သည်ကား။ ပုရိမဿ ဥဂ္ဂနိမိတ္တဿ စ၊ ရှေးဖြစ်သော ဥဂ္ဂဟနိမိတ်၏လည်းကောင်း။ ဣမဿ စ၊ ဤပဋိဘာဂနိမိတ်၏သည်းကောင်း။ ဝိသေသော၊ ထူးခြားချက်ပေတည်း။ ဥဂ္ဂဟနိမိတ္တေ၊ ဥဂ္ဂဟနိမိတ်၌။ ကသိဏဒေါသော၊ ကသိုဏ်း၏လက်ချောင်းရာ လက်ဖနှောင့်ရာ လက်ဖဝါးရာ စသော အပြစ်သည်။ ပညာယတိ၊ ထင်ရှား၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ထဝိကတော၊ အိတ်မှ။ နီဟာဘာဒါသမဏ္ဍလံ ဝိယ စ၊ ထုတ်အပ်သော ကြေးမုံဝိုင်းကဲ့သို့လည်းကောင်း။ သုဓောတသင်္ခထာလံ ဝိယ စ၊ ကောင်းစွာဆေးကြော ပွတ်တိုက်အပ်ပြီးသော ခရုသင်းခွက်ကဲ့သို့ လည်းကောင်း။ ဝလာဟကန္တရာ၊ တိမ်တိုက်ကြားမှ၊ နိက္ခမန္တစန္ဒမဏ္ဍလံ ဝိယ စ၊ ထွက်လာသော လပြည့်ဝန်းကဲ့သို့လည်းကောင်း။ မေဃမုခေ၊ မိုးတိမ်ဝ၌။ ဗလာကာ ဝိယ စ၊ ဗျိုင်းကဲ့သို့လည်းကောင်း။ ဥဂ္ဂဟနိမိတ္တံ ပဒါလေတွာ၊ ဥဂ္ဂဟနိမိတ်ကို ဖောက်ထွင်း၍။ နိက္ခန္တမိဝ၊ ထွက်လာသကဲ့သို့။ တတော၊ ထိုဥဂ္ဂဟနိမိတ်ထက်။ သတဂုဏံ၊ အဆတရာ။ သဟဿဂုဏံ၊အဆတထောင်။ သုပရိသုဒ္ဓံ ဟုတွာ၊ ထက်ဝန်းကျင် အလွန်စင်ကြယ်လျက်။ ဥပဋ္ဌာတိ၊ ထင်လာ၏။ စ၊ ထိုမှတပါး။ ဝါ၊ ထို့ပြင်။ တံ၊ ထိုအလွန်စင်ကြယ်စွာထင်လာသော ပဋိဘာဂနိမိတ်သည်။ ဝဏ္ဏဝန္တံ၊ အဆင်းရှိသည်။ နေဝ ဟောတိ၊ မဖြစ်ပေ။ တနည်း။ နေဝ ဝဏ္ဏဝန္တံ ဟောတိ၊ အဆင်းမရှိပေ။ န သဏ္ဌာနဝန္တံ ဟောတိ၊ ပုံသဏ္ဌာန်မရှိပေ။ဟိ၊မှန်၏။ တံ၊ ထိုပဋိဘာဂနိမိတ်သည်။ ဤဒိသံ၊ ဤသို့ အဆင်းသဏ္ဌာန်သဘောရှိသည်။ ယဒိ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ တနည်း။ ယဒိ၊အကယ်၍။ တံ၊ ထိုပဋိဘာဂ

နိမိတ်သည်။ ဤဒိသံ၊ ဤကဲ့သို့ အဆင်းသဏ္ဌာန်သဘောရှိသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ စက္ခုဝိညေယျံ၊ စက္ခုဝိညာဉ်ဖြင့် သိစကောင်းသည်။သိယာ၊ဖြစ်ရာ၏။သြဠာရိကံ၊ ရုန့်ရင်းကြမ်းတမ်းသည်ဖြစ်၍။သမ္မသန်ပဂံ၊လက္ခဏာရေးသုံးပါးဖြင့် သုံးသပ်နိုင်စကောင်းသည်။ သိယာ၊ ဖြစ်ရာ၏။ တိလက္ခဏဗ္ဗာဟတံ၊ လက္ခဏာရေးသုံးပါးဖြင့် ဆောင်နိုင်စကောင်းသည်။ သိယာ၊ ဖြစ်ရာ၏။ပန၊ သို့သော်လည်း။ဧတံ၊ ဤပဋိဘာဂနိမိတ်သည်။ တာဒိသံ၊ ထိုသို့သဘောရှိသည်ကား။ န၊ မဟုတ်ပေ။ ဟိ၊ အမှန်အားဖြင့်သော်ကား။ ဧတံ၊ ဤပဋိဘာဂနိမိတ်သည်။ (လိုက်)။ ကေဝလံ၊သက်သက်။သမာဓိလာဘိနော၊ ဥပစာရသမာဓိကိုရသော ယောဂီအား။ ဥပဋ္ဌာနာကာရမတ္တံ၊ ထင်သော အခြင်းအရာ မျှဖြစ်၍။ သညဇံ ဘာဝနာ၊ သညာဖြင့် ဖြစ်စေကာမျှသာတည်း။ ဣတိ၊ဤကား ပဋိဘာဂနိမိတ်နှင့် ဥဂ္ဂဟနိမိတ်၏ ထူးခြားချက်ပေတည်း။

၅၀။ ပန၊အကျိုးတရားကား။ အဿ၊ ထိုပဋိဘာဂနိမိတ်၏။ ဥပ္ပန္နကာလတော ပဋ္ဌာယ၊ ဖြစ်ရာကာလမှစ၍။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘိတာနေဝ ဟောန္တိ၊ခွာအပ်ပြီးသာလျှင် ဖြစ်ကုန်၏။ ကိလေသာ၊ကိလေသာတို့သည်။ သန္နိသိန္နာဝ ဟောန္တိ၊ ငြိမ်ဝပ်ကြပြီးသာလျှင်ဖြစ်ကုန်၏။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိဖြင့်။ စိတ္တံ၊ စိတ်ကို။ သမာဟိတမေဝ၊ ထားအပ်ကုန်ပြီးသာလျှင် ဖြစ်ပေ၏။ ဣတိ၊ဤတွင် စကားတရပ်ပေတည်း။

(၁၂၃) ဟိ၊မှန်၏။ သမာဓိ၊ သမာဓိသည်။ ဥပစာရသမာဓိ စ၊ဥပစာရသမာဓိလည်းကောင်း။ အပ္ပနာသမာဓိ စ၊ အပ္ပနာသမာဓိလည်းကောင်း။ဣတိ၊ ဤသို့။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။ ဒွီဟာကာရေဟိ၊ စျာန်၏ဆန့်ကျင်ဘက်တရားတို့မှ ဝေးခြင်း,ခိုင်မြဲခြင်းသို့ရောက်ခြင်း ဟူသော အကြောင်း နှစ်မျိုးတို့ကြောင့်။ ဥပစာရဘူမိယံ ဝါ၊ ဥပစာရအခိုက်၌လည်းကောင်း။ပဋိလာဘဘူမိယံ ဝါ၊ စျာန်ကို ရခိုက်၌လည်းကောင်း။ စိတ္တံ၊စိတ်ကို။ သမာဓိယတိ၊ အညီအညွတ် ကောင်းစွာထားနိုင်၏။ တတ္ထ၊ ထိုအခိုက်အတန့်နှစ်မျိုးတို့တွင်။ ဥပစာရဘူမိယံ၊ ဥပစာရအခိုက်အတန့်၌။ နီဝရဏပ္ပဟာနေန၊ နီဝရဏတို့ကို ပယ်ခြင်းဖြင့်။ စိတ္တံ၊ စိတ်ကို။ သမာဟိတံ ဟောတိ၊ အညီအညွတ်ကောင်းစွာထားနိုင်ပေ၏။ ပဋိလာဘဘူမိယံ၊စျာန်ကို ရခိုက်၌။ ကင်္ဂပါတုဘာဝေန၊ အင်္ဂါထင်ရှားဖြစ်ပေါ်ခြင်းဖြင့်။ ဝါ၊ အင်္ဂါထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ စိတ္တံ၊ စိတ်ကို။ သမာဓိယတိ၊ အညီအညွတ် ကောင်းစွာထားနိုင်၏၊ (ပြန်စပ်)။

ပန၊ ဆက်ဦးအံ့။ ဣဒံ၊ ဆိုလတ္တံ့သည်ကား။ ဒွိန္နံ သမာဓီနံ၊ ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိတို့၏။ နာနာကာရဏံ၊ အသီးသီး ကွဲပြားခြင်း ခြားနားနိုင်ခြင်း၏ အကြောင်းပေတည်း။ ဥပစာရေ၊ ဥပစာရသမာဓိအခိုက်အတန့်၌။ အင်္ဂါနိ၊ စျာန်အင်္ဂါတို့သည်။ ထာမဇာတာနိ၊ ဖြစ်သောအစွမ်းရှိကုန်သည်။

န ဟောန္တိ၊ မဖြစ်ကုန်။ န ထာမဂတာနိ ဟောန္တိ၊ အားမရှိကြကုန်သေး။ အင်္ဂါနံ အထာမဂတတ္တာ၊ ဈာန်အင်္ဂါတို့၏ အားမရှိသေးသောကြောင့်။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ဒဟရော ကုမာရကော၊ ငယ်သောကလေးသည်။ ဥက္ခိပိတွာ၊ ချီမ၍။ ဌပိယမာနော၊ ထားအပ်သော်လည်း။ တနည်း၊ ဌပိယမာနော၊ ထားအပ်သော။ ဒဟရော ကုမာရော၊ ငယ်သောကလေးသည်။ ပုနပ္ပုနံ၊ အကြိမ်ကြိမ် အဖန်ဖန်။ ဘူမိယံ၊ မြေ၌။ ပတတိ ယထာ၊ လဲကျသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဥပစာရေ၊ ဥပစာရသမာဓိအခိုက်အတန့်သည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ ဝါ၊ ဥပစာရေ ဥပ္ပန္နေ၊ ဥပစာရသမာဓိဖြစ်ခိုက်၌။ စိတ္တံ၊ စိတ်သည်။ ကာလေန၊ ရံခါ။ နိမိတ္တံ၊ ပဋိဘာဂနိမိတ်ကို။ အာရမ္မဏံ ကရောတိ၊ အာရုံပြု၏။ ကာလေန၊ ရံခါ။ ဘဝင်္ဂံ ဩတရိတွာ၊ ဘဝင်သို့သက်ရောက်၍။ ပန၊ ထိုသို့မဟုတ်။ အပ္ပနာယံ၊ အပ္ပနာဈာန်ဖြစ်ခိုက်၌။ အင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ထာမဇာတာနိ ဟောန္တိ၊ အားရှိကုန်၏၊ တေသံ၊ ထိုအင်္ဂါတို့၏။ ထာမဇာတတ္တာ၊ အားရှိသောကြောင့်။ ယထာ နာမ၊ ဥပမာမည်သော်ကား။ ဗလဝါ ပုရိသော၊ အားကြီးသောယောကျ်ားသည်။ အာသနာ ဝုဋ္ဌာယ၊ နေရာမှထ၍။ ဒိဝသမ္ပိ၊ တနေ့လုံးသော်လည်း။ တိဋ္ဌေယျ ယထာ၊ ရပ်နေနိုင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ အပ္ပနာသမာဓိမှိ၊ အပ္ပနာသမာဓိသည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ ဝါ၊ အပ္ပနာသမာဓိဖြစ်ခိုက်၌။ စိတ္တံ၊ စိတ်သည်။ ဘဝင်္ဂဝါရံ၊ ဘဝင်အလှည့်ကို။ ဝါ၊ ဘဝင်အစဉ်ကို။ သကိံ ဆိန္ဒိတွာ၊ တကြိမ်ဖြတ်ပြီးလျှင်။ ကေဝလမ္ပိ ရတ္တိံ၊ တညဉ့်လုံးသော်လည်းကောင်း။ ကေဝလမ္ပိ ဒိဝသံ၊ တနေ့လုံးသော်လည်းကောင်း။ တိဋ္ဌတိ၊ တည်နေနိုင်၏။ ကုသလဇဝန-ပဋိပါဋိဝသေနေဝ၊ ကုသိုလ်ဇောအစဉ်၏ အစွမ်းအားဖြင့်သာလျှင်။ ပဝတ္တတိ၊ ဖြစ်နေ၏။ ဣတိ၊ ဤကား အသီးအသီးကွဲပြားခြင်း, ခွဲခြားနိုင်ခြင်း၏အကြောင်းပေတည်း။

တတြ၊ ထိုဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်နှစ်မျိုးတို့တွင်။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိနှင့်။ သဒ္ဓိံ၊ တကွ။ ယဒေတံ ယံ ဧတံ ပဋိဘာဂနိမိတ္တံ၊ အကြင်ပဋိဘာဂနိမိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်၏။ တဿ၊ ထိုပဋိဘာဂနိမိတ်ကို။ ဥပ္ပါဒနံ နာမ၊ ဖြစ်ပေါ်စေခြင်းမည်သည်။ အတိဒုက္ကရံ၊ အလွန်ခက်ခဲ၏။ တသ္မာ၊ ထို့ကြောင့်။ တေနေဝ ပလ္လင်္ကေန၊ ထိုတင်ပလ္လင်ခွေ တထိုင်တည်းဖြင့်သာလျှင်။ တံ နိမိတ္တံ ဝဍ္ဎေတွာ၊ ထိုပဋိဘာဂနိမိတ်ကို ပွားစေ၍။ အပ္ပနံ၊ အပ္ပနာသို့။ ဝါ၊ အပ္ပနာကို။ အဓိဂန္တုံ၊ ရောက်ခြင်း, ရခြင်းငှာ။ သစေ သက္ကောတိ၊ အကယ်၍ စွမ်းနိုင်ပါမူကား။ ဧဝံ သတိ၊ ဤသို့စွမ်းနိုင်လတ်သော်။ သုန္ဒရံ၊ ကောင်း၏။ နော စေ သက္ကောတိ၊ အကယ်၍ မရောက်နိုင်ပါမူကား။ အထ၊ ထိုသို့မစွမ်းနိုင်

ခဲ့သော်။ အနေန၊ဤယောဂီ၏ဟုဆိုအပ်သည်။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ အပ္ပမတ္တေန၊ မမေ့မလျော့သည်ဖြစ်၍။ ဝါ၊ မမေ့မလျော့ပဲ။ စက္ကဝတ္တိဂဗ္ဘော ဝိယ၊ စကြဝတေးမင်းလောင်းကိုယ်ဝန်ကို။ ရက္ခိတဗ္ဗော ဝိယ၊ စောင့်ရှောက်အပ်သကဲ့သို့။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်၏။ ဟိ၊ အကျိုးသော်ကား။ ဧဝံ၊ ဤသို့....

နိမိတ္တံ၊ ပဋိဘာဂနိမိတ်ကို။ ရက္ခတော၊ စောင့်ရှောက်သောယောဂီအား။ လဒ္ဓပရိဟာနိ၊ရပြီးသောပဋိဘာဂနိမိတ်၏ ဆုတ်ယုတ်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိပေ။ အာရက္ခမှိ၊ အစောင့်အရှောက်သည်။ အသန္တမှိ၊ မရှိမူ (မရှိသော်)။ အာရက္ခမှိ အသန္တမှိ၊ အစောင့်အရှောက်မရှိသော်။ လဒ္ဓံ လဒ္ဓံ၊ ရတိုင်း ရတိုင်းသောပဋိဘာဂနိမိတ်သည်။ ဝိနဿတိ၊ ပျောက်ပျက်သွားတတ်ပေ၏။

## သတ္တသပ္ပါယ

### သပ္ပါယခုနစ်ပါး(ကိုပြဆိုချက်)

၅၉။ တတြ၊ထိုစကားဌ်။ အယံ၊ ဤဆိုလတ္တံ့သည်ရကား။ ရက္ခဏဝိဓိ၊ စောင့်ရှောက်ပုံအစီအရင်တည်း။အာဝါသော၊ ကျောင်းလည်းကောင်း။ ဂေါစရော၊ ဆွမ်းခံရွာလည်းကောင်း။ ဘဿံ၊ စကားလည်းကောင်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်လည်းကောင်း။ ဘောဇနံ၊ ဘောဇဉ်လည်းကောင်း။ ဥတု၊ ဥတုလည်းကောင်း။ ဣရိယာပထော၊ ဣရိယာပုထ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေ သတ္တ အသပ္ပါယေ၊ ဤမလျော်ပတ်သော အသပ္ပါယ ခုနစ်မျိုးတို့ကို။ ဝိဝဇ္ဇယေ၊ ရှောင်ကြဉ်ရာ၏။ ဧတေ သတ္တ သပ္ပါယေ၊ ဤလျော်ပတ်သော သပ္ပါယ ခုနစ်မျိုးတို့ကို။ သေဝေထ၊ မှီဝဲရာ၏။ ဟိ၊ အကျိုးကိုဆိုအံ့။ ဧဝံ၊ ဤသို့မလျော်ပတ်သည်တို့ကို ရှောင်ကြဉ်၍, လျော်ပတ်သည်တို့ကို မှီဝဲသဖြင့်။ ပဋိပဇ္ဇတော၊ ကျင့်သော။ ကဿစိ၊ တချို့သောယောဂီအား။ န စိရေနေဝ ကာလေန၊ မကြာမြင့်မီပင်လျှင်။ အပ္ပနာ ဟောတိ၊ အပ္ပနာစျာန်ဖြစ်ပေ၏။

တတြ၊ ထိုလျော်ပတ် မလျော်ပတ်သော ကျောင်းအစရှိသော ခုနစ်မျိုးတို့တွင်။ ယသ္မိံ အာဝါသေ၊ အကြင်ကျောင်း၌။ဝသန္တဿ၊ နေသော။ အဿ၊ ထိုယောဂီအား။ အနုပ္ပန္နံ ဝါ နိမိတ္တံ၊ မဖြစ်ပေါ်သေးသော နိမိတ်သည်လည်း။ န ဥပ္ပဇ္ဇတိ၊ မဖြစ်ပေါ်။ ဥပ္ပန္နံ ဝါ နိမိတ္တံ၊ ဖြစ်ပေါ်ပြီးသော နိမိတ်သည်လည်း။ ဝိနဿတိ၊ ပျောက်ပျက်၏။ အနုပဋ္ဌိတာ စ သတိ၊ မထင်သေးသော သတိသည်လည်း။ န ဥပဋ္ဌာတိ၊ မထင်လာပေ။ အသမာဟိတဥ္စ စိတ္တံ၊ မတည်ကြည်သော စိတ်သည်လည်း။ န သမာဓိယတိ၊

မတည်ကြည်လာပေ။ အယံ၊ ဤသို့သော ကျောင်းသည်။ အသ၊ ထိုယောဂီအား။ အသပ္ပါယော၊ မလျောက်ပတ်ပေ။ ယတ္ထ၊ အကြင်ကျောင်း၌။ ဝသန္တဿ၊ နေသော။ အဿ၊ ထိုယောဂီအား။ နာဂပဗ္ဗတဝါသီပဓာနိယတိဿ-ထေရဿ ဝိယ၊ နာဂပဗ္ဗတကျောင်း၌ သီတင်းသုံးသော ပဓာနိယတိဿမထေရ်အားကဲ့သို့။ နိမိတ္တံ၊ နိမိတ်သည်။ ဥပ္ပဇ္ဇတိ စေဝ၊ ဖြစ်လည်းဖြစ်ပေါ်၏။ ထာဝရဉ္စ ဟောတိ၊ ခိုင်မြဲစွာလည်း တည်၏။(၁၂၄) သတိ ဥပဋ္ဌာတိ၊ သတိလည်း ထင်၏။ စိတ္တံ သမာဓိယတိ၊ စိတ်လည်း တည်ကြည်၏။ အယံ၊ ဤကျောင်းသည်။ သပ္ပါယော၊ လျောက်ပတ်၏။ တသ္မာ၊ ထိုကြောင့်။ ယသ္မိံ ဝိဟာရေ၊ အကြင်ကျောင်း၌။ ဗဟူ အာဝါသာ၊ ကျောင်းများစွာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုကျောင်းများစွာတို့တွင်။ ဧကေကသ္မိံ ဝိဟာရေ၊ ကျောင်းဆောင်တခုတခု၌။ တီဏိ တီဏိ ဒိဝသာနိ၊ သုံးရက်, သုံးရက်တို့ပတ်လုံး။ ဝသိတ္វာ၊ နေ၍။ ဟနည်း။ တီဏိ တီဏိ ဒိဝသာနိ ဝသိတ္វာ၊ သုံးရက်, သုံးရက်စီနေ၍။ ယတ္ထ၊ အကြင်ကျောင်း၌။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ ဟောတိ၊ တည်ကြည်၏။ တတ္ထ၊ ထိုကျောင်း၌။ ဝသိတဗ္ဗံ၊ နေသင့်ပေ၏၊ ဟိ၊ အကျိုးကား။ အာဝါသသပ္ပါယဘာဝ၊ ကျောင်း၏ လျောက်ပတ်ခြင်းကြောင့်။ တမ္ဗပဏ္ဏိဒီပမှို၊ သီဟိုဠ်ကျွန်း၌။ စူဠနာဂလေဏော၊ စူဠနာဂလိုဏ်၌။ ဝသန္တာ၊ နေကုန်သည်ဖြစ်၍။ တတ္ထေဝ၊ ထိုစူဠနာဂလိုဏ်၌ပင်လျှင်။ ကမ္မဋ္ဌာနံ ဂဟေတွာ၊ ကမ္မဋ္ဌာန်းကိုယူ၍။ ပဉ္စသတာ ဘိက္ခူ၊ ငါးရာသော ရဟန်းတော်တို့သည်။ အရဟတ္တံ ပါပုဏိံသု၊ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ ပန၊ ဆက်အံ့။ သောတာ-ပန္နာဒီနံ၊ သောတာပန် စသည်တို့၏လည်းကောင်း။ အညတ္ထ၊ အခြား ကျောင်း၌။ အရိယဘူမိံ ပတ္တာ၊ အရိယာဘုံသို့ ရောက်၍။ တတ္ထ၊ ထိုစူဠနာဂလိုဏ်၌။ အရဟတ္တပတ္တာနဉ္စ၊ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တို့၏ လည်းကောင်း။ ဂဏနာ၊ အရေအတွက်ကား။ နတ္ထိ၊ မရှိ။ ဂဏနာ နတ္ထိ၊ အရေအတွက်မရှိ များပြားလှ၏။ အညေသုပိ၊ အခြားသော။ စိတ္တလပဗ္ဗတဝိဟာရာဒီသု၊ စိတ္တလပဗ္ဗတကျောင်းတိုက်စသည်တို့၌လည်း။ ဧဝံ၊ ဤအတူပင်တည်း။

ပန၊ အဖွင့်တပါးကား။ ဂေါစရဂါမော၊ ဆွမ်းခံရွာကို။ ဧဝံ ဝေဒိတဗ္ဗော၊ ဤဆိုလတ္တံ့အတိုင်း သိရမည်။ ယော ဂေါစရဂါမော၊ အကြင်ဆွမ်းခံရွာသည်။ သေနာသနတော၊ ကျောင်းတိုက်မှ။ ဥတ္တရေန ဝါ၊ မြောက်အရပ်၌လည်းကောင်း။ ဒက္ခိဏေန ဝါ၊ တောင်အရပ်၌ လည်းကောင်း။ နာတိဒူရေ၊ မဝေးလွန်းလှသော။ ဒိယဍ္ဎကောသဗ္ဘန္တရေ၊ တကောသခွဲအတွင်း၌။(တကောသခွဲဟူသည်မှာ (၇)ခုနစ်တောင်တာဖြင့် တာပေါင်း (၆၀၀) ရှိ၏။ ၄-တောင်ရှိသော ဓနုတာဖြင့် တာပေါင်း (၁၀၅၀)ရှိ၏။ ဋီကာ၌ ဓနုတာ (၁၀၀၀) အတိုင်းအရှည်ရှိသည်ဟု ပြဆိုထား၏။ယင်း ပြဆိုချက်မှာ "အနည်းငယ် အယုတ်

အလွန်သည် မရေတွက်လောက်”ဟူသော ပရိဘာသာ စကားအရ အစွန်းတာ (၁၀)ကို မရေတွက်ပဲ ဆိုထားခြင်းဖြစ်ရာ၏။) ဟောတိ၊ဖြစ်၏။ သုလဘာသမ္ဘာရ-ဘိက္ခော၊ ရလွယ်သော ပြည့်စုံသော ဆွမ်းရှိ၏။ ဝါ၊ ပြည့်စုံသော ဆွမ်းကိုလည်း ရလွယ်၏။ သော ဝေါစရဂါမော၊ ထိုသို့သော ရွာသည်။ သပ္ပါယော၊ ယောဂီအား လျောက်ပတ်၏။ ဝိပရီတော၊ ထိုမှ ပြောင်းပြန်ဖြစ်သော ရွာသည်။ အသပ္ပါယော၊ မလျောက်ပတ်ပေ။

ဘဿန္တိ ဧတ္ထ၊ဘဿံ ဟူသော စကားရပ်၌။ ဒွတ္တိံသတိရစ္ဆာနကထာဘာပရိယာပန္နံ၊ နတ်ရွာ မဂ်ဖိုလ်နိဗ္ဗာန်တို့နှင့် ဖီလာဆန့်ကျင်သော သုံးဆယ့်နှစ်ပါးသော စကားတို့၌ အကျုံးဝင်သော စကားသည်၊ အသပ္ပါယံ၊ မလျောက်ပတ်ပေ။ ဟိ၊ အပြစ်ကို ပြဦးအံ့။ တံ၊ ထို မလျောက်ပတ်သော စကားသည်။ အဿ၊ ထိုယောဂီအား။ နိမိတ္တန္တရဓာနာယ၊ ရပြီးသော နိမိတ်ကွယ်ပျောက်ခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဒသကထာဝတ္ထုနိဿိတံ၊ ကထာဝတ္ထုဆယ်ပါးကို မှီသော စကားသည်။ သပ္ပါယံ၊ လျောက်ပတ်၏။ တမ္ပိ၊ ထိုလျောက်ပတ်သော စကားကိုလည်း။ မတ္တာယ၊ အတိုင်းအရှည်ဖြင့်။ ဘာသိတဗ္ဗံ၊ ပြောဆိုသင့်ပေ၏။

ပုဂ္ဂလောပိ၊ လျောက်ပတ်သောပုဂ္ဂိုလ် မလျောက်ပတ်သော ပုဂ္ဂိုလ်ကိုလည်း။ ဧဝံ ဝေဒိတဗ္ဗော၊ ဤသို့ သိအပ်၏။ (တည်း)။အတိရစ္ဆာနကထိကော၊ နတ်ရွာမဂ်ဖိုလ်နိဗ္ဗာန်တို့နှင့် ဖီလာဆန့်ကျင်သောစကားကို မပြောဆိုသော။ သီလာဒိဂုဏသမ္ပန္နော၊ သီလစသော ဂုဏ်တို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ပေတည်း။ ယံ၊ အကြင်ပုဂ္ဂိုလ်ကို။ နိဿာယ၊ မှီ၍။ အသမာဟိတံ ဝါ စိတ္တံ၊ မတည်ကြည် သေးသော စိတ်သည်လည်း။သမာဓိယတိ၊တည်ကြည်၏။သမာဟိတံ ဝါ စိတ္တံ၊ တည်ကြည်ပြီးသော စိတ်သည်လည်း။ ထိရတရံ ဟောတိ၊ အထူးသဖြင့် ခိုင်မြဲစွာ တည်ကြည်၏။ ဝါ၊ ပို၍ ခိုင်မြဲသည်။ ဧဝရူပေါ၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည်။ သပ္ပါယော၊ လျောက်ပတ်၏။ ကာယဒဠှိဗဟုလော၊ ကိုယ်လက် ကြံ့ခိုင်အောင် ပြုပြင် မွေးမြူရေး၌ အလေ့အလာများသော။ တိရစ္ဆာနကထိ-ကော၊ ဖီလာ ဆန့်ကျင်သော စကားကို ပြောတတ်သော ပုဂ္ဂိုလ်သည်ကား။ အသပ္ပါယော၊ မလျောက်ပတ်ပေ။ ဟိ၊ အပြစ်ကား။ ကဒ္ဒမောဒကံ၊ ရွံ့ညွန်ရေသည်။ အစ္ဆံ ဥဒကံ၊ ရေကြည်ကို၊ မလိနံ၊နောက်ကျုသည်ကို။ ကရောတိ ဣဝ၊ ပြုလုပ်တတ်သကဲ့သို့။ သော၊ ထိုပုဂ္ဂိုလ်သည်။ တံ၊ ထိုယောဂီကို၊ မလိနမေဝ၊ ညစ်နွမ်းသည်ကိုသာလျှင်။ ကရောတိ၊ ပြုတတ်၏။ တာဒိသဥ္စ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကိုလည်း။ အာဂမ္မ၊ အကြောင်းပြု၍။ ကောဋပဗ္ဗတဝါသီဒဟရ-ဿ၊ ကောဋပဗ္ဗတကျောင်း၌ သီတင်းသုံးနေသော ရဟန်းငယ်၏။ ဝါ၊ ရဟန်း

ငယ်အား။ သမာပတ္တိ၊ သမာပတ်သည်။ နဿတိ ဣဝ၊ ပျောက်ပျက်သကဲ့သို့။ သမာပတ္တိပိ၊ သမာပတ်ပင်သော်လည်း။ နဿတိ၊ ပျောက်ပျက်တတ်သေး၏။ နိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်ကား။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း။ နဿယျ၊ ပျောက်ပျက်ရာ၏။

ပန၊ အဖွိုတပါးကား။ ဘောဇနံ၊ဘောဇဉ်ကို။ ဝေါ၊ ဤဆိုလတ္တံ့ အဝိုင်း။ ဝေဒိတဗ္ဗံ၊ သိအပ်၏၊ (ထည့်)။ ကဿစိ၊ တချို့သော ယောဂီအား။ မဓုရံ၊ အချိုသည်။ ဝါ၊ ချိုသောအရသာရှိသော ဘောဇဉ်သည်။ သပ္ပါယံ၊လျောက်ပတ်၏။ ကဿစိ၊ အချို့သောယောဂီအား။ အမ္ဗိလံ၊ အချဉ်သည်။ ဝါ၊ ချဉ်သောအရသာရှိသော ဘောဇဉ်သည်။ သပ္ပါယံ ဟောတိ၊ လျောက်ပတ်၏။ ဥတုပိ၊ ဥတုသည်လည်း။ ကဿစိ၊ အချို့သော ယောဂီအား။ သီတော၊အအေးသည်။ ဝါ၊ အေးသောဥတုသည်။ ကဿစိ၊ အချို့သော ယောဂီအား။ ဥဏှော၊ အပူသည်။ ဝါ၊ ပူသောဥတုသည်။ သပ္ပါယော၊ လျောက်ပတ်၏။ တသ္မာ၊ ထို့ကြောင့်။ ယံ ဘောဇနံ ဝါ၊ အကြင်ဘောဇဉ်ကိုလည်းကောင်း။ ယံ ဥတုံ ဝါ၊ အကြင်ဥတုကိုလည်းကောင်း။ သေဝန္တဿ၊ မှီဝဲသော ယောဂီအား။ ဖာသု ဟောတိ၊ ချမ်းသာ၏။ အသမာဟိတံ ဝါ စိတ္တံ၊ မတည်ကြည်သော စိတ်သည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။ သမာဟိ တံ ဝါ စိတ္တံ၊ တည်ကြည်သော စိတ်သည်လည်း။ ထိရတရံ ဟောတိ၊ အထူးသဖြင့် ခိုင်မြဲစွာ တည်ကြည်၏။ ဝါ၊ ပို၍ ခိုင်မြဲလာ၏။ တံ ဘောဇနံ၊ ထိုဘောဇဉ်သည်။ သော စ ဥတု၊ ထိုဥတုသည်လည်း။ သပ္ပါယော၊ လျောက်ပတ်၏။ ဣတရံ ဘောဇနံ၊ ဤမှတပါးသော ဘောဇဉ်သည်။ အသပ္ပါယံ၊ မလျောက်ပတ်။ ဣတရော၊ ဤမှတပါးသော။ ဥတု စ၊ ဥတုသည်လည်း။ ဝါ၊ ဣတရော စ ဥတု၊ ဤမှတပါးသော ဥတုသည်ကား။ အသပ္ပါယော၊ မလျောက်ပတ်ပေ။

ဣရိယာပထေသုပိ၊ ဣရိယာပုထ်တို့၌လည်း။ ကဿစိ၊ အချို့သောယောဂီအား။ စင်္ကမော၊ စင်္ကြံသည်၊ သပ္ပါယော ဟောတိ၊ လျောက်ပတ်၏။ ကဿစိ၊ အချို့သော ယောဂီအား။ သယနဋ္ဌာနနိသဇ္ဇာနံ၊ အိပ်ခြင်း, ရပ်ခြင်း, ထိုင်ခြင်းတို့တွင်။ အညတရော၊ တပါးပါးသည်။ သပ္ပါယော၊ လျောက်ပတ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုဣရိယာပုထ်ကို။ အာဝါသံ ဝိယ၊ ကျောင်းကဲ့သို့။ တီဏိ ဒိဝသာနိ၊ သုံးရက်တို့ပတ်လုံး။ ဥပပရိက္ခိတွာ၊ စုံစမ်း၍။ ယသ္မိံ ဣရိယာပထေ၊ အကြင် ဣရိယာပုထ်၌။ ပဝတ္တမာနဿ၊ ဖြစ်သော ယောဂီအား။ (ထည့်)။ အသမာဟိတံ ဝါ စိတ္တံ၊ မတည်ကြည်သော စိတ်သည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။ သမာဟိတံ ဝါ စိတ္တံ၊ တည်ကြည်သောစိတ်သည်လည်း။ ထိရတရံ ဟောတိ၊

အသူးသဖြင့် ခိုင်မြဲစွာတည့်ကြည်၍၊ သော၊ ထိုခိုင်မြဲသော ဣရိယာပုထ်သည်။ သပ္ပါယော၊ လျော်ကပ်၏၊ ဣဘဒော၊ ဤမှတပါးသော ဣရိယာပုထ်သည်။ အသပ္ပါယော၊ မလျော်ကပ်ပေ။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။

(၁၂၅) ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ ဣမံ သတ္တဝိဓံ အသပ္ပါယံ ဝဇ္ဇေတွာ၊ ဤမလျော်ကပ်သော အသပ္ပါယ ခုနစ်မျိုးကို ရှောင်ကြဉ်၍။ သပ္ပါယံ၊ လျော်ကပ်သော သပ္ပါယ ခုနစ်မျိုးကို။ သေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း မလျော်ကပ်သည်ကို ကြဉ်၍ လျော်ကပ်သည်ကိုသာ မှီဝဲသဖြင့်။ ပဋိပန္နဿ၊ ကျင့်သော။ နိမိတ္တာသေဝနဗဟုလဿ၊ ပဋိဘာဂနိမိတ်ကို မှီဝဲခြင်းများသော။ ဧကစ္စဿ၊ အချို့သော ယောဂီအား။ နစိရေနေဝ ကာလေန၊ မကြာမြင့်မီပင်လျှင်။ အပ္ပနာ ဟောတိ၊ အပ္ပနာ ဖြစ်ပေါ်လာ၏။

## ဒသဝိဓအပ္ပနာကောသလ္လ

### အပ္ပနာ၌ ကျွမ်းကျင်ကြောင်းအစီအရင် ဆယ်ပါး

၆၀။ ပန၊ ဆက်ဦးအံ့။ ယဿ၊ အကြင်ယောဂီအား။ ဧဝံ ပဋိပဇ္ဇတောပိ၊ ဤဆိုခဲ့သည့်အတိုင်း ကျင့်သော်လည်း။ အပ္ပနာ၊ အပ္ပနာသည်။ (လိုက်)။ နဟောတိ၊ မဖြစ်သေး။ တေန၊ ထိုယောဂီသည်။ ဒသဝိဓံ အပ္ပနာကောသလ္လံ၊ အပ္ပနာကောသလ္လခေါ် အပ္ပနာ၌ ကျွမ်းကျင်ကြောင်း အစီအရင်ဆယ်မျိုးကို။ သမ္ပာဒေတဗ္ဗံ၊ ပြည့်စုံစေအပ်၏။ တတြ၊ ထိုသို့ ပြည့်စုံစေရာ၌။ အယံ၊ ဤသည်ကား။ နယော၊ သိကြောင်းဖြစ်သော နည်းတည်း။ ဒသဟာကာရေဟိ၊ ဆယ်ပါးသောအကြောင်းတို့ဖြင့်။ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ကျွမ်းကျင်ကြောင်း အစီအရင်ကို။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ဝတ္ထုဝိသဒကိရိယတော၊ ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုလုပ်ခြင်းဖြင့်။ ဣန္ဒြိယသမတ္တပဋိပါဒနတော၊ ဣန္ဒြေတို့၏ ညီမျှခြင်းကို ပြီးစေခြင်းဖြင့်လည်းကောင်း။ နိမိတ္တကုသလတော၊ နိမိတ်၌ ကျွမ်းကျင်သည်၏ အဖြစ်ဖြင့်လည်းကောင်း။ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ ကျွမ်းကျင်လိမ္မာခြင်းကို။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဟေတဗ္ဗံ၊ ချီးမြှောက်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို၊ နိဂ္ဂဟေတဗ္ဗံ၊ နှိပ်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ နှိပ်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသိတဗ္ဗံ၊ ရွှင်စေအပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသေတိ၊ ရွှင်စေ၏။ (တဒေတာ သမ္ပဟံသနတော၊ ထိုသို့ စိတ်ကို ရွှင်စေသင့်သော အခါ၌ ရွှင်စေခြင်းဖြင့်)။ ယသ္မိံ သမယေ၊

အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခိတဗ္ဗံ၊ လျစ်လျူရှုအပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ တတော အဇ္ဈုပေက္ခဏတော၊ ထိုသို့လျစ်လျူရှုသင့်သောအခါ၌ စိတ်ကို လျစ်လျူရှုခြင်းဖြင့်။ အသမာဟိတပုဂ္ဂလပရိဝဇ္ဇနတော၊ သမာဓိကင်းသော (မရှိသော) ပုဂ္ဂိုလ်ကို ကြဉ်ခြင်းဖြင့်။ သမာဟိတပုဂ္ဂလသေဝနတော၊ သမာဓိရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းဖြင့်။ တဒဓိမုတ္တတော၊ ထိုအပ္ပနာသမာဓိသို့ စိတ်ညွတ်ခြင်းဖြင့်။ဣတိ၊ ဤသို့။ဒသာဟာကာရေဟိ၊ဆယ်ပါးသော အကြောင်းတို့ဖြင့်။ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ ကျွမ်းကျင်ကြောင်း အစီအရင်ကို။ ဣစ္ဆိတဗ္ဗံ၊ အလိုရှိအပ်၏။

၆၁။ တတ္ထ၊ ထိုဆယ်ပါးသော အပ္ပနာကောသလ္လ အစီအရင်တို့တွင်။ ဝတ္ထု-ဝိသဒကိရိယာ နာမ၊ ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုလုပ်ခြင်း မည်သည်မှာ။ အဇ္ဈတ္တိကဗာဟိရာနံ ဝတ္ထူနံ၊ အတွင်းအပြင်ဖြစ်သော ဝတ္ထုတို့၏။ ဝိသဒဘာဝ-ကရဏံ၊ သန့်ရှင်းမှုကို ပြုလုပ်ခြင်းပေတည်း။ ဟိ၊ ချဲ့အံ့။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ ကေသနခလောမာနိ၊ ဆံပင် ခြေသည်း လက်သည်း မွေးညှင်းတို့သည်။ ဒီဃာနိ ဟောန္တိ၊ ရှည်ကုန်၏။ သရီရံ၊ ကိုယ်သည်။ သေဒမလဂ္ဂဟိတံ ဝါ၊ ချွေးအညစ်အကြေး စွန်းငြိလူးကပ်၏။ တဒါ၊ ထိုအခါ၌။ အဇ္ဈတ္တိကဝတ္ထု၊ အတွင်းဝတ္ထုသည်။ အဝိသဒံ ဟောတိ၊ မသန့်ရှင်းပေ။ အပရိ-သုဒ္ဓံ ဟောတိ၊ မစင်ကြယ်ပေ။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ စီဝရံ၊ သင်္ကန်းသည်။ ဇိဏ္ဏံ၊ ဆွေးမြည့်သည်။ ကိလိဋ္ဌံ၊ ညစ်နွမ်းသည်။ ဒုဂ္ဂန္ဓံ၊ အနံ့မကောင်းသည်။ ဟောတိ၊ ဖြစ်၏။ သေနာသနံ ဝါ၊ကျောင်းသည်မူလည်း။ ဥက္လာပံ ဟောတိ၊ အမှိုက်ရှုပ်နေ၏။ တဒါ၊ ထိုအခါ၌။ ဗာဟိရဝတ္ထု၊ အပြင်ဝတ္ထုသည်။ အဝိသဒံ ဟောတိ၊ မသန့်ရှင်းပေ။ အပရိသုဒ္ဓံ ဟောတိ၊ မစင်ကြယ်ပေ။ စ၊ ဆက်ဦးအံ့။ အဇ္ဈတ္တိကဗာဟိရေ ဝတ္ထုမှိ၊ အတွင်းဝတ္ထု အပြင်ဝတ္ထုသည်။ အဝိသဒေ၊မသန့်ရှင်းသော်။ ဥပ္ပန္နေသု စိတ္တစေတသိကေသု၊ဖြစ်ပေါ်ကြသော စိတ်စေတသိက်တို့၌။ နိဿိတံ၊ မှီသော။ (ထည့်)။ ဉာဏမ္ပိ၊ ဉာဏ်သည်လည်း။ အပရိသုဒ္ဓံ ဟောတိ၊ မစင်ကြယ်ပေ။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ အပရိသုဒ္ဓါနိ၊ မစင်ကြယ်ကုန်သော။ ဒီပကပလ္လိကဝဋ္ဋိတေလာနိ၊ ဆီမီးခွက်မှမီးစာဆီတို့ကို။နိဿာယ၊ မှီ၍။ ဥပ္ပန္နဒီပသိခါယ၊ ဖြစ်သောမီးလျှံ၏။ ဩဘာသော၊အလင်းရောင်သည်။ အပရိသုဒ္ဓေါ ဝိယ၊ မစင်ကြယ်သကဲ့သို့တည်း။ အပရိသုဒ္ဓေန ဉာဏေန၊ မစင်ကြယ်သောဉာဏ်ဖြင့်။ သင်္ခါရေ သမ္မသတော၊ သင်္ခါရတို့ကို သုံးသပ်သော ယောဂီအား။ သင်္ခါရာပိ၊ သင်္ခါရတို့သည်လည်း။ အဝိဘူတာ ဟောန္တိ၊ မထင်ရှားကုန်။ ကမ္မဋ္ဌာနံ၊ သမထကမ္မဋ္ဌာန်းကို။ အနုယုဉ္ဇ-တော၊အားထုတ်သောယောဂီအား။ ကမ္မဋ္ဌာနမ္ပိ၊ ကမ္မဋ္ဌာန်းသည်လည်း။ ဝုဍ္ဎိံ၊

အင်္ဂါထင်ရှားဖြစ်သောအားဖြင့် ကြီးပွားခြင်းသို့။ ဝိရုဠှိံ၊ လေ့လာသောအားဖြင့် စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ အချင်းခပ်သိမ်း ဝသီဘော်သို့ ရောက်သဖြင့် ပြန့်ပြောခြင်းသို့။ န ဂစ္ဆတိ၊ မရောက်ပေ။ ပန၊ ထိုသို့မဟုတ်။ အဇ္ဈတ္တိက- ဗာဟိရေ ဝတ္ထုမှိ ဝိသဒေ၊ အတွင်းဝတ္ထု အပြင်ဝတ္ထု သန့်ရှင်းသောအခါ၌ကား။ ဥပ္ပန္နေသု စိတ္တစေတသိကေသု၊ ဖြစ်ပေါ်ကြသည့် စိတ်စေတသိက်တို့၌။ နိဿိတံ၊ မှီသော။ (ထည့်)။ ဉာဏမ္ပိ၊ ဉာဏ်သည်လည်း။ ဝိသဒံ ဟောတိ၊ သန့်ရှင်း၏။ ပရိသုဒ္ဓံ ဟောတိ၊ စင်ကြယ်၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ပရိသုဒ္ဓါနိ၊ စင်ကြယ်ကုန်သော။ ဒီပကပလ္လိကဝဋ္ဋိတေလာနိ၊ ဆီမီးခွက် မီးဇာ ဆီတို့ကို။ နိဿာယ၊ မှီ၍။ ဥပ္ပန္နဒီပသိခါယ၊ ဖြစ်သောမီးလျှံ၏။ ဩဘာသော၊ အလင်းရောင်သည်။ ပရိသုဒ္ဓေါ ဝိယ၊ စင်ကြယ်သကဲ့သို့တည်း။ စ၊ ဆက်အံ့။ ပရိသုဒ္ဓေန ဉာဏေန၊ စင်ကြယ်သောဉာဏ်ဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။သမ္မသ- တော၊ သုံးသပ်သောယောဂီအား။ သင်္ခါရာပိ၊ သင်္ခါရတို့သည်လည်း။ ဝိဘူတာ ဟောန္တိ၊ ထင်ရှားကုန်၏။ ကမ္မဋ္ဌာနံ အနုယုဉ္ဇတော၊ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီအား။ ကမ္မဋ္ဌာနမ္ပိ၊ ကမ္မဋ္ဌာန်းသည်လည်း။ ဝုဒ္ဓိံ၊အင်္ဂါ ထင်ရှား ဖြစ်သောအားဖြင့် ကြီးပွားခြင်းသို့။ ဝိရုဠှိံ၊ လေ့လာသောအားဖြင့် စည်ပင်ခြင်းသို့။ ဝေပုလ္လံ၊ အချင်းခပ်သိမ်း ဝသီဘော်သို့ရောက်သဖြင့် ပြန့်ပြော ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ (၁)

၆၂။ သဒ္ဓါဒီနံ ဣန္ဒြိယာနံ၊ သဒ္ဓါစသော ဣန္ဒြေတို့၏။ သမဘာဝကရဏံ၊ ကိစ္စအားဖြင့် မယုတ်မလွန် မျှသည်၏ အဖြစ်ကိုပြုခြင်းသည်။ ဣန္ဒြိယသမတ္တပဋိ- ပါဒနံ နာမ၊ သဒ္ဓါစသော ဣန္ဒြေတို့၏ မျှဘခြင်း မည်သည်ကိုပြီးစေခြင်းမည်၏။ တနည်း။ ဣန္ဒြိယသမတ္တပဋိပါဒနံ နာမ၊ ဣန္ဒြေတို့၏ မျှတခြင်းကို ပြီးစေခြင်း မည်သည်မှာ။ သဒ္ဓါဒီနံ ဣန္ဒြိယာနံ၊ သဒ္ဓါစသော ဣန္ဒြေတို့၏။ သမဘာဝ- ကရဏံ၊ မယုတ်မလွန် ညီမျှခြင်းကို ပြုခြင်းတည်း။ ဟိ၊ ချဲ့အံ့။ သစေ၊ အကယ် ၍။ အဿ၊ ထိုယောဂီအား။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်။ ဗလဝံ ဟောတိ၊ အားကြီးသည်ဖြစ်အံ့။ ဣတရာနိ၊ သဒ္ဓိန္ဒြေမှတပါး ဝီရိယိန္ဒြေစသည်တို့သည်။ မန္ဒာနိ၊ အားနည်းကုန်ငြားအံ့။ တတော၊ ထိုသို့ သဒ္ဓိန္ဒြေ အားကြီး၍ အခြား ဣန္ဒြေတို့ အားနည်းခြင်းကြောင့်။ ဝီရိယံ၊ ဝီရိယိန္ဒြေသည်။ (၁၂၆)ပဂ္ဂဟကိစ္စံ၊ ချီးမြှင့်ခြင်း, အားပေးခြင်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်း နိုင်ပေ။ သတိန္ဒြိယံ၊ သတိန္ဒြေသည်။ ဥပဋ္ဌာနကိစ္စံ၊ အာရုံသို့ကပ်၍ တည်ခြင်း ကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။သမာဓိန္ဒြိယံ၊ သမာ- ဓိန္ဒြေသည်။ အဝိက္ခေပကိစ္စံ၊ မပျံ့လွင့်ခြင်းကိစ္စကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ ပညိန္ဒြိယံ၊ ပညိန္ဒြေသည်။ ဒဿနကိစ္စံ၊ သိမြင်ခြင်း ကိစ္စကို။ ကာတုံ န သက္ကောတိ၊ ပြုခြင်းငှာ မစွမ်းနိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။

ဓမ္မသဘာဝပစ္စဝေက္ခဏေန ဝါ၊ တရားသဘောကို စူးစမ်းဆင်ခြင်ခြင်းဖြင့်လည်း ကောင်း။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ မနသိကရောတော၊ ဘာဝနာကို နှလုံးသွင်းသော ယောဂီအား။ တံ၊ ထိုသဒ္ဓိန္ဒြေသည်။ ဗလဝံ ဇာတံ၊ အားကြီး၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ အမနသိ ကာရေန ဝါ၊ ဘာဝနာကို နှလုံးမသွင်းသဖြင့်သည်းကောင်း။ ဟာပေတဗ္ဗံ၊ ယုတ်လျော့စေအပ်၏။ စ၊ ဆက်အံ့။ ဧတ္ထ၊ ဤသဒ္ဓိန္ဒြေလွန်ရာ၌။ ဝက္ကလိတ္ထေရ- ဝတ္ထု၊ ဝက္ကလိမထေရ်၏ဝတ္ထုသည်။ နိဒဿနံ၊ ဥဒါဟရဏ်ပေတည်း။ ပန၊ အဖို့ တပါးကား။ သစေ၊ အကယ်၍။ ဝီရိယိန္ဒြိယံ၊ ဝီရိယိန္ဒြေသည်၊ ဗလဝံ ဟောတိ၊ အားကောင်းငြားအံ့။ အထ၊ ထိုသို့ဖြစ်သော်။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေသည်၊ အဓိ- မောက္ခကိစ္စံ၊ ယုံကြည်ခြင်းကိစ္စကို။ ကာတုံ ပြုခြင်းငှာ။ နေဝ သက္ကောတိ၊ မစွမ်းနိုင်။ ဣတရာနိ၊ သတိန္ဒြေစသည်တို့သည်လည်း။ ဣတရကိစ္စဘေဒံ၊ အာရုံ သို့ကပ်၍ တည်ခြင်းကိစ္စအထူးကို။ ကာတုံ၊ ပြုခြင်းငှာ။ န သက္ကောန္တိ၊ မစွမ်း နိုင်ကြကုန်။ တသ္မာ၊ တို့ကြောင့်။ တံ၊ ထိုဝီရိယိန္ဒြေကို။ ပဿဒ္ဓါဒိဘာဝနာယ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်စသည်ကို ပွားစေခြင်းဖြင့်။ ဟာပေတဗ္ဗံ၊ ယုတ်လျော့စေအပ် ၏။ တတြာပိ၊ ထိုဝီရိယိန္ဒြေလွန်ရာ၌လည်း။ သောဏတ္ထေရဝတ္ထု၊ သောဏ မထေရ်၏ ဝတ္ထုကို။ ဒဿေတဗ္ဗံ၊ ပြအပ်၏။ ဧဝံ၊ ဤအတူပင်။ သေသေသုပိ၊ ကြွင်းသောဣန္ဒြေတို့တွင်လည်း။ ဧကဿ ဗလဝဘာဝေ၊ ဣန္ဒြေတပါး အား ကောင်းသည်၏ အဖြစ်သည်။ သတိ၊ ရှိသော်။ ဣတရေသံ၊ အခြားသော ဣန္ဒြေတို့၏။ အတ္တနော ကိစ္စေသု၊ မိမိကိစ္စတို့၌။ အသမတ္ထတာ၊ မစွမ်းဆောင် နိုင်ပုံကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ပန၊ အထူးကိုဆိုဦးအံ့။ ဝိသေသတော၊ အထူးအားဖြင့်။ ဧတ္ထ၊ ဤဣန္ဒြေငါးပါးတို့တွင်။ သဒ္ဓါပညာနံ၊ သဒ္ဓါနှင့်ပညာတို့ ၏လည်းကောင်း။ သမာဓိဝီရိယာနဉ္စ၊ သမာဓိနှင့် ဝီရိယတို့၏လည်းကောင်း။ သမတံ၊ မယုတ်မလွန်ညီမျှခြင်းကို။ အာစရိယာ၊ ဆရာတို့သည်။ (ထည့်)။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ယော၊ အကြင်သူ သည်။ (ထည့်)။ ဗလဝသဒ္ဓေါ၊ သဒ္ဓါအားကြီး၍၊ မန္ဒပညော၊ နုံ့သောပညာ ရှိ၏၊ သော၊ ထိုသူသည်။ (ထည့်)။ မုဒ္ဓပသန္နော ဟောတိ၊ အချည်းနှီးသော ပုဂ္ဂိုလ်၌ကြည်ညိုတတ်၏။ ဝါ၊ မစူးစမ်းပဲ မိုက်မဲစွာကြည်ညိုတတ်၏။အဝတ္ထုသ္မိံ၊ ကြည်ညိုဖွယ် မဟုတ်သောဝတ္ထု၌။ ပသီဒတိ၊ ကြည်ညိုတတ်၏။ ဗလဝပညော၊ ပညာအားကြီး၍ မန္ဒသဒ္ဓေါ၊ သဒ္ဓါအားနည်းသောသူသည်။ ကေရာဋိကပက္ခံ ဘဇတိ၊ ကောက်ကျစ်စဉ်းလဲသော အဖို့သို့ ရောက်တတ်၏။ ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါ ဝိယ၊ ရောဂါကဲ့သို့။ အတေကိစ္ဆော ဟောတိ၊ အကုအသ ခက်၏။ ဥဘိန္နံ၊ သဒ္ဓါနှင့်ပညာ နှစ်ပါးတို့၏။ သမတာယ၊ မယုတ် မလွန် မျှသောကြောင့်။ ဝတ္ထုသ္မိံ ယေဝ၊ ကြည်ညိုဖွယ်ရာဝတ္ထု၌သာလျှင်။ ပသီဒတိ၊ ကြည်ညိုတတ်၏။ ပန၊ အဖို့တပါးကား။ ဗလဝသမာဓိံ၊ သမာဓိအား

ကြီး၍။ မန္ဒဝီရိယံ၊ ဝီရိယအားနည်းသောသူကို။ သမာဓိဿ၊ သမာဓိ၏။ ကောသဇ္ဇပက္ခတ္တာ၊ ပျင်းရိသော အဖို့ရှိသောကြောင့်။ ကောသဇ္ဇံ၊ ပျင်းရိခြင်းသည်။ ဝါ၊ ပျင်းရိခြင်းက။ အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။ တနည်း။ သမာဓိဿ၊ သမာဓိ၏။ ကောသဇ္ဇပက္ခတ္တာ၊ ပျင်းရိသောအဖို့ရှိသောကြောင့်။ ဗလဝသမာဓိံ၊ သမာဓိအားကြီး၍။ မန္ဒဝီရိယံ၊ ဝီရိယအားနည်းသောသူကို။ ကောသဇ္ဇံ၊ ပျင်းရိခြင်းသည်။ ဝါ၊ ပျင်းရိခြင်းက။ အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။ ဗလဝဝီရိယံ၊ ဝီရိယအားကြီး၍။ မန္ဒသမာဓိံ၊ သမာဓိအားနည်းသောသူကို။ ဝီရိယဿ၊ ဝီရိယ၏။ ဥဒ္ဓစ္စပက္ခတ္တာ၊ ပျံ့လွင့်သော အဖို့ရှိသောကြောင့်။ ဥဒ္ဓစ္စံ၊ ပျံ့လွင့်မှု ဥဒ္ဓစ္စသည်။ ဝါ၊ ပျံ့လွင့်မှု ဥဒ္ဓစ္စက။ အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။ တနည်း။ ဝီရိယဿ၊ ဝီရိယ၏။ ဥဒ္ဓစ္စပက္ခတ္တာ၊ ပျံ့လွင့်သော အဖို့ရှိသောကြောင့်။ ဗလဝဝီရိယံ၊ ဝီရိယအားကြီး၍။ မန္ဒသမာဓိံ၊ သမာဓိအားနည်းသူကို။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ ဝါ၊ ဥဒ္ဓစ္စက။ အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။ ပန၊ အလျော်ကိုဆိုအံ့။ ဝီရိယေန၊ ဝီရိယနှင့်။ သံယောဇိတော၊ ကောင်းစွာယှဉ်သော။ သမာဓိ၊ သမာဓိသည်။ ကောသဇ္ဇေ၊ ပျင်းရိခြင်း၌။ ပတိတုံ၊ ကျခြင်းငှာ။ န လဘတိ၊ အခွင့်မရပေ။ သမာဓိနာ၊ သမာဓိနှင့်။ သံယောဇိတံ၊ ယှဉ်သော။ ဝီရိယံ၊ ဝီရိယသည်။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်ခြင်း၌။ ပတိတုံ၊ ကျခြင်းငှာ။ န လဘတိ၊ မရ။ တသ္မာ၊ ထို့ကြောင့်။ တဒုဘယံ၊ သဒ္ဓါနှင့် ပညာနှစ်ပါး, ဝီရိယနှင့် သမာဓိနှစ်ပါးအပေါင်းကို။ သမံ၊ တူသောကိစ္စရှိသည်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ဟိ၊ အကျိုးကိုဆိုအံ့။ ဥဘယသမတာယ၊ သဒ္ဓါနှင့် ပညာနှစ်ပါး, ဝီရိယနှင့် သမာဓိ နှစ်ပါး မျှကြသည်၏ အဖြစ်ကြောင့်။ အပ္ပနာ၊ အပ္ပနာသည်။ ဟောတိ၊ ဖြစ်၏။ အပိ စ၊ တနည်းသော်ကား။ သမာဓိကမ္မိကဿ၊ သမထအလုပ်ကိုအားထုတ်သူအား။ ဗလဝတီ၊ အားကြီးသော။ သဒ္ဓါပိ၊ သဒ္ဓါသည်လည်း။ ဝဋ္ဋတိ၊ သင့်၏။ ဧဝံ၊ ဤသို့ သဒ္ဓါအားကြီးလျှင်။ သဒ္ဒဟန္တော၊ မြတ်စွာဘုရားဟောတော်မူသော အစီအရင်သည် မချွတ်ပြည့်စုံပေလိမ့်မည်ဟု ယုံကြည်သည်ဖြစ်၍။ ဩကပ္ပေန္တော၊ အာရုံသို့ စွပ်စွပ်မြုပ်အောင် သက်ဝင်သည်ဖြစ်၍။ အပ္ပနံ ပါပုဏိဿတိ၊ အပ္ပနာသို့ ရောက်ပေလိမ့်မည်။ ပန၊ အဖို့တပါးကား။ သမာဓိပညာသု၊ သမာဓိ, ပညာတို့တွင်။ သမာဓိကမ္မိကဿ၊ သမထကမ္မဋ္ဌာန်းကို အားထုတ်သောသူအား။ ဧကဂ္ဂတာ ဗလဝတီ၊ သမာဓိအားကောင်းလျှင်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့သမာဓိအားကောင်းသည်ရှိသော်။ သော၊ ထိုသမထကို အားထုတ်သောယောဂီသည်။ အပ္ပနံ ပါပုဏာတိ၊ အပ္ပနာသို့ရောက်၏။ ဝိပဿနာကမ္မိကဿ၊ ဝိပဿနာအလုပ်ကို အားထုတ်သောယောဂီအား။ ပညာ ဗလဝတီ၊ ပညာအားကောင်းလျှင်။ ဝဋ္ဋတိ၊ သင့်

လျော်၏။ ဟိ၊ အကျိုးကား။ ဝေ၊ ဤသို့ပညာအားကောင်းသည်ရှိသော်။ သော၊ ထိုဝိပဿနာကိုအားထုတ်သော ယောဂီသည်။ လက္ခဏပဋိဝေဓေ၊ အနိစ္စအစရှိသော လက္ခဏာကို ထိုးထွင်းသိမြင်ခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ပန၊ ဆက်အံ့။ ဥဘိန္နံ သမတ္တာယပိ၊ သမာဓိ ပညာ နှစ်ပါးစုံတို့၏ ညီမျှသည်၏အဖြစ်ဖြင့်လည်း။ အပ္ပနာ ဟောတိယေဝ၊ အပ္ပနာဖြစ်သည်သာလျှင်တည်း။ ပန၊ အထူးကိုဆိုအံ့။ သဗ္ဗတ္ထ၊ အလုံးစုံသော သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့၌။ သတိ၊ သတိသည်။ ဗလဝတီ၊ အားကောင်းလျှင်။ ဝဋ္ဋတိ၊ သင့်လျော်၏။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သတိ၊ အားကောင်းသောသတိသည်။ စိတ္တံ၊စိတ်ကို။ ဥဒ္ဓစ္စပက္ခိကာနံ၊ ဥဒ္ဓစ္စအဖို့ရှိကုန်သော။ သဒ္ဓါဝီရိယပညာနံ ဝသေန၊ သဒ္ဓါ ဝီရိယနှင့် ပညာတို့၏ အစွမ်းအားဖြင့်၊ ဥဒ္ဓစ္စပါတတော၊ ပျံ့လွင့်ခြင်းအဖို့၌ကျခြင်းမှ။ ရက္ခတိ၊ စောင့်ရှောက်၏။ ကောသဇ္ဇပက္ခေန၊ ပျင်းရိမှုအဖို့ရှိသော၊ သမာဓိနာ၊ သမာဓိကြောင့်။ ကောသဇ္ဇပါတတော၊ ပျင်းရိမှု၌ ကျခြင်းမှ။ ရက္ခတိ၊ စောင့်ရှောက်၏။ တသ္မာ၊ ထို့ကြောင့်။ သာ၊ ထိုသတိကို။ သဗ္ဗဗျဉ္ဇနေသု၊ အလုံးစုံသော ဟင်းလျာတို့၌။ လောဏဓူပနံ၊ ဆားခပ်ခြင်းကို။ ဣစ္ဆိတဗ္ဗံ ဝိယ၊ အလိုရှိအပ်သကဲ့သို့လည်းကောင်း။ သဗ္ဗရာဇကိစ္စေသု၊ မင်းမှုအားလုံးတို့၌။ သဗ္ဗကမ္မိကအမစ္စော၊ အမှုကိစ္စအားလုံးကို သိနားလည်သောအမတ်ကြီးကို။ ဣစ္ဆိတဗ္ဗော ဝိယ စ၊ အလိုရှိအပ်သကဲ့သို့လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသောကမ္မဋ္ဌာန်းတို့၌။ ဝါ၊ အလုံးစုံသော တွန့်ဆုတ်ခြင်း, ပျံ့လွင့်ခြင်း အဖို့တို့၌။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။ တေန၊ ထို့ကြောင့်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ (ထည့်)။ "သတိ စ ပန၊ သတိကိုမူကား။ သဗ္ဗတ္ထိကာ၊ အလုံးစုံ၌ ယှဉ်စေအပ်၏ဟု။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်သနည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ စိတ္တံ၊ ကုသိုလ်စိတ်သည်။ သတိပဋိသရဏံ၊ သတိလျှင် ကိုးကွယ်လည်းလျောင်းရာရှိ၏။ သတိ စ၊ သတိသည်လည်း။ အာရက္ခပစ္စုပဋ္ဌာနာ၊ စောင့်ရှောက်တတ်သောတရားဟု ဉာဏ်အားရှေ့ရှုထင်တတ်၏။ သတိယာ၊ သတိနှင့်။ ဝိနာ၊ ကင်း၍။ စိတ္တဿ၊ စိတ်ကို။ ပဂ္ဂဟနိဂ္ဂဟော၊ပင့်မြှောက်ခြင်း,နှိပ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ထို့ကြောင့်။ သဗ္ဗတ္ထိကာ၊ အလုံးစုံ၌ယှဉ်စေအပ်၏ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ (ပြန်စပ်)။ (၂)

၆၃။ ပထဝီကသိဏာဒိကဿ၊ ပထဝီကသိုဏ်းအစရှိသော။ အကတဿ၊မပြုရသေးသော။ စိတ္တေကဂ္ဂတာနိမိတ္တဿ၊ စိတ္တေကဂ္ဂတာ၏အာရုံနိမိတ်ကို၊ကရဏကောသလ္လဉ္စ၊ ပြုခြင်း၌ လိမ္မာခြင်းသည်လည်းကောင်း။ ကတဿ၊ ပြုအပ်ပြီးသော။ စိတ္တေကဂ္ဂတာနိမိတ္တဿ၊ စိတ္တေကဂ္ဂတာ၏အာရုံနိမိတ်ကို။ (လိုက်ပါ)။

ဘာဝနာကောသလ္လဥ္စ၊ ပွားစေခြင်း၌ လိမ္မာခြင်းသည်လည်းကောင်း။ ဘာဝ-နာယ၊ ကသိုဏ်းနိမိတ်ကို ပွားစေခြင်းဖြင့်။ လဒ္ဓဿ၊ ရအပ်ပြီးသော။ စိတ္တေ-ကဂ္ဂတာနိမိတ္တဿ၊ စိတ္တေကဂ္ဂတာ၏ အာရုံနိမိတ်ကို။ (လိုက်)။ ရက္ခဏကောသလ္လဥ္စ၊ စောင့်ရှောက်ခြင်း၌ လိမ္မာခြင်းသည်လည်းကောင်း။ နိမိတ္တကော-သလ္လံ နာမ၊ နိမိတ်၌လိမ္မာခြင်းမည်၏။ တံ၊ ထိုအနက်အဓိပ္ပါယ်ကို။ ဣဓ၊ ဤအရာ၌။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ (၃)

(၁၂၇) ၆၄။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဟေတဗ္ဗံ၊ ပင့်မြှောက်အပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ကထဥ္စ၊ အဘယ်သို့လျှင်။ ပဂ္ဂဏှာတိ၊ ပင့်မြှောက်သနည်း။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ ဘာဝနာစိတ်သည်။ အတိသိထိလဝီရိယတာဒီဟိ၊ ဝီရိယအလွန်လျော့ခြင်းစသည်တို့ကြောင့်။ လီနံ၊ တွန့်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါဒယော၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်အစရှိကုန်သော။ တယော၊ သုံးပါးသောသမ္ဗောဇ္ဈင်တို့ကို။ အဘာဝေတွာ၊ မပွားများမူ၍။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါဒယော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်စသည်တို့ကို။ ဘာဝေတိ၊ ပွားစေ၏။ ဟိ၊ မှန်၏။ ဝေတံ၊ ဤဆိုလတ္တံ့သောစကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်–

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိ-သော၊ ယောကျ်ားသည်။ ပရိတ္တံ အဂ္ဂိံ၊ အနည်းငယ်သောမီးကို။ ဥဇ္ဇာလေတုကာမော၊ တောက်လောင်စေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုယောကျ်ားသည်။ တတ္ထ၊ ထိုအနည်းငယ်သောမီး၌။ အလ္လာနိ တိဏာနိ စေဝ၊ မြက်စိုတို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ အလ္လာနိ ဂေါမယာနိ စေဝ၊ နွားချေးစိုတို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ အလ္လာနိ ကဋ္ဌာနိ စ၊ ထင်းစိုတို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ ဥဒကဝါတဥ္စ၊ ရေနှင့်ရောသောလေကိုလည်း။ ဒဒေယျ၊ ပေးရာ၏။ ပံသုကေန စ၊ မြေမှုန့်ဖြင့်လည်း။ ဩကိရေယျ၊ ဖြူးပေးရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ပရိတ္တံ အဂ္ဂိံ၊ အနည်းငယ်သောမီးကို။ ဥဇ္ဇာလေတုံ၊ တောက်လောင်စေခြင်းငှာ။ ဘဗ္ဗော နု ခေါ၊ ထိုက်အံ့လော။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤသို့ တောက်လောင်စေခြင်းသည်။ နော ဟိ ဘဗ္ဗော၊ မထိုက်ပါဘုရား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ဤအတူ သာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ (လိုက်) စိတ္တံ၊ စိတ်သည်။ လီနံ ဟောတိ၊ တွန့်ဆုတ်၏။ တသ္မိံ သမယေ၊ ထို

အခါ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ အကာလော၊သင့်လျော်သောအခါမဟုတ်ပေ။ သမာဓိသမ္ဗောဇ္ဈင်္ဂဿ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ အကာလော၊ သင့်လျော်သောအခါမဟုတ်ပေ။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ အကာလော၊ အခါမဟုတ်ပေ။ တံ၊ ထိုသို့ သင့်လျော်သောအခါ မဟုတ်ခြင်းသည်။ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။စိတ္တံ၊ စိတ်သည်၊ လီနံ ဟောတိ၊ တွန့်ဆုတ်၏။ တံ၊ ထိုတွန့်ဆုတ်သောစိတ်ကို။ ဝါ၊ သည်။ ဧတေဟိ ဓမ္မေဟိ၊ ထိုပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင်တရားတို့ဖြင့်။ ဒုသမုဋ္ဌာပယံ ဟောတိ၊ မထစေနိုင်။ တနည်း။ ဒုသမုဋ္ဌာပယံ၊ ထစေနိုင်ခဲသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်ဆုတ်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ ကာလော၊ သင့်လျော်သောအခါပေတည်း။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ ကာလော၊ သင့်လျော်သော အခါပေတည်း။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ ကာလော၊ သင့်လျော်သောအခါပေတည်း။ တံ၊ ထိုသို့သင့်လျော်သောအခါဟုတ်ခြင်းသည်။ ကိဿ ဟေတု၊အဘယ်ကြောင့်ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်၊ လီနံ ဟောတိ၊ တွန့်ဆုတ်၏။ တံ၊ ထိုတွန့်သောစိတ်ကို။ ဝါ၊ ထိုတွန့်သောစိတ်သည်။ဧတေဟိ ဓမ္မေဟိ၊ ထိုဓမ္မဝိစယ, ဝီရိယ, ပီတိ သမ္ဗောဇ္ဈင်တို့ဖြင့်။ သုသမုဋ္ဌာပယံ၊ လွယ်ကူစွာထစေနိုင်သည်။ ဟောတိ၊ဖြစ်၏။ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ ပရိတ္တံ အဂ္ဂိံ၊ အနည်းငယ်သောမီးကို။ ဥဇ္ဇာလေတုကာမော၊ တောက်လောင်စေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုယောကျ်ားသည်။ တတ္ထ၊ ထိုအနည်းငယ်သောမီး၌။ သုက္ခာနိ တိဏာနိစေဝ၊ မြက်ခြောက်တို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိ ဂေါမယာနိ စ၊ နွားချေးခြောက်တို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိ ကဋ္ဌာနိ၊ ထင်းခြောက်တို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ မုခဝါတဉ္စ၊ နှုတ်ဖြင့်မှုတ်သောလေကိုလည်း။ ဒဒေယျ၊ ပေးရာ၏။ ပံသုကေန၊ မြေမှုန့်ဖြင့်ကား။ န ဩကိရေယျ၊ ဖြူးထည့်မပေးရာ။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ပုရိသော၊ ထိုယောကျ်ားသည်၊ ပရိတ္တံ အဂ္ဂိံ၊ အနည်းငယ်

သောမိီးကို၊ ဥဇ္ဇုလေတုံ၊ တောက်လောင်စေခြင်းငှါ။ ဘမ္ဗော နု ခေါ၊ ထိုက်အံ့လော။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့တောက်လောင်စေခြင်းသည်။ ဧဝံ၊ ဤသို့ဟောတော်မူတိုင်း တောက်သောင် စေခြင်းငှာ ဖြစ်နိုင်ပါသည်ဘုရား။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

စ၊ ဆက်အံ့။ တွေ၊ ဤသို့ပွားစေရာ၌။ ယထာသကမာဟာရဝသေန၊ မိမိ မိမိ၏ အကြောင်း၏အစွမ်းဖြင့်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါဒီနံ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်စသည်တို့ကို။ ဘာဝနာ၊ ပွားစေခြင်းကို၊ ဝေဒိတဗ္ဗာ၊ သိထိုက်၏။ ဟိ၊ မှန်၏။ တော၊ ဤဆိုလတ္တံ့သော်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏—

ဘိက္ခဝေ၊ ရဟန်းတို့၊ ကုသလာကုသလာ ဓမ္မာ၊ ကုသိုလ်, အကုသိုလ်တရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ သာဝဇ္ဇာနဝဇ္ဇာ ဓမ္မာ၊ အပြစ်ရှိ, အပြစ်မဲ့တရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဟီနပဏီ-တာ ဓမ္မာ၊ ယုတ်ညံ့သောတရား, မွန်မြတ်သောတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ကဏှသုက္ကသပ္ပဋိဘာဂါ ဓမ္မာ၊ မည်းညစ်, ဖြူစင်ကုန်သောတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုကုသိုလ်စသောတရားတို့၌။ ယောနိသော၊ လမ်းမှန်သောအကြောင်းဖြင့်။ မနသိကာရဗဟုလီကာရော၊ နှလုံးသွင်းခြင်းကို များစွာပြုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤများစွာပြုခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏လည်း။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ဓမ္မ-ဝိစယသမ္ဗောဇ္ဈင်၏လည်း။ (၁၂၈) ဘိယျော ဘာဝါယ၊ လွန်စွာအဖန်တလဲလဲဖြစ်ခြင်းငှာလည်းကောင်း။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှာလည်းကောင်း။ ဘာဝနာယ၊ ပွားခြင်းငှာလည်းကောင်း။ ပါရိပူရိယာ၊ ထက်ဝန်းကျင် ပြည့်စုံခြင်းငှာလည်းကောင်း။ ယသ္မာ၊ အကြင်ကြောင့်။ သံဝတ္တတိ၊ ဖြစ်၏၊ တသ္မာ၊ ထိုကြောင့်။ အာဟာရော၊ အကြောင်းမည်၏။ ဝါ၊ အကြောင်းပေတည်း။

တထာ၊ ထို့အတူပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ အာရမ္ဘဓာတု၊ စတင်၍ အားထုတ်ခြင်းဟူသော အာရမ္ဘဓာတ်သည်။ နိက္ကမဓာတု၊ ပျင်းရိခြင်းမှ ထွက်မြောက်အောင် အားထုတ်ခြင်းဟူသော နိက္ကမဓာတ်သည်။ ပရက္ကမဓာတု၊ အဆင့်ဆင့်တိုးတက်၍ အားထုတ်ခြင်းဟူသော ပရက္ကမဓာတ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုအားထုတ်မှုဓာတ်သုံးပါး၌။ ယောနိသော၊ အကြောင်းမှန် လမ်းမှန်ဖြင့်။ မနသိကာရဗဟုလီကာရော၊ နှလုံးသွင်းမှုကို များစွာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤများစွာ

သော နှလုံးသွင်းခြင်းသည်။ အနုပ္ပန္နသ၊ မဖြစ်သေးသော။ ဝီရိယ-သမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ဝီရိယသမ္ဗောဇ္ဈင်၏လည်း။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ဝီရိယသမ္ဗောဇ္ဈင်၏လည်း။ ဘိယျော ဘာဝါယ၊ လွန်စွာ အဖန်တလဲလဲ ဖြစ်ခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှာ။ ဘာဝနာယ၊ ပွားများမှုဘာဝနာ၏။ ပါရိပူရိယာ၊ ထက်ဝန်းကျင်ပြည့်စုံခြင်းငှာ။ ယသ္မာ၊ အကြင်ကြောင့်။ သံဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အကြောင်းပေတည်း။

တထာ၊ ထိုမှတပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ ပီတိသမ္ဗောဇ္ဈင်္ဂဋ္ဌာနိယာ ဓမ္မာ၊ နောက်နောက်သော ပီတိသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့၌။ ယောနိသော၊ အကြောင်းမှန် လမ်းမှန်အားဖြင့်။ မနသိကာရဗဟုလီကာရော၊ နှလုံးသွင်းမှုကို များစွာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤများစွာ နှလုံးသွင်းခြင်းသည်။ အနုပ္ပန္နဿ၊ မဖြစ်သေးသော။ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ပီတိသမ္ဗောဇ္ဈင်၏လည်းကောင်း။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ ဥပ္ပန္နဿ၊ ဖြစ်ပြီးသော။ ပီတိသမ္ဗော-ဇ္ဈင်္ဂဿ ဝါ၊ ပီတိသမ္ဗောဇ္ဈင်၏လည်းကောင်း။ ဘိယျော ဘာဝါယ၊ အဖန်ဖန် အထပ်ထပ်ဖြစ်ခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှာ။ ဘာဝနာယ ပါရိပူရိယာ၊ ဘာဝနာ၏ ထက်ဝန်းကျင် ပြည့်စုံခြင်းငှာ။ ယသ္မာ၊ အကြင်ကြောင့်။ သံဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အကြောင်းပေတည်း။

တတ္ထ၊ ထိုစကားရပ်၌။ သဘာဝသာမညလက္ခဏပဋိဝေဓဝသေန၊ သဘာဝလက္ခဏာ, သာမညလက္ခဏာကို ထိုးထွင်း၍ သိခြင်း၏ အစွမ်းအားဖြင့်။ ပဝတ္တမနသိကာရော၊ ဖြစ်သော နှလုံးသွင်းမှုသည်။ ကုသလာဒီသု၊ ကုသိုလ် အစရှိသော တရားတို့၌။ ယောနိသော မနသိကာရော နာမ၊ အကြောင်းမှန်, လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းမည်၏။ အာရမ္ဘဓာတုအာဒီနံ၊ အာရဗ္ဘဓာတ် စသည်တို့ကို။ ဥပ္ပါဒန-ဝသေန၊ ဖြစ်စေသောအားဖြင့်။ ပဝတ္တမနသိကာရော၊ ဖြစ် သော နှလုံးသွင်းခြင်းသည်။ အာရမ္ဘဓာတုအာဒီသု၊ အာရဗ္ဘဓာတ်စသည်တို့၌။ ယောနိသော မနသိကာရော နာမ၊ အကြောင်းမှန်, လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းမည်၏။ တတ္ထ၊ ထိုအာရဗ္ဘဓာတ် စသည်တို့တွင်။ ပဌမ-ဝီရိယံ၊ စတင်၍ အားထုတ်ခြင်း ဝီရိယကို။ အာရမ္ဘဓာတူတိ၊ အာရဗ္ဘဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကောသဇ္ဇတော၊ ပျင်းရိခြင်းမှ။

နိက္ခန္တတ္တာ၊ ထွက်မြောက်နိုင်သည်၏ အဖြစ်ကြောင့်။ တတော၊ ထိုအာရဗ္ဘဝီရိယထက်။ ဗလဝတရံ၊ သာ၍ အားကောင်းသော အားထုတ်မှု ဝီရိယကို။ နိက္ကမဓာတုတိ၊ နိက္ကမဓာတ်ဟူ။ ဝုစ္စတိ၊ ဆိုအပ်၏။ ပရံ ပရံ ဌာနံ၊ အဆင့်ဆင့် မြင့်သည်ထက်မြင့်သော အရာဌာနသို့။ အက္ကမနတော၊ အဆင့်ဆင့် တိုးတက်သွားသောကြောင့်။ တတောပိ၊ ထိုနိက္ကမဓာတ်ထက်လည်း။ ဗလဝတရံ၊ သာ၍ အားကောင်းသော အားထုတ်မှု ဝီရိယကို။ ပရက္ကမဓာတုတိ၊ ပရက္ကမဓာတ်ဟူ။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ အဖွင့်တပါးကား။ ပီတိသမ္ဗောဇ္ဈင်္ဂဋ္ဌာနိယာ ဓမ္မာတိ စတော်၊ ပီတိသမ္ဗောဇ္ဈင်္ဂဋ္ဌာနိယာ ဓမ္မာ ဟူသော ဤအမည်သည်။ ပီတိယာ ဧဝ နာမံ၊ ရှေးရှေးပီတိ၏ အမည်သည်သာလျှင်တည်း။ တဿာပိ၊ ထိုပီတိ၏လည်း။ ယောနိသော မနသိကာရော နာမ၊ ယောနိသော မနသိကာရမည်သည်မှာ။ ဝါ၊ အကြောင်းမှန်, လမ်းမှန်အားဖြင့် နှလုံးသွင်းခြင်းမည်သည်မှာလည်း။ ဥပ္ပါဒကမနသိကာရော၊ ထိုပီတိကို ဖြစ်စေတတ်သော နှလုံးသွင်းမှုသာလျှင် ဖြစ်ပေ၏။

အပိ စ၊ တနည်းသော်ကား။ ပရိပုစ္ဆကတာ၊ အနက်အဓိပ္ပာယ်ကို မေးမြန်းတတ်သည်၏ အဖြစ်လည်းကောင်း။ ၂ ဝတ္ထုဝိသဒကိရိယာ၊ အတွင်း အပြင် ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုခြင်းလည်းကောင်း။ ဣန္ဒြိယသမတ္တပဋိပါဒနာ၊ သဒ္ဓါစသော ဣန္ဒြေတို့၏ ညီမျှခြင်းကို ပြီးစေခြင်းလည်းကောင်း။ ဒုပ္ပညပုဂ္ဂလပရိဝဇ္ဇနာ၊ ပညာမဲ့သော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်းလည်းကောင်း။ ပညဝန္တပုဂ္ဂလသေဝနာ၊ ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းလည်းကောင်း။ ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာ၊ ဉာဏ်နက်နဲသော သူတို့သာ ကျက်စားနိုင်သော ခန္ဓာ, အာယတန စသည်တို့ကို ဆင်ခြင်ခြင်းလည်းကောင်း။ တဒဓိမုတ္တတာ၊ ပညာ ဟူသော ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂ၌ စိတ်နှလုံး ညွတ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တ ဓမ္မာ၊ တရားခုနစ်ပါးတို့သည်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

အပါယာဒိဘယပစ္စဝေက္ခဏတာ၊ အပါယ် အစရှိသော ဘေးကို ဆင်ခြင်လေ့ရှိသော သူ၏ အဖြစ်သည်လည်းကောင်း။ ဝီရိယာယတ္တ-လောကိယလောကုတ္တရဝိသေသာဓိဂမာနိသံသဒဿိတာ၊ ဝီရိယနှင့် စပ်၍ လောကီ, လောကုတ္တရာတရားထူးကို ရခြင်းဟူသော အကျိုးကို ရှုလေ့ရှိသောသူ၏ အဖြစ်သည်လည်းကောင်း။ ဗုဒ္ဓပစ္စေကဗုဒ္ဓမဟာ-သာဝကေဟိ၊ဘုရား ပစ္စေကဗုဒ္ဓါနှင့် မဟာသာဝကတို့သည်။ ဂတမဂ္ဂေါ၊

သွားထားသော လမ်းကို။ မယာ၊ ငါသည်။ ဂန္တဗ္ဗော၊ သွားသင့်ပေ၏။ သော စ၊ ထိုလမ်းကိုလည်း။ ကုသီတေန၊ ပျင်းရိသော သူသည်။ ဂန္တုံ၊ သွားခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်။ ဣတိ ဧဝံ၊ ဤသို့။ ဂမနဝီထိပစ္စဝေက္ခဏတာ၊ သွားအပ်သော ခရီးလမ်းဟု ဆိုအပ်သော အကျင့် လမ်းစဉ်ကို ဆင်ခြင်လေ့ရှိသည်၏ အဖြစ် လည်း ကောင်း။ ဒါယကာနံ၊ ဒါယကာတို့၏၊ မဟပ္ဖလဘာဝကရဏတာန၊ ကောင်းမှုကို အကျိုးကြီးအောင် ပြုခြင်းဖြင့်။ ပိဏ္ဍာပစာယနတာ၊ ဆွမ်းကို အတုံ့ ပြန်၍ ပူဇော်သည်၏ အဖြစ်လည်းကောင်း။ မေ၊ ငါ၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရားသည်။ ဝီရိယာရဗ္ဘဿ၊ ဝီရိယကို မြဲစွာအားထုတ်ခြင်း၏။ ဂုဏဝါဒီ၊ ဂုဏ်ကျေးဇူးကို ချီးမွမ်း တော်မူ၏။ သော စ၊ ထိုကျေးဇူးကို ဆိုလေ့ရှိသော ငါတို့ဆရာ မြတ်စွာဘုရားသည်လည်း။ အနတိက္ကမနီယသာသနော၊ မလွန်ကျူးအပ် သော အဆုံးအမရှိတော်မူ၏။ အမှာကဉ္စ၊ ငါတို့အားလည်း "ဗဟူပကာ- ရော၊ များစွာ ကျေးဇူးရှိပေ၏။ ပဋိပတ္တိယာ စ၊ အကျင့်ဖြင့်လည်း။ ပူဇိယမာနော၊ ပူဇော်အပ်သည်ရှိသော်။ ပူဇိတော ဟောတိ၊ ကောင်း စွာပူဇော်သည်မည်ပေ၏။ ဝါ၊ ကောင်းစွာ ပူဇော်ရာ ရောက်ပေမည်။" ဣတရထာ၊ အာမိသပူဇာဖြင့်။ ပူဇိတော သုပူဇိတော၊ ကောင်းစွာ ပူဇော်သည်မည်သည်။ န ဟောတိ၊ မဖြစ်ပေ။ ဣတိ ဧဝံ၊ ဤသို့။ (၁၂၉) သတ္ထုမဟတ္တပစ္စဝေက္ခဏတာ၊ ဆရာဖြစ်တော်မူသော မြတ်စွာ ဘုရား၏ မြင့်မြတ်ပုံကို ဆင်ခြင်လေ့ရှိလည်း၏ဒ. ဖြစ်လည်းကောင်း။ "မေ၊ ငါသည်။ သဒ္ဓမ္မသင်္ခါတံ၊ သူတော်ကောင်းတရားဟု ဆိုအပ်သော။ မဟာဒါယဇ္ဇံ၊ မြတ်သောအမွေကို။ ဂဟေတဗ္ဗံ၊ ခံယူသင့်ပေ၏။ တဉ္စ၊ ထိုအမွေကိုလည်း။ ကုသီတေန၊ ပျင်းရိပေါ့တန်သော သူသည်။ ဂဟေတုံ၊ ခံယူခြင်းငှာ။ န သက္ကာ၊ မတတ်ကောင်း။ ဝါ၊ မစွမ်းနိုင်ပေ။ ဣတိ ဧဝံ၊ ဤသို့။ ဒါယဇ္ဇမဟတ္တပစ္စဝေက္ခဏဘာ၊ သူတော်ကောင်းတရား တည်းဟူသော အမွေ၏ မြင့်မြတ်ပုံကို ဆင်ခြင်လေ့ရှိသော သူ၏ အဖြစ်လည်းကောင်း။ အာ လော က သညာ မ နသိကာရဣရိယာပထ- ပရိဝတ္တ န အဗ္ဘောကာသသေဝနာဒီဟိ၊ အရောင်အလင်း၌ ဖြစ်ဖူးသော သညာကို နှလုံးသွင်းခြင်း ဣရိယာပုထ်ပြောင်းလဲခြင်း, ဟင်းလင်းပြင်၌ နေခြင်း စသည်တို့ဖြင့်။ (ဤအရာ၌ စ·သဒ္ဒါဖြင့် အင်္ဂုတ္တရနိကာယ် သတ္တကနိပါတ် နှာ (၄၆၁) ပစလာယမာနသုတ်၌ မြတ်စွာဘုရား ဟော ထားသော တရားခုနစ်မျိုးတို့ဘင် ခြောက်ခုမြောက် အရောင်အလင်း၌ အမှတ်သညာကို နှလုံးသွင်းခြင်းမှတပါး ခြောက်နည်းကို ယူအပ်၏။) ထိနမိဒ္ဓဝိနောဒနတာ၊ ထိနမိဒ္ဓကို ဖျောက်လေ့ရှိသောသူ၏ အဖြစ်

လည်းကောင်း။ ကုသီတပုဂ္ဂလပရိဝဇ္ဇနတာ၊ ပျင်းရိပေါ့တန်သော သူကို ရှောင်ကြဉ်သည်၏ အဖြစ်လည်းကောင်း။ အာရဒ္ဓဝီရိယပုဂ္ဂလသေဝနတာ၊ ဝီရိယကို မြဲမြံစွာ အားထုတ်သော ပုဂ္ဂိုလ်ကို မပြတ် မှီဝဲဆည်းကပ်နေလေ့ရှိသည်၏ အဖြစ်လည်းကောင်း။ သမ္မပ္ပဓာနပစ္စဝေက္ခဏတာ၊ သမ္မပ္ပဓာန်၏ အာနုဘော်ကို ဆင်ခြင်ခြင်းလည်းကောင်း။ တဒဓိမုတ္တတာ၊ထိုဝီရိယသမ္ဗောဇ္ဈင်၌ စိတ်နှလုံးညွတ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဧကာဒသဓမ္မာ၊ တဆယ့်တပါးသော တရားတို့သည်။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓါနုဿတိသည်းကောင်း။ ဓမ္မ,သံဃ,သီလ,စာဂ,ဒေဝတာ,ဥပသမာနုဿတိ၊ဓမ္မာနုဿတိ,သံဃာနုဿတိ,သီလာနုဿတိ,စာဂါနုဿတိ,ဒေဝတာနုဿတိ,ဥပသမာနုဿတိလည်းကောင်း။ လူခပုဂ္ဂလပရိဝဇ္ဇနတာ၊ ရတနာသုံးပါး၌ ကြည်ညိုမှု အဆီအစေး ခြောက်ခန်းသဖြင့် စိတ်နှလုံးကြမ်းတမ်းသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်တတ်သည်၏အဖြစ်လည်းကောင်း။ သိနိဒ္ဓပုဂ္ဂလသေဝနတာ၊ ရတနာသုံးပါး၌ ကြည်ညိုမှု အဆီအစေးရှိသဖြင့် စိတ်နှလုံး နူးညံ့ညက်ညောသော ပုဂ္ဂိုလ်ကို မှီဝဲလေ့ရှိသည်၏ အဖြစ်လည်းကောင်း။ ပသာဒနီယသုတ္တန္တပစ္စဝေက္ခဏတာ၊ ကြည်ညိုဖွယ်ကောင်းသော သုတ်တို့ကို ဆင်ခြင်လေ့ရှိသည်၏ အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ထို ပီတိသမ္ဗောဇ္ဈင်၌ စိတ်နှလုံးညွတ်ကိုင်းသောသူ၏ အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဧကာဒသဓမ္မာ၊ တဆယ့်တပါးသော တရားတို့သည်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်၏။ဥပ္ပါဒါယ၊ ဖြစ်စေရန်အလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ ဤသို့။ ဣမေဟိ အာကာရေဟိ၊ ဤဆိုအပ်ခဲ့ပြီးသော အကြောင်းတို့ဖြင့်။ ဧတေ ဓမ္မေ၊ ဤဆိုအပ်ခဲ့ပြီးသော တရားတို့ကို။ ဥပ္ပါဒေန္တော၊ ဖြစ်စေသော ယောဂီသည်။ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂါဒယော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်စသည်တို့ကို။ ဘာဝေတိ နာမ၊ ပွားစေသည်မည်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဟေတဗ္ဗံ၊ ပင့်မြှောက်အပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ပင့်မြှောက်သည် မည်၏။

၆၅။ ကထံ၊အဘယ်သို့လျှင်။ ယသ္မိံ သမယေ၊အကြင်အခါ၌။စိတ္တံ၊ စိတ်ကို။ နိဂ္ဂဟေတဗ္ဗံ၊ နှိပ်အပ်သနည်း။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ နှိပ်သည်မည်သနည်း။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ စိတ္တံ၊ စိတ်သည်။ အစ္စာရဒ္ဓဝီရိယတာဒီဟိ၊ အားထုတ်လွန်းသော ဝီရိယရှိသည်၏

အဖြစ် စ သည်တို့ဖြင့်။ ဥဒ္ဓတံ ဟောတိ၊ ပျံ့လွင့်၏။ တဒါ၊ ထိုအခါ၌။ ဓမ္မဝိစယ-သမ္ဗောဇ္ဈင် ါဒယော၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် အစရှိကုန်သော။ တယော၊ သုံးပါးတို့ကို။ အဘာဝေတွာ၊ မပွားစေမူ၍။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါဒယော၊ ပဿဒ္ဓိ-သမ္ဗောဇ္ဈင် အစရှိသည်တို့ကို။ ဘာဝေတိ၊ ပွားစေ၏။ တသ္မိံ သမယေ၊ ထို အခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ နှိပ်သည်မည်၏။ ဟိ၊ မှန်၏။ ဝေါ၊ ဤဆိုလတ္တံ့သော စကားကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏—

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာသော်ကား။ ပုရိသော၊ ယောကျ်ားသည်။ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ ကြီးမားပွားသောမီးပုံကို။ နိဗ္ဗာ-ပေတုကာမော၊ ငြိမ်းစေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထို ယောကျ်ားသည်။ တတြ၊ ထိုမီးပုံကြီး၌။ သုက္ခာနိစေဝ တိဏာနိ၊ မြက်ခြောက်တို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ပ။ ပံသုကေန၊မြေမှုန့်ဖြင့်လည်း။ န ဩကိရေယျ၊ ဖြူးသည့်မဒေပးရာ။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ပုရိသော၊ ထိုယောကျ်ားသည်။ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ မီးပုံကြီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေရန်၊ ဘဗ္ဗော နု ခေါ၊ စွမ်းနိုင်ရာသလော။(တတ်နိုင်ရာသလော)။ ဣတိ၊ ဤသို့။ အာဟ၊ မေးမြန်းတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧတံ၊ ဤသို့ ငြိမ်းစေခြင်းသည်။ နော ဟိ ဘဗ္ဗော၊ မသိုက်ပါ။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ အကာလော၊ သင့်လျော်သောအခါမဟုတ်ပေ။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ အကာလော၊ အခါမဟုတ်ပေ။ တံ၊ ထိုသို့ သင့်လျော်သောအခါမဟုတ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ ဟောတိ၊ ပျံ့လွင့်၏။ တံ၊ ထိုပျံ့လွင့်သောစိတ်ကို။ ဝါ၊ ပျံ့လွင့်သောစိတ်သည်။ ဧတေဟိ ဓမ္မေဟိ၊ ထိုဓမ္မဝိစယ, ဝီရိယ, ပီတိသမ္ဗောဇ္ဈင်တရားတို့ဖြင့်။ ဒုဝူပသမယံ ဟောတိ၊ မငြိမ်းစေနိုင်သောကြောင့်ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စ၊ စင်စစ်သော်ကား။ ယသ္မိံ ခေါ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ ဟောတိ၊ ပျံ့လွင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ လျောက်ပတ်သောအခါပေတည်း။ သမာဓိသမ္ဗောဇ္ဈင်္ဂဿ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊

ပွားစေခြင်းငှာ။ ကာလေ၊ လျောက်ပတ်သော အခါ၌ပေတည်း။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ လျောက်ပတ်သော အခါပေတည်း။ တံ၊ ထိုသို့သင့်လျော်လျောက်ပတ်သော အခါဖြစ်ခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ ဟောတိ၊ ပျံ့လွင့်၏။ တံ၊ ထိုပျံ့လွင့်သောစိတ်သည်။ ဧတေဟိ ဓမ္မေဟိ၊ ထိုပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ဖြင့်။ သုဝူပသမယံ ဟောတိ၊ လွယ်ကူစွာ ငြိမ်းစေနိုင်ပေ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာသော်ကား။ ပုရိသော၊ ယောကျ်ားသည်။ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ ကြီးမားလှသောမီးပုံကို။ နိဗ္ဗာပေတုကာမော၊ ငြိမ်းစေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သော၊ ထိုယောကျ်ားသည်။ တတ္ထ၊ ထိုမီးပုံကြီး၌။ အလ္လာနိ တိဏာနိ စေဝ၊ မြက်စိုတို့ကိုလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ ပ။ (၁၃၀) ပံသုကေန၊မြေမှုန့်ဖြင့်လည်း။ ဩကိရေယျ၊ဖြူးထည့်ပေးရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သော ပုရိသော၊ ထိုယောကျ်ားသည်။ မဟန္တံ အဂ္ဂိက္ခန္ဓံ၊ ကြီးမားလှသောမီးပုံကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ ဘဗ္ဗောနု၊ စွမ်းနိုင်ရာသလော၊ (တတ်နိုင်ရာသလော)။ ဣတိ၊ ဤသို့။ အဝေါစ၊ မေးမြန်းတော်မူ၏။ ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ ငြိမ်းစေနိုင်ပါသည် ဘုရား။

ဧတ္ထာပိ၊ ဤသို့ပွားစေရာ၌လည်း။ ယထာသကံ အာဟာရဝသေန၊ မိမိ၏အကြောင်း၏အစွမ်းအားဖြင့်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂါဒီနံ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်စသည်တို့၏။ ဝ။ ပဿဒ္ဓိသမ္ဗောဇ္ဈင်စသည်တို့ကို။ ဘာဝနာယ၊ ပွားစေခြင်းကို။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။ (ဝုတ္တဋ္ဌေတံ ဘဂဝတာ—အနက်ပေးခဲ့ပြီ။)

ဘိက္ခဝေ၊ ရဟန်းတို့။ ကာယပဿဒ္ဓိ၊ စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းဟူသော ကာယပဿဒ္ဓိသည်။ စိတ္တပဿဒ္ဓိ၊ စိတ်၏ငြိမ်းအေးခြင်းဟူသော စိတ္တပဿဒ္ဓိသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိနှစ်ပါးတို့၌။ယောနိသော၊အကောင်းအမှန်လမ်းမှန်အားဖြင့်။ မနသိကာရဗဟုလီကာရော၊နှလုံးသွင်းမှုကို များစွာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့များစွာ နှလုံးသွင်းခြင်းသည်။ အနုပ္ပန္နဿ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ မဖြစ်သေးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏လည်း။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ ဥပ္ပန္နဿ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ဖြစ်ပြီးသော ပဿဒ္ဓိသမ္ဗောဇ္ဈင်၏လည်း။ ဘိယျော ဘာဝါယ၊ တဖန်ဖန်အထပ်ထပ် ဖြစ်စေခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှာ။ ဘာဝနာယ ပါရိပူရိယာ၊ ဘာဝနာ၏ထက်ဝန်းကျင် ပြည့်စုံခြင်းငှာ။ ယသ္မာ၊ အကြင်

ကြောင့်။ သံဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အကြောင်းမည်၏။ ဝါ၊ ဖြစ်သောအကြောင်းပေတည်း။ တထာ၊ ထိုမှတပါး။ သမထနိမိတ္တံ၊ ရှေးရှေးသော သမာဓိဟူသော သမထနိမိတ်သည်။ အဗျဂ္ဂနိမိတ္တံ၊ အာရုံတခုတည်း၌သာရှိ၍ အမျိုးမျိုးမရှိသော အဗျဂ္ဂနိမိတ်သည်။ (အ=မရှိ+ဝိ=အမျိုးမျိုး+အဂ္ဂ=အာရုံအဖို့။ အဗျဂ္ဂ=အာရုံအမျိုးမျိုးမရှိ=အာရုံတခုတည်းသာရှိသောသမာဓိ) ဣတိ၊ ဣတိ၊ ရှိ၏။ တတ္ထ၊ ထိုသမထနိမိတ်, အဗျဂ္ဂနိမိတ်တို့၌။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိကာရဗဟုလီကာရော၊ နှလုံးသွင်းမှုကို များစွာပြုခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့များစွာ နှလုံးသွင်းခြင်းသည်။ အနုပ္ပန္နဿ သမာဓိသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ မဖြစ်သေးသော သမာဓိသမ္ဗောဇ္ဈင်၏လည်း။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ ဥပ္ပန္နဿ သမာဓိသမ္ဗောဇ္ဈင်္ဂဿ ဝါ၊ ဖြစ်ပြီးသော သမာဓိသမ္ဗောဇ္ဈင်၏လည်း။ ဘိယျောဘာဝါယ၊ အဖန်ဖန် အထပ်ထပ် ဖြစ်စေခြင်းငှာ။ ဝေပုလ္လာယ၊ ပြန့်ပြောခြင်းငှာ။ ဘာဝနာယ ပါရိပူရိယာ၊ ဘာဝနာ၏ထက်ဝန်းကျင်ပြည့်စုံခြင်းငှာ။ ယသ္မာ၊ အကြင်ကြောင့်။ သံဝတ္တတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အကြောင်းမည်၏။ ဝါ၊ အကြောင်းပေတည်း။ တထာ၊ ထိုမှတပါး။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဋ္ဌာနိယာ ဓမ္မာ၊ ဥပေက္ခာသမ္ဗောဇ္ဈင်၏ ဖြစ်ကြောင်းတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ တတ္ထ၊ ထိုတရားတို့၌။ (အကြွင်း တူပြီ။) တသ္မာ၊ ထို့ကြောင့်။ အာဟာရော၊ အကြောင်းမည်၏။ ဝါ၊ အကြောင်းပေတည်း။

တတ္ထ၊ ထိုစကားသုံးရပ်၌။ အဿ၊ ထိုယောဂီအား။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ပဿဒ္ဓိအာဒယော၊ ပဿဒ္ဓိစသောတရားတို့သည်။ ဥပ္ပန္နာပုဗ္ဗာ၊ ဖြစ်ဖူးကုန်၏။ တံ အာကာရံ သလ္လက္ခေတွာ၊ ထိုဖြစ်ဖူးပုံအခြင်းအရာကို မှတ်သား၍။ တေသံ၊ ထိုပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကို။ ဥပ္ပါဒနဝသေန၊ ဖြစ်စေသည်၏အစွမ်းအားဖြင့်။ ပဝတ္တမနသိကာရောဝ၊ ဖြစ်သော နှလုံးသွင်းမှုသည်ပင်လျှင်။ တီသုပိ ပဒေသု၊ ထိုသုံးဝါကျတို့၌။ ဝါ၊ ထိုသုံးဝါကျတို့ဖြင့် ပြအပ်သော တရားအစုသုံးပါးတို့၌။ ယောနိသော၊ အကြောင်းမှန်လမ်းမှန်အားဖြင့်။ မနသိကာရော နာမ၊ နှလုံးသွင်းခြင်း မနသိကာရမည်၏။ သမထနိမိတ္တံတိ စေတံ၊ သမထနိမိတ်ဟူသော ဤအမည်သည်။ သမထဿေဝ၊ ရှေးရှေးသော သမထ၏သာလျှင်။ အဓိဝစနံ၊ အမည်ဖြစ်ပေ၏။ အဗျဂ္ဂနိမိတ္တန္တိ စေတဿ၊ အဗျဂ္ဂနိမိတ်ဟူသော ဤအမည်သည်လည်း။ အဝိက္ခေပဋ္ဌေန၊ ပျံ့လွင့်

ခြင်း၏ဆန့်ကျင်ဘက်ဖြစ်သော အနက်သဘောကြောင့်။ တဿေဝ၊ ထိုရွေးရွေးသော သမထ၏သာလျှင်။ အဓိဝစနံ၊ အမည်ဖြစ်ပေ၏။

အပိ စ၊ တနည်းသော်ကား။ ပဏီတဘောဇနသေဝနတာ၊ သင့်မြတ်ကောင်းမွန်သော ဘောဇဉ်ကို မှီဝဲသုံးဆောင်သည်၏ အဖြစ်လည်းကောင်း။ ဥတုသုခသေဝနတာ၊ သင့်လျော်သောဥတုကို မှီဝဲသည်၏အဖြစ်လည်းကောင်း။ ဣရိယာပထသုခသေဝနတာ၊ သင့်လျော်သော ဣရိယာပုထ်ကို မှီဝဲသည်၏အဖြစ်လည်းကောင်း။ မဇ္ဈတ္တပယောဂတာ၊ အလယ်အလတ်ဖြစ်သော ကာယိကပယောဂကို ဖြစ်စေတတ်သည်၏ အဖြစ်လည်းကောင်း။ သာရဒ္ဓကာယပုဂ္ဂလပရိဝဇ္ဇနတာ၊ ကိုယ်စိတ်ပူပန်သော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သည်၏ အဖြစ်လည်းကောင်း။ ပဿဒ္ဓကာယပုဂ္ဂလသေဝနတာ၊ ကိုယ်စိတ်ငြိမ်းအေးသော ပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၌ညွတ်သော နှလုံးရှိသောသူ၏ အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တ ဓမ္မာ၊ တရားခုနစ်ပါးတို့သည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

(၁၃၁) ဝတ္ထုဝိသဒတာ၊ အတွင်းအပြင်ဝတ္ထုတို့၏ သန့်ရှင်းသည်၏အဖြစ်လည်းကောင်း။ နိမိတ္တကုသလတာ၊ နိမိတ်၌လိမ္မာသည်၏အဖြစ်လည်းကောင်း။ ဣန္ဒြိယသမတ္တပဋိပါဒနတာ၊ ဣန္ဒြေတို့၏ မျှတခြင်းကို ပြီးစေသည်၏အဖြစ်လည်းကောင်း။ သမယေ၊ သင့်လျော်သောအခါ၌။ စိတ္တဿ၊ စိတ်ကို။ နိဂ္ဂဟဏတာ၊ နှိပ်သင့်သောအခါ နှိပ်သည်၏အဖြစ်လည်းကောင်း။ သမယေ၊ သင့်လျော်သောအခါ၌။ စိတ္တဿ၊ စိတ်ကို။ ပဂ္ဂဟဏတာ၊ ပင့်မြှောက်သင့်သောအခါ၌ ပင့်မြှောက်သည်၏ အဖြစ်လည်းကောင်း။ နိရဿာဒဿ၊ ငြိမ်သက်ခြင်းဟူသော သာယာဖွယ်ချမ်းသာ ကင်းသော၊ စိတ္တဿ၊ စိတ်ကို။ သဒ္ဓါသံဝေဂဝသေန၊ ရတနာသုံးပါး၌ ယုံကြည်သောသဒ္ဓါ၊ ဇာတိစသည်ကိုစွဲ၍ ထိတ်လန့်ခြင်းတို့၏ အစွမ်းအားဖြင့်။ သမ္ပဟံသနတာ၊ ရွှင်လန်းသန်စွမ်းစေသည်၏ အဖြစ်လည်းကောင်း။ သမ္မာ ပဝတ္တဿ၊ ကောင်းစွာ အညီအညွတ်ဖြစ်သော။ စိတ္တဿ၊ စိတ်ကို။ (လိုက်ပါ)။ အဇ္ဈုပေက္ခဏတာ၊ လျစ်လျူရှုသည်၏ အဖြစ်လည်းကောင်း။ အသမာဟိတပုဂ္ဂလပရိဝဇ္ဇနတာ၊ သမာဓိမရှိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်သည်၏ အဖြစ်လည်းကောင်း။ သမာဟိတပုဂ္ဂလသေဝနတာ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်သည်၏ အဖြစ်လည်းကောင်း။ ဈာနဝိမောက္ခပစ္စဝေက္ခဏတာ၊ ဈာန်တည်းဟူသော ဝိမောက္ခတို့ကို အထပ်ထပ်သက်ဝင်၍ ဆင်ခြင်သည်၏ အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ထိုသမာဓိသမ္ဗောဇ္ဈင်သို့ ညွတ်သောစိတ်နှလုံးရှိသည်၏ အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဧကာဒသ ဓမ္မာ၊ တဆယ့်တပါးသောတရားတို့သည်။ သမာဓိ-

သမ္မောဇ္ဈင်္ဂါ၊ သမာဓိသမ္မောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

သတ္တမဇ္ဈတ္တတာ၊ ချစ်ခင်ဖွယ်သတ္တဝါတို့၌ သော်လည်း လျစ်လျူရှုသည်၏ အဖြစ်လည်းကောင်း။ သင်္ခါရမဇ္ဈတ္တတာ၊ သင်္ခါရတို့၌ လျစ်လျူရှုသည်၏အဖြစ် လည်းကောင်း၊ သတ္တသင်္ခါရကေလာယနပုဂ္ဂလပရိဝဇ္ဇနတာ၊ သတ္တဝါသင်္ခါရတို့၌ တွယ်တာစွဲလမ်းခြင်း အားကြီးသူကို ရှောင်ကြဉ်သည်၏အဖြစ်လည်းကောင်း။ သတ္တသင်္ခါရမဇ္ဈတ္တပုဂ္ဂလသေဝနတာ၊ သတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုတတ်သော သူကို မှီဝဲဆည်းကပ်သည်၏ အဖြစ်လည်းကောင်း။ တဒဓိမုတ္တတာ၊ ထိုဥပေက္ခာ- သမ္မောဇ္ဈင်၌ စိတ်နှလုံးညွတ်သည်၏ အဖြစ်လည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ ဓမ္မာ၊ ငါးပါးသောတရားတို့သည်။ ဥပေက္ခာသမ္မောဇ္ဈင်္ဂဿ၊ ဥပေက္ခာ- သမ္မောဇ္ဈင်၏။ ဥပ္ပါဒါယ၊ ဖြစ်စေခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဣမေဟိ အာကာရေဟိ၊ ဤဆိုအပ်ခဲ့ပြီးသော အချင်းအရာတို့ဖြင့်။ ဧတေ ဓမ္မေ၊ ထိုပဿဒ္ဓိ, သမာဓိ, ဥပေက္ခာသမ္မောဇ္ဈင်တရားတို့ကို။ ဥပ္ပါဒေန္တော၊ ဖြစ် စေလျက်။ ပဿဒ္ဓိသမ္မောဇ္ဈင်္ဂါဒယော၊ ပဿဒ္ဓိသမ္မောဇ္ဈင်စသည်တို့ကို။ ဘာ- ဝေတိ နာမ၊ ပွားစေသည်မည်၏။ ဧဝံ၊ ဤဆိုခဲ့ပြီးသောနည်းဖြင့်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဟေတဗ္ဗံ၊ နှိပ်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ နှိပ်၏။

၆၆။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသိတဗ္ဗံ၊ ရွှင်လန်းစေသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ကထံ သမ္ပဟံ- သေတိ၊ အဘယ်သို့ရွှင်လန်းစေသနည်း။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထို ယောဂီ၏။ ပညာပယောဂမန္ဒတာယ ဝါ၊ ပညာ၏ ကြောင့်ကြစိုက်မှုနည်းသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဥပသမသုခနာဓိဂမေန ဝါ၊ ငြိမ်းသက်ခြင်း ဟူသော ချမ်းသာကို မရခြင်းကြောင့်လည်းကောင်း။ နိရဿာဒံ၊ ဘာဝနာ စိတ်မှာ သာယာဖွယ်ကင်းသော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ အဋ္ဌသံဝေဂဝတ္ထုပစ္စဝေက္ခဏေန၊ သံဝေဂဝတ္ထုခေါ် ထိတ်လန့်စေတတ် သောအကြောင်းရှစ်ပါးတို့ကို ဆင်ခြင်ခြင်းဖြင့်။နံ စိတ္တံ၊ထိုစိတ်ကို။ သံဝေဇေတိ၊ ထိတ်လန့်စေ၏။ သံဝေဂဝတ္ထူနိ နာမ၊ သံဝေဂဝတ္ထုတို့မည်သည်ကား။ ဇာတိ- ဇရာ ဗျာဓိ မရဏာနိ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း ဟူကုန် သော။ စတ္တာရိ၊ လေးပါးတို့လည်းကောင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ အပါယဒုက္ခံ၊ အပါယ်ဆင်းရဲလည်းကောင်း။ အတီတေ၊ အတိတ်ကာလ၌။ ဝဋ္ဋမူလကံ၊ ဝဋ်လျှင်အကြောင်းရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲလည်းကောင်း။ အနာဂတေ၊ အနာဂတ်ကာလ၌။ ဝဋ္ဋမူလံ၊ ဝဋ်လျှင်အကြောင်းရင်းရှိသော။ ဒုက္ခံ၊ ဆင်းရဲလည်းကောင်း။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန်ကာလ၌။ အာဟာရပရိယေဋ္ဌိ-

မူလကံ၊ အာဟာရကိုရှာဖွေရခြင်းလျှင် အကြောင်းရင်းရှိသော။ ဒုက္ခံ၊ဆင်းရဲလည်းကောင်း။ ဣတိ၊ ဤသို့။ အဋ္ဌ၊ ရှစ်ပါးတို့ပေတည်း။ စ၊ ထိုမှတပါး။ ဗုဒ္ဓဓမ္မသံဃဂုဏာနုဿရဏေန၊ ဘုရား တရား သံဃာတို့၏ ဂုဏ်တို့ကို အဖန်ဖန် အောက်မေ့ခြင်းဖြင့်။ အဿ၊ ထိုစိတ်၏။ ပသာဒံ၊ ကြည်လင်ခြင်းကို။ ဇနေတိ၊ ဖြစ်စေရာ၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသိတဗ္ဗံ၊ ရွှင်လန်းစေသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ သမ္ပဟံသေတိ၊ ရွှင်လန်းစေ၏။ (၆)

ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခိတဗ္ဗံ၊လျစ်လျူရှုသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ကထံ အဇ္ဈုပေက္ခတိ၊ အဘယ်သို့ လျစ်လျူရှု သင့်သနည်း။ ယဒါ၊ အကြင်အခါ၌။ အဿ၊ ထိုယောဂီ၏။ ဝါ၊ ထိုယောဂီအား။ အလီနံ၊ မတွန့်သော။ အနုဒ္ဓတံ၊ မတုန်လှုပ်သော။ အနိရဿာဒံ၊ သာယာဖွယ်ကင်းသည်မဟုတ်သော။ အာရမ္မဏေ၊ အာရုံ၌။ သမပ္ပဝတ္တံ၊ အညီအမျှဖြစ်သော။ သမထဝီထိပဋိပန္နံ စိတ္တံ၊ သမထလမ်းမှန်သွားသောစိတ်သည်။ ဟောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီအား။ ပဂ္ဂဟနိဂ္ဂဟသမ္ပဟံသနေသု၊ ပင့်မြှောက်ခြင်း, နှိပ်ခြင်း, ရွှင်စေခြင်းတို့၌။ သမပ္ပဝတ္တေသု၊ အညီအမျှသွားနေကုန်သော။ အဿေသု၊ မြင်းတို့၌။ သာရထိ ဝိယ၊ ကြောင့်ကြမစိုက်ရသော ရထားထိန်းကဲ့သို့။ ဗျာပါဒံ၊ကြောင့်ကြစိုက်ခြင်းသို့။ န အာပဇ္ဇတိ၊ မရောက်တော့ပေ။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခိတဗ္ဗံ၊ လျစ်လျူရှုသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ (၇)

အသမာဟိတပုဂ္ဂလပရိဝဇ္ဇနတာ နာမ၊ သမာဓိကင်းသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းမည်သည်မှာ။ နေက္ခမ္မပဋိပဒံ၊ ဈာန်ရကြောင်းအကျင့်လမ်းသို့။ အနာရုဠ္ဟပုဗ္ဗာနံ၊ မတက်ဘူးမသွားဘူးကုန်သော။ အနေကကိစ္စပသုတာနံ၊ကိစ္စများစွာတို့၌ လုံ့လကြိုးကုတ် အားထုတ်ကုန်သော။ ဝိက္ခိတ္တဟဒယာနံ၊ စိတ်နှလုံးမတည်မတံ့ ပျံ့လွင့်နေကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့ကို။ အာရကာ၊ ဝေးစွာ။ ပရိစ္စာဂေါ၊ စွန့်ပစ်ဖဲ့ခွာခြင်းပေတည်း။ (၈)

သမာဟိတပုဂ္ဂလသေဝနတာ နာမ၊ သမာဓိရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းမည်သည်မှာ။ နေက္ခမ္မပဋိပဒံ၊ ဈာန်ရကြောင်း အကျင့်လမ်းသို့။ ပဋိပန္နာနံ၊ သွားဖူးကျင့်ဖူးကုန်သော။ သမာဓိလာဘီနံ ပုဂ္ဂလာနံ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိကို ရသောပုဂ္ဂိုလ်တို့ကို။ ကာလေန ကာလံ၊ ရံခါရံခါ။ ဥပသင်္ကမနံ၊ ချဉ်းကပ်ခြင်းပေတည်း။ (၉)

တဒမိမုတ္တတာ နာမ၊ ထိုအပ္ပနာသမာဓိသို့ စိတ်ညွတ်ခြင်းမည်သည်မှာ။ **သမာဓိအဓိမုတ္တတာ၊** အပ္ပနာသမာဓိကိုဖြစ်စေခြင်း၌။ ဝါ၊ ဖြစ်မစေရန် နှလုံးသွင်းသည်၏ အဖြစ်ပေတည်း။ သမာဓိဂရုသမာဓိနိန္နသမာဓိပေါဏသမာဓိပဗ္ဘာရတာ၊ သမာဓိကိုအလေးပြုခြင်း, သမာဓိ၌ညွတ်ခြင်း, သမာဓိ၌ကိုင်းခြင်း, သမာဓိ၌ရှိုင်းခြင်း အဖြစ်ပေတည်း။ ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အတ္ထော၊ အလိုရှိအပ်သော အနက်အဓိပ္ပာယ်ပေတည်း။ (၁၀)

ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဧတံ ဒသဝိဓံ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ ကျွမ်းကျင်လိမ္မာကြောင်း အစီအရင်ဆယ်ပါးကို။ သမ္ပာဒေတဗ္ဗံ၊ ပြည့်စုံစေအပ်၏။

၆၇။ ။ဟိ၊ အကျိုးကိုဆိုအံ့။ ပဋိလဒ္ဓေ၊ ရအပ်ပြီးသော။ နိမိတ္တသ္မိံ၊ ပဋိဘာဂနိမိတ်၌။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဣမံ အပ္ပနာကောသလ္လံ၊ ဤအပ္ပနာ၌ ကျွမ်းကျင်ကြောင်းအစီအရင်ကို။ သမ္ပာဒယတော၊ ပြည့်စုံစေသောယောဂီအား။ အပ္ပနာ၊ အပ္ပနာသည်။ သမ္ပဝတ္တတိ၊ ဖြစ်ပေါ်၏။

ဟိ၊ဆက်ဦးအံ့။ ဧဝံ၊ဤဆိုခဲ့သည့်အတိုင်း။ ပဋိပန္နဿ၊ကျင့်သောယောဂီအား။ သာ အပ္ပနာ၊ ထိုအပ္ပနာသည်။ သစေ န ပဝတ္တတိ၊ အကယ်၍မဖြစ်ငြားအံ့။ တထာပိ၊ ထိုသို့အပ္ပနာမဖြစ်သော်လည်း။ ဝါ၊ မဖြစ်စေကာမူ။ ပဏ္ဍိတော၊ ပညာရှိသော ယောဂီသည်။ယောဂံ၊ အားထုတ်မှုကို။ န ဇဟေ၊ မစွန့်ရာ။ ဝါယမေထေဝ၊ အားထုတ်မြဲအားထုတ်ရာ၏။

သမ္မာဝါယာမံ၊ မှန်စွာအားထုတ်မှု သမ္မာဝါယာမကို။ ဟိတွာ၊ စွန့်လွှတ်၍။ ဝါ၊ လျှော့၍။ ပရိတ္တမ္ပိ၊ အနည်းငယ်မျှပင်ဖြစ်သော။ ဝိသေသံ နာမ၊ တရားထူးမည်သည်ကို။ မာဏာပေါ၊ တစုံတယောက်သောပုဂ္ဂိုလ်သည်။ အဓိဂစ္ဆေ၊ ရနိုင်ရာ၏။ ဧတံ ဌာနံ၊ ဤရနိုင်ရာ၏ဟူသောအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိပေ။

တသ္မာ၊ ထိုကြောင့်။ ဗုဓော၊ ပညာရှိသည်။ စိတ္တပ္ပဝတ္တိအာကာရံ စိတ်ဖြစ်ပုံအခြင်းအရာကို။ သလ္လက္ခယံ- သလ္လက္ခယန္တော၊ ကောင်းစွာမှတ်သားလျက်။ ဝီရိယသောဝ၊ ဝီရိယ၏သာလျှင်။ သမတံယေဝ၊ သမာဓိနှင့်ညီမျှသော ကိစ္စရှိသည်၏ အဖြစ်ကိုသာလျှင်။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ယောဇယေထ။ ယှဉ်စေရာ၏။

ဤသကမ္ပိ၊ အနည်းငယ်မျှသော်လည်း။ လယံ၊ တွန့်ဆုတ်သော အဖြစ်သို့။ ယန္တံ၊ ရောက်သော။ မာနသံ၊ စိတ်ကို။ ပဂ္ဂဏှေထေဝ၊ ပင့်မြှောက်ပေးရာသည်သာတည်း။ အစ္စာရဒ္ဓံ၊ အားထုတ်လွန်သော

စိတ်ကို။ နိသေမေတွာ၊ တားမြစ်၍။ သမမေဝ၊ အမျှသာလျှင်။ ဝါ၊ မလျော့မတင်းသာလျှင်။ ပဝတ္တယေ၊ ဖြစ်စေရာ၏။

ရေဏုမှို၊ ပန်းဝတ်မှုန့်၌လည်းကောင်း။ ဥပ္ပလဒလေ၊ ကြာရွက်၌လည်းကောင်း။ သုတ္တေ၊ ပင့်ကူမျှင်၌လည်းကောင်း။ နာဝါယ၊ လှေ၌လည်းကောင်း။ နာဠိယာ၊ ဆီကျည်တောက်၌လည်းကောင်း။ မဓု·ကရာဒီနံ၊ ပျားသည်တို့၏။ ပဝတ္တိ ဖြစ်ပုံကို။ ဥပမာဘာဝေန၊ ဥပမာအဖြစ်ဖြင့်။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ (ထည့်)။ သမ္မဝဏ္ဏိတာ ယထာ၊ ကောင်းစွာဖွင့်ပြထားသကဲ့သို့ –

ဧဝံ၊ ဤအတူ။ လီနဥဒ္ဓတဘာဝေဟိ၊ တွန့်ဆုတ်ခြင်း ပျံ့လွင့်ခြင်း အဖြစ်တို့မှ။ မောစယိတွာန၊ လွတ်မြောက်စေ၍။ သဗ္ဗသော၊ အခါ ခပ်သိမ်း။ နိမိတ္တာဘိမုခံ၊ ပဋိဘာဂနိမိတ်သို့ရှေးရှု။ မာနသံ၊ ဘာဝနာ စိတ်ကို။ ပဋိပါဒယေ၊ ပြီးစေရာ၏။ ဣတိ၊ ဤတွင်အပြီးတည်း။

## နိမိတ္တာဘိမုခပဋိပါဒန
## နိမိတ်သို့ ရှေးရှုဖြစ်စေခြင်း

၆၀။ တတြ၊ ထို ရေဏုမှို အစရှိသော နှစ်ဂါထာတို့၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ အတ္ထဒီပနာ၊ အနက်ကို ပြခြင်းပေတည်း။ ဟိ၊ ချဲ့အံ့။ အဆေကော၊ မကျွမ်းကျင်မလိမ္မာသော။ (အတိဆေကော၊ အလွန်လိမ္မာပါးနပ်သော။ ဝါ၊ ပါးနပ်လွန်းသော။ သိမှုအရ ပေးထားသည်။) မဓုကရော၊ ပျားသည်။ အသုကသ္မိံ ရုက္ခေ၊ ဤမည်သောသစ်ပင်၌။ ပုပ္ဖံ၊ ပန်းသည်။ ပုပ္ဖိတန္တိ ဥတွာ၊ ပွင့်လေပြီဟု သိရ၍။ တိက္ခေန ဝေဂေန၊ လျင်မြန်သောအဟုန်ဖြင့်။ ပက္ခန္ဒော၊ ပျံသွားသောကြောင့်။ တံ အတိက္ကမိတွာ၊ ထိုသစ်ပင်ကို လွန်သွားပြီးလျှင်။ ဝါ၊ ထိုသစ်ပင်ကို လွန်သွားပြီးမှ။ ပဋိနိဝတ္တန္တော၊ တဖန်ပြန်လာသည်ဖြစ်၍။ ရေဏုမှို ခီဏေ ပန်းဝတ်မှုန်ကုန်ပြီးသော်။ ဝါ၊ကုန်ပြီးမှ။ သမ္ပာပုဏာတိ၊ ရောက်လာ၏။ အပရော၊ အခြားပျားတကောင်သည်။ မန္ဒေန ဇဝေန၊ နှေးသောအဟုန်ဖြင့်။ ပက္ခန္ဒော၊ ပျံသွားလတ်သော်။ ဝါ၊ပျံသွားသောကြောင့်။ ခီဏေယေဝ၊ ပန်းဝတ်မှုန်ကုန်မှသာလျှင်။ သမ္ပာပုဏာတိ၊ ရောက်၏။ ဆေကော ပန၊ ကျွမ်းကျင်လိမ္မာသောပျားသည်ကား။ သမေန ဇဝေန၊ မနှေးလွန်း မမြန်လွန်းသောအဟုန်ဖြင့်။ ပက္ခန္ဒော၊ ပျံသွားသောကြောင့်။ သုခေန၊ ချမ်းသာစွာ။ ပုပ္ဖရာသိံ၊ ပန်းအစုသို့။ သမ္ပတွာ၊ ရောက်၍။ ယာဝဒိစ္ဆကံ၊ အလိုရှိတိုင်း။ ရေဏုံ၊ ဝတ်မှုန်ကို။ အာဒါယ၊ သယ်ယူပြီးလျှင်။ မဓုံ သမ္ပာဒေတွာ၊ ပျားရည်ကို ပြည့်စုံစေလျက်။ မဓုရသံ၊ ပျား၏အရသာကို။ အနုဘဝတိ ယထာ၊ ခံစားရသကဲ့သို့လည်းကောင်း။

(၁၃၃) စ၊ ထိုမှတပါး။ သလ္လကတ္တအန္တေဝါသိကောသု၊ ခွဲစိပ်ကုသတတ်သောဆရာ၏ တပည့်တို့သည်။ (ဘိက္ခဝေ့ နည်းတူ ကျ ၁စပ်)။ ဥဒကထာလကဂတေ၊ ရေခွက်၌ထားအပ်သော။ ဥပ္ပလပတ္တေ၊ ကြာရွက်၌။ သတ္ထကမ္မံ၊ ဓားငယ်ဖြင့်ခွဲဖောက်ခြင်း(စသော)အမှုကို။ သိက္ခန္တေသု၊ သင်ယူအပ်ကုန်သည်ရှိသော်။ ဧကော အဆေကော၊ မကျွမ်းကျင်သော တပည့်တယောက်သည်။ ဝေဂေန၊ အဟုန်ဖြင့်။ သတ္ထံ ပါတေန္တော၊ ဓားကို ချ၍ တင်သော်။ ဝ၊ ချသဖြင့်။ ဥပ္ပလပတ္တံ၊ ကြာရွက်ကို။ ဒွိဓာ ဝါ ဆိန္ဒတိ၊ နှစ်ခြမ်းမူလည်း ဖြတ်မိ၏။ ဥဒကေ ဝါ ပဝေသေတိ၊ မြှုပ်မူလည်း နှစ်၏။ အပရော အဆေကော၊ မကျွမ်းကျင်သော အခြား တပည့်တယောက်သည်။ ဆိဇ္ဇနပဝေသနဘယာ၊ ကြာရွက်ကိုဖြတ်မိမည်၊ ရေ၌နစ်စေမည်မှ စိုးရိမ်သောကြောင့်။ ဥပ္ပလပတ္တံ၊ ကြာရွက်ကို(ထည့်)။ သတ္ထကေန၊ ဓားငယ်ဖြင့်။ ဖုသိတုံပိ န ဝိသဟတိ၊ ထိခြင်းငှာ မဝံ့ ပါ။ ဝါ၊ ထည့်ရုံပင် မထိဝံ့ပေ။ ပန၊ အလျော်ကား။ ဆေကော၊ ကျွမ်းကျင်သော တပည့်သည်။ သမေန ပယောဂေန၊ မမြန်လွန်း မနှေးလွန်းသော ပယောဂဖြင့်။ တတ္ထ၊ ထိုကြာရွက်၌။ သတ္ထပဟာရံ ဒဿေတွာ=(သတ္ထပဒံ ဒဿေတွာ)၊ ဓားရာကိုပြ၍။ ပရိယောဒာတသိပ္ပေါ ဟုတွာ၊ ခွဲစိပ်ခြင်းအတတ်၌ ပြီးဆုံးမှုကြောင့် တတ်သည်ဖြစ်၍။ တထာရူပေသု ဌာနေသု၊ ထိုသို့ ခွဲစိပ်၍ ကုသရသောသဘောရှိသော အရာတို့၌။ ကမ္မံ ကတွာ၊ ခွဲစိတ်ဖောက်ခြင်းစသော အမှုကိုပြု၍။ လာဘံ လဘတိ ယထာ၊ ဆေးကုခ လာဘ်ကို ရသကဲ့သို့လည်းကောင်း။

စ၊ ထိုမှတပါး။ ယော၊ အကြင်သူသည်။ စတုဗျာမပ္ပမာဏံ လေးလံ (၁၆-တောင်)ရှိသော။ မက္ကဋကသုတ္တံ၊ ပင့်ကူမျှင်ကို။ အာဟရတိ၊ ဆောင်နိုင်အံ့။ သော၊ ထိုသူသည်။ စတ္တာရိသဟဿာနိ၊ အသပြာလေးထောင်တို့ကို။ လဘတီတိ၊ ရလိမ့်မည်ဟု။ ရညာ ဝုတ္တေ၊ ဘုရင်က ကြေငြာသည်ရှိသော်။ ဧကော အဆေကော ပုရိသော၊ မကျွမ်းကျင်သော ယောကျ်ားတယောက်သည်။ ဝေဂေန၊ လျင်မြန်စွာ။ မက္ကဋကသုတ္တံ၊ ပင့်ကူမျှင်ကို။ အာကဍ္ဎန္တော၊ ငင်ယူသဖြင့်။ တဟိံ တဟိံ၊ ထိုထိုအရပ်၌။ ဆိန္ဒတိယေဝ၊ ပြတ်သည်သာလျှင်တည်း။ အပရော အဆေကော၊ မကျွမ်းကျင်သော အခြားယောကျ်ားတယောက်သည်။ ဆေဒနဘယာ၊ ပင့်ကူမျှင်ပြတ်မည်မှ စိုးရိမ်သောကြောင့်။ ဟတ္ထေန၊ လက်ဖြင့်။ ဖုသိတုံပိ၊ ထိခြင်းငှာလည်း။ န ဝိသဟတိ၊ မဝံ့ပေ။ တနည်း။ ဖုသိတုမ္ပိ န ဝိသဟတိ၊ ထိရုံပင် မထိဝံ့ပေ။ ပန၊ အလျော်ကား။ ဆေကော ပုရိသော၊ ကျွမ်းကျင်သော ယောကျ်ားသည်။ ကောဋိတော ပဋ္ဌာယ၊ အစွန်းနားမှစ၍။ သမေန ပယောဂေန၊ မနှေးမမြန်သော ပယောဂဖြင့်။ ဒဏ္ဍကေ၊ တုတ်၌။ ဝေဌေတွာ၊ ရစ်၍။ အာဟရိတွာ၊ ယူသည်ရှိသော်။ ဝေဌေတွာ အာဟရိတွာ၊ ရစ်လျက်ယူသည်ရှိသော်။ လာဘံ လဘတိ ယထာ စ၊ လာဘ်ကိုရသကဲ့သို့လည်းကောင်း။ စ၊ ထိုမှတပါး။

အဆောကော နိယာမကော၊ မကျမ်းကျင်သော လှေသူကြီးသည်။ ဗလဝဝါတေ၊
အားကြီးသောလေ လာသောအခါ၌။ လက်ာရံ၊ရွက်ကို။ ပူရေန္တော၊ လေဖြင့်
ပြည့်စေသောကြောင့်။ နာဝံ၊ လှေကို။ ဝိဒေသံ၊ ရောက်လိုသောအရပ်မှ တပါး
သော အရပ်သို့။ ပက္ခန္ဒာပေယျ၊ ပြေးသွားစေ၏။အပရော အဆေကော၊မကျမ်း
ကျင်သော အခြားလှေသူကြီးတယောက်သည်။ မန္ဒဝါတေ၊ အားနည်းသော
လေလာသောအခါ၌။ လက်ာရံ၊ ရွက်ကို။ ဩရောပေန္တော၊ ချထားသည်ရှိ
သော်။ ဝါ၊ ချထားသောကြောင့်။ နာဝံ၊ လှေကို။ တတ္ထေဝ၊ ထိုတည်မြဲနေရာ
၌သာလျှင်။ ဌပေတိ၊ တည်စေ၏။ ပန၊ အလျော်ကား။ ဆေကော နိယာမ-
ကော၊ကျမ်းကျင်သော လှေသူကြီးသည်ကား။ မန္ဒဝါတေ၊ အားနည်းသော
လေလာသောအခါ၌။ လက်ာရံ၊ ရွက်ကို။ ပူရေတွာ၊ လေဖြင့် ပြည့်စေ၍။ဗလဝ-
ဝါတေ၊ အားကြီး သောလေ လာသော အခါ၌။ အခုလက်ာရံ ကတွာ၊ ရွက်
တဝက်ကိုသာလွှင့်၍။ သောတ္ထိနာ၊ ချမ်းသာစွာ။ ဣစ္ဆိတဋ္ဌာနံ၊ လိုရာအရပ်သို့။
ပါပုဏာတိ ယထာ၊ ရောက်သကဲ့သို့လည်းကောင်း။

စ၊ ထိုမှတပါး။ ယော၊ အကြင်သူသည်။ နာဠိံ၊ အပေါက်ကျဉ်းသော
ဆီကျည်တောက်ကို။ အဆဒ္ဓေန္တော၊ မဖိတ်မလျှံစေမူ၍။ ဝါ၊ မဖိတ်မလျှံစေပဲ။
တေလေန၊ ဆီဖြင့်။ ပူရေတိ၊ ပြည့်စေနိုင်၏။ သော၊ ထိုသူသည်။ လာဘံ
လဘတူတိ၊ဆုလာဘ်ရမည်ဟု။ အာစရိယေန၊ ဆရာသည်။ အန္တေဝါသိကာနံ၊
တပည့်တို့ကို။ ဝုတ္တေ၊ ပြောသည်ရှိသော်။ ဧကော အဆေကော၊ မလိမ္မာသော
တပည့်တယောက်သည်။ လာဘလုဒ္ဓေါ၊ ဆုလာဘ်၌ မက်မောသည်ဖြစ်၍။
ဝေဂေန၊ လျင်မြန်စွာ။ ပူရေန္တော၊ လောင်းထည့်လတ်သော်။ တေလံ၊ ဆီကို။
ဆဒ္ဒေတိ၊ ဖိတ်စေ၏။ အပရော အဆေကော၊ မလိမ္မာသော အခြားတပည့်
တယောက်သည်။ တေလဆဍ္ဍနဘယာ၊ ဆီဖိတ်မည်မှ စိုးရိမ်သောကြောင့်။
အာသိဉ္စိတုမ္ပိ၊ သွန်းခြင်းငှာ။ န ဝိသဟတိ၊ မဝံ့ ပေ။ ဝါ၊ အာသိဉ္စိတုမ္ပိ န
ဝိသဟတိ၊ လောင်းရုံပင် မလောင်းဝံ့ပေ။ ဆေကော ပန၊ လိမ္မာသောတပည့်
သည်ကား။ သမေန ပယောဂေန၊ မမြန်လွန်း မနှေးလွန်းသော လုံ့လ
ပယောဂဖြင့်။ ပူရေတွာ၊ လောင်းထည့်၍။ လာဘံ လဘတိ ယထာ၊ဆုလာဘ်
ကို ရသကဲ့သို့လည်းကောင်း။

ဧဝမေဝ၊ဤအတူပင်လျှင်။ ဧကော ဘိက္ခု၊ ရဟန်းတော်တပါးသည်။နိမိတ္တေ
ဥပ္ပန္နေ၊ ပဋိဘာဂနိမိတ်ဖြစ်ပေါ်သည်ရှိသော်။ သီဃမေဝ၊လျင်မြန်စွာသာလျှင်။
အပ္ပနံ ပါပုဏိဿာမီတိ၊အပ္ပနာသို့ ရောက်တော့မည်ဟု။ဂါဠ္ဟံ ဝီရိယံ ကရောတိ၊
ပြင်းထန်စွာကြိုးစားအားထုတ်၏။ဘဿ စိတ္တံ၊ ထိုရဟန်းတော်၏ စိတ်သည်။
အစ္စာရဒ္ဓဝီရိယတ္တာ၊ ဝီရိယကိုလွန်စွာအားထုတ်ခြင်းကြောင့်။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်
ခြင်း၌။ ပတတိ၊ ကျရောက်လေ၏။ သော၊ ထိုရဟန်းတော်သည်။ အပ္ပနံ၊

အပ္ပနာသို့။ ပါပုဏိတုံ၊ ရောက်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ ဝါ၊ အပ္ပနံ ပါပုဏိတုံ န သက္ကောတိ၊ အပ္ပနာသို့မရောက်နိုင်ပေ။ ကောသ၊ အခြား ရဟန်းတော်တပါးသည်။ အစ္စာရဒ္ဓဝီရိယတာယ၊ ဝီရိယကိုလွန်စွာအားထုတ်ခြင်း ဌ်။ ဒေါသံ ဒိသွာ၊ အပြစ်မြင်၍။ ဒါနိ၊ ပဋိဘာဂနိမိတ်ကိုရပြီးသော ယခုအခါ၌။ မေ၊ ငါ့အား။ အပ္ပနာယ၊ အပ္ပနာရအောင် ကြောင့်ကြစိုက်ခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့။ ဝီရိယံ ဟာပေတိ၊ ဝီရိယကို လျော့ လိုက်လေ၏။ တဿ စိတ္တံ၊ ထိုရဟန်းတော်၏စိတ်သည်။ အတိလီနဝီရိ-ယတ္တာ၊ ဝီရိယအလွန် တွန့်ဆုတ် လျော့နည်းသောကြောင့်။ ကောသဇ္ဇေ၊ပျင်းရိခြင်း၌။ ပတတိ၊ကျရောက်၏။ သောပိ၊ ထိုရဟန်းတော်သည် လည်း။ အပ္ပနံ၊ အပ္ပနာသို့။ ပါပုဏိတုံ၊ရောက်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်း နိုင်ပေ။ ယော ပန၊ အကြင်ရဟန်းတော်သည်ကား။ ဤသကမ္ပိ၊ အနည်းငယ်မျှ သော်လည်း။ လီနံ၊ တွန့်ဆုတ်သော ဘာဝနာစိတ်ကို။ လီနပက္ခတော၊ တွန့် ဆုတ်ခြင်းမှ။ မောစေတွာ၊ လွတ်စေ၍။ ဤသကမ္ပိ၊အနည်းငယ်မျှသော်လည်း။ (လိုက်)။ ဥဒ္ဓတံ၊ တက်ကြွပျံ့လွင့်သော ဘာဝနာစိတ်ကို။ ဥဒ္ဓစ္စတော၊တက်ကြွ ပျံ့လွင့်ခြင်းမှ။ မောစေတွာ၊ လွတ်စေ၍။သမေန(၁၃၄) ပယောဂေန၊မလျော့ မတင်း ညီမျှသော ဝီရိယဖြင့်။ စိတ္တံ၊ ဘာဝနာစိတ်ကို(ထည့်)။ နိမိတ္တာဘိမုခံ၊ နိမိတ်သို့ရှေးရှု။ ပဝတ္တေတိ၊ဖြစ်စေ၏။ သော၊ ထိုရဟန်းတော်သည်။အပ္ပနံ ပါပု-ဏာတိ၊ အပ္ပနာသို့ရောက်၏။ ပဒ္ဒိသေန၊ထိုရဟန်းတော်နှင့်တူသောသူသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်ပေ၏။ ဣမမတ္ထံ၊ ဤအနက်အဓိပ္ပာယ်ကို။ သန္ဓာယ၊ရည်ရွယ် ၍။ ဣဒံ ဝစနံ၊ ဤစကားကို။ မယာ၊ငါသည်။ ဝုတ္တံ၊ဆိုခဲ့ပေသည်။

(ဂါထာနှစ်ပုဒ် အနက် ရေးခဲ့ပြီး ပြီ)။

## ပဌမဇ္ဈာနကထာ

### ပထမစျာန်ကိုပြဆိုချက်

၆၉။ ပန၊ဆက်၍ဆိုဦးအံ့။ ဣတိ ဧဝံ၊ ဤသို့ ဆိုခဲ့သည့်အတိုင်း။ နိမိတ္တာဘိ-မုခံ၊ နိမိတ်သို့ရှေးရှု။မာနသံ၊ ဘာဝနာစိတ်ကို။ ပဋိပါဒယတော၊ သွားစေဖြစ်စေ သော။ အဿ၊ထိုယောဂီအား။ ဣဒါနိ၊ ယခုအခါ၌။ အပ္ပနာ ဣဇ္ဈိဿတီတိ၊ အပ္ပနာ ပြည့်စုံတော့မည်ဟု။ ဝတ္တဗ္ဗက္ခဏေ၊ ဆိုသင့်သောခဏ၌။ (ထည့်)။ ဘဝင်ံ ဥပစ္ဆိန္ဒိတွာ၊ ဘဝင်ကိုဖြတ်ပြီးလျှင်။ (အာရမ္မဏံ ကတွာ၊ ဥပ္ပဇ္ဇတိမှာ စပ်)။ ပထဝီ ပထဝီတိ အနုယောဂဝသေန၊ မြေ မြေဟု ရှုခြင်းအားထုတ်ခြင်း ၏အစွမ်းဖြင့်။ ဥပဋ္ဌိတံ၊ ဘာဝနာစိတ်၌ ထင်လာသော။တဒေဝ ပထဝီကသိဏံ၊

ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တတော၊ ထိုမနောဒွါရာဝဇ္ဇန်း၏နောက်၌။ တသ္မိံယေဝ အာရမ္မဏေ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ် အာရုံ၌ပင်လျှင်။ စတ္တာရိ ဝါ ဇဝနာနိ၊ ဇောလေးကြိမ်တို့သည် လည်းကောင်း။ ပဉ္စ ဝါ ဇဝနာနိ၊ ဇောငါးကြိမ်တို့သည်လည်းကောင်း။ ဇဝန္တိ၊ ဇောကုန်၏။ ယေသု၊ ထိုလေးကြိမ် ငါးကြိမ်သော ဇောတို့တွင်။ အဝသာနေ၊ အဆုံး၌။ ဧကံ၊ ဇောတခုသည်။ ရူပါဝစရံ၊ ရူပါဝစရဇောတည်း။ ယာနိ၊ အကြင်ဇောတို့ကို။ အပ္ပနာယ၊ အပ္ပနာကို။ ပရိကမ္မတ္တာ၊ ကြိုတင်၍ ပြုပြင်တတ်သောကြောင့်။ ပရိကမ္မာနီတိပိ၊ ပရိကံတို့ဟူ၍လည်းကောင်း။ ဂါမာဒီနံ၊ ရွာအစရှိသည်တို့၏။ အာသန္နပဒေသော၊ အနီးအရပ်ကို။ ဂါမူပစာရော နဂရူပစာရောတိ၊ ရွာ၏ဥပစာ၊ မြို့၏ဥပစာဟူ။ဝုစ္စတိ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ တထာ၊ ဤအတူ။ အပ္ပနာယ၊ အပ္ပနာနှင့်။ အာသန္နတ္တာ ဝါ၊ နီးကပ်သောကြောင့် လည်းကောင်း။ သမီပစာရတ္တာ ဝါ၊ အနီး၌ ဖြစ်သောကြောင့် လည်းကောင်း။ ဥပစာရာနီတိပိ၊ ဥပစာရတို့ဟူ၍ လည်းကောင်း။ ဣတော၊ ဤ ဂေါတြဘုနဝီထိမှ။ ပုဗ္ဗေ၊ ရှေးဖြစ်သော နာနာဝဇ္ဇနဝီထိ၌။ ပရိကမ္မာနံ၊ ပရိကံတို့နှင့်။ ဥပရိ အပ္ပနာယ စ၊ အထက်အပ္ပနာအားလည်း။ အနုလောမတော၊ လျော်သောကြောင့်။ အနုလောမာနီတိပိ၊ အနုလုံတို့ ဟူ၍လည်းကောင်း။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဧတ္ထ၊ ဤပရိကံ, ဥပစာ, အနုလုံဟူသော သုံးကြိမ် လေးကြိမ်သော ဇောစိတ်တို့တွင်။ သဗ္ဗန္တိမံ၊ အလုံးစုံတို့၏ နောက်ဆုံးဖြစ်သော။ ယံ စိတ္တံ၊ အကြင်တတိယစိတ် သို့မဟုတ် စတုတ္ထစိတ်သည်။ အတ္ထိ၊ ရှိ၏။ တဉ္စ၊ ထိုစိတ်ကိုကား။ ပရိတ္တဂေါတ္တာဘိဘဝနတော၊ ကာမအနွယ်ကို လွှမ်းမိုး ကျော်လွန်တတ်သောကြောင့် လည်းကောင်း။ မဟဂ္ဂတဂေါတ္တဘာဝနတော စ၊ မဟဂ္ဂုတ်အနွယ်ကို ဖြစ်ပွားစေတတ်သောကြောင့် လည်းကောင်း။ ဂေါတြဘူတိပိ၊ ဂေါတြဘူ ဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တာနိ တာဒိသာနိ၊ ထိုသို့သဘောရှိကုန်သော (ထည့်)။ သေသာနိ၊ အဆုံးဇောတခုမှ ကြွင်းကုန်သော သုံးကြိမ် လေးကြိမ်သော ဇောတို့သည်။ ပဌမာဘိစိတ္တေဟိ၊ ပဌမစိတ်တို့၌ ရှိသော ဝိတက်စသည်တို့ထက်။ ဗလဝတရ ဝိတက္က ဝိစာရ ပီတိ သုခ စိတ္တေကဂ္ဂတာနိ၊ သာ၍ အားကောင်းသည့် ဝိတက်, ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာ ရှိကုန်သော။ ကာမာဝစရာနိ၊ သုံးကြိမ်လေးကြိမ်သော ကာမာဝစရဇောတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ဆက်ဦးအံ့၊ ဧတ္ထ၊ ဤသုံးကြိမ်လေးကြိမ်သော စိတ်တို့တွင်။ အဂဟိတဂ္ဂဟဏေန၊ ယူအပ်ပြီးသည်ကို မယူပဲ။ ပဌမံ၊ ရှေးဦးစွာသော ဇောစိတ်သည်။ ပရိကမ္မံ၊ ပရိကံမည်၏။ ဒုတိယံ၊ ဒုတိယစိတ်သည်။ ဥပစာရံ၊ ဥပစာမည်၏။ တတိယံ၊ တတိယစိတ်သည်။ အနုလောမံ၊ အနုလုံမည်၏။ စတုတ္ထံ၊ စတုတ္ထစိတ်သည်။ ဂေါတြဘု၊ ဂေါတြဘူမည်၏။ (ဝါ၊ တနည်းကား။ ပဌမံ၊

ပထမစိတ်သည်။ဥပစာရံ၊ဥပစာမည်၏။ ဒုတိယံ၊ ဒုတိယစိတ်သည်။ အနုလောမံ၊ အနုလုံမည်၏။ တတိယံ၊ တတိယစိတ်သည်။ ဂေါတြဘူ၊ ဂေါတြဘူမည်၏။) စတုတ္ထံ ဝါ၊ စတုတ္ထစိတ်သည် လည်းကောင်း။ ပဉ္စမံ ဝါ၊ ပဉ္စမစိတ်သည် လည်းကောင်း။ အပ္ပနာစိတ္တံ၊ အပ္ပနာစိတ်မည်၏။ ပန၊ မှန်၏။ စတုတ္ထမေဝ ဝါ၊ လေးကြိမ်မြောက် စိတ်သည်သာလျှင်မူလည်း၊ ပဉ္စမံ ဝါ၊ ငါးကြိမ်မြောက် စိတ်သည်သာလျှင်မူလည်း။ အပ္ပေတိ အပ္ပနာသသေန ဥပ္ပဇ္ဇတိ၊ အပ္ပနာ၏ အစွမ်းအားဖြင့် ဖြစ်၏။ တဉ္စ ခေါ၊ ထိုလေးကြိမ်မြောက်ဖြစ်စေ, ငါးကြိမ်မြောက် ဖြစ်စေ, ကျိန်းသေမဟုတ်ပဲ အပ္ပနာဖြစ်ခြင်းသည် လည်း။ ခိပ္ပါဘိညဒန္ဓာဘိညဝသေန၊ ခိပ္ပါဘိညပုဂ္ဂိုလ်, ဒန္ဓာဘိညပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့်။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ထည့်)။တတော ပရံ၊ ကိုးလေးကြိမ်မြောက် ငါးကြိမ်မြောက်ဇောစိတ်မှနောက်၌။ ဇဝနံ၊ ခြောက်ကြိမ်မြောက်, ခုနစ်ကြိမ်မြောက်ဇောသည်။ ပရိက္ခီဏဇဝတ္တာ၊ အဟုန်ကုန်ပြီးဖြစ်သောကြောင့်။ (လည့်)။ ပတတိ ပတန္တံ ဂိပ ဟောတိ၊ ကျသကဲ့သို့ ဖြစ်၏။ ဘဝင်္ဂဿ၊ ဘဝင်စိတ်၏။ ပါဒေသ၊ အလုညည့်သည်။ ဟောတိ၊ ဖြစ်၏။

ပန၊ အယူတပါးကို ဆိုဦးအံ့။ အာဘိဓမ္မိကဂေါဒတ္တတ္ထေရော၊ အဘိဓမ္မာဆောင် ဂေါဒတ္တမထေရ်သည် "ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ၊ ရှေးရှေးသော ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ နောက်နောက်သော ကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အာသေဝနပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ ဣတိ၊ ဤသို့။ ဣမံ သုတ္တံ၊ ဤပဋ္ဌာန်းပါဠိတော်ကို ရွတ်ဆို၍။ အာသေဝနပစ္စယေန၊ အာသေဝနပစ္စည်းဖြင့်။ ပစ္ဆိမော ပစ္ဆိမော ဓမ္မော၊ နောက်နောက်တရားသည်။ ဗလဝါ ဟောတိ၊ အားကောင်း၏။ တသ္မာ၊ ထိုသို့ အားကောင်းသောကြောင့်။ ဆဋ္ဌေပိ၊ ဆဋ္ဌဇော အရာ၌လည်းကောင်း။ သတ္တမေပိ၊ သတ္တမဇောအရာ၌လည်းကောင်း။ အပ္ပနာ၊ အပ္ပနာသည်။ ဟောတီတိ၊ ဖြစ်သည်ဟု။ အာဟ၊ ပြောဆိုလေ၏။ တံ၊ ထိုစကားကို။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ "ထေရဿ၊ အာဘိဓမ္မိက ဂေါဒတ္တထေရ်၏။ တော် ဝစနံ၊ ဤစကားကို။အတ္တနောမတိမတ္တန္တိ၊ သုတ္တ, သုတ္တာနုလောမ, အာစရိယဝါဒဟူသော အထောက်အကူအရ သူ၏ အကြိုက် အယူမျှသာဟု။ ပတ္တာ၊ ဆို၍။ ပဋိက္ခိတ္တံ၊ ပယ်သွားလေပြီ။ ပန၊ စင်စစ်သော်ကား။ စတုတ္ထပဉ္စမေသုယေဝ၊ စတုတ္ထနှင့် ပဉ္စမဇောတို့၌သာလျှင်။ အပ္ပနာ ဟောတိ၊ အပ္ပနာဖြစ်ပေ၏။ ပရတော၊ ထိုပဉ္စမဇောနောက်မှ။ ဝါ၊ ပဉ္စမဇောနောက်၌။ ဇဝနံ၊ ဆဋ္ဌဇော, သို့မဟုတ် သတ္တမဇောသည်။ ပတိတံ နာမ၊ ကျသည်မည်ပေ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ပတိတံ နာမ ဟောတိ၊ ကျသည်မည်သနည်း။ ဘဝင်္ဂဿ အာသန္နတ္တာ၊ ဘဝင်နှင့်နီးသောကြောင့်။ ပတိတံ နာမ ဟောတိ၊ ကျသည်မည်ပေ၏။ ဣတိ၊ ဤသို့။ (၁၃၅)။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ (ထည့်)။ ဝုတ္တံ၊ ဆိုထားပေ၏။ တံ

ဝစနံ၊ ထိုစကားကို။ ဧဝံ၊ ဤသို့။ ဝိစာရေတွာ ဝုတ္တတ္တာ၊ စီစစ်၍ဆိုထားသည့် စကားဖြစ်သောကြောင့်။ ပဋိက္ခိပိတုံ၊ ပယ်ခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ ဟိ၊ ဥပမာဆောင် ထင်အောင်ပြအံ့။ ဆိန္နပပါတာဘိမုခေါ၊ ကမ်းပါးပြတ်သို့ ရှေးရှု၍။ ဓာဝန္တော ပုရိသော၊ ပြေးသွားသော ယောကျ်ားသည်။ ဌာတုကာ-မောပိ၊ ရပ်လိုပါသော်လည်း။ ပရိယန္တေ၊ ကမ်းပါးအစွန်း၌။ ပါဒံ ကတွာ၊ ခြေကိုချထား၍။ ဌာတုံ၊ ရပ်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ ပပါတေ၊ ကမ်းပါးပြတ်၌သာလျှင်။ ပတတိ ယထာ၊ ကျသကဲ့သို့။ ဧဝံ၊ ထို့အတူ။ ဆဋ္ဌေ ဝါ၊ ဆဋ္ဌဇောအရာ၌ လည်းကောင်း။ သတ္တမေ ဝါ၊ သတ္တမဇောအရာ၌ လည်းကောင်း။ အပ္ပေတုံ-အပ္ပနာဘာဝေန ဥပ္ပဇ္ဇိတုံ၊ အပ္ပနာဖြစ်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဆဋ္ဌေ ဝါ၊ ဆဋ္ဌဇောအရာ၌ လည်းကောင်း။ သတ္တမေ ဝါ၊ သတ္တမဇောအရာ၌လည်းကောင်း။ အပ္ပေတုံ အပ္ပနာဘာဝေန ဥပ္ပဇ္ဇိတုံ၊ အပ္ပနာဖြစ်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင် သနည်း။ ဣတိ၊ ဤကားအမေးတည်း။ (အပြည့်အစုံအမေးတည်း)။ ဘဝင်္ဂဿ၊ ဘဝင်၏။ အာသန္နတ္တာ၊ နီးသောကြောင့်။ ဝါ၊ ဘဝင်္ဂဿ အာသန္နတ္တာ၊ ဘဝင် နှင့်နီးသောကြောင့်။ ဆဋ္ဌေ ဝါ၊ ဆဋ္ဌဇောအရာ၌ လည်းကောင်း။ သတ္တမေ ဝါ၊ သတ္တမဇောအရာ၌ လည်းကောင်း။ အပ္ပေတုံ အပ္ပနာဘာဝေန ဥပ္ပဇ္ဇိတုံ၊ အပ္ပနာဖြစ်ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဣတိ၊ ဤကား အပြည့်အစုံ အဖြေတည်း။ တသ္မာ၊ ထို့ကြောင့်။ စတုတ္ထပဉ္စမေသုယေဝ၊ စတုတ္ထနှင့် ပဉ္စမ ဇောတို့၌သာလျှင်။ အပ္ပနာ ဟောတိ၊ အပ္ပနာဖြစ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိ-တဗ္ဗာ၊ သိအပ်၏။

သာ စ အပ္ပနာ၊ ထိုအပ္ပနာဈာန်ဇောသည်ကား။ ဧကစိတ္တက္ခဏိကာယေဝ၊ စိတ္တက္ခဏတချက်မျှသာလျှင် ရှိ၏။ ဟိ၊ သင့်လျော်လှ၏။ ပဌမပ္ပနာယံ၊ ဈာန်သို့ ရောက်ခါစ အဆုံးအပ္ပနာစိတ်၌ လည်းကောင်း။ လောကိယာဘိညာသု၊ လောကီ အဘိညာဉ်တို့၌ လည်းကောင်း။ စတူသု မဂ္ဂေသု၊ မဂ်စိတ်လေးခုတို့၌ လည်း ကောင်း။ မဂ္ဂါနန္တရဖလေ၊ မဂ်၏နောက် အခြားမဲ့၌ဆက်၍ဖြစ်သော ဖိုလ်ဇော လေးခု၌လည်းကောင်း။ ရူပါရူပဘဝေသု၊ ရူပ အရူပဘဝတို့၌။ ဘဝင်္ဂဈာနေ၊ ဘဝင်ဖြစ်သော ဈာန်စိတ်၌လည်းကောင်း။ နိရောဓဿ၊ နိရောဓသမာပတ်အား။ ပစ္စယေ၊ ကျေးဇူးပြုသော၊ နေဝသညာနာသညာယတနေ၊ နေဝသညာနာ-သညာယတန ဈာန်စိတ်၌လည်းကောင်း။ နိရောဓာ ဝုဋ္ဌဟန္တဿ၊ နိရောဓသမာ-ပတ်မှထသော အနာဂါမ် ရဟန္တာပုဂ္ဂိုလ်၏။ ဖလသမာပတ္တိယံ၊ ဖလသမာပတ်၌ လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တသု ဌာနေသု၊ ခုနစ်ဌာနတို့၌။ အဒ္ဓါန-ပရိစ္ဆေဒေါ နာမ၊ အခွန့်ကာလကို ပိုင်းခြားခြင်းမည်သည်။ နတ္ထိ၊ မရှိပေ။ တတ္ထ၊ ဤခုနစ်ဌာနတို့တွင်။ မဂ္ဂါနန္တရဖလံ၊ မဂ်စိတ်၏နောက်အခြားမဲ့၌ ဆက်၍

ဖြစ်သော ဖိုလ်စိတ်သည်။ တိဏ္ဏံ၊ သုံးကြိမ်တို့ထက်။ ဝါ၊ သုံးကြိမ်တို့၏။ ဥပရိ၊ အလွန်။ တနည်း။ ဒွိန္နံ ဥပရိ၊ နှစ်ကြိမ်ထက်ပိုလွန်၍။ န ဟောတိ၊ မဖြစ်ပေ။ ရူပါရူပေသု၊ ရူပဘုံ အရူပဘုံတို့၌။ ဘဝင်္ဂံ၊ ဘဝင်စိတ်၏။ ပရိမာဏံ၊ အကြိမ် အတိုင်းအရှည်ကား။ နတ္ထိ၊ မရှိပေ။ သေသဋ္ဌာနေသု၊ အစဆုံး အပ္ပနာစိတ်, သောတာပတ္တိမဂ်ဉာဏ်, မဂ်ခဏ, နိရောဓသမာပတ်မှထသော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်၏ ခဏဟူသော ကြွင်းသောဌာနတို့၌။ ဧကမေဝ စိတ္တံ၊ စိတ်တကြိမ်သာ။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အပ္ပနာ၊ အစဆုံး အပ္ပနာသည်။ ဧကစိတ္တက္ခဏိကာဧဝ၊ စိတ္တက္ခဏ တချက်သာတည်း။ တတော၊ ထိုအပ္ပနာ ဈာန်စိတ်တကြိမ်မှ၊ ပရံ၊ နောက်၌။ ဘဝင်္ဂပါတော၊ ဘဝင်ကျ၏။ အထ၊ ထို့နောင်။ ဘဝင်္ဂံ ဝေါစ္ဆိန္ဒိတွာ၊ ဘဝင်ကိုဖြတ်၍။ ဈာနပစ္စဝေက္ခဏတ္ထာယ၊ ဈာန်ကိုဆင်ခြင်ခြင်းငှာ၊ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းစိတ်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထို့နောင်။ ဈာနပစ္စဝေက္ခဏံ၊ ဈာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဇော သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤကား ပထမဈာန်ချပုံ အစဉ်ပေတည်း။

၈၊ ဆက်၍ဆိုဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသောစကားအစဉ်ဖြင့်။ သော ယောဂီ၊ ထို ဤယောဂီသည်။ ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍ သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်တကွဖြစ်သော။ သဝိစာရံ၊ ဝိစာရနှင့်တကွဖြစ်သော။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ၊ ပထမဈာန်ကို ပြည့်စုံစေလျက်။ ဝိဟရတိ၊ နေ၏။ ဧဝံ၊ ဤသို့။ ဝိဟရန္တေန၊ နေသော။ (ထည့်)။ အနေန၊ ဤ ယောဂီသည်။ ပဉ္စင်္ဂဝိပ္ပဟီနံ၊ အင်္ဂါငါးပါးကို ပယ်ပြီးသည်ဖြစ်၍။ ပဉ္စင်္ဂသမန္နာဂတံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသော။ တိဝိဓကလျာဏံ၊ ကောင်းခြင်းသုံးပါး လည်းရှိသော။ ဒသလက္ခဏသမ္ပန္နံ၊ လက္ခဏာဆယ်ပါးနှင့်လည်း ပြည့်စုံသော။ (ဤဝိသေသနသုံးပုဒ်ကို ပဌမံ ဈာနံ-မှာစပ်ပါ။) ပထဝီကသိဏံ၊ ပထဝီကသိုဏ်း ကို အာရုံပြုသော။ ပဌမံ ဈာနံ၊ ပထမဈာန်ကို။ အဓိဂတံ ဟောတိ၊ ရပြီးဖြစ် လေ၏။

၇၀။ တတ္ထ၊ ထိုပထမဈာန်ကို ပြသောစကား၌။ ဝိဝိစ္စေဝ ကာမေဟီတိ၊ ဝိဝိစ္စေဝ ကာမေဟိ ဟူသည်ကား။ ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာကာမ တို့မှ။ ဝိဝိစ္စိတွာ၊ ကင်းကွာ၍သာလျှင်။ ဝိနာ ဟုတွာ၊ အသီးအခြားဖြစ်၍ သာလျှင်။ အပက္ကမိတွာ၊ ပယ်သောအားဖြင့် ဖဲခွာ၍သာလျှင်။ ဣတိ၊ ဤသို့။ ဝုတ္တံ ဟောတိ၊ ဆိုလို၏။ (ထည့်)။ ပန၊ ဆက်ဦးအံ့။ ယော၊ ဝိဝိစ္စေဝ ကာမေဟိ ဟူသော ဤစကား၌။ ယော အယံ ဧဝကာရော၊ အကြင် ဧဝ သဒ္ဒါကို။ ဝုတ္တော၊ ဆိုအပ်၏။ သော ဧဝကာရော၊ ထိုဧဝသဒ္ဒါကို။ နိယမတ္ထောတိ၊ မြဲစေ

ခြင်း, သတ်မှတ်ခြင်း အနက်ရှိ၏ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ စ၊ ဆက်အံ့။ ယသ္မာ၊ အကြင်ကြောင့်။ ဝေကာရော၊ ဝေသဒ္ဒါသည်။ (လိုက်)။ နိယမတ္ထော၊ မြဲစေခြင်း, သတ်မှတ်ခြင်း အနက်ရှိ၏။ တသ္မာ၊ ထိုသို့ ဝေသဒ္ဒါ၏ မြဲစေခြင်း, သတ်မှတ်ခြင်း အနက်ရှိသောကြောင့်။ တသ္မိံ ပဌမဈာနံ ဥပသမ္ပဇ္ဇ ဝိဟ-ရဏသမယေ၊ ထိုပထမဈာန်ကို ပြည့်စုံစေ၍ နေသောအခါ၌။ အဝိဇ္ဇမာနာနမ္ပိ၊ ထင်ရှားမရှိကြကုန်သော်လည်း။ ကာမာနံ၊ ကာမတို့၏။ တဿ ပဌမဈာနဿ၊ ထိုပထမဈာန်၏။ ပဋိပက္ခဘာဝဥ္စ၊ ဆန့်ကျင်ဘက်ဖြစ်ခြင်းကို လည်းကောင်း။ ကာမပရိစ္စာဂေနေဝ၊ ကာမတို့ကို စွန့်ခြင်းဖြင့်သာလျှင်။ အဿ ပဌမဈာနဿ၊ ထိုပထမဈာန်ကို။ အဓိဂမဥ္စ၊ ရခြင်းကိုလည်းကောင်း။ ဝိဝိစ္စေဝ ကာမေဟီတိ ဣမိနာ၊ ဝိဝိစ္စေဝ ကာမေဟိ-ဟူသော စကားရပ်ဖြင့်။ (ကရိုဏ်းထည့်)။ ဒီပေတိ၊ ပြတော်မူပေ၏။

ကထံ ဒီပေတိ၊ အဘယ်သို့ပြသနည်း။ဟိ၊ ထင်ရှားစွာပြအံ့။ ကာမေဟိ၊ ဝတ္ထုကာမ,ကိလေသာကာမတို့မှ။ဝိဝိစ္စေဝ၊ကင်းဆိတ်၍သာလျှင်။ ဣတိ ဧဝံ၊ဤသို့။ နိယမေ ကရိယမာနေ၊သတ်မှတ်ခြင်းကိုပြုလျှင်။ ဣဒံ၊ဤဆိုလတ္တံ့သော အကျိုးသည်။ ပညာယတိ၊ ထင်ရှားပေ၏။ ကာမာ၊ ကာမတို့သည်။ ဈာနဿ၊ ဈာန်၏။ နူန၊ စင်စစ်။ ပဋိပက္ခဘူတာ၊ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏။ ယေသု ကာမေသု၊ အကြင်ကာမတို့သည်။ သတိ၊ ရှိလတ်သော်။ ဣဒံ ဈာနံ၊ ဤဈာန်သည်။ နပ္ပဝတ္တတိ၊ မဖြစ်ပေါ်ပေ။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ အန္ဓကာရေ သတိ၊ အမှောင်ရှိလတ်သော်။ ပဒီပေါဘာသော၊ ဆီမီးရောင်သည်။ နပ္ပဝတ္တတိ ဝိယ၊ မဖြစ်သကဲ့သို့ (မရှိသကဲ့သို့) ပေတည်း။ (တနည်းအားဖြင့်ဆိုဦးအံ့။) အန္ဓကာရေ သတိ၊ အမှောင်ရှိလတ်သော်။ ပဒီပေါဘာသော၊ ဆီမီးရောင်သည်။ နပ္ပဝတ္တတိ ဝိယ၊ မဖြစ်,မရှိသကဲ့သို့။ ယေသု ကာမေသု၊ အကြင်ကာမတို့သည်။ သတိ၊ ရှိလတ်သော်၊ ဣဒံ ဈာနံ၊ ဤဈာန်သည်။ နပ္ပဝတ္တတိ၊ မဖြစ်။ တေ ကာမာ၊ ထိုကာမတို့သည်။ ဣမဿ ဈာနဿ၊ ဤဈာန်၏။ နူန၊ စင်စစ်။ ပဋိပက္ခဘူတာ၊ ဆန့်ကျင်ဘက်ဖြစ်၍ ဖြစ်ကုန်၏။ တေသံ၊ ထိုကာမတို့ကို။ ပရိစ္စာဂေနေဝ၊ စွန့်လွှတ်ခြင်းဖြင့်သာလျှင်။ အဿ၊ ထိုဈာန်ကို။ အဓိဂမော ဟောတိ၊ ရခြင်းဖြစ်ပေ၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဩရိမတီရ-ပရိစ္စာဂေန၊ ဤမှာဘက်ကမ်းကိုစွန့်ခြင်းဖြင့်။ ပါရိမတီရဿ၊ ထိုမှာဘက်ကမ်းကို။ အဓိဂမော ဝိယ၊ ရသကဲ့သို့ (ရောက်သကဲ့သို့)ပေတည်း။ တသ္မာ၊ ထိုသို့ထင်ရှားသောကြောင့်။ နိယမံ ကရောတိ၊ သတ်မှတ်ခြင်းကိုပြုပေ၏။ ဣတိ၊ ဤတွင် အဖွင့်စကားတရပ်ပြီး၏။

တတ္ထ၊ ထိုစကားရပ်၌။ ဝေါဒကဿ၊ ဝေါဒကပုဂ္ဂိုလ်၏။ ဣတိ ဝေါဒနာ၊ ဤသို့သော ဝေါဒနာသည်။ သိယာ၊ ဖြစ်ရာ၏။ ကသ္မာ ပန၊ အဘယ့်ကြောင့်

သော်ကား။ သေ·ဒသော ဝေကာရော၊ ဤဝေသဒ္ဒါကို။ ပုဗ္ဗပဒေယေဝ၊ ရှေ့ပုဒ်၌သာလျှင်။ ဝုတ္တော၊ ဟောတော်မူသနည်း။ ဥတ္တရပဒေ၊ နောက်ပုဒ်၌။ န ဝုတ္တော၊ ဟောတော်မမူပါသနည်း။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်ဖြစ်သော နီဝရဏတရားတို့မှ။ အဝိဝိစ္စာပိ၊ မကင်းဆိတ်ပဲလည်း။ ဈာနံ ဥပသမ္ပဇ္ဇ၊ ဈာန်ကို ပြည့်စုံစေ၍။ ဝိဟရေယျ ကိံ၊ နေနိုင်ရာသလော။ ဣတိ၊ ဤသို့။ စောဒနာ၊ စောဒနာသည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ဤရှေ့ပုဒ်၌သာလျှင် အဝဓာရဏ အနက်ရှိသော ဝေသဒ္ဒါကိုဆိုခြင်းကို။ ဧဝံ၊ ဤစောဒကဆိုသည့်အတိုင်း။ န ခေါ ဒဋ္ဌဗ္ဗံ၊ မမှတ်အပ်။ ဟိ၊ ချဲ့ဦးအံ့။ တံ နိဿရဏတော၊ ထိုကာမတို့၏ထွက်သွားရာ ထွက်သွားကြောင်းဖြစ်သောကြောင့်။ ဧသ·ဧသော ဧဝကာရော၊ ဤဝေသဒ္ဒါကို။ ပုဗ္ဗပဒေ၊ ရှေ့ပုဒ်၌။ ဝုတ္တော၊ ဆိုအပ်၏။ ဟိ၊ ဆက်ဦးအံ့။ (မှန်ပေ၏။) ကာမဓာတုသမတိက္ကမနတော စ၊ ကာမဓာတ်ကို လွန်မြောက်ကြောင်း အကျင့်ဖြစ်သောကြောင့်လည်းကောင်း။ ကာမရာဂပဋိပက္ခတော စ၊ ကာမရာဂ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့်လည်းကောင်း။ ဣဒံ ဈာနံ၊ ဤဈာန်သည်။ ကာမာနမေဝ၊ ကာမတို့၏သာလျှင်။ နိဿရဏံ၊ ထွက်သွားရာ ထွက်သွားကြောင်းဖြစ်၏။ ယထာဟ၊ မြတ်စွာဘုရား ဘယ်ကဲ့သို့ ဟောတော်မူသနည်း။ ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မန္တိ၊ ကာမာနမေတံ နိဿရဏံ ယဒိဒံ နေက္ခမ္မံ ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ယဒိဒံ ယံ ဣဒံ နေက္ခမ္မံ၊ အကြင်နေက္ခမ္မသည်။ အတ္ထိ၊ ရှိ၏။ ဧတံ နေက္ခမ္မံ၊ ထိုဈာန်သည်။ ကာမာနံ၊ ကာမတို့၏။ နိဿရဏံ၊ ထွက်သွားရာ ထွက်သွားကြောင်းပေတည်း။ ပန၊ ထိုသို့ ရှေ့ပုဒ်၌သာ ဟောတော်မူသော်လည်း။ ဥတ္တရပဒေပိ၊ နောက်ပုဒ်၌လည်း။(ဝတ္တ-ဗ္ဗော-မှာ စပ်ပါ။) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓေဝ၊ ဤသာသနာတော်၌သာလျှင်။ သမဏော၊ သောတာပန်ရဟန်းကို။ လဗ္ဘတိ၊ ရအပ်၏။ ဣဓ ဣဓေဝ၊ ဤသာ·သနာတော်၌သာလျှင်။ (ဝေသဒ္ဒါကို ဆောင်ပါ)။ ဒုတိယော သမဏော၊ ဒုတိယ·သကဒါဂါမ်ရဟန်းကို။ လဗ္ဘတိ၊ ရအပ်၏။ ဣတိ ဧတ္ထ၊ ဤပါဠိစကား၌။ ဧဝကာရော၊ ဝေသဒ္ဒါကို။ အာနေတွာ၊ နောက်ပုဒ်၌လည်းဆောင်၍။ ဝတ္တတိ ယထာ၊ ဆိုအပ်ဆိုသင့်သကဲ့သို့။ ဧဝံ၊ ထိုအတူပင်။ အာနေတွာ၊ ဆောင်၍။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ဟိ၊ မှန်၏။ ဣတော၊ ဤကာမတို့မှ။ အညေဟိ၊ တပါးကုန်သော။ နီဝရဏသင်္ခါတေဟိ အကုသလဓမ္မေဟိပိ၊ နီဝရဏဟု ဆိုအပ်ကုန်သော အကုသိုလ်တရားတို့မှလည်း။ (ပိသဒ္ဒါ ရှေ့ထိုင်)။ အဝိဝိစ္စ၊ မကင်း မဆိတ်ပဲ။ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရိတုံ၊ ဈာန်ကိုပြည့်စုံစေ၍ နေခြင်းငှါ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။ ကာမေဟိ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ အကုသိုလ်တရားတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ ဣတိ ဧဝံ၊ ဤသို့။ ပဒဒွယေပိ၊ နှစ်ပုဒ်လုံး၌လည်း။ ဧသ ဧသော ဧဝကာရော၊ ဤဝေသဒ္ဒါကို။ ဒဋ္ဌဗ္ဗော၊ မှတ်

အပ်ပေ၏။ စ၊ ဆက်၍ပြောဦးအံ့။ ပဒဒ္ဓယေပိ၊ နှစ်ပုဒ်လုံး၌လည်း။ ဝိဝိစ္စာတိ ဣမိနာ သာမာရဏဝစနေန၊ ကင်းဆိတ်၍ဟူသော ဆက်ဆံသော၍စကားဖြင့်။ တဒင်္ဂဝိဝေကာဒယော စ၊ တဒင်္ဂဝိဝေက,ဝိက္ခမ္ဘနဝိဝေက, သမုစ္ဆေဒဝိဝေက,ပဋိပဿဒ္ဓိဝိဝေက,နိဿရဏဝိဝေကလည်းဖြစ်ကုန်သော။ ကာယဝိဝေကာဒယော စ၊ ကာယဝိဝေက, စိတ္တဝိဝေက, ဥပဓိဝိဝေကလည်းဖြစ်ကုန်သော။ (အာဒိသဒ္ဒါ အနက်ကိုပါ ဖော်ထားသည်။) သဗ္ဗေပိ ဝိဝေကာ၊ ဝိဝေကအလုံးစုံတို့သည်လည်း။ သင်္ဂဟံ၊ ပေါင်းယူခြင်းသို့။ ကိဥ္စာပိ ဂစ္ဆန္တိ၊ အကယ်၍ကား ရောက်ကုန်၏။ တထာပိ၊ ထိုသို့ရောက်စေကာမူ။ ကာယဝိဝေကော၊ ကာယဝိဝေကလည်းကောင်း။ စိတ္တဝိဝေကော၊ စိတ္တဝိဝေကလည်းကောင်း။ ဝိက္ခမ္ဘဏဝိဝေကော၊ဝိက္ခမ္ဘဏဝိဝေကလည်းကောင်း။ ဣတိ၊ ဤသို့။ တယော ဧဝ၊ သုံးပါးတို့ကိုသာလျှင်။ ဣဓ၊ ဤဈာန်ကိုပြဆိုရာစကား၌။ ဒဋ္ဌဗ္ဗာ၊ မှတ်သားအပ်ကုန်၏။

ပန၊ အဖို့တပါးကား။ ကာမေဟီတိ ဣမိနာ ပဒေန၊ ကာမတို့မှဟူသော၍ ပုဒ်ဖြင့်။ နိဒ္ဒေသ၊ မဟာနိဒ္ဒေသ၌။ ဝတ္ထုကာမာ၊ ဝတ္ထုကာမတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း။ မနာပိယာ၊ စိတ်နှလုံးကို ပွားစေတတ်ကုန်သော။ ရူပါ၊ အဆင်းတို့လည်းကောင်း။ ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသော နည်းဖြင့်။ ယေ စ ဝတ္ထုကာမာ၊ အကြင်ဝတ္ထုကာမတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တတ္ထေဝ၊ထိုမဟာနိဒ္ဒေသ၌လည်းကောင်း။ ဝိဘင်္ဂေ စ၊ ဝိဘင်းကျမ်း၌လည်းကောင်း။ ဆန္ဒော၊ လိုလားခြင်းသည်။ကာမော၊ ကာမမည်၏။ ရာဂေါ၊ တပ်မက်ခြင်းသည်၊ ကာမော၊ ကာမမည်၏။ ဆန္ဒရာဂေါ၊ လိုလားတပ်မက်ခြင်းသည်၊ ကာမော၊ ကာမမည်၏။ သင်္ကပ္ပေါ၊ နိမိတ္တနှင့် အနုဗျဉ္ဇနတို့ကို နှစ်သက်၍ ကြံစည်ခြင်းသည်။ ကာမော၊ ကာမမည်၏။ ရာဂေါ၊ ထိုထက်အားကြီးစွာ တပ်စွဲခြင်းသည်၊ ကာမော၊ ကာမမည်၏။ သင်္ကပ္ပရာဂေါ၊ ထိုထက်သာ၍ အားကြီးစွာ ကြံစည် တပ်စွဲခြင်းသည်။ ကာမော၊ ကာမမည်၏။ ဣမေ၊ ဤလိုလားခြင်း စသည်တို့ကို။ ကာမာတိ၊ ကိလေသကာမတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဧဝံ၊ ဤသို့။ ယေ စ ကိလေသကာမာ၊အကြင်ကိလေသကာမတို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။တေ သဗ္ဗေပိ၊ထိုအလုံးစုံတို့ကိုပင်။သင်္ဂဟိတာ ဣစ္စေဝ၊သိမ်းယူအပ်ကုန်၏ဟူ၍သာလျှင်။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ဟိ၊ အကျိုးကိုပြဦးအံ့။ဧဝံ သတိ၊ဤသို့ သိမ်းယူသည်ရှိသော်။ ဝိဝိစ္စေဝ ကာမေဟီတိ ဧတ္ထ၊ ကာမတို့မှကင်းဆိတ်၍သာလျှင်ဟူသော၍စကား၌။ ဝတ္ထုကာမေဟိပိ ဝိဝိစ္စေဝါတိ အတ္ထော၊ ဝတ္ထုကာမတို့မှလည်း ကင်းဆိတ်၍ သာလျှင်ဟူသော အနက်အဓိပ္ပာယ်သည်။ ယုဇ္ဇတိ၊ သင့်လျော်၏။ တေန၊ ထိုဝတ္ထုကာမတို့မှ ကင်းဆိတ်ခြင်းဖြင့်။ ကာယဝိဝေကော၊ ကာယဝိဝေကကို။ ဝုတ္တော၊ ဆိုအပ်ပေသည်။ ဟောတိ၊ ဖြစ်၏။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ ဧတ္ထ၊ အကုသိုလ်တရားတို့မှ ကင်းဆိတ်၍သာလျှင်ဟူသော

ဤစကား၌။ ကိလေသကာမေဟိ ဝါ၊ ကိလေသာကာမတို့မှလည်းကောင်း။ သဗ္ဗာကုသလေဟိ ဝါ၊ အလုံးစုံသောအကုသိုလ်တို့မှလည်းကောင်း။ ဝိဝိစ္စာတိ အတွေ့ာ၊ကင်းဆိတ်၍ သာလျှင်ဟူသောအနက်အဓိပ္ပာယ်သည်၊ ယုဇ္ဇတိ၊သင့်၏။ တေန၊ ထို ကိလေသာကာမနှင့် အလုံးစုံသောအကုသိုလ်တို့မှကင်းဆိတ်ခြင်းဖြင့်။ စိတ္တဝိဝေကော၊ စိတ္တဝိဝေကကို။ ဝုတ္တော ဟောတိ၊ ဆိုအပ်သည်ဖြစ်၏၊ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိဟူသော စကားနှစ်ရပ်၌။ ပုရိမေန၊ ရှေ့ဖြစ်သော ဝိဝိစ္စေဝ ကာမေဟိဟူသော ပုဒ်ဖြင့်။ တနည်း။ဧတ္ထ၊ ဤဝိဝေက နှစ်ပါးအပေါင်း၌။ ပုရိမေန၊ ရှေးဖြစ်သော ကာယဝိဝေကဖြင့်။ (ပုရိမေနာတိ ကာယဝိဝေကေန-ဋီကာနှင့်အညီပင်။) ဝတ္ထုကာမေဟိ၊ ဝတ္ထုကာမတို့မှ။ ဝိဝေကဝစနတော ဧဝ၊ ကင်းဆိတ်ခြင်းကို ဟောတော်မူသောကြောင့်ပင်လျှင်။ ကာမသုခပရိစ္စာဂေါ၊ ဝတ္ထုကာမတို့ကို ခံစားသော ချမ်းသာကိုစွန့်ခြင်းကို။ ဝိဘာဝိတော၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယေန၊ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ဒုတိယပုဒ်ဖြင့်။ ဝါ၊ ဒုတိယပုဒ်ဖြစ်သောစိတ္တဝိဝေကဖြင့်။ (ဋီကာနှင့်အညီ)။ကိလေသကာမေဟိ ဝိဝေကဝစနတော၊ ကိလေသာတို့မှ ကင်းဆိတ်ခြင်းကိုဟောတော်မူသောကြောင့်။ နေက္ခမ္မသုခပရိဂ္ဂဟော၊ ချာန်ချမ်းသာကို သိမ်းဆည်းခြင်းကို။ ဝိဘာဝိတော ဟောတိ၊ ထင်ရှားပြအပ်ပေ၏။ ဧဝံ၊ ဤသို့။ ဝတ္ထုကာမ ကိလေသာကာမ ဝိဝေကဝစနတောယေဝ၊ ဝတ္ထုကာမ ကိလေသာကာမတို့မှ ကင်းဆိတ်ခြင်းကို ဟောတော်မူခြင်းကြောင့်သာလျှင်။ ဧတေသံ၊ ထိုဆိုအပ်ခဲ့ပြီးသော စကားနှစ်ပုဒ်တို့တွင်။ ပဌမေန၊ ရှေ့ပုဒ်ဖြင့်။ သံကိလေသဝတ္ထုပ္ပဟာနံ၊ သံကိလေသစသည်တို့၏ အကြောင်းအာရုံကို ပယ်ခြင်းကို။ ဝိဘာဝိတံ၊ ထင်ရှားပြအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ သံကိလေသပ္ပဟာနံ၊ တဏှာသံကိလေသကို ပယ်ခြင်းကို။ ဝိဘာဝိတံ ဟောတိ၊ ထင်ရှားပြအပ်သည်ဖြစ်၏။ ပဌမေန၊ ပဌမပုဒ်ဖြင့်။ လောလဘာဝဿ၊ လျှပ်ပေါ်လော်လည်ခြင်း၏။ ဟေတုပရိစ္စာဂေါ၊ အကြောင်းဖြစ်သောဝတ္ထုကာမကို စွန့်ခြင်းကို။ဝိဘာဝိတော ဟောတိ၊ ထင်ရှားပြအပ်သည်ဖြစ်၏။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ ဗာလဘာဝဿ၊ မိုက်ခြင်း မသိခြင်းဟူသော အဝိဇ္ဇာ၏၊ ဟေတုပရိစ္စာဂေါ၊ အကြောင်းကိုစွန့်ခြင်းကို။ ဝိဘာဝိတော ဟောတိ၊ ထင်ရှားပြအပ်သည်ဖြစ်၏။ စ၊ ထို့မှတပါး။ ပဌမေန၊ ပဌမပုဒ်ဖြင့်။ ပယောဂသုဒ္ဓိ၊ ကိုယ်နှုတ်အမှုအရာ ပယောဂ၏ စင်ကြယ်ခြင်းကို။ ဝိဘာဝိတော ဟောတိ၊ ထင်ရှားပြအပ်သည်ဖြစ်၏။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ အာသယပေါသနံ၊ အဇ္ဈာသယကို စင်ကြယ်စေလျက် ပွားစေခြင်းကို။ ဝိဘာဝိတံ ဟောတိ၊ ထင်ရှားပြအပ်သည်ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိညာတဗ္ဗံ၊ သိအပ်၏။ သေသေသု၊ ဤဆိုအပ်ခဲ့ပြီးသည်မှ တပါး၊ ရှေးဦးစွာ။ ကာမေဟီတိ ဧတ္ထ၊ ကာမေဟိဟူသော ဤစကား၌။ ဝုတ္တကာမေသု၊

ဆိုအပ်ပြီးခဲ့သော ]ကာမရှစ်ပါးတို့တွင်။ ဝတ္ထုကာမပက္ခေ၊ ဝတ္ထုကာမအဖို့၌။ နယော၊ နည်းပေတည်း။

ပန၊ အဖို့တပါးကား။ ကိလေသကာမပက္ခေ၊ ကိလေသာကာမအဖို့၌။ ဆန္ဒောတိ စ၊ လိုလားခြင်းဟူ၍လည်းကောင်း။ ရာဂေါတိ စ၊ တပ်စွဲခြင်းဟူ၍လည်းကောင်း။ ဧဝမာဒိဟိ၊ ဤသို့အစရှိသောအပြားတို့ဖြင့်။ အနေကဘေဒေါ၊ များသောအပြားရှိသော။ ကာမစ္ဆန္ဒောယေဝ၊ ကာမဆန္ဒကိုသာလျှင်။ ကာမောတိ၊ ကာမဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ စ၊ ဆက်ဦးအံ့။ သော၊ ထိုကာမဆန္ဒကို။ အကုသလပရိယာပန္နော သမာနောပိ၊ အကုသိုလ်၌ အကျုံးဝင်ငြားသော်လည်း။ တတ္ထ၊ ထိုတရားတို့တွင်။ ကာမေ၊ ကာမသည်။ ကတမေ၊ အဘယ်နည်း။ ဆန္ဒော၊ ဆန္ဒသည်။ ကာမော၊ ကာမပေတည်း။ ဣတိ အာဒိနာ နယေန၊ ဤသို့ စသော နည်းဖြင့်။ဝိဘင်္ဂေ၊ ဝိဘင်း၌။ ဈာနပဋိပက္ခတော၊ ဈာန်၏ ဆန့်ကျင်ဘက်အဖြစ်ဖြင့်။ ဝိသုံ ဝုတ္တော၊ သီးခြားဟောထားအပ်ပေ၏။ ဝါ၊ တနည်း။ ကိလေသကာမတ္တာ၊ ကိလေသာကာမဖြစ်သောကြောင့်။ ပုရိမပဒေ၊ ကာမေဟိ ဟူသော ရှေ့ပုဒ်၌။ ဝုတ္တော၊ ဆိုအပ်၏။ အကုသလပရိယာပန္နတ္တာ၊ အကုသိုလ်၌ အကျုံးဝင်သောကြောင့်။ ဒုတိယပဒေ၊ အကုသလေဟိဟူသော နောက်ပုဒ်၌။ ဝုတ္တော၊ ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ အဿ၊ ထိုကာမ၏။ အနေကဘေဒတော၊ များသောအပြားရှိသောကြောင့်။ ကာမတောတိ၊ ကာမတောဟူ၍။ အဝတွာ၊ ဧကဝုစ်အားဖြင့် မဟောမူ၍။ ကာမေဟီတိ၊ ကာမေဟိဟူ၍။ ဝုတ္တံ၊ ဗဟုဝုစ်အားဖြင့် ဟောတော်မူအပ်၏။

အညေသံ ဓမ္မာနံပိ၊ နီဝရဏတို့မှ တပါးကုန်သော ဒိဋ္ဌိ မာန အစရှိသော တရားတို့၏လည်း။ အကုသလဘာဝေ ဝိဇ္ဇမာနေ၊ အကုသိုလ်ဖြစ်ကြသော်လည်း။ ဝါ၊ အကုသိုလ်အဖြစ် ထင်ရှားသော်လည်း။ တတ္ထ၊ ထိုဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ-ဟူသော စကားရပ်၌။ အကုသလာ၊ အကုသိုလ်တရားတို့ဟူသည်။ ကတမေ၊ အဘယ်တို့နည်း။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒလည်းကောင်း။ ဣတိ အာဒိနာ နယေန၊ ဤသို့ စသော နည်းဖြင့်။ ဝိဘင်္ဂေ၊ ဝိဘင်း၌။ ဥပရိဈာနင်္ဂါနံ၊ အထက်၌ ဟောလတ္တံ့သော ဈာနင်တို့၏။ ပစ္စနီကပဋိပက္ခဘာဝဒဿနတော၊ ရန်သူဖြစ်သော နီဝရဏတို့၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းကို ပြသောအားဖြင့်။ နီဝရဏာနေဝ၊ နီဝရဏတို့ကိုသာလျှင်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဟိ၊ မှန်၏။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဈာနင်္ဂပစ္စနီကာနိ၊ ဈာနင်တို့၏ဆန့်ကျင်ဘက်တို့ပေတည်း။ ဈာနင်္ဂါနေဝ၊ ဈာနင်တို့သည်ပင်လျှင်။တေသံ၊ ထိုနီဝရဏ တို့၏။ ပဋိပက္ခာနိ၊ ဆန့်ကျင်ဘက်တို့ပေတည်း။ တေသံ၊ ထိုနီဝရဏ

တို့ကို။ (လိုက်)။ ဝိဒ္ဓံသကာနိ၊ ဖျက်ဆီးတတ်သော တရားတို့ပေတည်း။ ဝိဃာတကာနိ၊ သတ်တတ်သော တရားတို့ပေတည်း။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလိုပေ၏။ တထာ ဟိ တတော ဝေ၊ ထို့ကြောင့်ပင်လျှင်။ သမာဓိ၊ သမာဓိသည်။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်တည်း။ ပီတိ၊ ပီတိသည်။ ဗျာပါဒဿ၊ ဗျာပါဒ၏။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်တည်း။ ဝိတက္ကော၊ ဝိတက်သည်။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓ၏။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်တည်း။ သုခံ၊ သုခသည်။ ဥဒ္ဓစ္စကုက္ကုစ္စဿ၊ ဥဒ္ဓစ္စ,ကုက္ကုစ္စ၏။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်တည်း။ ဝိစာရော၊ ဝိစာရသည်။ ဝိစိကိစ္ဆာယ၊ ဝိစိကိစ္ဆာ၏။ ပဋိပက္ခော၊ ဆန့်ကျင်ဘက်တည်း။ ဣတိ၊ ဤသို့။ ပေဋကေ၊ ပေဋကမည်သော ကျမ်း၌။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေ၏။

ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဧတ္ထ၊ ဤနှစ်ပုဒ်တို့တွင်။ ဝိဝိစ္စေဝ ကာမေဟီတိ ဣမိနာ၊ ဝိဝိစ္စေဝ ကာမေဟိ-ဟူသော ဤပုဒ်ဖြင့်။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသောအားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ ဣမိနာ၊ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော ဤပုဒ်ဖြင့်။ ပဉ္စန္နမ္ပိ နီဝရဏာနံ၊ နီဝရဏငါးပါးလုံးတို့၏လည်း။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသောအားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုမှတပါး။ အဂဟိတဂ္ဂဟဏေန၊ မယူသေးသည်ကို ယူသောနည်းဖြင့်။ ပဌမေန၊ ပဌမပုဒ်ဖြင့်။ ကာမစ္ဆန္ဒဿ၊ ကာမစ္ဆန္ဒ၏။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ သေသနီဝရဏာနံ၊ ကြွင်းသော နီဝရဏတို့၏။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသောအားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထိုအတူ။ ပဌမေန၊ ပဌမပုဒ်ဖြင့်။ တီသု အကုသလမူလေသု၊ အကုသိုလ်မူလသုံးပါးတို့တွင်။ ပဉ္စကာမဂုဏဘေဒဝိသယဿ၊ ကာမဂုဏ်ငါးပါးအထူးကို အာရုံပြုသော။ လောဘဿ၊ လောဘ၏။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ အာဃာတဝတ္ထုဘေဒါဒိဝိသယာနံ၊ ရန်ငြိုးဖွဲ့ကြောင်း အာဃာတဝတ္ထုကိုးပါးအထူး စသည်ကို အာရုံပြုသော။ ဒေါသမောဟာနံ၊ ဒေါသမောဟတို့၏။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသော အားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ဩဃာဒီသု ဓမ္မေသု၊ ဩဃ အစရှိသော အကုသိုလ်တရားတို့တွင်။ ပဌမေန၊ ပဌမပုဒ်ဖြင့်။ ကာမောဃကာမယောဂကာမာသဝကာမုပါဒါနအဘိဇ္ဈာကာယဂန္ထကာမရာဂသံယောဇနာနံ၊ ကာမောဃ,ကာမယောဂ, ကာမာသဝ, ကာမုပါဒါန်, အဘိဇ္ဈာကာယဂန္ထ, ကာမရာဂသံယောဇဉ်တို့၏၊ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ အဝသေသဩဃယောဂါသဝဥပါဒါနဂန္ထသံယောဇနာနံ၊ ကြွင်းသော ဩဃ,ယောဂ, အာသဝ,ဥပါဒါန်, ဂန္ထ,

သံယောဇဉ်တို့၏။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသောအားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ စ၊ တနည်းကား။ ပဌမေန၊ ပထမပုဒ်ဖြင့်။ တဏှာယ စ၊ တဏှာ၏လည်းကောင်း။ တံ သမ္ပယုတ္တကာနဉ္စ၊ ထိုတဏှာနှင့် ယှဉ်ဖက်တရားတို့၏ လည်းကောင်း။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ အဝိဇ္ဇာယ စ၊ အဝိဇ္ဇာ၏လည်းကောင်း။ တံ သမ္ပယုတ္တကာနဉ္စ၊ ထိုအဝိဇ္ဇာနှင့် ယှဉ်ဖက်တရားတို့၏ လည်းကောင်း။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသောအားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ အပိ စ၊ တနည်းအားဖြင့်။ ပဌမေန၊ ပထမပုဒ်ဖြင့်။ လောဘသမ္ပယုတ္တကာနံ၊ လောဘနှင့်ယှဉ်ကုန်သော။ အဋ္ဌန္နံ စိတ္တုပ္ပါဒါနံ၊ စိတ္တုပ္ပါဒ်ရှစ်ပါးတို့၏။ ဒုတိယေန၊ ဒုတိယပုဒ်ဖြင့်။ သေသာနံ၊ ကြွင်းကုန်သော။ စတုန္နံ အကုသလစိတ္တုပ္ပါဒါနံ၊ အကုသိုလ်စိတ္တုပ္ပါဒ်လေးပါးတို့၏။ ဝိက္ခမ္ဘနဝိဝေကော၊ ဝေးကွာသောအားဖြင့် ကင်းဆိတ်ခြင်းကို။ ဝုတ္တော၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အယံ၊ ဤသည်ကား။ တာဝ၊ ရှေးဦးစွာ။ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟီတိ ဧတ္ထ၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ-ဟူသော စကားရပ်၌။ အတ္ထပကာသနာ၊ အနက်ကို ပြခြင်းပေတည်း။

(၁၃၈) ၇၁။ စ၊ ဆက်အံ့။ ဧတ္တာဝတာ၊ ဤမျှအတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်။ (ဒဿေတွာ–မှာစပ်)။ ပဌမဿ ဈာနဿ ပဟာနင်္ဂံ၊ ပထမဈာန်၏ ပယ်အပ်သော အင်္ဂါကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ သမ္ပယောဂင်္ဂံ ဒဿေတုံ၊ ယှဉ်သော အင်္ဂါကို ပြခြင်းငှာ။ သဝိတက္ကံ သဝိစာရန္တိ အာဒိ၊ သဝိတက္ကံ သဝိစာရံ ဤသို့အစရှိသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ တတ္ထ၊ ထိုသဝိတက္ကံ သဝိစာရံ-စသော စကားရပ်၌။ ဝိတက္ကနံ၊ ကြံခြင်းသည်။ ဝိတက္ကော၊ ဝိတက်မည်၏။ ဦဟနံ၊ ကြံစည်ခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ သွာယံ-သော အယံ ဝိတက္ကော၊ ထိုဝိတက်သည်။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တဿ အဘိနိရောပန-လက္ခဏော၊ စိတ်ကို ရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏။ အာဟနနပရိယာဟနန-ရသော၊ အစ၌ ခေါက်ခြင်း,လှည့်ပတ်၍ခေါက်ခြင်း ကိစ္စရှိ၏။ တထာ ဟိ တေနာ ဝေ၊ ထို့ကြောင့်ပင်လျှင်။ တေန၊ ထိုဝိတက်ဖြင့်။ ယောဂါဝစရော၊ ယောဂီပုဂ္ဂိုလ်သည်။ အာရမ္မဏံ၊ အာရုံကို။ဝိတက္ကာဟတံ၊ ဝိတက်ဖြင့် ရှေးဦးစွာ ခေါက်ခြင်းကို။ ဝိတက္ကပရိယာဟတံ၊ ဝိတက်ဖြင့် လှည့်ပတ်၍ ခေါက်သည်ကို။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တဿ၊ စိတ်ကို။ အာနယနပစ္စုပဋ္ဌာနော၊ ဆောင်လာတတ်သော တရား, ဆွဲငင်တတ်သော တရားဟု ယောဂီ၏ ဉာဏ်အား ရှေးရှုထင်တတ်၏။

ဝိစာရဏံ၊ ဆင်ခြင်သုံးသပ်ခြင်းသည်။ ဝိစာရော၊ ဝိစာရမည်၏။ အနုသဉ္စရဏံ၊ အာရုံ၌ အဖန်ဖန်အထပ်ထပ် လှည့်ပတ်သွားလာခြင်း။ ဝါ၊ အာရုံ၌ အထပ်ထပ် ကျက်စားခြင်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ သွာယံ သော အယံ ဝိစာရော၊ ထိုဝိစာရသည်။ အာရမ္မဏာနုမဇ္ဇနလက္ခဏော၊ အာရုံကို အဖန်ဖန်အထပ်ထပ် သုံးသပ်ခြင်း လက္ခဏာရှိ၏။ တတ္ထ၊ ထိုအာရုံ၌။ သဟဇာတာနုယောဇနရသော၊ အတူတကွဖြစ်ဖက်တရားတို့ကို ယှဉ်စေခြင်းကိစ္စရှိ၏။ စိတ္တဿ၊ စိတ်ကို။ အနုပ္ပဗန္ဓနပစ္စုပဋ္ဌာနော၊ အာရုံ၌ အစဉ်မပြတ် ဖွဲ့ချည်တတ်သော တရားဟု ဉာဏ်အားရှေးရှုထင်တတ်၏။

စ၊ ဆက်ဦးအံ့။ နေသံ၊ ထိုဝိတက်နှင့်ဝိစာရတို့၏။ ကတ္ထစိ၊ အချို့သော ပထမဈာန်နှင့် ကာမစိတ်တို့၌။ အဝိပ္ပယောဂေ သန္တေပိ၊ မကွေမကွာယှဉ်ကြသော်လည်း။ ဩဠာရိကဋ္ဌေန စ၊ ဝိစာရထက် ရုန့်ရင်းကြမ်းတမ်းသော အနက်သဘောကြောင့်လည်းကောင်း။ ပုဗ္ဗင်္ဂမဋ္ဌေန စ၊ ဝိစာရ၏ ရှေ့သွားဖြစ်သော အနက်သဘောကြောင့်လည်းကောင်း။ ဃဏ္ဍာဘိဃာတော ဝိယ၊ ခေါင်းလောင်း၏ ရှေးဦးစွာမြည်သော အသံကဲ့သို့။ စေတသော၊ စိတ်၏။ ပဌမာဘိနိပါတော၊ အာရုံသို့ ရှေးဦးစွာကျခြင်းသဘောသည်။ ဝိတက္ကော၊ ဝိတက်မည်၏။ သုခုမဋ္ဌေန စ၊ ဝိတက်အောက် သိမ်မွေ့သော အနက်သဘောကြောင့်လည်းကောင်း။ အနုမဇ္ဇနသဘာဝေန စ၊ အာရုံကို အဖန်ဖန် အထပ်ထပ် သုံးသပ်တတ်သော အနက်သဘောကြောင့်လည်းကောင်း။ ဃဏ္ဍာနုရဝေါ ဝိယ၊ ခေါင်းလောင်း၏ အလျဉ်မပြတ် အထပ်ထပ်မြည်ဟည်းနေသော အသံကဲ့သို့။ အနုပ္ပဗန္ဓော၊ စိတ်ကို အာရုံ၌ အစဉ်မပြတ် ဖွဲ့ချည်တတ်သော သဘောသည်။ ဝိစာရော၊ ဝိစာရမည်၏။ စ၊ ဆိုမှတပါး။ ဧတ္ထ၊ ဤဝိတက်ဝိစာရနှစ်ပါးတို့တွင်။ ဝိတက္ကော၊ ဝိတက်သည်။ ဝိပ္ဖါရဝါ၊ လှုပ်ရှား၏။ ပဌမုပ္ပတ္တိကာလေ၊ ရှေးဦးဖြစ်စကာလ၌။ စိတ္တဿ၊ စိတ်၏။ ပရိပ္ဖန္ဒနဘူတော၊ လှုပ်ရှားခြင်းသဘောဖြစ်၍ဖြစ်၏။ စိတ္တဿ ပရိပ္ဖန္ဒနဘူတော၊ လှုပ်ရှားခြင်းသဘောဖြစ်၏။ ကိံဝိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း။ အာကာသေ၊ ကောင်းကင်၌။ ဝါ၊ ကောင်းကင်သို့။ ဥပ္ပတိတုကာမဿ၊ ပျံတက်လိုသော။ ပက္ခိနော၊ ငှက်ကြီး၏။ ပက္ခဝိက္ခေပေါ ဝိယ စ၊ အတောင်ခတ်ခြင်းကဲ့သို့လည်းကောင်း။ ဝါ၊ အတောင်ခတ်ခြင်းနှင့်တူ၏။ ဂန္ဓာနုဗန္ဓစေတသော၊ အနံ့သို့ အစဉ်လိုက်သော စိတ်ရှိသော။ ဘမရဿ၊ ပိတုန်း၏။ ပဒုမာဘိမုခပါတော ဝိယ စ၊ ပဒုမ္မာကြာပွင့်သို့ ရှေးရှုကျခြင်းကဲ့သို့လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဝိစာရော၊ ဝိစာရသည်။ သန္တဝုတ္တိ၊ ငြိမ်သက်သော ဖြစ်ခြင်းရှိ၏။ စိတ္တဿ၊ စိတ်၏။ နာတိပရိပ္ဖန္ဒနဘာဝေါ၊ မလှုပ်ရှားလွန်းသော သဘောရှိ၏။ ကိံဝိဝ၊ ဥပမာအဘယ်ကဲ့သို့နည်း။ အာကာသေ၊ ကောင်းကင်၌။ ဝါ၊ ကောင်းကင်သို့။ ဥပ္ပတိတဿ ပက္ခိနော၊ ပျံတက်ပြီးသော ငှက်ကြီး၏။ ပက္ခပသာရဏံ ဝိယ၊

အတောင်ကို ဆန့်တန်းသကဲ့သို့လည်းကောင်း။ ပဒုမာဘိမုခပတိတဿ၊ ပဒုမ္မာကြာပွင့်သို့ ရှေးရှုကျပြီးသော။ ဘမရဿ၊ ပိတုန်း၏။ ပဒုမဿ ဥပရိဘာဂေ၊ ပဒုမ္မာကြာပွင့်၏ အထက်၌။ ပရိဗ္ဘမနံ ဝိယ စ၊ ရစ်ဝဲနေခြင်းကဲ့သို့လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ပန၊ ဝါဒအထူးပြဦးအံ့။ ဒုကနိပါတဋ္ဌကထာယံ၊ ဒုကနိပါတ အဋ္ဌကထာ၌။ အာကာသေ၊ ကောင်းကင်၌။ ဂစ္ဆတော မဟာသကုဏဿ၊ ပျံသွားသော ငှက်ကြီး၏။ဥဘောဟိ ပက္ခေဟိ၊အတောင်နှစ်ဘက်တို့ဖြင့်။ ဝါတံ ဂဟေတွာ၊ လေကို ယူ၍။ ပက္ခေ သန္နိသီဒါပေတွာ၊ အတောင်တို့ကို ငြိမ်သက်စေ၍။ ဂမနံ ဝိယ၊ သွားခြင်းကဲ့သို့။ အာရမ္မဏေ၊ အာရုံ၌။ စေတသော အဘိနိရောပနဘာဝေန၊ စိတ်ကိုရှေးရှုတက်စေသောအားဖြင့်။ ပဝတ္တော၊ဖြစ်သောသဘောသည်။ ဝိတက္ကော၊ ဝိတက်ပေတည်း။ ဝါတဂ္ဂဟဏတ္ထံ၊ လေကိုယူခြင်းငှာ။ ပက္ခေ၊ အတောင်တို့ကို။ ဖန္ဒာပယမာနဿ၊ ခတ်သောငှက်ကြီး၏။ ဂမနံ ဝိယ၊ ဖြစ်ပုံကဲ့သို့။ (ဂမုခါတ် ပဝတ္တနတ္ထ)။ အနုမဇ္ဇနဘာဝေန၊ အာရုံကိုအဖန်ဖန် အထပ်ထပ်သုံးသပ်သောအားဖြင့်။ ပဝတ္တော၊ ဖြစ်သောသဘောသည်။ ဝိစာရော၊ဝိစာရပေတည်း။ ဣတိ၊ဤသို့။ဝုတ္တံ၊ ဆိုထားအပ်ပေ၏။တံ၊ ထိုစကားသည်။ အနုပ္ပဗန္ဓေန၊ ဥပစာရ၌ဖြစ်စေ, အပ္ပနာ၌ဖြစ်စေ ရှေ့နောက်အစဉ်အားဖြင့်။ ပဝတ္တိယံ၊ ဖြစ်ခြင်း၌။ ယုဇ္ဇတိ၊ သင့်လျော်၏။ ပန၊ ဆက်ဦးအံ့။ နေသံ၊ ထို ဝိတက်နှင့်ဝိစာရတို့၏။ သော ဝိသေသော၊ ထိုအထူးသည်။ ပဌမဒုတိယဈာနေသု၊ ပထမဈာန်နှင့် ဒုတိယဈာန်တို့၌။ ပါကဋော ဟောတိ၊ ထင်ရှားပေ၏။

အပိ စ၊ တနည်းသော်ကား။ မလဂ္ဂဟိတံ၊ အညစ်အကြေးကပ်ငြိနေသော။ ကံသဘာဇနံ၊ ကြေးခွက်ကို။ ဧကေန ဟတ္ထေန၊ လက်တဖက်ဖြင့်။ဒဠှံ ဂဟေတွာ၊ မြဲမြံစွာကိုင်၍။ ဣတရေန ဟတ္ထေန၊ အခြားလက်တဖက်ဖြင့်။ စုဏ္ဏတေလဝါလဏ္ဍုပကေန၊ဆပ်ပြာမှုန့်နှင့် ဆီသုတ်လိမ်းထားသော သိုးမွေးခေါင်းခုခွေဖြင့်။ ပရိမဇ္ဇန္တဿ၊ လှည့်ပတ်ပွတ်တိုက်သောသူ၏။ ဒဠှဂဟဏဟတ္ထော ဝိယ၊ မြဲမြံစွာ ကိုင်ထားသောလက်ကဲ့သို့။ ဝိတက္ကော၊ ဝိတက်ကို။ဒဋ္ဌဗ္ဗော၊မှတ်အပ်၏။တနည်း။ ဝိတက္ကော၊ ဝိတက်သည်။ မလဂ္ဂဟိတံ၊ အညစ်အကြေး ကပ်ငြိနေသော။ ကံသဘာဇနံ၊ ကြေးခွက်ကို။ ဧကေန ဟတ္ထေန၊ လက်တဖက်ဖြင့်။ ဒဠှံ ဂဟေတွာ၊ မြဲမြံစွာကိုင်၍။ ဣတရေန ဟတ္ထေန၊ အခြား လက်တဖက်ဖြင့်။ စုဏ္ဏတေလဝါလဏ္ဍုပကေန၊ဆပ်ပြာမှုန့်နှင့် ဆီသုတ်လိမ်းထားသော သိုးမွေးခေါင်းခုခွေဖြင့်။ ပရိမဇ္ဇန္တဿ၊ လှည့်ပတ်ပွတ်တိုက်သောသူ၏။ ဒဠှဂဟဏဟတ္ထော ဝိယ ဟောတိ၊ မြဲမြံစွာ ကိုင်ထားသောလက်နှင့် တူ၏။ ဝိစာရော၊ ဝိစာရကို။ ပရိမဇ္ဇနဟတ္ထော ဝိယ၊ လှည့်ပတ်ပွတ်တိုက်သော လက်ကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝိစာရော၊ ဝိစာရသည်။ ပရိမဇ္ဇနဟတ္ထော ဝိယ၊ လှည့်ပတ်ပွတ်တိုက်သော လက်နှင့်တူ၏။ တထာ၊ ထိုမှတပါး။ ဒဏ္ဍပဟာရေန၊ တုတ်ဖြင့်ပုတ်သဖြင့်။ ဝါ၊ တုတ်ဖြင့်ပုတ်

လျက်။ စက္ကံ ဘမယိတွာ၊ အိုးထိန်းစက်ကိုလည်စေ၍။ ဘာဇနံ ကရောန္တဿ၊ အိုးခွက်ကိုပြုလုပ်သော အိုးထိန်းသည်၏၊ ဉပ္ပီဠနဟတ္ထော ဝိယ၊ မြေကိုဖိနှိပ်သောလက်ကဲ့သို့။ ဝိတက္ကော၊ ဝိတက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ (တနည်းပေးလိုက မှီး၍ပေးလေ)။ ဤဒေသာစိတော စ၊ ထိုမှ ဤမှ သည်း။ သဥ္စာရဏဟတ္ထော ဝိယ၊ လှည့်လည်သုံးသပ်သောလက်ကဲ့သို့၊ ဝိစာရော၊ ဝိစာရကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တထာ၊ ထို့တပါး။ မဏ္ဍလံ ကရောန္တဿ၊ စက်ဝိုင်းကိုရေးခြစ်သောသူ၏။ မဇ္ဈေ၊ စက်ဝိုင်းအလယ်၌။ သန္နိရုမ္ဘိတွာ၊ ဖိနှိပ်လျက်။ ဌိတကဏ္ဋကော ဝိယ၊ တည်သောသူးကဲ့သို့။ အဘိနိရောပနော၊ အာရုံသို့ရှေးရှုတင်ပေးတတ်သော။ ဝိတက္ကော၊ ဝိတက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ မဏ္ဍလံ ကရောန္တဿ၊ စက်ဝိုင်းကိုရေးခြစ်သောသူ၏။ မဇ္ဈေ၊ စက်ဝိုင်းအလယ်၌။ သန္နိရုမ္ဘိတွာ၊ ဖိနှိပ်လျက်။ ဌိတကဏ္ဋကော ဝိယ၊ တည်သောဆူးနှင့်တူ၏။ ဗဟိ၊ ပြင်ပ၌။ ပရိဗ္ဘမနကဏ္ဋကော ဝိယ၊ လှည့်လည်သောဆူးကဲ့သို့။ အနုမဇ္ဇနော၊ အာရုံကိုအထပ်ထပ်သုံးသပ်တတ်သော။ ဝိစာရော၊ ဝိစာရကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ တနည်း။ အနုမဇ္ဇနော၊ အာရုံကိုအထပ်ထပ် သုံးသပ်တတ်သော။ ဝိစာရော၊ ဝိစာရသည်။ ဗဟိ၊ ပြင်ပ၌။ ပရိဗ္ဘမနကဏ္ဋကော ဝိယ၊ လှည့်လည်သောဆူးနှင့်တူ၏။ ရုက္ခော၊ သစ်ပင်သည်။ ပုပ္ဖေန စ၊ အပွင့်နှင့်လည်းကောင်း။ ဖလေန စ၊ အသီးနှင့်လည်းကောင်း။ သဟ၊ အတူတကွ။ ဝတ္တတိ ဝိယ၊ ဖြစ်သကဲ့သို့။ ယံ ဈာနံ၊ အကြင်ဈာန်သည်။ ဣတိ ဣမိနာ စ ဝိတက္ကေန၊ ဤဆိုအပ်ပြီးသောဝိတက်နှင့်လည်းကောင်း။ ဣတိ ဣမိနာ စ ဝိစာရေန၊ ဤဆိုအပ်ပြီးသော ဝိစာရနှင့်လည်းကောင်း။ သဟ၊ အတူတကွ။ ဝတ္တတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣဒံ ဈာနံ၊ ဤဈာန်ကို။ သဝိတက္ကန္တိ၊ ဝိတက်နှင့်တကွဖြစ်၏ဟူ၍လည်းကောင်း။ သဝိစာရန္တိ၊ ဝိစာရနှင့်တကွဖြစ်၏ဟူ၍လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ အထူးကိုဆိုဦးအံ့။ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ ဣမိနာ ဝိတက္ကေန၊ ဤဝိတက်နှင့်လည်းကောင်း။ ဣမိနာ ဝိစာရေန၊ ဤဝိစာရနှင့်လည်းကောင်း။ ဉပေတော၊ ပြည့်စုံသည်။ သမုပေတော၊ ကောင်းစွာပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣစ္စာဒိနာ နယေန၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ပုဂ္ဂလာဓိဋ္ဌာနာ၊ ပုဂ္ဂိုလ်လျှင်တည်ရာရှိသော၊ ဒေသနာ၊ ဒေသနာကို။ ကတာ၊ ပြုတော်မူအပ်၏။ ဝါ၊ ဟောတော်မူအပ်ပေ၏။ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ ပုဂ္ဂလာဓိဋ္ဌာနာ၊ ပုဂ္ဂိုလ်လျှင်တည်ရာရှိသော၊ ဒေသနာ၊ ဒေသနာကို။ ယဒိပိ ကတာ၊ အကယ်၍ဟောအပ်သော်လည်း။ (ထည့်)၊ ပန တထာပိ၊ ထိုဝိဘင်းကျမ်း၌ ပုဂ္ဂလာဓိဋ္ဌာန်ဒေသနာတော်ကို ဟောတော်မူအပ်သော်လည်း။ အတ္ထော၊ အနက်အဓိပ္ပာယ်ကို။ ဣဓ၊ ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌။ ဣမိနာ ဝိတက္ကေနာတိ အာဒိနာ၊ ဤဝိတက္ကေနအစရှိသည်ဖြင့်။ ဓမ္မဝသေန၊ တရားအလိုအားဖြင့်။ ဝုတ္တော ယထာ၊ ဟောတော်မူအပ်သကဲ့သို့။

(ဘည့်)။ တတြာပိ၊ ထိုဒိဘင်းကျမ်း၌လည်း။ ဧဝမေဝ၊ ဤအတူပင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဝိဝေကဇန္တိ တွေ၊ ဝိဝေကဇံ ဟူသောဤစကားရပ်၌။ အတ္ထော၊ အနက်အဓိပ္ပာယ်ကို။ ဧဝံ၊ ဤဆိုလတ္တံ့အတိုင်း။ ဝေဒိတဗ္ဗော၊ သိအပ်၏၊ ဝိဝိတ္တိ၊ နီဝရဏဘို့မှကင်းဆိတ်ခြင်းသည်။ ဝိဝေကော၊ ဝိဓဝကမည်၏။ နီဝရဏဝိဂမော၊ နီဝရဏတို့မှကင်းဆိတ်ခြင်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ အနက်တည်း။ (ဘာဝသာဓနေ)။ ဝါ၊ တနည်းကား။ ဝိဝိတ္တော၊ နီဝရဏတို့မှကင်းဆိတ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိဓဝကော၊ ဝိဝေကမည်၏။ (ကတ္တုသာဓနေ)။ ဝိဝိတ္တော၊ နီဝရဏတို့မှ ကင်းဆိတ်စေအပ်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိဝေ-ကော၊ ဝိဝေကမည်၏။(ကမ္မသာဓနေ)။ နီဝရဏဝိဝိတ္တော၊ နီဝရဏတို့မှကင်းဆိတ်စေအပ်သော။ ဈာနသမ္ပယုတ္တဓမ္မရာသိ၊ ဈာန်နှင့်ယှဉ်သောတရားအစု။ ဣတိ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ အတ္ထော၊ အနက်တည်း။ တသ္မာ ဝိဝေကာ၊ ထိုနီဝရဏတို့မှကင်းဆိတ်ခြင်းကြောင့်။ ဇာတံ၊ ဖြစ်သည်တည်း။ (ဘာဝသာဓနေကိုရည်၍ ဝိဝေကာဟုဆိုသည်)။ ဝါ၊ တနည်းကား။ တသ္မိံ ဝိဝေကေ၊ ထိုနီဝရဏတို့မှကင်းဆိတ်သောတရားအစု၌။ ဇာတံ၊ ဖြစ်သည်တည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဝိဝေကဇံ၊ ဝိဝေကဇမည်၏။

၇၂။ ပီတိသုခန္တိ တွေ အတ္ထော ဧဝံ ဝေဒိတဗ္ဗော၊ (ပေးမြဲ)။ ပီဏယတီ၊ နှစ်သိမ့်ရောင့်ရဲစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပီတိ၊ ပီကိမည်၏။ သာ၊ ထိုပီတိသည်။ သမ္ပိယာယနလက္ခဏာ၊ နှစ်သိမ့်ရောင့်ရဲခြင်းလက္ခဏာရှိ၏။ ကာယ-စိတ္တပီနနရသာ၊ ကိုယ်စိတ်တို့ကိုပွားစေခြင်းကိစ္စရှိ၏။ ဝါ၊ တနည်းကား။ဖရဏ-ရသာ၊ ကောင်းမြတ်သော စိတ္တဇရုပ်တို့ဖြင့် ကိုယ်ကိုပျံ့နှံ့စေခြင်းကိစ္စရှိ၏။ ဩဒဂျပစ္စုပဋ္ဌာနာ၊ ကိုယ်စိတ်တို့၏ တက်ကြွသောသဘောဟု ဉာဏ်အားရှေးရှုထင်တတ်၏။ ပန၊ ထိုပီတိ၏ အမျိုးအစား အကွဲအပြားကို ပြဆိုဦးအံ့။ သာ သော ပီတိ၊ ထိုပီတိသည်။ ခုဒ္ဒိကာပီတိ၊ သေးငယ်သောနှစ်သိမ့်မှုဟူသော ခုဒ္ဒိကာပီတိလည်းကောင်း။ ခဏိကာပီတိ၊ ခဏခဏမျှတည်သော နှစ်သိမ့်မှုဟူသော ခဏိကာပီတိလည်းကောင်း။ ဩက္ကန္တိကာပီတိ၊ သက်၍သက်၍ဖြစ်သော နှစ်သိမ့်မှုဟူသော ဩက္ကန္တိကာပီတိလည်းကောင်း။ ဥဗ္ဗေဂါပီတိ၊ အထက်သို့တက်ကြွစေတတ်သော နှစ်သိမ့်မှုဟူသော ဥဗ္ဗေဂါပီတိလည်းကောင်း။ ဖရဏာ-ပီတိ၊ ကောင်းသောစိတ္တဇရုပ်တို့ဖြင့် ကိုယ်ကိုပျံ့နှံ့စေတတ်သောနှစ်သိမ့်မှုဟူသော ဖရဏာပီတိလည်းကောင်း။ ဣတိ ဣမိနာ ပဘေဒေန၊ ဤသို့သောအပြားအားဖြင့်။ ပဉ္စဝိဓာ ဟောတိ၊ ငါးပါးအပြားရှိ၏။ တတ္ထ၊ ထိုငါးမျိုးတို့တွင်။ ခုဒ္ဒိကာ-ပီတိ၊ ခုဒ္ဒိကာပီတိသည်။ သရီရေ၊ ခန္ဓာကိုယ်၌။ လောမဟံသမတ္တမေဝ၊ အမွေးရှင်ခြင်းမျှကိုသာလျှင်။ ပါ၊ ကြက်သီးမွေးညင်းထခြင်းမျှကိုသာလျှင်။ ကာတုံ၊

ပြုခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ တနည်း။ လောမဟံသမတ္တမေဝ ကာတုံ သက္ကောတိ၊ ကြက်သီးမွေးညင်းထခြင်းမျှကိုသာလျှင် ပြုနိုင်၏။ ခဏိကာပီတိ၊ ခဏိကာပီတိသည်။ ခဏေ ခဏေ၊ ခဏခဏ၌။ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောတိ၊ လျှပ်စီးလက်ခြင်းနှင့် တူသည်ဖြစ်၍ အဖန်များစွာဖြစ်တတ်၏။ ဩက္ကန္တိကာ-ပီတိ၊ ဩက္ကန္တိကာပီတိသည်။ ဝီစိ၊ လှိုင်းတံပိုးသည်။ သမုဒ္ဒတီရံ၊ သမုဒ္ဒရာကမ်းသို့။ ဩက္ကမိတွာ ဩက္ကမိတွာ၊ သက်၍သက်၍။ ဘိဇ္ဇတိ ဝိယ၊ ပျက်သကဲ့သို့။ ကာယံ၊ ကိုယ်ကို။ ဩက္ကမိတွာ ဩက္ကမိတွာ၊ သက်၍သက်၍။ ဘိဇ္ဇတိ၊ ပျက်၏။ ဥဗ္ဗေဂါပီတိ၊ ဥဗ္ဗေဂါပီတိသည်။ ဗလဝတီ ဟောတိ၊ အားကြီး၏။ ကာယံ၊ ကိုယ်ကို။ ဥဒ္ဓဂ္ဂံ ကတွာ၊ အထက်သို့တက်စေ၍။ အာကာသေ၊ ကောင်းကင်၌။ လင်္ဃာပနပ္ပမာဏပ္ပတ္တာ၊ ခုန်လွှားပျံတက်စေခြင်း အတိုင်းအရှည်သို့ ရောက်၏။ တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ သစ္စံ၊ မှန်၏။ ပုဏ္ဏဝလ္လိကဝါသီ-မဟာတိဿတ္ထေရော၊ ပုဏ္ဏဝလ္လိကကျောင်း၌ သီတင်းသုံးသော မဟာတိဿထေရ်သည်။ ပုဏ္ဏမဒိဝသေ၊ လပြည့်နေ့၌။ သာယံ၊ ညချမ်း၌။ တနည်း။ ပုဏ္ဏမဒိဝသေ သာယံ၊ လပြည့်နေ့ညချမ်း၌။ စေတိယင်္ဂဏံ ဂန္တွာ၊ ထိုပုဏ္ဏဝလ္လိက ကျောင်းတွင်းရှိ စေတီရင်ပြင်သို့ကြွသွား၍။ စန္ဒာလောကံ ဒိသွာ၊ လရောင်ကို ကြည့်လျက်။ ဝါ၊ လရောင်ကိုကြည့်ကာ။ မဟာစေတိယာဘိမုခေါ ဟုတွာ၊ မဟာစေတီသို့မျက်နှာမူလျက်။ "ဣမာယ ဝေလာယ၊ ဤအချိန်၌။ စတဿော ပရိသာ၊ ပရိသတ်လေးပါးတို့သည်။ မဟာစေတိယံ၊ မဟာစေတီကို။ ဝန္ဒန္တိ ဝတာတိ၊ ရှိခိုးနေကြပေလိမ့်မည်"ဟု အောက်မေ့လျက်။ ပကတိယာ ဒိဋ္ဌာရမ္မ-ဏဝသေန၊ ပကတိအားဖြင့် ရှေးကမြင်ဖူးသော စေတီတော်အာရုံ၏ အစွမ်း အားဖြင့်။ ဗုဒ္ဓါရမ္မဏံ၊ ဘုရားဂုဏ်လျှင်အာရုံရှိသော။ ဝါ၊ ဘုရားဂုဏ်ကိုအာရုံ ပြုသော။ ဥဗ္ဗေဂါပီတိံ ဥပ္ပါဒေတွာ၊ ဥဗ္ဗေဂါပီတိကို ဖြစ်စေ၍။ သုဓာတလေ၊ အင်္ဂတေလိမ်းကျံထားသော တမံသလင်း၌၊ ဝါ၊ စေတီပြင်၌။ ပဟဋ္ဌစိတြဂေဏ္ဍု-ကော ဝိယ၊ ပစ်ပေါက်အပ်သော ဆန်းကြယ်သည့်ဂျင်ကဲ့သို့။ အာကာသေ ဥပ္ပတိတွာ၊ ကောင်းကင်သို့ပျံတက်၍။ မဟာစေတိယင်္ဂဏေယေဝ၊ မဟာစေတီ ရင်ပြင်၌သာလျှင်။ ပတိဋ္ဌာသိ၊ တည်ဖူးလေပြီ။ တထာ၊ ထို့ပြင်လည်း။ ဂိရိကဏ္ဍကဝိဟာရဿ၊ ဂိရိကဏ္ဍကကျောင်း၏။ ဥပနိဿယေ၊ မှီရာဖြစ်သော။ ဝတ္တကာလကဂါမေ၊ ဝတ္တကာလကရွာ၌။ ဧကာ ကုလဓီတာပိ၊ အမျိုးသမီး တယောက်သည်လည်း။ ဗလဝဗုဒ္ဓါရမ္မဏာယ၊ အားကြီးသော ဘုရားဂုဏ်လျှင် အာရုံရှိသော။ ဥဗ္ဗေဂါပီတိယာ ဥဗ္ဗေဂါပီတိဖြင့်။ အာကာသေ၊ ကောင်းကင် ၌။ လင်္ဃေသိ၊ ပျံတက်သွားဖူးလေပြီ။

တဿာ၊ ထိုအမျိုးသမီး၏။ မာတာပိတရော၊ မိဘတို့သည်။ သာယံ၊ ညနေ ချမ်း၌။ ဓမ္မဿဝနတ္ထာယ၊ တရားနာခြင်းငှာ။ ဝိဟာရံ ဂစ္ဆန္တာ၊ ကျောင်းသို့

သွားကြသောအခါ။ အမ္ဗ၊ ချစ်သမီး။ တွံ၊ သင်သည်။ ဂရုဘာရာ၊ ကိုယ်လေး
လက်ဝန်ရှိနေသဖြင့်။ အကာလေ၊ အချိန်မဲ့၌။ ဝိစရိတုံ၊ လှည့်လည်သွားလာ
ခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ မယံ၊ ငါတို့သည်။ တုယှံ ပတ္တိံ ကတွာ၊
သင်၏အဖို့ကိုပြု၍။ သောဿာမာတိ၊ တရားနာခဲ့ကြမည်ဟု။ ဝတွာ၊ပြောဆိုမှာ
ထား၍။ အဂမံသု ကိရ၊ သွားကြကုန်သတတ်။ သာ၊ ထိုအမျိုးသမီးသည်။
ဂန္တုကာမာပိ၊ သွားလိုပါလျက်လည်း။ တေသံ ဝစနံ၊ ထိုမိဘတို့၏စကားကို။
( ၁၄၀ ) ပဋိဗာဟိတုံ၊ ငြင်းပယ်ခြင်းငှာ။ အသက္ကောန္တီ၊ မစွမ်းနိုင်
သဖြင့်။ ဃရေ ဩဟီယိတွာ၊ အိမ်၌ နေရစ်ခဲ့က။ ဃရာဇိရေ ဌတွာ၊
အိမ်မျက်နှာစာကြမ်းပြင်၌ ရပ်လျက်။ စန္ဒာလောကေန၊ လရောင်ဖြင့်။ ဂိရိ-
ကဏ္ဍကေ၊ ဂိရိကဏ္ဍကကျောင်းတိုက်ဝယ်။ အာကာသစေတိယင်္ဂဏံ ဩလော-
ကေန္တီ၊ တောင်ထွတ်၌တည်သော စေတီကို ကြည့်လတ်သော်။ စေတိယဿ၊
စေတီအား။ ဒီပပူဇံ၊ မီးပူဇော်ထားသည်ကို။ အဒ္ဒသ၊မြင်လေ၏။ စတဿော
စ ပရိသာ၊ ပရိသတ် လေးပါးတို့သည်လည်း။ မာလာဂန္ဓာဒီဟိ၊ပန်းနံ့သာအစ
ရှိသည်တို့ဖြင့်။ စေတိယပူဇံ ကတွာ၊ စေတီပူဇော်ခြင်းကိုပြု၍။ ပဒက္ခိဏံ
ကရောန္တိယော စ၊လက်ယာရစ်လှည့်ကြသည်တို့ကိုလည်းကောင်း။ဘိက္ခုသံဃဿ၊
ရဟန်းသံဃာ၏။ ဂဏသဇ္ဈာယသဒ္ဒဥ္စ၊ အပေါင်းလိုက် အစုလိုက် ရွတ်ဆို
သရဇ္ဈာယ်သံကိုလည်းကောင်း။ အဿောသိ၊ ကြားလေ၏။ အထ၊ ထိုအခါ၌။
အဿာ၊ ထိုအမျိုးသမီးအား။ ဓယ မနုဿာ၊ အကြင်လူတို့သည်။ ဝိဟာရံ
ဂန္တွာ၊ ကျောင်းသို့သွားရောက်ကြ၍။ ဝေရူပေ စေတိယင်္ဂဏေ၊ ဤသို့သဘော
ရှိသော စေတီရင်ပြင်၌။ အနုသဥ္စရိတုံ၊ လှည့်လည်ခြင်းငှာလည်းကောင်း။ ဧဝ-
ရူပံ မဓုရဓမ္မကထံ၊ဤသို့သဘောရှိသော သာယာသောတရားသံကို။သောတုံ စ၊
ကြားနာခြင်းငှာလည်းကောင်း။ လဘန္တိ၊ရကြကုန်၏။ ဣမေ၊ ဤသူတို့သည်။
ဓညာဝတ၊ဘုန်းကံကြီးမားကြပါပေစွ။ ဣတိ၊ ဤသို့ နှလုံးသွင်း ဆင်ခြင်လျက်။
မုတ္တရာသိသဒိသံ စေတိယံ၊ ပုလဲစု ပုလဲပုံနှင့်တူသော စေတီတော်ကို။ ပဿန္တိ-
ယာ ဧဝ၊ ကြည့်ရှုဖူးမြော်နေစဉ်ပင်။ ဥဗ္ဗေဂါပီတိ ဥဒပါဒိ၊ဥဗ္ဗေဂါပီတိ ဖြစ်ပေါ်
လေ၏။ သာ၊ ထိုအမျိုးသမီးသည်။ တံ ဝသေန၊ ထိုဥဗ္ဗေဂါပီတိ၏ အစွမ်းအား
ဖြင့်။ (ထည့်)။ အာကာသေ လင်္ဃိတွာ၊ ကောင်းကင်သို့ ပျံတက်၍။ မာတာ-
ပိတူနံ၊ အမိအဘတို့၏။ ပုရိမတရံ ယေဝ၊ ရှေးဦးစွာပင်လျှင်။ အာကာသတော၊
ကောင်းကင်မှ။ စေတိယင်္ဂဏေ ဩရုယှ၊ စေတီရင်ပြင်၌ ဆင်းသက်၍။စေတိယံ
ဝန္ဒိတွာ၊ စေတီကို ရှိခိုးပြီးလျှင်။ ဓမ္မံ သုဏမာနာ၊ တရားနာလျက်။ အဋ္ဌာသိ၊
တည်နေလေ၏။ အထ၊ ထိုအခါ၌။ မာတာပိတရော အာဂန္တွာ၊ မိဘတို့သည်
လာကြ၍။ နံ၊ ထိုအမျိုးသမီးကို။ အမ္မ၊ချစ်သမီး။ တွံ၊ သင်သည်။ ကတရေန
မဂ္ဂေန၊ အဘယ်လမ်းဖြင့်။ အာဂတာ အသိတိ၊ လာခဲ့သနည်းဟု။ ပုစ္ဆိံသု၊
မေးကြကုန်၏။ သာ၊ ထိုအမျိုးသမီးသည်။ အာကာသေန၊ ကောင်းကင်ဖြင့်။

အာဂတာ အမှိ၊ လာခဲ့ပါသည်။ မဂ္ဂေန၊ မြေပြင်လမ်းဖြင့်။ န အာဂတာ အမှိတိ၊
မလာပါဟု။ ဝတွာ၊ ပြောလေလျှင်။ တဿာ မာတာပိတရော၊ သူမ၏မိဘတို့သည်။
ဝါ၊ သူမ၏ မိဘတို့က။ အမ္မ၊ ချစ်သမီး။ အာကာသေန နာမ၊ ကောင်းကင်ဖြင့်မည်
သည်။ ခီဏာသဝါ သဉ္စရန္တိ၊ ရဟန္တာတို့သာ သွားလာနိုင်ကြကုန်၏။ တွံ၊ သင်သည်။
ကထံ အာဂတာတိ၊ အဘယ်သို့လာနိုင်လိမ့်မည်နည်းဟု။ ဝုတ္တာ၊ ပြောဆိုကြလေ
သော်။ စန္ဒာလောကေန၊ လရောင်ဖြင့်။ စေတိယံ အာလောကေန္တိယာ၊ စေတီ
ကို ဖူးမြော်လျက်။ ဌိတာယ၊ ရပ်နေစဉ်။ မယှံ၊ ကျွန်မအား။ ဗုဒ္ဓါရမ္မဏာ၊ ဘုရား
ဂုဏ်ကို အာရုံပြုသော။ ဗလဝပီတိ၊ အားကြီးသောပီတိသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ပေါ်
လေ၏။ အထ၊ အခါ၌။ အဟံ၊ ကျွန်မသည်။ အတ္တနော ဌိတဘာဝံ၊ မိမိရပ်နေ
သည်ကိုလည်း။ န အညာသိံ၊ မသိတော့ပါ။ အတ္တနော နိသိန္နဘာဝံ၊ မိမိထိုင်
နေသည်ကိုလည်း။ န အညာသိံ၊ မသိတော့ပါ။ ဂဟိတနိမိတ္တေနေဝ၊ ယူပြီး
သော ကုသိုလ်အာရုံနိမိတ်ကြောင့်သာလျှင်။ အာကာသေ လင်္ဃိတွာ၊ ကောင်း
ကင်သို့ ပျံတက်၍။ စေတိယင်္ဂဏေ၊ စေတီရင်ပြင်၌။ ပတိဋ္ဌိတာ အမှိတိ၊ တည်
နေပြီးဖြစ်နေသည်ကိုသာလျှင်။ အညာသိံ၊ သိပါတော့သည်။ ဣတိ၊ ဤသို့။
အာဟ၊ ပြောပြလေ၏။ (ပြန်စပ်)။

ဧဝံ၊ ဤသို့။ ဥဗ္ဗေဂါပီတိ၊ ဥဗ္ဗေဂါပီတိသည်။ အာကာသေ လင်္ဃာပနပ္ပ-
မာဏာ၊ အထက်သို့ ခုန်လွှား ပျံတက်ခြင်း အတိုင်းအရှည်ရှိသည်။ ဟောတိ၊
ဖြစ်၏။ ဖရဏာပီတိယာ ပန ဥပ္ပန္နာယ၊ ဖရဏာပီတိဖြစ်လျှင်ကား။ သကလ-
သရီရံ ဓမိတွာ၊ ခန္ဓာကိုယ်တကိုယ်လုံးသည်မှုတ်၍။ ပူရိတဝတ္ထိ ဝိယ စ၊ လေဖြင့်
ပြည့်စေအပ်သော စည်းဖောင်းကဲ့သို့လည်းကောင်း။ မဟတာ ဥဒကောဃေန၊
ကြီးလှစွာသော ရေအလျဉ်သည်၊ ပက္ခန္ဒပဗ္ဗတကုစ္ဆိ ဝိယ စ၊ စီးဝင်အပ်သော
တောင်ဝှမ်းကဲ့သို့လည်းကောင်း။ အနုပရိပ္ဖုတံ ဟောတိ၊ အစဉ်မပြတ် ထက်ဝန်း
ကျင် တွေ့ထိပျံ့နှံ့လျက်ရှိ၏။ စ၊ ဆက်ပါဦးအံ့။ သာ-သော ပဉ္စဝိဓာ ပီတိ၊ ထို
ငါးပါး အပြားရှိသော ပီတိသည်။ ဂဗ္ဘံ ဂဏှန္တီ၊ ပဿဒ္ဓိဖြစ်ကြောင်း ကိုယ်ဝန်ကို
ယူလျက်။ ပရိပါကံ ဂစ္ဆန္တီ၊ ရင့်ကျက်ခြင်းသို့ရောက်လျှင်။ ကာယပဿဒ္ဓိံ စ၊ ကာယ-
ပဿဒ္ဓိ လည်းကောင်း။ စိတ္တပဿဒ္ဓိံ စ၊ စိတ္တပဿဒ္ဓိလည်းကောင်း။ ဣတိ၊ ဤသို့။
ဒုဝိဓံ၊ နှစ်ပါးအပြားရှိသော။ ပဿဒ္ဓိံ၊ ပဿဒ္ဓိကို။ ပရိပူရေတိ၊ ပြည့်စေ၏။ ပဿဒ္ဓိ၊
ပဿဒ္ဓိသည်။ ဂဗ္ဘံ ဂဏှန္တီ၊ သုခဖြစ်ကြောင်း ကိုယ်ဝန်ကိုယူလျက်။ ပရိပါကံ ဂစ္ဆန္တီ၊
ရင့်ကျက်ခြင်းသို့ရောက်လျှင်။ ကာယိကဉ္စ၊ ကာယိကလည်းဖြစ်သော။ စေတသိကဉ္စ၊
စေတသိကလည်းဖြစ်သော။ ဒုဝိဓမ္ပိ သုခံ၊ သုခနှစ်ပါးကိုလည်း။ ပရိပူရေတိ၊
ပြည့်စေ၏။ သုခံ၊ သုခသည်။ ဂဗ္ဘံ ဂဏှန္တံ၊ သမာဓိဖြစ်ကြောင်း ကိုယ်ဝန်ကိုယူ
လျက်။ ပရိပါကံ ဂစ္ဆန္တံ၊ ရင့်ကျက်ခြင်းသို့ရောက်လျှင်။ ခဏိကသမာဓိံ၊ ခဏိက
သမာဓိဖြစ်သော။ ဥပစာရသမာဓိံ၊ ဥပစာရသမာဓိဖြစ်သော။ အပ္ပနာသမာ-

ဓိံ၊ အပ္ပနာသမာဓိဖြစ်သော။ တိဝိဓံ သမာဓိံ၊ သမာဓိသုံးပါးကို။ ပရိပူရေတိ၊ ပြည့်စေ၏။ တာသု၊ ထိုဝိတိ ငါးမျိုးတို့တွင်။ အပ္ပနာသမာဓိဿ၊ အပ္ပနာ သမာဓိ၏။ မူလံ ဟုတွာ၊ အရင်းအမြစ်ဖြစ်၍။ ပုဗ္ဗေ၊ ရှေး၌။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိနှင့်။ သမ္ပယုတ္တာ၊ ယှဉ်သည်။ ဟုတွာ၊ဖြစ်၍။ အနုက္ကမေန၊ အစဉ်သဖြင့်။ (ထည့်)။ ဝဍ္ဎမာနာ၊ ပွားလျက်။ သမာဓိသမ္ပယောဂံ ဂတာ၊ အပ္ပနာသမာဓိနှင့်ယှဉ်ခြင်းသို့ရောက်သော။ ယာ ဖရဏာပီတိ၊ အကြင်ဖရဏာပီတိသည်။ အတ္ထိ၊ရှိ၏။ အယံ၊ ဤဖရဏာပီတိကို။ ဣမသ္မိံ အတ္ထေ၊ဤအရာ၌။ ပီတီတိ၊ ပီတိဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။

၇၃။ ပန၊ အဖွိုတပါးကား။ဣတရံ၊ ပီတိမှတပါးသော သုခပုဒ်၏အနက်ကို။ ဓေ၀၊ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သုခနံ၊ ချမ်းသာခြင်းသည်။သုခံ၊သုခမည်၏။ ဝါ၊ တနည်းကား။ ယံ ဓမ္မဇာတံ၊ အကြင်သဘောတရားသည်။ ကာယစိတ္တာဗာဓံ၊ ကိုယ်စိတ်၏ နာကျင်ခြင်းကို။ ဝါ၊ ကိုယ်၏နာကျင်ခြင်း, စိတ်၏နာကျင်ခြင်းကို။ သုဋ္ဌု၊ကောင်းစွာ။ ခါဒတိ၊ စားတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ သုခံ၊ သုခမည်၏။ စ၊ တနည်းကား။ ယံ ဓမ္မဇာတံ၊ အကြင်တရားသဘောသည်။ ကာယစိတ္တာဗာဓံ၊ ကိုယ်စိတ်၏ နာကျင်ခြင်းကို။ ဝါ၊ ကိုယ်၏နာကျင်ခြင်း, စိတ်၏နာကျင်ခြင်းကို။ ခနတိ၊ တူးဖြိုတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ သုခံ၊သုခမည်၏။ တံ၊ ထိုသုခသည်။ သာတလက္ခဏံ၊ သာယာစေတတ်သော သဘောဟူသော မှတ်ကြောင်းလက္ခဏာရှိ၏။ ဿမ္ပယုတ္တာနံ၊ ယှဉ်ဖက်တရားတို့ကို။ ဥပဗြူဟနရသံ၊ ပွားစေခြင်းကိစ္စရှိ၏။ အနုဂ္ဂဟပစ္စုပဋ္ဌာနံ၊ ကျေးဇူးပြုတတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏။ စ၊ ဆက်ဦးအံ့။ နေသံ၊ ထိုပီတိနှင့်သုခတို့၏။ ဝါ၊ ထိုပီတိနှင့် သုခတို့သည်။ ကတ္ထစိ၊ ပထမဈာန် စသော အချို့သောစိတ်၌။ အဝိပ္ပယောဂေ သတိပိ၊ မကွေမကွာ ယှဉ်ကြသော်လည်း။ ဣဋ္ဌာရမ္မဏပဋိလာဘတုဋ္ဌိ၊ အလိုရှိအပ်သော အာရုံကို ရခြင်းကြောင့်ဖြစ်သော နှစ်သက်ခြင်းသည်။ ပီတိ၊ပီတိမည်၏။ ပဋိလဒ္ဓရသာနုဘာနံ၊ ရအပ်ပြီးသော အာရုံ၏အရသာကို ခံစားခြင်းသည်၊ သုခံ၊သုခမည်၏။ ယတ္ထ၊အကြင်စိတ္တုပ္ပါဒ်၌။ ပီတိ၊ ပီတိသည်။ အတ္ထိ၊ရှိ၏။ တတ္ထ၊ထိုစိတ္တုပ္ပါဒ်၌။ သုခံ၊ သုခသည်။ အတ္ထိ၊ ရှိ၏။ ယတ္ထ၊ အကြင်စိတ္တုပ္ပါဒ်၌။ သုခံ၊ သုခသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုစိတ္တုပ္ပါဒ်၌။ ပီတိ၊ ပီတိသည်။ နိယမတော၊ ကိန်းသေမြဲသောအားဖြင့်။ န အတ္ထိ၊ မရှိပေ။ ပီတိ၊ပီတိကို။ သင်္ခါရက္ခန္ဓသင်္ဂဟိတာ၊ သင်္ခါရက္ခန္ဓာဖြင့် သိမ်းယူရေတွက်အပ်၏။ သုခံ၊သုခကို။ ဝေဒနာက္ခန္ဓသင်္ဂဟိတံ၊ ဝေဒနာက္ခန္ဓာဖြင့် သိမ်းယူရေတွက်အပ်၏။

(၁၄၁) ဂိမှကာလေ၊ နွေကာလ၌။ (ထည့်)။ ကန္တာရခိန္နဿ၊ ရေမရှိသော ခရီးခဲကို သွားရ၍ခြင်းကြောင့် ပင်ပန်းသောခရီးသွားယောကျ်ားအား။ ဝနန္တု- ဒကဒဿနသဝနေသု၊ တောအုပ်နှင့်ရေကိုမြင်ရကြားရသောအခါတို့၌။ပီတိ ဝိယ၊ ဖြစ်သော နှစ်သိမ့်ခြင်းကဲ့သို့။ ဈာနာရမ္မဏပဋိလာဘကာလေ၊ အလိုရှိအပ်သော အာရုံကိုရသောအခါ၌။ ပဝတ္တာ၊ ဖြစ်သော(ထည့်)။ ပီတိ၊ပီတိကို။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ တဿ၊ ထိုယောကျ်ားအား။(ထည့်)။ ဝနစ္ဆာယာပဝေသနဥဒက- ပရိဘောဂေသု၊ တောရိပ်သို့ဝင်သောအခါ, ရေကို သုံးဆောင်သော အခါတို့၌။ ပဝတ္တံ၊ ဖြစ်သော။ (ထည့်)။ သုခံ ဝိယ၊ ချမ်းသာခြင်းကဲ့သို့။ ပဋိလဒ္ဓရသာ- နုဘဝနကာလေ၊ ရပြီးသောအာရုံ၏အရသာကို ခံစားသောအခါ၌။ ပဝတ္တံ၊ ဖြစ်သော။ သုခံ၊သုခကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ (ထည့်)။ စ၊ ဆက်ဦးအံ့။ တေ၊ ဝစနံ၊ ဤဆိုခဲ့သောစကားကို။ တသ္မိံ တသ္မိံ သမယေ၊ ထိုထိုမြင်ရ ကြားရ သောအခါ, သုံးဆောင်သောအခါ, ရသောအခါ, ခံစားသောအခါ၌။ နေသံ၊ ထိုပီတိနှင့်သုခတို့၏။(ထည့်)။ပါကဋဘာဝတော၊ ထင်ရှားခြင်းကြောင့်။ ဝုတ္တန္တိ၊ ဆိုထားသောစကားဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဣတိ၊ ဤဆိုခဲ့သည့်အတိုင်း။ အယဥ္စ ပီတိ၊ ဤပီတိသည်လည်းကောင်း။ ဣဒဥ္စ သုခံ၊ ဤသုခသည်လည်း ကောင်း။ အဿ ဈာနဿ၊ ဤဈာန်အား။ အတ္ထိ၊ရှိ၏။ ဝါ၊ တနည်းကား။ (တမျိုးသော်ကား)။ အသ္မိံ ဈာနေ၊ ဤဈာန်၌။ အတ္ထိ၊ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣဒံ ဈာနံ၊ ဤဈာန်ကို။ ပီတိသုခန္တိ၊ပီတိသုခရှိသည်ဟု။ ဝုစ္စတိ၊ ဆိုအပ်၏။

အထ ဝါ၊ တနည်းသော်ကား။ ပီတိ စ၊ ပီတိလည်းကောင်း။ သုခဉ္စ၊ သုခ လည်းကောင်း။ ပီတိသုခံ၊ ပီတိသုခမည်၏။ ဓမ္မဝိနယာဒယော ဝိယ၊ ဓမ္မဝိနယ သဒ္ဒါ စသည်တို့ကဲ့သို့တည်း။ ဝိဝေကဇံ၊ဝိဝေကကြောင့်ဖြစ်သော။ပီတိသုခံ၊ပီတိ သုခသည်။ အဿ ဈာနဿ၊ ထိုဈာန်အား။ အတ္ထိ၊ ရှိ၏။ ဝါ၊ တနည်းကား။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခသည်။ (လိုက်ပေး)။ အသ္မိံ ဈာနေ၊ ထိုဈာန်၌။ အတ္ထိ၊ရှိ၏။ ဣတိ ဧဝမ္ပိ၊ ဤသို့လည်း။ ဝါ၊ထို့ ကြောင့်လည်း။ ဝိဝေကဇံ ပီတိသုခံ၊ ဝိဝေကဇံ ပီတိသုခံမည်၏။ ဝါ၊ဝိဝေက ကြောင့်ဖြစ်သော ပီတိသုခရှိသော ဈာန်မည်၏။ ဟိ၊မှန်၏။ဈာနံ၊ ဈာန်သည်။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သည်။ ယထာ၊ ယထာ ယထေဝ၊ဖြစ်သကဲ့သို့။ ဧဝံ၊ထို့ အတူ။ တတ္ထ၊ဤဈာန်၌။ ပီတိသုခမ္ပိ၊ ပီတိသုခသည်လည်း။ ဝိဝေကဇမေဝ ဟောတိ၊ဝိဝေကကြောင့်သာလျှင်ဖြစ်ပေ၏။ တဉ္စ၊ ဝိဝေကကြောင့် ဖြစ်သော ထိုပီတိသုခသည်လည်း။ အဿ ဈာနဿ၊ ထိုဈာန်အား။ အတ္ထိ၊ ရှိ၏။ တသ္မာ၊ ထို့ ကြောင့်။ ဧကပဒေနေဝ၊ တပုဒ်တည်းဖြင့်ပင်လျှင်။ ဝိဝေကဇံ ပီတိသုခန္တိ၊ ဝိဝေကကြောင့်ဖြစ်သော ပီတိသုခရှိသော ဈာန်ဟုလည်း။ ဝတ္တုံ ယုဇ္ဇတိ၊ ဆို

သင့်ပေ၏။ ပန၊ ထူးသည်ကို ဆိုဦးအံ့။ ဝိဘင်္ဂေ၊ဝိဘင်းကျမ်း၌။ ဣဒံ သုခံ၊ ဤသုခသည်။ ဣမာယ ပီတိယာ၊ ဤပီတိနှင့်။ သဟဂတံ၊ အတူဘက်ဖြစ်၏။ ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ အတ္ထော ပန၊ အနက်ကိုကား။ တတ္ထပိ၊ ထိုဝိဘင်းကျမ်း၌လည်း။ ဧဝမေဝ၊ ဤအဋ္ဌကထာ အဖွင့်အတိုင်းပင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ပဌမံ ဈာနန္တိ ဣဒံ၊ ပထမံ ဈာနံ ဟူသော ဤစကားသည်။ ပရတော၊ နောက်၌။ အာဝိ ဘဝိဿတိ၊ ထင်ရှားဖြစ်ပေလတ္တံ့။ ဥပသမ္ပဇ္ဇာတိ၊ ဥပသမ္ပဇ္ဇ ဟူသည်ကား။ ဥပဂန္တွာ၊ ချဉ်းကပ်၍။ ပါပုဏိတွာ၊ ရောက်၍။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော ဟောတိ၊ ဆိုလို၏။ ဝါ၊ တနည်းကား။ ဥပသမ္ပာဒယိတွာ၊ ပြည့်စုံစေ၍။ နိပ္ဖာဒေတွာ၊ ပြီးစေ၍။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော ဟောတိ၊ ဆိုလို၏။ ပန၊ အထူးကား၊ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ ဥပသမ္ပဇ္ဇာတိ၊ ဥပသမ္ပဇ္ဇဟူသည်ကား။ ပဌမဿ ဈာနဿ၊ ပထမဈာန်ကို။ လာဘော၊ ရခြင်း။ ပဋိလာဘော၊ ရခြင်း။ ပတ္တိ၊ ရောက်ခြင်း။ သမ္ပတ္တိ၊ ကောင်းစွာရောက်ခြင်း။ ဖုသနာ၊ တွေ့ထိခြင်း။ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုခြင်း။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းပေတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။ တဿာပိ အတ္ထော၊ ထိုဝိဘင်းကျမ်းလာစကား၏အနက်ကိုလည်း။ ဧဝမေဝ၊ ဤအဋ္ဌကထာဖွင့် အတိုင်းပင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဝိဟရတီတိ၊ ဝိဟရတိဟူသည်ကား။ တဒနုရူပေန၊ ထိုပထမဈာန်အား လျော်ကပ်သော။ ဣရိယာပထဝိဟာရေန၊ ဣရိယာပုထ်ဟူသော နေခြင်းဖြင့်။ ဣတိ ဝုတ္တပ္ပကာရဈာနသမင်္ဂီ ဟုတွာ၊ ဤဆိုအပ်ခဲ့ပြီးသော ဈာန်နှင့် ပြည့်စုံသည်ဖြစ်၍။ အတ္တဘာဝဿ ဣရိယံ၊ အတ္တဘော၏အမူအရာကို။ ဝုတ္တိံ၊ ဖြစ်ခြင်းကို။ ပါလနံ၊ စောင့်ရှောက်ခြင်းကို။ ယပနံ ယာပနံ စာရံ၊ ကျက်စားခြင်းကို။ ဝိဟာရံ၊ တခုသောဣရိယာပုထ်ဖြင့်နာကျင်ခြင်းကို တခုသော ဣရိယာပုဒ်ဖြင့် ဖြတ်၍နေခြင်းကို။ အဘိနိပ္ဖာဒေတိ၊ ပြီးစေ၏။ ဟိ၊ မှန်၏။ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ ဝိဟရတီတိ၊ ဝိဟရတိဟူသည်ကား။ ဣရိယတိ၊ အတ္တဘော၏ အမူအရာကိုပြုလုပ်၏။ ဝတ္တတိ၊ ဖြစ်စေ၏။ ပါလေတိ၊ စောင့်ရှောက်၏။ ယပေတိ ယာပေတိ၊ မျှတစေ၏။ စရတိ၊ ကျက်စား၏။ ဝိဟရတိ၊ ဖြစ်၍ဆောင်၏။ ဣတိ၊ ဤသို့။ တေံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။

### ပဉ္စင်္ဂဝိပ္ပဟီနာဒိ

### ပယ်အပ်သော အင်္ဂါငါးပါးစသည်

၇၄။ "ပဉ္စင်္ဂဝိပ္ပဟီနံ ပဉ္စင်္ဂသမန္နာဂတန္တိ၊ ပဉ္စင်္ဂဝိပ္ပဟီနံ ပဉ္စင်္ဂသမန္နာဂတံ-ဟူ၍။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တတ္ထ ဝစနေ၊ ထိုဟောတော်မူအပ်သော စကား၌။ ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒလည်းကောင်း။ ဗျာပါ-

ဒေါ၊ ဗျာပါဒလည်းကောင်း။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓလည်းကောင်း။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ဥဒ္ဓစ္စကုက္ကုစ္စလည်းကောင်း။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ ပဉ္စန္နံ နီဝရဏာနံ၊ ဤနီဝရဏငါးပါးတို့ကို။ ပဟာနဝသေန၊ ပယ်သည့်အလိုအားဖြင့်။ ပဉ္စင်္ဂဝိပ္ပဟီနတာ၊ အင်္ဂါငါးပါးကို ပယ်ပြီးသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ မှန်၏။ ဧတေသု အပ္ပဟီနေသု၊ ထိုနီဝရဏတို့ကို မပယ်ရသေးသည်ရှိသော်။ ဈာနံ၊ ဈာန်သည်။ န ဥပ္ပဇ္ဇတိ။ မဖြစ်ပေါ်ပေ။ တေန၊ ထို့ကြောင့်။ တာနိ၊ ထိုနီဝရဏတို့ကို။ အဿ၊ ထိုဈာန်၏။ ပဟာနင်္ဂါနီတိ၊ ပယ်အပ်သောအင်္ဂါတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ဟိ၊ ဆက်၍ရှင်းပြဦးအံ့။ ဈာနက္ခဏေ၊ ဈာန်ခဏ၌။ အညေပိ အကုသလာ ဓမ္မာ၊ အခြားအကုသိုလ်တရားတို့ကိုလည်း။ ကိဉ္စာပိ ပဟီယန္တိ၊ အကယ်၍ ပယ်ပြီးဖြစ်ကုန်၏။ တထာပိ၊ ထိုသို့ ပယ်ပြီးဖြစ်သော်လည်း။ ဧတာနေဝ၊ ထိုနီဝရဏတို့သည်သာလျှင်။ ဝိသေသေန၊ အထူးအားဖြင့်။ (အထူးသဖြင့်)။ ဈာနန္တရာယကရာနိ၊ ဈာန်၏အန္တရာယ်ကို ပြုတတ်ကုန်၏။ ဟိ၊ ချဲ့ဦးအံ့။ ကာမစ္ဆန္ဒေန၊ ကာမစ္ဆန္ဒသည်။ နာနာဝိသယပလောဘိတံ၊ အထူးထူးသောအာရုံဖြင့် ဖြားယောင်းအပ်သော။ စိတ္တံ၊ စိတ်သည်။ ဧကတ္တာရမ္မဏေ၊ အာရုံတခုတည်း၌။ န သမာဓိယတိ၊ ကောင်းစွာမတည်ပေ။ ဝါ၊ တနည်းကား။ ကာမစ္ဆန္ဒာဘိဘူတံ၊ ကာမစ္ဆန္ဒ၏အလွှမ်းမိုးကို ခံရသော။ တံ စိတ္တံ၊ ထိုစိတ်သည်။ ကာမဓာတုပဟာနာယ၊ ကာမဓာတ်ကိုပယ်ခြင်းငှာ။ ဝါ၊ ကာမဓာတ်ကိုပယ်ဖို့ရန်။ ပဋိပဒံ၊ အကျင့်ဖြစ်သောဈာန်ကို။ န ပဋိပဇ္ဇတိ၊ မကျင့်နိုင်ချေ။ ဗျာပါဒေန စ၊ ဗျာပါဒသည်လည်း။ အာရမ္မဏေ၊ အာရုံ၌။ ပဋိဟညမာနံ၊ နှိပ်စက်အပ်သော စိတ်သည်။ နိရန္တရံ၊ ပုံမှန်ခြင်း ဝိစ္ဆေဒမဖြင့် မခြားမူ၍။ (၁၄၂) န ပဝတ္တတိ၊ မဖြစ်ပေ။ ထိနမိဒ္ဓါဘိဘူတံ၊ ထိနမိဒ္ဓအလွှမ်းမိုး အနှိပ်စက်ခံရသော။ စိတ္တံ၊ စိတ်သည်။ အကမ္မညံ ဟောတိ၊ ဘာဝနာအမှု၌ မခံ့ပေ။ ဝါ၊ ဘာဝနာအမှု၌ မလျော်ကပ်ပေ။ ဥဒ္ဓစ္စကုက္ကုစ္စပရေတံ၊ ဥဒ္ဓစ္စကုက္ကုစ္စ၏ အနှိပ်စက်ခံရသော။ စိတ္တံ၊ စိတ်သည်။ အဝူပသန္တမေဝ ဟုတွာ၊ မငြိမ်းသက်သည်သာလျှင်ဖြစ်၍။ ပရိဗ္ဘမတိ၊ လှည့်လည်သွေလွင့်၏။ ဝိစိကိစ္ဆာယ ဥပဟတံ၊ ဝိစိကိစ္ဆာ၏ အနှိပ်အစက်ခံရသော။ စိတ္တံ၊ စိတ်သည်။ ဈာနာဓိဂမသာဓိကံ၊ ဈာန်ရခြင်းကို ပြီးစေတတ်သော။ (ဈာန်ကိုရစေတတ်သော)။ ပဋိပဒံ၊ အကျင့်လမ်းသို့။ နာရောဟတိ၊ မတက်ရောက်ပေ။ ဣတိ၊ ဤသို့။ ဝိသေသေန၊ အထူးသဖြင့်။ ဈာနန္တရာယကရတ္တာ၊ ဈာန်၏ အန္တရာယ်ကိုပြုတတ်သောကြောင့်။ ဧတာနေဝ၊ ဤနီဝရဏငါးပါးတို့ကိုသာလျှင်။ ပဟာနင်္ဂါနီတိ၊ ပယ်အင်္ဂါတို့ဟူ၍။ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။ ဣတိ၊ ဤတွင် စကားရပ် အပြီးသတ်ပြီ။

ဝိသုဒ္ဓိမဂ် ၂၅—ပ-မ-သ-စ

ပန၊ အကျယ်ချဲ့၍ပြဦးအံ့။ ယသ္မာ၊ အကြင့်ကြောင့်။ ဝိတက္ကော၊ ဝိတက်
သည်။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ စိတ်ကို။ အဘိနိရောပေတိ၊ ရှေးရှုတင်ပေး
တတ်၏။ ဝိစာရော၊ ဝိစာရသည်။ စိတ္တံ၊ စိတ်ကို (လိုက်)။ အနုပ္ပဗန္ဓတိ၊ အစဉ်
မပြတ်ဖွဲ့ချည်တတ်၏။ တေဟိ၊ ထိုဝိတက် ဝိစာရတို့ဖြင့်။အဝိက္ခေပါယ၊ မပျံ့လွင့်
ခြင်းငှာ။ သမ္ပာဒိတပယောဂဿ၊ ဘာဝနာပယောဂကို ပြီးစေအပ်သော။
စေတသော၊ စိတ်၏။ ပယောဂသမ္ပတ္တိသမ္ဘဝါ၊ ဘာဝနာပယောဂ ပြည့်စုံခြင်း
ကြောင့်ဖြစ်သော။ ပီတိ၊ ပီတိသည်။ ပီဏနံ၊ နှစ်သိမ့်ရောင့်ရဲခြင်းကို။ ကရောတိ၊
ပြုတတ်၏။ သုခဉ္စ၊ သုခသည်လည်း။ ဥပဗြူဟနံ ကရောတိ၊ ပွားခြင်းကို
ပြုတတ်၏။ အထ၊ ထိုသို့ပြုသည်ရှိသော်။ သေသသမ္ပယုတ္တဓမ္မံ၊ ဝိတက် ဝိစာရ
ပီတိ သုခမှတပါးသော ဖဿ စေတနာ ယှဉ်ဖက်တရားတို့နှင့် တကွဖြစ်သော။
နံ စိတ္တံ၊ ထိုစိတ်ကို။ ဧတေဟိ၊ ထိုဝိတက် ဝိစာရ ပီတိသုခတို့သည်။ ဝါ၊ တို့က။
အဘိနိရောပနာနုပ္ပဗန္ဓနပီဏနဥပဗြူဟနေဟိ၊ အာရုံ၌ ရှေးရှုတင်ပေးခြင်း,
အာရုံ၌အစဉ်မပြတ် ဖွဲ့ချည်ခြင်း, နှစ်သိမ့်စေခြင်း, ပွားစေခြင်းတို့ဖြင့်။ အနုဂ္ဂဟိ-
တာ၊ ချီးမြှောက်ထောက်ပံ့အပ်သော။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ ဧကတ္တာ-
ရမ္မဏေ၊ တခုသောအာရုံ၌။ သမံ၊ ဣန္ဒြေငါးပါးညီမျှသဖြင့်။ (အညီအညွတ်)
သမ္မာ စ၊ ဆန့်ကျင်ဘက်တို့မှ ဝေးခြင်း, တွန့်ဆုတ်ခြင်း, ပျံ့လွင့်ခြင်းတို့ ကင်း
ခြင်းအားဖြင့်ကောင်းစွာလည်း။ အာဓိယတိ၊ ထားအပ်၏။ တသ္မာ၊ ထို့ကြောင့်။
ဝိတက္ကော၊ ဝိတက် လည်းကောင်း။ ဝိစာရော၊ ဝိစာရ လည်းကောင်း။ ပီတိ၊
ပီတိလည်းကောင်း။ သုခံ၊ သုခလည်းကောင်း။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာလည်း
ကောင်း။ဣတိ၊ဤသို့။ဣမေသံ ပဉ္စန္နံ၊ ဤငါးခုသောအင်္ဂါငါးပါးတို့၏။ ဥပ္ပတ္တိဝသေန၊
အကြောင်းအားလျော်စွာ ဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ ပဉ္စင်္ဂသမန္နာဂတတာ၊
အင်္ဂါငါးပါးနှင့် ပြည့်စုံသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ မှန်၏။
ဧတေသု ပဉ္စသု ဥပ္ပန္နေသု၊ ထိုငါးခုသောအင်္ဂါငါးပါးတို့ ဖြစ်ကုန်လတ်သော်။ ဝါ၊
ဖြစ်လျှင်။ ဈာနံ ဥပ္ပန္နံ နာမ ဟောတိ၊ ဈာန်ဖြစ်သည်မည်ပေ၏။ တေန၊
ထို့ကြောင့်။ အဿ ဈာနဿ၊ ထိုဈာန်၏။ တာနိ ပဉ္စ၊ ထိုဝိတက်စသော ငါး
ပါးသော တရားတို့ကို။ သမန္နာဂတင်္ဂါနီတိ၊ ပြည့်စုံသောအင်္ဂါတို့ဟူ၍။ ဝုစ္စန္တိ၊
ဆိုအပ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧတေဟိ၊ ထိုဝိတက်စသော ငါးပါးသော
တရားတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ အညဒေဝ၊ ဝိတက်စသည်မှ တပါး
သာလျှင်ဖြစ်သော။ ဈာနံ နာမ၊ ဈာန်မည်သည်။ အတ္ထိတိ၊ ရှိသေး၏ ဟူ၍။
န ဂဟေတဗ္ဗံ၊ မယူသင့်ပေ။ ပန၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ အင်္ဂမတ္ထ-
ဝသေနေဝ၊ အင်္ဂါမျှ၏ အစွမ်းအားဖြင့်သာလျှင်။ စတုရင်္ဂိနီ၊ အင်္ဂါလေးပါး
ရှိသော။ သေနာ စ၊ စစ်သည်ဟူ၍လည်းကောင်း။ ဝါ၊ စစ်တပ်ဟူ၍ လည်း
ကောင်း။ ပဉ္စင်္ဂိကံ၊ အင်္ဂါငါးပါးရှိသော။ တူရိယံ၊ တူရိယာဟူ၍လည်းကောင်း။
အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါတိ စ၊ မဂ်ဟူ၍လည်းကောင်း။ ဝုစ္စတိ

ယထာ၊ ဆိုအပ်သကဲ့သို့။ ဝေါ၊ ထို့အတူပင်၊ ဣဒမ္ပိ၊ ဤစျာန်ကိုလည်း။ အင်္ဂ-မတ္တဝသေနေဝ၊ အင်္ဂါမျှ၏ အစွမ်းအားဖြင့်သာလျှင်။ ပဉ္စင်္ဂိကန္တိ ဝါ၊ ပဉ္စင်္ဂိက ဟူ၍လည်းကောင်း။ ပဉ္စင်္ဂသမန္နာဂတန္တိ ဝါ၊ ပဉ္စင်္ဂသမန္နာဂတံ ဟူ၍ လည်းကောင်း။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

စ၊ ဆက်ပါဦးအံ့။ တာနိ ပဉ္စင်္ဂါနိ၊ ဤအင်္ဂါငါးပါးတို့သည်။ ပကတိစိတ္တ-က္ခဏေပိ၊ ပကတိကာမာဝစရစိတ် ခဏ၌လည်းကောင်း။ ဥပစာရက္ခဏေပိ၊ ဥပစာရခဏ၌လည်းကောင်း။ ကိဉ္စာပိ အတ္ထိ၊ အကယ်၍ရှိ၏။ အထ ဝါ၊ ထိုသို့ ရှိသော်လည်း။ ဥပစာရေ၊ ဥပစာရခဏ၌။ ပကတိစိတ္တတော၊ ပကတိကာမာ-ဝစရစိတ်ထက်။ ဗလဝတရာနိ၊ သာ၍အားကြီးကုန်၏။ ပန၊ ထူးခြားသည် ကား။ ဣဓ၊ ဤစျာန်စိတ်၌။ ဥပစာရတောပိ၊ ဥပစာရခဏထက်လည်း။ ဗလဝတရာနိ၊ သာ၍အားကြီးကုန်၏။ ရူပါဝစရလက္ခဏပ္ပတ္တာနိ၊ ရူပါဝစရ-လက္ခဏာသို့ရောက်ကုန်၏။ ဟိ၊ ချဲ့၍ပြဦးအံ့။ ဧတ္ထ၊ ဤစျာန်အင်္ဂါငါးပါးတို့တွင်။ ဝိတက္ကော၊ ဝိတက်သည်။ သုဝိသဒေန အာကာရေန၊ အလွန်ထင်ရှားသော၊ အလွန်သန့်ရှင်းသော အခြင်းအရာအားဖြင့်။ အာရမ္မဏေ၊ အာရုံ၌။ စိတ္တံ၊ စိတ်ကို။ အဘိနိရောပယမာနော၊ ရှေးရှုတင်ပေးလျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိစာရော၊ ဝိစာရသည်။ အာရမ္မဏံ၊ အာရုံကို။ အတိ ဝိယ၊ အလွန်လျှင်၊ ဝါ၊ အလွန်အကဲ။ အနုမဇ္ဇမာနော၊ ဆင်ခြင်သုံးသပ်လျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပီတိ-သုခံ၊ ပီတိနှင့်သုခသည်။ သဗ္ဗာဝန္တမ္ပိ ကာယံ၊ အလုံးစုံသော အစိတ်အပိုင်းရှိသော ကိုယ်ကို။ ဝါ၊ တကိုယ်လုံးကို။ ဖရမာနံ ဥပ္ပဇ္ဇတိ၊ ပျံ့နှံ့စေလျက်ဖြစ်၏။ တေနေဝ၊ ထို့ကြောင့်ပင်လျှင်။ အဿ၊ ထိုစျာန်ရသောပုဂ္ဂိုလ်၏။ သဗ္ဗာဝတော ကာယဿ၊ အလုံးစုံသော အစိတ်အပိုင်းရှိသောကိုယ်၏။ ဝိဝေကဇေန၊ ဝိဝေက ကြောင့်ဖြစ်သော။ ပီတိသုခေန၊ ပီတိသုခဖြင့်။ အပ္ဖုဋံ၊ မတွေ့မထိရသော။ ကိဉ္စိ၊ တစုံတခုသောအစိတ်အပိုင်းမည်သည်။ န ဟောတိ၊ မဖြစ်ပေ။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ ဟေဋ္ဌိမမ္ပိ သမုဂ္ဂပဋလေ၊ အောက်ဖြစ်သော အုပ်အစ်အပြင်၌။ ဥပရိမံ သမုဂ္ဂပဋလံ၊ အထက်အုပ်အစ် အဖုံးအပြင်သည်။ သုဖုသိတံ ဝိယ၊ ကောင်းစွာစေ့စေ့စပ်စပ် ထိသကဲ့သို့။ (ထည့်) စိတ္တေကဂ္ဂတာပိ၊ စိတ္တေကဂ္ဂတာသည်လည်း။ အာရမ္မဏေ၊ အာရုံ၌။ သုဖုသိတာ ဟုတ္ဝာ၊ ကောင်းစွာထိလျက်ဖြစ်၏။ အယံ၊ ဤသည်ကား။ ဧတေသံ၊ ရူပါဝစရလက္ခ-ဏာသို့ရောက်သော ထို အင်္ဂါငါးပါးတို့၏။ ဣတရေဟိ၊ ဥပစာရအခိုက်၌ဖြစ် သော အင်္ဂါငါးပါးတို့မှ။ ဝိသေသော၊ ထူးခြားချက်ပေတည်း။ တတ္ထ၊ ထိုစျာန် အင်္ဂါငါးပါးတို့တွင်။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာကို။ သဝိတက္ကံ သဝိစာရန္တိ ဣမသ္မိံ ပါဠေ၊ သဝိတက္ကံ သဝိစာရံဟူသော ဤစကားရပ်၌။ ကိဉ္စာပိ န နိဒ္ဒိဋ္ဌာ၊ အကယ်၍ကား သရုပ်ထုတ် မပြအပ်။ တထာပိ၊ ထိုသို့သရုပ်ထုတ်၍

မပြအပ်သော်လည်း။ ဝိဘာဝေ၊ ဝိဘင်းကျမ်း၌။ "ဈာနန္တိ၊ ဈာန်ဟူသည်မှာ။ ဝိတက္ကော၊ ဝိတက်။ ဝိစာရော၊ ဝိစာရ။ ပီတိ၊ ပီတိ။ သုခံ၊ သုခ။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာ။ ဣတိ ဝေ၊ ဤသို့။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်။ စိတ္တေ-ကဂ္ဂတာ၊ စိတ္တေကဂ္ဂတာသည်။ (လိုက်)။ အင်္ဂမေဝ၊ ဈာန်အင်္ဂါသာလျှင် တည်း။ ဟိ၊ မှန်ပေ၏။ ယေန အဓိပ္ပာယေန၊ ဝိတက်စသည်တို့နှင့်တကွဖြစ်သော ဈာန်တရားကို ပြရန် ရည်ရွယ်သော အကြင်အလိုဆန္ဒတော်ဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဥဒ္ဒေသော၊ အကျဉ်းဥဒ္ဒေသစကားတော်ကို။ ကတော၊ ပြုတော်မူအပ်၏။ ဝါ၊ ဟောတော်မူအပ်ပေ၏။ သော ယေဝ၊ ထိုအလိုဆန္ဒ တော်ကိုသာလျှင်။ တေန၊ ထိုမြတ်စွာဘုရားသည်။ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ ပကာသိတော၊ ပြတော်မူအပ်ပေ၏။ ဣတိ၊ ဤတွင် စကားတရပ်အပြီးသတ်၏။

## တိဝိဓ ကလျာဏ

## ကောင်းခြင်းသုံးပါး

(၁၄၃) ၇၅။ ပန၊ ထိုမှတပါး။ တိဝိဓကလျာဏံ ဒသလက္ခဏသမ္ပန္နန္တိ ဧတ္ထ၊ တိဝိဓကလျာဏံ ဒသလက္ခဏသမ္ပန္နံ ဟူသောဤစကားရပ်၌။ အာဒိမဇ္ဈပရိ-ယောသာနဝသေန၊ ဈာန်အစ အလယ် အဆုံးတို့၏ အစွမ်းအားဖြင့်။ တိဝိဓ-ကလျာဏတာ၊ ကောင်းခြင်းသုံးပါးရှိသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တေသံယေဝ အာဒိမဇ္ဈပရိယောသာနာနံ၊ ထိုဈာန်၏အစအလယ်အဆုံးတို့၏ သာလျှင်။ လက္ခဏဝသေန၊ မှတ်အပ်သောလက္ခဏာ, မှတ်ကြောင်းလက္ခဏာ တို့၏ အစွမ်းအားဖြင့်။ ဒသလက္ခဏသမ္ပန္နတာ၊ လက္ခဏာဆယ်ပါးနှင့်ပြည့်စုံ သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

တတြ၊ ထိုကောင်းခြင်းနှင့် လက္ခဏာတို့ကို ဖွင့်ပြရာ၌။ အယံ၊ ဤဆိုလတ္တံ့ သည်ကား။ ပါဠိ၊ သာဓက ပါဠိပေတည်း—

ပဋိပဒါဝိသုဒ္ဓိ၊ ဈာန်ရကြောင်းအကျင့်၏ စင်ကြယ်ခြင်းသည်။ ပဌ-မဿ ဈာနဿ၊ ပထမဈာန်၏။ အာဒိ၊ အစပေတည်း။ ဥပေက္ခာ-ဗြူဟနာ၊ ဥပေက္ခာ၏စင်ကြယ်ခြင်းသည်။ မဇ္ဈေ၊ အလယ်ပေတည်း။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းသည်။ ပရိယောသာနံ၊ အဆုံးပေ တည်း။ ပဋိပဒါဝိသုဒ္ဓိ၊ ပဋိပဒါဝိသုဒ္ဓိသည်။ ပဌမဿ ဈာနဿ၊ ပထမ ဈာန်၏။ အာဒိ၊ အစပေတည်း။ အာဒိဿ လက္ခဏာနိ၊ အစလက္ခဏာ တို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ အာဒိဿ လက္ခဏာနိ၊ အစ၏ လက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့ပေတည်း။ တဿ၊ ထိုပထမဈာန် ၏။ ယော ပရိဗန္ဓော၊ အကြင်နီဝရဏဟူသော ဘေးရန်သည်။ အတ္ထိ၊ ရှိ၏။ တတော ပရိဗန္ဓတော၊ ထိုနီဝရဏဟူသောဘေးရန်မှ။ စိတ္တံ၊ စိတ်

သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သောကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံ၊ အလယ်အလတ်ဖြစ်သော။ သမထနိမိတ္တံ၊ သမထနိမိတ်ကို။ ပဋိပဇ္ဇတိ၊ ကျင့်၏။ ပဋိပန္နတ္တာ၊ ကျင့်သောကြောင့်။ တတ္ထ၊ ထိုသမထနိမိတ်၌။ စိတ္တံ၊ စိတ်သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပဋိ-ပန္နတော၊ ဘေးရန်မှ။ စိတ္တံ၊ စိတ်သည်။ ယဥ္စ ဝိသုဇ္ဈတိ၊ အကြင်စင်လည်း စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်ခြင်းကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံ၊ အလယ်အလတ်ဖြစ်သော။ သမထနိမိတ္တံ၊ သမထ-နိမိတ်ကို။ ယဥ္စ ပဋိပဇ္ဇတိ၊ အကြင် ကျင့်လည်းကျင့်၏။ ပဋိပန္နတ္တာ၊ ကျင့်သောကြောင့်။ တတ္ထ၊ ထိုသမထနိမိတ်၌။ စိတ္တံ၊ စိတ်သည်။ ယဥ္စ ပက္ခန္ဒတိ၊ အကြင်ပြေးလည်းပြေးဝင်၏။ ပဌမဿ ဈာနဿ၊ ပထမဈာန်၏။ ပဋိပဒါဝိသုဒ္ဓိ၊ ပဋိပဒါဝိသုဒ္ဓိသည်။ အာဒိ၊ အစပေတည်း။ အာဒိဿ၊ အစ၏။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့သည်။ လက္ခဏာနိ၊ ပထမဈာန်၏ ရကြောင်း အကျင့်ဟူသော အစလက္ခဏာတို့ပေတည်း။ တေန၊ ထို့ကြောင့်။ ပဌမံ ဈာနံ၊ ပထမဈာန်သည်။ အာဒိကလျာဏဥ္စေဝ၊ အစ၌ကောင်းခြင်းနှင့်လည်းပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ တိလက္ခဏ-သမ္ပန္နဉ္စ၊ လက္ခဏာသုံးပါးနှင့်လည်း ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့(ထည့်)။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာ၏ပွားခြင်းသည်။ ပဌမဿ ဈာနဿ၊ ပထမဈာန်၏။ မဇ္ဈေ၊ အလယ်ပေတည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ မဇ္ဈဿ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့ပေတည်း။ ဝိသုဒ္ဓံ စိတ္တံ၊ စင်ကြယ်သော စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ သမထပဋိပန္နံ၊ သမထလမ်းမှန်သွားသော။ စိတ္တံ၊ စိတ်ကို။ (လိုက်)။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသာအဖော်မရှိပဲ တခုတည်း၏အဖြစ်၌ တည်သော။ စိတ္တံ၊ စိတ်ကို(လိုက်)။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဝိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ ယဥ္စ အဇ္ဈုပေက္ခတိ၊ အကြင် လျစ်လျူမှုလည်းရှု၏။ သမထ-ပဋိပန္နံ၊ သမထလမ်းမှန်သွားသော။ စိတ္တံ၊ စိတ်ကို (လိုက်)။ ယဥ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူမှုလည်းရှု၏။ ဧကတ္တုပဋ္ဌာနံ၊ ကိလေ-သာအဖော်မရှိပဲ တခုတည်း၏အဖြစ်၌တည်သော။ စိတ္တံ၊ စိတ်ကို။ ယဥ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူမှုလည်းရှု၏။ ပဌမဿ ဈာနဿ၊ ပထမဈာန်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာ၏ စင်ကြယ်ခြင်းသည်။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈဿ၊ အလယ်၏။ ဣမာနိ တီဏိ၊ စင်ကြယ်သော စိတ်ကို လျစ်လျူရှုခြင်း, သမထလမ်းမှန်သွားသော စိတ်ကို လျစ်လျူ

ရှုခြင်း, ကိလေသာ အဖော်မရှိပဲ တခုတည်း၏အဖြစ်၌ တည်သော အပ္ပနာစိတ်ကို လျစ်လျူရှုခြင်းဟူသော ဤသုံးပါးတို့သည်။ လက္ခဏာ-နိ၊ ပထမဈာန်၏ ဥပေက္ခာပွားခြင်းဟူသော အလယ်၏လက္ခဏာတို့ပေတည်း။ တေန၊ ထို့ကြောင့်။ ပဌမံ ဈာနံ၊ ပဌမဈာန်သည်။ ဝါ၊ကို။ မဇ္ဈေ ကလျာဏဉ္စေဝ၊ အလယ်ကောင်းခြင်းနှင့်လည်း ပြည့်စုံသည်။ တိလက္ခဏသမ္ပန္နဉ္စ၊ လက္ခဏာသုံးပါးနှင့်လည်း ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ပဌမဿ ဈာနဿ၊ ပထမဈာန်၏။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းသည်၊ ပရိယောသာနံ၊ အဆုံးပေတည်း။ ပရိယောသာနဿ၊ အဆုံး၏။လက္ခဏာနိ၊ လက္ခဏာတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်။ စတ္တာရိ၊ လေးပါးတို့ပေတည်း။ (စတ္တာရိ၊ လေးပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ ထည့်မေး)။ တတ္ထ၊ ထိုပထမဈာန်၌။ ဇာတာနံ ဓမ္မာနံ၊ ဖြစ်သောတရားတို့၏။ (ဇာတာနံဟူသော ဝိသေသနပုဒ်ကို ဗဟုဝုစ်ပြန်သင့်သော်လည်း မြန်မာစကား ချောမောစေရန် ဧကဝုစ်ပြန်ထားသည်။ ဤကဲ့သို့ ဝိသေသန ဝိသေသျတွဲ၍ မြန်မာပြန်ရာ၌ ဤအတူပင် မှတ်လေ) အနတိဝတ္တနဋ္ဌေန၊ အချင်းချင်း မလွန်ခြင်းဟူသော သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်လန်း ကြည်လင်ခြင်းလည်းကောင်း။ ဣန္ဒြိယာနံ၊ ဣန္ဒြေတို့၏၊ ဧကရသဋ္ဌေန၊ တူသောကိစ္စရှိသော သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းလည်းကောင်း။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုဣန္ဒြေတို့အားလျော်သော ဝီရိယကို ဆောင်ခြင်းဟူသော သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းလည်းကောင်း။ အာသေဝနဋ္ဌေန၊ ထိုတရားတို့ကို မှီဝဲခြင်းဟူသော သဘောအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ (ထည့်)။ ပဌမဿ ဈာနဿ၊ ပထမဈာန်၏၊ သမ္ပဟံသနာ၊ ရွှင်လန်း ကြည်လင်ခြင်းသည်။ ပရိယောသာနံ၊ အဆုံးပေတည်း။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့သည်။ ပရိယောသာနဿ၊ အဆုံး၏။ လက္ခဏာနိ၊လက္ခဏာတို့ပေတည်း။ တေန၊ထို့ကြောင့်။ ပဌမံ ဈာနံ၊ပထမဈာန်ကို။ ပရိယောသာနကလျာ-ဏဉ္စ၊အဆုံး၏ကောင်းခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုလက္ခ-ဏသမ္ပန္နဉ္စ၊ လက္ခဏာလေးပါးနှင့်ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

တတြ၊ ထိုပါဠိတော်စကားရပ်၌။ ပဋိပဒါဝိသုဒ္ဓိ နာမ၊ ဈာန်ရကြောင်း အကျင့်၏ စင်ကြယ်ခြင်းမည်သည်ကား။ သသမ္ဘာရိကော၊ အကြောင်း အဆောက်အအုံနှင့်တကွသော။ ဥပစာရော၊ ဥပစာရပေတည်း။ တနည်း။ သသမ္ဘာရိကော၊ အကြောင်းအဆောက်အအုံနှင့်တကွသော။ ဥပစာရော၊ ဥပစာ သည်။ ပဋိပဒါဝိသုဒ္ဓိ နာမ၊ ဈာန်ရကြောင်း အကျင့်၏ စင်ကြယ်ခြင်းမည် ပေ၏။ ဥပေက္ခာနုဗြူဟနာ နာမ၊ ဥပေက္ခာ၏ပွားခြင်းမည်သည်ကား။ အပ္ပနာ၊ အပ္ပနာပေတည်း။ သမ္ပဟံသနာ နာမ၊ ရွှင်လန်းကြည်လင်ခြင်းမည်သည်ကား။ ပစ္စဝေက္ခဏာ၊ ဈာန်ကိုဆင်ခြင်သော ပစ္စဝေက္ခဏာပေတည်း။ ဣတိ ဝေါ၊ ဤသို့။ ဧကေ၊ အချို့ကုန်သော အဘယဂိရိဝါသီ ဆရာတို့သည်။ ဝဏ္ဏယန္တိ၊ ဖွင့် ဆိုကြကုန်၏။ ပန၊ ထိုသို့ပင် ဖွင့်ဆိုကြကုန် သော်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ဧကတ္တဂတံ၊ တူသော ကိစ္စရှိသည်၏ အဖြစ်သို့ရောက် သော။ စိတ္တံ၊ အပ္ပနာ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒဉ္စေဝ၊ ဈာန်ရကြောင်း အကျင့်၏ စင်ကြယ်ခြင်းသို့ ရောက်သည်လည်း။ ဟောတိ၊ ဖြစ်၏၊ ဥပေ-က္ခာနုဗြူဟိတဉ္စ၊ ဥပေက္ခာကိုလည်းပွားစေတတ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဉာဏေန စ၊ ဉာဏ်ဖြင့်လည်း။ သမ္ပဟံသိတံ၊ ရွှင်လန်းစေတတ်၏။ ဣတိ၊ ဤသို့။ ပါဠိယံ၊ ပဌမသမ္ဗိဒါမဂ်ပါဠိတော်၌။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ယသ္မာ၊ ထိုသို့ ဟောတော်မူသောကြောင့်။ အန္တော အပ္ပနာယမေဝ၊ အပ္ပနာ၏အတွင်း၌သာ လျှင်။ အာဂမနဝသေန၊ လာခဲ့ရာအကြောင်း၏ အစွမ်းအားဖြင့်။ ပဋိပဒါဝိသုဒ္ဓိ၊ ဈာန်ရကြောင်းအကျင့်၏ စင်ကြယ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တတြ-မဇ္ဈတ္တုပေက္ခာယ၊ တတြမဇ္ဈတ္တုပေက္ခာ၏။ ကိစ္စဝသေန ကိစ္စ၏အစွမ်းအားဖြင့်။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာပွားခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဓမ္မာနံ၊ သမာဓိ ပညာ တရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ အချင်းချင်း မလွန်ခြင်းအစရှိသည်၏အဖြစ်ကို ပြီးစေခြင်းဖြင့်။ ပရိယောဒါပကဿ ဉာဏဿ၊ ဖြူစင်စေတတ်သောဉာဏ်၏၊ ကိစ္စနိဗ္ဗတ္တိဝသေန၊ ကိစ္စပြီးခြင်း၏ အစွမ်းအားဖြင့်။ သမ္ပဟံသနာ စ၊ ရွှင်လန်းကြည်လင်ခြင်းကိုလည်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ကထံ ဝေဒိတဗ္ဗာ၊ အဘယ်သို့ သိအပ်သနည်း ဟူမူကား။ ယသ္မိံ ဝါရေ၊ အကြင်ဇောဝါရ၌။ အပ္ပနာ၊ အပ္ပနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံ ဝါရေ၊ ထိုအပ္ပနာဖြစ်ရာဇောဝါရ၌။ နီဝရဏသင်္ခါတော၊ နီဝရဏဟုဆိုအပ်သော။ ယော ကိလေသဂဏော၊ အကြင်ကိလေသာ အပေါင်းသည်။ တဿ ဈာနဿ၊ ထိုဈာန်၏။ ပရိဗန္ဓော၊ ဘေးရန်ပေတည်း။ တတော၊ ထိုနီဝရဏဟုဆိုအပ် သော ဈာန်၏ဘေးရန်မှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ စိတ်စင်ကြယ်သောကြောင့်။ အာဝရဏဝိရဟိတံ ဟုတွာ၊ ပိတ်ပင် ဖုံးလွှမ်းတတ် သော နီဝရဏကင်းသည်ဖြစ်၍။ မဇ္ဈိမံ သမထနိမိတ္တံ၊ အလယ်ဖြစ်သော သမထ

**နိမိတ်ကို**။ ပဋိပဇ္ဇတိ၊ ကျင့်၏။ သမပ္ပဝတ္တော၊ တွန့်ဆုတ်ခြင်း ပျံ့လွင့်ခြင်း အစွန်းသို့ မရောက်ပဲအညီအမျှဖြစ်သော။ အပ္ပနာသမာဓိယေဝ၊ အပ္ပနာသမာဓိ သည်ပင်လျှင်။ မဇ္ဈိမံ သမထနိမိတ္တံ နာမ၊ အလယ်ဖြစ်သော သမထနိမိတ်မည် ၏။ ပန၊ ထိုမှတပါး။ တဒနန္တရံ၊ ထိုအပ္ပနာသမာဓိ၏ အခြားမဲ့ဖြစ်သော။ ဝါ၊ ထိုအပ္ပနာသမာဓိအား ကျေးဇူးပြုတတ်သော။ ပုရိမစိတ္တံ၊ ရှေးဖြစ်သော ဂေါတြဘူစိတ်သည်။ ဧကသန္တတိပရိဏာမနယေန၊ တခုတည်းသောသန္တာန်၌ ညွတ်သော ဧကတ္တနည်းဖြင့်။ (ဧကတ္တနည်းဟူသည်မှာ နို့ရည်သည်ပင်လျှင် နို့ခမ်း, နို့ချဉ်ဖြစ်သည်ဟူသော စကားကဲ့သို့ ထိုအတူပင် ကာမစိတ်, မဟဂ္ဂုတ် စိတ်၏အဖြစ်ဖြင့် ကွဲပြားသော်လည်း တခုတည်းသောစိတ်အစဉ်သန္တာန်၌သာ လျှင် ညွတ်ခြင်း ပြောင်းလဲခြင်းသို့ ရောက်သည်ကို သိစေသောနည်းဟူသော ဧကတ္တနည်းဖြင့် ဟုဆိုလိုသည်)။ တဒတ္ထံ၊ ထိုအပ္ပနာသမာဓိ၏ အစွမ်းဖြင့် တည် ကြည်ခြင်းသို့။ ဥပဂစ္ဆမာနံ၊ ကပ်ရောက်သည်ဖြစ်၍။ မဇ္ဈိမံ သမထနိမိတ္တံ၊ အလယ်ဖြစ်သော သမထနိမိတ်ကို။ ပဋိပဇ္ဇတိ နာမ၊ ကျင့်သည်မည်၏။ ဧဝံ ပဋိပန္နတ္တာ၊ ဤသို့ကျင့်ခြင်းကြောင့်။ တဒတ္တုပဂမနေန၊ အပ္ပနာသမာဓိ၏ အစွမ်းအားဖြင့် တည်ကြည်ခြင်းသို့ ရောက်သဖြင့်။ တတ္ထ၊ ထိုသမာဓိနိမိတ်၌။ ပက္ခန္ဒတိ နာမ၊ ပြေးဝင်သည်မည်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တာဝ၊ ရှေးဦးစွာ။ ပုရိမစိတ္တေ၊ ရှေးဂေါတြဘူစိတ်၌။ ဝိဇ္ဇမာနာကာရနိပ္ဖာဒိကာ၊ ရှိ သောအခြင်းအရာတို့ကို ပြီးစေတတ်သော။ ပဌမဿ ဈာနဿ၊ ပထမဈာန်၏။ ဥပ္ပါဒက္ခဏေယေဝ၊ ဥပါဒ်ခဏ၌သာလျှင်။ အာဂမနဝသေန၊ လာခဲ့ရာအကြောင်း ၏ အစွမ်းအားဖြင့်။ ပဋိပဒါဝိသုဒ္ဓိ၊ ကျင့်ရာအကြောင်းအကျင့်၏ စင်ကြယ်ခြင်း ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဧဝံ ဝိသုဒ္ဓဿ၊ ဤသို့စင်ကြယ်ပြီးသော။ တဿ၊ ထိုစိတ်ကို။ ပုန၊ နောက် ထပ်တဖန်။ ဝိသောဓေတဗ္ဗာဘာဝတော၊ စင်ကြယ်အောင် သုတ်သင်ဖွယ်မရှိ သောကြောင့်။ ဝိသောဓနေ၊ သုတ်သင်ခြင်းဖြင့်။ ဗျာပါရံ အကရောန္တော၊ ကြောင့်ကြမပြုသော ယောဂီသည်။ ဝါ၊ ကြောင့်ကြမပြုခြင်းသည်။ ဝိသုဒ္ဓံ စိတ္တံ၊ စင်ကြယ်သောစိတ်ကို။ အဇ္ဈုပေက္ခတိ နာမ၊ လျစ်လျူရှုသည်မည်ပေ၏။ သမထဘာဝူပဂမနေ၊ သမထအဖြစ်သို့ ရောက်သဖြင့်။ သမထပဋိပန္နဿ၊ သမထ လမ်းမှန်ကိုကျင့်သော။ စိတ္တဿ၊ စိတ်ကို။ (ထည့်) ပုန၊ နောက်ထပ်တဖန်။ သမာဓာနေ၊ ကောင်းစွာထားခြင်း၌။ ဗျာပါရံ အကရောန္တော၊ ကြောင့်ကြမပြု သော ယောဂီသည်။ ဝါ၊ ကြောင့်ကြမပြုခြင်းသည်။ သမထပဋိပဒံ၊ သမထ အကျင့်လမ်းမှန်ကို။ အဇ္ဈုပေက္ခတိ နာမ၊ လျစ်လျူရှုသည်မည်၏။ သမထပဋိပန္န- ဘာဝတော ဧဝ၊ သမထလမ်းမှန်ကို ကျင့်သောကြောင့်ပင်လျှင်။ ကိလေသသံသဂ္ဂံ ပဟာယ၊ ကိလေသာအပေါင်းကို စွန့်၍။ ဧကတ္တေန ဥပဋ္ဌိတဿ၊ တဦးတည်းအဖြစ်

ဖြင့် တည်သော။ အဿ စိတ္တဿ၊ ထိုစိတ်၏။ ပုန ကေဏ္ဍပဋ္ဌာနေ၊ နောက် ထပ်တဖန် ကိလေသာအဖော်မရှိပဲ တဦးတည်းအဖြစ်ဖြင့် တည်ခြင်း၌။ ဗျာပါရံ အကရောန္တော၊ ကြောင့်ကြမပြုသော ယောဂီသည်။ ပါ၊ ကြောင့်ကြမပြုခြင်း သည်။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသာအဖော်မရှိပဲ တဦးတည်း၏ အဖြစ်ဖြင့်တည် သောစိတ်ကို။ အဇ္ဈုပေက္ခတိ နာမ၊ လျစ်လျူရှုသည်မည်၏။ ဧဝံ၊ ဤသို့။ တတြ- မဇ္ဈတ္တုပေက္ခာယ၊ တတြမဇ္ဈတ္တုပေက္ခာ၏။ ကိစ္စဝသေန၊ ကိစ္စ၏အစွမ်းအားဖြင့်။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာ၏ ပွားခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဧဝံ၊ ဤသို့။ ဥပေက္ခာနုဗြူဟိတေ၊ ဥပေက္ခာသည်ပွားစေအပ်သော်။ တတ္ထ၊ ထိုဈာန်စိတ်၌။ ဇာတာ၊ ဖြစ်ကုန်သော၊ သမာဓိပညာသင်္ခါတာ၊ သမာဓိ, ပညာ ဟု ဆိုအပ်ကုန်သော။ ယေ ဓမ္မေ ယုဂနဒ္ဓါ၊ အကြောင်းရှင်းစုံဖွဲ့အပ်ကုန်သော တရားတို့သည်။ ဝါ၊ ထမ်းပိုး၌ ဖွဲ့အပ်သော နွားနှင့် တူကုန်သော ရှင်းစုံဖွဲ့အပ် သောတရားတို့သည်၊ အညမညံ အနတိဝတ္တမာနာ ဟုတွာ ပဝတ္တာ၊ အချင်းချင်း မလွန်ပဲ ဖြစ်ကုန်၏။ သဒ္ဓါဒီနိ၊ သဒ္ဓါအစရှိကုန်သော။ယာနိ ဣန္ဒြိယာနိ၊အကြောင် ဣန္ဒြေတို့သည်။ နာနာ ကိလေသေဟိ၊ ကိလေသာအမျိုးမျိုးတို့မှ။ ဝိမုတ္တတ္တာ၊ လွတ်သောကြောင့်။ ဝိမုတ္တိရသေန၊ ကိလေသာတို့မှ လွတ်ခြင်းရသဖြင့်။ ဧက- ရသာနိ ဟုတွာ၊ တူသောကိစ္စ ရှိကုန်၍။ ပဝတ္တာနိ၊ ဖြစ်ကုန်၏။ ယေသ ဓေသာ၊ ဤယောဂီသည်။ တဒုပဂံ တေသံ အနတိဝတ္တနဧကရသဘာဝါနံ အနုစ္ဆဝိကံ၊ ထို အချင်းချင်း မလွန်ခြင်း, ကိစ္စတူခြင်းတို့အားလျော်သော။ (တဒုပဂံ၌ တံကို တေသံ ဖွင့်သည်၊ တေသံ—အရ အနတိဝတ္တနဧကရသဘာဝါနံဟု ဖော်သည်။ ဥပဂံကို အနုစ္ဆဝိကံဟုဖွင့်သည်)။ ယံ ဝီရိယံ၊ အကြင်ဝီရိယကိုလည်း။ဂါဟယတိ၊ ဖြစ်စေ၏။ အဿ ဈာနဿ၊ ထိုဈာန်၏။ တသ္မိံ ခဏေ၊ထိုဘင်ခဏ၌။ ပဝတ္တာ၊ ဖြစ်သော။ ယာ အာသေဝနာ စ၊ အကြင်မှီဝဲခြင်းသည်လည်း။ အတ္ထိ၊ ရှိ၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေ အာကာရာပိ၊ ထိုအခြင်းအရာတို့သည်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ သံကိလေသဝေါဒါနေသု၊ ညစ်ညူးခြင်း, စင်ကြယ် ခြင်းတို့၌။ တံ တံ အာဒီနဝဉ္စ၊ ထိုထိုအပြစ်ကိုလည်းကောင်း။ (၁၄၅) တံ တံ အာနိသံသဉ္စ၊ ထိုထိုအကျိုးကိုလည်းကောင်း။ ဒိသွာ၊ မြင်ခဲ့၍။ တထာ တထာ၊ အချင်းချင်း မလွန်ပဲ ဖြစ်ခြင်းစသော ထိုထိုအခြင်းအရာအားဖြင့်။ သမ္ပဟံသိ- တတ္တာ၊ ရွှင်စေအပ်ပြီး ဖြစ်သောကြောင့်။ ဝိသောဓိတတ္တာ၊ သုတ်သင်အပ်ပြီး ဖြစ်သောကြောင့်။ ပရိယောဒါပိတတ္တာ၊ ထက်ဝန်းကျင် ဖြူစင်စေအပ်ပြီး ဖြစ် သောကြောင့်။ (ဤ၌ ဟိတ်သုံးချက် ထပ်ဆင့်၍ ပြုရာတွင် ပဌမဟိတ်ကို ဒုတိယ ဟိတ်ဖြင့် ယင်းဟိတ်ကို တတိယဟိတ်ဖြင့် ထပ်ဆင့်၍ ဖွင့်ပြသည်ဟုမှတ်)။ နိပ္ဖန္နာဝ၊ ပြီးစေကုန်သည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ "ဓမ္မာနံ၊ သမာဓိ, ပညာတရားတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ အချင်းချင်း မလွန်ခြင်း

အစရှိသည်၏အဖြစ်ကို ပြီးစေခြင်းဖြင့်။ ပရိယောဒါပကာယ ဉာဏာယ၊ ဖြူစင်စေတတ်သောဉာဏ်၌။ ကိစ္စနိပ္ဖတ္တိဝသေန၊ ကိစ္စပြီးခြင်း၏ အစွမ်းအားဖြင့်။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။

တတ္ထ၊ ထိုဘာဝနာစိတ်၌။ ယသ္မာ၊ အကြင်ကြောင့်။ ဥပေက္ခာဝသေန၊ ဥပေက္ခာ၏ အစွမ်းအားဖြင့်။ ဉာဏံ၊ ဉာဏ်သည်။ ပါကဋံ ဟောတိ၊ ထင်ရှား၏။ (တသ္မာ ဉာဏကိစ္စဘူတာ သမ္ပဟံသနာ ပရိယောသာနန္တိ ဝုတ္တာ-မှာလှမ်းစပ်။) ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ "ယထာ၊ အကြင်သို့သောအခြင်းအရာအားဖြင့်။ ဘာဝနာစိတ္တံ၊ ဘာဝနာစိတ်သည်။ ကောသဇ္ဇပက္ခေ၊ ပျင်းရိသောအဖို့၌။ န ပတတိ၊ မကျရောက်။ (ဋီကာအတိုင်း အနိယတ်ဖော်)တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ဝီရိယာသမ္ဘောဇ္ဈင်္ဂဒ္ဓာနိယာနံ၊ ဝီရိယသမ္ဘောဇ္ဈင်၏ အကြောင်းဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့ကို။ ဗဟုလီကာရဝသေန၊ ကြိမ်ဖန်များစွာပြုသဖြင့်။ ပဂ္ဂဟိတံ၊ ချီးမြှောက်အပ်သော။ စိတ္တံ၊ စိတ်ကို။ သာဓုကံ၊ ကောင်းမွန်စွာ။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ဥပေက္ခာဝသေန၊ ဥပေက္ခာ၏ အစွမ်းဖြင့်လည်းကောင်း။ ပညာဝသေန၊ ပါရိဟာရိကပညာ၏ အစွမ်းဖြင့်လည်းကောင်း။ ပညိန္ဒြိယံ၊ အပ္ပနာပညိန္ဒြေသည်။ အဓိမတ္တံ ဟောတိ၊ လွန်ကဲ၏။ ဥပေက္ခာဝသေန၊ ဥပေက္ခာ၏ အစွမ်းဖြင့်။ နာနတ္တကိလေသေဟိ၊ သဘောအမျိုးမျိုးရှိသော ကိလေသာတို့မှ။ စိတ္တံ၊ စိတ်သည်။ ဝိမုစ္စတိ၊ လွတ်မြောက်၏။ ဝိမောက္ခဝသေန၊ ကိလေသာတို့မှ လွတ်မြောက်ခြင်း၏ အစွမ်းဖြင့်။ ပညိန္ဒြိယံ၊ အပ္ပနာပညိန္ဒြေသည်။ အဓိမတ္တံ ဟောတိ၊ လွန်ကဲ၏။ ဝိမုတ္တတ္တာ၊ ကိလေသာတို့မှ လွတ်မြောက်သောကြောင့်။ တေ ဓမ္မာ၊ ထိုသဒ္ဓါအစရှိသော တရားတို့သည်။ ဧကရသာ ဟောန္တိ၊ တူသောကိစ္စရှိကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ (ပြန်စပ်) တသ္မာ၊ ထိုသို့ ဥပေက္ခာ၏ အစွမ်းဖြင့် ဉာဏ်ထင်ရှားခြင်းကြောင့်။ ဉာဏကိစ္စဘူတာ၊ အပ္ပနာပညာ၏ ကိစ္စဖြစ်သော။ သမ္ပဟံသနာ၊ ရွှင်လန်းကြည်လင်ခြင်းကို။ ပရိယောသာနန္တိ အဆုံးဟူ၍။ ဝုတ္တာ၊ ဆိုအပ်၏။

ဣဒါနိ၊ ယခုအခါ၌။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ ပဌမံ ဈာနံ၊ ပထမဈာန်ကို။ အဓိဂတံ ဟောတီတိ ဧတ္ထ၊ ရပြီး ဖြစ်ပေတော့၏ ဟူသော ဤစကားရပ်၌။ အတ္ထော၊ အနက်အဓိပ္ပာယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (လည့်စပ်)။ ဂဏနာနုပုဗ္ဗတာ၊ ရေတွက်ခြင်းအစဉ်အားဖြင့် ရှေးရှုကျသောကြောင့်။ ပဌမံ ပထမမည်ပေ၏။ ပဌမံ၊ ရှေးဦးစွာ၊ ဥပ္ပန္နံ၊ ဖြစ်သည်တည်း။ ဣတိပိ၊ ထို့ကြောင့်လည်း။ ပဌမံ၊ ပထမမည်ပေ၏။ အာရမ္မဏူပနိဇ္ဈာနတော ဝါ၊ ပထဝီကသိုဏ်းအာရုံကို ကပ်၍ ရှုတတ်သောကြောင့်လည်းကောင်း။ ပစ္စနီက-

ဈာပနတော ဝါ၊ ရန်သူနီဝရဏတရားတို့ကို လောင်တတ်သောကြောင့် လည်းကောင်း။ ဈာနံ၊ ဈာန်မည်၏။ ပထဝီမဏ္ဍလံ ပန၊ မြေအဝန်းကို၊ သကလဋ္ဌေန၊ အလုံးစုံ အကြွင်းမဲ့ရှုအပ်သော အနက်သဘောကြောင့်။ ပထဝီကသိဏန္တိ၊ ပထဝီကသိုဏ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ တံ နိဿာယ၊ ထိုမြေအဝန်းကို မှီ၍။ ပဋိလဒ္ဓနိမိတ္တမ္ပိ၊ ရအပ်သော ပဋိဘာဂနိမိတ်ကိုလည်းကောင်း။ ပထဝီကသိဏနိမိတ္တံ၊ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ဟူ၍။ ပဋိလဒ္ဓဈာနမ္ပိ၊ ရအပ်သောဈာန်ကိုလည်းကောင်း၊ ပထဝီကသိဏန္တိ၊ ပထဝီကသိုဏ်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ပြန်စပ်)။ တတြ၊ ထိုသုံးပါးသောအနက်တို့တွင်။ ဣမသ္မိံ အတ္ထေ၊ ပထဝီကသိုဏ်းကို အာရုံပြုသော ပထမဈာန်ကို ရပြီးဖြစ်ပေ၏ ဟူသော ဤအရာ၌။ ဈာနံ၊ ဈာန်ကို။ ပထဝီကသိဏန္တိ၊ ပထဝီကသိုဏ်းဟု။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တံ သန္ဓာယ၊ ထိုသဘောကို ရည်ရွယ်၍။ ပဌမံ ဈာနံ အဓိဂတံ ဟောတိ ပထဝီကသိဏန္တိ၊ ပဌမံ ဈာနံ အဓိဂတံ ဟောတိ ပထဝီကသိဏံဟူ၍၊ ဝုတ္တံ၊ ဆိုခဲ့ပေ၏။

## စိရဋ္ဌိတိသမ္ဘာဒန

### ကြာမြင့်စွာတည်ခြင်းကို ပြီးစေခြင်း

၇၆။ ပန၊ ဆက်ဦးအံ့။ ဝေါ၊ ဤဆိုခဲ့သည့်အတိုင်း။ တသ္မိံ ပဌမဈာနေ၊ ထိုပထမဈာန်ကို။ အဓိဂတေ၊ ရအပ်ပြီးသော်။ ပါ၊ ရလျှင်။ ဧတေန ယောဂိနာ၊ ထိုယောဂီသည်။ ဝါလဝေဓိနာ ဝိယ စ၊ သားမြီးမျှင်ကို မှန်အောင်ပစ်နိုင်သော လေးသမားကဲ့သို့ လည်းကောင်း၊ သူဒေန ဝိယ စ၊ ကျွမ်းကျင်လိမ္မာသော စားတော်ကဲကဲ့သို့ လည်းကောင်း။ အာကာရာ၊ သင့်လျော်သောအခြင်းအရာတို့ကို။ ပရိဂ္ဂဟေတဗ္ဗာ၊ သိမ်းဆည်းမှတ်သားသားအပ်ကုန်၏။ ဟိ၊ ချဲ့ဦးအံ့။ ဝါ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ သုကုသလော၊ အလွန်ကျွမ်းကျင်လိမ္မာသော။ ဓနုဂ္ဂဟော၊ လေးသမားသည်။ ဝါလဝေဓာယ၊ သားမြီးမျှင်ကို ပစ်ခြင်းငှာ။ ကမ္မံ ကုရုမာနော၊ သင့်လျော်သော လေ့ကျင့်မှုကို ပြုလုပ်တတ်သော်။ ယသ္မိံ ဝါရေ၊ အကြင်အကြိမ်၌၊ ဝါလံ၊ သားမြီးမျှင်ကို။ ဝိဇ္ဈတိ၊ မှန်၏။ တသ္မိံ ဝါရေ၊ ထိုအကြိမ်၌။ ဝါ၊ မှန်သော ထိုအချက်၌။ အက္ကန္တပဒါနဉ္စ၊ ပစ်လွှတ်သော ကာ၌ နင်းထားသော ခြေတို့၏လည်းကောင်း။ ဓနုဒဏ္ဍဿ စ၊ လေးကိုင်း၏လည်းကောင်း။ ဇိယာယ စ၊ လေးကြိုး၏လည်းကောင်း။ သရဿ စ၊ မြား၏လည်းကောင်း။ အာကာရံ၊ တည်နေပုံအခြင်းအရာကို။ "ဧဝံ၊ ဤသို့။ ဌိတေန၊ ဤသို့တည်လျက်။ ဧဝံ ဓနုဒဏ္ဍံ၊ ဤသို့လေးကိုင်းကို။ ဧဝံ ဇိယံ၊ ဤသို့လေးကြိုးကို။ ဧဝံ သရံ ဂဟေတွာ၊ ဤသို့မြားကိုကိုင်၍။ ဝါလော၊ သားမြီးမျှင်ကို။ ဝိဒ္ဓေါတိ၊ မှန်အောင်ပစ်မိလေပြီ" ဟု။ ပရိဂ္ဂဏှေယျ၊ သိမ်းဆည်းမှတ်သားထားရာ၏။ သော၊ ထိုလေးသမားသည်။ တတော ပဋ္ဌာယ၊ မှန်

အောင်ပစ်နိုင်သော ထိုအကြိမ်မှုစရှိ။ တထေဝ၊ ထိုမှတ်သားထားသည့်အတိုင်း ပင်လျှင်။ တေ အာကာရေ၊ ထိုခြေနင်းပုံ, လေးကိုင်ပုံစသော အခြင်းအရာတို့ကို။ သမ္ပာဒေန္တော၊ ပြည့်စုံစေလျက်။ အဝိရာဓေတွာ၊ မလွဲစေပဲ။ ဝါလံ ဝိဇ္ဈေယျ ယထာ၊ သားမြီးမျှင်ကို ပစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ ယောဂိနာပိ၊ ယောဂီသည်လည်း။ မေ၊ ငါသည်။ ဣမံ နာမ ဘောဇနံ ဘုဉ္ဇိတွာ၊ ဤမည်သောဘောဇဉ်ကိုစား၍။ ဧဝရူပံ ပုဂ္ဂလံ သေဝမာနေန၊ ဤသို့သဘောရှိသောပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်လျက်။ ဧဝရူပေ သေနာသနေ၊ ဤသို့သဘောရှိသောကျောင်း၌။ ဣမိနာ နာမ ဣရိယာပထေန၊ ဤမည်သော ဣရိယာပုထ်ဖြင့်။ ဣမသ္မိံ ကာလေ၊ ဤအခါ၌။ ဣဒံ၊ ဤစျာန်ကို။ အဓိဂတန္တိ၊ရခဲ့ပေသည်ဟု။ ဘောဇနသပ္ပါယာဒယော၊ဘောဇဉ်၏လျောက်ပတ်ခြင်း အစရှိကုန်သော။ တေ အာကာရာ၊ ဤအခြင်းအရာတို့ကို။ ပရိဂ္ဂဟေတဗ္ဗာ၊ သိမ်းဆည်းမှတ်သားထားအပ်ကုန်၏။ ဟိ၊ အကျိုးသော်ကား။ ဧဝံ၊ ဤသို့သိမ်းဆည်းမှတ်သားထားလျှင်။ သော၊ ထိုယောဂီသည်။ (၁၄၆) တသ္မိံ တရုဏေ သမာဓိမှိ၊ ထိုနုသောသမာဓိသည်။ နဋ္ဌေ၊ ပျောက်ပျက်သွားသည်ရှိသော်။ တေ အာကာရေ၊ ထိုမှတ်သားထားသော အခြင်းအရာတို့ကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ ပုန ဥပ္ပါဒေတုံ၊ တဖန် ထိုသမာဓိကို ဖြစ်စေခြင်းငှာ။ သက္ခိဿတိ၊ စွမ်းနိုင်လတ္တံ့။ အပ္ပဂုဏံ ဝါ၊ မလေ့လာ မကျေပွန်သေးသောသမာဓိကို။ပဂုဏံ ကရောန္တော၊ လေ့လာကျေပွန်အောင်ပြုလျက်။ ပုနပ္ပုနံ အပ္ပေတုံ သက္ခိဿတိ၊ အကြိမ်ကြိမ်အဖန်ဖန် ဝင်စားခြင်းငှာစွမ်းနိုင်လတ္တံ့။

စ၊ ထိုမှတပါး။ ကုသလော သူဒေါ၊ စားတော်ကဲအတတ်၌ ကျွမ်းကျင်လိမ္မာသော စားတော်ကဲသည်။ ဘတ္တာရံ ပရိဝိသန္တော၊ အရှင်သခင်ကိုချက်ပြုတ်ကျွေးမွေးသည်ရှိသော်။ ဘတ္တာ၊ အရှင်သခင်သည်။ ယံ ယံ ဘောဇနံ၊ အကြင်အကြင်ဘောဇဉ်ကို။ ရုစိယာ၊ မြိန်မြိန်ရှက်ရှက် မြတ်နိုးသဖြင့်။ ဘုဉ္ဇတိ၊ သုံးဆောင်၏။ တဿ၊ ထိုအရှင်သခင်၏။ ရုစိတွာ၊ မြိန်မြိန်ရှက်ရှက်နှစ်သက်မြတ်နိုး၍။ ဘုဉ္ဇနာကာရံ၊ သုံးဆောင်သောအမူအရာကို။ ပဿိတွာ၊ မြင်ရ၍။ ဣဒံ နာမ ဘောဇနံ၊ ဤမည်သောဘောဇဉ်ကို။ ရောစိတန္တိ၊ မြတ်နိုးတော်မူသည်ဟု။ (ရုစိတွာ-စသည်ကား ပါဌ်သေသ)။ တံ တံ ဘောဇနံ သလ္လက္ခေတွာ၊ နှစ်နှစ်ခြိုက်ခြိုက်သုံးဆောင်သော ထိုထိုဘောဇဉ်ကို မှတ်သားထားပြီးလျှင်။ တတော ပဋ္ဌာယ၊ ထိုနေ့မှစ၍။ တာဒိသမေဝ၊ ထိုအရှင်သခင်နှစ်ခြိုက်စွာသုံးဆောင်သော ဘောဇဉ်မျိုးကိုသာလျှင်။ ဥပနာမေန္တော၊ ဆက်ကပ်လုပ်ကျွေးသည်ရှိသော်။ လာဘဿ ဘာဂီ ဟောတိ ယထာ၊ ဆုလာဘ်ကိုရသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ အယမ္ပိ၊ ဤယောဂီသည်လည်း။ အဓိဂတက္ခဏေ၊ ရွှေးစျာန်ကိုရသောအခိုက်၌။ ဘောဇနာဒယော၊ ဘောဇဉ်စသည်၌တည်ကုန်

သော။ အာကာရေ၊ အခြင်းအရာတို့ကို။ ဂဟေတွာ၊ သိမ်းဆည်းမှတ်သားထား ပြီးလျှင်။ တေ သမ္ပဒေ ခန္ဓာ၊ ထိုအခြင်းအရာတို့ကို ပြည့်စုံစေလျက်။ သမာ- ဓိမှ၊ သမာဓိသည်။(ယည့်)။ နဋ္ဌေ နဋ္ဌေ၊ ပျောက်သွားတိုင်း ပျောက်သွား တိုင်း။ ပုနပ္ပုနံ၊ အကြိမ်ကြိမ် အဖန်ဖန်။ အပ္ပနာသ လာဘီ၊ အပ္ပနာဈာန်ကို ပြန်၍ရနိုင်လေ၏။ တသ္မာ၊ ထို့ကြောင့်။ တေန ဝါလဝေဓိနော ဝိယ စ၊ သားမြီး မျှင်ကို မှန်အောင်ပစ်နိုင်သော ထိုလေးသမားကဲ့သို့လည်းကောင်း။ တေန သူဒေန ဝိယ စ၊ ကျွမ်းကျင်သော ထိုစားပေါ်ကဲကဲ့သို့လည်းကောင်း။ အာကာ- ရာ၊ အခြင်းအရာတို့ကို။ ပရိဂ္ဂဟေတဗ္ဗာ၊ သိမ်းဆည်းမှတ်သားထားအပ်ကုန်၏။ စ၊ မှန်၏။ တော်၊ ဤသေယျထာပိ ဘိက္ခဝေ စသောစကားကို။ ဘဂဝတာ၊ မြတ် စွာဘုရားသည်။ ဝုတ္တမ္ပိ၊ ဟောတော်မူအပ်ငေ၏—

ဘိက္ခဝေ၊ ရဟန်းတို့၊ သေယျထာပိ၊ ဥပမာသော်ကား။ ပဏ္ဍိတော၊ စားတော်ကဲအတတ်၌ လေ့လာထားသော ပညာရှိသော။ ဗျတ္တော၊ စားတော်ကဲအတတ်၌ တတ်သိထားသော။ ကုသလော၊ ကျွမ်းကျင် လိမ္မာသော။ သူဒေါ၊ စားတော်ကဲသည်။ ရာဇာနံ ဝါ၊ မင်းကိုသော် လည်းကောင်း။ ဝါ၊ မင်းကိုဖြစ်စေ။ ရာဇမဟာမတ္တံ ဝါ၊ မင်း၏အမတ် ကြီးကိုသော်လည်းကောင်း။ ဝါ၊ မင်း၏အမတ်ကြီးကိုဖြစ်စေ။ နာနစ္စ- ယေဟိ သူပေဟိ၊ အရသာမျိုးစုံရှိသောဟင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတော၊ လုပ်ကျွေးပြုစုသည်။ အဿ၊ ဖြစ်ရာ၏။ အမ္ဗိလဂ္ဂေဟိပိ၊ ချဉ်သော အရသာရှိသည်သည်းဖြစ် ကုန်သော။ (သူပေဟိ၊ ဟင်းတို့ဖြင့်လည်း ကောင်း။ မှာစပ် အကြွင်းအတူတူ)။ တိတ္တကဂ္ဂေဟိပိ၊ ခါးသော အရသာရှိသည်လည်းဖြစ်ကုန်သော။ ကဋုကဂ္ဂေဟိပိ၊ စပ်သောအရ သာရှိသည်လည်းဖြစ်ကုန်သော၊ မဓုရဂ္ဂေဟိပိ၊ ချိုသောအရသာရှိ သည်လည်းဖြစ်ကုန်သော။ အခါရိကေဟိပိ၊ ခရမ်းသီး မျှစ်စသည်နှင့် ရောသည်လည်း ဖြစ်ကုန်သော။ ခါရိကေဟိ ပိ၊ ခရမ်းသီး မျှစ်စသည် တို့နှင့် မရောသည်သည်းဖြစ်ကုန်သော။ လောဏိကေဟိပိ၊ ဆားလေး သည်လည်းဖြစ်ကုန်သော။ အလောဏိကေဟိပိ၊ ဆားပေါ့သည်လည်း ဖြစ်ကုန်သော။ သူပေဟိ၊ ဟင်းတို့ဖြင့်။ ပစ္စုပဋ္ဌိတော အဿ၊ လုပ် ကျွေးပြုစုရာ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ စားတော်ကဲအတတ်၌ လေ့လာ ထားသော ပညာရှိသော။ ဗျတ္တော၊ စားတော်ကဲအတတ်၌ တတ်သိ ထားသော။ ကုသလော၊ ကျွမ်းကျင်လိမ္မာသော။ သ ခေါ သော သူဒေါ၊ ထိုစားတော်ကဲသည်။ သကဿ ဘတ္တု၊ မိမိအရှင်သခင်၏။ နိမိတ္တံ၊ နှစ်နှစ်ခြိုက်ခြိုက် စားတော်ခေါ်ပုံ အခြင်းအရာနိမိတ်ကို။ မေ

ဘတ္တု၊ ငါ၏အရှင်သည်။ အဇ္ဇ၊ ယနေ့။ ဣဒံ သူပေယျံ၊ ဤဟင်းကို။ ရူပတိ၊ နှစ်သက်၏။ ဣမဿ သူပေယျဿ၊ ဤဟင်း၏။ အတ္ထာယ ဝါ၊ အကျိုးငှာလည်း။ (တနည်း)။ ဣမဿ သူပေယျဿ အတ္ထာယ၊ ဤဟင်းအတွက်။ အဇ္ဇ၊ ယနေ့။ (ထည့်)။ အဘိဟရတိ၊ လက်လှမ်း၏။ ဣမဿ ဝါ၊ ဤဟင်းကိုမူလည်း။ ဗဟုံ ဂဏှာတိ၊ များစွာနှိုက်၏။ဣမဿ ဝါ ဝဏ္ဏံ၊ ဤဟင်း၏ဂုဏ်ကျေးဇူးကိုမူလည်း။ ဘာသတိ၊ ချီးမွမ်းပြောဆို၏။ အဇ္ဇ၊ ယနေ့။ မေ ဘတ္တု၊ ငါ၏အရှင်သည်။ အမ္ဗိလဂ္ဂံ ဝါ သူပေယျံ၊ ချဉ်သောအရသာရှိသော ဟင်းကောင်းအတွက်ကိုမူလည်း။ရုစ္စတိ၊ နှစ်သက်၏။ အမ္ဗိလဂ္ဂဿ ဝါ၊ ချဉ်သောအရသာရှိသည့် ဟင်းကောင်းအတွက်ကိုမူလည်း။ အဘိဟရတိ၊ လက်လှမ်း၏။ အမ္ဗိလဂ္ဂဿ ဝါ၊ ချဉ်သောအရသာရှိသည့် ဟင်းကောင်းကိုမူလည်း။ ဗဟုံ ဂဏှာတိ၊ များစွာနှိုက်၏။ အမ္ဗိလဂ္ဂဿ ဝါ၊ ချဉ်သောအရသာရှိသည့် ဟင်းကောင်း၏မူလည်း။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဘာသတိ၊ ချီးမွမ်းပြောဆို၏။ ဣတိ၊ ဤသို့။ ဥဂ္ဂဏှာတိ၊ သင်ယူမှတ်သားထား၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ စားတော်ကဲအဘတ်၌ လေ့လာထားသောပညာရှိသော။ ဗျတ္တော၊ စားတော်ကဲအတတ်၌ တတ်သိထားသော။ ကုသလော၊ ကျွမ်းကျင်လိမ္မာသော။ သ ခေါ သော သူဒေါ၊ ထိုစားတော်ကဲသည်။ အစ္ဆာဒနဿ လာဘီစေဝ ဟောတိ၊ အဝတ်အစား ဆုတော် လာဘ်တော်ကိုလည်း ရ၏။ ဝေတနဿ လာဘီ၊ လခရိက္ခာကိုလည်းရ၏။ အဘိဟာရာနံ လာဘီ၊ မင်းအတွက် ဆက်သရန် ယူဆောင်လာသော လက်ဆောင်ဆုလာဘ်ကိုလည်းရ၏။ တံ ထိုသို့ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ စားတော်ကဲအတတ်၌ လေ့လာထားသော ပညာရှိသော။ ဗျတ္တော၊ စားတော်ကဲအတတ်၌ တတ်သိထားသော။ ကုသလော၊ ကျွမ်းကျင်လိမ္မာသော။ သော သူဒေါ၊ ထိုစားတော်ကဲသည်။ သကဿ ဘတ္တု နိမိတ္တံ၊ မိမိအရှင်သခင်၏ နှစ်နှစ်ခြိုက်ခြိုက် စားတော်ခေါ်ပုံအခြင်းအရာနိမိတ်ကို။ ယသ္မာ၊ အကြင်ကြောင့်။ ဥဂ္ဂဏှာတိ၊ မှတ်သားထား၏။ တသ္မာ၊ ထို့ကြောင့်ပင်။ လာဘံ၊ ဆုလာဘ်ရိက္ခာသက်ဆောင်ပဏ္ဏာ ရသည်။ ဟောတိ၊ ဖြစ်၏။ (ပြန်စပ်)။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူပင်။ ဣဓ၊ ဤသာသနာတော်၌။ ပဏ္ဍိတော၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌ လေ့လာထားသည့် ပညာရှိသော။ ဗျတ္တော၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌ တတ်သိသော။ ကုသလော၊ သင့်လျော်သည့်အရာ၌ ကျွမ်းကျင်လိမ္မာသော။ ကေစ္စော

ဘိက္ခု၊ အချို့သောယောဂီရဟန်းသည်။ အာတာပီ၊ ကိလေသာကိုပူလောင်စေ့ခြောက် ကင်းပျောက်စေတတ်သော သမ္မပ္ပဓာန်လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာ အပြားအားဖြင့် သိသောပညာရှိသည်ဖြစ်၍။ သတိမာ၊ အမှတ်ရမှုသတိရှိသည်ဖြစ်၍။ ကာယေ၊ ရုပ်အပေါင်းကိုယ်၌။ ကာယာနုပဿီ၊ ရုပ်အပေါင်းမျှဟုရှုလျက်။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသော လောက၌။ အဘိဇ္ဈာဒေါမနဿံ၊ မရှုမိလျှင် ဖြစ်နိုင်သည့်အဘိဇ္ဈာနှင့် ဒေါမနဿကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟ-ရတိ၊ နေ၏။ ဝေဒနာသု၊ ခံစားမှုဖြစ်သော ဝေဒနာတို့၌။ ဝေဒနာ-နုပဿီ၊ ခံစားမှုမျှဟုရှုလျက်။ ဝိဟရတိ၊ နေ၏။ စိတ္တေ၊ ကြံသိမှုမျှဖြစ်သောစိတ်၌။ စိတ္တာနုပဿီ၊ ကြံသိမှုဟုရှုလျက်။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သဘောတရားတို့၌။ ဓမ္မာနုပဿီ၊ သဘောတရားမျှဟုရှုလျက်။ လောကေ၊ ဥပါဒါနက္ခန္ဓာငါးပါးဟူသောလောက၌။ အဘိဇ္ဈာဒေါမ-နဿံ၊ မရှုမိလျှင် ဖြစ်နိုင်သည့် အဘိဇ္ဈာနှင့်ဒေါမနဿကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟရတိ၊ နေ၏။ ဓမ္မေသု၊ သဘောတရားတို့၌။ဓမ္မာ-နုပဿီနော၊ သဘောတရားမျှဟုရှုလျက်။ ဝိဟရတော၊ နေသော။ တဿ၊ထိုယောဂီရဟန်း၏။ စိတ္တံ၊ စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။ ဥပက္ကိလေသာ၊ စိတ်ကိုညစ်ညူးစေတတ်သောတရားတို့သည်။ ပဟီယန္တိ၊ ကင်းပျောက်ကုန်၏။ သော၊ ထိုယောဂီရဟန်းသည်။ တံ နိမိတ္တံ၊ထိုစိတ်တည်ကြည်ကြောင်း ကိလေသာကင်းပျောက်ကြောင်းဖြစ်သော အကြောင်းအရာနိမိတ်ကို။ ဥဂ္ဂဏှာတိ၊ မှတ်သားထား၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌ လေ့လာထားသည့် ပညာရှိသော။ ဗျတ္တော၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌တတ်သိသော။ ကုသလော၊ သင့်လျော်သည့်အရာ၌ ကျွမ်းကျင်လိမ္မာသော။ သ ခေါ သော ဘိက္ခု၊ ထိုယောဂီရဟန်းသည်။ ဒိဋ္ဌေဝဓမ္မေ သုခဝိဟာရာနံ၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရကြောင်းဖြစ်သော ခဏိက, ဥပစာရ, အပ္ပနာဟူသော သုံးပါးသော သမာဓိတရားတို့ကို။ လာဘီစေဝ ဟောတိ၊ ရ၏။ သတိသမ္ပဇညဿ၊ အမှတ်ရမှုနှင့်သမ္ပဇဉ်ဉာဏ်ကိုလည်း။ လာဘီ၊ ရ၏။ တံ ကိဿ ဟေတု၊ ထိုသို့ဖြစ်ရခြင်းသည် အဘယ်ကြောင့်နည်း။

(၁၄၇) ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတော၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌ လေ့လာထားသည့် ပညာရှိသော။ ဗျတ္တော၊ ကမ္မဋ္ဌာန်းလုပ်ငန်း၌တတ်သိသော။ ကုသလော၊ သင့်လျော်သည့်အရာ၌ ကျွမ်းကျင်လိမ္မာသော။ ဘိက္ခု၊ ယောဂီရဟန်းသည်။ သကစိတ္တဿ နိမိတ္တံ၊ မိမိ၏စိတ်တည်ကြည်

ကြောင်း ကိလေသာကင်းပျောက်ကြောင်း အခြင်းအရာနိမိတ်ကို။
ဥဂ္ဂဏှာတိ၊ မှတ်သားထား၏။ တထာ ဟိ၊ ထို့ကြောင့်ပင်။ လာဘီ
ဟောတိ၊ ရ၏။

စ၊ ဆက်ဦးအံ့။ နိမိတ္တဂ္ဂဟဏေန၊ အခြင်းအရာနိမိတ်ကို မှတ်သားထားခြင်း
ဖြင့်၊ တေ အာကာရေ၊ ထိုမှတ်သားထားသော အခြင်းအရာနိမိတ်တို့ကို။
သမ္ပာဒယတော၊ ပြည့်စုံစေသော။ အဿ၊ ထိုယောဂီအား။ အပ္ပနာမတ္တမေဝ၊
အပ္ပနာမျှသည်သာလျှင်။ ဃဋ္ဋတိ၊ ပြည့်စုံလေ၏။ စိရဋ္ဌာနံ၊ ကြာမြင့်စွာတည်
ခြင်းသည်။ န ဃဋ္ဋတိ၊ မပြည့်စုံပေ။ ပန၊ ဖြစ်နိုင်ပုံကိုဆိုဦးအံ့။ စိရဋ္ဌာနံ ပန၊
ကြာမြင့်စွာတည်ခြင်းသည်ကား။ သမာဓိပရိဗန္ဓာနံ မမ္မာနံ၊ သမာဓိ၏ဘေးရန်
ဖြစ်သော နီဝရဏတရားတို့ကို။ သုဝိသောဓိတတ္တာ၊ ကောင်းစွာစင်ကြယ်အောင်
သုတ်သင်ပြီးသောကြောင့်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ ယော ဘိက္ခု၊ အကြင်
ရဟန်းသည်။ ကာမာဒီနဝပစ္စဝေက္ခဏာဒီဟိ၊ ကာမဂုဏ်၏အပြစ်တို့ကို ဆင်ခြင်
ခြင်းစသည်တို့ဖြင့်။ ကာမစ္ဆန္ဒံ၊ ကာမဆန္ဒကို။ သုဋ္ဌု န ဝိက္ခမ္ဘေတွာ၊ ကောင်း
စွာမခွာမူ၍။ ဝါ၊ မခွာပဲ။ ကာယပဿဒ္ဓိဝသေန၊ ကာယပဿဒ္ဓိ၏ အစွမ်းအား
ဖြင့်။ ကာယဒုဋ္ဌုလ္လံ၊ ကိုယ်၏ပူပန်ခြင်းကို။ သုပ္ပဋိပဿဒ္ဓံ န ကတွာ၊ ကောင်းစွာ
ငြိမ်းအေးအောင် မပြုမူ၍။ ဝါ၊ မပြုပဲ။ အာရမ္ဘဓာတုမနသိကာရာဒိဝသေန၊
စ၍အားထုတ်ခြင်း အာရမ္ဘဓာတ်ကို နှလုံးသွင်းခြင်းစသည်အစွမ်းအားဖြင့်။
ထိနမိဒ္ဓံ သုဋ္ဌု န ပဋိဝိနောဒေတွာ၊ ထိနမိဒ္ဓကို ကောင်းစွာမပယ်ဖျောက်မူ၍။
ဝါ၊ မပယ်ဖျောက်ပဲ။ သမထနိမိတ္တမနသိကာရာဒိဝသေန၊ သမထနိမိတ်ကိုနှလုံး
သွင်းခြင်းစသည်တို့၏ အစွမ်းအားဖြင့်။ ဥဒ္ဓစ္စံ ကုက္ကုစ္စံ သုသမူဟတံ န ကတွာ၊
ဥဒ္ဓစ္စ ကုက္ကုစ္စကို ကောင်းစွာမပယ်နုတ်မူ၍။ ဝါ၊ မပယ်နုတ်ပဲ။အညေပိ သမာဓိ-
ပရိဗန္ဓေ ဓမ္မေ၊ အခြားသော သမာဓိဘေးရန်ဖြစ်သော ဝိစိကိစ္ဆာ၏ဖြစ်ရာ မဒ,
မာန-စသောတရားတို့ကို။ သုဋ္ဌု န ဝိသောဓေတွာ၊ ကောင်းစွာမသုတ်သင်မူ၍။
ဝါ၊ မသုတ်သင်ပဲ။ ဈာနံ၊ ဈာန်ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ (တနည်းပုဒ်ခွဲ၍
ပေးလိုလျှင်) အညေ၊ တပါးကုန်သော။ သမာဓိပရိဗန္ဓေ ဓမ္မေ၊ သမာဓိ၏
ဘေးရန်ဖြစ်ကုန်သော ဝိစိကိစ္ဆာ၏ဖြစ်ရာ မဒ,မာန စသော တရားတို့ကို။သုသ-
မူဟတံ န ကတွာ၊ ကောင်းစွာမသုတ်သင်မူ၍။ ဝါ၊ မသုတ်သင်ပဲ။ ဈာနံ၊
ဈာန်ကို။ သမာပဇ္ဇတိ၊ ဝင်စား၏။ သော၊ ထိုဝင်စားသောရဟန်းသည်။ အဝိ-
သောဓိတံ၊ မသုတ်သင် မရှင်းလင်းရသေးသော။အာသယံ၊မိမိကိန်းအောင်းရာ
ဝါးလုံးခေါင်းသို့။ ပဝိဋ္ဌဘမရော ဝိယ စ၊ ဝင်သောပိတုန်းကဲ့သို့လည်းကောင်း။
အဝိသုဒ္ဓံ၊ ဘေးရန်ကို မရှင်းလင်း မသုတ်သင်ရသေးသော။ ဥယျာနံ၊ဥယျာဉ်သို့။
ပဝိဋ္ဌရာဇာ ဝိယ စ၊ ဝင်သောမင်းကဲ့သို့လည်းကောင်း။ ခိပ္ပမေဝ၊ လျင်မြန်
စွာပင်။ နိက္ခမတိ၊ ဈာန်မှ ထွက်ရတတ်၏။

ပန၊ အလျှော်ကိုဆိုအံ့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သမာဓိပရိ-ဗန္ဓေ၊ သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော။ ဓမ္မေ၊ နီဝရဏစသော ကိလေသာတရားတို့ကို။ တနည်း။ သမာဓိပရိဗန္ဓေ ဓမ္မေ၊ သမာဓိ၏ ဘေးရန်ဖြစ်သော နီဝရဏ-စသော ကိလေသာတရားတို့ကို။ သုဋ္ဌု ဝိသောဓေတွာ၊ ကောင်းစွာ သုတ်သင် စင်ကြယ်စေပြီး၍။ ဈာနံ သမာပဇ္ဇတိ၊ ဈာန်ဝင်စားအံ့။ သော၊ထို ယောဂီသည်။ သုဝိသောဓိတံ၊ ကောင်းစွာသုတ်သင်ရှင်းလင်းပြီးသော။ အာသယံ၊ မိမိကိန်းရာ ဝါးလုံးခေါင်းသို့။ ပဝိဋ္ဌဘမရော ဝိယ စ၊ ဝင်သောပိတုန်းကဲ့သို့လည်းကောင်း။ သုပရိသုဒ္ဓံ၊ ဘေးရန်ကို ကောင်းစွာ ရှင်းလင်းသုတ်သင်ပြီးသော။ ဥယျာနံ၊ ဥယျာဉ်သို့။ ပဝိဋ္ဌရာဇာ ဝိယ စ၊ ဝင်သောမင်းကဲ့သို့လည်းကောင်း။ သကလမ္ပိ ဒိဝသဘာဂံ၊ တနေ့လုံးသော်လည်း။ အန္တောသမာ-ပတ္တိယံ ယေဝ၊ သမာပတ်အတွင်း၌သာလျှင်။ ဟောတိ၊ တည်လျက်ရှိ၏။ တေန၊ ထို့ကြောင့်။ ပေါရာဏာ၊ရှေးဆရာတို့သည်—

> သုဒ္ဓန္တဂတော၊ ထောင့်စွန်းပါမကျန်အောင် ဘေးရန်ရှင်းလင်းသုတ်သင်ပြီးသော ဥယျာဉ်သို့ သွားသော။ ရာဇာ ဣဝ၊ မင်းကဲ့သို့။ တဟိံ၊ ထိုဥယျာဉ်တော်၌။ ရမေ ဣဝ၊ တနေ့ပတ်လုံး မွေ့လျော်သကဲ့သို့။ တထာ၊ ထို့အတူ။ ဈာနကီဠံ၊ ဈာန်ကစားခြင်းကို။ ကီဠိတုကာမော၊ မြူးတူးပျော်ပါး ကစားလိုသော ယောဂီသည်။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဆန္ဒံ၊ ကာမစ္ဆန္ဒကိုလည်းကောင်း။ ပဋိဃံ၊ ပဋိဃကိုလည်းကောင်း။ ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စ, ကုက္ကုစ္စကိုလည်းကောင်း။ မိဒ္ဓံ၊ ထိန, မိဒ္ဓကိုလည်းကောင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကိုလည်းကောင်း။ (နိဂ္ဂ-ဟိတ်ကျေ)။ ဝိနောဒယေ၊ ပယ်ဖျောက်ရာ၏။ ဝိနောဒေတွာ၊ ပယ်ဖျောက်ပြီး၍။ (ထည့်) ဝိဝေကပါမောဇ္ဇကရေန၊နီဝရဏတို့မှ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ပါမောဇ္ဇကို ပြုတတ်သော။ စေတသာ၊စိတ်ဖြင့်။ တတိယဈာနေ၊ တတိယဈာန်၌။ ရမေ၊ မွေ့လျော်၏။ (ပြည့်)။

တနည်း—

ဆန္ဒံ၊ ကာမစ္ဆန္ဒကိုလည်းကောင်း။ ပဋိဃံ၊ ပဋိဃကိုလည်းကောင်း။ ဥဒ္ဓစ္စံ၊ဥဒ္ဓစ္စ, ကုက္ကုစ္စကိုလည်းကောင်း။ မိဒ္ဓံ၊ ထိန, မိဒ္ဓကိုလည်းကောင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာဟူသော နီဝရဏကို။ ဝိနောဒယေ၊ ပယ်ဖျောက်ရာ၏။ ဝိနောဒေတွာ၊ ပယ်ဖျောက်ပြီးလျှင်။ ဝိဝေကပါမောဇ္ဇကရေန၊ နီဝရဏ ကင်းဆိတ်ခြင်းကြောင့် ဖြစ်သော ပါမောဇ္ဇကို ပြုလုပ်တတ်သော။ စေတသာ၊ စိတ်ဖြင့်။ သုဒ္ဓန္တဂတော၊ ထောင့်စွန်းပါမကျန်အောင်ဘေးရန်ရှင်းလင်းသုတ်သင်ပြီးသောဥယျာဉ်

သို့သွားသော။ ရုဇာ ဂူသ၊ မင်းကဲ့သို့။ တဟိံ၊ ထိုစျာန်၌။ ရမေ၊ မွေ့လျော်ရာ၏။

တသ္မာ၊ ထို့ကြောင့်။ စိရဋ္ဌိတိကာမေန၊ ကြာမြင့်စွာ တည်ခြင်းငှာ အလိုရှိသော ယောဂီသည်။ ပရိပန္ထကဓမ္မေ၊ သမာဓိ၏ ဘေးရန်ဖြစ်သော နီဝရဏတို့ကို။ ဝိသောဓေတွာ၊ သုတ်သင်စင်ကြယ်စေ၍။ ဈာနံ၊ ဈာန်ကို။ သမာပဇ္ဇိတဗ္ဗံ၊ ဝင်စားအပ်ပေ၏။ စိတ္တဘာဝနာဝေပုလ္လတ္ထဉ္စ၊ သမာဓိဘာဝနာ ပြန့်ပြောခြင်းငှာလည်း။ ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ၊ ရအပ်တိုင်းသော ပဋိဘာဂနိမိတ်ကို။ ဝဍ္ဎေတဗ္ဗံ၊ ပွားစေအပ်၏။ တဿ၊ ထိုပဋိဘာဂနိမိတ်၏။ ဝဍ္ဎနာဘူမိယော၊ ပွားရာဘုံတို့သည်။ ဥပစာရံ ဝါ၊ ဥပစာရလည်းကောင်း။ အပ္ပနံ ဝါ၊ အပ္ပနာလည်းကောင်း။ဣတိ၊ ဤသို့။(ထည့်)။ ဒွေ၊ နှစ်ပါးတို့တည်း။ ဟိ၊မှန်၏။ ဥပစာရံ ပတွာပိ၊ ဥပစာရသို့ရောက်၍လည်း။တံ၊ထိုပဋိဘာဂနိမိတ်ကို။ဝဍ္ဎေတုံ၊ ပွားစေခြင်းငှာ။ ဝဋ္ဋတိ၊ သင့်၏။ အပ္ပနံ ပတွာပိ၊ အပ္ပနာသို့ရောက်၍လည်း။ တံ၊ ထိုပဋိဘာဂနိမိတ်ကို။ ဝဍ္ဎေတုံ၊ ပွားစေခြင်းငှာ။ (လိုက်)။ ဝဋ္ဋတိ၊ သင့်၏။ ပန၊ အသင့်ကိုဆိုအံ့။ တေသု၊ ထိုဥပစာရနှင့်အပ္ပနာတို့တွင်။ (ထည့်)။ ဧကသ္မိံ ဌာနေ၊ တခုခုသောအရာ၌။ အဝဿံ ဝဍ္ဎေတဗ္ဗံ၊ မချွတ်ပွားစေအပ်၏။ တေန၊ ထို့ကြောင့်။ ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ ဝဍ္ဎေတဗ္ဗံတိ၊ ရအပ်တိုင်းသော ပဋိဘာဂနိမိတ်ကို ပွားစေအပ်၏ ဟူ၍။ ဝုတ္တံ၊ ဆိုခဲ့ပေ၏။

## နိမိတ္တဝဍ္ဎနနယ
## နိမိတ်ကိုပွားစေခြင်း

၇၇။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ တတြ တဿ၊ ထိုပဋိဘာဂနိမိတ်ကို။ (ဆဋ္ဌီကံမှာသက်သော တြပစ္စည်း။) ဝဍ္ဎနာနယော၊ ပွားစေပုံနည်းပေတည်း။ တေန ယောဂိနာ၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်ကို။ ပတ္တဝဍ္ဎန။ပ။ ယောဂေန၊ သပိတ်ခွက်ယောက်ကို ပွားစေသောနည်း, မုန့်ကို ပွားစေသောနည်း, ထမင်းကို ပွားစေသောနည်း, နွယ်ကို ပွားစေသောနည်း, ပုဆိုးကို ပွားစေသောနည်းဖြင့်။ အဝဍ္ဎေတွာ၊ မပွားစေမူ၍။ ဝါ၊ မပွားစေပဲ။ ယထာ နာမ၊ ဥပမာဖည်သည်ကား။ ကဿကော၊လယ်သမားသည်။ (၁၇ဂ)ကသိတဗ္ဗဌာနံ၊ ထွန်ရမည့်နေရာကို။ နင်္ဂလေန ပရိစ္ဆိန္ဒိတွာ၊ ထွန်ဖြင့် သတ်မှတ် ပိုင်းခြား၍။ ပရိစ္ဆေဒဗ္ဘန္တရေ၊ အပိုင်းအခြား၏ အတွင်း၌သာ။ ကသတိ ယထာ၊ ထွန်သကဲ့သို့လည်းကောင်း။ သိမံ ဗန္ဓန္တာ ဘိက္ခူ၊ သိမ်ကိုဖွဲ့ကြ သမုတ်ကြသော ရဟန်းတို့သည်။ ပဌမံ၊ ရှေးဦးစွာ။ နိမိတ္တာနိ၊ သိမ်နိမိတ်တို့ကို။ သလ္လက္ခေတွာ၊ မှတ်သားပြီးလျှင်။ ပစ္ဆာ ဗန္ဓန္တိ ယထာ စ၊ နောက်မှဖွဲ့ကြ သမုတ်ကြကုန်သကဲ့သို့လည်းကောင်း။ ဧဝမေဝ၊ ဤဥပမာပင်။ ယထာ လဒ္ဓဿ၊ ရအပ်တိုင်း

သော။ တဿ နိမိတ္တဿ၊ ထိုနိမိတ်၏။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ကေဂုလ· ဒွင်္ဂုလတိဝင်္ဂုလစတုရင်္ဂုလမတ္တံ၊ လက်တသစ်၊ နှစ်လက်သစ်၊ သုံးလက်သစ်၊ လေးလက်သစ်အတိုင်းအရှည်ကို။ မနသာ ပရိစ္ဆိန္ဒိတွာ၊ စိတ်ဖြင့် ပိုင်းခြားပြီးလျှင်။ ယထာ ပရိစ္ဆေဒံ၊ ပိုင်းခြားထားတိုင်းသော။ နိမိတ္တံ၊ နိမိတ်ကို (ထည့်)။ ဝဍ္ဎေ· တဗ္ဗံ၊ ပွားစေအပ်၏။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ အပရိစ္ဆိန္ဒိတွာ၊ မပိုင်းခြားပဲ။ န ဝဍ္ဎေတဗ္ဗံ၊ မပွားစေအပ်။ တတော၊ ထို့နောင်မှ။ ဝိဒတ္ထိရတနပမုခပရိဝေဏ· ဝိဟာရသီမာနံ၊ တထွာ တတောင် ကျောင်းဦး ကျောင်းဝိုင်း ကျောင်းတိုက် ဥပစာတို့၏ လည်းကောင်း။ ဂါမနိဂမဇနပဒရဇ္ဇသမုဒ္ဒသီမာနဉ္စ၊ ရွာနိဂုံးဇနပုဒ် တိုင်းပြည် သမုဒ္ဒရာနယ်နိမိတ်တို့၏လည်းကောင်း။ပရိစ္ဆေဒဝသေန၊အပိုင်းအခြား၏ အစွမ်းအားဖြင့်။ ဝဍ္ဎယန္တေန၊တိုးချဲ့လျက်။ စက္ကဝါဠပရိစ္ဆေဒေန ဝါ၊စကြဝဠာ အပိုင်းအခြားဖြင့် လည်းကောင်း။ ဝါ၊ စကြဝဠာအပိုင်းအခြားဖြင့် ဖြစ်စေ။ တတော၊ထိုစကြဝဠာထက်။ ဥဒ္ဓရိတွာပိ၊ အလွန်ဖြစ်စေ။(တတော ဥဒ္ဓရိတွာပိ၊ထို စကြဝဠာထက် အလွန်ဖြစ်ခစေ)။ပရိစ္ဆိန္ဒိတွာ ဝဍ္ဎေတဗ္ဗံ၊ပိုင်းခြား၍ပွားစေအပ်၏။

/

ဟိ၊ထင်ရှားအောင် ပြဦးအံ့။ ဟံသပေါတကာ၊ဟင်္သာငယ်တို့သည်။ပက္ခာနံ၊ အတောင်တို့၏။ ဥဋ္ဌိတကာလတော ပဋ္ဌာယ၊ ပေါက်သောအချိန်မှစ၍။ ပရိတ္တံ ပရိတ္တံ ပဒေသံ၊ အနည်းငယ် အနည်းငယ်သော အရပ်သို့။ ဥပ္ပတန္တာ၊ပျံသန်းကုန်လျက်။ ပရိစယံ ကတွာ၊ အလေ့အကျင့်ပြု၍။ အနုက္ကမေန၊ အစဉ်သဖြင့်။ ဝါ၊ အစဉ်အတိုင်း။ စန္ဒိမသူရိယသန္တိကံ၊ လ နေတို့၏အထံသို့။ ဂစ္ဆန္တိ ယထာ၊ သွားကြသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ယောဂီရဟန်းသည်။ ဝုတ္တနယေန၊ ဆိုခဲ့ပြီးသောနည်းဖြင့်။ နိမိတ္တံ ပရိစ္ဆိန္ဒိတွာ၊ နိမိတ်ကိုပိုင်းခြား၍။ ဝဍ္ဎေန္တော၊ ပွားစေလျှင်။ ယာဝ စက္ကဝါဠပရိစ္ဆေဒါ ဝါ၊ စကြဝဠာတံတိုင်း အပိုင်းအခြား တိုင်အောင်လည်းကောင်း။ တတော ဥတ္တရိ ဝါ၊ ထို့ထက်အလွန်လည်းကောင်း။ ဝဍ္ဎေတိ၊ ပွားစေ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီ၏။ တံ နိမိတ္တံ၊ ထိုနိမိတ်သည်။ ဝဍ္ဎိတဝဍ္ဎိတဋ္ဌာနေ၊ပွားစေရာ ပွားစေရာအရပ်၌။ ပထ· ဝိယာ၊ မြေ၏။ ဥက္ကူလဝိက္ကူလနာဒိဝိဒုဂ္ဂပဗ္ဗတဝိသမေသု၊ မြေ၏မြင့်ရာအရပ် နိမ့်ရာအရပ် မြေကိုရေအယဉ်တိုက်စားထားသော ချောက်ကမ်းပါးအရပ်၊ မညီ မညွတ်သော တောင်အရပ်တို့၌။ သင်္ကုသတသမဗ္ဘာဟတံ၊ စို့တရာနှက်၍ ဖြန့်ကြက်ထားသော။ ဥသဘစမ္မံ ဝိယ ဟောတိ၊ နွားကြီးသားရေကဲ့သို့ တပြေးညီစွာဖြစ်လေ၏။

ပန၊ ဆက်၍ဆိုဦးအံ့။ တသ္မိံ နိမိတ္တေ၊ ထိုပဋိဘာဂနိမိတ်၌။ ပတ္တပဌမဇ္ဈာ· နေန၊ရောက်အပ် ရအပ်သော ပထမဈာန်ရှိသော။အာဒိကမ္မိကေန၊ အားထုတ်စ ယောဂီသည်။ တနည်း။ ပတ္တပဌမဇ္ဈာနေန အာဒိကမ္မေန၊ ပထမဈာန်ကိုရပြီး

ခါစဖြစ်သော ယောဂီသည်။ (မြန်မာစကားချောအောင် ပြန်ထားသည်။) သမာပဇ္ဇနဗဟုလေန၊ ဈာန်ဝင်စားခြင်း များသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပစ္စဝေက္ခဏဗဟုလေန၊ ဈာန်ကိုဆင်ခြင်ခြင်း များသူသည်။ န ဘဝိတဗ္ဗံ၊ မဖြစ်ရာ။ ဟိ၊ အပြစ်ကိုပြဦးအံ့။ ပစ္စဝေက္ခဏဗဟုလဿ၊ ဆင်ခြင်ခြင်းများသော ယောဂီအား။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့သည်။ ထူလာနိ ဟုတွာ၊ ရုန့်ရင်းကြမ်းတမ်းကုန်သည်ဖြစ်၍။ ဒုဗ္ဗလာနိ ဟုတွာ၊ အားနည်းကုန်လျက်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုယောဂီအား။ တာနိ၊ ထိုဈာန်အင်္ဂါတို့သည်။ ဧဝံ ဥပဋ္ဌိတတ္တာ၊ ဤသို့ရုန့်ရင်းကြမ်းတမ်း၍ အားနည်းစွာ ထင်သောကြောင့်။ ဥပရိ ဥဿုက္ကနာယ၊ အထက်ဈာန်သို့ တက်ခြင်းငှာ။ ပစ္စယတံ၊ အကြောင်းအဖြစ်သို့။ န အာပဇ္ဇန္တိ၊ မရောက်ကုန်။ သော၊ ထိုယောဂီသည်။ ဈာနေ၊ ဈာန်ကို။ အပ္ပဂုဏော၊ ကျေပွန်စွာ မဝင်စားလျှင်။ ဥဿုက္ကမာနောပိ၊ အထက်ဈာန်ကို ရအောင် အားထုတ်သော်လည်း။ ပတ္တပဌမဇ္ဈာနာ စ၊ ရပြီး ပထမဈာန်မှလည်း။ ပရိဟာယတိ၊ ဆုတ်ယုတ်ဆုံးရှုံးတတ်၏။ ဒုတိယံ၊ ဒုတိယဈာန်သို့။ ပါပုဏိတုံ န စ သက္ကောတိ၊ ရောက်ခြင်းငှာလည်း မစွမ်းနိုင်ပေ။ တေန၊ ထိုကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တေံ၊ ဤဆိုလတ္တံ့သောစကားတော်ကို။ အာဟ၊ မိန့်တော်မူခဲ့ပေ၏—

ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာသော်ကား။ ပဗ္ဗတေယျာ၊ တောင်၌ များစွာကျက်စားလေ့ရှိသော။ ဗာလာ၊ ဆင်ခြင်ဉာဏ်မရှိသဖြင့် မိုက်မောသော။ အဗျတ္တာ၊ တောင်တက်မှု၌ မတတ်မသိသော။ အခေတ္တညူ၊ ကျက်စားရာခေတ်၌ မလိမ္မာသော။ ဂါဝီ၊ နွားမသည်။ ဝိသမေ ပဗ္ဗတေ၊ မညီမညွတ်သော တောင်၌။ စရိတုံ၊ လှည့်လည်ကျက်စားခြင်းငှာ။ အကုသလာ၊ ကျွမ်းကျင် မလိမ္မာသော။ ဂါဝီ၊ နွားမသည်။ အတ္ထိ၊ ရှိ၏။ တဿာ၊ ထိုနွားမအား။ "ယံ နူန·ယဒိ ပန၊ အကယ်၍။ အဟံ၊ ငါသည်။ အဂတပုဗ္ဗဉ္စေဝ ဒိသံ၊ မရောက်ဘူးသော အရပ်သို့ မူလည်း။ ဂစ္ဆေယျံ၊ ရောက်ရအံ့။ ဝါ၊ ရောက်ရပါလျှင်။ အခါဒိတပုဗ္ဗာနိ၊ မစားဘူးကုန်သော။ တိဏာနိ စ၊ မြက်တို့ကိုမူလည်း။ ခါဒေယျံ၊ စားရအံ့။ ဝါ၊ စားရလျှင်။ အပိတပုဗ္ဗာနိ၊ မသောက်ဘူးကုန်သော။ ပါနီယာနိ စ၊ ရေတို့ကိုမူလည်း။ ပိဝေယျ၊ သောက်ရအံ့။ ဝါ၊ သောက်ရလျှင်။ သာဓု၊ ကောင်းလေစွ။ ဧဝံ၊ ဤသို့သော အကြံအစည်သည်။ အဿ၊ ဖြစ်ပေါ်ရာ၏။ သာ၊ ထိုနွားမသည်။ ပုရိမံ ပါဒံ၊ ရှေ့ခြေကို။ သုပတိဋ္ဌိတံ၊ မြဲမြံစွာတည်သည်ကို။ ကတွာ၊ ပြု၍။ (ထည့်)။ န ပတိဋ္ဌာပေတွာ၊ မတည်စေမူ၍။ (တနည်း)။ သုပတိဋ္ဌိတံ န ပတိ-ဋ္ဌာပေတွာ၊ မြဲမြံစွာ မဘည်စေမူ၍။ (အဓိပ္ပာယတ္ထ)။ ပစ္ဆိမံ ပါဒံ

နောက်ခြေကို။ ဥဒ္ဓရေယျ၊ ကြွမိရာ၏။ သာ ဂါဝီ၊ ခြေချီခြေချ မလိမ္မာသော ထိုနွားမသည်။ အဂတပုဗ္ဗံ၊ မရောက်ဘူးသော။ ဒိသံစေဝ၊အရပ်သို့လည်း။ (အဂတပုဗ္ဗံ ဒိသံ စေဝ၊ မရောက်ဘူးသော အရပ်သို့လည်း။)န ဂစ္ဆေယျ၊ မရောက်နိုင်ရာ။ အခါဒိတပုဗ္ဗာနိ တိဏာနိ စ၊ မစားဘူးသော မြက်တို့ကိုလည်း။ န ခါဒေယျ၊ မစားရာ။ အပိတပုဗ္ဗာနိ ပါနီယာနိ စ၊ မသောက်ဘူးသော ရေတို့ကိုလည်း။ န ပိဝေယျ၊ မသောက်ရာ။

စ၊ အပြစ်ကိုပြဦးအံ့။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ ဌိတာယ၊ တည်သော။ အဿာ၊ ထိုနွားမအား။ အဟံ၊ ငါသည်။ ယံ နူန-ယဒိ ပန၊အကယ်၍။ အဂတပုဗ္ဗဥ္စေဝ၊ မရောက်ဘူးသောအရပ်သို့မူလည်း။ ဂစ္ဆေယျံ၊ ရောက်ရအံ့။ ငါ၊ ရောက်ရပါလျှင်။ အခါဒိတပုဗ္ဗာနိ၊ မစားဘူးကုန်သော။ တိဏာနိ စ၊မြက်တို့ကိုမူလည်း။ ခါဒေယျံ၊ စားရအံ့။ ပါ၊ စားရပါလျှင်။ အပိတပုဗ္ဗာနိ၊ မသောက်ဘူးကုန်သော။ ပါနီယာနိ စ၊ ရေတို့ကိုမူလည်း။ ပိဝေယျံ၊ သောက်ရအံ့။ ငါ၊ သောက်ရပါလျှင်။ သာဓု၊ ကောင်းလေစွ။ ဣတိ၊ ဤသို့သော အကြံသည်။ အဿ၊ ဖြစ်ရာ၏။ တဥ္စ ပဒေသံ၊ ထိုစိတ်အကြံဖြစ်ရာ မူလအရပ်သို့လည်း။ သောတ္ထိနာ၊ ချမ်းသာစွာ။ န ပစ္စာဂစ္ဆေယျ၊ တဖန်ပြန်မရောက်ပေရာ။တံ၊ထိုသို့ဖြစ်ရခြင်းသည်။ ကိဿ ဟေတု၊ အဘယ်ကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ (၁၄၉) ပဗ္ဗတေယျာ၊ တောင်၌များစွာကျက်စားလေ့ရှိသော။ ဗာလာ၊ ဆင်ခြင်ဉာဏ်မရှိသဖြင့် မိုက်မဲသော။ အဗျတ္တာ၊ တောင်တက်မှု၌ မတတ်မသိသော။ အခေတ္တညူ၊ ကျက်စားရာခေတ်၌ မလိမ္မာသော။ ဂါဝီ၊ နွားမသည်။ ဝိသမေ ပဗ္ဗတေ၊ မညီမညွတ်သောတောင်၌။ စရိတုံ၊ လှည့်လည်ကျက်စားခြင်းငှာ။ ယသ္မာ၊ အကြင်ကြောင့်။ အကုသလာ၊ မကျွမ်းကျင် မလိမ္မာပေရာ။တထာ ဟိ၊ ထို့ကြောင့်ပင်တည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူပင်လျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဗာလော၊ သမာဒိ၏ ဘေးရန်တို့ကို နားမလည်သော။ အဗျတ္တော၊ ဈာန်ကို ကျေပွန်အောင် ဝင်စားခြင်း၌ ဉာဏ်မသက်ဝင် မတတ်မသိသော။ အခေတ္တညူ၊ အထက်ဈာန်၏ အခြေခံဖြစ်သော ခေတ်ကို မသိသော။ ဧကစ္စော ဘိက္ခု၊ အချို့သောရဟန်းသည်။ ကာမေဟိ၊ ကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင် ။ပ။ ပဌမံ ဈာနံ၊ ပထမဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိတုံ၊ နေခြင်းငှာ။ အကုသလော၊ မကျွမ်းကျင် မလိမ္မာပေ။ သော၊ ထိုရဟန်းသည်။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ နာသေဝတိ၊ မမှီဝဲ။ န ဘာဝေတိ၊ မပွားစေ။ န ဗဟုလီကရောတိ၊ အကြိမ်များစွာ မပြုလုပ်။ သွာဓိဋ္ဌိတံ၊ မြဲစွာတည်အောင်။ န အဓိဋ္ဌာတိ၊ မဆောက်တည်။ အဿ၊ ထိုရဟန်းအား။ "အဟံ၊ ငါသည်။ ယံ နူန-ယဒိ ပန၊ အကယ်၍။ ဝိတက္ကဝိစာရာနံ ဝူပသမာ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ။ပ။ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ၊ ဒုတိယ

ဈာန်ကို ပြည့်စုံစေ၍။ ဝိဟာဒရယံ့၊ နေရလျှင်။ သာခု၊ ကောင်းလေစွ။ ဝါ၊ ကောင်း၏၊ ဣတိ ဧဝံ၊ ဤသို့ဒသော အကြံအစည်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုရဟန်းသည်။ ဝိတက္ကဝိစာရာနံ ဝူပသမာ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့် ။ပ။ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ၊ ဒုတိယဈာန်ကို ပြည့်စုံစေ၍။ ဝိဟာရိတုံ၊ နေခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ ဟဿ၊ ထိုရဟန်းအား။ "အဟံ၊ ငါသည်။ ကာမေဟိ၊ ကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ၊ ပထမဈာန်ကို ပြည့်စုံစေ၍။ ဝိဟရေယံ့၊နေရလျှင်။သာခု၊ ကောင်း၏။ ဣတိ ဧဝံ၊ ဤသို့သောအကြံအစည်သည်။ ဟောတိ၊ ဖြစ်၏။သော၊ ထိုရဟန်းသည်။ ကာမေဟိ၊ ကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်းဆိတ်၍သာလျှင်။ ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ၊ပထမဈာန်ကို ပြည့်စုံစေ၍။ ဝိဟရိတုံ၊ နေခြင်းငှာ။ န သက္ကောတိ၊ မစွမ်းနိုင်ပေ။ ဘိက္ခဝေ၊ ရဟန်းတို့၊ အယံ၊ ဤရဟန်းကို။ ဥဘတော၊ ပထမဈာန် ဒုတိယဈာန်ဟူသော နှစ်ပါးစုံမှ။ ဘဋ္ဌော၊ လျှောကျပျက်စီးသော ရဟန်းဟူ၍။ ဥဘဇတော၊ ဈာန်နှစ်ပါးစုံမှ။ ပရိဟီနော၊ ဆုတ်ယုတ်သူ ဆုံးရှုံးသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာသော်ကား။ ပဗ္ဗတေယျာ၊ တောင်၌ မျှားစွာကျက်စားလေ့ရှိသော။ ဗာလာ၊ ဆင်ခြင်ဉာဏ် မရှိသဖြင့် မိုက်မဲသော။ အဗျတ္တာ၊ တောင်ဝကျမှု၌ မတတ်မသိသော။ အခေတ္တညူ၊ ကျက်စားရာခေတ်၌ မလိမ္မာသော။ ဂါဝီ၊ နွားမသည်။ ဝိသမေ ပဗ္ဗတေ၊ မညီမညွတ်သောတောင်၌။ စရိတုံ၊ လှည့်လည် ကျက်စားခြင်းငှာ။ အကုသလာ၊ မလိမ္မာသော။ သာ ဂါဝီ၊ ထိုနွားမကဲ့သို့ပေတည်း။

တေန၊ ထိုကြောင့်။ အနေန၊ ဤယောဂီသည်။ တာဝ၊ ရှေးဦးစွာ။ တသ္မိံ-ယေဝ ပဌမဇ္ဈာနေ၊ ထိုပထမဈာန်၌သာလျှင်။ပဉ္စဟာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ စိဏ္ဏဝသိနာ၊ နိုင်နင်းအောင် လေ့ကျင့်မှီဝဲသူသည်။ ဘဝိ-တဗ္ဗံ၊ ဖြစ်ရာ၏။

## ပဉ္စဝသီကထာ

### ဝသီဘော်ငါးပါးကိုပြဆိုချက်

၇၈။ တတြ၊ ထိုစကားရပ်၌။ ဝသိယော၊ အလိုအတိုင်းဖြစ်ခြင်းဘို့သည်။ဝါ၊ နိုင်နင်းခြင်းဟူသော ပသိတို့သည်။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇနဝသီလည်းကောင်း။ သမာပဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီလည်းကောင်း။ အဓိဋ္ဌာနဝသီ၊ အဓိဋ္ဌာနဝသီလည်းကောင်း။ ဝုဋ္ဌာနဝသီ၊ ဝုဋ္ဌာနဝသီလည်းကောင်း။ ပစ္စဝေက္ခဏဝသီ၊ ပစ္စ-ဝေက္ခဏဝသီလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါး၊ ဤငါးပါးတို့တည်း။ တတ္ထ၊ ထိုငါးပါးတို့တွင်။ ပဌမံ ဈာနံ၊ပထမဈာန်ကို။ ယတ္ထိစ္ဆကံ၊ အကြင် အကြင် အရပ်၌ ဆင်ခြင်ခြင်းငှာအလိုရှိသည်။ ဇာတံ၊ ဖြစ်၏။ ယဒိစ္ဆကံ၊အကြင်အကြင်

အခါ၌ ဈာနင်၌ ဆင်ခြင်ခြင်းငှာ အလိုရှိသည်။ ဇာတံ၊ ဖြစ်၏။ ယာဝဒိစ္ဆကံ၊ အကြင်မျှလောက် ဆင်ခြင်ခြင်းငှာ အလိုရှိသည်။ ဇာတံ၊ ဖြစ်၏။ အာဝဇ္ဇ- နာယ၊ ဆင်ခြင်ခြင်း၌။ ဒန္ဓာယိတတ္တံ၊ နှေးကွေးခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ ဧဝံ၊ ဤသို့ ဖြစ်လတ်သော်။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇနဝသီမည်၏။ ပဌမံ ဈာနံ၊ ပထမဈာန်ကို။ ယတ္ထိစ္ဆကံ၊ အကြင် အရပ်၌ ဆင်ခြင်ခြင်းငှာ အလိုရှိသည်။ ဇာတံ၊ ဖြစ်၏။ ပ။ သမာပဇ္ဇတိ၊ ဝင်စား၏။ သမာပဇ္ဇနာယ၊ ဝင်စားခြင်း ၌။ ဒန္ဓာယိတတ္တံ၊ နှေးကွေးခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ ဧဝံ၊ ဤသို့ ဖြစ်လတ် သော်။ သမာပဇ္ဇနဝသီ၊ သမာပဇ္ဇနဝသီမည်၏။ ဧဝံ၊ ဤအတူ။ သေသာပိ၊ ကြွင်းသော အဓိဋ္ဌာန, ဝုဋ္ဌာန, ပစ္စဝေက္ခဏ, ဝသီတို့ကိုလည်း။ ဝိတ္ထာရေတဗ္ဗာ၊ ချဲ့အပ်ကုန်၏။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤဝသီငါးပါး၌။ အတ္ထပ္ပကာ- သနာ၊ အနက်ကိုပြသော စကားပေတည်း။ ပဌမဇ္ဈာနတော ဝုဋ္ဌာယ၊ ပထမ ဈာန်မှထ၍။ ပဌမံ၊ ရှေးဦးစွာ။ ဝိတက္ကံ အာဝဇ္ဇယတော၊ ဝိတက်ကို ဆင်ခြင် သော ယောဂီအား။ ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ၊ ဘဝင်ကို ဖြတ်၍။ ဥပ္ပန္နာဝဇ္ဇနာနန္တရံ၊ ဖြစ်သော အာဝဇ္ဇန်း၏ အခြားမဲ့၌။ ဝိတက္ကာရမ္မဏာနေဝ၊ ဝိတက်ကိုပင်လျှင် အာရုံပြုကုန်သော။ စတ္တာရိ ဝါ ပဉ္စ ဝါ ဇဝနာနိ၊ ဣန္ဒြေထက်သူအား ဇောလေး ကြိမ်, ဣန္ဒြေမထက်သူအား ဇောငါးကြိမ်တို့သည်။ ဇဝန္တိ၊ စောကုန်၏။တတော၊ ထိုဇောနောင်မှ။ ဒွေ ဘဝင်္ဂါနိ၊ ဘဝင်နှစ်ကြိမ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုဘဝင်နောင်မှ။ ပုန၊ တဖန်။ ဝိစာရာရမ္မဏံ၊ ဝိစာရကို အာရုံပြု သော။ အာဝဇ္ဇနံ၊ အာဝဇ္ဇန်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝုတ္တနယာနေဝ၊ ဝိတက် ဆင်ခြင်ရာ၌ ဆိုအပ်ပြီးသောနည်း ရှိသည်သာလျှင် ဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ ဇဝန္တိ၊ စောကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ ပဉ္စသု ဈာနင်္ဂေသု၊ ဈာန်အင်္ဂါငါးပါးတို့၌။ ယဒါ၊ အကြင်အခါ၌။ နိရန္တရံ၊ အခြားအပြတ်မရှိပဲ။ စိတ္တံ ပေသေတုံ၊ စိတ်ကို ပို့ခြင်းငှာ။ သက္ကောတိ၊ စွမ်းနိုင်၏။ အထ၊ ထိုအခါ ၌။ အဿ၊ ထိုယောဂီအား။ အာဝဇ္ဇနဝသီ၊ အာဝဇ္ဇနဝသီသည်။ သိဒ္ဓါ ဟောတိ၊ ပြီးစီးလေ၏။ မတ္ထကပ္ပတ္တာ၊ ခေါင်ထိပ်သို့ ရောက်သော။ အယံ ပန ဝသီ၊ ဤ ပြဆိုခဲ့ပြီးသော ဘဝင်နှစ်ကြိမ်ခြား၍ ဇောလေးကြိမ် စောသော အာဝဇ္ဇနဝသီ ကိုကား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယမကပါဋိဟာရိယေ၊ ရေမီးအစုံ စသော တန်ခိုးပြာဋိဟာကို ပြရာ၌။ (၁၅၀) လဗ္ဘတိ၊ ရအပ်၏။ အညေသံ၊ အရှင်သာရိပုတ္တရာစသော အခြားသောပုဂ္ဂိုလ်တို့၏လည်း။ ဧဝရူပေ ကာလေ၊ ဤသို့ သဘောရှိသောအခါ၌။ လဗ္ဘတိ၊ ရအပ်၏။ ဣတော၊ ဘဝင်နှစ်ကြိမ်ခြား ၍ ဇောလေးကြိမ်စောသော ဤအာဝဇ္ဇနာဝသီထက်။ ပရံ၊ အလွန်။ သီဃတရာ၊ ပို၍ လျင်မြန်သော။ အာဝဇ္ဇနဝသိ နာမ၊ အာဝဇ္ဇနဝသီမည်သည်။ နတ္ထိ၊ မရှိပေ။

ပန၊ ထိုမှတပါး။ အဝသေသမှတော ဟောမောဂ္ဂလ္လာနသ၊ အရှင်မဟာမောဂ္ဂလာန်၏။ နန္ဒောပနန္ဒနာဂရာဇဒမနေ ဝိယ၊ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာ၌ကဲ့သို့။ သီဃံ၊ လျင်မြန်စွာ။ သမာပဇ္ဇနသမတ္ထတာ၊ ဝင်စားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည်။ သမာပဇ္ဇနဝသီ နာမ၊ သမာပဇ္ဇနဝသီမည်၏။

အစ္ဆရာမတ္တံ ဝါ ခဏံ၊ လက်ဖျောက်တတီး အတိုင်းအရှည်ရှိသော ခဏပတ်လုံးလည်းကောင်း။ ဒသစ္ဆရာမတ္တံ ဝါ ခဏံ၊ လက်ဖျောက်ဆယ်ချက်တီး အတိုင်းအရှည်ရှိသော ခဏပတ်လုံးလည်းကောင်း။ ဈာနံ၊ ဈာန်ကို။ (ထည့်)။ ဌပေတုံ သမတ္ထတာ၊ ထားခြင်းငှာ စွမ်းနိုင်သည်၏အဖြစ်သည်။ အဓိဋ္ဌာနဝသီ နာမ၊ အဓိဋ္ဌာနဝသီမည်၏။ တထေဝ၊ ထို့အတူ။ ပါ၊ လက်ဖျောက်တချက်တီး, ဆယ်ချက်တီးခန့်ပတ်လုံး။ ဈာနသမင်္ဂီ ဟုတွာ၊ ဈာန်နှင့်ပြည့်စုံသည်ဖြစ်၍။ ဈာနတော၊ ဈာန်မှ။ လဟုံ ဝုဋ္ဌာတုံ၊ လျင်မြန်စွာ ထခြင်းငှာ။ သမတ္ထတာ၊ စွမ်းနိုင်သည်၏ အဖြစ်သည်။ ဝုဋ္ဌာနဝသီ နာမ၊ ဝုဋ္ဌာနဝသီမည်၏။ တဒုဘယဒဿနတ္ထံ၊ ထိုအဓိဋ္ဌာနဝသီ, ဝုဋ္ဌာနဝသီနှစ်ပါးကို ပြခြင်းငှာ။ဗုဒ္ဓရက္ခိတတ္ထေရဿ၊ ဗုဒ္ဓရက္ခိတမထေရ်၏။ ဝတ္ထုံ ကထေတုံ ဝဋ္ဋတိ၊ ဝတ္ထုကို ပြဆိုသင့်ပေ၏။

ဟိ၊ ချဲ့၍ပြအံ့။ သော၊ ထိုအရှင်မြတ်သည်။ ဥပသမ္ပဒါယ၊ ပဉ္စင်းခံသည်မှ။ အဋ္ဌဝဿိကော ဟုတွာ၊ ရှစ်ဝါရ၍။ ထေရမ္ဗတ္ထလေ၊ အရှင်မဟိန္ဒမထေရ်တို့ ဆင်းသက်ရာ သရက်ကုန်းတွင်။ ထေရပ္ပတ္တလေဏော၊ အရှင်မဟိန္ဒထေရ်တို့ ဆင်းသက်ရာ သရက်ပင်ရောက်ရာလိုဏ်၌။ (မူကွဲအရပါ နှစ်မျိုးပေးထားသည်။) မဟာရောဟဏဂုတ္တတ္ထေရဿ၊ မဟာရောဟဏဂုတ္တထေရ်အား။ ဂိလာနုပဋ္ဌာနံ အာဂတာနံ၊ သူနာပြုစုရန် ကြွလာကုန်သော။ တိံသမတ္တာနံ ဣဒ္ဓိမန္တသဟဿာနံ၊ တန်ခိုးရှင် ရဟန်းတော် သုံးသောင်းတို့၏။ မဇ္ဈေ၊ အလယ်၌။ နိသိန္နော၊ နေလျက် (နေစဉ်)။ထေရဿ၊ မဟာရောဟဏဂုတ္တထေရ်အား။ ယာဂုံ ပဋိဂ္ဂါဟာယမာနံ၊ ယာဂုကပ်သော။ ဥပဋ္ဌာကနာဂရာဇာနံ၊ အလုပ်အကျွေးနဂါးမင်းကို။ ဂဟေဿာမီတိ၊ သုတ်ချီမည်ဟု။ အာကာသတော၊ ကောင်းကင်မှ။ ပက္ခန္ဒန္တံ၊ ထိုးဆင်းလာသော။ သုပဏ္ဏရာဇာနံ ဒိသွာ၊ ဂဠုန်မင်းကို မြင်လျှင်။တာဝဒေဝ၊ ထိုခဏ၌ပင်လျှင်။ ဝါ၊ ချက်ခြင်းပင်။ ပဗ္ဗတံ နိမ္မိနိတွာ၊ တောင်ကိုဖန်ဆင်း၍။ နာဂရာဇာနံ၊ နဂါးမင်းကို။ ဗာဟာယံ၊ လက်မောင်း၌။ ဂဟေတွာ၊ကိုင်လျက်။ တတ္ထ၊ ထိုဖန်ဆင်းထားသောဘောင်ခေါင်းသို့။ ပါဝိသိ၊ ဝင်လေ၏။ သုပဏ္ဏရာဇာ၊ ဂဠုန်မင်းသည်။ ပဗ္ဗတေ၊ တောင်၌။ ပဟာရံ ဒတွာ၊ တိုက်ခိုက်မိ၍။ ပလာယိ၊ ပြန်ပြေးလေ၏။ မဟာထေရော၊ မဟာရောဟဏဂုတ္တထေရ်သည်။ "အာဝုသော၊ ငါ့ရှင်တို့။ သစေ၊ အကယ်၍သာ။ ဗုဒ္ဓရက္ခိတော၊ဗုဒ္ဓရက္ခိတသည်။ နာဘဝိဿ၊ မရှိခဲ့ပြီးအံ့။ သဗ္ဗေဝ မယံ၊ ငါတို့အားလုံးပင်။ ဂါရယှာ အဿာမ၊ အကဲ့ရဲ့ခံကြရပေတော့အံ့"။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်ဆိုလေ၏။

ပစ္စဝေက္ခဏာဝသီ ပန၊ ပစ္စဝေက္ခဏာဝသီကိုကား။ အာဝဇ္ဇနဝသိယာ ဧဝ၊ အာဝဇ္ဇနဝသီဖြင့်ပင်လျှင်။ ဝုတ္တာ၊ ဆိုအပ်ပြီးဖြစ်လေပြီ။ ဟိ၊ မှန်၏။ တတ္ထ၊ ထို အာဝဇ္ဇနဝသီ၌။ အာဝဇ္ဇနာနန္တရာနိ၊ အာဝဇ္ဇန်း၏ အခြားမဲ့၌ဖြစ်သော ဇောတို့သည်။ ပစ္စဝေက္ခဏဇဝနာနေဝ၊ ရှုဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဇောတို့ ပင်တည်း။ ဣတိ၊ ဤတွင် စကားတရပ်အပြီးသတ်သတည်း။

## ဒုတိယဈာနကထာ

### ဒုတိယဈာန်ကိုဖွင့်ပြချက်

၇၉။ ပန၊ ဆက်ဦးအံ့။ ဣမာသု ပဉ္စသု ဝသီသု၊ ဤဝသီငါးပါးတို့၌။ စိဏ္ဏဝသိနာ၊ နိုင်နင်းအောင် လေ့လာမှုဝဲသော ယောဂီသည်။ ပဂုဏပဌမဇ္ဈာန-တော ဝုဋ္ဌာယ၊ ကျေပွန်အောင် ဝင်စားထားသော ပထမဈာန်မှထ၍။ "အယံ သမာပတ္တိ၊ ဤပထမဈာန်သမာပတ်သည်။ အာသန္နနီဝရဏပစ္စတ္ထိကာ ဘတိ စ၊ နီဝရဏဟူသော ရန်သူနှင့် နီးကပ်၏"ဟူ၍ လည်းကောင်း။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းကြမ်းတမ်းသောကြောင့်။ အင်္ဂဒုဗ္ဗ-လာ ဘတိ စ၊ ဈာန်အင်္ဂါအားနည်း၏ဟူ၍လည်းကောင်း။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်လျက်။ တတ္ထ၊ ထိုပထမဈာန်၌။ ဒေါသံ ဒိသွာ၊ အပြစ်ကိုမြင်၍။ ဒုတိယဇ္ဈာနံ၊ ဒုတိယဈာန်ကို။ သန္တတော မနသိ ကတွာ၊ ငြိမ်သက်သောတရားဟု နှလုံးသွင်းလျက်။ ပဌမဇ္ဈာနေ၊ ပထမဈာန်၌။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက်တွယ်တာခြင်းကို ကုန်ခန်းစေ၍။ ဒုတိယာဓိဂမာယ၊ ဒုတိယဈာန်ကိုရခြင်းငှါ။ ယောဂေါ၊ ဘာဝနာအားထုတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အထ၊ ထိုသို့ အားထုတ်လတ်သော်။ ယဒါ၊ အကြင်အခါ၌။ ပဌမဇ္ဈာနာ ဝုဋ္ဌာယ၊ ပထမဈာန်မှထ၍။ သတဿ၊ သတိရလျက်။ သမ္ပဇာနဿ၊ သမ္ပဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော။ ဝါ၊ ပြည့်စုံလျက်။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုယောဂီအား။ ဝိတက္ကဝိစာရ၊ ဝိတက်ဝိစာရတို့သည်။ ဩဠာရိကတော ဥပဋ္ဌဟန္တိ၊ ရုန့်ရင်းကြမ်းတမ်းသောအားဖြင့် ထင်ကုန်၏။ ပီတိသုခဉ္စေဝ၊ ပီတိနှင့် သုခသည်လည်းကောင်း။ စိတ္တေကဂ္ဂတာ စ၊ ဧကဂ္ဂတာသည်လည်းကောင်း။ သန္တတော ဥပဋ္ဌာတိ၊ ငြိမ်သက်သောအားဖြင့် ထင်လာ၏။ တဒါ၊ ထိုသို့ထင်လာသောအခါ၌။ ဩဠာရိကင်္ဂံ ပဟာနာယ စ၊ ရုန့်ရင်းကြမ်းတမ်းသော အင်္ဂါကို ပယ်ခြင်းငှါလည်းကောင်း။ သန္တအင်္ဂပဋိလာဘာယ စ၊ ငြိမ်သက်သောအင်္ဂါကို ရခြင်းငှါလည်းကောင်း။ တဒေဝ နိမိတ္တံ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင်။ "ပထဝီ ပထဝီ"တိ၊ မြေမြေ ဟု။ ပုနပ္ပုနံ မနသိ ကရောတော၊ အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသော။ အဿ၊ ထိုယောဂီအား။ ဣဒါနိ၊ ယခုအခါ၌။ ဒုတိယဇ္ဈာနံ ဥပ္ပဇ္ဇိဿတီတိ၊ ဒုတိယဈာန် ဖြစ်ပေါ်

လတ္တံ့ဟု။ ဝတ္တဗ္ဗဇဂနေဒါခရ၊ ဆိုသင့်သော ဇောဝါရ၌။ (ထည့်)။ ဘဝင် ဥပစ္ဆိန္ဒိတွာ၊ ဘဝင်ကိုဖြတ်၍၊ တဒေဝ ပထဝီကသိဏံ၊ ထိုပထဝီကသိုဏ်းနိမိတ်ကိုပင်။ အာရမ္မဏံ ကတွာ၊ အာရုံပြုလျက်၊ မနောဒွါရာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းသည်။ (၁၅၁) ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသော၊ ထိုနောင်မှ။ တသ္မိံ ယေဝါရမ္မဏေ၊ ထိုပထဝီကသိုဏ်းအာရုံ၌ပင်လျှင်။ စတ္တာရိ ပဉ္စ ဝါ ဇဝနာနိ ဇဝန္တိ၊ ဇောလေးကြိမ် ငါးကြိမ်ခေါကုန်၏၊ ယေသံ၊ အကြင်ဇောလေးကြိမ် ငါးကြိမ်တို့၏။ အဝသာနေ၊ အဆုံး၌။ ဧကံ၊ တခုသော စတုတ္ထံ၊ သို့မဟုတ် ပဉ္စမဇောသည်။ ဒုတိယဇ္ဈာနိကံ၊ ဒုတိယဈာန်ရှိသော။ ရူပါဝစရံ၊ ရူပါဝစရဇောပေတည်း။ သေသာနိ၊ ကြွင်းသော သုံးကြိမ် လေးကြိမ်သော ဇောတို့သည်။ ဝုတ္တပ္ပကာရာနေဝ၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟု ဆိုအပ်ပြီးသော အပြားရှိသည်သာလျှင် ဖြစ်ကုန်သော။ ကာမာဝစရာနိ၊ ကာမာဝစရဇောတို့ပေတည်း။ တာနိ၊ ထိုသို့ သဘောရှိကုန်သော။ စတ္တာရိ ဝါ ပဉ္စ ဝါ၊ လေးကြိမ် ငါးကြိမ်ဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ ဇဝန္တိ၊ ဇောကုန်၏။

၈၊ ဆက်ဦးအံ့။ ဧတ္တာဝတာ၊ ဤမျှသော ဘာဝနာအစဉ်ဖြင့်။ သေ ဧသော၊ ဤယောဂီသည်။ ဝိတက္ကဝိစာရာနံ ဝူပသမာ၊ ဝိတက်ဝိစာရတို့၏ငြိမ်းခြင်းကြောင့်။ အဇ္ဈတ္တံ၊ မိမိသန္တာန်၌ ဖြစ်သော။ သမ္ပသာဒနံ၊ ကြည်လင်သော။ တနည်း။ စေတသော သမ္ပသာဒနံ၊ စိတ်ကို ကြည်လင်စေတတ်သော။ စေတသော၊ စိတ်၏။ ဧကောဒိဘာဝံ၊ သမာဓိကို ပွားစေတတ်သော။ အဝိတက္ကံ၊ ဝိတက်မရှိသော။ အဝိစာရံ၊ ဝိစာရမရှိသော။ သမာဓိဇံ၊ ပထမဈာန်သမာဓိကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိ,သုခရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပြည့်စုံစေ၍နေ၏။ ဧဝံ၊ ဤသို့။ အနေန၊ ဤယောဂီသည်။ ဒွင်္ဂဝိပ္ပဟီနံ၊ ပယ်အပ်ပြီးသောအင်္ဂါနှစ်ပါးရှိသော။ ဝါ၊ အင်္ဂါနှစ်ပါးကို ပယ်ပြီးသည်ဖြစ်၍။ တိဝင်္ဂသမန္နာဂတံ၊ အင်္ဂါသုံးပါးနှင့် ပြည့်စုံသော။ တိဝိဓကလျာဏံ၊ ကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသော။ ဒသလက္ခဏသမ္ပန္နံ၊ လက္ခဏာဆယ်ပါးနှင့်ပြည့်စုံသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို။ အဓိဂတံ ဟောတိ၊ ရ၏။

၉၀။ တတ္ထ၊ ဒုတိယဈာန်ကိုပြရာ၌။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသည်ကား၊ ဝိတက္ကဿ စ၊ ဝိတက်၏လည်းကောင်း။ ဝါ၊ ဝိတက်ကိုလည်းကောင်း။ ဝိစာရဿ စ၊ ဝိစာရ၏လည်းကောင်း။ ဝါ၊ ဝိစာရကိုလည်းကောင်း။ ဣတိ၊ ဤသို့၊ ဣမေသံ ဒွိန္နံ၊ ဤနှစ်ပါးတို့၏။ ဝါ၊ ဤနှစ်ပါးတို့ကို။ ဝူပသမာ၊ ငြိမ်းစေခြင်းကြောင့်။ သမတိက္ကမာ၊ လွန်ခြင်းကြောင့်။ ဒုတိယဇ္ဈာနက္ခဏေ၊ ဒုတိယဈာန်ခဏ၌၊ အပါတုဘာဝေါ၊ ထင်ရှားမဖြစ်ခြင်းကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ တသ္မိံ

ဒုတိယဇ္ဈာနေ၊ ထိုဒုတိယဈာန်၌။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပဌမဇ္ဈာနဓမ္မာ၊ ပထမဈာန်တရားတို့သည်။ ကိဥ္စာပိ န သန္တိ၊ အကယ်၍ကား မရှိကုန်။ ဟိ၊ မှန်၏။ ပဌမဇ္ဈာနေ၊ ပထမဈာန်၌။ ဖဿာဒယော၊ ဖဿစသော တရားတို့သည်။ အညေယေဝ၊ ဒုတိယဈာန်ဖဿစသည်တို့မှ တပါးတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣဓ၊ ဤဒုတိယဈာန်၌။ ဖဿာဒယော၊ ဖဿစသည်တို့သည်။ အညေယေဝ၊ ပထမဈာန်ဖဿစသည်တို့မှ တပါးတို့သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပန၊ ထိုသို့ မရှိသော်လည်း။ဩဠာရိကဿ အင်္ဂဿ၊ရုန့်ရင်းသောအင်္ဂါကို။ သမတိက္ကမာ၊ လွန်မြောက်ခြင်းကြောင့်။ ပဌမဇ္ဈာနတော၊ ပထမဈာန်မှ။ ပရေသံ၊ တပါးကုန်သော။ ဒုတိယဈာနာဒီနံ၊ ဒုတိယဈာန်စသည်တို့ကို။ အဓိဂမော ဟောတိ၊ ရ၏။ ဣတိ ဣမဿ အတ္ထဿ၊ ဤအနက်အဓိပ္ပာယ်ကို။ ဒီပနတ္ထံ၊ ဖွင့်ပြရန်အလို့ငှာ။ "ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာဟူ၍"။ ဧဝံ၊ ဤသို့။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။ ဣတိ ဝေဒိတဗ္ဗံ၊ ဤသို့ သိအပ်၏။

ဣဓ၊ ဤဈာနကထာ၌။ နိယကဇ္ဈတ္တံ၊ နိယကဇ္ဈတ္တကို။ အဇ္ဈတ္တန္တိ၊ အဇ္ဈတ္တဟူ၍။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဝိဘင်္ဂေ ပန၊ ဝိဘင်းကျမ်း၌ကား။ အဇ္ဈတ္တံ ပစ္စတ္တန္တိတိ၊ အဇ္ဈတ္တံ ပစ္စတ္တံဟူ၍။ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ ဝုတ္တံ၊ ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ နိယကဇ္ဈတ္တံ၊ နိယကဇ္ဈတ္တကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ တသ္မာ၊ ထိုကြောင့်။ အတ္တနိ၊ မိမိ၌။ ဇာတံ၊ ဖြစ်သော။ အတ္တနော သန္တာနေ၊ မိမိသန္တာန်၌။ နိဗ္ဗတ္တံ၊ ဖြစ်သော။ ဣတိ အယံ အတ္ထော၊ ဤအနက်အဓိပ္ပာယ်ကို။ ဧတ္ထ၊ ဤ အဇ္ဈတ္တံဟူသောပုဒ်၌။ ဒဋ္ဌဗ္ဗော၊ မှတ်သားအပ်၏။ သမ္ပသာဒနန္တိ ဧတ္ထ၊ သမ္ပသာဒနံဟူသော ဤစကားရပ်၌။ သဒ္ဓါ၊ သဒ္ဓါကို။ သမ္ပသာဒနံ၊ သမ္ပသာဒနဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သမ္ပသာဒနယောဂတော၊ သဒ္ဓါနှင့်ယှဉ်သောကြောင့်။ ဈာနမ္ပိ၊ ဈာန်ကိုလည်း။ သမ္ပသာဒနံ၊ သမ္ပသာဒနဟု။ ဝုစ္စတိ၊ ဆိုအပ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ နီလဝဏ္ဏယောဂတော၊ ညိုသောအဆင်းနှင့် ယှဉ်သောကြောင့်။ ဝတ္ထံ၊ အဝတ်ကို။ နီလဝတ္ထံ၊ အဝတ်ညိုဟု။ ဝုစ္စတိ ဝိယ၊ ဆိုအပ်သကဲ့သို့တည်း။ ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ တံ ဈာနံ၊ ထိုဒုတိယဈာန်သည်။ ဝါ၊ ထိုဒုတိယဈာန်ကို။ သမ္ပသာဒနသမန္နာဂတတ္တာ၊ သဒ္ဓါနှင့်ပြည့်စုံသည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝိတက္ကဝိစာရက္ခောဘဝူပသမနေန စ၊ လှုပ်ချောက်ချားတတ်သော ဝိတက်ဝိစာရတို့ကို ငြိမ်းစေတတ်သောကြောင့်လည်းကောင်း။ စေတသော၊ စိတ်ကို။ သမ္ပသာဒယတိ၊ ကြည်လင်စေတတ်၏။ တသ္မာပိ၊ ထိုကြောင့်လည်း။သမ္ပသာဒနန္တိ၊ သမ္ပသာဒနဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ဣမသ္မိံ စ အတ္ထဝိကပ္ပေ၊ ဤအတ္ထဝိကပ်၌လည်း။ စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊

ကြည်လင်စေတတ်သော။ ဣတိ ဧဝံ၊ ဤသို့။ ပဒသမ္ဗန္ဓော၊ ပုဒ်ဧပ်ခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ပုရိမသ္မိံ ပန အတ္ထဝိကပ္ပေ၊ ရှေးအတ္ထဝိကပ်၌ကား။ စေတသောတိ ဧတံ၊ စေတသောဟူသော ဤစကားကို။ ဧကောဒိဘာဝေန၊ ဧကောဒိဘာဝသဒ္ဒါနှင့်။ သဒ္ဓိံ၊ တကွ။ ယောဇေတဗ္ဗံ၊ ယှဉ်စေရာ၏။

တတြ၊ ဖိုစေတသော ဧကောဒိဘာဝံဟူသော စကားရပ်၌။ အယံ၊ ဤဆို လတ္တံ့ သည်ကား။ အတ္ထယောဇနာ၊ ဧကောဒိဘာဝံဟူသောပုဒ်၏အတ္ထ၌ စေတ- သောဟူသောပုဒ်ကို ဧကောဒိဘာဝသဒ္ဒါနှင့်ယှဉ်ခြင်းတည်း။ (အတ္ထော စ ယော- ဇနာ စ အတ္ထယောဇနာ သမာဟာရဒွန္ဒေပိ ကတ္ထစိ ဣတ္ထိလိင်္ဂမိစ္ဆိတဗ္ဗံ)။ ဝါ၊ နှစ်ပုဒ် တို့၏အနက်တို့ကို ယှဉ်ပြသောစကားပေတည်း။ ဧကော ဟုတွာ၊ မြတ်သည်ဖြစ်၍။ ဥဒေတိ၊ တက်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဧကောဒိ၊ ဧကောဒိမည်၏။ ဝိတက္ကဝိစာရေဟိ၊ ဝိတက်ဝိစာရတို့သည်။ အနဇ္ဈာရူဠတ္တာ၊ မလွှမ်းမိုး မနှိပ်စက် အပ်သည်၏ အဖြစ်ကြောင့်။ အဂ္ဂေါ သေဋ္ဌော ဟုတွာ၊ မြတ်သည်ဖြစ်၍။ ဥဒေတိ၊ တက်တတ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသော အနက်တည်း။ ဟိ၊ မှန်၏။ သေဋ္ဌောပိ၊ မြတ်သောသဘောကိုလည်း။ လောကေ၊ လောက၌။ ဧကောတိ၊ ဧကောဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝါ၊ တနည်းကား။ ဝိတက္ကဝိစာရဝိရဟတော၊ ဝိတက် ဝိစာရမှကင်းခြင်းကြောင့်။ ဧကော အသ- ဟာယော ဟုတွာ၊ အဖော်မမှီး တဦးတည်းဖြစ်၍။ ဥဒေတိ၊ တက်တတ်၏။ ဣတိ တသ္မာ၊ ထို့ ကြောင့်။ ဧကောဒိ၊ ဧကောဒိမည်၏။ ဣတိပိ၊ ဤသို့လည်း။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ ၊ သင့်၏။ (ဝတ္တုံ ဝဋ္ဋတိ၊ ဆိုသင့်၏။) အထ ဝါ၊ တနည်း သော်ကား။ သမ္ပယုတ္တဓမ္မေ၊ ယှဉ်ဖော်ယှဉ်ဖက်တရားတို့ကို။ ဥဒါယတိ၊ ထစေ တတ် ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥဒိ၊ ဥဒိမည်၏။ ဥဋ္ဌာပေ- တိ၊ ထကြွဖြစ်ပေါ်စေတတ်၏။ ဣတိ အတ္ထော၊ ဤကား အနက်။ သော သဘာဝေါ၊ ထိုသဘောသည်။ သေဋ္ဌဋ္ဌေန၊ မြတ်သောအနက်သဘောကြောင့်။ ဧကော စ၊ ဧကမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥဒိ စ၊ ယှဉ်ဖော်ယှဉ်ဖက် တရားတို့ကို ထကြွဖြစ်ပေါ်စေတတ်သောကြောင့် ဥဒိမည်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ဤ ဧက+ဥဒိဟူသော အကြောင်း နှစ်ပါးကြောင့်။ ဧကောဒိ၊ ဧကောဒိမည်၏။

(၁၅၂) ဧတံ၊ ဤ ဧကောဒိဟူသော အမည်သည်။ သမာဓိဿ၊ သမာဓိ၏။ အဓိဝစနံ၊ အမည်ပေတည်း။ ဣတိ၊ ဤသို့။ ဣမံ ဧကောဒိံ၊ ဤဧကောဒိမည် သော သမာဓိကို။ ဘာဝေတိ ဝဍ္ဎေတိ၊ ပွားစေတတ်၏။ ဣတိ တသ္မာ၊ ထို့ ကြောင့်။ ဣဒံ ဒုတိယဇ္ဈာနံ၊ ဤဒုတိယဈာန်သည်။ ဧကောဒိဘာဝံ၊ ဧကောဒိဘာဝမည်၏။ ပန၊ ဆက်ဦးအံ့။ သော အယံ ဧကောဒိ၊ ထိုဧကောဒိ သည်။ ယသ္မာ၊ အကြင်ကြောင့်။ စေတသော၊ စိတ်၏။ ဧကောဒိ၊ ဧကောဒိ

သည်၊ ဟောတိ၊ ဖြစ်၏။ သတ္တဿ၊ တိတ္ထိတို့ ကြံဆအပ်သော သတ္တ၏ လည်း
ကောင်း။ ဇီဝဿ၊ ဇီဝ၏လည်းကောင်း။ န ဧကောဒိ၊ ဧကောဒိ မဟုတ်ပေ။
တသ္မာ၊ ထို့ကြောင့်။ ဧတံ၊ ဤဒုတိယဈာန်သည်။ ဝါ၊ ဤဒုတိယဈာန်ကို။
"စေတသော ဧကောဒိဘာဝန္တိ၊ စေတသော ဧကောဒိဘာဝံ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်
၏။ စ၊ စောဒနာအံ့။ အယံ သဒ္ဓါ၊ ဤသဒ္ဓါသည်။ ပဌမဇ္ဈာနေပိ၊ ပထမဈာန်၌
လည်း၊ အတ္ထိ နနု၊ ရှိသည်မဟုတ်ပါလော။ ဧကောဒိနာမကော၊ ဧကောဒိ အမည်
ရှိသော။ အယဥ္စ သမာဓိ၊ ဤသမာဓိသည်သည်း၊ အတ္ထိ နနု၊ ရှိသည်မဟုတ်
ပါလော။ အထ၊ ထိုသို့ရှိပါလျက်။ ကသ္မာ ဣဒမေဝ၊ အဘယ်ကြောင့် ဤဒုတိယ
ဈာန်ကိုသာ "သမ္ပသာဒနံ စေတသော ဧကောဒိဘာဝဥ္စာတိ"၊ သမ္ပသာဒနံ
စေတသော ကောဒိဘာဝံ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသနည်း။ ပရိဟာရော၊
အဖြေကို။ (ထည့်)။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဖြေဆိုအပ်ပေ၏။ ဟိ၊ အဖြေ
ကား။ ယသ္မာ၊ အကြင်ကြောင့်။ (တသ္မာအတွက် ယသ္မာထည့်)။ အဒုံ ပဌမဇ္ဈာ-
နံ၊ ဤပထမဈာန်သည်။ ဝိတက္ကဝိစာရက္ခောဘေန၊ ဝိတက်ဝိစာရတို့၏ လှုပ်
ချောက်ချားခြင်းကြောင့်။ ဝီစိတရင်္ဂသမာကုလံ၊ လှိုင်းတံပိုးတို့ဖြင့် ရောပြွမ်း
သော။ ဇလံ ဣဝ၊ ရေကဲ့သို့။ သုပ္ပသန္နံ၊ ကောင်းစွာ ကြည်လင်သည်။ န၊
ဟောတိ၊ မဖြစ်ပေ။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုပထမဈာန်၌။ (ထည့်)။
သဒ္ဓါယ၊ သဒ္ဓါသည်။ သတိယာပိ၊ ရှိသော်လည်း။ "သမ္ပသာဒနန္တိ၊ သမ္ပသာ-
ဒနံဟူ၍"။ န ဝုတ္တံ၊ ဟောတော်မမူပေ။ န သုပ္ပသန္နတ္တာယေဝ၊ ကောင်းစွာ
မကြည်သောကြောင့်ပင်။ ဧတ္ထ၊ ဤပထမဈာန်၌။ သမာဓိပိ၊ သမာဓိသည်
လည်း။ န သုဋ္ဌုပါကဋော၊ ကောင်းစွာ မထင်ရှားပေ။ တသ္မာ၊ ထို့ကြောင့်။
ဧကောဒိဘာဝန္တိပိ၊ ဧကောဒိဘာဝံဟူ၍လည်း။ န ဝုတ္တံ၊ ဟောတော်မမူပေ။
ဣမသ္မိံ ပန ဈာနေ၊ ဤဒုတိယဈာန်၌ကား။ ဝိတက္ကဝိစာရပလိဗောဓာဘာဝေန
ဝိတက်ဝိစာရတို့၏ နှောင့်ယှက်ခြင်းမရှိသည်၏ အဖြစ်ကြောင့်။ လဒ္ဓေါကာသာ၊
အခွင့်ရသည်ဖြစ်၍။ သဒ္ဓါ၊ သဒ္ဓါသည်။ ဗလဝတီ၊ အားကောင်း၏။ ဗလဝ-
သဒ္ဓါသဟာယပဋိလာဘေန စ၊ အားကြီးသော သဒ္ဓါဟူသောအဖော်ကို ရခြင်း
ကြောင့်ပင်လျှင်။ သမာဓိပိ၊ သမာဓိသည်လည်း။ ပါကဋော၊ ထင်ရှား၏။
တသ္မာ၊ ထို့ကြောင့်။ ဣဒမေဝ၊ ဤဒုတိယဈာန်ကိုသာလျှင်။ ဧဝံ၊ ဤသို့ သမ္ပ-
သာဒနံ စေတသော ဧကောဒိဘာဝံ-ဟူ၍။ ဝုတ္တန္တိ၊ ဟောတော်မူအပ်၏ဟူ၍ ဝေဒိ-
တဗ္ဗံ၊ သိအပ်၏။ ပန၊ အထူးသော်ကား။ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ (သမ္ပသာ-
ဒနန္တိ ယာ သဒ္ဓါ သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ။ စေတသော ဧကောဒိ-
ဘာဝန္တိ ယာ စိတ္တဿ ဌိတိ။ပ။ သမ္မာသမာဓိတိ၊ သမ္ပသာဒနန္တိ ယာ သဒ္ဓါ
သဒ္ဒဟနာ ဩကပ္ပနာ အဘိပ္ပသာဒေါ။ စေတသော ဧကောဒိဘာဝန္တိ ယာ
စိတ္တဿ ဌိတိ။ပ။ သမ္မာသမာဓိ ဟူ၍။ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ ဝုတ္တံ၊
ဟောတော်မူအပ်၏။) "ယာ သဒ္ဓါ၊ အကြင်သဒ္ဓါသည်။ သဒ္ဒဟနာ၊ ယုံကြည်

ခြင်းသည်။ ဩကပ္ပနာ၊ သက်ဝင်ယုံကြည်ခြင်းသည်။ အဘိပ္ပသာဒေါ၊ အလွန်ကြည်လင်ခြင်းသည်။ သမ္ပသာဒနန္တိ-သမ္ပသာဒနံ နာမ၊ သမ္ပသာဒနမည်၏။ စိတ္တဿ၊ စိတ်၏။ ယာ ဌိတိ၊ အကြင်တည်ခြင်းသည်။ပ။ သမ္မာသမာဓိ၊ကောင်းစွာထားခြင်းသည်။ စေတသော ဧကောဒိဘာဝန္တိ၊ စေတသော ဧကောဒိဘာဝမည်၏။ ဣတိ၊ ဤသို့၊ ဧတ္တကမေဝ၊ ဤမျှကိုသာလျှင်။ ဝုတ္တံ၊ ဟောဘော်မူအပ်၏။ ဧဝံ၊ ဤသို့။ ဝုစ္စတ္တနာ၊ ဟောတော်မူအပ်သော။ တေန သဒ္ဓိံ၊ ထိုဝိဘင်းပါဠိတော်နှင့်တကွ၊ အယံ အတ္ထဝဏ္ဏနာ၊ သမ္ပသာဒနယော-ဂတော - စသော ဤအနက်ဖွင့်သည်။ ယထာ၊ အကြင် အခြင်းအရာဖြင့်။ န ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ အညဒတ္ထု၊ စင်စစ်။ သံသန္ဒတိ စေဝ၊ နှီးလည်းနှီးနှော၏။ သမေတ် စ၊ ညီလည်း ညီ၏။ ဧဝံ တထာ၊ ထိုအခြင်းအရာဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဂ၁။ အဝိတက္ကံ အဝိစာရန္တိ၊ အဝိတက္ကံ အဝိစာရံဟူသည်ကား။ ဘာဝနာ-ယ ပဟီနတ္တာ၊ ဘာဝနာဖြင့် ပယ်ပြီးဖြစ်သောကြောင့်။ ဧတသ္မိံ ဧျာနေ၊ ထိုဈာန်၌၊ ဝါ၊ တနည်းကား။ ဧတဿ ဈာနဿ၊ ထိုဈာန်အား။ ဝိတက္ကော၊ဝိတက်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဝိတက္ကံ၊ အဝိတက္ကမည်၏။ ဣမိနာဝ နယေန၊ ဤနည်းဖြင့်သာလျှင်။ အဝိစာရံ၊ အဝိစာရမည်၏။ ဝိဘင်္ဂေပိ၊ ဝိဘင်းကျမ်း၌လည်း။ ဣတိ၊ ဤသို့လျှင်။ အယဉ္စ ဝိတက္ကော၊ ဤဝိတက်သည်လည်းကောင်း။ အယဉ္စ ဝိစာရော၊ ဤဝိစာရသည်လည်းကောင်း။ သန္တာ၊ ငြိမ်းကုန်သည်။ သမိတာ၊ ငြိမ်းစေအပ်ကုန်သည်။ ဝူပသန္တာ၊ အထူးသဖြင့် ငြိမ်းကုန်သည်။ အတ္ထင်္ဂတာ၊ ချုပ်ခြင်းသို့ ရောက်ကုန်သည်။ အဗ္ဗတ္ထင်္ဂတာ၊အထူးသဖြင့်ချုပ်ခြင်းသို့ ရောက်ကုန်သည်။ အပ္ပိတာ၊ ပျက်ခြင်းသို့ရောက်စေအပ်ကုန်သည်။ ဗျပ္ပိတာ၊ အထူးသဖြင့် ပျက်ခြင်းသို့ ရောက်စေအပ်ကုန်သည်။ သောသိတာ၊ ခြောက်သွေ့စေအပ်ကုန်သည်။ ဝိသောသိတာ၊ အထူးသဖြင့်ခြောက်သွေ့စေအပ်ကုန်သည်၊ဗျန္တီကတာ၊ အစွန်းမျှမကျန်ရအောင် ကင်းသည်ကိုပြုအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဤနေရာ၌ သန္တာ သမိတာ-စသော ပုဒ်များကို သန္တာ ဟောန္တိ သမိတာ ဟောန္တိဟု ကြိယာနှင့် တပါဘည်းစပ်၍ ပေးနိုင်သည်။) တေန၊ ထို့ကြောင့်။ ဧဝံ၊ ထိုဒုတိယဈာန်ကို။ အဝိတက္ကံ အဝိ-စာရန္တိ၊ အဝိတက္ကံ အဝိစာရံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဧတ္ထ၊ ဤနေရာ၌။ ဌတွာ၊ တန့်ရပ်၍။ စောဒကော၊ စောဒကဆရာသည်။ အာဟ၊ ပြောဆို၏။ ကိံ အာဟ၊ အဘယ်သို့ဆိုသနည်း။ အမ္ဘော ဘဒြမုခ၊ ကောင်းသောမျက်နှာရှိသော အို ပရိဟာရဆရာ။ ဘဝန္တံ၊ အရှင်ပရိဟာရဆရာကို။ (ထည့်)။ နနု စ စောဒေမိ၊ စောဒနာပါအံ့။ ဝိတက္ကဝိစာရာနံ ဝူပ-သမာတိ ဣမိနာ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းဟူသော ဤစကားဖြင့်။ အယံ

အဇ္ဈတ္တ၊ ဝိတက်ဝိစာရမရှိဟူသော ဤအနက်သည်။ သိဒ္ဓေါ နနု၊ ပြီးစီးသည် မဟုတ်ပါလော။ အထ၊ ထိုသို့ပြီးစီးပါလျက်။ ကသ္မာ၊ အဘယ်ကြောင့်။ အဝိတက္ကံ အဝိစာရန္တိ၊ ဝိတက်မရှိ၊ ဝိစာရမရှိဟု။ ပုန၊ တဖန်။ ဝုတ္တံ၊ ဟောတော်မူပြန်ပါသနည်း။ တနည်း။ ပုန ဝုတ္တံ၊ တဖန်ထပ်၍ဟောတော်မူပြန်ပါသနည်း။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကသည်။ အာဟ၊ ပြောဆို၏ (ပြန်)။ ပရိဟာရော၊ အဖြေကို။ မယာ၊ ငါပရိဟာရဆရာသည်။ ဝုစ္စတေ၊ ဆိုအပ်၏ (ဆိုပေအံ့)။ တေ၊ ဤစောဒကဆရာ ဆိုသောစကားသည်။ ဧဝံ၊ ဤသို့ ဆိုသည့်အတိုင်း မှန်ပေ၏။ ဧဿ၊ အဇ္ဈတ္တ၊ ဝိတက်ဝိစာရ မရှိခြင်းဟူသော ဤအနက်သည်။ သိဒ္ဓေါ၊ ပြီးစီးသည်သာတည်း။ ပန၊ ထိုသို့ပြီးကောင်းသော်လည်း။ တော၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်း ဟူသော ဤစကားသည်။ တဒတ္ထဒီပကံ၊ ထိုဝိတက်ဝိစာရ မရှိခြင်းမျှဟူသောအနက်ကို ပြတတ်သည်။ န ဟောတိ၊ မဟုတ်ချေ။ "ဩဠာရိကဿ ပန ဩဠာရိကဿ အင်္ဂဿ၊ ရုန့်ရင်းရုန့်ရင်းသောအင်္ဂါကို။ သမတိက္ကမာ၊ လွန်မြောက်ခြင်းကြောင့်။ ပဌမဇ္ဈာနတော၊ ပထမဈာန်မှ။ ပရေသံ ဒုတိယဇ္ဈာနာဒီနံ၊ အခြားဖြစ်သော ဒုတိယဈာန်စသည်တို့ကို။ သမဓိဂမော ဟောတိတိ၊ ရပေသည်ဟု။ ဒဿနတ္ထံ၊ ပြတော်မူခြင်းငှာ။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်ဟု။ ဧဝံ ဝုတ္တန္တိ၊ ဤသို့ဟောတော်မူ၏ဟု။ ဣတိ၊ ဤသို့။ မယံ၊ ငါတို့သည်။ အဝေါစုမှ၊ ဆိုခဲ့ကုန်ပြီ မဟုတ်လော။

အပိ စ၊ တနည်းကား။ ဝိတက္ကဝိစာရာနံ ဝူပသမာ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းကြောင့်။ ဣဒံ၊ ဤဒုတိယဈာန်သည်။ သမ္ပသာဒနံ၊ ကြည်လင်၏။ ဝါ၊ ကြည်လင်စေတတ်၏။ ကိလေသကာလုဿိယဿ၊ နီဝရဏကိလေသာဟူသော နောက်ကျုခြင်း၏။ ဝူပသမာ၊ ငြိမ်းအေးခြင်းကြောင့်။ သမ္ပသာဒနံ၊ ကြည်လင်ခြင်းသည်။ န၊ မဟုတ်ပေ။ စ၊ တနည်းသော်ကား။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းအေးခြင်းကြောင့်။ ဣဒံ ဒုတိယဇ္ဈာနံ၊ ဤဒုတိယဈာန်သည်။ (ထည့်)။ စေကောဒိဘာဝံ၊ မြတ်သောသမာဓိကိုပွားစေတတ်၏။ ဥပစာရဇ္ဈာနမိဝ၊ ဥပစာရဈာန်ကဲ့သို့။ (၁၅၃) နီဝရဏပ္ပဟာနာ၊ နီဝရဏတို့ကို ပယ်ခြင်းကြောင့်။ စေကောဒိဘာဝံ၊ မြတ်သောသမာဓိကို ပွားစေသည်။ န ဟောတိ၊ မဟုတ်ပေ။ ပဌမဇ္ဈာနမိဝ၊ ပထမဈာန်ကဲ့သို့။ အင်္ဂပါတုဘာဝါ၊ အင်္ဂါထင်ရှားဖြစ်ခြင်းကြောင့်။ စေကောဒိဘာဝံပိ၊ မြတ်သောသမာဓိကို ပွားစေတတ်သည်လည်း။ န ဟောတိ၊ မဖြစ်။ ဣတိ ဧဝံ၊ ဤသို့။ ဣဒံ ဝစနံ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ·ဟူသော ဤစကားသည်။ သမ္ပသာဒနစေကောဒိဘာဝါနံ၊ ကြည်လင်ခြင်း ဝါ၊ ကြည်လင်စေခြင်းနှင့် မြတ်သောသမာဓိကို ပွားစေခြင်းတို့၏။ ဟေတုပရိဒီပကံ၊ အကြောင်းကိုပြတတ်သည်။ ဟောတိ၊ ဖြစ်၏။ တထာ၊ ထို့မှတပါး

ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့၏။ ဝူပသမာ၊ ငြိမ်းအေးခြင်းကြောင့်။ ဣဒံ ဒုတိယဇ္ဈာနံ၊ ဤဒုတိယစျာန်သည်။ အဝိတက္ကံ၊ ဝိတက်လည်းမရှိ။ အဝိစာရံ၊ဝိစာရလည်းမရှိ။ တတိယစတုတ္ထဇ္ဈာနာနိ ဝိယ စ၊ တတိယစျာန်,စတုတ္ထစျာန်တို့ကဲ့သို့လည်းကောင်း။ စက္ခုဝိညာဏာဒီနိ၊ စက္ခုဝိညာဏ်စသည် တို့ကဲ့သို့လည်းကောင်း။ အဘာဝါ၊ ပင်ကိုသဘောအားဖြင့် မရှိခြင်းကြောင့်။ အဝိတက္ကံ၊ ဝိတက်မရှိသည်။ န၊ မဟုတ်ပေ။ အဝိစာရံ၊ ဝိစာရမရှိသည်။ န၊ မဟုတ်ပေ။ ဣတိ ဧဝံ၊ ဤသို့။ အဝိတက္ကအဝိစာရဘာဝဿ၊ ဝိတက်မရှိ ဝိစာရမရှိသည်၏ အဖြစ်၏။ ဟေတုပရိဒီပကဥ္စ၊ အကြောင်းကိုသည်း ပြတတ်သည်။ န ဟောတိ၊ မဟုတ်ပေ။ (မဖြစ်ပေ)။ ပန၊ ထိုကဲ့သို့ကားမဟုတ်။ အဝိတက္ကံ အဝိစာရန္တိ ဣဒံ ဝစနံ၊ အဝိတက္ကံ အဝိစာရံ ဟူသော ဤစကားသည်။ ဝိတက္ကဝိစာရာဘာဝမတ္တပရိဒီပကမေဝ၊ ဝိတက်ဝိစာရတို့၏ မရှိခြင်းမျှကိုသာလျှင် ပြတတ်ပေ၏။

တသ္မာ၊ ထို့ကြောင့်။ ပုရိမံ၊ ရှေးဖြစ်သော ဝိတက္ကဝိစာရာနံ ဝူပသမာ-ဟူသော စကားကို။ ဝတွာပိ၊ ဆိုပြီးသော်လည်း။ ပစ္ဆိမံ၊ အဝိတက္ကံ အဝိစာရံ-ဟူသော နောက်စကားကို (ထည့်)။ ဝတ္တဗ္ဗမေဝ၊ ဆိုသင့် ဆိုထိုက်သည်သာတည်း။ ဣတိ အယံ၊ ဤသည်ကား။ ပရိဟာရော၊ အဖြေတည်း။

သမာဓိဇန္တိ၊ သမာဓိဇံဟူသည်ကား။ ပဌမဇ္ဈာနသမာဓိတော၊ ပထမစျာန် သမာဓိကြောင့်။ ဇာတံ၊ ဖြစ်သည်တည်း။ ဝါ၊ တနည်းကား။ သမ္ပယုတ္တသမာဓိတော၊ ယှဉ်ဖက်သမာဓိကြောင့်။ ဇာတံ၊ ဖြစ်သည်တည်း။ ဣတိ အတ္ထော၊ ဤကားအနက်ပေတည်း။ တတ္ထ၊ ထိုယှဉ်ဖက်သမာဓိကြောင့် ဖြစ်သည်ဟူသော စကားရပ်၌။ ပဌမဇ္ဈာနမ္ပိ၊ ပထမစျာန်သည်လည်း။ သမ္ပယုတ္တသမာဓိတော၊ ယှဉ်ဖက်သမာဓိကြောင့်။ ကိဉ္စာပိ ဇာတံ၊ အကယ်၍ကား ဖြစ်၏။ အထ ခေါ၊ ထိုသို့ဖြစ်သော်လည်း။ အယမေဝ သမာဓိ၊ ဤဒုတိယစျာန်သမာဓိသည်သာပင် လျှင်။ဝါ၊ ဤဒုတိယစျာန်သမာဓိကိုသာလျှင်။ သမာဓိတိ၊ သမာဓိဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုထိုက်သည်၏အဖြစ်ကို။ အဟရတိ၊ ထိုက်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဝိတက္ကဝိစာရက္ခောဘဝိရဟေန၊ ဝိတက်ဝိစာရတို့၏ လှုပ်ချောက်ခြား ခြင်းကင်းသဖြင့်။ အတိဝိယ၊ အလွန်လျှင်။ အစလတ္တာ စ၊ လှုပ်ခြင်းမရှိသော ကြောင့်လည်းကောင်း။ သုပ္ပသန္နတ္တာ စ၊ ကောင်းစွာကြည်လင်သည်၏ အဖြစ် ကြောင့်လည်းကောင်း။ သမာဓိတိ ဝတ္တဗ္ဗံ အရဟတိ။ (ပြန်စပ်)။ တသ္မာ၊ ထို့ကြောင့်။ ဣမဿ၊ ဤဒုတိယစျာန်၏။ ဝဏ္ဏဘဏနတ္ထံ၊ ဂုဏ်ကျေးဇူးကို ချီးမွမ်း ခြင်းငှာ။ ဣဒမေဝ၊ ဤဒုတိယစျာန်ကိုသာလျှင်။ သမာဓိဇန္တိ၊ သမာဓိဇံဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ ပီတိသုခန္တိ ဣဒံ၊ ပီတိသုခရှိသော ဟူသော ဤစကားသည်။ ဝုတ္တနယမေဝ၊ ဖွင့်ဆိုခဲ့ပြီးသော နည်းရှိသည်သာလျှင်တည်း။

ဒုတိယန္တိ၊ ဒုတိယဟူသည်ကား။ ဂဏနာနုပုဗ္ဗတာ၊ ရေတွက်ခြင်း အစဉ်အားဖြင့်။ ဒုတိယံ၊ နှစ်ကြိမ်မြောက်ဖြစ်သည်၏အဖြစ်ကြောင့်။ ဒုတိယံ၊ ဒုတိယမည်၏။ ဣဒံ ဈာနံ၊ ဤဈာန်ကို။ ဒုတိယံ၊ နှစ်ကြိမ်မြောက်။ သမာပဇ္ဇတိ၊ ဝင်စားအပ်၏။ ဣတိပိ၊ ဤသို့သော အနက်ကြောင့်လည်း။ ဒုတိယံ၊ ဒုတိယမည်၏။ ပန၊ ထိုမှတပါး။ ဒွင်္ဂဝိပ္ပဟီနံ၊ အင်္ဂါနှစ်ပါးကို ပယ်ပြီးသည်ဖြစ်၍။ တိဝင်္ဂသမာန္နာဂတံ၊အင်္ဂါသုံးပါးနှင့်ပြည့်စုံသော။ ဣတိ၊ ဤသို့။ယံ ဝစနံ၊အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တတ္ထ၊ ထိုစကားရပ်၌။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရတို့ကို။ ပဟာနဝသေန၊ ပယ်အပ်သည်၏အဖြစ်ကြောင့်။ ဒွင်္ဂဝိပ္ပဟီနတာ၊ အင်္ဂါနှစ်ပါးကို ပယ်ပြီးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ စ၊ ဆက်ဦးအံ့။ ပဌမဇ္ဈာနဿ၊ ပထမဈာန်၏။ ဥပစာရက္ခဏေ၊ ဥပစာရခဏ၌။ နီဝရဏာနိ၊ နီဝရဏတို့ကို။ ပဟီယန္တိ ယထာ၊ ပယ်အပ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣမဿ ဈာနဿ၊ ဤဈာန်၏။ ဥပစာရက္ခဏေ၊ ဥပစာရခဏ၌။ ဝိတက္ကဝိစာရာ၊ ဝိတက်ဝိစာရတို့ကို။ န ပဟီယန္တိ၊ မပယ်အပ်ကုန်။ ပန၊ စင်စစ်ကေန်အမှန်အားဖြင့်။ အပ္ပနာက္ခဏေယေဝ၊ အပ္ပနာခဏ၌သာလျှင်။ ဧတံ ဒုတိယံ ဈာနံ၊ ဤဒုတိယဈာန်သည်။ တေဟိ၊ ထိုဝိတက် ဝိစာရတို့နှင့်။ ဝိနာ၊ ကင်း၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ တေ၊ ထိုဝိတက်ဝိစာရတို့ကို။ အဿ၊ ဤဒုတိယဈာန်၏။ ပဟာနင်္ဂန္တိ၊ ပယ်အပ်သောအင်္ဂါတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ပီတိ၊ ပီတိလည်းကောင်း။ သုခံ၊ သုခလည်းကောင်း။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ တိဏ္ဏံ၊ ဤသုံးပါးတို့၏။ ဥပ္ပတ္တိဝသေန၊ ဖြစ်ခြင်း၏ အစွမ်းအားဖြင့်။ တိဝင်္ဂသမန္နာဂတတ္တာ၊ အင်္ဂါသုံးပါးနှင့်ပြည့်စုံသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တေန၊ ထို့ကြောင့်။ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ သမ္ပသာဒေါ၊ ကြည်လင်ခြင်းသည်။ ပီတိ၊ ပီတိသည်။သုခံ၊ သုခသည်။ စိတ္တဿ ဧကဂ္ဂတာ၊စိတ္တေကဂ္ဂတာသည်။ ဈာနန္တိ ဈာနံ နာမ၊ဈာန်မည်၏။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဝိဘင်္ဂဝစနံ၊ ထိုဝိဘင်းကျမ်း၌ ဆိုအပ်သော စကားကို။ သပရိက္ခာရံ၊ အခြံအရံနှင့်တကွဖြစ်သော။ ဈာနံ ဒဿေတုံ၊ ဈာန်ကို ပြခြင်းငှာ။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ပန၊ ထိုသို့ ဟောတော်မူသော်လည်း။ သမ္ပသာဒနံ၊ သဒ္ဓါကို။ ဌပေတွာ၊ ချန်ထား၍။ နိပ္ပရိယာယေန၊ မုချအားဖြင့်။ ဥပနိဇ္ဈာန-လက္ခဏပတ္တာနံ အင်္ဂါနံ ဝသေန၊ စူးစူးစိုက်စိုက်ရှုခြင်းလက္ခဏာသို့ ရောက်သော အင်္ဂါတို့၏အစွမ်းအားဖြင့်။ ဧတံ ဈာနံ၊ ထိုဈာန်သည်။ တိဝင်္ဂိကမေဝ၊ အင်္ဂါသုံးပါးသာ ရှိသည်။ ဟောတိ၊ ဖြစ်၏။ ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ တသ္မိံ သမယေ၊ ထိုအခါ၌။ ကတမံ တိဝင်္ဂိကံ ဈာနံ၊ အဘယ်အင်္ဂါသုံးပါးရှိသော ဈာန်သည်။ ဟောတိ၊ ဖြစ်သနည်း။ ပီတိ၊ ပီတိလည်းကောင်း။ သုခံ၊ သုခလည်းကောင်း။ စိတ္တဿ ဧကဂ္ဂတာ၊ စိတ္တေကဂ္ဂတာ

လည်းကောင်း။ ဣတိ၊ ဤသို့။ တိဝင်္ဂိကံ ဈာနံ ဟောတိ၊ အင်္ဂါသုံးပါးရှိသော ဈာန်ဖြစ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။ သေသံ၊ ကြွင်းသော သိမှတ်ဖွယ်ဟူသမျှသည်။ ပဌမဈာနေ၊ ပထမဈာန်၌။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။

## တတိယဈာနကထာ

## တတိယဈာန်ကို ဖွင့်ပြချက်

၀၂။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အဓိဂတေ၊ ရအပ်ပြီးသော။ တသ္မိံပိ၊ ထိုဈာန်၌လည်း။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်ပင်လျှင်။ ပဉ္စဟာ-ကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ စိဏ္ဏဝသိနာ ဟုတွာ၊ နိုင်နင်းအောင် လေ့လာမှီဝဲပြီးသည်ဖြစ်၍။ ပဂုဏဒုတိယဈာနတော၊ ကျေပွန်အောင် ဝင်စားထားအပ်သော ဒုတိယဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ အယံ သမာပတ္တိ၊ ဤဒုတိယဈာန်သမာပတ်သည်။ အာသန္နဝိတက္ကဝိစာရပစ္စတ္ထိကာ၊ ဝိတက်ဝိစာရ ဟူသော ရန်သူနှင့် နီးကပ်၏။ ဣတိ စ၊ ဤသို့လည်းကောင်း။ တတ္ထ၊ ထိုဒုတိယဈာန်၌။ ယဒေဝ၊ အကြင်။ ပီတိဂတံ၊ ပီတိသည်။ (ဂတသဒ္ဒါ တဗ္ဘော)။ အတ္ထိ၊ ရှိ၏။ ဥပ္ပိလာဝိတံ၊ ပေါ်လွင်သည်၏အဖြစ်ကို ဖြစ်သော။ ယံ ပီတိဂတံ၊ အကြင်ပီတိသည်။ (ဂတသဒ္ဒါ တဗ္ဘော)။ အတ္ထိ၊ ရှိ၏။ (၁၃၄) တေန၊ ထိုပီတိဖြင့်။ ဧတံ၊ ဤဒုတိယဈာန်ကို။ ဩဠာရိကံ၊ ရုန့်ရင်းကြမ်းတမ်း၏ဟူ၍။ အက္ခာယတိတိ၊ ဟောတော်မူအပ်ပေ၏ဟူ၍။ ဝုတ္တာယ၊ ဆိုအပ်သော။ ပီတိယာ၊ ပီတိ၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းကြမ်းတမ်းခြင်းကြောင့်။ အင်္ဂဒုဗ္ဗလတာ စ၊ ဈာန်အင်္ဂါအားနည်း၏ဟူ၍လည်းကောင်း။ အာဝဇ္ဇေန္တော၊ ဆင်ခြင်လျက် (ထည့်)၊ တတ္ထ၊ ထိုဒုတိယဈာန်၌။ ဒေါသံ ဒိတွာ၊ အပြစ်ကို မြင်၍။ တတိယဈာနံ၊ တတိယဈာန်ကို။ သန္တတော၊ ငြိမ်သက်သော တရားဟူ၍။ မနသိ ကရိတွာ၊ နှလုံးသွင်းလျက်။ ဒုတိယဈာနေ၊ ဒုတိယဈာန်၌။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက်တွယ်တာခြင်းကို ကုန်ခန်းစေ၍။ တတိယာဓိဂမာယ၊ တတိယဈာန်ကို ရခြင်းငှာ။ ယောဂေါ၊ ဘာဝနာအလုပ်အားထုတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အထ၊ ထိုသို့ အားထုတ်လျှင်။ ယဒါ၊ အကြင်အခါ၌။ ဒုတိယဈာနတော ဝုဋ္ဌာယ၊ ဒုတိယဈာန်မှ ထ၍။ သတဿ၊ သတိရလျက်။ သမ္ပဇာနဿ၊ သမ္ပဇဉ်ဉာဏ်နှင့် ပြည့်စုံလျက်။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုယောဂီအား။ ပီတိ၊ ပီတိသည်။ ဩဠာရိကတော၊ ရုန့်ရင်းကြမ်းတမ်းသောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်လာ၏။ သုခဉ္စေဝ၊ သုခသည်လည်းကောင်း။ ဧကဂ္ဂတာ စ၊ ဧကဂ္ဂတာသည်လည်းကောင်း။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်လာ၏။ တဒါ၊ ထိုသို့ ထင်လာသောအခါ၌။ အဿ၊ ထိုယောဂီသည်။ ဩဠာရိကင်္ဂပ္ပဟာ-

နာယ၊ ရှုံ့ရင်းကြမ်းတမ်းသော အင်္ဂါကို ပယ်ခြင်းငှာသည်းကောင်း။ သန္တအင်္ဂပဋိလာဘာယ စ၊ ငြိမ်သက်သော အင်္ဂါကို ရခြင်းငှာလည်းကောင်း။ တဒေဝ နိမိတ္တံ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင်။ ပထဝီ ပထဝီတိ၊ မြေ မြေဟု။ ပုနပ္ပုနံ မနသိကရောတော၊ အဖန်ဖန်အထပ်ထပ် နှလုံးသွင်းစဉ်။ ဣဒါနိ၊ ယခုအခါ၌။ တတိယဇ္ဈာနံ ဥပ္ပဇ္ဇိဿတီတိ၊ တတိယဈာန်ဖြစ်ပေါ်လာတော့မည်ဟု။ ဝုတ္တဇဝနဝါရေ၊ ဆိုသင့်သော ဇောဝါရ၌။ (ထည့်)။ ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ၊ ဘဝင်ကိုဖြတ်၍။ တဒေဝ ပထဝီကသိဏံ၊ ထိုပထဝီကသိုဏ်းနိမိတ်ကိုပင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ မနောဒွါရာဝဇ္ဇနံ ဥပ္ပဇ္ဇတိ၊ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ တတော၊ ထိုနောက်မှ။ တသ္မိံ ယေဝါရမ္မဏေ၊ ထိုပထဝီကသိုဏ်း အာရုံ၌ပင်လျှင်။ စတ္တာရိ ပဉ္စ ဝါ ဇဝနာနိ၊ ဇောလေးကြိမ် ငါးကြိမ်တို့သည်။ ဇဝန္တိ၊ စောကုန်၏။ ယေသံ အဝသာနေ၊ ယင်း ဇောလေးကြိမ် ငါးကြိမ်တို့၏ အဆုံး၌။ ဧကံ၊ တခုသော စတုတ္ထ, ပဉ္စမဇောသည်။ ရူပါဝစရံ တတိယဇ္ဈာနိကံ၊ ရူပါဝစရ တတိယဈာန်ပေတည်း။ သေသာနိ၊ ကြွင်းကုန်သော သုံးကြိမ် လေးကြိမ်သော ဇောတို့သည်။ ဝုတ္တနယေနေဝ၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူ-ဟု ဆိုအပ်ပြီးသော အပြားအားဖြင့်သာလျှင်။ ကာမာဝစရာနိ၊ ကာမာဝစရဇောတို့ပင်တည်း။ ဧတ္တာဝတာ၊ ဤသည်ကား တတိယဈာန်ကို ရပုံ အစဉ်ပေတည်း။ စ၊ ဆက်အံ့။ ဧတ္တာဝတာ၊ ဤမျှသော ဘာဝနာအစဉ်ဖြင့်။ အယံ ယောဂီ၊ ဤယောဂီသည်။ ပီတိယာ စ ဝိရာဂါ၊ ပီတိကို စက်ဆုပ်ခြင်းကြောင့်။ ဝါ၊ ပီတိကို လွန်မြောက်ခြင်း, ဝိဘက်ဝိစာရတို့ကို ငြိမ်းအေးစေခြင်းကြောင့်။ ဥပေက္ခကော စ၊ လျစ်လျူရှုသည်ဖြစ်၍လည်းကောင်း။ သတော စ၊ သတိရှိလျက်လည်း။ သမ္ပဇာနော၊ ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံလျက်။ ဝိဟရတိ၊ နေ၏။ သုခဉ္စ၊ ကာယိကသုခ, စေတသိကသုခကိုလည်း။ ကာယေန၊ ရူပကာယ, နာမကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ တံ တတိယဇ္ဈာနသမင်္ဂိပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ယံ တတိယဇ္ဈာနဟေတု၊ အကြင် တတိယဈာန်ကြောင့်။ ဝါ၊ ယင်း တတိယဈာန်ကြောင့်။ အရိယာ၊ ဘုရား အစ ရှိသော အရိယာအရှင်မြတ်တို့သည်။ ဥပေက္ခကော၊ လျစ်လျူရှုသူ။ သတိမာ၊ သတိရှိသူ။ သုခဝိဟာရီတိ၊ချမ်းသာစွာ နေလေ့ရှိသူဟု။ အာစိက္ခန္တိ၊ ချီးမွမ်း ပြောဆိုကြကုန်၏။ တတိယဇ္ဈာနံ၊ တတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဧဝံ ဣမိနာ ဝသေန၊ ဤသို့နေသော။ အနေန၊ ဤယောဂီသည်။ ဧကင်္ဂဝိပ္ပဟီနံ၊ အင်္ဂါတပါးကို ပယ်ပြီးသည်ဖြစ်၍။ ဒုဝင်္ဂသမန္နာဂတံ၊ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသော။ တိဝိဓကလျာဏံ၊ ကောင်းခြင်းသုံးပါးနှင့်လည်း ပြည့်စုံသော။ ဒသလက္ခဏသမ္ပန္နံ၊ လက္ခဏာဆယ်ပါးနှင့်လည်းပြည့်စုံသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို အာရုံပြုသော။ တတိယံ ဈာနံ၊ တတိယ ဈာန်ကို။ အဓိဂတံ ဟောတိ၊ ရပေ၏။

၇၃။ တတ္ထ၊ ထိုတတိယစျာန်ကို ပြရာစကားရပ်၌။ ပီတိယာ စ ဝိရာဂါတိ ဧတ္ထ၊ ပီတိယာ စ ဝိရာဂါ·ဟူသော ဤစကားရပ်၌။ ဝုတ္တပ္ပကာရာယ၊ ဆိုအပ်ပြီးသောအပြားရှိသော။ ပီတိယာ၊ ပီတိကို။ ဇိဂုစ္ဆနံ ဝါ၊ စက်ဆုပ်ခြင်းသည်လည်း ကောင်း။ သမတိက္ကမော ဝါ၊ လွန်မြောက်ခြင်းသည်လည်းကောင်း။ ဝိရာဂေါ နာမ၊ စက်ဆုပ်ခြင်းမည်ပေ၏။ ပန၊ ဆက်ဦးအံ့။ ဥဘိန္နံ၊ ပီတိယာနှင့် ဝိရာဂါ နှစ်ပုဒ်တို့၏။ အန္တရာ၊ အကြား၌။ စသဒ္ဒေါ၊ စသဒ္ဒါသည်။ သမ္ပိဏ္ဍနတ္ထော၊ ပေါင်းခြင်းအနက်ရှိ၏။ သော၊ ထိုစသဒ္ဒါသည်။ ဝူပသမံ ဝါ၊ ပီတိကို ငြိမ်းစေခြင်းကိုလည်း။ သမ္ပိဏ္ဍေတိ၊ပေါင်း၏။

တတ္ထ၊ ထိုပေါင်းပုံနှစ်မျိုးတို့တွင်။ ယဒါ၊ အကြင်အခါ၌။ ဝူပသမမေဝ၊ ငြိမ်းစေခြင်းကိုသာလျှင်။ သမ္ပိဏ္ဍေတိ၊ ပေါင်း၏။ တဒါ၊ ထိုအခါ၌။ ပီတိယာ စ ဝိရာဂါ၊ ပီတိကိုလည်း စက်ဆုပ်ခြင်းကြောင့်။ ဘိယျော၊ ထို့ထက်အလွန် ဆိုဖွယ်ရာကား။ ကိဉ္စ၊ အဘယ်နည်း။ ပီတိယာ၊ ပီတိကို (လိုက်)။ ဝူပသမာ စ၊ ငြိမ်းစေခြင်းကြောင့်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ယောဇနာ၊ ယှဉ်စပ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

စ၊ ဆက်ဦးအံ့။ ဣမိဿာ ယောဇနာယ၊ ဤစကားယှဉ်စပ်ခြင်း၌။ ဝိရာဂေါ ဝိရာဂသဒ္ဒါသည်။ ဇိဂုစ္ဆနတ္ထော၊ စက်ဆုပ်ခြင်းအနက်ရှိသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ပီတိယာ၊ ပီတိကို။ ဇိဂုစ္ဆနာ စ၊ စက်ဆုပ်ခြင်း ကြောင့်လည်းကောင်း။ ဝူပသမာ စ၊ ငြိမ်းခြင်းကြောင့်လည်းကောင်း။ ဣတိ အယံ အတ္ထော၊ ဤဆိုအပ်ပြီးသော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ပန၊ အဖို့တပါးကား။ ယဒါ၊ အကြင်အခါ၌။ ဝိတက္ကဝိစာရဝူပသမံ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းအေးခြင်းကို။ သမ္ပိဏ္ဍေတိ၊ ပေါင်း၏။ တဒါ၊ ထိုအခါ၌။ ပီတိယာ စ ဝိရာဂါ၊ ပီတိကို လွန်မြောက်ခြင်းကြောင့်လည်းကောင်း။ ဘိယျော၊ ထို့ထက် အလွန်ဆိုဖွယ်ရာကား။ ကိဉ္စ၊ အဘယ်နည်း။ ဝိတက္ကဝိစာရာနံ၊ ဝိတက်ဝိစာရ တို့ကို။ ဝူပသမာ စ၊ ငြိမ်းစေခြင်းကြောင့်လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့။ ယောဇနာ၊ ယှဉ်စပ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ စ၊ ဆက်ဦးအံ့။ ဣမိဿာ ယောဇနာယ၊ ဤစကားယှဉ်စပ်ခြင်း၌။ ဝိရာဂေါ၊ ဝိရာဂသဒ္ဒါသည်။ သမတိက္ကမနတ္ထော ဟောတိ၊ လွန်မြောက်ခြင်းအနက်ရှိ၏။ တသ္မာ၊ ထို့ကြောင့်။ ပီတိယာ စ သမတိက္ကမာ၊ ပီတိကို လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ဝိတက္ကဝိစာရာနဉ္စ ဝူပသမာ၊ ဝိတက်ဝိစာရတို့ကို ငြိမ်းစေခြင်းကြောင့်လည်း ကောင်း။ ဣတိ အယံ အတ္ထော၊ ဤသို့သော အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဧတေ ဝိတက္ကဝိစာရာ၊ ဤဝိတက်ဝိစာရတို့သည်။ ဒုတိယဇ္ဈာနေယေဝ၊ ဒုတိယစျာန်၌ပင်လျှင်။ ကာမဉ္စ ဝူပသန္တာ၊ အကယ်၍ကား ငြိမ်းစေကုန်၏။ ပန တထာပိ၊ ထိုသို့ပင် ငြိမ်းစေပါသော်လည်း။ ဣမဿ ဈာနဿ၊ ဤတတိယ

ဈာန်၏။ မဂ္ဂပရိဗ္ဗန္တတ္တာ၊ လမ်းကြောင်းကို ပြုခြင်းငှာလည်းကောင်း။ ဝဏ္ဏဘာဏနတ္တာ၊ ဂုဏ်ကို ချီးမွမ်းခြင်းငှာလည်းကောင်း။ ဧတံ၊ ဤပီတိက္ခ-ဝိရာဂါနဉ္စ ဥပေက္ခကော စ ဝိဟရတိ ဟူသော စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိ၊ မှန်၏။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ ဟူသော စကားကို။ ဝုတ္တေ၊ ဆိုအပ်သော်။ ပိတက္ကဝိစာရဝူပသမေ၊ ဝိတက်ဝိစာရတို့၏ ငြိမ်းခြင်းသည်။ ဣမဿ ဈာနဿ၊ ဤတတိယဈာန်၏။ နူန၊ စင်စစ်။ မဂ္ဂေါ၊ လမ်းကြောင်းပေတည်း။ (တနည်း)။ မဂ္ဂေါ၊ လမ်းကြောင်းသည်။ နူန ဟောတိ၊ စင်စစ်ဖြစ်ပေ၏။ ဣတိ ဣဒံ အတ္ထဇာတံ၊ ဤသဘောသည်။ ပညာယတိ၊ ထင်ရှား၏။ စ၊ ဥပမာအားဖြင့် ပြုဦးအံ့။ တတိယေ အရိယမဂ္ဂေ၊ တတိယ အရိယမဂ်၌။ အပ္ပဟီနာနမ္ပိ၊ ပယ်အပ်သည်မဟုတ်ကြကုန်သော်လည်း။ သက္ကာယ-ဒိဋ္ဌာဒီနံ၊ သက္ကာယဒိဋ္ဌိ စသည်တို့ကို။ ပဉ္စန္နံ၊ ဩရမ္ဘာဂိယာနံ သညောဇနာနံ ပဟာနာယာတိ၊ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သညောဇနာနံ ပဟာနာယ-ဟူ၍။ ဧဝံ၊ ဤသို့။ ပဟာနံ၊ ပယ်ခြင်းကို။ ဝုစ္စမာနံ၊ ဟောတော်မူအပ်သည်ဖြစ်သော်။ ဝဏ္ဏဘဏံ၊ ထိုတတိယအရိယမဂ်ကို ချီးမွမ်းခြင်းသည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တဒဓိဂမာယ၊ ထိုတတိယအရိယမဂ်ကို ရခြင်းငှာ။ ဥဿုက္ကာနံ၊ အားထုတ်သူတို့၏။ ဥဿာဟဇနကံ၊ အားတက်သရော အားထုတ်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဣဓ၊ ဤတတိယဈာန်၌။ အဝူပသန္တာနမ္ပိ၊ မငြိမ်းကုန်သော်လည်း။ ဝါ၊ ငြိမ်းသည်မဟုတ်ကြကုန်သော်လည်း။ ဝိတက္ကဝိစာရာနံ၊ ဝိတက်, ဝိစာရတို့၏။ ဝူပသမော၊ ငြိမ်းခြင်းကို။ ဝုစ္စမာနော၊ ဆိုအပ်သော်။ ဝါ၊ ဆိုလျှင်။ ဝဏ္ဏဘဏံ၊ ဤတတိယဈာန်၏ ဂုဏ်ကို ချီးမွမ်းရာရောက်သည်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ပီတိယာ စ သမတိက္ကမာ ဝိတက္ကဝိစာရာနဉ္စ ဝူပသမာတိ၊ ပီတိယာ စ သမတိက္ကမာ ဝိတက္ကဝိစာရာနဉ္စ ဝူပသမာ ဟူသော။ ဧဟံ အဝေတ္ထ၊ ဤအနက်ကို။ ဝုတ္တော၊ ဆိုအပ်ပေ၏။

၇၄။ ဥပေက္ခကော စ ဝိဟရတီတိ ဧတ္ထ၊ ဥပေက္ခကော စ ဝိဟရတိ ဟူသော ဤစကားရပ်၌။ အတ္ထော၊ အနက်ကား။ ဥပပတ္တိတော၊ အသင့်အားဖြင့်။ ဣက္ခတိ၊ ရှုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဥပေက္ခာ၊ ဥပေက္ခာမည်၏။ သမံ ပဿတိ၊ အညီအမျှ ရှုတတ်၏။ အပက္ခပတိတာ ဟုတွာ၊ သုခ ဒုက္ခတို့တွင် တဘက်ဘက်၌ မကျမူ၍။ ဝါ၊ တဘက်ဘက်၌ မကျပဲ။ ပဿတိ၊ ရှုတတ်၏။ ဣတိ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ဝိသဒါယ၊ ညစ်ညူးကြောင်းကိလေသာကင်းသဖြင့် သန့်ရှင်းသော။ ဝိပုလာယ၊ မဟဂ္ဂုတ်အဖြစ်သို့ရောက်သဖြင့် ကြီးကျယ်ပြန့်ပြောသော။ ထာမဂတာယ၊ ပီတိ ကင်းသဖြင့် မြဲမြံခိုင်ခံ့တည်တံ့သော။ တာယ ဥပေက္ခာယ၊ ထိုဥပေက္ခာနှင့်။

သမန္နာဂတတ္တာ၊ ပြည့်စုံသောကြောင့်။ တတိယဇ္ဈာနသမင်္ဂီ၊ တတိယစျာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ဥပေက္ခကောတိ၊ လျစ်လျူရှုသောသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ဆက်ဦးအံ့။ ဥပေက္ခာ၊ ဥပေက္ခာသည်။ ဆဠင်္ဂုပေက္ခာ၊ ဆဠင်္ဂုပေက္ခာလည်းကောင်း။ ဗြဟ္မဝိဟာရုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာလည်းကောင်း။ ဗောဇ္ဈင်္ဂုပေက္ခာ၊ ဗောဇ္ဈင်္ဂုပေက္ခာ လည်းကောင်း။ ဝီရိယုပေက္ခာ၊ ဝီရိယုပေက္ခာလည်းကောင်း။ သင်္ခါရုပေက္ခာ၊ သင်္ခါရုပေက္ခာလည်းကောင်း။ ဝေဒနုပေက္ခာ၊ ဝေဒနုပေက္ခာလည်းကောင်း။ ဝိပဿနုပေက္ခာ၊ ဝိပဿနုပေက္ခာလည်းကောင်း။ တတြမဇ္ဈတ္တုပေက္ခာ၊ တတြမဇ္ဈတ္တုပေက္ခာလည်းကောင်း။ ဈာနုပေက္ခာ၊ ဈာနုပေက္ခာလည်းကောင်း။ ပါရိသုဒ္ဓုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒသဝိဓာ ဟောတိ၊ ဆယ်ပါးအပြားရှိ၏။

တတ္ထ၊ ထိုဥပေက္ခာဆယ်ပါးတို့တွင်။ ဘိက္ခဝေ၊ ရဟန်းတို့။ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ ဒိသွာ၊ အဆင်းကို မြင်၍။ ဝါ၊ အဆင်းကိုမြင်လျှင်။ သုမနော၊ ဝမ်းမြောက်သည်။ နေဝ ဟောတိ၊ မဖြစ်။ ဒုမ္မနော၊ စိတ်မချမ်းသာမှုသည်။ န ဟောတိ၊ မဖြစ်။ သတော၊ အမှတ်ရသည်ဖြစ်၍။ သမ္ပဇာနော၊ မှန်စွာအပြားအားဖြင့် သိသည်ဖြစ်၍။ ဥပေက္ခကော စ၊ လျစ်လျူရှုလျက်သာလျှင်။ ဝိဟရတိ၊ နေ၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂတာ၊ လာသော။ (ရှေးနားက ဥပေက္ခာလှမ်းစပ်)။ ခီဏာသဝဿ၊ ရဟန္တာအား။ ဝါ၊ ရဟန္တာ၏။ ဆသု ဒွါရေသု၊ ဒွါရခြောက်ပါးတို့၌။ ဣဋ္ဌာနိဋ္ဌဆဠာရမ္မဏာပါထေ၊ ကောင်း, မကောင်းသော အာရုံခြောက်ပါး တပါးပါး ထင်လာသော်။ ဝါ၊ ထင်လာလျှင်။ ပရိသုဒ္ဓပကတိဘာဝါဝိဇဟနာကာရဘူတာ၊ ထက်ဝန်းကျင် စင်ကြယ်ခြင်းဟူသော ပကတိသဘောကို မစွန့်သောအခြင်းအရာ အားဖြင့် ဖြစ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။အယံ၊ ဤရဟန္တာပုဂ္ဂိုလ်တို့၏ ဥပေက္ခာသည်။ ဆဠင်္ဂုပေက္ခာ နာမ၊ ဆဠင်္ဂုပေက္ခာမည်၏။

ဥပေက္ခာသဟဂတေန၊ ဥပေက္ခာနှင့်တကွဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧကံ ဒိသံ၊ တခုသောအရပ်မျက်နှာကို။ ဖရိတွာ၊ ဖြန့်၍။ ဝိဟရတိ၊ နေ၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂတာ၊ လာသော။ သတ္တေသု၊ သတ္တဝါတို့၌။ မဇ္ဈတ္တာကာရဘူတာ၊ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ဟူရှုလျက် အလယ်အလတ်သဘောရှိသော အခြင်းအရာအားဖြင့် ဖြစ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။အတ္ထိ၊ ရှိ၏။ အယံ၊ ဤဥပေက္ခာသည်။ ဗြဟ္မဝိဟာရုပေက္ခာ နာမ၊ ဗြဟ္မဝိဟာရုပေက္ခာ မည်၏။

ပန၊ အဖို့တပါးကား။(နောက်ကလိုက်)။ ဝိဝေကနိဿိတံ၊ဝိဝေကကိုမှီသော။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂံ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝေတိ၊ ပွားစေ၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂတာ၊ လာသော။ သဟဇာတဓမ္မာနံ၊ တကွဖြစ်ဖက်တရား

တို့တွင်။ ဝါ၊ တို့၌။ မဇ္ဈတ္တာကာရဘူတာ၊ အလယ်အလတ်သဘောရှိသော အခြင်းအရာအားဖြင့်ဖြစ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဥပေက္ခာသည်။ ဗောဇ္ဈင်္ဂုပေက္ခာ နာမ၊ ဗောဇ္ဈင်္ဂုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ ကာလေန ကာလံ၊ ရံဖန်ရံခါ။ ဥပေက္ခာနိမိတ္တံ၊ အလယ်အလတ်ဖြစ်သော ဝီရိယဟုဆိုအပ်သော ဥပေက္ခာနိမိတ်ကို။ မနသိ ကရောတိ၊ နှလုံးသွင်း၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂတာ၊ လာသော။ အနစ္စာရဒ္ဓနာတိ-သိထိလဝီရိယသင်္ခါတာ၊ မတင်းလွန်း မလျော့လွန်းသော ဝီရိယဟုဆိုအပ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်။ ဝီရိယုပေက္ခာ နာမ၊ ဝီရိယုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ ကတိ သင်္ခါရုပေက္ခာ၊ အဘယ်မျှသော သင်္ခါရုပေက္ခာတို့သည်။ သမထဝသေန၊ သမထ၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သနည်း။ ကတိ သင်္ခါရုပေက္ခာ၊ အဘယ်မျှသော သင်္ခါရုပေက္ခာတို့သည်။ ဝိပဿနာဝသေန၊ ဝိပဿနာ၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သနည်း။ အဋ္ဌ သင်္ခါရုပေက္ခာ၊ ရှစ်ပါးသော သင်္ခါရုပေက္ခာတို့သည်။ သမထဝသေန၊ သမထ၏အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂတာ၊ လာသော။ နီဝရဏာဒိပဋိ-သင်္ခါသန္တိဋ္ဌနာ၊ နီဝရဏစသည်တို့ကို ရှုဆင်ခြင်၍ ကောင်းစွာတည်သော။ ဂဟဏေ၊ ယူခြင်း၌။ မဇ္ဈတ္တဘူတာ၊ အလယ်အလတ်ဖြစ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်။ သင်္ခါရုပေက္ခာ နာမ၊ သင်္ခါရုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ ဥပေက္ခာသဟဂတံ၊ ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော။ ကာမာဝစရံ ကုသလံ စိတ္တံ၊ ကာမာဝစရ ကုသိုလ်စိတ်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧဝံ အာဂတာ၊ ဤသို့လာသော။ အဒုက္ခမသုခသညိတာ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်ဟု သမုတ်အပ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။အယံ၊ ဤဥပေက္ခာသည်။ ဝေဒနုပေက္ခာ နာမ၊ ဝေဒနုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ (လိုက်)။ ယံ၊ အကြင်တရားသဘောသည်။ အတ္ထိ၊ ရှိ၏။ ယံ၊ အကြင်ခန္ဓာငါးပါးအပေါင်းသည်။ ဘူတံ၊ ဖြစ်ပေါ်၏။ တံ၊ ထိုခန္ဓာငါးပါးအပေါင်းကို။ ပဇဟတိ၊ ပယ်စွန့်၏။ တထာ ဘူတော၊ ထိုသို့ ပယ်စွန့်သောသူသည်။ တတ္ထ၊ ထိုခန္ဓာငါးပါးအပေါင်း၌။ ဥပေက္ခံ၊ လျစ်လျူရှုခြင်း ဥပေက္ခာကို။ ပဋိလဘတိ၊ ရ၏။ ဣတိ ဧဝံ အာဂတာ၊ ဤသို့လာသော။ ဝိစိနနေ၊ ဆင်ခြင်သုံးသပ်ခြင်း၌။ မဇ္ဈတ္တဘူတာ၊ အလယ်အလတ်သဘောရှိသော။ ယာ

ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဥပေက္ခာသည်။ ဝိပဿနုပေက္ခာ နာမ၊ ဝိပဿနုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ ယေဝါပနကေသု၊ ယေဝါပနကသဒ္ဒါဖြင့် ဟောအပ်ကုန်သော။ ဆန္ဒာဒိသု၊ ဆန္ဒအစရှိသော တရားတို့၌။ အာဂတာ၊ လာသော။ သဟဇာတာနံ၊ အတူတကွဖြစ်သော မဂ်တရားတို့ကို။ သမဝါဟိတဘူတာ၊ အညီအမျှ ဆောင်တတ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်။ တတြမဇ္ဈတ္တုပေက္ခာ နာမ၊ တတြမဇ္ဈတ္တုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ (လိုက်) ဥပေက္ခကော စ၊ လျစ်လျူရှုလျက်လည်း။ ဝိဟရတိ၊ နေ၏။ ဣတိ ဧဝံ အာဂတာ၊ ဤသို့လာသော။ အဂ္ဂသုခေ၊ မြတ်သောသုခသည်။ သမာနေပိ၊ ဖြစ်ပါသော်လည်း။ ဝါ၊ ဖြစ်စေကာမူ။ တသ္မိံ၊ ထိုတတိယစျာန် သုခ၌။ အပက္ခပါတဇနနီ၊ တဘက်သို့ကျခြင်းကို မဖြစ်စေတတ်သော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်။ ဈာနုပေက္ခာ နာမ၊ ဈာနုပေက္ခာမည်၏။

ပန၊ အဖို့တပါးကား။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာကြောင့် သတိ၏ လုံးဝစင်ကြယ်ခြင်းရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ ဣတိ ဧဝံ အာဂတာ၊ ဤသို့လာသော။ သဗ္ဗပစ္စနီကပရိသုဒ္ဓါ၊ နီဝရဏ ဝိတက် စသော ဆန့်ကျင်ဘက်တရားအားလုံးတို့မှ လုံးဝစင်ကြယ်သော။ ပစ္စနီကဝူပသမနေပိ၊ ဆန့်ကျင်ဘက်တရားတို့ကို ငြိမ်းစေခြင်း၌လည်း။ အဗျာပါရဘူတာ၊ ကြောင့်ကြစိုက်ခြင်းမရှိသော။ ယာ ဥပေက္ခာ၊ အကြင်ဥပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်။ ပါရိသုဒ္ဓုပေက္ခာ နာမ၊ ပါရိသုဒ္ဓုပေက္ခာမည်၏။

တတြ၊ ထိုဥပေက္ခာ ဆယ်ပါးတို့တွင်။ ဆဠင်္ဂုပေက္ခာ စ၊ ဆဠင်္ဂုပေက္ခာသည်လည်းကောင်း။ ဗြဟ္မဝိဟာရုပေက္ခာ စ၊ ဗြဟ္မဝိဟာရုပေက္ခာသည်လည်းကောင်း။ ဗောဇ္ဈင်္ဂုပေက္ခာ စ၊ ဗောဇ္ဈင်္ဂုပေက္ခာသည် လည်းကောင်း။ တတြမဇ္ဈတ္တုပေက္ခာ စ၊ တတြမဇ္ဈတ္တုပေက္ခာသည် လည်းကောင်း။ ဈာနုပေက္ခာ စ၊ ဈာနုပေက္ခာသည်လည်းကောင်း။ ပါရိသုဒ္ဓုပေက္ခာ စ၊ ပါရိသုဒ္ဓုပေက္ခာသည်လည်းကောင်း။ အတ္ထတော၊ တရားကိုယ်အားဖြင့်။ ဧကာ၊ တူကုန်၏။ တတြမဇ္ဈတ္တုပေက္ခာဝ၊ တတြမဇ္ဈတ္တုပေက္ခာသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပန၊ ထိုသို့ပင်တူသော်လည်း။ တေန တေန အဝတ္ထာဘေဒေန၊ ထိုထိုအခိုက်အတန့် အထူးအားဖြင့်။ အဿာ၊ ထိုတတြမဇ္ဈတ္တုပေက္ခာ၏။ အယံ ဘေဒေါ၊ ဤသို့သော အကွဲအပြားသည်။ ဟောတိ၊ ဖြစ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ သတ္တဿ၊ သတ္တဝါ၏။ ကေဿာပိ သတော၊ တယောက်တည်းပင် ဖြစ်သော်လည်း။

ကုမာရယုဝထေရသေနာပတိရာဇာဒိဝသေန၊ သူငယ်,လုလင်ပျို, လူကြီး, စစ်သူကြီး, မင်းစသည်တို့၏ အစွမ်းအားဖြင့်။ ဘေဒေါ ဝိယ၊ ကွဲပြားသကဲ့သို့ ပေတည်း။ တဿာ၊ ထိုသို့အခိုက်အတန့် အထူးအားဖြင့် ကွဲပြားခြင်းကြောင့်။ တာသု၊ ထိုဥပေက္ခာခြောက်ပါးတို့တွင်။ ယတ္ထ၊ အကြင်စိတ္တုပ္ပါဒ်၌။ ဆဠင်္ဂုပေက္ခာ၊ ဆဠင်္ဂုပေက္ခာသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုစိတ္တုပ္ပါဒ်၌။ ဗောဇ္ဈင်္ဂုပေက္ခာဒယော၊ ဗောဇ္ဈင်္ဂုပေက္ခာစသည်တို့သည်။ န ဟောန္တိ၊ မရှိကုန်။ ဝါ ပန၊ တနည်းသော်ကား။ ယတ္ထ၊ အကြင်စိတ္တုပ္ပါဒ်၌။ ဆဠင်္ဂုပေက္ခာ၊ ဆဠင်္ဂုပေက္ခာသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုစိတ္တုပ္ပါဒ်၌။ ဆဠင်္ဂုပေက္ခာဒယော၊ ဆဠင်္ဂုပေက္ခာ စသည်တို့သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

(၁၅၇) စ၊ ဆက်ဦးအံ့။ တေသံ၊ ထို ဆ,ဗြ,ဗော,တ, ဈာနနှင့်ပဟူသော ဤဥပေက္ခာခြောက်ပါးတို့၏။ အတ္ထတော၊ သရုပ်တရားကိုယ်အားဖြင့်။ ဧကီဘာဝေါ၊ တူသောအဖြစ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သင်္ခါရုပေက္ခာဝိပဿနုပေက္ခာနမ္ပိ၊ သင်္ခါရုပေက္ခာနှင့်ဝိပဿနုပေက္ခာတို့၏လည်း။ အတ္ထတော၊ သရုပ်တရားကိုယ်အားဖြင့်။ ဧကီဘာဝေါ၊ တူသောအဖြစ်သည်။ ဟောတိ၊ ဖြစ်၏၊ ဟိ၊ မှန်၏။ သာ၊ ထိုသင်္ခါရုပေက္ခာနှင့် ဝိပဿနုပေက္ခာသည်။ အတ္ထတော၊ သရုပ်တရားကိုယ်အားဖြင့်။ ပညာ ဧဝ ဟုတွာ၊ ပညာသည်သာ လျှင် ဖြစ်၍။ (ထည့်)။ ကိစ္စဝသေန၊ ကိစ္စ၏အစွမ်းအားဖြင့်။ ဒွိဓာ ဘိန္နာ၊ နှစ်မျိုးကွဲပြားလေ၏။ ဟိ၊ ချဲ့ဦးအံ့။ ဝါ၊ ဥပမာဆောင် ထင်အောင်ပြဦးအံ့။ သာယံ၊ ညနေချမ်း၌။ ဂေဟံ ပဝိဋ္ဌံ၊ အိမ်သို့ဝင်လာသော။ သပ္ပံ၊ မြွေကို။ အဇပဒဒဏ္ဍံ ဂဟေတွာ၊ ဆိတ်ခွာသဏ္ဌာန်ရှိသော တောင်ဝှေးကိုယူ၍။ ပရိယေသမာနဿ ပုရိသဿ၊ ရှာဖွေသော ယောကျ်ားအား။ တံ၊ ထိုမြွေကို။ ထုသကောဋ္ဌကေ၊ ဖွဲတိုက်၌။ ဝါ၊ ဖွဲကျီ၌။ နိပန္နံ ဒိသွာ၊ ဝပ်လျှောင်းနေသည်ကိုမြင်၍။ သပ္ပေါ နု ခေါ၊ မြွေဟုတ်လေသလော။ နော နု ခေါ၊ မြွေမဟုတ်လေသလော။ ဣတိ၊ ဤသို့။ အဝလောကေန္တဿ၊ ကြည့်ရှုငဲ့။ သောဝတ္ထိကတ္တယံ ဒိသွာ၊ လည်ရေးသုံးဆင့်ကို မြင်၍။ နိဗ္ဗေမတိကဿ၊ ယုံမှားကင်းသဖြင့်။ သပ္ပေါ နု ခေါ၊ မြွေဟုတ်လေသလော။ နော နု ခေါ၊ မြွေမဟုတ်လေသလော၊ ဣတိ၊ ဤသို့။ ဝိစိနနေ၊ စူးစမ်းဆင်ခြင်ခြင်း၌။ မဇ္ဈတ္တတာ ဟောတိ ယထာ၊ လျစ်လျူရှုသကဲ့သို့။ ဧဝမေဝ၊ ထို့အတူပင်လျှင်။ အာရဒ္ဓဝိပဿကဿ၊ ဝိပဿနာအားထုတ်သော ရဟန်းအား။ ဝိပဿနာဉာဏေန၊ ဝိပဿနာဉာဏ်ဖြင့်။ လက္ခဏတ္တယေ ဝိဋ္ဌေ၊ အနိစ္စစသော လက္ခဏာသုံးပါးကိုမြင်လျှင်။ သင်္ခါရာနံ၊ သင်္ခါရ တို့၏။ အနိစ္စဘာဝါဒိဝိစိနနေ၊ မမြဲခြင်းစသည်ကို စူးစမ်းဆင်ခြင်ခြင်း၌။ မဇ္ဈတ္တတာ ဥပ္ပဇ္ဇတိ၊ လျစ်လျူရှုခြင်း ဖြစ်လေ၏။ အယံ၊ ဤလျစ်လျူရှုခြင်းသည်။ ဝိပ-

ဿနုပေက္ခာ နာမ၊ဝိပဿနုပေက္ခာမည်၏။ ပန၊အဖို့တပါးကား။ အဇပဒဒဏ္ဍေန၊
ဆိတ်ခွာသဏ္ဍာန် အခြံရှိသော ဒေါင်ဒေါ့ဖြင့်။ ဂဟေတွာ သပ္ပံ ဂဝေဟတွာ၊ မြွေကို
မြဲမြဲကိုင်၍။ ကိန္နု၊ အဘယ်သို့လျှင်။ အဟံ၊ငါသည်။ဣမံ သပ္ပံ အဝိဟေဌေန္တော၊
ဤမြွေကို မညှင်းဆဲပဲ။ အတ္တာနဉ္စ၊ ငါ့ကိုမူလည်း။ ဣမိနာ အဍံသာပေန္တော၊
ဤမြွေမကိုက်စေပဲ။ မုဉ္စေယျ၊ လွှတ်ရပါမည်နည်း။ ဣတိ၊ ဤသို့။ မုဉ္စနာကာရ-
မေဝ၊ လွှတ်ရမည့် အခြင်းအရာကိုသာလျှင်။ ပရိယေသတော၊ ရှာဖွေသော။
တဿ ပုရိသဿ၊ ထိုယောကျ်ားအား။ ဂဟဏေ၊ ဖမ်းကိုင်ထားခြင်း၌။ မဇ္ဈတ္တ-
တာ ဟောတိ ယထာ၊ လျစ်လျူရှုသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။
လက္ခဏတ္တယဿ ဒိဋ္ဌတ္တာ၊ အနိစ္စစသော လက္ခဏာရေး သုံးပါးအပေါင်းကို
ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်သောကြောင့်။ အာဒိတ္တေ၊ မီးဟုန်းဟုန်း
တောက်လောင်နေသော အိမ်တို့ကို။ ပဿတိ ဝိယ၊ တွေ့မြင်ရဘိသကဲ့သို့။
တယော ဘဝေ၊ ဘုံသုံးပါးတို့ကို။ ပဿတော၊ တွေ့မြင်သော ယောဂီအား။
သင်္ခါရဂ္ဂဟဏေ၊ တဏှာဒိဋ္ဌိတို့ဖြင့် သင်္ခါရတို့ကို စွဲလမ်းခြင်း၌။ ယာ မဇ္ဈတ္တတာ၊
အကြင်လျစ်လျူရှုခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤလျစ်လျူရှုခြင်းသည်။
သင်္ခါရုပေက္ခာ နာမ၊ သင်္ခါရုပေက္ခာမည်၏။ ဣတိ၊ ဤသို့။ ဝိပဿနုပေက္ခာယ
သိဒ္ဓါယ၊ ဝိပဿနုပေက္ခာ ပြီးစီးလတ်သော်။ ဝါ၊ ပြီးစီးလျှင်။ သင်္ခါရုပေက္ခာပိ၊
သင်္ခါရုပေက္ခာသည်လည်း။ သိဒ္ဓါဝ ဟောတိ၊ ပြီးစီးသည်သာတည်း။ ပန၊
ထိုသို့ပင်ပြီးသော်လည်း။ ဧသာ ပညာ၊ ဤပညာသည်။ ဝိစိနနဂ္ဂဟဏေသု၊
စူးစမ်းဆင်ခြင်ခြင်းနှင့် စွဲလမ်းခြင်းတို့၌။ မဇ္ဈတ္တသင်္ခါတေန၊ လျစ်လျူရှုခြင်းဟု
ဆိုအပ်သော။ ဣမိနာ ကိစ္စေန၊ ဤကိစ္စအားဖြင့်။ ဒွိဓာ ဘိန္နာ၊ နှစ်မျိုးကွဲပြား
ပေ၏။ ဣတိ၊ ဤသည်လျှင် ဝိပဿနုပေက္ခာနှင့် သင်္ခါရုပေက္ခာတို့၏ အကျယ်
ပေတည်း။ ပန၊ အဖို့တပါးကား။ ဝီရိယုပေက္ခာ စ၊ ဝီရိယုပေက္ခာသည် လည်း
ကောင်း။ ဝေဒနုပေက္ခာ စ၊ ဝေဒနုပေက္ခာသည် လည်းကောင်း။ အတ္ထတော၊
သရုပ်တရားကိုယ်အားဖြင့်။ အညမညဉ္စ၊ အချင်းချင်းလည်းကောင်း။ အဝသေ-
သာဟိ စ၊ ကြွင်းသောဥပေက္ခာ ရှစ်ပါးတို့နှင့်လည်း။ အတ္ထတော၊ သရုပ်
တရားကိုယ်အားဖြင့်။ ဘိန္နာ ဧဝ၊ ကွဲပြားသည်သာတည်း။ ဣတိ၊ ဤတွင်
စကားတရပ်ပြီး၏။

ဣတိ၊ ဤသို့။ ဣမာသု ဥပေက္ခာသု၊ ဤဥပေက္ခာဆယ်ပါးတို့တွင်။ ဣဓ၊
ဥပေက္ခကော စ ဝိဟရတိ- ဟူသော ဤအရာ၌။ ဈာနုပေက္ခာ၊ ဈာနုပေက္ခာကို။
အဓိပ္ပေတာ၊ အလိုရှိအပ်ပေ၏။ သာ၊ ထိုဈာနုပေက္ခာသည်။ မဇ္ဈတ္တလက္ခဏာ၊
အလယ်အလတ်လက္ခဏာရှိ၏။ အနာဘောဂရသာ၊ မွန်မြတ်သောတတိယဈာန်
သုခ၌သော်လည်း နှလုံးမသွင်းခြင်းကိစ္စရှိ၏၊ အဗျာပါရပစ္စုပဋ္ဌာနာ၊ မွန်မြတ်
သော သုခကိုသော်လည်း ခံစားရန် ကြောင့်ကြစိုက်ခြင်းမရှိသော တရားဟု

ဉာဏ်အား၊ရှေ့ရှုထင်တတ်၏။ ပီတိဝိရာဂပဒဋ္ဌာန၁၊ ပီတိကိုစက်ဆုပ်ခြင်းလျှင် နီး သောအကြောင်းရှိ၏။ ဣတိ၊ ဤသို့အားဖြင့် ဗျာနုပေက္ခာ၏ လက္ခဏာစသည်တို့ပေ တည်း။တွေ၊ဤနေရာ၌။ ဥတ္တာ၊ တန့်ရပ်၍။စောဒကော၊ စောဒကသည်။အာဟ၊ ပြောဆို၏။ စ စောဒေမိ၊စောဒနာပါအံ့။ "အယံ၊ ဤဗျာနုပေက္ခာသည်။အတ္ထ- တော၊ သရုပ်တရားကိုယ်အားဖြင့်၊ တတြမဇ္ဈတ္တုပေက္ခာဝ၊ တတြမဇ္ဈတ္တု- ပေက္ခာသည်သာလျှင်။ ဟောတိ နနု၊ ဖြစ်သည်မဟုတ်ပါလော။ သာ စ၊ ထို တတြမဇ္ဈတ္တုပေက္ခာသည်သည်း။ ပဌမဒုတိယဈာနေသုပိ၊ပထမဈာန်နှင့်ဒုတိယ ဈာန်တို့၌လည်း။ ဥပေက္ခကော စ ဝိဟရတီတိ၊ လျစ်လျူရှုလျက်နေ၏ဟူ။ ဧဝံ၊ ဤသို့။အယံ၊ဤတတြမဇ္ဈတ္တုပေက္ခာကို။ဝတ္တဗ္ဗာ၊ဆိုသင့်သည်။(ဟောသင့်သည်) သိယာ၊ ဖြစ်ရာ၏။သာ၊ ထိုတတြမဇ္ဈတ္တုပေက္ခာကို။ ကသ္မာ၊ အဘယ်ကြောင့်။ န ဝုတ္တာ၊ ဟောတော်မမူခဲ့သနည်း။ဣတိ၊ ဤသို့၊ စောဒကော၊ စောဒကသည်။ အာဟ၊ ပြောဆို၏။ အဗျတ္တကိစ္စတော၊ ထိုဈာန်တို့၌ လျစ်လျူရှုခြင်းကိစ္စ မထင်ရှားသောကြောင့်။ န ဝုတ္တာ၊ ဟောတော်မမူအပ်။ ဟိ၊ ချဲ့၍ပြဦးအံ့။ တတ္ထ၊ ထိုပထမဈာန်နှင့် ဒုတိယဈာန်တို့၌။ ဝိတက္ကာဒီဟိ၊ ဝိတက် ဝိစာရ ပီတိ တို့သည်။ ဝါ၊ ဝိတက်, ဝိစာရ, ပီတိ တို့က။ အဘိဘူတတ္တာ၊ လွှမ်းမိုးလျက်ရှိ သောကြောင့်။ တဿာ၊ ထိုတတြမဇ္ဈတ္တုပေက္ခာ၏။ ကိစ္စံ၊ ကိစ္စသည်။ အာဝိ ဗျတ္တံ၊ မထင်ရှားပေ။ ဣဓ ပန၊ ဤတတိယဈာန်၌ကား။ ဝိတက္ကဝိစာရ- ပီတီဟိ၊ ဝိတက် ဝိစာရ ပီတိတို့သည်။ ဝါ၊ ဝိတက် ဝိစာရ ပီတိတို့က။ အနဘိ- ဘူတတ္တာ၊ လွှမ်းမိုးခြင်းမရှိသောကြောင့်။ အယံ၊ ဤတတြမဇ္ဈတ္တုပေက္ခာသည်။ ဥက္ခိတ္တသိရာ ဝိယ ဟုတွာ၊ ခေါင်းထောင်လာသကဲ့သို့ဖြစ်၍၊ ပရိဗျတ္တကိစ္စာ၊ ထင်ရှားသောကိစ္စရှိသည်။ ဇာတာ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဝုတ္တာ၊ ဆို အပ်၏။ ဣတိ အယံ၊ ဤသည်ကား၊။ ပရိဟာရော၊ အဖြေတည်း။

ဥပေက္ခကော ဝိဟရတိတိ တေသာ၊ လျစ်လျူရှုလျက်နေ၏
ဟူသော ဤစကား၏။ အတ္တဝဏ္ဏနာ၊ အနက်ကို ဖွင့်ပြခြင်းသည်။
သဗ္ဗသော၊ ခပ်သိမ်းသောအဖို့အားဖြင့်။ နိဋ္ဌိတာ၊ ပြီးဆုံးပေပြီ။

၈၅။ ဣဒါနိ၊ ယခုအခါ၌။ သတော စ သမ္ပဇာနောတိ ဧတ္ထ၊ သတော စ သမ္ပဇာနော-ဟူသော ဤပုဒ်၌။ ဝိဂ္ဂဟော၊ အကျယ်ကို။ ဧဝံ၊ ဤဆိုလတ္တံ့ အတိုင်း။ ဝေဒိတဗ္ဗော၊ သိအပ်၏။ (ကည့်)။ သရတိ၊ အမှတ်ရတတ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်။ သတော၊ သတိမည်၏။ သမ္ပဇာနာတိ၊ ကောင်းစွာ အပြားအားဖြင့် သိတတ်၏၊ ဣတိ တသ္မာ၊ ထို့ကြောင့်။ သမ္ပဇာနော၊ သမ္ပ- ဇာနမည်၏။ ပုဂ္ဂလေန၊ သတိရှိသူ, ဆင်ခြင်ဉာဏ်ရှိသူဟူသော ပုဂ္ဂိုလ်ဖြင့်။ သတိ စ၊ သတိကိုလည်းကောင်း။ သမ္ပဇညဉ္စ၊ သမ္ပဇဉ်ကိုလည်းကောင်း။ ဝုတ္တံ၊

ဆိုအပ်၏။ တတ္ထ၊ ထိုသတိနှင့်သမ္ပဇညတို့တွင်။ သတိ၊ သတိသည်။ သရဏ-လက္ခဏာ၊ အမှတ်ရခြင်းလက္ခဏာရှိ၏။ အသမ္မုဿနရသာ၊ မမေ့ခြင်းကိစ္စရှိ၏။ အာရက္ခပစ္စုပဋ္ဌာနာ၊ ကိလေသာတို့မှ စောင့်ရှောက်တတ်သော တရားဟု ဉာဏ်အားရှေးရှုထင်တတ်၏။ သမ္ပဇည၊ သမ္ပဇဉ်သည်။ အသမ္မောဟလက္ခဏံ၊ မတွေမဝေ မှန်စွာသိခြင်းလက္ခဏာရှိ၏။ တီရဏရသံ၊ ကိစ္စပြီးဆုံးခြင်းဟူသော တဘက်ကမ်းသို့ရောက်အောင် ကူးခတ်ခြင်း, ဆုံးဖြတ်ခြင်းကိစ္စရှိ၏။ ပဝိစယ-ပစ္စုပဋ္ဌာနံ၊ စူးစမ်းဆင်ခြင်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်တတ်၏။

(၁၅၈) တတ္ထ၊ ထိုစျာန်တို့တွင်။ ဣဒံ သတိသမ္ပဇညံ၊ ဤသတိနှင့်သမ္ပဇဉ်သည်။ ပုရိမဈာနေသုပိ၊ ရှေးဖြစ်သော ပထမစျာန် ဒုတိယစျာန်တို့၌လည်း။ ကိဉ္စာပိ အတ္ထိ၊ အကယ်၍ကားရှိပေ၏။ ဟိ၊ မှန်၏။ မုဋ္ဌသတိဿ၊ သတိလွတ်သော။ အသမ္ပဇာနဿ၊ သမ္ပဇဉ်ဉာဏ်မရှိသောသူအား။ ဥပစာရမတ္တမ္ပိ၊ ဥပစာ-ရမျှလည်း။ န သမ္ပဇ္ဇတိ၊ မပြည့်စုံ။ အပ္ပနာ၊ အပ္ပနာမှာမူကား။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ပန၊ ထိုသို့ ပထမစျာန်, ဒုတိယစျာန်တို့၌ သတိသမ္ပဇဉ်ရှိသော်လည်း။ တေသံ ဈာနာနံ၊ ထိုစျာန်တို့၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းကြမ်းတမ်းခြင်းကြောင့်။ ဘူမိယံ၊ မြေ၌။ ပုရိသဿ၊ ယောကျ်ား၏။ ဂတိ၊ သွားခြင်းသည်။ သုခါ၊ လွယ်ကူသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ တနည်း။ သုခါ ဟောတိ ဝိယ၊ လွယ်ကူသကဲ့သို့။ တတ္ထ တေသု ဈာနေသု၊ ထိုစျာန်တို့၌။ (ထည့်)။ ဝါ၊ ထိုပထမစျာန်, ဒုတိယစျာန်တို့၌၊ စိတ္တဿ၊ စိတ်၏။ ဂတိ၊ ဖြစ်ခြင်းသည်။ သုခါ ဟောတိ၊ လွယ်ကူ၏။ တတ္ထ၊ ထိုစျာန်တို့၌၊ သတိ-သမ္ပဇညကိစ္စံ၊ သတိနှင့်သမ္ပဇဉ်ကိစ္စသည်။ အဗျတ္တံ၊ မသင်ရှားပေ။ ပန၊ စင်စစ်သော်ကား။ ဩဠာရိကင်္ဂပ္ပဟာနေန၊ ရုန့်ရင်းကြမ်းတမ်းသောအင်္ဂါကိုပယ်ခြင်းအားဖြင့်။ ဣမဿ ဈာနဿ၊ ဤစျာန်၏။ သုခုမတ္တာ၊ သိမ်မွေ့ခြင်းကြောင့်။ ပုရိသဿ၊ ယောကျ်ား၏။ ခုရဓာရာယံ၊ သင်ခုန်းဓားသွားပေါ်၌။ သတိသမ္ပ-ဇညကိစ္စပရိဂ္ဂဟိတာ၊ သတိသမ္ပဇဉ်ဖြင့် သိမ်းဆည်းအပ်သော။ ဂတိ၊ သွားခြင်းကို။ ဣစ္ဆိတဗ္ဗာ ဝိယ၊ အလိုရှိအပ်သကဲ့သို့။ သတိသမ္ပဇညကိစ္စပရိဂ္ဂဟိတာ ဧဝ၊ သတိသမ္ပဇဉ်ဖြင့် သိမ်းဆည်းအပ်သည်သာလျှင်ဖြစ်သော။ စိတ္တဿ ဂတိ၊ စိတ်၏ ဖြစ်ခြင်းကို။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်ပေ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣဓေဝ၊ ဤတတိယစျာန်၌သာလျှင်။ ဣဒံ၊ ဤ သတော သမ္ပဇာနော- ဟူသောနှစ်ပုဒ်ကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဘိယျော၊ ထို့ထက်အလွန်ဆိုဖွယ်သည်။ ကိဉ္စိ၊ အဘယ်နည်း။ ဓေနုတော၊ အမိနွားမမှ၊ အပနီတော၊ ခွဲသားအပ်သော။ ဓေနုပဂေါ၊ နို့မခွာသေးသော။ ဝစ္ဆော၊ နွားသားငယ်သည်။ ဝါ၊ နွားသားငယ်ကို။ အရက္ခိယမာနော၊ မစောင့်ရှောက်ပဲထားသည်ရှိသော်။ ဝါ၊ မစောင့်ရှောက်ပဲထားလျှင်။ ဓေနုံ၊ အမိနွားမသို့။ ပုနဒေဝ၊ တဖန်ပြန်၍။ ဥပဂစ္ဆတိ ယထာ၊

ကပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ဣဒံ တတိယဇ္ဈာနသုခံ၊ ဤတတိယစျာန်သုခ ကို။ ပီတိတော၊ ပီတိမှ။ အပနီတံ၊ ခွဲခွာထားအပ်၏။ တံ၊ ပီတိမှ ခွဲခွာထားအပ် သော ထိုတတိယစျာန်သုခသည်။ သတိသမ္ပဇညာရက္ခေန၊ သတိသမ္ပဇဉ်ဟူ သော အစောင့်အရှောက်ဖြင့်။ အရက္ခိယမာနံ၊ စောင့်ရှောက်မထားလျှင်။ ပီတိံ ဧဝ၊ ပီတိသို့သာလျှင်။ ပုန၊ တဖန်ပြန်၍။ ဥပဂစ္ဆေယျ၊ ကပ်လေရာ၏။ (ပုန ဒေဝကို ပုန+ဧဝ-ပုဒ်ဖြတ်၍ ဧဝကို ပီတိံဧဝ-ဟု ထိုင်ပါ။) ပီတိသမ္ပ- ယုတ္တမေဝ၊ ပီတိနှင့်ယှဉ်သည်သာလျှင်။ သိယာ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ သုခေပိ၊ သုခ၌လည်း။ သတ္တာ၊ သတ္တဝါတို့သည်။ သာရဇ္ဇန္တိ၊ လွန်စွာတပ် မက်တတ်ကုန်၏။ ဣဒဉ္စ၊ ဤတတိယစျာန်သုခသည်လည်း။ အတိမဓုရံ သုခံ၊ အလွန်ကောင်းမြတ်သောသုခဖြစ်၏၊ ကသ္မာ၊ အဘယ်ကြောင့်နည်းမူကား။ တတော၊ ထိုတတိယစျာန်သုခထက်။ ပရံ၊ သာလွန်သော။ သုခါဘာဝါ၊ သုခ မရှိသောကြောင့်တည်း။ ပန၊ စင်စစ်သော်ကား။ သတိသမ္ပဇညာနုဘာဝေန၊ သတိသမ္ပဇဉ်အာနုဘော်ဖြင့်။ ဧတ္ထ သုခေ၊ ဤတတိယစျာန်သုခ၌။ အသာရဇ္ဇ- နာ ဟောတိ၊ တပ်မက်မှုမရှိခြင်းဖြစ်ပေ၏။ အညထာ၊ အခြားသောအခြင်း အရာအားဖြင့်။ အသာရဇ္ဇနာ၊ တပ်မက်မှုမရှိခြင်းသည်၊ နော ဟောတိ၊ မဖြစ် ပေ။ ဣတိ၊ ဤသို့။ ဣဒမ္ပိ အတ္ထဝိသေသံ၊ ဤအနက်အထူးကိုလည်း။ ဒဿေတုံ၊ ပြခြင်းငှာ။ ဣဒံ၊ သတော သမ္ပဇာနော- ဟူသော ဤပုဒ်ကို။ ဣဓေဝ၊ ဤ တတိယစျာန်၌သာလျှင်။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဣဒါနိ၊ ယခုအခါ၌။ သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ ဧတ္ထ၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ- ဟူသော ဤစကား၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏၊ တတိယဇ္ဈာနသမင်္ဂီနော၊ တတိယစျာန်နှင့် ပြည့်စုံ သော ပုဂ္ဂိုလ်အား။ သုခပဋိသံဝေဒနာဘောဂေါ၊ ချမ်းသာကိုခံစားမည်ဟူသော နှလုံးသွင်းခြင်းသည်။ ကိဉ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိစေကာမူ။ ဧဝံ သန္တေပိ၊ ဤသို့မရှိစေပဲလျက်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ တဿ တတိယဇ္ဈာန- သမင်္ဂီနော၊ ထိုတတိယစျာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏။ နာမကာယေန သမ္ပ- ယုတ္တံ၊ နာမကာယနှင့်ယှဉ်သော။ ယံ သုခံ၊ အကြင်သုခသည်။ အတ္ထိ၊ ရှိ၏။ တံ သုခံ၊ ထိုသုခကို။ သော တတိယဇ္ဈာနသမင်္ဂီ၊ ထိုတတိယစျာန်နှင့်ပြည့်စုံ သောသူသည်။ ပဋိသံဝေဒေယျ၊ ခံစားရာ၏။ ဝါ၊ တနည်းကား။ ယံ တံ နာမ- ကာယသမ္ပယုတ္တံ သုခံ၊ အကြင်နာမကာယနှင့်ယှဉ်သော ချမ်းသာသည်။ အတ္ထိ၊ ရှိ၏။ တံ သမုဋ္ဌာနေန၊ ထိုချမ်းသာကြောင်းဖြစ်သော။ အတိပဏီတေန၊ အလွန် ကောင်းမြတ်သော၊ ရူပေန၊ စိတ္တဇရုပ်ဖြင့်။ အဿ ဈာနသမင်္ဂီနော၊ ထိုတတိယ စျာန်နှင့်ပြည့်စုံသော ယောဂီ၏။ ရူပကာယော၊ ရုပ်ကာယသည်။ ဝါ၊ တိဇ-

ကာယကို။ ယသ္မာ၊ အကြင်ကြောင့်။ ဖုဋ္ဌော၊ ပျံ့နှံ့ထိပါးအပ်၏။ ယဿ ရူပ-ကာယဿ၊ အကြင်တတိယဇ္ဈာနကာယ၏။ ဖုဋ္ဌတ္တာ၊ ပျံ့နှံ့ထိပါးခြင်းကြောင့်။ ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌိတောပိ၊ ထသော်လည်း။ သုခံ၊ ကာယိကချမ်းသာကို။ ပဋိသံဝေ-ဒေယျ၊ ခံစားပေရာ၏။ တသ္မာ၊ ထို့ကြောင့်။ စေတ အတ္ထံ၊ စေတသိကသုခကို ခံစားခြင်းဟုဆိုအပ်သော ဤအနက်ကို။ ဒဿေန္တော၊ ပြတော်မူလိုသည်ဖြစ်၍။ သုခဉ္စ ကာယေန ပဋိသံဝေဒေတီတိ၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ ဟူ၍။ အာဟ၊ ဆို၏။

ဂ၆။ ဣဒါနိ၊ ယခုအခါ၌။ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိ-မာ သုခဝိဟာရီတိ တတ္ထ၊ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီ- ဟူသော ဤစကားရပ်၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ယံ ဈာနဟေတု ယံ ဈာနကာရဏာ၊ အကြင်တတိယဈာန်ဟူသော အကြောင်းကြောင့်။ တံ တတိယဇ္ဈာနသမင်္ဂိပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို။ ဗုဒ္ဓါဒယော အရိယာ၊ ဘုရားအစရှိသော အရိယာအရှင်မြတ်တို့သည်။ အာစိက္ခန္တိ၊ ပြောကြားကုန်၏။ ဒေသေန္တိ၊ ဟောညွှန်ကုန်၏။ ပညပေန္တိ၊ အပြားအားဖြင့် သိစေကုန်၏။ ပဋ္ဌပေန္တိ၊ ထားကုန်၏။ ဝိဝရန္တိ၊ ဖော်ပြကုန်၏။ ပကာသေန္တိ၊ ပြကုန်၏။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ မြတ်စွာဘုရား၏ အလိုတော်ပေတည်း။ ကိန္တိ၊ အဘယ်သို့လျှင်။ ပသံသန္တိ၊ ချီးမွမ်းကုန်သနည်း။ ဥပေက္ခကော၊ လျစ်လျူရှုသူ။ သတိမာ၊ သတိရှိသူ။ သုခဝိဟာရီ၊ ချမ်းသာစွာနေလေ့ရှိသူ။ ဣတိ၊ ဤသို့။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ တံ တတိယဈာနံ၊ ထိုတတိယဈာန်ကို။ ဝါ၊ ထိုတတိယဈာန်သို့။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပြည့်စုံစေ၍နေ၏။ ဣတိ ဧဝံ၊ ဤသို့။ ဧတ္ထ၊ ဤယံ တံ အရိယာ။ပ။ သုခဝိဟာရီ- ဟူသောပါဌ်၌။ ယောဇနာ၊ ရှေ့နောက်စကား ယှဉ်စပ်ခြင်းကို။ ဝေဒိတဗ္ဗာ၊ သိအပ်ပေသတည်း။

ပန၊ ဆက်၍ပြောဦးအံ့။ ကသ္မာ၊ အဘယ်ကြောင့်။ တံ တတိယဇ္ဈာန-သမင်္ဂိပုဂ္ဂလံ၊ ထိုတတိယဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို။ တေ၊ ထိုဘုရားအစရှိသောအရိယာအရှင်မြတ်တို့သည်။ ဧဝံ ဤသို့ လျစ်လျူရှုသူ, သတိရှိသူ, ချမ်းသာစွာနေလေ့ရှိသူဟူ၍။ ပသံသန္တိ၊ ချီးမွမ်းကုန်သနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ပသံသာရဟတော၊ ချီးမွမ်းထိုက်သောကြောင့် ပေတည်း။ ဟိ၊ ချဲ့၍ရှင်းပြဦးအံ့။ အယံ၊ ဤတတိယဈာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ အတိမဓုရသုခေ၊ အလွန်ကောင်းမြတ်သောသုခရှိသော။ သုခပါရမိပ္ပတ္တေ၊ သုခ၏အထွတ်အထိပ်သို့ ရောက်သော။ တတိယဇ္ဈာနေပိ၊ တတိယဈာန်၌သော်လည်း။ ဥပေက္ခကော၊ လျစ်လျူရှုနိုင်၏။ တတ္ထ၊ ထိုတတိယဈာန်၌။ သုခါဘိသင်္ဂေန၊ သုခမှာကပ်ငြိသောတဏှာသည်။

ဝါ၊ တဗ္ဗာဂက။ န အာဂမ္မိယတိ၊ မဆွဲငင်နိုင်ပေ။ စ၊ ထိုမှတပါး။ ယထာ၊ အကြင်အခြင်းအရာအားဖြင့်။ ပီတိ၊ ပီတိသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဧဝံ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ဥပဋ္ဌိတသတိတာယ၊ ထင်သောသတိရှိသော ကြောင့်။ သတိမာ၊ သတိနှင့်ပြည့်စုံပေ၏။ စ၊ ထိုမှတပါး။ ယသ္မာ၊ အကြင် ကြောင့်။ အရိယကန္တံ၊ အရိယာတို့နှစ်သက်အပ်သော။ အရိယဇနသေဝိတမေဝ၊ အရိယာသူတော်စင်တို့ မှီဝဲအပ်သည်သာလျှင်ဖြစ်သော။ အသံကိလိဋ္ဌံ၊ ညစ် နွမ်းခြင်းမရှိသော။ သုခံ၊ သုခကို။ နာမကာယေန၊ နာမကာယဖြင့်။ ပဋိသံဝေ- ဒေတိ၊ ခံစား၏။ တသ္မာ၊ ထို့ကြောင့်။ ပသံသာရဟော ဟောတိ၊ ချီးမွမ်း ထိုက်ပေ၏။ (၁၅၄) ဣတိ၊ ဤသို့။ ပသံသာရဟတော၊ ချီးမွမ်းထိုက်သော ကြောင့်။ နံ တထာပဇ္ဇာနသမင်္ဂိပုဂ္ဂလံ၊ တတိယဈာန်နှင့်ပြည့်စုံသောထိုသူကို။ အရိယာ၊ အရိယာတို့သည်၊ ဧဝံ၊ ဤသို့။ ပသံသာဟေတုဘူတေ၊ ချီးမွမ်း ခြင်း၏အကြောင်းဖြစ်သော။ တေ ဂုဏေ၊ ထိုဂုဏ်တို့ကို၊ ပကာသေန္တော၊ ပြလျက်။ "ဥပေက္ခကော သတိမာ သုခဝိဟာရီတိ၊ ဥပေက္ခကော သတိမာ သုခဝိဟာရီ- ဟူ၍။ ဧဝံ၊ ဤသို့။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

တတိယန္တိ၊ တတိယံဟူသည်ကား။ ဂဏနာနုပုဗ္ဗတာ၊ အရေအတွက်အစဉ် အားဖြင့်။ တတိယံ၊ တတိယမည်၏။ ဣဒံ၊ ဤဈာန်ကို။ တတိယံ၊ သုံးကြိမ် မြောက်။ သမာပဇ္ဇတိ၊ ဝင်စား၏။ ဣတိပိ၊ ဤသို့သောအနက်ကြောင့်လည်း။ တတိယံ၊ တတိယမည်၏။ ပန၊ ထိုမှတပါး။ ဧကင်္ဂဝိပ္ပဟီနံ ဒွင်္ဂသမန္နာဂတန္တိ၊ ဧကင်္ဂဝိပ္ပဟီနံ ဒွင်္ဂသမန္နာဂတံ- ဟူသော။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဧတ္ထ၊ ဤစကား၌။ ပီတိယာ၊ ပီတိကို။ ပဟာနဝသေန၊ ပယ်ခြင်း၏ အစွမ်းအားဖြင့်။ ဧကင်္ဂဝိပ္ပဟီနတာ၊ အင်္ဂါတပါးကိုပယ်အပ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ပန၊ ဆက်ဦးအံ့။ သာ သော၊ ထိုပီတိကို။ ဒုတိယဈာ- နဿ၊ ဒုတိယဈာန်၏။ အပ္ပနာက္ခဏေ၊ အပ္ပနာခဏ၌။ ဝိတက္ကဝိစာရာ၊ ဝိတက်နှင့် ဝိစာရတို့ကို။ ပဟီယန္တိ ဝိယ၊ ပယ်အပ်ကုန်သကဲ့သို့။ အပ္ပနာက္ခဏေယေဝ၊ အပ္ပနာခဏ၌သာလျှင်။ ပဟီယတိ၊ ပယ်အပ်၏။ တေန၊ ထိုကြောင့်။ သာ၊ ထိုပီတိကို။ အဿ၊ ထိုတတိယဈာန်၏။ ပဟာနင်္ဂန္တိ၊ ပယ်အပ်သောအင်္ဂါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပန၊ ထိုမှတပါး။ သုခံ၊ သုခလည်းကောင်း။ စိတ္တေကဂ္ဂတာ စ၊ စိတ္တေကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤနှစ်ပါးသော တရားတို့၏။ ဥပ္ပတ္တိဝသေန၊ ဖြစ်ခြင်း၏အစွမ်းအားဖြင့်။ ဒွင်္ဂသမန္နာဂတတာ၊ အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ တသ္မာ၊ ထို ကြောင့်။ ဝိဘင်္ဂေ၊ ဝိဘင်းကျမ်း၌။ ဥပေက္ခာ၊ ဥပေက္ခာသည်။ သတိ၊ သတိ သည်။ သမ္ပဇညံ၊ သမ္ပဇညသည်။ သုခံ၊ သုခသည်။ စိတ္တဿေကဂ္ဂတာ၊ စိတ္တ-

ဿေကဂ္ဂတာတည်း။ ဈာနန္တိ ဈာနံ နာမ၊ ဈာန်မည်၏။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊အကြင်စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။ တံ ဝစနံ၊ ထိုစကားကို။ သပရိဟာရံ၊ အခြံအရံနှင့်တကွဖြစ်သော။ဈာနံ၊ ဈာန်ကို။ ဒဿေတုံ၊ပြခြင်းငှာ။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ဝုတ္တံ၊ ဆိုအပ်၏။ပန၊ အလျှော်ကိုပြအံ့။ဥပေ-က္ခာသတိသမ္ပဇညာနိ၊ ဥပေက္ခာနှင့်သတိသမ္ပဇညတို့ကို။ ဌပေတွာ၊ ချန်ထား၍။ နိပ္ပရိယာယဝသေန၊ မချအားဖြင့်။ ဥပနိဇ္ဈာနလက္ခဏပ္ပတ္တာနံ၊ စူးစူးစိုက်စိုက် ရှုခြင်းလက္ခဏာသို့ရောက်ကုန်သော။အင်္ဂါနံ ဝသေန၊အင်္ဂါတို့၏အစွမ်းအားဖြင့်။ ဧတံ၊ ဤတတိယဈာန်သည်။ ဒုဝင်္ဂိကမေဝဟောတိ၊ အင်္ဂါနှစ်ပါးသာ ရှိပေ၏။ ယထာဟ၊ မြတ်စွာဘုရား အဘယ်သို့ ဟောတော်မူသနည်းဟူ မူကား။ တသ္မိံ သမယေ၊ထိုအခါ၌။ ကတမံ ဒုဝင်္ဂိကံ ဈာနံ၊ အဘယ်အင်္ဂါ နှစ်ပါးရှိသော ဈာန်သည်။ ဟောတိ၊ ဖြစ်သနည်း။ သုခံ၊ သုခလည်းကောင်း။ စိတ္တဿေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ဒုဝင်္ဂိကံ ဈာနံ၊ အင်္ဂါနှစ်ပါးရှိသော ဈာန်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ သေသံ၊ ကြွင်းသောသိဖွယ်ရာဟူသမျှသည်။ ပဌမဇ္ဈာနေ၊ပထမဈာန်၌။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသောနည်းရှိသည်သာတည်း။

## စတုတ္ထဇ္ဈာနကထာ

### စတုတ္ထဈာန်ကိုဖွင့်ဆိုချက်

၈၃။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တသ္မိမ္ပိ၊ ထိုတတိယဈာန်ကိုလည်း။ အဓိဂတေ၊ ရအပ်ပြီးသည်ရှိသော်။ တနည်း။ အဓိဂတေ၊ ရအပ်ပြီးသော။ တသ္မိမ္ပိ၊ ထိုဈာန်၌လည်း။ ဥတ္တာရနယေနေဝ၊ ဆိုခဲ့သောနည်းဖြင့်ပင်လျှင်။ ပဥ္စဟာကာရေဟိ၊ ငါးပါးသော အခြင်းအရာတို့ဖြင့်။ စိဏ္ဏဝသိနာ ဟုတွာ၊ နိုင်နင်းအောင် လေ့လာမှီဝဲပြီးသည်ဖြစ်၍။ ပဂုဏတတိယဇ္ဈာနတော ဝုဋ္ဌာယ၊ ကျေပွန်အောင် ဝင်စားထားသော တတိယဈာန်မှထ၍။ အယံ သမာပတ္တိ၊ဤ တတိယဈာန်သမာပတ်သည်။ အာသန္နပီတိပစ္စတ္ထိကာ၊ ပီတိဟူသော ရန်သူနှင့် နီးကပ်၏။ ဣတိ စ၊ ဤသို့လည်းကောင်း။ တတ္ထ၊ ထိုတတိယဈာန်၌။ယံ၊အကြင် အင်္ဂါကို။ သုခမိတိ၊ သုခဟု။ စေတသော၊ စိတ်၏။ အာဘောဂေါ၊ နှလုံး သွင်းခြင်းသည်။ အတ္ထိ၊ရှိ၏။ ဧတေန၊ ထိုဈာန်ဖြင့်။ (ထိုအင်္ဂါဖြင့်)။ တေ၊ထို တတိယဈာန်ကို။ ဩဠာရိကတ္တံ၊ ရုန့်ရင်းကြမ်းတမ်း၏ဟု။ အက္ခာယတိ၊ ဟော တော်မူအပ်၏။ ဧဝံ၊ ဤသို့။ ဝုတ္တဿ၊ ဟောတော်မူအပ်သော။ သုခဿ၊ သုခ၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းကြမ်းတမ်းခြင်းကြောင့်။ အင်္ဂဒုဗ္ဗလာ၊အင်္ဂါ အားနည်း၏။ ဣတိ စ၊ ဤသို့လည်းကောင်း။တတ္ထ၊ ထိုတတိယဈာန်၌။ ဒေါသံ

ဒိသွာ၊ အပြစ်ကိုမြင်၍။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ သန္တတော မနသိကရိတွာ၊ ငြိမ်သက်သောတရားဟု နှလုံးသွင်းလျက်။ တတိယဈာနေ၊ တတိယဈာန်၌။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက်တွယ်တာခြင်းကို ကုန်ခန်းစေ၍။ စတုတ္ထာဓိဂမာယ၊ စတုတ္ထဈာန်ကိုရခြင်းငှာ။ ယောဂေါ၊ဘာဝနာအလုပ် အားထုတ်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ အထ၊ ထိုသို့ အားထုတ်လတ်သော်။ ယဒါ၊ အကြင်အခါ၌။ တတိယဈာနတော ဝုဋ္ဌာယ၊ တတိယဈာန်မှထ၍။ သတဿ၊ သတိရလျက်။ သမ္ပဇာနဿ၊ သမ္ပဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံလျက်။ ဈာနင်္ဂါနိ၊ ဈာန်အင်္ဂါတို့ကို။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ အဿ၊ ထိုယောဂီအား။ စေတသိကသောမနဿသင်္ခါတံ၊ စိတ်၌ဖြစ်သော ရွှင်လန်းဝမ်းသာမှုဟုဆိုအပ်သော။ သုခံ၊ သုခသည်။ ဩဠာရိကာတော၊ ရှုန့်ရင်းကြမ်းတမ်းသော အားဖြင့်။ ဥပဋ္ဌာတိ၊ထင်လာ၏။ ဥပေက္ခာဝေဒနာ စေဝ၊ ဥပေက္ခာဝေဒနာသည်လည်းကောင်း။ စိတ္တေကဂ္ဂတာ စ၊ စိတ္တေကဂ္ဂတာသည်လည်းကောင်း။ သန္တတော ဥပဋ္ဌာတိ၊ ငြိမ်သက်သောအားဖြင့် ထင်လာ၏။ တဒါ၊ ထိုသို့ထင်လာသောအခါ၌၊ အဿ၊ ထိုယောဂီအား။ ဩဠာရိကင်္ဂပ္ပဟာနာယ၊ ရှုန့်ရင်းကြမ်းတမ်းသော အင်္ဂါကိုပယ်ခြင်းငှာလည်းကောင်း။ သန္တအင်္ဂပဋိလာဘာယ စ၊ ငြိမ်သက်သောအင်္ဂါကို ရခြင်းငှာလည်းကောင်း။ တဒေဝ နိမိတ္တံ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်။ ပထဝီ ပထဝီတိ၊ မြေ မြေဟု။ ပုနပ္ပုနံ မနသိကရောတော၊ အဖန်ဖန်အထပ်ထပ်နှလုံးသွင်းနေစဉ်။ ဣဒါနိ၊ ယခုအခါ၌။ စတုတ္ထံ ဈာနံ ဥပ္ပဇ္ဇိဿတီတိ၊ စတုတ္ထဈာန်ဖြစ်တော့မည်ဟု။ ဝတ္တဗ္ဗဇဝနဝါရေ၊ ဆိုသင့်သော ဇောဝါရ၌။ ဘဝင်္ဂံ ဥပစ္ဆိန္ဒိတွာ၊ ဘဝင်ကိုဖြတ်၍။ တဒေဝ ပထဝီကသိဏံ၊ ထိုပထဝီကသိုဏ်းနိမိတ်ကိုပင်။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ မနောဒွါရာဝဇ္ဇနံ ဥပ္ပဇ္ဇတိ၊ မနောဒွါရာဝဇ္ဇန်းဖြစ်၏။ တတော၊ ထိုနောင်မှ။ တသ္မိံယေဝါရမ္မဏေ၊ ထိုပထဝီကသိုဏ်း အာရုံ၌ပင်လျှင်။ စတ္တာရိ ဝါ၊ လေးကြိမ်မူလည်း ဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးကြိမ်မူလည်း ဖြစ်ကုန်သော။ ဇဝနာနိ၊ ဇောတို့သည်။ တနည်း။ စတ္တာရိ ဝါ ပဉ္စ ဝါ ဇဝနာနိ၊ ဇောလေးကြိမ် ငါးကြိမ်တို့သည်။ (ဒုဝ) ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ (ဇောကုန်၏)။ ယေသံ အဝသာနေ၊ ထိုလေးကြိမ် ငါးကြိမ်တို့၏အဆုံး၌။ ဧကံ၊တခုသော စတုတ္ထဇော ပဉ္စမဇောသည်။ စတုတ္ထဈာနိကံ၊ စတုတ္ထဈာန်ရှိသော။ ရူပါဝစရံ၊ ရူပါဝစရ ဇောသည်။ ဟောတိ၊ ဖြစ်၏။ တနည်း။ ဧကံ၊ တခုသော စတုတ္ထ, ပဉ္စမဇောသည်။ ရူပါဝစရံ စတုတ္ထဈာနိကံ၊ ရူပါဝစရစတုတ္ထဈာန်ပေတည်း။ သေသာနိ၊ ကြွင်းကုန်သော သုံးကြိမ် လေးကြိမ်သော ဇောတို့သည်။ ဝုတ္တပ္ပကာရာနေဝ၊ ဆိုအပ်ပြီးသော အပြားရှိသည်သာလျှင် ဖြစ်ကုန်သော ဇောတို့သည်။ ကာမာဝစရာနိ၊ ကာမာဝစရဇောတို့ပေတည်း။ အယံ ပန၊ ဤဆိုအပ်ခဲ့ပြီးသော စကားသည်ကား။ ဝိသေသော၊ ထူးခြားချက်ပေတည်း။ ယသ္မာ၊ အကြင်

ကြောင့်။ သုခဝေဒနာ၊ သုခဝေဒနာသည်။ အဒုက္ခမသုခါယ ဝေဒနာယ၊ ဥပေက္ခာဝေဒနာအား။ အာသေဝနပစ္စယေန၊ အာသေဝနပစ္စည်းဖြင့်။ ပစ္စ-ယော၊ ကျေးဇူးပြုတတ်သည်။ န ဟောတိ၊ မဖြစ်။ စ၊ ထိုပြင်။ စတုတ္ထဇ္ဈာနေ၊ စတုတ္ထဈာန်၌။ အဒုက္ခမသုခါယ ဝေဒနာယ၊ ဥပေက္ခာဝေဒနာသည်။ ဥပ္ပဇ္ဇိတဗ္ဗံ၊ ဖြစ်သင့်၏။ တသ္မာ၊ ထိုအကြောင်းနှစ်ပါးကြောင့်။ တာနိ၊ ထိုပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူနှင့် စတုတ္ထဈာန်ဇောတို့သည်။ ဥပေက္ခာဝေဒနာသမ္ပယုတ္တာနိ ဟောန္တိ၊ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။ စ၊ ဆင့်၍ဆိုဦးအံ့။ ဥပေက္ခာသမ္ပ-ယုတ္တတ္တာယေဝ၊ ဥပေက္ခာဝေဒနာနှင့်သာယှဉ်သောကြောင့်။ ဧတ္ထ၊ ဤစတုတ္ထဈာန်၌။ ပီတိ၊ ပီတိသည်လည်း။ ပရိဟာယတိ၊ ယုတ်လျော့၏။ ဣတိ အယံ၊ ဤသည်ကား။ ဝိသေသော၊ ထူးခြားချက်ပေတည်း။ ဧတ္တာဝတာ၊ ဤမျှသော ဘာဝနာအစဉ်ဖြင့်။ ယော-ယော၊ ဤယောဂီသည်။ သုခဿ စ ပဟာနာ၊ သုခ၏လည်းကင်းခြင်းကြောင့်။ ဒုက္ခဿ စ ပဟာနာ၊ ဒုက္ခ၏လည်း ကင်းခြင်းကြောင့်။ ပုဗ္ဗေဝ၊ ရှေးမဆွကပင်လျှင်။ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ၊ သောမနဿနှင့် ဒေါမနဿတို့၏ ချုပ်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဆင်းရဲ ချမ်းသာ နှစ်မျိုးလုံးကင်းသော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဥပေက္ခာကြောင့် သတိ၏လုံးဝစင်ကြယ်မှုရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပြည့်စုံစေ၍နေ၏။ ဧဝံ ဝိဟရန္တေန၊ ဤသို့နေသော ယောဂီသည်။ ဧကင်္ဂဝိပ္ပဟီနံ၊ အင်္ဂါတပါးကိုပယ်ပြီးသည်ဖြစ်၍။ ဒွင်္ဂသမန္နာဂတံ၊ အင်္ဂါ နှစ်ပါးနှင့်ပြည့်စုံသော။ တိဝိဓကလျာဏံ၊ ကောင်းခြင်းသုံးပါးနှင့်လည်း ပြည့်စုံ သော။ ဒသလက္ခဏသမ္ပန္နံ၊ လက္ခဏာဆယ်ပါးနှင့်လည်း ပြည့်စုံသော။ ပထဝီ-ကသိဏံ၊ ပထဝီကသိုဏ်းလျှင် အာရုံရှိသော။ စတုတ္ထံ ဈာနံ၊ စတုတ္ထဈာန်ကို။ အဓိဂတံ ဟောတိ၊ ရလေ၏။

၈၈။ တတ္ထ၊ ထိုစတုတ္ထဈာန်ကိုပြဆိုသောစကား၌။ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာတိ၊ သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ-ဟူသည်ကား။ ကာယိကသုခဿ စ၊ ကာယိကသုခကိုသည် ကောင်း။ ကာယိကဒုက္ခဿ စ၊ ကာယိကဒုက္ခကိုလည်းကောင်း။ ပဟာနာယ၊ ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝါတိ၊ ပုဗ္ဗေဝဟူသည်ကား။ တဉ္စ ခေါ၊ ထိုပယ်ခြင်းသည်လည်း။ ပုဗ္ဗေဝ၊ ရှေးမဆွကပင်။ ပဟာနံ၊ ပယ်ခဲ့ပေသတည်း။ စတုတ္ထဇ္ဈာနက္ခဏေ၊ စတုတ္ထဈာန်ခဏ၌။ န၊ ပယ် ခြင်းမဟုတ်။ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာတိ၊ သောမနဿဒေါမ-နဿာနံ အတ္ထင်္ဂမာ-ဟူသည်ကား။ စေတသိကသုခဿ စ၊ စေတသိကသုခကို လည်းကောင်း။ စေတသိကဒုက္ခဿ စ၊ စေတသိကဒုက္ခကိုလည်းကောင်း။ ဣတိ ဣမေသံ ဒွိန္နမ္ပိ၊ ဤနှစ်ပါးတို့၏လည်း။ ပုဗ္ဗေဝ အတ္ထင်္ဂမာ၊ ရှေးမဆွကပင် ချုပ်ခြင်းကြောင့်။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ဣစ္စေဝ၊ ဤသို့သာလျှင်။ ဝုတ္တံ ဟောတိ၊ ဆိုလိုပေ၏။

ကဒါ ပန၊ အဘယ်အခါ၌။ နေသံ၊ သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ-ဟူသော ထိုတရားတို့ကို။ ပဟာနံ ဟောတိ၊ ပယ်သနည်း။ ဣတိ စောဒနာယံ၊ ဤသို့သော စောဒနာသည်။ သတိ၊ ဖြစ်လတ်သော်။ စတုန္နံ ဈာနာနံ၊ ဈာန်လေးပါးတို့၏။ ဥပစာရက္ခဏေ၊ ဥပစာရခဏ၌။ ပဟာနံ ဟောတိ၊ ပယ်ပေ၏။ ဣတိ ဝိဿဇ္ဇေတဗ္ဗော၊ ဤသို့ဖြေကြားအပ်၏။ ဟိ၊ ချဲ့၍ရှင်းပြဦးအံ့။ သောမနဿံ၊ သောမနဿကို။ စတုတ္ထဈာနဿ၊ စတုတ္ထဈာန်၏။ ဥပစာရက္ခဏေယေဝ၊ ဥပစာရခဏ၌သာလျှင်။ ပဟီယတိ၊ ပယ်အပ်၏။ ဒုက္ခဒေါမနဿသုခါနိ၊ ဒုက္ခဒေါမနဿနှင့် သုခတို့ကို။ ပဌမ ဒုတိယ တတိယဈာနာနံ၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့၏။ ဥပစာရက္ခဏေသု၊ ဥပစာခဏတို့၌။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ ဧဝံ၊ ဤသို့။ ဧတေသံ၊ ထိုသုခဒုက္ခစသည်တို့ကို။ ပဟာနက္ကမေန၊ ပယ်သောတရားအစဉ်ဖြင့်။ အဝုတ္တာနမ္ပိ၊ မဟောအပ်ကုန်သော်လည်း။ ဣန္ဒြိယဝိဘင်္ဂေ၊ ဣန္ဒြိယဝိဘင်း၌။ ဣန္ဒြိယာနံ၊ ဟောထားသော ဣန္ဒြေတို့၏။ ဥဒ္ဒေသက္ကမေနေဝ၊ ဥဒ္ဒေသအစဉ်ဖြင့်ပင်လျှင်။ ဣဓာပိ၊ ဤဈာန်ကို ဟောပြရာ စကား၌လည်း။ ဝုတ္တာနံ သုခဒုက္ခသောမနဿဒေါမနဿာနံ၊ ဟောအပ်သော သုခနှင့် ဒုက္ခ, သောမနဿနှင့် ဒေါမနဿတို့ကို။ (ဤ၌ ဝုတ္တာနံဟူသော ဝိသေသနကို ဝိသေသျနှင့်တွဲ၍ အနက်ပြန်ရာမှာ မြန်မာစကား ချောမောစေရန် 'ဟောအပ်သော' ဟု ကေဝုစ်ပြန်ပါသည်)။ ပဟာနံ၊ ပယ်ခြင်းကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဧတာနိ၊ ထိုသုခနှင့် ဒုက္ခ, သောမနဿနှင့် ဒေါမနဿတို့ကို။ တဿ တဿ ဈာနဿ၊ ထိုထိုဈာန်၏။ ဥပစာရက္ခဏေယေဝ၊ ဥပစာရခဏ၌ပင်လျှင်။ ယဒိ ပန ပဟီယန္တိ၊ အကယ်၍ ပယ်ကုန်ငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ ကသ္မာ၊ အဘယ်ကြောင့်။ ဥပ္ပန္နံ၊ မိမိအကြောင်းကြောင့်ဖြစ်ပေါ်သော။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိန္ဒြေသည်။ ကတ္ထ စ၊ အဘယ်အကြောင်း၌။ ဝါ၊ အဘယ်ဈာန်၌။ အပရိသေသံ၊ အကြွင်းမဲ့။ နိရုဇ္ဈတိ၊ ချုပ်သနည်း။ အပရိသေသံ နိရုဇ္ဈတိ၊အကြွင်းမဲ့ ချုပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ကာမေဟိ ဝိဝိစ္စေဝ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ၊ ပထမဈာန်ကို ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဥပ္ပန္နံ၊ မိမိအကြောင်းကြောင့်ဖြစ်ပေါ်သော။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိန္ဒြေသည်။ ဧတ္ထ စ၊ ဤပထမဈာန်၌။ အပရိသေသံ နိရုဇ္ဈတိ၊ အကြွင်းမဲ့ ချုပ်၏။ ဥပ္ပန္နံ၊ မိမိအကြောင်းကြောင့် ဖြစ်ပေါ်လာသော။ ဒေါမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြေသည်။ သုခိန္ဒြိယံ၊ သုခိန္ဒြေသည်။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေသည်။ ကတ္ထ စ၊ အဘယ်အကြောင်း၌။ ဝါ၊ အဘယ်ဈာန်၌။ အပရိသေသံ နိရုဇ္ဈတိ၊ အကြွင်းမဲ့ချုပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ဘိက္ခု၊ရဟန်းသည်။

သုခဿ စ ပဟာနာ၊ သုခ၏လည်းကင်းခြင်းကြောင့်။ ပ။စတုတ္ထံ ဈာနံ၊ စတုတ္ထ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။ ဥပ္ပန္နံ၊ မိမိအကြောင်း ကြောင့်ဖြစ်ပေါ်လာသော။ သောမနဿိန္ဒြိယံ၊ သောမနဿိန္ဒြေသည်။ စတွေ။ဤ စတုတ္ထဈာန်၌။ ပရိသေသံ နိရုဇ္ဈတိ၊ အကြွင်းမဲ့ချုပ်၏။ ဣတိ ဧဝံ၊ ဤသို့။ ဈာနေသွေဝ၊ ဈာန်တို့၌သာလျှင်။နိရောဓော၊ချုပ်ခြင်းကို။ ဝုတ္တော၊ဟောတော် မူအပ်ပါသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊အမေးတည်း။ အတိသယ- နိရောဓတ္တာ၊ အလွန်အကဲချုပ်ခြင်းကြောင့်။ဈာနေသွေဝ၊ ဈာန်တို့၌သာလျှင်။ နိရောဓော၊ ချုပ်ခြင်းကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ (ပြန်ပေ)။ ဟိ၊မှန် ပေ၏။ နေသံ၊ ထိုသုခ ဒုက္ခတို့၏။ ပဌမဇ္ဈာနာဒီသု၊ ပဌမဈာန်စသည်တို့၌။ အတိသယနိရောဓော၊ အလွန်အကဲချုပ်ခြင်းပေတည်း။ နိရောဓော့ယေဝ၊ ချုပ် ကာမျှသာလျှင်။ ဝါ၊ ချုပ်သည်ဆိုရုံမျှသာ။ န ဟောတိ၊ မဟုတ်ပေ။ ဥပစာ- ရက္ခဏေ၊ ဥပစာရခဏ၌။ နိရောဓောယေဝ ဟောတိ၊ ချုပ်သည်ဆိုရုံမျှသာဖြစ် ပေ၏။ နာတိသယနိရောဓော၊ အလွန်အကဲချုပ်ခြင်းမဟုတ်ပေ။

(၁၆၁) တထာ တံ ဝစနံ၊ ထိုစကားသည်။ ဟိ၊မှန်ပေ၏။ နာနာဝဇ္ဇနေ၊ အထူးထူးသော အာဝဇ္ဇန်းရှိသော၊ ဝါ၊ အာဝဇ္ဇန်းကွဲပြားသော။ ပဌမဇ္ဈာနု- ပစာရေ၊ ပထမဈာန်၏ ဥပစာ၌။ ဒုက္ခိန္ဒြိယဿ၊ ဒုက္ခိန္ဒြေ၏။ နိရုဒ္ဓဿပိ၊ချုပ်ပြီး ဖြစ်ငြားသော်လည်း။ ဍံသမကသာဒိသမ္ဖဿေန ဝါ၊ မှက်ခြင်စသည်တို့၏ အတွေ့ကြောင့်ဖြစ်စေ။ ဝိသမာသနုပတာပေန ဝါ၊ မညီမညွတ်သော နေရာ၌ ထိုင်ခြင်းကြောင့်ဖြစ်သော ပူလောင်ပင်ပန်းခြင်းကြောင့်ဖြစ်စေ။ ဥပ္ပတ္တိ၊ ဒုက္ခိန္ဒြေ၏ဖြစ်ခြင်းသည်။ သိယာ၊ ဖြစ်နိုင်ရာ၏။ အန္တော အပ္ပနာယံ၊အပ္ပနာ အတွင်း၌။ ဥပ္ပတ္တိ၊ဖြစ်ခြင်းသည်။ န တွေဝ သိယာ၊ မဖြစ်နိုင်သည်သာတည်း။ ဝါ၊ တနည်းကား။ ဧတံ၊ ဤဒုက္ခိန္ဒြေသည်။ ဥပစာရေ၊ ဥပစာခဏ၌။ နိရုဒ္ဓမ္ပိ၊ ချုပ်သော်လည်း။ ဝါ၊ ချုပ်ငြင်ချုပ်သော်လည်း။ သုဋ္ဌု၊ ကောင်းစွာ။ နိရုဒ္ဓံ န ဟောတိ၊ ချုပ်သည်မဟုတ်ပေ။ ကသ္မာ၊ အဘယ်ကြောင့်နည်း ဟူမူကား။ ပဋိပက္ခေန၊ ဆန့်ကျင်ဘက်တရားသည်။ ဝါ၊ ဆန့်ကျင်ဘက်တရားက။ အဝိဟ- တတ္တာ၊ မပယ်အပ်သေးသောကြောင့်တည်း။ပန၊ အထူးကိုဆိုဦးအံ့။ အန္တော အပ္ပနာယံ၊ အပ္ပနာအတွင်း၌။ ပီတိဖရဏေန၊ ပီတိ၏ပျံ့နှံ့ခြင်းကြောင့်။ ဝါ၊ ပီတိကြောင့်ဖြစ်သော ရုပ်ကောင်းရုပ်နုတို့က ကိုယ်ကိုပျံ့နှံ့ခြင်းကြောင့်။သဗ္ဗော ကာယော၊ တကိုယ်လုံးသည်။ သုခေါက္ကန္တော၊ သက်သာသုခရှိသည်။ ဟောတိ၊ ဖြစ်၏။ စ၊ ဆက်ဦးအံ့။ သုခေါက္ကန္တကာယဿ၊ ကိုယ်ကို သုခသက်ဝင်ပျံ့နှံ့သော သူအား။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိန္ဒြေသည်။ သုဋ္ဌု နိရုဒ္ဓံ ဟောတိ၊ ကောင်းစွာချုပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ပဋိပက္ခေန ဝိဟတတ္တာ၊ ဆန့်ကျင် ဘက်တရားက ပယ်သတ်ပြီးဖြစ်သောကြောင့်တည်း။ (ဤနေရာ၌ ပုဏ္ဏာဝါကျ,

ဝိသဇ္ဇနာဝါကျသုတ်၍ ယောဇနာပြဦးအံ့။) ကသ္မာ၊ အဘယ်ကြောင့်။
သုခေါက္ကန္တကာယဿ၊ ကိုယ်ကို သုခသက်ဝင်ပျံ့နှံ့သောသူအား။ ဒုက္ခိန္ဒြိယံ၊ ဒုက္ခိ-
န္ဒြေသည်။ သုဋ္ဌု၊ ကောင်းစွာ။ နိရုဒ္ဓံ ဟောတိ၊ ချုပ်ပါသနည်း။ ဣတိ အယံ၊
ဤသည်ကား။ ပုစ္ဆာ၊ အမေးဘည်း။ ပဋိဝစနံ၊ ဆန့်ကျင်ဘက်တရားသည်။
ဝါ၊ ဆန့်ကျင်ဘက်တရားက။ ဝိဘတ္တာ၊ ပယ်သတ်ပြီးဖြစ်သောကြောင့်။
သုခေါက္ကန္တကာယဿ၊ ကိုယ်ကိုသုခသက်ဝင် ပျံ့နှံ့သောသူအား။ ဒုက္ခိန္ဒြိယံ၊
ဒုက္ခိန္ဒြေသည်။ သုဋ္ဌု၊ ကောင်းစွာ။ နိရုဒ္ဓံ ဟောတိ၊ ချုပ်ပါသတည်း။ ဣတိ
အယံ၊ ဤသည်ကား။ ဝိသဇ္ဇနာ၊ အဖြေပေဘည်း။ (ဤအတိုင်း ယောဇနာ
ပါက အဓိပ္ပာယ်ပို၍ ရှင်းလင်း၏) စ၊ သို့မှဘပါ.။နာနာဝဇ္ဇနေယေဝ၊ အာဝဇ္ဇန်း
ကွဲပြားသည်သာလျှင် ဖြစ်သော။ ဒုတိယဈာနုပစာရေ၊ ဒုတိယစျာန်ဥပစာ၌။
ပဟီနဿာပိ၊ ပယ်အပ်ပြီးငြားသော်သည်း။ဝါ၊ပယ်ပြီးဖြစ်စေကာမူ။ဒေါမနဿိန္ဒြိ-
ယဿ၊ ဒေါမဿိန္ဒြေ၏။ ဥပ္ပတ္တိ၊ မိမိအကြောင်းကြောင့် ဖြစ်ပေါ်ခြင်းသည်။
သိယာ၊ ဖြစ်ရာ၏။ယသ္မာ၊အကြင်ကြောင့်။တော၊ဤဒေါမနဿိန္ဒြေသည်။ ဝိတက္က-
ဝိစာရပစ္စယေ၊ ဝိတက်ဝိစာရလျှင် အကြောင်း အထောက်အပံ့ရှိသော။ (အပိကို
ရှေ့ဟိနဿ၌ယှဉ်)။ကာယကိလမထေ စ၊ ကိုယ်ပင်ပန်းခြင်းသည်လည်းကောင်း။
စိတ္တုပဃာတေ စ၊ စိတ်ပင်ပန်းခြင်းသည်လည်းကောင်း။ သတိ၊ ဖြစ်လတ်
သော်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ယတ္ထ ပန၊ အကြင်စျာန်၏ ဥပစာ၌ကား။
(ဒေါမနဿိန္ဒြိယံ၊ ဒေါမနဿိန္ဒြေသည်)။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တတ္ထ၊ ထိုစျာန်၏
ဥပစာ၌။ ဝိတက္ကဝိစာရဘာဝေ၊ ဝိတက်ဝိစာရရှိသောကြောင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။
စ၊ ဆက်ဦးအံ့၊ ဒုတိယဈာနုပစာရေ၊ ဒုတိယစျာန် ဥပစာ၌။ ဝိတက္ကဝိစာရာ၊
ဝိတက်ဝိစာရတို့ကို။ အပ္ပဟီနာ ဧဝ၊ မပယ်အပ်ကုန်သေးသည်သာတည်း။ ဣတိ
တသ္မာ၊ ထို့ကြောင့်။တတ္ထ၊ ထိုဒုတိယစျာန်ဥပစာ၌။ အဿ၊ထိုဒေါမဿိန္ဒြေ၏။
ဥပ္ပတ္တိ၊ မိမိအကြောင်းကြောင့် ဖြစ်ပေါ်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။
ဒုတိယဈာနေ၊ ဒုတိယစျာန်၌။ န တွေဝ သိယာ၊မဖြစ်ရာသည်သာတည်း။ကသ္မာ၊
အဘယ်ကြောင့်နည်းဟူမူကား။ ပဟီနပစ္စယတ္တာ၊ အကြောင်းကိုပယ်ပြီးဖြစ်
သောကြောင့်သောတည်း။ တထာ၊ထို့မှဘပါး။တတိယဈာနုပစာရေ၊ တတိယစျာန်
ဥပစာ၌။ ပဟီနဿာပိ၊ ပယ်ပြီးဖြစ်သော်လည်း။ ဝါ၊ ပယ်ပြီးဖြစ်စေကာမူ။ပီတိ-
သမုဋ္ဌာနပဏီတရူပဖုဋ္ဌကာယဿ၊ ပီတိကြောင့်ဖြစ်သောရုပ်ကောင်းရုပ်နုတို့ဖြင့်
ပျံ့နှံ့တွေ့ထိသောကိုယ်ရှိသူအား။ သုခိန္ဒြိယဿ၊ သုခိန္ဒြေ၏။ ဥပ္ပတ္တိ၊ မိမိ
အကြောင်းကြောင့် ဖြစ်ပေါ်ခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ တတိယဈာနေ၊
တတိယစျာန်၌။ ဥပ္ပတ္တိ၊ မိမိအကြောင်းကြောင့် ဖြစ်ပေါ်ခြင်းသည်။ န တွေဝ
သိယာ၊ မဖြစ်ရာသည်သာတည်း။ ဟိ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။
တတိယဈာနေ၊ တတိယစျာန်၌။ သုခဿ၊ သုခ၏။ ပစ္စယဘူတာ၊ အကြောင်း
ဖြစ်သော။ ပီတိ၊ ပီတိသည်။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ နိရုဒ္ဓါ၊ ချုပ်လေပြီ။

ဣတိ ဟသ္မာ၊ ထို့ကြောင့်။ န ဝေ့ သိယာ၊ မဖြစ်ရာသည်သာတည်း။(ပြန်စပ်)။ ဓာယာ၊ ထိုမှတပါး။ စတုတ္ထဇ္ဈာနုပစာရေ၊ စတုတ္ထဈာန်ဥပစာ၌။ ပဟီနာပိ၊ ပယ်ပြီးဖြစ်စေကာမူ။ သောမနဿိန္ဒြိယဿ၊ သောမနဿိန္ဒြေ၏။ အာသန္နတ္တာ၊ ပိတိကဲ့သို့မဝေး နီးကပ်သောကြောင့်လည်းကောင်း။အပ္ပနာပတ္တာယ၊ အပ္ပနာသို့ ရောက်သော။ ဥပေက္ခာယ အဘာဝေန၊ ဥပေက္ခာမရှိသဖြင့်။ သမ္မာ၊ ကောင်းစွာ။ အနတိက္ကန္တတ္တာ စ၊ မလွန်သေးသောကြောင့်လည်းကောင်း။ဥပ္ပတ္တိ သိယာ၊ ဖြစ်နိုင်ရာ၏။ စတုတ္ထဇ္ဈာနေ၊ စတုတ္ထဈာန်၌။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ န ဝေ့ သိယာ၊ မဖြစ်ရာ။ တသ္မာ ဧဝ၊ ထို့ကြောင့်သာလျှင်။ ဧတ္ထုပ္ပန္နံ ဒုက္ခိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတီတိ၊ ဧတ္ထုပ္ပန္နံ ဒုက္ခိန္ဒြိယံ အပရိသေသံ နိရုဇ္ဈတိ-ဟူ၍။ တတ္ထ တတ္ထ၊ ထိုဆိုအရာ၌။ အပရိသေသဂ္ဂဟနံ၊ အပရိသေသသဒ္ဒါကို။ ကတံ၊ ပြုအပ်ပေသည်။ ဣတိ အယံ၊ ဤကား စကားတရပ်ပြီး၏။

ဧတ္ထ ဌာနေ၊ ဤနေရာ၌။ ဌတွာ၊ တန့်ရပ်၍။ စောဒကော၊ စောဒကပုဂ္ဂိုလ်သည်။ အာဟ၊ ပြောဆို၏။ အထ၊ ထိုမှို။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တဿ တဿ ဈာနဿ၊ ထိုထိုဈာန်၏။ ဥပစာရေ၊ ဥပစာ၌။ ပဟီနာပိ၊ ပယ်အပ်ပြီး လည်း ဖြစ်ကုန်သော။ ဧတာ ဝေဒနာ၊ ဤဝေဒနာတို့ကို။ ကသ္မာ၊ အဘယ် ကြောင့်။ ဣဓ၊ ဤစတုတ္ထဈာန်၌။ သမာဟဋာ၊ ပေါင်း၍ ဆောင်အပ် ကုန်သနည်း။ ဝါ၊ ပေါင်း၍ ဟောတော်မူအပ်ကုန်သနည်း။ တနည်း။ သမာဟဋာ=အထ သမာဟတာ နု၊ စု၍ဆိုအပ်ကုန်သနည်း။(ဤအလိုသော် အထသည် နု·အနက်ရှိ၏။ ကသ္မာ ရှိပြီးလျက် နုအနက်ရှိသော အထ- သဒ္ဒါကို မဆိုသင့်ဟူမူ ကာယနုတ္တကဲ့သို့ဟုဖြေ။ (ပြည်နိဿယ)။ ဣတိ၊ ဤသို့။ စောဒကော၊ စောဒကပုဂ္ဂိုလ်သည်။ အာဟ၊ ပြောဆို၏။ သုခဂ္ဂဟနတ္ထံ၊ ယူလွယ်ခြင်းအကျိုးငှာ။သမာဟဋာ၊ ပေါင်း၍ ဆောင်အပ်ကုန်၏။ ဟိ၊ ချဲ့၍ ပြဦးအံ့။ အဒုက္ခမသုခန္တိ ဧတ္ထ၊ အဒုက္ခမသုခံဟူသော ဤစကားရပ်၌။ ယာ အယံ အဒုက္ခမသုခါဝေဒနာ၊ အကြင်ဒုက္ခလည်း မဟုတ်, သုခလည်း မဟုတ်သော ဥပေက္ခာဝေဒနာကို။ ဝုတ္တာ၊ ဆိုအပ်၏။ သာ၊ ထိုဥပေက္ခာ- ဝေဒနာသည်။ သုခုမာ၊ သိမ်မွေ့၏။ ဒုဝိညေယျာ၊ သိနိုင်ခဲ၏။ သုခေန၊လွယ်ကူ စွာ။ ဂဟေတုံ၊ ဉာဏ်ဖြင့် ဖမ်းယူခြင်းငှာ၊ န သက္ကာ၊ မတတ်နိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ယထာ ဝါ တထာ ဝါ၊ ဟုတ်ဟုတ် ညားညားဖြင့်။ ဝါ၊မည်သည့်နည်းနှင့်မျှ။ဥပသင်္ကမိတွာ၊ချဉ်းကပ်၍။ ဂဟေတုံ၊ ဖမ်းယူခြင်းငှာ။ အသက္ကုဏေယျဿ၊ မဘတ်နိုင်သော။ ဒုဋ္ဌဿ၊ဆိုးမ ခက်သော။ ဂေါဏဿ၊ နွားကို။ သုခဂ္ဂဟနတ္ထံ၊ လွယ်ကူစွာ ဖမ်းယူခြင်းငှာ။ ဂေါပေါ၊ နွားကျောင်းသားသည်။ ဧကသ္မိံ ဝဇေ၊ နွားခြံတခု၌။ သဗ္ဗာ ဂါဝေါ၊ နွားအားလုံးကို။သမာဟရတိ၊ စုသွင်း၏၊အထ၊ ထိုနောင်မှ။ ဧကေကံ၊

ဘကောင်စီ တကောင်စီးသောနွားကို။ နီဟရန္တေ၊ ထုတ်လတ်သော်။ ပဋိပါဋိ-ယာ အာဂတံ၊ အစဉ်အတိုင်းလာသော။ (တမှိ ဌ္ဌစပ်)။ အယံ၊ ဤနွားသည်။ သော၊ ထိုဆုံးမခက်သောနွားဘည်း။ နံ၊ ထိုနွားကို။ ဂဏှထ၊ ဖမ်းကြကုန်လော။ ဣတိ၊ ထိုကြောင့်။ တမ္ပိ၊ ထိုနွားကိုလည်း။ ဂါဟယတိ ယထာ၊ ဖမ်းစေသကဲ့သို့။ ဧဝမေဝ၊ ဤအတူ။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သုခဂ္ဂဟ-နတ္ထံ၊ လွယ်ကူစွာ ဖမ်းယူခြင်းငှာ။ သဗ္ဗာ၊ အလုံးစုံကုန်သော။ တော၊ ထိုဝေဒနာတို့ကို။ သမာဟရိ၊ စု၍ ဟောတော်မူ၏။ ဟိ၊ အကျိုးကား။ ဧဝံ သမာဟဋ္ဌာ၊ ဤသို့စု၍ ဟောတော်မူအပ်ကုန်သော။ တော၊ ထိုဝေဒနာတို့ကို။ ဒဿေတွာ၊ ပြပြီးလျှင်။ ယံ၊ အကြင်သဘောဘရားသည်။ နေဝ သုခံ၊ သုခလည်းမဟုတ်။ န ဒုက္ခံ၊ ဒုက္ခလည်းမဟုတ်။ န သောမနဿံ၊ သောမနဿလည်းမဟုတ်။ န ဒေါမနဿံ၊ ဒေါမနဿလည်းမဟုတ်။ အယံ၊ ဤသဘောတရားသည်။ အဒုက္ခမသုခါဝေဒနာ၊ ဥပေက္ခာဝေဒနာပေတည်း။ ဣတိ၊ ဤသို့။ သော၊ ဤဥပေက္ခာဝေဒနာကို။ ဂါဟယိတုံ၊ ယူစေခြင်းငှာ။ သက္ကာ ဟောတိ၊ စွမ်းနိုင်ပေသတည်း။

အပိစ၊ တနည်းသော်ကား။ အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော။ စေတောဝိမုတ္တိယာ၊ စိတ်၏ ဆန့်ကျင်ဘက်တို့မှ လွတ်ကြောင်းဖြစ်သော စတုတ္ထဈာန်သမာပတ်၏၊ ပစ္စယဒဿနတ္ထဉ္စာပိ၊ အကြောင်းကိုပြခြင်းအကျိုးငှာလည်း။ တော၊ ထိုဝေဒနာတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိထိုက်ကုန်၏။ ဟိ၊ ချဲ့၍ပြဦးအံ့။ ဒုက္ခပ္ပ-ဟာနာဒယော၊ ဒုက္ခကို ပယ်တတ်သော ဥပစာနှင့်တကွသော ပထမဈာန်စသည်တို့သည်။ တဿာ၊ ထိုစတုတ္ထဈာန်စေတောဝိမုတ္တိ၏။ ပစ္စယာ၊ ရကြောင်းတို့ပေတည်း။ ယထာဟ၊ ဘုရားဘယ်သို့ ဟောတော်မူသနည်းဟူမူကား။ ( ၁၆၂ ) အာဝုသော၊ ငါ့ရှင် မဟာကောဋ္ဌိက။ အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော။ စေတောဝိမုတ္တိယာ သမာပတ္တိယာ၊ စိတ်၏ဆန့်ကျင်ဘက်တို့မှ လွတ်ကြောင်းဖြစ်သော စတုတ္ထဈာန်သမာပတ်၏။ ပစ္စယာ၊ အကြောင်းတို့သည်။ စတ္တာရော၊ လေးပါးတို့တည်း။ အာဝုသော၊ ငါ့ရှင် မဟာကောဋ္ဌိက။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ သုခဿ စ ပဟာနာ၊ သုခကိုလည်းပယ်ခြင်းကြောင့်။ပ။ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ၊ စတုတ္ထဈာန်ကို ပြည့်စုံစေ၍။ ဝိဟ-ရတိ၊ နေ၏။ အာဝုသော၊ ငါ့ရှင် မဟာကောဋ္ဌိက။ အဒုက္ခမသုခါယ၊ ဒုက္ခလည်းမဟုတ် သုခလည်းမဟုတ်သော။ စေတောဝိမုတ္တိယာ သမာပတ္တိယာ၊ စိတ်၏ ဆန့်ကျင်ဘက်တို့မှ လွတ်ကြောင်းဖြစ်သော စတုတ္ထဈာန်သမာပတ်၏။ ပစ္စယာ၊ အကြောင်းတို့သည်။ ဣမေ စတ္တာရော၊ ဤလေးပါးတို့ပေတည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ဝါ၊ တနည်းကား။ အညတ္ထ၊ အခြားသော အောက်မဂ်တို့၌။ ပဟီနာပိ၊ ပယ်ပြီးစေကာမူ။ သက္ကာယဒိဋ္ဌိအာဒယော၊ သက္ကာယဒိဋ္ဌိစသည်တို့ကို။ တတိယမဂ္ဂဿ၊ တတိယမဂ်၏။ ဝဏ္ဏဘဏနတ္ထံ၊ ဂုဏ်ကို ချီးမွမ်းခြင်းငှာ။ ဧတ္ထ ပဟီနာတိ၊ ထိုတတိယမဂ်၌ ပယ်အပ်ကုန်၏ဟူ။ ဝုတ္တာ ယထာ၊ ဆိုအပ်သကဲ့သို့။ ဧဝံ၊ ထို့အတူ။ တေဿ ဈာနဿ ဝဏ္ဏဘဏနတ္ထံပိ၊ ဤစတုတ္ထဈာန်၏ ဂုဏ်ကို ချီးမွမ်းခြင်းငှာလည်း။ ဧတာ၊ ထိုဝေဒနာတို့ကို။ ဣဓ၊ ဤစတုတ္ထဈာန်၌။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဣတိပိ၊ ဤသို့လည်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤစတုတ္ထဈာန်၌။ ပစ္စယဃာတေန၊ အကြောင်းကို ပယ်သတ်ခြင်းဖြင့်။ ရာဂဒေါသာနံ အတိဒူရဘာဝံ၊ ရာဂနှင့် ဒေါသတို့၏ အလွန်ဝေးကွာခြင်းကို။ ဒဿေတုမ္ပိ၊ ပြခြင်းငှာလည်း။ ဧတာ၊ ထိုဝေဒနာတို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ ဟိ၊ မှန်၏။ ဧတာသု၊ ထိုဝေဒနာတို့တွင်။ သုခံ၊ သုခသည်။ သောမနဿဿ၊ သောမနဿ၏။ ပစ္စယော၊ အကြောင်းဖြစ်၏။ သောမနဿံ၊ သောမနဿသည်။ ရာဂဿ၊ ရာဂ၏။ ပစ္စယော၊ အကြောင်းဖြစ်၏။ ဒုက္ခံ၊ ဒုက္ခသည်။ ဒေါမနဿဿ၊ ဒေါမနဿ၏။ ပစ္စယော၊ အကြောင်းဖြစ်၏။ ဒေါမနဿံ၊ ဒေါမနဿသည်။ ဒေါသဿ၊ ဒေါသ၏။ ပစ္စယော၊ အကြောင်းဖြစ်၏။ အဿ၊ ထိုဈာန်သည်။ သုခါဒိဃာတေန၊ သုခစသည်တို့ကို ပယ်သတ်ခြင်းဖြင့်။ သပ္ပစ္စယာ၊ အကြောင်းနှင့်တကွ ဖြစ်ကုန်သော။ ရာဂဒေါသာ၊ ရာဂ, ဒေါသတို့ကို။ ဟတာ၊ ပယ်သတ်အပ်ပြီးဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ပယ်သတ်အပ်ပြီး ဖြစ်သောကြောင့်။ အတိဒူရေ ဟောန္တိ၊ အလွန်ဝေးကုန်၏။ ဣတိ ဝေဒိတဗ္ဗာ၊ ဤသို့သိအပ်ကုန်၏။

အဒုက္ခမသုခန္တိ၊ အဒုက္ခမသုခံဟူသည်ကား။ ဒုက္ခာဘာဝေန၊ ဒုက္ခမရှိခြင်းကြောင့်။ အဒုက္ခံ၊ အဒုက္ခမည်၏။ သုခါဘာဝေန၊ သုခမရှိခြင်းကြောင့်။ အသုခံ၊ အသုခမည်၏။ ဧတေန ဒုက္ခသုခပဋိက္ခေပဝစနေန၊ ဒုက္ခနှင့် သုခကို ပယ်သော ဤစကားရပ်ဖြင့်။ ဧတ္ထ၊ ဤစတုတ္ထဈာန်၌။ ဒုက္ခသုခပဋိပက္ခဘူတံ၊ ဒုက္ခနှင့် သုခတို့၏ ဆန့်ကျင်ဘက်ဖြစ်သော။ တတိယဝေဒနံ၊ တတိယဝေဒနာကို။ ဒီပေတိ၊ ပြ၏။ ဒုက္ခသုခါဘာဝမတ္တံ၊ ဒုက္ခ သုခ မရှိခြင်းမျှကို။ န ဒီပေတိ၊ ပြသည်မဟုတ်ပေ။ တတိယဝေဒနာ နာမ၊ တတိယဝေဒနာမည်သည်ကား။ အဒုက္ခမသုခါ၊ အဒုက္ခမသုခပင်တည်း။ ဥပေက္ခာဝေဒနာတိပိ ဝုစ္စတိ၊ ဥပေက္ခာဝေဒနာဟူ၍လည်း ဆိုအပ်ပေ၏။ သာ၊ ထိုအဒုက္ခမသုခဝေဒနာသည်။ ဣဋ္ဌာနိဋ္ဌဝိပရိတာနုဘဝနလက္ခဏာ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့မှ ပြန်သော မဇ္ဈတ္တာရုံကို။ ဝါ၊ မကောင်း မဆိုး အလယ်အလတ်အာရုံကို ခံစားခြင်း လက္ခဏာရှိ၏။မဇ္ဈတ္တရသာ၊လျစ်လျူ

ရှုခြင်းကိစ္စရှိ၏။ အဝိဘူတပစ္စုပဋ္ဌာနံ၊ သုခ ဒုက္ခတို့ကဲ့သို့ မထင်မရှားသောတရားဟု ဉာဏ်အား ရှေးရှုထင်တတ်၏။ သုခနိရောဓပဒဋ္ဌာနံ၊ သုခချုပ်ရာစတုတ္ထဈာန်လျှင် နီးသောအကြောင်းရှိ၏။ ဣတိ ဝေဒိတဗ္ဗာ၊ ဤသို့ သိအပ်၏။

၇၉။ ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ၊ ဥပေက္ခာသတိပါရိသုဒ္ဓိံ ဟူသည်ကား။ ဥပေက္ခာယ ဇနိတသတိယာ၊ ဥပေက္ခာသည်၊ ဝါ၊ ဥပေက္ခာ က ဖြစ်စေအပ်သော သတိ၏။ ပါရိသုဒ္ဓိံ၊ လုံးဝစင်ကြယ်ခြင်းရှိသော။ ဟိ၊ ချဲ့ဦးအံ့။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဣမသ္မိံ ဈာနေ၊ ဤဈာန်၌။ သတိ၊ သတိသည်။ သုပရိသုဒ္ဓါ၊ အလွန်စင်ကြယ်၏။ စ၊ ဆက်ဦးအံ့။ တဿာ သတိယာ၊ ထိုသတိ၏။ ယာ ပါရိသုဒ္ဓိ၊ အကြင်စင်ကြယ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ သာ ပါရိသုဒ္ဓိ၊ ထိုစင်ကြယ်ခြင်းကို။ ဥပေက္ခာယ၊ ဥပေက္ခာသည်၊ ကတာ၊ ပြုအပ်၏။ အညေန၊ အခြားသောတရားက။ န ကတာ၊ ပြုအပ်သည် မဟုတ်ပေ။ တသ္မာ၊ ထိုကြောင့်။ ဧတံ၊ ထို ဝေဒနာကို။ ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ၊ ဥပေက္ခာသတိပါရိသုဒ္ဓိံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဝိဘင်္ဂေပိ၊ ဝိဘင်းကျမ်း၌လည်း။ အယံ သတိ၊ ဤသတိသည်။ ဣမာယ ဥပေက္ခာယ၊ ဤဥပေက္ခာကြောင့်။ ဝိသဒါ ဟောတိ၊ သန့်ရှင်း၏။ ပရိသုဒ္ဓါ ဟောတိ၊ လုံးဝစင်ကြယ်၏။ ပရိယောဒါတာ ဟောတိ၊ ပြိုးပြိုးပြက်ပြက်တောက်ပ၏။ တေန၊ ထို့ကြောင့်။ ဥပေက္ခာသတိပါရိသုဒ္ဓိတိ၊ ဥပေက္ခာသတိပါရိသုဒ္ဓိ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤစတုတ္ထဈာန်၌။ ယာယ ဥပေက္ခာယ၊ အကြင်ဥပေက္ခာကြောင့်။ သတိယာ၊ သတိ၏။ ပါရိသုဒ္ဓိ ဟောတိ၊ စင်ကြယ်၏။ (စင်ကြယ်ခြင်းသည် ဖြစ်၏)။ သာ၊ ထိုဥပေက္ခာကို။ အတ္ထတော၊ သရုပ်တရားကိုယ်အားဖြင့်။ တတြမဇ္ဈတ္တတာတိ၊ တတြမဇ္ဈတ္တတာဟူ၍။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။ စ၊ ဆက်ဦးအံ့။ ဧတ္ထ၊ ဤစတုတ္ထဈာန်၌၊ တာယ၊ ထိုဥပေက္ခာကြောင့်။ ကေဝလံ သတိယေဝ ပရိသုဒ္ဓါ၊ သတိသက်သက်သာ စင်ကြယ်သည်။ န၊ မဟုတ်ပေ။ အပိ စ ခေါ၊ စင်စစ်သော်ကား။ သဗ္ဗေပိ သမ္ပယုတ္တဓမ္မာ၊ အလုံးစုံသော ယှဉ်ဖက်တရားတို့သည်လည်း။ ပရိသုဒ္ဓါ၊ စင်ကြယ်ကုန်၏။ (ပြန်စပ်) ပန၊ ထိုသို့ဖြစ်သော်လည်း။ သတိသီသေန၊ သတိကို ပဓာနပြုသဖြင့်။ ဝါ၊ သတိကို ခေါင်းတပ်လျက်၊ ဒေသနာ ဝုတ္တာ၊ ဒေသနာတော်ကို ဟောတော်မူအပ်ပေသည်။

တတ္ထ၊ ထိုစျာန်လေးပါးတို့တွင်။ ဟေဋ္ဌာ တီသု ဈာနေသု၊ အောက်ဈာန်သုံးပါးတို့၌လည်း။ အယံ ဥပေက္ခာ၊ ဤဥပေက္ခာသည်။ ကိဉ္စာပိ ဝိဇ္ဇတိ၊အကယ်၍ ရှိစေကာမူ။ ဒိဝါ၊ နေ့အခါ၌၊ သူရိယပ္ပဘာဘိဘဝါ စ၊ နေရောင်လွှမ်းမိုးနှိပ်စက်သောကြောင့်လည်းကောင်း။ သောမ္မဘာဝေန၊ ချမ်းအေးခြင်းဖြင့်။ အတ္တနော ဥပကာရကတ္တေန ဝါ၊ မိမိအား ကျေးဇူးပြုခြင်းအားဖြင့် လည်းကောင်း။ (၁၉၃) သဘာဂါယ ရတ္တိယာ၊ သဘောတူသော ညဉ့်အခါကို။

အလာဘာ ဝါ၊ မရခြင်းကြောင့် လည်းကောင်း။ စန္ဒလေခါ၊ လ-ရေးသည်။ ဝါ၊ လရောင်သည်။ ဒိဝါ၊ နေ့အခါ၌။ ဝိဇ္ဇမာနာပိ၊ ထွန်းလင်းတောက်ပလျက်ရှိသော်လည်း။ အပရိသုဒ္ဓါ ဟောတိ ယထာ၊ မသန့်ရှင်း မစင်ကြယ်သကဲ့သို့ လည်းကောင်း။ အပရိယောဒါတာ ဟောတိ ယထာ၊ ပြိုးပြိုးပြက်ပြက် မတောက်ပနိုင်သကဲ့သို့ လည်းကောင်း။ ဧဝံ၊ ဤအတူ။ အယံပိ တတြမဇ္ဈတ္တုပေက္ခာ စန္ဒလေခါ၊ ဤတတြမဇ္ဈတ္တုပေက္ခာဟူသော လရေးသည်လည်း။ ဝိတက္ကာဒိပစ္စနီကဓမ္မတေဇာဘိဘဝါ စ၊ ဝိတက်အစရှိသော ရန်သူတရားတို့က လွှမ်းမိုးနှိပ်စက်လျက်ရှိသောကြောင့် လည်းကောင်း။ သဘာဂါယ စ ဥပေက္ခာဝေဒနာရတ္တိယာ၊ သဘောတူသော ဥပေက္ခာဝေဒနာဟူသောညဉ့်ကို။ အပ္ပဋိလာဘာ စ၊ မရခြင်းကြောင့်လည်းကောင်း။ ပဌမာဒိဇ္ဈာနဘေဒေသု၊ ပထမစျာန်စသော အောက်စျာန်သုံးပါးတို့၌။ ဝိဇ္ဇမာနာပိ၊ ရှိပင် ရှိသော်လည်း။ ဝါ၊ ရှိပင် ရှိစေကာမူ။ အပရိသုဒ္ဓါ ဟောတိ၊ မသန့်ရှင်း မစင်ကြယ်ပေ။ တဿာ စ အပရိသုဒ္ဓါယ၊ ထိုဥပေက္ခာ မစင်ကြယ်သည်ရှိသော်။ ဝါ၊ ဥပေက္ခာမစင်ကြယ်လျှင်လည်း။ ဒိဝါ၊ နေ့အခါ၌။ အပရိသုဒ္ဓစန္ဒလေခါယ၊ ထက်ဝန်းကျင် မစင်ကြယ်သောလရေး၏။ ပဘာ ဝိယ၊ အရောင်ကဲ့သို့။ သဟဇာတာဒိသတိအာဒယော၊ အတူတကွဖြစ်ဖက်ဖြစ်သော သတိစသည်တို့သည်လည်း။ အပရိသုဒ္ဓါဝ ဟောန္တိ၊ ထက်ဝန်းကျင် မစင်ကြယ်ကုန်သည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ တေသု၊ ထိုပထမစျာန်စသော အောက်စျာန်သုံးပါးတို့တွင်။ ဧကမ္ပိ၊ တပါးကိုမျှလည်း။ ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ၊ ဥပေက္ခာသတိပါရိသုဒ္ဓိ ဟူ၍။ န ဝုတ္တံ၊ ဟောတော်မမူအပ်ပေ။ ဣဓ ပန၊ ဤစတုတ္ထစျာန်၌ကား။ ဝိတက္ကာဒိပစ္စနီကဓမ္မတေဇာဘိဘဝါဘာဝါ၊ ဝိတက်စသော ရန်သူတရားတို့၏ အာနုဘော်က လွှမ်းမိုး နှိပ်စက်ခြင်း မရှိသောကြောင့်လည်းကောင်း။ သဘာဂါယ စ ဥပေက္ခာဝေဒနာရတ္တိယာ၊ သဘောတူသော ဥပေက္ခာဝေဒနာဟူသောညဉ့်ကို။ ပဋိလာဘာ စ၊ ရသောကြောင့်လည်းကောင်း။ အယံ တတြမဇ္ဈတ္တုပေက္ခာစန္ဒလေခါ၊ ဤတတြမဇ္ဈတ္တုပေက္ခာဟူသော လရေးသည်။ အတိဝိယ ပရိသုဒ္ဓါ၊ အလွန်လျှင် ထက်ဝန်းကျင် စင်ကြယ်၏။ တဿာ၊ ထိုတတြမဇ္ဈတ္တုပေက္ခာဟူသော လရေး၏။ ပရိသုဒ္ဓတ္တာ၊ စင်ကြယ်သောကြောင့်။ ပရိသုဒ္ဓစန္ဒလေခါယ၊ ထက်ဝန်းကျင် စင်ကြယ်သော လရေး၏။ ပဘာ ဝိယ၊ အရောင်ကဲ့သို့။ သဟဇာတာပိ သတိအာဒယော၊ အတူတကွဖြစ်ဖက် ဖြစ်သောသတိအစရှိသည်တို့သည်လည်း။ ပရိသုဒ္ဓါ ဟောန္တိ၊ ထက်ဝန်းကျင် စင်ကြယ်ကုန်၏။ ပရိယောဒါတာ ဟောန္တိ၊ ပြိုးပြိုးပြက်ပြက် တောက်ပကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဣဒမေဝ၊ ဤစတုတ္ထစျာန်ကိုသာလျှင်။ "ဥပေက္ခာသတိပါရိသုဒ္ဓိန္တိ၊ ဥပေက္ခာသတိပါရိသုဒ္ဓိ" ဟု။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

စတုတ္ထန္တိ၊ စတုတ္ထံဟူသည်ကား။ ဂဏနာနုပုဗ္ဗတာ စ၊ ရေတွက်ခြင်းဖြစ်စဉ် အားဖြင့်။ စတုတ္ထ၊ လေးခုမြောက်ဖြစ်သောကြောင့် စတုတ္ထမည်၏။ ဣဒံ၊ ဤ ဈာန်ကို။ စတုတ္ထံ၊ လေးကြိမ်မြောက်။ သမာပဇ္ဇတိ၊ ဝင်စား၏။ ဣတိပိ၊ ထို့ ကြောင့်လည်း။ စတုတ္ထံ၊ စတုတ္ထမည်၏။ ပန၊ ထိုမှတပါးကား။ ကောဂ်ဝိပ္ပဟီနံ၊ အင်္ဂါတပါးကို ပယ်ပြီးသည်ဖြစ်၍။ ဒုဝင်္ဂသမန္နာဂတံ၊ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံ သော။ ဣတိ၊ ဤသို့။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တတ္ထ ဝစနေ၊ ထိုစကားရပ်၌။ သောမနဿဿ၊ သောမနဿကို။ ပဟာနဝသေန၊ ပယ် ခြင်း၏အစွမ်းဖြင့်။ ကောဂ်ဝိပ္ပဟီနတာ၊ အင်္ဂါတပါးကို ပယ်ပြီးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိထိုက်၏။ ပန၊ ဆက်၍ဆိုဦးအံ့။ တဉ္စ၊ ထိုသောမဿဝေဒနာကို လည်း။ ကေဝဠိယံ၊ တဝီထိတည်း၌။ ဝါ၊ တဝီထိတည်းဝယ်။ ပုရိမဇဝနေသု- ယေဝ၊ ရှေ့ဇောတို့၌ပင်လျှင်။ ပဟီယတိ၊ ပယ်အပ်၏။ တေန၊ ထို့ကြောင့်။ တံ၊ ထိုသောမနဿကို။ အဿ၊ ထိုစတုတ္ထဈာန်၏။ ပဟာနင်္ဂန္တိ၊ ပယ်အင်္ဂါဟူ ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ပန၊ ထိုမှတပါ။ ဥပေက္ခာဝေဒနာ၊ ဥပေက္ခာဝေဒနာ လည်းကောင်း။ စိတ္တဿေကဂ္ဂတာ၊ စိတ္တဿေကဂ္ဂတာလည်းကောင်း။ ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ ဤနှစ်ပါးတို့၏။ ဥပ္ပတ္တိဝသေန၊ ဖြစ်ခြင်းအားဖြင့်။ ဒုဝင်- သမန္နာဂတတာ၊ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံပုံကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ သေသံ၊ ကြွင်းသောသိဖွယ်ဟူသမျှသည်။ ပဌမဇ္ဈာနေ၊ ပထမဈာန်၌။ ဝုတ္တနယေဝ၊ ဆို အပ်ပြီးသောနည်းရှိသည်သာလျှင်တည်း။ သေ-သော၊ ဤသည်ကား။တာဝ၊ ရှေးဦးစွာ။ စတုက္ကဇ္ဈာနေ၊ စတုက္ကဈာန်၌။ နယော၊ သိခကြောင်းနည်းပေတည်း။

ပဥ္စကဇ္ဈာနကထာ

ပဌမဈာန်ကို ဖွင့်ပြချက်

၉၀။ ပန၊ အဖို့တပါးကား။ ပဥ္စကဇ္ဈာနံ၊ ပဥ္စကဈာန်ကို။ ဝါ၊ ဈာန် ငါးပါးအပေါင်းဟူသော ပဥ္စကဈာန်ကို။ နိဗ္ဗတ္တေန္တေန၊ ဖြစ်စေလိုသော ယောဂီ သည်။ ပဂုဏပဌမဇ္ဈာနတော ဝုဋ္ဌာယ၊ ကျေပွန်အောင် ဝင်စားထားသော ပထမဈာန်မှထ၍။ အယံ သမာပတ္တိ၊ ဤပထမဈာန်သမာပတ်သည်။ အာသန္န- နီဝရဏပစ္စတ္ထိကာ၊ နီဝရဏဟူသောရန်သူနှင့် နီးကပ်၏။ ဣတိ စ၊ ဤသို့လည်း ကောင်း။ ဝိတက္ကဿ၊ ဝိတက်၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းကြမ်းတမ်းခြင်းကြောင့်။ အင်္ဂဒုဗ္ဗလာ၊ ဈာန်အင်္ဂါအားနည်း၏။ ဝါ၊ အားနည်းသောဈာန်အင်္ဂါရှိ၏။ ဣတိ စ၊ ဤသို့လည်းကောင်း၊ တတ္ထ၊ ထိုပထမဈာန်၌။ ဒေါသံ ဒိသွာ၊ အပြစ်ကိုမြင်၍။ ဒုတိယဇ္ဈာနံ၊ ဒုတိယဈာန်ကို။ သန္တတော မနသိ ကရိတွာ၊ ငြိမ်သက်သောတရား ဟု နှလုံးသွင်းလျက်။ ပဌမဇ္ဈာနေ၊ ပထမဈာန်၌။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက် တွယ်တာခြင်းကိုကုန်ခန်းစေ၍။ ဒုတိယာဓိဂမာယ၊ ဒုတိယဈာန်ကိုရခြင်းငှာ။

ယောဂေါ ကာတဗ္ဗော၊ ဘာဝနာအားထုတ်ခြင်းကိုပြုအပ်၏။ အထ၊ ထိုသို့အားထုတ်လတ်သော်။(အားထုတ်လျှင်)ယဒါ၊အကြင်အခါ၌။ ပဌမဇ္ဈာနာ ဝုဋ္ဌာယ၊ ပထမဈာန်မှထ၍။ သတဿ၊ သတိရလျက်။ သမ္ပဇာနဿ၊ သမ္ပဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံလျက်။ ဈာနင်္ဂါနိ ပစ္စဝေက္ခတော၊ ဈာန်အင်္ဂါတို့ကိုဆင်ခြင်သော။ အဿ၊ ထိုယောဂီအား။ ဝိတက္ကမတ္တံ၊ ဝိတက်မျှသာ။ ဩဠာရိကတော၊ ရုန့်ရင်းကြမ်းတမ်းသောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်လာ၏။ ဝိစာရာဒယော၊ ဝိစာရစသည်တို့သည်။ သန္တတော၊ ငြိမ်သက်သိမ်မွေ့သောအားဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်လာကုန်၏။ (ဝိဘတ်ပြင်လိုက်ပါ) တဒါ၊ ထိုသို့ထင်လာသောအခါ၌။ ဩဠာရိကင်္ဂပဟာနာယ စ၊ ရုန့်ရင်းကြမ်းတမ်းသော အင်္ဂါကို ပယ်ခြင်းငှာလည်းကောင်း။ သန္တင်္ဂပဋိလာဘာယ စ၊ ငြိမ်သက်သိမ်မွေ့သော အင်္ဂါကို ရခြင်းငှာလည်းကောင်း။ တဒေဝ နိမိတ္တံ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကို ပင်လျှင်။ ပထဝီ ပထဝီတိ၊ မြေ မြေဟု။ ပုနပ္ပုနံ မနသိကရောတော၊ အဖန်ဖန် အထပ်ထပ် နှလုံးသွင်းသော။ အဿ၊ ထိုယောဂီအား။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ ဒုတိယဇ္ဈာနံ ဥပ္ပဇ္ဇတိ၊ ဒုတိယဈာန်ဖြစ်ပေါ်လာ၏။ တဿ၊ ထိုဒုတိယဈာန်၏။ ပဟာနင်္ဂံ၊ ပယ်အင်္ဂါကား။ ဝိတက္ကမတ္တမေဝ၊ ဝိတက်မျှသာတည်း။ ဝိစာရာဒိစတ္တာရိ၊ ဝိစာရအစရှိသော လေးပါးတို့သည်။ သမန္နာဂတင်္ဂါနိ၊ ပြည့်စုံသောအင်္ဂါတို့ပေတည်း။ သေသံ၊ ကြွင်းသောသိဖွယ်ဟူသမျှသည်။ ဝုတ္တပ္ပကာရမေဝ၊ ဆိုခဲ့ပြီးသော အပြားရှိသည်သာလျှင်တည်း။

(၁၆၄) ပန၊ ဆက်ဦးအံ့။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ တသ္မိံ အဓိဂတေပိ၊ ထိုဒုတိယဈာန်ကို ရပြီးဖြစ်သော်လည်း။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ပဉ္စဟာကာရေဟိ၊ ငါးပါးသောအခြင်းအရာတို့ဖြင့်။ စိဏ္ဏ-ဝသိနာ ဟုတွာ၊ နိုင်နင်းအောင်လေ့လာမှီဝဲသည်ဖြစ်၍။ ပဂုဏဒုတိယဇ္ဈာနတော ဝုဋ္ဌာယ၊ ကျေပွန်အောင်ဝင်စားထားသော ဒုတိယဈာန်မှထ၍။ အယံ သမာပတ္တိ၊ ဤဒုတိယဈာန် သမာပတ်သည်။ အာသန္နဝိတက္ကပစ္စတ္ထိကာ၊ ဝိတက်ဟူသော ရန်သူနှင့်နီးကပ်၏။ ဣတိ စ၊ ဤသို့ လည်းကောင်း။ ဝိစာရဿ၊ ဝိစာရ၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းကြမ်းတမ်းခြင်းကြောင့်။ အင်္ဂဒုဗ္ဗလာ၊ ဈာန်အင်္ဂါ အားနည်း၏။ ဣတိ စ၊ ဤသို့ လည်းကောင်း။ တတ္ထ၊ ထိုဒုတိယဈာန်၌။ ဒေါသံ ဒိသွာ၊ အပြစ်ကိုမြင်၍။ တတိယံ ဈာနံ၊ တတိယဈာန်ကို။ သန္တတော၊ ငြိမ်သက်သောတရားဟု။ မနသိ ကရိတွာ၊ နှလုံးသွင်းလျက်။ ဒုတိယဇ္ဈာနေ၊ ဒုတိယဈာန်၌။ နိကန္တိံ ပရိယာဒါယ၊ နှစ်သက်တွယ်တာခြင်းကို ကုန်ခန်းစေ၍။ တတိယာဓိဂမာယ၊ တတိယဈာန်ကိုရခြင်းငှာ။ ယောဂေါ ကာတဗ္ဗော၊ ဘာ-ဝနာအားထုတ်ခြင်းကို ပြုအပ်ပေ၏။ အထ၊ ထိုသို့အားထုတ်လျှင်။ ယဒါ၊ အကြင်အခါ၌။ ဒုတိယဇ္ဈာနတော ဝုဋ္ဌာယ၊ ဒုတိယဈာန်မှထ၍။ သတဿ၊

သတိရလျက်။ သမ္ပဇာနော၊ သမ္ပဇဉ်ခေါ် ဆင်ခြင်ဉာဏ်နှင့် ပြည့်စုံလျက်။ ဈာနင်္ဂါနိ ပစ္စဝေက္ခတော၊ ဈာန်အင်္ဂါတို့ကို ဆင်ခြင်သော။ အဿ၊ ထိုယောဂီ အား။ ဝိစာရမတ္တံ၊ ဝိစာရမျှသာ။ ဩဠာရိကတော၊ ရုန့်ရင်းကြမ်းတမ်းသော အားဖြင့်။ ဥပဋ္ဌာတိ၊ ထင်လာ၏။ ပီတိအာဒီနိ၊ ပီတိစသည်တို့သည်။ သန္တ-တော ဥပဋ္ဌဟန္တိ၊ ငြိမ်သက်သိမ်မွေ့သောအားဖြင့် ထင်လာကုန်၏။ တဒါ၊ ထို အခါ၌။ ဩဠာရိကင်္ဂပ္ပဟာနာယ စ၊ ရုန့်ရင်းကြမ်းတမ်းသော အင်္ဂါကိုပယ်ခြင်း ငှာလည်းကောင်း။ သန္တင်္ဂပဋိလာဘာယ စ၊ ငြိမ်သက်သိမ်မွေ့သော အင်္ဂါကို ရခြင်းငှာလည်းကောင်း။ တဒေဝ နိမိတ္တံ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကို ပင်လျှင်။ ပထဝီ ပထဝီတိ၊ မြေ မြေဟူ။ ပုနပ္ပုနံ မနသိ ကရောတော၊ အဖန် ဖန်အသပ်ထပ် နှလုံးသွင်းသော။ အဿ၊ ထိုယောဂီအား။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ တတိယံ ဈာနံ ဥပ္ပဇ္ဇတိ၊ တတိယဈာန် ဖြစ်ပေါ်လာ၏။ တဿ၊ ထိုတတိယဈာန်၏။ ပဟာနင်္ဂံ၊ ပယ်အင်္ဂါကား။ ဝိစာရမတ္တမေဝ၊ ဝိစာရမျှသာတည်း။ စတုက္ကနယဿ၊ စတုက္ကနည်း၏။ ဒုတိယ-ဇ္ဈာနေ ဝိယ၊ ဒုတိယဈာန်၌ကဲ့သို့။ ပီတိအာဒီနိ၊ ပီတိအစရှိကုန်သော။ တီဏိ၊ သုံးပါးတို့သည်။ သမန္နာဂတင်္ဂါနိ၊ ပြည့်စုံသော အင်္ဂါတို့ပေတည်း။ သေသံ၊ ကြွင်းသောစကားချပ်သည်။ ဝါ၊ ကြွင်းသောသိဖွယ်ဟူသမျှသည်။ ဝုတ္တပကာရ-မေဝ၊ ဆိုခဲ့ပြီးသော အပြားရှိသည်သာလျှင်တည်း။

ဣတိ၊ ဤသို့။ စတုက္ကနယေ၊ စတုက္ကနည်း၌။ ယံ ဒုတိယံ၊ အကြင် ဒုတိယ နည်းသည်။ အတ္ထိ၊ ရှိ၏၊ တံ၊ ထိုဒုတိယဈာန်ကို။ ဒွိဓာ ဘိန္ဒိတွာ၊ နှစ်မျိုးခွဲဝေ လျှင်။ ပဉ္စကနယေ၊ ပဉ္စကနည်း၌။ ဒုတိယဉ္စေဝ၊ ဒုတိယဈာန်သည်လည်းကောင်း။ တတိယဉ္စ၊ တတိယဈာန်သည် လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ စ၊ ဆက်ဦး အံ့၊ တတ္ထ၊ ထိုစတုက္ကနည်း၌၊ ယာနိ စတုတ္ထာနိ၊ အကြင်တတိယဈာန်နှင့် စတုတ္ထဈာန်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ စ၊ ထိုတတိယဈာန်နှင့် စတုတ္ထ ဈာန်တို့သည်။ စတုတ္ထပဉ္စမာနိ၊ စတုတ္ထဈာန်နှင့် ပဉ္စမဈာန်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဌမံ၊ ပထမဈာန်သည်။ ပဌမမေဝ၊ ပထမဈာန်သာလျှင်တည်း။ ဣတိ၊ ဤတွင်စကားတရပ် အပြီးတည်း။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်း အပေါင်း နှစ်ထောင်းအားရ ဝမ်းသာကြပါစေခြင်း အကျိုးငှာ။ ကတေ၊ ရေးသားသမှု ပြုစုအပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်း၌။ ဝါ၊ ဝိသုဒ္ဓိမဂ်ကျမ်းဝယ်။ သမာဓိဘာဝနာဓိကာရေ၊ သမာဓိဘာဝနာအရာ၌။ ပထဝီကသိဏနိဒ္ဒေသော နာမ၊ ပထဝီကသိုဏ်းကို အကျယ်ပြဆိုရမည် သော။ စတုတ္ထော ပရိစ္ဆေဒေါ၊ လေးခုမြောက်ဖြစ်သော အပိုင်းအခန်း ပေတည်း။

# ၅-သေသကသိဏနိဒ္ဒေသ

## ကြွင်းကသိုဏ်းများကို အကျယ်ပြဆိုချက်

### အာပေါကသိဏကထာ

### အာပေါကသိုဏ်းကို ဖွင့်ပြချက်

(၁၆၅) ၉၁။ ဣဒါနိ၊ ယခုအခါ၌။ ပထဝီကသိဏာနန္တရေ၊ ပထဝီကသိုဏ်း၏ အခြားမဲ့၌။ အာပေါကသိဏေ၊ အာပေါကသိုဏ်း၌။ ဝိတ္ထာရကထာ၊ အကျယ်ဖြစ်သော စကားသည်။ ဟောတိ၊ ဖြစ်၏။ ဟိ-သစ္စံ၊ မှန်၏။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ ဘာဝေတုံ ယထာ၊ ပွားစေသကဲ့သို့ပင်။ ဧဝံ၊ ဤအတူ။ အာပေါကသိဏမ္ပိ၊ အာပေါကသိုဏ်းကိုလည်း။ ဘာဝေတုကာမေန၊ ပွားစေလိုသော ယောဂီသည်။ သုခသန္နိသိန္နေန၊ ချမ်းသာစွာထိုင်လျက်။ အာပသ္မိံ၊ ရေ၌။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ကို။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ ကတေ ဝါ၊ ပြုပြင်စီရင်ထားသော ရေ၌လည်းကောင်း။ ဝါ၊ ပြုပြင်စီရင်ထားသော ရေ၌ဖြစ်စေ။ အကတေ ဝါ၊ ပြုပြင်ခြင်းမရှိသော ပကတိရေ၌လည်းကောင်း။ ဝါ၊ ပြုပြင်ခြင်းမရှိသော ပကတိရေ၌ဖြစ်စေ။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂ နိမိတ်ကို။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံကို။ ဝိတ္ထာရေ-တဗ္ဗံ၊ ချဲ့၍သိအပ်၏။ စ၊ ထိုမှတပါး။ ဣဓ ယထာ၊ ဤအာပေါကသိုဏ်း၌ကဲ့သို့ပင်။ တနည်း။ ဣဓ၊ ဤအာပေါကသိုဏ်း၌။ ဝုတ္တနယေန၊ ဆိုခဲ့သောနည်းဖြင့်။ ဝိတ္ထာရေတဗ္ဗံ ယထာ၊ ချဲ့အပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သဗ္ဗတ္ထ၊ အလုံးစုံ၌။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏။ ဟိ၊ မှန်၏။ ဣတော၊ ဤအာပေါကသိုဏ်းမှ။ ပရံ၊ နောက်၌။ ဧတ္တကမ္ပိ၊ ဤမျှကိုလည်း။ အဝတွာ၊ မဆိုမူ၍။ (မဆိုတော့ပဲ) ဝိသေသမတ္တမေဝ၊ အထူးမျှကိုသာလျှင်။ ဝက္ခာမ၊ ဆိုတော့အံ့။ (ဆိုသွားတော့မည်)။

ဣဓာပိ၊ ဤအာပေါကသိုဏ်း၌လည်း။ ပုဗ္ဗေကတာဓိကာရဿ၊ လွန်ကဲသော ဘာဝနာကောင်းမှုကို ပြုဖူးသော။ ပုညဝတော၊ သမထဘာဝနာကုသိုလ်ရှိသော ယောဂီအား။ အကတေ အာပသ္မိံ၊ ပြုပြင်စီရင်ခြင်းမရှိသော ပကတိရေ၌ လည်းကောင်း။ ဝါ၊ ပကတိရေ၌ဖြစ်စေ။ ပေါက္ခရဏိယာ ဝါ၊ ရေကန်၌လည်း ကောင်း။ ဝါ၊ ရေကန်၌ဖြစ်စေ။ တဠာကေ ဝါ၊တဘက်ဆည်းကန်၌လည်းကောင်း။ ဝါ၊ တဘက်ဆည်းကန်၌ဖြစ်စေ။ လောဏိယံ ဝါ၊သမုဒ္ဒရာမှတက်သော ဆားငန် ရေပြည့်သော ဆားကျင်း၌လည်းကောင်း။ ဝါ၊ ဆားကျင်း၌ဖြစ်စေ။ တနည်း၊ ဒီအိုင်၌လည်းကောင်း။ ဝါ၊ ဆားကျင်းရေငန်အိုင်၌ ဖြစ်စေ။ သမုဒ္ဒေ ဝါ၊

သမုဒ္ဒရာ၌လည်းကောင်း။ ဝါ၊ သမုဒ္ဒရာ၌ဖြစ်စေ။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် ဖြစ်ပေါ်၏။ စူဠသိဝတ္ထေရဿ၊ စူဠသိဝထေရ်အား။ ဥပ္ပဇ္ဇတိ ဝိယ၊ ဖြစ်ပေါ်ဖူးသကဲ့သို့ပင်တည်း။ လာဘသက္ကာရံ ပဟာယ၊ လာဘ်ပူဇော် သက္ကာကို ပယ်စွန့်၍။ ဝိဝိတ္တာဝါသံ၊ ကင်းဆိတ်သောနေခြင်းကို။ ဝသိဿာမီတိ၊ နေတော့မည်ဟု။ စိန္တေတွာ၊ ကြံရွယ်လျက်။ (ထည့်)။ မဟာတိတ္ထေ၊ မဟာ တိတ္ထမည်သော သင်္ဘောဆိပ်၌။ နာဝမာရုဟိတွာ၊ သင်္ဘောစီး၍။ ဇမ္ဗုဒီပံ ဂစ္ဆတော၊ ဇမ္ဗူဒိပ်ကျွန်းသို့ကြွသော။ တဿ၊ ထိုအရှင်စူဠသိဝထေရ်အား။ အန္တရာ၊ သမုဒ္ဒရာခရီးအကြား၌။ မဟာသမုဒ္ဒံ ဩလောကယတော၊ သမုဒ္ဒရာ ရေပြင်ကို ကြည့်နေစဉ်။ တပ္ပဋိဘာဂံ၊ ထိုကြည့်ရာအရပ်နှင့် ပုံတူဖြစ်သော။ ကသိဏနိမိတ္တံ၊ အာပေါကသိုဏ်းနိမိတ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

အကတာဓိကာရေန၊ လွန်ခဲ့သော ဘာဝနာကောင်းမှုကို မပြုဘူးသော ယောဂီသည်ကား။ စတ္တာရော ကသိဏဒေါသေ၊ ကသိုဏ်း၏ အပြစ်လေးပါး တို့ကို။ ပရိဟရန္တေန၊ ရှောင်လွှဲလျက်။ နီလပီတလောဟိတောဒါတဝဏ္ဏာနမည-တရဝဏ္ဏံ၊ အညို, အဝါ, အနီ, အဖြူ-ဟူသော အဆင်းတို့တွင် တမျိုးမျိုးသော အဆင်းရှိသော။ အာပံ၊ ရေကို။ အဂ္ဂဟေတွာ၊ မယူပဲ။ ပန၊ သင့်လျော်ပုံကို ဆိုအံ့။ ဘူမိံ၊ မြေသို့။ အသမ္ပတ္တမေဝ၊ မရောက်သေးသည်သာလျှင်ဖြစ်သော။ အာကာသေ၊ ကောင်းကင်၌။ သုဒ္ဓဝတ္ထေန ဂဟိတံ၊ စင်ကြယ်သောအဝတ်ဖြင့် ယူအပ်သော။ ယံ ဥဒကံ၊ အကြင်ရေသည်။ အတ္ထိ၊ ရှိ၏။ အညံ၊ မြေသို့မရောက် သေးသောရေမှ တပါးသော။ တထာရူပံ၊ ထိုရေနှင့် အလားတူသော။ ဝိပ္ပသန္နံ၊ အလွန်ကြည်လင်သော။ အနာဝိလံ၊ မနောက်ကျုသော။ ယံ ဝါ ဥဒကံ၊ အကြင်ရေသည်လည်း။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုရေဖြင့်။ ပတ္တံ ဝါ၊ သပိတ်ခွက် ယောက်ကိုသော်လည်းကောင်း။ ကုဏ္ဍိကံ ဝါ၊ ကရားကိုသော်လည်းကောင်း။ သမတိတ္တိကံ ပူရေတွာ၊ အနားအရစ်နှင့်အမျှ ပြည့်စေ၍။ ဝိဟာရပစ္စန္တေ၊ ကျောင်းအစွန်၌။ ဝုတ္တပ္ပကာရေ၊ ဆိုခဲ့ပြီးသော အပြားရှိသော။ ပဋိစ္ဆန္နေ ဩကာသေ၊ အမိုးအကာရှိသောအရပ်၌။ ဌပေတွာ၊ ထား၍။ သုခနိသိန္နေန၊ ချမ်းသာစွာနေထိုင်လျက်။ ဝဏ္ဏော၊ အဆင်းကို။ န ပစ္စဝေက္ခိတဗ္ဗော၊ မဆင်ခြင်အပ်ပေ။ လက္ခဏံ၊ ယိုစီးခြင်းလက္ခဏာကိုလည်း။ န မနသိကာတဗ္ဗံ၊ နှလုံး မသွင်းအပ်ပေ။ နိဿယံ၊ အဆင်း၏ မှီရာအာပေါသိုဏ်းကို။ သဝဏ္ဏမေဝ၊ အဆင်းနှင့်တူသည်ကိုသာလျှင်။ ကတွာ၊ ပြု၍။ တနည်း။ နိဿယံ သဝဏ္ဏမေဝ၊ မှီရာရေနှင့်တူသော အခြင်းအရာရှိသည်ကို။ ကတွာ၊ ပြု၍။ ဥဿဒဝသေန၊ အာပေါဓာတ်၏ သတ္တိလွန်ကဲသောအားဖြင့်။ ပဏ္ဏတ္တိဓမ္မေ၊ ရေဟူသော ဝေါဟာရပညတ်၌။ စိတ္တံ ဌပေတွာ၊ စိတ်ကိုထား၍။ အမ္ဗု ဥဒကံ, ဝါရိ, သလိလန္တိ-အာဒီသု၊ အမ္ဗု, ဥဒကံ, ဝါရိ, သလိလံ ဤသို့အစရှိကုန်သော။ အာပေါနာမေသု၊

ရေ၏အမည်တို့တွင်။ ပါကဋ္ဌနာမဝသေနေဝ၊ ထင်ရှားသောအမည်၏ အစွမ်းဖြင့်သာလျှင်။ "အာပေါ အာပေါတိ၊ ရေ,ရေ" ဟု။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။

၀၀၊ ဤဆိုခဲ့သည့်အတိုင်း။ ဘာဝယတော၊ ပွားစေသော။ တဿ၊ ထိုယောဂီအား။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ နိမိတ္တဒွယံ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် နှစ်ပါးသည်။ အနုက္ကမေန၊ အစဉ်အတိုင်းအားဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ ပန၊ အထူးကား။ ဣဓ၊ ဤအာပေါကသိုဏ်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ စလမာနံ ဝိယ၊ လှုပ်သကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်၏။ သစေ၊ အကယ်၍။ ဖေဏပုပ္ဖုဠကမိဿံ ဥဒကံ၊ ရေမြှုပ် ရေပွက်နှင့် ရောသောရေသည်။ ဟောတိ၊ ဖြစ်အံ့။ တနည်း။ ဖေဏပုပ္ဖုဠကမိဿံ ဥဒကံ၊ ရေမြှုပ် ရေပွက်နှင့်ရောသောရေသည်။ သစေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ (သစေကြိယာ ယှဉ်၍ပြန်သည်)။ တာဒိသမေဝ၊ ထိုသို့သဘောရှိသည်သာလျှင်ဖြစ်သော ဥဂ္ဂဟနိမိတ်သည်။ ဥပဋ္ဌာတိ၊ ထင်၏။ ကသိဏဒေါသော၊ လှိုင်းတံပိုးထခြင်း, ရေမြှုပ် ရေပွက်နှင့်ရောခြင်း စသော ကသိုဏ်း၏ အပြစ်သည်။ ပညာယတိ၊ ထင်၏။ ပဋိဘာဂနိမိတ္တမ္ပန၊ ပဋိဘာဂနိမိတ်သည်ကား။ နိပ္ပရိပ္ဖန္ဒံ၊ လှုပ်ရှားခြင်းမရှိပဲ။ အာကာသေ၊ ကောင်းကင်၌။ ဌပိတမဏိတာလဝဏ္ဋံ ဝိယ၊ ထားအပ်သောမြဟပ်ဝန်းကဲ့သို့ လည်းကောင်း။ မဏိမယာဒါသမဏ္ဍလံ ဣဝ စ၊ မြကြေးမုံဝန်းကဲ့သို့ လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ သော၊ ထိုယောဂီသည်။ တဿ ပဋိဘာဂနိမိတ္တဿ၊ ထိုပဋိဘာဂနိမိတ်၏။ (၁၆၆) သဟ ဥပဋ္ဌာနေနေဝ၊ ထင်သည်နှင့် တပြိုင်နက်ပင်လျှင်။ ဥပစာရဇ္ဈာနဉ္စ၊ ဥပစာရဈာန်သို့လည်းကောင်း။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ စတုက္ကပဉ္စကဇ္ဈာနာနိ စ၊ စတုက္ကဈာန် ပဉ္စကဈာန်တို့သို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏၊ ဣတိ၊ ဤတွင် စကားတချပ်ပြီး၏။

## တေဇောကသိဏကထာ

### တေဇောကသိုဏ်းကို ဖွင့်ပြချက်

၉၂။ တေဇောကသိဏံ၊ တေဇောကသိုဏ်းကို။ ဘာဝေတုကာမေနာပိ၊ ပွားစေလိုသောယောဂီသည်လည်း။ တေဇသ္မိံ၊ မီး၌။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ကို။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ တတ္ထ၊ ထိုတေဇော ကသိုဏ်း၌လည်း။ ကတာဓိကာရဿ၊ တေဇောကသိုဏ်း၌ လွန်ကဲသောဘာဝနာကောင်းမှုကိုပြုဖူးသော၊ ပုညဝတော၊ဘာဝနာကုသိုလ်ရှိသောယောဂီအား။အကတေ၊ ပြုပြင်စီရင်ခြင်း မရှိသောမီး၌။ နိမိတ္တံ ဂဏှန္တဿ၊ နိမိတ်ကိုယူလျှင်။ ဒီပသိခါယ၊ဆီမီးလျှံ၌လည်းကောင်း။ဝါ၊ဆီမီးလျှံ၌ဖြစ်စေ။ဥဒ္ဓနေ ဝါ၊ မီးဖို၌လည်းကောင်း။ ဝါ၊မီးဖို၌

ဖြစ်စေ။ ပတ္တပစနဋ္ဌာနေ ဝါ၊ သပိတ်ဖုတ်ရာအရပ်၌လည်းကောင်း။ ဝါ၊ သပိတ်ဖုတ်ရာ အရပ်၌ဖြစ်စေ။ ဒဝဒါဟေ ဝါ၊ တောမီးလောင်ရာ၌လည်းကောင်း။ ဝါ၊ တောမီးလောင်ရာ၌ဖြစ်စေ၊ ယတ္ထကတ္ထစိ၊ အမှတ်မရှိသော တနေရာရာ၌။ အဂ္ဂိဇာလံ ဩလောကေန္တဿ၊ မီးလျှံကိုကြည့်စဉ်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်သည် ဖြစ်ပေါ်၏။ စိတ္တဂုတ္တတ္ထေရဿ၊ စိတ္တဂုတ်မထေရ်အား။ နိမိတ္တံ ဥပ္ပဇ္ဇတိ ဝိယ၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်ဖြစ်ပေါ်သကဲ့သို့တည်း။ ဟိ၊ ချဲ့ဦးအံ့၊ တဿ၊ ထိုအရှင် စိတ္တဂုတ်ထေရ်အား၊ ဓမ္မဿဝနဒိဝသေ၊ တရားနာရာ ဥပုသ်နေ့၌။ ဥပေါသထာဂါရံ ပဝိဋ္ဌဿ၊ သိမ်တွင်းသို့ဝင်လျက်။ ဒီပသိခံ ဩလောကေန္တဿဝ၊ ဆီမီးလျှံကို ကြည့်စဉ်ပင်လျှင်။ နိမိတ္တံ ဥပ္ပဇ္ဇိ၊ နိမိတ်ဖြစ်ပေါ်၏။

ဣတရေန ပန၊ လွန်ကဲသော ဘာဝနာကောင်းမှုကို မပြုဘူးသောယောဂီသည်ကား။ တေဇောကသိဏံ၊ တေဇောကသိုဏ်းကို။ (ထည့်)။ ကာတဗ္ဗံ၊ ပြုပြင်စီရင်အပ်၏။ တတြ၊ ထိုတေဇောကသိုဏ်း၌၊ ဣဒံ၊ ဤသည်ကား။ ကရဏဝိဓာနံ၊ ပြုလုပ်ပုံ အစီအရင်ပေတည်း။ ဧတန၊ ထိုယောဂီသည်။(ထည့်)။ သိနိဒ္ဓါနိ၊ အစေးရှိကုန်သော။ သာရဒါရူနိ၊ အနှစ်ရှိသော ထင်းတို့ကို။ ဖာလေတွာ၊ ခွဲ၍။ တနည်း။ သိနိဒ္ဓါနိ သာရဒါရူနိ၊ အစေးအနှစ်ရှိကုန်သော ထင်းတို့ကို။(ဝိသေသနပုဒ်နှင့် ဝိသေသျပုဒ်များကိုတွဲ၍ အနက်ပြန်ဆိုသည်။ အဓိပ္ပါယ်ပို၍ ပေါ်လွင်၏)။ ဖာလေတွာ၊ ခွဲ၍။ သုက္ခာပေတွာ၊ ခြောက်သွေ့စေပြီးလျှင်။ ဃဋိကံ ဃဋိကံ ကတွာ၊ အပိုင်းအပိုင်းပြုလုပ်၍။ ပတိရူပံ ရုက္ခမူလံ ဝါ၊ သင့်လျော်သော သစ်ပင်ရင်းသို့လည်းကောင်း။ ဝါ၊ သင့်လျော်သော သစ်ပင်ရင်းသို့ဖြစ်စေ။ ပတိရူပံ မဏ္ဍပံ ဝါ၊ သင့်လျော်သောမဏ္ဍပ်သို့လည်းကောင်း။ ဝါ၊ သင့်လျော်သော မဏ္ဍပ်သို့ဖြစ်စေ။ ဂန္တွာ၊ သွားပြီး၍။ (သွားပြီးလျှင်)၊ ပတ္တပစနာကာရေန၊ သပိတ်ဖုတ်သော အခြင်းအရာဖြင့်။ ရာသိံ ကတွာ၊ စုပုံပြီး၍။ ဝါ၊ စုပုံကာ။ အာလိမ္ပေတွာ၊ မီးညှိပြီးလျှင်၊ ကဋသာရကေ ဝါ၊ ဖျာ, သင်ဖြူး၌လည်းကောင်း။ ဝါ၊ ဖျာ, သင်ဖြူး၌ဖြစ်စေ။ စမ္မေ ဝါ၊ သားရေပိုင်း၌လည်းကောင်း။ ဝါ၊ သားရေပိုင်း၌ဖြစ်စေ။ ပဋ္ဋေ ဝါ၊ အဝတ်အပိုင်း၌လည်းကောင်း။ ဝါ၊ အဝတ်အပိုင်း၌ဖြစ်စေ။ ဝိဒတ္ထိစတုရင်္ဂုလပ္ပမာဏံ ဆိဒ္ဒံ၊ တထွာလက်လေးသစ်ပမာဏရှိသော အပေါက်ကို။ ကာတဗ္ဗံ၊ ဖောက်အပ်၏။ တံ၊ ထိုအပေါက်ဖောက်ထားသော ဖျာသင်ဖြူး စသည်တခုခုကို။ ပုရတော ဌပေတွာ၊ ရှေ့၌ထား၍။ (ရှေ့မှာထား၍)။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ နိသီဒိတွာ၊ ထိုင်လျက်။ ဟေဋ္ဌာ တိဏကဋ္ဌံ ဝါ၊ အောက်၌ မြက်ခင်းကိုလည်းကောင်း။ ဝါ၊ အောက်၌ မြက်ခင်းကိုဖြစ်စေ။ ဥပရိ ဓူမသိခံ ဝါ၊ အထက်၌မီးခိုးကိုလည်းကောင်း။ ဝါ၊ အထက်၌ မီးခိုးကိုဖြစ်စေ။ အမနသိကရိတွာ၊ နှလုံး

မသွင်းပဲ။ ဝေမဇ္ဈေ ဃနဇာလာယ၊ တခဲနက်ဖြစ်သော မီးလျှံ၌။ နိမိတ္တံ ဂဏှိ-တဗ္ဗံ၊ နိမိတ်ကိုယူအပ်၏။ နီလန္တိ ဝါ၊ အညိုဟုလည်းကောင်း။ ဝါ၊ အညိုဟု ဖြစ်စေ။ ပီတန္တိ ဝါ၊ အဝါဟုလည်းကောင်း။ ဝါ၊ အဝါဟုဖြစ်စေ။ ဣတိ အာဒိ-ဝသေန၊ ဤသို့ အစရှိသော အစွမ်းအားဖြင့်။ ဝဏ္ဏော၊ အဆင်းကို။ န ပစ္စဝေ-က္ခိတဗ္ဗော၊ မဆင်ခြင်အပ်ပေ။ ဥဏှတ္တဝသေန၊ ပူသည်၏ အဖြစ်တည်းဟူသော အစွမ်းအားဖြင့်။ (ပူသည်၏အစွမ်းအားဖြင့်)။ လက္ခဏံ၊ လက္ခဏာကိုလည်း။ န မနသိ ကာတဗ္ဗံ၊ နှလုံးမသွင်းအပ်ပေ။ နိဿယသဏ္ဌာနမေဝ ကတွာ၊ အဆင်း၏ မှီရာမီးကို အဆင်းနှင့် တကွသာလျှင်ပြု၍။ ဥဿဒဝသေန၊ တေဇောဓာတ်လွန်ကဲသည်၏အစွမ်းဖြင့်။ ပဏ္ဏတ္တိဓမ္မေ၊ တေဇောဟူသော ဝေါဟာရပညတ်၌။ စိတ္တံ ဌပေတွာ၊ စိတ်ကိုထား၍။ ပါဝကော၊ မီး။ ကဏှဝတ္တနိ၊ မီး။ ဇာတဝေဒေါ၊ မီး။ ဟုတာသနော၊ မီး။ ဣတိ အာဒီသု၊ ဤသို့အစရှိကုန်သော၊ အဂ္ဂိနာမေသု၊ မီး၏ အမည်တို့တွင်။ ပါကဋနာမဝသေနေဝ၊ ထင်ရှားသောအမည်၏ အလိုအားဖြင့် သာလျှင်။ "တေဇော တေဇောတိ၊ မီး မီး"ဟု။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။

ဝေံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဘာဝယတော၊ ပွားစေသော။ တဿ၊ ထို ယောဂီအား။ အနုက္ကမေန၊ အစဉ်အတိုင်း။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်း ဖြင့်ပင်လျှင်။ နိမိတ္တဒွယံ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်နှစ်ပါးသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တတ္ထ၊ ထိုနိမိတ်နှစ်ပါးတို့တွင်။ဥဂ္ဂဟနိမိတ္တံ၊ဥဂ္ဂဟနိမိတ်သည်။ ဇာလံ၊ မီးလျှံသည်။ ဆိဇ္ဇိတွာ ဆိဇ္ဇိတွာ၊ ပြတ်၍ပြတ်၍။ ပတနသဒိသံ ဟုတွာ၊ ကျသည် နှင့်တူစွာဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ အကတေ၊ ပြုပြင်စီရင်ခြင်း မရှိသော ပကတိမီး၌။ ဂဏှန္တဿ ပန၊ နိမိတ်ယူသော ယောဂီအားမူ။ ကသိဏဒေါသော၊ ကသိုဏ်း၏အပြစ်သည်။ ပညာယတိ၊ ထင်၏။ အလာတခဏ္ဍံ ဝါ၊ မီးစကျွီးသည် လည်းကောင်း။ အင်္ဂါရပိဏ္ဍော ဝါ၊ မီးကျီးစုသည်လည်းကောင်း။ ဆာရိကာဝါ၊ ပြာသည်လည်းကောင်း။ ဓူမော ဝါ၊ မီးခိုးသည်လည်းကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ နိစ္စလံ၊ မလှုပ်မရှား (မလှုပ် မယှက်)၊ အာကာသေ၊ ကောင်းကင်၌။ ဌပိတရတ္တကမ္ဗလခဏ္ဍံ ဝိယ စ၊ ထား အပ်သော ကမ္ဗလာနီပိုင်းကဲ့သို့လည်းကောင်း။ သုဝဏ္ဏတာလဝဏ္ဋံ ဝိယ စ၊ ရွှေ ယပ်ဝန်းကဲ့သို့သည်းကောင်း။ ကဉ္စနတ္ထမ္ဘော ဝိယ စ၊ ရွှေတိုင်ကဲ့သို့လည်း ကောင်း။ ဥပဋ္ဌာတိ၊ ထင်၏။ သော၊ ထိုယောဂီသည်။ တဿ၊ ထိုပဋိဘာဂ နိမိတ်၏။ သဟ ဥပဋ္ဌာနေနေဝ၊ ထင်သည်နှင့်အပြိုင်နက်ပင်လျှင်။ ဥပစာရဇ္ဈာ-နဉ္စ၊ ဥပစာရဈာန်သို့လည်းကောင်း။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့် ပင်လျှင်။ စတုက္ကပဉ္စကဇ္ဈာနာနိ စ၊ စတုတ္ထဈာန် ပဉ္စမဈာန်တို့သို့လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏။ ဣတိ၊ ဤတွင် စကားတရပ်ပြီး၏။ တေဇောကသိဏံ၊ တေဇောကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## ဝါယောကသိဏကထာ

### ဝါယောကသိုဏ်းကို ဖွင့်ပြချက်

(ခ၆၇) ၉၃။ ဝါယောကသိဏံ၊ဝါယောကသိုဏ်းကို။ဘာဝေတုကာမေနာပိ၊
ပွားစေသောယောဂီသည်လည်း။ ဝါယုသ္မိံ၊ လေ၌။ နိမိတ္တံ ဂဏှိတဗ္ဗံ၊ နိမိတ်ကို
ယူအပ်၏။ တဉ္စ ခေါ၊ ထို ဝါယောကသိုဏ်း နိမိတ်ကိုလည်း။ ဒိဋ္ဌဝသေန ဝါ၊
အမြင်အားဖြင့်လည်းကောင်း။ ဖုဋ္ဌဝသေန ဝါ၊ အတွေ့အားဖြင့်လည်းကောင်း။
ဂဏှိတဗ္ဗံ၊ ယူအပ်၏။ (ထည့်)။ ဟိ၊ မှန်၏။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။
"ဝါယောကသိဏံ ဥဂ္ဂဏှန္တော၊ ဝါယောကသိုဏ်းကိုယူသော ယောဂီသည်။
ဝါယုသ္မိံ၊လေ၌။ နိမိတ္တံ ဂဏှာတိ၊နိမိတ်ကိုယူ၏။ ဧရိတံ၊ လေတိုက်၍လှုပ်သော။
သမေရိတံ၊ ထက်ဝန်းကျင်လှုပ်သော။ ဥစ္ဆဂ္ဂံ ဝါ၊ ကြံခင်း၌ ပေါက်နေသော
ကြံညွန့်ကိုမူလည်း။ ဥပလက္ခေတိ၊ မှတ်၏။ ဧရိတံ၊ လေတိုက်၍လှုပ်သော။
သမေရိတံ၊ ထက်ဝန်းကျင်လှုပ်သော။ ဝေဠဂ္ဂံ ဝါ၊ ဝါးပင်၏အညွန့်ကိုလည်း
ကောင်း။ပ။ရုက္ခဂ္ဂံ ဝါ၊သစ်ပင်ဖျားကိုလည်းကောင်း။ ကေသဂ္ဂံ ဝါ၊ ဆံပင်ဖျားကို
လည်းကောင်း။ ဥပလက္ခေတိ၊ မှတ်အပ်၏။ ကာယသ္မိံ၊ကိုယ်၌။ ဖုဋ္ဌံ ဝါ၊ တွေ့ထိ
သော လေကိုလည်းကောင်း။ ဥပလက္ခေတိ၊ မှတ်၏။" ဣတိ၊ ဤသို့။ ဧတံ၊ ဤ
စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တသ္မာ၊ ထို့ကြောင့်။ သမသီသဋ္ဌိတံ၊ ဦးခေါင်းနှင့်
အညီအမျှတည်သော။ ဃနပတ္တံ၊ တခဲနက်စည်ပင်သော။ ဥစ္ဆုံ ဝါ၊ ကြံပင်ကို
လည်းကောင်း။ ဝေဠုံ ဝါ၊ ဝါးပင်ကိုလည်းကောင်း။ ရုက္ခ ဝါ၊ သစ်ပင်ကိုလည်း
ကောင်း။ စတုရင်္ဂုလပ္ပမာဏံ၊ လက်လေးသစ်ခန့်ရှည်လျားသော။ ဃနကေသဿ
ပုရိသဿ၊ တခဲနက်ထူသော ဆံပင်ရှိသောယောကျ်ား၏။ သီသံ ဝါ၊ ဦးခေါင်း
ကိုလည်းကောင်း။ ဝါ၊ ဦးခေါင်းကိုဖြစ်စေ။ ဝါတေန၊ လေသည်။ ဝါ၊ လေတိုက်
ခြင်းကြောင့်။ ပဟာရိယမာနံ ဒိသွာ၊ လှုပ်ရှားသည်ကိုမြင်၍။ "အယံ ဝါတော၊
ဤလေသည်။ ဧတသ္မိံ ဌာနေ၊ ဤနေရာ၌။ ပဟရတိ၊ တိုက်ခတ်၏။" ဣတိ၊
ဤသို့။ သတိံ ဥပဋ္ဌပေတွာ၊ သတိကိုဖြစ်စေ၍။ ဝါ ပန၊ တနည်းသော်ကား။
ဝါတပါနန္တရိကာယ ဝါ၊ လေသာပြုတင်း အကြားဖြင့်လည်းကောင်း။ ဘိတ္တိ-
ဆိဒ္ဒေန၊ နံရံပေါက်ဖြင့်လည်းကောင်း။ ပဝိသိတွာ၊ ဝင်၍။ ဝါတော၊ လာသော
လေသည်။ အဿ၊ ထိုယောဂီ၏။ ယံ ကာယပ္ပဒေသံ၊ အကြင် အကြင်ကိုယ်
အစိတ်အပိုင်းကို။ ပဟရတိ၊ တိုက်ခတ်မိ၏။ တတ္ထ၊ ထိုတိုက်ခတ်မိရာ လေ
အစု၌။ သတိံ ဥပဋ္ဌပေတွာ၊ သတိကိုဖြစ်စေ၍။ ဝါတမာလုတအနိလာဒီသု ဝါယု-
နာမေသု၊ ဝါတ, မာလုတ, အနိလ-စသောလေ၏အမည်တို့တွင်။ ပါကဋနာမ-
ဝသေနေဝ၊ ထင်ရှားသော အမည်အားဖြင့်သာလျှင်။ "ဝါတော ဝါတော"တိ၊လေ
လေ"ဟု။ ဘာဝေတဗ္ဗံ၊ ပွားများအပ်၏။ ဣဓ၊ ဤဝါယောကသိုဏ်း၌။ ဥဂ္ဂဟ-
နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဥဒ္ဓနတော၊ ခုံလောက်မှ။ ဝါ၊ မီးဖိုမှ။ ဩတာရိတ

မဇ္ဈဿ၊ ချာကာမျှဖြစ်သော။ ပါယာသဿ၊ နို့ဃနာဆွမ်း၏။ ဥဿုဒဝဋ္ဋိသဒိသံ၊ အခွေလုံးနှင့်တူစွာ။ စလံ ဟုတွာ ဥပဋ္ဌာတိ၊ လှုပ်ရှားသျက်သင်တင်ဘ်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ သန္နိသိန္နံ၊ အသွန်ငြိမ်သက်သည်ဖြစ်၍။ နိစ္စလံ ဟောတိ၊ လှုပ်ရှားခြင်းမရှိ ။ သေသံ၊ ကြွင်းသော သိမ္မယ်ဟူသမျှကို။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသောနည်းဖြင့်ပင် လျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝါယော-ကသိဏံ၊ ဝါယောကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## နီလကသိဏကထာ

### နီလကသိုဏ်းကိုဖွင့်ပြချက်

၉၄။ ပန၊ အဖွင့်ဘပါ းကား။ တဒနန္တရံ၊ ထိုဝါယောကသိုဏ်း၏ အခြားမဲ့၌၊ နီလကသိဏံ ဥဂ္ဂဏှန္တော၊ နီလကသိုဏ်းကိုယူသော ယောဂီသည်။ နီလသ္မိံ၊ ညိုသောအဆင်းရှိသော။ ပုပ္ဖသ္မိံ ဝါ၊ ပန်း၌သော်လည်းကောင်း။ ဝတ္ထသ္မိံ ဝါ၊ အဝတ်၌ သော်သည်းကောင်း။ ဝဏ္ဏဓာတုယာ ဝါ၊ ညိုသောအဆင်းရှိသော ကျောက်ဓာတ်၌သည်ကောင်း။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ကိုယူ၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဆိုထားသောကြောင့်။ ကတာဓိကာရဿ၊ လွန်ကဲသောဘာဝနာ ကောင်းမှုကိုပြုဖူးသော။ ပုညဝတော၊ သမထဘာဝနာကုသိုလ်ရှိသောယောဂီ အား။ တထာ၊ ပ္ရှေးဦးစွာ။ ကာယာရူပံ၊ ညိုသောအဆင်းရှိသော ပန်းတို့ဖြင့် ဖုံးလွှမ်းသည့် ထိုသို့သဘောရှိသော။ မာလာဂစ္ဆံ ဝါ၊ ပန်းချုံကိုသော်လည်းကောင်း။ ပူဇာဌာနေသု၊ ပူဇော်ရာတို့၌။ ပုပ္ဖသန္ထရံ ဝါ၊ ပန်းအခင်းကိုသော်လည်းကောင်း။ နီလဝတ္ထမဏီနံ၊ ညိုသောအဆင်းရှိသော အဝတ်တို့နှင့် ညိုသောအဆင်းရှိသော ပတ္တမြားတို့တွင်။ အညတရံ ဝါ ဒိသွာ ဝါ၊ တခုခုကိုမြင်လတ်သျှင်ပင်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ နိမိတ်ဖြစ်ပေါ်၏။ ဣတရေန၊ လွန်ကဲသော ဘာဝနာကောင်းမှုကို မပြုခဲ့ဘူးသော ယောဂီသည်။ နီလုပ္ပလဂိရိကဏ္ဏိကာဒီနိ ပုပ္ဖါနိ ဂဟေတွာ၊ ကြာညို အောက်မဲညိုပွင့်အစရှိသော ပန်းတို့ကို ယူ၍။ ယထာ၊ အကြင်အခြင်းဖြင့်။ ကေသရံ ဝါ၊ ဝတ်ဆံသည်လည်းကောင်း၊ ဝဏ္ဋံ ဝါ၊ အညှာသည်လည်းကောင်း။ န ပညာယတိ၊ မထင်သာ မမြင်သာ။ ဧဝံ တထာ၊ ထိုမထင်လာ မမြင်လာသော အခြင်းအရာအားဖြင့်။ စင်္ဂေါဋကံ ဝါ၊ ပန်းတောင်းကိုလည်းကောင်း။ ကရဏ္ဍ-ပဋလံ ဝါ၊ ပန်းကပ်ဖုံးကိုလည်းကောင်း။ ပတ္တာဟိယေဝ၊ ဝတ်ဆံ အညှာ မရော မသုက် သက်သက်သော အပွင့်အဖတ်တို့ဖြင့်သာလျှင်။ သမတိတ္တိကံ ပူရေတွာ၊ အနားရစ်နှင့်အညီ မျှ ပြည့်စေ၍။ သန္ထရိတဗ္ဗံ၊ ခင်းထားအပ်၏။ နီလဝဏ္ဏေန ဝါ ဝတ္ထေန၊ ညိုသောအဆင်းရှိသော အဝတ်ဖြင့်မူလည်း။ ဘဏ္ဍိကံ ဗန္ဓိတွာ၊ အထုပ်ထုပ်၍။ ပူရေတဗ္ဗံ၊ ပြည့်စေအပ်၏။ အဿ၊ ထိုပန်းတောင်း ပန်းကပ်ဖုံး၏။ မုခဝဋ္ဋိယံ၊ မျက်နှာဝ၌မူလည်း၊ ဘေရိတလမိဝ၊ စည်မျက်နှာပြင်ကဲ့သို့၊

ဗန္ဓိတဗ္ဗံ၊ ဖွဲ့အပ်၏။ ကံသနီလပလာသနီလအဥ္စနနီလာနံ၊ ကြေးညို သစ်ရွက်ညို မျက်စဉ်းညိုတို့တွင်။ အညတရေန ဓာတုနာ ဝါ၊ တမျိုးမျိုးသောဓာတ်ဖြင့် လည်းကောင်း။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်း၌။ ဝုတ္တနယေန၊ ဆိုခဲ့ပြီးသော နည်းဖြင့်။ သံဟာရိမံ၊ ပြောင်းရွှေ့၍ရစကောင်းသော။ ကသိဏမဏ္ဍလံ ဝါ၊ ကသိုဏ်းဝန်းကိုလည်းကောင်း။ ဘိတ္တိယံဝေ၊ နံရံ၌ပင်လျှင်။ ကသိဏမဏ္ဍလံ ရွှေ့ပြောင်း၍ မရစကောင်းသော ကသိုဏ်းဝန်းကို။ ကတ္ဘာ၊ ပြုလုပ်၍။ ဝိသဘာဂဝဏ္ဏေန၊ မတူသောအဆင်းဖြင့်။ ပရိစ္ဆိန္ဒိတဗ္ဗံ၊ ပိုင်းခြားအပ်၏။ တတော၊ ထိုနောင်မှ။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်း၌။ ဝုတ္တနယေန၊ ဆိုခဲ့ပြီး သောနည်းဖြင့်။ "နီလံ နီလန္တိ၊ အညို အညို"ဟု။ မနသိကာရော၊ နှလုံးသွင်း ခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။ ဣဓာပိ၊ ဤနီလကသိုဏ်း၌လည်း။ ဥဂ္ဂဟနိမိတ္တေ၊ ဥဂ္ဂဟနိမိတ်၌။ ကသိဏဒေါသော၊ ကသိုဏ်းအပြစ်သည်။ ပညာယတိ၊ ထင်တတ်၏။ ကေသရဒဏ္ဍကပတ္တန္တရိကာဒီနိ၊ ဝတ်ဆံ ပန်းညှာ အရွက် ၏အကြားစသည်တို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်တတ်ကုန်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ကသိဏမဏ္ဍလတော မုဉ္စိတွာ၊ ကသိုဏ်းဝန်းမှလွတ်၍။ (၁၆၇) အာကာသေ၊ ကောင်းကင်၌။ မဏိတာလဝဏ္ဍသဒိသံ၊ ဣန္ဒနီလာ ပတ္တမြား ယပ်ဝန်းနှင့်တူစွာ။ ဥပဋ္ဌာတိ၊ ထင်တတ်၏။ သေသံ၊ အကြွင်းကို။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ နီလကသိဏံ၊ နီလကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## ပီတကသိဏကထာ

## ပီတကသိုဏ်းကို ဖွင့်ပြချက်

၉၅။ ပီတကသိဏေပိ၊ပီတကသိုဏ်း၌လည်း။ ဧသေဝ နယော၊ဤနည်းအတူ ပင်တည်း။ ဟိ၊ မှန်၏။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ (ထည့်) ပီတကသိဏံ ဥဂ္ဂဏှန္တော၊ ပီတကသိုဏ်းကို ယူသော ယောဂီသည်။ ပီတသ္မိံ၊ ဝါသော အဆင်းရှိသော။ ပုပ္ဖသ္မိံ ဝါ၊ ပန်း၌သော်လည်းကောင်း။ ဝတ္ထသ္မိံ ဝါ၊ အဝတ်၌သော်လည်းကောင်း။ ဝဏ္ဏဓာတုယာ ဝါ၊ ဆေးဒန်း မြင်းသီလာအစရှိ သော ကျောက်ဓာတ်၌သော်လည်းကောင်း။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ကို ယူရ၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဣဓာပိ၊ ဤပီတကသိုဏ်း၌လည်း။ ကတာဓိကာရဿ၊ လွန်ကဲသော ဘာဝနာ ကောင်းမှုကို ပြုခဲ့ဖူးသော။ ပုညဝတော၊ သမထဘာဝနာကုသိုလ်ရှိသော ယောဂီအား။ တထာရူပံ၊ ထိုသို့ အဝါပန်းတို့ ဝေဆာစွာ ပွင့်သော သဘော ရှိသော။ မာလာဂစ္ဆံ ဝါ၊ ပန်းချုံကိုသော်လည်းကောင်း။ ပုပ္ဖသန္ထရံ ဝါ၊ ဝါသော ပန်းခင်းကိုသော်လည်းကောင်း။ ပီတဝတ္ထဓာတူနံ၊ ဝါသော အဝတ် ဝါသော

ကျောက်ခေတ်တို့တွင်။ အညတရံ ဝါ ဒိသွာဝ၊ တပါးပါးကို မြင်လျှင်ပင်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ နိမိတ်ဖြစ်ပေါ်၏။ စိတ္တဂုတ္တတ္ထေရဿ၊ စိတ္တဂုတ်ထေရ်အား။ နိမိတ္တံ ဥပ္ပဇ္ဇတိ ဝိယ၊ နိမိတ် ဖြစ်ပေါ်ဖူးသကဲ့သို့တည်း။ တဿ အာယသ္မတော၊ ထိုအရှင်စိတ္တဂုတ်ထေရ်အား။ စိတ္တလပဗ္ဗတေ၊ စိတ္တလတောင်၌။ ပတ္တင်္ဂပုပ္ဖေဟိ၊ ပတ္တင်္ဂမည်သော ပန်းချုံတို့မှ။ ကတံ၊ ပန်းတို့ဖြင့် ပြုလုပ်ထားအပ်သော။ အာသနပူဇံ ပဿတော၊ စေတီရင်ပြင်၌ ပူဇော်ထားသော ပန်းအခင်းကို ကြည့်ရှုစဉ်။ သဟ ဒဿနေနေဝ၊ မြင်သည်နှင့် တပြိုင်နက်ပင်လျှင်။ အာသနပ္ပမာဏံ နိမိတ္တံ၊ အခင်းပမာဏရှိသော နိမိတ်သည်။ ဥဒပါဒိ ကိရ၊ ဖြစ်ပေါ်လေ၏။ ဣတရေန၊ လွန်ကဲသော ဘာဝနာကောင်းမှုကို မပြုခဲ့ဖူးသော ယောဂီသည်ကား။ ကဏိကာရပုပ္ဖာဒိနာ ဝါ၊ မဟာလှေကားပန်းပွင့် စသည်ဖြင့်သော်လည်းကောင်း။ ပီတဝတ္ထေန ဝါ၊ ဝါသော အဝတ်ဖြင့်သော်လည်းကောင်း။ ဓာတုနာ ဝါ၊ ဝါသော ကျောက်ခေတ်ဖြင့်သော်လည်းကောင်း။ နီလကသိဏေ၊ နီလကသိုဏ်း၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ကသိဏံ ကတွာ၊ ကသိုဏ်းဝန်းကို ပြုလုပ်၍။ "ပီတံ ပီတန္တိ၊ အဝါ အဝါ" ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်ပေ၏။ သေသံ၊ အကြွင်းသည်။ တာဒိသမေဝ၊ ထိုဆိုခဲ့ပြီးသော ကသိုဏ်းဝန်းတို့နှင့်တူသည်သာ လျှင်တည်း။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်၏။ ပီတကသိဏံ၊ ပီတကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## လောဟိတကသိဏကထာ

## လောဟိတကသိုဏ်းကို ဖွင့်ပြချက်

၉၆။ လောဟိတကသိဏေပိ၊ လောဟိတကသိုဏ်း၌လည်း။ ဧသေဝ နယော၊ ဤဆိုခဲ့သည့်နည်းတူပင်တည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ လောဟိတကသိဏံ ဥဂ္ဂဏှန္တော၊ လောဟိတကသိုဏ်းကို ယူသော ယောဂီသည်။ လောဟိတသ္မိံ ပုပ္ဖသ္မိံ ဝါ၊ နီသော ပန်း၌သော်လည်းကောင်း။ လောဟိတသ္မိံ ဝတ္ထသ္မိံ ဝါ၊ နီသော အဝတ်၌သော်လည်းကောင်း။ လောဟိတကာယ ဝဏ္ဏဓာတုယာ ဝါ၊ နီသော အဆင်းရှိသော ကျောက်ခေတ် မြေခေတ်၌သော်လည်းကောင်း။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ကို ယူ၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဝုတ္တံ၊ မိန့်ဆိုထားပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဣဓာပိ၊ ဤလောဟိတကသိုဏ်း၌ လည်း။ ကတာဓိကာရဿ၊ လွန်ကဲသော ဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသော။ ပုညဝတော၊ သမထဘာဝနာကုသိုလ်ရှိသော ယောဂီအား။ တထာရူပံ၊ ထိုသို့ အနီရောင်ပန်းတို့ဝေဆာစွာ ပွင့်သော သဘောရှိသော။ ဗန္ဓုဇီဝကာဒိမာလာဂစ္ဆံ ဝါ၊ မိုးစွေပန်း အစရှိသော ပန်းချုံကိုသော်လည်းကောင်း။ ပုပ္ဖသန္ထရံ ဝါ၊

နီသော ပန်းခင်းကိုသော်လည်းကောင်း။ လောဟိတကဝတ္ထမဏိဓာတူနံ၊ နီသော အဝတ် ပတ္တမြားနီစသော နီသော ကျောက်, ဂေ့နီ, ဟသ် ပဒါး စသော နီသော ဓာတ်တို့တွင်။ အညတရံ ဝါ ဒိဿာဝ၊ တမျိုးမျိုးကို မြင်လျှင်ပင်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် ဖြစ်ပေါ်၏။ ဣတရေန၊ လွန်ကဲသော ဘာဝနာ ကောင်းမှုကို မပြုခဲ့ဖူးသော ယောဂီသည်။ ဇယသုမနဗန္ဓုဇီဝကရတ္တကောရဏ္ဍ-ကာဒိပုပ္ဖေဟိ ဝါ၊ခေါင်ရမ်း,မိုးစွေ့,လိပ်သရွေ့,ဆူးနီ စသော ပန်းပွင့်တို့ဖြင့်လည်းကောင်း။ ရတ္တဝတ္ထေန ဝါ၊ နီသော အဝတ်ဖြင့်လည်းကောင်း။ ဓာတုနာ ဝါ၊ နီသော ကျောက်ဓာတ် မြေဓာတ်ဖြင့်လည်းကောင်း။ နီလကသိဏေ၊ နီလ ကသိုဏ်း၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ကသိဏံ ကတွာ၊ ကသိုဏ်းဝန်းပြုလုပ်၍။ "လောဟိတကံ လောဟိတကန္တိ၊ အနီ အနီ" ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ သေသံ၊ အကြွင်းသည်။ တာဒိသမေဝ၊ ထိုဆိုခဲ့ပြီးသော ကသိုဏ်းဝန်းတို့နှင့် တူသည်သာ လျှင်တည်း။ ဣတိ၊ ဤဘွင် စကားတရပ် အပြီးသတ်၏။ လောဟိတကသိဏံ၊ လောဟိတကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## ဩဒါတကသိဏကထာ

### ဩဒါတကသိုဏ်းကို ဖွင့်ပြချက်

၉၇။ ဩဒါတကသိဏေပိ၊ ဩဒါတကသိုဏ်း၌လည်း။ ဩဒါတကသိဏံ ဥဂ္ဂဏှန္တော၊ ဩဒါတကသိုဏ်းကို ယူသော ယောဂီသည်။ ဩဒါတသို ပုပ္ဖသို ဝါ၊ ဖြူသော အဆင်းရှိသော ပန်း၌သော်လည်းကောင်း။ ဩဒါတသို ဝတ္ထသို ဝါ၊ ဖြူသော အဆင်းရှိသော အဝတ်၌သော်လည်းကောင်း။ ဩဒါတာယ ဝဏ္ဏဓာတုယာ ဝါ၊ ဖြူသော အဆင်းရှိသော ကျောက်ဓာတ် မြေဓာတ်၌ သော်လည်းကောင်း။ (ဤ၌ ဝဏ္ဏဓာတုယာ-ကို ငဲ့၍ ဩဒါတသို ကို ဩဒါတာယ-ဟု ပြင်)။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ကို ယူ၏။ ဣတိ ဝစနတော၊ ဤသို့ မိန့်ဆိုထားသောကြောင့်။ကတာဓိကာရဿ၊ လွန်ကဲသော ဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသော။ ပုညဝတော၊ သမထဘာဝနာကုသိုလ်ရှိသော ယောဂီအား။ တထာရူပံ၊ ထိုသို့ အဖြူရောင်ပန်းတို့ ဝေဆာစွာ ပွင့်သော သဘောရှိသော။ မာလာဂစ္ဆံ ဝါ၊ ပန်းချုံကိုသော်လည်းကောင်း။ ဩဒါတဝတ္ထဓာတူနံ၊ ဖြူသော အဆင်းရှိသော ကျောက်ဓာတ် မြေဓာတ်တို့တွင်။ အညတရံ ဝါ ဒိသွာဝ၊ တမျိုး မျိုးကိုမြင်လျှင်ပင်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ နိမိတ်ဖြစ်ပေါ်၏။ တိပုမလ္လိကာဒိဝတမလ္လိကာလ-စန္ဒမလ္လိကာလေသုပိ၊ သလွဲဖြူပြားဝန်း, ငွေပြားဝန်း, လဝန်းတို့၌လည်း။ ဥပ္ပဇ္ဇတိ-ယေဝ၊ နိမိတ်ဖြစ်ပေါ်သည်သာတည်း။ (၁၆၉) ဣတရေန၊ လွန်ကဲသော ဘာဝနာကောင်းမှုကို မပြုခဲ့ဘူးသော ယောဂီသည်။ ဝုတ္တပ္ပကာရေဟိ ဩဒါတ-

ပုပ္ဖဟိ စ၊ ဆိုခဲ့ပြီးသော အပြားရှိသော ပန်းဖူးတို့ဖြင့်သော်လည်းကောင်း။ ဩဒါတဝတ္ထေန ဝါ၊ အဝတ်ဖြူဖြင့်သော်လည်းကောင်း။ ဓာတုနာ ဝါ၊ ကျောက်ဓာတ်ဖြူ မြေဓာတ်ဖြူဖြင့်သော်လည်းကောင်း။ နီလကသိဏေ၊ နီလကသိုဏ်း၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ကသိဏံ ကတွာ၊ ကသိုဏ်းဝန်း ပြုလုပ်၍။ "ဩဒါတံ ဩဒါတန္တိ၊ အဖြူ အဖြူ"ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ သေသံ၊ အကြွင်းသည်၊ တာဒိသမေဝ၊ ထို ဆိုခဲ့ပြီးသော ကသိုဏ်းဝန်းတို့နှင့် တူသည်သာလျှင်တည်း။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်၏။ ဩဒါတကသိဏံ၊ ဩဒါတကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## အာလောကကသိဏကထာ

## အာလောကကသိုဏ်းကို ဖွင့်ပြချက်

၉၇။ ပန၊ အဒ္ဓိဘာပါးကို ဆိုဦးအံ့။ အာလောကကသိဏေ၊ အာလောက ကသိုဏ်း၌။ အာလောကကသိဏံ ဥဂ္ဂဏှန္တေန၊ အာလောကကသိုဏ်းကို ယူသော ယောဂီသည်။ ဘိတ္တိဆိဒ္ဒေ ဝါ၊ နံရံပေါက်ဖြင့်သော်လည်းကောင်း။ တာလစ္ဆိဒ္ဒေ ဝါ၊ သံကောက်ပေါက် သော့ပေါက်ဖြင့်သော်လည်းကောင်း။ ဝါတပါနန္တ- ရိကာယ ဝါ၊ လေသာပြတင်းအကြားဖြင့်သော်လည်းကောင်း။ (ကရိုဏ်းအနက်၌ သတ္တမီသက်)။ ပဝိသိတွာ၊ ဝင်၍။ ပညာယမာနေ၊ ထင်သော။ (ထည့်)။ အာလောကသို၊ နေရောင် လ ရောင်အလင်း၌။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ကို ယူ၏။ ဣတိ ဝစနတော၊ ဤသို့ မိန့်ဆိုတော်မူသောကြောင့်။ တာဝ၊ ရှေးဦးစွာ။ ကတာဓိကာရဿ၊ လွန်ကဲသော ဘာဝနာကောင်းမှုကို ပြုခဲ့ဖူးသော။ ပုည- ဝတော၊ သမထဘာဝနာကုသိုလ်ရှိသော ယောဂီအား။ ဘိတ္တိဆိဒ္ဒါဒီနံ၊ နံရံပေါက် စသည်တို့တွင်။ အညတရေန၊ တခုခုဖြင့်။ သူရိယာလောကော ဝါ၊ နေရောင် သည်လည်းကောင်း။ စန္ဒာလောကော ဝါ၊ လရောင်သည်လည်းကောင်း။ ပဝိသိတွာ၊ ဝင်၍။ ဘိတ္တိယံ ဝါ၊ နံရံ၌သော်လည်းကောင်း။ ဘူမိယံ ဝါ၊ မြေ၌ သော်လည်းကောင်း။ ယံ မဏ္ဍလံ၊ အကြင်လရောင်အဝန်းကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဃနပဏ္ဏရုက္ခသာခန္တရေန ဝါ၊ ပိတ်နေအောင် ထူထပ်သော သစ်ပင်၏ အကိုင်းအခက်ကြားဖြင့်သော်လည်းကောင်း။ နိက္ခမိတွာ၊ ထွက်၍။ ဘူမိယမေဝ၊ မြေ၌ပင်လျှင်။ ယံ မဏ္ဍလံ၊ အကြင်လရောင်အဝန်းကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တံ မဏ္ဍလံ၊ ထိုအရောင်အဝန်းကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တံ ဒိသွာဝ၊ ထိုအရောင်အဝန်းကို မြင်လျှင်ပင်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ် ထင်ပေါ်လာ၏။ ဣတရေန ပန၊ လွန်ကဲသော ဘာဝနာကောင်းမှုကို မပြုခဲ့ဖူး သော ယောဂီသည်လည်း။ ဝုတ္တပ္ပကာရံ၊ ဆိုခဲ့ပြီးသော အပြားရှိသော။ တဒေဝ

ဩဘာသမဏ္ဍလံ၊ ထိုအနောင်အဝန်းကိုပင်။ "ဩဘာသော ဩဘာသောတိ ဝါ၊ အရောင် အရောင်" ဟု ဖြစ်စေ။ "အာလောကော အာလောကောတိ ဝါ၊ အလင်း အလင်းဟု ဖြစ်စေ"။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ တထာ၊ ထိုနေရောင်ဝန်း လရောင်ဝန်း၌ ပွားစေခြင်းဖြင့်။ (နိမိတ္တုပ္ပါဒနံ ကာတုံ၊ နိမိတ်ဖြစ်ပေါ်စေခြင်းငှာ။ (ထည့်)။ အသက္ကောန္တေန၊ မစွမ်းနိုင်သော ယောဂီသည်။ ဃဋေ၊ အိုးအတွင်း၌။ ဒီပံ ဇာလေတွာ၊ ဆီမီးကို ထွန်းညှိလျက်။ ဃဋမုခံ ပိဒဟိတွာ၊ အိုးဝကို ပိတ်၍။ ဃဋေ၊ အိုး၌၊ ဆိဒ္ဒံ ကတွာ၊ အပေါက်ဖောက်ပြီးလျှင်။ ဘိတ္တိမုခံ၊ နံရံဘက်သို့ မျက်နှာမူလျက်။ ဌပေတဗ္ဗံ၊ ထားအပ်၏၊ တေန ဆိဒ္ဒေန၊ ထိုအပေါက်ဖြင့်။ ဝါ၊ ထိုအပေါက်မှ။ ဒီပါလောကော၊ ဆီမီးရောင်သည်။ နိက္ခမိတွာ၊ ထွက်၍။ ဘိတ္တိယံ၊ နံရံ၌။ မဏ္ဍလံ၊ အဝန်းအဝိုင်းကို။ ကရောတိ၊ ပြု၏။ တနည်း။ မဏ္ဍလံ ကရောတိ၊ အဝန်းအဝိုင်း ထင်ပေါ်၏။ တံ၊ ထိုဆီမီးရောင်အဝန်းကို။ "အာလောကော အာလောကောတိ ဘာဝေတဗ္ဗံ၊ အလင်း အလင်း"ဟု ပွားစေအပ်၏။ ဣဒံ၊ ဤဆီမီးရောင်ဝန်းသည်။ ဣတရေဟိ၊ နေရောင်ဝန်း လရောင်ဝန်းတို့ထက်။ စိရဋ္ဌိတိကံ ဟောတိ၊ ကြာမြင့်စွာ တည်၏။ ဧတ္ထ၊ ဤအာလောကကသိုဏ်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဘိတ္တိယံ ဝါ၊ နံရံ၌လည်းကောင်း။ ဘူမိယံ ဝါ၊ မြေ၌ လည်းကောင်း။ ဥဋ္ဌိတမဏ္ဍလသဒိသမေဝ ဟောတိ၊ ထင်ပေါ်သော ပကတိအရောင်ဝန်းနှင့် တူသည်သာလျှင်ဖြစ်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ဃနဝိပ္ပသန္နအာလောကပုဉ္ဇသဒိသံ၊ တခဲနက် အလွန်ကြည်လင်သော အရောင်စုနှင့် တူ၏။ သေသံ၊ အကြွင်းသည်။ တာဒိသမေဝ၊ ထိုဆိုခဲ့ပြီးသော ကသိုဏ်းဝန်းတို့နှင့် တူသည်သာလျှင်တည်း။ ဣတိ၊ ဤသို့ စကားတချပ် အပြီးသတ်၏။ အာလောကကသိဏံ၊ အာလောကကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

## ပရိစ္ဆိန္နာကာသကသိဏကထာ

### ပရိစ္ဆိန္နာကာသကသိုဏ်းကို ဖွင့်ပြချက်

၉၉။ ပရိစ္ဆိန္နာကာသကသိဏေပိ၊ ထက်ဝန်းကျင် ပိုင်းခြားအပ်သော ဟင်းလင်းအပြင်ဟူသော ပရိစ္ဆိန္နာကာသကသိုဏ်း၌လည်း။ အာကာသကသိဏံ ဥဂ္ဂဏှန္တော၊ အာကာသကသိုဏ်းကို ယူသော ယောဂီသည်။ ဘိတ္တိဆိဒ္ဒေ ဝါ၊ နံရံပေါက်၌သော်လည်းကောင်း။ တာဠစ္ဆိဒ္ဒေ ဝါ၊ သံကောက်ပေါက် (သော့ပေါက်)၌သော်လည်းကောင်း။ ဝါတပါနန္တရိကာယ ဝါ၊ လေသာပြူတင်းပေါက်၌သော်လည်းကောင်း။ အာကာသသင်္ခါတံ၊ ဟင်းလင်းပြင်၌။ နိမိတ္တံ ဂဏှာတိ၊ နိမိတ်ကို ယူ၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဟောတော်မူသောကြောင့်။ တာဝ၊ ရှေးဦးစွာ။ ကတာဓိကာရဿ၊ လွန်ခဲ့သော ဘာဝနာကောင်းမှုကို ပြုဖူးသော။ ပုညဝတော၊

သမထဘာဝနာကုသိုလ်ရှိသော ယောဂီအား၊ ဘိတ္တိဆိဒ္ဒါဒီသု၊ နံရံပေါက် စသည်တို့တွင်။ အညတရံ ဒိသွာဝ၊ တခုခုကို မြင်လျှင်ပင်။ နိမိတ္တံ ဥပ္ပဇ္ဇတိ၊ နိမိတ်ဖြစ်ပေါ်၏။ ဣတရေနု၊ လွန်ကဲသော ဘာဝနာကောင်းမှုကို မပြုခဲ့ဖူးသော ယောဂီသည်။ သုစ္ဆန္နမဏ္ဍပေ ဝါ၊ နေပြောက်မထိုးအောင် ကောင်းစွာ မိုးထားသော မဏ္ဍပ်၌သော်လည်းကောင်း။ စမ္မကဋသာရကာဒီနံ ဝါ၊ သားရေဖျာ စသည်တို့တွင်။ အညတရသ္မိံ ဝါ၊ တခုခု၌သော်လည်းကောင်း။ ဝိဒတ္ထိစတုရင်္ဂုလပ္ပမာဏံ၊ တထွာနှင့် လက်လေးသစ်အချင်းရှိသော။ ဆိဒ္ဒံ ကတွာ၊ အပေါက်ကို ဖောက်၍။ တဒေဝ ဝါ၊ ထိုအပေါက်ကိုလည်းကောင်း၊ ဘိတ္တိဆိဒ္ဒါဒိဘေဒံ၊ နံရံပေါက် စသည် အပြားရှိသော။ ဆိဒ္ဒံ ဝါ၊ အပေါက်ကိုလည်းကောင်း။ "အာကာသော အာကာသော"တိ၊ ကောင်းကင် ကောင်းကင်"ဟု။ ဘာဝေတဗ္ဗံ၊ ပွားစေအပ်၏။ ဣဓ၊ ဤပရိစ္ဆိန္နာကာသကသိုဏ်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဘိတ္တိပရိယန္တာဒီဟိ သဒ္ဓိံ၊ နံရံအစွန်း စသည်တို့နှင့်တကွ။ ဆိဒ္ဒသဒိသမေဝ ဟောတိ၊ ထိုမူလအပေါက်နှင့် တူသည်သာလျှင်ဖြစ်၏။ ဝဍ္ဎိယမာနမ္ပိ၊ ပွားစေအပ်သော်လည်း။ န ဝဍ္ဎတိ၊ မပွားပေ။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်၊ အာကာသမဏ္ဍလမေဝ ဟုတွာ၊ ဟင်းလင်းပြင်အဝန်းသာဖြစ်လျက်။ ဥပဋ္ဌာတိ၊ ထင်၏။ ဝဍ္ဎိယမာနဥ္စ၊ ပွားစေအပ်သော်လည်း။ ဝဍ္ဎတိ၊ ပွား၏။ သေသံ၊ အကြွင်းကို။ ပထဝီကသိဏေ၊ ပထဝီကသိုဏ်း၌။ ဝုတ္တနယေနေဝ၊ ဆိုခဲ့ပြီးသော နည်းဖြင့် ပင်လျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဣတိ၊ ဤတွင် စကားတရပ် အပြီးသတ်၏။ ပရိစ္ဆိန္နာကာသကသိဏံ၊ ပရိစ္ဆိန္နာကာသကသိုဏ်းသည်။ နိဋ္ဌိတံ၊ ပြီး၏။

(၁၇၁) ဣတိ ဣမိနာ နယေန၊ ဤဆိုခဲ့ပြီးသောနည်းဖြင့်။ ရူပါဝစရမှို၊ ရူပါဝစရဈာန်အရာ၌။ စတုက္ကပဉ္စကဇ္ဈာနဟေတူနိ၊ စတုက္ကဈာန်, ပဉ္စကဈာန်တို့၏ အကြောင်းဖြစ်ကုန်သော။ ဒသ၊ ဆယ်ပါးကုန်သော။ ယာနိ ကသိဏာနိ၊ အကြင်ကသိုဏ်းတို့ကို။ သဗ္ဗဓမ္မဒဿာ၊ အလုံးစုံသော တရားတို့ကို သိမြင်တော်မူသော၊ ဒသဗလော၊ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ အဝေါစ၊ ဟောတော်မူခဲ့လေပြီ။ ဟနည်း။ ဒသဗလော၊ အားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော။ သဗ္ဗဓမ္မဒဿာ၊ တရားအလုံးစုံကို သိမြင်တော်မူသော မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောတော်မူခဲ့လေပြီ။ တာနိ စ၊ ထိုကသိုဏ်းတို့ကိုလည်းကောင်း။ ဧသံ၊ ထိုကသိုဏ်းတို့၏။ ဣမံ ဘာဝနာနယဉ္စ၊ ဤပွားစေနည်းကိုလည်းကောင်း။ ဇတ္ဝာ၊ ဤဆိုခဲ့ပြီးသော အစီအစဉ်

ဖြင့်။ ဝါ၊ ဤပြဆိုခဲ့သည့်အတိုင်း။ ဝိဒိတွာန၊ သိပြီးလျှင်။ တေသုဝ၊ ထိုကသိုဏ်းတို့၌ပင်လျှင်။ အယံ ပကိဏ္ဏကကထာပိ၊ ဤပြိုးပြွမ်းပြဆိုချက်ကိုလည်း။ ဘိယျော၊ တဖန် ထပ်မံ၍။ ဝိညေယျာ၊ သိအပ်ပေ၏။

ပကိဏ္ဏကကထာ

ပြိုးပြွမ်းပြဆိုချက်

၁၀၀။ ဟိ၊ ချဲ့ဦးအံ့။ ဣမေသု၊ ဤကသိုဏ်းဆယ်ပါးတို့တွင်။ ပထဝီကသိဏဝသေန၊ ပထဝီကသိုဏ်း၏ အစွမ်းအားဖြင့်။ ဧကောပိ ဟုတွာ၊ တယောက်တည်းဖြစ်လျက်လည်း။ ဗဟုဓာ ဟောတိ၊ အများဖြစ်၏။ ဣတိ အာဒိဘာဝေါ စ၊ ဤသို့ အစရှိသော ဖြစ်ခြင်းလည်းကောင်း။ အာကာသေ ဝါ၊ ကောင်းကင်၌လည်းကောင်း။ ဥဒကေ ဝါ၊ ရေ၌လည်းကောင်း။ ပထဝိံ နိမ္မိနိတွာ၊ မြေကိုဖန်ဆင်း၍။ ပဒသာ ဂမနဥ္စ၊ ခြေဖြင့်သွားခြင်းလည်းကောင်း။ အာကာသေ ဝါ၊ ကောင်းကင်၌လည်းကောင်း၊ ဥဒကေ ဝါ၊ ရေ၌လည်းကောင်း။ (ထည့်)။ ဌာနနိသဇ္ဇာဒိကပ္ပနံ ဝါ၊ ရပ်ခြင်း ထိုင်ခြင်း စသည်ကိုပြုခြင်းလည်းကောင်း။ ပရိတ္တအပ္ပမာဏနယေန၊ ပရိတ္တ၊ အပ္ပမာဏနည်းဖြင့်။ ဝါ၊ မပွားခြင်း ပွားခြင်းနည်းဖြင့်သာလျှင်။ (မပွားစေရသေးသောကြောင့် ပရိတ္တ=သေးငယ်သည်ဟုဆိုအပ်သောကသိုဏ်းအာရုံတို့ကိုလည်းကောင်း။ ပွားစေပြီးသောကြောင့် အပ္ပမာဏ=အတိုင်းအရှည်မရှိ ကြီးကျယ်သည်ဟု ဆိုအပ်သော အာရုံတို့ကိုလည်းကောင်း လွှမ်းမိုး၍ သိသည်မြင်သည်ဟု ဟောထားသောနည်းကို ဆိုလိုသည်)။ အဘိဘာယတနပဋိလာဘော၊ အဘိဘာယတနကို ရခြင်းသည်လည်းကောင်း။ ဣတိ ဝေမာဒိနိ၊ ဤသို့ အစရှိသော အကျိုးတို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

အာပေါကသိဏဝသေန၊ အာပေါကသိုဏ်း၏ အစွမ်းအားဖြင့်။ ပထဝိယံ၊ မြေ၌။ ဥမ္မုဇ္ဇနနိမ္မုဇ္ဇနံ၊ ငုပ်ခြင်း ပေါ်ခြင်းလည်းကောင်း။ ဥဒကဝုဋ္ဌိသမုပ္ပါဒနံ၊ မိုးရေမိုးပေါက် ရွာသွန်းခြင်းကို ဖြစ်စေခြင်းလည်းကောင်း။နဒီသမုဒ္ဒါဒိနိမ္မာနံ၊ မြစ်သမုဒ္ဒရာ စသည်တို့ကို ဖန်ဆင်းခြင်းလည်းကောင်း။ ပထဝီပဗ္ဗတပါသာဒါဒိနံ၊မြေ တောင် ပြာသာဒ် စသည်တို့ကို။ ကမ္ပနံ၊ လှုပ်စေခြင်းလည်းကောင်း။ ဣတိ ဝေမာဒိနိ၊ ဤသို့ အစရှိသောအကျိုးတို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

တေဇောကသိဏဝသေန၊ တေဇောကသိုဏ်း၏ အစွမ်းအားဖြင့်။ ဓူမာယနာ, ပဇ္ဇလနာ, အင်္ဂါရဝုဋ္ဌိသမုပ္ပါဒနံ၊ အခိုးလွှတ်ခြင်း, အလျှံလွှတ်ခြင်း, မီးကျီးမိုး ရွာခြင်းကို ဖြစ်စေခြင်းလည်းကောင်း။ တေဇသာ၊ မိမိတန်ခိုးအရှိန်ဖြင့်။ တေဇောပရိယာဒါနံ၊ သူတပါး၏ တန်ခိုးအရှိန်ကို ကုန်ခန်းစေခြင်းလည်း

ကောင်း။ ဗဟူသု ကပ္ပါသပိစုသာရဒါရုအာဒီသု၊ များစွာသော ဝါဂွမ်းစု, သစ်သားနှစ် အစရှိသည်တို့သည်။ ကေစွံ၊ တစုတပုံတည်း။ ရာသိဘူတေသု၊ အစုအပုံဖြစ်လတ်သော်။ (ထည့်)။ ယဒဒဝ၊ အကြင်အကြင် ဝါဂွမ်းစု သစ်သားနှစ်တို့ကို သာလျှင်။ သော၊ ထိုတန်ခိုးရှင်သည်။ လဟုတံ၊ လောင်ကျွမ်းစေလို၏။ တဿ၊ ထိုတန်ခိုးရှင် လောင်ကျွမ်းစေလိုသော အရာကိုသာလျှင်။ ဍဟနသမတ္ထတာ၊ လောင်ကျွမ်းစေခြင်းငှာ စွမ်းနိုင်ခြင်းလည်းကောင်း။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်။ ရူပဒဿနတ္ထာယ၊ အဆင်းကို ကြည့်ရှုခြင်းငှာ။ အာလောက-ကရဏံ၊ အလင်းရောင်ကို ပြုလုပ်ခြင်းလည်းကောင်း။ ပရိနိဗ္ဗာနသမယေ၊ ပရိနိဗ္ဗာန်စံသောအခါ၌။ တေဇောဓာတုယာ၊ တေဇောဓာတ်ဖြင့်။ သရီရဈာပနံ၊ ကိုယ်ကို လောင်ကျွမ်းစေခြင်းလည်းကောင်း။ ဣတိ ဧဝမာဒီနိ၊ ဤသို့အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

ဝါယောကသိဏဝသေန၊ ဝါယောကသိုဏ်း၏ အစွမ်းအားဖြင့်။ ဝါယုဂတိ-ဂမနံ၊ လေ၏အလား လျင်မြန်စွာ သွားနိုင်ခြင်းလည်းကောင်း။ ဝါတဝုဋ္ဌိသမုပ္ပါ-ဒနံ၊ လေဟုန် ပြေပြင်းကို ဖြစ်စေခြင်းလည်းကောင်း။ ဣတိ ဧဝမာဒီနိ၊ ဤသို့ အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

နီလကသိဏဝသေန၊ နီလကသိုဏ်း၏အစွမ်းအားဖြင့်။ နီလရူပနိမ္မာနံ၊ ညိုသော အဆင်းကို ဖန်ဆင်းခြင်း လည်းကောင်း၊ အန္ဓကာရကရဏံ၊ အမိုက်မှောင်ကို ပြုခြင်းလည်းကောင်း။ သုဝဏ္ဏဒုဗ္ဗဏ္ဏနယေန။ စင်ကြယ်သောအဆင်း, မစင်ကြယ်သောအဆင်းရှိသောနည်းဖြင့်။ အဘိဘာယတနပဋိလာဘော၊ အဘိဘာ-ယတနကိုရခြင်းလည်းကောင်း။ သုဘဝိမောက္ခာဓိဂမော၊ သုဘဝိမောက္ခကို ရခြင်းလည်းကောင်း။ ဣတိ ဧဝမာဒီနိ၊ ဤသို့ အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီး မြောက်ကုန်၏။

ပီတကသိဏဝသေန၊ ပီတကသိုဏ်း၏ အစွမ်းအားဖြင့်။ ပီတကရူပနိမ္မာနံ၊ ဝါသောအဆင်းကို ဖန်ဆင်းခြင်းလည်းကောင်း။ သုဝဏ္ဏန္တိ အဓိမုစ္စနာ၊ ရွှေဖြစ်စေဟု ဖန်ဆင်းခြင်းလည်းကောင်း။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်ပင်လျှင်။ အဘိဘာယတနပဋိလာဘော စ၊ အဘိဘာယတနကိုရခြင်းလည်းကောင်း။ သုဘဝိမောက္ခာဓိဂမော စ၊ သုဘဝိမောက္ခကို ရခြင်းလည်းကောင်း။ ဣတိ ဧဝမာဒီနိ၊ ဤသို့ အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

လောဟိတကသိဏဝသေန၊ လောဟိတကသိုဏ်း၏ အစွမ်းအားဖြင့်။ လောဟိတကရူပနိမ္မာနံ၊ နီသောအဆင်းကို ဖန်ဆင်းခြင်းလည်းကောင်း။ ဝုတ္တ-နယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ အဘိဘာယတနပဋိလာဘော၊

အဘိဘာယတနကို ရခြင်းလည်းကောင်း။ သုဘဝိမောက္ခာဓိဂမော၊ သုဘဝိမောက္ခကိုရခြင်းလည်းကောင်း။ ဣတိ ဝေမာဒီနိ၊ ဤသို့ အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

(၁၇၁) ဩဒါတကသိဏဝသေန၊ ဩဒါတကသိုဏ်း၏ အစွမ်းအားဖြင့်။ ဩဒါတရူပနိမ္မာနံ၊ ဖြူသောအဆင်းကိုဖန်ဆင်းခြင်းလည်းကောင်း။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓကို။ ဒူရဘာဝကရဏံ၊ ဝေးအောင်ပြုလုပ်ခြင်း လည်းကောင်း။ အန္ဓကာရဝိဓမနံ၊ အမှောင်ကို မှုတ်လွင့်ပယ်ဖျောက်ခြင်းလည်းကောင်း။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ရူပဒဿနတ္ထာယ၊ အဆင်းကို ကြည့်ရှုခြင်းငှာ။ အာလောကကရဏံ၊ အလင်းရောင်ကို ပြုလုပ်ခြင်းလည်းကောင်း။ ဣတိ ဝေမာဒီနိ၊ ဤသို့အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

အာလောကကသိဏဝသေန၊ အာလောကကသိုဏ်း၏ အစွမ်းအားဖြင့်။ သပ္ပဘာရူပနိမ္မာနံ၊ အရောင်နှင့်တကွသော အဆင်းကိုဖန်ဆင်းခြင်းလည်းကောင်း။ ထိနမိဒ္ဓဿ၊ ထိနမိဒ္ဓကို။ ဒူရဘာဝကရဏံ၊ ဝေးအောင်ပြုခြင်း လည်းကောင်း။ အန္ဓကာရဝိဓမနံ၊ အမှောင်ကို မှုတ်လွင့် ပယ်ဖျောက်ခြင်း လည်းကောင်း။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ရူပဒဿနတ္ထံ၊ အဆင်းကိုကြည့်ရှုခြင်းငှာ။ အာလောကကရဏံ၊ အလင်းရောင်ကို ပြုလုပ်ခြင်းလည်းကောင်း။ ဣတိ ဝေမာဒီနိ၊ ဤသို့ အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

အာကာသကသိဏဝသေန၊ အာကာသကသိုဏ်း၏ အစွမ်းအားဖြင့်။ ပဋိစ္ဆန္နာနံ၊ ဖုံးအုပ် ကွယ်ကာလျက်ရှိကြသော ဝတ္ထုတို့ကို။ ဝိဝဋကရဏံ၊ ဟင်းလင်းပွင့်အောင် ပြုလုပ်ခြင်းလည်းကောင်း။ အန္တောပထဝီပဗ္ဗတာဒီသုပိ၊ မြေအတွင်း၊ တောင်အတွင်း စသည်တို့၌သော်လည်း။ အာကာသံ နိမ္မိနိတွာ၊ ကောင်းကင်အပြင်ကို ဖန်ဆင်း၍။ ဣရိယာပထကပ္ပနံ၊ သွားရပ်ထိုင်လျောင်း ဟူသောဣရိယာပုထ်ကို ပြုခြင်းလည်းကောင်း။ တိရောကုဍ္ဍာဒီသု၊ နံရံတဘက် စသည်တို့၌၊ အသဇ္ဇမာနဂမနံ၊ မငြိမကပ်ပဲ သွားခြင်းလည်းကောင်း။ ဣတိ ဝေမာဒီနိ၊ ဤသို့ အစရှိသည်တို့သည်။ ဣဇ္ဈန္တိ၊ ပြီးမြောက်ကုန်၏။

သဗ္ဗာနေဝ၊ ကသိုဏ်းအားလုံးတို့သည်ပင်။ ဥဒ္ဓံ၊ အထက်ကောင်းကင်သို့ ရှေးရှု။ သဉ္ဇာနာတိ၊ ဘာဝနာသညာဖြင့် မှတ်သိရ၏။ အဓော၊ အောက်သို့ ရှေးရှု။ သဉ္ဇာနာတိ၊ မှတ်သိရ၏။ တိရိယံ၊ ပီလာပတ်လည် ပိုင်းခြားအပ်သော။ အဒွယံ၊ နှစ်ပါးမဟုတ်သော။ အပ္ပမာဏံ၊ အတိုင်းအရှည်မရှိ နှံ့စေသော။ ကသိဏံ၊ ကသိုဏ်းလည်းကောင်း။ ဣစ္စာဒိ၊ ဤသို့။ ဣမံ ပဘေဒံ၊ ဤအထူးကို။ လဘန္တိ၊ ရကုန်၏။ ဟိ၊ မှန်၏၊ "ဧကော၊ အချို့သော ယောဂီသည်။ ဥဒ္ဓံ၊ အထက်ကောင်းကင်သို့ ရှေးရှု။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ သဉ္ဇာနာတိ၊ မှတ်သိ၏။ ဧကော၊

အချို့သောယောဂီသည်။ အဓော၊ အောက်သို့ရှေးရှု။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ သဥ္စာနာတိ၊ မှတ်သိ၏။ ကော၊ အချို့သောယောဂီသည်။ တိရိယံ၊ ဖီလာပတ်လည်ပိုင်းခြားအပ်သော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ သဥ္စာနာတိ၊ မှတ်သိ၏။ ကော၊ အချို့သောယောဂီသည်။ အဒွယံ၊ နှစ်ပါးမဟုတ်သော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ သဥ္စာနာတိ၊ မှတ်သိ၏။ ကော၊ အချို့သော ယောဂီသည်။ အဒွယံ၊ နှစ်ပါးမဟုတ်သော။ အပ္ပမာဏံ၊ အတိုင်းအရှည်မရှိသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းကို။ သဥ္စာနာတိ၊ မှတ်သိ၏။ ဣတိ အာဒိ၊ ဤသို့ အစရှိသော။ တံ၊ ဤစကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။

တတ္ထ၊ ထိုစကားရပ်၌။ ဥဒ္ဓန္တိ၊ ဥဒ္ဓံဟူသည်ကား။ ဥပရိ ဂဂနတလာဘိမုခံ၊ အထက်ကောင်းကင်ပြင်သို့ ရှေးရှု။ အဓောတိ၊ အဓောဟူသည်ကား။ ဟေဋ္ဌာ ဘူမိတလာဘိမုခံ၊ အောက်မြေအပြင်သို့ရှေးရှုလျက်။ တိရိယန္တိ၊ တိရိယံ ဟူသည်ကား။ ခေတ္တမဏ္ဍလံ ဣဝ၊ လယ်ကွက်အဝန်းကဲ့သို့။ သမန္တာ၊ ထက်ဝန်းကျင် ပတ်လည်မှ။ ပရိစ္ဆိန္ဒိတံ၊ ပိုင်းခြားထားအပ်သော ကသိုဏ်းကို။ ဟိ၊ မှန်ပေ၏။ ကေစိ၊ အချို့သော ယောဂီသည်။ ဥဒ္ဓမေဝ၊ အထက်သို့သာလျှင်။ ကသိဏံ ဝဍ္ဎေတိ၊ ကသိုဏ်းကို ပွားစေ၏။ ကေစိ၊ အချို့သော ယောဂီသည်။ အဓော၊ အောက်သို့သာလျှင်။(ဧဝ-လိုက်ပေး)။ ကသိဏံ ဝဍ္ဎေတိ၊ ကသိုဏ်းကို ပွားစေ၏။ ကေစိ၊ အချို့သော ယောဂီသည်။ သမန္တတော၊ ထက်ဝန်းကျင် ပတ်လည်မှ။ ကသိဏံ ဝဍ္ဎေတိ၊ ကသိုဏ်းကို ပွားစေ၏။ တေန တေန ဝါ ကာရဏေန၊ ထိုထိုအကြောင်းဖြင့်လည်း။ ဧဝံ၊ ဤသို့။ ကသိဏံ၊ ကသိုဏ်းကို။ ပသာရေတိ၊ ဖြန့်၏။ ယထာ ကိံ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဒိဗ္ဗစက္ခုနာ၊ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်။ ရူပဒဿနကာမော၊ အဆင်းကိုမြင်လိုသော တန်ခိုးရှင်သည်။ အာလောကံ၊ အလင်းရောင်ကို။ ပသာရေတိ ဣဝ၊ ဖြန့်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အယံ၊ ဤယောဂီသည်။ ဥဒ္ဓံ၊ အထက်သို့လည်းကောင်း။ အဓော၊ အောက်သို့လည်းကောင်း။ တိရိယံ၊ ဖီလာပတ်လည်သို့လည်းကောင်း။ ကသိဏံ ပသာရေတိ၊ ကသိုဏ်းကို ဖြန့်၏။ တေန၊ ထို့ကြောင့်။ ဥဒ္ဓမဓောတိရိယန္တိ၊ ဥဒ္ဓမဓောတိရိယံ ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ပန၊ ဆက်ဦးအံ့။ အဒွယန္တိ ဣဒံ၊ အဒွယံဟူသော ဤစကားကို။ ဧကဿ၊ တခုခုသော ကသိုဏ်း၏။ အညဘာဝါနုပဂမနတ္ထံ၊ တခြားကသိုဏ်းအဖြစ်သို့ မရောက်ခြင်းကို ပြခြင်းငှာ။ ဝုတ္တံ၊ ဟောတော်မူအပ်ပေ၏။ ဟိ၊ ဥပမာဆောင်၍ ပြဦးအံ့။ ဥဒကံ ပဝိဋ္ဌဿ၊ ရေထဲသို့ ငုပ်ဝင်သော ပုဂ္ဂိုလ်အား။ သဗ္ဗဒိသာသု၊ ပတ်ဝန်းကျင် အရပ်မျက်နှာအားလုံးတို့၌။ ဥဒကမေဝ ဟောတိ ယထာ၊ ရေချည်းသာလျှင် ဖြစ်သကဲ့သို့။ (ရေချည်းသာလျှင် ရှိသကဲ့သို့။) အညံ၊ အခြားသော အရာဝတ္ထုသည်။ န ဟောတိ ယထာ၊ မဖြစ်သကဲ့သို့။ (မရှိသကဲ့သို့)။ ဧဝမေဝ၊ ဤအတူ

သာလျှင်။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းသည်။ ပထဝီကသိဏမေဝ ဟောတိ၊ ပထဝီကသိုဏ်းသည်သာဖြစ်၏။ တဿ၊ ထိုပထဝီကသိုဏ်း၏။ အညော ကသိဏာသမ္ဘေဒေါ၊ အခြားသော အာပေါ ကသိုဏ်း စသည်နှင့်ရောယှက်ခြင်းသည်။ နတ္ထိ၊ မရှိပေ။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ သဗ္ဗတ္ထ၊ ကသိုဏ်းအားလုံးတို့၌။ ဧသေဝ နယော၊ ဤနည်းအတူပင်တည်း။အပ္ပမာဏန္တိ ဣဒံ၊ အပ္ပမာဏံ ဟူသော ဤစကားကို။ တဿ၊ ထိုပထဝီကသိုဏ်း၏။ ဝါ၊ ထိုပထဝီကသိုဏ်းကို။ ဖရဏအပ္ပမာဏဝသေန၊ မည်၍ မည်မျှဖြန့်အပ်သည် ဖြန့်နိုင်သည်ဟု ဖြန့်ခြင်း၏ အတိုင်းအရှည် မရှိသည့် အလိုအားဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဟိ၊ မှန်၏။ တံ၊ ထိုပထဝီကသိုဏ်းကို။ စေတသာ၊ ဘာဝနာစိတ်ဖြင့်။ ဖရန္တော၊ ဖြန့်သော ယောဂီသည်။ ဝါ၊ ဖြန့်လျှင်။ သကလံဧဝ ဖရတိ၊ အရပ်မျက်နှာ အားလုံးသို့ပင် ဖြန့်၏။ အယံ၊ ဤသည် ကား။ အဿ၊ ထိုပထဝီကသိုဏ်း၏၊ အာဒိ၊အစ တည်း။ ဣဒံ၊ ဤသည်ကား၊ မဇ္ဈံ၊ အလယ်တည်း။ ဣတိ၊ ဤသို့။ ပမာဏံ၊ အတိုင်းအရှည်ကို။ န ဂဏှာတိ၊ မယူပေ။ ဣတိ၊ ဤတွင် စကားတရပ် အပြီး သတ်၏။

၁၀၁။ စ၊ ဆက်ဦးအံ့၊ ယေ စ တေ သတ္တာ၊ အကြင်သတ္တဝါတို့ကို။ ကမ္မာဝရဏေန ဝါ၊ ပိတ်ဆို့တတ်သော ကံဟူသော ကမ္မာဝရဏနှင့်မူလည်း။ သမန္နာဂတာ၊ ပြည့်စုံကုန်၏၊ ကိလေသာဝရဏေန ဝါ၊ ပိတ်ဆို့တတ်သော ကိလေသာ ဟူသော ကိလေသာဝရဏနှင့် မူလည်း။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ဝိပါကာဝရဏေန ဝါ၊ ပိတ်ဆို့တတ်သော ဝိပါက်ဟူသော ဝိပါကာဝရဏနှင့်မူလည်း။ သမန္နာဂတာ၊ ပြည့်စုံကုန်၏။ အသဒ္ဓါ၊ ယုံကြည်မှု သဒ္ဓါတရားမရှိကုန်။ အစ္ဆန္ဒိကာ၊ သမ္မာဆန္ဒကင်းကုန်၏။ ဒုပ္ပညာ၊ ပညာမဲ့ကုန်၏။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ နိယာမံ၊ မြဲစေတတ်သော။ သမ္မတ္တံ၊ မဖောက်မပြန် မှန်သော သဘောရှိသော။(အရိယမဂ္ဂံ၊ အရိယမဂ်သို့)။ ဩက္ကမိတုံ၊ သက်ခြင်းငှာ။ အဘဗ္ဗာ၊ မထိုက်ကုန်။ ဣတိ၊ ဤသို့။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ တေသံ၊ ထိုသို့ ဆိုအပ်ပြီးသော သတ္တဝါတို့တွင်။ ဧကဿာပိ၊ တယောက်ယောက်အားသော်လည်း။ ဧကကသိဏေပိ၊ တခုခုသောကသိုဏ်း၌သော်လည်း။ ဘာဝနာ၊ ဘာဝနာသည်။ န ဣဇ္ဈတိ၊ မပြည့်စုံ မပြီးမြောက်ပေ။ တတ္ထ၊ ထိုစကားရပ်၌။ ကမ္မာဝရဏေန သမန္နာဂတာတိ၊ ကမ္မာဝရဏေန သမန္နာဂတာဟူသည်ကား။ အာနန္တရိယကမ္မသမင်္ဂိနော၊ အနန္တရိယကံ ငါးပါးတို့တွင် တပါးပါးနှင့် ပြည့်စုံသော သတ္တဝါတို့ပေတည်း။ ကိလေသာဝရဏေန သမန္နာဂတာတိ၊ ကိလေသာဝရဏေန သမန္နာဂတာ ဟူသည်ကား။ နိယတမိစ္ဆာဒိဋ္ဌိကာ စေဝ၊ အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိဟူသော မိစ္ဆာဒိဋ္ဌိသုံးပါး တို့တွင် တပါးပါးဟူသော မဆုတ်နိုင်အောင် ခိုင်မြဲသော အယူမှားရှိ

သူတို့သည်လည်းကောင်း။ ဥဘတောဗျဉ္ဇနကာပဏ္ဍကာ စ၊ ဥဘတောဗျည်း, ပဏ္ဍုက်တို့ပေတည်း။ ဝိပါကာဝရဏေန သမန္နာဂတာတိ၊ ဝိပါကာဝရဏေန သမန္နာဂတာဟူသည်ကား။ အဟေတုကဒွိဟေတုကပဋိသန္ဓိကာ၊ အဟိတ်ပဋိသန္ဓေ, ဒွိဟိတ်ပဋိသန္ဓေရှိသော သတ္တဝါတို့ပေတည်း။ အသဒ္ဓါတိ၊ အသဒ္ဓါဟူသည်ကား။ ဗုဒ္ဓါဒီသု၊ ဘုရားစသည်တို့၌။ သဒ္ဓါဝိရဟိတာ၊ ယုံကြည်ခြင်း ကင်းသောသူတို့ပေတည်း။ အစ္ဆန္ဒိကာတိ၊ အစ္ဆန္ဒိကာဟူသည်ကား။ အပစ္စနိကပဋိပဒါယံ၊ မဂ်အားလျော်သော အကျင့်ဟူသော သစ္စာနုလောမိကဝိပဿနာ၌။ (၁၇၂) ဆန္ဒဝိရဟိတာ၊ အားထုတ်လိုသော သမ္မာဆန္ဒကင်းသော သူတို့ပေတည်း။ ဒုပ္ပညာတိ၊ ဒုပ္ပညာဟူသည်ကား။ လောကိယ လောကုတ္တရသမ္မာဒိဋ္ဌိယာ· လောကီသမ္မာဒိဋ္ဌိ, လောကုတ္တရာသမ္မာဒိဋ္ဌိမှ။ ဝိရဟိတာ၊ ကင်းသောသူတို့ပေတည်း။ အဘဗ္ဗာ နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တန္တိ၊ အဘဗ္ဗာ နိယာမံ ဩက္ကမိတုံ ကုသလေသု ဓမ္မေသု သမ္မတ္တံဟူသည်ကား။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ နိယာမသင်္ခါတံ၊မြဲစေတတ်သည်ဟု ဆိုအပ်သော။ သမ္မတ္တသင်္ခါတဉ္စ၊ မဖောက်မပြန် မှန်သောသဘောရှိသည်ဟုလည်း ဆိုအပ်သော။ အရိယမဂ္ဂံ၊ အရိယမဂ်သို့။ ဩက္ကမိတုံ၊ သက်ခြင်းငှာ။ အဘဗ္ဗာ၊ မထိုက်သောသူတို့ပေတည်း။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ဆိုလိုသောအနက်ပေတည်း။ စ၊ ဆက်ဦးအံ့။ ကေဝလံ၊ သက်သက်။ ကသိဏေယေဝ၊ ကသိုဏ်း၌သာလျှင်။ န၊ မဟုတ်သေး။ အညေသုပိ ကမ္မဋ္ဌာနေသု၊ အခြားကမ္မဋ္ဌာန်းတို့၌လည်း။ ဧတေသံ၊ ကမ္မာဝရဏနှင့် ပြည့်စုံသော ဤပုဂ္ဂိုလ်တို့တွင်။ ဧကဿာပိ၊ တယောက်ယောက်အားသော်လည်း။ ဘာဝနာ န ဣဇ္ဈတိ၊ ဘာဝနာသည်မပြည့်ပေ။ (ယသ္မာ၊ အကြင်ကြောင့်။ ဧတေ ဝိပါကန္တရာဒယော၊ထိုဝိပါက်အန္တရာယ် စသည်တို့သည်။ ဝေ့၊ ဤသို့။ အတ္ထဇာနိကရာ၊ အကျိုးကို ဆုံးရှုံးစေတတ်ကုန်၏။ အနတ္ထဟေတုဘူတာ စ၊ အကျိုးမဲ့၏ အကြောင်းလည်း ဖြစ်ကုန်၏၊ (အနိ· ယတ်ဖော်)။ တသ္မာ၊ ထို့ကြောင့်။ ဝိဂတဝိပါကာဝရဏေန၊ ဝိပါကာဝရဏ ကင်းသော။ ကုလပုတ္တေနပိ၊ အမျိုးကောင်းသားသည်လည်း။ ကမ္မာဝရဏဉ္စ၊ ကမ္မာဝရဏကိုလည်းကောင်း။ ကိလေသာဝရဏဉ္စ၊ ကိလေသာဝရဏကို လည်းကောင်း။ အာရကာ ပရိဝဇ္ဇေတွာ၊ ဝေးစွာရှောင်ကြဉ်၍။ သဒ္ဓမ္မဿဝနသပ္ပုရိသူပနိဿယာဒီဟိ၊ သူတော်ကောင်းတို့၏တရားကို နာကြားခြင်း, သူတော်ကောင်းတို့ကို ဆည်းကပ်ခြင်းစသည်တို့ဖြင့်။ သဒ္ဓဉ္စ၊ ကံ, ကံ၏ အကျိုးနှင့်

ရတနာသုံးပါးကို ယုံကြည်မှုသဒ္ဓါတရားကိုလည်းကောင်း။ ဆန္ဒဥ၊ ဘာဝနာ အားထုတ်ခြင်း၌ ထက်သန်သောဂုသိုလ်ဆန္ဒကိုလည်းကောင်း။ ပညဥ၊ ပါရိ-ဟာရိယပညာကိုလည်းကောင်း။ ဝဍ္ဎေတွာ၊ ပွားစေ၍။ ကမ္မဋ္ဌာနာနုယောဂေ၊ ကမ္မဋ္ဌာန်းအားထုတ်ခြင်း၌။ ယောဂေါ၊ ထက်သန်သော လုံ့လကို။ကရဏီယော၊ ပြုအပ်ပေ၏။ ဣတိ၊ ဤတွင်စကားတရပ် အပြီးသတ်၏။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်းအပေါင်း နှစ်ထောင်းအားရစေခြင်းအကျိုးငှာ။ ကတေ၊ စီရင်အပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်၌။ သမာဓိဘာဝနာဓိကာရေ၊ သမာဓိဘာဝနာအရာ၌။သေသကသိဏ-နိဒ္ဒေသော နာမ၊ ကြွင်းသောကသိုဏ်းတို့ကို အကျယ်ပြဆိုချက်မည်သော။ ပဉ္စမော၊ ငါးခုမြောက်ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခန်းပေတည်း။

# ၆-အသုဘကမ္မဋ္ဌာနနိဒ္ဒေသ

## အသုဘကမ္မဋ္ဌာန်းတို့ကို ညွှန်းပြခြင်း

### ဥဒ္ဓုမာတကာဒိပဒတ္ထဝဏ္ဏနာ

### ဥဒ္ဓုမာတက-စသောပုဒ်တို့၏ အနက်ကိုဖွင့်ပြချက်

(၁၇၃) ၁၀၂။ ကဠေဗရာနန္တိ၊ ကသိဏ်းတို့၏ အခြားမဲ့၌။ ဥဒ္ဒိဋ္ဌေသု၊ အကျဉ်းချုပ်အားဖြင့် ပြအပ်ခဲ့ပြီး ဖြစ်ကုန်သော။ (ဒသသု အဝိညာဏကာသု· ဘေသု–မှာလှမ်းစပ်ပါ)။ ဥဒ္ဓုမာတကံ၊ ဥဒ္ဓုမာတက အသုဘလည်းကောင်း။ ဝိနီလကံ၊ ဝိနီလက အသုဘလည်းကောင်း။ ဝိပုဗ္ဗကံ၊ ဝိပုဗ္ဗကအသုဘ လည်း ကောင်း။ ဝိစ္ဆိဒ္ဒကံ၊ ဝိစ္ဆိဒ္ဒကအသုဘသည်းကောင်း။ ဝိက္ခာယိတကံ၊ ဝိက္ခာယိ- တက အသုဘလည်းကောင်း။ ဝိက္ခိတ္တကံ၊ ဝိက္ခိတ္တက အသုဘလည်းကောင်း။ ဟတဝိက္ခိတ္တကံ၊ ဟတဝိက္ခိတ္တက အသုဘလည်းကောင်း။ လောဟိတကံ၊ လောဟိ- တက အသုဘလည်းကောင်း။ ပုဠုဝကံ၊ ပုဠုဝက အသုဘလည်းကောင်း။အဋ္ဌိကံ၊ အဋ္ဌိကအသုဘလည်းကောင်း။ ဣတိ၊ ဤသို့။ ဒသသု အဝိညာဏကာသုဘေသု၊ ဆယ်ပါးသော ဝိညာဏ်မဲ့ အသုဘတို့၌။ ဝိတ္ထာရော၊ အကျယ်ကို။ ဧဝံ ဝေဒိ- တဗ္ဗော၊ ဤသို့သိအပ်ပေ၏။ (ထည့်)။ ဝါယုနာ၊ လေဖြင့်။ ဘတ္တာ ဝိယ၊ မှုတ် အပ်သော သားရေအိပ်ကဲ့သို့။ ဇီဝိတပရိယာဒါနာ ဥဒ္ဓံ၊ သေသည်မှ အထက်ဖြစ် သော နောက်ကာလ၌။ ယထာနုက္ကမံ သမုဂ္ဂတေန၊ အစဉ်အတိုင်းတက်ကြွ သော။ သူနဘာဝေန၊ ဖောင်းပွဖူးရောင်သည်၏အဖြစ်ဖြင့်။ ဥဒ္ဓုမာတတ္တာ၊ အထက်သို့ မှုတ်အပ်, ဖူးဖူးရောင်စေအပ်သည်၏ အဖြစ်ကြောင့်။ ဥဒ္ဓုမာတံ၊ ဥဒ္ဓုမာတမည်၏။ ဥဒ္ဓုမာတမေဝ၊ ဥဒ္ဓုမာတသဒ္ဒါသည်ပင်လျှင်။ ဥဒ္ဓုမာတကံ၊ ဥဒ္ဓုမာတကမည်၏။ ဝါ၊ တနည်းကား။ ပဋိကူလတ္တာ၊ စက်ဆုပ်ဖွယ်ကောင်း သည်၏ အဖြစ်ကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ကောင်းသော။ ဥဒ္ဓုမာတံ၊ ဥဒ္ဓုမာတ သူသေကောင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဥဒ္ဓုမာတကံ၊ ဥဒ္ဓုမာတကမည်၏။ တော၊ ဤ ဥဒ္ဓုမာဘကဟူသော အမည်သည်။ တထာရူပ- ဿ၊ ထိုသို့သဘောရှိသော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည် ပေတည်း။

ဝိပရိဘိန္နနီလဝဏ္ဏံ၊အဖြူအနီ ရောသော ညိုမဲသည့်အဆင်းရှိသော သူသေ ကောင်ကို။ ဝိနီလံ၊ ဝိနီလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဝိနီလမေဝ၊ ဝိနီလ- သဒ္ဒါသည်ပင်။ ဝိနီလကံ၊ ဝိနီလကမည်၏။ ဝါ၊ တနည်းကား။ ပဋိကူလတ္တာ၊

စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ကောင်းသော။ ဝိနီလံ၊ အဖြူအနီရောသော ညိုမည်းသည့် အဆင်းရှိသော သူသေကောင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိနီလကံ၊ ဝိနီလကမည်၏။ ဧတံ၊ ဤဝိနီလကဟူသော အမည်သည်။ မံသုဿဒဋ္ဌာနေသု၊ အသားများသော အရပ်တို့၌။ ရတ္တဝဏ္ဏဿ၊ နီသောအဆင်းရှိသော။ ပုဗ္ဗသန္နိစယဋ္ဌာနေသု၊ ပြည်စုဝေးရာအရပ်တို့၌။ သေတဝဏ္ဏဿ၊ ဖြူသောအဆင်းရှိသော။ နီလဋ္ဌာနေ၊ ညိုသောအရပ်၌။ နီလသာဋကပါရုတဿ ဣဝ၊ ညိုသောအဝတ်ဖြင့် လွှမ်းခြုံရစ်ပတ်ထားဘိသကဲ့သို့။ ယေဘုယျေန စ၊ များသောအားဖြင့်လည်း။ နီလဝဏ္ဏဿ၊ ညိုသောအဆင်းရှိသော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

ပရိဘိန္နဋ္ဌာနေ၊ စုတ်ပြတ်ပေါက်ပြဲ၍ ပျက်စီးသောအရပ်တို့၌။ ဝိဿန္ဒမာနံ ပုဗ္ဗံ၊ ပြည်တစိုစို ယိုထွက်လျက်ရှိသော သူသေကောင်ကို။ ဝိပုဗ္ဗံ၊ ဝိပုဗ္ဗဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။ ဝိပုဗ္ဗမေဝ၊ ဝိပုဗ္ဗသဒ္ဒါသည်ပင်။ ဝိပုဗ္ဗကံ၊ ဝိပုဗ္ဗကမည်၏။ ဝါ၊ တနည်းကား။ ပဋိက္ကူလတ္တာ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ကောင်းသော။ ဝိပုဗ္ဗံ၊ ပြည်တစိုစို ယိုထွက်လျက်ရှိသော သူသေကောင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိပုဗ္ဗကံ၊ ဝိပုဗ္ဗကမည်၏။ ဧတံ၊ ဤဝိပုဗ္ဗကဟူသောအမည်သည်။ တထာရူပဿ၊ ထိုဆိုအပ်ပြီးသော သဘောရှိသော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဒွိဓာ ဆိန္နန္တေန၊ ဓားဖြင့် နှစ်ပိုင်းဖြတ်သဖြင့်။ အပဓာရိတံ၊ ဖွင့်အပ် ခွာအင်သော သူသေကောင်ကို။ ဝိစ္ဆိန္နံ၊ ဝိစ္ဆိန္နဟူ၍ ဝုစ္စတိ၊ ဆိုအပ်၏။ ဝိစ္ဆိန္နမေဝ၊ ဝိစ္ဆိန္နသဒ္ဒါသည်ပင်။ ဝိစ္ဆိဒ္ဒကံ၊ ဝိစ္ဆိဒ္ဒကမည်၏။ ဝါ၊ တနည်းကား။ ပဋိက္ကူလတ္တာ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့်။ ဝိစ္ဆိဒ္ဒံ၊ နှစ်ပိုင်းဖြတ်အပ်သော အကောင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိစ္ဆိဒ္ဒကံ၊ ဝိစ္ဆိဒ္ဒကမည်၏။ ဧတံ၊ ဤဝိစ္ဆိဒ္ဒကဟူသောအမည်သည်။ ဝေမဇ္ဈေ ဆိန္နဿ၊ အလယ်၌ ဖြတ်ထားအပ်သော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

ဣတော၊ ထိုမှလည်းကောင်း။ ဧတ္တော စ၊ ဤမှလည်းကောင်း။ ဝိဝိဓာကာရေန၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့်။ သောဏသိင်္ဂါလာဒီဟိ၊ ခွေး မြေခွေးစသည်တို့သည်။ ခါဒိတံ၊ ခဲစားအပ်သော သူသေကောင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိက္ခာယိတံ၊ ဝိက္ခာယိတမည်၏။ ဝိက္ခာယိတမေဝ၊ ဝိက္ခာယိတသည်ပင်လျှင်။ ဝိက္ခာယိတကံ၊ ဝိက္ခာယိတကမည်၏။ ဝါ၊ တနည်းကား။ ပဋိက္ကူလတ္တာ၊ စက်ဆုပ်ဖွယ် ကောင်းသည်၏အဖြစ်ကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ကောင်းသော။ ဝိက္ခာယိတကံ၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့်

ခွေး မြေခွေးစသည် ခဲစားအပ်သော သူသေကောင်တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိက္ခာယိတကံ၊ ဝိက္ခာယိတကမည်၏။ ဧတံ၊ ဤဝိက္ခာယိတကဟူသောအမည်သည်။ တထာရူပဿ၊ ထိုဆိုအပ်ပြီးသော သဘောရှိသော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည်တည်း။

ဝိဝိဓံ၊ အထူးထူးသောအရပ်သို့။ ခိတ္တံ၊ စွန့်ပစ်ထားအပ်သော သူသေကောင်သည်။ ဝိက္ခိတ္တံ၊ ဝိက္ခိတ္တမည်၏။ ဝိက္ခိတ္တမေဝ၊ ဝိက္ခိတ္တသဒ္ဒါသည်ပင်လျှင်။ ဝိက္ခိတ္တကံ၊ ဝိက္ခိတ္တကမည်၏။ ဝါ၊ တနည်းကား။ ပဋိက္ကူလတ္တာ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ကောင်းသော။ ဝိက္ခိတ္တံ၊ အထူးထူးသောအရပ်သို့ စွန့်ပစ်ထားအပ်သော အကောင်တည်း။ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိက္ခိတ္တကံ၊ ဝိက္ခိတ္တကမည်၏။ ဧတံ၊ ဤဝိက္ခိတ္တကဟူသောအမည်သည်။ အညေန၊ တခြားသော အရပ်ဖြင့်။ ဝါ၊ တခြားသောအရပ်၌။ ဟတ္ထံ၊ လက်ကို။ တနည်း။ အညေန ဟတ္ထံ၊ အခြားအရပ်ဖြင့် လက်ကို။ ဝါ၊ အခြားအရပ်၌လက်ကို။ အညေန ပါဒံ၊ အခြားအရပ်ဖြင့် ခြေကို။ အညေန သီသံ၊ တခြားအရပ်ဖြင့် ခေါင်းကို။ ဣတိ ဧဝံ၊ ဤသို့။ တတော တတော ခိတ္တဿ ဆဝသရီရဿ၊ ထိုထိုအရပ်၌ စွန့်ပစ်ထားအပ်သော သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

တံ၊ ထိုသူသေကောင်သည်။ ဟတဉ္စ၊ သတ်ထားအပ်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ပုရိမနယေနေဝ၊ ရှေ့ပုဒ်အဖွင့်၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်ပင်လျှင်။ ဝိက္ခိတ္တကဉ္စ၊ အထွေထွေသော အရပ်၌ စွန့်ပစ်ထားအပ်သော သူသေကောင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဟတဝိက္ခိတ္တကံ၊ ဟတဝိက္ခိတ္တကမည်၏။ ဧတံ၊ ဤဟတဝိက္ခိတ္တကဟူသောအမည်သည်။ ကာကပဒါကာရေန၊ ကျီးခြေရာသဏ္ဌာန် အခြင်းအရာအားဖြင့်။ အင်္ဂပစ္စင်္ဂေသု၊ လက်ခြေစသော အင်္ဂါကြီးငယ်တို့၌။ သတ္ထေန ဟနိတွာ၊ ဓားစသော လက်နက်ဖြင့် ခုတ်သတ်ပြီးလျှင်။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဝိက္ခိတ္တဿ၊ ထိုထိုအရပ်၌ စွန့်ပစ်ထားအပ်သော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

(၁၇၄) လောဟိတံ၊ သွေးကို။ ကိရတိ ဝိက္ခိပတိ၊ ကြဲဖြန့်သွန်းလောင်းသကဲ့သို့ ဖြစ်တတ်၏။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ ပဃ္ဃရတိ၊ ယိုထွက်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ လောဟိတကံ၊ လောဟိတကမည်၏။ ဧတံ၊ ဤလောဟိတကဟူသောအမည်သည်။ ပဃ္ဃရိတလောဟိတမက္ခိတဿ ဆဝသရီရဿ၊ ယိုထွက်သော သွေးတို့ဖြင့် လူးလဲနေသော သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

ကိမိယော၊ ပိုးလောက်တို့ကို။ ပုဠဝါ၊ ပုဠဝတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ ပုဠဝေ၊ ပိုးလောက်တို့ကို။ ကိရတိ၊ ပြန့်ကျဲစေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုဠဝကံ၊ ပုဠဝကမည်၏။ တံ၊ ဤပုဠဝကဟူသောအမည်သည်။ ကိမိပရိပုဏ္ဏဿ၊ ပိုးလောက်တို့ဖြင့် ပြည့်နှက်သော။ ဆဝသရီရဿ၊ သူသေကောင်၏။ အဓိဝစနံ၊ အမည်ပေတည်း။

အဋ္ဌိယေဝ၊ အရိုးသည်သာလျှင်။ အဋ္ဌိကံ၊ အဋ္ဌိကမည်၏။ ဝါ၊ တနည်းကား။ ပဋိက္ကူလတ္တာ၊ စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကြောင့်။ ကုစ္ဆိတံ၊ စက်ဆုပ်ဖွယ်ကောင်းသော။ အဋ္ဌိ၊ အရိုးတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အဋ္ဌိကံ၊ အဋ္ဌိကမည်၏။ တံ၊ ဤအဋ္ဌိကဟူသောအမည်သည်။ အဋ္ဌိသင်္ခလိကာယပိ၊ အရိုးစုကောင်၏သည်းကောင်း။ ဧကဋ္ဌိကဿပိ၊တခုသောအရိုး၏လည်းကောင်း။ အဓိဝစနံ၊ အမည်ပေတည်း။ ပန၊ ဆက်ဦးအံ့။ ဣမာနိ ဥဒ္ဒုမာတကာဒီနိ စ၊ ဥဒ္ဒုမာတကအစရှိသော ဤသူသေကောင်တို့ကို။ နိဿာယ၊ မှီ၍။ ဥပ္ပန္နနိမိတ္တာ-နမ္ပိ၊ ဖြစ်ပေါ်သော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့၏လည်း။ နိမိတ္တေသု၊ နိမိတ်တို့၌။ ပဋိလဒ္ဓဈာနာနမ္ပိ၊ ရအပ်သောဈာန်တို့၏လည်း။ ဧတာနေဝ၊ ထို ဥဒ္ဒုမာတက အစရှိသည်တို့သည်သာလျှင်။ နာမာနိ၊ အမည်တို့ပေတည်း။

## ဥဒ္ဒုမာတကကမ္မဋ္ဌာန

### ဥဒ္ဒုမာတက ကမ္မဋ္ဌာန်းရှုပုံ

၁၀၃။ တတ္ထ၊ ထိုဆယ်ပါးသော အသုဘတို့တွင်။ ဥဒ္ဒုမာတကသရီရေ၊ ဥဒ္ဒုမာတကသူသေကောင်၌။ ဥဒ္ဒုမာတကနိမိတ္တံ ဥပ္ပါဒေတွာ၊ ဥဒ္ဒုမာတက နိမိတ်ကိုဖြစ်စေ၍။ ဥဒ္ဒုမာတကသင်္ခါတံ ဈာနံ၊ ဥဒ္ဒုမာတကခေါ်သောဈာန်ကို။ ဘာဝေတုကာမေန ယောဂိနာ၊ ဖြစ်ပွားစေခြင်းငှာအလိုရှိသော ယောဂီသည်။ ဝုတ္တနယေနေဝ၊ ပထဝီကသိုဏ်း၌ ဆိုအပ်ပြီးသောနည်းဖြင့်ပင်လျှင်။ ဝုတ္တပ္ပကာရံ အာစရိယံ၊ ဆိုအပ်ခဲ့သော အရည်အချင်းနှင့်ပြည့်စုံသော ဆရာသို့။ ဥပသင်္က-မိတွာ၊ ချဉ်းကပ်၍။ ကမ္မဋ္ဌာနံ ဥဂ္ဂဟေတဗ္ဗံ၊ ကမ္မဋ္ဌာန်းကို သင်ယူအပ်၏။ အဿ၊ ထိုယောဂီအား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထေန္တေန၊ ဟောပြောသော။ တေန၊ ထိုကမ္မဋ္ဌာန်းဆရာသည်။ အသုဘနိမိတ္တတ္ထာယ၊ အသုဘနိမိတ်ကို ယူခြင်းအကျိုးငှာ။ ဂမနဝိဓာနံ၊ သွားခြင်း၏အစီအရင်လည်းကောင်း (သွားပုံ အစီအရင်လည်းကောင်း)။ သမန္တာ၊ ပတ်ဝန်းကျင်၌။ နိမိတ္တုပလက္ခဏံ၊ နိမိတ်ကို မှတ်ခြင်းလည်းကောင်း။ ဧကာဒသဝိဓေန၊ တဆယ့်တပါးသော အခြင်းအရာဖြင့်။ နိမိတ္တဂ္ဂါဟော၊ နိမိတ်ကိုယူခြင်းလည်းကောင်း။ ဂတာဂတမဂ္ဂပစ္စဝေက္ခဏံ၊ အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်းလည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့သောအပြားအားဖြင့်။ အပ္ပနာဝိဓာန ပရိယောသာနံ၊ အပ္ပနာ အစီအရင်အဆုံး

ရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ ကထေတဗ္ဗံ၊ ပြောကြားအပ်၏။ ဗောနာပိ၊ ထို
တပည့်ယောဂီသည်လည်း။ သဗ္ဗံ၊ ဆရာပြောသမျှ အလုံးစုံကို။ သာဓုကံ
ဥဂ္ဂဟေတွာ၊ ကောင်းစွာမှတ်ယူပြီးလျှင်။ ပုဗ္ဗေ၊ ရှေး၌။ ဝုတ္တပ္ပကာရံ သေနာ-
သနံ၊ ဆိုအပ်ခဲ့ပြီးသော ဂုဏ်အင်္ဂါနှင့်ပြည့်စုံသော ကျောင်းသို့။ ဥပဂန္တွာ၊ ကပ်
ရောက်၍။ ဥဒ္ဓုမာတကနိမိတ္တံ၊ ဖူးဖူးရောင်နေသော သူသေကောင်အသုဘ
နိမိတ်ကို။ ပရိယေသန္တေန၊ ရှာမှီးလျက်။ ဝိဟာတဗ္ဗံ၊ နေအပ်၏။

၁၀၄။ ဧဝံ၊ ဤသို့ အသုဘနိမိတ်ကိုရှာလျက်။ ဝိဟရန္တေန၊ နေသော
ယောဂီသည်လည်း။ အသုကသ္မိံ နာမ ဂါမဒွါရေ ဝါ၊ ဤမည်သော ရွာတံခါး၌
လည်းကောင်း။ အသုကသ္မိံ နာမ အဋဝိမုခေ ဝါ၊ ဤမည်သော တောအုပ်ဝ၌
လည်းကောင်း။အသုကသ္မိံ နာမ ပန္ထေ ဝါ၊ဤမည်သောလမ်း၌လည်းကောင်း။
အသုကသ္မိံ နာမ ပဗ္ဗတပါဒေ ဝါ၊ ဤမည်သောတောင်ခြေ၌လည်းကောင်း။
အသုကသ္မိံ နာမ ရုက္ခမူလေ ဝါ၊ ဤမည်သောသစ်ပင်ရင်း၌လည်းကောင်း။
အသုကသ္မိံ နာမ သုသာနေ ဝါ၊ ဤမည်သောသုသာန်၌ လည်းကောင်း။
(အသုကသ္မိံ နာမ ပုဒ်ကို ပုဒ်တိုင်းယှဉ်ပါ။) ဥဒ္ဓုမာတကသရီရံ၊ ဥဒ္ဓုမာတက
သူသေကောင်ကို။ နိက္ခိတ္တန္တိ၊ စွန့်ပစ်ထားအပ်၏ဟူ၍။ ကထေန္တာနံ၊ ပြောဆိုကြ
သောသူတို့၏။ ဝစနံ သုတွာပိ၊ စကားကိုကြားရပြီးသော်လည်း။ အတိတ္ထေန၊
ဆိပ်ကမ်းမဟုတ်သောအရပ်ဖြင့်။ တနည်း။ အတိတ္ထေ၊ ဆိပ်ကမ်းမဟုတ်ရာ၌။
(ဤပါဌ်၌ န-အက္ခရာ ပိုအံ့ထင်၏။) ပက္ခန္ဒေန ဝိယ၊ အဆောတလျှင်သက်ဆင်း
သကဲ့သို့။ တာဝဒေဝ၊ ထိုကြားသောခဏ၌ပင်လျှင်။ ဝါ၊ အဆောတလျှင်။
န ဂန္တဗ္ဗံ၊ မသွားအပ်သေးပေ။ ဝါ၊ မသွားသင့်သေးပါ။ ကသ္မာ၊ အဘယ်
ကြောင့်။ န ဂန္တဗ္ဗံ၊ မသွားအပ် မသွားသင့်သေးသနည်း။ ဟိ အသုဘံ နာမ၊
ဤသူသေကောင်မည်သည်။ ဝါဠမိဂါဓိဋ္ဌိတမ္ပိ၊ ကျားစသော သားရဲတို့သိမ်းပိုက်
စောင့်ရှောက်အပ်သည် လည်းကောင်း။ အမနုဿာဓိဋ္ဌိတမ္ပိ၊ ဘီလူးတို့ သိမ်း
ပိုက်စောင့်ရှောက်အပ်သည်လည်းကောင်း။ ဟောတိ၊ ဖြစ်တတ်၏။ တတြ၊
ထိုသို့သိမ်းပိုက်စောင့်ရှောက်နေရာ၌။ အဿ၊ ထိုယောဂီအား။ ဇီဝိတန္တရာ-
ယောပိ၊ အသက်၏အန္တရာယ်သည်လည်း။ သိယာ၊ ဖြစ်နိုင်ပေ၏။ ဝါ ပန၊
တနည်းသော်ကား။ ဧတ္ထ၊ ဤအသုဘကောင်ရှိရာအရပ်သို့။ ဂမနမဂ္ဂေါ၊ သွား
သောလမ်းသည်။ ဂါမဒွါရေန ဝါ၊ ရွာတံခါးဖြင့်သော်လည်းကောင်း။ နှာန-
တိတ္ထေန ဝါ၊ ရေချိုးဆိပ်ဖြင့်သော်လည်းကောင်း။ ကေဒါရကောဋိယာ ဝါ၊
လယ်ကန်သင်းရိုးဖြင့်သော်လည်းကောင်း။ ဟောတိ၊ ဖြစ်ငြားအံ့။ တတ္ထ၊ ထိုသို့
ဖြစ်ရာ၌။ ဝိသဘာဂရူပံ၊ ဈေးသည်မ, ရေခပ်မိန်းမ, လယ်စောင့်မ စသော
ဝိသဘာဂရူပါရုံသည်။ အာပါထံ၊ ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်တတ်၏။
တဒေဝ၊ ထိုအသုဘကောင်သည်ပင်လျှင်။ ဝိသဘာဂံ ဟောတိ၊ ဝိသဘာဂ

သူသေကောင်ဖြစ်တတ်၏။ ဟိ၊ မှန်၏။ ဝိသဘာဂရူပံ၊ ဝိသဘာဂရူပါရုံသည်။ ပုရိသဿ၊ ယောကျ်ားအား။ ဣတ္ထိသရီရံ၊ မိန်းမ၏ကိုယ်ကောင်သည်လည်းကောင်း။ ဣတ္ထိယာ စ၊ မိန်းမအားလည်း။ ပုရိသသရီရံ၊ ယောကျ်ား၏ကိုယ်ကောင်သည်လည်းကောင်း။ ဝိသဘာဂံ၊ အသွင်သဏ္ဌာန်ချင်း မတူသော ဝိသဘာဂဖြစ်ပေ၏။ အစုန္နာ မတံ၊ သေပြီးခါစဖြစ်သော။ တဒေတံ=တံ ဧတံ၊ ထိုဝိသဘာဂသူသေကောင်သည်။ သုဘတောပိ၊ တင့်တယ်သည့်အနေအားဖြင့်လည်း။ ဥပဋ္ဌာတိ၊ ထင်တတ်၏။ တနည်း။ တဒေတံ=တံ ဧတံ၊ ထိုဝိသဘာဂ သူသေကောင်သည်။ အစုန္နာ မတံ၊ သေပြီးခါစဖြစ်ပါမူ။ သုဘတောပိ၊ တင့်တယ်သည့်အနေအားဖြင့်လည်း။ ဥပဋ္ဌာတိ၊ ထင်တတ်၏။ တေန၊ ထိုသို့ထင်နိုင်သောကြောင့်။ အဿ၊ ထိုယောဂီအား။ ဗြဟ္မစရိယန္တရာယောပိ၊ ဗြဟ္မစရိယ ခေါ်သော ရဟန်းသီလအကျင့်မြတ်၏ အန္တရာယ်သော်လည်း။ သိယာ၊ ဖြစ်နိုင်၏။ တသ္မာ၊ ထို့ကြောင့်။ န ဂန္တဗ္ဗံ၊ မသွားအပ်။ (ပြန်စပ်)။ ပန၊ ဆက်ဦးအံ့။ ဣဒံ၊ ဤဝိသဘာဂသူသေကောင်သည်။ မာဒိသဿ၊ ငါသို့သော ပုဂ္ဂိုလ်အား။ န ဘာရိယံ၊ ဝန်မလေး။ ဣတိ၊ ဤသို့။ အတ္တာနံ၊ မိမိကိုယ်ကို။ သစေ တက္ကယတိ၊ အကယ်၍ကြံစည်ငြားအံ့။ ဧဝံ တက္ကယမာနေန၊ ဤသို့ ကြံစည်လျက်။ ဝါ၊ ဤသို့ကြံစည်သော ယောဂီသည်။ ဂန္တဗ္ဗံ၊ သွားသင့်ပါ၏။ ဝါ၊ သွားနိုင်ပါသေး၏။

(၁၇၅) ၁၀၅။ စ၊ ဆက်ဦးအံ့။ ဂစ္ဆန္တေန၊ အသုဘကောင်ရှိရာသုသာန်သို့ သွားသောယောဂီသည်။ သံဃတ္ထေရဿ ဝါ၊ သံဃထေရ်အားလည်းကောင်း။ အဘိညာတဿ၊ ထင်ရှားသော။ အညတရဿ ဝါ ဘိက္ခုနော၊ အခြားသော ရဟန်းအားလည်းကောင်း။ ကထေတွာ၊ ပန်ကြား၍။ ဂန္တဗ္ဗံ၊ သွားသင့်၏ (သွားအပ်၏)။ ကသ္မာ၊ အဘယ်ကြောင့်။ ကထေတွာ ဂန္တဗ္ဗံ၊ ပန်ကြား၍ သွားရသနည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သုသာနေ၊ သုသာန်၌။ အမနုဿ-သီဟဗျဂ္ဃါဒီနံ၊ ဘီလူး ခြင်္သေ့ ကျားစသည်တို့၏။ ရူပသဒ္ဒါဒိအနိဋ္ဌာရမ္မဏာဘိ-ဘူတဿ၊ အဆင်းအသံအစရှိသော အနိဋ္ဌာရုံတို့သည် နှိပ်စက်အပ်သော။ အဿ၊ ဤယောဂီ၏။ အင်္ဂပစ္စင်္ဂါနိ ဝါ၊ အင်္ဂါကြီးငယ်တို့သည်မူလည်း။ သစေ ပဝေ-ဓေန္တိ၊ အကယ်၍ တုန်လှုပ်ကုန်ငြားအံ့။ ဘုတ္တံ၊ စားထားသောအစာသည်မူလည်း။ သစေ န ပရိသဏ္ဌာတိ၊ အကယ်၍ အစာအိမ်၌ ကောင်းစွာမတည်ပဲ အံထွက်ငြားအံ့။ အညော ဝါ အာဗာဓော၊ တပါးသော အနာရောဂါသည်လည်း။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ အဿ၊ ဤယောဂီ ရဟန်း၏။ ဝိဟာရေ ပတ္တစီဝရံ၊ ကျောင်း၌ရှိသော သပိတ်သင်္ကန်းကို။ သော၊ ထိုသံဃာ့ထေရ်စသည်သည်။ သုရက္ခိတံ ကရိဿတိ၊ ကောင်းစွာစောင့်ရှောက်ခြင်းကို ပြုပေလတ္တံ့။ ဝါ၊ ပြုပေလိမ့်မည်။ ဝါ၊ တနည်းသော်ကား။ ဒဟာရေ ဝါ၊

ရဟန်းငယ်များကိုသော်လည်းကောင်း။ သာမဏေရေ ဝါ၊ သာမဏေများကို
သော်လည်းကောင်း။ ပဟိဏိတွာ၊ စေလွှတ်၍မူလည်း။ တံ ဘိက္ခုံ၊ ထိုယောဂီ
ရဟန်းကို။ ပဋိဇဂ္ဂိဿတိ၊ စောင့်ရှောက်ကုစားပေလိမ့်မည်။ ဒႉပိ စ၊ တနည်း
သော်ကား။ သုသာနံ နာမ၊ သုသာန်မည်သည်ကား။ နိရာသင်္ကဋ္ဌာနတ္တံ၊ ရွံ့ရှား
ဖွယ် စိုးရိမ်ဖွယ်ကင်းသော အရပ်ပေတည်းဟု။ မညမာနာ၊ မှတ်ယူကုန်လျက်။
ကတကမ္မာပိ စောရာ၊ ခိုးမှုပြုပြီးသော ခိုးသူတို့သည်လည်းကောင်း။ အကာတ-
ကမ္မာပိ စောရာ၊ ခိုးမှုပြုရန်အကြံပြုနေသော သူခိုးတို့သည်လည်းကောင်း။
သမောသရန္တိ၊ သက်ရောက် ခိုအောင်းတတ်ကုန်၏။ တေ၊ ထိုခိုးသူတို့သည်။
မနုဿေဟိ၊ ဥစ္စာရှင်လူတို့သည်။ အနုဗန္ဓာ(အနုဗဒ္ဓါ)၊ အစဉ်လိုက်အပ်ကုန်သည်
ရှိသော်။ ဝါ၊ အစဉ်လိုက်အပ်ကုန်သည်ဖြစ်၍။ ဘိက္ခုဿ သမီပေ၊ သုသာန်၌နေ
သော ရဟန်းတော်၏ အနီးအပါး၌။ ဘဏ္ဍကံ၊ ခိုးယူခဲ့သောဥစ္စာထုပ်ကို။
ဆဍ္ဍေတွာပိ၊ ပစ်ချ၍မူလည်း။ ပလာယန္တိ၊ ထွက်ပြေးတတ်ကြကုန်၏၊ မနုဿာ၊
ဥစ္စာရှင်လူတို့သည်။ "သဟောဍံ စောရံ၊ ခိုးထုပ်ခိုးထည်နှင့်တကွသော ခိုးသူကို။
အဒ္ဒသာမာတိ၊ တွေ့ကြရပေပြီ"ဟု။ မနသိ ကတွာ၊ နှလုံးသွင်းကြကုန်လျက်။
(ထည့်)။ ဘိက္ခုံ ဂဟေတွာ၊ ရဟန်းကိုဖမ်းယူပြီးလျှင်။ ဝိဟေဌေန္တိ၊ နှိပ်စက်
တတ်ကြကုန်၏။ အထ၊ ထိုသို့သောအခါ၌။ သော၊ ထိုသံဃထေရ်သည်။
"ဣမံ၊ ဤရဟန်းကို။ မာ ဝိဟေဌယိတ္ထ၊မနှိပ်စက်ကြပါကုန်နှင့်။ အယံ၊ ဤရဟန်း
သည်။ မမ ကထေတွာ၊ ငါ့အားပန်ကြား၍။ ဣမိနာ နာမ ကမ္မေန၊ အသုဘရှု
ခြင်းဟူသော ဤမည်သောကိစ္စဖြင့်။ ဂတော၊ သွားခဲ့ပါသည်။ ဣတိ၊ ဤသို့။
တေ မနုဿေ၊ ထိုလူတို့ကို။ သညာပေတွာ၊ သိနားလည်စေ၍။ တဿ၊ ထို
ယောဂီရဟန်းအား။ သောတ္ထိဘာဝံ ကရိဿတိ၊ လွတ်မြောက်ချမ်းသာခြင်းကို
ပြုပေလိမ့်မည်။ အယံ၊ ဤသည်ကား။ ဂမနေ၊ ပန်ကြား၍သွားခြင်း၌။
အာနိသံသော၊ အကျိုးအာနိသင်ပေတည်း။ တသ္မာ၊ ထိုကြောင့်။ ဝုတ္တပ္ပကာ-
ရဿ ဘိက္ခုနော၊ ပြဆိုခဲ့ပြီးသော သံဃထေရ်နှင့် ထင်ရှားသောရဟန်းအား။
ကထေတွာ၊ ပန်ကြား၍။ အသုဘနိမိတ္တဒဿနေ၊ အသုဘနိမိတ်ကို ရှုခြင်း၌။
သဥ္ဇာတာဘိလာသေန၊ ထက်သန်သော လိုလားခြင်းရှိသည်ဖြစ်၍။ ယထာ နာမ၊
ဥပမာမည်သည်ကား။ ခတ္တိယော၊အဘိသိက်ခံမည့်မင်းသည်။ အဘိသေကဋ္ဌာနံ၊
အဘိသိက်သွန်းရာ မင်္ဂလာခန်းမသို့။ ယဇမာနော၊ ယဇ်ပူဇော်သော ယဇ်အရှင်
သည်။ ယညသာလံ၊ ယဇ်ပူဇော်ရာရုံသို့။ ဝါ ပန၊ နောက်တမျိုးသော်ကား။
အဓနော၊ ဥစ္စာမဲ့သော သူဆင်းရဲသည်။ နိဓိဋ္ဌာနံ၊ ရွှေငွေရတနာမြှုပ်နှံထားရာ
ဌာနသို့။ ပီတိသောမနဿဇာတော၊ ဝမ်းမြောက်ဝမ်းသာ လွန်စွာဖြစ်လျက်။
ဂစ္ဆတိ ယထာ၊ သွားဘိသကဲ့သို့။ ဧဝံ၊ ထို့အတူပင်။ (ဣမာယ ပဋိပတ္တိယာ၊
ဤအသုဘရှုသော အကျင့်ဖြင့်။ ဇရာမရဏတော၊ အိုခြင်းသေခြင်းမှ။ အဒ္ဓါ၊
မချွတ်ကေန်။ မုစ္စိဿာမိတိ၊ လွတ်ရပေလိမ့်မည်ဟု။ မနသိ ကတွာ၊ နှလုံးသွင်း

လျက်။ ပီတိသောမနဿံ၊ ဝမ်းမြောက်ဝမ်းသာခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေလျက်၊ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဝုတ္တေန ဝိဓိနာ၊ ဆိုအပ်ပြီးသောအစီအရင်ဖြင့်။ ဂန္တဗ္ဗံ၊ သွားအပ်ပေ၏။ ဟိ၊ မှန်၏။ တေ၊ ဤအောက်ပါစကားကို။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ဝုတ္တံ၊ မိန့်ဆိုထားအပ်ပေ၏ —

ဥဒ္ဓုမာတကံ အသုဘနိမိတ္တံ၊ ဥဒ္ဓုမာဘကဖြစ်သော အသုဘနိမိတ်ကို။ ဥဂ္ဂဏှန္တော၊ ယူလိုသောယောဂီသည်။ ဧကော၊ တပါးတည်း။ အဒုတိယော၊ အဖော်မပါပဲ။ အသမ္မုဋ္ဌာယ၊ မမေ့မလျော့သော။ ဥပဋ္ဌိတာယ သတိယာ၊ ထင်ရှားသောသတိဖြင့်။ ဝါ၊ ထင်သောသတိရှိလျက်။ အန္တောဂတေဟိ၊ အတွင်း၌တည်ကုန်သော။ ဣန္ဒြိယေဟိ၊ မျက်စိစသော ဣန္ဒြေတို့ဖြင့်။ အဗဟိဂတေန၊ အပြင်သို့မသွားသော။ မာနသေန၊ စိတ်ဖြင့်။ ဝါ၊ စိတ်ရှိသည်ဖြစ်၍။ ဂတာဂတမဂ္ဂံ၊ အသွားအပြန်လမ်းကို။ ပစ္စဝေက္ခမာနော၊ ဆင်ခြင်မှတ်သားလျက်။ ဂစ္ဆတိ၊ သွား၏။ ယသ္မိံ ပဒေသေ၊ အကြင်အရပ်၌။ ဥဒ္ဓုမာတကံ အသုဘနိမိတ္တံ၊ ဥဒ္ဓုမာတက သူသေကောင်နိမိတ်ကို။ နိက္ခိတ္တံ ဟောတိ၊ ပစ်ချအပ်သည်ဖြစ်ပေ၏။ အသ္မိံ ပဒေသေ၊ ထိုပစ်ချထားရာအရပ်၌။ ပါသာဏံ ဝါ၊ ကျောက်ကိုလည်းကောင်း။ ဝမ္မိကံ ဝါ၊ တောင်ပို့ကိုလည်းကောင်း။ ရုက္ခံ ဝါ၊ သစ်ပင်ကိုလည်းကောင်း။ ဂစ္ဆံ ဝါ၊ ချုံကိုလည်းကောင်း။ လတံ ဝါ၊ နွယ်ကိုလည်းကောင်း။ သနိမိတ္တံ ကရောတိ၊ အသုဘကောင်နိမိတ်နှင့်တကွ ပိုင်းခြားမှတ်သားခြင်းကို ပြု၏။ သာရမ္မဏံ ကရောတိ၊ အသုဘအာရုံနှင့်တကွ မှတ်သားခြင်းကိုပြု၏။ သနိမိတ္တံ ကတွာ၊ အသုဘနိမိတ်နှင့် မှတ်သားခြင်းကိုပြုပြီးလျှင်။ သာရမ္မဏံ ကတွာ၊ အသုဘအာရုံနှင့်တကွ မှတ်သားခြင်းကို ပြုပြီးလျှင်။ ဥဒ္ဓုမာတကံ အသုဘ-နိမိတ္တံ၊ ဥဒ္ဓုမာတက အသုဘနိမိတ်ကို။ သဘာဝဘာဝတော၊ မိမိ၏ သဘောရင်းဖြစ်သော လက္ခဏာအားဖြင့်။ ဥပလက္ခေတိ၊ မှတ်သား၏။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့်လည်းကောင်း။ လိင်္ဂတောပိ၊ လိင်အသွင်အားဖြင့်လည်းကောင်း။ သဏ္ဌာနတောပိ၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း။ ဒိသတောပိ၊ အရပ်အားဖြင့်လည်းကောင်း။ ဩကာသ-တောပိ၊ တည်ရာအားဖြင့်လည်းကောင်း။ ပရိစ္ဆေဒတောပိ၊ အပိုင်းအခြားအားဖြင့်လည်းကောင်း။ သန္ဓိတော၊ အဆစ်အားဖြင့်။ ဝိဝရတော၊ အကြားအားဖြင့်။ နိန္နတော၊ အနိမ့်အချိုင့်အားဖြင့်။ ထလတော၊ အမြင့်အမောက်အားဖြင့်။ သမန္တတော၊ ပတ်ဝန်းကျင်အားဖြင့်။ ဥပလက္ခေတိ၊ မှတ်သား၏။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထိုဥဒ္ဓုမာတက သူသေကောင်နိမိတ်ကို။ ဥဂ္ဂဟိတံ ကရောတိ၊ ကောင်း

စွာ ယူအပ်သည်ကို ပြုအပ်၏။ သူပဓာရိတံ ဥပဓာရေတိ၊ ကောင်းစွာ မှတ်မိအောင် မှတ်သား၏။ သုဝဝတ္ထိတံ ဝဝတ္ထပေတိ၊ ကောင်းစွာ ပိုင်းခြားနိုင်အောင် ပိုင်းခြား၏။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ သုဂ္ဂဟိတံ ကတွာ၊ ကောင်းစွာယူအပ်သည်ကို ယူပြီးလျှင်။ သူပဓာရိတံ ဥပဓာရေတွာ၊ ကောင်းစွာမှတ်မိအောင် မှတ်ပြီးလျှင်။ သုဝဝတ္ထိတံ ဝဝတ္ထပေတွာ၊ ကောင်းစွာပိုင်းခြားနိုင်အောင် ပိုင်းခြားပြီးလျှင်။ ဧကော၊ တပါးတည်း။ အဒုတိယော၊ အဖော်မပါပဲ။ ဂစ္ဆတိ၊ သုသာန်မှကျောင်းသို့သွား၏။ ဝါ၊ ပြန်လာ၏။ အသမ္မုဋ္ဌာယ ဥပဋ္ဌိတာယ သတိယာ၊ မေ့မလျော့ထင်သော သတိရှိလျက်။ အန္တောဂတေဟိ၊ အတွင်း၌တည်ကုန်သော။ ဣန္ဒြိယေဟိ၊ မျက်စိစသောဣန္ဒြေတို့ဖြင့်။ အဗဟိဂတေန၊ အပြင်သို့မသွားသော။ မာနသေန၊ စိတ်ဖြင့်။ ဝါ၊ စိတ်ရှိသည်ဖြစ်၍။ ဂတာဂတမဂ္ဂံ၊ အသွားအပြန်လမ်းကို။ ပစ္စဝေက္ခမာနော၊ ဆင်ခြင်မှတ်သားလျက်။ ဂစ္ဆတိ၊ သွား၏။ သော၊ထိုသို့ပြန်လာသော ယောဂီသည်။ စင်္ကမံ အဓိဋ္ဌဟန္တောပိ၊ စင်္ကြံသွားလျှင်လည်း။ တဗ္ဘာဂိယညေဝ၊ ထိုအသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သော အဖို့ရှိသည်သာလျှင်ဖြစ်သော။ စင်္ကမံ၊ စင်္ကြံသွားခြင်းကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏၊ နိသီဒန္တောပိ၊ ထိုင်နေလျှင်လည်း။ တဗ္ဘာဂိယညေဝ၊ ထိုအသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သော အဖို့ရှိသည်သာလျှင် ဖြစ်သော။ အာသနံ၊ နေရာကို။ ပညပေတိ၊ ခင်း၏။ ဝါ၊ ခင်းလျက်ထိုင်နေ၏။ သမန္တာ၊ အသုဘကောင်၏ပတ်ဝန်းကျင်၌။ နိမိတ္တုပလက္ခဏာ၊ ကျောက်စသော နိမိတ်ကိုမှတ်သားခြင်းသည်။ ကိမတ္ထိယာ၊ အဘယ်အကျိုးရှိသနည်း။ ကိံ အာနိသံသာ၊ အဘယ်အာနိသင်ရှိသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ သမန္တာ၊ အသုဘကောင်၏ပတ်ဝန်းကျင်၌။ နိမိတ္တုပလက္ခဏာ၊ ကျောက်စသောနိမိတ်ကို မှတ်သားခြင်းသည်။ အသမ္မောဟတ္ထာ၊ မတွေဝေခြင်းဟူသော အကျိုးရှိ၏။ အသမ္မောဟာနိသံသာ၊မတွေဝေခြင်းအာနိသင်ရှိ၏။ကောဒသဝိဓေန၊တဆယ့်တပါးသော အခြင်းအရာအားဖြင့်။ နိမိတ္တဂ္ဂါဟော၊ အသုဘနိမိတ်ကို မှတ်ခြင်းသည်။ ကိမတ္ထိယော၊ အဘယ်အကျိုးရှိသနည်း။ ကိံ အာနိသံသော၊ အဘယ်အာနိသင်ရှိသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဧကာဒသဝိဓေန၊ တဆယ့်တပါးသော အခြင်းအရာအားဖြင့်။ နိမိတ္တဂ္ဂါဟော၊ အသုဘနိမိတ်ကို မှတ်ခြင်းသည်။ ဥပနိဗန္ဓနတ္ထော၊ အသုဘအာရုံ၌ စိတ်ကို ဆောင်ကပ်၍ ဖွဲ့ချည်ခြင်းဟူသော အကျိုးရှိ၏။ ဥပနိဗန္ဓနာနိသံသော၊ အသုဘအာရုံ၌စိတ်ကို ဆောင်ကပ်၍ဖွဲ့ချည်ခြင်းအာနိသင်ရှိ၏။ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ၊ အသွား

အပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်းသည်။ ကိမတ္ထိယာ၊ အဘယ် အကျိုးရှိသနည်း။ ကိံ အာနိသံသာ၊ အဘယ်အာနိသင်ရှိသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဂတာဂတပစ္စဝေက္ခ- ဏာ၊ အသွားအပြန်လမ်းကို ဆင်ခြင်မှတ်သားခြင်းသည်။ ဝီထိသမ္ပဋိ- ပါဒနတ္ထာ၊ နှလုံးသွင်းမှုကို ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်လမ်းသို့ ကောင်းစွာ တဖန်သွားစေခြင်း တက်ရောက်စေခြင်း၊ အကျိုးရှိ၏။ ဝီထိသမ္ပဋိပါ- ဒနာနိသံသာ၊ နှလုံးသွင်းမှုကို ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်လမ်းသို့ ကောင်းစွာ တဖန်သွားစေခြင်း တက်ရောက်စေခြင်း အာနိသင်ရှိ၏။

သော၊ ထိုယောဂီသည်။ အာနိသံသဒဿာဝီ၊ အကျိုးအာနိသင်ကို မြင်လေ့ရှိလျက်။ ဝါ၊ အကျိုးအာနိသင်ကို မြော်မြင်လျက်။ ရတနသညီ ဟုတွာ၊ အသုဘအာရုံကို အလွန်ရခဲသော ရတနာမြတ်ဟု အမှတ်ရှိ၍။ စိတ္တီကာရံ ဥပဋ္ဌပေတွာ၊ ရိုသေလေးစားခြင်းကို ဖြစ်စေလျက်။ သမ္ပိ- ယာယမာနော၊ ကောင်းစွာမြတ်နိုးသည်ဖြစ်၍။ "ဣမာယ ပဋိပဒါယ၊ ဤအကျင့်မြတ်ဖြင့်။ ဇရာမရဏမှာ၊ အိုခြင်း သေခြင်းမှ။ အဒ္ဓါ၊ မချွတ် ကေန်။ ပရိမုစ္စိဿာမိတိ၊ လွတ်ရပေလိမ့်မည်"ဟု။ တသ္မိံ အာရမ္မဏေ၊ ထိုဥဒ္ဒုမာတက အသုဘအာရုံ၌။ စိတ္တံ ဥပနိဗန္ဓတိ၊ စိတ်ကိုမြဲစွာဖွဲ့ချည် ၏၊ သော၊ ထိုသို့စိတ်ကို အသုဘအာရုံ၌ မြဲစွာဖွဲ့ချည်လျက် ရှုနေသော ယောဂီသည်။ ကာမေဟိ ဝိဝိစ္စေဝ၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ ။ပ။ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ၊ ပထမဈာန်ကိုပြည့်စုံစေလျက်။ ဝိဟရတိ၊ နေ၏။ တဿ ဘေန၊ ထိုယောဂီသည်။ ရူပါဝစရံ ပဌမံ ဈာနံ၊ ရူပါဝစရ ပထမဈာန်ကိုလည်းကောင်း။ ဒိဗ္ဗော စ ဝိဟာရော၊ ဒိဗ္ဗဝိဟာရကို လည်းကောင်း။ ဘာဝနာမယဉ္စ ပုညကိရိယဝတ္ထု၊ ဘာဝနာမယပုည- ကိရိယဝတ္ထုကိုလည်းကောင်း။ အဓိဂတံ ဟောတိ၊ ရအပ်လေပြီ။ ဣတိ၊ ဤကား အဋ္ဌကထာတို့၌ ဆိုထားသောအစီအရင်ပေတည်း။

၁၀၆။ တသ္မာ၊ ထိုသို့အသုဘနိမိတ်ကို ယူခြင်းသည် အရိယမဂ်၏အနီးကပ် အကြောင်းဖြစ်သော ပထမဈာန်ကိုရခြင်း၏ အကြောင်းမှန်ဖြစ်ခြင်း၊ အသုဘ နိမိတ်ကို ရယူလိုသောယောဂီသည် တပါးတည်းအဖော်မပါပဲ သွား၏ဟု အဋ္ဌ- ကထာတို့၌ ဆိုထားခြင်းဟူသော အကြောင်းနှစ်ပါးကြောင့် (အကျယ်လိုက ဋီကာဖွင့်ကိုကြည့်ပါ)။ ယော ဘိက္ခု၊ အကြင်ယောဂီရဟန်းသည်၊ စိတ္တသညာ- တတ္တဿာယ၊ အသုဘကောင်တို့ကို ကြည့်ရှု၍ ရုပ်ကိုယ်၏ ဖြစ်ရိုးသဘောမှန်ကို မှတ်သားခြင်းဖြင့် လည်းကောင်း၊ ထိတ်လန့်မှုသံဝေဂကို ဖြစ်စေခြင်းဖြင့် လည်းကောင်း၊ နိမိတ်၌စိတ်ကို သိမှတ်စေခြင်းအကျိုးငှာ။ သိဝထိကဒဿနံ၊ သုသာန်ရှုခြင်းသို့။ ဂစ္ဆတိ၊ သွား၏။ သော၊ ထိုယောဂီရဟန်းသည်။ ဃဏ္ဍိံ

ပဟာရိတ္ဝာ၊ ခေါင်းသောင်းထိုးစည်ကို တီးခေါက်လျက်။ ဂဏံ သန္နိပါတေတွာပိ၊ အဘူသွားဖော်အပေါင်းကို စည်းဝေးစေ၍သော်သည်း။ ဂစ္ဆတု၊ သွားလိုက သွားပါစေ။ ကမ္မဋ္ဌာနသီသေန၊ ကမ္မဋ္ဌာန်းကို ပဓာနပြုသဖြင့်။ ဂစ္ဆန္တေန ပန၊ သွားသောယောဂီသည်ကား။ ကေကေန၊ တပါးတည်း။ အဒုတိယေန၊ အဖော် မပါပဲ။ မူလကမ္မဋ္ဌာနံ အဝိဿဇ္ဇေတွာ၊ မူလကမ္မဋ္ဌာန်းကို မစွန့်မူ၍။ တံ မနသိကရောန္တေနေဝ၊ ထို မူလကမ္မဋ္ဌာန်းကို နှလုံးသွင်းလျက်သာလျှင်။ သုသာနေ၊ သုသာန်၌။ သောဏာဒိပရိဿယဝိနောဒနတ္ထံ၊ ခွေးအစရှိသော ဘေးရန်ကို ခြောက်လှန့်ပယ်ရှားရန်အလို့ငှာ။ ကတ္တရဒဏ္ဍံ ဝါ၊ တောင်ဝှေးကိုဖြစ်စေ။ ယဋ္ဌိံ ဝါ၊ နှင်တံကိုဖြစ်စေ။ ဂဟေတွာ၊ ကိုင်ဆောင်၍။ သူပဋ္ဌိတဘာဝသမ္ပာဒနေန၊ ကောင်းစွာထင်ခြင်းကို ပြီးစေသဖြင့်။ အသမ္မုဋ္ဌံ သတိံ ကတွာ၊ မမေ့သော သတိကိုဖြစ်စေလျက်။ မနစ္ဆဋ္ဌာနဥ္စ ဣန္ဒြိယာနံ၊ စိတ်လျှင် ခြောက်ခုမြောက်ရှိကုန်သော ဣန္ဒြေတို့၏။ အန္တောဂတဘာဝသမ္ပာဒနတော၊ အတွင်း၌တည်သည်၏ အဖြစ်ကို ပြီးစေသဖြင့်။ အဗဟိဂတမနေန ဟုတွာ၊ အပြင်သို့မသွားသော စိတ်ရှိသည်ဖြစ်၍။ ဂန္တဗ္ဗံ၊ သုသာန်သို့သွားအပ်ပေ၏။

ဝိဟာရတော နိက္ခမန္တေနေဝ၊ ကျောင်းမှထွက်လျှင်ပင်။ အသုကဒိသာယ၊ ဤမည်သောအရပ်မျက်နှာဖြင့်။ အသုကဒ္ဝါရေန၊ ဤမည်သောတံခါးဖြင့်။ နိက္ခန္တောမှိ၊ ထွက်သည်။ အမှိ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒွါရံ၊ တံခါးကို။ သလ္လက္ခေတဗ္ဗံ၊ မှတ်အပ်၏။ တတော၊ ထိုတံခါးကို မှတ်ပြီးသည်မှနောက်၌။ ယေန မဂ္ဂေန၊ အကြင်လမ်းဖြင့်။ ဂစ္ဆတိ၊ သွား၏၊ အယံ မဂ္ဂေါ၊ ဤလမ်းသည်။ ပါစိနဒိသာဘိမုခေါ၊ အရှေ့အရပ်သို့ရှေးရှု။ ဂစ္ဆတိ၊ သွား၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ပစ္ဆိမဥတ္တရဒက္ခိဏာဒိသာဘိမုခေါ၊ အနောက်အရပ်, မြောက်အရပ်, တောင်အရပ်သို့ ရှေးရှု။ ဂစ္ဆတိ၊ သွား၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဝိဒိသာဘိမုခေါ၊ အထောင့်အရပ်ဆီသို့ ရှေးရှု။ ဂစ္ဆတိ၊ သွား၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ သော မဂ္ဂေါ၊ ထိုလမ်းကို။ ဝဝတ္ထပေတဗ္ဗော၊ မှတ်အပ်၏။ ပန၊ ထိုမှတပါး။ ဣမသ္မိံ ဌာနေ၊ ဤဌာန၌။ ဝါမတော ဂစ္ဆတိ၊ လက်ဝဲဘက်သို့သွား၏။ ဣမသ္မိံ ဌာနေ၊ ဤဌာန၌။ ဒက္ခိဏတော ဂစ္ဆတိ၊ လက်ယာဘက်သို့သွား၏။ စ၊ ထိုမှတပါး။ အဿ မဂ္ဂဿ၊ ထိုလမ်း၏။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ (၁၇၇) ပါသာဏော၊ ကျောက်သည်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ဝမ္မိကော၊ တောင်ပို့သည်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ရုက္ခော၊ သစ်ပင်သည်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ဂစ္ဆော၊ ချုံသည်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ လတာ၊ နွယ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗော၊ မှတ်အပ်၏။ ဧဝံ၊ ဤသို့။ ဂမနမဂ္ဂံ ဝဝတ္ထပေန္တေန၊ အသွားလမ်းကိုပိုင်းခြားမှတ်သားလျက်။ နိမိတ္တဋ္ဌာနံ၊ အသုဘနိမိတ်ရှိရာအရပ်သို့။ ဂန္တဗ္ဗံ၊ သွားအပ်ပေ၏။ စ၊ ဗျတိရိက်ကို

ဆိုဦးအံ့။ ဝါ၊ သို့သော်လည်း။ ပဋိဝါတံ၊ လေဆန်မူကား၊ နော ခေါ ဂန္တဗ္ဗံ၊ မသွားအပ်ပေ၊ ဟိ၊ အပြစ်ကိုပြဦးအံ့။ ပဋိဝါတံ ဂစ္ဆန္တဿ၊ လေဆန်သွားသော ယောဂီ၏။ ဃာနံ၊ နှာခေါင်းကို။ ကုဏပဂန္ဓော၊ အကောင်ပုပ်နံ့သည်။ ပဟရိတွာ၊ တိုက်မိ၍။ မတ္ထလုင်္ဂံ ဝါ၊ ဦးနှောက်ကိုမူလည်း။ သင်္ခေါဘေယျ၊ ချောက်ချားပျက်ပြားစေရာ၏။ အာဟာရံ ဝါ၊ အစာကိုမူလည်း။ ဆဍ္ဍာပေယျ၊ အံထွက်စေရာ၏။ "ဤဒိသံ နာမ ကုဏပဋ္ဌာနံ၊ ဤသို့သဘောရှိသည်မည်သော အကောင်ပုပ်ရှိရာသို့။ အာဂတောသ္မိ၊ ငါလာခဲ့မိသေခြင်း" ဟု။ ဝိပ္ပဋိသာရံ ဝါ ဇနေယျ၊ နှလုံးမသာခြင်းကိုမူလည်း ဖြစ်စေရာ၏။ တသ္မာ၊ ထိုကြောင့်။ ပဋိဝါတံ ဝဇ္ဇေတွာ၊ လေဆန်လမ်းကို ရှောင်လွှဲ၍။ အနုဝါတံ ဂန္တဗ္ဗံ၊ လေစုန်လမ်းဖြင့် သွားအပ်၏။ အန္တရာ၊ လမ်းအကြား၌။ ဝါ၊ လမ်းခွတ်ငြေတ်၌။ ပဗ္ဗတော ဝါ၊ တောင်သည်လည်းကောင်း။ ပပါတော ဝါ၊ ကမ်းပါးပြတ်သည်လည်းကောင်း။ ပါသာဏော ဝါ၊ ကျောက်တုံးကြီး ကျောက်ဆောင်ကြီးသည်လည်းကောင်း။ ဝတိ ဝါ၊ စည်းရိုးသည်လည်းကောင်း။ ကဏ္ဍကဋ္ဌာနံ ဝါ၊ ဆူးများသော ဌာနသည်လည်းကောင်း။ ဥဒကံ ဝါ၊ ရေသည်လည်းကောင်း။ စိက္ခလ္လံ ဝါ၊ ရွံ့ညွန်ဗွက်သည်လည်းကောင်း။ သစေ ဟောတိ၊ အကယ်၍ရှိငြားအံ့။ အနုဝါတမဂ္ဂေန၊ လေစုန်လမ်းဖြင့်။ ဂန္တုံ၊ သွားရန်။ သစေ န သက္ကောတိ၊ အကယ်၍မစွမ်းနိုင်ပါမူ။ ဝါ၊ မဖြစ်နိုင်ပါမူ။ စီဝရကဏ္ဏေန၊ သင်္ကန်းစွန်းဖြင့်။ နာသံ ပိဒဟိတွာ၊ နှာခေါင်းကိုပိတ်၍။ ဂန္တဗ္ဗံ၊ သွားအပ်ပေ၏။ ဣဒံ၊ ဤသည်ကား။ အဿ၊ ထိုယောဂီ၏။ ဂမနဝတ္တံ၊ သုသာန်သို့သွားရာ၌ ပြုရမည့်ကျင့်ဝတ်ပေတည်း။

၁၀၇။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဂတေန၊ သုသာန်သို့သွားပြီးသော ယောဂီသည်။ တာဝ၊ ရှေးဦးစွာ။ အသုဘနိမိတ္တံ၊ အသုဘနိမိတ်ကို။ န ဩလောကေတဗ္ဗံ၊ မကြည့်ရှုသင့်သေးပေ။ တနည်း၊ အသုဘနိမိတ္တံ၊ အသုဘနိမိတ်ကို။ န တာဝ ဩလောကေတဗ္ဗံ၊ ရှေးဦးစွာ မကြည့်ရှုသင့်သေးပေ။ ဒိသာ၊ ထိုက်သင့်သောအရပ်ကို။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြားရွေးချယ်ရမည်။ ဟိ၊ ချဲ့၍ပြဦးအံ့။ ကေသိဉ္စိ ဒိသာဘာဂေ၊ တခုသောအရပ်အဖို့၌။ ဌိတဿ၊ တည်သောသူအား။ အာရမ္မဏဉ္စ၊ အသုဘနိမိတ်သည်လည်း။ ဝိဘူတံ ဟုတွာ၊ ထင်ရှားစွာဖြစ်၍။ န ခါယတိ၊ ထင်ရှားစွာမပေါ်။ တနည်း။ အာရမ္မဏဉ္စ၊ အသုဘနိမိတ်သည်လည်း။ ဝိဘူတံ ဟုတွာ န ခါယတိ၊ ထင်ရှားစွာမပေါ်။ စိတ္တဉ္စ၊ စိတ်သည်လည်း။ ကမ္မနိယံ၊ ခံ့ကျန်းသည်။ န ဟောတိ၊ မဖြစ်။ စိတ္တဉ္စ၊ စိတ်သည်လည်း။ န ကမ္မနိယံ ဟောတိ၊ မခံ့ကျန်းပဲ ရှိတတ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ ဝဇ္ဇေတွာ၊ ထိုသို့သောအရပ်ကိုပယ်၍။ ယတ္ထ၊ အကြင်အရပ်၌။ ဌိတဿ၊ တည်သောသူအား။ အာရမ္မဏဉ္စ၊ အသုဘအာရုံသည်လည်း။ ဝိဘူတံ ဟုတွာ ခါယတိ၊ ထင်ရှားစွာပေါ်၏။ စိတ္တဉ္စ၊ စိတ်သည်လည်း။ ကမ္မနိယံ ဟောတိ၊ ခံ့ကျန်း၏။

တတ္ထ၊ ထိုခံ့ကျန်းရာအရပ်၌။ ဌာတဗ္ဗံ၊ တည်ရာ၏။ စ၊ ထို့ပြင်။ ပဋိဝါတာ-နုဝါတတ္ထ၊ လေပြေလေညာအရပ်ကိုလည်း။ ပဟာတဗ္ဗံ၊ ပယ်အပ်၏။ ဟိ၊ အပြစ်ကိုပြဦးအံ့။ ပဋိဝါတေ ဌိတဿ၊ လေကြေအရပ်၌တည်လျှင်။ ဝါ၊ တည်သော။ ကုဏပဂန္ဓေန၊ သူကောင်ပုပ်နံ့သည်။ ဥဗ္ဗာဠ္ဟဿ၊ နှိပ်စက်အပ်သောသူအား။ ဝါ၊ နှိပ်စက်အပ်သောကြောင့်။ စိတ္တံ၊ စိတ်သည်။ ဝိဓာဝတိ၊ ပြေးသွားနေတတ်၏။ စိတ္တံ ဝိဓာဝတိ၊ စိတ်မတည်ပဲ ပြေးသွားနေတတ်၏။ အနုဝါတေ၊ လေညာအရပ်၌၊ ဌိတဿ၊ တည်သောသူအား။ ဝါ၊ တည်နေလျှင်။ တတ္ထ၊ ထိုသူသေကောင်၌။ အဓိဝတ္ထာ၊ စိုးအုပ်စောင့်ရှောက်နေကုန်သော။ အမနုဿာ၊ ဘီလူးမြေဘုတ်တို့သည်။ သစေ ဟောန္တိ၊ အကယ်၍ နေကြပါကုန်မူ။ တေ ကုဇ္ဈိတွာ၊ ထိုဘီလူးမြေဘုတ်တို့က စိတ်ဆိုးကြကုန်၍။ အနတ္ထံ ကရောန္တိ၊ အကျိုးမဲ့ကိုပြုတတ်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဤသကံ ဥက္ကမ္မ၊ အနီးငယ်ဖယ်ရှား၍။ နာတိအနုဝါတေ၊ လေညာတည့်တည့် မကျလွန်းသောအရပ်၌။ ဌာတဗ္ဗံ၊ တည်နေရာ၏။ ဧဝံ တိဋ္ဌမာနေနာပိ၊ ဤသို့တည်နေသောသူသည်လည်း။ နာတိဒူရေ၊ အသုဘကောင်နှင့် မဝေးလွန်းသော။ နစ္စာသန္နေ၊ အသုဘကောင်နှင့် မနီးလွန်းသော။ နာနုပါဒံ၊ ခြေရင်းမဟုတ်သော။ နာနုသီသံ၊ ခေါင်းရင်းမဟုတ်သော အရပ်၌။ ဌာတဗ္ဗံ၊ တည်ရာ၏။ ဟိ၊ အပြစ်ကိုပြဦးအံ့။ အတိဒူရေ ဌိတဿ၊ ဝေးလွန်းသောအရပ်၌တည်လျှင်။ ဝါ၊ ဝေးလွန်းသောအရပ်၌ တည်သောသူအား။ အာရမ္မဏံ၊ အသုဘအာရုံသည်။ အဝိဘူတံ ဟောတိ၊ မထင်ရှားပဲရှိတတ်၏။ အစ္စာသန္နေ၊ နီးလွန်းသောအရပ်၌။ ဌိတဿ၊ တည်လျှင်။ ဝါ၊ တည်သောသူအား။ ဘယံ ဥပ္ပဇ္ဇတိ၊ ကြောက်ခြင်းဖြစ်ပေါ်တတ်၏။ အနုပါဒံ ဝါ ဌိတဿ၊ ခြေရင်း၌ တည်နေလျှင်လည်းကောင်း။ အနုသီသံ ဝါ ဌိတဿ၊ ခေါင်းရင်း၌ တည်နေလျှင်လည်းကောင်း။ သဗ္ဗံ အသုဘံ၊ အသုဘကောင်တကိုယ်လုံးသည်။ သမံ န ပညာယတိ၊ ညီညာညီမျှ မထင်ပေါ်ပေ။ တသ္မာ၊ ထို့ကြောင့်။ နာတိ-ဒူရေ၊ မဝေးလွန်းသော။ နာစ္စာသန္နေ၊ မနီးလွန်းသော။ ဩလောကေန္တဿ၊ ကြည့်သောသူအား။ ဖာသုကဋ္ဌာနေ၊ ချမ်းသာလွယ်ကူရာဖြစ်သော။ သရီရ-ဝေမဇ္ဈဘာဂေ၊ သူသေကောင်၏ အလယ်ပိုင်းအရပ်၌။ ဌာတဗ္ဗံ၊ တည်နေရာ၏။

၁၀၈။ ဧဝံ ဌိတေန၊ ဤသို့သောအခြင်းအရာအားဖြင့် တည်နေသော ရဟန်းသည်။ "တသ္မိံ ပဒေသေ၊ သူသေကောင်ပစ်ချထားရာ ထိုအရပ်၌။ ပါသာဏံ ဝါ၊ ကျောက်တုံးကျောက်ခဲကိုလည်းကောင်း။ပ။ လတံ ဝါ၊ နွယ်ကိုလည်းကောင်း။သနိမိတ္တံ ကရောတိ၊ အသုဘကောင်နိမိတ်နှင့်တကွပြု၏။" ဧဝံ ဝုတ္တာနိ၊ ဤသို့ဆိုအပ်ခဲ့ကုန်သော။ နိမိတ္တာနိ၊ ပတ်ဝန်းကျင်၌ရှိသော နိမိတ်တို့ကို။ ဥပလက္ခိတဗ္ဗာနိ၊ မှတ်သားအပ်ကုန်၏။ တတြ၊ ထိုမှတ်သားရာ၌။ ဣဒံ၊ ဤဆိုလတ္တံ့သောစကားသည်။ ဥပလက္ခဏဝိဓာနံ၊ မှတ်သားပုံအစီအရင်

ပေတည်း။ တဿ နိမိတ္တဿ၊ ထိုအသုဘကောင်နိမိတ်၏။ သမန္တာ၊ အနီး
အပါး၌။ စက္ခုပထေ၊ မြင်နိုင်သောအရပ်၌။ သမန္တာ စက္ခုပထေ၊ အနီးအပါး
မြင်နိုင်ရာအရပ်၌။ သစေ ပါသာဏော ဟောတိ၊ အကယ်၍ကျောက်ရှိငြားအံ့။
သော၊ ထိုကျောက်ကို။ "အယံ ပါသာဏော၊ ဤကျောက်ကို။ ဥစ္စော ဝါ၊
မြင့်သည်ဟူ၍လည်းကောင်း။ နီစော ဝါ၊ နိမ့်သည်ဟူ၍လည်းကောင်း။ ခုဒ္ဒကော
ဝါ၊ ငယ်သည်ဟူ၍လည်းကောင်း။ မဟန္တော ဝါ၊ ကြီးသည်ဟူ၍လည်းကောင်း။
တမ္ဗော ဝါ၊ နီသည်ဟူ၍လည်းကောင်း။ ကာဠော ဝါ၊ ညိုမည်းသည်ဟူ၍လည်း
ကောင်း။ သေတော ဝါ၊ ဖြူသည်ဟူ၍လည်းကောင်း။ ဒီဃော ဝါ၊ ရှည်သည်
ဟူ၍လည်းကောင်း။ ပရိမဏ္ဍလော ဝါ၊ ဝန်းဝိုင်းသည်ဟူ၍လည်းကောင်း"။
ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ တတော၊ ထို
နောင်မှ။ "ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သောအရပ်၌။ အယံ၊ တည်နေ
သော ဤအရာကား။ ပါသာဏော၊ ကျောက်တည်း။ ဣဒံ၊ စင်းစင်း ခွေခွေ
တည်နေသော ဤအရာသည်ကား။ အသုဘနိမိတ္တံ၊ အသုဘကောင်နိမိတ်
တည်း။ ဣဒံ၊ ဤအရာကား။ အသုဘနိမိတ္တံ၊ အသုဘနိမိတ်တည်း။ အယံ၊
ဤအရာကား။ ပါသာဏော၊ ကျောက်တည်း"။ ဣတိ၊ ဤသို့။ သလ္လက္ခေတဗ္ဗံ၊
ကောင်းစွာမှတ်သားအပ်၏။ ဝမ္မိကော၊ တောင်ပို့သည်။ သစေ ဟောတိ၊
အကယ်၍ရှိငြားအံ့။ သောပိ၊ ထိုတောင်ပို့ကိုလည်း။ ဥစ္စော ဝါ၊ မြင့်သည်ဟူ၍
လည်းကောင်း။ နီစော ဝါ၊ နိမ့်သည်ဟူ၍လည်းကောင်း။ (၁၇၈) ခုဒ္ဒကော
ဝါ၊ ငယ်သည်ဟူ၍လည်းကောင်း။ မဟန္တော ဝါ၊ ကြီးသည်ဟူ၍လည်းကောင်း၊
တမ္ဗော ဝါ၊ နီသည်ဟူ၍လည်းကောင်း။ ကာဠော ဝါ၊ ညိုမည်းသည်ဟူ၍လည်း
ကောင်း။ သေတော ဝါ၊ ဖြူသည်ဟူ၍လည်းကောင်း။ ဒီဃော ဝါ၊ ရှည်သည်
ဟူ၍လည်းကောင်း။ ပရိမဏ္ဍလော ဝါ၊ ဝန်းဝိုင်းသည်ဟူ၍လည်းကောင်း"။
ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ တတော၊ ထို
နောင်မှ။ "ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သောအရပ်၌။ အယံ၊ တည်
နေသော ဤအရာကား။ ဝမ္မိကော၊ တောင်ပို့တည်း။ ဣဒံ၊ ဤအရာကား။
အသုဘနိမိတ္တံ၊ အသုဘကောင်နိမိတ်တည်း"။ ဣတိ၊ ဤသို့။ သလ္လက္ခေတဗ္ဗံ၊
ကောင်းစွာမှတ်သားအပ်၏။ ရုက္ခော၊ သစ်ပင်သည်။ သစေ ဟောတိ၊ အကယ်၍
ရှိငြားအံ့။ သောပိ၊ ထိုသစ်ပင်ကိုလည်း။ "အဿတ္ထော ဝါ၊ ညောင်ဗုဒ္ဓဟေ
ပင် ဟူ၍လည်းကောင်း။ နိဂြောဓော ဝါ၊ ပညောင်ပင်ဟူ၍လည်းကောင်း။
ကစ္ဆကော ဝါ၊ ဖရောင်းနက်ပင်ဟူ၍လည်းကောင်း။ ကပီတနော ဝါ၊ ညောင်
ချဉ်ပင်ဟူ၍လည်းကောင်း။ ဥစ္စော ဝါ၊ မြင့်သည်ဟူ၍လည်းကောင်း။ နီစော
ဝါ၊ နိမ့်သည်ဟူ၍လည်းကောင်း။ ခုဒ္ဒကော ဝါ၊ ငယ်သည်ဟူ၍လည်းကောင်း။
မဟန္တော ဝါ၊ ကြီးသည်ဟူ၍လည်းကောင်း။ တမ္ဗော ဝါ၊ နီသည်ဟူ၍လည်း
ကောင်း။ ကာဠော ဝါ၊ ညိုမည်းသည်ဟူ၍လည်းကောင်း။ သေတော ဝါ၊ ဖြူ

သည်ဟူ၍လည်းကောင်း။ ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ တတော၊ ထို့နောင်မှ။ "ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သော အရပ်၌။ အယံ၊ ဤသည်ကား။ ရုက္ခော၊ သစ်ပင်တည်း။ ဣဒံ၊ ဤသည်ကား။ အသုဘနိမိတ္တံ၊ အသုဘနိမိတ်တည်း"။ ဣတိ၊ ဤသို့။ သလ္လက္ခေတဗ္ဗံ၊ မှတ်သားအပ်၏။ ဂစ္ဆော၊ ချုံသည်။ သစေ ဟောတိ၊ အကယ်၍ရှိသည်ဖြစ်အံ့။ သောပိ၊ ထိုချုံသည်လည်း။ "သိန္ဒိ ဝါ၊ သင်ပေါင်းချုံငယ်ဟူ၍လည်းကောင်း။ ကရမန္ဒော ဝါ၊ ခံချုံဟူ၍လည်းကောင်း။ ကဏဝီရော ဝါ၊ ကုလားဇလပ်ဟူ၍လည်းကောင်း။ ကုရဏ္ဍကော ဝါ၊ လိပ်ဆူးရွှေဟူ၍လည်းကောင်း။ ဥစ္စော ဝါ၊ မြင့်သည်ဟူ၍ လည်းကောင်း။ နီစော ဝါ၊ နိမ့်သည်ဟူ၍ လည်းကောင်း။ ခုဒ္ဒကော ဝါ၊ ငယ်သည်ဟူ၍လည်းကောင်း။ မဟန္တော ဝါ၊ ကြီးသည်ဟူ၍ လည်းကောင်း။" ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားဆုံး ဖြတ်အပ်၏။ တတော၊ ထို့နောင်မှ။ "ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သောအရပ်၌။ အယံ၊ ဤသည်ကား။ ဂစ္ဆော၊ ချုံတည်း။ ဣဒံ၊ ဤသည်ကား၊ အသုဘနိမိတ္တံ၊ အသုဘနိမိတ်တည်း"။ ဣတိ၊ ဤသို့။ သလ္လက္ခေတဗ္ဗံ၊ မှတ်သားအပ်၏။ လတာ၊ နွယ်သည်။ သစေ ဟောတိ၊ အကယ် ၍ရှိငြားအံ့။ သာပိ၊ ထိုနွယ်ကိုလည်း။ "လာဗု ဝါ၊ ဗူးနွယ်ဟူ၍လည်းကောင်း။ ကုမ္ဘဏ္ဍီ ဝါ၊ ဖရုံနွယ်ဟူ၍လည်းကောင်း။ သာမာ ဝါ၊ ကြံ့ဟင်းချိုနွယ်။ ဝါ၊ နွယ်ရွှေ။ ဝါ၊ ဥပသကာနွယ်ဟူ၍လည်းကောင်း။ ကာဠဝလ္လိ ဝါ၊ နွယ်နက် နွယ်ငန်းဟူ၍လည်းကောင်း။ ပူတိလတာ ဝါ၊ ဆင်သမနွယ်ဟူ၍လည်းကောင်း။ ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြားဆုံးဖြတ်အပ်၏။ တတော၊ ထို့ နောင် မှ။ ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သောအရပ်၌။ "အယံ၊ ဤသည် ကား။ လတာ၊ နွယ်တည်း။ ဣဒံ၊ ဤသည်ကား။ အသုဘနိမိတ္တံ၊ အသုဘ နိမိတ်တည်း။ ဣဒံ၊ ဤသည်ကား။ အသုဘနိမိတ္တံ၊ အသုဘနိမိတ် တည်း။ အယံ၊ ဤသည်ကား။ လတာ၊ နွယ်တည်း။ ဣတိ၊ ဤသို့။သလ္လက္ခေ- တဗ္ဗံ၊ မှတ်သားအပ်၏။

၁၀၉။ ပန၊ ထိုမှတပါး။ သနိမိတ္တံ၊ အသုဘကောင်နိမိတ်နှင့်တကွ။ ကရော- တိ။ ပြု၏။ သာရမ္မဏံ၊ အသုဘအာရုံနှင့်တကွ။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ ယံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်ခဲ့ပြီ။ တံ၊ ထိုစကားသည်။ ဣဓေဝ၊ ဤ ပြဆိုခဲ့သော ပိုင်းခြားပုံ မှတ်သားပုံ၌ပင်။ အန္တောဂဓံ၊ အတွင်းဝင်သွားလေပြီ။ ဟိ၊ မှန်၏၊ ပုနပ္ပုနံ ဝဝတ္ထပေန္တော၊ အဖန်ဖန်ပိုင်းခြားဆုံးဖြတ်လျှင်။ သမိနိတ္တံ၊ အသုဘနိမိတ်နှင့်တကွ။ ကရောတိ နာမ၊ ပြုသည်မည်၏။ အယံ၊ ဤသည်ကား။ ပါသာဏော၊ ကျောက်တည်း။ ဣဒံ၊ ဤသည်ကား။ အသုဘနိမိတ္တံ၊ အသုဘ နိမိတ်တည်း။ ဣဒံ၊ ဤသည်ကား။ အသုဘနိမိတ္တံ၊ အသုဘနိမိတ်တည်း။ အယံ၊

ဤ**သည်ကား**။ ပါသာဒေါ၊ ကျောက်တည်း။ ဣတိ ဝေံ၊ ဤသို့။ ဒွေ ဒွေ နှစ်ခု နှစ်ခုတို့ကို။ သမာသေတွာ သမာသေတွာ၊ ဆက်စပ်၍ ဆက်စပ်၍။ ဝဝတ္ထပေန္တော၊ ပိုင်းခြားမှတ်သားသော ယောဂီသည်။ **သာရမ္မဏံ** ကရောတိ နာမ၊ အသုဘအာရုံနှင့်တကွ ပြုသည်မည်၏။

ပန၊ ထိုမှတပါး။ ဝေံ၊ ဤဆိုခဲ့သည့်အတိုင်း။ သနိမိတ္တံ၊ နိမိတ်နှင့်တကွ။ သာရမ္မဏဥ္စ၊ အာရုံနှင့်လည်းတကွ။ကတွာ၊ပြု၍။ ပါ၊ပြုပြီးလျှင်။ သဘာဝဘာဝ-တော၊ မိမိ၏ **သ**ဘောရင်းဖြစ်သော လက္ခဏာအားဖြင့်။ ဝဝတ္ထပေတိ၊ မှတ်သား၏။ ဣတိ၊ ဤသို့။ ဝုတ္တတ္တာ၊ အဋ္ဌကထာတို့၌ မိန့်ဆိုထားသောကြောင့်။ အဿ၊ ထိုအသုဘကောင်၏။ အနညသာဓာရဏော၊ သူတပါးနှင့်မဆက်ဆံသော။ အတ္တနိယော၊ ကိုယ်ကောင်ဟူသော မိမိ၏သာလျှင် ဥစ္စာဖြစ်သော။ ဥဒ္ဓုမာတကဘာဝေါ၊ သေသည်မှ နောက်ကာလ၌ ဖူးဖူးရောင်ခြင်းဟုဆိုအပ်သော။ ယော သဘာဝဘာဝေါ၊ အကြင်မိမိပင်ကိုရင်းသဘောလက္ခဏာသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုသဘောလက္ခဏာဖြင့်။ မနသိ ကာတဗ္ဗံ၊ နှလုံးသွင်း အပ်၏။ ဝဏိတံ၊ ဖူးဖူးရောင်သော။ ဥဒ္ဓုမာတကံ၊ ဥဒ္ဓုမာတကသူသေကောင်တည်း။ ဣတိ ဝေံ၊ ဤသို့။ သဘာဝေန၊ မိမိ၏ဖူးဖူးရောင်ခြင်းဟူသော သဘောအားဖြင့်လည်းကောင်း။ သရသေန၊ သူတပါးတို့အား စက်ဆုပ်ခြင်းကို ဖြစ်စေတတ်သော မိမိ၏ကိစ္စအားဖြင့်လည်းကောင်း။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ထိုသဘော လက္ခဏာဖြင့် နှလုံးသွင်းအပ်၏' ဟူသောစကား၏ ဆိုလိုရင်းအနက်ပေတည်း။ (ဤနေရာ၌ အသိခက်သည်၊ ဋီကာအဖွင့်ကိုကြည့်ပါ)။

၁၁၀။ ဝေံ ဝဝတ္ထပေတွာ၊ ဤသို့ပိုင်းခြားမှတ်သား၍။ ဝဏ္ဏတောပိ၊ အဆင်းအားဖြင့် လည်းကောင်း။ လိင်္ဂတောပိ၊ လိင်အသွင်အားဖြင့်လည်း ကောင်း။ သဏ္ဌာနတောပိ၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း။ ဒိသတောပိ၊ အရပ်အားဖြင့်လည်းကောင်း။ ဩကာသတောပိ၊ တည်ရာအားဖြင့်လည်း ကောင်း။ ပရိစ္ဆေဒတောပိ၊ အပိုင်းအခြားအားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဆဗ္ဗိဓေန၊ ခြောက်ပါးအပြားအားဖြင့်။ နိမိတ္တံ၊ အသုဘနိမိတ်ကို။ ဂဟေတဗ္ဗံ၊ မှတ်ယူအပ်၏။ကထံ ဂဟေတဗ္ဗံ၊ အဘယ်သို့မှတ်ယူအပ်သနည်း။ ဟိ၊ ချဲ့ဦးအံ့။ တေန ယောဂိနာ၊ ထိုယောဂီသည်။ ဣဒံ သရီရံ၊ ဤသူသေကောင် သည်။ ကာဠဿ၊ အသားမည်းနက်သော**သူ**၏။ သရီရန္တိ ဝါ၊ ကိုယ်ကောင်ဟူ၍ **လည်းကောင်း**။ ဩဒါတဿ၊ အသားဖြူသောသူ၏။ သရီရန္တိ ပါ၊ ကိုယ်ကောင် ဟူ၍လည်းကောင်း။ မင်္ဂုရစ္ဆဝိနော၊ကြမ်းပိုးအဆင်းရှိသောသူ၏။ သရီရန္တိ ဝါ၊ ကိုယ်ကောင်ဟူ၍လည်းကောင်း။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊

ပိုင်းခြားမှတ်သားအပ်၏။ ပန၊ အဖွဲ့တပါးကား။ လိင်္ဂတော၊ လိင်အသွင်
အားဖြင့်။ ကဏှလိင်္ဂံ၊ မိန်းမအသွင်ရှိသော။ သရီရန္တိ ဝါ၊ ကိုယ်ကောင်ဟူ၍
လည်းကောင်း။ ပုရိသလိင်္ဂံ၊ ယောကျ်ားအသွင်ရှိသော။ သရီရန္တိ ဝါ၊ ကိုယ်
ကောင်ဟူ၍လည်းကောင်း။ အာဝတ္တေတွာ၊ မပိုင်းခြား မမှတ်သားမူ၍။
"ကဏှံ၊ ဤကိုယ်ကောင်သည်။ ပဌမဝယေ၊ ပထမအရွယ်၌။ ဌိတဿ၊ တည်သော
သူ၏။ သရီရန္တိ ဝါ၊ ကိုယ်ကောင်ဟူ၍လည်းကောင်း။မဇ္ဈိမဝယေ၊ အလယ်ပိုင်း
အရွယ်၌။ဌိတဿ၊တည်သောသူ၏။သရီရန္တိ ဝါ၊ကိုယ်ကောင်ဟူ၍လည်းကောင်း။
ပစ္ဆိမဝယေ၊ နောက်ဆုံးပိုင်းအရွယ်၌။ ဌိတဿ၊ တည်သောသူ၏။ သရီရန္တိ ဝါ၊
ကိုယ်ကောင်ဟူ၍လည်းကောင်း။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။
သဏ္ဌာနတော၊ ပုံသဏ္ဌာန်အားဖြင့်။ (၁၇၉) ဥဒ္ဓုမာတကဿ၊ ဥဒ္ဓုမာတက
သူသေကောင်၏။ သဏ္ဌာနဝသေနေဝ၊ ပုံသဏ္ဌာန်အစွမ်းအားဖြင့်သာလျှင်။
ကဏှံ၊ ဤသည်ကား။ အဿ၊ ထိုသူသေကောင်၏။ သီသသဏ္ဌာနံ၊ ဦးခေါင်း
သဏ္ဌာန်တည်း။ ကဏှံ၊ ဤသည်ကား။ ဂီဝါသဏ္ဌာနံ၊ လည်ပင်းသဏ္ဌာန်တည်း။
ကဏှံ၊ ဤသည်ကား။ ဟတ္ထသဏ္ဌာနံ၊ လက်သဏ္ဌာန်တည်း။ ကဏှံ၊ ဤသည်ကား။
ဥဒရသဏ္ဌာနံ၊ ရင်ဘတ်သဏ္ဌာန်တည်း။ ကဏှံ၊ ဤသည်ကား။ နာဘိသဏ္ဌာနံ၊
ချက်သဏ္ဌာန်တည်း။ ကဏှံ၊ ဤသည်ကား။ ကဋိသဏ္ဌာနံ၊ တင်ပါးသဏ္ဌာန်
တည်း။ ကဏှံ၊ ဤသည်ကား။ ဦရုသဏ္ဌာနံ၊ ပေါင်သဏ္ဌာန်တည်း။ ကဏှံ၊ ဤ
သည်ကား။ ဇင်္ဃာသဏ္ဌာနံ၊ ခြေသလုံးသဏ္ဌာန်တည်း။ ကဏှံ၊ ဤသည်ကား။
ပါဒသဏ္ဌာနံ၊ ခြေသဏ္ဌာန်တည်း။ ကဏှတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်
သားအပ်၏။ ပန၊ အဖွဲ့တပါးကား။ ဒိသတော၊ အရပ်အားဖြင့်။ ကဏှမသ္မိံ သရီ-
ရေ၊ ဤကိုယ်ကောင်၌။ နာဘိယာ၊ ချက်မှ။ အဓော၊အောက်ပိုင်းကို။ ဟေဋ္ဌိမ-
ဒိသာတိ၊ အောက်အရပ်ဟူ၍လည်းကောင်း။ ဥဒ္ဓံ၊ အထက်ပိုင်းကို။ ဥပရိမ-
ဒိသာတိ၊ အထက်အရပ်ဟူ၍လည်းကောင်း။ ဒွေ ဒိသာ၊ နှစ်ပါးသောအရပ်
တို့ကို။ ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားမှတ်သားအပ်၏။ အထ ဝါ၊ တနည်းသော်ကား။
အဟံ၊ ငါသည်။ ကဏှမိဿာ ဒိသာယ၊ ဤမည်သောအရပ်၌။ ဌိတော၊ တည်၏။
အသုဘနိမိတ္တံ၊ အသုဘနိမိတ်သည်။ ကဏှမိဿာ၊ ဤမည်သောအရပ်၌။ဌိတောတိ၊
တည်၏ဟူ၍။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ ပန၊ အဖွဲ့တပါးကား၊
ဩကာသတော၊ တည်ရာအားဖြင့်။ ဟတ္ထာ၊လက်တို့သည်။ ကဏှမသ္မိံ နာမ-
ဩကာသေ၊ ဤမည်သောတည်ရာ၌။ ဌိတာ၊ တည်ကုန်၏။ ပါဒါ၊ ခြေတို့သည်။

ဠမသ္မိံ ဩကာသေ၊ ဤမည်သောတည်ရာ၌။ ဌိတာ၊ တည်ကုန်၏။ သီသံ၊ ဦးခေါင်းသည်။ ဠမသ္မိံ၊ ဤမည်သောတည်ရာ၌။ ဌိတံ၊ တည်၏။ မဇ္ဈိမကာယော၊ အလယ်ပိုင်းကိုယ်သည်။ ဠမသ္မိံ၊ ဤမည်သောတည်ရာ၌။ ဌိတော၊ တည်၏။ ဠတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ အထဝါ၊ တနည်းအားဖြင့်။ အဟံ၊ ငါသည်။ ဠမသ္မိံ ဩကာသေ၊ဤမည်သောတည်ရာ၌။ ဌိတော၊ တည်၏။ အသုဘနိမိတ္တံ၊ အသုဘနိမိတ်သည်။ ဠမသ္မိံ၊ ဤမည်သော တည်ရာ၌။ ဌိတံ၊ တည်၏။ ဠတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ ပရိစ္ဆေဒတော၊ အပိုင်းအခြားအားဖြင့်။ ဠဒံ သရီရံ၊ ဤကိုယ်ကောင်ကို။ အဓော၊ အောက်ဘက်၌။ ပါဒတလေန၊ ခြေဖဝါးအပြင်ဖြင့်။ ဥပရိ၊ အထက်ဘက်၌။ ကေသမတ္ထကေန၊ ဆံပင်တို့၏အဖျားဖြင့်။ တိရိယံ၊ ပတ်ဝန်းကျင်၌။ တစေန၊ အရေဖြင့်။ ပရိစ္ဆိန္နံ၊ ပိုင်းခြားထား၏။ ယထာ ပရိစ္ဆိန္နေ စဋ္ဌာနေ၊ပိုင်းခြားထားသောအရပ်၌။ဒွတ္တိံသကုဏပဘရိတမေဝ၊သုံးဆယ့်နှစ်မျိုးသော အပုပ်တို့ဖြင့် ပြည့်နှက်နေသည့်သာလျှင်တည်း။ ဠတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ အထ ဝါ၊ တနည်းအားဖြင့်။ အယံ၊ ဤသည်ကား။ အဿ၊ ဤသူသေကောင်၏။ ဟတ္ထပရိစ္ဆေဒေါ၊ လက်အပိုင်းအခြားတည်း။ အယံ၊ဤသည်ကား။ ပါဒပရိစ္ဆေဒေါ၊ ခြေအပိုင်းအခြားတည်း။ အယံ၊ ဤသည်ကား။ သီသပရိစ္ဆေဒေါ၊ ခေါင်းအပိုင်းအခြားတည်း။ အယံ၊ ဤသည်ကား။မဇ္ဈိမကာယပရိစ္ဆေဒေါ၊ အလယ်ပိုင်းကိုယ်၏အပိုင်းအခြားတည်း။ ဠတိ၊ဤသို့။ ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားမှတ်သားအပ်၏။ ပန၊ဆက်ဦးအံ့။ယတ္တကံ၊ အကြင်မျှလောက်သော။ ဌာနံဝါ၊ ဥဒ္ဓုမာတကဖြစ်သော ကိုယ်အစိတ်အရပ်ကိုမူလည်း။ ဂဏှာတိ၊ သိမ်းယူ၏။ ဝါ၊ ဉာဏ်ဖြင့်သိမ်းယူ၏။ ဠဒံ၊ ဤအရာသည်။ ဤဒိသံ၊ ဤသို့ဖောယောင်ခြင်း သဘောရှိသော။ ဝါ၊ ဤသို့ဖောယောင်ခြင်း သဘောရှိသည်ဖြစ်၍။ ဥဒ္ဓုမာတကန္တိ၊ ဖူးဖူးရောင်လျက် စက်ဆုပ်ဖွယ် သူသေကောင်ဟူ၍။ ပရိစ္ဆိန္ဒိတဗ္ဗံ၊ သဘောမှန်အတိုင်း ပိုင်းခြားမှတ်သားအပ်၏။ ပန၊ သို့သော်လည်း။ ပုရိသဿ၊ ယောကျ်ားအား။ ဠတ္ထိသရီရံဝါ၊ မိန်းမ၏ကိုယ်သည်လည်းကောင်း။ ဠတ္ထိယာ၊ မိန်းမအား။ပုရိသသရီရံ ဝါ၊ယောကျ်ား၏ကိုယ်သည်လည်းကောင်း။ န ဝဋ္ဋတိ၊ အသုဘရှုရန်မသင့်ပေ။ ဝိသဘာဂေသရီရေ၊ လိင်သဏ္ဌာန်ခြင်းမတူသော ကိုယ်ကောင်၌။ အာရမ္မဏံ၊ စက်ဆုပ်ဖွယ်အသုဘအာရုံသည်။ န ဥပဋ္ဌာတိ၊ မထင်တတ်ပေ။ ဝိပ္ဖန္ဒနဿေဝ ပစ္စယော၊ တပ်မက်ခြင်းဟူသော တုန်လှုပ်ခြင်း၏ အကြောင်းသာလျှင်။ ဟောတိ၊ ဖြစ်တတ်ပေ၏။ ဟိ၊ မှန်၏။ "ဥဂ္ဃါဋိတာပိ၊ ခွာထားသော အသွင်သဏ္ဌာန်ရှိငြားသော်လည်း။ ဠတ္ထီ၊ မိန်းမသည်။ (မိန်းမ၏ကိုယ်သည်။) ပုရိသဿ စိတ္တံ၊ ယောကျ်ား၏စိတ်ကို။ ပရိယာဒါယ၊ အကုန်လုံးဆွဲငင်ယူခြင်းငှာ။ တိဋ္ဌတီတိ၊ ဘည်သည်ဟု။ မဇ္ဈိမဋ္ဌကထာယံ၊ မဇ္ဈိမအဋ္ဌကထာ၌။ ဝုတ္တံ၊ မိန့်ဆိုထား

ပေ၏၊ တသ္မာ၊ ထို့ကြောင့်။ သဘာဝသရိရေယော၊ သဘောတူသောသူသေကောင်၌သာလျှင်။ ဧဝံ၊ ယခုပြဆိုခဲ့သည့်အတိုင်း။ ဆဗ္ဗိဓေန၊ ခြောက်ပါးအပြားအားဖြင့်။ ဂဏှိတဗ္ဗံ၊ မှတ်ယူအပ်ပေ၏။

၁၁။ ပန၊ ပုဂ္ဂလဝိသေသကို ပြဆိုဦးအံ့။ ယော ကုလပုတ္တော၊ အကြင်အမျိုးကောင်းသားသည်။ ပုရိမဗုဒ္ဓါနံ သန္တိကေ၊ ရှေးဘုရားရှင်တို့၏ အထံတော်၌။ အာသေဝိတကမ္မဋ္ဌာနော၊ အသုဘကမ္မဋ္ဌာန်းကို မှီဝဲဖူးသည်။ ပရိဟတ-ဓုတင်္ဂေါ၊ သုသာန်ဓုတင် အစရှိသော ဓုတင်ကိုဆောင်ဖူးသည်။ ပရိမဒ္ဒိတ-မဟာဘူတော၊ မဟာဘုတ်တို့ကို ရှုမှတ်လျက်ချေမှုန်းဖူးသည်။ ပရိဂ္ဂဟိတ-သင်္ခါရော၊ ရုပ်နာမ် သင်္ခါရတို့ကိုသိမ်းဆည်းရှုမှတ်ဖူးသည်။ ဝဝတ္ထာပိတနာမရူပေါ၊ နာမ်ရုပ်ကိုရှုလျက် ပိုင်းခြားဖူးသည်၊ ဥဂ္ဃါဋိတသတ္တသညော၊ သတ္တဝါဟူသောအမှတ်မှုကို ပယ်ခွာဖူးသည်။ ကတသမဏဓမ္မော၊ ဝိပဿနာရှုခြင်းဖြင့် ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိသို့ ရောက်စေသဖြင့် သမဏဓမ္မခေါ်သော ရဟန်းတရားကိုပြုကျင့်ဖူးသည်။ ဝါသိတဝါသနော၊ ကုသိုလ်ကို ထုံစေခဲ့ဖူးသည်။ ဘာဝိတဘာဝနော၊ ကုသိုလ်ဘာဝနာကိုပွားစေခဲ့ဖူးသည်။ ဟုတွာ၊ ဖြစ်၍။ သဗီဇော၊ ပါရမီမျိုးစေ့ရှိ၏။ ဉာဏုတ္တရော၊ ဉာဏ်ရင့်ကျက်သဖြင့်လွန်ကဲသော ဉာဏ်ရှိ၏။ အပ္ပကိလေသော၊ ကိလေသာ နည်းပါး၏။ တဿ၊ ထိုသို့သော အမျိုးကောင်းသားအား။ ဩလောကိတောလောကိတဋ္ဌာနေယေဝ၊ အသုဘကောင်ကို ကြည့်ရှုမိရာကြည့်ရှုမိရာအရပ်၌ပင်လျှင်။ ပဋိဘာဂနိမိတ္တံ ဥပဋ္ဌာတိ၊ ပဋိဘာဂနိမိတ်ထင်ပေါ်လာပေ၏။ ဧဝံ၊ ထိုအမျိုးကောင်းသားကဲ့သို့။ နော စေ ဥပဋ္ဌာတိ၊ နိမိတ်မထင်ပါမူ။ အထ၊ ထိုသို့ မထင်ခဲ့သော်။ ဧဝံ၊ ဤယခုပြဆိုခဲ့သည့်အတိုင်း။ ဆဗ္ဗိဓေန၊ ခြောက်ပါးအပြားအားဖြင့်။ ဂဏှတော၊ ယူသော သူအား။ နိမိတ္တံ ဥပဋ္ဌာတိ၊ နိမိတ်ထင်လာတတ်၏။ ပန၊ ဆက်ဦးအံ့။ ယဿ၊ အကြင်သူအား။ ဧဝမ္ပိ၊ ဤသို့ ခြောက်ပါးအပြားအားဖြင့် ယူပါသော်လည်း။ န ဥပဋ္ဌာတိ၊ အကယ်၍ မထင်သေးငြားအံ့။ တေန၊ ထိုသို့ နိမိတ်မထင်သေးသော ပုဂ္ဂိုလ်သည်။ သန္ဓိတော၊ အဆစ်အားဖြင့်။ ဝိဝရတော၊ အကြားအားဖြင့်။ နိန္နတော၊ အနိမ့်အချိုင့်အားဖြင့်။ ထလတော၊ အမြင့်အမောက်အားဖြင့်။ သမန္တတော၊ ပတ်ဝန်းကျင်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်ပေ၏။ ဣတိ၊ ဤသို့။ ပဉ္စဝိဓေန၊ ငါးပါးအပြားအားဖြင့်လည်း။ ပုနပိ၊ တဖန်လည်း။ နိမိတ္တံ၊ နိမိတ်ကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ (ပုနပိ နိမိတ္တံ ဂဟေတဗ္ဗံ၊ တဖန်နိမိတ်ကို ယူအပ်၏။)

၁၂။ တတ္ထ၊ ထိုစကားရပ်တို့တွင်။ သန္ဓိတောတိ၊ သန္ဓိတောဟူသည်ကား။ အသီတိသတသန္ဓိတော၊ တရာ့ရှစ်ဆယ်သော အရိုးအဆက်အစပ်အားဖြင့်။ ပန၊ ထိုသို့ တရာ့ရှစ်ဆယ်အားဖြင့် ရှုသင့်သော်လည်း။ ဥဒ္ဓုမာတကေ၊ ဖူးဖူး

ရောင်နေသော သူသေကောင်၌။ အသီတိသတသန္ဓယော၊ တရာ့ရှစ်ဆယ် သောအဆက်အစပ်တို့ကို။ ကထံ ဝဝတ္ထပေယာတိ၊ အဘယ်သို့လျှင် ပိုင်းခြား မှတ်သားနိုင်ပေလိမ့်မည်နည်း။ တသ္မာ၊ ထိုကြောင့်။ အနေန၊ ဤယောဂီသည်။ တယော ဒက္ခိဏဟတ္ထသန္ဓိ၊ လက်ယာလက် အစပ်သုံးခုတို့ ယည်းကောင်း။ တယော ဝါမဟတ္ထသန္ဓိ၊ လက်ဝဲလက် အစပ်သုံးခုတို့လည်းကောင်း။ တယော ဒက္ခိဏပါဒသန္ဓိ၊ လက်ယာခြေ အစပ်သုံးခုတို့လည်းကောင်း။ တယော ဝါမပါဒ သန္ဓိ၊ လက်ဝဲခြေ အစပ်သုံးခုတို့လည်းကောင်း။ (၁၀၀) ဧကော ဂီဝသန္ဓိ၊ လည်ဂုတ်အစပ်တခုလည်းကောင်း။ ဧကော ကဋိသန္ဓိ၊ ခါး တင်ပါး အစပ်တခု လည်းကောင်း။ ဣတိ ဧဝံ၊ ဤသို့သော နည်းဖြင့်။ စုဒ္ဒသမဟာသန္ဓိဝသေန၊ တဆယ့်လေးခုသော ကြီးမားသော အစပ်ကြီးတို့၏ အစွမ်းအားဖြင့်။ သန္ဓိတော၊ အဆက်အစပ်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ ဝိဝရတောတိ၊ ဝိဝရတောဟူသည်ကား။ ဝိဝရံနာမ၊ အကြားမည်သည်ကား။ ဟတ္ထန္တရံ၊ နံပါးနှင့် လက်တို့၏ အကြား။ ပါဒန္တရံ၊ ခြေနှစ်ဘက်တို့၏အကြား။ ဥဒရန္တရံ၊ ချက်နှင့် ဝမ်းခေါင်းဟူသော ဝမ်းဗိုက်၏ အကြား။ ကဏ္ဏန္တရံ၊ နားပေါက် အကြား။ ဣတိဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ ဝိဝရတော၊ အကြားအရပ် အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ အက္ခီနမ္ပိ၊ မျက်စိတို့၏ လည်း။ နိမ္မီလိတဘာဝေါ ဝါ၊ မှိတ်နေသည်၏အဖြစ်ကိုလည်းကောင်း။ ဥမ္မီလိတ-ဘာဝေါ ဝါ၊ ပွင့်နေသည်၏အဖြစ်ကိုလည်းကောင်း။ မုခဿ စ၊ ခံတွင်း၏လည်း။ ပိဟိတဘာဝေါ ဝါ၊ ပိတ်နေသည်၏ အဖြစ်ကိုလည်းကောင်း။ ဝိဝဋဘာဝေါ ဝါ၊ ပွင့်နေသည်၏ အဖြစ်ကိုလည်းကောင်း။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြားမှတ်သား အပ်၏။ နိန္နတောတိ၊ နိန္နတောဟူသည်ကား။ သရီရေ၊ သူသေကောင်၌။ ယံ နိန္နဋ္ဌာနံ၊ အကြင်နိမ့်သော အရပ်သည်လည်းကောင်း။ ယော အက္ခိကူပေါ ဝါ၊ အကြင်မျက်တွင်းသည်လည်းကောင်း။ ယံ အန္တောမုခံ ဝါ၊ အကြင်ပါးစပ်တွင်း သည်လည်းကောင်း။ ယော ဂလဝါဋကော ဝါ၊ အကြင်လည်မျိုသည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုချိုင့်သော အရပ်ကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ အထ ဝါ၊ တနည်းသော်ကား။ အဟံ၊ ငါသည်။ နိန္နေ၊ အနိမ့်၌။ ဌိတော၊ တည်၏။ သရီရံ၊ သူသေကောင်သည်။ ဥန္နတေ၊ အမြင့်၌။ ဌိတော၊ တည်၏။ ဣတိ ဝဝတ္ထပေတဗ္ဗံ၊ ဤသို့ ပိုင်းခြားမှတ်သားအပ်၏။ ထလတောတိ၊ ထလတောဟူသည်ကား။ သရီရေ၊ သူသေကောင်၌။ ဥန္နတဋ္ဌာနံ၊ မြင့်မောက် ရာ အရပ်ဖြစ်သော။ ယံ ဇဏ္ဏုကံ ဝါ၊ အကြင်ဒူးဆစ်သည် လည်းကောင်း။ ယံ ယော ဥရောဝါ၊ အကြင်ရင်ဘတ်သည်လည်းကောင်း။ ယံ နလာဋံ ဝါ၊ အကြင်နဖူးပြင်သည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဒူးဆစ်၊ ရင်ဘတ်၊ နဖူးပြင်ကို။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ အထဝါ၊ တနည်း ကား။ အဟံ၊ ငါသည်။ ထလေ၊ အမြင့်၌။ ဌိတော၊ တည်၏။ သရီရံ

သူသေကောင်သည်။ နိဒ္ဒေ၊ အနိမ့်၌။ ဌိတော၊ တည်၏။ ဣတိ၊ ဤသို့။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ သမန္တတောတိ၊ သမန္တတောဟူသည်ကား၊ သဗ္ဗံ သရီရံ၊ သူသေကောင်တကိုယ်လုံးကို။ သမန္တတော၊ ပတ်ဝန်းကျင်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ သကလသရီရေ၊ တကိုယ်လုံး၌။ ဉာဏံ စာရေတွာ၊ ဘာဝနာဉာဏ်ကို သွားစေ၍။ ယံ ဌာနံ၊ အကြင်အရပ်သည်။ ဝိဘူတံ ဟုတွာ၊ ထင်ထင်ရှားရှားဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်ရှား၏။ တတ္ထ၊ ထို အထင်အရှား ထင်ပေါ်သော အရပ်၌။ "ဥဒ္ဓုမာတကံ ဥဒ္ဓုမာတကန္တိ၊ ဖူးဖူးရောင် နေသော စက်ဆုပ်ဖွယ် သူသေကောင်, ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်" ဟူ၍။ စိတ္တံ ဌပေတဗ္ဗံ၊ စိတ်ကို ထားအပ်၏။ ဝေမှိ၊ ဤသို့ထားသော်လည်း။ သစေ န ဥပဋ္ဌာတိ၊ အကယ်၍ နိမိတ်မထင်ငြားအံ့။ ဥဒရပရိယောသာနံ၊ ဝမ်းဗိုက်အဆုံးရှိသော အထက်ပိုင်းကိုယ်သည်။ အတိရေကံ၊ အလွန်အကဲ။ ဥဒ္ဓုမာတကံ ဟောတိ၊ ဖူးဖူးရောင်လျက် ရှိ၏။ ဝါ၊ အတိရေကံ ဥဒ္ဓုမာတကံ ဟောတိ၊ အလွန်အကဲဖူးဖူးရောင်လျက် ရှိ၏။ တတ္ထ၊ ထိုအလွန်အကဲ ဖူးဖူးရောင်နေသော အထက်ပိုင်းကိုယ်၌။ "ဥဒ္ဓုမာတကံ-ဥဒ္ဓုမာတကန္တိ၊ ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်, ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်" ဟူ၍။ စိတ္တံ ဌပေတဗ္ဗံ၊ စိတ်ကို ထားအပ်၏။

၁၁၃။ ဣဒါနိ၊ ယခုအခါ၌။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထို ဥဒ္ဓုမာတကသူသေကောင် နိမိတ်ကို။ သုဂ္ဂဟိတံ၊ ကောင်းစွာ ယူအပ်သည်ကို။ ကရောတိ၊ ပြု၏။ ဣတိအာဒီသု၊ ဤသို့ အစရှိသော စကားရပ်တို့၌။ အယံ၊ ဤယခုဆိုလတ္တံ့သော စကားသည်။ ဝိနိစ္ဆယကထာ၊ အဆုံးအဖြတ်စကား ပေတည်း။

တေန ယောဂိနာ၊ ထိုယောဂီသည်။ တသ္မိံ သရီရေ၊ ထိုသူသေကောင်၌။ ယထာဝုတ္တနိမိတ္တဂ္ဂါဟဝသေန၊ ဆိုခဲ့တိုင်းသော နိမိတ်ကို ယူခြင်း၏ အစွမ်းအားဖြင့်။ နိမိတ္တံ၊ နိမိတ်ကို။ သုဋ္ဌု၊ ကောင်းစွာ။ ဂဏှိတဗ္ဗံ၊ ယူအပ်၏။ သတိံ၊ အမှတ်ရမှု သတိကို။ သူပဋ္ဌိတံ ဟုတွာ၊ ကောင်းစွာ ထင်အောင်ပြု၍။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ဧဝံ၊ ဤသို့။ ပုနပ္ပုနံ ကရောန္တေန၊ ဤသို့ အဖန်ဖန် ပြုလျက်။ သာဓုကံ ဥပဓာရေတဗ္ဗဉ္စေဝ၊ ကောင်းစွာ မှတ်လည်း မှတ်အပ်၏။ သာဓုကံ ဝဝတ္ထပေတဗ္ဗဉ္စ၊ ကောင်းစွာ ပိုင်းခြားလည်း ပိုင်းခြားအပ်၏။ သရီရတော၊ သူသေကောင်မှ။ နာတိဒူရေ၊ မဝေးလွန်း သော။ နာစ္စာသန္နေ-ပဒေသေ၊ မနီးလွန်းသောအရပ်၌။ နာတိဒူရေ နစ္စာသန္နေ၊ မဝေးလွန်းမနီးလွန်းသော။ ပဒေသေ၊ အရပ်၌။ ဌိတေန ဝါ၊ ရပ်လျက်လည်းကောင်း, ရပ်လျက်ဖြစ်စေ။ နိသိန္နေန ဝါ၊ ထိုင်လျက် လည်းကောင်း, ထိုင်လျက် ဖြစ်စေ။ စက္ခုံ ဥမ္မီ-

လေတွာ၊ မျက်စိကို ဖွင့်လျက်။ ဩလောကေတွာ၊ ကြည့်၍။ နိမိတ္တံ ဂဏှိတဗ္ဗံ၊ နိမိတ်ကို မှတ်ယူအပ်၏။ "ဥဒ္ဓုမာတကပဋိကူလံ ဥဒ္ဓုမာတကပဋိကူလန္တိ၊ ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်, ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ်သူသေကောင်" ဟု။ သတက္ခတ္တုံ၊ အကြိမ်တရာ။ သဟဿက္ခတ္တုံ၊ အကြိမ်တထောင်။ ဥမ္မီလေတွာ၊ မျက်စိကို ဖွင့်၍။ ဩလောကေတဗ္ဗံ၊ ကြည့်ရှုအပ်၏။ နိမ္မီလေတွာ၊ မျက်စိကို မှိတ်လျက်။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ဧဝံ ပုနပ္ပုနံ ကရောန္တဿ၊ ဤသို့ အဖန်ဖန်ပြုသော ယောဂီအား။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ သုဂ္ဂဟိတံ၊ ကောင်းစွာ ယူအပ်သည်။ ဟောတိ၊ ဖြစ်၏၊ ကဒါ သုဂ္ဂဟိတံ ဟောတိ၊ အဘယ်အခါ၌ ကောင်းစွာယူအပ်ပြီး ဖြစ်သနည်း။ ယဒါ၊ အကြင်အခါ၌။ ဥမ္မီလေတွာ ဩလောကေန္တဿ၊ မျက်စိဖွင့်လျက် ကြည့်စဉ်လည်းကောင်း။ နိမ္မီလေတွာ အာဝဇ္ဇေန္တဿ၊ မျက်စိမှိတ်လျက် ဆင်ခြင်စဉ် လည်းကောင်း။ ဧကသဒိသံ ဟုတွာ၊ တထပ်တည်း တူစွာ ဖြစ်၍။ အာပါထံ အာဂစ္ဆတိ၊ ထင်မြင်းသို့ ရောက်၏။ တဒါ၊ ထိုအခါရုံ ထင်သော အခါ၌။ သုဂ္ဂဟိတံ နာမ ဟောတိ၊ ကောင်းစွာ ယူအပ်ပြီးဖြစ်သည် မည်ပေ၏။

သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထိုဥဒ္ဓုမာတကနိမိတ်ကို။ ဧဝံ၊ ဤ ယခုပြဆိုခဲ့သည့်အတိုင်း။ သုဂ္ဂဟိတံ ကတွာ၊ ကောင်းစွာ ယူအပ်သည်ကို ပြု၍။ သူပဓာရိတံ ဥပဓာရေတွာ၊ ကောင်းစွာ မှတ်ယူအပ်သည်ကို ကောင်းစွာ မှတ်မိအောင် မှတ်ပြီးလျှင်။ သုဝဝတ္ထိတံ ဝဝတ္ထပေတွာ၊ ကောင်းစွာ ပိုင်းခြား အပ်သည်ကို ပိုင်းခြားပြီးလျှင်။ တတ္ထေဝ၊ ထိုနေရာ၌ပင်လျှင်။ ဘာဝနာပရိယောသာနံ ပတ္တုံ၊ ဘာဝနာ၏ အဆုံးဖြစ်သော ဈာန်သို့ ရောက်ရန်။ သစေ န သက္ကောတိ၊ အကယ်၍ မစွမ်းနိုင်ငြားအံ့။ အထ၊ ထိုသို့ဖြစ်လျှင်။ အနေန၊ ဤယောဂီသည်။ အာဂမနကာလေ၊ လာသောအခါ၌။ ဝါ၊ လာစဉ်က။ ဝုတ္တနယေနေဝ၊ ဆိုခဲ့သော နည်းဖြင့်ပင်။ ဧကကေန အဒုတိယေန၊ တယောက်တည်း အဖော်မပါပဲ။ တဒေဝ ကမ္မဋ္ဌာနံ၊ ထိုကမ္မဋ္ဌာန်းကို သာလျှင်။ မနသိကရောန္တေန၊ နှလုံးသွင်းလျက်။ သူပဋ္ဌိတံ သတိံ ကတွာ၊ ကောင်းစွာထင်သော အမှတ်ရမှုသတိကို ဖြစ်စေ၍။ (၁၇၁) အန္တောဂတေဟိ ဣန္ဒြိယေဟိ၊ အတွင်း၌ တည်ကြသော ဣန္ဒြေတို့ဖြင့်။ အဗဟိဂတေန မာနသေန၊ အပြင်သို့ မသွားသော စိတ်ဖြင့်။ အတ္တနော သေနာသနမေဝ၊ မိမိ၏ ကျောင်းသို့သာလျှင်။ ဂန္တဗ္ဗံ၊ ပြန်လာအပ်၏။

၈၊ ဆက်ဦးအံ့။ သုသာနာ၊ သုသာန်မှ။ နိက္ခမန္တေနေဝ၊ ထွက်လျှင်ပင်။ အာဂမနမဂ္ဂေါ၊ ပြန်လာခဲ့ရာလမ်းကို။ ဝဝတ္ထပေတဗ္ဗော၊ ပိုင်းခြား မှတ်သားအပ်၏။ ယေန မဂ္ဂေန၊ အကြင်လမ်းဖြင့်။ နိက္ခန္တော၊ ထွက်သည်။ အသို၊ ဖြစ်၏။ အယံ မဂ္ဂေါ၊ ငါထွက်လာခဲ့ရာ ဤလမ်းသည်။ ပါစီနာဘိမုခေါ ဂစ္ဆတိ၊ အရှေ့အရပ်

သို့ ရှေးရှုသွား၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ပစ္ဆိမဥတ္တရဒက္ခိဏဒိသာဘိမုခေါ ဂစ္ဆတိ၊ အနောက်အရပ်,မြောက်အရပ်,တောင်အရပ်သို့ ရှေးရှုသွား၏။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ပန၊ ထိုမှတပါး။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ဝါမတော ဂစ္ဆတိ၊ လက်ဝဲဘက်သို့ သွား၏။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ဒက္ခိဏတော ဂစ္ဆတိ၊ လက်ယာဘက်သို့ သွား၏။ (ဂစ္ဆတိ ပုဒ် လိုက်)။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ အဿ၊ ထိုခရီး၏။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌ကား။ ပါသာဏော၊ ကျောက်ရှိ၏။ ဣမသ္မိံ၊ ဤအရပ်၌။ ဝမ္မိကော၊ တောင်ပို့ရှိ၏။ ဣမသ္မိံ၊ ဤအရပ်၌။ ရုက္ခော၊ သစ်ပင်ရှိ၏။ ဣမသ္မိံ၊ ဤအရပ်၌။ ဂစ္ဆော၊ ချုံရှိ၏။ ဣမသ္မိံ၊ ဤအရပ်၌။ လတာ၊ နွယ်ရှိ၏။ ဣတိ ဧဝံ၊ ဤသို့။ အာဂမနမဂ္ဂံ၊ အပြန်လမ်းကို။ ဝဝတ္ထပေတွာ၊ ပိုင်းခြားမှတ်သားလျက်။ အာဂတေန၊ ပြန်လာခဲ့သော ယောဂီသည်။ စင်္ကမန္တေနာပိ၊ စင်္ကြံသွားလျှင်လည်း။ တဗ္ဘာဂါဘိမုခေါ၊ ထိုအဖို့ ရှိသည်သာလျှင် ဖြစ်သော။ စင်္ကမော၊ စင်္ကြံသွားခြင်းကို။ အဓိဋ္ဌာတဗ္ဗော၊ဆောက်တည်အပ်၏။ အသုဘနိမိတ္တဒိသာဘိမုခေ ဘူမိပဒေသေ၊ အသုဘနိမိတ်ရှိရာ အရပ်သို့ ရှေးရှုဖြစ်သော မြေအရပ်၌။ စင်္ကမိတဗ္ဗံ၊ စင်္ကြံသွားအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသော အနက်ပေတည်း။ နိသီဒန္တေန၊ထိုင်သော ယောဂီသည်။ အာသနမ္ပိ၊ နေရာကိုလည်း။ တဗ္ဘာဂိယမေဝ၊ ထိုအသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သော အဖို့ရှိသည်သာလျှင် ဖြစ်သော။ အာသနမ္ပိ၊ နေရာကိုလည်း။ ပညပေတဗ္ဗံ၊ ခင်းအပ်၏။ တဿံ ဒိသာယံ၊ အသုဘနိမိတ်ဆီသို့ ရှေးရှုဖြစ်သော ထိုအရပ်မျက်နှာ၌။ သောဗ္ဘော ဝါ၊ ထုံးအိုင်သည်လည်းကောင်း၊ ဝါ၊ ထုံးအိုင်ဖြစ်စေ။ ပပါတော ဝါ၊ ကမ်းပါးပြတ်သည်လည်းကောင်း။ ဝါ၊ ကမ်းပါးပြတ်ဖြစ်စေ။ ရုက္ခော ဝါ၊ သစ်ပင်သည်လည်းကောင်း။ ဝါ၊ သစ်ပင်ဖြစ်စေ။ ဝတိ ဝါ၊ စည်းရိုးသည်လည်းကောင်း။ ဝါ၊ စည်းရိုးဖြစ်စေ။ ကလလံ ဝါ၊ ရွှံ့ညွန်သည်လည်းကောင်း။ ဝါ၊ ရွှံ့ညွန်ဖြစ်စေ။ သစေ ဟောတိ၊ အကယ်၍ ရှိသည် ဖြစ်အံ့။ တံ ဒိသာဘိမုခေါ၊ ထိုအသုဘနိမိတ်ရှိရာ အရပ်မျက်နှာဆီသို့ ရှေးရှုဖြစ်သော။ ဘူမိပ္ပဒေသေ၊ မြေအရပ်၌။ စင်္ကမိတုံ၊ စင်္ကြံသွားရန်။ သစေ န သက္ကာ၊ အခွင့်မသာ၍ မစွမ်းနိုင်ငြားအံ့။ အာသနမ္ပိ၊ နေရာကိုလည်း။ အနောကာသတ္တာ၊ ခင်းရာမရှိသည်၏အဖြစ်ကြောင့်။ ပညပေတုံ၊ ခင်းခြင်းငှာ။ သစေ န သက္ကာ၊ အကယ်၍ မစွမ်းနိုင်ငြားအံ့။ ဧဝံ၊ ဤသို့ မကာတ်နိုင်ခဲ့သော်။ တံ ဒိသံ၊ ထိုအရပ်မျက်နှာကို။ အနပလောကေန္တေနာပိ၊ မငဲ့တော့ပဲလည်း။ ဩကာသာနုရူပေ၊ အခွင့်လျော်သော။ ဌာနေ၊ အရပ်၌။ စင်္ကမိတဗ္ဗဥ္စေဝ၊ စင်္ကြံလည်း သွားအပ်၏

နိသီဒိတဗ္ဗဥ္စ၊ ထိုင်လည်းထိုင်နေအပ်၏။ ပန၊ထိုသို့ဖြစ်သော်လည်း။ စိတ္တံ၊ စိတ်ကို မူကား။ တံ ဒိသာဘိမုခံယေဝ၊ ထိုအသုဘနိမိတ်ရှိရာ အရပ်မျက်နှာဆီသို့သာ လျှင်။ ကာတဗ္ဗံ၊ ပြုအပ်၏။

၁၁၄။ ဣဒါနိ၊ ယခုအခါ၌။ "သမန္တာ၊ ပတ်ဝန်းကျင်၌။ နိမိတ္တုပလက္ခဏာ၊ နိမိတ်ကိုမှတ်သားခြင်းသည်။ ကိမတ္ထိယာ၊ အဘယ်အကျိုးအာနိသင်ရှိသနည်း။" ဣတိ အာဒိ ပဥှာနံ၊ ဤသို့ အစရှိသော မေးခွန်းတို့၌။ "အသမ္မောဟတ္ထာ၊ မတွေဝေခြင်းဟူသော အကျိုးအာနိသင် ရှိသေ၏။" ဣတိ အာဒိဝိဿဇ္ဇနေ၊ ဤသို့ အစရှိသော အဖြေ၌။ အယံ၊ ဤသည်ကား။ အဓိပ္ပာယော၊ ဆိုလိုသော အဓိပ္ပာယ်တည်း။ ဟိ၊ ချဲ့ဦးအံ့။ ယဿ၊ အကြင် ယောဂီအား။ အဝေလာယံ၊ အခါမဲ့ ညဥ့်အချိန်၌။ ဥဒ္ဒုမာတကနိမိတ္တဋ္ဌာနံ ဂန္တွာ၊ ဥဒ္ဒုမာတကနိမိတ်ရှိရာ အရပ်သို့ သွား၍။ သမန္တာ၊ ပတ်ဝန်းကျင်၌။ နိမိတ္တုပလက္ခဏံ ကတွာ၊ ကျောက် စသော နိမိတ်တို့ကို မှတ်သားပြီးလျှင်။ နိမိတ္တဂ္ဂဟဏတ္ထံ၊ အသုဘနိမိတ်ကို ယူခြင်းပ္မာ။ စက္ခုံ ဥမ္မီလေတွာ၊ မျက်စိကို ဖွင့်၍။ ဩလောကေန္တဿေဝ၊ ကြည့်ရှုနေစဉ်ပင်လျှင်။ တံ မတသရီရံ၊ ထိုသူသေကောင်သည်။ ဥဋ္ဌဟိတွာ၊ထ၍။ ဌိတံ ဝိယစ၊ ရပ်တည်နေသကဲ့သို့ လည်းကောင်း။ဝါ၊ ဥဋ္ဌဟိတွာ ဌိတံ ဝိယ စ၊ ထ၍ ရပ်တည်နေသကဲ့သို့ လည်းကောင်း။ အဇ္ဈောတ္ထရမာနံ ဝိယ စ၊ လွှမ်းမိုးလာ သကဲ့သို့လည်းကောင်း။ အနုဗန္ဓမာနံ ဝိယ စ ဟုတွာ၊ နောက်မှ လိုက်လာ သကဲ့သို့လည်းကောင်း ဖြစ်လျက်၊ ဥပဋ္ဌာတိ၊ ထင်ပေါ်လာတတ်၏။ ဧဝံ သတိ၊ ဤသို့ ထင်လျှင်(ထည့်)။ သော ထိုယောဂီသည်။ ဗီဘစ္ဆံ ဝိရူပံ၊ အရုပ်ဆိုးသော။ တံ ဘေရဝါရမ္မဏံ ဒိသွာ၊ ထိုကြောက်ဖွယ် အာရုံကိုမြင်၍။ ဝိက္ခိတ္တစိတ္တော၊ စိတ် ပျံ့လွင့်လျက်။ ဥမ္မတ္တကော ဝိယ ဟောတိ၊ အရူးကဲ့သို့ ဖြစ်သွားတတ်၏။ ဘယံ၊ ကြောက်ခြင်းသို့၊ ဆမ္ဘိတတ္တံ၊ ကိုယ်ခက် တရော် ရှိခြင်းသို့။ လောမဟံသံ၊ ကြက်သီးမွေးညင်းထခြင်းသို့။ ပါပုဏာတိ၊ ရောက်တတ်၏။ ဟိ၊ မှန်၏။ ပါဠိယံ၊ ပါဠိတော်၌၊ ဝိဘတ္တအဋ္ဌတိံသာရမ္မဏေသု၊ ဝေဖန် ဟောကြား ထားသော သုံးဆယ့်ရှစ်ပါးသော ကမ္မဋ္ဌာန်းအာရုံတို့တွင်။ အညံ၊ ဤဥဒ္ဒုမာတကအာရုံမှ တပါးသော။ ဧဝရူပံ ဘေရဝါရမ္မဏံ နာမ၊ ဤသို့သော ကြောက်မက်ဖွယ် ကောင်းသော အာရုံမည်သည်။ နတ္ထိ၊ မရှိပေ။ ဟိ၊ မှန်၏။ ဣမသ္မိံ ကမ္မဋ္ဌာနေ၊ ဤဥဒ္ဒုမာတကကမ္မဋ္ဌာန်း၌။ ဈာနဝိဗ္ဘန္တကော နာမ၊ ဈာန်မှ လျှောကျသော သူမည်သည်။ ဟောတိ၊ ဖြစ်တတ်သေး၏ (ရှိတတ်သေး၏)။ ကသ္မာ၊ အဘယ် ကြောင့်။ ဣမသ္မိံ ကမ္မဋ္ဌာနေ၊ ဤဥဒ္ဒုမာတက ကမ္မဋ္ဌာန်း၌၊ ဈာနဝိဗ္ဘန္တကော နာမ၊ ဈာန်မှ လျှောကျသောသူမည်သည်။ ဟောတိ၊ ဖြစ်တတ်သေးသနည်း။

(ရှေ့ဝါကျက လိုက်ပေး)။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း၏။ အတိဘာရဝတ္တာ၊ အလွန်ကြောက်မက်ဖွယ်ကောင်းသောကြောင့်။ ဣမဿ ကမ္မဋ္ဌာနေ ဗျာနဝိဗ္ဘန္တကော-နာမ၊ ဤဥဒ္ဒုမာတက ကမ္မဋ္ဌာန်း၌ ဗျာန်မှ သျှောကျသောသူ မည်သည်။ ဟောတိ၊ ဖြစ်တတ်သေး၏။ (ပြန်ဖြေ)။ တသ္မာ၊ ထိုကြောင့်။ အေန ယောဂိ-နာ၊ ထိုယောဂီသည်။ သန္တမ္ဘေတွာ၊ ကောင်းစွာတည်တံ့စေ၍။ သတိံ သူပဋ္ဌိတံ-ကတွာ၊ အမှတ်ရမှု သတိကို ကောင်းစွာ ထင်အောင်ပြုလျက်။ မတသရီရံ၊ သူသေကောင်သည်၊ ဥဋ္ဌဟိတွာ၊ ထ၍။ အနုဗန္ဓကံ နာမ၊ လိုက်သည်မည်သည်။ နတ္ထိ၊ မရှိချေ၊ ဟိ၊ မှန်ပေ၏။ "တေဿ၊ ထိုသူသေကောင်၏။ သမီပေ ဌိတော၊ အနီး၌ တည်သော။ သော ပါသာဏော ဝါ၊ ထိုကျောက်သည် လည်းကောင်း။ သာ လတာ ဝါ၊ ထိုနွယ်သည်လည်းကောင်း။ သစေ အာဂစ္ဆေယျ၊ ငါ့ထံသို့။ လာငြားအံ့။ သရီရမ္ပိ၊ သူသေကောင်သည်လည်း။ အာဂစ္ဆေယျ၊ လာရာ၏။ ပန၊ စင်စစ်သော်ကား။ သော ပါသာဏော ဝါ၊ ထိုကျောက်သည်လည်းကောင်း သာ လတာ ဝါ၊ ထိုနွယ်သည်လည်းကောင်း။ နာဂစ္ဆတိ ယထာ၊ မလာတတ် သကဲ့သို့။ ဧဝံ၊ ထိုအတူပင်လျှင်။ သရီရမ္ပိ၊ သူသေကောင်သည်လည်း။ နာဂစ္ဆတိ၊ မလာတတ်ပေ။ ပန၊ ထိုသို့ဖြစ်ပါလျက်။ တုယှံ၊ သင်ယောဂီအား။ အယံ၊ ဤအာရုံသည်။ သညဇော၊ ဘာဝနာပရိကံ သညာကြောင့်ဖြစ်သော။ သညာ-သမ္ဘဝေါ၊ သညာလျှင် ဖြစ်ကြောင်းရှိသော။ ဥပဋ္ဌာနာကာရော၊ ထင်ပေါ်လာသော အခြင်းအရာပေတည်း။ (၁၇၂) အဇ္ဇ၊ ယနေ့။ တေ၊ သင့်အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းအာရုံသည်။ ဥပဋ္ဌိတံ၊ ထင်ပေါ်ပေ၏။ ဘိက္ခု၊ ရဟန်း။ မာ ဘာယိ၊ မကြောက်ပါလင့်။" ဣတိ၊ ဤသို့။ တာသံ ဝိနောဒေတွာ၊ ထိုထိတ်လန့်ကြောက်ရွံ့ခြင်းကို ပျောက်ငြိမ်းစေလျက်။ ဟာသံ ဥပ္ပါဒေတွာ၊ ရွှင်လန်းဝမ်းမြောက်ခြင်းကို ဖြစ်စေပြီးလျှင်။ တသ္မိံ နိမိတ္တေ၊ ထိုဥဂ္ဂဟနိမိတ်၌။ စိတ္တံ၊ ဘာဝနာစိတ်ကို။ သဉ္စရာပေတဗ္ဗံ၊ အဖန်ဖန် ဖြစ်စေအပ်၏။ ဧဝံ၊ ဤသို့ ဖြစ်စေလျှင်။ ဝိသေသံ၊ တရားထူးကို။ အဓိဂစ္ဆတိ၊ ရ၏။ ဣဒံ၊ ဤသို့ တရားထူး ရသည်တိုင်အောင် ဖြစ်ပုံကို။ သန္ဓာယ၊ ရည်၍။ "သမန္တာ နိမိတ္တုပလက္ခဏာ-အသမ္မောဟတ္တာတိ၊ ပတ်ဝန်းကျင်၌ နိမိတ်ကိုမှတ်သားခြင်းသည် မတွေဝေခြင်းဟူသော အကျိုးအာနိသင် ရှိပေ၏" ဟူသော။ ဣဒံ၊ ထိုစကားကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေ၏။

ပန၊ ထိုမှတပါး။ ကောဒသဝိဓေန၊ တဆယ့်တပါး အပြားအားဖြင့်။ နိမိတ္တဂ္ဂါဟံ၊ အသုဘနိမိတ်ကို ယူခြင်းကို။ သမ္ပာဒေန္တော၊ ပြီးစေသော ယောဂီသည်။ ကမ္မဋ္ဌာနံ၊ ဘာဝနာစိတ်ဟူသော ကမ္မဋ္ဌာန်းကို။ ဥပနိဗန္ဓတိ၊ ထင်သော အသုဘနိမိတ်၌ ဆောင်ကပ်၍ ဖွဲ့ချည်၏။ ဝါ၊ ထင်သော အသုဘနိမိတ်ဟူသော ကမ္မဋ္ဌာန်းအာရုံကို ဘာဝနာစိတ်၌ ဆောင်ကပ်၍ ဖွဲ့ချည်၏။ ဟိ၊ ထင်စွာ

ပြဦးအံ့။ တသ္မိ၊ ထိုယောဂီအား။ စက္ခုနိ ဥမ္မိလေတွာ၊ မျက်စိတို့ကိုဖွင့်၍။ ဩလောကနပစ္စယာ၊ ကြည့်ရှုခြင်းကြောင့်။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တသ္မိံ၊ ထိုဥဂ္ဂဟနိမိတ်၌။ မာနသံ၊ ဘာဝနာစိတ်ကို။ စာရေန္တဿ၊ ဖြစ်သောယောဂီအား။ ဝါ၊ ဖြစ်စေလျှင်။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တတ္ထ၊ ထိုပဋိဘာဂနိမိတ်၌။ မာနသံ-စာရေန္တော၊ ဘာဝနာစိတ်ကို ဖြစ်စေသော ယောဂီသည်၊ အပ္ပနံ ပါပုဏာတိ၊ အပ္ပနာစျာန်သို့ရောက်၏။ အပ္ပနာယံ ဌတွာ၊ အပ္ပနာ၌တည်၍။ ဝိပဿနံ ဝဍ္ဎေန္တော၊ ဝိပဿနာကို ပွားစေသော ယောဂီသည်။ အရဟတ္တံ သစ္ဆိကရောတိ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၏။ တေန၊ ထို့ကြောင့်။ "ကောဒသဝိဓေန-နိမိတ္တဂ္ဂါဟော ဥပနိဗန္ဓနတ္ထာတိ၊ ကောဒသဝိဓေန နိမိတ္တဂ္ဂါဟော ဥပနိဗန္ဓ-နတ္ထော ဟု။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။

၁၁၅။ ပန၊ ထို့မှတပါး။ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ ဝီထိသမ္ပဋိပါဒနတ္ထာ-တိ တတ္ထ၊ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ ဝီထိသမ္ပဋိပါဒနတ္ထာ ဟူသော ဤစကားရပ်၌။ ဂတမဂ္ဂဿ စ၊ ကျောင်းမှ သုသာန်သို့ သွားသောလမ်းကိုလည်းကောင်း။ အာဂတမဂ္ဂဿ စ၊ ကျောင်းမှ သုသာန်သို့ ပြန်လာသောလမ်းကိုလည်းကောင်း။ ယာ ပစ္စဝေက္ခဏာ၊ အကြင်ဆင်ခြင်မှတ်သားခြင်းကို။ ဝုတ္တာ၊ ဆိုအပ်ခဲ့ပြီ။ သာ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ၊ ထိုကျောင်းသို့သွားသောလမ်း, ပြန်သောလမ်းကို ဆင်ခြင်မှတ်သားခြင်းသည်။ ကမ္မဋ္ဌာနဝီထိယာ၊ ကမ္မဋ္ဌာန်းလုပ်ငန်းစဉ်ဟူသော လမ်းမှန်သို့။သမ္ပဋိပါဒနတ္ထာ၊ နှလုံးသွင်းမှုကို ကောင်းစွာတဖန် သွားစေခြင်း, တက်ရောက်စေခြင်းဟူသော အကျိုးရှိပေ၏။ ဣတိ အယံ၊ ဤသည်ကား။ အတ္ထော၊ ဆိုလိုသောအနက်ပေတည်း။ ဟိ၊ ချဲ့၍ပြဦးအံ့။ ကမ္မဋ္ဌာနံ ဂဟေတွာ၊ ကမ္မဋ္ဌာန်းအာရုံကို မှတ်ယူခဲ့၍။ အာဂစ္ဆန္တံ၊ ပြန်လာသော။ ဣမံ ဘိက္ခုံ၊ ဤရဟန်းကို။ အန္တရာမဂ္ဂေ၊ လမ်းခွတ်သတ်၌။ ကေစိ၊ အချို့သောသူတို့သည်။ "ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ ကတိမီ၊ ဘယ်နှစ်ရက်မြောက်ပါသနည်း"။ ဣတိ၊ ဤသို့။ ဒိဝသံဝါ၊ ရက်ကိုမူလည်း။ သဘာ ပုစ္ဆန္တိ၊ အကယ်၍ မေးကုန်ငြားအံ့။ ပဉှံဝါ၊ ပြဿနာကိုမူလည်း။ သစေ ပုစ္ဆန္တိ၊ အကယ်၍ မေးကုန်ငြားအံ့။ ပဋိသန္ထာရံဝါ၊ နှုတ်ဆက်စကားကိုမူလည်း။ သစေ ကရောန္တိ၊ အကယ်၍ ပြောကုန်ငြားအံ့။ အဟံ၊ ငါသည်။ ကမ္မဋ္ဌာနိကော၊ ကမ္မဋ္ဌာန်းအလုပ် အားထုတ်နေသောသူဖြစ်သည်။ ဣတိ မနသိ ကရိတွာ၊ ဤသို့နှလုံးသွင်း၍။တုဏှီဘူတေန၊ ဆိတ်ဆိတ်နေလျက်။ ဂန္တုံ၊ သွားခြင်းငှာ။ န ဝဋ္ဋတိ၊ မသင့်ပေ။ ဒိဝသော-ကထေတဗ္ဗော၊ နေ့ရက်ကို ပြောအပ်ပေ၏၊(ပြောသင့်ပေ၏။)ပဉှော ဝိဿဇ္ဇေ-တဗ္ဗော၊ ပြဿနာကို ဖြေအပ်ပေ၏။ သစေ န ဇာနာတိ၊ အကယ်၍ မသိလျှင်။ န ဇာနာမီတိ ဝတ္တဗ္ဗံ၊ မသိပါဟု ပြောအပ်ပေ၏။ ဓမ္မိကော ပဋိသန္ထာရော၊

တရားနှင့်လျော်သော နှုတ်ဆက်စကားကို။ ကာတဗ္ဗော၊ ပြုသင့်ပေ၏။ ဝေ ကရောန္တဿ၊ ဤသို့ပြောရသော ရဟန်းအား။ ဥဂ္ဂဟိတံ၊ မှတ်ယူလာခဲ့သော။ တရုဏနိမိတ္တံ၊ နုသော ဥဂ္ဂဟနိမိတ်သည်။ နဿတိ၊ ပျောက်ပျက်သွားတတ်၏။ တသ္မိံ နဿန္တေပိ၊ ထိုနိမိတ် ပျောက်ပျက်တတ်ငြားသော်လည်း။ ဒိဝသံ ပုစ္ဆေန၊ ရက်ကိုမေးလျှင်။ ကဒထတဗ္ဗမေဝ။ ပြောအပ်သည်သာတည်း။ပဍ္ဍံ အဇာနန္တေန၊ ပြဿနာကိုမသိလျှင်။ န ဇာနာမီတိ ဝတ္တဗ္ဗံ၊ မသိပါဟု ပြောအပ်၏။ ဇာနန္တေန၊ သိသောရဟန်းသည်။ ဧကဒေသေန၊ တစိတ်တပိုင်းအားဖြင့်။ ကထေတုံပိ ဝဋ္ဋတိ၊ ပြောခြင်းငှာလည်း သင့်ပေ၏။ ပဋိသန္ထာရောပိ ကာတဗ္ဗော၊ နှုတ်ဆက် စကားကိုလည်း ပြုအပ် ပြောအပ်ပေ၏။ အာဂန္တုကဘိက္ခုံ ဒိသွာ၊ ဧည့်သည် ရဟန်းကို မြင်လျှင်။ အာဂန္တုက ပဋိသန္ထာရော၊ ဧည့်သည်အား ပြုသင့် သောကျင့်ဝတ် ပဋိသန္ထာရကို။ ကာတဗ္ဗောဝ၊ ပြုအပ်သည် သာတည်း။ အဝသေသာနိ၊ အာဂန္တုက ဝတ်မှကြွင်းကုန်သော။ စေတိယင်္ဂဏဝတ္တဗောဓိ- ယင်္ဂဏ ဝ တ္တ ဥပေါသထာဂါရဝတ္တဘောဇနသာလာဇန္တာဃရအာစရိယုပဇ္ဈာယ, အာဂန္တုကဂမိကဝတ္တာဒီနိ၊ စေတီရင်ပြင်ကျင့်ဝတ်, ဗောဓိရင်ပြင်ကျင့်ဝတ် ဥပုသ်အိမ်ကျင့်ဝတ်, ဆွမ်းစားကျောင်းကျင့်ဝတ်, ချွေးဇရုံးအိမ်ကျင့်ဝတ်, ဆရာ အားကျင့်ဝတ်, ဥပဇ္ဈာယ်အားကျင့်ဝတ်, အာဂန္တုကကျင့်ဝတ်, ခရီးသွားဆဲ ဂမိကကျင့်ဝတ် အစရှိကုန်သော။ သဗ္ဗာနိ ခန္ဓကဝတ္တာနိ၊ ခန္ဓကဝတ်အလုံးစုံ တို့ကိုလည်း။ ပူရေတဗ္ဗာနေဝ၊ ဖြည့်ကျင့်အပ်ကုန်သည်သာတည်း။ တာနိ၊ ထို ကျင့်ဝတ်တို့ကို။ ပူရေန္တဿပိ၊ ဖြည့်ကျင့်စဉ်လည်း။ ဝါ၊ ဖြည့်ကျင့်ရသော ကြောင့်။ တဿ၊ ထိုရဟန်းအား။ တံ တရုဏနိမိတ္တံ၊ ထိုနုသော ဥဂ္ဂဟနိမိတ် သည်။ နဿတိ၊ ပျောက်ပျက်သွားငြားအံ့။ ပုန ဂန္တွာ၊ တဖန်သွား၍။ နိမိတ္တံ ဂဏှိဿာမီတိ၊ နိမိတ်ကိုယူအံ့ဟု။ ဂန္တုကာမဿာပိ၊ သွားလိုငြားသော် လည်း။ အမနုဿေဟိ ဝါ၊ ဘီလူးတို့သည်လည်းကောင်း။ ဝါဠမိဂေဟိ ဝါ၊ ကျား စသော သားရဲတို့သည်လည်းကောင်း။ အဓိဋ္ဌိတတ္တာ၊ ထိုအသုဘ ကောင်ကို သိမ်းပိုက်စောင့်ရှောက် နေသောကြောင့်။ သုသာနမ္ပိ ဂန္တုံ၊ သုသာန်သို့ လည်းသွားရန်။ န သက္ကာ ဟောတိ၊ မဖြစ်နိုင်ငြားအံ့။ နိမိတ္တံ ဝါ၊အသုဘကောင် နိမိတ်သည်မူလည်း။ အန္တရဓာယတိ၊ ပြောင်းလွဲ ဖောက်ပြန်သော အားဖြင့် ကွယ်ပျောက်သွားငြားအံ့။ ဟိ၊ မှန်ပေ၏။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်နေသော သူသေကောင်သည်။ ဧကမေဝ ဒိဝသံ ဝါ၊ တရက်သာလျှင် လည်းကောင်း။ ဒွေ ဝါ ဒိဝသေ၊ နှစ်ရက်သာလျှင် လည်းကောင်း။ ဌတွာ၊ တည်၍။ တနည်း။ ဧကမေဝ ဝါ ဒွေ ဒိဝသေ ဌတွာ၊တရက်နှစ်ရက်သာတည်၍။ဝိနီလကာဒိဘာဝံ၊ ညိုမည်းသော သူသေကောင် စသည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်သွားတတ် ပေ၏။ သဗ္ဗကမ္မဋ္ဌာနေသု၊ အလုံးစုံသောကမ္မဋ္ဌာန်း အာရုံတို့ဘွင်။ ဧတေန

သမံ၊ ဤဥဒ္ဒုမာတက သူသေကောင်နှင့်တူသော။ ဒုလ္လဘံ ကမ္မဋ္ဌာနံ နာမ၊ ရခဲ
သောကမ္မဋ္ဌာန်း အာရုံမည်သည်။ နတ္ထိ၊ မရှိပေ။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊
ဤသို့ ယခုပြဆိုခဲ့သည့်အတိုင်း။ နိမိတ္တေ နဋ္ဌေ၊ ဥဂ္ဂဟနိမိတ် ပျောက်ကွယ်
သွားလျှင်။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ရတ္တိဋ္ဌာနေ ဝါ၊ ညဉ့်သန့်စင်
ရာ အရပ်၌သော်လည်းကောင်း။ ဒိဝဋ္ဌာနေ ဝါ၊ နေ့သန့်စင်ရာ အရပ်၌သော်
လည်းကောင်း။ နိသီဒိတွာ၊ ထိုင်နေပြီးလျှင်။ အဟံ၊ ငါသည်။ ဣမိနာ နာမ
ဒွါရေန၊ ဤမည်သော တံခါးဖြင့်။ ဝိဟာရာ နိက္ခမိတွာ၊ ကျောင်းမှထွက်ခဲ့၍။
အသုကဒိသာဘိမုခံ၊ ဤမည်သောအရပ်မျက်နှာဆီသို့ ရှေးရှုသော။ မဂ္ဂံ၊ ခရီးကို။
ပဋိပဇ္ဇိတွာ၊ သွား၍။ (၁၀၃)အသုကသ္မိံ နာမဌာနေ၊ ဤမည်သောအရပ်၌။ဝါမံ၊
လက်ဝဲဘက်ကို။ ဂဏှိ၊ သွားခဲ့၏။ အသုကသ္မိံ နာမ ဌာနေ၊ ဤမည်သော
အရပ်၌။ ဒက္ခိဏံ ဂဏှိ၊ လက်ယာဘက်ကို သွားခဲ့၏။ တဿ၊ ထိုလမ်း၏။ အသု-
ကသ္မိံ ဌာနေ၊ ဤမည်သောအရပ်၌။ ပါသာဏော၊ ကျောက်ရှိ၏။ အသုကသ္မိံ၊
ဤမည်သောအရပ်၌။ဝမ္မိကရုက္ခဂစ္ဆလတာနံ၊တောင်ပို့, သစ်ပင်,ချုံ,နွယ်တို့တွင်။
အညတရံ၊တခုခုရှိ၏။သော အဟံ၊ထိုငါသည်။ တေန မဂ္ဂေန ဂန္တွာ၊ ထိုလမ်းဖြင့်
သွားပြီးလျှင်။ အသုကသ္မိံ နာမ ဌာနေ၊ ဤမည်သောအရပ်၌။ အသုဘံ
အဒ္ဒသံ၊ အသုဘကောင်ကို တွေ့မြင်ခဲ့၏။ တတ္ထ၊ ထိုအရပ်၌။ အဟံ၊ ငါသည်။
(ထည့်)။ အသုကဒိသာဘိမုခေါ ဌတွာ၊ ဤမည်သော အရပ်မျက်နှာဆီသို့
ရှေးရှုတည်လျက်။ သမန္တာ၊ ပတ်ဝန်းကျင်၌။ နိမိတ္တာနိ၊ ကျောက်စသော
နိမိတ်တို့ကို။ ဧဝဉ္စ ဧဝဉ္စ သလ္လက္ခေတွာ၊ ဤသို့ ဤသို့လည်းမှတ်၍။ အသုဘ
နိမိတ္တံ၊ အသုဘနိမိတ်ကို။ ဧဝံ၊ ဤသို့သော အခြင်းအရာအားဖြင့်။ ဥဂ္ဂ-
ဟေတွာ၊ မှတ်ယူခဲ့ပြီးလျှင်။ အသုကဒိသာယ၊ ဤမည်သောအရပ်၌။ သုသာနေ-
တော၊ သုသာန်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ ဧဝရူပေန နာမမဂ္ဂေန၊ ဤသို့
သောလမ်းဖြင့်။ ဣဒဉ္စ ဣဒဉ္စ ကရောန္တော၊ ဤသို့သော ဤသို့သော
အမှုကိုလည်း ပြုလျက်။ အာဂန္တွာ၊ လာခဲ့ပြီးလျှင်။ ဣဓ နိသိန္နောတိ၊ ဤနေရာ၌
ထိုင်နေသည်ဟု။ ဣတိ ဧဝံ၊ ဤသို့။ ယာဝ၊ အကြင်၍လောက်။ ပလ္လင်္က-
အာဘုဇိတွာ၊ ထက်ဝယ်ဖွဲ့ခွေ၍။ နိသိန္နဋ္ဌာနံ၊ နေရာအရပ်သည်။ အတ္ထိ၊
ရှိ၏။ တာဝ၊ ထိုမျှလောက်။ ဂတာဂတမဂ္ဂေါ၊ အသွားအပြန်လမ်းကို။ ပစ္စ-
ဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။ ဧဝံ ပစ္စဝေက္ခတော၊ ဤသို့ဆင်ခြင်လျှင်။ ဝါ၊
ဤသို့ဆင်ခြင်သော။ တဿ၊ ထိုယောဂီအား။ တံ နိမိတ္တံ၊ ပျောက်ကွယ်သွား
သော ထိုဥဂ္ဂဟနိမိတ်သည်။ ပါကဋံ ဟောတိ၊ ထင်ရှားပေါ်လာတတ်၏။
ပုရတော၊ရှေ့၌။ နိက္ခိတ္တံ ဝိယ၊ ချထားသကဲ့သို့။ ဥပဋ္ဌာတိ။ထင်ပေါ်လာတတ်၏။
ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို နှလုံးသွင်းမှုသည်။ ပုရိမာကာရေနေဝ၊ နိမိတ်မကွယ်
ပျောက်မီ ရှေးကဖြစ်ခဲ့ဖူးသော အခြင်းအရာအားဖြင့် သာလျှင်။ ဝီထိံ

ဘာဝနာလမ်းစဉ်သို့။ ပဋိပဇ္ဇတိ၊ တက်ရောက်၏။ တေန၊ ထို့ကြောင့်။ “ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ ဝီထိသမ္ပဋိ ပါဒနတ္ထာတိ၊ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ ဝီထိသမ္ပဋိပါဒနတ္ထာ” ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုခဲ့ပေ၏။

၁၁၆။ ဣဒါနိ၊ ယခုအခါ၌။ အာနိသံသဒဿာဝီ ရတနသညီ ဟုတွာ စိတ္တီကာရံ ဥပဋ္ဌပေတွာ သမ္ပိယာယမာနော တသ္မိံ အာရမ္မဏေ စိတ္တံ ဥပနိ-ဗန္ဓတီတိ ဧတ္ထ၊ အာနိသံသဒဿာဝီ ရတနသညီ ဟုတွာ စိတ္တီကာရံ ဥပဋ္ဌပေတွာ-သမ္ပိယာယမာနော တသ္မိံ အာရမ္မဏေ စိတ္တံ ဥပနိဗန္ဓတိ ဟူသော ဤစကား ရပ်၌။ ဥဒ္ဓုမာတကပဋိကူလေ၊ ဖူးဖူးရောင်နေသော သူသေကောင်ဟူသော စက်ဆုပ်ဖွယ်အာရုံ၌။ မာနသံ စာရေတွာ၊ ဘာဝနာစိတ်ကို အဖန်ဖန်ဖြစ် စေ၍။ ဈာနံ နိဗ္ဗတ္တေတွာ၊ ဈာန်ကို ဖြစ်ပေါ်စေပြီးလျှင်။ ဈာနပဒဋ္ဌာနံ၊ ဈာန်လျှင်နီးစွာသော အကြောင်းရင်းရှိသော။ ဝါ၊ ဈာန်ကို အခြေခံပြု၍။ ဝိပဿနံ ဝဍ္ဎေတွာ၊ ဝိပဿနာကိုတိုးပွားစေလျက်။ ဝါ၊ ပွားစေလိုသော သူသည်။ “ဧကမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ ဇရာမရဏမှာ၊ အိုခြင်း သေခြင်းမှ။ အဒ္ဓါ၊ ဧကန်မချွတ်။ ပရိမုစ္စိဿာမိတိ၊ လွတ်မြောက်ရပေလိမ့်မည်” ဟု။ ဧဝံ၊ ဤဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်။ အာနိသံသဒဿာဝိနာ၊ အကျိုးအာနိသင်ကို မြင်လေ့ရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။

ပန၊ ဥပမာအားဖြင့် ပြပေအံ့။ ဒုဂ္ဂတော ပုရိသော၊ မရှိဆင်းရဲသော ယောကျာ်းသည်။ မဟဂ္ဃမဏိရတနံ လဘိတွာ၊ အဖိုးများစွာထိုက်တန်သော ပတ္တမြားရတနာကို ရလျှင်။ မေ၊ ငါသည်။ ဒုလ္လဘံ၊ ရခဲသော ရတနာမြတ်ကို။ လဒ္ဓံ ဝတာတိ၊ ရပေပြီတကားဟု။ တသ္မိံ၊ ထိုပတ္တမြား၌။ ရတနသညီ ဟုတွာ၊ ရတနာမြတ်ဟု အမှတ်ပြုလျက်။ ဂါရဝံ ဇနေတွာ၊ လေးစားခြင်းကိုဖြစ်စေ၍။ ဝိပုလေန ပေမေန၊ အားကြီးသော ခင်မင်မြတ်နိုးခြင်းဖြင့်။ သမ္ပိယာယမာနော၊ ကောင်းစွာ မြတ်နိုးသည်ဖြစ်၍။ တံ၊ ထိုပတ္တမြားကို။ ရက္ခေယျ ယထာ၊ စောင့် ရှောက်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူပင်လျှင်။ “ဒုဂ္ဂတဿ၊ သူဆင်းရဲ၏။ မဟဂ္ဃမဏိရတနသဒိသံ၊ အဖိုးများစွာ ထိုက်တန်သော ပတ္တမြားရတနာနှင့် တူသော။ ဒုလ္လဘံ၊ ရခဲသော။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤဥဒ္ဓုမာတက ကမ္မဋ္ဌာန်း အာရုံကို။ မေ၊ ငါသည်၊ လဒ္ဓံ၊ ရပေပြီ။ ဟိ၊ မှန်ပေ၏။ စတုဓာတုကမ္မဋ္ဌာနိကော၊ ဓာတ်လေးပါး ကမ္မဋ္ဌာန်းကို ယူသောသူသည်။အတ္တနော၊ မိမိ၏။ စတ္တာရော-မဟာဘူတေ၊ မဟာဘုတ်လေးပါးတို့ကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းနိုင်၏။ အာနာပါနကမ္မဋ္ဌာနိကော၊အာနာပါန ကမ္မဋ္ဌာန်းကို ယူသောသူသည်။အတ္တနော-နာသိကာဝါတံ၊ မိမိ၏ နှာခေါင်းလေကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းနိုင်၏။ ကသိဏကမ္မဋ္ဌာနိကော၊ကသိုဏ်းကမ္မဋ္ဌာန်းကိုယူသောသူသည်။ ကသိဏံ ကတွာ၊ ကသိုဏ်းဝန်းပုံပြုလုပ်၍။ ယထာ သုခံ၊ ချမ်းသာသည့်အားလျော်စွာ။ ဝါ၊ အလို

ရှိတိုင်း။ ဘာဝေတိ၊ ပွါးစေနိုင်၏။ ဂူတရာနိ၊ ဤမှတပါးကုန်သော အနုဿတိ, ဗြဟ္မဝိဟာရ အစရှိကုန်သော ကမ္မဋ္ဌာန်းတို့သည်လည်း။ ဧဝံ၊ ဤအတူပင်။ သုလဘာနိ၊ ရလွယ်ကုန်၏။ တနည်း။ ဥတ္တရာနိ၊ ဤဥဒ္ဒုမ္ဗရာတကမှ တပါးကုန်သော ကမ္မဋ္ဌာန်းတို့သည်။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်းပင်။ သုလဘာနိ၊ ရလွယ်ကုန်၏။ ဣဒံ ပန၊ ဤဥဒ္ဒုမ္ဗရာတက သူသေကောင်သည်ကား။ ဧကာဟမေဝ ဝါ-ဒိဝသံ၊ တရက်ပတ်လုံးသာလျှင်လည်းကောင်း။ ဒွေ ဝါ ဒိဝသေ၊ နှစ်ရက်တို့ ပတ်လုံးသာလျှင်လည်းကောင်း။ တိဋ္ဌတိ၊ တည်နေ၏။ တတော ပရံ၊ ထိုတရက် နှစ်ရက်မှ နောက်ကာလ၌၊ ဝိနီလကာဒိဘာဝံ၊ ညိုမည်းသော ဝိနီလကသူသေ ကောင်စသည်အဖြစ်သို့။ ပါပုဏာတိ၊ ရောက်သွားတတ်ပေ၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ ဣဓာ ဒုလ္လဘတရံ၊ ဤထက်ပိုလွန်၍ ရခဲသော ကမ္မဋ္ဌာန်းသည်။ နတ္ထိ၊ မရှိပေ။ ဣတိ မနသိ ကတွာ၊ ဤသို့ နှလုံးသွင်းလျက်။ တသ္မိံ၊ ထိုဥဒ္ဒုမ္ဗရာတကအာရုံ၌။ ရတနသညီနာ ဟုတွာ၊ ရတနာမြတ်ဟု အမှတ်ပြုလျက်။ စိတ္တီကာရံ ဥပဋ္ဌပေတွာ၊ ရိုသေလေးစားခြင်းကို ဖြစ်စေလျက်၊ သမ္ပိယာယမာနေန၊ ကောင်းစွာမြတ်နိုးသည်ဖြစ်၍။ တံ နိမိတ္တံ၊ ထိုဥဒ္ဒုမ္ဗရာတက နိမိတ်ကို။ ရက္ခိတဗ္ဗံ၊ စောင့်ရှောက်အပ်ပေ၏။ ရတ္တိဋ္ဌာနေ စ၊ ညဉ့်နေရာ၌လည်းကောင်း၊ ဒိဝါဋ္ဌာနေ-စ၊ နေ့နေရာ၌လည်းကောင်း၊ "ဥဒ္ဒုမ္ဗရာတကပဋိက္ကူလံ ဥဒ္ဒုမ္ဗရာတကပဋိက္ကူလန္တိ၊ ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်, ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ်သူသေကောင်"ဟူ၍။ တတ္ထ၊ ထိုဥဒ္ဒုမ္ဗရာတက နိမိတ်၌။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ စိတ္တံ ဥပနိဗန္ဓိတဗ္ဗံ၊ စိတ်ကိုဆောင်ကပ်၍ ဖွဲ့ချည်အပ်၏။ တံ နိမိတ္တံ၊ ထိုနိမိတ်ကို။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင် အပ်၏။ မနသိ ကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ တက္ကာဟတံ၊ ဝိတက်ဖြင့်ခေါက်အပ် သည်ကို။ ဝိတက္ကာဟတံ၊ ဝိတက်ဖြင့် အထူး ခေါက်အပ်သည်ကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တနည်း။ တက္ကာဟတံ၊ ကြံစည်မှုဖြင့် ထုနှက်သကဲ့သို့။ ဝိတက္ကာဟတံ၊ နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သကဲ့သို့၊ ကာတဗ္ဗံ၊ အဖန်ဖန် နှလုံးသွင်းခြင်းကို ပြုအပ်၏။

၁၁၇။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ကရောတော၊ အဖန်ဖန် နှလုံးသွင်းခြင်း ကို ပြုသော၊ တဿ၊ ထိုယောဂီအား။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တတြ၊ ထိုစကားရပ်၌။ ဣဒံ၊ ဤယခုဆိုလတ္တံ့သော စကားသည်။ နိမိတ္တဒ္ွယဿ၊ နိမိတ်နှစ်ခုကို၊ နာနာကရဏံ၊ ခွဲခြားကြောင်း စကားပေတည်း။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဝိရူပံ ဟုတွာ၊ ဖောက်ပြန်သော အဆင်းရှိသည်ဖြစ်၍။ ဗီဘစ္ဆံ ဟုတွာ၊ အရုပ်ဆိုးသည်ဖြစ်၍။ ဘေရဝဒဿနံ-ဟုတွာ၊ ကြောက်ဖွယ်ပုံပန်းရှိသည်ဖြစ်၍။ (ဟုတွာ-ပုဒ်ကို ပုဒ်တိုင်းယှဉ်ပေး ထားသည်။) (၁၁၄) ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂ

နိမိတ်သည်ကား။ ယာဝ ဒတ္တံ ဘုဉ္ဇိတွာ၊ အလိုရှိတိုင်း စားပြီးလျှင်။ နိပန္နော၊
လျောင်းနေသော။ ထူလင်္ဂပစ္စင်္ဂပုရိသော ဝိယ၊ ဆူဖြိုးသည့်ကိုယ်အင်္ဂါကြီးငယ်
ရှိသော ယောကျ်ားကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ တဿ၊ ထိုယောဂီအား။
ပဋိဘာဂနိမိတ္တပဋိလာဘသမကာလမေဝ၊ ပဋိဘာဂနိမိတ်ကို ရသည်နှင့်တပြိုင်
နက်ပင်လျှင်။ ဗဟိဒ္ဓါ၊ အပြင်ပ၌။ ကာမာနံ၊ ကာမအာရုံတို့ကို။ အမနသိကာ-
ရာ၊ နှလုံးမသွင်းခြင်းကြောင့်။ ဝိက္ခမ္ဘနဝသေန၊ ဝေးကွာသည့်အလိုအားဖြင့်။
ကာမစ္ဆန္ဒော၊ ကာမစ္ဆန္ဒသည်။ ပဟီယတိ၊ ကင်းပျောက်၏။ လောဟိတပ္ပဟာ-
နေန၊ သွေးကိုပယ်ခြင်းဖြင့်။ ပုဗ္ဗော၊ ပြည်သည်လည်း။ ပဟီယတိ ဝိယ၊ ကင်း
ပျောက်သကဲ့သို့။ အဿ၊ ထိုယောဂီအား။ အနုနယပ္ပဟာနေနေဝ၊ နှစ်သက်
ချစ်ခင်တတ်သော ကာမစ္ဆန္ဒကို ပယ်ခြင်း, ကင်းခြင်းကြောင့်ပင်လျှင်။ ဗျာပါ-
ဒေါပိ၊ ဗျာပါဒသည်လည်း။ ပဟီယတိ၊ ကင်း၏။ တထာ၊ ထို့အတူ။ အာရဒ္ဓ-
ဝီရိယတာယ၊ ပြင်းစွာအားထုတ်သော ဝီရိယရှိခြင်းကြောင့်။ ထိနမိဒ္ဓံ၊ ထိုင်းမှိုင်း
ပျင်းရိမှု ထိနမိဒ္ဓသည်လည်း။ ပဟီယတိ၊ ကင်း၏။ အဝိပ္ပဋိသာရကရသန္တ-
ဓမ္မာနုယောဂဝသေန၊ နှလုံးသာရှင်ခြင်းကို ပြုတတ်သော ငြိမ်းအေး ချမ်းမြေ့
သော သီလ, ပီတိ, ပဿဒ္ဓိ, သုခ အစရှိသောတရားတို့ကို မပြတ်ယှဉ်စေသည်၏
အစွမ်းအားဖြင့်။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ပျံ့လွင့်မှု ဥဒ္ဓစ္စ,နောင်တ ပူပန်မှုကုက္ကုစ္စသည်။
ပဟီယတိ၊ ကင်း၏။ အဓိဂတဝိသေသဿ၊ ရပြီးသော ဥပစာရသမာဓိတရားထူး
၏။ ဝါ၊ တရားထူးကို။ ပစ္စက္ခတာယ၊ မျက်မှောက်ဖြစ်ခြင်းကြောင့်။ ပဋိပတ္တိ-
ဒေသကေ၊ ပဋိပတ်ကို ဟောတော်မူသော။ သတ္ထရိ စ၊ မြတ်စွာဘုရား၌
လည်းကောင်း။ ပဋိပတ္တိယဉ္စ၊ အကျင့်ပဋိပတ်၌လည်းကောင်း။ ပဋိပတ္တိဖလေ စ၊
ပဋိပတ်၏ အကျိုး၌လည်းကောင်း။ ဝိစိကိစ္ဆာ၊ ယုံမှားမှု ဝိစိကိစ္ဆာသည်။ ပဟီ-
ယတိ၊ ကင်း၏။ ဣတိ၊ ဤသို့လျှင်။ ပဉ္စနီဝရဏာနိ၊ ငါးပါးသော နီဝရဏတို့
သည်။ ပဟီယန္တိ၊ ပယ်ပြီးဖြစ်ကုန်၏။ ဝါ၊ ကင်းပျောက်ကုန်၏။ စ၊ ဆက်ဦး
အံ့။ တသ္မိညေဝ နိမိတ္တေ၊ ထိုပဋိဘာဂနိမိတ်၌ပင်လျှင်။ စေတသော၊ စိတ်ကို။
အဘိနိရောပနလက္ခဏော၊ ရှေးရှုတင်ပေးခြင်း လက္ခဏာရှိသော။ ဝိတက္ကော၊
ကြံစည်မှု ဝိတက်လည်းကောင်း။ နိမိတ္တာနုမဇ္ဇနကိစ္စံ၊ ပဋိဘာဂနိမိတ်ကို အဖန်
ဖန် သုံးသပ်ခြင်းကိစ္စကို။ သာဓယမာနော၊ ပြီးစေသော။ ဝိစာရော၊ ဆင်ခြင်မှု
ဝိစာရလည်းကောင်း။ ပဋိလဒ္ဓဝိသေသာဓိဂမပစ္စယာ၊ ရပြီးသော သမာဓိတရား
ထူးကို ရခြင်းလျှင် အကြောင်းရင်းရှိသော။ ပီတိ၊ နှစ်သိမ့်အားရမှုပီတိ လည်း
ကောင်း။ ပီတိမနဿ၊ ပီတိနှင့် ယှဉ်သော စိတ်ရှိသောသူအား။ ပဿဒ္ဓိသမ္ဘဝ-
တော၊ ဖြစ်သင့်သော ငြိမ်းအေးမှု ပဿဒ္ဓိလည်းကောင်း။ တန္နိမိတ္တံ၊ ထိုပဿဒ္ဓိ
လျှင် အကြောင်းရင်းရှိသော။ သုခံ၊ စိတ်ချမ်းသာမှု သုခလည်းကောင်း။ သုခိ-
တဿ၊ ချမ်းသာနှင့် ပြည့်စုံသောသူအား။ စိတ္တသမာဓိသမ္ဘဝတော၊ စိတ်၏
တည်ကြည်မှုသမာဓိဖြစ်သင့်သောကြောင့်။ သုခနိမိတ္တာ၊ သုခလျှင်အကြောင်း

ရင်းရှိသော။ ကေဂ္ဂတာ စ၊ အာရုံတခုတည်း ရှိသည်၏အဖြစ် ကေဂ္ဂတာ လည်း ကောင်း။ ဣတိ၊ ဤသို့။ ဈာနင်္ဂါနိ၊ ငါးပါးသော ဈာန်အင်္ဂါတို့သည်။ ပါတုဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်ကုန်၏။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အဿ၊ ထို ယောဂီအား။ ပဉ္စမဇ္ဈာနပဋိဗိမ္ဗဘူတံ၊ ပထမဈာန်၏ အတုဖြစ်သော။ ဝါ၊ ပုံတူ ဖြစ်သော။ ဥပစာရဇ္ဈာနမ္ပိ၊ ဥပစာရဈာန်သည်လည်း။ တခ်ဏညေဝ၊ ထိုပဋိ- ဘာဂနိမိတ်ထင်သော ခဏ၌ပင်လျှင်။ နိဗ္ဗတ္တတိ၊ ဖြစ်ပေါ်၏။ ဣတော ပရံ၊ ဤမှ နောက်၌။ ယာဝ၊ အကြင်မျှလောက်။ ပဉ္စမဇ္ဈာနဿ၊ ပထမဈာန်၏။ အပ္ပနာစေဝ၊ အပ္ပနာသည်လည်းကောင်း။ ဝသိပ္ပတ္တိ စ၊ ဝသီဘော်သို့ ရောက် ခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ သဗ္ဗံ၊ အလုံးစုံ သောစကားရပ်ကို။ ဝါ၊ အလုံးစုံသော အစီအရင်ကို။ ပထဝီကသိဏေ၊ ပထဝီ- ကသိုဏ်း၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ဝိနီလကာဒိကမ္မဋ္ဌာန

### ဝိနီလကစသော ကမ္မဋ္ဌာန်းရှုပုံ

၁၁၈။ ပန၊ အဖွိုတပါးကို ဆိုဦးအံ့။ ဣတော၊ ဤဥဒ္ဓုမာတက ကမ္မဋ္ဌာန်းမှ။ ပရေသု၊ တပါးကုန်သော။ ဝိနီလကာဒီသုပိ၊ ဝိနီလကအစရှိသော ကမ္မဋ္ဌာန်းတို့ ၌လည်း။ "ဥဒ္ဓုမာတကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော ဧကော အဒုတိယော ဂစ္ဆတိ ဥပဋ္ဌိတာယ သတိယာ"တိအာဒိနာ နယေန၊ ဥဒ္ဓုမာတကံ အသုဘနိမိတ္တံ ဥဂ္ဂ- ဏှန္တော ဧကော အဒုတိယော ဂစ္ဆတိ ဥပဋ္ဌိတာယ သတိယာ-ဤသို့အစရှိသော နည်းဖြင့်။ ဂမနံ အာဒိံ ကတွာ၊ သွားခြင်းကို အစပြု၍။ ယံ တံ လက္ခဏံ၊ အကြင်နိမိတ်ယူခြင်း၏ လက္ခဏာကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပြီ။ တံ သဗ္ဗံ၊ ထိုအလုံးစုံ ကို။ "ဝိနီလကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော ဝိပုဗ္ဗကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော"တိ၊ ဝိနီလကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော ဝိပုဗ္ဗကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော-ဤသို့ အစရှိသော။ ဝါ၊ ဝိနီလကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော ဝိပုဗ္ဗကံ အသုဘနိမိတ္တံ ဥဂ္ဂဏှန္တော ဟူ၍။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ တဿ တဿ ဝသေန၊ ထိုထို အသုဘ၏အစွမ်းအားဖြင့်။ တတ္ထ တတ္ထ၊ ထိုထို ဝိနီလက-စသော ကမ္မဋ္ဌာန်း၌။ ဥဒ္ဓုမာတကပဒမတ္တံ၊ ဥဒ္ဓုမာတကဟူသောပုဒ်မျှကို။ ပရိဝတ္တေတွာ၊ ပြောင်းလဲ ၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင်လျှင်၊ သဝိနိစ္ဆယာဓိပ္ပါယံ၊ အဆုံးအဖြတ်နှင့်တကွသော အဓိပ္ပာယ်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်ပေ၏။

အယံ ပန၊ ဤ ယခုဆိုမည့်စကားသည်ကား။ဝိသေသော၊ အထူးပေတည်း။ ဝိနီလကေ၊ ဝိနီလကကမ္မဋ္ဌာန်း၌။ "ဝိနီလကံ ပဋိက္ကူလံ, ဝိနီလကံ ပဋိက္ကူလန္တိ၊ ပကတိအဆင်း ပျက်လျက် ညိုမည်းသော စက်ဆုပ်ဖွယ် သူသေကောင်, ပကတိ

အဆင်းပျက်လျက် ညိုမည်းသော စက်ဆုပ်ဖွယ် သူသေကောင်”ဟု။ မနသိကာရော၊ နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။ စ၊ ထိုမှတပါး။ ဧတ္ထ၊ ဤဝိနီလကကမ္မဋ္ဌာန်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ကဗရကဗရဝဏ္ဏံ ဟုတ္ဝာ၊ များသောအားဖြင့် ပြောက်ကျား ပြောက်ကျား အဆင်းရှိသည်ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်သည်ကား။ ဥဿဒဝသေန ဥပဋ္ဌာတိ၊ ဖြူနီ ညိုပြာ စသောအဆင်းတွင် များသောအဆင်း၏အစွမ်းအားဖြင့်ထင်၏။

ဝိပုဗ္ဗကေ၊ ဝိပုဗ္ဗကကမ္မဋ္ဌာန်း၌။ “ဝိပုဗ္ဗကပဋိကူလံ, ဝိပုဗ္ဗကပဋိကူလန္တိ၊ ပြည်တစိုစို ယိုထွက်နေသော စက်ဆုပ်ဖွယ်သူသေကောင်, ပြည်တစိုစိုယိုထွက်နေသော စက်ဆုပ်ဖွယ်သူသေကောင်”ဟု။ မနသိကာရော၊ နှလုံးသွင်းခြင်းကို။ ပဝတ္တေတဗ္ဗော၊ ဖြစ်စေအပ်၏။ ပန၊ ထိုမှတပါး။ ဧတ္ထ၊ ဤဝိပုဗ္ဗကကမ္မဋ္ဌာန်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ပဂ္ဃရန္တံ ဣဝ၊ တသွင်သွင် ပြည်ယိုနေသကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်ပေါ်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ နိစ္စလံ၊ မလှုပ်မယှက်။ သန္နိသိန္နံ ဟုတ္ဝာ ဥပဋ္ဌာတိ၊ ငြိမ်သက်သည်ဖြစ်၍ ထင်၏။

ဝိစ္ဆိဒ္ဒကံ၊ ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်းကို၊ ဝါ၊ နှစ်ပိုင်းပြတ်နေသော သူသေကောင်ကို။ ယုဒ္ဓမဏ္ဍလေ ဝါ၊ စစ်မြေပြင်၌သော်လည်းကောင်း။ စောရဋ္ဌဝိယံ ဝါ၊ သူခိုးဒမြတို့ ထကြွသောင်းကျန်းရာ တောအုပ်၌သော်လည်းကောင်း။ ယတ္ထ အာဃာတနေ သုသာနေ ဝါ၊ မင်းတို့သည် ခိုးသူတို့ကို သတ်ဖြတ်ကြစေရာ သုသာန်၌လည်းကောင်း။ (၁၁၅) ရာဇာနော၊ မင်းတို့သည်။ စောရေ၊ ခိုးသူတို့ကို။ဆိန္ဒာပေန္တိ၊ ဖြတ်စေကုန်၏။ တာဒိသေ သုသာနေ ဝါ၊ ထိုသို့သော သုသာန်၌ လည်းကောင်း။ လဗ္ဘတိ၊ ရအပ်၏။ ပန၊ ထိုသို့ မရသော်။ အရညေ၊ တော၌။ သီဟဗျဂ္ဃေဟိ၊ ခြင်္သေ့ ကျားတို့သည်။ ဆိန္နပုရိသဋ္ဌာနေ၊ လူကို ကိုက်ဖြတ်ထားရာ အရပ်၌လည်းကောင်း။ လဗ္ဘတိ၊ ရနိုင်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ တထာရူပံ ဌာနံ ဂန္တ္ဝာ၊ ထိုသို့သဘောရှိသော ဌာနသို့ သွားပြီးလျှင်။ နာနာဒိသာယံ၊ အထူးထူးသော နေရာ၌။ ပတိတမ္ပိ၊ ကျရောက်နေသော်လည်း။ ဧကာဝဇ္ဇနေန၊ တကြိမ်တည်း ဆင်ခြင်ခြင်းဖြင့်။သစေ အာပါထံ အာဂစ္ဆတိ၊အကယ်၍ တပေါင်းတည်း ထင်ပေါ်ငြားအံ့။ ဣစ္စေတံ·ဣတိ ဧတံ၊ ဤသို့ ထင်ပေါ်ပါမှု။ ကုသလံ၊ ကောင်းလှပေ၏။ နော စေ အာပါထံ အာဂစ္ဆတိ၊ အကယ်၍ မထင်ပေါ်ပါမူ။ သယံ ဟတ္ထေန၊ မိမိလက်ဖြင့်။ န ပရာမသိတဗ္ဗံ၊ မသုံးသပ် မကိုင်တွယ်အပ်ပေ။ ဟိ၊ အပြစ်ကို ပြပေအံ့။ ပရာမသန္တော၊သုံးသပ်ကိုင်တွယ်သည်ရှိသော်။(သုံးသပ်ကိုင်တွယ်လျှင်။) ဝိဿာသံ အာပဇ္ဇတိ၊ အကျွမ်းဝင်ခြင်းသို့ရောက်၏။ တသ္မာ၊ ထို့ကြောင့်။ အာရာမိကေန ဝါ၊ အာရာမ်စောင့်ကိုလည်းကောင်း။ သမဏုဒ္ဒေသေန ဝါ၊ သာမဏေကိုလည်းကောင်း။ အညေန ဝါ ကေနစိ၊ အခြားတစုံ

တယောက်ကိုဖြစ်စေ။ ကေဋ္ဌာနေ၊ တနေရာတည်း၌။ ကာရေတဗ္ဗံ၊ စုပေါင်းစေ အပ်၏၊အသဘာနွေနိ၊စေခိုင်းစရာ အာရုမ်စောင့်စသည်ကို မရသောရဟန်းသည်။ ကတ္တရယဋ္ဌိယာ ဝါ၊တောင်ဝှေးဖြင့်သော်လည်းကောင်း။ ဒဏ္ဍကေန ဝါ၊ဟုတ်ဖြင့် သော်လည်းကောင်း။ ဧကင်္ဂုလံ ဟုတ္တွာ၊ လက်ဟုသစ်ခြားဖြစ်အောင် ပြု၍။ ဥပ- နာမေတဗ္ဗံ၊ ကပ်စေအပ်၏၊ ဧဝံ ဥပနာမေတွာ၊ဤသို့ကပ်စေပြီးလျှင်။ "ဝိစ္ဆိဒ္ဒက- ပဋိက္ကူလံ, ဝိစ္ဆိဒ္ဒကပဋိက္ကူလန္တိ၊ နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ် သူသေ ကောင်, နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ်သူသေကောင်"ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ တတ္ထ၊ ထိုဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်း။ ၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ မဇ္ဈေ ဆိဒ္ဒံ ဝိယ ဥပဋ္ဌာတိ၊ အလယ်၌ ပြတ်နေသကဲ့သို့ ထင်၏။ ပဋိဘာဂနိမိတ္တံ ပန၊ပဋိဘာဂနိမိတ်သည်ကား။ပရိပုဏ္ဏံ ဟုတ္တွာ ဥပဋ္ဌာတိ၊ အပြည့်အစုံဖြစ်လျက် ထင်၏။

ဝိက္ခာယိတကေ၊ ဝိက္ခာယိတက ကမ္မဋ္ဌာန်း၌။ "ဝိက္ခာယိတကပဋိက္ကူလံ ဝိက္ခာယိတကပဋိက္ကူလန္တိ၊ ခွေး မြေခွေးစသည်တို့သည် အထူးထူး အပြားပြား ခဲစားအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသော သူသေကောင်, ခွေး မြေခွေးစသည်တို့ သည် အထူးထူး အပြားအပြား ခဲစားအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်ရှိသောသူသေ ကောင်"ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ တတ္ထ၊ ဤဝိက္ခာယိတကကမ္မဋ္ဌာန်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ တဟိံ တဟိံ၊ ထိုထိုအရပ်၌။ ခါယိတသဒိသမေဝ၊ ခဲစားထားသည်နှင့်တူစွာသာလျှင်။ ဥပဋ္ဌာတိ၊ ထင်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်၊ ပရိပုဏ္ဏံ ဟုတ္တွာ ဥပ- ဋ္ဌာတိ၊ (အပြည့်အစုံ သာလျှင် ထင်၏။) အလုံးစုံ ပြည့်စုံလျက်သာလျှင်ထင်၏။

ဝိက္ခိတ္တကမ္ပိ၊ အခထွေထွေသောအရပ်သို့ စွန့်ပစ်ထားအပ်သော သူသေကောင် ကိုလည်း။ ဝိစ္ဆိဒ္ဒကေ၊ ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်း၌။ ဝုတ္တနယေနေဝ၊ဆိုခဲ့ပြီးသောနည်းဖြင့် ပင်လျှင်။ အင်္ဂုလင်္ဂုလန္တရံ ကာရေတွာ ဝါ၊လက်တသစ်ခြား လက်တသစ်ခြား ပြု စေ၍သော်လည်းကောင်း။ ကတွာ ဝါ၊ ကိုယ်တိုင် ပြု၍သော်လည်းကောင်း။ " ဝိက္ခိတ္တကပဋိက္ကူလံ, ဝိက္ခိတ္တကပဋိက္ကူလန္တိ၊ ထိုထိုအရပ်၌ စွန့်ပစ်ထား သော စက်ဆုပ်ဖွယ် သူသေကောင်, ထိုထိုအရပ်၌ စွန့်ပစ်ထားသော စက် ဆုပ်ဖွယ် သူသေကောင်"ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်း ခြင်းကို ဖြစ်စေအပ်၏။ တတ္ထ၊ ဤဝိက္ခိတ္တကကမ္မဋ္ဌာန်း၌။ ပါကဋန္တရံ ဟုတ္တွာ ဥပဋ္ဌာတိ၊ထင်ရှားသောအကြားရှိသည်ဖြစ်၍ ထင်၏။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်သည်ကား။ ပရိပုဏ္ဏံ ဟုတ္တွာ ဥပဋ္ဌာတိ၊ အပြည့်အစုံဖြစ်၍သာ ထင်၏။

ဟတဝိက္ခိတ္တကမ္ပိ၊ ထိုသို့အရပ်၌ ပစ်ချထားအပ်သော သူသေကောင်ကို လည်း။ ဝိစ္ဆိဒ္ဒကေ၊ ဝိစ္ဆိဒ္ဒကကမ္မဋ္ဌာန်း၌။ ဝုတ္တပ္ပကာရေသုယေဝ ဌာနေသု၊ ဆို

အပ်ခဲ့ပြီးသော အပြားရှိကုန်သော အရပ်တို့၌သာလျှင်။ လဗ္ဘတိ၊ ရအပ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ ဂန္တွာ၊ ထိုရနိုင်ရာအရပ်သို့သွားပြီးလျှင်။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်ပင်လျှင်။ အင်္ဂုလင်္ဂုလန္တရံ ဝါ ကာရေတွာ၊ လက်တသစ် လက်တသစ်ခြားသည်ကိုပြုစေ၍သော်လည်းကောင်း။ကတွာ ဝါ၊ ကိုယ်တိုင်ပြု၍သော်လည်းကောင်း။ "ဟတဝိက္ခိတ္တကပဋိက္ကူလံ, ဟတဝိက္ခိတ္တကပဋိက္ကူလန္တိ၊ သတ်ပြီး ထိုထိုအရပ်၌ပစ်ချထားအပ်သော စက်ဆုပ်ဖွယ် သူသေကောင်, သတ်ပြီး ထိုထိုအရပ်၌ ပစ်ချထားအပ်သော စက်ဆုပ်ဖွယ် သူသေကောင်"ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဧတ္ထ၊ ဤဟတဝိက္ခိတ္တကကမ္မဋ္ဌာန်း၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ပဟာယမာနံ၊ ထင်ရှားသော။ ပဟာရမုခံ ဝိယ ဟောတိ၊ ခုတ်ထစ်မိရာ အမာဝကဲ့သို့ဖြစ်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ပရိပုဏ္ဏမေဝ ဟုတွာ ဥပဋ္ဌာတိ၊ အပြည့်အစုံဖြစ်၍သာလျှင်ထင်၏။

လောဟိတကံ၊ သွေးယိုနေသော သူသေကောင်ကို။ ယုဒ္ဓမဏ္ဍလာဒီသု၊ စစ်မြေပြင် စသည်တို့၌။ လဒ္ဓပ္ပဟာရာနံ၊ လက်နက်ဒဏ်ရာရသောသူတို့၏။ ဆိန္နေသု၊ အဖြတ်ခံအပ်ကုန်သော။ ဟတ္ထပါဒါဒီသု ဝါ၊ လက်ခြေ စသည်တို့၌သော်လည်းကောင်း။ ဘိန္နဂဏ္ဍပိဠကာဒီနံ ဝါ၊ ပေါက်ပြဲသော ထွတ်အိုင်းနား, အဖုအလုံးနာ စသည်တို့၏ သော်လည်းကောင်း။ မုခတော၊ဒဏ်ရာအဝ အမာဝမှ။ ပဂ္ဃရမာနကာလေ၊ သွေးယိုနေသောကာလ၌။ လဗ္ဘတိ၊ ရအပ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ ဒိသွာ၊ ထိုသူသေကောင်ကို ကြည့်ရှု၍။ "လောဟိတကပဋိက္ကူလံ, လောဟိတကပဋိက္ကူလန္တိ၊ သွေးယိုနေသော စက်ဆုပ်ဖွယ်သူသေကောင်, သွေးယိုနေသောစက်ဆုပ်ဖွယ် သူသေကောင်"ဟု။မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကိုဖြစ်စေအပ်၏။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်သည်ကား။ သန္နိသိန္နံ ဟုတွာ ဥပဋ္ဌာတိ၊ မလှုပ်မယှက် ငြိမ်သက်လျက်ထင်၏၊

ပုဠဝကံ၊ ပုဠဝကအသုဘသည်။ ဒွိဟတီဟစ္စယေန၊ နှစ်ရက်သုံးရက်လွန်သောအခါ၌။ ကုဏပဿ၊ သူသေကောင်၏။ နဝဟိ ဝဏမုခေဟိ၊ ကိုးခုသောအမာဝတို့မှ။ကိမိရာသိပဂ္ဃရဏကာလေ၊ပိုးလောက်အစုယိုထွက်သောကာလ၌။ဟောတိ၊ ဖြစ်၏။ အပိ စ၊ တနည်းကား။ တံ၊ ထိုပုဠဝကအသုဘသည်။ သောဏသိင်္ဂါလမနုဿဂေါမဟိံသဟတ္ထိအဿအဇဂရာဒီနံ၊ ခွေး, မြေခွေး, လူ, နွား, ကျွဲ, ဆင်, မြင်း, စပါးကြီးမြွေစသည်တို့၏။ သရီရပ္ပမာဏမေဝ ဟုတွာ၊ ကိုယ်ပမာဏရှိသည်သာလျှင်ဖြစ်၍။ သာလိဘတ္တရာသိ ဝိယ၊ သလေးထမင်းအစုကဲ့သို့။ (၁၇၆) တိဋ္ဌတိ၊တည်၏။ တေသု၊ ထိုခွေးကောင်ပုပ်စသည်တို့တွင်။ ယတ္ထကတ္ထစိ၊ တစုံတခုသော အကောင်ပုပ်၌။ "ပုဠဝကပဋိက္ကူလံ, ပုဠဝကပဋိက္ကူလန္တိ၊ ပိုးလောက်ပြည့်နေသော စက်ဆုပ်ဖွယ် သူသေကောင်, ပိုးလောက်ပြည့်နေ

သော စက်ဆုပ်ဖွယ်သူသေကောင်”ဟု။ မနသိကာရာ ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ပြုအပ်၏။ ဟိ၊ မှန်၏။ စုဋ္ဌပိဏ္ဍပါတိတိဿ တ္ထေရဿ၊ စုဋ္ဌပိဏ္ဍပါတိတိဿ မထေရ်အား။ ကာဋ္ဌဒီဃဝါပိယာ အန္တော၊ ကာဋ္ဌဒီဃမည်သော အိုင်အတွင်း၌။ ဟတ္ထိကုဏပေ၊ ဆင်သေကောင်ပုပ်၌။ နိမိတ္တံ ဥပဋ္ဌာသိ၊ နိမိတ်ထင်ဘူးလေပြီ။တ္တေ၊ ဤပုဋ္ဌဝကကမ္မဋ္ဌာန်း၌။ ဥဂ္ဂဟနိမိတ္တံ ပန၊ ဥဂ္ဂဟနိမိတ်သည်ကား။ စလမာနံ ဝိယ ဥပဋ္ဌာတိ၊ လှုပ်ရှားနေသကဲ့သို့ထင်၏။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ သာလိဘတ္တပိဏ္ဍော ဝိယ၊ သလေးထမင်းအစုကဲ့သို့။သန္နိသိန္နံ ဟုတွာ ဥပဋ္ဌာတိ၊ငြိမ်သက်သည်ဖြစ်၍ထင်၏။ ဝါ၊ မလှုပ်မယှက် ငြိမ်သက်လျက် ထင်၏။

အဋ္ဌိကံ၊ အဋ္ဌိကအသုဘကို။“သော၊ ထိုရဟန်းသည်။သိဝထိကာယ၊သုသာန်၌။ ဆဋ္ဌိတံ၊ စွန့်ပစ်ထားအပ်သော။ သမံသလောဟိတံ၊အသားအသွေးရှိလျက်။ နဟာရုသမ္ဗန္ဓံ၊ အကြောတို့ဖြင့် ဖွဲ့စပ်ထားအပ်သော။ အဋ္ဌိသင်္ခလိကံ သရီရံ၊ အရိုးဆက် အရိုးစု သူသေကောင်ကို။ ပဿေယျ သေယျထာပိ၊ တွေ့မြင်ရာသကဲ့သို့။”ဣတိ အာဒိနာ နယေန၊ ဤသို့အစရှိသောနည်းဖြင့်။ နာနပ္ပကာရတော ဝုတ္တံ၊ အမျိုးမျိုးသော အပြားအားဖြင့် ဟောတော်မူအပ်ပေ၏။ တတ္ထ၊ ထိုအဋ္ဌိကကမ္မဋ္ဌာန်း၌(နိမိတ္တံ ဥဂ္ဂဟေတဗ္ဗံ မှာငပ်)။ယတ္ထ၊ အကြင်အရပ်၌။ တံ၊ ထိုအဋ္ဌိက အသုဘကို။ နိက္ခိတ္တံ ဟောတိ၊ ပစ်ချအပ်သည်ဖြစ်၏။ တတ္ထ၊ ထိုပစ်ချထားရာအရပ်သို့။ ပုရိမနယေနေဝ ဂန္တွာ၊ရှေ့၌ပြဆိုခဲ့ပြီးသောနည်းဖြင့်ပင် လျှင် သွား၍။ သမန္တာ ပတ်ဝန်းကျင်၌။ ပါသာဏာဒီနံ ဝသေန၊ ကျောက် စသည်တို့၏ အစွမ်းအားဖြင့်။ သနိမိတ္တံ၊ နိမိတ်နှင့်တကွ။ သာရမ္မဏံ၊ အာရုံနှင့်တကွ။ ကတွာ၊ပြုပြီးလျှင်။ “ဣဒံ၊ ဤကိုယ်ကောင်သည်။ အဋ္ဌိကန္တိ၊ စက်ဆုပ်ဖွယ် အရိုးစုပေတည်း”ဟု။ သဘာဝဘာဝတော၊ မိမိ၏ သဘောရင်းဖြစ်သော လက္ခဏာအားဖြင့်။ ဥပလက္ခေတွာ၊ မှတ်သားပြီးလျှင်။ ဝဏ္ဏာဒိဝသေန၊ အဆင်းစသည်တို့၏ အစွမ်းအားဖြင့်။ ဧကာဒသာဟာကာရေဟိ၊ တဆယ့်တပါးသော အခြင်းအရာတို့ဖြင့်။ နိမိတ္တံ ဥဂ္ဂဟေတဗ္ဗံ၊ နိမိတ်ကို မှတ်ယူအပ်ပေ၏။

၁၁၉။ ပန၊ အထူးကို ပြဆိုဦးအံ့။ တံ၊ ထိုအရိုးစုကို။ ဝဏ္ဏတော၊ အဆင်းအားဖြင့်။သေတန္တိ၊ဖြူသည်ဟု။ဩလောကေန္တဿ၊ရှုသောသူအား။န ဥပဋ္ဌာတိ၊ အသုဘသဘောအားဖြင့် မထင်။ ဩဒါတကသိဏသမ္ဘေဒေါ၊ ဩဒါတကသိုဏ်းဖြင့် ရောယှက်သည်။ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အဋ္ဌိကန္တိ၊ အရိုးစု စက်ဆုပ်ဖွယ် သူသေကောင်ဟု။ ပဋိက္ကူလဝသေနေဝ၊ စက်ဆုပ်ဖွယ်၏အစွမ်းအားဖြင့်သာလျှင်။ ဩလောကေတဗ္ဗံ၊ ကြည့်ရှုအပ်၏။ လိင်္ဂန္တိ၊ လိင်အသွင် ဟူသည်မှာ။ ဣဓ၊ ဤအရာ၌။ ဟတ္ထာဒီနံ နာမ၊ လက်အစရှိသည်တို့၏ အမည် ပေတည်း။ တသ္မာ၊ ထို့ကြောင့်။ ဟတ္ထပါဒသီသဥရဗာဟုကဋိဥရုဇင်္ဃာနံ

ဝသေန၊ လက်, ခြေ, ခေါင်း, ရင်, လက်ရုံး, တင်ပါး, ပေါင်, ခြေသလုံးတို့၏ အလိုအားဖြင့်။ လိင်္ဂတော၊ လိင်အသွင်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ ပန၊ ထိုမှတပါး။ ဒီဃရဿဝဋ္ဋစတုရဿခုဒ္ဒကမဟန္တဝသေန၊ အရှည်,အတို,အလုံး, လေးမြှောင့်, အငယ်,အကြီးတို့အလိုအားဖြင့်။ သဏ္ဌာန-တော၊ ပုံသဏ္ဌာန်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ ဒိသော-ကာသာ၊အရပ်နှင့်တည်ရာတို့သည်။ ဝုတ္တနယာ ဧဝ၊ ဆိုအပ်ခဲ့ပြီးသောနည်း အတိုင်းပင်တည်း။ တဿ တဿ အင်္ဂဿ၊ ထိုထိုအရိုး၏။ ပရိယန္တဝသေန၊ အစွန်အလိုအားဖြင့်။ ပရိစ္ဆေဒတော ဝဝတ္ထပေတွာ၊ အပိုင်းအခြားအားဖြင့်မှတ်သားပြီးလျှင်။တတ္ထ၊ထိုအရိုးတို့တွင်။ ယဒေဝ၊အကြင်အရိုးသည်သာလျှင်။ပါကဋံ ဟုတွာ ဥပဋ္ဌာတိ၊ ထင်ရှားပေါ်လွင်၏။ (ဤနေရာ၌ ပါကဋံနှင့် ဥပဋ္ဌာတိ-ပုဒ်တို့သည် အနက်တူနေ၍ နှစ်ပုဒ်ဖော်၍ ယခုကဲ့သို့ပေးသည်)။ တံ ဂဟေတွာ၊ထို ထင်ရှားပေါ်လွင်သော အရိုးကို နိမိတ်အဖြစ်ဖြင့်ယူ၍။ အပ္ပနာ ပါပုဏိတဗ္ဗာ၊ အပ္ပနာသို့ရောက်စေအပ်၏။ ပန၊ ထိုမှတပါး။ တဿ တဿ အင်္ဂဿ၊ ထိုထို အရိုး၏။နိန္နဋ္ဌာနထလဋ္ဌာနဝသေန၊ ချိုင့်ရာ မောက်မို့ရာ ဌာနတို့၏ အစွမ်းဖြင့်။နိန္န-တော စ၊ အနိမ့်အချိုင့်အားဖြင့်လည်းကောင်း။ ထလတော စ၊ အမြင့်အမောက် အားဖြင့်လည်းကောင်း။ ဝဝတ္ထပေတဗ္ဗံ၊ပိုင်းခြားမှတ်သားအပ်၏။ပဒေသဝသေ-နာပိ၊ တည်ရာအရပ်၏ အစွမ်းအားဖြင့်လည်း။ "အဟံ၊ငါသည်။ နိန္နေ ဌိတော၊ အနိမ့်၌တည်နေသည်။ အဋ္ဌိ၊အရိုးသည်။ ထလေ ဌိတော၊ အမြင့်၌တည်နေ၏။ အဟံ၊ ငါသည်။ ထလေ ဌိတော၊ အမြင့်၌တည်သည်။ အဋ္ဌိ၊အရိုးသည်။ နိန္နေ ဌိတော၊ အနိမ့်၌တည်နေ၏။ ဣတိပိ ဝဝတ္ထပေတဗ္ဗံ၊ ဤသို့လည်း ပိုင်းခြားမှတ်သားအပ်၏။ ပန၊ ဆက်ဦးအံ့။ ဒွိန္နံ အဋ္ဌိကာနံ၊ နှစ်ခုသောအရိုးတို့၏။ ဃဋိတ-ဃဋိတဋ္ဌာနဝသေန၊ ဆက်စပ်ရာ ဆက်စပ်ရာဌာနတို့၏ အလိုအားဖြင့်လည်း ကောင်း။ သန္ဓိတော ဝဝတ္ထပေတဗ္ဗံ၊ အဆက်အစပ်အားဖြင့် ပိုင်းခြားမှတ်သား အပ်၏။ အဋ္ဌိကာနံယေဝ၊ အရိုးတို့၏သာလျှင်။ အန္တရဝသေန၊အကြား၏အစွမ်း အားဖြင့်။ ဝိဝရတော၊ အကြားအရပ်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ် သားအပ်၏။ ပန၊ ဆက်ဦးအံ့။ သဗ္ဗတ္ထေဝ၊ အရိုးအားလုံး၌ပင်လျှင်။ ဉာဏံ စာရေတွာ၊ ဉာဏ်ကို သွားစေ, ကျက်စားစေ၍။ ဣမသ္မိံ ဌာနေ၊ ဤဌာန၌။ ဣဒံ အဋ္ဌိတိ၊ဤအရိုးတည်ရှိနေသည်ဟု။ သမန္တတော၊ထက်ဝန်းကျင်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားမှတ်သားအပ်၏။ ဧဝမ္ပိ၊ ဤသို့ပိုင်းခြားမှတ်သားသော် လည်း။ နိမိတ္တေ အနုပဋ္ဌဟန္တေ၊ နိမိတ်မထင်သေးလျှင်။ နလာဋဋ္ဌိမှိ၊ နဖူးရိုး၌။ စိတ္တံ သဏ္ဌပေတဗ္ဗံ၊ စိတ်ကိုကောင်းစွာထားအပ်ပေ၏။

၁၂၀။ စ၊ ဆက်ဦးအံ့။ တွေ့ ယထာ၊ ဤအဋ္ဌိက အသုဘ၌ကဲ့သို့။တနည်း။ တွေ့၊ ဤအဋ္ဌိက အသုဘ၌။ ကောဒသဝိမေနေ၊ တဆယ့်တပါးသောအပြားအား

ဖြင့်။ ဣဒံ နိမိတ္တဂ္ဂဟဏံ၊ ဤဥဂ္ဂဟနိမိတ်ကို ယူခြင်းကို။ ယုဇ္ဇမာနဝသေန၊ ယှဉ်သင့်ယှဉ်ထိုက်သည်၏အစွမ်းအားဖြင့်။ သလ္လက္ခေတဗ္ဗံ ယထာ၊ မှတ်သားအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဣတရေသု၊ ဤအင်္ဂါက အသုဘမှ။ ပုရိမေသု ပုဋ္ဌဝဏ္ဏာဒိသုပိ၊ ရှေးဖြစ်သော ပုဋ္ဌဝကအသုဘစသည်တို့၌လည်း။ ယုဇ္ဇမာနဝသေန၊ ယှဉ်သင့်ယှဉ်ထိုက်သည်၏ အစွမ်းအားဖြင့်။ သလ္လက္ခေတဗ္ဗံ၊ မှတ်သားအပ်၏။ စ၊ ဆက်ဦးအံ့။ ဣဒဉ္စ ကမ္မဋ္ဌာနံ၊ ဤအင်္ဂါကကမ္မဋ္ဌာန်းသည်။သကလာယပိ အင်္ဂါကသခ်လိကာယ၊ တကိုယ်လုံးသော အရိုးစု၌လည်း။ သမ္ပဇ္ဇကိ၊ ပြည့်စုံနိုင်ပေ၏။ ကေသိမ္ဘိ အင်္ဂကေ၊ အရိုးတချောင်းတည်း၌လည်း။ သမ္ပဇ္ဇတိ၊ ပြည့်စုံနိုင်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ တေသု၊ ထိုအရိုးစုနှင့် အရိုးတချောင်းတို့တွင်။ ယတ္ထကတ္ထစိ၊ တခုခုသော အင်္ဂါက အသုဘ၌။ ကောဒသဝိဓေန၊ တဆယ့်တပါး အပြားအားဖြင့်။ နိမိတ္တံ ဥဂ္ဂဟေတွာ၊ နိမိတ်ကိုမှတ်ယူပြီးလျှင်။ "အင်္ဂိကပဋိက္ကူလံ, အင်္ဂိကပဋိက္ကူလန္တိ၊ စက်ဆုပ်ဖွယ်အရိုးစု, (၁၇) စက်ဆုပ်ဖွယ်အရိုးစု"ဟု။ မနသိကာရော ပဝတ္တေတဗ္ဗော၊ နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဣဓ၊ ဤအင်္ဂါက အသုဘကမ္မဋ္ဌာန်း၌။ ဥဂ္ဂဟနိမိတ္တမ္ပိ၊ ဥဂ္ဂဟနိမိတ်သည်လည်းကောင်း။ပဋိဘာဂနိမိတ္တမ္ပိ၊ ပဋိဘာဂနိမိတ်သည်လည်းကောင်း။ကေသဒိသမေဝ ဟောတိ၊ တထပ်တည်းတူသည်သာဟူ၍။ ဝုတ္တံ၊ ရှေးအဋ္ဌကထာ၌ ဆိုအပ်၏။ တံ၊ ထိုစကားသည်။ကေသိမ္ဘိ အင်္ဂကေ၊ အရိုးတချောင်းတည်း၌။ ယုတ္တံ၊ သင့်လျော်၏။ အင်္ဂါသခ်လိကာယ ပန၊ အရိုးစု၌ကား။ ဥဂ္ဂဟနိမိတ္တေ၊ဥဂ္ဂဟနိမိတ်၌။ ပညာယမာနေ ဝိဝရတာ၊ ထင်ပေါ်သောအကြားရှိခြင်းသည်။ ယုဇ္ဇတိ၊သင့်၏။ ပဋိဘာဂနိ မိတ္တေ၊ ပဋိဘာဂနိမိတ်၌။ ပရိပုဏ္ဏဘာဝေါ၊ အလုံးစုံပြည့်နေခြင်းသည်။ ယုဇ္ဇတိ၊ သင့်၏။ စ၊ ဆက်ဦးအံ့။ ကေဋ္ဌိကေပိ၊ အရိုးတချောင်းတည်း၌သော်လည်း။ ဥဂ္ဂဟနိမိတ္တေန၊ ဥဂ္ဂဟနိမိတ်သည်။ ဗီဘစ္ဆေန၊အဆင်းမလှသည်။ ဝါ၊ အရုပ်ဆိုးသည်။ဘယာနကေန၊ ကြောက်ဖွယ်ကောင်းသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပဋိဘာဂနိမိတ္တေန၊ပဋိဘာဂနိမိတ်သည်။ပီတိသောမနဿဇနကေန၊ ဝမ်းမြောက်ရွှင်လန်းခြင်းကို ဖြစ်စေတတ်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ်ကြောင့်။ ပဋိဘာဂနိမိတ္တေန၊ ပဋိဘာဂနိမိတ်သည်။ ပီတိသောမနဿဇနကေ၊ ဝမ်းမြောက်ရွှင်လန်းခြင်းကို ဖြစ်စေတတ်သည်။ ဘဝိတဗ္ဗံ၊ဖြစ်ရာသနည်း။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။ ဥပစာရာဝဟတ္တာ၊ ဥပစာရသမာဓိကို ဆောင်ပေးတတ် ဖြစ်စေတတ်သောကြောင့်။ ပဋိဘာဂနိမိတ္တေန၊ ပဋိဘာဂနိမိတ်သည်။ ပီတိသောမနဿဇနကေန၊ဝမ်းမြောက်ရွှင်လန်းခြင်းကို ဖြစ်စေတတ်သည်၊ဘဝိတဗ္ဗံ၊ဖြစ်ရာသတည်း။ (ဤအနက်ပေး ထားသည်ကို သတိပြု)။

ဟိ၊ မှန်ပေ၏။ ဣမသ္မိံ ဩကာသေ၊ ဤအရာ၌။ အဋ္ဌကထာသု၊ အဋ္ဌကထာတို့၌။ ယံ ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တံ ဝစနံ၊ ထိုစကားကို။ ဒွါရံ ဒတွာဝ၊ တံခါးဖွင့်လျက်သာလျှင်။ (ဤအနက်အဓိပ္ပာယ်ခက်သည်။ ဋီကာမှာကြည့်ပါ)။ ဝုတ္တံ၊ ဆိုထားသောစကားဖြစ်ပေသည်။ ဟိ၊ ထင်ရှားအောင် ပြဆိုပါဦးအံ့။ "စတူသု ဗြဟ္မဝိဟာရေသု စ၊ လေးပါးသော ဗြဟ္မဝိဟာရတရားတို့၌လည်းကောင်း။ ဒသသု အသုဘေသု စ၊ ဆယ်ပါးသော အသုဘတို့၌လည်းကောင်း။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ မှန်ပေ၏။ ဗြဟ္မဝိဟာရေသု၊ ဗြဟ္မဝိဟာရတို့၌။ သီမသမ္ဘေဒေါယေဝ၊ သီမသမ္ဘေဒခေါ် နယ်ပယ်အပိုင်းအခြားဖြတ်ခြင်းသည်ပင်လျှင်။ နိမိတ္တံ၊ နိမိတ်ပေတည်း။ ဒသသု စ အသုဘေသု၊ ဆယ်ပါးသော အသုဘတို့၌လည်း။ နိဗ္ဗိကပ္ပံ ကတွာ ၊ တင့်တယ်သည် မတင့်တယ်သည်ဟု နှစ်သွယ်နှစ်ခွ ကြံဆခြင်းမရှိအောင်ပြု၍။ (ဤပုဒ်ခက်သည်၊ ဋီကာမှာကြည့်)။ ပဋိက္ကူလဘာဝေယေဝ ဒိဋ္ဌေ၊ စက်ဆုပ်ဖွယ်၏ အဖြစ်ကိုသာ မြင်လတ်သော်၊ (မြင်လျှင်)။ နိမိတ္တံ နာမ ဟောတီတိ၊ နိမိတ်မည်ပေသည်"ဟု။ ဝတွာပိ၊ ဆိုပြီးလျှင်။ (တွေကေ ဝေ၊ ဤမျှလောက်သော စကား၌သာလျှင်။ အဌတွာ၊ မရပ်တည်မူ၍။ အနန္တရမေဝ၊ အခြားမဲ့၌ပင်လျှင်။ "ဣဓ၊ ဤအသုဘကမ္မဋ္ဌာန်း၌။ နိမိတ္တံ၊ နိမိတ်သည်။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်လည်းကောင်း။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်လည်းကောင်း။ ဣတိ၊ ဤသို့။(ထည့်)၊ ဒုဝိဓံ၊ နှစ်ပါးအပြားရှိ၏။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဝိရူပံ၊ ဖောက်ပြန်သော အဆင်းရှိသည်။ ဗီဘစ္ဆံ၊ အရုပ်ဆိုးသည်။ ဘယာနကံ ဟုတွာ၊ ကြောက်မက်ဖွယ် ကောင်းသည်ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။" ဣတိ အာဒိ၊ ဤသို့အစရှိသောစကားကို။ ဝုတ္တံ၊ အဋ္ဌကထာတို့၌ ဆိုထားပေ၏။ ဘသ္မာ၊ ထို့ကြောင့်။ ဝိစာရေတွာ၊ စိစစ်ဆင်ခြင်၍။ ယံ၊ အကြင်စကားကို။ အဝေါစုမှ၊ ငါတို့ဆိုခဲ့ကုန်ပြီ။ ဣဒမေဝ၊ ငါတို့ဆိုခဲ့သော ဤစကားသည်သာလျှင်။ ဧတ္ထ၊ အဋ္ဌိကကမ္မဋ္ဌာန်းနိမိတ်ထင်ပုံကိုပြသော ဤအရာ၌။ ယုတ္တံ၊ သင့်မြတ်ပေ၏။

အပိ စ၊ တနည်းအားဖြင့်သော်ကား။ မဟာတိဿထေရဿ၊ မဟာတိဿမထေရ်အား။ ဒန္တဋ္ဌိကမတ္တာဝလောကနေန၊ သွားရိုးမျှကို ကြည့်ရှုခြင်း မြင်ခြင်းကြောင့်။ သကလိတ္ထိသရီရဿ၊ မိန်းမဟာကိုယ်လုံး၏။ အဋ္ဌိသင်္ဃာတဘာဝေန၊ အရိုးစုအဖြစ်ဖြင့်။ ဥပဋ္ဌာနာဒီနိ၊ ထင်ခြင်းစသည်တို့သည်။ ဧတ္ထ၊ ဤအဋ္ဌိကကမ္မဋ္ဌာန်း၌။ နိဒဿနာနိ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်တို့၏ အထူးကို ထင်ရှားပြသော ဥဒါဟရုဏ် ပုံစံ သာဓကများပေတည်း။ ဣတိ၊ ဤတွင် စကား တရပ် အပြီးသတ်သတည်း။

ဣတိ၊ ဤစကားအစဉ်ဖြင့်။ ဒသ သတလောစနေန၊ (တရာဆယ်လီ) တထောင်သောမျက်စိ အမြင်ရှိသော သိကြားမင်းသည်။ ထုတကိတ္တိ၊ ချီးမွမ်းအပ်သည့် ကျော်စောသံရှိတော်မူသော။ သုဘဂုဏော၊ သန့်ရှင်းစင်ကြယ် တင့်တယ်သော ဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဒသဗလော၊ ဉာဏ်တော်အား ဆယ်ပါး, ကိုယ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ကေကဏ္ဍာနဟေတူနိ၊ တခုတခုသော ဈာန်၏အကြောင်းဖြစ်ကုန်ရော။ ယာနိ အသုဘာနိ၊ အကြင်ဆယ်ပါးသော အသုဘကမ္မဋ္ဌာန်းတို့ကို။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ အဝေါစ၊ ဟောကြားတော်မူခဲ့လေပြီ။

တာနိ စ၊ ထိုဆယ်ပါးသော အသုဘတို့ကိုလည်းကောင်း။ တေသံ၊ ထိုဆယ်ပါးသော အသုဘတို့၏။ ဣမံ ဘာဝနာနယဥ္စ၊ ဤဆိုခဲ့သော ဘာဝနာနည်းကိုလည်းကောင်း။ ဧဝံ၊ ဤဆိုခဲ့သည့်အတိုင်း။ ဝိဒိတွာန၊ သိပြီး၍။ (သိပြီးလျှင်)။ ဧတေသွေဝ၊ ထိုဆယ်ပါးသော အသုဘတို့၌ပင်။ ပကိဏ္ဏကကထာပိ၊ ပြီးပြွမ်းပြဆိုချက်ဖြစ်သော ဤစကား ကိုလည်း။ ဘိယျော၊ အလွန်။ ဝါ၊ နောက်ထပ်။ ဝိညေယျာ၊ သိသင့်ပေသေး၏။

## ပကိဏ္ဏကကထာ

## ပြီးပြွမ်းပြဆိုချက်

၁၂၁။ ဟိ၊ ဆက်လက်၍ချဲ့ပြဦးအံ့။ ဧတေသု၊ ဆိုခဲ့ပြီးသော အသုဘဆယ်ပါးတို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မရှိ တပါးပါးသော အသုဘ၌။ အဓိဂတဈာနော၊ ဈာန်ကိုရပြီးသော ပုဂ္ဂိုလ်သည်။ သုဝိက္ခမ္ဘိတရာဂတ္တာ၊ တပ်မက်မှုရာဂကို ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်သော အသုဘဘာဝနာဖြင့် ကောင်းစွာခွါပြီးဖြစ်သောကြောင့်။ ဝီတရာဂေါ ဝိယ၊ ရာဂကင်းပြီးသော ရဟန္တာကဲ့သို့ပင်။ နိလ္လောလုပ္ပစာရော ဟောတိ၊ လျပ်ပေါ် လော်လီသော မက်မောသော အမူအရာ ကင်းလျက်ရှိပေ၏။ ဧဝံ သန္တေပိ၊ ထိုသို့ အသုဘတိုင်း၌ ရသောဈာန်ကြောင့် လျပ်ပေါ်လော်လီ မက်မောသော အမူအရာ ကင်းသော်လည်း။ ယွာယံ– ယော အယံ အသုဘဘေဒေါ၊ အကြင်ဆယ်ပါးသော အသုဘအပြားကို။ ဝုတ္တော၊ ဟောတော်မူအပ်ပြီ။ သော အသုဘပ္ပဘေဒေါ၊ ထို အသုဘအပြားကို။ သရီရသဘာဝပ္ပတ္တိဝသေန စ၊ ကိုယ်ကောင်၏ သူ့သဘောသို့ ရောက်ခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း။ ရာဂစရိတဘေဒဝသေန စ၊ ရာဂထူပြောသော ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်လည်းကောင်း။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ကထံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ချဲ့ဦးအံ့၊ ဆဝသရီရံ၊ သူသေကောင်၏ ကိုယ်သည်။ ပဋိကူလဘာဝံ အာပဇ္ဇမာနံ၊ စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်လတ်

သော်။ ဥဒ္ဓုမာတကသဘာဝပ္ပတ္တံ ဝါ၊ ဖူးဖူးရောင်သောသဘောသို့ ရောက်သည်မူလည်း။ သိယာ၊ ဖြစ်ရာ၏။ ဝိနီလကာဒီနံ၊ ဝိနီလက စသည်တို့တွင်။ အညတရသဘာဝပ္ပတ္တံ ဝါ၊ တပါးပါးသော သဘောသို့ ရောက်သည့်မူလည်း။ သိယာ၊ ဖြစ်ရာ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ယာဒိသံ ယာဒိသံ၊ အကြင်သို့ အကြင်သို့ သဘောရှိသော သူသေကောင်ကို။ လဒ္ဓုံ၊ ရခြင်းငှာ။ သက္ကာ ဟောတိ၊ စွမ်းနိုင်သည်ဖြစ်၏။ တာဒိသေ တာဒိသေ၊ ထိုထို ရသည့် ရတိုင်းသမျှသော လူသေကောင်ကို။ ဥဒ္ဓုမာတကပဋိက္ကူလံ၊ ဖူးဖူးရောင်လျက် စက်ဆုပ်ဖွယ်သူသေကောင်။ ဝိနီလကပဋိက္ကူလန္တိ၊ ပကတိအဆင်းပျက်လျက် ညိုမည်းနေသော စက်ဆုပ်ဖွယ်သူသေကောင်ဟူ၍။ ဝါ၊ ဤသို့ နှလုံးသွင်းခြင်းဖြင့်။ နိမိတ္တံ၊ နိမိတ်ကို။ ဂဏှိတဗ္ဗမေဝ၊ ယူအပ်သည်သာတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သရီရသဘာဝပ္ပတ္တိဝသေန၊ ကိုယ်ကောင်၏ ဖူးဖူးရောင်ခြင်းအစရှိသော သီးသန့်သဘောသို့ ရောက်ခြင်း၏အစွမ်းအားဖြင့်။ ဒသဓာ၊ ဆယ်ပါးအပြားအားဖြင့်။ အသုဘပ္ပဘေဒေါ၊ အသုဘအပြားကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်ပေ၏။

(၁၇၇) စ၊ ထိုမှတပါး။ ဧတ္ထ၊ ဤအသုဘဆယ်ပါးတို့တွင်။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သော သူသေကောင်သည်။ သရီရသဏ္ဌာနဝိပတ္တိပ္ပကာသနတော၊ ကိုယ်သဏ္ဌာန်၏ ဖောက်ပြန်ပျက်စီးခြင်းကို ပြခြင်းကြောင့်။ သဏ္ဌာနရာဂိနော၊ ရုပ်ပုံသဏ္ဌာန်၌ တပ်မက်မှု ရာဂအားကြီးသောသူအား။ ဝိသေသတော၊ အထူးအားဖြင့်။ သပ္ပါယံ၊ သင့်လျော်ပေ၏။ (လျောက်ပတ်ပေ၏)။ ဝိနီလကံ၊ ပကတိအဆင်းပျက်လျက် ညိုမည်းသောအဆင်းရှိသည့် သူသေကောင်သည်။ ဆဝိရာဂဝိပတ္တိပ္ပကာသနတော၊ တင့်တယ်လှသော အရေအဆင်း အသွေးအရောင်၏ ဖောက်ပြန်ပျက်စီးခြင်းကို ပြတတ်သည်၏အဖြစ်ကြောင့်။ သရီရဝဏ္ဏရာဂိနော၊ ကိုယ်အဆင်း၌ တပ်မက်မှုရာဂအားကြီးသော သူအား။ ဝိသေသတော၊ အထူးအားဖြင့်။ သပ္ပါယံ၊ သင့်လျော်ပေ၏။ ဝိပုဗ္ဗကံ၊ ပြည်တစိုစို ယိုထွက်နေသော သူသေကောင်သည်။ ကာယဝဏပဋိဗဒ္ဓဿ၊ အမာသဖွယ် ကိုယ်နှင့်စပ်ဆိုင်သော။ ဒုဂ္ဂန္ဓဘာဝဿ၊ အနံ့ဆိုးရှိသည့်အဖြစ်ကို။ ပကာသနတော၊ ပြတတ်သောကြောင့်။ မာလာဂန္ဓာဒိဝသေန၊ ပန်းနံ့သာစသည်တို့၏ အစွမ်းအားဖြင့်။ သမုဋ္ဌာပိတသရီရဂန္ဓရာဂိနော၊ ကိုယ်၌ဖြစ်ပေါ်စေအပ်သော အနံ့၌တပ်မက်မှု ရာဂအားကြီးသောသူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ ဝိစ္ဆိဒ္ဒကံ၊ ခါးလယ်၌ပြတ်၍နေသော သူသေကောင်သည်။ အန္တော သုသိရဘာဝပ္ပကာသနတော၊ အတွင်း၌ အခေါင်းရှိသည်၏ အဖြစ်ကို ပြတတ်သောကြောင့်။ သရီရေ၊ ကိုယ်၌။ ဃနဘာဝရာဂိနော၊ တလုံးတခဲတည်းအဖြစ်၌ တပ်မက်မှုရာဂ အားကြီးသောသူအား။ ဝိသေသတော

သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ ဝိက္ခာယိတကံ၊ အမျိုးမျိုးသော အခြင်းအရာအားဖြင့် ခဲစားထားသော သူသေကောင်သည်။ မံသူပစယသမ္ပတ္တိဝိနာသပ္ပကာသနတော၊ အသားစု အသားစိုင် ပြည့်စုံခြင်း၏ ပျက်စီးခြင်းကို ပြတတ်သောကြောင့်။ ထနာဒီသု သရီရပ္ပဘေဒေသု၊ သားမြတ်စသော ကိုယ်အစိတ်အပိုင်းတို့၌။ မံသူပစယရာဂိနော၊ စုံ့စုံ့မို့မို့ နှစ်လိုစလိအိအိစက်စက် ချောညက်သည်ဟု အမှတ်ပြုသည့် အသားစု အသားစိုင်၌ တပ်မက်သောရာဂ အားကြီးသောသူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ ဝိက္ခိတ္တကံ၊ ထိုထိုအရပ် အထွေထွေ၌ စွန့်ပစ်ထားအပ်သော သူသေကောင်သည်။ အင်္ဂပစ္စင်္ဂါနံ၊ လက်ခြေ စသော အင်္ဂါကြီးငယ်တို့၏။ ဝိက္ခေပပ္ပကာသနတော၊ ပြန့်ကြဲနေခြင်းကို ပြတတ်သောကြောင့်။ အင်္ဂပစ္စင်္ဂလီလာရာဂိနော၊ အင်္ဂါကြီးငယ်တို့၏ တင့်တယ်စံပယ်ခြင်း၌ တပ်မက်မှု ရာဂအားကြီးသောသူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ ဟတဝိက္ခိတ္တကံ၊ သတ်၍ ထိုထိုအရပ်၌ စွန့်ပစ်ထားအပ်သော သူသေကောင်သည်။ သရီရသင်္ဃာတဘေဒဝိကာရပ္ပကာသနတော၊ တစပ်တည်း တပေါင်းတည်း ဖြစ်နေသော ကိုယ်၏ ကွဲပြားပျက်စီးသော အခြင်းအရာကို ပြတတ်သောကြောင့်။ သရီရသင်္ဃာတသမ္ပတ္တိရာဂိနော၊ ကိုယ်တစပ်တည်း တပေါင်းတည်း ပြည့်စုံခြင်း၌ တပ်မက်မှု ရာဂအားကြီးသောသူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ လောဟိတကံ၊ သွေးယိုထွက်နေသော သူသေကောင်သည်။ လောဟိတမက္ခိတပဋိက္ကူလဘာဝပ္ပကာသနတော၊ သွေးလူးပေလျက် စက်ဆုပ်ဖွယ်အဖြစ်ကို ပြတတ်သောကြောင့်။ အလင်္ကာရဇနိတသောဘာရာဂိနော၊ အဆင်းတန်ဆာကြောင့်ဖြစ်သော တင့်တယ်ခြင်း၌ မက်မောမှု ရာဂအားကြီးသော သူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ ပုဠုဝကံ၊ ပိုးကောင်ပြည့်နေသော သူသေကောင်သည်။ ကာယဿ၊ ကိုယ်၏။ အနေကကိမိကုလသာဓာရဏဘာဝပ္ပကာသနတော၊ များစွာသော ပိုးမျိုးတို့နှင့် သက်ဆိုင်သည်၏အဖြစ်ကို ပြတတ်သောကြောင့်။ ကာယေ၊ ကိုယ်၌။ မမတ္တရာဂိနော၊ ငါ့ဥစ္စာ၊ ဝါ၊ ငါတဦးတည်းပိုင် အဖြစ်ဖြင့် တပ်မက်မှုရာဂအားကြီးသောသူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ အဋ္ဌိကံ၊ အရိုးစုအသုဘကောင်သည်။ သရီရဋ္ဌီနံ၊ ကိုယ်ကောင်အရိုးတို့၏။ ပဋိက္ကူလဘာဝပ္ပကာသနတော၊ စက်ဆုပ်ဖွယ်အဖြစ်ကို ပြတတ်သည်၏အဖြစ်ကြောင့်။ ဒန္တသမ္ပတ္တိရာဂိနော၊ သွား၏ပြည့်စုံခြင်း၌။ ဝါ၊ သွားကောင်းသည်၌ တပ်မက်မှု ရာဂအားကြီးသောသူအား။ ဝိသေသတော သပ္ပါယံ၊ အထူးအားဖြင့် သင့်လျော်လျောက်ပတ်ပေ၏။ (အစက ဝိသေသတော-ပုဒ်ကို ပုဒ်အားလုံး၌ ယှဉ်၍ပေးထားသည်)။ ဣတိ ဧဝံ၊ ဤသို့။ ရာဂစရိတဘေဒဝသေ.

နာပိ၊ ရာဂထူပြောသော ပုဂ္ဂိုလ်အပြား၏ အစွမ်းအားဖြင့်။ ဒသဓာ၊ ဆယ်ပါးအပြားအားဖြင့်။ အသုဘပ္ပဘေဒေါ၊ အသုဘအပြားကို။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဣတိ ဝေဒိတဗ္ဗော၊ ဤသို့ သိအပ်ပေ၏။

ပန၊ ဆက်အံ့။ သေယျထာပိ နာမ၊ ဥပမာမည်သည်ကား။ အပရိသဏ္ဌိတဇလာယ၊ ထက်ဝန်းကျင်၌ မရပ်တန့်သော ရေရှိသော။ သီဃသောတာယ နဒိယာ၊ အစီးသန်သော ရေအလျဉ်ရှိသောမြစ်၌။ နာဝါ၊ လှေသည်။ အရိတ္တဗလေနေဝ၊ ထိုးဝါး၏ အစွမ်းအားဖြင့်သာလျှင်။ တိဋ္ဌတိ၊ ရပ်တည်နိုင်၏။ အရိတ္တေန ဝိနာ၊ ထိုးငါးနှင့်ကင်း၍။ ဌပေတုံ၊ ရပ်တည်စေခြင်းငှာ။ နသက္ကာ။ ယထာ၊ မစွမ်းနိုင်သကဲ့သို့။ ဧဝမေဝ၊ ထိုအတူသာလျှင်။ အာရမ္မဏာသု၊ အသုဘအာရုံ၏။ဒုဗ္ဗလတ္တာ၊ အားနည်းသည်၏ အဖြစ်ကြောင့်။စိတ္တံ၊ စိတ်သည်။ ဝိတက္ကဗလေနေဝ၊ ကြံစည်မှုဝိတက်၏ အစွမ်းအားဖြင့်သာလျှင်။ ဧကဂ္ဂံ ဟုတွာ၊ တခုဘည်းသော အာရုံရှိလျက်။ တိဋ္ဌတိ၊ တည်တံ့နိုင်၏။ ဝိတက္ကေန ဝိနာ၊ ဝိတက်နှင့်ကင်း၍။ ဌပေတုံ၊ တည်တံ့စေခြင်းငှာ။ န သက္ကာ၊ မစွမ်းနိုင်ပေ။ တသ္မာ၊ ထို့ကြောင့်။ (ဒသဝိဓေပိ) ဧတ္ထ ဟောသို့ အသုဘေ၊ ဆယ်ပါးလုံးသော ဤအသုဘကမ္မဋ္ဌာန်း၌။ ပဌမဇ္ဈာနမေဝ၊ ဝိတက်ရှိသော ပထမစျာန်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဒုတိယာဒီနိ၊ ဝိတက်ကင်းသော ဒုတိယစျာန်စသည်တို့သည်ကား။ န၊ မဖြစ်ကုန်။

စ၊ ဆက်ဦးအံ့။ ပဋိက္ကူလေပိ၊ စက်ဆုပ်ဖွယ် ကောင်းငြားသော်လည်း။ ဧတသ္မိံ အာရမ္မဏေ၊ ဤအသုဘအာရုံ၌၊ "ဧကမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ ဇရာမရဏမှာ၊ အိုခြင်း သေခြင်းမှ။ အဒ္ဓါ၊ မချွတ်ကေန်။ပရိမုစ္စိဿာ မိတိ၊ လွတ်ရပေတော့မည်" ဟု။ဧဝံ၊ ဤသို့။ အာနိသံသဒဿာဝိတာယ စေဝ၊ အကျိုးအာနိသင်ကို မြော်မြင်လေ့ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း။ နီဝရဏသန္တာပပ္ပဟာနေန စ၊ နီဝရဏဟူသော အပူကိုပယ်ခြင်းကြောင့်လည်းကောင်း။ ပီတိသောမနဿံ ဥပ္ပဇ္ဇတိ၊ ဝမ်းမြောက်ရွှင်လန်းခြင်း ပီတိသောမနဿသည် ဖြစ်ပေါ်ပေ၏။ ကိမိဝ၊ ဥပမာသော်ကား။ ပုပ္ဖဆဍ္ဍကဿ၊ ပန်းမှိုက်သွန်ခေါ် ဘင်ကျုံးသမားအား။ "ဒါနိ၊ ယခုပင်။ ဗဟုံ ဝေတနံ၊ အခကြေးငွေများစွာကို။ လဘိဿာမိတိ၊ ရပေသိမ့်မည် (ရပေတော့မည်)" ဟု။ အာနိသံသဒဿာဝိနော၊ အကျိုးအာနိသင်ကို မြင်သောကြောင့်။ ဂူထရာသိမှိ၊ မစင်ပုံ၌။ ပီတိသောမနဿံ၊ ဝမ်းမြောက်ရွှင်လန်းခြင်း ပီတိသောမနဿသည်။ ဥပ္ပဇ္ဇတိ ဝိယ ဖြစ်သကဲ့သို့သည်းကောင်း။ ဥဿန္နဗျာဓိဒုက္ခဿ၊ အနာကြောင့် ဆင်းရဲဒုက္ခများစွာ ရောက်နေသော။ ရောဂိနော၊ ရောဂါသည်အား။ ဝမနဝိရေစနပ္ပ-

ဝတ္တိယံ၊ ပျို့အံခြင်း, ၀မ်းသက်ခြင်းဖြစ်ရာ၌။ ပီတိသောမနဿံ၊ ဝမ်းမြောက် ရွှင်လန်းခြင်း ပီတိသောမနဿသည်။ ဥပ္ပဇ္ဇတိ ဝိယ စ၊ ဖြစ်သကဲ့သို့လည်း ကောင်းတည်း။

၁၂၂။ စ၊ ဆက်ဦးအံ့။ တေ၊ ဤအသုဘ ကမ္မဋ္ဌာန်းသည်။ ဒသဝိဓမ္ပိ၊ ဆယ်ပါးအပြားရှိသော်လည်း။ လက္ခဏတော၊ လက္ခဏာအားဖြင့်။ ဧကမေဝ ဟောတိ၊ တပါးတည်းသာ ဖြစ်ပေ၏။ ဟိ၊ မှန်၏။ ဒသဝိဓဿာပိ၊ ဆယ်ပါး အပြားရှိသည်သာလျှင်ဖြစ်သော။ တဿ၊ ဤအသုဘ၏။ လက္ခဏံ၊ မှတ် ကြောင်းလက္ခဏာသည်။ အသုစိဒုဂ္ဂန္ဓဇေဂုစ္ဆပဋိကူလဘာဝေါ ဧဝ၊ မစင်ကြယ် အနံ့ဆိုးလှုက် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည်၏ အဖြစ်သည်သာလျှင်။ လက္ခဏံ၊ မှတ်ကြောင်းလက္ခဏာပေတည်း။ (ထပ်၊ ပ်)။ တဒေတံ = တံ ဧတံ၊ ထိုဆိုခဲ့ပြီး သော ဤအသုဘသည်။ ဣမိနာ လက္ခဏေန၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသည် ၏အဖြစ်ဟူသော ဤလက္ခဏာဖြင့်။ ကေဝလံ၊ သက်သက်၊ မတသရီရေ၊ သူသေကောင်၏ ကိုယ်၌သာလျှင်။ ဥပဋ္ဌာတိ၊ ထင်သည်သား။ နှ၊ မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။ စေတိယပဗ္ဗတဝါသိနော၊ စေတိယတောင်၌နေသော။ မဟာတိဿတ္ထေရဿ၊ မဟာတိဿမထေရ်အား။ ဒန္တဋ္ဌိကဒဿာဝိနော၊ သွားရိုး ကိုမြင်လျှင်။ ဥပဋ္ဌာတိ ဝိယ စ၊ အသုဘနိမိတ် ထင်သကဲ့သို့လည်းကောင်း။ ဟတ္ထိက္ခန္ဓဂတံ၊ ဆင်၏ကျောက်ကုန်းထက်၌တည်သော။ ရာဇာနံ ဩလော- ကေန္တဿ၊ မင်းကိုကြည့်ရှုစဉ်။ သံဃရက္ခိတတ္ထေရုပဋ္ဌာကသာမဏေရဿ၊ သံဃ- ရက္ခိတမထေရ်၏ အလုပ်အကျွေး သာမဏေအား။ ဥပဋ္ဌာတိ ဝိယ စ၊ အသုဘ နိမိတ်ထင်သကဲ့သို့လည်းကောင်း။ (၁၇၉) ဇီဝမာနကသရီရေပိ၊ အသက်ရှင်ဆဲ လူ၏ကိုယ်၌လည်း။ ဥပဋ္ဌာတိ၊ အသုဘနိမိတ် ကင်ပေသေး၏။ ဟိ၊ သင့်မြတ်၏။ ဝါ၊ မှန်၏။ မတသရီရံ၊ သေသူ၏ကိုယ်သည်။ အသုဘံ ယထာ၊ အသုဘဖြစ် သကဲ့သို့။ ဇီဝမာနကမ္ပိ၊ ရှင်ဆဲလူ၏ကိုယ်သည်လည်း။ အသုဘမေဝ၊ စက်ဆုပ် ရွံရှာဖွယ် မတင့်တယ်သော အသုဘသာလျှင်ဖြစ် ပေ၏။ ပန၊ ထိုသို့ အသုဘ ဖြစ်သော်ငြားလည်း။တွေ၊ ရှင်ဆဲဖြစ်သော ဤကိုယ်၌။ အာဂန္တုကေန အလင်္ကာ ရေန၊ ညှိသည်ဖြစ်သော ရေချိုးသုတ်သင် နံ့သာတင်မျှ ဝန်ဆာဆင်ခြင်းဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်ထားသောကြောင့်။ အသုဘလက္ခဏံ၊ စက်ဆုပ်ရွံဖွယ် မတင့် တယ်ဟု မှတ်စရာအသုဘလက္ခဏာသည်။ပစ္စုပ္ပန္နဿ၊လူအများစုအား။(ထည့်)။ န ပညာယတိ၊ မထင်ပေါ်နိုင်။ ပကတိယာ ပန၊ ပကတိပင်ကိုအားဖြင့် မူကား။ ဣဒံ သရီရံ နာမ၊ ဤကိုယ်မည်သည်မှာ။ အတိရေကတိသတအဋ္ဌိက- သမုဿယံ၊ သုံးရာကျော်သော အရိုးတို့ဖြင့် စိုက်ထောင်ထားအပ်ပေ၏။ အသီတိသတသန္ဓိသံဃဋိတံ၊ တရာ့ရှစ်ဆယ်သော အဆက်အစပ်တို့ဖြင့် ဆက်စပ်

ထားအပ်ပေ၏။ နဝန္နာရုသတနိဗန္ဓနံ၊ ကိုးရာသောအကြောတို့ဖြင့် ဖွဲ့ချည်ထားအပ်ပေ၏။ နဝမံသပေသိသတာနုလိတ္တံ၊ ကိုးရာသော သားတစ်တို့ဖြင့် လိမ်းကျံမွမ်းမံထားအပ်ပေ၏။ အလ္လစမ္မပရိယောနဒ္ဓံ၊ စိုသောအရေထူဖြင့် မြေးယှက်ထားအပ်ပေ၏။ ဆဝိယာ ပဋိစ္ဆန္နံ၊ အရေပါးဖြင့် ဖုံးအုပ်ထားအပ်ပေ၏။ ဆိဒ္ဒါဝဆိဒ္ဒံ၊ မွေးညှင်းပေါက် အခိုးအငွေ့ပေါက်ဟူသော အသေးအမွှားအပေါက်များ အနှံ့အပြားရှိ၏။ မေဒကထလိကာ ဝိယ၊ အဆီထည့်ထားသော မြေအိုး မြေခွက်ကဲ့သို့။ နိစ္စုဂ္ဃရိတပဂ္ဃရိတံ၊ အယက်အောက် ဆူပွက်ရှိထွက်လျက်ရှိ၏။ ကိမိသံဃနိသေဝိတံ၊ ပိုးအပေါင်းတို့၏ မှီဝဲရာနေရာဖြစ်၏။ ရောဂါနံ အာယတနံ၊ အနန္တရောဂါတို့၏ စွဲကပ်ရာလည်းဖြစ်၏။ ဒုက္ခဓမ္မာနံ ဝတ္ထု၊ဆင်းရဲတရားတို့၏ ဖြစ်ပွားရာလည်းဖြစ်၏။ ပရိဘိန္နပုရာဏဂဏ္ဍော ဝိယ၊ အနှံ့အပြား ပေါက်ကွဲသောအိုင်းအမာအိုးကြီးကဲ့သို့။ နဝဟိ ဝဏမုခေဟိ၊ကိုးခုသောအမာဝ တို့မှ။ သတတဝိဿန္ဒနံ၊ အမြဲမပြတ် ယိုထွက်လျက်ရှိ၏။ ယဿ သရီရဿ၊ အကြင်ကိုယ်၏။ ဥဘောဟိ ဇ က္ခိဟိ၊ နှစ်ခုသော မျက်စိပေါက်တို့မှ။ အက္ခိဂူထကော ပဂ္ဃရတိ၊ မျက်ရည် မျက်ချေးယိုထွက်၏။ ကဏ္ဏဗိလေဟိ၊ နှစ်ဘက်သော နားပေါက်တို့မှ။ ကဏ္ဏဂူထကော ပဂ္ဃရတိ၊ နားဖာချေး ယိုထွက်၏။ နာသာပုဋေဟိ၊ နှစ်ဘက်သော နှာခေါင်းပေါက်တို့မှ။ သိင်္ဃာဏိကာ ပဂ္ဃရတိ၊ နှာရည် နှပ်ချေးယိုထွက်၏။ မုခတော၊ ခံတွင်းမှ။ အာဟာရပိတ္တသေမှရုဓိရာနိ၊ အစာသစ်, သည်းခြေ, သလိပ်, သွေးတို့သည်။ ပဂ္ဃရန္တိ၊ ယိုထွက်ကုန်၏။ အဓောဒွါရေဟိ၊ အောက်ဒွါရတို့မှ။ ဥစ္စာရပဿာဝါ၊ ကျင်ကြီး ကျင်ငယ်တို့သည်။ ပဂ္ဃရန္တိ၊ ယိုထွက်ကုန်၏။ နဝနဝုတိယာ လောမကူပသဟဿေဟိ၊ ကိုးသောင်း ကိုးထောင်သောမွေးညှင်းတွင်းတို့မှ။ အသုစိသေဒယူသော ပဂ္ဃရတိ၊ စက်ဆုပ်ဖွယ် ချွေးစေး ချွေးရည် ယိုထွက်၏။ နီလမက္ခိကာဒယော၊ ယင်မမဲရိုင်းစသော အကောင်တို့သည်။ သမ္ပရိဝါရေန္တိ၊ ဝန်းရံလျက် နားကုန် နေကုန်၏။ ယံ သရီရံ၊ အကြင်ကိုယ်ကို။ ဒန္တကဋ္ဌမုခဓောဝနသီသမက္ခန နဟာန နိဝါသနပါရုပနာဒီဟိ၊ (ဒန်ပူသုံးဆောင်ခြင်း) သွားတိုက်ခြင်း, မျက်နှာသစ်ခြင်း, ဦးခေါင်းကိုဆီလိမ်းခြင်း, ရေချိုးခြင်း, ခါးဝတ်ကိုယ်ရုံဝတ်ရုံခြင်း စသည်တို့ဖြင့်။ အပ္ပဋိဇဂ္ဂိတ္ဂာ၊ မသုတ်သင် မပြုပြင်ပဲ။ ယထာဇာတောဝ၊ မိမွေးတိုင်းသာဖြစ်လျက်။ ဖရုသဝိပ္ပကိဏ္ဏကေသော ဟုတွာ၊ ကြမ်းတမ်းသောဆံပင်များ ဖရိုဖရဲကြဲလျက်။ ဂါမေန ဂါမံ၊ တရွာမှ တရွာသို့။ ဝိစရန္တော၊ သွားလာနေလျှင်။ ရာဇာပိ၊ ပြည့်ရှင်မင်းသည်လည်းကောင်း။ ပုပ္ဖဆဍ္ဍကစဏ္ဍာလာဒိသု၊ ပန်းမှိုက်သွန် ဒွန်းစဏ္ဍားစသည်တို့တွင်။ အညတရောပိ၊ တယောက်ယောက်သည်လည်းကောင်း။ သမသရီရပဋိက္ကူလတာယ၊ စက်ဆုပ်ဖွယ်ကိုယ်ရှိပုံချင်း တူညီနေသောကြောင့်။ နိဗ္ဗိသေသော ဟောတိ၊ ထူးခြားမှုမရှိတော့ပေ။ ဧဝံ၊ ဤသို့။ အသုစိဒုဂ္ဂန္ဓဇေဂုစ္ဆပဋိက္ကူ-

လတာယ၊ မစင်မကြယ် ရွံဖွယ်ညှီသိုး အနံ့ဆိုးရှိလျက် စက်ဆုပ်ဖွယ်ကောင်း
သည်ချည်းဖြစ်သောကြောင့်။ ရဒညာ ဝါ သရီရေ၊ ပြည့်ရှင်မင်း၏ကိုယ်၌သော်
လည်းကောင်း။ စဏ္ဍာလဿ ဝါ သရီရေ၊ ဒွန်းစဏ္ဍား၏ ကိုယ်၌သော်လည်း
ကောင်း။ ဝေမတ္တံ နာမ နတ္ထိ၊ ထူးခြားခြင်းမည်သည် မရှိတော့ပေ။ ပန၊ ထိုသို့
ထူးခြားခြင်း မရှိသော်လည်း။ ဒန္တကဋ္ဌမုခဓောဝနာဒီဟိ၊ သွားတိုက်ခြင်း,
မျက်နှာသစ်ခြင်း စသည်တို့ဖြင့်။ တွေ၊ ဤကိုယ်၌။ ဒန္တမလာဒီနိ၊ သွားချေး
စသည်တို့ကို။ ပမဇ္ဇိတွာ၊ သုတ်သင်၍။ နာနာဝတ္ထေဟိ၊ အမျိုးမျိုးသောအဝတ်
အထည်တို့ဖြင့်။ ဟိရိကောပိနံ၊ ဖုံးထားသင့်သော ရှက်ဖွယ်ကိုယ်အင်္ဂါကို။
ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ နာနာဝဏ္ဏေန၊ အသွေးအရောင်အမျိုးမျိုးရှိသော။
သုရဘိဝိလေပနေန ဝိလိမ္ပေတွာ၊ အမွှေးအကြိုင်နံ့သာဖြင့် လိမ်းကျံ၍။ ပုပ္ဖာ-
ဘရဏာဒိဟိ အလင်္ကရိတွာ၊ ပန်းအဆင်တန်ဆာတို့ဖြင့်ဆင်မြန်းလျက်။ "အဟံ-
မမံတိ၊ ငါ,ငါ့ဟာ"ဟု၊ ဂဟေတဗ္ဗာကာရပ္ပတ္တံ ကရောန္တိ၊ မှတ်ယူအပ်သော
အခြအနေသို့ ရောက်အောင် ပြုလုပ်နေကြကုန်၏။ တတော၊ ထိုသို့ပြုပြင်ထား
ခြင်းကြောင့်။ ဣမိနာ အာဂန္တုကေန အလင်္ကာရေန၊ ဧည့်သည်အာဂန္တုဖြစ်
သော ဤအဆင်တန်ဆာဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်ထားသောကြောင့်။ အဿ
သရီရဿ၊ ဤကိုယ်၏။ ယာထာဝသရသံ၊ ဟုတ်တိုင်းမှန်ကန်သည့် သူ့ပင်ကို
သဘောဖြစ်သော။ တံ အသုဘလက္ခဏံ၊ ထိုအသုဘလက္ခဏာကို။ အဇာနန္တာ၊
မသိနိုင်ကြကုန်သော။ ဝါ မသိနိုင်ကြသောကြောင့်။ (ဟေတုမန္တဝိသေသန)
အသလ္လာနန္တာ၊ ဟုတ်တိုင်းမှန်စွာ မသိကြကုန်သော။ ပုရိသာ၊ ယောကျ်ား
တို့သည်။ ဣတ္ထိသု၊ မိန်းမတို့၌လည်းကောင်း။ ဣတ္ထိယော စ၊ မိန်းမတို့သည်
လည်း။ ပုရိသေသု၊ ယောကျ်ားတို့၌လည်းကောင်း။ ရတိံ ကရောန္တိ၊ မွေ့လျော်
နှစ်သက် တပ်မက်နေကြကုန်၏။ ပန၊ စင်စစ်သော်ကား။ ပရမတ္ထတော၊ ပရမတ္ထ
သဘောအားဖြင့်မူကား။ တွေ၊ ဤကိုယ်ထည်း၌။ ရဇ္ဇိတဗ္ဗကယုတ္တဋ္ဌာနံ နာမ၊
တပ်မက်နှစ်သက်ရန် သင့်လျော်သောအရာမည်သည်။ အဏုမတ္တံပိ နတ္ထိ၊
အဏုမြူမျှလောက်သော်လည်း မရှိချေ။ တထာ ဟိ၊ ထိုသို့မရှိသောကြောင့်
ပင်လျှင်။ ကေသလောမနခဒန္တခေဠသိင်္ဃာဏိကဉ္စာရပဿာဝါဒီသု၊ ဆံပင်,
အမွေး, ခြေသည်းလက်သည်း, သွား, တံတွေး, နှပ်, ကျင်ကြီး, ကျင်ငယ်စသည်
တို့တွင်။ ဧကကောဋ္ဌာသမ္ပိ၊ တခုသောအဖို့အစုသော် ပည်း။ သရီရတော ဗဟိ၊
ကိုယ်မှအပြင်ပသို့။ ပတိတံ၊ ကျသွားလျှင်။ (ကျလတ်သော်)။ သတ္တာ၊ လူ
သတ္တဝါတို့သည်။ ဟတ္ထေန ဆုပိတုမ္ပိ၊ လက်ဖြင့်ထိရန်သော်လည်း။ န ဣစ္ဆန္တိ၊
အလိုမရှိကြတော့ပေ။ အဋ္ဋီယန္တိ၊ အနိုပ်စက်ခံရသလိုပင် မုန်းတီးကြကုန်၏။
ဟရာယန္တိ၊ ရှံရှာကြကုန်၏။ ဝါ၊ ရှက်နိုးကြကုန်၏။ ဇိဂုစ္ဆန္တိ၊ စက်ဆုပ်ကြကုန်၏။
ပန၊ ဆက်ဦးအံ့။ ဝါ၊ သို့သော်လည်း။ တွေ သရီရေ၊ ဤကိုယ်ထည်း၌။ ယံ ယံ၊
အကြွင်းအကြွင်း ဆံပင်မွေးညင်းစသော အဖို့အစုသည်။ အဝသေသံ ဟောတိ၊

ကြွင်းကျန်သေး၏။ တံတံ၊ ထိုထိုကိုယ်၌တည်သော ဆံပင် မွေးညင်းစသောအဖို့အစုသည်။ ပဋိက္ကူလမ္ပိ သမာနံ၊ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ငြားသော်လည်း။ အဝိဇ္ဇန္ဓကာရပရိယောနဒ္ဓါ၊ အဝိဇ္ဇာမှောင်သည် မြှေးယှက်ဖုံးကွယ်ထားသောကြောင့်။ အတ္တသိနေဟရာဂရတ္တာ၊ မိမိကိုယ်၌ ချစ်ခင်သော ရာဂဖြင့်တပ်မက်ကြကုန်လျက်။ 'ဣဋ္ဌံ၊ လိုချင်စရာကောင်းပေသည်။ ကန္တံ၊ နှစ်သက်စရာကောင်းပေသည်။ နိစ္စံ၊ မြဲသည်။ သုခံ၊ ချမ်းသာသည်။ အတ္တာ၊ အတ္တတည်း"။ ဣတိ၊ ဤသို့။ ဂဏှန္တိ၊ မှတ်ယူကြကုန်၏။ တေ၊ ထိုသတ္တဝါတို့သည်။ ဇေံ ဂဏှန္တာ၊ ဤသို့မှတ်ယူကြသောကြောင့်။ အဋ္ဌဝိယံ၊ တောထဲ၌။ ကိံသုကရုက္ခံ ဒိသွာ၊ ပေါက်ပင်ကို တွေ့မြင်၍။ ရုက္ခတော၊ ပေါက်ပင်မှ။ အပတိတပုပ္ဖံ၊ မကြွေကျသေးသော အပင်ထက်ရှိပန်းကို။ "အယံ၊ အပင်ထက်ရှိ ဤ ·ရာသည်။ မံသပေသိ၊ သားတစ်ပေတည်း"။ ဣတိ၊ ဤသို့အထင်မှားသဖြင့်။ ဝိဟညမာနေန ဇရသိင်္ဂါလေန၊ပင်ပန်းရသော မြေခွေးအိုနှင့်။သမာနတံ အာပဇ္ဇန္တိ၊တူညီခြင်းသို့ ရောက်ကြရလေကုန်၏။ တသ္မာ၊ ထို့ကြောင့်—

(၁၉၀) သိင်္ဂါလော၊ မြေခွေးသည်။ ဝနေ၊ တောသဲ၌။ ပုပ္ဖိတံ ကိံသုကံ၊ ပွင့်နေသော ပေါက်ပွင့်ကို။ ဒိသွာ၊ တွေ့မြင်၍။ "မယာ၊ ငါသည်။ မံသရုက္ခော လဒ္ဓေါဣတိ၊ အသားပင်ကို ရပေပြီ" ဟု။ ဝေဂသာ ဂန္တွာ၊ အဆောတလျင် ပြေးသွားပြီးလျှင်။ ပတိတံ ပတိတံ ပုပ္ဖံ၊ ကျလာတိုင်း ကျလာတိုင်းသော ပန်းကို။ အတိဒေလာလုပေါ၊ အလွန်မက်မောလျက်။ ဍံသိတွာ၊ ကိုက်ခဲ၍။ ဣဒံ၊ ဤအရာကား။ န မံသံ၊ အသားမဟုတ်။ ရုက္ခသ္မိံ၊ သစ်ပင်ထက်၌။ ယံ၊ အကြင်နီတျာရဲရဲ အဆုပ်အခဲသည်။ အတ္ထိ၊ ရှိ၏။ အဒုံ၊ ထိုနီတျာရဲရဲ အဆုပ်အခဲသည်သာ။ မံသံ၊ အသားပေတည်း"။ ဣတိ၊ ဤသို့။ ဂဏှာတိ ယထာပိ၊ မှတ်ယူသကဲ့သို့—

တထာ၊ ထိုအတူ။ ဗုဓော၊ ပညာရှိသည်။ "ပတိတံယေဝ ကောဋ္ဌာသံ၊ ကိုယ်မှကျသော ဆံပင်စသော အဖို့အစုကိုသာလျှင်။ အသုဘန္တိ၊ အသုဘ" ဟု။ အဂ္ဂဟေတွာန၊ ထိုမြေခွေးကဲ့သို့ မမှတ်ယူမူ၍။ သရီရဋ္ဌံ၊ ကိုယ်၌တည်ရှိနေသော။ နမ္ပိ၊ ထိုဆံပင်အစရှိသော အဖို့အစုကိုလည်း။ တထာ၊ ကိုယ်မှကျသော ထိုအဖို့အစုနှင့်အတူ။ ဝါ၊ အဖို့အစုကဲ့သို့ပင်။ အသုဘန္တိ၊ အသုဘဟု။ ဂဏှေယျ၊ မှတ်ယူရာ၏။

ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဣမံ ကာယံ၊ စက်ဆုပ်ဖွယ်တို့ဖြင့် ပြည့်နေသော ဤကိုယ်ကို။ သုဘတော ဂဟေတွာ၊ တင့်တယ်သည်ဟု စွဲယူကြ၍။ တတ္ထ၊ ထိုကိုယ်၌။ မုစ္ဆိတာ ဗာလာ၊ တွေဝေမက်မောကြ

သော သူမိုက်ဘို့သည်။ ပါပါနိ ကရောန္တာ၊ ကိုယ်ကျိုးအတွက် မကောင်းမှုတို့ကို ပြုကြသောကြောင့်။ ဒုက္ခ၊ အပါယ်ဆင်းရဲစသော ဒုက္ခမှ။ န ပရိမုစ္စရေ၊ မလွတ်မြောက်ပဲ ရှိကြလေကုန်၏။

တသ္မာ၊ ထိုကြောင့်။ မေဓာဝီ၊ ပညာရှိသည်။ ဇီဝိတဝါ၊ အသက်ရှင်ဆဲမှုလည်းဖြစ်သော။ မတာသာ ဝါ၊ သေပြီးမှုလည်းဖြစ်သော။ ပုတ္တ- ကာယဿ၊ ကိုယ်ကောင်ပုပ်၏။ သဘာဝေန၊ တင့်တယ်သည်၏ အဖြစ်သည်။ ဝဇ္ဇိတံ သဘာဝံ၊ ကြဉ်အပ်သော။ ဝါ၊ တင့်တယ်ခြင်း ကင်းသော စက်ဆုပ်ဖွယ်သဘောကို။ ပဿေယျ၊ ရှုရာ၏။ ဟိ၊ မှန်၏—

ယော ကာယော၊ သုံးဆယ့်နှစ်ပါးသော အဖို့အစုအပေါင်းဖြစ်သော အကြင်ကိုယ်သည်။ ဒုဂ္ဂန္ဓော၊ နံစော် ညှီဟောင်း မကောင်းသော အနံ့ ရှိ၏။ အသုစိ၊ အဖန်ဖန်မစင်ကြယ်။ ဥက္ကူရူပမော၊ ကျင်ကြီးတွင်းနှင့် တူ၏။ စက္ခုဘူပေ ဟိ၊ ပညာမျက်စိဖြစ်ပြီးသော ပုဂ္ဂိုလ်တို့သည်။ နိန္ဒိ- တော၊ ကဲ့ရဲ့ရှုတ်ချအပ်၏။ သော ကာယော၊ ထိုကိုယ်ကို။ ဗာလာဘိန- န္ဒိတော၊ ပညာမျက်စိမရှိသော ဗာလပုဂ္ဂိုလ်တို့သည် အလွန်ပင်နှစ်သက် မြတ်နိုးအပ်ပေ၏။

သော ကာယော၊ ပညာမဲ့သူ လူအပေါင်းတို့ အလွန်နှစ်လိုအပ်သော ထိုကိုယ်သည်။ အလ္လစမ္မပဋိစ္ဆန္နော၊ စိုသောအရေဖြင့် ဖုံးလွှမ်းလျက် ရှိ၏။ နဝဒွါရော၊ ထင်ရှားသော အပေါက်ကြီး ကိုးပေါက်ရှိ၏။ မဟာ ဝဏော၊ အိုင်းအမာကြီးနှင့်တူ၏။ အသုစိပုတိဂန္ဓိယော၊ မစင်မကြယ် ရွံဖွယ်ပုပ်ဟောင်း မကောင်းသော အနံ့ရှိသည့် ကျင်ကြီးကျင်ငယ် စသည်တို့သည်။ သမန္တတော၊ ဝကပ်ဝန်းကျင်မှ။ ပဂ္ဃရတိ၊ တဖျင်းဖျင်း ယိုထွက်လျက်ရှိ၏။

ဣမဿ ကာယဿ၊ ဤကိုယ်၏။ အန္တော၊ အတွင်းသားသည်။ ဗာဟိရတော၊ အပြင်ပသည်။ သစေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ တနည်း။ သစေ ဗာဟိရတော သိယာ၊ အကယ်၍ အပြင်ပ၌ နေငြားအံ့။ ဒဏ္ဍံ ဂဟေတွာန၊ တုတ်ကိုကိုင်၍။ ကာကေ၊ ကျီးတို့ကိုလည်းကောင်း။ သောဏေ၊ ခွေးတို့ကိုလည်းကောင်း။ နိဝါရယေ၊ ခြောက်လှန့်မောင်း နှင်လာ တားမြစ်ရလေ၏။ ဣတိ၊ ဤသို့။ တော၊ ဤစကားကို။ အာစရိ- ယေဟိ၊ ရှေးဆရာတို့သည်။ ဝုတ္တံ၊ မိန့်ဆိုထားပေ၏။

တသ္မာ၊ ထို့ကြောင့်။ ဒဗ္ဗဇာတိကော န ဘိက္ခုနာ၊ ဈာန်မဂ်ဖိုလ်တရားထူးကို ရထိုက်သော သဘောရှိသော ရဟန်းသည်။ ဇီဝမာနသရီရံ ဝါ၊ ရှင်ဆဲကိုယ်မှုလည်း။ ဟောတု၊ ဖြစ်စေ။ မတသရီရံ ဝါ၊ သေပြီးကိုယ်မှုလည်း။ ဟောတု၊

ဖြစ်စေ။ ယတ္ထ ယတ္ထ၊ အကြင်အကြင်ကိုယ်၌။ အသုဘာကာရော၊ အသုဘာ အခြင်းအရာသည်။ ပညာယတိ၊ ထင်၏။ တတ္ထ တတ္ထ၀၊ ထိုကိုယ်၌ပင်လျှင်။ နိမိတ္တံ ဂဟေတွာ၊ အသုဘနိမိတ်ကိုယူ၍။ ကမ္မဋ္ဌာနံ၊ အသုဘကမ္မဋ္ဌာန်းကို။ အပ္ပနံ၊ အပ္ပနာဈာန်သို့။ ပါပေတဗ္ဗံ၊ ရောက်စေအပ်ပေ၏။ ဣတိ၊ ဤတွင် စကားတရပ်ပြီးသတည်း။

ဣတိ၊ ဤသည်ကား။ သာဓုဇနပါမောဇ္ဇတ္ထာယ၊ သူတော်ကောင်း အပေါင်းတို့ နှစ်သိမ့်ဝမ်းမြောက်ခြင်းငှာ။ ကတေ၊ စီရင်အပ်သော။ ဝိသုဒ္ဓိမဂ္ဂေ၊ ဝိသုဒ္ဓိမဂ်ကျမ်းဝ၀င်။ သမာဓိဘာဝနာဓိကာရေ၊ သမာဓိ ဘာဝနာအရာ၌။ အသုဘကမ္မဋ္ဌာနနိဒ္ဒေသော နာမ၊ အသုဘကမ္မဋ္ဌာန်း ကို အကျယ်ပြချက်=အသုဘကမ္မဋ္ဌာနနိဒ္ဒေသ မည်သော။ ဆဋ္ဌော၊ ခြောက်ခုမြောက်ဖြစ်သော။ ပရိစ္ဆေဒေါ၊ အပိုင်းအခဏ်းပေတည်း။

ဝိသုဒ္ဓိမဂ် နိဿယသစ် ပထမတွဲ ဤတွင်ပြီး၏။

# အလိမ္မာ စာမှာရှိသည်

## လူကောင်း လူတော် ဖြစ်အောင်

လူ့သဘာဝ စရိုက်ဆိုးများကို ပယ်ရှားပြီး
စရိုက်ကောင်းများကို ဖော်ဆောင်မည့်

**သာသနာရေးဦးစီးဌာနမှ**

## ပိဋကတ် မြန်မာပြန်များကို ဖတ်ပါ

---

**သာသနာရေး ဦးစီးဌာန၌ ရိုက်နှိပ်ပြီးသော**
**အဘိဓမ္မာ မြန်မာဘာသာကျမ်းများ**

| | | | |
|---|---|---|---|
| ၁။ | ပရမတ္ထသံခိပ်နှင့်အဖြေ | | လယ်တီဆရာတော်ကြီး |
| ၂။ | ပရမတ္ထသံခိပ်ဋီကာ | ဒု | လယ်တီပဏ္ဍိတ ဦးမောင်ကြီး |
| ၃။ | ပရမတ္ထသရူပဘေဒနီ | ဒု | မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး |
| ၄။ | သရုပ်ပြသင်္ဂြိုဟ် | | ဒေါ်ဝိဇ္ဇာသိ၊ ဘီအေ၊ ဓမ္မာစရိယ |
| ၅။ | သရုပ်ပြဓမ္မပဒ | | ။ |
| ၆။ | ဋီကာကျော် မြန်မာပြန် | တ | |
| ၇။ | အဘိဓမ္မတ္ထသင်္ဂဟပါဠိနိဿယ | | ဗားကရာဆရာတော် |
| ၈။ | အဘိဓမ္မာဝတာရအဋ္ဌကထာ နိဿယသစ် | | စလင်း သာသနာပိုင်ဆရာတော် |
| ၉။ | အဘိဓမ္မာဝတာရဋီကာ နိဿယသစ် | ပ၊ဒု | တောင်ပေါက်ဆရာတော် |
| ၁၀။ | ဗုဒ္ဓအဘိဓမ္မာစေတသိက်များအဖွင့် အတွဲ (၃) | | |

---

**တိပိဋက ပါဠိ-မြန်မာ အဘိဓာန် ၁၁-တွဲ ထွက်ပြီး။**

**မဟာဗုဒ္ဓဝင် ၆-တွဲ (၈-အုပ်) ထွက်ပြီး။**